၂၁၉၁၄

# PÁRAMIGÁN

သက္ကရာဇဝေါဟာ။ ဂေါဇာဒိယော်။ ၇၅၃ ခု။ ဒုတိယ
မင်းခေါင် လက်ထက်တော်အခါ။ ရုပါရုံစေတီ
တော်ကြီး၏အရှေ့မြောက်သေန်။ ရတနာ
ဗိမာန်ကျောင်း၌။ ကိန်းအောင်းနေ
လျှော်သော။ တောင်တွင်းလာပုဂ္ဂိုလ်ကျော်မည်တွင်။
အရှင်မဟာသီလဝံသထေရ်စီရင်ပြုစု
တော်မူသော

# ပါရမီတော်ခန်းပျို။

ရန်ကုန်မြို့၊
ဟံသာဝတီသတင်းစာတိုက်၊
၁၉၀၀ ပြည့်နှစ်။

## ပါရမီတော်ခဏ်းပျို။

### နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ ဇေဗုဒိမဏ္ဍိုင်။ ခန်းဝါပိုင်က။ ချက်ရိုင်ပြည့်ရုံ။ နဝရဏ်
တည့်။ ဆန်ရန်အောက်ထက်။ ကျော်ဈန်တက်၍။ ဘဝဂ်ရပ်သူ။
သယမ္ဘူ။ ဟု။ ခြောက်ဆူဘုံထွတ်။ အနုတ်နုတ်တို့။ ရှိညွှတ်ကျိုးနွံ။
ဆုံးမခံလျက်။ အပြုဟူမာ။ ဆဲ့ခြောက်ရွာမှ။ ရပ်ရာခပင်း။ တို့
ဝပ်ပြင်းသည့်။ သေဌနင်းမြတ်စွာ။ တို့ဆရာကား။ ပညာစက္ခု။ အာ
နန္ဒမာန။ မျက်ရမ်းဆလျက်။ နှလုံးသေးစွာ။ သုမေဓါသည်။ ပြည်
သာနိဗ္ဗာန်။ ရှိသင့်တန်ဟု။ ကေန်တိတိ။ ဉာဏ်မျက်စိဖြင့်။ ပါဠိ
သရုပ်။ ပတ်တကုတ်ကို။ ဘွေထုတ်ကျမ်းလာ။ မြင်ချေပါသို့။ လူ့
ခါသေဘ်က။ စသည့်မျှကြီး။ သင်းသီးအလို။ ရှာမှီးသိုလျက်။ ကိုယ်
နှင့်ဖလှယ်။ တောင်းပန်ဝယ်သော်။ ကုန်စယ်ရင်းချာ။ ကျိုးနပ်ရာ
ဟု။ စာနာလသော်။ တရေးမြော်၍။ သုံးဘော်လူ့ထံ။ တည်ပွဲခံ
အံ့။ ကြံသားခပင်း။ ဆုတောင်းခြင်းကို။ မကြွင်းမကျန်။ ဟောပြီး
ထွန်မှ။ အနန္တရ။ စကားစတွင်။ ဆက်ကာပင်တည့်။ အကြင်သူ
သည်။ ထီးဖြူကိုမျှ။ အရကုပ်ကုပ်။ ပုဆစ်တုပ်လျက်။ သရုပ်အာ
လျှောက်။ ငါးပါးမြော်သား။ မင်းမြှောက်တန်းဆာ။ ရုံကာစမြဲ။
ပေးလွန်ကဲသည့်။ စက်ရဲရောင်ထင်။ လေးကျွန်းရှင်သို့။ ဒိုပက်
ရာ။ သုမေဓါ၏။ ဆရာပရမေ။ သုံးလူ့ဆွေလျှင်။ ကြွားပေ ခဲ့ထေ။
မိဘမည့်ရည်။ နေသောပြည်နှင့်။ ပွင့်သည့်သစ်ပင်။ လူရှင်ဖရိ

သတ်။ အမြတ်နှစ်ပါး။ တပည့်သားသည်း။ ယောကျ်ားမိန်းမ။ လုပ်ကျေးစသား။ ထိုမှတသွန်။ ဗျာဒိတ်ဟန်ကို။ ဟောညွှန်သောလျှောက်။ နှစ်ကြိမ်မြောက်လျှင်။ နှစ်ယောက်မတန်။ နှစ်နိဗ္ဗာန်ဟု။ မြတ်မွန်ဘုရား။ သုံးလူ့ဖျားကား။ သိကြားခံ့မြောက်။ လက်အော်ထင်မြင်။ ပညာရှင်ကား။ ကောင်းကင်ထိပ်ဖျား။ နေလျက်ကြားသည်။ ။ဤတရားကား၊ ရှေးဖျားဗျာဒိတ်ရစတည်း။

၂။ ဗျာဒိတ်ရစ။ မဆွသောခါ။ မမိန့်မှာလည်း။ ဓမ္မတာအပြား။ သုံးဆယ်အားဖြင့်။ ဘုရားဟူက။ ပြည့်စုံကြလျက်။ မမှုမဟိ။ ကျန်သော်တိဟု။ ပါဠိဖြင့်အား။ ဆိုဘွယ်များကို။ ကြိုးကြားသောမှု။ မြွက်ကာပြအံ့၊ ထိုမှတုံပြီ။ ဗောဓိသစ်ပင်။ မည်လွဲတွင်လျက်။ ပလ္လင်နိမ့်ဖြင့်။ အကျင့်တို့ရှည်။ ဆိုစသည့်တုံ။ တရည်တည်းပင်။ တူကျင်မဲ့ဘဲ။ ကွဲလွဲထူးခြား။ ရှစ်ပါးလောက်စင်။ ဟောရေးဖြင်လည်း။ သိမြင်လေကောင်း။ နည်းတကြောင်းဖြင့်။ သံညောင်းသာချို။ ရိပ်ကာဆိုပိမ့်။ ရှည်တို့ကျင့်ကောင်း။ ဘုရားလောင်းတို့။ ဆုတောင်းသောစဉ်။ ဥာဉ်ဝီရိယာ။ သဒ္ဓါဓိက။ သုံးမည်ရလျက်။ ကာလသုံးကြိမ်။ ကျွတ်ထောက်ချိန်၍။ ရနိန်ရှင်တော်။ မြွက်ဘော်လိုလို။ နောက်ကိုပိုင်းခြား။ မိန့်သောအားဖြင့်။ မှတ်သားဖွေရစ်။ တံသားထစ်သည်။ ။သစ်သစ်ကုံကုံငငတည်း။

၃။ ဗျာဒိတ်ရခါ။ ပဏ္ဍုနာတုံ။ ရှစ်ပါးကြုံလျက်။ စေ့စုံသရုပ်။ မည်ရည်ထုတ်သော်။ မနုဿတ္တ။ စသည်တို့တွင်။ အကြင်မှလောက်။ ကြားလျှောက်ခဲ့မြဲ။ ခက်ခဲရာရာ။ ပမာပမည်း။ ဟောထုံးနည်းဖြင့်။ အသည်းအသံ။ ပြိုးခြိမ့်ဝှာဆုံး။ နှုလုံးတမည်။ နိုင်ကျည့်သောဟန်။ ပွင့်တန်ရှင်အား။ ဘုရားပညာ။ ထဲမှာ ဝိဝိ။ အောက်ဋ္ဌိရှိဟု။ ညွှန်ဘိလသော်။ မြေပေါ်တူးဆွ။ အရကျုတ်ကျုတ်။ အထဲဒုပ်၍။ ရုတ်ရုတ်ပင်ကို။ လျှိုးလေလိုမှု။ အဏ္ဍုခံခြည်။ ဆယ်စိတ်မည့်မှု။ မခွထိုးထိတ်။ ရသေ့စိတ်ကို။ မလိပ်မလည်း။ မှန်ချုပ်တည်းလျက်။ ရှင်နည်းဘုရား။ ဟောခဲ့ထားသည်။ ထွေပြားတို့ကို။ သိစေလို၍။ မျိုးဗိုလ်ပွဲလယ်။ ဂါထာ

သွယ်လျက်။အကျယ်ဤသို့။ဟောခဲ့ပြီသည်။ ။ငါတို့သုံးလူ့ချစ်ဘတည်း။

ဒီပင်္ကရာလောကဝိဒူ။အာဟုဒိန္နပဋိဂ္ဂဟော။ဥသဘ်သဂ္ဂေမေဋ္ဌတ္တာန။ဏ္ဍုနံဝစနမဗြဝိ။

သာရိပုတ္တ၊သာရိပုတ္တရာ။လောကဝိဒူ၊လောကသုံးပါးကိုသိတော်မူပြီးထသော။ အာဟုဒိန္နံ၊ ပေးအပ်သောအလှူဝတ္ထုကို။ပဋိဂ္ဂဟော၊ခံတော်မူထိုက်ထသော။ဒီပင်္ကရော၊ ဒီပင်္ကရာအမည်ရှိသောမြတ်စွာဘုရားသည်။မေမမ၊ ငါ၏။ဥသဘ်သဂ္ဂေ၊ ဦးခေါင်းရင်း၌။ဌတ္တာန၊ရပ်တော်မူဦး၍။ဏ္ဍုနံဝစနံ၊ ဤသို့သောစကားကို။အဗြဝိ၊ ဆိုတော်မူပြီ။

၄။ သုံးပါးယာဥ်သာ။လက္ခဏာတည့်။မကွာကိုယ်ကြပ်။ရထားကပ်၍။ စီးအပ်သမှု။ ပို့ကုံလျက်။သတ္တဝါဟော်။ ယာဥ်မှူးတော်ဟု။ကျော်သည့်ငါ့ကို၊မှိုပုန်းခိုမှ။ မပြို့မငြင်။ပြည့်ထင်ရိမ့်။အတတ်ပညာ။ ပွါးကာကာလျှင်။သမ္ဘာသမ္ဘူဒ္ဓ။ ရကျန်အမည်။သိတိထေရ်တွင်။အရှည်မြင်ခြင်း။မတန်ပြင်း၍။ လက်ရင်းငါ့အောက်။အကြီးမြောက်သည်။ညှိုတောက်ပညာ၊ သာရိပုတ္တရာ။

၅။ နာတုံမကျန်။ရှင်တောင်းပန်၍။ပြန်အံ့ထိုခါ။ သုမေဓာသည်။ကြည်စွာဖြောင့်စင်း။အသက်နှင်း၍။ဝေးမင်းလှစွာ။ဖြဟ္မာရွာကို။လက်သါဆန့်ယမ်း။မှိုစိမ့်လှမ်းသို့။ ကိုယ်စွမ်းကိုယ်ကုံး။အားကြိုးအန့်ထောင်။ပြီးစီးနောင်ဟု။ ရောက်အောင်ပို့ကြဉ်း။ဆုခဲယဉ်းကို။စေ့ချဉ်းစွာထွန်။ ရချိန်တန်၌။မလွန်စေမြို့။ ဤသို့ကြိုငေါ်။ရည်လသောင်တည့်။ တိလောကဂ္ဂ။မရနှစ်ဆု။ သုံးမည်လူကို။သိမှုဆုံးခပ်။မြင်နှံ့စပ်လျက်။ ကျိုးနပ်ပွါးလှ။ဂုဏ်ခေတ္တနှင့်။ပုညမြေမှန်။လှူခံမွန်ဟု။သုံးတန်လူတွင်။အံ့ချီးတင်သည့်။ ဒီပင်္ကရာ။မြတ်စွာထိုရှော်။ငါ့နောင်တော်ကား။ မျှော်တုံငါ့ကို။ဆုပေးလို၍။ဦးကြိုရှုးရှုး။ ငါ့ခေါင်းဦး၌။ယူးယူးနင်းလု။ရပ်ရှုပြီးသော်။ငါ့ကိုမျှော်၍။ ။ရှင်တော်မေတ္တာသက်လတ်တည်း။

၆။ ဘုရားမည်သည်။သက်ကြည်မေတ္တာ။ကရုဏာ၊ရွှင်ပြုံး။
စိတ်နှလုံးဖြင့်။ယူဂျုံးဝင်ထ။ သုံးဘဝတွင်။ အကြင်မျှလောက်။
နည်းစွာအောက်လည်း။တယောက်တည်းသာ။ ငါမချွတ်တန်။
မဟူထွန်သည်။အားအန်မလျော့။ မပေါ့မမေ့။ ခြသော့်ကျင့်နေ့။
ရှိတိုင်းဖွေ၍။လွန်လေရှေးဟောင်း။သူမြတ်ပေါင်း၌။ဆုတောင်း
ပတ္တနာ။သံသရာက။ရတနာသုံးဦး။ နှိုးကပ်ဘူး၍။ ကျေးဇူးနက်
တိမ်။ သူအားချိန်လျက်။ မွေ့သိမ်ညွှန့်နု။ ရုဒ္ဒတိက္ခ။ စသည်ဆစ်
မျက်။ နည်ဖွေညက်ပြီး။ပွင့်နိုးကျွတ်ထောက်။ ရောက်အံ့ဤသူ။
ဤရပ်လူကား။ စင်ဖြူနှလုံး။စောင့်စည်းသုံး၏။ တွေ့ဆုံးသင့်စွာ။
ငါနှင့် ကွာသော်။ ချမ်းသာသုံးထပ်။ မရလတ်အံ့။ ကိုယ်ကြပ်
ရောက်ပေါက်။ငါသွားလောက်ဟု။ ဝေးမြောက်စကြဝဠာ။ခြား
ရာမှာလည်း။မကြာမားမား။ ကိုယ်တိုင်သွား၍။ တရားညွှတ်နူး။
ချွတ်ဘူးသည်ချည်း။ သန္တေပည်း၏။ တနည်းနောက်ရစ်။ လူ
ရည်စစ်လည်း။တူဖြစ်ခဲအင်။ညွန်ပျောင်းတွင်၌။ရောက်လျှင်နှင်း
စိမ့်။ကြိန္နစ်သိမ့်လျက်။ငြိမ့်ငြိမ့်စေတနာ။သဒ္ဓါရင်းသန့်။ သုံးတန်
ဆုကြီး။ချက်ကုံပြီးကို။ ထဲနှိုးစိုက်စိုက်။ ဝမ်းအင်မြိုက်လျက်။ ရ
ထိုက်ပတ္တနာ။ သုံမေဓာတုံ။ မြတ်စွာဘုရား။ ရှုဝင် သွားစဉ်။
မကြောင်းပါးပွဲလယ်။ ခရီးဝယ်သော်။ ဆိုဘွယ်မရှိ။ လွယ်ဘိရ
ကား။ငါ့ခေါင်းပါး၌။ မသွားဦးဘဲ။ မေတ္တာခဲ၍။ရပ်ရှဲပြီးသော်။
ပညာတော်ဖြင့်။ ။ရှုမျှော်နှိုင်းချိန်တွက်လတ်တည်း။

၇။ လေးပါးအမိုက်။သုံးခန်းတိုက်တွင်။ဆောက်စိုက်တန်
ဆောင်။ ညှိထွန်း ထောင်က။ ရိမှောင် စိုးစိ။ မမှေး ငြိတည့်။
မရှိအပ်သည်။ တမည် သာလျှင်။ ကြည့်မ မြင်သို့။ အကြင် မျှ
လောက်။ မြေအောက် မိုးထက်။ ဘဝဂ် ပျားရင်း။ ထုတ်ချင်း
စကြဝဠာ။ ရှစ်မျက်နှာလုံး။မိုးအဖုံးတည့်။ မဆုံးလေသေး။ဝေး
သားလူ ရပ်။ကမ္ဘာကပ်လည်း။ စပ်ခါအမြှတ်။မဆိတ်လျှင်းဘဲ။
ဩဘာ်လဲလဲတည့်။ပျက်ဆဲပဋ္ဌမ။သံဝဋ္ဋကို။စ၍လေးစုံ။ ရေတုံတုံ
ချည်း။ ဤသို့နည်းဖြင့်။ဤတည်းအစ။တွင်မှအဆုံး။ ဂဏန်းကျုံး

လည်း။မြေလုံးတောင်ရန့်။အမှုန့်မလောက်။ ကြားသော်ကြောက်
အွံ့။နောက်လည်းဤတူ။ စဲမှုမဆိတ်။ အတိတ်န္တာဂတ်။ ဆုံးဖြတ်
ကက်ာ။မှောင်သည်းစွာကို။ပိဋ္ဌာသုံးကြိမ်။လူဖြစ်ချိန်၌။ လောင်
ထိန်တောက်ညီး။တန်ဆောင်မီးလည်း။စနီးစပ်ကာ။ မန္တန်းသာ
သား။နာဂတံသ။ ဥာဏကျော်ခေါင်။ ပညာရောင်ဖြင့်။ နောက်
နောင်ခါတို့။ ကြည့်ပြီးမြို့သော်။ ငါသို့လည်းကောင်း။ မြတ်ရာ
ချောင်းလျက်။ဆုတောင်းဤသူ။ရသေ့ဖြူကား။ ချုတုံသင်းသီး။
အလှိုင်းကြီးစွ။ ပြီးစီး ပိမ့်လော။ နိုးပိမ့် လောဟု။ နှစ်နေ့တိုင်
အောင်။ယခေါင်ကမ္ဘာ။ကြာမြင့်စွာလည်း။နာဂတဝင်။စဉ်တိုင်း
ပင်ကို။ သုတ်သင်ခန့်ချုံး။မြင်ပြီးဆုံးမှ။ ကျင့်ထုံးဖြစ်စေ။လူဗိုလ်
ခြေအား။ သက်သေညွှန်ကြား။ တပည့်များကို။ မှတ်သားကြ
ထိုက်။ရှုကျန်တိုက်လျက်။သံမြိုက်ဘိသိက်။ပညာစိတ်ဖြင့်။ ။
ဗျာဒိတ်နှုတ်တော်ပွက်လတ်တည်း။

ပဿထဣမံတာပသံ။ ဇဋိလံဥဂ္ဂတာပနံ။ အပရိမေယျေဣ
တောကပ္ပေ။ဗုဒ္ဓေါလောကေဘဝိဿတိ။

ဇဋိလံ၊ဆံကျစ်ဦးစွန်းလည်းထုံးထသော။ဥဂ္ဂတာပနံ၊ မြိုးမြီ
သောအကျင့်လည်းရှိထသော။တနည်းကား။ ကျော်စောသော
အကျင့်လည်းရှိထသော။ ဣမံတာပသံ၊ ဤသုမေဓာရသေ့ကို။
တုမှေဘိက္ခဝေါ၊ သင်ရဟန်းတို့သည်။ ပဿထ၊ ရှုကျန်လော့။
အယံသုမေဓော၊ ဤသုမေဓာရသေ့သည်။ ဣတော၊ ဤသာရ
မဏ္ဍကမ္ဘာမှ။ အပရိမေယျေ၊ မရေတွက်နိုင်သော။ ကပ္ပေ၊ ဘဒ္ဒ
ကမ္ဘာ၌။ လောကေ၊ လောကသုံးပါး၌။ ဗုဒ္ဓေါ၊ သစ္စာလေးပါး
တရားကိုသိသောဘုရားသည်။ဘဝိဿတိ၊ဖြစ်လတံ့။

ဂ။ နိက္ခမဟု။ကိစ္စလွယ်ရှောင်း။အင်းကောင်းမန္တန်။ မန်း
မှုတ်ပွန်သား။အနန္တဥာဉ်။ ငါနှင့်ယှဉ်၍။စိမ်းချဉ်ရိုက်မျက်။ ဥပါ
ခက်ဟု။ရမ္မက်မကြွင်း။ဆဲ့နှစ်သင်းသား။အပြင်းဘမ်းကြူး။တေါ
ဘိလူးကို။တပ်ဦးငါတွင်။ကြည်မှူးသင်မှ။ဖြိုနှင်စဉ်းဖြတ်။မဂ်နှင့်
သတ်ပြီး။ဥပဒ်သိမ်ဖျင်း။မှောင့်ရောင့်ကင်းမှ။ကိုယ်တွင်းအရေး။

ငြိမ်းဆေးဖြေနိုင်။ဂုဏ်နန့်ယှိုင်သည်။ဆွယ်ပြိုင်နှိုင်းရှား၎ထရ်မြတ်
မျှားတို့။ ။အလျှားပျပ်စပ်။ရင်ဖြင့်အပ်၍။ဝပ်တုံ၍သူ၊ရသေ့ဖြူ
ကား။ လူ၏အမှု။တခုမကျန်။ တီးပွန်ပွန်မှ။ မှန်ကန်ရိုးကောင်း။
ဆွေပုံနှောင်းဝယ်။ မျိုးပေါင်းမွေ၍။ ဘုန်းမျိုးထိုက်၍။ အောင်
မြိုက်ချမ်းသာ။ မင်္ဂလာလူဝယ်။ပုဗ္ဗကြွယ်သို့။ နတ်နှယ်တပဲ။အံ့
ကြွအဲလျက်။မရဲချစ်နှစ်။ကျော်စောသစ်တွင်။ ကန်မြစ်ကိုယ်ကို။
စည်းစိမ်ထို၍။မလိုမချင်။ဝန်နှင့်ဖင်၍။ပူပင်နေအပ်။ ရေလျှင်ငတ်
သို့။ငြိမ်းအပ်ရာရာ။ပညာဆွေးနွေး။အနိုင်တွေးချည်း။ ဥပမည်း
ဖြင့်။ထုံးနည်းနာမျှား။ပိုင်းခြားနား၍။ထားခဲ့သော်ထက်။လှူလက်
နက်ကို။ ကိုင်လျက်သွား၍။ မြတ်မွေရာဟု။ ရတနာ ကောင်း။
ဥစ္စာပေါင်းကို။ ပစ်ရောင်းကျန်နှယ်။ မစွန်ဝယ်ကို။ ကုန်လွယ်
ဆန်းသာ။ပေးစဉ်ခါမှ။ရက်ကြာနေ့ယွင်း။ပြီလျက်တင်းခဲ့။ သင်း
ပင်းကျွန်ကျေး။ ဆွေသားမြေးကို။ အလှေးအတူ။ စင်အောင်မှု
သည်။၍သူသဘော။မွန်လှမော၏။သယ်နောက။ စသည်သုံးရ၊
အနုထေရ။မဏ္ဍိမတို့။ ပဿထတုံ။ရှုပါကုန်လော။ ဥသိ၊မငြိ၊
ကြောင်းခြာကိုလည်း။ ။ဆိုအံ့ရုံရုံစေ့စေ့တည်း။

၆။ ပရိက္ခရာ။ဥစ္စာအိမ်ထောင်။ ကုန်အောင်ခြွေရွေ။စွန့်ခဲ့
ပေ၍။မနေလို့ရပ်။တောသို့ကပ်လည်း။ အလပ် လည်းကောင်း။
သိကြား ကျောင်းကို။ မညောင်းမညာ။ ဧပြစ်ရှာ၍။ ပစ်ခွါ ခဲ့
မြောက်။ သစ်ပင် အောက်ဝယ်။ တယောက် ထီးတည်း။ မွတ်
သည်းညည်းလျက်။အရည်းဘာသာ။တပ်ရာမရှိ။ ကြိုက်မိသ၍။
ရှစ်ရက်နေ့စင်။ မစေ့ခင်၍။ ကျင့်လျှင်ဖြောင့်ကြည်။အမည်ရှစ်
ပါး။ ဈာန်တရားနှင့်။ ပျံသွားမြေလျှိုး။ ဘိညာဉ်မျိုးကို။ လမ်းရိုး
ပေါင်းတွင်။ ဆင့်ကာထွင်သို့။ သုတ်သင်ကာမျှ။ လွယ်ကာရ
လျက်။ ပွင့်စငါးတန်။ ရသည့်ဈာန်ကို။ မကျန်ကျင့်ညီ။ ဝသီအ
စဉ်။ ငါးပါးယှဉ်လျက်။ဝလဥ္ဇန။ အဝါးဝ၍။မြေမှဘဝါး။ မသွား
နင်းသီး။ဈာန်ယာဉ်စီးလျက်။ မှုကြီးငါစင်။ ဗောဓိခွင်၍။ သိမြင်
ဥေ့ယျ။စသည်ငါးခု။စတုသစ္စာ။ပွင့်ဌာမပြတ်။ ဟောခြေချွတ်

လည်း။ ရှိဝတ်ခေါ်က်တည်။မရည်ရုံမြှ။ အလိုလိုလျှင်။ ဤသို့ဆွမ်းစား။ရွာဝင်သွားစဉ်။ ။ငါ့အားဖူးတုံချက်တွေ့တည်း။
၁၀။ ဖရဏာလောကီ။ပီတိဆိနှင့်။ဝသိစည်ပင်။ဤယင်းရှင်ကါး။ဖူးမြင်ချက်တွေ့။ယခုနေ့လျှင်။မစေ့နှစ်ဖြစ်။ကိုယ်အညစ်ဟု။အသစ်မလေါင်း။ရိုက်မျက်ပေါင်းကို။အိုင်ကောင်းသိတ်ါ။ဠဂ်မာဠ်။ဖွပ်ကာလက်မွှန်။ခဏဝန်ဖြင့်။ စင်တန်ကောင်းစွာ။ကျွတ်လေရာလျက်။ တွယ်တာသနား။ လူသုံးပါးကို။ မသွားခေါက်ရက်။ကြည့်ငဲ့ကွက်၍။အသက်လှူလှူ။ဆုကြီးယူ၏။ ရွယ်ချူဤက။ ယနေ့စသည်။နောက်မှမဟာ။ ကပ်ကမ္ဘာတည့်။ သချ်ာကိန်းလျှင်။သိန်းနှင့်သင်္ချေ။လေးထွေနှောင်ဘန်။ လွန်လတ်သောခါ။ကမ္ဘာဘဒ္ဒ။ပေါ်စထွန်းသစ်။ ဖြစ်သားရာဇာ။ မဟာသမ္မတ်။ မင်းမြတ်နွယ်ရိုး။အမျိုးစဉ်လာ။ ဥက္ကာကရာဇ်။တိုင်အောင်ဖြစ်၍။ တလှစ်ယင်းက။ ကပိလတွင်။ နှမနှင့်မောင်။ ပြည်တည်ထောင်သား။နှစ်ထောင်ရှစ်သောင်း။ မင်းများနှောင်းဝယ်။ ထပ်လောင်း အသစ်။စောစစ်နရိန်။ဇေယသိန်နောက်။သုံးဆက်မြောက်တွင်။ရာလောက်ရေတွက်။လူ့အသက်ဠ်။မင်းဆက်တကာ။မစံရာသား။ချမ်းသာစေ့စုံ။လူမှုကုံမှ။အမုံပင်ကြီး။ရင့်စွာပြီးသို့။ ပွင့်နီးလေးပါး။သစ္စာငြားး၍။ဘုရားဖြစ်တံ့။ ။စင်စစ်ဤသူရသေ့တည်း။

အဟောကပိလဝါရမ္မာ။နိက္ခမိတွာတထာဂတော။ ပဓာနံပဒဟိတွာန။ကတွာဒုက္ကရကာရိယံ။

အဇပါလရုက္ခမူလသို့ံ။နိသိဒိတွာတထာဂတော။ တတ္ထပါယာသံပဂ္ဂယှ။နေရဉ္ဇရမုပေတိတိ။

ရမ္မာ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ကပိလဝါ၊ ကပိလအမည်ရှိသောပြည်မှ။ အဟောနိက္ခမိတွာ၊ ထွက်ပြီး၍။ တထာဂတော၊ မြတ်စွာဘုရားသည်။ပဓာနံ၊ ကမ္မဠာန်းကို။ ပဒဟိတွာန၊ လုံ့လပြုဦး၍။ဒုက္ကရကါရိယံ၊ဒုက္ကရစရိယာကို။ကတွာ၊ပြုတော်မူဦး၍။ အဇပါလရုက္ခမူလသို့ံ၊ အဇပါလအမည်ရှိသောညောင်ပင်အနီးဠ်။နိသိဒိတွာ၊နေတော်မူပြီး၍။ တထာဂတော၊ မြတ်စွာ

ဘုရားသည်။တဏ္ဍ၊ ထိုညောင်ပင်ရင်း၌။ ပါယာသံ၊ နို့ဆွမ်းကို။ ပဂ္ဂယှ၊ ခံတော်မူပြီး၍။နေရဉ္ဇရာ၊ နေရဉ္ဇရာမြစ်သို့။ဥပေတိ၊ ကပ်တော်မူ၏။

၁၁။ ကပိလဝတ်။နေမှတ်ရသော့။တည်သည်နေ့က။သကျဇာတိ။သုံးပြည်ချီ၍။ စည်ဘိနှစ်ထောင်။ရှစ်သောင်းအောင်လျှင်။ မြွားမြောင်နွယ်ဆက်။ စဉ်မပျက်တည့်။ နန်းထက်နှင်နှင်။ ဘွားသန့်စင်၍။ရိုးပြင်အဝ။ကြွယ်ဘောင်လသို့။ဒေဝဒဟ။ ကောလိယဟု။ခွန်သဦးကိုင်။နှစ်ခရိုင်ထက်။ မတ္တိုင်ထိပ်မှန်း။ ပြည်ထောင်နန်း၌။ကြဥ္စနီးတမွတ်။ ကောင်းကင်ထွတ်မှ။စက်မြတ်တေဇ။သုံးကျွန်းငသို့။အာဒိစ္စဝင်။မင်းစဉ်ရှစ်သေါင်း။သုံးပြည်ပေါင်းကို။အုပ်ဆောင်းခဲ့မြောက်။ရောက်အံ့ရက်စေ့။ချနစ်နေ့တွင်။စက်ရှင်ရဲရဲ။ ပေါ်လုဆဲလျှက်။စွန့်ဘဲသက်သက်။ဘုံခြောက်ဆက်တွင်။ဗိမာန်ရှင်နှင့်။အောံခွင်တလွှား။ဇမ္ဗူသားဟု။ရှစ်ပါးမြေတာ။ ရပ်မျက်နှာ၌။သချာတသောင်း။ ကျွန်းသူပေါင်းကို။ကြောင်းစနွယ်နွယ်။ ငါ့နှယ် ကျင့်လေ။ ညွန်ကြားပေသို့။ မနေလှူ့ဘောင်။ ရှောင်ခဲ့ခေါက်ရက်။ တောကြီး ထွက်၍။ သန့်သက် ကြည်လင်။ မြတ်သောသွင်ဖြင့်။ ရှင်ဟုလည်းဖြစ်။ ခြောက်နှစ်စေ့အောင်။ ကျင့်ရှောင်ဒုက္ကရစရိယာ။ ထွက်ပြီးစွာမှ။သုဇာတာသည်။ ပန့်ထွာမဆွ။ဆည်းကပ်ခ၍။ ဆုရသနေ့၊ စေ့စဉ်လည်းကောင်း။ ကြိုက်လေ ရှောင်းလျှက်။ ဆိတ်ကျောင်း ညောင်အောက်။ ရမြောက်ဆွမ်းကျက်။နို့ရွှေခွက်ကို။နံနက်စဉ်စဉ်။ လှူသောယှဉ်၌။နေရဉ္ဇရာ။မြစ်သာရေကြည်။ချောင်းမြရည်သို့။တူတည်သွားလိမ့်။ ဘုရားဖြစ်အံ့သနေ့တည်း။

၁၂။ နွယ်ချိုတောကောင်း။စာဝကျောင်း၍။ နှစ်တောင်းအင်ဖြိုက်။ ရေမတိုက်သား။ မရှိုက်ကိုယ်အား။ ငါးရာနွားကို။ ကြိမ်များဘန်ဘန်။ ရည်ပြန်တိုက်ပြီး။မကားကြီးတည့်။ သင်းသီးရှစ်ခု။ နို့နပ်ပြုလျှက်။ စတုမဟာရာဇ်။ နတ်မင်းစစ်တို့။ ကာလှစ်ရန်မာန်။စောင့်ဘန်အားရမ်း။ လက်နက်ထမ်းလျှက်။ ကိုယ်

အမ်းချချ၊ နတ်မာယာဧမှူ။ ထင်းစပြင်ဖွေ့း။ လူ့ဘေးနတ်ဘာ။ ရိုးမှ ဖြူပွာ။ ထီးဝန်းကာ၍။ စကြဝဠာနဂိုရ်။ မြင့်မိုရ်တတောင်။ တ တိုက်ဘောင်၌။ နှစ်ထောင်ရံဝန်း။ လေးရပ်ကျွန်းတွင်။ အကြင်ဩ ဇာ။ ရသာထဲပ။ ဟူသမျှကို။ ဒုံမှပျားပျစ်။ လပို့ညှစ်သို့။ နတ်စစ် ကျန်အောင်။ ယူဆောင်ရည်တက်။ ဩဇာနှက်၍။ ကျက်ပြီးစွာ ထွန်။ ဆဲ့နှစ်တန်သား။ ကျိုးမွန်ပေးထိုက်။ အမြိုက်သုဓါ။ နတ် စား၎ါနှင့်။ များစွာလျော့လျား။ မထူးခြားတည့်။ ဘုရားဟူက။ ပွင့်စမူးမူး။ ထိုနေ့ဦး၌။ ရဘူးစမြဲ။ မလွဲဖြစ်တမ်း။ နို့သစ်ဆွမ်းကို။ မြစ်ကမ်းရေစ။ ထက်ဝယ်လှလျက်။ သတ္တသတ္တာ။ နောင်လာစိ စစ်။ ချနှစ်ခါလည်။ ကြာအံ့သည်ဟု။ ငံ့ဆည့်တာတွယ်။ မျှအောင် ရွယ်သို့။ လေးဆယ်ကိုးလုပ်။ မယုတ်အင်ပြည့်။ သပ္ပါယ်ဖြည့် လျက်။ ခိုင်တည့်ပွဲလုံး။ ကြောင်နံ့ချုံးမှု။ ပခုံးညွှန့်ရူး။ စစ်မြေမှူးသို့။ ငါးဦးမာရ်ပွဲ။ အောင်လုဆဲ၌။ မွန်းလွဲရှေးရှု။ ခါငံ့မူဖြင့်။ အောင်သူ များဘ။ အောင်တပ်ချလိမ့်။ ကမ်းစနေရဉ်။ ချောင်းနား ယှဉ် သည်။ ။နေစဉ်ချမ်းချမ်းမြေ့မြေ့တည်း။

နေရဉ္ဇရာယတီရမှိ။ ပါယာသံအဒသောဇိနော။ ပဋိယတ္တဝရ မဂ္ဂေန၊ ဗောဓိမူလမုပေဟိတိ။

တတောပဒက္ခိဏံကတွာ၊ ဗောဓိမဏ္ဍံအနုတ္တရံ၊ အဿတ္ထ ရုက္ခမူလသ္မိံ၊ ဗုဇ္ဈိဿတိမဟာယသော။

သောဇိနော၊ ထိုမြတ်စွာဘုရားသည်။ နေရဉ္ဇရာယ၊ နေရဉ္ဇ ရာမည်သောမြစ်၏။ တီရမှိ၊ ကမ်းနား၌။ ပါယာသံ၊ နို့ဆွမ်းကို။ အဒဘုဉ္ဇိတွာ၊ ဘုန်းပေးတော်မူပြီး၍။ ပဋိယတ္တဝရမဂ္ဂေန၊ နတ်တို့ စီရင်အပ်သောမြတ်သောခရီးဖြင့်။ ဗောဓိမူလံ၊ ဗောဓိပင်၏အနီး သို့။ ဥပေဟိတိ၊ ကပ်တော်မူလတံ့။ တတော၊ ထိုနေရဉ္ဇရာမြစ်မှ။ အနုတ္တရံ၊ မြတ်သော။ ဗောဓိမဏ္ဍံ၊ ဗောဓိမဏ္ဍိုင်ကို။ ပဒက္ခိဏံ၊ အာ ရှိအသေလက်ျာရစ်။ ကတွာ၊ ပြုတော်မူဦး၍။ မဟာယသော၊ များ မြတ်သောအခြံအရံရှိသော။ ဇိနော၊ မြတ်စွာဘုရားသည်။ စတု

သစ္စာခမ္မေ၊ သစ္စာလေးပါး စာရေးတိုက်ကို။ အဘယသွေးရင့်ကျွမ်းမှုလည်း၊ ညောင်ဗုဒ္ဓဟောပင်၏အနီး၌။ဗုဒ္ဓိသတိ၊ သိတော်မှုလတ့်။

၁၂။ နေရဉ္စရာ။မြစ်သာချောင်းနား။ နှိဆွမ်းစား၍။ဘုရားတကာ။ သစ္စာဓိဋ္ဌာန်။ ပြုမြဲမှန်ဟု။ မကျန်ကျင့်မြဲ။ မြစ်ညာကဲလျက်။ ဝမ်းဘဲသဘော။ ရွှေခွက်မျှော၍။ ပူလောနေငြိမ်း။ မွန်းယိမ်းတိမ်းမှ။မြက်စိမ်းနေရာ။ရှေးဘာသာလျောက်။ ခင်းဌါယူခံ။ဗောဓိထံသို့။သွားစံပစ္စာ။ပတ်လကျၤာဖြင့်။ရပ်ရာလည်လှည့်။တူရူတည့်လျှင်။ နေ၏ခင်ပွန်း။ ငါဟုကျန်းလျက်။ ညဥ့်ခန်းကုံလေ။နံနက်နေကို။ ထွက်စေပြိုင်အံ့။ ကြည့်လင့်ငံ့သို့။ တံ့တံ့ထိုဝယ်။သပ္ပါယ်ထိုင်မြောက်။ကြင်ရွှေလောက်ဖြင့်။မပွင့်သမျှငါမထတည့်။လုံ့လလေးအင်။ ညီလျက်ပင်ကို။မငြင်မငြိုး။ ညောင်တော်ထိုး၌။နေသောကြိုက်တွင်။ချက်တိုက်သိမြော်။၍သူတော်ကား။ထင်ပေါ်လုံးခြိုး။ ပွင့်လတ်တုံအံ့။ ။ချက်ကုံရှိမှဲ့သရွေတည်း။

ဋ္ဌမသဿဇနိတာမာတာ၊ မာယာနာမဘာ၀ိသတိ။ ပိတာသုဒ္ဓေါဒနောနာမ၊ အယံဟေဿတိဂေါတမော။

ဋ္ဌမသဿ၊ ၏ဂေါတမဘုရားအား။ ဇနိတာ၊ ဖြစ်စေတတ်သော။ တနည်းကား။ ဋ္ဌမဿ၊ ၏ဂေါတမဘုရားကို။ ဇနိတာ၊ ဖြစ်စေတတ်သေါ။မာတာ၊ မယ်တော်ကါး။မာယာနာမ၊ မါယာမည်သောမိဘုရားသည်။ ပိတာ၊ ခမည်းတော်ကား။ သုဒ္ဓေါဒနောနာမ၊ သုဒ္ဓေါဒနမည်သေါမင်းသည်။ ဘာဝိဿတိ၊ ဖြစ်လတ့်။ အယံ၊ ၏သုမေဓါရသေ့သည်။ ဂေါတ္တေန၊ အမျိုးအားဖြင့်။ ဂေါတမော၊ ဂေါတမမည်သောဘုရားသည်။ ဟေဿတိ၊ ဖြစ်လတ့်။

၁၃။ အမိမျိုးမှ။အဘိုးအဥ္စန။ဘေးစောလကား။ဒေဝနရိန်။ဇေယသိန်ဟု။ကျော်ရှိန်လွှန်ပြင်း။ထိုသည့်မင်း၏။ သားရင်းရင်သွေး။သိကြားပေးသည်။ချစ်မြေးလှဘိ။သိရိမဟာ။ စောမာယာနှင့်။ ပဇာပတိ။ ဘုန်းရှိနှစ်ယောက်။ မိန်းမမြောက်တွင်။ အစ်မတင်သား။ ၏ရှင်မယ်တော်။ မွေးဘသော်ကား။ သုဒ္ဓေါ်စော

ခေါင်။ မွှားဘောင်သေဌ်နင်း။ ဇမ္ဗူချင်းအံ့။ ဝပ်စင်းငါရှေ့။ ဤ
ရသော့ကို။သာမြွေထူးတည်။တွင်အံ့သည်ကား။မျိုးမည်ဂေါတ
မ။ငယ်သော်ကလျှင်။ကြွန်ရဆတ်ဆတ်။နိမိတ်ဘတ်၍။ သိဒ္ဓတ်
သမိုက်။ တသောင်းတိုက်တွင်။ ကျိုက်ကျိုက်ဆူခေါ်။ရှိပူဇော်
အံ့။ ။ချိငေါ်နိစ္စမမေ့တည်း။

အနာသဝါဝီတရာဂါ၊ သန္တစိတ္တာသမာဟိတာ။ ကောလိ
တောဥပတိဿောစ၊ အဂ္ဂါဟေဿန္တိသာဝကာ။

အနာသဝါ၊ ကင်းသောအာသဝရှိကုန်ထသော။ ဝီတရာဂါ၊
ကင်းသော ရာဂလည်းရှိကုန်ထသော။ သန္တစိတ္တာ၊ ငြိမ်သက်
သောစိတ်လည်း ရှိကုန်ထသော။ သမာဟိတာ၊ တည်ကြည်
သောနှလုံးလည်းရှိကုန်ထသော။ ကောလိတောစ၊ ကောလိတ
လည်းကောင်း။ဥပတိဿောစ၊ ဥပတိဿလည်းကောင်း။ ဣတိ၊
ဤသို့။ အဂ္ဂါ၊ မြတ်ကုန်သော။ သာဝကာ၊ သာဝက တို့သည်။
ဟေဿန္တိ၊ ဖြစ်လတ်ကုန်အံ့။

၁၄။ ဥပတိဿ။ကောလိတဟု။လူကအမည်။ကျော်သည်
ရှိန်းရှိန်း။တသိန်းမက။ ဖြည့်ထသချေ်။ ထွက်ရေကပ်လုံး။ခပင်း
ကျုံးလျှင်။ စည်းရုံးပေါင်းစွာ။ ပဋ္ဌနာဖြင့်။ ဂါထာ စိတ်ဝက်။
ဟောမြွက်သက်က။ ဘဝဂ်ထက်ဆို့။ လျှံစီးမို့လျက်။ ဖြစ်သို့လ
ဘော။အာသဝေါကား။ ကျဲသျှော့ဖျားရေ့။မှုန်ဆန်ဖြေ၍။ မမွေ့
စေရ။မဂ်ဖြင့်ချလျက်။ရာဂလည်းမည်။မကြည့်ရေနောက်။ဆိပ်
ရှိပျောက်မှ။လက်အောက်ဤသူ။ ကျွတ်ဆုယူနှင့်။ ကိုယ်တူရင်
ရှည့်။တပည့်နှစ်သူ။ ဟူစခေါက်ရက်။ပြိုင်ဘက်မရှိ။မေးမြန်းချိ
သည်။သာရိပုတ္တရာ။သမာပတ်ဈာန်။ တန်းခိုးထန်သည်။မောဂ္ဂ
လာန်ဟု။မြတ်မွန်သစွာ။ပွင့်သောခါ၌။ လကျာ်လက်ဝဲ၊ရံကာမြဲ
လည်း။မလွဲဖြစ်တံ့။ ။စင်စစ်ဘာသာခလေ့တည်း။

အာနန္ဒောနာမုပဋ္ဌာကော၊ဥပဋ္ဌိဿတိမံဇိနံ။

အာနန္ဒောနာမ၊ အာနန္ဒာအမည်ရှိသော။ဥပဋ္ဌာကော၊အလုပ်

အကျွေးသည်။ဇာမိဖိန့်၊ ဤ၊းဂါတမဘုရားကို။ ဥပမ္ဗိသာစတိ၊ လုပ်ကျွေးလတ့်။

၁၅။ နတ်မရခပါ၌။ ပိဋကတ်ကို။ သင်ရွတ်သောခါ။ ဆန်းလင်္ကာဖြင့်။ဂါထာလည်းကောင်း။ လေးဆပေါင်း၍။ခြေသံသောင်းတိုက်တိုက်။ ခန့်သည်ပိုဒ်ကို။ ရပ်ကြိုက်သင့်ကျူး။ ပန်းနှယ်ရှုးလျက်။ နွယ်ခြူးရင်းကိုင်။ စင်းလုံးယိုင်သို့။ တတ်နိုင်နတ်များ။ ရွတ်လျှင်လျှား၍။ ဘုရားတို့သာ။ မိန့်နိုင်ရာသား။ အာနန္ဒာဟု။ငါးခါဧတဒဂ်။ မိန့်ပွက်သံတော်။ ကောင်းချီးခေါ်သည်။ရှင်ကျော်မထေရ်။ ညီတော် သည်လည်း။ နေ့ရှည်ရက်များ။ ဤဘုရားကို။ တည်ကြားကောင်းမွန်။ လုပ်ကျွေးမှန်အံ့။ ႏႈတ်ပွန်အသိမ်အမွေတည်း။

ခေမာဥပ္ပလဝဏ္ဏာစ၊အဂ္ဂါဟေဿန္တိ သာဝိကာ။အနာသဝါဝိတရာဂါ၊သန္တစိတ္တာသမာဟိတာ။

ဗောဓိတဿဘဂဝတော၊ အဿဋ္ဌောတိပဝုစ္စတိ။

အနာသဝါ၊အာသဝတရားကင်းကုန်ပြီးထသော။ဝိတရာဂါ၊ကင်းသောရာဂရှိကုန်ပြီးထသော။သန္တစိတ္တာ၊ ကိလေသာတို့မှငြိမ်းသောစိတ်ရှိကုန်ထသော။သမာဟိတာ၊ သမာပတ်တရားတည်းဟူသောတည်ကြည်သောစိတ်ရှိကုန်ထသော။ခေမာစ၊ခေမာလည်းကောင်း။ဥပ္ပလဝဏ္ဏာစ၊ ဥပ္ပလဝဏ်လည်းကောင်း။ ဣတိ၊ ဤသို့။အဂ္ဂါ၊ မြတ်ကုန်သော။ သာဝိကာ၊ တပည့်သို့တို့သည်။ဟေဿန္တိ၊ ဖြစ်လကုန်အံ့။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ဗောဓိ၊ ဗောဓိကို။အဿဋ္ဌောတိ၊ ဗုဒ္ဓဟောဟူ၍။ပဝုစ္စတိ၊ ဆိုအပ်၏။

၁၇။ ဝေတ္တဝတီ။နဒီမြစ်လောင်း။အမွန်ခြောင်းသို့။စောင်းမြောင်းငြူရူ။ ချုပ်ချုပ်ပူသား။ ဟူဟူသမျှ။ အာသဝနှင့်။ မလနောက်ကျူ။မကောင်းမှုကို။ရှစ်ချမဂ္ဂင်။မြိုက်ရေရှင်ဖြင့်။ စင်စိမ့်ညှိစေ။၊လေးကြိမ်လျှော်မှ။ကိုယ်ပေါ်ကိုယ်တွင်း။ သန့်ရှင်းရှင်းလျှင်။အချင်းခပ်သိမ်း။ ကျေးဇူးရှိမ်းလျက်။ချီးလိမ်းနံ့သာ။ ဈာန်

အင်္ဂါနှင့်၊ ခေမာဥပ္ပသဝဏ်။ မိန်းမပွန်ဟု။ နိဗ္ဗာန်လည်းရ။ ရဟန်းမလည်း။ သီလပညာ။ သမ္ဘာဓိကွန်။ တုမဲ့လွန်အံ့။ သူ့ထွန်ရသေ့။ ဘွားသည့်နေ့၌။ အကိုက်အညွှာက်။ မြေမှပေါက်၍။ ရောက်တုံစတေ။ ဗုဒ္ဓဟောလျှင်။ သပြေတကျွန်း။ မကိုဋ်ပန်းသို့။ သိဝန်းထင်မြင်။ ထိုခါတွင်အံ့။ ပွင့်စင်လသော်။ ဤသူတော်၏။ ။ဂုဏ်တော်ကျေးဇူးအငွေ့တည်း။

စိတ္တောစ ဟတ္ထာဠဝကော၊ အဂ္ဂါပဟောသန္တုပါသကာ။ နန္ဒမာတာဥတ္တရာစ၊ အဂ္ဂါပဟောသန္တုပါသိကာ။

စိတ္တောစ၊ စိတ္တသူကြွယ်လည်းကောင်း။ ဟတ္ထာဠဝကောစ၊ ဟတ္ထာဠဝကမင်းသားလည်းကောင်း။ အဂ္ဂါ၊ မြတ်ကုန်သော။ ဥပါသကာ၊ ဥပါသကာတို့သည်။ ပဟောသန္တိ၊ ဖြစ်လကုန်အံ့။ နန္ဒမာတာစ၊ နန္ဒာမာတာလည်းကောင်း။ ဥတ္တရာစ၊ ဥတ္တရာလည်းကောင်း။ အဂ္ဂါ၊ မြတ်ကုန်သော။ ဥပါသိကာ၊ ဥပါသိကာတို့သည်။ ပဟောသန္တိ၊ ဖြစ်လကုန်အံ့။

၁၈။ ငါးရာငါးရာ။ အရံပါသား။ ထိုခါသင်းမှူး။ သိတင်းဦးဟု။ ခြည်ထူးခေါ်လောက်။ ခုနစ်ယောက်တွင်။ လက်မြောက်တွင်ကျယ်။ စိတ်သူကြွယ်နှင့်။ လူဝယ်လူဆန်း။ မာန်ဖြင့်ကျန်းသား။ မြတ်မှန်းမသိ။ ရှင်မုနိအား။ ပြစ်မှားရှေးဦး။ စားမှူးမူးဝယ်။ ဘီလူးအာဠဝက။ လှူ၍ရသား။ အာဠဝကရွာစား။ မင်းဖြစ်သားလျှင်။ ရှည်လျားကြီးပြင်း။ ရိုက်မျက်ကင်း၍။ သိတင်းဦးကြီး။ မည်သီးထင်စွာ။ ထိုအခါ၌၊ ဟတ္ထာဠဝက။ ခေါ်တွင်ကြအံ့။ နန္ဒမာတာ။ ဥတ္တရာဟု။ တကာမိန်းမ။ တကျွန်နှစ်စုံ။ တရားယုံလည်း။ ဥသုံပရိသတ်။ လေးပါးမှတ်လျက်။ ခြေချွတ်ပွဲတွင်။ မည်ရည်ထင်အံ့။ သဘင်တလင်း။ ဤသူခင်းသည်။ ။ခပင်းစုံစုံစေ့စေ့တည်း။

ဣဒံ သုတ္တာနုဝစနံ၊ အသမသာမပဟောသိနော။ အာမေဒိတာ နရာမရူ၊ ဗုဒ္ဓဗီဇင်္ကုရောအယံ။

ဥက္ကုဋ္ဌိသဒ္ဒါဝတ္တန္တိ၊ အပ္ဖောဋေန္တိ ဟာသန္တိစ။ ကတဉ္ဇလီ နမဿန္တိ၊ ဒသသဟဿိ ဒေဝတာ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အာသမသာ၊ အတုမရှိပြီးသော။ မဟောသိနေ၊ ဒိပုက်ရာမြတ်စွာဘုရား၏။ ဋ္ဌာဒိဉ်ဒိသံ၊ ဤသို့သဘောရှိသေါ်၊ ဝစနံ၊ ဗျာဒိတ်စကားတော်ကို။ နရာမဂ္ဂု၊ လူနတ်တို့သည်။ သုတ္တွာန၊ ကြားကုန်သောကြောင့်။ အယံသုမေဓော၊ ဤသုမေဓာရသေ့သည်။ ဗုဒ္ဓဗီဇင်္ကုရော၊ ဘုရားဖြစ်အံ့သောအစေ့ကိုပျိုးသော သူတည်းဟု။ အာမောဒိတာ၊ ဝမ်းမြောက် ကုန်သည်ဖြစ်၍။ ဒသသဟဿိ၊ တသောင်းသော စကြဝဠာ၌ နေကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ ဥက္ကုဋ္ဌိသဒ္ဒါ၊ ကြွေးကြော်သောအသံတို့ကို။ ဝတ္တန္တိ၊ ဖြစ်စေကုန်၏။ အပ္ဖောဋေန္တိ၊ လက်ပမ်းဘောက်ခတ်ကုန်၏။ ဟသန္တိစ၊ ရယ်လည်းရယ်ကုန်၏။ ကတဉ္ဇလီ၊ လက်အုပ်အစုံချီလျက်။ နမဿန္တိ၊ ရှိခိုးကုန်၏။

၁၉။ စတုစက်လျှင်။ လေးချက်အကြောင်း။ အာသစ်လောင်း၍။ ဖြစ်ပေါင်းများစွာ။ ရှေးကမ္ဘာက။ ပတ္တနာဆု။ တောင့်တပြု၍။ ယခုဝါ့ဝယ်။ ပွဲမလယ်၌။ ကုန်ကြွယ်ကျေးဇူး။ တရားမှူးဟု။ အထူးလည်းတိုင်။ ခံတည်ခိုင်လျက်။ ဆိုင်ပြိုင်ဆိုဘွယ်။ ဆုလှယ်မရ။ သာဝကတွင်။ အာသဘကြီး။ မြောက်စွာပြီးသည်။ ဓွဲချီးထိုက်စွာ။ သာရိပုတ္တရာ။ ။ပညာဘုန်းရှိန်။ နှိုင်းချိန်ဆုန်းခေ။ မြေနှင့်မျှလည့်။ မရှုန်းနှုန်း။ တုမဲ့ကျွန်းသည်။ ကျယ်ဝန်းသိမြင်။ ဤသို့လျှင်တည့်။ ဒိပင်္ကရာ။ ငါ့ဆရာ၏။ မိန့်မှာသံတော်။ ကြားလတ်သော်လျှင်။ နှစ်ဘော်တကွ။ ထိုပွဲမ၌။ နောက်မှမကွာ။ ထံတော်ပါသည့်။ များစွာလူနတ်။ ပရိသတ်တို့။ ရှိညွှတ်စုံမက်။ လွန်နှစ်သက်၍။ မွေစက်ခြေဦး။ ထိမူးမူး၌။ လူးတုံညွှန်တွင်။ ဤရှင်မြတ်စွာ။ သုမေဓါကား။ သမာပတ်မွန်။ တန်းခိုးထန်သည်။ ဗျာန်သာမက။ စေ့ပျိုးစသည်။ နေ့မှ လည်းကောင်း။ ဗောဓိလောင်းဟု။ ညွှန့်ညောင်းရောက်နေ့။ ဘုရားစေ့တည့်။ လွေ့လွေ့ရမ်းရမ်း။ မြော်သဥ္စဝမ်းဖြင့်။ လက်ပမ်းဟန်လှ။ ဆိုင်စဉ်ပြသို့။ ခုန်ကကျူးလျက်။ မြူးအင်တက်၍။ မြေထက်ဘဝါး။ နင်းသွားမထင်။ ကြွေးသံရှင်င့်။ ရယ်ရွှင်မျက်နှာ။ လစကြာလည်း။ နှုန်းဌါမတန်။ အာဘန်ဘန်

လျှင်။ဦးလွန်ကျိုယ်စီး ငွေပုံချိသို့။ ။အညီလက်အုပ်ဘော်လတည်း။

ယဒိသလောကနာထဿ၊ ဝိရုဠှိဿမသာသနေ။ အနာဂတမှိအဒ္ဓါနေ၊ ဟေဿာမသမ္ဗုဒ္ဓါဉာမံ။

အဿလောကနာထဿ၊ ထိုဒီပင်္ကရာမြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ မယံ၊ ငါတို့သည်။ ယဒိဝိရုဠှိဿာမ၊ အကယ်၍မကျွတ်ကျန်အံ့။ ဧဝံ၊ ဤသို့မကျွတ်ကျန်သည်ရှိသော်။ အနာ ဂတမှိ၊ လာလတံ့သော။ အဒ္ဓါနေ၊ ကာလအခွင့်၌။ ဉာမံ ဉာမသာ၊ ဤသုမေဓာ ရသေ့၏။ သမ္ဗုဒ္ဓါ၊ မျက်မှောက် လျှင်။ ဟေဿာမ၊ ကျွတ်ကျန်အံ့သတည်း။ ကျွတ်ကျန်လို၏။

၂၀။ အကယ်ကယ်တည့်။ ကိုးကွယ်ဤသို့။ ငါတို့ဆည်းကပ်။ ကိုယ်တိုင်ကြပ်လျက်။ တံ့ဝပ်မကွာ။ မြဲလှည့်ပါလည်း။ ကြမ္မာဆိတ်တိတ်။ ဘုန်းမြတ်ဆက်စ။ မနိုးရ၍။ ပဒပရမ။ မည်ကာမျှလျှင်။ ဘဝဤတွင်။ ဤချစ်ရှင်သည်။ သို့စင်ချွတ်ရာ။ မကျွတ်ပါအံ့။ နောင်လာလသော်။ ဤသူတော်၏။ သိမြော်သစွာ။ ပွင့်သောခါ၌။ သဒ္ဓါယုံကြည်။ ရင်းတည်ယခု။ ငါတို့ပြုသည်။ ကောင်းမှုထွေပြား။ ကုသိုလ်အားဖြင့်။ ဦးဖျားမပြို။ ကျွတ်ခလိုဟု။ တဆိုလှူနတ်။ ပရိသတ်ကား။ ။ချွတ်လွတ်ကြံတွေးဇော်လတည်း။

မနုဿာနဒိ°တရန္တာ၊ ပတိတိတ္ထံဝိရုဠှိယ၊ ဟေဋ္ဌာတိတ္ထေ ဂဟေတွာန၊ ဥတ္တရန္တိမဟာနဒိ°။

ဧဝမေဝမယံသဗ္ဗေ၊ ယဒိရုဋ္ဌာမိမံဇိနံ။ အနာဂတမှိအဒ္ဓါနေ၊ ဟေဿာမသမ္ဗုဒ္ဓါဉာမံ။

နဒိ°၊ မြစ်ကို။ တရန္တာ၊ ကူးကန်သော။ မနုဿာ၊ လူတို့သည်။ ပတိတိတ္ထံ၊ အညာဆိပ်သည်။ ဝိရုဠှိယ၊ ချွတ်ငြားအံ့။ ဟေဋ္ဌာတိတ္ထေ၊ အကြေဆိပ်၌။ ဂဟေတွာ၊ ယူကန်၍။ မဟာနဒိ°၊ မြစ်မကို။ ဥတ္တရန္တိယထာ၊ ကူးကန်သကဲ့သို့။ ဧဝမေဝ၊ ထိုအတူလျှင်။ သဗ္ဗေ၊ ခပ်သိမ်းကန်သော။ မယံ၊ ငါတို့သည်။ ဉာမံဇိနံဉာမသာဇိနဿ၊ ဤမြတ်စွာဘုရား၏။ သာသနေ၊ သာသနာ၌။ ယဒိရုဋ္ဌာမ၊

အကယ်၍ချွတ်ကျွန်အံ့။ အံနာဂတမှ၊ လာလတ္တံ့သော။ အဒ္ဓါနေ၊ အဝွန့်၌။ ဋ္ဌမံဋ္ဌမသော၊ ဤရသေ့၏။ သမ္မုခါ၊ မျက်မှောက်လျှင်။ ပေဟဿာမ၊ ကျွတ်ကျွန်လို၏။

၂၁။ တဏ္ဍုသာဘွယ်။လူ့ရုပ်ဝယ်၌။ခပ်လွယ်စေမှု။တည့်တည့်ရှုလျက်။လျှင်ခုရက်ရက်။ မြစ်တဘက်သို့။ ခံ့နွတ်ကွက်တူရူ။ ကူးသောသူသည်။ရှေးရှုလေရော။မလှမ်းသာ၍။ ခပ်ခါဆိပ်ကြေ။ ကျပြားထွေလည်း။ရောက်လေပါသည်။တလည်လည်ဟု။ကျိုးကျည့်မ ရွံ့။ကူးအားသန်သို့။အကြံဖြင့်အား။ ဤဘုရား၌။လျှင်လျှားရှေ့တည်။ ကျွတ်စိမ့် သည်ဟု။ ရည်သားအလျောက်။ ချွတ်ခဲ့မြောက်အံ့။ရောက်ပေါက်ကာမျှ။လိုရာကျလည်း။ကျွတ်ရှုန့်မှုင်။စင်သဉ်လည်းကောင်း။ရိုးပြီးနှောင်း၌။စုံပေါင်းတူကွ။ဖူးတွေ့ရ၍။နောက်မှသိမြင်။ကျွတ်လေကျင်၏။ ဘော်ဝင်ရိုင်းပင်း။ သင်းဖြစ်ပါကြောင်း။ကြိုက်ဆုတောင်းလျက်။ ။သောင်းသောင်း၍သို့ကြော်လတည်း။

ဒိပင်္ကရော လောကဝိဒူ၊ အာဟုဒိန္နံ ပဋိဂ္ဂဟော။ မမကမ္မံပကိတ္တေတွာ၊ ပဒက္ခိဏံပါဒမုဒ္ဓရိ။

ယေတတ္ထအာသုံဇိနပုတ္တာ။သဗ္ဗေပဒက္ခိဏမကံသု။ နရာနာဂါစဂန္ဓဗ္ဗာ။အဘိဝါဒေတွာနပက္ကမုံ။

အာဟုဒိန္နံ၊ ပေးအပ်သောအလှူဝတ္ထုကို။ ပဋိဂ္ဂဟော၊ ခံခြင်းငှါထိုက်တော်မူပြီးထသော။လောကဝိဒူ၊ လောကကိုသိတော်မူတတ်ထသော။ဒိပင်္ကရော၊ ဒိပင်္ကရာမြတ်စွာဘုရားသည်။မမ၊ ငါ၏အား။ ကမ္မံ၊ ဗျာဒိတ်ပေးသောအမှုကို။ ပကိတ္တေတွာ၊ ကြားတော်မူဦး၍။ပဒက္ခိဏံ၊ လကျ်ာဖြစ်သော။ပါဒံ၊ ခြေတော်ကို။ဥဒ္ဓရိ၊ ဆန့်တော်မူ၏။တတ္ထတသို့ ကာလေ၊ ထိုဗျာဒိတ်ပေးသောအခါ၌။ ဇိနပုတ္တာ၊ မြတ်စွာဘုရား၏သားတော်ဖြစ်ကုန်ထသော။ ယေ၊ အကြင်သာဝကတို့သည် ။အာသုံ၊ ဖြစ်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုမြတ်စွာဘုရားသားတော်တို့သည်။ ပဒက္ခိဏံ၊ ရှိသေစွာ။အကံသု၊ ပြုကုန်၏။ နရာစ၊ လူတို့သည်

လည်းကောင်း။နာဂါစ၊ နဂါးတို့သည်လည်းကောင်း။ဂန္ဓဗ္ဗာစ။ ဂန္ဓဗ္ဗနတ်တို့သည်လည်းကောင်း။ မံ။ငါ့ကို။ အဘိဝါဒေတွာန။ ရှိသေစွာရှိခိုးကုန်သည်ဖြစ်၍။ပက္ကမုံ။သွားကုန်၏။

၂၂။ သေဋ္ဌဗေဋ္ဌ။ကျေးဖူးစသား။အပ္ပမေယျ။ဉာဏ်ဆုံးစဟု။ သိရခဲလှော်။ကျယ်ဝန်းမြွှာ်သည်။နောင်တော်စောထွတ်။ ဗျာဒိတ်မှတ်ကါး။ရွတ်ခဲ့ကိုယ်တိုင်။ငါ့ဘွဲ့မိုင်ဟု။ချက်ရိုင်ကျွတ်ထုံး။ ကြွဲးပြီးဆုံးမှ။စက်ဘုန်းလက္ခဏာ။ တရာမကာ။စဲစဲလှလျက်။ပုံချခတ်နှိပ်။ရွှေတံဆိပ်သို့။ဦးထိပ်အဖျား။ရပ်တံ့နားပြီး။ဘုန်းကြီးကြဌန်း။ ရှစ်ဆုပ်ပန်းဖြင့်။ ကြဲဖျန်းလကျာ။လှည့်ခဲ့ပါ၍။ စကြာခြေတော်။ကြွခဲ့သော်တည့်။ထိုရော်အခါ။ နောက်တော်ပါသည်။ အရာခပ်သိမ်း။ရှင်လေးသိန်းလည်း။ ကြည့်စိန်းပြုံးပြုံး။ ဘုရားမျိုးကို။ရိုက်ပျိုးပေထ။သုံးလူ့ဘဟု။ရွှေမှတလျှဉ်။ အကြီးစဉ်လျှင်။ ရှောင်ကြဉ် ရှုရှာ။ပတ်လကျာဖြင့်။ပါခဲ့နေံတော်။ ထိုပြီးသော်တုံ။လူ့ဘော်တရိုး။ နတ်မျိုးဘုတ်ပြိတ်။ အဟိတ်နဂါး။ စသောအားဖြင့်။အများခပ်သိမ်း။ ကိုင်းညွှတ်တိမ်းလျက်။ သွားစဉ်ပက်လျှင်။ ။နှစ်သက်ငါ့ကိုကြည်ညိုရှိပူဇော်လတည်း။

ဒသနံမေအတိက္ကန္တေ၊ သသံဃေ လောကနာယကေ။
ဟတ္ထတုဋ္ဌေနစိတ္တေန၊ အာသနာဝုဋ္ဌဟိံတဒါ။

သာရိပုတ္တ၊ သာရိပုတ္တရာ။သသံဃေ၊ သံဃာနှင့်တကွသော။ လောကနာယကေ၊မြတ်စွာဘုရားသည့်။မေ၊ ငါ့အား။ ဒသနံ၊ မြင်ခြင်းသည်။တနည်းကား။ဒသနံဒသနေ၊ မြင်စဉ်။ အတိက္ကန္တေ၊ လွန်တုံလတ်သော်။ ဟတ္ထတုဋ္ဌေန၊ ရွှင်ပနှစ်လိုသော။စိတ္တေန၊ စိတ်ဖြင့်။အဟံ၊ ငါသည်။တဒါ၊ ထိုအခါ၌။အာသနာ၊နေရာမှ။ ဝုဋ္ဌဟိံ။ထ၏။

၂၃။ ဝိရိယာရမ္ဘ။လုံ့လသမှု။ရှစ်ဝတ္ထုဖြင့်။အတုအပ။ကြိုးစားကြလျက်။သမ္မပဓာန်။ ကိစ္စမွန်တည့်။ လေးတန်သျှောက်ကဲ။ ပွင့်ကုန်မြဲလျှင်။ငါပွဲစည်ခါ။သာသနာ၌။ပညာအခေါင်။ မှန်ကင်းထောင်သို့။လူ့ဘောင်အလွှံ့။ကျော်စေါ်အံ့သည်။မြင်နှံ့ထွေပြား။

ငါ့ချစ်သား။ ။ထောက်ထားပညာ။မှတ်သားနှစ်လော့။သတ္တာ
ဝါသ။ဘုံကိုးဝဋ်၊ပစ်ချကြမ္ဘာ။စေတနာကြောင့်။ သညာဇောတ်။
နာနတ်ထူးပြား။အလားလားလျှင်။ငါးပါးဂတိ။မှားဘွယ်ရှိလည်း။
ကြောင်းသိလမ်းစဉ်။ညွှန်စေချင်လျက်။ရောက်ကျင်တိုက်တိုက်။
အမြိုက်ပြည့်ကြီး။ခရီးချဖွေ။ရှေးရိုးပေတည့်။လူ့ဆွေရှင်တော်။
ကြွခဲ့သော်လျှင်။မြင်မြော်လိုက်ရုံ။လွန်ပြီးတုံမှ။ မှောက်ခုံဝပ်ရော။
ညွှန်ပျောင်းမှာက။အသာထ၍။ ခဏလျှောင်းရော။ မျောက်မျည်း
ခါ၌။မင်းလျှာအိပ်မက်။မြင်သော်ထက်လည်း။ဆတက်တရော။ရှင့်
ဘငါကား။ ။ထိုခါလွန်ဝမ်းမြောက်၏တည်း။

သုခေနသုခိတောဟောမိ၊ ပါမောဇ္ဇေနပမောဒိတော။ ပီတိ
ယာစအတိသန္တော၊ပလ္လင်္ကံ အာဘုဇိံ တဒါ။

သုခေန၊ချမ်းသာသဖြင့်။သုခိတော၊ချမ်းသာသည်။ ဟောမိ၊
ဖြစ်၏။ ပါမောဇ္ဇေန၊ ဝမ်းမြောက်သဖြင့်။ ပမောဒိတော၊ ဝမ်း
မြောက်သည်။ဟောမိ၊ဖြစ်၏။ပီတိယာစ၊ နှစ်လိုခြင်းဖြင့်လည်း။
အတိ သန္တော၊ အလွန်ငွတ်သည် ဖြစ်၍။ တဒါ၊ ထိုရော အခါ၌။
ပလ္လင်္ကံ၊ထက်ဝယ်ကို။အာဘုဇိံ၊ခွေ၏။

၂၄။ နှစ်သက်ရောင့်ရဲ။ဗျာဒိတ်ပွဲဝယ်။ဖြစ်မြဲသ၍။အခလေ့
ထက်။ လွှ့လွှ့များများ။ လွန်ပျော်ပါးလျက်။ ဘုရားအစေ့။
ကွမ်းတည့်နေ့၌။ရသေ့မြတ်စွာ။ သုမေဓာဟု။ သာသနာလည်း
ရ။ရှင်၏ဘကို။ ပိုင်သစိမ့်သည်။ ဗျာဒိတ်ရည်က။ ငါးမည့်ထွေ
ပြား။ပီတိပွါးလျက်။တံ့စားထက်ဝယ်။နေသပ္ပာယ်သည်။
ပွဲလယ်တည်ပလောက်၏တည်း။

ပလ္လင်္ကော်နိသိဒိတွာ၊ ဧဝံစိန္တေသိဟံတဒါ။ ဝသိဘူတောအ
ဟံဈာနေ၊အဘိညာပါရမိံဂတော။

ပလ္လင်္ကော်နှ၊ထက်ဝယ်ဖြင့်။နိသိဒိတွာ၊နေပြီး၍။ ဧဝံ၊ ဤသို့။အ
ဟံ၊ ငါသည်။ တဒါ၊ ထိုအခါ၌။စိန္တေသိံ၊ကြံ၏။ အဟံ၊ ငါသည်။
ဈာနေ၊ ဈာန်၌လည်း။ ဝသီဘူတော၊ လေ့လာစွာဖြစ်၏။အဘိညာ
ပါရမိံ၊အဘိညာဉ်တို့၏အပြီးသို့။ဂတော၊ရောက်၏။

၂၅။ ဗျာဒိတ်သဘင်။ထိုပွဲတွင်၌။ရွှင်ရွှင်ပျပျ။ရှင်၏ဘကား။ အားရစိမ့်ချေ။ထက်ဝယ်နေ့လျက်။ နည့်ဖွေပတ်ညက်။ လွန်အင်တက်၍။နှစ်သက်အဟုန်။မိမိဂုဏ်ကို။ပြည့်စုံသောတိုင်း။ ဤသို့လှိုင်း၏။ထိုင်းမှိုင်းမဲ့ဘဲ။မကွဲလွဲတည့်။ ရမြဲသဖွေ။ ရှစ်မည်စေ့လျှင်။ရသေ့ဘွယ်ရာ၊ ဈာန်ချမ်းသာလည်း။လေ့လာတည့်တုံ့။ငါလေခံငုံ၏။တန်းဆန့်လက်ရုံး။ကြိုးစဥ်ခဏ။ကြာလှစနိုး။ဘိညာဥ်မျိုးဖြင့်။ မြေမိုးစောင်းထောင်။ ရှိအောင်ဘန်ဆင်း။ တတ်အားခြင်းလည်း။ထန်းပြင်းကြွကြွ။ငါသာရလျက်။ ။ပိုင်သဆုံးခန်းရောက်၏တည်း။

ဥဿာဟသာလောကမှိ၊ ဈာနသယောနတ္ထိမေသမာ။ အသမောဈာနဒ္ဓိဓမ္မေသု၊အလတ္ထိံ ဤဒိသံသုခံ။

ဥဿာဟသာလောကမှိ၊ တသောင်းလောက၌။ ဈာသယော၊ ရသေ့တို့သည်။မေမယော၊ ငါနှင့်။ သမာ၊တူကုန်သည်။ နတ္ထိ၊မရှိကုန်။ ဈာနဒ္ဓိဓမ္မေသု၊ တန်းခိုးဘန်ဆင်း ခြင်းတို့၌။ အသမော၊တူသေါသူမရှိသည်။ဟုတွာ၊ ဖြစ်၍။ဤဒိသံ။ဤသို့သဘောရှိသော။သုခံ၊ချမ်းသာကို။အဟံ၊ ငါသည်။အလတ္ထိံ၊ပြီ။

၂၆။ စကြဝဠာ။ရပ်ရာတလှစ်။ဇာတိခေတ်လုံး။သောင်းပတ်ကုံးတွင်။အကြွင်သသူ။ရသေ့မူ၍။ ငါ့တူနှင်နှင်။မြတ်ချစ်ရှင်ကို။ တွေ့မြင်လသော်။ ပြိုင်ဘော်ရရ။မာန်မထတည့်။ မကျနိုင်ဘဲ။ ဈာန်နှင့်မြဲသည်။ ရှိခဲစွာထွန်း။ ငါလျှင်လွန်၏။ ဈာန်အဘိညာဥ်။ ယှဥ်လျက်လည်းကောင်း။ ဂုဏ်များပေါင်းတွင်။ ထပ်လောင်းဗျာဒိတ်။မေတ္တာစိတ်ဖြင့်။ဘိသိက်လည်းသွန်း။ဦးစွန်းသိရှိ။ သိဒ္ဓိချီလွှား။ဤစီးပွါးလည်း။သူ့အားလျော့မေ့။ငါသာတွေ့၏။ရသေ့အလို။နှိုင်းခိုင်းဆိုသော်။ ။ပုဂ္ဂိုလ်ငါလျှင်မြောက်၏တည်း။

ပလ္လက်ံဘုဇနေမယှံ၊ ဥဿာဟသာဝါသိနော။ မဟာနန္ဒံ ပဝတ္တေသုံ၊ ခုဝံဗုဒ္ဓေါဘဝိဿတိ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ပလ္လက်ံ၊ထက်ဝယ်ကို၊ ဘုဇနေ၊ ခွေသည်ရှိသော်။ မယှံ၊ ငါ့အား။ ဥဿာဟသာဝါသိနော၊တ

သောင်းသောစကြဝဠာ၌နေကျန်သောနတ်တို့သည်။ မဟာနဒ်၊ သည်းစွာကြွေးကြော်သောအသံကို။ပဝတ္တေသုံ၊ဖြစ်စေကုန်၏။ တွံ၊သင်ကား။ ရဝံ၊အမြဲမချွတ်။ဗုဒ္ဓေါ၊မြတ်စွာဘုရားသည်။ ဘဝိဿတိ၊ဖြစ်လတံ့။

၂၇။ နိဝရဏာ။ ရမ္မက်စသား။ ခွင့်ရစောင့်ရှောက်။ ရန်ခြောက်ယောက်လျှင်။ကင်းထောက်လိုက်လံ။မေ့ဆုကြံ၍။ ပေါ်လျှံနှလုံး။ လုပ်ကြံ တုန်းလျက်။ အရှုံးဖြစ်သား။ သူများအားကို။ ရှောင်ရှားရှုတ်ချ။ခါနိဗ္ဗဖြင့်။ပါပဂရဟီ။ခေါ်တွင်ညီလျက်။သါရိမယ်တော်။ မွေး၍ခေါ်သည်။ ထေရ်ကျော်မဟာ။ သာရိပုတ္တရာ။ ။ကမ္ဘာကုန်အောင်။ သောင်းခြောက်ထောင်လျှင်။ မြားမြောင်ရှည်သက်။ ဘုံငါးဆက်၌။အထက်တန်ခေါင်း။ မြင့်ဆုတောင်း၍။ ဖြစ်ဟောင်းဖြစ်သစ်။စိလျဉ်စစ်လျက်။ ဖွေလှစ်ထင်ပေါ်။ ထုံးသိမြော်သည်။ မည်ကျော်သာယာ။ ဗြဟ္မာ့ရွာတွင်။ သုဒ္ဓါဝါသ။ကနိဋ္ဌတို့။စသည်မလွတ်။ လောကဓါတ်ပေါင်း။တသောင်းစကြဝဠာ။ အရပ်မှာကား။ ရောက်လာသောင်းသဲ။ဗျာဒိတ်ပွဲဝယ်။ချီးကဲမြှောက်စား။အထိပ်ထားလျက်။ဘုရားတကါ။ လက်ဦးစွာ၌။အရာဘို့၎။ဗျာဒိတ်ရသား။ဘတ်ကြည်ညာ။ ပြန်လါစမြဲ။နတ်ခပဲကား။ငါ့ပွဲထိုဝယ်။သပ္ပါယ်တင်ပျဉ်။ငါ့ဖွဲ့စဉ်လျှင်။ စိလျဉ်ကြောင်းလျှား။ ငါ့ကိုကြားလျက်။ ဘုရားစင်စစ်။ရှင်လျှင်ဖြစ်အံ့။ဟစ်သောသံတိ။မိုးယံခပင်း။တိုင်အောင်ချင်းသည်။ ။ ထန်ပြင်းအုတ်အုတ်ကျက်ကျက်တည်း။

ယာပုဗ္ဗေဗောဓိသတ္တာနံ၊ပလ္လင်္ကံ ဝရမာဘုဇေ။ နိမိတ္တာနိပဒိဿန္တိ၊တာနိအဇ္ဇပဒိဿရေ။

ပုဗ္ဗေ၊ရှေး၌။ ဗောဓိသတ္တာနံ၊ ဘုရားလောင်းတို့အား။ ဝရံ၊မြတ်သော။ပလ္လင်္ကံ၊ထက်ဝယ်ကို။အာဘုဇေ၊ ခွေသောအခါ၌။ ယာနိနိမိတ္တာနိ၊အကြင်နိမိတ်တို့သည်။ပဒိဿန္တိ၊ ထင်ကုန်၏။ တာနိ၊ထိုနိမိတ်တို့သည်။အဇ္ဇ၊ယခု။ပဒိဿရေပဒိဿန္တိ၊ ထင်ကုန်၏။

သီတံအပဂတံ ဟောတိ၊ ဥဏှာဒ္ဓူဥပသမ္မတိ။ တာနိ အဋ္ဌပ ဒိဿန္တိ၊ ရုပံဗုဒ္ဓေါဘာဝိဿတိ။

သီတံ၊ အချမ်းသည်။ အပဂတံ၊ ကင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥဏှာဒ္ဓူ၊ အပူသည်လည်း။ ဥပသမ္မတိ၊ ငြိမ်း၏။ တာနိ၊ ထိုနိမိတ်တို့သည်။ အဋ္ဌ၊ ယခု။ ပဒိဿန္တိ။ ထင်ကုန်၏။ တွံ၊ သင်သုမေဓါရသေ့သည်။ ရုပံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘာဝိဿတိ၊ ဖြစ်လတ္တံ့။

ဒသသဟဿီလောကဓါတု၊ နိဿဒ္ဒါဟောတိနိရာကုလာ။ တာနိအဋ္ဌပဒိဿန္တိ၊ ရုပံဗုဒ္ဓေါဘာဝိဿတိ။

ဒသသဟဿီလောကဓါတု၊ စကြဝဠာ တသောင်းသော လောကဓါတ်သည်။ နိဿဒ္ဒါ၊ အသံဆိတ်သည်။ ဟောတိ၊ ဖြစ်၏။ နိရာကုလာ၊ နှောင့်ရှက်ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။ တာနိ၊ ထိုနိမိတ်တို့သည်။ အဋ္ဌ၊ ယခု။ ပဒိဿန္တိ၊ ထင်ကုန်၏။ တွံ၊ သင်သည်။ ရုပံ၊ စင်စစ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘာဝိဿတိ၊ ဖြစ်လတ္တံ့။

မဟာဝါ တာနဝါယန္တိ၊ နသဝန္တိ သဝန္တိယော။ တာနိအဋ္ဌ ပဒိဿန္တိ၊ ရုပံဗုဒ္ဓေါဘာဝိဿတိ။

မဟာဝါတာ၊ မုန်တိုင်းလေပြင်းတို့သည်။ နဝါယန္တိ၊ မလာကုန်၊ သဝန္တိယော၊ မြစ်တို့သည်။ နသဝန္တိ၊ မစီးကုန်။ တာနိ၊ ထိုနိမိတ်တို့သည်။ အဋ္ဌ၊ ယခု။ ပဒိဿန္တိ၊ ထင်ကုန်၏။ တွံ၊ သင်သည်။ ရုပံ၊ အမြဲ။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘာဝိဿတိ၊ ဖြစ်လတ္တံ့။

ထလဇာဒကဇာပုပ္ဖာ၊ သဗ္ဗေပုပ္ဖန္တိတာဝဒေ။ တေပဇ္ဇပုပ္ဖိ တာသဗ္ဗေ၊ ရုပံဗုဒ္ဓေါဘာဝိဿတိ။

ထလဇာ၊ ကြည်း၌ ဖြစ်ကုန်သော။ ဒကဇာ၊ ရေ၌ဖြစ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပုပ္ဖာ၊ ပန်းတို့သည်။ တာဝဒေ၊ ထိုအခါ၌။ ပုပ္ဖန္တိ၊ ပွင့်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေပိ၊ ထိုပန်းတို့သည်လည်း။ အဇ္ဇ၊ ယခု။ ပုပ္ဖိတာ၊ ပွင့်ကုန်၏။ ရုပံ၊ အမြဲ။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘာဝိဿတိ၊ ဖြစ်လတ္တံ့။

လတာဝါယဒိဝါရုက္ခာ၊ ဖလဓါဟောန္တိတာဝဒေ။ တေပဇ္ဇဖလိတာသဗ္ဗေ၊ ရုပံဗုဒ္ဓေါဘာဝိဿတိ။

လတာဝါ၊ နွယ်တို့သည်လည်းကောင်း။ ယဒါ၊ ထိုမှတပါး။ ဂုမ္ဗာဝါ၊ သစ်ပင်ငယ်တို့သည်လည်းကောင်း။ တာဝဒေ၊ ထိုအခါ၌။ ဖလဓါ၊ အသီးကိုဆောင်ကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။သဗ္ဗေ၊ ခပ်သိမ်းကုန်သော။တေပိ၊ ထိုနွယ်သစ်ပင်တို့သည်လည်း။အဇ္ဇ၊ ယခု။ဖလိတာ၊ အသီးနှင့်ပြည့်စုံကုန်၏။ဧဝံ၊ မချွတ်။ဗုဒ္ဓေါ၊ ဘုရားသည်။ဘဝိဿတိ၊ ဖြစ်လတ့်။

အာကာသဋ္ဌာစဘူမဋ္ဌာ၊ ရတနာဓောတန္တိတာဝဒေ။ တေပဇ္ဇရတနာဓောတန္တိ၊ ဧဝံဗုဒ္ဓေါဘဝိဿတိ။

အာကာသဋ္ဌာ၊ ကောင်းကင်၌တည်ကုန်သော။ ရတနာစ၊ ရတနာတို့သည်လည်းကောင်း။ဘူမဋ္ဌာ၊ မြေ၌တည်ကုန်သော။ ရတနာစ၊ ရတနာတို့သည်လည်းကောင်း။တာဝဒေ၊ ထိုအခါ၌။ ဓောတန္တိ၊ ထွန်းပကုန်၏။ တေပိရတနာ၊ ထိုရတနာတို့သည်လည်း။အဇ္ဇ၊ ယခု။ဓောတန္တိ၊ ထွန်းပကုန်၏။ ဧဝံ၊ မချွတ်။ဗုဒ္ဓေါ၊ ဘုရားသည်။ဘဝိဿတိ၊ ဖြစ်လတ့်။

မာနုဿကာစဒိဗ္ဗာစ၊ တူရိယာဝဇ္ဇန္တိတာဝဒေ။ တေပဇ္ဇအဘိရဝန္တိ၊ ဧဝံဗုဒ္ဓေါဘဝိဿတိ။

မာနုဿကာ၊ လူ၌ဖြစ်ကုန်သော။တူရိယာစ။ ပဉ္စင်္ဂတူရိယာတို့သည်လည်းကောင်း။ဒိဗ္ဗာ၊ နတ်၌ဖြစ်ကုန်သော။ တူရိယာစ၊ ပဉ္စင်္ဂတူရိယာတို့ သည်လည်းကောင်း။ တာဝဒေ၊ ထိုအခါ၌။ ဝဇ္ဇန္တိ၊ မြည်ကုန်၏။ တေပိ၊ ထိုလူနတ်တို့၏ ပဉ္စင်္ဂတူရိယာတို့သည်လည်း။အဇ္ဇ၊ ယခု။အဘိရဝန္တိ၊ မြည်ကုန်၏။ တွံ၊ သင်သည်။ ဧဝံ၊ မချွတ်။ဗုဒ္ဓေါ၊ ဘုရားသည်။ဘဝိဿတိ၊ ဖြစ်လတ့်။

ဝိစိတ္တာပုပ္ဖာဂဂနာ၊ အဘိဝဿန္တိတာဝဒေ။ တေပိအဇ္ဇပဝဿန္တိ၊ ဧဝံဗုဒ္ဓေါဘဝိဿတိ။

ဝိစိတ္တာ၊ အထူးထူးအပြားပြားဆန်းကြယ်ကုန်သော။ ပုပ္ဖာ၊ ပန်းတို့ သည်။ တာဝဒေ၊ ထိုအခါ၌။ ဂဂနာ၊ ကောင်းကင်မှ။ အဘိဝဿန္တိ၊ ရွာကုန်၏။ တေပိ၊ ထိုပန်းတို့သည်လည်း။ အဇ္ဇ၊

ယချ။ပဒီသဿန္တိ၊ သင်ကျန်၏။ရဝံ၊မငြိမ်းတတ်။ ဗုဒ္ဓေါ၊ ဘုရားသည်၊ ဘဝိဿတိ၊ဖြစ်လတ္တံ့။

မဟာသမုဒ္ဒေါအာဘုဇတိ၊ ဒသသဟဿီပကမ္ပတိ။ တေ ပဗ္ဗာအဘိရဝန္တိ၊ ရဝံဗုဒ္ဓေါဘဝိဿတိ။

မဟာသမုဒ္ဒေါ၊မဟာသမုဒ္ဒရာသည်။အာဘုဇတိ၊ လည်၏။ ဒသသဟဿီ၊ စကြဝဠာတသောင်းသည်။ ပကမ္ပတိ၊ အပြား အားဖြင့် တုန်လှုပ်၏။ တေပိ၊ ထိုသမုဒ္ဒရာစကြဝဠာတို့ သည် လည်း။အဘိရဝန္တိ၊ မြည်ကျန်၏။ရဝံ၊ မငြိမ်တတ်။ဗုဒ္ဓေါ၊ဘုရားသည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။

နိရယေပိဒသသဟဿေ၊အဂ္ဂီနိဗ္ဗန္တိတာဝဒေ။တေပဗ္ဗာနိဗ္ဗုတာအဂ္ဂီ၊ရဝံဗုဒ္ဓေါဘဝိဿတိ။

ဒသသဟဿေ၊ယူဇနာတသောင်းရှိသော။နိရယေပိ၊ငရဲ၌ လည်း။တာဝဒေ၊ ထိုအခါ၌။ အဂ္ဂီ၊ ငရဲမီးတို့သည်။ နိဗ္ဗန္တိ။ငြိမ်း ကျန်၏။တေပိအဂ္ဂီ၊ ထိုငရဲမီးတို့သည်လည်း။အဗ္ဗ၊ယချ။နိဗ္ဗုတာ၊ ငြိမ်းကျန်၏။ တွံ၊ သင်သည်။ ရဝံ၊ မငြိမ်တတ်။ဗုဒ္ဓေါ၊ဘုရားသည်။ ဘဝိဿတိ။ဖြစ်လတ္တံ့။

ဝိမလောဟောတိသူရိယော၊ သဗ္ဗေဒိဗ္ဗန္တိတာ ရကာ။ တေပိအဗ္ဗပဒိဿန္တိ၊ ရဝံဗုဒ္ဓေါဘဝိဿတိ။

သူရိယော၊နေသည်။ဝိမလော၊ ကင်းသောအညစ်အကြေးရှိ သည်။ဟောတိ။ဖြစ်၏။ သဗ္ဗေ၊ ခပ်သိမ်းကျန်သော။ တာရကာ၊ ကြယ်တို့သည်။ ဒိဗ္ဗန္တိ၊ ထွန်းပကျန်၏။ တေပိ၊ ထို့နှစ်ပါးသော နိမိတ်တို့သည်လည်း။ အဗ္ဗ၊ယချ။ ပဒိဿန္တိ၊ ထင်ကျန်၏။ တွံ၊ သည်။ရဝံ၊အမြဲ။ဗုဒ္ဓေါ၊ဘုရားသည်။ဘဝိဿတိ၊ဖြစ်လတ္တံ့။

အနောဝဋ္ဌေနဉဒကံ၊ မဟိယာဉဗ္ဗိဇ္ဇိတာဝဒေ။ တံပဇ္ဇုဥဗ္ဗိဇ္ဇိ မဟိယာ၊ရဝံဗုဒ္ဓေါဘဝိဿတိ။

အနောဝဋ္ဌေန၊မိုးမရွာသည်ဖြစ်လျက်။တာဝဒေ၊ထိုအခါ၌။ ဉဒကံ၊ရေသည်။ မဟိယာ၊မြေမှ။ ဉဗ္ဗိဇ္ဇိ၊တက်၏။တံပိ၊ ထိုရေ

သည်လည်း။ အဇ္ဇ၊ ယခု။ မဟိယာ၊ မြေမှ။ ဥဗ္ဘိဇ္ဇ၊ တဇော်၏။ တွံ၊ သင်သည်။ ခုဝံ၊ အမြဲ။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။

တာရဂဏာဝိရောစန္တိ၊ နက္ခတ္တာဂဂနမဏ္ဍလေ။ ဝိသာခါစန္ဒိမာယုတ္တာ၊ ခုဝံဗုဒ္ဓေါဘဝိဿတိ။

တာရဂဏာ၊ ကြယ်အပေါင်းတို့သည်။ ဝိရောစန္တိ၊ တင့်တယ်ကုန်၏။ ဂဂနမဏ္ဍလေ၊ ကောင်းကင်အပြင်၌။ နက္ခတ္တာ၊ နက္ခတ်တို့သည်၊ ဝိရောစန္တိ၊ တင့်တယ်ကုန်၏။ စန္ဒိမာ၊ လသည်။ ဝိသာခါ၊ ဝိသာခနေ့၊ ဝိသာခါနက္ခတ်နှင့်။ ယုတ္တာ၊ ယှဉ်၏။ တွံ၊ သင်သည်။ ခုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။

ဗိလာသယာဒရိသယာ၊ နိက္ခမန္တိသကာသယာ။ တေပဇ္ဇာသယာဆုဒ္ဓါ၊ ခုဝံဗုဒ္ဓေါဘဝိဿတိ။

ဗိလာသယာ၊ တွင်း၌နေကုန်သော။ ဒရိသယာ၊ ချောက်၌နေကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သကာသယာ၊ မိမိနေရာမှ။ နိက္ခမန္တိ၊ ထွက်ကုန်၏။ တေပိ၊ ထိုသတ္တဝါတို့သည်လည်း။ အဇ္ဇ၊ ယခု။ အာသယာ၊ နေရာမှ။ ဆုဒ္ဓါ၊ ထွက်ကုန်၏၊ တွံ၊ သင်သည်။ ခုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။

နဟောတိအရတိသတ္တာနံ၊ သန္တုဋ္ဌာဟောန္တိတာဝဒေ။ တေပဇ္ဇသဗ္ဗေသန္တုဋ္ဌာ၊ ခုဝံဗုဒ္ဓေါဘဝိဿတိ။

သတ္တာနံ၊ သတ္တဝါတို့အား။ အရတိ၊ မမွေ့လျော်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ တာဝဒေ။ ထိုအခါ၌။ သန္တုဋ္ဌာ၊ ရောင့်ရဲကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေသန္တုဋ္ဌာပိ၊ ထိုရောင့်ရဲခြင်းတို့သည်လည်း။ အဇ္ဇ၊ ယခု။ ဟောန္တိ၊ ဖြစ်ကုန်၏။ တွံ၊ သင်သည်။ ခုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ။ ဖြစ်လတံ့။

ရောဂါဝူပသမေန္တိ။ ဇိဃစ္ဆာစဝိနဿတိ။ တာနိအဇ္ဇပဒိဿန္တိ၊ ခုဝံဗုဒ္ဓေါဘဝိဿတိ။

ရောဂါ၊ အနာတို့သည်လည်း။ ဝူပသမေန္တိ၊ ငြိမ်းကုန်၏။ ဇိဃစ္ဆာစ၊ မွတ်သိပ်ခြင်းသည်လည်း။ ဝိနဿတိ၊ ပျောက်၏။

တာဒိ၊ ထိုနိမိတ်တို့သည်လည်း။ အဇ္ဇ၊ ယခု။ ပဒိဿန္တိ၊ ထင်ကျန် ၏။ တွံ၊ သည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ် လတ္တံ့။

ရာဂေါတဒါတနူဟောတိ၊ ဒေါသောမောဟောဝိနဿတိ။ တေပဇ္ဇုဝိဂတာသဗ္ဗေ၊ ဓုဝံဗုဒ္ဓေါဘဝိဿတိ။

တဒါ၊ ထိုအခါ၌။ ရာဂေါ၊ တပ်ခြင်းသည်။ တနူ၊ ခေါင်းပါး သည်။ ဟောတိ၊ ဖြစ်၏။ ဒေါသော၊ အမျက်ဒေါသသည်၎င်း။ မော ဟော၊ အမိုက်မောဟသည်၎င်း။ ဝိနဿတိ၊ ပျောက်၏။ သဗ္ဗေ၊ ခပ် သိမ်းကုန်သော။ တေပိ၊ ထိုအကုသိုလ်တရားတို့ သည်လည်း။ အဇ္ဇ-ယခု။ ဝိဂတာ၊ ကင်းကုန်၏။ တွံ၊ သင်သည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဘယံတဒါနဘဝတိ၊ အဇ္ဇပေတံပဒိဿတိ။ တေနလိင်္ဂေနဇာ နာမ၊ ဓုဝံဗုဒ္ဓေါဘဝိဿတိ။

တဒါ၊ ထိုအခါ၌။ ဘယံ၊ နှစ်ဆဲ့ငါးပါးသောဘေးသည်။ နဘ ဝတိ၊ မဖြစ်။ ဧတံ၊ ထိုနိမိတ်သည်။ အဇ္ဇ၊ ယခု။ ပဒိဿတိ၊ ထင်၏။ တေနလိင်္ဂေန၊ ထိုသို့သောအကြောင်းကြောင့်။ မယံ၊ ငါတို့သည်။ ဇာနာမ၊ သိရကုန်ပြီ။ တွံ၊ သင်သည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရား သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ရဇောနုဒ္ဓံသတိဥဒ္ဓံ၊ အဇ္ဇပေတံပဒိဿတိ။ တေနလိင်္ဂေနဇာ နာမ၊ ဓုဝံဗုဒ္ဓေါဘဝိဿတိ။

ရဇော၊ မြူသည်။ ဥဒ္ဓံ၊ အထက်အဘို့သို့။ နုဒ္ဓံသတိ၊ မတက်။ အဇ္ဇပိ၊ ယခုလည်း။ ဧတံ၊ ထိုနိမိတ်သည်။ ပဒိဿတိ၊ ထင်၏။ တေ နလိင်္ဂေန၊ ထိုသို့သောအကြောင်းကြောင့်။ မယံ၊ ငါတို့သည်။ ဇာ နာမ၊ သိရကုန်ပြီ။ တွံ၊ သင်သည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

အနိဋ္ဌဂန္ဓောကမတိ၊ ဒိဗ္ဗဂန္ဓောပဝါယတိ။ သောပဇ္ဇုဝါယတိ ဂန္ဓော၊ ဓုဝံဗုဒ္ဓေါဘဝိဿတိ။

အနိဋ္ဌဂန္ဓော၊ မကောင်းသောအနံ့သည်။ ကမတိ၊ ဘဲ၏။ ဒိဗ္ဗ

ဂန္ဓော၊ နတ်၌ဖြစ်သောအနံ့သည်။ ပဝါယတိ၊ လှိုင်၏။ သောဂန္ဓော ပိ၊ ထိုအနံ့သည်လည်း။ အစ္ဆ၊ ယခု။ ဝါယတိ၊ လှိုင်၏။ တွံ၊ သင်သည်။ ရဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ့ံ။

သဗ္ဗေဒေဝါပဒိဿန္တိ၊ ဌပယိတွာအရူပိနော။ တေပဇ္ဇသဗ္ဗေ ဒိဿန္တိ၊ ရဝံဗုဒ္ဓေါဘဝိဿတိ။

အရူပိနော။ အရူပဘုံ၌ဖြစ်ကုန်သော သတ္တဝါတို့ကို။ ဌပ ယိတွာ၊ ထားပြီး၍။ သဗ္ဗေဒေဝါ၊ ခပ်သိမ်းကုန်သော နတ်တို့ သည်။ ပဒိဿန္တိ၊ ထင်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေပိ၊ ထိုနိမိတ်တို့သည်လည်း။ အစ္ဆ၊ ယခု။ ပဒိဿန္တိ၊ ထင်ကုန်၏။ တွံ၊ သင်သည်။ ရဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ် လတ့ံ။

ယာဝတာနိရယာနာမ၊ သဗ္ဗေဒိဿန္တိ တာဝဒေ။ တေပဇ္ဇ သဗ္ဗေဒိဿန္တိ၊ ရဝံဗုဒ္ဓေါဘဝိဿတိ။

ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ နိရယာနာမ၊ ငရဲတို့မည်သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေပိ၊ ထိုငရဲတို့သည်လည်း၊ အစ္ဆ၊ ယခု။ ဒိဿန္တိ၊ ထင်ကုန်၏။ တွံ၊ သင်သည်။ ရဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ့ံ။

ကုဍ္ဍာကဝါဋာသေလာစ၊ နဟောန္တိဝရဏံတဒါ။ အာကာ သဘူတာတေပဇ္ဇ၊ ရဝံဗုဒ္ဓေါဘဝိဿတိ။

ကုဍ္ဍာစ။ တိုက်နံရံတို့သည်လည်းကောင်း။ ကဝါဋာစ၊ တံ ခါးရွက်တို့သည်လည်းကောင်း။ သေလာစ၊ ကျောက်တောင် တို့သည်လည်းကောင်း။ အာဝရဏံ။ ပိတ်ပင်ဆီးတားခြင်းသည်။ နဟောန္တိ၊ မရှိကုန်။ တေပိ၊ ထိုတိုက်နံရံ တံခါးရွက်ကျောက် တောင်တို့သည်လည်း။ အစ္ဆ၊ယခု။ အာကာသဘူတာ၊ ဟင်းလင်း ဖြစ်ကုန်၏။ တွံ၊ သင်သည်။ ရဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ့ံ။

ရတိစဉ်ပဗ္ဗတ္တိမ်၊ ခဏောတသ္မိံနဗ်ဇ္ဇတိ။တာနိအစ္ဆပဒိသာန္တိ၊ ရဝံဗုဒ္ဓေါဘာဝိသာတိ။

ရတိစ၊ သေခြင်းသည်လည်းကောင်း။ဥပပတ္တိစ။ ပဋိသန္ဓေ နေခြင်းသည်လည်းကောင်း။ တသ္မိံခဏေ၊ ထိုခဏ၌။ နဝိဇ္ဇတိ၊ မရှိ။တာနိ၊ ထိုနိမိတ်တို့သည်လည်း။အစ္ဆ၊ ယခု။ ပဒိသာန္တိ၊ထင် ကျန်၏။ တွံ၊သုမေဓါရသေ့သည်။ ရဝံ။စင်စစ်မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ဘာဝိသာတိ၊ ဖြစ်လတ့်။

၂၈။ မဟာဒုက္ခ။ဆင်းရဲမဖြင့်။ခံရဆိုးတောင်း။ဤလူပေါင်း အား။ကိုယ်ကောင်းသံထင်။ ငါသိမြင်က။သင်းဝင်စေပါ။ ချွတ် ဝိမ့်ရှာပါဟု။ခဲရာလည်းကြံ။မှုထမ်းခံသဉ်။ရှင်ပျံမဟာ။သုမေဓါ။ ။ အခါတပါး။ရှင့်အလါးသို့။ဘုရားဆုယူ။ဟူဟူသမ္မ။ဗျာဒိတ်ရ၍။ ကြိုးပတည်ပွဲ။ဆိုဆဲဆဲလျှင်။အင်ရွှဲနှစ်သက်။ မပျက်ထက်ဝယ်။ နေခါရွှယ်၌။ငယ်ငယ်ကြီးကြီး။အတီးနိမိတ်။ အကြောင်းဟိတ် ကို။ထိုးထိတ်အုတ်အာ။ထင်ကျန်ရာသား။ ကြောင်းခြာတို့တွင်။ အကြင်မှုလောက်။ အံ့ဘွယ်မြောက်၏။ မျက်မှောက်လှလှ။ ဤ ယခုတုံ။ပုံတုရှေးဦး။တို့မြင်ဘူးသို့။ မထူးမခြား။ မပြားတနည်း။ တန္တန်းတည်းပင်။ယခုထင်သည်။ ။သခင်ရသေ့လက်ထက် တည်း။

၂၉။ ရှေးတွင်သောခါ။ဘုရားလျာတို့။ပဏ္ဏသာဆုံ။ထက်ဝယ် ကြိုးလျက်။ နှလုံးသာယှဉ် ၊နေသောစဉ်၌။ တမျဉ်နိမိတ်။ တင် မြဲဟိတ်သို့။ဗျာဒိတ်ရခါ။တို့မြတ်စွာ၏။အခါခပ်သိမ်း။ မငြိမ်းဘူး မြဲ။ နှစ်ကွဲရတု။ ပုချမ်းမှုလည်း။သာရနူမေ၁်။ ခေါ်ကြလာဘိ။ အညီညှိသို့။မရှိဘန်ပြု။သာယာနူ၏။မြတ်ဆုတောင်းရာ။ နာခံပါ သို့။စကြဝဠာခပင်း။သောင်းတွင်းလောကဓါတ်။ထက်ဝန်းပတ် လည်း။အမှတ်တရ။ရုတ်ဆန်းမှုလျှင်။နို့စွအငွန့်။ လိုလွန့်သောင်း သဲ။မြည်ကျန်မြဲလျက်။ ညံ့စဲတိတ်တိတ်။အသံဆိတ်၏။ မထိတ် အားနည်း။မုန်တိုင်းသည်းလည်း။ယမ်းပည်းထွေငေါ်။ကျွန်လျှင် တော်သို့။ထိုရော်အခါ။ညောင်းလျက်လာ၏။ဂင်္ဂါမကြွင်း။မြစ်ခ

ပင်းလည်း။ စီးခြင်းမရှိ။ ဗုံ့ဘိညာရေ။ အံ့ကြေမဲ့သွား။ တန့်၍နား၏။ နှုထွားနှင်နှင်။ ပန်းသစ်ပင်လည်း။ ရေပြင်မြေလုံး။ မိုးဖုံးပိတ်ကာ။ ဗျာဒိတ်ခါဝယ်။ ကြိုက်ပါသဖြင့်။ ကြို၍ပွင့်၏။ လှတင့်လှတယ်။ သစ်ပင်နွယ်လည်း။ ကြီးငယ်မလွတ်။ ပင်လုံးကျွတ်လျှင်။ ခိုင်ပြွတ်လက်ဆောင်။ သစ်သီးတောင်သို့။ ကုန်အောင်ထိုမျှ။ သီးခွင့်ရ၏။ အံ့ကြဘနန်း။ ဤသို့ထွန်းသည်။ ။ပွင့်ခန်းဆုတောင်းခေါက်ရက်တည်း။

၃၀။ မိုးရပ်ဆုံးစွန်။ ဗိမာန်တခွင်။ ဤမြေပြင်၌။ အကြင်မျှလောက်။ မြတ်ထွတ်မြောက်သား။ လျှံတောက်ကြက်သရေ။ မြူတေဘာဏ္ဍာ။ ရတနာလည်း။ ထိုခါအရောင်။ လွန်၍ဆောင်၏။ လူ့ဘောင်နတ်ဘောင်။ မှုများဆောင်လျက်။ သာအောင်မှတ်သီ။ အခညီပြုပြင်။ ပွဲသဘင်သို့။ ပဥ္စင်တူရိယာ။ မှတ်တီးရာသား။ အင်္ဂါငါးမည်။ လူနတ်စည်လည်း။ ဧးမြည်သံချို။ အလိုလိုလျှင်။ ထိုထိုရပ်သား။ ခြိမ့်မျှကြား၏။ ပေါက်သားရန်အိုက်။ ခိုက်၍ကျကြွေ။ ပင်ခြေထက်ဝန်း။ အင်ကြင်းပန်းသို့။ ထူးဆန်း တရိုး။ နတ်ပန်းမျိုးလည်း။ ဖြိုးဖြိုးမြေထက်။ ဖမျက်ပုဆစ်။ ကျုံဘွယ်နစ်၏။ ကြွေးဟစ်သံရင့်။ ချိုးမွမ်းလင့်သို့။ မြည်ခွင့်ရရ။ ပင်လယ်မနှင့်။ ညီကြနဂိုရ်။ မြင့်မိုရ်တသောင်း။ တိုက်အပေါင်းအား။ ကြည်းကောင်းခံပေ။ ဤသည်မြေလည်း။ ရိုသေလှစွာ။ ကြည်းနာသံဟည်း။ တော်တိလည်း၏။ စနည်းဤသို့။ အံ့ဘွယ်မြို့လည်း။ ။ငါတို့မြင်ကုန်လိုက်လျက်တည်း။

၃၁။ စကြဝဠာ။ ရိုက်ရာအပေါင်း။ တိုက်တသောင်းတွင်။ ဆိုးတောင်းခံမြဲ။ မိုးငရဲလည်း။ ရေကြဲလက်ဖျန်း။ မယ်ဖျူးဝန်းသို့။ ပူမှန်းမသိ။ တောက်ညီမထိန်။ အရှိန်စဲလေ။ တိတ်တိတ်သေလျက်။ ပြေ၏ထိုမြို့။ နေရောင်ပျို့လည်း။ မဆို့ထိန်လင်း။ မြူမိုက်ကင်း၍။ သန့်ရှင်းကောင်းကင်။ ကြည်ကြည်စင်၏။ ပေါ်ထင်မိုးလယ်။ ခပ်သိမ်းကြယ်လည်း။ နန်းဝယ်ကြက်ဟန်။ မျက်ဗိတာန်သို့။ တသွန်ဝန်းကျင်။ ပြုံ့ပြုံ့မြင်၏။ မြေပြင်မျက်နှာ။ မိုးစဲမရွာ

လည်း။ ရွံ့ရှာစွာဘိ။ ဖ်ညှိုးစေသျှော်။ ဆေးပေလျှော်သို့။ လျှံပေါ်
ရေကြီး။ ပြင်းခပ်စီး၏။ ဖြင်ညီးရိပ်ရိပ်။ ကောင်းကျင်ထိပ်၌။ အနိပ်
အပြ။ မရှုနတည့်။ ထွန်းပရောင်ဝါ။ သောကြာစိုင်ရှူး။ ဗုဒ္ဓဟူးက။
စသည်အလို။ လူတို့ဂြိုဟ်လည်း။ မပြိုမကွဲ။ ပြိုင်တွဲမခွပ်။ ထိန်ဝါ
လျှပ်၏။ ခပ်စပ်နက္ခတ်။ သမသတ်နှင့်။ ပါဒိဗိဇနာ။ ဝိသာခါလည်း။
တရောမရွှေ့။ ပြည့်သည့်နေ့လည်း။ ဖြစ်မြဲဧကန်။ ကြိုက်မြဲမှန်၏။
တသွန်ဤသို့။ စနည်းမြှိုလည်း။ ။ ငါတို့မြင်တိုင်းပင်ပက်တည်း။
၃၂။ ခပ်သိမ်းတသွန်။ တိရစ္ဆာန်များ။ ချောက်ကမ်းပါးနှင့်။
တွင်းနားလိုဏ်ခေါင်း။ မြေထဲအောင်းလည်း။ ဝပ်ညောင်းပြင်း
စွာ။ မျှာဒိတ်ခါမှ။ ထွက်ပါလွင်ကျင်း။ ပြင်သန့်ရှင်း၏။ အခြင်းထူး
ခြား။ ကြိဘွယ်များကို။ သိကြားမည်မှည့်။ သူ့လိုဖြည့်လည်း။ မ
ပြည့်တန်ဘဲ။ အင်ယုတ်မြဲလျက်။ ရောင့်ရဲခြင်းပြေ။ လူဗိုလ်ခြေ
အား။ ကောင်းတေစုံမက်။ လွန်နှစ်သက်၏။ နှိပ်စက်အနာ။ လူတ
ကာလည်း။ သက်သာဤကျန်း။ လန်းလန်းထူထ။ လွတ်ခွင့်ရ၏။
မဝရေစာ။ ငတ်စွာသသူ။ ပြိတ္တာမှုလည်း။ မပူမလောင်။ ဝမ်း
ခေါင်တက်ဆို့။ ပြည့်၏သို့လျှင်။ နှစ်လို့သောလျှောက်။ မွတ်သိပ်
ပျောက်၏။ မွေ့နှောက်ရမွှက်။ ခေါင်းပါးလျက်လျှင်။ အမှုက်ဒေါ
သ။ ရိုက်မဲစသား။ မာန်မှုမကျန်း။ ရေသို့ခန်း၏။ အဆန်းထူးပြား။
တံဘောင်များကို။ မှတ်သားငါတို့။ ယချမြိုလည်း။ ။ တချို့မ
မေ့စေရက်တည်း။
၃၃။ လူ့ရပ်ခန်းဝါ။ ပါယ်လေးရွာကား။ အခါခပ်သိမ်း။
ဘေးရန်မိမ်းဖြင့်။ ကြောက်ကြွံမ်းသရဲ။ လွန်စွာမြဲလျက်။ ရန်လွှဲ
ကာရှုတ်။ နတ်မှုတတ်သို့။ သတ်ခတ်နှိုင်နင်း။ ဘေးဥဏ်ကင်း
လျက်။ မိုးဝင်းစဉ်၌။ အခါကြိုက်သို့။ ခိုးမှိုက်မြူမှက်။ အထက်မဌန်။
ရတုမွန်၏။ လေသွန်တကြောင်း။ နံ့မကောင်းလည်း။ ဆဲမောင်း
သောခါ။ ကျွန်နှယ်ခွါလျက်။ လေညာဘက်ပြည်။ လွင်မှုန့်တည်
သို့။ မွန်ရည်စွာရှောင်း။ နတ်နံ့လှောင်း၏။ ဆိုးကောင်းသတ္တဝါ။
ဖြဟ္မာထုတ်ချင်း။ လင်းလင်းတရုက်။ ဘဝဂ်လေးထပ်။ ရုပ်မဲ့ရပ်

ကို။လပ်စေထိုမှ။ကြွင်းသမျှကား။ကြည့်ကာထင်ယင်။ရှိတိုင်းမြင်
၏။အောက်ခွင်တလွှား။ငရဲများလည်း။ကြိုးကြားတိမ်မြုပ်။မဒုပ်
မကွယ်။ကြောက်ကြိမ်းဘွယ်လျှင်။ကြီးငယ်မကျန်။ တင်ပြဿန်
သို့။ထုံးသန့်ရင်တား။ မခြားနားတည့်။တံခါးနံ့ထောင်။ ဘောင်
လည်းမတန်း။စေါင်ရန်းထရံ။အကြံရရ။ညှာတာကြသို့။ပိတ်တွ
မတည်း။ဟင်းလင်းချည်းလျှင်။စည်းလည်းမသား။ မလားသေ
ဟိတ်။ရတိဝိတ်ဖြင့်။မဖိတ်မစဉ့်။ဝိညာဉ်လှဲ့ဘောက်။ မရောက်
သူသစ်။ မဖြစ်လာထွန်း။ ကိုယ်ဝန်မစွဲ။ ဤခပဲလည်း။ဖြစ်မြဲပင်
ပက်။ ရှင်လက်ထက်တုံ။ ယချုကြို၏။ ။စေ့ရုံဆိုရိုး မပျက်
တည်း။

ဒဠှံ ပဂ္ဂယှဝီရိယံ၊မာနိဝတ္တအဘိက္ကမ။ မယမေတံဝိဇာနာမ၊
ရဝံဗုဒ္ဓေါဘဝိဿတိ။

တာပသ၊ သုမေဓါရသေ့။ ဝီရိယံ၊လုံ့လကို။ ဒဠှံ၊ မြဲစွာ။
ပဂ္ဂယှ၊ ချီးပင့်လော့။ မာနိဝတ္တ၊မဆုတ်နှင့်။ အဘိက္ကမ၊ ရှေ့သို့
တက်လော့။မယံ၊ ငါတို့သည်။ဧတံ၊ ထိုအကြောင်းကို။ဝိဇာနာမ၊
အထူးသိရကုန်ပြီ။ တွံ၊ သင်သည်။ ရဝံ၊မချွတ်။ဗုဒ္ဓေါ၊ ဘုရား
သည်။ဘဝိဿတိ၊ဖြစ်လတံ့။

၃၄။ ငါကျူးမြောက်သော်။ရောက်စိမ့်ဆုံးခမ်း။နိဗ္ဗာန်ကမ်း
ကို။ကြိုးပမ်းစူးစား။တာတွယ်များသည်။ဘဘွားရသေ့။ဘုရား
စေ့။ ။မမေ့မမှား။ရှေးဖြစ်လားကို။မိုးသားမြဲဟူ။ ငါတို့သာ
လျှင်။ဦးစွာမဆွ။အတိတ်ရ၍။မှတ်ကြလိုက်မိ။စဉ်းဝါးသိ၏။ရဒိ
ကမ်းဆန်း။နှုတ်ခွန်းသာယာ။ချီးမွမ်းကာမျှ။အားပါးရလျက်၊ ဆွံ့
တက်ဘော်ထုတ်။နားပါးမှုတ်သည်။မဟုတ်စွာထွန်း။ မြင်တိုင်း
ပြန့်၏။ဧကန်မချွတ်။ရှင်သူမြတ်လျှင်။ဘဝတ္တယ။တိုင်းခွင်ရ၍။ထို
မျှမမှား။လူနတ်များကို။ဘုရားလည်းဖြစ်။ကယ်ပေလစ်တံ့။မြတ်
စစ်ဓလေ့။ရှင်ရသေ့တုံ။ယနေ့ကစ။အဆဆလျှင်။လုံ့လလွန်ကဲ။
မြဲစေလတ်သေး။အောင့်အေးလျက်ပင်။နှလုံးဖင်၍။ပွင့်ကျင်ကာ
မျှ။ကြံဒုဟာဖြင့်။ဆုတ်ရပိမ့်လော။တက်ပိမ့်လောဟု။ တွေးတော

နှစ်ကွဲ။ မခွဲဘဲလျှင်။ အရဲတိုးစွာ။ရည်မိရာသို့။ ယထာဝါဒီ။ဆို
တိုင်းညီလျက်။ လှမ်းမှီစေကြောင်း။ ကြိုးလေရှောင်းလော့။ ။
ငဲ့စောင်းမယုံမယွင်းတည်း။

'ဗုဒ္ဓဿဝစနံသုတွာ၊ ဒသသဟဿိရူဘာယံ။တုဋ္ဌဟဋ္ဌောပ
မောဒိတော၊ ဧဝံစိန္တေသိဟံတဒါ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ဗုဒ္ဓဿ၊ ဒီပင်္ကရာမြတ်စွာဘုရား
၏။ဝစနဥ္စ၊ စကားတော်ကိုလည်းကောင်း။ ဒသသဟဿိ၊ စကြ
ဝဠာတသောင်း၌ နေကျန်သော နတ်တို့၏။ ဝစနဥ္စ၊ စကားကို
လည်းကောင်း။ ဣတိ၊ ဤသို့။ ဥဘယံ၊ နှစ်ပါးသော စကားကို။
သုတွာ၊ ကြား၍။ တုဋ္ဌဟဋ္ဌော၊ နှစ်လိုဝမ်းသာ။ ပမောဒိတော၊
ဝမ်းမြောက်သည်ဖြစ်၍။ ဧဝံ၊ ဤသို့။ တဒါ၊ ထိုအခါ၌။ အဟံ၊
ငါသည်။စိန္တေသိ၊ ကြံ၏။

၃၅။ ခြသေ့်ဆိုနှင့်။ သိင်္ဂီနိက္ခ။ရွှေဖျဥ်းဝသို့။ ဓမ္မခန္ဓာ။ဒေ
သနာတည့်။ ပေစာ အပေါင်း။ ရှစ်သောင်း လေးထောင်။ စေ့
အောင်ရေတွက်။ ငါ့နှုတ်နက်ကို။ဆောင်ရွက်မှတ်သား။ ပညာ
နားဖြင့်။တရားထည့်၍။နားဝင်စွာသည်။ လက်ျာထေရ်ကျော်။
ငါ့သားတော်။ ။နူမော်ဒနာ။ဆွမ်းလှူခါ၌။ မဟာထေရ်မြတ်။
ဆွမ်းကျိုးရွတ်သို့။ချင်မွတ်အာသာ။သဒ္ဓါပြင်းလှ။တောင့်တအခင်
ဖြိုက်။ဆုယူကြိုက်လျှင်။ သေရှင်မငဲ့။သက်စွန့်ကဲ့သို့။ညွှန်ခဲ့အရိုး။
ကိုယ်လှူကျိုးကို။မြတ်မျိုးရှင်တော်။ ဟောလစ်သော်တည့်။ ထို
ရော်ရှင့်ဘာ။ဗျာဒိတ်ရကား။ကြွေမရိုးတွင်း။အသည်းချင်းမျှ။ ။
ခပင်းကိုယ်လုံးစိမ့်၏တည်း။

၃၆။ လေပြည်မချောက်။ဆီမီးတောက်၌။ထည့်လှောက်
ဆီစာ။ ဆီမီးဝါသို့။ သဒ္ဓါဝံ့ရဲ။ ကြံ့ဆဲ လည်းကောင်း။ ဗောဓိ
လောင်းဟု။သံညောင်းရွှေကိုယ်။ဆိုသော်တလျှဉ်။ အားရစဉ်၌။
တမျဉ်နိမိတ်။ အတိတ်မှတ်သား။ ထုံးပုံ ထားသည်။ နတ်များ
သက်ရှည်။စနည်းသည်တို့။ နှုတ်ရည်ကောင်းမွန်။ ထပ်ဆင့်ပြန်
လျက်။ တဘန်အသစ်။ ဆိုလစ်သရော်။ကြွားတုံသော်လည်း။ဆို

ပေါ်ဗိုင်းစ။ အစိမ့်ရသို့။ဝမ်းကမခံ့။ပီတိနှံ့လျက်။မှတ်ဖွံ့ကိုယ်ဘို့။ကျေးဇူးတို့ကို။ ။ဤသို့ကြံနှစ်သိမ့်၏တည်း။

အဒ္ဓေ ဿ ဝစနာဝုဒ္ဓါ၊ အမောဃဝစနာဇိနာ။ ဝိထတံနတ္ထိဗုဒ္ဓါနံ၊ ဓုဝံဗုဒ္ဓေါဘဝါမဟံ။

ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ အဒ္ဓေဿဝစနာ၊ နှစ်ခွသောစကားမရှိကုန်။ ဇိနာ၊ တို့သည်။ အမောဃဝစနာ၊ အချည်းနှီးသောစကားမရှိကုန်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဝစနံ၊ စကားတော်သည်။ ဝိထတံ၊ ချွတ်လွဲသည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ဓုဝံ၊ အမြဲ။ ဗုဒ္ဓေါ၊ သည်။ ဘဝါမိ၊ ဖြစ်အံ့။

၃၇။ ယာဝတ္တကံ။ ဥဒယျာဓံနှင့်။ ဥဒဏံဟူက။ အနန္တဧည့်။ လေးဆအစုတ်။ မယုတ်မလွန်။ ဟုတ်လှမှန်လျက်။ ဧကန်အရိုး။ သိမြင်ကျိုးလျှင်။ ရိယ်းကြိုးပုဆိန်။ တချက်ဂိုန်သို့။ နိုင်းချိန်ရွေနောက်။ စောကြောထောက်လျက်။ မလှောက်ရပြန်။ ခွန်းခြင်း မှန်သား။ သမန္တစက်။ ကျေးဇူးနက်တည့်။ မိန့်ပွက်ထွေငေါ်။ စကားတော်ကား။ မလျော်လေဘဲ။ ဆိုချွတ်လွဲလျက်။ ။နှစ်ကွဲမရှိစွာထွန်းတည်း။

၃၈။ ထိုမြို့သူငါ။ မှန်အောင်သာဟု။ ဆိုရာဆိုမိ။ ပစိပလျှံ။ ကျိုးနက်တံကို။ မကြံတတ်အား။ ဆိုမှာ၊ ငြားလည်း။ စကားခြေခွန်း။ လူ၌ထွန်း၏။ ကျယ်ဝန်းသိမြင်။ အကျိုးထင်မှ။ ဟောချင်တတ်ငြား။ ဘုရားတို့မူ၊ မယူလေပြစ်။ လေးခွန်းပစ်၍။ စင်စစ်ဟုတ်မှန်။ ကျိုးကြောင်းတန်က။ မလွန်စေမြို့။ မနှစ်လိုနှင့်။ နှစ်လိုနှစ်ဦး။ ဟောဘူးဧကန်။ မှန်တုံရကား။ ငါ၏အားလည်း။ စိုးပွါးတမည်။ အကျိုးရည်၍။ ဤသည်သူမွန်။ ဟောသည်မှန်၏။ နောင်ဘန် သောခါ။ ရသော့ငါလျှင်။ မြတ်ရာမှိုပိုင်။ ကယ်ရနိုင်အံ့။ ။ရောက်တိုင်အမြိုက်နိဗ္ဗာန်တည်း။

ယထာခိတ္တံနဘေလေဍ္ဍု၊ ဓုဝံပတတိဘူမိယံ။ တထေဝဗုဒ္ဓသေဋ္ဌာနံ၊ ဝစနံဓုဝသဿတံ။

နဘေ၊ ကောင်းကင်၌။ ခိတ္တံ၊ ပစ်အပ်သော။ လေဍ္ဍု၊ ခဲ

သည်။ဘုမိယံ၊မြေဦး၊ပတတိယထာ၊ကျသကဲ့သို့။ တထေဝ၊ ထို
အတူလည်းကောင်းလျှင်။ဗုဒ္ဓသေဋ္ဌာနံ၊ မြတ်စွာဘုရားတို့၏။ဝစ
နံ၊ စကားတော်သည်။ဓုဝသဿတံ၊ မချွတ်မြဲ၏။

၃၉။ အာကာသခါတ်။မိုးလတ်ရပ်ခွင်။ထက်ကောင်းကင်
သို့။ အကြင်မျှလောက်။ ပစ်လိုက်မြှောက်သား။ ခုတ်ကျောက်
လှင်ကန်။ ခပ်သိမ်းဝန်ကား။တိုင်တန်သောလျောက်။ လွှင့်လေ
မြှောက်၍။ အစောက်မကြာ။လက်မှကွာက။ တည်ရာဖြင့်အား။
ကောင်းကင်ဖျားဌ်။ကြိုးကြားမထင်။ချက်တိုင်းပင်တည့်။မြေပြင်
တသွန်။ကျမြဲမှန်သို့။ထိုဟန်လည်းကောင်း။သံညောင်းဟပြ။ သုံး
လူ့အတွက်။ဩဇထွေငေါ်။ စကားတော်လည်း။ နှုတ်တော်ပွက်
က။ပျောံယုတ်ရှလျက်။မရအပြစ်။မဖြစ်စွာမြို့။ငါ၏ဘို့ကား။ ။
တချိုမယုတ်ကျန်ပြီတည်း။

ယထာပိသဗ္ဗသတ္တာနံ၊ မရဏံဓုဝသဿတံ။ တထေဝဗုဒ္ဓ
သေဋ္ဌာနံ။ဝစနံဓုဝသဿတံ။

သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသောသတ္တဝါတို့၏။မရဏံ၊ သေခြင်း
သည်။ဓုဝသဿတံယထာ၊ အမြဲမချွတ်လွဲသကဲ့သို့။ တထေဝ၊
ထိုအတူလည်းကောင်းလျှင်။ဗုဒ္ဓသေဋ္ဌာနံ၊ မြတ်စွာဘုရားတို့၏။
ဝစနံ၊စကားတော်သည်။ ဓုဝသဿတံ၊ အမြဲမချွတ်လွဲသည်။
ဟောတိ၊ ဖြစ်၏။

၄၀။ တထွေတထွေ။ ထုံးပုံဖွေ၍။ ဆိုချေသရော်။ ပမာ
ဿော်တုံ။သုံးဘော်ပတ်ညက်။ လူ့အသက်ကို။လုယက်ရုတ်သဲ့။
ချစ်ဘော်ဖွဲ့သား။ ကြည့်ငဲ့မြော်တင်း။ ယမမင်း၏။ စည်းတွင်း
လက်သား။လုတလွှားကား။သုံးပါးရပ်ခွင်။ဘုံဌ်ပင်တည့်။ သင်း
ဝင်သက်ရှိ။ဇာတိသန္ဓေ။ဖြစ်ပချေက။ပလေလက်ခြား။သေမင်း
အားကို။နားပါးလှည့်ရစ်။မဆိုဖြစ်တည့်။ငုပ်နစ်ကြွမ်ကြွမ်။ ဇိဝိ
တိန်လျှင်။ညှိုးပိန်သေးခွန်။တမ်းဆက်မှန်သို့။ တသွန်နည်းယူ။ဤ
အတူလျှင်။ မှန်ကူတချက်။အကျိုးဆက်ကို။ မယွက်စေအောင်။
ဆောက်တည် ဆောင်၍။ ဘုန်းခေါင် အစုတ်။ ပွက်သည့်နှုတ်

လည်း။မဟုတ်မဆို။ နှောင်းနှောင်းရှိသော်။ ကျသိုလ်ယာရ။ ငါ့ ကောင်းမှုကား။ ။ပွင့်ဆုမချွတ်တန်ပြီတည်း။

ယထာရတ္တိ ခယေ ပတ္တေ၊ သူရိယုဂ္ဂမနံ့ရုပံ။ တထေဝဗုဒ္ဓ သေဋ္ဌာနံ၊ ဝစနံရုဝသာသတံ။

ရတ္တိခယေ၊ ညဉ့်၏ ကုန်ခြင်းသည်။ ပတ္တေ၊ ရောက်လတ်သော်။သူရိယုဂ္ဂမနံ၊ နေထွက်ခြင်းသည်။ရုဝံယထာ၊ မြဲသကဲ့သို့။ တထေဝ၊ ထိုအတူလည်းကောင်းလျှင်။ဗုဒ္ဓသေဋ္ဌာနံ၊ မြတ်စွာဘုရားတို့၏။ဝစနံ၊ စကားတော်သည်။ရုဝသာသတံ၊ မြဲသည် သာလျှင်တည်း။

၄၁။ လေယန္တရေး။ကောင်းကင်ဖျား၌။ ပျံသွားအရောင်။ ပြောင်ပြောင်ဝင်းဝါ။သူရိယာသည်။ဒိသာလှည့်ဝန်း။ချုပ်ခြည် ထွန်းက။တကျွန်းဉာဏ်၌။မလင်းကြိုက်လျှင်။အမိုက်နှင်နှင်။ ညဉ့်ဟု တွင်၏။အကြင်လူ့ပြည်။ထိုညဉ့်သည်တုံ။စက်သည်သောအား။ ပြုဗွာများတွင်။ရထားတိုင်ဖူး။ လွှားမူး တန်းခွန်။ ထူလဟန်သို့။ လင်းတန်ချိန်သင့်။ ကြိုက်သဖြင့်လျှင်။ မှောင်လွှင့်တိမ် နောက်။ မည်းရိပ်ပျောက်၏။မိုးသောက်လတ်က။ပေါ်စ ရွှန်းရွှန်း။ ယုဂန် စွန်း၌။အဝန်းရောင်ဖြိုး။ရွှေလှည်းဘီးသို့။ညီးညီးဘိတ်လက်။ နေ စက်ရဲရဲ။ ထွက်စမြဲသည်။ မလွဲနေ့တိုင်း။ ထိုအနှိုင်းလျှင်။ ရှေ ထိုင်းနောက်တွ။မဆွထစ်ထစ်။ ဟောတုံလစ်သား။ ရှင်ချစ်နူတ် ထွက်။အကျိုးဆက်လည်း။မယွက်စရာ။ဆိုသောခါ၌။ ညီစွာကြိ သင့်။မှန်သဖြင့်လျှင်။တပွင့်ဦးစွန်း။နိဗ္ဗာန်ပန်းကို။ သွန်းသွန်းရှေ့ ဦး။ဆွတ်ယူရူး၍။လူ့မှူးငါလျှင်။ပန်ရကျင်အံ့။ ကြာတင်နှိပ်စက်။ ဆင်းရဲနက်လည်း။ ။ငဲ့ကွက်မသွေလှန်ပြီတည်း။

ယထာနိက္ခန္တ သယနဿ၊ သီဟဿနာဒနံရုဝံ။တထေဝဗုဒ္ဓ သေဋ္ဌာနံ၊ ဝစနံရုဝသာသတံ။

နိက္ခန္တ သယနဿ၊ ထွက်ပြီးသော အိပ်ရာ ရှိသော။ သီ ဟဿ၊ ခြင်္သေ့၏။နာဒနံ၊ ဟောက်ခြင်းသည်။ရုဝံယထာ၊ မြဲသကဲ့ သို့။တထေဝ၊ ထိုအတူလည်းကောင်းလျှင်။ ဗုဒ္ဓသေဋ္ဌာနံ၊ မြတ်

စွာဘုရားတို့၏။ ဝစနံ၊ စကားတော်သည်။ ဓုဝသဿတံ၊ မြဲသည်သာလျှင်တည်း။

၄၂။ တောင်မြင့်သီလာ။ နေရာဂူထဲ။ကိန်းပြီးရှဲမှ။ ထွက်မြဲဘာသာ၊ အခါလေးပါး။ ကြိမ်လတ်ငြားမူ။ ဇွဲဝဂ္ဂုဠ္ဍ။သုံးယူဇနာ။ ရပ်ရာကြားလောက်။မြည်သံဟောက်လျက်။ ငြိမ်းချောက်လန့်ကြား။ တောဝယ်သားကို။ ဘမ်းစားမြည်ရုတ်။ သွေးသံထုတ်မှ။တဖြုတ်မခံ။ပဲ့တင်သံတွင်။ချန်ပျံကျဲ။နေရာမြဲသို့။ မစဲမှီခင်။ရောက်ပြန်လျှင်သား။စွမ်းအင်ထပြွ။ တတ်အားလှလျက်။ သီဟရာဇာ။ ကေသရာဟု။ သမ္ဗာသုံးထောင်။ တော တောင်သေဠ္ဍနင်း။ခြသေ့မင်းကါး။ထွန်းဝင်းပြောင်ပြောင်။ရွှေဂူချောင်မှ။အန်ထောင်ကြိုးပ။ထွက်လေကလျှင်။နိစ္စဟောက်လေ့။မှန်စွာမြေသို့။ကြန်စေ့အညီ။သွေးသိပုံခတ်။သုံးလူ့ထွတ်တို့။ မိန့်ရွတ်နှုတ်ရည်။သံတော်သည်လည်း။ဆံခြည်ဆယ်ခြမ်း။ကျိုးမဲ့သွမ်းလျက်။ဆိုဆမ်းကျိုကျူး။ ချွတ်ဘူးသောခါ။မရှိစွာတည့်။ ငါ့မှာယခု။ပေးသည်ဆုလည်း။ပြုတ်တုမမြဲ။ချွတ်ရာခဲ၏။ ။လက်စွဲနှီးရင်းသန်ပြီတည်း။

ယထာအာပန္နသတ္တာနံ၊ ဘာရမောရောပနံဓုဝံ။ တထေဝဗုဒ္ဓသေဋ္ဌာနံ၊ဝစနံဓုဝသဿတံ။

အာပန္နသတ္တာနံ၊ ကိုယ်ဝန်ဆောင်သောမိန်းမတို့၏။ ဘာရံ၊ သားဟူသောဝန်ကို။ဩရောပနံ၊ ချခြင်းသည်၊ဓုဝံယထာ၊ မြဲသကဲ့သို့။တထေဝ၊ ထိုအတူလည်းကောင်းလျှင်။ဗုဒ္ဓသေဋ္ဌာနံ၊ မြတ်စွာဘုရားတို့၏။ဝစနံ၊ စကားတော်သည်။ဓုဝသဿတံ၊ အမြဲမချွတ်သည်။ဟောတိ၊ ဖြစ်၏။

၄၃။ အကြင်သောခါ။ကြမ္ဗာယွင်းယို။အကုသိုလ်ဖြင့်။ထိုထိုဇာတိ။ကြိုက်လတ်ဘိသော်။ ဇာတ္တိဘော်ဟု။ခေါ်ဝေါ်စင်စစ်။မိန်းမဖြစ်လျက်။နှစ်ဆစ်တရော။ကမ္ဘာ့ရှည်လျှား။ ကျင်လည်ငြားလည်း။ယောကျ်ားတရံ။ မခံဘူးလေ။မီးယပ်နေသား။ အသေတထန်။ကိုယ်ဝန်လည်းစွဲ။ ဆင်းရဲတိုင်ထိ။ သားသည့်မိတို့။ အ

ဘို့ရောက်စာ။ သားရေရဲ့သား။အင်္ဂါသုံးပါး။ ကြံမ်လတ်ပြား‌မှူ။
ယူသား ကိုယ်ဝန်။ ပဋိသန်ဘား။ အမှန်ဘွားနေ့။ အခါစေ့က။
အောင်မြေ့မှန်ရဲ။ဘွားကျန်မြဲသို့။မလွဲမချွတ်။ မြတ်ထွတ်သစ္စာ။
ပွင့်ပြီးစွာ၍။ သမ္မာရင့်ခိုင်။ ကျေးဇူးစိုင်သို့။ရောက်တိုင်ကျူးခပ်။
နိဗ္ဗာန်ရပ်ကို။ လက်ကြပ်ဟောညွှန်။ ပြမှုပွန်လျှက်။အနန္တဂုဏ်။
ပညာဟုန်ဖြင့်။ကျူးချန်ဖွေညှက်။ နတ်စက်ပစ်ချ။ မြင့်မိုရ်ခြသို့။
ကျန်ရမရှိ။ထိုးထွင်းသိလျှက်။မုနိရွှေကိုယ်။ မိန့်ပွက်ဆိုသား။သံ
ချိုဆန်းထုတ်။ပြဲပဟ္မာနှုတ်လည်း။တံသုတ်ကျမ်းခတ်။ကြားတိုင်း
ဘတ်က။ညီညွှတ်စွာထွန်။မှန်တံ့ရကား။ဘုရားဆုယူ။ ငါသူ
လျှင်။အကျူမရှာ။သံသရာမှ။ငါသာပို့ပိုင်။ကယ်ရနိုင်အံ့။ ။ပွဲ့ထိုင်
လျှော့မှူးမှန်ပြီတည်း။

ဟန္တဗုဒ္ဓကရေဓမ္မေ၊ ဝိစိနာမိဏ္ဏုတောစိတော။ ဥဒ္ဓံအဓောဒ
သဒိသာ၊ ယာဝတာဓမ္မဓာတုယာ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ဟန္တ၊ ယခု။ဗုဒ္ဓကရေ၊ သဗ္ဗညုမြတ်
စွာဘုရားအဖြစ်ကို ပြုတတ်ကုန်သော။ ဓမ္မေ၊တရားတို့ကို။ ဣ
တောစိတော၊ ထိုမှဤမှ။ ယာဝတာ၊ အကြင်မျှလောက်သော။
ဓမ္မဓာတုယာ၊ တရားအပေါင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှ
လောက်။ဥဒ္ဓံ၊ အထက်၌လည်းကောင်း။အဓော၊ အောက်၌လည်း
ကောင်း။ဒသဒိသာ၊ အရပ်ဆယ်မျက်နှာ၌။အဟံ၊ ငါသည်။ ဝိစိ
နာမိ၊ စူးစမ်းတော်မူ၏။

၄၄။ ရှစ်ပါးစုံအင်။မာရင်ဟု။စိရင်ဝတ်ပြီး။ သင်းသီးမှူ
ချို။ရဲစဥ်းသိသား။ဗောဓိပက္ခိယ။ဓမ္မပေါင်မြောင်။ကူလက်စောင်
နှင့်။ရန်ဘောင်ရိပွပ်။ဤလူ့ရပ်တွင်။နှိုးကပ်ကာကာ။ထော်င့်ငါး
ရာစင်။သင်းဝင်လက်သား။ ဆဲ့နှစ်ပါးသား။ရွှေသွားခေါင်းကြီး။
ခိုးစဥ်းသီးကို။ဖျက်ဆီးလေးကြံမ့်။တိုက်လှည်းနှိမ်မှ။အောင်ပြီမ်
တန္တ။ရဲဆုရနှင့်။ နူန်းကြစတေ။ သမုဋ္ဌေဟု။ ထဲမွေရန်ပယ်။
သဃ်ာ့လယ်တွင်။ငါ့နှယ်ဂုဏ်ခန်း။သိမြင်ထွန်းသည်။ ကျယ်ဝန်း
ပညာ။သါရိပုတ္တရာ။ ။မဟာထေရ်ကျော်။သူတော်မြတ်စွါ။သူ့

ဘို့ရှာသည်။သဒ္ဒါပစ္စည်း။ရှင်ခမည်းကံား။ထုံးနည်းမြားမြောင်။သွေးကြဉ်းဆောင်၍။မှန်အောင်အရ။ ခုံနေ့ချလျက်။ ဤမျှဆိုပြီး။အလိုသီးဖြင့်။ ဆုကြီးချူချူ။ပွင့်စိမ့်ဟူသား။ သူတို့မည်သည်။အံ့ရှည်ဇလျား။စွန့်ကြီးစားလျက်။ဘုရားပညာ။ ငြမ်းအလျာဖြင့်။ရံကာဆောက်ဦ။ထောက်ပံ့ကူသား။ တံချူသဘွယ်။ကြီးငယ်မလွတ်။ကျင့်ရာဝတ်ကို။နှုတ်လွှတ်သံညောင်း။ သို့ကျင့်ကောင်းဟု။အကြောင်းအကျိုး။ ရုံပြည့်ဖြိုးအောင်။ မြတ်မျိုးရှင်တော်။ မဟောသော်လည်း။ ထိုရော်ဘိသိက်။ဗျာဒိတ်ရခါ။ မကြာလက်ငင်း။လောလောခြင်းဝယ်။ ထိုးထွင်းဝန်းလျား။ သိတတ်အားရ၍။တပါးမကြံ။သူမဆံသား။သယမ္ဘူဉာဉ်။ ပညာယှဉ်လျက်။ ခိုင်းမျည်မကွက်။ အောက်ထက်ရပ်ခွင်။ မြေပြင်လုံးရှို။ မြင်လတံ့သည်။ ။ဝတ်ကံဆောက်တည်ချင်ရှောင်းတည်း။

၄၅။ ပုဗ္ဗကမ္မ။ရှေးကပြုသား။ကောင်းမှုထဲနှိုး။ဘုန်းတန်းကြီး၍။မင်းထီးဖြစ်လောက်။ဘွားလတ်မြောက်က။ထိတ်ကြောံအန္တရာယ်။ ရှင်းရှင်းပယ်၍။မချယ်စိုးစိ။မမြွေးငြိတည့်။ တိတိလက္ခဏာ။ ကြန်ရစာဖြင့်။ စကြာရှေးရိုး။ လေးကျွန်းစိုးသား။တန်းခိုးစုံပေါင်း။ မင်းအလောင်းဟု။ချီးသောင်းသြဇ။ ထုံးပုံပြလျက်။ပရမီသွာ။ဇော်ဂီလာ၍။ဇာတာစဉ်းလက်။ ချင့်တွက်ရှေးဦး။ဘတ်လေဘူးလည်း။ ရှူးရှူးသွေလှန်။ မမှန်ကန်သို့။ ကိုယ်ဘို့ပြည့်စုံ။ ကျင့်ဝတ်ကံလျက်။ရကြိုနေ့ရေ။ ရောက်စေခလို။ မငြိုစကြာ။ရတနာဟု။ သဒ္ဒါဖြောင့်ကြည်။ ပုသ်ဆောက်တည်၍။သုံးသည်သီတင်း။ မြဲစင်းလျှင်းဖြင့်။ကိုယ်တွင်းကိုယ်ပ။ စောင့်နိုင်မှတည့်။လုံ့လယှဉ်ကျိုး။ဘုန်းသစ်နိုး၍။ စိုးမိုးစကြာ။ မိုင်သရာသား။ပမာလည်းကောင်း။ ဆုတောင်းသောကြိုက်။ ရထိုက်တန်စွာ။ သုဘာသာလျောက်။ငါမှောက်ရှင်တော်။ ဟောငြားသော်လည်း။ပွဲလှော်ပွဲစီး။ဤဝန်ကြီးကို။ မငြီးမငွေ့။ လျော့မေ့မမူ။ကိုယ်ထူကိုယ်ထ။လုံ့လရှေးရှေး။နှိုးဆော်ရေးဖြင့်။ရှိသေးတုံစွာ။ဤဥဂါကား။ ။နေကာမပြည့်စုံကောင်းတည်း။

၄၆။ ကောင်းကင် ပစ်လွှန်။ လျှင်ကန့်အရှင်ခဲ။ သေမြဲဘာသာ။ညဉ့်ခါကျန်မြောက်။ထွန်းတောက်နေပူ။ရွှေဂူအဝ။ ထွက်စဟောက်မြွေ။ခြင်္သေ့စရိုက်။ဝမ်းပိုက်ကိုယ်ဝန်။ ဘွားမြဲမှန်သား။ တသွန်ဤသို့။ ခြင်းရာတို့နှင့်။ နှုန်းကြွသင့်လျက်။ မပွင့် လေဘဲ။ ချွတ်လွဲမဲ့ထွန်း။ မှန်သည့်စတော။ ဖြစ်စေတုံဦး။ ကျေးဇူးအရာ။ လက်သာလှမ်းမို့။ လွယ်စွာပြိုဟု။တန္တိဝန္တံ။ မကြွလေတုံ။ အရကြို၍။ ယုံကာသမြို့။ မခို့သရို့။လုံ့လချိုသော်။ ငါသို့လောက်စင်။ပျင်းရာဝင်လျက်။ရကျင်သွေးချို။ ဦးမရိုမှု။မလိုမလွတ်။သူ့ကြောင့်ညွတ်သို့။အတတ်များစွ။ မခံရခဲ့။လုံ့လကြိုးစား။ ထုတ်ခွန်အားဖြင့်။ဘုရားပညာ။ပွင့်စိမ့်ငှါလျှင်။အလျာဆောက်ဦး၊ ဟူဟူသမျှ။စုံသော်မှတိ။ အားရဝမ်းမြောက်။ ပွဲကြီးမှောက်တွင်။ချက်ရောက်ကြွယ်ပုံ။မှုကုံသူမွန်။ဆုခံတန်သို့။ငါ့ဝန်ပို့ပိုင်။ လိုရာတိုင်အံ့။ချက်ရိုင်ကြံတွေး။ငါ့အရေးကား။များသေးစွာထ။ ကြိုးကောင်းစွဟု။အဆအရာ။သုမေဓာကား။ထိုခါတိုးထုတ်။ ခွန်အားထုတ်သည်။ ။ငဲ့ဆုတ်မတိမ်းမစောင်းတည်း။

၄၇။ အကြွင်မှုလောက်။ပလ္လင်ပျောက်ထက်။ အဆောံအဦး။တံချူသဘွယ်။အလှယ်လှယ်လျှင်။ ချီးချယ်ဆက်ဆံ။ရိုးရင်းခံ၍။အရံအကာ။ရူဘာရရ။ဆေးပေါင်းသသို့။ အမျှတန္တိ။ ဝန်ခံညီ၍။ထို၍ကြီးငယ်။ပြုဘွယ်ဘွယ်ကား။အဘယ်တို့နှင့်။ ဘယ်သို့ကျင့်၍။ဘယ်ဖြင့်စို့ထိုး။ ဘယ်စေ့မျိုးကို။ စိုက်ပျိုးဦးတည်း။ ဘယ်သူ့နည်းဖြင့်။ပမည်းပုံယူ။ဘယ်သို့မှူ၍။ဆုယူရုံးစည်း။ ဖြစ်သနည်းဟု။သိပ်သည်းရှိခဲ့။ဂုဏ်လေးတွဲကို။နှိုင်းရှဲ့ရှုစမ်း၊ ရှာမှီးလှမ်းသည်။ဆုံးခမ်းရောက်ခါ။သုမေဓာကား။ ။ကြံ၍ပြီးစီးကြောင်းကြောင်းတည်း။

သုမေဓာရသေ့ဗျာဒိတ်ရသောအခန်းပြီး၏။

## (က) ဒါနပါရမီခဏ်း။

ဝိစိနန္တော တဒါဒက္ခိံ၊ ပဌမံ ဒါနပါရမိံ။ ပုဗ္ဗကေဟိ မဟေသိ
ဟိ၊ အနုစိဏ္ဏံ မဟာပထံ။

· သာရိပုတ္တ၊ သာရိပုတ္တရာ။ ဝိစိနန္တော၊ ရှုစမ်းဆင်ခြင်သော်။
အဟံ။ ငါသည်။ ပုဗ္ဗကေဟိ၊ ရှေး၌ဖြစ်ကုန်သော။ မဟေသိဟိ၊
မြတ်စွာ ဘုရားတို့သည်။ အနုစိဏ္ဏံ၊ အလွန်လေ့ကျက် အပ်ထ
သော။ မဟာပထံ၊ ခရီးမလည်းဖြစ်ထသော။ တနည်းကား။ မဟာ
ပထံ၊ မြတ်သောခရီးဖြစ်သော။ ပဌမံ၊ ရှေးဦးစွာသော။ ဒါနပါရ
မိံ၊ ဒါနပါရမီကို။ တဒါ။ ထိုအခါ၌။ အဒက္ခိံ၊ မြင်တော်မူ၏။

ဍဂ။ ဓမ္မခန္ဓာ။ ငါ့ပညာဟု။ အင်္ဂါကိုးမည်။ ရင့်နို့ရည်ကို။
ချမ်းကြည်သောက်များ။ တက်စီးပွါး၍။ ငါ့သားဖြစ်ကျိုး။ ကျော်
ဟိုးဟိုးလျှင်။ မြေမိုးတုန်ခပ်။ အရပ်ရပ်တည့်။ ဝိတ်စပ်ခြောင်း
ခြောင်း။ ဂုဏ်နံ့လှောင်းလျက်။ ထိန်းကျောင်းကိုယ်နှုတ်။ ကျန်း
မာန်ရှုပ်၍။ ခြေသုပ်ပုဆိုး။ မြွေစွယ်ကျိုးနှင့်။ ချိုကျိုးနွားလား။ ခွန်း
စကားသို့။ ရှောင်ရှားပွဲလယ်။ မချုတ်ချယ်တည့်။ နည်းသွယ်ပုံ
ထုတ်။ ပညာအုပ်၍။ မျက်ကြုတ်ကိုးတန်။ ငြိုးထားရန်ကို။ စွမ်း
အန်မက်ငွေ့။ ဖျောက်လွှင့်လျှော့လျက်။ ချမ်းမြေ့ပွဲလယ်။ မေတ္တာ
ကြွယ်သည်။ စင်ကြယ်သင်းချော။ ငါ့သားစော။ ။သဘော
·ခြင်းရာ။ ဤကြောင်းခြာကို။ လကျာ ထေရ်မြတ်။ ဤသို့မှတ်
လော့။ ကျင့်ဝတ်ဆောက်တည်။ ကုန်စိမ့်သည်ဟု။ မှိုလည်ဆောံ
ဦ။ ကြိုအားယူ၍။ ကိုယ်လှူသနေ့။ ဘုရားစေ့ကို။ လွေ့လွေ့ရိုက်
ချ။ တည်ဦးစ၌။ ရှင်ဘမြတ်စွာ။ သုမေဓာကား။ လျှာကာသမှု။ ပုံ
လောင်းပြုသို့။ အနုစင်စစ်။ ဖြစ်တုံသမြို့။ ကျင့်ဝတ်တို့ကို။ ဤသို့ဖွေ
ဖေါ်။ ရှာလတ်သော်တည့်။ ကျူးကျော်ကမ္ဘာ၊ သံသရာတွင်။ ဂင်္ဂါ
ရှေးတီး။ လွန်လေပြီးသါ။ မြေကြီးမြူဏာ။ လုံးစုမမျှ။ သုံးလူ့ဘတို့။
လမ်းမသဘွယ်။ သွားတွင်ကျယ်သား။ ကျင့်နွယ်စိုရှိထိုး။ အလှူမျိုး
ကို။ ပေးရိုးမပျက်။ ကျယ်နက်ချီချွဲ။ ရှိမွဲသနွေ။ မြင်အောက်မေ့
သည်။ ။စုံစေ့ဦးဖျားစွန်းစွန်းတည်း။

၄၉။ စတုသစ္စာ။ဥာဏ်ပညာဟု။နေ့အာရုဏ်ကြီး။ ထွက်
နီးနီး၌။လွှန်ပြီးလေမြော်။ ရှေ့နှင့်နောက်ကို။ မွှေနှောက်စေ့စေ့၊
အောက်မေ့သရော်။ သုံးဘော်သေဌ်နင်း။ တရားမင်းတို့။ စိတ်
တွင်းပြုံ့ပြုံ့။ရှိမဲ့ကုံစင်။ ခပ်သိမ်းမြင်သို့။ထိုတွင်သောခါ။ သုမေ
ဓါ၏။ပညာကြွယ်ပုံ။သတ္တိတုံလည်း။ချက်ရုံဖူးတွေ့။ဗျာဒိတ်ငွေ့
ဖြင့်။ စုံစေ့ရမ်းဆ။ တတ်အားလှလျက်။ ဦးစခွန်းခွန်း။ ပွင့်ခန်း
ဆောက်ဦး၊ အလှူစာဂ။ပါရမီကို။ ဝသီအစဉ်။ ထွေပြားယှဉ်၍။
ပညာဥ်မျက်စိ။မြင်လတ်ဘိက။ဗောဓိသမ္ဘာ။ကျင့်ခန်းဝါ၌။အရော
ကျကျ။ဆိုဆုံးမသည်။ ။ကုံငြ်သို့ကျယ်ဝန်းတည်း။
ဋ္ဌမိတွံပဌမံတာဝ၊ ဒဠှံကတ္တွာသမာဒိယ။ ဒါနပါရမိတံဂစ္ဆ၊
ယဒိဗောဓိံပတ္တုမိစ္ဆသိ။
တာပသ၊ သုမေဓာရသေ့။တွံ၊ သင်သုမေဓာရသေ့သည်။ဒါ
နပါရမိတံ၊ ဒါနပါရမီကို။ ပဌမံ၊ ရှေးဦးစွာ။ တာဝ၊ သီလပါရမီ
တို့၏ရှေးဦးစွါ။ဒဠှံ၊ မြဲစွါ။ကတ္တွာ၊ ပြု၍။သမာဒိယ၊ ဆောက်တည်
လော့။ဗောဓိံ၊ သဗ္ဗညုဘုရားအဖြစ်သို့။ပတ္တုံ၊ ရောက်ခြင်းငှါ။ ယ
ဒိဣစ္ဆသိ၊ အကယ်၍အလိုရှိအံ့။ ဧဝံ၊ ဤသို့ အလိုရှိသည်ရှိသော်။
ဋ္ဌမံဒါနပါရမိတံ။ဤဒါနပါရမီကို။ဂစ္ဆပူရေဟိ၊ဖြည့်လော့။
၅၀။ ဗောဓိသတ္တ။ ဗျာဒိတ်ရဟု။ တွင်စယနေ့။ ရသေ့အ
ဖျား။ကျယ်ဝန်းလျှားသည်။ဘုရားဧရာ။သုမေဓာ။ ။မြတ်စွာရှင်
လှ။ နှုန်းနှုန်းဆလော့။ ပွင့်ရခဲလှော်။လူ၌ကျော်သည်။ သမ္ဗောဓိ
ဆု။သဗ္ဗညုကို။လှူလှူဆောလျှင်။ ရမောကျင်၍။ဒိပက်ရော။ စော
မြတ်စွာ၏။ကကော်မျက်မှော်။ပန်ကြားလျှောက်လျက်။ အလေဝံ
အလဲ။ မဆိုမြဲလျှင်။ အံ့အဲသရော။ နောင်ခါငါ့တူ။ ဖြစ်အံ့ဟုသား။
နတ်လူစောကျော်။သုံးလူ့ဘော်၏။သံတော်တံဆိပ်။ရွှေပေလိပ်
ကို။ဦးထိပ်ခေါင်းထက်။အချိုရွက်၍။ဆန်ခက်အမော်။ သောင်ခဲ
လှော်၌။ အဘော်မစောင်။ သဘော်ဘောင်ဖြင့်။ ပို့ဆောင်ငင်
ကြဉ်း။ တက်ခဲ ယဉ်းကို။ အစဉ်းမသိ။ ထုံးမရှိ တည့်။ ရမိကန်း
ဆန်း။အဖြောင့်သန်းကာ။မတိုင်ရာသား။နိဗ္ဗာနကျော်။ညာကျွန်း

မော်သို့။မျှော်သည့်ပမိ။ ပါရမီကို။ကျင့်ညီစေ့ဆော်။ ဝတ်ကျန်
သော်မှ။ မှောက်တော်ရှင်မွန်။ အရောက်မှန်အံ့။ ကြွင်းကျန်သ
ဖြင့်။ဘုရားကျင့်ကို။ လျှောက်ဆင့်မကဲ။ နှေးဖြည်းနွဲ့မှု။ ရခဲရှင်
အာဏ။မှာငြားချွတ်လွတ်။ဖြစ်တို့တတ်၏။ရှင်မြတ်ထို့ကြောင့်။မြဲ
ကြောင်းစောင့်လော့။နှစ်ရှောင့်နှစ်ရှား။ကြိုက်တော်ငြားလည်း။
ဘုရားယာချ။ ပေးသည်ဆုကား။ပြုရစေ့ပျိုး။လှူဖို့ထိုးမှ။မြတ်မျိုး
အာသာ။ပွင့်ကျန်ရာသည့်။အခြာဇကန်။မှန်တုံရကား။ ပေးတိုင်း
ပွါးသည့်။ ထွေပြားကျန်အောင်။ မြိုက်လက်ဆောင်ကို။ ။အာ
မောင်ဆည်းပူးနိုင်စေလသေး။

၅၁။ ခပ်သိမ်းလှူ၍။ အမြိုက် ကျန်အောင်။ လက်ဆောင်
လည်းဟူ။ ကံကျေးမှုသား။ အလှူဤတုံ။ပေးကုံတတ်အား။ စွန့်
စားသည့်ချည်း။ ပစ္စည်းသာမျှ။အာမိသနှင့်။ ဓမ္မဟူကျင်။နှစ်ပါး
ထင်၏။ထိုတွင်ရှေးစ။အာမိသကား။ဒါနဝတ္ထု။ဆယ်ချဖြင့်အား။
ဆယ်ထွေပြား၍။ ကြွယ်ရှားဗိုလ်ပါ။ လူတကာတို့။ ဥစ္စာအနှစ်။
ဆယ်တန်ဖြစ်လျက်။လှူကျိုးနက်၏။တသက်ဘို့တွင်။ အကြင်သူ
သည်။ဤဆယ်မည်၌။ဆောက်တည်လိုက်မိ။နှစ်မှန်းသိအံ့။ အကျိ
ခဲတွေ့။မြူတေသိုပိုက်။အမြိုက်ပြည့်ထင်၊ထိုသူလျှင်တည့်။ မဝင်
မချင်း။ပါယ်လေးတွင်းသို့။မဆင်းလေဖြစ်။ကောင်းနှစ်ဖိုးမိုး။ လူ
သုံးမျိုး၌။နတ်ရိုးဖျားလွန်။စံစုန်ဆန်လျက်။နိဗ္ဗာန်ဦးကဲ။ ဝင်လေ
မြဲသည်။မလွဲဖြစ်တမ်း။ဤကြောင်းလမ်းကို။ရူးစမ်းတုံမူ။ပစ္စည်း
ဟူသား။ အလှူစွန့်စား။ ဤတပါးလည်း။ ။ဘာသွားကျဉ်ခဲနိုင်
စေလသေး။

၅၂။ တထွေသော်တုံ။ဤလှူဘုံ၌။ ပေးကုံငြား။ တတ်
အားနိုင်စွာ။သူတကာကား။သဒ္ဒါလှနိုး။ရုံပြည့်ဖြိုးလျက်။ အကျိုး
ခံချင်။တွင်းပြင်အလှူ။ နှစ်ပါးဟူသား။ ဆောက်ဦးများစွာ။ ဒိမ်
ရာခမ်းနား။သားမယားက။ စသည့်စိမ်းရွှမ်း။ လှူကမ်းဆောက်
နှင်း၊ကိုယ်သာကြွင်းလည်း။အတွင်းအလှူ။ပေးသားမှုဖြင့်။ထုတ်
ယူသည်းပွတ်၊ခုတ်ဖြတ်ခြေလက်။လှည်းဖျက်သားသွေး။ မျက်

ဆံပေးလျက်။ကျော်သွေးအံ့ဖွဲ။အလှူရဲ၍။ကဲစေရှင်တုံ၊ ခပင်းစုံ
ထက်။ ပေးလေ့ကျက်၍။ ပန်နက်နှစ်ထောင်း။ ပန်ထွာတောင်း
သည်။ ။ဆုကောင်းတံစိုးနိုင်စေလသေသး။

၅၃။ ဒါနဒါသ။ ကျွန်စာငှသို့။လှူရတတ်ဆန်း။ သဒ္ဓါဖန်း
လည်း။လန်းလန်းမပွင့်။တချို့ကျင့်တုံ။ကိုယ်နှင့်ထပ်တူ။ ဆွေလူ
တော်ကြ။သဟာယသို့။ဝေဌစရာ။လှူကမ်းဌါနှင့်။ဝမ်းစာမထူး။
နှလုံးနူး၍။တဦးတုံမူ။ကယ်ကဲ့သူကား။အလှူဖြင့်ချည်း။ဝမ်းဝယ်
သည်း၍။ပစ္စည်းဆောက်ဦ။ဟူဟူသမျှ။ပေးကုံငသည်။ဒါနသာ
မိ။ကျော်ကိတ္တိလျက်။သိဒ္ဓိတင်တင်။သူသိမြင်၍။ လူတွင်ဖြစ်မြဲ။
သုံးကွဲမည်ရည်။အလှူသည်ကို။ဖွေနည်စိစစ်။ ဤသို့ဖြစ်လည်း။
ရှင်ချစ်မြတ်စွာ။ မိန့်မှာဗျာဒိတ်။ နှုတ်တံဆိပ်စင်။ ရသောရှင်
သည်။သိမြင်မူယူ။စင်ကြယ်ဖြူလျက်။ အလှူပေးဟန်။ သူမတန်
အောင်။ ။ထိပ်ခေါင်အဖျားတိုင်စေလသေသး။

၅၄။ ထထွေစွန့်စား။သူတပါးကား။ အများအကောင်း။
နှစ်တောင်းပေးအံ့။ ရှေးကားဝန်ခံ။ နှောင်းပြီးကြီသော်။ ယိုးယံ
ချန်ရှုတ်။လှူခါယုတ်၍။ ပြင်နှုတ်ပွက်ဘူး။ သူတဦးတုံ။ ညွတ်နူး
ကြည်ညို။လှူအံ့ဆိုလျက်။နှောင်းပြီးပျက်၍။ထိုထက်တုံမူ။ တချို
သူကား။လှူအံ့မည်ရည်။ ထုတ်သည်ရှေးရှေး။ ခါးလှယ်ပေး၍။
စိမ့်ဒေးတရား။သူတပါးမူ။ရည်တိုင်းလှူ၍။ ဤသူလေးယောက်။ရ
မျက်မှောက်တွင်။ ထင်၍လေးမည်။ အလှူသည်ကို။ အရှည်အ
လျား။ထုံးပုံထား၍။ဘဘွားရှင်တုံ။ဓေယာဘုံသို့။ ရောက်ရုံမကြီ။
ဗိုလ်ဝင်ခံအံ့။သံတုံသမြို့။ဥစ္စာတို့ကို။နှစ်လိုစုံမက်။ မခေါက်ရက်
လည်း။ သည်ထက်မက။ တကိစ္စကြီး။တို့မှာပြီးက။စစ်စီးနိုင်း
ရှဲ့။ဆိုဘွယ်မွဲ့ဟု။လေးတွဲ့အောင်အောင်။ မြားမြောင်စိစစ်။ကြီ
ပြီးလစ်သော်။ပစ္စယာဆင့်။ မြင့်သည်ဂူထွန်း။ ပြမ်းနှယ်မှတ်၍။
နှုတ်ဖွတ်မိက။ ရည့်တိုင်းရလျက်။တောင့်တသူကို။ ဖြည့်သည့်
ကိုယ်ဖြင့်။ထိုထိုရပ်သူ။အလှူဂုဏ်နံ့။လှောင်းလှောင်းပျံ့မျှ။နေ့က
စ၍။ ။အဘကျေးဇူးလိုင်စေလသေသး။

၅၅။ ဩဝါဒပါနှံ။ ဇိဝိတဟု။ ခံမျှအပြား။ လှူသုံးပါးတွင်။ တရားအလှူ။ ပေးသော သူတို့။ အယူစွဲသုံး။ ဖြောင့်နှလုံးဖြင့်။ ကောင်းဆုံးရသာ၊ မြိန်နိုးရာသား။ စာနာနှိုခဲ။ ပျားတင်လဲနှင့်။ ရည်ခွဲစားဆွမ်း။သားပြွမ်းဘော်ဘော်။ အဖျော်ဆေးဟု။ စတုမဂ္ဂ။ပေးကမ်းလှူသည်။လူလည်းတချို့။ထိုမြို့တပါး။ သူတို့အားကား။ နာဖျားလတ်သော်။ ဆေးဝါးဘော်၍။ မေးခေါ်ကုသပ်။ သမားအပ်၍။တိုင်းကျပ်ပြည်ထဲ။ရိုးကဲသေဌေးနှင်း။မင်းတို့သော်မှု။မည်သူကျင့်ပိုင်။ မဆန်နိုင်သား။ ဘုန်းခိုင်နှဘော်။ အာဏာတော်ဟု။ ထိန်ကျော်စေခြင်း။ မောင်းကြေးနင်းနှင့်။ပြည်တွင်းပြည်ပ။ဟန့်တားရလျော်။ ဌက်ကမကျန်။တိရစ္ဆာန်အား။ ဖြည်တားချမ်းဆေး။ ပြောင်းလေးကျော့ကွင်း။ သိမ်းနင်းကုပ်ညွှတ်။ ဆေးခတ်ရေထုံး။မြားမြှုံးပိုက်ကွန်။မကျန်နည်းဖွေ။ ဆုတ်ဖျက်စေ၍။မသေပျောက်ရ။ သက်ဒါနကို။မင်းမှုသော်သာ။ ပေးနိုင်ရာဟု။ လှူခါတန်ကြိုက်။ ကျင့်မိလိုက်၍။ ရိုးထိုက် မင်းလျော်။ ဂုဏ်နှဘော်ဖြင့်။သူတော်ထွန်းသည်၊ရဟန်းရသေ့။ အခလေ့တုံ။ ဘေးတွေ့ကြိုက်ဆုံ။ မြင်လတ်တုံသော်၊ လွတ်ရုံမေတ္တာ။ ချမ်းသာဝေဌ၊ နှောင့်ဖွဲ့စသည်။ ထိတ်မှုမခတ်။ သံကြိုးချွတ်၍။ ဘေးလွတ်တရား။ ဆုံးမကြား၍။ ထွေပြားဘဲ့သို့။ ကျင့်ခြင်းတို့ကို။နှစ်လိုပန်နက်။ မြတ်ရာမက်သည်။ ဆုခက်ရွယ်ရွယ်။ သူတို့ဝယ်ကား။ အံ့ဘွယ်သရဲ။ လွန်ဆကဲ၍။ ဖအဲရှင်တုံ။ ပစ္စည်းပုံတည့်။စေ့ရုံစွန့်လှူ။ ပေးရမှုလည်း၊ ငါတုကြံမိ။ သူမသိဟု။အချိုဝတ္ထံ။ သူတို့ခံလျော်။ သေထံပါးနိုး။ ရောက်လုပြီးလည်း။ စစ်စီးလှယ်လျော်။ စွန့်ခေါက်ရက်လျှင်။ ။သူ့သက်လွတ်ရနိုင်စေလသေး။

ယထာဝိ ကုမ္ဘော သမ္ပုဏ္ဏော၊ ယဿကဿစိအဓောဂတော။ဝမတေဝုဒကံနိဿေသံ၊နတတ္ထပရိရက္ခတိ။

တထေဝ ယာစကေဒိသွာ၊ ဟီနမုက္ကဋ္ဌမဇ္ဈိမေ။ ဒဒါဟိဒါနံနိဿေသံ၊ ကုမ္ဘောဝိယအဓောဂတော။

ယသာသကာသဝိ၊ ခပ်သိမ်းသော။အခေါင်တော်၊ အောက်သို့
မျက်နှာရှိသော။ သမ္ပုဋ္ဌော။ ရေဖြင့်ပြည့်သော။ ကုမ္ဘော၊အိုး
သည်။ နိုသေသသံ၊ အကြွင်းမရှိ၊ ဥဒကံ၊ ရေသည်။ ဝမတေ၊ ယို
ထွက်၏။တထ္ထ၊ ထိုအိုး၌။ဥဒကံ၊ရေသည်။ နပရိရက္ခတိယထာ၊
မစောင့်ဓကြွင်း သကဲ့သို့။ တထေဝ၊ ထိုအတူလည်းကောင်း
လျှင်။ဟိနရက္ကမ္မမဇ္ဈိမေ၊ အယုတ်အလတ်အမြတ်ဖြစ်ကုန်သော။
ယာစကေ၊ အလှူခံပုဂ္ဂိုလ်တို့ကို။ ဒိသွာ၊မြင်၍။ အခေါင်တော၊
အောက်သို့မျက်နှာရှိသော။ကုမ္ဘော ဝိယ၊အိုးကဲ့သို့။ ဒါနံ၊ အလှူ
ကို။နိုသေသသံ၊ အကြွင်းမဲ့။တွံ၊ သင်သုမေဓါရသေ့သည်။ဒဒါဟိ၊
ပေးလော့။ဣတိ၊ ဤသို့။ အဟံ၊ ငါသည်။ ဝိစိနာမိ၊ စူးစမ်းတော်
မူ၏။

၅၆။ နိမ္မာန်ကျွန်းထိပ်။ရွှေပြည်ဆိပ်သို့။သိပ်သိပ်ကြိစည်။
ပွိုင်ပိမ့်ရည်လျှက်။ကျိုးကျည်စွာမြွေ။ဂုဏ်မျိုးစေ့ကို။ ယနေ့စိုက်
ပြီး။ရသေ့ကြီး။ ။အသီးနည်ဖွေ။ရှင်အတွေကား။စေ့ရေဆန်း
ထုတ်။ အဟုတ်အဟာတ်။မချွတ်ကြောင်းခြာ။ ဘဘွားရှာလော့။
ပမာမည်သည်။ ဤလူ့ပြည်၌။ ဆိကြည် ရက်တက်။ ရေပြည့်
လျှက်သား။ကြိမ်ခက်ဘောင်းကန်။ဖျဉ်းအိုးတန်ကို။ ပြောင်းပြန်
ဦးစောက်။သွန်ဘိမှောက်က။တပေါက်အရည်။ နည်မျှမကြွင်း။
အောက်ဟာင်းလင်းလျှင်။ ကျယ်ဝင်းထက်ချည်း။ ယိုသည့်နည်း
ကို။တိုင်တည်းရှေးရှု။သက်သေမူ၍။အလှူအရာ။ပေးသောခါ၌။
အခြာချုပ်ချုပ်။ သရုပ်တပါး။ သင်ပေပြားသည်။ ရွှေသွားအ
ကယ်။ဥပစ္စာယကား။ယိုးမယ်မရှိ။မှောက်သွန်ဘိသို့။တစိခြင်း
သင်။ရေအိုးလျှင်ဟု။ ယုံမင်မည်မှည့်။ အိုးတပည့်လျှင်။ မှန်၏မ
ချွတ်။ငါဟုမှတ်လော့။အထွတ်ဘုန်းခိုင်။ မြေမဏ္ဍိုင်၌။ မတိုင်ရ
သေး။ဝေးလေသရွေ့။ခါမစေ့တည့်။အလေ့ကောက်ပဲ။ သီးပွင့်
ခဲသို့။ဖအဲရှင်ကျော်။ကြာတင်သော်လည်း။ထိုရော်လေးမြင့်။ငါ
အကျင့်ကို။တပွင့်ပန်းမာလ်။ ပန်လိုသသူ။ပန်ကာမူဟု။ ဟူ၍ပင်
ကို။အိုးအလိုလျှင်။မဆိုသော်လည်း။ ရေစရည်းနှင့်။ တနည်းအ

ကျဉ်း။ လွယ်မှုချဉ်း၍။ ။ဖျဉ်းလျှင်ဆံရာမြောက်စေလသေး။

၅၇။ လူဖြစ်စေသည့်။ငဒုသသိန့်။ အညိုနှန်းကြ။ ဂေါသီလ ဟု။နွားမျှစောင့်သား။မဖြောင့်နှလုံး။သစ်တုံးတဆူ။တောင်သူ မှူး။ထိုထက်ထူးသား။ကျေးဇူးသရဏာ။ပါဏာတိပါတ်။လွှတ် သည့်ကစ။ဤမျှဘောဝ်ထုတ်။ လူအစုတ်ကို။ အယုတ်အလတ်။အ မြတ်ဖြင့်အား။သုံးပါးလျှော့ခံ။ရှင့်အထံသို့။ညယံမိုးသောက်။မပြတ် ရောက်မှု။ မြတ်လောက်ယုတ်တန်။ ဆင်ခြင်ဟန်ဖြင့်။ ပေးလွှန် ဗိမ့်လော့။တန်ဗိမ့်လောဟု။ နှစ်မြောတိုင်းတွဲ။ ရွေးချယ်မဲ့လျှင်။ ချတ်ဘဲ့ခြေလက်။ လှည်းဖျက် သွေးသား။ နားပါး နှာခေါင်း။ တောင်းလောင်းလည်ဖြတ်။သည်းပွတ်နှလုံး။ စဉ်းတီးအုံး၍။အ သုံးစွန့်ပေ။အစားသေလျက်။လွှတ်စေသူ့သက်။ ဤသည့်ထက် ကား။ပြိုင်ဘက်မမျှ။ ဗာဟိရဟု။အပထိုထို။ပစ္စည်းကိုသော်။ဆို ဘွယ်မရှိ၊ ပေးဝံ့ဘိက။ဗောဓိသမ္ဘာ။ ဆောက်ဉီရှာသည့်။မြတ် စွာရှင်အား။လှူတရားကား။ များများကြွင်းကျန်။ ရှိတန်အံ့လော။ မနှစ် မြောဘဲ။ ပေးစွန့်ကြဲလျက်။ ဖအဲနောက်နောင်။ စည်းစိမ် ခေါင်အား။ ။လက်ဆောင်ကံကျွေးလောက်စေလသေး။

၅၈။ တထွေသော်တုံ။ဤလူ့ဘုံ၌။သုံးစုံလှူခံ။ နိယံမစဲ။ရှိ ဘူးမြဲ၏။မရဲကိုယ်တူ။ချစ်သောသူနှင့်။လျစ်လျူတချို။ရန်သူတို့ စွင်။ နှစ်လိုသသူ။ အလှူခံလာ။ ရောက်သောခါကား။ အာသာ ချေမြက်။ နှစ်သက်အင်ရွဲ။ ဖက်လဲတကင်း။ သိမ်းမြန်း ခြင်းဖြင့်။ ပြင်းသားမှုထား။ လျစ်လျူအားကား။ များများ မကြည်။ နှုတ် မွန်ရည်လည်း။သံခြည်မဟာ။ ပေးစတင်းလင်း။ ရက်ကြွင်းထား ထား။တာတွယ်များ၏။စီးပွါးမမှု။ကိုယ့်ရန်သူတည့်။အလှူခံ၍။ ရောက်ပေလာအံ့။အင်္ဂါ ရုပ်ခတ်။မပွတ်မထွား။ ရေသားမွှိမှိ။ တိမ်နှယ်ဆိုလျက်။ တချို့သသူ။ မျက်ကြုတ်မှု၏။ ဤသူသုံးပါး။ ကျင့်ရန်များကို။ဘာဘွားရှင်လှ။သံဝေရလျက်။ချစ်ထမဲ့ထွန်။ရန် သူတယောက်။လျစ်လျူရောက်မှု။ဝမ်းမြောက်သောထွေ။ လွန် လေရှေ့ဘို့။နှောင်သို့သောခါ။ပေးလိုက်ပါက။ငှာသုံးစွဲ။ အချစ်

မြဲအံ့။ရေးကဲ့တထွေ။ မအံ့ပ်လေဟု။ အနေပြောင့်စင်း။ ကြီးခင်း ကျင်း၍။ခံငြင်းရန်သူ။ဖြစ်ဘူးမှုလည်း။အလှူအရာ။ပေးသောခါ၌။ စာနာမရှောင်။ရေးကျယ်ထောင်လျက်။အမောင်သိသည်။ ။ အကြီဆုံးခန်းရောက်စေလသေား။

၃၉။ တနည်းသော်တုံ။ ဤသုံးစုံသား။လူ့ဘုံဟူခံ။ ဆက် ဆံစလောက်။ရှင့်ထံရောက်မူ။ ဝမ်းမြောက်ပီတိ။ဆိုမိဘန်ဘန်။ အနုမာန်ဖြင့်။မကျန်နည်ဖွေ။ကြီမိစေလော့။ခံပေလာထွန်။ဤသူ မွန်ကား။နက်ဖြန်ယနေ့။ညနေ့ရှေစား၌။အိမ်မှာမရှိ။ငါ့ဆွေသိဟု။ မိမိခြင်းရာ။ဆိုခဲ့စွာကို။မေတ္တာသက်ကြည်။ ပြောလာသည်ဟု။ တည့်စေအမှတ်။ မချွတ်စွာမြို့၊ သူတို့ဘာသာ။ ဥစ္စာထွေပြား။ အိမ်ခမ်းနားကား။သက်သွားတဖြစ်။ ခန္ဓာပစ်က။ ရှိရစ်တတ်စွ။ ကျန်ရမဲ့အောင်။ ယူလေမောင်ဟု။လက်ဆောင်ဥပဒေ။ သလာ ပေသည်။သဟောကျွမ်းဝင်။လှူခံလျှင်ဟု။ဆင်ခြင်နေ့ရေ။ တွေးမိ စေလော့။ပုံသေတထူး။နည်းတဦးတုံ။ဟူးဟူးထိန်ပြောင်။ အိမ် မီးလောင်ဝယ်။ ဥစ္စာဆယ်သို့။သွတ်လှယ်စင်းလျှင်း။ သေမင်းသူ ညစ်။မီးထုပ်ပစ်၍။ ဆုတ်နစ်ခန္ဓာ။လောင်သောခါ၌။ ဥစ္စာဆယ် ဘော်။ရပါတော်၍။လိုက်လျှော်ငါ့တွင်။ကျေးဇူးတင်ဟု။ သိမြင် သော လျှောက်။ အရိုး ထောက်လျက်။ ကြီအောက် မေ့ထွေ။ မြှော်နိုင်စေလော့။နေ့ရေမစဲ။ရောက်မြဲတချို။ လှူခံတို့ထုံ။ထိုသို့ မီး၌။ ဆယ်စုလိုက်လျက်။ မပြိုက်မီးခိုး။ လှူထုပ်မိုးကို။ ကဲရိုး စောင့်ရှောက်။ မပျောက် ရစေ။ မြန်လင့် ပေ၍။ သေလည်းမ ကင်း။ဤရင်းငှာ။ ကိုယ်မကွာဟု။ စာနာဝန်းလျှား။ အယူစား ဖြင့်။တတ်အားလှစွမ်း။ပေးလှူကမ်းလျက်။စဲစမ်းတဘန်။ ရန်ရေ ဆန်သို့။ ။ကြီဟန်သူနှင့်ဘောက်စေလသေား။

၄၀။ နောက်မှိထရုံ။ ကယ်ကဲ့ဟန်လျှင်။ ဆံလှံတော်မိ။ မိတ်ကောင်းရှိသော်။မချိနိုင်တန်။ ဝန်လည်းကဲမြောက်။ ထိပ်မိုး ရောက်၍။ ထုတ်ချောက်အလို။ ပြည့်သည်ကိုယ်ဖြင့်။ မဆိုသာ လေ။အံ့ကြချေသို့။ သဟောမိတ်စစ်။ အလှူခံဖြစ်လျက်။ သုံးထစ်

စည်းစိမ်။အခေါင်နှိမ့်ကို။ ရချိန်လက်ငင်။ကြွသွားမပြို။ ကုသိုလ်
ဟူသော်။အလှူမည့်ရှောင်း။ မှုတော်ကောင်း၍။ စုံပေါင်းဘော်
ရွေ။ ညီညာပေသည့်။ အဆွေစင်စင်။ လှူခံလျှင်ဟု။ ကျွမ်းဝင်
ကောင်းစွာ။ရှင်မြတ်စွာလည်း။ကလျာဏမိတ်။ မှတ်သည့်စိတ်
ဖြင့်။ဒလိဒ္ဒလာ။ကပ္ပနာဆုံး။အရှုံးလူပစ်။ လှူခံဖြစ်လည်း။ ချစ်နှစ်
အင်ခွဲ။မပြေစဲလျှင်။ဝမ်းထဲရွှင်ဖြိုး။လေးမြတ်နိုး၍။ အရိုးကိုင်မိ။
ထဲနည်းသိလျက်။ ဗောဓိပညာဉ်။ ဖိုလ်မဂ်ယှဉ်ကာ။ ငါးစဉ်ခြေ
ယျ။ကြောန်ကျလျက်။ဒသဗလော်။ကျေးဇူးကျော်သည်။ ရှင်တော်
စင်စင်။တိုင်းသိမြင်လျက်။ဘော်ဝင်ရိုင်းပင်း။လူဆင်မြင်းကို။ ။
လင်းလင်းမိုက်မှောင်ဖျောက်စေလသော။

၆၁။ ဘုရားသြရှင်။ သခင်သက်ရှည်။အလှူသည်ဟု။ မွန်
ရည်စွာလှ။ နတ်သြဇနှင့်။ ချိုမြပြိမ်းချမ်း။ပျူငှာဆမ်းလျက်။ချီး
မွမ်းရရုံ။တောင်းလတ်တုံအံ့။အယုံနားထောင်။နန်းပွဲဘောင်၌။ဇါ
စောင့်ဖွဲ့လျက်။ မည့်တော်ဆက်သို့။ သက်သက်ဖြောင့်ကြည်။
ကောင်း မှတ်တည်၍။ ဤသည်ချိန်ဟန်။ အမှန်ဖြစ်စေ။ မသေ
သောကြား။ဤစကားတည့်။အများဖိုလ်ခြေ။တွင်စေခလို။ဝန်တို
မမူ။အလှူအရာ။မဆုတ်ငါဟု။အာသါဆွတ်ဆွတ်။ညွတ်၍လည်း
ကောင်း။နည်းတကြောင်းဖြင့်။ကြွရှောင်းတုံမူ။လူဟူသမျှ။ သေ
ဏဍစွာ။ပျောက်ရစ်ကာဟု။ရပါချင်ရှောင်း။သူမကောင်းလည်း။
ပေးကောင်းစွာလှ။ စွန့်တမ်းကျဇ်။ လိုထမနား။ ပန်ကြားဖွဲ့ချီး။
တောင်းတပြိကား။ပွားစီးမရ။ပေတိုင်းမျှကို။ ဘဝနောင်ခါ။ ရ
ပြန်ပါလည်း။ကောင်းကာဟူသည်။အယူလည်းမှတ်။အလှူဝတ်
၌။ညွတ်၍ လည်းကောင်း။ မြတ်လောင်းသူတော်။ လူတို့သော်
ကား။ပူဇော်ကြငှာ။လှူခံရှာ၍။ ရသာသောလျောက်။ဝမ်းမြော်
ကြည်နူး။လှူကြဘူး၏။အထူးသင့်လျော်။ငါ့ဘုန်းတော်၍။ မခေါ်
ရချေ။ ရောက်လာပေဟု။ နေ့ရေပန်ဆန်း။ လူအဋ္ဌန်းအား။ ပေး
များနှောင့်နှေး။ ဦးမလေးတည့်။ အရေး မြော်မြော်။ ကျေးဇူး
ဘော်၍။ ။မှောက်တော်နှလုံးရှည်စေလသော။

၆၂။ အလှူခံများ။သူ့ဘုန်းစားတို့။အငြွားဟော်လာ။ကြိုက်
စဉ်သာလျှင်။ပါရမီဆု။ပြည့်ရမှုဖြင့်။စတုသင်္ဂဟ။ သပြိုဟ်မ၍။
ပေးရနိုင်သည့်။ဖြစ်စိမ့်ရည်လျက်၊ အရှည်အတိုု။ ထိုထိုပစ္စည်း။
ငါ့သိမ်းဆည်းရှင့်။အနည်းအများ။ အိမ်ခမ်းနားကား။ ရောက်
ငြွားငါ့မှာ။ယာစကာတို့။ မှန်စွာမြို့ဟု။ ဤသို့သော်လည်း။ ကြံ
သည့်နည်းဖြင့်။ပစ္စည်းစွန့်ဘွယ်။လှူရေးကျယ်၏။ယာလယ်စား
ကျင်း။လုပ်ခင်းကျွဲနွား။ မျိုးလည်းများ၍။မဌားသူလုံး။ လယ်လုပ်
ထုံးသို့။ယူကျုံးပေးလွယ်။လှူဘွယ်လည်းများ။လှူလည်းပွား၏။
မဌားသူဌာ။ ရသောခါ၌။ ဇာ္တာသယ။ငါ့ဆန္ဒနှင့်။ ချော်ကြစွာ
ဘိ။ ခက်မှန်းသိဟု။ မိမိပင်ကိုယ်။ အာရုံချိုတည့်။ မျို၍လည်း
ကောင်း။နှစ်တောင်းပန်ထွာ။မခံလာတည့်။ငါ့အလိုသိ။ပန်းကြီး
လုပ်ကြံ။အလှူခံတို့။မည့်သံမထုံး။ချော်စွာသုံး၍။ နှလုံးနှစ်သက်။
စုံမက်ရာရာ။ မှိုကောင်းစွာဟု။ ဥစ္စာဆောက်ဦး။ ပေးလှူဌဝေ။
ရောင့်ရဲစေမှု။ ပြု၍လည်း ကောင်း။ လုံးပေါင်းရပ်သူ။ လူကုန်
အောင်စုံ။ငါ့ငွေ့လှုံ၍။ ကုံစေခလို။ ငါ့ကျသိုလ်ဟု။ ဆို၍လည်း
ကောင်း။တချောင်းနှလုံး။စွဲသုံးဖြောင့်မ။ဝန်မျှမတို့။ ငါ့အလိုကို။
ထိုသိုဆက်ဆံ။အလှူခံတို့။ သက်သံမရှိ။ကောင်းမှန်းသိ၍။မိမိလို
ရာ။ရလေပါလျက်။ဘယ်ခါ ဘယ်သူ။ယူပါလိမ့်နည်း။ ဤလည်း
တရေး။မပေးစွန့်ရက်။သူခံလျက်တည့်။ ဝက်၍လည်းကောင်း။
မတောင်း ဝံ့စေ။ မစ္ဆေရစိတ်။ ချွန်းနှယ် ချိတ်၍။ ဆို့ပိတ်လက်
တည်း။ပစ္စည်းနိုင်ငံ။ လိုက်၍ကြံသော်။ဝေးလံဆုကြီး။ ပါးမနီး
ဟု။သင်းသီးထွေရော်။အပြစ်မြော်၍။မှောက်တော်ဘဘွား။လှူ
ခမ်းနားကို။စည်းဝါးသိပြီး။လမိုင်းသီးလျှင်။ ။ဝတ်ကြီးလက်
လုပ်မည့်စေလသော။

၆၃။ အကြင်သမှု။တန္တုနည်းသိ။ပမာမှိုးလည်း။ပြည်နီး
ရွာစပ်။လေးပါးရပ်မှ။ရောက်ထပ်မစဲ။ဆိုလာမြဲသည့်။ လမ်းကွဲ
ခွင်ကျယ်။ခရီးဝယ်၌။သွယ်သွယ်တန်ဆောင်း။ပင်စည်ကောင်း
လျက်။ ရှောင်းရှောင်း ထွက်သား။ ခွခက် ကျိုင်းတံ။ များမလံ

တည့်။လူ့ထံနတ်ရိုး။သိကြွားပျိုးသည့်၊တောစိုးမည်သိ။ ဆေး
ပင်ကြီးကို။ အသီးအရွက်။အခက်အမြစ်။ ခြမ်းထစ်အကာ။ စေ့
ခေါက်ခွာ၍။ ပါသာ သောတိုင်း။ လိုရုံလှိုင်း လည်း။ ချတ်ပိုင်း
တောင်းလောင်း။ သစ်ပင်ကောင်းကား။ မခြောင်းမျက်ဟုန်။င
ဌာကျန်ဟု။ပတုံပလဲ့။ ပိတ်တုံမဲ့တည့်။ ကဲ့ရဲ့သပြို ဟ်။ဆိုချိမ့်သ
ရော်။ ဆေးပင်ကျော်သည်။ မလျော်လည်းကောင်း။ လမ်းဦး
ခေါင်း၌။ပြန့်ကြောင်းစီးပွါး။သူ့ဘို့အားဖြင့်။ရောက်ငြားဤဝယ်။
ငါမှန်ကယ်ဟု။ ဆိုဘွယ်ချင်းသင်။ယင်းသစ်ပင်၌။ ထင်၍ဟုတ်
မြို။ထိုကဲ့သို့လျှင်။သူ့ဘို့မွှော်မွှော်။ရှင်တုံသော်လည်း။လော်က
ဗန္ဓု။ပေးသည့်ဆုကို။ ယခုရစ။စေ့ပျိုးချ၍။ ရောက်ရပြီးသည်။
ဆေးပင်စည့်လျှင်။မည်ကျင်ရကား။ အများလိုတိုင်း။လှိုင်းစေခ
လို။ကိုယ်လည်းမကြွင်း။လုံးစုံနှင်းလျက်။ စင်းစင်းကြည် ဖြောင့်။
ကိုယ်ကြောင့်စီးပွါး။သူတပါး၌။ များလေခဲ့က။ ကဲ့ရဲ့ဆိုဘွယ်။
အဘယ်တစ်။ ကြံရေးရှိအံ့။မိမိကိုယ်မှ။အပဝတ္တု။ စည်းစိမ်ရ
ကို။ ဆိုမှုဝေးစေ။ အသေထက်တိုက်။လွတ်စိမ့်ရိုက်သည်။လျှ၌
ဆေးပင်။ငါပြီလျှင်ဟု။ ။ဘခင်အမှတ်တည်စေလသေး။

ဤတွင်၍ကားဒါနပါရမီခန်းပြီး၏။

---

## (ခ) သီလပါရမီခန်းအစ။

နဟေတေဗ္ဗောကာယေဝ၊ ဗုဒ္ဓမွှာဘဝိဿရေ။ အညေဝိဝိ
ဝိနိဿာမိ၊ ယေဓမ္မာဗောဓိပါစနာ။
ဝိစိနန္တောတဒါဒက္ခိံ၊ ဒုတိယံသီလပါရမိံ။ပုဗ္ဗကေဟိမဟေ
သိဟိ၊ အာသေဝိတနိသေဝိတံ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ဗောဓိပါစနာ၊ သဗ္ဗညုဘုရားအ
ဖြစ်ကို ရင့်စေတတ် ကုန်သော။ ယေဓမ္မာ၊ အကြင်တရားတို့
သည်။ ဗ္ဗောကာယေဝ၊ ဤဒါန ပါရမီတို့သည် သာလျှင်။ နဘ

ဝိသာသရေ၊ မဖြစ်ကုန်ရာ။ အညှော၊ ဒါနပါရမီမှတပါးကုန်သော။ ဗုဒ္ဓဝမ္မော၊ ဘုရားအဖြစ်ကိုပြုတတ်ကုန်သော။ ယေဝမ္မော၊ အကြောင်းတရားတို့သည်။သန္တိ၊ရှိကုန်၏။တေဝမ္မောအပိ၊ ထိုတရားတို့ကိုလည်း။အဟံ၊ ငါသည်။ ဝိစိနိဿာမိ၊ ရွေးချယ်ဦးအံ့။ ဆင်ခြင်အံ့သော်လည်းပေ။

ဝိစိနန္တော၊ရွေးချယ်ဆင်ခြင်သော။သောအဟံ၊ ထိုငါသည်။ ပုဗ္ဗကေဟိ၊ ရှေး၌ဖြစ်ကုန်ပြီးသော။မဟေသိဟိ၊ မြတ်စွာဘုရားတို့သည်။ အာသေဝိတံ၊ ရှေးရှုမှီဝဲအပ်ထသော။ နိသေဝိတံ၊ အဘန်တလဲလဲမှီဝဲအပ်ထသော။ ဒုတိယံ၊ နှစ်ကြိမ်မြောက်သော။ သီလပါရမိံ၊ သီလပါရမီကို။ တဒါ၊ ထိုအခါ၌။ အဒက္ခိံ၊ မြင်တော်မူ၏။

၄၄။ ပါတိမောက္ခ။သံဝရတို့။စသည်ကျင့်ပြင်း။သီတင်းလေးပါး။ ဆွထွေးထွေးလျှော်။ ရလျှားဘွဲ့ဖြူ။သရေဖူးနှင့်။ မြရှိစွန်းနား။ မျှားလျှားချမြိတ်။ ရောင်လျှံဘိတ်သား။ စာရိတ္တသီ။ မျက်ခြယ်စိလျှက်။အင်းဂျိတုရင်။သင်တိုင်းဖျင်ကို။ သို့ပင်မချွတ်။နေ့တိုင်းဝတ်လျှက်။ရှင်မြတ်ဘောင်တွင်။ငါ့သဘင်၌။ အလင်္ကာရေ။ ဂုဏ်ဝါပလျှက်။ သွယ်ချနည်းမှတ်။ ပိဋကတ်မျိုး။ ဝန်ကြီးစိုးသည်။ထမ်းပိုးဘဏ္ဍာ။သာရိပုတ္တရာ။ ။ပဌ္ဌနာပုံ။ပန်းတည်ခုံ၌။စိတုံတလင်း။စံစခင်းသို့။လက်ငင်းတောင်းသစ်။ ဆုကြီးနှစ်ကို။တစ်တစ်လွှေ့လွှေ့။ရသနေ့၌။ရသေ့ပွဲစီး။ တမုံကြီးကား။ ထုံးမြိုးနည်းချ။ဤသို့စသား။ဒါနပါရမီ။လှူစာဂီကို။ ဂမ္ဘီနိုက်နှဲ့။ ကြံပြီးရဲမှ။လေးတွဲနှစ်လို့။ဤသို့တဘန်။ဆင်ခြင်ပြန်၏။ ကောင်းမွန်အာရုံ။မြတ်နံ့ထုံလျှက်။ဖူးငုံချက်မြင်။ဆုကြီးခင်သည်။ဗုဒ္ဓကိုရ။တွင်ထမဟာ။သုမေဓါ။ ။ကြောင်းခြာတလျှဉ်။ ရေအယဉ်သို့။စိစဉ်ဝန်းလျှား။ဤစကားလည်း။စွန့်စားလှူဌါ။ကျယ်လေစွာခဲ့။အချာချုပ်ချုပ်။ သရုပ်ချဉ်းချဉ်း။ နည်းကျဉ်းစွာလှ။ ပိဋ္ဌကတ္တဖြင့်။ဒါနထွေငေါ်။ရုံးစည်းသော်မူ။တဘော်နှင်နှင်။ တွင်းပြင်ဟူသည်။စွန့်အံ့ရည်သား။နှစ်မည်မျှလျှင်။ ဆိုတုံကျင်ခဲ့။ ဒိပက်ရာ။

စောမြတ်စွာသည်။ ငါနှင့် ရည်တူ။ ဤသူမချွတ်။ ဖြစ်တော့ရွတ်သား။နွတ်ပါဌ်ပါဌ်။ ပုဒ်နှင့်ညှိသော်။ တစိမ့်တည်း။ အလှူချည်းမှု။ ။ရှင်နည်းမရတန်သေးတည်း။

၄၅။ စကြဝဠာ။ အဇ္ဈာနှင့်။သတ္တဝါများ။ ဥာဏ်၏အားဖြင့်။လေးပါးနန္တ။ရေခဲ့ကလျှင်။ဆုံးဆမသိ။အံ့ဘွယ်ရှိ၏။ဗောဓိဥာဏ်ပွန်။အမြင်သန်၍။အနန္တာရုံ။ကြိုသားထပ်မျှ။ မျက်နှာဝနှင့်။တန်ကြစမြဲ။ကြုတ်ဖုံးထဲသို့။အံ့အဲသရော။ စကြဝါနှင့်။အာကာမိုးပြင်။လူပုံယင်ကို။သိမြင်လေနိုင်။ဥာဏ်မဏ္ဍိုင်အား။မပိုင်တန်ပဲ။လှူသာရဲလျက်။စွန့်ကြဲပေးကမ်း။ကိုယ်အမ်းချချ။ဤသည်မျှဖြင့်။ပိုင်သကြွယ်ပုံ။ဗုဒ္ဓဘုံသို့။ရေခံတုံတပြီး။မငြီးငွေ့လျှင်း။ လွယ်လှမင်း၏။ ထိုရင်းတရား။နှစ်ပါးရူဘာ။ လှူကာသာလျှင်။ ပညာရင့်ခိုင်။ ကျေးဇူးစိုင်သို့။ မတိုင်တန်သေး။အရေးတကြောင်း။ရှိတန်ကောင်းဟု။မြတ်လောင်းရှင့်ဘ။ ဗျာဒိတ်ရကား။ ဗုဒ္ဓမွှာ။ကျင့်ကောင်းရာကို။ ထိုခါတွေ့ဘော်။ရှာလတ်သော်တည့်။ သူတော်မြတ်ဖျား။ရှေးဘုရားတို့။မရှားမနှစ်။ လေးမြတ်ချစ်လျက်။ စိစစ်နိုင်မြဲ။ကျင့်မှီဝဲ၍။အထဲထိုးထွင်း။နက်စွာချင်းသါ။သီတင်းမည်မှတ်။ အကျင့် ဝတ်ကို။ နှုံးညွတ် ကြည်ယုံ။ မြင်လတ် တုံသည်။ ။ကျုံလုံသုံးချင်ရှေးရှေးတည်း။

၄၆။ မသုံးထောင်းသည်။ ကျင့်ကောင်းသီလ။ အာစာရကို။ဆုံးစတိုင်တိုင်။ မကျင့်နိုင်ဘဲ။ လှူသာရဲ၍။ စွန့်ကြဲ ကာမျှ။သစ္စာမှန်ဦး။ ပွင့်လေဘူးသည်။ ရှေးကျူး လွန်လေ။ မြူရန့်မြေသို့။လူ့ဆွေဘုရား။ ရှာသော်ရှား၏။ပြူထွားကျင့်ဝတ်။ သီတင်းမြတ်ကို။နှုံးညွတ်စွာလှ။ သုံးကျန်မှလျှင်။ပွင့်ရသည်ချည်း။ ထို၏နည်းသို့။ငါလည်းတုံမူ။အလှူပေးကာ။အဘယ်မှာလျှင်။ သစ္စာမုံထွား။ ပွင့်နိုင်ငြားအံ့။ ဘုရားအဖြစ်။ ကျေးဇူးနှစ်ကို။ စိစစ်ထွေငေါ်။ဆင်ခြင်သော်မူ။ရှင်တော်တဦး။ ဂုဏ်ကျေးဇူးကို။ တထူးမြတ်စော။ သက်ဆုံး ဟောလည်း။ သဘောဆုံးဌါ။ မတိုင်ရာတည့်။ကြောင်းခြာသွေးသွေး။ကြီချေသေးမူ။လှူပေးကာမျှ။မရ

ပေတန်။ ဤသို့မှန်၍။နိဗ္ဗာန်အသည်။စောဘုန်းစည်တို့။ နှစ်ဓည် ကျင့်ပြင်း။ လှူသီတင်းကို။ ရိုးရင်းနှလုံး။ ဆောက်တည်သုံး၍။ စ ဆုံးဖြစ်မြစ်။ သိမ်မွေ့စစ်လျက်။ ဆုသစ်ရတော်။ ရှင်တုံ သော် လည်း။လိုက်လျော်ကျင့်မြဲ။ သူ့ထုံးစွဲ၍။ ရှောင်လွှဲမည့္သာ။စောင့် အပ်စွာသည်။ သစ္စာကြောင်းရင်း။ ဤသီတင်းဟု။ ထဲတွင်းထိ ထိ။ ဤသို့သိမှ။ မိမိကိုယ်ကို။ သီတင်းထို၍။ ကုသိုလ် ဆောက် တည်။ စောင့်အုံ့ရည်လျက်။ဖွေနည်လှူ့လှူ့။ဆုံးမပြူသည်။ ။ ကျင့်မှုထုံးပုံသွေးသွေးတည်း။

ဣမံ တုံ့ဒုတိယံတာဝ၊ ဒဠှံကတွာသမာဒိယ။ သီလပါရမိတံ ဂစ္ဆ။ယဒိဗောဓိံပတ္တုမိစ္ဆသိ။

တာပသာ၊ ရသေ့။တွံ၊ သုမေဓါရသေ့သည်။ဒုတိယံ၊ နှစ်ကြိမ် မြောက်သော။တာဝ၊ အစဥ်သင့်။ဣမံ၊ ဤသီလပါရမီကို။ဒဠှံ၊ မြဲ စွာ။ ကတွာ၊ ပြု၍။ သမာဒိယ၊ ဆောက်တည်လော့။ ဗောဓိံ၊ သဗ္ဗညုဘုရားအဖြစ်သို့။ ပတ္တုံ၊ ရောက်ခြင်းငှါ။ ယဒိဣစ္ဆသိ၊ အ ကယ်၍အလိုရှိအံ့။ ဧဝံ၊ ဤသို့အလိုရှိသည်ရှိသော်။သီလပါရမိတံ၊ သီလပါရမီကို။ဂစ္ဆပူရေဟိ၊ ဖြည့်လော့။

၄၇။ မှုကြီးခဲစွာ။သူ့ဘို့တာ၍။နန်းရာပန်းတည်။ပြာသာဒ် ရှည်ဟု။ငြမ်းချည်ဥက္ကူ။ ဗိုက်သစ်ထူသို့။ ဆုယူတောင့်တ။ရည် တိုင်းရသည်။ ရောက်စပွင့်လျှာ။သုမေဓါ။ ။ဇာနာလေးတွဲ။ သူရမ်းပဲကို။ဖအဲရောထွေး။ကြီဦးသေးလော့။ ပေးပေးသမျှ။လှူ ဒါနကို။ နောက်မှ ချမ်းသာ။ အလို့ငှါဟု။ ဗိုလ်ပါ စွန့်စား။ ပြန့်စီး ပွါး၏။လျောက်လျှားကိုယ်ဘို့။ထိုသူတို့ကား။ထိုသို့သည်ချည်း။ အလှူတည်းဖြင့်။ ပစ္စည်းကြွယ်ကုံ။ စည်းစိမ်ပုံကို။ ရတုံလတ် သော်။ စံမွေ့လျော်လျက်။ နူဘော်ကိတ္တိ။ သိရိခြံရံ။ အကျိုးခံ၏။ တွင်စံဦးလျှော်။ ရွှေနှယ်ကျော်သား။တေဇော်သေဌ်နင်း။တရား မင်းတို့။ ပလင်းထစ်ထစ်။ ထိုသို့ဖြစ်လျက်။ အသစ်အဟောင်း။ ထပ်လောင်းအလှူ။ ရှိစွာမှုလည်း။အယူကျွံနစ်။ စည်းစိမ်ယစ်၍။

ကျင့်ညစ်မိန္တာ။ပါဏာသတ်ပုတ်။ဖြစ်ထုတ်လျှော်ကျ။အဓိန္နကို။ စသည်ကျန်အောင်။မရှောင်မကြဉ်။ ပြုသောစဉ်၌။ လေယဉ်ထိကျောက်။ဆီမီးတောက်သို့။မရောက်သေနေ့။ခါမစေ့တည့်။ ရတော့လောင်မီး။ ဖြုတ်ဖြုတ်ကြီးလျှင်။ ဖျက်ဆီး ဘိလေ။ ဥပစ္ဆေဖြင့်။ ကွင်းကွေ့ရွေ့လျော။ လတ်တလောချည်း။ အငယ်တည်းက။ယုတ်နည်းဖျင်းသိမ်။ စည်းစိမ်အသက်။ပျက်ခဲ့ဟင်းလင်း။ စံကောင်းခြင်းမျှ။မစံရတည့်။သိလချိုတဲ့။သိတင်းမဲ့သော်။ စေ့ပြဲ့ခွံပါး။ သစ်သီးလားသို့။ စွန့်စားလှူကာ။ ရလှည့်ပါလည်း။ ချမ်းသာမလှတပတည်း။

၆၀။ ခြေချင်းနားချောင်း။စည့်ဘောင်းလည့်မှာ။ရှုံးတန်းဆာနှင့်။ရှုသာဘနန်း။ ပွတ်တွန်းသင်ချော။ သဘော်ာမီးပစ်။ ဒုမစစ်ဟု။ ပြုလစ်ကစား။ ပြတားလိမ်းကျံ။ ကြေးနီခံ၍။ အလျှံအရောင်။ကယ်ကယ့်ယောင်သို့။တိုက်ချောင်အိမ်ထဲ။မီးသို့ရဲလျှင်။ စဉ်းလဲပန်းထိမ်။ယုံဘွယ်ကျိန်လည်း။မှိန်လသောခါ။ မဆင်မာသို့။ပါဏာတိပါတ်။ သတ်ခတ်ယူလု။ မကောင်းမှုတည့်။ ညစ်ကျုလိမ်းကျံ။ မကောင်းကြံဟု။ ထဲသံ စိတ်တွင်း။ ရှောင်ကြဉ်ကင်းလျက်။ သိတင်းသိမြင်။နားမတင်အံ့။နိသင်ဝိပါက်။ လှူကျိုးဆက်လည်း။ ခွန်နက်မဖြိုး။လုံးပိုးစံ့နှံ့။သီးဖျင်းခွံသို့။ မစံစမာ။ •လူ့ချမ်းသာကို။ပက်ပါထင်ထင်။ယချမြင်၏။အကြွင်နည်းနာ။ ချိုဆိမ့်စွာသား။သကာနို့ခဲ။စားဆဲဆဲ၌။ ရဲရဲဖုတ်တောက်။ပဲနေဂံတခြမ်း။ နှမ်းတလုံးရှိ။သံပူညှို၍။ခွံ့ဘိလတ်သော်။ထိုရေသ်သင့်ချည်း။ လောင်ရှိန်သည်း၍။ အနည်းမျှလောက်။ မငုံစောက်သို့။ ဝမ်းမြောက်ခြင်းရာ။ ထိုပမာလျှင်။ ချမ်းသာစည်းစိမ်။ အကြိမ်ကြိမ်တည့်။ရိပ်ငြိမ်စံပ။ပြင်မျှမပြု။စံငြား်မှုလည်း။ အပူဆင်းရဲ။ မီးခဲအမျိုး။ မကောင်းကျိုးလျှင်။ မျက်ငြိုးပူပန်။ ပေးလထွန်မှု။ သည်းထန်ပြင်းပြ။ တဒင်္ဂ၌။ မိဘကြမ္မာ။ ခေါ်ကျန် ကာတည့်။ သက်သာသည်းညှံ့။ မခံသာရှောင်း။ အသည်း ထောင်း၏။ ဤနှောင်းအပြစ်။အကျင့်ညစ်ကို။ ကောင်းနှစ်ကုသိုလ်။ ထိုချမ်းသာ

လျှောက်။မအောက်စောက်ခဲ့။ ဘောက်ဘောက်ပြန်ပြန်။ စည်းစိမ်ပွန်နှင့်။ပူပန်ဆင်းရဲ။ရော်ရာလဲသည့်။ဖြင်ပဲများစွာ။ သတ္တဝါကား။ ချမ်းသာရှည်မြဲ။ သိတင်းချို၍။ ။ဤသို့နိမ့်နိမ့်ကျကျတည်း။

၆၉။ အာယုဝဏ္ဏော်။ချမ်းသာကျော်နှင့်။ဗလော်အားသန်။ ပဋိဘာန်ဟု။ငါးတန်လူ့ရွာ။တွင်ကျယ်စွာသား။ပဉ္စာနိသင်။ အကျိုးထင်ကို။ရချင်လှလှ။တောင်းသည့်ဆုဖြင့်။ ငါးခုသိတင်း။မကင်းသိပ်သည်း။ကိုယ်ချုပ်တည်း၍။ပစ္စည်းပေးလှူ။ ဆည်းပူးမှုလျက်။လူအခလေ့။ရသေ့သူတော်။ ရဟန်းသော်ကား။ ခဲဖျော်ကျင့်ခက်။သိတင်းနက်၏။ထိုထက်သာသနာ။ကြိုက်စဉ်ခါ၌။စာရိတ္တသီ။အညီတကွ။ဝါရိတ္တဟု။သီလအရာ။မါတိကာလျှင်။နည်းနာစိုးစဉ်း။နှစ်ပါးချဉ်း၍။အကျဉ်းအကျယ်။ဆိုဘွယ်မြွတ်ယုတ်။ များစွာဟုတ်သည်း။ကိုယ်နှုတ်နှလုံး။ဆောံတည်သုံးလျက်။ဖိတ်ဖုံးလေးပါး။ ပါယ်တံခါးကို။ လန့်ကြား နင်းမိ။ ဘေးမှန်းသိ၍။ မျက်စိနှင့်နား။စသောအားဖြင့်။ထူးခြားစိစဉ်။ ခြောက်ဝိညာဉ်နှင့်။တယှဉ်တည်းပင်။ ထင်သား ကြိုက်ဆုံ။ရူပါရုံက။ စသည့်ခြောက်ဘော်။ အာရုံဘော်၍။ကောင်းသော်ရမွက်။ ဖျက်လျှင်အပြစ်။ မူညစ်မဲ့ဟာ။ မိုက်မဲစသား။ဤမျှတန်တန်။ တွင်းပရန်ကို။ဆန်လွန်နိုင်နင်း၊ ရှောင်ခွါကင်းသည့်။ သိတင်းဤလျှင်။သုံးသန့်စင်၏။ လူ့ရှင်အဖြစ်။ကန်မြစ်နိုင်ဆုံး။ ဤကျင့်ထုံးကို။ သုံးစခေါက်ရက်။လူလက်ထက်လည်း။ငြိမ်သက်ကြည်လင်။အသက်ရှင်၏။ပူပင်ဆိုးတောင်း။ ကျဉ်းမြောင်းမရှိ။ သေလေပြီ့လည်း။ စုတိကွဲပြို။အနန္တိုရ်လျှင်။ထိုထိုရပ်ဘုံ။ဘော်သုံးစုံ၌။ ကြွယ်တုံသက်ရှည်။ စည်းစိမ်တည်လျက်။အကြည်အညို။ အလိုလိုလျှင်။ဒိုသတ်တုံသော်။ သေဘေးမြော်လည်း။သူတော်နှင်နှင်။ကြားသင်ပေသည်။ နှလုံးကြည်လျက်။ဆောက်တည်ရရ။ သေခြင်းလှ၏။ထိုကတုံသော်။အကျော်အကျော်။တော်လေတုံတုံ။ သုံးစုံချမ်းသာ။လွယ်ကာကာလျှင်။မြတ်ရာအကျိုး။ ရုံပြည့်ဖြိုးလျက်၊

တန်းခိုးခေါင်ချင်း။တိုင်ကျန်လျှင်းသည်။သီတင်းအလှူ။ ဤနှစ်သူ
ကြောင့်။ ။ဗိုလ်လုအာထုအာထတည်း။

၂၀။ နှစ်ထွေကြောင်းရင်း။လှူသီတင်းနှင့်။ မကောင်းသသူ။
ကောင်းသားလူတို့။ ထူးမှုနှစ်ပါး။ဤထွေပြားကို။ ဝန်းလျှားကျယ်
တွင်။သိသောရှင်သည်။ ဒိပက်ရာ။မိန့်မှာဦးစ။ နေခင်ကာလ၌။
ပဌမဟာ။ စွန့်ကြီးစွာကို။ပြည်သာထိပ်ခေါင်။ စိုးရအောင်ဟု။
လက်ဆောင်တံစိုး။ရည်၍ထိုးလည်း။တန်းခိုးဉာဏ်ရှိန်။ ပွင့်ချိန်
အခါ။မတိုင်မီလျှင်။လောကီဝိပါက်။ ကျိုးဆက်ကမ်းဗမ်း။ပြည့်
သည့်စမ်းသို့။တက်လျှမ်းကြွယ်ဝ။စည်းစိမ်မကို။ရသော်လည်း
ကောင်း။ ဖြစ်ပေါင်းစုန်ဆန်။ မမှန်ခဲယဉ်။ ပုတုဇဉ်တို့။ ရှောင်
ကြဉ်မသါ။ရံခါမွေ့မှား။အလားမမြဲ။ဆောက်တည်လွဲ၍။ဆင်းရဲ
ဘုန်းစား။ဒွန်းစဏ္ဍားဝယ်။ကြိုးကြားကြိုက်ကြို။ ဆုံသော်လည်း
ကောင်း။ မြတ်လောင်းဖြစ်ချင်။ ကြိုးသော ရှင်သည်။ သသ်ရာ
ယဉ်။ထိုသို့စဉ်၌။ရှောင်ကြဉ်ရသား။ စီးပွါးမဖျက်။ သူ့သက်မ
ဖြစ်။သောက်ယာစ်မကြူး။ လွန်ကျူးအိမ်ရာ။ မိစ္ဆာမခံ။ လုထံမ
သင့်။ငါးပါးကျင့်ကို။ ရှောင်လင့်မနား။ ထိုထက်ပွါး၍။ မဂ်ပါး
အနှုလုံ။ရောက်အောင်တုံလည်း။ကျင့်ကုံနိုင်တတ်။ သီတင်းဝတ်
ကို။ ။မပြတ်ဝန်ခံချီစေလသေး။

ယထာပိစာမရိဝါလံ၊ ကသ္မိဉ္စိပတိလဂ္ဂိတံ။ ဥပေတိမရဏံ
တတ္ထ၊နဝိကောပေတိဝါလဓိံ။

တထေဝစတူသုဘူမိသု၊သီလာနိပရိပူရယ။ ရက္ခထသဗ္ဗဒါ
သီလံ၊စာမရိဝိယဝါလဓိံ။

စာမရီ၊စာမရီမည်သောသားသည်။ဝါလံ၊အမြီးကို။ကသ္မိဉ္စိ၊
တစုံတခုသောချုံအစရှိသည်၌။ ပတိလဂ္ဂိတံ၊ ငြိသည်ရှိသော်။
ရက္ခတိ၊စောင့်၏။ တတ္ထ၊ထိုငြိရာအရပ်၌။ မရဏံ၊သေခြင်းသို့။
ဥပေတိ၊ရောက်၏။ ဝါလဓိံ၊အမြီးကို။ နဝိကောပေတိယထာ၊မ
ပျက်စေသကဲ့သို့။ တထေဝ၊ထိုအတူလည်းကောင်းလျှင်။ တွံ၊
သုမေဓာရသေ့သည်။စတူသု၊ လေးပါးကုန်သော။ဘူမိသု၊ပါ

တိမောက္ခအစရှိသောသီလတို့၌။စာမရိ၊စာမရိမည့်သောသား
သည်။ဝါလဓိ၊အမြီးကို။ပရိရက္ခတိဗိယ၊စောင့်သကဲ့သို့။သီလံ၊
သီလကို။ပရိပူရယ၊ဖြည့်လော့။သဗ္ဗဒါ၊အခါခပ်သိမ်း။ သီလာနိ၊
သီလတို့ကို။ရက္ခထ။စောင့်လော့။

၁၁။ သချိုလေးထပ်။ တသိန်းကပ်ကို။ ကူးခပ် ပေါက်
မြောက်။မရောက်မချင်း။ သီတင်းမြိုးမြိ။ကျင့်အားသံလျက်။ အ
ကြံဆွတ်ဆွတ်။ မလောက်မှတ်၍။တပသီကြီး။ မြောက်စွာပြီး
သည်။ပွါးစီးလိမ္မာ၊သုမေဓာ။ ။ပမာသွေးသီ။စာမရီဟု။နောက်
ချီပွပွ။ မြီးဆံလှလျက်။တောမထိပ်ခေါင်။ သရေဆောင်သည်။
ရွှေရောင်ဖြိုးဖြိုး။သားအမျိုးကား။ကျင့်ရိုးအစဉ်။ချင်းတို့ဥာဉ်ဖြင့်။
ရှောင်ကြဉ်လျက်ပင်။မြီးဆံပင်၏။အကြင်သရော်။ မသွားတော်
၍။ ထော်လော်ကန့်လန့်။ချုံနွယ်ညွန့်၌။ အတွန့်ရှောက်ရှောက်။
ငြိလေမြောက်အံ့။ မှုလောက်မွေးသက်။ တမျှင်ရွက်ကို။ စုံမက်
ချစ်ဝိုး။ နှမြောနိုး၍။ သားမျိုးတိရစ္ဆာန်။ အားကုန် သွန်လျက်။
လည်လန်မူးမော်။ရှန်းချေသော်လည်း။ထိုရော်မြီးဖျား။ ပြတ်ခန့်
ညား၍။မသွားတသွေ။ထိုရွှေဝပ်တန့်။ အသက်စွန့်လျက်။ တွန့်
သည်တပင်။ မွေးတမျှင်ကြောင့်။ ကိုယ်စင်ဆုံးရှောင်း။ မသေ
ကောင်းဟု။ ကျိုးကြောင်းယိုးယံ။ အကြံမဲ့ပဲ။ ဖြစ်ခဲစွာလောက်။
မင်းမြှောက်တန်းဆာ။ရတနာအမြီး။ငါသေပြီးလည်း။ ပျက်စီးမဲ့
ထွေ။ ရပစေဟု။ ကောင်သေ ပင်ကိုယ်။ ဝပ်၍ဆိုသား။ ထို
တိရစ္ဆာန်။ တောသားမွန်၏။ ကျင့်ဟန် ထူးပြား။ ဤဖြစ်လား
ကို။ ။ဘဘွားနှလုံးရှိစေလသေား။

၁၂။ မြီးဆံချစ်တပ်။အသေဝပ်လျက်။ရွှေချပ်မှန်စီ။စာမရီ
သို့။ဝသီငါးတန်။ ဈာန်လည်းရှစ်ပါး။ ဘိညာဉ်များနှင့်။ ဘုရား
ဩဇ။ဗျာဒိတ်ရသည်။ကိုသီမြော်။ရှင်တုံသော်လည်း။မလျော်
စွာလွန်း။ရဟန်းတို့၌။ပရိက်စသည်။ခုနစ်မည်လျှင်။ မဲနည်ကား
ကျေ။မွှဲမည်းချေ၍။မြွေနှင့်မိကျောင်း။စသည်ပေါင်းသော်။ခြေခံ
ချောင်းကြိုးခြာ။ မကိုင် သာသို့။ ပမာတန္တု။ စက္ခု သောတ။

စသည့်ခြောက်စဉ်။ ဝိတ်ဝိညာဉ်ကို။ ဖြေဖျဉ်ချုပ်တည်း။မလိပ်လည်းတည့်။ပစ္စည်းစင်ကြယ်။ ရွေးချယ်လျက်လျက်။ ပစ္စဝေက်လည်း။တရက်မခြာ။ ဤသို့လာသား။သဃ်ာတို့အား။ကျင့်လေးပါး၌။ ရှောင်ရှားစောင့်ရှောက်။ ဆောက်တည်မြောက်လျက်။ မရှောက်ပြိုစွန်း။ ကြိုးသို့တန်းလေ့။ ရဟန်းတရား။ ဤလေးပါးတွင်။မအားသော်စဉ်။ပညာဉ်မျက်စိ။မရှုမိ၍။သတိမေ့ကျန်။မှါးမိထွန်အံ့။မလွန်မသည်း။ အနုတည်းဟိ။မြူမျှရှိလည်း။ မိုးထိဆုံးအောင်။မြင့်မိုရ်တောင်သို့။ပူလောင်ဆိုမို့။အလိုလိုလျှင်။ အောက်ကြိုနှိမ့်ချ။ခံဆုံးမလေ့။တစမလစ်။အပြစ်မြော်မြော်။ ရုံခါသော်ဟုံ။သူတော်သူကောင်း။ ကဲ့ရဲ့ရှောင်းအံ့။ စိုးစောင်းညီညာ။ မရှောင်သာသည်။ တရာတရေး။ အပြစ်သေး၌။ ညစ်ကြေး ဖြစ်ဟန်။ကြိုက်လထွန်အံ့။ မတန်မရာ။ငယ်စွာမသည်း။အပြစ်နည်း၌။အချည်းသက်သက်။ကိုယ်ကိုဖျက်၍။မပျက်စေရာ။ကျိုးယုတ်ကာဟု။စာနာတွန့်တို့။ဤသို့မကြီ။ထုံးစံသွေးသိ။ စာမရိကို။ရှေ့ဆိတူရှု။ ထားသည်မှုလျက်။ ။နည်းယူဆောက်တည်မိစေလသေး။

## သီလပါရမီခန်းပြီး၏။

---

## (၈) နိက္ခမပါရမီခန်းအစ။

နဟောတေဇွေကာယေဝ၊ ဗုဒ္ဓဓမ္မာဘဝိဿရေ။ အညေပိဝိဝိနိဿာမိ၊ ယေဓမ္မာဗောဓိပါစနာ။
ဝိစိနန္တော့တဒါဒက္ခိ'၊ တတိယံနိက္ခမပါရမိ'။ပုဗ္ဗကေဟိမဟေသီဟိ၊ အာသေဝိတနိသေဝိတံ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ဗုဒ္ဓဓမ္မာ၊ ဘုရားအဖြစ်ကိုပြုတတ်ကန်သောတရားတို့သည်။ဧတ္တကာယေဝ၊ ဤမျှတည်းသာလျှင်။နဘဝိဿရေ၊ မဖြစ်ကုန်ရာ။အညေ၊ ဒါနသီလပါရမီမှတပါးကုန်

သော။ဗောဓိပါစနာ၊ သဗ္ဗညုတဉာဏ်၏အဖြစ်ကိုရင့်စေတတ်
ကျန်သော။ယေဝမ္မာ၊ အကြွင်တရားတို့သည်။အဋ္ဌသင်္က၊ ရှိကျန်
၏။တေဝမ္မာအပိ၊ ထိုတရားတို့ကိုလည်း။ အဟံ၊ ငါသည်။ ဝိစိ
နိဿာမိ၊ ရွေးချယ်ရှုစမ်းဦးအံ့။

ဝိစိနန္တော၊ ရွေးချယ်ရှုစမ်းသော။သောအဟံ၊ ထိုငါသည်။
ပုဗ္ဗကေဟိ၊ ရှေး၌ဖြစ်ကျန်သော။ မဟေသိဟိ၊ မြတ်စွာဘုရားတို့
သည်။အာသေဝိတံ၊ ရှေးရှုမှီဝဲအပ်ထသော။နိသေဝိတံ၊အမြဲမှီဝဲ
အပ်ထသော။တတိယံ၊သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော။နိက္ခမ
ပါရမိံ၊ နိက္ခမပါရမီကို။တဒါ၊ထိုအခါ၌။အဒက္ခိံ၊မြင်တော်မူပြီ။

၁၃။ ဥပါဒါန။ သက္ကာယဟု။ တဏ္ဌသေဒူ။ ငါတည်းဟူ
သော။မသူတော်ရွာ။ဤခန္ဓာမှ။ပြည်သာပြာသာဒ်။အရိမဒ်ဟု။ဘုံ
ထွတ်ညီးညီး။မြို့ရပ်သီးသို့။လင်းစီးထောက်ထောက်။မရောက်
သောကြား။ခြောက်တန့်နား၍။ရထားခြောက်ဆူ။သိဒ္ဓိဟူသား။
ယာဉ်ပြုဖှည့်သီး။ ဆုလှယ်စီး၍။ ပြည်ကြီးလိုခြင်း။ သင်းပုံရင်း
နှင့်။ ရှင်မင်းသဃ်ရာဇ်။ ငါ့ထံဖြစ်လျက်။အစစ်နှင်နှင်။ သူတော်
ခွင်၌။ ညာတင်စကြုံး။ပညာဖြိုးသည်။ ကျမ်းရိုးတတ်စွာ။ သာရိ
ပုတ္တရာ။ ။ပဋ္ဌနာခေ့။ဆုကြီးတွေ့သည်။ ရသေ့ပုဏ္ဏား။ရှင့်
ဘဘွားကား။ နှစ်ပါးအလှူ။ သိတင်းဟူသား။ ဥရုကြံ့ခိုင်။သည်
မဏ္ဍိုင်ကို။မနိုင်လှုပ်ချောက်။ဤသို့ဆောက်၍။ ထူမြောက်ပြီးမှ။
ကြံ့ပြန်ဆ၏။ကုံလျှောင်းအောင်။ငြမ်းကြီးထောင်သည်။မှုဆောင်
ကတ်စွာ။သုမေဓါ။ ။သမ္မာသမ္ဗုဒ္ဓ။ဂုဏ်တော်ရတ်ကို။သွေ
ထုတ်စေ့ရေ။ အောက်မေ့ချေသော်။ လေးထွေပင်လယ်။ မြစ်
ထက်ကျယ်၏။ မလွယ်ခဲခက်။ခွဲစိတ်ဝက်၍။ ရေတွက်ညှံ့ဖျင်း။
လှူသိတင်းကို။ ဝိုင်းပြင်းတွေးခေါ်။ ကြံတုံသော်လည်း။ လိုက်
လျှော်ရာရာ။ နီးသို့ဖျာလျက်။ ကျယ်စွာ ယူထုတ်။ တန်ရုံရုတ်
သော်။ ကိုယ်နှုတ်နှလုံး။ ဆောက်တည် သုံးကာ။ ချုံးချုံး ဥသုံ။
စောင့်စည်းကျန်၏။ စေ့စုံအဝန်း။ အများထွန်းလျှင်။ လိုပန်းကြီး
မြတ်။ သဘော ကျွတ်သို့။ ချေချွတ် ပေးနိုင်။ အပြီး တိုင်သည်။

ဥဒါန်ခိုင်ကြီးထု။သဗ္ဗညု၏။အစုဆောင်ဆောင်။ကျေးဇူးခေါင်ကို။ရအောင်ရည်ရည်။ ရှင်တုံသည်လည်း။ ဆောက်တည်၍ယင်း။ လှူသိတင်းဟု။ အရင်းနည်းစွာ။ ဤမျှ သာလျှင်။ သမ္ဘာဆောက်ဦး။ကုန်စိမ့်ဟူ၍။လိုမှုလိုစာ။ လုံးပန်းရှာလည်း။ ငါ့မှာအရေး။ ခဲစွာသေး၏။ ကံကျွေးကြွယ်ဝ။ ကျေးဇူးမကို။ ဤမျှရင်းတည်။တန်စိမ့်ရည်သော်။ အချည်ခန့်တွေး။မသင့်သေးဟု။ အရေးတည်ထွင်။ ချွဲသုတ်သင်သည်။ ။ကျင့်ချင်ရေသို့လင်တော်တည်း။

၁၄။ ထိုသို့ကျင့်တမ်း။ဘုရားလမ်းကို။ရှုးစမ်းဘွေဘော်။ ချွဲလတ်သော်တည့်။ နောင်တော်မဆွ။ ဗျာဒိတ်ရတို့။ဝဲမကမ်းထောင်း။ပင်လယ်ချောင်းဟု။ ခနောင်းလဟာ။သံသရာ၌။ ချမ်းသာဆင်းရဲ။ရောရောလဲလျက်။ကြလှဲ့ဝေလှောင်။ကြမ္မာဆောင်၍။ တတောင်လည်လည်။ဆုံကြီးသည်နှင့်။တရည်တူရိုး။ငြိုးငွေ့နိုး၍။ထွက်ခိုးခံငြင်း။ ဆန်ရုန့်ရင်းလျက်။ သင်းပင်းဘော်ရွေ။ မျိုးဆွေနွံနွံ။ တောခမှာနေမြွေ။အဓလေ့ကို။အစေ့အစုံ။ မြင်လတ်တုံသည်။ ။အာရုံနှုန်းနှုန်းညွတ်ညွတ်တည်း။

၁၅။ ဈေးကလွန်လေ။မြူမှုန့်မြေသို့။လူ့ဆွေဘုရား။အများမှိဝဲ။ကျင့်သုံးစွဲ၍။ ကွဲလွဲမရှိ။လမ်းတိတိလျှင်။ စွန်းငြိမထင်။စွတ်ကြောင်းတွင်သို့။တည်ထွင်ခရီး။ ရိမ်ဒိကြီးသို့။ ရောက်နီးလိုလို။ကောင်းမြိန်ချိုသား။မဂ်ဖိုလ်ရှဉ်းရှဉ်း။ပါးနီးချဉ်းလျက်။အကျဉ်းအမြောင်း။ သူမြတ်လောင်းတို့။ ကျင့်ကောင်းစွာလှ။ နိက္ခမဟု။ကိစ္စလွယ်မြတ်။အကျင့်ဝတ်ကို။ နှုးညွတ်အာရုံ။ ကောင်းစွာကြုံလျက်။စုံမက်အင်ရွှဲ။ မြင်ဆဲဆဲ၌။ဖက်လဲတကင်း။ သည်တပင်းတုံ။အရင်းမှန်လှ။ သည်နှင့်မှတိ။ လမ်းစတိမ်းလည်း။ ကိုယ်သရည်း၍။ပေါင်းစည်းသ မ္ဘာ။ဆည်းပူးသာအံ့။ ဒိမ်ရာမထောင်။ကိုယ်ကိုရှောင်လျက်။ တောချောင်ဆိတ်ဆိတ်။ အောင်းသည်စိတ်ဖြင့်။ဗျာဒိတ်မရမှီ။ထိုငါ ဤလျှင်။ဝသိငါးစဉ်။ ငါးဘိညာဉ်နှင့်။ ယှဉ်၍အထွတ်။ သမာပတ်ဖြင့်။ မြတ်တုံသေးရှင့်။သက်ဖေး

မေတ္တာ။ ဘုန်းမြတ်စွာ၏။ မိန့်မှာသံတော်။ ကြားပြီးသော်ကား။ လျော်နှင့်မနား။ ဤတရားဟု။ ဝန်းလျားဖြဖြ။ နိက္ခမကို။ တောင့်တသွေးချို။ ကျင့်လတ်လို၍။ ထိုထိုနည်းနာ။ ဤသို့ရှာသည်။ ။သောချာဝန်းဝန်းပတ်ပတ်တည်း။

ဇာမံတွ ံတတိယံတာဝ၊ ဒဠှံကတွာသမာဒိယ။ နိက္ခမပါရမိတံ ဂ ဆ ၊ ယဒိဗောဓိ ံပတ္တုမိ စ္ဆ သိ။

တာပသ၊ သုမေဓါရသေ့။ တွ ံ၊သင်သည်။ တတိယံ၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ဣမံ၊ ဤနိက္ခမ ပါရမီကို။ တာဝ၊ အစဉ်အတိုင်း။ တနည်းကား။ တာဝ၊ ပညာပါရမီ၏ရှေးဦးစွာ။ ဒဠှံ၊ မြဲစွာ။ ကတွာ၊ ပြု၍။ သမာဒိယ၊ ဆောက်တည်လော့။ ဗောဓိ ံ၊ သဗ္ဗညုဘုရားအဖြစ်သို့။ ပတ္တုံ၊ ရောက်ခြင်းငှါ။ ယဒိစ္ဆ သိ၊ အကယ်၍ အလိုရှိအံ့။ ဧဝံ၊ ဤသို့အလိုရှိသည်ရှိသော်။ နိက္ခမပါရမိတံ၊ နိက္ခမပါရမီကို။ ဂ ဆ ပူရေဟိ၊ ဖြည့်လော့။

၁၄။ ငါခပ်မြောက်သော်။ မျှလောက်ပင်ပန်း။ လူဗိုလ်ဝန်းကို။ ရွှေနန်းစည်းစိမ်။ မင်လျှော်အိမ်ဖြင့်။ ငြိမ်ဆိမ်ဆေးလေး။ မှိုင်မှိုင်တွေးသည်။ ကြံရေးကျယ်စွာ။ သုမေဓါ။ ။သံသရာစက်။ အဆက်ဆက်၌။ မိုက်မျက်ဝိဇ္ဇာ။ ကြမ္မာယှဉ်ပူး။ တဖြင်ကြူးလျှင်။ အမူးအမော်။ ရန်ဆန်ပျော်လျက်။ ကရော်ကမည်။ တလည်လည်တည့်။ အောက်ပြည်တံခါး။ တမားမားလျှင်။ ဝင်များတုံတုံ။ ကျန်အောင်ရန်လျှင်။ သုံးဘုံရပ်သူ။ ဤမျှလူကား။ မည်သူမပြု။ မိမိမှုကြောင့်။ အထုအထ။ တကွကွလျှင်။ နှိမ့်ချပုဆစ်။ ယမရာဇ်၌။ အပြစ်အလျော်။ ကြားလျှော်ကျုံကျုံ။ ဆုံးဖြတ်ခံ၍။ လက်ငံစိန်းစိန်း။ ငရဲထိန်းတို့။ ကြောက်ကြိမ်းလန့်ဘွယ်။ ကလူနယ်လည်း။ အမယ်အမိ။ ခေါ်သောတိလျှင်။ မချိသည်းညှုံ။ ခံသည်ဆင်းရဲ။ အလွန်ခဲ၏။ အံ့အဲစွာမြို့။ ပြိတ္တာတို့လည်း။ မည်သို့ခြင်းရာ။ မဟုသာခွဲ။ ပမာနည်းထုံး။ ဆိုဘွယ်ဆုံးမျှ။ နှစ်သုံးလေးငါး။ ရာထောင်အားဖြင့်။ ဘုရားရှင်တော်။ ပွင့်ငြား သော်လည်း။ ကျွတ်စော် ဝေးလံ။ နံသည်ထားထား။ လျှာဖျားဆွတ်လောက်။ ရေမိုးပေါက်မျှ။ မ

သောက်ရထွန်း။ပူဆာလွန်၏။တိရ စ္ဆာန်များ။ ပိုးမွှားဖလောင်း။ ဤအပေါင်းတို့။ ကြောက်ညောင်းဝပ်တွား။ရှောင်ပုန်းရှားလဉ်း။ အသားခြင်းခြင်း။နှိုင်နှင်းကလူ။စားမှတ်မူ၏။ အသူရကာယ်။ထို မျှဝယ်လည်း။ရေလယ်ကြည်းတောင်။ ကယ်ကဲ့ယောင်သို့။ဘုံ ဆောင်ဗိမာန်။နတ်ဟန်စည်းစိမ်။ နေ့ဘို့ငြိမ်လျှက်။ ကြွမ်ကြွမ် ညဉ့်ယံ။ဆင်းရဲခံ၍။သည်းညံ့ပြင်းပြ။ဤသို့စသား။ထိုမျှခြားနား။ ရပ်လေးပါး၌။ထွေပြားဥသုံ။ဆင်းရဲပုံကို။ ရေတုံငြားမူ။ဘုရား လွတ်စေ။ဗိုလ်ခြေတသောင်း။ခံတွင်းပေါင်းဖြင့်။ မညောင်းရေ ရွတ်။သက်ဆုံးမှတ်လည်း။ မတတ်အားရော။ လူနတ်သာသော်။ ဘယ်မှာပတ်ကုံး။ဆင်းရဲဆုံးအံ့။ အရှုံးနှုင်နှုင်။ဤသို့စင်ကို။ ခံချင် လှည့်ရ။လူထိုမျှကား။ ဝန်မှမကွာ။ မထွက်သာ၍။ ။တောင် တာတရှည်လျားလျားတည်း။

၇၇။ ယဉ်ထန့်ဝဲ၌။ တဖျင်ဆိုက်လျှင်။အမိုက်ကျွံနင်း။ရေ မျောထင်းသို့။ ဝေးမင်းခေါင်သိ။ထို၌စကြဝဠာ။တိုက်များမှာ သို့။လွှင့်ရှာချေတုံ။အကြိုက်ဆုံသော်။ တမှုံမွှားမွှား။တို့ကသား ဟု။တခြား၌မှာ။ ရောက်ပြန်လာလစ်။ဤသို့ဖြစ်လျှက်။ လူဇာစ် တော်မိ။သုဂတိပင်။ မရှိတတ်လေ။ အထွေထွေသား။ တန္တေ ဘုတ်ပြိတ်။အဟိတ်အဆိုး။အရိုင်းမျိုးတွင်။ဝင်လေကါကာ။မိစ္ဆာ ရောရ။မကောင်းမှုလည်း။ညစ်ကျုအထည်း။ တိုင်စွာသည်း၏။ ပည်းလေတုံတုံ။ ဆူးသို့ပုံမျှ။ ထည့်လှုံဖွဲ့သွေ့။ အငွေ့မစဲ။ဝန် ဆင်းရဲ၌။ပျက်စွဲဖက်ထစ်။ဤသို့ဖြစ်လျှက်။ဌပ်နှစ်မျောရာ။သတ္တ ဝါတို့။ရောက်လာခအောင်။ နောင်လည်းမဆုံး။ခပင်းကျုံးလျှင်။ အရှုံးတလျှဉ်။ ဆင်းရဲယဉ်၌။ ဝိညာဉ်လားလာ။တသက်လျှာမျှ။ ချမ်းသာတဆစ်။ ရသည်ဖြစ်လည်း။ မူးယစ်စည်းစိမ်။ မငြိမ်မ သက်။ ကိုယ်ကို ဖျက်၍။ အပျက်လဏ္ဍ။ ဒုသဝိသဟောက်။ အ ငေါက်အငမ်း။လက်ကြမ်းနတ်ပူ။ ဘယ်သူဆိုဝံ့။ ယစ်နှံ့ဖရည်။ ဆိပ်သို့ စည်လျှက်။ ယင်းသည်တဇာစ်။ ကျင့်၍ဖြစ်သား။ ဆိုး ညစ်ပုပ်ရိ။ အကျသိုလ်လျှင်။အပိုကမ္ဘာ။သခေျကြာလည်း။ဆုံး

ဌါမပျောက်။ခံရမြောက်လျက်။ သံကျောက်မီးစာ။ ဘော်ရွှေ
ပါသို့။ကြမ္မာသွေးဆောင်။သေပြီးနောင်တုံ။ရှောင်လည်းမအား။
ပါယ်လေးပါးတွင်။ ခေါက်များမကြာ။ အရှင်ရွှာနှင့်။ နွံနံးဌါမ
ပြိမ်။ သိမ်ဖျင်း တိမ်လျက်။ စည်းစိမ် လည်းကောင်း။ နှစ်ပြန်
ရှောင်းသည်။ ။ဆိုးတောင်းတဘားရေးရေးတည်း။

၇၈။ ငါးပါးကာမာ။ဝဠ်ချမ်းသာဟု။ နစ်ကာမူလော။မြစ်
သဘောကား။မျှော၏ထိုသို့။ဟုတ်စွာမြို့လည်း။ တချို့ထုံးပုံ။ရှာ
ဦးတုံအံ့။သူကြုံသဘော။အစာပြော၍။ မိန်းမောပက်လက်။ဝမ်း
နှိုးပျက်သော်။အသက်လည်းရှူး။သူလဉ်းမုန်းသို့။မဆုံးမချင်း။တ
သက်တွင်းတွင်။ ဥစ္စာခင်၍။လိုချင်မျက်စိ။ရမိကံဆန်း။ နှုတ်ခွန်း
ပေါ်လျှံ။ရရုံကြံ၍။ ဆံလျှံသိမ်းဆည်း။သူလိုနည်းလျက်။ ပစ္စည်း
သိမ်းခါ။ဗိုလ်ပါဦးလေး။တင်သံပေး၍။တံတွေးကွယ်ရာ။ထွေးစ
ရာဖြင့်။အာဏာနှဘော်။ ရှိန်စော်ချိုတဲ့။ရောင်ဝါမဲ့တည့်။ ဖြစ်ခဲ့
တတ်စွာ။ ဤယင်းသာလည်း။ ပမာမဟုတ်။ ခပ်တုပ်ယဉ်တွေ။
ချောင်းနားနေ၍။ သောက်လေသောက်လေ။ ငတ်မပြေတည့်။
ကျတ်ရေအနည်။ဆားငံရည်နှင့်။ မည်သည်မထူး။ ရှေးဦးစံစ။
ပွါးဆုတလျက်။ ကိုယ်မျှမအား။အများတပုံ။ပွါးလတ်တုံသော်။
ကုံ၏မဲ့ထွန်။ မနိုင်ကန်လည်း။ တန်၏မရှိ။ လိုလေဘိလျှင်။ မိမိ
ကြမ္မာ။နိုးလတ်ခါ၌။တာ၍လွတ်လွတ်။မသေတတ်ဟု။ ရေရှုတ်.
ကျိုးမဲ့။သူကဲ့ရဲ့၏။ ယဲ့ယဲ့သိုးအူ။ဝမ်းချက်ပူနှင့်။ မဆူငါးသန်။
စားသဉ်ညွှန်သို့။ကိုယ်တန်မဆုံး။ထို၏နွံနံးလျှင်။မရုန်းထွက်နိုင်။
ပစ္စည်းစိုင်ဖြင့်။ စွဲကိုင်ချုပ်ထစ်။ကော်ကပ်ပစ်လျက်။ ရန်ယစ်
ရှုပ်ရှုပ်။ကိုယ်မျိုးပုပ်၍။ တိမ်ငုပ်စုန်းစုန်း။ကမ္ဘာလုံးလည်း။ ပတ်
ကုံးပူအတ်။ခံရတတ်၏။ စက်ဝဠ်ချမ်းသာ။ဘေးဖြစ်ခါကို။နည်း
နာစေ့ရေ။ ကြံဦးချေမူ။ သည်းခြေ နောက်မူး။ ယောကျ်ားရှူး
သည်။ မဆူးမရေး။လမ်းပါးချေးအိုး။ရေဟုချိုး၏။ ပုပ်သိုးမစင်။
ဘင်တိုးပြင်ကို။ ဗိုရင် နံတောင်း။ လိမ်းကျံ ရှောင်းလျက်။ အ
ကောင်းအတူ။နံ့သာမူ၍။ရှုရှုရဲရဲ။မီးခဲတမူ။ချက်စူမျက်ကောင်း။

နားရှောင်းနှင့်နှီး။မြွေဆိပ်ချိုးကို။ခါးကြီးဆောက်လုံး။ ပန်းကုံးစ
တေ။ဤအခွေဟု။ သွပ်နေမှုဆိုး။ တင့်စနှိုးလျက်။ အကျိုးမဖြစ်။
ဆင်းရဲနစ်၍။အပြစ်သာမျှ။အဆင်းစသည့်။ပဉ္စကာမာ။ဤခြင်းရော
ကါး။တန်းဆာဆင်ရုပ်။သူရူးရုပ်နှင့်။စက်ဆုပ်ဘေးဒဏ်။ဖြစ်ကြ
ဟန်လျှင်။တသွန်ခင်းကျင်း။ဆိုနှုန်းထွင်းလျက်။အချင်းအတ။နည်း
နာချ၍။ဝဋ်မှကျွတ်မှု။ဤသို့ရှုလျက်။တခုကိုယ်ရှောင်။လွတ်လွယ်
အောင်ကို။ ။အမောင်ကြံရေးယူလသေး။

၇၉။ အနှစ်အလ။ မကဝေးနီး။မဆွကြီးက။ ရှာမှီးဆောံ
ဦး။အပြုအနီ။ခြယ်စီမျက်မြတ်။ ဆွေပွတ်ခြူကုံး။ ယဂင်ထုံးလျက်။
ကိုယ်လုံးတန်းဆာ။ ရှုရာမငြီး။ပျံ့လုနီးမျှ။အံ့ချီးစီရင်။ ထွင်းပုန်း
ဆင်သား။နတ်သွင်ရုပ်ရည်။ကချေသည့်ကို။မရှည်လက်ချည်း။
လျှပ်ရောင်တည်းဖြင့်။ မိုက်မည်းမှောင်ကျ။ညဉ့်ကာလဝယ်။ရှု
ကြတပြက်။မခေါက်ရက်သို့။ တသက်ဘို့တွင်။သို့ပင်ပင်တည့်။
အရှင်စတေ။သံစွပ်နေလျက်။မသေအံ့ဘို့။ အလို့လို့လျှင်။တွန့်တို့
မရှိ။မိမိအမှု။ကိုယ်တခုကြောင့်။ ဗဟုကိစ္စ။လုံးပမ်းကြလျက်။ကုံ
ငမကျန်။လယ်ထွန်ယာခင်း။ တလင်းနွားခြံ။နှိခံမကား။အသားပို
စေ။ ဆိတ်ရေဝက်ကြက်။ အောက်ထက်တခွင်။ ခိုစင်ဝမ်းဘဲ။
အိမ်မထဲကား။တံကဲရည်ခံ။ မျှားပုံကောက်ရိုး။ ပြောက်ထိုးလ
မှန်း။ယက်ကန်းဖိုင်းဝါ။ဆိပ်မှာလှေလှည်း။ ရေကြည်းစပ်နှံ။ပွဲခံ
ဈေးနေ။ရောင်းစေရေဟင်း။ထင်းလည်းမလွတ်။ မြတ်သတ်သ
ရွေ့။မမေ့မကျန်။အခွန်အတုတ်။ အဆုတ်အနစ်။အပြစ်အလျှော့။
အကောက်အအောင်။ လက်ဆောင်တံစိုး။ ကြွယ်ဖြိုးအနက်။
ဆည်းစဉ်ပက်လျှင်။ တသက်လျှာစဉ်။ ဝိညာဉ်ဖြုတ်ဖြုတ်။ လ
နှယ်ဆုတ်၍။ လေသုတ်မီးခဲ။ တောက်စစဲသို့။ ဘောက်လှဲဖိတ်
ယို။ ကြမ္မာတိုမှု။ ကိုယ်သော်လည်းကောင်း။ နည်းတကြောင်း
တုံ။ဆိုးတောင်းပူအိုက်။မတိုက်မနင်။ ပင်ဟုမအောင့်။ပထောင့်
ပချည်း။သက်စွန့်ဆည်း၍။ပိတ်သည်းပိတ်နည်း။တဖြည်းဖြည်း
လျှင်။လည်းလည်းမထ။ လိုသမျှဟု။ လုံ့လကျုတ်ကော်။မလော်

မလည်း။သိပ်သည်းသည်းနှင့်။အချည်းမတန်။ခဏဝန်ဖြင့်။ မမှန်
လွဲလျက်။ ကိုယ်တသက်တွင်။နံနက်ညနေ့။မစေ့သောကြား။ငါ
ငှါကားဟု။မှတ်သားစဉ်စဉ်။လက်မယဉ်တို့။ ရောယှဉ်နှုတ်ဝင့်။
လက်ခံလင့်၍။မစင့်သသူ။ယူလေထဲတွင်း။ ဟင်းလင်းမဟဲ့။ဟာ
ပျောက်ခဲ့ဟု။ ချွဲချွဲတုန်ကျည်း။ရင်သပ်လည်းလျက်။ တင့်ရည်း
ခေါက်ရက်။ မရှိပျက်သည်။ လက်ထက် လူ့ရွာ။ ဥစ္စာလည်း
ကောင်း။နှစ်ပါးပေါင်းသော်။ အကြောင်းမှိခို။ ကိုယ်နှင့်ဥစ္စာ။၍
ခြင်းရာကား။ပမာတရည်။ ကချေသည်နှင့်။ လျှပ်ခြည်၍ဖြင့်။
နှိုင်းကြသင့်၏။ရှင်ကျင့်လိုက်လျှော်။၍သို့သော်လည်း။သူတော်
ဘဘွား။ ကြံနည်းထား၍။ ယိုးယားကုန်အောင်။ ၍လူ့ဘောင်
ကို။ ။အမောင်နှလုံးမူလသေး။

၁၀။ ပစ္စည်းအိမ်ထံ။ ဝဋ္ဋုကံကြောင့်။ နှလုံးနှောင့်မျှ။ ပူ
ဆောင့်ပူဆာ။၍ခြင်းရာကား။ချမ်းသာယူယူ။ဆင်းရဲပူကို။မည်
သူကားစံ။မည်သူခံဟု။ အသံဟာပြ။မစစိရင်။ ဘယ်သူပြင်ချိမ့်။
ချင်းသင်ကိုယ်ကို။ ပူချမ်းထို၍။ ဖြစ်လိုဖြစ်ရ။ ကိစ္စနည်းစွာ။ အ
လွယ် သာကို။ ခဲရာ စေ့ရေ။ ကြံရှာချေမှု။ တပေ လွှားလွှား။
ကြောင့်ကြများခဲ့။ဖြစ်လားမကြွင်း။လူအခြင်းကို။ခင်းကျင်းနည်း
သွေး။ကြံဦးသေးမှု။ ခွေးနူခွေးဝဲ။ စွန်ရဲလင်းတ။ ဝန်လိုစသား။
သိမ်းကမကျန်။တိရစ္ဆာန်တို့။ လည်လန်ပက်လက်။ ကျောက်
ယက်ဆုတ်ပစ်။သားတတစ်ကြောင့်။သတ်ညှစ်မစဲ။ လုကြဲဆဲ၍။
စွန်ရဲချီလျက်။ လွတ်လွတ်ထွက်မှု။ ငှက်တို့ဘာသာ။ ကောင်း
ကင်မှာဟု။လွတ်ရာမသိ။ကိုယ်တင်စီးလျက်။ နှုတ်သီးထိုးစွပ်။
အားလုံးဆွပ်၍။ခွပ်လတ်သရော်။ငလျှော်ငှက်ဆိုး။ ထိုဟင်းမျိုး
ကို။ကြောက်ပိုးဝေးလံ။ပစ်၍ပျံမှု။ချင်းထံရန်ခိုက်။နောက်မလိုက်
တည့်။ အောက်၌ခွေးက။ ယင်းသင်းစသည်။ ငှက်မှတပါး။လူ
ဘော်များလည်း။ ဘေးအားတရစ်။ ထိုသားတစ်ကို။ ပစ်လျှင်
ပစ်လျှင်။ရန်မှစင်၏။ အကြင်ငှက်သည်။ငြင်းခက်ဆုန်းဆုန်း။ချီ၍
ရုန်းမှု။ပုန်းလည်းမလွတ်။ သင့်ကိုမှတ်၍။ လိုက်သတ်ငှက်များ။

အငြိုးထား၏။ကြွယ်ရှားသတ္တဝါ။လူ့ဘာသာလည်း။ ဥစ္စာရှိသူ။နှလုံးပူ၏။ မယူမှုဘဲ၊ ရှောင်ကြဉ်ဘဲက။ ကြည်နဲကြည်နူး။ ဤတလူ၌။ဘယ်သူမထိ။ ဤသို့ရှိသား။တွင်ဘိမည်ရ။နိဂုံမ၏။ဆယ်ဆစီးပွါး။ကျေးဇူးများကို။ ။ဘာဘွားအရချုလသေား။

ဂ၁။ ခွန့်ရှည်ပန်းသီး။ဤမျှကြီးလျှင်။ သွားတီးတွင်တွင်။ ဝင့်တခွင်၌။ မတင်ကျေးဇူး။တဖြင်ကျူးတည့်။ တလူးလာလာ။ကြာတင်စွာလည်း။အာသာရမွှက်။မပြေငကျ်၍။ပန်နက်တဘန်။လူ့သန္တာန်ကို။ တောင်းပြန်လေလေ။ ဤအထွေကား။ မသေဝံ့ကြ။ရေမရ၍။ တောစခိုခို။ မြက်ဝတ်တို၌။ စိုစိုဆောင်းတွင်း။စွတ်သည်နှင်းကို။မိုးဝင်းသောက်ရောင်။ ထွက်အောင်နေခြည်။လျှာရည်လက်ဆစ်။လျက်တို့တစ်လဉ်း။ပူအစ်နေအတ်။ရေငတ်အာသာ။ပြေ၍မရှိ၊လိုတိရေးရေး။ဟူလေးလေးတည့်။ကြိသေးဤယင်း။လူအခြင်းလျှင်။နူန်းတွင်းတွေးခေါ်။တဖြေးလျော်၏။ သုံးဘော်ဘဝ။ ဤလောက၌။ ဤမျှဖြင့်သာ။ ကြောင်းခြင်းရာကား။ပမာမဟုတ်။ ဘွေထုတ်တညီ။ဆို့သွေးသီအံ့။ ခြင်ဆီသားတစ်။ရှင်းရှင်းခြစ်၍။ သူညစ်သားထိုး။သားပေါင်ရိုးကို။ လျှာပိုးသတ်ဆန်း။ သွေးရည်ဖျန်း၍။ တောပန်းရောက်လစ်။ ခွေးအားပစ်မူ။ဆွတ်တစ်လျှာရည်။ထိုခွေးသည်လျှင်။မွတ်ကြည်ချင်ရဲ။ မပြေခဲသို့။လှိုးလွှဲကာမျှ။ သစ်ါရဟု။ဒုက္ခသဘော။ရိုးခေါ်ခေါ်၌။ ပေါ်ချောမူနည်း။ စည်းစိမ်သည်လည်း။လျှာရည်ထွက်ရုံ။ မဝကုံ၍။မွတ်ကြိုရှားပါး။ဆွန့်သောအားဖြင့်။အများသတ္တဝါ။ ပန်းရိစွာခဲ့။ချမ်းသာအနှစ်။ရှိသည်ဖြစ်၍။သုံးထစ်စည်းစိမ်။ ငြိမ်တငြိုးကား။မငြိုးငွေ့ကြ။ရမိရော။ ကိုယ်မကွာတည့်။ နောက်ပါစင်းစင်း။မြတ်လျှင်းအံ့။ ယင်းသင်းကာမာ။ဝန့်ချမ်းသာသည်။ အကာစင်စစ်။ဖြစ်၍မှတ်လော။ ထိုသဘောကို။ သိမောခြင်းရော။အရိယာတို့။ ကကော်မျက်မှောက်။ ဖိုလ်မဂ် ရောက်လည်း။ တဖျောက်ဆိတ်ဆိတ်။အိုက်လေတိတ်သို့။ပရိက္ခရာ။ဝန့်သုံးရွှာ၌။ ချမ်းသာအထွေ။ သုတ်လေမငေ့။ရှည်ငြိုးငွေ့ဟု။ချက်တွေ့ရထွန်။ ဝန်

ထက်လွန်သား။ နိဗ္ဗာန်လည်းမည်။ နှစ်စည်သတိ။ ကာမရှိကို။ မြင်မိကနား။တိုင်တိုင်သွား၍။ ဝမ်းပါးဘဘန်။လောကီညွန်သို့။ မပြန်စိမ့်ချေ။နေပိုက်လေသား။အထွေ့ဤသို့။ဟုတ်စွာမြို့ဟု။မချို မတွဲ့။ကြံနိုင်ခဲ့က။နှဲ့နှဲ့မခိုင်။နူနှဲ့သဉ္ဇတိုင်သို့။အကိုင်သည်းစွာ။ဝန် ချမ်းသာနှင့်။ကာမာမျောက်နှဲ့။စေးခွါခဲ့မှ။ဖအဲကြံမိ။မောင်ဏ္ဍသိ သည်။ မငြိမရှောက်။ ထွက်ရမြောက်အံ့။ မှုလောက်ဆိုခြည်။ ကျင့်မှုနည်းကို။ ယုံကြည်ဆက်ဆက်။သိထဲနက်၍။ ဘောထွက် ကိုယ်ရှောင်။ လွတ်ရအောင်ဟု။ ။အမောင်ကြံနည်းယု လသေး။

ယထာဒ္ဒုဃာရေပုရိသော၊ စိရဝုတ္ထောဒုက္ခဋ္ဋိတော။နတတ္ထ ရာဂံဇနေတိ၊မုတ္တိံယေဝဂဝေသတိ။

တထေဝတွံ သဗ္ဗဘဝေ ပဿအဒ္ဒုဃာရံဝိယ။ နိက္ခမာဘိမုခေါဟောဟိ၊ ဘဝတောပရိမုတ္တိယာ။

အဒ္ဒုဃာရေ၊ နှောင်အိမ်၌။ စိရဝုတ္ထော၊ အမြဲနေသော။ဒုက္ခဋ္ဋိ တော၊ ဆင်းရဲခြင်းဖြင့်နှိပ်စက်အပ်သော။ ပုရိသော၊ ယောကျ်ား သည်။တတ္ထ၊ ထိုနှောင်အိမ်၌။ရာဂံ၊ တပ်ခြင်းနေခြင်းကို။ နဇနေ တိ၊ မဖြစ်စေ။မုတ္တိံယေဝ၊ လွတ်ခြင်းကိုသာလျှင်။ဂဝေသတိယ ထာ၊ ရှာသကဲ့သို့။ တထေဝ၊ ထိုအတူလည်းကောင်းလျှင်။တွံ၊ သုမေဓါရသေ့သည်။သဗ္ဗဘဝေ၊ ခပ်သိမ်းသောဘဝတို့ကို။အဒ္ဒု ဃာရံဝိယ၊ နှောင်အိမ်ကဲ့သို့။ပဿ၊ ရှုလော့။ဘဝတော၊ ဘဝသုံး ပါးမှ။ပရိမုတ္တိယာ၊ လွတ်ခြင်းငှါ။နိက္ခမာဘိမုခေါ၊ တောထွက် ခြင်း၌ရှေးရှုသည်။ဟောဟိ၊ ဖြစ်လော့။

၈၂။ ဆိုဘွယ်ရှိသေး။ပမာသွေးအံ့။ယဉ်ကျေးမွဲ့ထွန်း။မျက် စောင်းမာန်နှင့်။ မမှန်မကား။ကျင့်မှားရှာချေ။ လက်ခြေမသာ။ မဘွယ်ရာမှု။အပြစ်ရကြောင့်။ လည်ထုပါးတီး။ သျှောင်လှည်း ကတ်ကျေး။ဖိုးဘေးမင်းဒဏ်။ နှံ့ပြီးထွန်းမှု။လှင်ကန်ထိတ်ကြဉ်း။ ကြိုးစည်းသံကွင်း။ ခြေချင်းထူးပွတ်။ ထည့်ခတ် ကြမ်းကြမ်း။ နှောင်အိမ်ငြိမ်း၌။ စောင့်ထိမ်း ထက်ကြပ်။ အပ်ထားအပ်သား။

သောစပ် ပါးနီး။ ရောက်လု ပြီးသော။ ဇပြီး တားတား။ ကြင်
ယောကျ်ားသည်။ ရှည်လျား ကျဉ်းမြောင်း။ ကြို့ဆိုး တောင်း
လျက်။ခံညောင်းလတ်သော်။ထိုရော်ချင်းသင်။နှောင်ဇိမ်တွင်၍။
သို့ပင်မကွာ။ နေချင်စွာမြို့။ ငါ၏သို့ဟု။နှစ်လိုဝမ်းသာ။ မတရာ
တည့်။လွတ်စွာငါ့အား။တိမှာကြားအံ့။စိုးပွါးရှေးရှု။ ဘယ်သူယ
ခု။ ဘယ်သို့ပြု၍။ ကြိုးဖုဖြေပိုင်။ လွတ်မြောက်နိုင်အံ့။ မိန်းမှိုင်
လျက်လျက်။နံနက်ညနေ့။တစေ့စေ့လျှင်။ အောက်မေ့ရာရာ။သို့
ချည်းသာတည့်။ကြံကာသမြို့။ထိုကဲ့သို့လျှင်။ထက်ဆို့ဘဝင်။အုံ
သုံးဆက်၍။ကြေညက်လော်လဲ။ခံရမြဲသား။ ဆင်းရဲအယဉ်။ပုထု
ဇဉ်တို့။ရောယှဉ်ရုပ်နံ။တလံခန္ဓာ။သတ္တဝါလျှင်။မသာလဖျစ်။လူ
နှယ်ဖြစ်၍။ တရစ်ရှားထွန်း။ဥပါဒါန်ဟု။ ဆန်လွန်မသာ။နိုင်နင်း
စွာသား။ ကြမ္မာတမူ။မင်းတဆူလျှင်။ ဟူလည်းမကာ။ စိုးတရ
တည့်။ ဆနဂုတ်။နာဂိန်ထိသား။မျက်စိနားပါး။ နာမျိုးအားဖြင့်။
ကျောက်သားအုတ်ကျိုး။ကျည်းတိထိုးလျက်။ လည်ကြိုး မျက်
မှောင်။ချည်၍လှောင်သည်။ နှောင်ဇိမ်ဇလား။ လူ ရွှေ့များကို။
ဘဘွားရှင်ချစ်။ကြံစိစစ်၍။ အပြစ်မြော်မြော်။ သိပြီးသော်လျှင်။
သူလျော်ထားတင်။ နှောင်ချိုင့်လျှင်ဟု။ ။ယုံပင်အမောင်ရှု
လသေး။

၇၃။ ကြမ္မာသစ်တင်။ ဝန့်၌ပင်တည့်။ပဲ့ပြင်သောအား။
အောက်လျှို့ သွားသော်။ ငါးပါးကာမဂုဏ်။ ရေသို့စုန်လျက်။
မျောသုန်ဆန်တက်။ပဲ့နိုင်ခက်သား။တံစွက်ဝန်သော။ ပြည့်သည့်
လှေသို့။ရွာနေလူဗိုလ်။ ယင်းအလိုလျှင်။ဦးချိုစူးရူး။ လိုက်၍ပူး၏။
ဆန်ကူးမသာ။ သတ္တဝါကား။ အညာမချန်၊ကာမဂုဏ်ကြောင့်။
နှလုံးနှောင့်၍။ အဖြောင့်မှုယူ။ အပူအဆာ၊ပြစ်များစွာ၏။ ယင်း
သာမဟုတ်။ ကြောင်းရင်းထုတ်မူ။ သောက်တုတ်မြက်ရေ။နွား
ဆိတ်ရွှေကို။ ဝစေသွေးသား။ ပိုကြောင်းထားသည်။ မဲဆား
ဟင်းလျာ။ရောင်း၌ါမွေးမျိုး။သူနှုတ်ဆိုးနှင့်၊ဆိုရိုးမပျက်။ နှုန်းကြ
ဘက်သား။ ဘဝဂ်ထုတ်ချင်း။ လူခပင်းအား။ ပါယ်တွင်း လေး

ထပ်၊မလပ်ခံဆေး။ဖြစ်စိမ့်မွေးသည်။ဘေးဖြစ်ကြမ္ဘာ။ ဤတဏှာ
ဟု။ရှုရှာချေသော်။ ခဲခက်ဖော်ခဲ့။အဖျော်ကာသ။ တောထွက်
ရမှု။ ကြောင့်ကြမရှိ။ လွင်တိတိ၌။ မငြိမတင်။ လိုရာနှင်သည်။
ကောင်းကင်မိုးဖျား။စက်ရထားသို့။ရှစ်ပါးအရပ်။ ကပ်ကပ်သ
မျှ၊လိုလွန့်ကြွလည်း။ ကိစ္စနည်းစွာ။မထိပါတည့်။ မကြာထုတ်
ချောက်။ ထကာ ရောက်၍။ တယောက် သာချည်း။ သန့်သန့်
တည်းဟု။ပစ္စည်းသော်တုံ။ကုံမကုံလျှောက်။သဒ္ဒါပေါက်က။မ
လောက်မဟု။ကောက်ကာယူ၍။လူလည်းမွေ့လွယ်။ သူတော်
လယ်၌။တင့်တယ်အညာ။လေးမြွတ်ပါ၍။ ဝမ်းစာတိုင်းရှိ။ဆင်
ခြင်ခဲ့က။ နာမဲ့ဤကျန်း။ရုပ်လန်းလန်းလျှင်။ညှိုးပန်းမလှ။ စိတ်က
ငြိမ်းချမ်း။မရှိသမ်းတည့်။မရမ်းရေလည်း။ ကြည်းကြည်းဇလို။
ဖြည်းဖြည်းအိုရ၍။ ကုသိုလ်ကံနှစ်။ထုံရိုးဖြစ်သား။ ပန်းစစ်လျက်
တူ။ခန္ဓာကြူအား။ လူကိုထားဘိ။ သိကြားသော်မြို့။ဦးဖြင့်လျှို၍။
ဤသို့အထူး။တဦးတဦး။ဆိုသော်မှုးမျှ။ထင်ထင်ရလျက်။မှည့်ကြ
ဝတေ၊ညာမှကြွေသို့။သေအံ့မှုးမှုး။ကျေးဖူးအနက်။ ပြည့်ခေါက်
ရက်လျှင်။ပွဲထွက်ပွဲခံ။ကုသိုလ်စံ၍။စိမ့်ခံလေးလေး။ လိုရာရွေး
လျက်။ငြိမ်းဧးစွာစွာ။သုံးချမ်းသာကို။ လှမ်းကာရောက်ရ။ရတိ
ကျ၍။နန္ဒဥသာ၊သို့စင်တုံသား။ကုံလုံစိုးပွါး။ အကျိုးများကို။စဉ်း
ဝါးသိသိ။ ကြည်းဆောင်မိက။ဗောဓိရင့်စ။နိက္ခမဟု။ ဧကစာရီ။
ပါရမီကို။ဝသိလေ့ကျက်။ရှေးရှုလျက်လျှင်။ ။ဗုံမက်အမောင်
ပြုလသေး။

နိက္ခမပါရမီခန်းပြီး၍။

---

## (ဃ) ပညာပါရမီခန်းအစ။

နဟေတေဧတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာဘဝိဿရေ။ အညေပိဝိ
စိနိဿာမိ၊ ယေဓမ္မာဗောဓိပါစနာ။

ဝိစိနန္တော တဒါဒက္ခိံ၊ စတုတ္ထံပညာပါရမိံ။ ပုဗ္ဗကေဟိမဟေသီဟိ၊ အာသေဝိတနိသေဝိတံ။

သာရိပုတ္တ။ သာရိပုတ္တရာ။ ဗုဒ္ဓဝမ္ဗ၊ ဘုရားအဖြစ်ကိုပြုတတ်ကုန်သောတရားတို့သည်။ ဗွေကာယေဝ။ ဤမျှတည်းသါလျှင်။ နဘဝိသသရေ၊ မဖြစ်ကုန်ရာ။ အညေ တပါးကုန်သော။ ဗောဓိပါစနာ၊ သဗ္ဗညုတဉာဏ်၏အဖြစ်ကိုရင့်စေတတ်ကုန်သော။ ယေဝမ္ဗ၊ အကြင်တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေဝမ္ဗအပိ၊ ထိုတရားတို့ကိုလည်း။ အဟံ၊ ငါသည်။ ဝိစိနိသာသမိ၊ ရွေးချယ်ဦးအံ့။

ဝိစိနန္တော၊ ရွေးချယ်စုံစမ်းသော။ သောအဟံ၊ ထိုငါသည်။ ပုဗ္ဗကေဟိ၊ ရှေး၌ဖြစ်ကုန်သော။ မဟေသီဟိ၊ မြတ်စွာဘုရားတို့သည်။ အာသေဝိတံ၊ ရှေးရှုမှီဝဲအပ်ထသော။ နိသေဝိတံ၊ အဘန်တလဲလဲမှီဝဲအပ်ထသော။ စတုတ္ထံ၊ လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပညာပါရမိံ၊ ပညာပါရမီကို။ တဒါ၊ ထိုအခါ၌။ အဒက္ခိံ၊ မြင်တော်မူ၏။

၈၄။ ပဒိုပဒါ။ ဆောက်တည် ရာသား။ သိက္ခာသုံးထပ်။ ပြည့်ကျူးနပ်ကို။ ကိုယ်ကြပ်စေါင့်ပဲ့။ ကျင့်တုမဲ့ဟု။ ချိတ္တွဲကျောက်မျိုး။ လေးမြတ်နိုး၍။ မစိုးတောင့်တ။ ငါကြောင့်ရသား။ ပြည်မဘုံဆက်။ ခွေ့အိမ်ချက်ကို။ ဖိုးမဂ်ဖြဲမ်းပြု။ လင်းစီးရှုလျက်။ အါဟုနေယျော်။ သီးသီးကျော်သား။ သူတော်ငါ့သား။ ထေရ်မြတ်များတွင်။ ညာဖျားလည်းတင်။ တိုင်မြောက်စင်သည်။ သိမြင်ကြောင်းခြာ။ သာရိပုတ္တရာ။ ။မဟာသူစင်။ အားလုံးထင်သည်။ ရှင်ခမည်းတော်။ ရသေ့ကျော်ကား။ ထိုရော်ကောင်းနှစ်။ ဤသို့ဖြစ်သား။ အပြစ်သန့်ရှင်း။ တောထွက်ခြင်းကို၊ ဇုတ်ရင်းတူးဆွ။ ဆိုပြီးမှတည့်။ နေကျထားထား။ ကျင့်သုံးပါးကို။ တခြား လည်းကောင်း။ ကြံပြန်ရှောင်း၏။ အကြောင်းရင်းစစ်။ ကျေးဇူးနှစ်ကုံ။ သုံးထစ်လှေကား။ ကျင့်သုံးပါးဖြင့်။ ငါကားရကြံ။ ဤသို့သံ၏။ ဆက်ဆံသူ့နှင့်။ ဤအကျင့်တုံ။ တဖြင့်ရောရော။ စပ်လေပါခဲ့။ စာနာလတ်သော်။ သင့်တင့် လျော်သား။ သူတော် ဟူက။ အလျှသိ

တင်း။တောထွက်ခြင်းကို။ ရိုးရင်းသည့်ချည်း။ ဤမျှတည်းဖြင့်။ ဉာဏ်စည်းလှိုင်းမ။ သိခြင်းတလည်း။ဉေယျငါးခု။ သဗ္ဗညု၏။ ပွင့်ဆုရတ်ရတ်။ တည့်ထွင် ထုတ်သည်။ မဟုတ် သေးတန်။ သည့်ထက်လွန်၍။အမွန်နှစ်တောင်း။ ကျင့်ပြန်ကောင်းသား။အခ ကြောင်းတခါ။ ဂ်ဦးရာ၏။ ရူပါကြီးငယ်။ မျှလောက်ဝယ်၌။အာ နွယ်သင့်လျော်။ရှိသေးသော်လျှင်။ရတော်ပြားလှ။ငါကျင့်ရအံ့။ ဤမှတပါး။ ဘယ်တရားဟု။ ဘဘွားကြောင်းလမ်း။ ရှာစုံစမ်း သည်။ ။ဆုံးခန်းရောက်ချင်စွာလွန်းတည်း။

၇၅။ စကြဝဠာ။တတိုက်ရာ၌။ ရှာရှာပတ်ညှက်။ အထက် အထက်။ ဝါးပွါးဆက်၍။ဘဝဂ် တိုင်အောင်။ ငြမ်းကြီးဆောင် လည်း။ ဘုန်းခေါင်ဘုရား။ ကိုယ်တော် များကို။ ထောင်ထား တိုင်း၌။ မရှိရာသား။ ဓမ္မတာစစ်။ ဖြစ်လတ်ခဲ့က။ ကိုယ်ကိုမျှ လျှင်။ မရတိုင်းရှည့်။ ဖြစ်ခဲ့၏ရှင့်။ မည်မှည့်ထို၌။ ဖြင်ပေါ်သိ သား။ လောကီ လောကုတ်။ ဝိမုတ်ငါးတန်။ ဈာန်အဘိညာဉ်။ ယှဉ်သျှက်မကွာ။ အသာဓရဏ။ ဓမ္မခြောက်ရ။ စတုဝိသ။သ မန္တပဟု။ကျမ်းမနည်းဆန်း၊ ပဋ္ဌာန်းခပင်း။သိမြင်ချင်းသား။ကျယ် ဝင်းဂုဏ်တော်။ ကျေးဇူး တော်ကား။ အဂျော်ထဲနက်။ အံ့ဆ တက်၍။တိုင်းဘက်အဘယ်။ဆိုဘွယ်ချေ၌။ ရှိလှည့်ရာအံ့။များ စွာသို့စင်။ ကျေးဇူးရှင်ဟု။ ဖြစ်ချင်ခလို။ ရှင်မျှကိုယ်သည်။ ကျ သိုလ်မြားမြောင်။ထိုက်တန်အောင်လျှင်။လက်ဆောင်ဖြိုးခိုင်။ကံ ကျွေးနိုင်မှ၊ တိုင်အံ့မချွတ်။ရောက်၏မှတ်လော့။ ကျင့်ဝတ်သွေး ချို။ဤသို့ဆိုလျှက်။ အလိုသည်တည်း။ ရှာပေါင်းစည်းသော်။ခ မည်းဘဘွား၊ရလေ့များကား။သိုထားယူချေ။ ထိုက်ဝယ်ဘွေ သို့။ကျင့်ပေကောင်းစွာ။ဘုရားလျှာတို့။ပညာပါရမီ။ဤသည်အ ကျင့်။လေးထပ်ဆင့်ကို။ စွင့်စွင့်ရပုံ။မြင်လတ်တုံက။ ကြည်ယုံ ကိုယ်ကို။ဆုံးမဆိုသည်။ ။ကျင့်လို၍သို့တခန်းတည်း။

ဣမံတွံစတုတ္ထံတာဝ၊ဒဠှံကတွာသမာဒိယ။ ပညာပါရမိတံ ဂစ္ဆ၊ယဒိဗောဓိံပတ္တုမိစ္ဆသိ။

တာပသ၊ သုမေဓာရသေ့။ တွံ၊သင်သုမေဓာရသေ့သည်။
တာဝ၊အစဉ်သင့်။စတုဏ္ဏံ၊ လေးရတို့၏ပြည့်ကြောင်းဖြစ်သော။
ဓမ္မာနံ၊ ဤပညာပါရမီကို။ ဒဠှံ၊မြဲစွာ။ ကတွာ၊ပြု၍။ သမာဒိယ၊
ဆောက်တည်လော့။ဗောဓိံ၊သဗ္ဗညုတအဖြစ်သို့၊ ပတ္တုံ။ရောက်
ခြင်းငှါ။ယဒိဣစ္ဆသိ၊အကယ်၍အလိုရှိအံ့။ ဝေံ၊ ဤသို့အလိုရှိသည်
ရှိသော်။ ပညာပါရမိတံ၊ ပညာပါရမီကို။ ဂစ္ဆပူရေဟိ၊ ဖြည့်
လော့။

၇၆။ သံသာကမ်းရပ်။ မကျူးခပ်သား။ အရပ်သုံးဆူ။ သုံး
ပါးလူကို။မည်သူကျူးတို့။မခံမြို့တည့်။ပို့ပိမ့်ငါသါ။သဘော်လျှာ
ဟု။ ဧရာဆုကြီး။ခင်းရပြီးသည်။ ရှာမှီးသမ္ဘာ။သုမေဓာ။ ။
ပညာမျက်စိ။အမြင်ရှိနှင့်။ မသိမကြား။သူမိုက်အားလျှင်။ နှစ်ပါး
မိန့်ဘွယ်။ဆိုရေးကျယ်၏၊ ထိုဝယ်တတည်။ ပညာသည်အား။
စီးပွါးမိုးလယ်။ကြွယ်လည်းမတန်။ တွင်ကျယ်လွန်၏။ အပဏ္ဍိ
တ။ဗာလသူမိုက်။လူတို့ဥက္ကား။ ရောင်မြိုက်ပညာ။ မထွန်းပါ၍။
ယုတ်မာကျိုးနည်း။ ဒုပြစ် သည်း၏။ ပမည်းညွှန်ငှါ။ ဤအရာ
ကား။မသာထစ်ခွ၊ဆူးငြောင့်စသား။ ခြေမှုဆန့်လောက်။ ခရိုး
ကောက်ခွ။သူ့နောက်မလိုက်။တိမ်းတခိုက်လျှင်။ ငိုက်သောအ
သွင်။ မျက်မမြင်သည်။ လမ်းခွင်တိတိ။ သာစွာဘိဟု။ သွားမိ
ကောင်းနိုး။ထောက်ကျိုးပြင်းပြင်း။ ကြပ်ကြပ်နင်းမူ။စောင်းပင်း
တိမ်းမူး။ရှုပ်ရှုပ်ရူး၏။ဘဦးဘမိုး။ဆူးခွကျိုးလျက်။နင်းတိုးချေ
မိ။မသိခေါက်ရက်။အဝင်နက်သို့။ ဘက်လက်တူမြို့။ သူမိုက်တို့
လည်း။စားဘို့သောက်ကမ်း။တမ်းလတ်သောခါ။ အာသာရမ်း
ရမ်း။လျှာရည်ရွှမ်းမျှ။ နှုကြမ်းမသိ။ပြစ်မရှိဟု။ အစိအစစ်။မရ
ဖြစ်တည့်။သတ်ညှစ်လုယက်။ခိုးဖွက်လျှပ်ပေါက်။ ကြင်မှုလော်
လျှင်။ပြီးမြောက်ခဲ့က။အားရဝမ်းသာ။တခါတော်မိ။ ရသည်ရှိ
မူ။ နောင်ပြို့း သက်ဆုံး။ ပြောရာထုံးဖြင့်။ နှလုံးမူစောက်။ တ
အောက်မေ့မေ့။ ပွါးဘိ ရွှေလျှင်။ ကျက်လေ့ သမ္မူ။ သား တခု
ကြောင့်။ အာယုဆုံးပါး။အပါယ်လား၏။ဆိုးတားပိတ်ဆို့။ပညာ

ချို၍။ဤသို့တလှစ်။ ဆင်းရဲနစ်သည့်။ ။အပြစ် သော်လည်း
သည်း၏တည်း။

၈၇။ ထမ်းပိုးအလွန်။ လှင်ကန်ရုံမှု။စီးဆုံကျသို့။ ဤကထို
ထက်။ရည်တက်ကာသာ။ ခြင်းရာနှစ်ခြိုက်။ နှလုံးကြိုက်လျက်။
သူရိက်အလှူ။ပေးပါမူလည်း။ ရွယ်ချုပိုလ်မင်။ မပန်နက်တည့်။
မှာဘက်ဝယ်သာ။ ကျင်လည်ရှာ၍။ ဤရွာဤမြေ။ဤရွေငွေနှင့်။
ဤဆွေမိဘ။ခင်ပွန်းစသည်။တကွမကွာ။သေသူသာလျှင်။ ငဲ့ါစ
တေ။ငါကိုယ်သေလည်း။ဖြစ်စေသတည်း။ဤသို့နည်းဖြင့်။ထင်
ရည်း ဆုယူ။ မှု၍ လည်းကောင်း။ လှူပါ ရှောင်းလည်း။ ဖျင်း
သောင်းဖက်သပ်။ မအပ်စွာလှ။ဒါနအလှူ။ ဟူသောစေတနာ။မ
မည်ပါတည့်။ ပေးရာယိုးယား။ငါးပါးပေါ့ပျက်။ကျိုးမနက်ကို။
စွန့်ရက်ခဲ့က။မရနောင်ဘန်။မရှိတန်ဟု။မျက်မာန်ရှေးရှေး။ ပေး
၍လည်းကောင်း။ လှူပါရှောင်းလည်း။ ကောက်နှောင်း မျိုးပဲ။
ကျတ်ဝယ်ကြဲသို့။ လှူရဲပါထွန်း။ သဒ္ဓါ ထန်လည်း။ အကျန်ပြစ်
သား။တရားလျော့လျှံ။အလှူခံဍ္ဍ။ကျိုးနွံကြည်ညွတ်။ နိစ္စပတ်ဖြင့်။
မှတ်၍လည်းကောင်း။မြတ်လောင်းသူတော်။ ကြိုက်ကုန်သော်
လည်း။ ကော်ရော်လျောက်ပတ်။ မကြည်ညွတ်တည့်။ပေါင်း
ဖတ်သုပ်သုပ်။ လယ်မပုပ်ဍ္ဍ။အလုပ်လပ်လျား။ သူရင်း၌ါးကို။ခ
စားနေ့ရေ။အနိုင်စေသို့။ရခြေရာဆန်း။ ကိုယ်မတန်းတည့်။မှန်း
လိုက်ကာမြူ။ ကိုယ်တိုင်ပို့လည်း။နှစ်လိုခင်သိ။ ပစ္စဉ္စီဖြင့်။ပိပိသ
သ။ မတုပ်ကွတည့်။ ထကြွမငြိမ်။ကိုယ်အိမ်ပြေးသုန်း။ ပုန်းနှင့်
လေနိုး။ပျောက်လိမ့်ရိုးသို့။ပြန်နိုးသွားဘော်။ အိမ်ရောက်သော်
လည်း။ စားပျော်သောက်ယစ်။ ကုသိုလ်နှစ်ကို။ စိစစ်မငြိမ့်။မ
စိမ့်စိတ်ဖော။နှမြောလှုလှု။နောင်တမှုဖြင့်။ ပြု၍လည်းကောင်း။
ဤလုပေါင်းကား။အကြောင်းချိုတဲ့။ ပညာမဲ့၍။ဆိုခဲ့တရိုး။ကျေး
ဇူးမျိုးဖြင့်။ ။အကျိုးသော်လည်းနည်း၏တည်း။

၈၈။ ကမ္မဗန္ဓု။ လူဟုဆောက်တည်။ ပညာသည်အား။
ဥာဏ်တရားဖြင့်။ စီးပွါးသော်မူ။ အထူးထူး၏။ အမှုညစ်ကျု။မ

ကောင်းမှုကား။ ကျ၍ယားယံ။ယူးယူးရွံ့လျက်။ လုပ်ကြံသမှု။အ
ဖြစ်နှု၏။ တန္တုကြောင်းခြာ။ ဥပမာကား။ ကျက်စွာရဲရဲ။သံပူခဲ
ကို။ လောင်မြိုကိုင်ခက်။ သိလျက်လျက်လျှင်။ ရက်ရက်သွတ်
သွတ်။ကောက်၍သွတ်မူ။ချော့ဘတ်ပြင်အား။ ချော့တပါးဖြင့်။
သည်းဖျားမဒှန့်။သင့်ရုံတန်သို့။ ထိုဟန်ပမာ။ ဖြစ်ကြီးစွာသား။
ပဉ္စာနန္တရိတ်။ အတိတ် ရောက်ပြီး။ ဝိစိနိုးကို။ သိးစေတခြား။
ထားဘိထို့မှ။မျက်မာန်ထ၍။ခဏတချက်။ သိလျက်လျက်လျှင်။
နှုတ်လက်ဆန်လွန်။ကျင့်မိထွန်အံ့။မတန်မရော။ ယားရွံ့ရှာလျက်။
ပညာရှိကျိုး။ အမျိုးမြတ်ထွ[illegible]။ အလွတ်ဟောတန်။ ရဲစွမ်းအန်
နှင့်။သန်မြန်သောလျောက်။ကြီးရှယ်ရောက်သား။လက်မြောက်
ညာတင်။ငါသို့စင်လျက်။ဆင်ခြင်မပြည့်။ ဖြစ်လှည့်ချေပါ။မရော
စွာဟု။ တကာသို့မှို။ အလိုလို့လျှင်။ ဤသို့စေ့ရေ။ ဖြေ၍လည်း
ကောင်း။မှားတိမ်းစောင်းသား။အကြောင်းယွင်းငေါ်။ထင်လတ်
သော်တုံ။မတော်ရှေးရှု။ ဤအမှုကား။ လူသူကျွဲနွား။ထိပါးကာ
မှ။ စောင်ရန်းပြုလျက်။ ဆူးစုစည်းသန်း။ လွတ်စိမ့်တန်းသား။
စောင်ရန်းလည်းကောင်း။ယို့ယို့ချောင်း၍။ နှာမောင်းသိးဖျား။
ဆွတ်ခိုးစားသို့။ သူ့အားချမ်းသာ။ ဖိတားရာဟု။ ပညာစောင်
ရန်း။သူ့ဘို့မှန်းသား။ဖြောင့်တန်းစါနာ။တတ်လိမ္မာသည်။ငါတ
လည်လည်။ ကျင့်ချိမ့်သည်ကား။ လူ့ပြည်ငါ့ထက်။ခက်သူမရှိ။
ဤသို့တိလျှင်။မိမိရမ်းဆ။တတ်အားလှ၍။ တလွှမှုညစ်။ရှာသည်
ဖြစ်လည်း။ ။အပြစ်နည်းခေါင်းပါး၏တည်း။

၁၉။ အကုသိုလ်ကို။ဆိုသော်အပ။ဤတုံမှကါး။ဒါနဝတ္ထု။
လှူကောင်းမှုဖြင့်။ ဆယ်ခု ကုသိုလ်။ ဆည်းပူးလိုမူ။ ဤကိုယ်
ခန္ဓာ။အနိစ္စာ၏။ကြောင်းခြာစေ့စေ့။ပညာငွေ့ဖြင့်။ အောက်မေ့
တလျှဉ်။ ဤဝိညာဉ်သည်။ ရှင်စဉ်စားရုံ။ ကုံစေဤမျှ။ ဤဌါစ
သား။တွင်းပလည်းတည်။ဤမည်သည်ကား။မရှည်ပျောက်ရှ။
အရုပကို။နေ့ညနက်ဖြန်။ရက်လွန်ထိုထက်။ယုတ်တက်မရှိ။ရမိ
ရစေ။အမြဲတေတည့်။ထုပ်သေထားထား။ ထကာသွားအံ့။မေ့

မှားကျန်သော်။ တက်ခေါ်ရကာ။ ကုန်လင့်ရာဟု။ တရွာသွား
မည်။ခရီးသည့်နှင့်။တရည်တည်းပင်။ ထင်၏လည်းကောင်း။အ
ပေါင်းရှေးညွှန်း။သက်နီးသပိတ်။ပရိက္ခရာ။ရှစ်ပါးဌါဟု။ အန္တာဒိ
က။ဝိဟာရတို့။စသည်မလွတ်။ဆယ်ပါးဝတ်ကို။ လျှောက်ပတ်
စီရင်။ မလှူခင်၌။ရွှေတွင်ခင်းကျင်း။ မျက်မာန်ကင်းလျက်။ ရှင်
ရင်းရုပ်ဓာတ်။ဓောစိတ်ညွတ်၍။သံတွတ်နွတ်ရည်။ လှူအံ့သည်
ဟု။အကြည်အညို။ဆို၍လည်းကောင်း။ ဝပ်ညောင်းရှိခိုး။ လေး
မြတ်နိုးလျက်။သားဖြိုးခမည်း။အမိနည်းသို့။ပစ္စည်းအင်ရွဲ။လှူဆဲ
ဆဲ၌။သုံးစွဲစေလို။အစ်ကိုယ်မည်မှည့်။သည်ကောင်း၏ဟု။ ပေး
တည့်လက်စမ်း။ ကမ်း၍ လည်းကောင်း။ လှူပြီး နှောင်းလည်း။
ထပ်လောင်းလေလေ။လက်ယက်ရေသို့။ဝေကအလှူ။ ပွါးသည်
မှုဖြင့်။နတ်လူမြဲဟွာ။ပြိတ္တာမကြွင်း။ယမမင်းကို။ ရလျှင်းပါစေ။
တိုင်သက်သေကား။ဤမြေနတ်သား။တည်ဟုထား၏။ သိကြား
စေသော။ အလှူဩဘာဟု။ရေစက်ပြုလျက်။ သာရကော်ရော်။
နှမော်ဓနာ။ ခေါ်ပါစေကြ။ လှူဝေဌသား။ ဤမျှဆောက်တည်။
ပညာသည်၌။ထဲနည်ဘွေဘော်။ ကျေးဇူးသော်လည်း။ ။အ
ကျော်တက်စီးပွါး၏တည်း။

၉၀။ သီလဝန္တ။ရဟန်းစသား။ မိဘဇါမ်ရှင်။မိမိလင်ဟု။
လူတွင်ညီးညီး။သုံးပါးမီးကို။ရှောင်သီးယိုးယား။ပညာအားဖြင့်။
ယောကျ်ားမိန်းမ။ရိုတုပ်ကွလျက်။ နှိမ့်ချစောင်းမာန်။မဆန်လွန်
တည့်။အန်တန်မရှိ။ ဦးရှိကော်ရော်။ ပူဇော်သမှု။ ကျင့်တုသင်
သင်။ မစပြင်၍။ စီရင် သောအား။ သားဦး သားနှောင်။ တိုင်
အောင်မြေးမြစ်။ခုနစ်စဉ်ဆက်။ပွါးတက်လေလေ။အာကာသေ
ဟု။နဘောစနှော်။လသို့ပေါ်သား။ သူတော်တံထွာ။ လူလိမ္မာတို့။
ဘာသာကျင့်တမ်း။ညီတင်းကျမ်း၏။ လက်ကြမ်းနွတ်ပူ။ သူမိုက်
မှုကား။ ဤလူရပ်ဝယ်။ မှုကြီးငယ်၌။ အံ့ဘွယ်အရာ။ချီးမွမ်းစာ
ဖြင့်။ ဆိုဌာအပြစ်။ ပြင်ပဖြစ်၍။ တဆစ်ကိုယ်ဤ။ မသေမှီက။
ကာသိကရဋ္ဌ။ကစဥ္စကလျှား။ညာကြေပါးလျက်။စကားတင်သံ။

ညှိသိုးနံ၏။လူ့ထံတသွင်။ပစ္စုပ္ပန်လည်း။ နှစ်တန်ထူးခြား။ဤသို့
အားဖြင့်။ ထင်ရှားကင်္ကာ။ပွါးယုတ်ရာသား။ ပညာသတ္တိ။ရှိမရှိ
ကို။ ။တစိမြင်ရလွယ်၏တည်း။

၉၁။ တထွေနည်းသွယ်။ သေဖြိုးဝယ်လည်း။ ဆိုဘွယ်
မိန့်ရေး။ရှိတုံသေး၏။ ရှေးရှေးပညာ။လူတကာကား။ ချမ်းသာ
သုံးတန်။ စံရန်ဆန်လျက်။ နိဗ္ဗာန်မဂ်ဖိုလ်။ရောက်ခလိုဟု။ သွေး
ချိုပဏ္ဏနာ။လှူကမ်းခါ၌။ပန်ထွာခဲ့ဘူး။ခါလည်ကျူးသော်။ကျေး
ဇူးကြွယ်ပေါ။ ရှင်စောတို့၌။ အကြိုက်ဆုံပြား။ ဆုသုံးပါးတွင်။
လျှင်လျှားတကိုယ်။ ရှေးရိုးရိုးလျှင်။ ကျွတ်လိုကျွတ်ရ။ သာဝက
စစ်။ ပုညခေတ်ဟု။ ဖြစ်ခါသမ္ဘို။ ထိုသို့ပြုလွယ်။ မစင်ကြယ်
တည့်။ အကျယ်ရှုရှု။သဗ္ဗညုကို။ ပြုရဓေ့ခေသ်။ ဖြည့်လိုသော်
လည်း။သံတော်မိန့်စ။ဗျာဒိတ်ရအံ့။ဤမှတထူး။ ကိုယ်ချည်းကူး
အံ့။ရှေးဦးသင်လှာ။ ဟောပေပါသား။ဆရာမရှိ။ စွမ်းသတ္တိဖြင့်။
အသိကျယ်စွာ။ ပစ္စေကာဟု။ ကိုယ်သာကုံလုံ။ ကျွတ်လို တုံ
လည်း။ ကြိုက်ဆုံသဖြင့်။နန်းဝပွင့်သို့။ လေးဆင့်သစွာ။ပွင့်လေ
ရာ၏။ ကုံစွာဤသို့။ ဖြစ်ဟန်တို့ကား။ မချိုပညာ။ သူဝယ်သာ
လျှင်။ ။အရာထူးဆန်းကြွယ်၏တည်း။

၉၂။ မတတ်လိမ္မာ။ မြင်နည်းစွာသား။ ပညာမဲ့ထွန်။ သူ
မိုက်ကျွန်ကို။နိဗ္ဗာန်တရား။ဟောလှည့်ပြားလည်း။ နားမနာသီး။
ဘုတ်နှင့်ကျီးသို့။ ဆိပ်မီးအတောက်။ငြိမ်းခဲ့ပျောက်မှု။ အနှောက်
အရှေ့။မတွေ့တိမ္မာ။ ရှာသော်ရအံ့။ ဝဋ်မှခန္ဓာ။ ချုပ်ခဲ့ရာသား။
ချမ်းသာဝမ်းလိုင်။အတိုင်အတံ့။ဘယ်မှုစုံဟု။ယစ်နံ့ဖရည်။ ဆိပ်
သို့စည်လျက်။ရွှေပြည်အထူး။ဂုဏ်ကျေးဇူးကို။ ဝမ်းနူးအမြိုက်။
မမှတ်ပိုက်တည့်။ လမိုက်မှောင်ကျ။ ညဥ့်ကာလဝယ်။ ရာမျှ
လောက်အောင်။သူကန်းဘောင်၌။သူယောင်ငှူး။ ရယ်မြူးစလို။
ပို့ဝိမ့်ဆိုသော်။သင်းကိုယ်သင်းကိုင်။ နောက်ယိုင်စဥ့်လျှား။ ငင်
၍သွားရှင့်။ ချုံပါးလည်းရောက်။ ရှေးရိုးပျောက်မှု။ ရစ်ခေါက်
စည်းတန်း။ချုံကိုဝန်းလျက်။ ချင်းလက်ချင်းဆွဲ။တလဲလဲလျှင်။ရဲ

ရဲနေရောင်။မိုးသောက်အောင်လည်း။မြောက်တောင်ခရီး။လှည့်
ရှာပြီး၍။ရှာမှီးမတွေ့။ထို၍မစဥ့်။ ထိုညဥ့်အပ။ထိုနေ့စသား။ထို
ညချုပ်ရှိ။ထိုဤချင်းမှို။ မည်ကာမြို့တည့်။ထိုသို့မလှဲ။ ချုံဝယ်မြဲ
သို့။အထဲထိုးထွင်း။နက်စွါချင်းသည်။ငြိမ်းခြင်းအမွန်။နိဗ္ဗာန်တိုင်
တိုင်။မဟောနိုင်သား။ဂုဏ်ခိုင်နည်းခံ။ဆရာထံ၌။ တင်သံနားဝ။
မကြားရတည့်။ လူကတဦး။ နတ်သို့ပူးသော်။ တလူး လာလာ။
သေရစါနှင့်။ရှင်ဌါစံတည်။တလည်လည်လျှင်။တါရှည်သို့ပင်။
လူနတ်ခွင်၌။ဖြစ်ချင်ခလို။ရည်တင်းဆိုလျက်။ကျသိုလ်ဆုယူ။ဟူ
မိကနား။ ထိုသို့အားဖြင့်။ရှည်လျားနောင်ခါ။သာသနာ၌။ကြုံက်
ပါလတ်သော်။ သုံးလူ့ဘော်တို့။ ဥာဏ် တော် ဖေါဖေါ။ စင်
ဆေးကြော၍။ချောမောပရိသတ်။ အကျွတ်ရပြီး။ ရွှေပြည်မှီး
သား။ စနီးခြင်းရာ။ ကြားလိုက် ကာမျှ။ အခါချိချွတ်။ လိုက်မ
တတ်လျှင်။မလတ်မကော။ကြိုကာမောလျက်။ သဘောဘောင်
ကြီး။ ကန်မြေခံပြီးမှ။ မစီးမိခင်။ ကမ်းဝယ်တင်သို့။သည့်တွင်
မှာဘက်။ သံသာစက်၌။ သေဆက်မစဲ။ ကျွတ်ရခဲလျက်။ဆင်း
ရဲဘေးဘျမ်း။ တွေ့ရာလှမ်းသည်။ စိမ်း ရွှမ်းဗိုလ်ပါ။ သတ္တဝါ
အား။ ။ကြောင်းခြာဆိုရေးကျယ်၏တည်း။
၉၃။ အပြစ်အကျိုး။ဆိုရိုးပေါင်းစည်း။ဤသို့ချည်းလျှင်။သည်
နည်းပွါးပွါး။ ပညာ အားဖြင့်။ နှစ်ပါး နှင်နှင်။ အစုံပင် ဟည့်။
မျက်မြင်သံသာ။ ယုတ်တက် ရာသား။ မမာသသူ။ မာသားလူ
တို့။ ထူးမှုတရား။ ပညာခြား၍။ သီးစားပင်သေး။ဟူဘိမွေးသို့။
ဗိုလ်လှေးသတ္တဝါ။ သူပြိန်းမှာလျက်။ ပညာရင်းတည်။ မြို့ကြီး
မည်ရှင့်။ အုန်းစည်စီးပွား။ အပြားပြားလျှင်။ မရှားဂုဏ်။ဝိသေ
သတည့်။ ခြားမဦးကိုင်။ ကျေးဖူးစိုင်သို့။ တိုင် တိုင်ခန့် တွေး။
ရောက်တုံသေးရှင့်။ သန္တေးစင်နေ။ ဗျာဒိတ် ရေဖြင့်။ ပြောက်
ချေမွှဲကပ်။ ဆဲ့ရှစ် ရပ်၌။ မအပ် ကျိုးနည်း။ မြူ အထည်း ကို။
သုတ်လှည်းချော်ပြု။ရှင်ဘုံမှုကား။ ရွှယ်ချူဆုကြီး။ ဦးတင်ပြီး
၍။ ခိုင်ငြိမ်း မြောက်လှ။ အလှိုင်းမကို။ အရ ကျွတ်ဒကာ်။ ကျင့်နှိုး

ဆောင်၍။ လိုက်လျှော်အောင်အောင်။ မှူကြီး ခေါင်ကို။ ဆောင်တုံရကား။ ရှည်လျားကြာခေါက်။ ကြင်မျှလောက်၌။မရောက်နိုင်သေး။ ဝေး သားကမ္ဘာ။ သံသရာ အယဉ်။ ဖြစ် သော စဉ်တွင်။ ရှောင်ကြဉ်မအား။ ကံသုံးပါးတွင်။ ယိုးယားညစ်ကျူ။ မကောင်းမှုကို။ ကြည့်ရှုမင့်။ ဆယ်ရံ့ရံဘန်။ မှားမိထွန်အံ့။ ကျွန်နှင့်အတူ။ ရှင်ရှိသူတို့။ မမှုမရော။ ဝံ့သည်ငါဟု။ ပညာချွန်းရိုး။ဦးထိပ်မိုးလျက်။ မစိုးကိုယ်လို။အကျသိုလ်အား။ ခေါင်းပါးစေ၍။ ဂုဏ်ပညာကို။ ။မြတ်စွာမြင်သိန့်စေလသေး။

၈၄။ အမှိုက် မီးဘောင်။ ထည့်၍ လောင်သား။ ကြက်တောင်သဘွယ်။ကြီးငယ်အပြစ်။အမှုညစ်သို့။ရောက်လစ်သေါ်ခါ။မပွန်စွာဟု။ ရုပ်ဝါမပြန့်။ ရှုံ့ရှုံ့တွန့်မျှ။အညွန့်မလှ။ကြမ်ကြမ်တလျက်။ရတုံသံဝေ။ဉာဏ်ဆေးရေဖြင့်။ ချေ၍လည်းကောင်း။ နံတောင်းဘိရင်။ မကျင်နှစ်ဆစ်။ နင့်မှုညစ်ဟု။ အပြစ်ရှိ ကြိုက်။ ထိုက်၍တဘန်။ ဆေးတိုက်ပြန်သို့။ ဆန်လွန်မိငြား။ သူ့စီးပွါးကြောင့်။ ယိုးယားကရံ။ ဝစီကံနှင့်။ လက်ငံမနော်။ နှလုံးသော်လည်း။ စေ့ဆော် ကြံမိ။ အပြစ်ရှိမှု။ နောက်ပြုမစိုး။ သိ သောကျိုးလျှင်။ ကြည်ဖြိုးရွှင်မှု။ ဉာဏ်ဆေးပြုလျက်။ ကု၍ လည်းကောင်း။ ဆုတောင်းပေးလှူ။ သီတင်းမှုသည်း။ ရှင်သူပြစ်ပြစ်။ သုံးတုံလစ်၍။ အနှစ်ကိုယ်ဘို့။ ကုသိုလ်တို့ကို။ နှစ်လို့ဝမ်းသာ။ ပြုသောခါကား။ ပွဲညာသဘင်။ ဗိတာန်ပြင်သို့။ ကြည်ရွှင် လိုလွန့်။ ဇော စိတ် ဖြန့်လျက်။ အသန့် အရှင်း။မျက် မာန် ကင်းလျက်။ ကိုယ်တွင်းကိုယ်ပ။ ကြောခြင် စသည်၊ ပွပွရုပ်ဖိန်း။ဖိတ်သိမ်းလျက်။ မသိမ်းထလေ။ ဒိုင်ကြီးရေသို့။ မြဲ့တေသဒ္ဓါ။ စိမ့်သောခါတည့်။ ပညာကြပ် တည်း။ လှူပဒ္ဒည်းကို။ ဆည်း၍လည်းကောင်း။ အပေါင်းနှင့်နှင့်။မျှလောက် တွင်၌။ ဉာဏ်လျှင်ချိန်ကြိုး။ မည်စေပြီး၍။ ပွါးစီးနောက်နောင်။ ဉာဏ်ထိပ်ခေါင်သို့။ ရောက် အောင် ချက။ ရွေ့ ရွေ့စ လျက်။ သိရ ကြောင်း

ကြောင်း။ ပညာကောင်းကို။ ။မြတ်လောင်း ဆည်းပူး ဝံ့စေလသေး။

ယထာပိဘိက္ခုဘိက္ခုနော်၊ ဟီနမုက္ကဋ္ဌမဇ္ဈိမေ။ ကုလာနိနဝိဝဇ္ဇန္တော၊ ဧဝံလာဘာတိယာပနံ။

တထေဝတွံသဗ္ဗကာလံ၊ ပရိပုစ္ဆန္တော့ဗုဓနံ။ ပညာပါရမိတံဂန္တွာ၊သမ္ဗောဓိံပါပုဏိဿတိ။

ဘိက္ခုနော်၊ဆွမ်းခံသော။ဘိက္ခု၊ ရဟန်းသည်။ဟီနမုက္ကဋ္ဌမဇ္ဈိမေ၊ အယုတ်အလတ်အမြတ် ဖြစ်ကုန်သော။ ကုလာနိ၊ ဒါယကာတို့ကို။ နဝိဝဇ္ဇန္တော၊မကြဉ်သည်ဖြစ်၍။ ယာပနံ၊မျှလောက်ရုံသောဆွမ်းကို။ လာဘတိယထာ၊ ရသကဲ့သို့။ ဧဝံတထာ၊ထို အတူလည်းကောင်းလျှင်။တွံ၊ သင်သုမေဓါရသေ့သည်။ သဗ္ဗကာလံ၊ခပ်သိမ်းသောကာလပတ်လုံး။ဗုဓနံ၊ပညာရှိတို့ကို။ပရိပုစ္ဆန္တော၊ မေးမြန်းသည်ဖြစ်၍။ ပညာပါရမိတံ၊ ပညာပါရမီကို။ဂန္တွာ၊ဖြည့်၍။သမ္ဗောဓိံ၊သဗ္ဗညုအဖြစ်သို့။ ပါပုဏိဿတိ။ ရောက်လတံ့။

၆၅။ ဆည်းပူးပညာ။ယူသောခါတုံ။ ပမာသက်သေ။ဥပဒေကို။ သိစေအချည်။ ထုံးမည်သည်ကား။ဝတ်တည်ဆွမ်းဟု။ အာဂန္တုအား။လူ့မှတ် ထားသား။ ကြွယ်ရှား နေ့ခင်မယ်။ မျိုးလေးနွယ်၌။ ရွာလယ် ချင်းလာ။ ကျောင်း သဃာဟု။ ဝမ်းစာဆွမ်းလည်။ ရဟန်းသည်လျှင်။မျိုးမည်ယုတ်လတ်၊ အမြတ်အလွန်။ မရွေး ထွန်တည့်။ မကျန် စေဘဲ။ လူ့စမြဲ သား။ အိမ်လှဲရောက်ခါ။ တံ့ရာ ရာ၌။ ငံ့ကာရှေးရှု။ရပ်သည် မူလျက်။ နေပူပွန်းချက်။ မိုးသီးရည် စက်လည်း။ တောက်ရက်တုံတုံ။ ခံစေ့စုံသော်။ မျှရုံ ဝမ်းစာ။ ရလေပါသို့။ အခြာမဏ္ဍိုင်။ ကျေးဖုံးမိုင်ကို။အနိုင်ကြိုးပမ်း။ ရစိမ့်လှမ်းသည်။ ရမ်းရမ်းဆုရည်။ ရှင်တုံသည် လည်း။ ကြီးစည် ပွန်း တီး။ ပညာ ကြီးဟု။ ဖွဲချီး လက်မြောက်။ ကြင်မျှလောက်လျှင်။ အကောက်အကျစ်။ ကျမ်းဝယ်ဖြစ်သား။ ဆိုးညစ်ခလုတ်။ပါဌ်သစ် ဂုတ်က။ စသည် မကျန်။

လက်ငံတန် လျက်။ တတ်ပွန် ကျယ်ဝန်း။ ဆန်း အလင်္ကာ။ ဘွဲ့နည်းနာဖြင့်။ စိန္တာသုတ။ အဋ္ဌကာဝိ။ပဋိဘာန။ ဤမျှလေးကြိမ်။ ဂုဏ်သိမ်နှစ်စည်။ပညာသည့်လည်း။လူရည်ကြိုးကြိုး။ပြည်ပခုံး ၌။လဲက်ရုံးအားယူ။ ဆန့်သည့်မှုဖြင့်။ လိုသူလာစေ။ ပါဌ်မပြေလည်း။ ဖြေအံ့ဟူသည်။ ဥာဏ်ဝတ်တည့်လျက်။ ကျိုး ကျည်သံယံ။အလာခံအံ့။ မန္တမာန် စောင်။ စဉ်းလဲရှောင်၍။ တတ်ယောင်မမူ။ အဝှ အတန်။ အလွန် ယုတ်တက်။ ဆွေစဉ် ဆက်ကို။မထွက်ဆဘဲ။မျိုးကွဲလွဲလည်း။ အထဲနည်းနာ။သိရပါက။ကောင်းကာ ဟူသည်။ အယူ တချောင်း။ တည့်စွာ ရှောင်း၍။ တတ်ကောင်းပညာ။ရသါရာ၌။သဒ္ဒါကြည့်မြဲ။ရိုတုပ်ကွလျက်။အစအဆုံး။မှတ်သည့်ထုံးဖြင့်။ နှလုံးစင်ဖြူ။ ရှာမေးမြူလျက်။ ရှင်ဖြူဘဘွား။ဥာဏ်တရားကို။ ။ထူးပြားတတ်သိမြင်စေလသော။

၉၆။ မထင်ရာရာ။ ပုဏ္ဏာနက်လေး။ခဲခက်မေး၍။ နှေးနှေးညောင်း စောက်။ ဆရာ မှောက်၌။ သောက် တုံရင်နို့။ ခစားစို့လျက်။ ကိုယ်တို့ပညာ။ ပွင့်ရစာကို။ ရှာ၍လည်းကောင်း။ဂုဏ်ဆောင်းနှံ့ကြူ။သိသသူ၌။ ခံယူဆုံးမ။ ကြားသင်ရသည်။ရှေးကအနှမာန်။ ယူစဟာန်ကို။ ကိုယ်တန်အလိုက်။နှလုံးပိုက်ဖြင့်။ နှိုက်၍သိမြော်။ ရချေတော်မူ။ပြောဘောင်ရှိရာ။သန္တနာဖြင့်။ကြောင်းခြားရိုးထိ။ သူ့သတ္တိနှင့်။ညှိ၍လည်းကောင်း။ တောင်းလောင်းရင်းဖျား။ အလယ် သားမှ။ များလျားထွက်ကျင်။ ကြာချည့်မှင်ကို။ ထွစင်ချွတ်ချွတ်။ တိုက်၍ဖြတ်သို့။မမှတ်လိုက်မိ။စွန်းနားငြိသား။ မသိထင်လွန်း။ မြေးရှောက်တန်းမှု။ တကျွန်းခြားရာ။ပင်လယ်မှာလည်း။ ရောက်သာခဲ့က။ ဒုဟာမျှတည်း။ အနည်းမဟူ။ ဖြေပိမ့်သူသို့။ အယူပိုးဝါး။ ရှိစဉ်သွား၍။ ယူမှားကာမျှ။ ဧကန္တလျှင်။ မကျနိုင် လေ။ တပိုဒ် ကျေကို။ စင်စေ အစေး။ ဆေး၍လည်းကောင်း။ ပွားကြောင်း ပညာ။ ဤခြင်း ရာကို။ မြတ်စွာရှေးရှု။ သိသည့်မှုလျက်။ ရှင်လူပဏ္ဍား။ တြွယ်ရှားယုတ်မြတ်။ ပညာတတ်နှင့်။ပူးပွတ်မကင်း။ ဆိုတွင်းမိန့်သံ။ နားပါးခံ၍။ကာထံ

ကထိ။သကျာရှိသား။ပွန်းပြိုညှိုစေ၊ ဉာဏ်သရော်ကို။ချဉ်ပေါ
ရေထိ။ကြေးနီညှိုသို့။ မရှိစေရ။ဖျောက်များကလျှင်။ ခြားမဦး
ကိုင်။လိုရာတိုင်လျက်။ဖြိုးခိုင်မြင့်ကျယ်။ အုံ့ဘွယ်ဘွယ်တည့်။အ
ဘယ်မျှကြီး။ သိုရာသီးအုံ့။ ချက်ပြီးစုံပေါင်း။ ဘုရားလောင်းတို့။
တချောင်းနှုလုံး။ သုံးပြီးရကား။ တပြွားပြွားလျှင်။ နှုတ်နားခံပါ။
ဂုဏ်ပညာကို။ ။မြတ်စွာနှုလုံးဝင်စေလသေး။

ပညာပါရမီခဏ်းပြီး၏။

## ( ၄ ) ဝိရိယပါရမီခဏ်းအစ။

နဟေတေဧတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာဘဝိဿရေ။ အညေပိဝိ
စိနိဿာမိ၊ ယေဓမ္မာ ဗောဓိပါစနာ။

ဝိစိနန္တော တဒါဒက္ခိံ၊ ပဉ္စမံဝီရိယပါရမိံ။ပုဗ္ဗကေဟိမဟေ
သီဟိ၊ အာသေဝိတနိသေဝိတံ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ဗောဓိပါစနာ။သဗ္ဗညုအဖြစ်ကိုရင့်
စေတတ်ကုန်သော။ယေဓမ္မာ၊ အကြင်တရားတို့သည်။ဧတ္တကာ
ယေဝ၊ ဒါနသီလနိက္ခမပညာပါရမီတို့သည်သာလျှင်။ နဘဝိဿ
ရေ၊ မဖြစ်ကုန်ရာ။ အညေပိ၊ ဆိုအပ်ခဲ့ပြီးသည့်မှတပါးကုန်သော။
ယေဓမ္မာ၊ အကြင်တရားတို့သည်။သန္တိ၊ ရှိကုန်၏။ဧတေဓမ္မာပိ၊
ထိုတရားတို့ကိုလည်း။အဟံ၊ငါသည်။ဝိစိနိဿာမိ၊ စူးစမ်းဦးအံ့။

ဝိစိနန္တော၊ စူးစမ်းသော်။ သောအဟံ၊ ထိုငါသည်။ ပုဗ္ဗကေ
ဟိ။ ရှေး၌ဖြစ်ကုန်သော။မဟေသိဟိ၊မြတ်စွာဘုရားတို့သည်။အာ
သေဝိတံ၊ ရှေးရှုမှီဝဲအပ်ထသော။နိသေဝိတံ၊ အဘန်တလဲလဲအ
မြဲမှီဝဲအပ်ထသော။ ပဉ္စမံ၊ ငါးခု မြောက် သော၊ ဝီရိယပါရမိံ။
ဝီရိယပါရမီကို။တဒါ၊ ထိုအခါ၌။အဒက္ခိံ၊မြင်လေပြီ။

၆၇ ။ သတိပဋ္ဌာန်။ကြိုးကြိုးလွန်ဖြင့်။လေးတန်ချည်တည်း။
သမ္မပ္ပဓာန်းဖြင့်။မလည်းမလိပ်။တိုင်ဦးထိပ်၌။စိပ်စိပ်ဖွဲ့ရှက်။နှောင်
သိုင်းခက်သား။ပြမ်းဆက်ဖျားလွန်။ထွတ်နိဗ္ဗာန်သို့။သန်မြန်စွမ်း

ဟုန်။တက်ပြီးချန်သား။ မဖုန်ပညာ။ ငါ့သစ်ာတွင်။ ကြီးရာတင်
ရှောင်း။ လက်စောင်ကောင်းဟု။ ချီးသောင်းပရိသတ်။အလွတ်
ဟော ကြော်။ လွန်သိမြွေ်သည်။ သူတော်မဟာ။ သာရိပုတ္တ
ရာ။· ။ဦးစွာစံစ။စေ့ပျိုးချသည်။ ဆုရပွင့်လျာ။သုမေဓါကား။
သဒ္ဒါခေါင်နှိမ်။ ကျင့်လေးကြိမ်ကို။ အတိမ်အမြုပ်။ မဒုပ်ရှာမှီး။
ဤမျှကြီးလျှင်။ ဆိုပြီးတုံမှ။ နေကြြဆဲဆဲ။မှတ်ပြီးရဲသော်။တကွဲ
သီးခြား။ ကျင့်တရားကို။ ဘာသွား ရှင်ပျံ။ ဤသို့ကြံ၏။ဝတ္တံနှုတ်
လွတ်။ ခံ၍ညွှတ်လျက်။မကျွတ်သတ္တဝါ။ သူ့ဘိုတာ၍။ခဲရာတိုး
တိုး။ဆုကြီးကြီးသည်။ကျင့်ရိုးပုဏ္ဏား။ရသေ့များ။ ။ဘုရားအ
ဖြစ်။ဆုကြီးနှစ်ကို။ရဆစ်ချိန်သင့်။ အကျင့်လေးပါး။ဤသို့ခြား၍။
ဘာသွားစေ့နှံ့။ ဤသို့ကြံ၏။ ဝန်ခံပြမ်းဆင်။ လေးတိုင်စင်ကို။အ
ကြင်မျှလောက်။မြင့်တိုင်းဆောက်၍။ရောက်ပေါက်ကြီးကျယ်။
ထိုရာရှုယ်အံ့။ ထိုဝယ်တိုင်းတိုင်း။ ကြီးမဆိုင်းမူ။လယ်မိုင်းငြမ်း
ရှည်။ယိမ်းပင်းဖည်လျှင်။ရည်သားအရာ။ မမှီသာသို့။ဒါနသီလ။
နိက္ခမနှင့်။ ဥာဏပါရမီ။ဤသည်မျှရုံ။ စုံကားလေးပါး။သင်းသီး
အားဖြင့်။ တပါးကြောင်းခြာ။မဆံပါတည့်။ ဤသာတိတိ။ဂုဏ်
ကြီးချိသည်။ ။တစိမဟုတ်ရသေးတည်း။

၉၀။ အသီးအသီး။ ဖြင့်ကြီးခတ်မျှ။ ယမိုက်စသား။လှိုင်းမ
ဟိုးဟျော်။ကျေးဇူးတော်ကို။ ဆိုသော်မလွယ်။ အဝန်းကျယ်၏။
မြေဝယ်မိုင်းထွေး။အရေးကြောင်းကြောင်း။ မထင်ကောင်းသို့။
ဘုန်းပေါင်းစေ့ဆော်။ကိုယ်တော်ဝလေ့။ မွေသည်စင်စစ်။ဖြစ်
၍လည်းကောင်း။ ထန်းရှောင်းရေပြင်။ ကြာဖက်တွင်၌။စိုင်းနှင်
သိန္ဓော။ဖေါဖေါနင်းကြွား။ ထိကာသွားသို့။ယောကျ်ားသူခြေ။
ကုဋေတသောင်း။ပေါင်းမှတူနိုင်။အားဆုံးတိုင်သား။ စွမ်းနိုင်လှ
ထွန်း။ ကိုယ်တော် အန် ဖြင့်။ သန်၍ လည်း ကောင်း။ လမ်းတ
ကြောင်း၌။ကြွရှောင်းလတ်သော်။ ခြေတော်ဘဝါး။ရာထင်ရှား
က။နောက်သွားလူသူ။နင်းမိမူကား။အပူအဆာ။ဖြစ်ခဲ့ရာဟု။တာ
၍လည်းကောင်း။ အကြောင်းသုံးပါး။ ဤသို့အားဖြင့်။ ဘဝါးရွှေ

စက်။ကြွစဉ်ဘက်လျှင်။မြေထက်နင်းရော။ မထင်ပါသား။တံထွာကိုမျှ။မြင်ကာဘဲ့ယ်သူ။ဘယ်နတ်လူသည်။ ရှေးရှုဖူးလာ။မအုံ့ပါချိမ့်။ အနိမ့်သာလျက်။ အုံ့ဆတက်ရှင့်။အထက်သော်ကား။ကာကထားဟု။ သီးခြားလွတ်စေ။ဆိုချေစရာ။ မရှိစွာခဲ့။ အုံ့အာသို့စင်။ဂုဏ်များရှင်နှင့်။ ခုတ်အင်ရည်တူ။ ဖြစ်စိမ့်ဟူလျက်။ရှင်ဖြူကျော့ကျည်း။လေးပါးတည်းသော်။ ။လျော့လျှည်းမအပ်စွသေးတည်း။

၉၉။ လေးပါးအနည်း။ ဤမျှတည်းသော်။ ဆုံစည်းကာသာ။အလျှာလောင်းတော်။ကျယ်သိမြော်ဟု။မကျော်သေးတန်။မှန်တုံ့ရကား။ ကျင့်တပါးလည်း။ ဘုရားဖြစ်စာ။ ရှိသေးရာဟု။မကြာလည်းကောင်း။ ဘွေလတ် ရှောင်းသော်။ မြတ် လောင်းပုဏ္ဏား။ရှင့်ဘဘွားကား။ရှည်လျားမဆွ။ သုံးလူ့ဘတ္တိ။နိစ္စမှိဝဲ။ကျင့်သုံးစွဲ၍။ ပွင့်မြဲစင်စစ်။ ကြောင်းရင်းဖြစ်လျက်။ ဓုလစ်ငါးဆင့်။ဘုံသို့တင့်သား။ အကျင့်တတည်။လုံ့လမည်ဖြင့်။ပွါးစည်ပင်မ။ဝီရိယကို။ ပြည့်ဝဥသုံ။ မြင်လတ်တုံက။ ကုံလုံမှုသီး။လုံ့လကြီးဟု။ဖွဲ့ချီးလူ့ဘောင်။ခံရအောင်လျှင်။ပွဲ့စေါင်ကြပ်တည်း။အားထုတ်သည်းလျက်။ တင့်ရည်းသွေးချို။ဤသို့ဆိုသည်။ ။ကိုယ်ကိုဖျော့သို့လထေးတည်း။

ဋ္ဌမံတွံပဥ္စမံတာဝ၊ ဒဠှံကတွာသမာဒိယ။ ဝီရိယပါရမိတံဂစ္ဆ၊ ယဒိဗောဓိံ ပတ္တုမိစ္ဆသိ။

တာပသ၊သုမေဓါရသေ့။ တွံ၊သင်သည်။ တာဝ၊အစဉ်သင့်။ ပဥ္စမံ၊ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ဋ္ဌမံ။ ဤဝီရိယပါရမီကို။ဒဠှံ၊မြဲစွာ။ ကတွာ၊ ပြု၍။ သမာဒိယ၊ ဆောက်တည်လော့။ ဗောဓိံ၊သဗ္ဗညုအဖြစ်သို့။ပတ္တုံ၊ ရောက်ခြင်းငှါ။ ယဒိဣစ္ဆသိ၊အကယ်၍ အလိုရှိသည်ဖြစ်အံ့။ ဧဝံ။ဤသို့အလိုရှိသည်ရှိသော်။ ဝီရိယပါရမိတံ၊ဝီရိယပါရမီကို။ဂစ္ဆပူရေဟိ၊ ဖြည့်လော့။

၁၀၀။ တဝဲလည်လည်။ မြင့်တာရှည်လျက်။ ဤသည်ဝန်မှ။မထနိုင်စွမ်း။ လူစိမ်းရှမ်းကို။ ဘေးဘျမ်းကင်းရော။ပြည်သာအ

ထံ။ပို့ပိမ့်ကြီသည်။ ရည်ငံလိမ္မာ။ သုမေဓါ။ ။ကြောင်းခြာတ
ထူး။ အောက်မေ့ဦးလော့။ ကျေးဇူးကြီးငယ်။ ပြုဘွယ် ဘွယ်
သား။ယာလယ်ထွန်ယက်။တိုင်းဆက်လုပ်ဆောင်။ ပူလောင်နေ
ခြစ်။တံကျစ်ဝန်လေး။အနှေးအလျှင်။ မျက်မှောက်တွင်၌။အကြင်
ထိုထို။၅ါလူဗိုလ်တို့။ကုန်တို့စယ်စ။ ဟူသမျှကို။ကုံငစေ့အောင်။
အိမ်ထောင်ပစ္စည်း။ ကိုယ်ဘို့ဆည်း၍။ ရေကြည်းအလျောက်။
ထိုမျှလောက်သား။ လုပ်ထောက်ဆောင်ခင်း။ပြုစဥ်တွင်း၌။ယှံ
ယွင်းမနှေး။အိမ်ဈေးဆိပ်ဌာန်။မှာရည့်တန့်လျက်။ခန့်သည့်တစေ့။
အမိုးသေမှ။ကြီလေသနွေ့။အောက်မေ့ရာရာ။သို့ချည်းသာလျှင်။
ချမ်းသာအလျောက်။ ပြီးစီး မြောက်၏။ မခေါက်မခက်။ငဲ့ကွက်
လုံ့လ။လျော့ဘိကမူ။ကိစ္စသင်းသီး။ပြီးသည်ထားဘိ။ မိမိကိုယ်
မှ။အရှက်ရ၏။ကုံငစေလွှယ်။ ကိုယ်ဘို့ငယ်မျှ။ အကယ်၅ါသို့။
ဖြစ်လှည့်မြို့အံ့။တက်ဆိုဘဝင်။ကောင်းကင်ထက်ဖြင့်။ချင့်တွက်
မနိုင်။ ဥာဏ်မဏ္ဍိုင်ကို။ ပြီးပိုင် စိမ့်သည်။ ရည်သား မှောက်
တော်။ရှင့်အားသော်ကား။ ချိုင်ါဘယ်မှာ။ဆိုရာရှိအံ့။ မချိမငံ့။
အမှုခံ့မှ။ဖွံ့ဖွံ့ချမ်းသာ။ပွါးစီးရာသည်။မှန်စွာသမှု။လုံ့ထုံးရှု၍။ရ
ဆုပတ္တနာ။ပြီးစေဌါလျှင်။သေချာလုံ့လ။ဝီရိယကို။ ။ဆယ်ဆ
အမောင်ကြိုးလသေသး။

၁၀၁။ လုံ့လမဲ့ဘဲ။မျက်နှာလွှဲ၍။အခဲအဝံ့။ငံ့တွံလက်ချ။လူ
တို့မျှကား။ကြွားကလက်တည်း။ ၅ါမှုသည်းစွ။ထိုချည်းပြီးတိုင်။
မတတ်နိုင်ဟု။ဥာဏ်ခိုင်ကြီးထု။သဗ္ဗညုကို။ ပွင့်ဆုမယူ။ကြော်
သည်မူ၏။လျစ်လျူထိုမြို့။လူတချိုတံ။ကျူးတို့သည်ကြီး။မြော်လု
နိုးမှ။ချန်သီးလုံ့လ။အားကိုချ၍။မရဗျာဒိတ်။လက်ချည်းပိတ်၏။
ထိုးထိတ်မရှိ။လက်ငံမြောက်မြား။ သူတပါးတုံ။ ခွန်အားထုတ်
ထုတ်။အရကုတ်လျက်။သမုဒ္ဒရာ၏။ပင်လယ်မြစ်လည်း။ပက်စစ်
ခန်းတန်။နှင်းနှိုးထွန်လျက်။ တောစွန်အုံနား။ နွားကျောင်းသား
တို့။ ထောင်ပြေးသိမ်းနင်း။ နွားမြီးကျွင်းကား။ မငြင်းနိုင်ခက်။နှံ့
ရတ်ဌက်တည့်။ရန်းထွက်လွှယ်ပိုင်။မဆန်နိုင်သို့။စွယ်ခိုင်ပြောင်

ထိး။ပေါက်သားကြီးနှင့်။မနီးကြွထွေ။ ဝေးစေ၍ယင်း။အဖျင်းမှု
ဆိုး။တလွန်းကြီးကို။ဆင်မျိုးဆက်ခန်။ မာန်လည်းမချ။ငါ့လို့လ
ဖြင့်။မတွေ့နိုင်စေ။ ဖြေအံ့ယင်းတူ။ ငါသသူဟု။ သွမ်းယူပုံပြင်။ရဲ
ဆေးတင်၍။အောင်မြင်ပတ္တနာ။ဗျာဒိတ်ခါဝယ်။ ရောက်ကာသ
မြို့။၍ကဲ့သို့လျှင်။ပို့ပိမ့်ကယ်ဆယ်။ ဆုကြီးရွယ်သည်။အကယ်
ရှေးရှု။ရှင်တုံးမှုလည်း။ချမ်းပူခဲခက်။မရေတွက်ဘဲ။ ပန်နက်ခဲ့မိ။
ရှေးဘုန်းရှိ၍။ဗောဓိဉာဏ်မွန်။ မချွတ်တန်သည်။ မှန်ပြီရကား။
ပွင့်လိုပြားလည်း။မှန်စားကုတ်ကော်။ တိုက်တွန်းဆော်၍။ ။
မျှောက်တော်ကိုယ်ကိုနှိုးလသေး။

၁၀၂။ ရတနာ တည်။ အချည်ဝန်းရ။ သဘော မလျှင်။
လွင့်စဆဲဆဲ။ပင်လယ်ဝဲ၌။အထဲနံကိုင်။ ဝန်းချက်တိုင်အား။အနိုင်
ခြုတ်ထိ။ ပေါက်လတ်ဘိမူ။ထေးမိထေးတည့်။ ငံ့ကြည့်ချောင်း
နှောင်း။ မကြာကောင်းသို့။ ဝဲပေါင်းဝိဇ္ဇာ။ တဏှာပင်လယ်။သံ
သာကျယ်၌။ ငါးသွယ်သပြိုဟ်။ ခန္ဓာကိုယ်ဟု။ ဝန်ဗိုလ်နှက်မ။
ဆုကြီးရ၍။အဝဆယ်လံ။သဘောပျံလျှင်။ မည်ခံရှင်းနှစ်။ရသေ့
စစ်သည်။ဖြစ်ပြီးရကား။ကျင်လည်မျှား၍။ ယိုးယားရံခါ။ရှည်မြင့်
ကြာသော်။မိဇ္ဇာဝိတက်။မှက်ဖြင့်လည်းခဲ။ နှေးဖြည်းနွဲ၍။ကြည်
နဲကြည်နူး။အပျင်းဟူသား။ လျစ်လျူတိမ်းပါး။ ပေါက်လတ်ငြား
မူ။ ပပ်ကြွားထေးထူ။ လို့လဟူသား။ တကျပျဉ်ကွပ်။ သားစေ့
ထပ်၍။ကြပ်ကြပ်ခိုင်ခံ့။အားထုတ်ဝံ့က။ ရအံ့ဂုဏ်လှိုင်း။ ငါရည်
တိုင်းဟု။ ရှင်ကျိုင်းရသေ့။ ကြံအောက်မေ့လျက်။ ယနေ့ကစ။ဝါ
ယာမဖြင့်။ ။လို့လကိုယ်စွမ်းကိုးလသေး။

ယထာသိဟောမိဂရာဇာ၊ နိသဇ္ဇဋ္ဌာနစင်္ကမေ။ အလီနဝိရိ
ယောဟောတိ၊ ပဂ္ဂဟိတမနောသဒါ။

တထေဝတွံ သဗ္ဗဘဝေ၊ ပဂ္ဂယှဝိရိ ယံဒဠှံ။ ဝိရိယပါရမိတံ
ဂတွာ၊သမ္ဗောဓိံ ပါပုဏိဿတိ။

သိဟောမိဂရာဇာ၊ ခြသေ့မင်းသည်။ နိသဇ္ဇဋ္ဌာန စင်္ကမေ၊
ထိုင်ခြင်းနေခြင်းသွားခြင်း၌။အလီနဝိရိယော၊ မတွန့်သောစိတ်ရှိ

သည်။ဟောတိ၊ ဖြစ်၍။သဒ္ဒါ၊ အခါခပ်သိမ်း။ ပဂ္ဂဟိတမနော၊ ချီးပင့်သောနှလုံးရှိသည်။ ဟောတိယထာ၊ဖြစ်သကဲ့သို့။တထေဝ၊ ထိုခြသေ့်အတူလည်းကောင်းလျှင်။တွံ၊ သုမေဓာရသေ့သည်။ သဗ္ဗဘဝေ၊ ခပ်သိမ်းသောဘဝ၌။ ဝီရိယံ၊ လုံ့လကို။ဒဠှံ၊မြဲစွာ။ ပဂ္ဂယှ၊ ချီးပင့်လေ့။ဝီရိယပါရမိတံ။ဝီရိယပါရမီကို။ ဂစ္ဆ၊ဖြည့်၍။ သမ္ဗောဓိံ၊သဗ္ဗညုဘုရားအဖြစ်သို့။ ပါပုဏိဿတိ၊ရောက်လတံ့။

၁၀၃။ လုံ့လကိုယ်စွမ်း။ ထမ်းလတ်သောခါ။ပမာသမှု။ ထုံးတခုတုံ။ပဏ္ဏာကာလ။ကေသရနှင့်။တိဏာဟူသည်။လေးဆူအရိုး။ခြသေ့်မျိုးတွင်။အစိုးရစင်။တောတခွင်၌။ကောင်းကင်ပျံတတ်။သိင်္ဂေါမြတ်လည်း။ မလွတ်ရစေ။ လိုက်နည်ဖွေလျက်။ ကေသရာသိ။ ခေါ်တွင်ညီလျက်၊ ရှေ့ချီကား ကား။ မှင်ဖါးဖါးလျှင်။သားများသေ၌နင်း။ ခြသေ့်မင်းကား။ တိုက်တွင်းဂူဟာ။ မြင်းသီလာ၌။အိပ်ခါသော်လည်း။သိမ်းဆည်းခြေလက်။နောက်မြီးဝှက်၍။ညာလက်နံတောင်း။ကိုယ်တစောင်းဖြင့်။ လျောင်းတုံစိမ့်ချေ။အိပ်ပျော်လေလည်း။လက်ခြေထားလျောက်။ရာမဘောင်တည့်။နိုးမြောက်မွေးမှင်။ခါသန့်စင်လျက်။ ဥမင်ဂူထဲ။ရှေ့လက်ကြဲပြီး။ ထွက်မြဲ သုံးခွန်း။ ဟောက်သံ မွန်း၍။ ရပ်ကျန်းတည့်တည့်။ မလှည့်ဦးခေါင်း။ နံတောင်း နောက်ဖို။ ချန်မို့စမြဲ။ လျှပ်ခြည်ဝဲသို့။ ပျံလဲတောဖျား။ဆွန့်ကာလွှား၍။ ခွန်အားတွင်ကျယ်။ အလှယ်လှယ်လျှင်။ စံပယ်ကွန့်က။ မြူးပြီးမှတည့်။ ဂူဝနောက်ထား။ စာရှာစားလည်း။ဆိတ်နွားဒရယ်။ ယုန်ငယ်သမင်။ ကြီးပြောင်စင်သား။စွယ်ခွင်စွင့်စွင့်။တောင်ရှိမြင့်သည်။ ဖြစ်လင့်ကစါး။လျှင်လျှားချန်စိုင်း။ချတ်မြဲတိုင်းဖြင့်။တည်းထိုင်းမရှိ။ဘမ်းစိစိလျှင်။ ပြုဘိလတ်က။ မဆုန်းဆတည့်။ လုံ့လစောင်းမာန်။ အားကျန်သွန်သား။တိရစ္ဆာန်တောမင်း။၏ဖြစ်ခြင်းကို။ ဖြောင့်စင်းပမာ။အားထုတ်ခါ၌။ ။နည်းနာအမောင်ကြံလသော။

၁၀၄၊ ပမာလုံးလုံး။ ခြသေ့်ထုံးကို။ အရုံးအစည်း။ မှတ်

သည်နည်းဖြင့်။ပမည်းယှုယှု။နှိုင်းရှည့်မှုလျက်။ ဤလူရပ်ခွင်။အကြောင်အကြောင်။အဖြစ်တွင်၌။ မြင်းဆင်ကျွဲနွား။ကျေးငှက်အားဖြင့်။ အလားမတော်။ကြိုက်လတ်သော်တည့်။ မလျှော်မလျှံ။ဝန်ကြီးခံလျက်။သည်းညံ့ချိချိ။ လို့လရှိဟု။သူသိသူထင်။ ပွဲညာတင်၍။ ချစ်ခင်ရှိသော။မွေးပေသောကျိုး။ အားကြိုးအံ့ရ။ သူမမှုအောင်။မှုထမ်းဆောင်လျက်။ ကိုယ်ရှောင်လွတ်ဆေး။ မသုန်ပြေးတည့်။ လိုရေးလည်းရောက်။ပြီးထုတ်ချောက်လျှင်။အောင့်စောက်သဦး ဆောင်း။မညောင်းမကျင်။သစ်ပင်အဖျား။ ငုပ်သွားသဲထိ။လုပ်မိကနား။ရှောင်ရှားမညှာ။လိုရာဖြစ်စေ။အရေအရိုး။နှပ်နှပ်ကျိုး၍။ ဦးချိုးခြောက်ထပ်။သွေးသားကပ်လည်း။ ပျပ်စပ်ထိုင်ရာ။သေကာသမြို့။မတွန့်တို့ဟု။ဤသို့ကြပ်ကြပ်။အသေအပ်၍။ သုံးရပ်ဦးကိုင်။ဆုပေးမိုင်သည်။ဉာဏ်ပိုင်ကြီးထု။ သဗ္ဗညုကို။ တိုင်တုခွ ထောင်။လို့လခေါင်ဖြင့်။ ။အမောင်ထမ်းအားသံလသေး။

ဝီရိယပါရမီခန်းပြီး၏။

---

(၈) ခန္တီပါရမီခန်းအစ။

နဟောတေတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာဘဝိဿရေ။အညေဝိဝိ နိဿာမိ၊ ယေဓမ္မာဗောဓိပါစနာ။

ဝိစိနန္တောတဒါဒက္ခိံ၊ဆဋ္ဌမံခန္တိပါရမိံ။ ပုဗ္ဗကေဟိမဟေ သိဟိ၊ အာသေဝိတနိသေဝိတံ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ဗောဓိပါစနာ၊ သဗ္ဗညုဘုရားအဖြစ်ကိုရင့်စေတတ်ကုန်သော။ယေဓမ္မာ၊ အကြောင်တရားတို့သည်။ တေ္တကာယေဝ၊ ဤတရားတို့ သည်သာလျှင်။ နဘဝိဿရေ၊မဖြစ်ရာ။အညေ၊ တပါးကုန်သော။ ဗုဒ္ဓဓမ္မာ၊ ဘုရားအဖြစ်ကိုပြုတတ်ကုန်သော။ယေဓမ္မာ၊ အကြောင်တရားတို့သည်။ သန္တိ၊ ရှိကုန်၏။တေဓမ္မာအပိ၊ ထိုတရားတို့ကိုလည်း။ အဟံ၊ငါသည်။ ဝိဝိ နိဿာမိ၊ စုံစမ်းဦးအံ့။

ဝိဇိနန္တော၊ ရုံစမ်းသော်။သောအဟံ၊ထိုငါသည်။ ပုဗ္ဗေကေဟိ၊ ရှေး၌ဖြစ်ကုန်သော။ မဟေသိဟိ၊ မြတ်စွာဘုရားတို့သည်။ အာသေဝိတံ၊ ရှေး၌မှီဝဲအပ်ထသော။နိသေဝိတံ၊ အဘန်တလဲလဲအမြဲမှီဝဲအပ်ထသော။ဆဋ္ဌမံ၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ခန္တီပါရမိံ၊ခန္တီပါရမီကို။ တဒါ၊ထိုအခါ၌။ အဒက္ခိံ၊ မြင်တော်မူ၏။

၁၀၅။ ပရမံတပေါ်။ခန္တီကျော်ဟု။သူတော်အကျင့်။အားရှစ်ဆင့်ကို။ငါနှင့်ကြိမ်မှ။ကိုယ်စွမ်းရ၍။သံပကြွားကြွား။ဉာဏ်ဖြင့်သွားလျက်။သုံးပါးဝန်ကမ်း။ ၏ချောက်ခန်းမှ။ သာချမ်းမြေခိုင်။ချန်ပြီးနိုင်သား။ဆွယ်ပြိုင်မရှိ။အသိတိစင်။ထေရ်ကြီးရှင်တို့။နားဝင်ရိုးထိ။ မကြိမ်လည်း။ ခန့်ချိမေးမြန်း။ ငါ့နှယ်ထွန်းသည်။ ကျယ်ဝန်း ပညာ။ သာရိပုတ္တရာ။ ။ကရုဏာ တိုက်တွန်း။ဆုကြီးမှန်းသည်။ ကြိုးပမ်းမှုသည်း။ ရှင့် ခမည်းကား။ တင့်ရည်းခေါက်ရက်။ ပန်နက်ပဒိုညာဉ်။ ယှဉ်သားကိုယ်ထ။ ကျင့်လုံ့လကို။ ၏မျှသင်းသိး။ ဆိုတုံ ပြီးသော်။ ရှာမှီး အသစ်။ အကြံဖြစ်သည်။ ။စင်စစ်၏သို့တဦးတည်း။

၁၀၆။ ကျပ်ကျစ်သောသတ်။ ဆုကြီးဝတ်ကို။ မချွတ်အနန်ကိုး။ဖြဉ့်အံ့ကြိုးသည်။ရှေးရိုးခရီး။ရသေ့ကြီး။ ။တသီးတပါး။ကျင့်တရားဖြင့်။ အများသခင်။ဖြစ်အောင်လျှင်ဟု။ အောင်မြင်ရန်း။ ရှင်ကားကြိုး၏။ ကျော်ဟိုးချီးသံ။ ကောင်းကင်လျှံမျှ။ရဟံစသား။နဝဂုဏော။ဂုဏ်မြူတေကို။လွှတ်စေထားဦး။ မြင့်ဖြူးထက်ဝါ။ အရာအထောင်။ အတောင်အစောက်။ စေတီမှောက်တွင်။ ထွားလောက်ပွတ်စင်။ ကြေးမှုံပြင်သို့။ ဆံတွင် ရန်ညင်း။ သီးခွံတွင်း၌။ ကြီးမင်းကိုယ်တော်။ လုံးရပ်သော်လည်း။ နှဘော်ဖြိုးသား။ တန်ခိုးမလွှတ်။ဆံ့လေတတ်၏။ အမှတ်ဓမ္မတာ။ ၏မျှသာလျှင်။အရာနက်နဲ။မအံ့ရဲခဲ့။အထဲနက်ကျို။ဆုံးမရှိသည်။သိရိဗဟို။ကျေးဇူးကိုသော်။ မသိလေကောင်း။ ဉာဏ်ပေါင်း လင်းထိန်။တရားရှိန်ဖြင့်။ အစိန္တေယျော်။ ၏သို့ကျော်သား။မိုးမျှော်ထက်

ဆို့။ကျေးဖူးတို့ကို။ဤသို့တင့်ရည်း။ ငါးပါးတည်းဖြင့်။မသည်း
လွန်းဘဲ။ရစမြဲသော်။ ။ခဲ့၏မမည့်သေးဘူးတည်း။
၁၀၇။ အလွန်တင့်ကဲ။မအံ့ရဲသည်။ အထဲချောင်နက်။အ
ကျိုးဆက်ကို။လွက်လွက်မျှသာ။ ကျင့်ငါးခါဖြင့်။ စစ္စာမမည်။
တန်စိမ့်ရည်သော်။အခြည်အမွန်။မပြီးတန်သည်။မှန်တုံရကား။
တပါးကျင့်ရေး။ ရှိတန်သေး၏။ အစေးစင်စင်။ ရှာဦးကျင်မှု။အ
ကြွင် အကြောင်း။ ရှေးသူဟောင်းတို့။ ကျင့်ကောင်း လေဘူး။
သည်မှ ထူးသည်။ တဦးသီးခြား။ ဤတရားကို။ ဘဘွားမြတ်
လောင်း။ ငါကျင့်ကောင်းဟု။ တချောင်းနှလုံး။ဤသို့ သုံးလျက်။
သိမ်းကျုံးဘွေဘော်။ရှာလတ်သော်တည့်။သူတော်ပုဏ္ဏား။ရှင့်
ဘဘွါးကား။ရှည်လျားမဆွ။သုံးလူ့ဘတို့။သွက်နည်းမှီး။အပြစ်
သီးဖြင့်။ ပုံကြီးတဆူ။ ပမာမှုလျက်။အယူကြံခက်။ သူ့အမျက်
အား။နှုတ်လက်မငံ။ အောင့်၍ခံသား။သည်းညံ့ခန္တိ။ ပါရမီကို။
ရှေ့ဆီလည်းထား။ကသိုဏ်းလားသို့။မပြားလုံးရှိ။ မြင်လတ်တုံ
က။ဥသုံထုံ၍။ ကျင့်နှစ်ခြိုက်လျက်။ မှတ်ပိုက်ထားသို။ ဤသို့ဆို
သည်။ ။မြတ်ကိုယ်နှဘော်ပွဲမှူးတည်း။
ဇာမံတွံဆဌမံတာဝ၊ဒဠှံကတွာသမာဒိယ။တတ္ထအဒွေဇ္ဇမာန
သော၊သမ္ဗောဓိံပါပုဏိဿသိ။
တာပသ။သုမေဓာရသေ့။တွံ၊သင်သည်။ ဆဌမံ၊ ခြောက်ခု
တို့၏ပြည့်ကြောင်းဖြစ်သော။ ဇာမံ၊ ဤခန္တီပါရမီကို။ တာဝ၊အ
စဉ်သင့်။ဒဠှံ၊မြဲစွာ။ ကတွာ၊ပြု၍။သမာဒိယ၊ ဆောက်တည်လော့။
တတ္ထ၊ထိုခန္တီပါရမီ၌။ အဒွေဇ္ဇမာနသော၊ နှစ်ခွသော နှလုံးမရှိ
သည်ဖြစ်၍။သမ္ဗောဓိံ၊သဗ္ဗညုဘုရားအဖြစ်သို့။ပါပုဏိဿသိ၊
ရောက်လတ့်။
၁၀၈။ အဆက်ဆက်လျှင်။ သို့ဘက်တာလှမ်း။ မှာဘက်
ကမ်း၌။အိုရှမ်းသေပျောက်။ဤမျှလောက်သား။ အနန်အော်ခန္ဓာ။
သတ္တာဝါကို။ အညာ ဆန်တက်။ ကူးတို့မဂ်ဖြင့်။ မှာဘက်တိုင်
အောင်။ မို့ပိမ့်ဆောင်သည်။အမောင် လိမ္မာ။သုမေဓာ။ ။မြေ

ခြာမည်ဆိုင်။ပင်ရိပ်မြိုင်၌။ဦးကိုင်နဂိုရ်။ပြည်ဗဟိုသို့။ရောက်လိုမူကား။ ကြီးဖြစ်လားဖြင့်။ အများဆက်ဆံ။ လောကဓံလျှောက်။ ရောက်သည့်ကျိုးမှဲ့။ ဝါဒီချွဲသား။ကဲ့ရဲ့ကစ။ ရှုတ်ချဆိုမည်။သူ့ရိပ်ရည်ကို။ငုံ့ဆည်တွယ်ဘာ။အောင့်အည်းကာလျှင်။ ။မြဲစွဲပါမျိုတတ်အားစေလသေး။

၁၀၉။ အပျော်ပါဟုတွား။တွက်မိများသား။ရှေးဖျားအနည်း။တခွန်းတည်းသျှင်၊ အည်းအည်း ထြထြ။ နင်ငါလေဟာ။ ဖြန်းတောချုတ်ချယ်။ဆိုစဥ်ဝယ်လျှင်။အကျယ်အပွါး။တက်ရေဖျားသို့။အမြွားအမြောင်။မိုးထိအောင်လျှင်။တောင်ရှိမောက်မောက်။ချောင်းနှယ်ပျောက်လျက်၊ သူငေါက်တို့မှာ။ ဆွေ့ခြင်းပါဖြင့်။မသာနှုတ်ချည်။ဆုန့်ဆုန့်စည်သား။ရေယည်ခုံငြင်း။ စကားဖျင်းကို။ကန်သင်းခင္ကို။ပါရမီဟု။အဆိဖြောင့်တန်း။ ဆည်ရိုးသန်းက။မာန်ကျန်းမျက်ပါ။လင်းပြည့်စွါသား။ရန်ရှာခိုက်ဆဲ။စဲလေမြဲဟု။ဝမ်းထဲကြံငေါ။ပိုက်၍သော်လည်း။ ။မျှောက်တော်သိုတတ်အားစေလသေး၊

၁၁၀။ ဝါစာဖရုသ်။ ကြမ်းသည့်နှုတ်ဖြင့်။ ရန်ချုတ်ဆိုင်ပြိုင်။ မနာနိုင်တည့်။ မိတိုင်ဘရောက်။ မအောင့်စောက်သော်။ သျှောက်အံ့ခင်းမှာ။ လာဟုငင်၍။ ထိုတွင်မလိုက်။နင်ချင်းတိုက်လျက်။သွယ်ဖယ်ဆက်လည်း။ လက်သာမတန်။ လွှန်ချင်းလွှန်မူ။ ဏှင်ကန်အခုဘ်ခဲ။စွဲ၍မဆုံး။နှလုံးညစ်ပုတ်၊မနိုင်ယုတ်သော်။သောစုတ်တိုင်အောင်။ထားလှံထောင်၍၊ မရှောင်သီးကြ။အကြံတို့။ ဤမျှရန်ပွါး။အပြစ်များကို။နှန်းထားသံဝေ။ ရလေလေလျှင်။နေ့ရေသိမြော်။အပြစ်ဘော်၍။ ။မျှောက်တော်သိုတတ်အားစေလသေး။

၁၁၁။ အကျယ်အကျယ်။မငြိမ်းဘွယ်လျှင်။ယိုးမယ်ဖွဲ့ဖွဲ့။ ကဲ့ရဲ့နှောင့်နှေး။ မကောင်းဆေးဖြင့်၊ အမေးထင်ထင်။လိုရာငင်၍။ကွယ်မြင်သူဖျောင်။ ပလေဆောင်သား။ဟုတ်ယောင်မှသား။ လူ့စကားကို။ထိပ်ဖျားတွပ်တွပ်။ မိုး၍ဟပ်သား။စွယ်သပ်ဆိပ်

ချိုး။ငန်းနှင့်နိုး၍။ ဆေးရိုးအဖျည်း။ ခန္တီညည်ဖြင့်။ ကောင်းမည်
မိမ့်ချေ။ဆိုလေစေဟု။ ကုတ်သောကိုယ်ဘို့။ အောက်ယုတ်ကြို့
လျက်။ဆို့မြိုဖြေဖြေ။ ညံ့သောထွေဖြင့်။ကြွန်သေကုဟန်။သမား
ပွန်သို့။ ။မဆန့်နှန်ယှဉ်တတ်အားစေလသေး။

၁၁၂။ သရဒ္ဒရာဂ်။ပင်လယ်မြစ်လည်း။ ခုနစ်တောင်စွန်။
အသကလ်နှင့်။ မြှိုဟန် ခြင်းရာ။ စကြဝဠာ၌။ ဆိုက်ကာသမြို့။
ကမ်းနုတ်ရို့လျက်။တို့၍ဖွဲ့၏။ဆကဲထိုထက်။ လှုတ်ထွက်သား။
အမျက်ပဒိုဿတ်။ ရေးရွတ်ငြိုးကြည့်။ ရေလျှင်ပြည့်လည်း။အ
လှည့်မကောင်း။ တိတ်တိတ်အောင်းသား။ ကမ်းတောင်း ခန္တီ။
ကျောက်တန်းစိ၍။အဗိထားမိ။ဆည်လင့်ဘိက။ ရန်ညှိမရို။သန့်
သါးကိုယ်ဖြင့်။အလိုအလျောက်။ချမ်းသာရောက်၏။ရေမြောက်
အခမ်း။ ကမ်းနှင့်ထွေရော်။ဤသို့သော်လည်း။မျှောက်တော်ရှင်
မွန်။သူ့စောင်းမာန်ကို။ ။မဆန်ဖျဉ်တတ်အားစေလသေး။

၁၁၃။ ဂိမ္ဘန်ကါလေ။ပူခါနွေ၌။မိုးခြေတက်ချုပ်။မုန်တိုင်း
ဟုပ်၍။ တိမ်ပုပ်မွဲသွေ့။တဖျင်ဌေလျှင်။ အငွေ့မီးခိုး။မြူအမျိုး
ကို။ထစ်ကြိုးရွာဟုန်။ မိုဃ်းပဇ္ဇုန်ဖြင့်။ ငြိမ်းကုန်သည်ချည်း။ထို
၏နည်းလျှင်။သိမ်းပြည်းဖြစ်အောင်။ ဆွင့်တင်းဆောင်သည်။ရန်
ဘောင်အမျက်။ အခိုးထွက်လည်း။ ညှံ့လက်ချချ။ လျော့ဘိက
လျှင်။ ရေစရောက်လေ။ မီးသို့သေ၏။ မထေမဲ့မြင်။မြူမှုန်တင်
လည်း။ရေစင်သွန်းချိုး။ခန္တီမိုဃ်းဖြင့်။ မျက်ငြိုးငြိမ်းစေ။သည်း
သည်းစွေလျက်။ နေ့ရေမခြား။ ညှာ၍သော်လည်း။ ။မျှောက်
တော်ကြဉ်တတ်အားစေလသေး။

၁၁၄။ ဘေးဟူသမျှ။မျက်နှာဝကို။စနသေသတ်။ကျည်း
လျှိုခတ်သို့။ မလွတ်ကြိုးငယ်။ ဖုံးပိတ်ကွယ်၍။ အပါယ်နရက်။
တံခါးရှက်လည်း။ငြိမ်သက်ခန္တီ။ သည်လျှင်ပိဟု။ သွေးသိ၍ချိုး။
မှိုး၍လည်းကောင်း။အောင်းကကျေပွန်။ အရေပွန်သည်။မှန်တုံ
ရကား။လက်ချားပလေ။မွဲ့မည်းချေ၍။ငြိမ်းနေကိုယ်ပင်။နှလုံးရှင်
ကား။ ဘေးစင်ရန်ရှောင်။ သူများ ဘောင်၌။ မအောင်ဘူးမြဲ။

အေါင်ဆကဲသို့။သူရဲပင်ကို။သူတော်ထိုဟာ။ဆို၍လည်းကောင်း။ ဆဲမောင်းလွန်ကြား။ပြုသကားဟာ။ဖြိုးထားရန်ရို။ တို့ပြန်လိုမှု။ နှောင်းဆိုသူကား။တော်တရားလျှင်။ရှေးဖျားသူထက်။အရှုံးနက်ဟာ။စက်ဓမ္မသတ်။ဂါထာပါဠိဖြင့်။ မှတ်၍လည်းကောင်း။ ဤလုပေါင်းအား။ ကျိုးကြောင်းကုန်အောင်။ စိစစ်ဆောင် လျက်။အမောင်သုံးသည်။ ။နှုံလုံးယဉ်တတ်အားစေလသေး။

ယထာပိပထဝီနာမ၊ သုစိမ္ပိအသုစိမ္ပိစ။သဗ္ဗံသဟတိနိက္ခေပံ၊ နကရောတိပဋိဃဒ္ဒယံ။

တထေဝတွံပိသဗ္ဗေသံ၊ သမာနသမ္မာနာဝမာနက္ခမော။ခန္တိပါရမိ တံဂတွာ၊ သမ္ဗောဓိံပါပုဏိဿတိ။

ပထဝီနာမ၊ မြေကြီးမည်သည်ကား။ သဗ္ဗံ၊ ခပ်သိမ်းသော သုစိမ္ပိ၊ စင်ကြယ်သောဝတ္ထုကိုလည်းကောင်း။အသုစိမ္ပိ၊ မစင် ကြယ်သောဝတ္ထုကိုလည်းကောင်း။ သဗ္ဗံ၊ အလုံးစုံသော။နိက္ခေ ပံ၊ စွန့်ခြင်းကို။သဟတိ၊ သည်းခံနိုင်၏။ ပဋိဃဒ္ဒယံ၊ ရန်းခြင်းချစ် ခြင်းကို။ နကရောတိယထာ၊ မပြုသကဲ့သို့။ တထေဝ၊ ထိုအတူ လည်းကောင်းလျှင်။ တွံပိ၊ သုမေဓာရသေ့သည်လည်း။ သဗ္ဗေ သံ၊ ခပ်သိမ်းသောသူတို့အား။သမာနသမာနက္ခမော၊ ညီညွတ် သောအာရုံမညီညွတ်သောအာရုံ၌သဉ်းခံသည်ဖြစ်၍။ ခန္တိပါရ မိတံ၊ခန္တိပါရမီကို။ဂတွာ၊ဖြည့်၍။သမ္ဗောဓိံ။သဗ္ဗညုဘုရားအဖြစ် သို့။ပါပုဏိဿတိ၊ ရောက်လတံ့။

၁၁၅။ ပမာတသီး။ နည်းဖြင့်မှီးလည်း။ မြေကြီးခြင်းရာ။ ဓမ္မတာကား။ မာလာကျိုကျ။စသည်ရ၍။ စတုဇာတိ။နက်ကျိ လေးမည်။ နံ့သာရည်ဖြင့်။ အကြည်ပွတ်ကျုံ။ မံသော် လည်း ကောင်း။အဲမောင်းစူးလှုံ။ အလံရာထောင်။ တိုင်အောင်ကုယ်ဝ။ တျုးဆိတ်ဆွလျက်။တလ္လရိရည်။ သရော်နည်ဖြင့်။ ပုပ်ပြည်ရေ ညွှန်။သွန်သော်လည်းကောင်း။ မခြောင်းမျက်မာန်။ပွန်မပွန်ဟာ။ အန်တန်လည်းဟူ။အောင့်ကူမှုဖြင့်။ ဌါ။ရူခြင်းရာ။မရှိပါတည့်။ ခံကာသမြို့။မြေကဲ့သို့လျှင်။ကိုယ်ဘိုတိုင်းရှဲ့။ မငဲ့သူအား။စီးပွါး

တွင်ကျယ်။ တာတွယ်နောက်ငင်။ ရှိသောရှင်သည်။နင်သင်စ
သား။နှိမ့်ချဆိုလေ။နှုတ်မချေကို။နေ့ရေအမောင်။သည်းခံရှောင်
၍။ ။ပြည်ခေါင်တိုင်ဆုပြုစေလသေး။

၁၁၆။ မသန့်မသက်။နံ့စော်စက်သား။ မြေခွက်အပြည့်။ ဘင်ပုပ်ထည့်၍။ ဩည့်မူ စလှာ။ လက်ဆောင်ပါလျက်။ တကာ ဆွေဒွမ်း။ ယင်းသင်းကမ့်းလည်း။ မလှမ်းလင့်ထွန်။ မယူမှန်က။ သင့်ဝန်သင့်ဌါ။ သင့်အိမ်ရာသို့။ပြန်ကာသမြို့။ ဤကဲ့သို့လျှင်။ငါ တို့လူ့ပြည်။ရန်သူသည်တု ံ။မကြည်သေါလျောက်။နှလုံးကော် နှင့်။ပတောက်ပရစ်။အပြစ်ရှာရှာ။မြည့်တမ်းလာအံ့။မသာနုံး၍။ သူ့အမိုက်ကို။မကြိုက်ရကား။အစားမြည်တမ်း။မလှမ်းသောတူ။ ဆူလှယ်မလိုး။မဆိုခဲ့က။လွတ်စွတ်ရှိမှာ။ သူတို့သာဟု။ ပမာလိုက် လျော်။ ကြံ၍ သော်လည်း။ ။မှောက်တော် သည်းခံ ချိစေ လသေး။

၁၁၇။ ပစေးပဉ်။ နင်သင်ဟူ၍။ ရန်သူမကြိုက်။ နားပါး အိုက်မျှ။ အမိုက်တို့မှာ။ ရတုံ လှာသား။ တခါင့်လျက်။ မတုံမ တည်။သူရူးသည်လျှင်။ အပြည်အတမ်း။နှမ်းသည်ဖြစ်၍။အော်ံ မေ့မှာမှာ။ယောင်လှည့်ရာကို။ လိမ္မာသသူ။ ဘယ်သူသင့်တုံ။ပြု လေရာအံ့။ ယုတ်မာအောက်သူ။ မတော်မူတည့်။ ပြုရူစောင်း မာန်။ထန်သောအလျောက်။သည်းခြေနောက်၍။ သအောက်သ အုန်။မျက်သုန်သုန်တည့်။မှုန်မှုန်ဆန်ဆန်။အလွန်အကျူး။ချည့်ဆူး လှည့်ရာ။မထောင်းတာဘဲ။ ပြုင်၍မဲသော်။ မလွဲမထူး။သွပ်ရူးပါ သည်။ မည်တတ်ရှာချိမ့်။ အနိမ့်အကျ။ ဤသို့စသည်။ ကံ့ငစေ့ ရေ။ဖြေ၍သော်လည်း။ရှင်ကျော်ကြီတက်။ သူ့နှုတ်ထွက်ကို။အ နက် ခန္တီ။ ထည့်ရ ကျိဳဟု။ ။နောက် ဗိတိုက် ခန်း ကျိဳစေ လသေး။

ခန္တီပါရမီခန်းပြီး၏။

## (၁၀) သစ္စာပါရမီခန်းအစ။

နဟောတေဝွေကါယေဝ၊ဗုဒ္ဓဝမ္မာဘဝိဿရေ။အညေဝိစိနိဿာမိ၊ယေဓမ္မာဗောဓိပါစနာ။

ဝိစိနန္တော တဒါဒက္ခိံ၊ သတ္တမံသစ္စပါရမိံ။ ပုဗ္ဗ ကေဟိမဟေသီဟိ၊အာသေဝိတနိသေဝိတံ။

သာရိပုတ္တ၊သာရိပုတ္တရာ။ဗုဒ္ဓဓမ္မာ၊ ဘုရားအဖြစ်ကိုပြုတတ်ကုန်သော တရားတို့သည်။ ဧတ္တကာယေဝ၊ ဤခြောက်ပါးတို့သည်သာလျှင်။နဘဝိဿရေ၊မဖြစ်ကုန်ရာ။ အညေ၊ဤခြောက်ပါးမှတပါးကုန်သော။ဗောဓိပါစနာ၊ သဗ္ဗညုတဉာဏ်၏အဖြစ်ကိုရင့်မာစေတတ်ကုန်သော။ယေဓမ္မာ၊ အကြင်တရားတို့သည်။ သန္တိ၊ရှိကုန်၏။တေဓမ္မာအပိ၊ ထိုတရားတို့ကိုလည်း။ အဟံ၊ ငါသည်။ဝိစိနိဿာမိ၊ရွေးချယ်ဦးအံ့။

ဝိစိနန္တော၊ ရွေးချယ်သည်ရှိသော်။သောအဟံ၊ ထိုငါသည်။ ပုဗ္ဗကေဟိ၊ရှေး၌ဖြစ်ကုန်သော။မဟေသီဟိ၊ မြတ်စွာဘုရားတို့သည်။အာသေဝိတံ၊ ရှေးရှုမှီဝဲအပ်ထသော။ နိသေဝိတံ၊ အဘန်တလဲလဲအမြဲ မှီဝဲအပ်ထသော။ သတ္တမံ၊ ခုနစ်ခုမြောက်သော။ သစ္စပါရမိံ၊ သစ္စာပါရမီကို။တဒါ၊ ထိုအခါ၌။အဒက္ခိံ၊မြင်တော်မူ၏။

၁၁၈။ သတ္တရတနာ။ စကြာကစ။ ဝိုးမိုးရ၍။ခွန်သလေးကျွန်း။စတုရန်း၌။ရစ်သန်းလကျ်ာ။စက်ရာဇာသို့၊ရတနာစစ်။အစုံဖြစ်လျက်။ ခုနစ်ဗောဇ္ဈင်။ဗောဓိအင်ဖြင့်။ စက်ရှင်ဓမ္မရာဇ်။ငါသားဖြစ်၍။ဖွင့်လှစ်ညီးညီး။သစ္စာထီးကို။စင်းသီးဖြန့်လွှား။ထေရ်မြတ်များတွင်။လျှင်လျှားရိပ်ခြည်။ သိနားလည်သည်။ညာတည်ထိုက်စွာ။သာရိပုတ္တရာ။ ။သမ္မာဆည်းပူး။ဘုရားဖူးသည်။ရှေးဦးပထ္ထနာ။ထိုရေဝ်ငါကား။ခြောက်ခါစေ့အောင်။ ဤသို့ဆောင်လျက်။ထွတ်ခေါင်ပြုတတ်။ အကျင့်ဝတ်ကို။ ရည်မှတ်သားပြီး။သင်းသီးတဘန်။ကြံတုံပြန်၏။မတန်မရာ။သည်တည်းသါလျှင်။အလျာဆောက်ဦး။မဟုတ်စွာ။ရှိသေးရာ၏။ ပွင့်ညှာသားသား။

ကျင့်တပါးလည်း။ ရှိငြားတုံရာ။ဖြည့်အံ့ဌါဟု။ ထိုခါ ဘဘွား။
ရသေ့ဖျားကား။ ။ရှုးစားရှာတွေ မဘော်လတ်တည်း။
၁၁၉။ ထိုသို့တွေဘော်။ ရှာလတ်သော်တည့်။သူတော်
ရှေးဖျား။မြတ်ဘုရားတို့။မှသားစောင့်ရှောက်။သိတင်းလျှောက်
လျှင်။မကောက်ဥဇု။ ဖြောင့်ဖြောင့်ပြုလျက်။ ဆိုမှုနှုတ်ထွက်။မ
ပျက်စပါ။ ရိုးမှန်စွာသား။ သစ္စာပါရမီ။ ဤသည်အကျင့်။ခနစ်
ဆင့်ကို။ စွင့်စွင့်ကျောက်ဆောင်။ ဘုံနန်းခေါင်သို့။ ဥဘက်ရောင်
မျက်စိ။ ရှုမိထစ်ထစ်။မြင်တုံလစ်သော်။ ဆုသစ်ရစ။ ရှင်၏ဘ
ကား။ ကျယ်ဝခြင်းရာ။ဆိုရေးမှာသား။ သစ္စာထိုဤ။ ပါရမီကို။
သွေးသိ ထုံးနည်း။ ဥပမည်းဖြင့်။ ကြပ်တည်း ကျင့်လို။ဤသို့ဆို
သည်။ ။ကိုယ်ကိုတိုက်တွန်းဆော် လတ်တည်း။
ဋ္ဌမံတွံသစ္စံမံတာဝ၊ဒဠှံကတွာသမာဒိယ။ တတ္ထအဒွေဇ္ဇဝ
စနော၊သမ္ဗောဓိံပါပုဏိဿသိ။
တာပသ၊သုမေဓါရသေ့။တွံ၊ သင်သည်။တာဝ၊ဒိစဉ်သင့်။
သစ္စံမံ၊ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော။ဋ္ဌမံ၊ဤသစ္စာပါရမီ
ကို။ ဒဠှံ၊မြဲစွာ၊ကတွာ၊ပြု၍။ သမာဒိယ၊ ဆောက်တည်လော့။
တတ္ထ၊ ထိုသစ္စာပါရမီ၌။ အဒွေဇ္ဇဝစနော၊နှစ်ခွသောစကားမရှိ
သည်။ ဟုတွာ။ဖြစ်၍။ သမ္ဗောဓိံ။ ဘုရားအဖြစ်သို့။ ပါပုဏိဿ
သိ၊ရောက်လတ့်။
၁၂၀။ ကြောက်ငြင်လန့်ဖိုး။လူညစ်ဆိုးအား။ ကွယ်ကိုးမှီ
ရာ။ဖြစ်စိမ့်ဌါဟု။ကျွတ်စွာလွယ်ကူ။ဆုမယူဘဲ။ခက်ရာရဲသည်။
ဖအဲလိမ္မာ၊သုမေဓာ။ ။သစ္စာတပါး။ဤစကားသည်။ဘုရားအ
မွန်။စင်စစ်မှန်၍။ဆန်လှန်မျက်ကွယ်။သဘောပယ်၏။ရိုးမယ်မာ
ယာ။ လှည့်ပတ်ရှာသား။ သစ္စာမစောင့်။မဖြောင့်သသူ။ လူမူ၍
လည်း။အသည်းအပြင်း။ကြောက်မင်းဝကျယ်။ အငယ်အကြီး။ဝိ
ဝိနီးသား။ အသိးငါးရ။ မကောင်းမှုက။ စသည်အမူ။ဟုဟုသ
နွေး၊တွေ့တွေ့ရာရာ။ဘွာတာသဖြင့်၊ မကျင့်လိမ့်မည်။မတည်မ
ရှိ။ချုံသို့ငြိမ္မ။မှားမိသည်ချည်း။ အဖြစ်သည်းဟု။စောင့်စည်းရ

သား။ကြည့်ရှောင်ရှားလျက်။ဘုရားအလျှာ။သူတော်စွာတို့။ ။
သစ္စာမှန်ကုန်သည့်တိတည်း။

၁၂၁။ ကြားသိလျက် လျက်။ မမှန့်ဖွက်၍။ ကွယ်ပြက်သ
သူ။ဤလူတသွား။အလျှာထားကား။ သိကြားမာတလိ။ မဏိရတ
နာ။စကြာဖြစ်စေ။ ကြိုက်ပါလေ၍။ရှိသေဆုကောင်း။ အားတိုင်း
တောင်းလည်း။မွေလောင်းရာထား။ သားယောကျ်ားမျှ။မဘွား
စပါ။မိန်းမသာတည့်။ အခါရှည်လျား။ ဘွားအောင်များလည်း။
ဖြစ်လားကြပုံ။ လာတုံခဲ့က။သားမှဆုတ်၍။ အဟုတ်ကျေးကျွန်။
ဇိမ်ဓထောင်ဝန်လည်း။မမှန်ချိုတဲ့။ ဆိုဘွယ်မဲ့ဟု။ ကဲ့ရဲ့ပြစ်တင်။
ဤသို့မြင်၍။အရုတ်အင်ကိုယ်ရုံ။ကိုယ်ဘို့တုံ့မှ။ မကုံရကား။ပြက်
ရသားကို။ဘုရားဆောက်ဦး။ ရှာသောသူတို့။မတူပါရှောင်း။ဖြစ်
ပေါင်းများစွာ။ ရှည်မြင့်ကြာလည်း။ သစ္စာလည်းမှား။ ပြက်ရ
သားဖြင့်။ ။စကားချွတ်သည်မရှိတည်း။

၁၂၂။ မချွတ်သစ္စာ။ယခင်ခါ၌။ မှန်စွာကျင့်တတ်။ဗောဓိ
သတ်တို့။ နွတ်လွတ်ရူးရူး။လျှာမထူးသည့်။ ဆိုဦးဆိုမှန်။ ဘယ်
သူတန်၍။ ကောန်တန်း တန်း။ မြားသို့ညွှန်းသား။ တခွန်းစကား။
သစ္စာအားဖြင့်။ သုံးပါးမွဲ အောင်။ ဟူးဟူး လောင်သား။ လယ်
ခေါင်ရေခံပြီး။ဆဉ်တန့်တီးလျှင်။မီးကိုဆုံးမ။မျှောကျတုံလေ။စီး
သောလှေသည်။ ရေယက်ကမ်းဆွဲ။ပင်လယ်ဝဲ၌။ ကြီခဲလက်ချ။
သေစပါးနီး။ရောက်လုပြီးလည်း။လွတ်ကြီးလွတ်နိုင်။ မိုင်မိုင်သ
သ။မိုးတရလျှင်။နေလသော်လည်း။ မပေါ်ပွဲ့တွန်။ ရှင်ရှိကျွန်သို့။
မဆန်အာဏာ။ လိုတော်ပါ၏။ မရွာပဇ္ဇုန်။ လေတိဟုန်လျက်။
ဖုန်ဖုန်မှုံဆောင်။ မိုဃ်းလျှင် ခေါင်လည်း။ ရှောင်ဟု ကောင်း
ကောင်း။ ဆရာမောင်းက။တသောင်းရေဒဏ်။ ပြည့်သည်မှန်
သို့။သည်းထန်ဤမိုဃ်း။ကန်ချောင်းပြိုးမျှ။ရွာတုံ့ရသား။အဆအ
ရာ။ဤသို့သာလျှင်။သစ္စာစကား။လူ့စီးပွားကို။ထွေပြားဆောင်
သည်။ ။မြားမြောင်ရမ်းရမ်းမိမိတည်း။

၁၂၃။ အမှန်အမှန်။ဆိုမိထွန်သား။အခွန်သစ္စာ။ကိုးကွယ်

ရာဟု၊ မဟာသတ္တော်။သူထင်ကျော်တို့။ စွဲခေါ်မပြု။ ဆေးမကု
တည့်။သေလုရှူးရှူး။မြွေဆိပ်ပူး၍။မူးသော်လည်းကောင်း။သည်း
ထောင်းဆိပ်ဝ။အစိမ့်ရသား။မြားမထောက်ထောက်။ရင်လှယ်
ဘောက်၍။ မိန်းရှောက်ပြူးတူး။မေးမထူးလျှင်၊ မူးသော်လည်း
ကောင်း။ရာဟောင်းလောင်းသား။တွင်းခေါင်းသာမျှ။မျက်ကွင်း
ဝဒ္ဓ။ သတ္တကြီယာ။ ပြုကာမငြိ။ မြင်ပြန်လိုဟု။ ဆိုသော်လည်း
ကောင်း။ဤလုံးပေါင်းသါး။အကြောင်းဖြစ်လား။ကြို့က်လတ်ငြား
မူ။သိကြားကျဌါ။မလွတ်သာတည့်။ သတ္တာနတ်သီး။ မန္တန်ကြီး
ဖြင့်။ ကျော်ချိုးစေအောင်။ အငြိမ်းဆောင်သည်။ ။အခေါင်မြူ
တေလထိတည်း။

၁၂၄။ ဝသုန္ဒရေ။ဤမြေသော်လည်း။စေါင့်စည်းမုသါး။
ကျင့်သောအားဖြင့်။စကားသစ္စာ။မှန်သောခါကား။ ဩဇာလေး
နက်။ ပေါ်ဆိတက်၍၊ နွယ်မြက် သစ်ပင်။ ဆေးဘက်ဝင်၏။အ
ကြင်သောခါ။ ဤသစ္စာကို။အရောချွတ်လွဲ။ မသုံးစွဲတည့်။စဉ်းလဲ
စကား။မှားလတ်တုံအံ့။ မြေခံစည်းတန်း။ ရသားထွန်းသား။တ
ကျွန်းပတ်ရုံ။တနိုင်ငံဒ္ဓ။အသံမုသါး။ပြက်စကားကို။မကြားစလို။
အောင်လိမ့်ဆိုသို့။ ပေါ်ရှိရသာ။ မြေဩဇာလျက်။ တထွာတ
တောင်။ လက်ချပ်ဘောင်လျှင်၊ နက်ချောင်ဝုပ်နစ်။အောက်လျှိုး
ဖြစ်၍။ ခါးချစ်ဆေးဝါး။ လူတို့စားလည်း။ နာဖျားမလွတ်။ ဥပဒ္ဒ
ဝေါ။ဘေးဘျမ်းပြော၏။သဘောတရား။စကားသစ္စာ။မှန်သော
ခါနှင့်။ယွင်းရာမမှား။ ဤနှစ်ပါးကို။နှန်းထားဘွေဘော်။ ရှာတု
သော်လည်း။အကျော်သစ္စာ။စကားသာလျှင်။ပြည်ရွာရပ်သား။
လူ့စီးပွားကို။ အမြားအမြောင်။ ကြီးကျယ်ဆောင်သည်။
ကျန်အောင်မြေနှင့်တရှိတည်း။

၁၂၅။ အထွေအထွေ။ခွဲဝေကြောင်းခြာ။နီးသို့ဖြာမျှ။ နည်း
နာစီလျှဉ်။ထုံးပုံယှဉ်လျက်။ ပဋိညာဉ်အပြား။ အင်ငါးပါးနှင့်။ စ
ကားအဖြည့်။ရုံပြည့်သွေးသွေး။ အမေးငါးထွေ။ အဖြေလေးပါး။
မှတ်သါးပွဲထိုင်။ဆိုကုန်နိုင်၍။ဦးကိုင်ကျင့်တမ့်။လူမှုကျွမ်းလျက်။

နှုတ်အခမ်းချချ။ အစအလယ်။ အကျယ်အဆုံး။ ဝိကုံးပန်းမာလ်။ လက်ရွေးဆန်သို့။တတ်ပွန်တနည်။ စံစတည်လျက်။အခြည်အာရိပ်။အသိပ်အနယ်။လှယ်ဖယ်လည်းချို။စည်းသိဝါး၀။ နိမ့်ကျချေတင်။ အငင်အလိုက်။ အခိုက်အတန့်။အကွန့်အရှည်။ လည်လည်ပတ်ပတ်။ညီညွတ်လျောက်လျား။ စကားဖိုမ။စုံအောင်ရလျက်။ ကုံသို့စင်။ပညာရှင်သည်။ဖြစ်ကျင်ကစား။ စကားအရာ။အင်္ဂါလေးတန်။ မပွန်နိုင်သော်။ ရာသူတော်လည်း။မကျော်စေပါ။ နှုတ်လျှာလေးဖန်း။မျက်သို့သွမ်း၏။ ရှေးလမ်းကျင့်တိုး။သဘောမှီး၍။ ရေးကြီး ခွင့်ကျယ်။ ဖြောင့်တန်းသွယ်လျက်။ယိုးမယ်မကွက်။ဟုတ်အောင်ထွက်သား။လျှို့ဝှက်မဆို။ သူ့ကိုသော်သာ။ အညါလည်းထါး။ဘုရားအတူ။ဘယ်ရပ်သူဟု။ကျိုက်ဆူပိုးပိုး။ ကြိုးသည့်မိဃ်းသို့။အမျိုးစဉ်ဆက်။ ချမ်းသာလျက်ပင်။အသက်ရာထောင်။ ကျန်အောင်မမေ့။ မစေ့ဟောင်းလင်း။ လူ့ခံတွင်းတွင်။ တျင်းတျင်းကျုံကျုံ။ ချိုးမွမ်းသံတည့်။ နားခံဟူးဟူး။ဆယ်ရပ်ကြူး၏။ အထူးအဆန်း။ ဤသို့ထွန်းသား။ တခွန်းတတ်ပွန်။သစ္စာမွန်ကြောင့်။ ရိုးမှန်နှုတ်သီး။ ဆို၍ပြီး သည်။ ။ပွါးစီး အတိုင်းမသိတည်း။

၁၂၉။ ဤသို့မရှား။ သစ္စာအားဖြင့်။ အများ အကျယ်။အသွယ်သွယ်လျှင်။ အံ့ဘွယ် ထူးဆန်း။ စီးပွါးထွန်း၏။ အပန်းတကြီး။ကျော်ချီးလောက်အောင်။စီးပွါးဆောင်သား။ လူ့ဘောင်ဇကန်။ရှေးသူမွန်တို့။မှန်တုံရကား။ ဆုသစ်ပြားသည်။ ဘုရားသူတော်။ရှင်တုံသော်လည်း။ သုံးဘော်သွင်။ ဖြစ်ရည်ထင်လျက်။ ဦးတင်ဆုရ။ ယနေ့စသည်။ထိုမျှကမ္ဘာ။သင်္ချာအခန့်။ နောက်အဓွန့်ဦ။လိုလွန့်မအား။လှုံ့ထားစည်တန်း။ လက်နက်ဝန်းလျက်။ ရှေ့တွန်းနောက်ငင်။ ပြုရချင်လည်း။ မရှင်လေးပြစ်။ ကိုယ်တဓာစ်ကို။ နှစ်၍လည်းကောင်း။ဖြားယောင်းအလို။ ပါအောင်ဆိုလျက်။ သပြိုဟ်ထောက်ပင့်။ ကိုယ်ရှည့်မြှင့်၍။ ရွှေနှင့်ငွေကြေး။ ဥစ္စာပေးလည်း။မလေးအောက်မေ့။မြေမရွေ့သို့။နှုတ်တော့ကိုယ်စါး။

သုံးရသားကို။ ရှောင်ရှားကန်မြစ်။ ပစ်၍လည်း ကောင်း။ လိုဟု တောင်းသား။အသောင်းကျေးဖူး။ဥာဏ်ပွင့်ဖူးကို။ဆိုဦးစကား။ သစ္စာအားဖြင့်။ ။ဘာဘွားဆုယူရူးလဿေး။

၁၂၇။ အမျက်ပြုရှု။မသူတော်စွာ။ မာယာစဉ်းလဲ။ပြက်မြနှုတ်ထွက်။ ငံအောင့်ခက်ဉ်သည်။ပွဲလေးတည့်တွင်။ ပျားရည်ရွှဲရွှဲ။ရှည်မမြဲတည့်။ချွတ်လွဲယမ်းတမ်း။ကောက်သည့်ဝမ်းဖြင့်။ ပေါ်ဆမ်းလိမ်းကျုံ။ရသားသံကို။ လေးလှုံ့စုံဘက်။ရှိတိုင်းထွက်၍။စစ်မက်ပြုခါ။ မအောင်ရာတည့်။သစ္စာတခွန်း။ နှုတ်နေထွန်းက။တကျွန်းသေဌ်နင်း။ မင်းဟုဖြစ်လေ။ သစ္စာသွေက။မကျေမလွှတ်။မတတ်အားသဉ်။လူမည်သည်လည်း။မတည်နှုတ်ထွက်။ သစ္စာယွက်က။ထိပ်ထက်သံမှို။နှက်သည့်ကိုယ်သို့။ လိုလိုရာရာ။ မလွှတ်သာတည့်။ သစ္စာဉ်ယင်း။ ကိုင်၍ နှင်းလျှက်။ ခြေရင်းလက်ဝေ။ ခံစေကာမူ။ထိုသို့မဟုတ်။လေသုတ်ဆိမ်း။ သေဝနီးသို့။ နှုတ်သီးဥပဒ္ဒေ။ သစ္စာလေဖြင့်။ အကွေအကွင်း။ အဖျင်းအသိမ်။ တိမ်စေကာကာ။ ဉ်သို့သာလျှင်။ သစ္စာအောင်စည်။တချက်မြည်က။မည်သည်သသူ။မဟူရာရှောင်း။သူကောင်းသူနှုပ်။ အောင်ချာချုပ်သား။ နှုတ်အုပ်မြဲစွာ။စည်သစ္စာကို။ ။သံဝါအမောင်ကျုံးလဿေး။

ယထာပိဩသဓိနာမ၊ တူလဘူတော သဒေ ဝကော။ သမယေဥတုဝဿေဝါ၊နဝေါက္ကမတိဝိထိတော။

တထေဝတွံပိသစ္စေသု၊ မာဝေါက္ကမသိဝိထိတော။ သစ္စပါရမိတံဂန္တွာ၊သမ္ဗောဓိံပါပုဏိဿသိ။

ဩသဓိနာမ၊ သောက်ရှူးကြယ် မည်သည်ကား။ သဒေဝကော၊နတ်နှင့်တကွသော။ လောကေ၊ လူ၌။ တူလဘူတော၊ချိန်နှင့်တူသည်ဖြစ်၍။သမယေဝါ၊ညဦးသန်ခေါင်မိုးသောက်ရောင်အခါ၌လည်းကောင်း။ ဥတုဝဿေဝါ၊ ဆောင်းနွေမိုးသုံးဥတု၌လည်းကောင်း။ ဝိထိတော၊သွားသောခရီးမှ။ နဝေါက္ကမတိ ယထာ၊ မလွန်သကဲ့သို့။ တထေဝ၊ ထိုအတူ လည်းကောင်းလျှင်။

တွံ့ပီ၊ သင်သုမေခါ သည့်လည်း။ သခွေသု၊ သစ္စာတိုန္ဒ။ ဝိထိ
တော၊ ဆိုမြဲသောစကားမှ။ မာဝေါကြမသိ၊ မလွန်လင့်လော့။
သစ္စပါရမီတံ၊ သစ္စာပါရမီကို။ ဂဏ္ဍာ၊ ဖြည့်၍။ သမ္မောဓိံ၊ ဘုရား
အဖြစ်သို့။ ပါပုဏိသသိ၊ ရောက်လတံ့။

၁၂၇။ ဥပမာဖြင့်။ တူစွာလိုက်လျော်။ သစ္စာ ကျော်ကို။
သော့ဘော်ပြည့်စုံ။ ကြံ့တုံသမှု။ အတန္တုကြား။ ရောရန်ကျွတ်။
လကျ်ာပတ်လျှင်။ တောင်ထွတ် မြင့်မိုရ်။ ရစ်သည့် ကြိုဟ်တွင်။
တန်းသိုတိုင်ဖူး။ ကြယ်စိုင်ရှူးကား။ အမှူးဖြစ် တန်။ လွန်သားအ
ရောင်။ လတူဆောင်လျက်။ မိုးခေါင်တိမ်ပြင်။ နေဝင်နေထွက်။
ရွေ့နှောက်ဘက်၌။ နှစ်လည်ကြိုက်လျှင်။ မိုဃ်းမိုက်ဆောင်းနွေ။
သုံးထွေရတု။ လျော်သမှုလျှင်။ ရာလုမလွဲ။ အသွားမြဲဟု။ ရဲရဲလျှံ
ဝင်း။ ဤကြယ်မင်းကို။ ဖြောင့်စင်းလူနတ်။ ချိန်ကြိုးမှတ်သို့။ ဆု
မြတ်ရတော်။ ရှင်တုံသော်လည်း။ မျိုးဘော်သူစိမ်း။ လူခပ်သိမ်း
ကို။ သာငြိမ်းကြတန်။ စကားမှန်ဖြင့်။ မလွန်မယုတ်။ တည်ကြည်
ဟုတ်လျက်။ နှုတ်နှင့်အမှု။ အတူတူလျှင်။ မည်သူ မမှောင့်။ ဥဇု
ဖြောင့်လျက်။ ဆိုခေါင့်ဆိုခဲ။ ဖွတ်လျှာစွဲကို။ အောင်မြဲသစ္စာ။ ခွန်း
ချင်းသာလျှင်။ ။မြတ်စွာလျှာမြစ်တူးလသေသး။

၁၂၉။ ရခေါလောကန။ လူရည်မှု၍။ သိကြဲဘူးဟောင်း။
ဆိုးကောင်းယုတ်မြတ်။ အတတ်သည်မျိုး။ သူခိုးသူစင်။ အရှင်နှင့်
ကျွန်။ မိတ်ရန်သသူ။ ကလူနှိပ်နှိ။ ခံမခံလျောက်။ လန့်ကြောက်
ရှောင်ရှား။ ရင်းများရင်းနည်း။ ပစ္စည်းအိမ်လုပ်။ ဖြစ်စရှုပ်နှင့်။ အ
ထုပ်ကြီးရာ။ ရွှင်းရွှင်းပါလျက်။ မျက်နှာမငဲ့။ မပြဲ့တံစိုး။ ကိုယ့်
ဆွေမျိုးလည်း။ အရိုးမလွတ်။ ဓမ္မသတ်နှင့်။ ဦးမတ်တည်းထိုင်း။
နှုန်းဟောင်းတိုင်းလျှင်။ သမိုင်းမော်ကွန်း။ အဖြောင့်သန်းလျက်။
မဆန်းမသစ်။ အပြစ်ကျေးဇူး။ နှစ်ဦးညီအောင်။ ချိန်ကြိုးထောင်၍။
မရှောင်တတ်အား။ တရားထိုထို၊ ဆုံးဖြတ်ဆိုလည်း။ ကိုယ်လိုမ
လိုက်။ အနိုက်အနှဲ။ တိုင်စွဲသက်သေ။ ပတ်ဖြေသောခါ။ သူ့ခြင်း
ရာကြောင့်။ ဆန္ဒာဂတိ။ မစွန်းငြိတည့်။ တရိကဍုကြ်။ ငရုတ်ချင်း

ပြီး။ ပိတ်ချင်းသီးက။ စသည်အစုတ်။ နာဂုတ်တုံ့ဖြို။ ဆေးထိုထို ကား။ အချို့အခါး။ ဘော်၍စားက။ လေးပါးဓါတ်ဝေ။ သည်းခြေ သလိပ်။ ပျောက်နိုပ်မဆန်။ ငြိမ်းမြဲမှန်သို့။ ထိုဟန်ပမာ။ ဤလူ့ရွာ တွင်။ မုသာဝါဒ။ စသည်လေးရ။ ရောဂရဆက်ဆံ။ ဝစီကံကြောင့်။ လျော်လျှံမှန်ဆန်။ သူမမှန်ကို။ ကေန်စွဲသော်။ သစ္စာကျော်ဖြင့်။ ။ ပျောက်တော်ငြိမ်းဆေးနှုံးလသေး။

သစ္စာပါရမီခန်းပြီး၏။

———

## (၈) အဓိဋ္ဌာန်ပါရမီခန်းအစ။

နဟောတေဇတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာဘဝိသရေ။ အညေပိဝိ ဝိနိုသာမိ၊ ယေဓမ္မာဗောဓိပါစနာ။

ဝိစိနန္တော တဒါဒက္ခိံ၊ အဋ္ဌမံအဓိဋ္ဌာနပါရမိံ။ ပုဗ္ဗကေဟိမ ဟေသိဟိ၊ အာသေဝိတနိသေဝိတံ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ဗုဒ္ဓဓမ္မာ၊ သဗ္ဗညုတညာဏ်အဖြစ် ကိုရင့်စေတတ်ကုန်သော တရားတို့သည်။ ဧတ္တကာယေဝ၊ ဤ မျှသာလျှင်။ နဘဝိဿရေ၊ မဖြစ်ကုန်ရာ။ အညေ၊ တပါးကုန် သော။ ဗောဓိပါစနာ၊ သဗ္ဗညုတညာဏ်အဖြစ်ကိုရင့်စေတတ် ကုန်သော။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေဓမ္မေအပိ၊ ထိုတရားတို့ကိုလည်း။ အဟံ၊ ငါသည်။ ဝိစိ နိဿာမိ၊ ရွေးချယ်ဦးအံ့။

ဝိစိနန္တော၊ ရွေးချယ်ရှုစမ်းသော။ သော အဟံ၊ ထိုငါသည်။ ပုဗ္ဗကေဟိ၊ ရှေး၌ဖြစ်ကုန်သော။ မဟေသိဟိ၊ မြတ်စွာဘုရား တို့သည်။ အာသေဝိတံ၊ ရှေးရှုမှီဝဲအပ်သော။ နိသေဝိတံ၊ အမြဲမှီ ဝဲအပ်ထသော။ အဋ္ဌမံ၊ ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ အ ဓိဋ္ဌာနပါရမိံ၊ အဓိဋ္ဌာန်ပါရမီကို။ တဒါ၊ ထိုအခါ၌။ အဒက္ခိံ၊ မြင် တော်မူပြီ။

၁၃၀။ အဋ္ဌဂ်မာ။ စီးဖြန်းရာသား။ အင်္ဂါရှစ်ပါး။ မင်္ဂတရား

ဟု။ညာဖျားမြေဝ်မြေဝ်။တံတားပေါ်ဖြင့်။ အမော်ကျွန်းဦး။နိဗ္ဗာန်
ကူးသား။ ရှေးဦးငါ့ နောက်။ လျှောက်တုံသဃ်ာ။ အရာထေရ်
ခေါင်။ရှင်မာရ်အောင်တို့။ရှိသျှောင်ယိုးယား။မြွတ်ရာထားသည်။
ငါ့သံားမဟာ။သာရိပုတ္တရာ။ ။မေဓါဝီကြီး။အံ့ကျော်ချီးသည်။
ပွားစီးလိမ္မာ။သုမေဓါကား။သစ္စာပါရမီ။အကျင့်ဤကို။ဂန္တိနိုက်
နှဲ။ စိတ်ဝက်ခွဲ၍။ပေါ်ထဲတွင်းပ။နည်းနာပြလျက်။ ဤမျှသင်းသီး။
ဆိုတုံပြီးမှ။ဘုန်းကြီးဘမွန်။ ကြွံတုံပြန်၏။မတန်သေးစွာ။ ဘုရား
လျှာတို့။မျှသာဖြည့်၍။ မပြည့်လေဘူး။ သည်မှထူးသား။ တဦး
အကျင့်။ရှစ်ထပ်ဆင့်ကို။ဥာဏ်ပွင့်ရစာ။ရှိသေးရာဟု။ မြွတ်စွာ
ထိုရေဝ်။ ရှာလတ်သော်တည့်။ သူတော်ရှေးခါ။ ကျင့်လေ့လာ
သား။ကြောင်းခြာရှစ်တန်။အဓိဋ္ဌာန်ဟု။အမွန်ဟောညီ။ပါရမီကို။
အဆိခေါင်ထက်။ နေမွန်းချက်သို့။ တသက် လျှာခင်း။ ကြံစည်
တွင်းဝယ်။ဝင်းဝင်းဆိမြေဝ်။မြင်လတ်သော်လျှင်။နှိုးဆော်ကိုယ်
ကို။ဤသို့ဆိုသည်။ ။ကျင့်လိုဂါထာတဦးတည်း။

ဇ္ဇာမံတွံအဋ္ဌမံတာဝ၊ ဒဠ္ဟံကတွာ သမာဒိယ။ တယ္ထတွံ အစ
လောဟုတွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ။

တာပသ၊ သုမေဓာရသေ့။တွံ၊ သင်သည်။တာဝ၊ အစဦးသင့်။
အဋ္ဌမံ၊ ရှစ်ကြိမ်မြောက်သော။ဇ္ဇာမံ၊ ဤအဓိဋ္ဌာန်ပါရမီကို။ ဒဠ္ဟံ၊မြဲ
စွာ။ကတွာ၊ ပြု၍။သမာဒိယ၊ ဆောက်တည်လော့။ တတ္ထ၊ ထိုအ
ဓိဋ္ဌာန်ပါရမီ၌။ တွံ၊ သင်သည်။ အစလော၊ မတုန်မလှုပ်သည်။
ဟုတွာ၊ ဖြစ်၍။ သမ္ဗောဓိံ၊ သဗ္ဗညုတ ဘုရား အဖြစ်သို့။ ပါပု
ဏိဿသိ၊ ရောက်လတ့ံ။

၁၃၁။ အငွန့်ကျယ်သား။ ပင်လယ်သာဂရ။စက်ဝဲမတွင်။
ဦးမျှမပြု။ နစ်သောသူကို။ ဆယ်ယူ ကယ်ကယ်။ မှိုပိမ့်ရွယ်
သည်။ ရေးကျယ် တတ်စွာ။ သုမေဓါ။ ။ဂင်္ဂါရှေးတီး။ လွန်
လေပြီးသား။မြေကြီးနှုန်းထား။သူတော်များကါး။ဘုရားအလျှာ။
မျိုးဖြစ်ပါသါး။ရူဘာ၊တတန်။အဓိဋ္ဌာန်ဟု။မှန်ကန်ဆောက်တည်။
တတ်ကြံစည်ဖြင့်။သုံးသည်သိတင်း။မြဲစင်းလျှင်းလျှင်။ ပေးခြင်း

အလှူ။ကောင်းမှုမှုကား။မည့်သူဖြစ်နိုင်။ချုပ်ကိုင်မနာ။ကိုယ်ထီး ခွါလျက်။တောမှာနေစောက်။ တခေါက်မပြန်။ ရူးရူးမှန်လျက်။ အလွန်တင့်ကဲ။ ကြံခက်ခဲသား။ ရေထဲဥမင်။ ပင်လယ်ခွင်၌။ပြ တင်ဆုံးခမ်း။စွဲလမ်းရာကြီး။ မသိးလတ်သော်။မိပ္ပါယော်ဟု။လို တော်အတိုင်း။ အလှိုင်းပို့ပိုင်။ပြီးစီးနိုင်ဟု။ ဆုံးတိုင်ချမ့်းသာ။အံ့ စရာဖြင့်။အုတ်အာသရဲ။တပွဲတပြင်။ပုံကြီးထင်၏။ ရှင်တုံသော် လည်း။ သူတော် ဇွေးက။ ကျင့်မှုလကို။ တစမကျန်။ ထိုနှ်မှန် လျက်။ ။မိဋ္ဌာန်ဆောံတည်မြဲစေလသေး။

၁၃၂။ လိမ္မာသိကြား။ ပညာအားဖြင့်။ မှတ်သားစေချင်။ ကြည့်စင်စိတ်ဖြူ။ခပ်သိမ်းသူကား။အလှူသီတင်း။ကောင်းမှုရင်း ၍။ဆောက်နှင်းကြမ္မာ။ချမ်းသာပင်စည်။ထိုထိုပြည်၌။သက်ရှည် နတ်ရပ်။ ဘုံသို့ကပ်လည်း။ ပျပ်စပ်တည့်လည့်။ အသက်ပြည့် အောင်။လည့်ရှည့်စိမ့်ခံ။ငပ်စံစံ၏။ အကမ္ဘာဘာ။ကြာကာမလို။ ထိုထိုမြတ်လောင်း။ဆုကြီးတောင်းသည်။ သူဟောင်းသော်မှု။ ဆုယူပဋ္ဌနာ။ရည်ရာရာ၌။ပြဟ္မာနတ်ပြည်။သက်ရှည်ရပ်သား။ ဖြစ်လေငြားလည်း။ ပါးရှားသဒ္ဓါ။ မေ့လျော့ကာလျှင်။ သမ္ဘာ ဆောံဦ။မလှူရတတ်။ကုသိုလ်ဝတ်မှ။ချွတ်သားတတန်။ခန္ဓာဝန် ကို။မပွန်စနိုး။အောင့်ကျင့်ခိုးလျက်။နိုးပိုးမပျော်။ ဗိမာန်တော်၌။ တွင်းဝင်ကြိုက်လျှင်။ မိန်းရှိုက် အောင့်လျက်။ ငါ့အသက်ကား။ သည်ထက် မလွန်။ တန်စေသတည်း။ ဤသို့နည်းဖြင့်။ ဖြည်း ဖြည်းဆောက်တည်။ မိဋ္ဌာန်ရည်က။ အကြည်ပင်သာ။ စုတေ့ လာ၍။ အောက်မှာကျသစ်။ လူ့ပြည်ဖြစ်လျက်။ အနှစ် ပြည့်စုံ။ တည့်တုံတုံလျှင်။ ဥာဏ်ခံပန်းတည်။ မြစ်ရင်းစည်၏။ တရည် ဘယ်သူ။ ဤအမှုကား။ မတူစွာမြဲ့။ထိုကဲ့သို့လျှင်။ ရှင့်ဘို့သော် လည်း။ ကုသိုလ်နည်း၍။ မဆည်းရထွန်။လွန်လတ်သောခါ။ပါ အောင်အလို။စိတ်ကိုစိုးမိုး။မိဋ္ဌာန်ကိုးလျှင်။ ။ဂုဏ်မျိုးလွန်ဆ ကဲစေလသေး။

ယထာဝပဗ္ဗတော သေလော၊ အစလော သုပတိဋ္ဌိတော။ နကမ္ပတိဘုသဝါတေဟိ၊ သကဋ္ဌာနေဝတိဋ္ဌတိ။
တထေဝတွံအဓိဋ္ဌာနေ၊ သဗ္ဗဒါအစလောဘဝ။ အဓိဋ္ဌါနပါရမိတံဂတွာ၊ သမ္ဗောဓိံပါပုဏိဿသိ။

သေလော၊ ကျောက်အတိပြီးသော။ အစလော၊ မတုန်မလှုပ်သော။ သုပတိဋ္ဌိတော၊ ကောင်းစွာ တည်သော။ ပဗ္ဗတော၊ တောင်သည်။ ဘုသဝါတေဟိ၊ ပြင်းစွာသောလေတို့ဖြင့်။ နကမ္ပတိ၊ မတုန်မလှုပ်။ သကဋ္ဌာနေဝ၊ မိမိအရပ်၌သာလျှင်။ တိဋ္ဌတိယထာ၊ တည်သကဲ့သို့။ တထေဝ၊ ထိုကျောက်တောင်အတူလည်းကောင်းလျှင်။ တွံပိ၊ သင်သုမေဓါသည်လည်း။ အဓိဋ္ဌာနေ၊ ဆောက်တည်ခြင်း၌။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ အစလော၊ မတုန်မလှုပ်သည်။ ဘဝဘဝါဟိ၊ ဖြစ်လော့။ အဓိဋ္ဌာနပါရမိတံ၊ အဓိဋ္ဌာနပါရမီကို။ ဂတွာ။ ဖြည့်၍။ သမ္ဗောဓိံ၊ ဘုရားအဖြစ်သို့။ ပါပုဏိဿသိ။ ရောက်လတ္တံ့။

၁၃၃။ အတဲ့ကြား။ ကျောက်ရသတိ။ မိုးထိဖျားလွန်။ ဧကေဃန်လျှင်။ ညွှန်လည်းမရော။ သလင်းကျောတိ။ မြေကြောကုန်းခေါင်။ သံမြို့တောင်ကား။ ဝေလောင်ခတ်ထိ။ မုန်တိုင်းဖိလည်း။ မချိတိမ်ညွှန့်။ တုန်လှုပ်နန့်လျက်။ လွန့်ဘူးသောခါ။ မထင်ပါသို့။ ပမာဉ်တူ။ ရှင်တုံမူလည်း။ အလှူဒါန။ သီတင်းစသား။ လုံ့လစေ့ဆော်။ သူတော်အရော။ ယှဉ်သောခါ၌။ မိစ္ဆာ ဖြစ်ဘွယ်။ ပုတ်အံ့ရွယ်လျက်။ မိုးလယ်ရပ်စွန်။ သံလှင်ကန်ဖြင့်။ နတ်မွန်သိကြား။ ဟန့်ဆီးတား၍။ ထိပ်ဖျားမြောက်မြောက်။ ချောက်သော်လည်းကောင်း။ ကြေးနီချောင်းသို့။ ဟောင်းလောင်းကြမ်းတူး။ မီးကြည်းဟူး၍။ မကူးသာ အောင်။ ကောင်းမှုရှောင်ဟု။ ပူလောင်ဆုတ်နစ်။ မာရ် ဆိုးညစ်တို့။ မြစ်သော် လည်းကောင်း။ လိုဟုတောင်သား။ စည်းပေါင်းသန္တာ။ ထိုသောခါ၌။ မျက်နှာငဲ့ကွက်။

စိတ်မယွက်လျှင်။ အသက်ထက်ဆုံး။ မိဗ္ဗာန်သုံးလျက်။ ။နှလုံးပျက်နိုင်ခဲစေလသေား။

အဓိဋ္ဌာန်ပါရမီခန်းပြီး၏။

---

(၅) မေတ္တာပါရမီခန်းအစ။

နယောတေဗ္ဗကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။ အညေပိဝိစိနိဿာမိ၊ ယေဓမ္မာဗောဓိပါစနာ။

ဝိစိနန္တောတဒါဒက္ခိံ၊ နဝမံ မေတ္တာပါရမိံ။ ပုဗ္ဗကေဟိမ ဟေသိဟိ၊ အာသေဝိတနိသေဝိတံ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ဗုဒ္ဓဓမ္မာ၊ ဘုရားအဖြစ်ကိုပြုတတ်ကုန်သောတရားတို့သည်။ ဧတ္တကာယေဝ၊ ဤရှစ်ပါးသည်သာလျှင်။ န ဘဝိဿရေ၊ မဖြစ်ကုန်ရာ။ အညေ၊ ဤရှစ်ပါးမှတပါးကုန်သော။ ဗောဓိပါစနာ၊ သဗ္ဗညုဘုရားအဖြစ်ကိုရင့်စေတတ်ကုန်သော။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေဓမ္မေအပိ၊ ထိုတရားတို့ကိုလည်း။ အဟံ၊ ငါသည်။ ဝိစိနိဿာမိ၊ ရွေးချယ်ဦးအံ့။

ဝိစိနန္တော၊ ရွေးချယ်သော။ သောအဟံ၊ ထိုငါသည်။ ပုဗ္ဗကေဟိ၊ ရှေး၌ဖြစ်ကုန်သော။ မဟေသိဟိ၊ မြတ်စွာ ဘုရားတို့သည်။ အာသေဝိတံ၊ ရှေးရှုမှီဝဲအပ်ထသော။ နိသေဝိတံ၊ အဖန်တလဲလဲအမြဲမှီဝဲအပ်ထသော။ နဝမံ။ ကိုးပါးမြောက်သော။ မေတ္တာပါရမိံ၊ မေတ္တာပါရမီကို။ တဒါ၊ ထိုအခါ၌။ အဒက္ခိံ၊ မြင်တော်မူ၏။

၁၃၄။ နဝလောကုတ်။ ကိုးပါးဟုတ်လျက်။ သမုဒ္ဒယ။ ဒုက္ခနိရောဓ်။ မင်းဟုကျော်သား။ လေးဘောဓ်အင်စုံ။ ကိုယ်ဘို့ကုံမှ။ ရှာတုံသူ့အား။ ပြန့်စီးပွါးသည်။ ထေရ်များအကြီး။ မည်သီးထင်စွါ။ သာရိပုတ္တရာ။ ။သမ္ဘာဆောက်ဦး။ ဆုကြီးချုသည်။ ရှင်ဖြူဘုရား။ ငါပုဏ္ဏားကား။ ဘုရားအဖြစ်။ ကျင့်ဆစ်တတန်။ အဓိဋ္ဌာန်

ဤ။ပါရမီကို။အညီလုံးခြုံ။သိမြင်တုံမှ။အင်စုံလက်ငံ။တဖန်ကြိဖ၏။ တွင်စံမမည်၊ရှစ်ဆရည်သား။ ဆောက်တည်ကျင့်ဌါ။မျှတည်း သာလျှင်။အခြါကြွယ်ပုံ။ဥဒါန်များဆုံကို။ မကုံရာသေး။အရေး တပါး။တရားအမှန်။ ရှိဦးတန်ဟု။ ဘယွန်ထိုရော်။ စုံစမ်းသော် တည့်။လောင်းတော်တကာ။စိုးဖြန်းရာသား။မေတ္တာပါရမီ။ရှေး တန္တိကို။ အဘိတလျှောင်။ နီးသည်တောင်သို့။ ကုန်အောင်ပြို့ ပြို့။မြင်လတ်ခဲ့က။ရှိမဲ့မကြွင်း။ကျင့်လိုလျှင်း၍။ဆေါက်နှင်းကိုယ် ကို။ဤသို့ဆိုသည်။ ။ကြည်ညိုနှစ်သိမ့်အင်ရွဲတည်း။

ဣမံတွံနဝမံတာဝ၊ ဧဋ္ဌံကတွာ သမာဒိယ။ မေတ္တာယ အသ မောဟောဟိ၊ ယဒိဗောဓိံ ပတ္တုမိစ္ဆသိ။

တာပသ၊သုမေဓာရသေ့။တွံ၊သင်သည်။နဝမံ၊ ကိုးခုမြောက် သော။ဣမံ၊ ဤမေတ္တာပါရမီကို။ဧဋ္ဌံ၊မြဲစွာ။ကတွာ၊ပြု၍။သမာဒိ ယ၊ ဆောက်တည်လော့။ဗောဓိံ၊သဗ္ဗညုဘုရားအဖြစ်သို့။ပတ္တုံ၊ ရောက်ခြင်းဌါ။ယဒိဣစ္ဆသိ၊ အကယ်၍အလိုရှိအံ့။ဖေံ၊ ဤသို့အလိုရှိ သည်ရှိသော်။မေတ္တာယ၊မေတ္တာဖြင့်။အသမော၊ အတူမရှိသည်။ ဟောဟိ၊ ဖြစ်လော့။

၁၃၅။ သံသာလမ်းမ။ ခရီးဝဠ္ဍ။ ဒုက္ခဖြင့်အား။ ပန်းရိရှား သါး။အများသတ္တဝါ။ဘော်သုံးရွာကို။ကရုဏာဂါရှေးရှု။ကယ်ဆ ယူသည်။အင်တူရရှား။ရသေ့ဖျား။ ။ဘုရားဖြစ်စ။ဤမေတ္တာ ကား။ကောဒသ။ဆဲ့တဆလျှင်ခံ။ရကျိုးထင်။ ဤလူတွင်၌။နိသင် စိုးပွါး။ကျေးဇူးများ၍။ ဘုရားဆုပန်။ ရှင်နှင့်တန်၏။ ရှေးလွန်အ ကျင့်။လျော်သဖြင့်တုံ။အသင့် ဟောထိုက်။ အင်လည်း ဖြိုက်၏။ အမြိုက်ဆောက်ဦ။ မေတ္တာဟူသား။ မွေးကြူရေကြည်။ နှင်းမြ ရည်တိ။တုမရှိအောင်။ပိုညှိုဋ္ဌါဋ္ဌါ။သွန်မရဲလျှင်။ မစဲနေ့ရေ။မိုးယ်း သို့ရွေလျက်။ ရစေချမ်းသာ။ ရှင်မေတ္တာကို။သတ္တဝါမိုလ်လူ။ဦး ဖြင့်ယူလျက်။မပူမလောင်။ ဘော်ချင်းရှောင်၍။ ။လူ့ဘောင် ချစ်ကျုန်ကြစေလသေး။

၁၃၆ ။မြေကြီးလုံးစု။ကိုယ်တခုနှင့်။ဂဏုမမျှ။ ဖြစ်လှည့်ကြ

သွား။မဆွရှေးခါ။သံသရာ၌။ ဘယ်ရွာသသူ။ ဘယ်သို့မှု၍။စက်
နှယ်ဗွေသော်။ အမေ့ဘဝ။ အဆွေမြေးသား။ မယားပိန်ပြောင်း။
မောင်နှမရင်း။သားချင်းညီကို။ခဲအိုခယ်မ၊အစ်မတော်ဆက်။သ
မက်ခမင်း။ခေါ်ရင်ဦးရိုး။လင်ငယ်မှိုးနှင့်။ မိကြီးမိထွေး။နို့ကျွေး
ထိမ်းယ။ယောက္ခမက။စသည်ဘယ်သူ။ မြန်လူစိမ်းစော်။မျိုးမ
တော်ဘဲ။သီးသီးကွဲ၍။ ရှောင်လွှဲမဲ့စွာ။ မစပ်ပါသည်။ ဖြစ်ရှာ
လှည့်ချိမ့်၊နှစ်သိမ့်အင်ရွ။ဆွေတော်ဆဲမှု။ဘောက်လဲကြမ္မာ။ဆုံးခဲ့
ရာဟု။ပျောက်ရှာခဲ့ပြီးတိမ်းကြီးတိမ်းအောင်။ရာထောင်အသက်။
ယူတလျက်လျှင်။သစ်ထွက်ပြန်နိုး။ မြည်တီးတိုး၏။တမျိုးရုပ်မှာ။
ဖြစ်ခြားကာမျှ။မျက်နှာထိုသူ။ ဘော်ခဲ့မှုကား။ ငိုသူညှိုးလျှ။မသိ
ကြတည့်။တလည်းတကာ။ရန်လည်းရှာ၏။ဗိုလ်ပါတလှစ်။ဤအ
အပြစ်ကား။ချစ်အံ့သည်စင်။ မလောက်ပင်လျက်။ ရန်းချင် ပြိုး
ထား။ကြံပြစ်မှားသည်။ ရွာသားအစုတ်။မည်မဟုတ်ဟု။ ဆန်း
ထုတ်ဆိုသည်။ကြည်ညှိစကား။ ရှင်မကြားလော။ပိုးမွှားသတ္တဝါ။
ဆွေချင်းတလျက်။ ကြင်နာသက်ကြည့်။နှလုံးရည်၍၊ မစည်ရ
ခိုက်။ဒုစရိုက်ဖြင့်။ ။အမှိုက်ဖြစ်ကျန် ကြစေလသေး။

၁၃၇။ စွန်းဖျားနှစ်ဘက်။မီးပြမ်း လျက်လျှင်။ လယ်ချက်
တမည်။နန်းဥတည်ဖြင့်။ သင့်သည် ဘင်နှင့်။ မစင်ဖြစ်လား။ ရွာ
သားတောနေ။ပျိုအန်ထွေသား။သူသေဖုတ်စ။ထင်းကလွကါး။
မီးမှုချက်ပြုတ်။မဖုတ်စပါ။ နင်းကျော် ကာလျှင်။ ရွံရှာသမြို့။ထို
သို့လည်းကောင်း။လူစော်လှောင်းအား။စောင်းမြောင်းမါန်ခက်။
အမျက်ဘယူ။မတော်မှုဖြင့်။ရှင်လူနှစ်ပါး၊ ရွာကျောင်းသားတို့။
ရှောင်ရှားစရာ။ညှာလတ်ခဲ့က။ မျက်မာန်ထမှု။ရှုတ်ချရန်းဆေး။
မျက်မရှေးက။ချစ်ရေးပျော်စွာ။နေကြသာ၏။ မေတ္တာတုံသော်။
အကျော်လူဝယ်။ ဆတဆယ်လျှင်။ ဆိုဘွယ်မရှိ။ မိမိစီးပွါး။သူ
အားမှုလည်း။ မဟူလေကောင်း။ သို့ဖြစ် ရှောင်းဟု။ အလောင်း
တော်များ။မေတ္တာ ပွါး၍။ ဖျဉ်တားဆုံးမ။ မျက်ဒေါသကို။စန
ပိတ်အုပ်။ ချုပ်ကျန်သည်ချည်း။ ရှင်လည်းမပြတ်။ မေတ္တာဝတ်

ကို။ ချေချွတ်အံ့သည့်။ ရည်ပြီးရကား။၍လူများကို။ သနားသာ
ညင်း။ကြွင်နာခြင်းဖြင့်။ ။ချင်းချင်းချစ်ကျန်ကြွစေလသေး။

ယထာပိဥဒကံနာမ၊ ကလျာဏောပါပကေဇနေ။ သမံဖရတိ
သီတေန၊ ပဝါဟေတိရဇောမလံ။

တထေဝတွံ ဟိတာ ဟိတေ၊ ဘာဝယ သမံ မေတ္တာ ယ။
မေတ္တာပါရမိတံဂန္တွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ။

ဥဒကံနာမ၊ ရေမည်သည်ကား။ ကလျာဏေ၊ ကောင်းကျန်
သော။ ဇနေစ၊ လူတို့ ကိုရင်း။ ပါပကေ၊ မကောင်းကျန်သော။
ဇနေစ၊ လူတို့ကို ၎င်း။ သီတေန သီတ ဘာဝေန၊ ချမ်း သော
အဖြစ်ဖြင့်။ သမံ၊ အမျှ။ ဖရတိ၊ နှံ့၏။ ရဇောမလံ၊ မြူအညစ် အ
ကြေးကို။ ပဝါဟေတိယထာ၊ မျှောသကဲ့သို့။ တထေဝ၊ ထိုအ
တူလည်းကောင်းလျှင်။ တွံ၊ သင်သည်။ ဟိတာဟိတေ၊ စီးပွါးရှိ
သောသူစီးပွါးမရှိသောသူတို့ကို။ သမံ၊ အမျှ။ မေတ္တာယ၊ မေတ္တာ
ဖြင့်။ ဘာဝယ၊ ပွါးစေလော့။ မေတ္တာပါရမိတံ၊ မေတ္တာပါရမီကို။
ဂန္တွာ ၊ဖြည့်၍။ သမ္ဗောဓိံ၊ ဘုရားအဖြစ်သို့။ ပါပုဏိဿသိ၊ ရောက်
လတံ့။

၁၃၈။ တန္တုပြမာ။ ရေ ဘာသာကား။ ပညာရှိမှဲ့။ လေးတွဲ့
ဂုဏ်ပေါ်။ အသော့မပါ။ ကိုယ်သက်သာနှင့်။ သူနာသိုးတောင်း။
သူကောင်းမရွေး။ အစေးညှိစော်။ သရော် နည်းနစ်။ အညစ်ချေး
ညှိ။ မသတိသား။ ထို၍ရန်ပြင်း။ မြူချေးညှင်းကို။ သန့်ရှင်း စင်
ကျော။ ငြိမ်းဆေးကြောသည်။ သဘောညီချင်း။ ရေ၍ယင်းနှင့်။
နှိုင်းတွင်းလိုက်လျော်။ ရှင်တုံသော်လည်း။ မျိုးဘော်တို့ဘောင်။
စီးပွါးဆောင်၍။ ယုတ်အောင်အကျိုး။ ရန်ရှာငြိုးသည်။ သူခိုးသူ
ကြွယ်။ ဥပါယ်မူကြွေး။ ကျေးဇူးဖျောက်ချေ။ ပလေလဆောင်။ သူ
လောင်တန္တ။ ထိုသို့စသား။ ကာဠကဏ္ဍိ။ ဒုသီသူညစ်။ ခင်ပွန်း
ပစ်လျှင်။ ဖြစ်ချင်ကစား။ စီးပွါချမ်းသာ။ ရှာမရှာသည်။ မိုလ်ပါ
အလှစ်။ ချစ်မချစ်ကို။ ဆွတ်ထစ်မေတ္တာ။ ရေနံ့သာဖြင့်။ ကရုဏာ
သန့်သန့်။ မျှစိဖြန့်လျက်။ ပွါးညွန့်သားသား။ ရှင့်မှုထားကြောင့်။

နှစ်ပါးမိတ်ရန်။ ကန်တော့ပြန်၍။ ။စောင်းမာန်ပစ်ကျန်ကြစေလသေး။

မေတ္တာပါရမီခန်းပြီး၏။

---

## (ည) ဥပေက္ခာပါရမီခန်းအစ။

နဟောတေဇွေကါယောဝ၊ဗုဒ္ဓဓမ္မာဘဝိဿရေ၊အညေဝိဝိဝိ နိဿာမိ၊ယေဓမ္မာဗေါဓိပါစနာ။

ဝိဝိနဋ္ဌောတဒါဒက္ခိံ၊ဒသမံဥပေက္ခာပါရမိံ။ ပုဗ္ဗကေဟိမ ဟေသီဟိ၊အာသေဝိတနိသေဝိတံ။

သာရိပုတ္တ၊သာရိပုတ္တရာ။ဗုဒ္ဓဓမ္မာ၊ ဘုရားအဖြစ်ကိုပြုတတ်ကုန်သောတရားတို့သည်။ ဧတ္တကာယေဝ၊ ဤကိုးပါးသည်သာလျှင်။န ဘဝိဿရေ၊ မဖြစ်ကုန်ရာ။အညေ၊ တပါးကုန်သော။ဗေါဓိပါစနာ၊သဗ္ဗညုတညာဏ်၏အဖြစ်ကိုရင့်စေတတ်ကုန်သော။ ယေဓမ္မါ၊အကြင်တရားတို့သည်။သန္တိ၊ရှိကုန်၏။တေဓမ္မေအပိ၊ ထိုတရားတို့ကိုလည်း။အဟံ၊ငါသည်။ဝိစိနိဿါမိ၊ ရွေးချယ်ဦးအံ့။

ဝိစိနန္တော၊ရွေးချယ်သော။သော်အဟံ၊ထိုငါသည်။ပုဗ္ဗကေဟိ၊ရှေး၌ဖြစ်ကုန်သော။မဟေသီဟိ၊ မြတ်စွာ ဘုရားတို့သည်။ အာသေဝိတံ၊ရှေးရှုမှီဝဲအပ်ထသော။နိသေဝိတံ၊အဘန်တလဲလဲ အမြဲ မှီဝဲအပ်ထသော။ ဒသမံ၊ ဆယ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ ဥပေက္ခာပါရမိံ၊ ဥပေက္ခာပါရမီကို။ တဒါ၊ ထိုအခါ၌။ အဒက္ခိံ၊မြင်တော်မူလေ၏။

၁၃၉။ အပ္ပိယ္ယတာ။ ရောင့်ရဲ ရာသား။ ကထာဝတ္ထု။ကျင့်ဆယ်ချဖြင့်။ ဆိုမှုတတ်ပွန်။ အရိုးမှန်လျက်။ ဆယ်တန်ပရိယတ်။ စည်းခတ်ပိုင်းခြား။ငါ့တရားကို။ နှုတ်နားထောင်ထောင်။သက်စွန့်ဆောင်သည်။ ကျော်ခေါ်ပညာ။ သာရိပုတ္တရာ။ ။သဒ္ဓါကြည်ယုံ။ပွင့်ရကြိုသည်။ကြွယ်ပုံသမ္ဘာ။သုမေဓာကား။မေတ္တာပါရမီ။ဤသည်တရား။ကျင့်တပါးကို။ ဤသို့ဆိုလျက်။ကိုယ်ကို

ပွါးစီး။ယှဉ်စေပြီးသော်။ သင်းသီးတတွေး။ကြံတုံသေး၏။ ကံ
ကျွေးကိုးပါး။ဤတရားမှ။တခြားကျေးဇူး။သဘောထူးသါး။တ
ဦးပွင့်စ၁။ရှိသေးရာ၏။ ဆယ်ခါ ဆောက်ဦး။ ဆုကြီးချူတို့။အမှု
လျှောက်ပတ်။ ဖြည့်ရာဝတ်ကား။ အမြတ် တပါး။ သိမ်းပကား
ဘွယ်။အဘယ်အရေး။ရှိလေသေးဟု။ဇောပြေးအင်ခွဲ။ ရှာဆဲဆဲ
လျှင်။ရောင့်ရဲပြီမ်းရာ။ဥပေက္ခါဟု။ဆယ်ခါမြှောက်ချီ။ပါရမီကို။
အညီစေ့စုံ။မြင်လတ်တုံ၍။ကံ့လုံ့ကျင့်လို။ဤသို့ဆိုသည်။ ။ကိုယ်
ကိုဆောက်တည်ရှေးရှေးတည်း။

ဣမံတွံ ဒသမံတာဝ၊ ဒဠှံကတွာသမာဒိယ။ တုလာဘူတော
ဒဠှောဟုတွာ၊သမ္ဗောဓိံ ပါပုဏိဿသိ။

တာပသ၊ သုမေဓာရသေ့။တွံ၊ သင်သည်။ဒသမံ၊ ဆယ်ခုမြောက်
သော။ဣမံ၊ ဤဥပေက္ခာပါရမီကို။ တာဝ၊ အစဉ်သင့်။ဒဠှံ၊ မြဲစွာ။
ကတွာ၊ ပြု၍။ သမာဒိယ၊ ဆောက်တည်လော့။ တုလာဘူတော၊
ချိန်သကဲ့သို့။ဒဠှော၊ မြဲသည်။ဟုတွါ၊ ဖြစ်၍။သမ္ဗောဓိံ၊ သဗ္ဗညုအ
ဖြစ်သို့။ပါပုဏိဿသိ၊ ရောက်လတံ့။

၁၄၀။ ငါကောင်းယာဉ်ပြီမ်။အခေါင် နှိမ်က။ ဥပ် တိမ်
မျှော်ရော။လူဗိုလ်ပါကို။ ချမ်းသာကျူးတို့။ မြတ်ရာပို့ပိမ့်။ မချို့စွမ်း
ခေါင်။ ကြံ့ကြံ့ထောင်သည်။ အမောင်လိမ္မာ။ သုမေဓာ။ ။ရှေး
ခါအများ။ မြတ်ဘုရားတို့။ ဖြစ်လားကျင့်မွေ့။ အခလေ့ကား။ချမ်း
မြေ့သာပြီမ်။ ဥဒါသိမ်ဟု။ အချိန်နှစ်ပါး။' မလားမလာ။သက်သာ
ရာ၌။ပူဆာပျောက်ကွယ်။ ကျင့်ချင်ဘွယ်သား။ မလှယ်မဝယ်။
လှေကုန်သွယ်တို့။ကျွန်းငယ်သောင်စ။မှီခိုရသို့။သဏ္ဌ ဝဋ္ဋိ။တုမ
ရှိသည်။ဗောဓိသမ္ဘာ။ဥပေက္ခာကို။ အလျှာဆောက်ဦ။မှတ်သား
မှုဖြင့်။ရှေးရှုသည်ချည်။ ကျင့်သိမ်းဆည်း၍။ ရှင်လည်းရှေးနှင့်။
လျော်သဖြင့်လျှင်။ အသင့် ပြီမ်းရာ။ ဥပေက္ခာကို။ ။မြတ်စွာ
ကျင့်ဆောက်တည်လေသေး။

၁၄၁။ အကြင်အကြင်။အရပ်တွင်၌။ပြီတင်တဲနေ။နှိုးကပ်
လေအုံ။မျိုးဆွေသူစိမ်း။ခပ်သိမ်းဗိုလ်လယ်။ထိုမျှဝယ်၌။ယိုးမယ်

လည်းဖွဲ့။ကျေးဇူးမဲ့တည့်။ကဲ့ရဲ့ရူးရူး။ လေသို့ဟူး၏။အထူးသဉ်း
ညံ့။ခံရကာကာ။ ထိုသည့်ရွာလည်း။ ဥပေက္ခာဖြင့်။ ကျင့်ရာမ
ဟုတ်။ တဒုတ်တအာ။အကြွင်းရွာ၌။ ပဏ္ဏာကာရ။လှူခံစသည်၊
ညွတ်မျှပူဇော်။သာဓုဘော်ဖြင့်။ ချီဝေါ်ပေါ်ပေါ်။ချီးမွမ်းပြော၏။
သဘောကောင်းမင်း။ချီးစင်းစင်းလျှင်၊ ထိုယင်း၍ရွာ။အရပ်မှာ
လည်း။ ဥပေက္ခာဖြင့်။ကျင့်ရာမဟုတ်။ အယုတ်အမာ။အကြွင်းရွာ
၌။တခါချီးမွမ်း။တခါကြမ်းလျက်။ညစ်ညမ်းဆိုးရွား။မတရားလှ။
အဓမ္မဖြင့်။ လျော်ကျလွန်လျား။မှုများထူပြော။ သဘောမသင့်။
လူကျင့်စကား။တရားပျောက်တိမ်။ပေါ်ဒုပ်ထိမ်လျက်။ တကြိမ်
သေလျှင်။ တကြိမ်ရှင်၏။အောင်မြင်ရှုံးသူ။ မဟူစအပ်။ထိုအရပ်
လျှင်။ကြပ်ကြပ်ကျင့်စာ။ဥပေက္ခာ၏။ အရာစင်စစ်။ဖြစ်သည်ထူး
ခြား။၍ထွေပြား၌။ဘာသွား၍အောင်း။ ကောင်းမကောင်းကို။အ
လောင်း ပီပီ။ချိန်သို့လိလျက်။ မညီညွတ်ရာ၊ ဥပေက္ခာ ဖြင့်။ ။
မြတ်စွာနှလုံးဆည်လသေး။

၁၄၂။ စတုဒိသာ။ လေးပါး ရွာမှ။ ဆုံလာ ထုတ်ချင်း။
ကျယ်လှဝင်းသား။ လေးပြင်း လေးတူး။ လမ်းထိပ်ဦး၌။ ပြူးပြူး
တောင်ဆောက်။လေးမီးပေါက်နှင့်။ အုတ်ကျောက်လှင်ကန်။ လှံ
ပျံကွန်လျက်။ လက်မှန်ရွယ်ရာ။ထက်ဝါဥပြီး။ ခံတိုင် တုံးကား။
ဖြုံးဖြုံးလက်လွှတ်။ ပစ်ခတ်တျက်တျက်။ အုတ်ကျက်လှင်ကန်။
တန်းလမ်းမှန်လျက်။ သည်းထန်ဆိတ်ဆွ။ လိုသမျှဖြင့်။ ရှသော်
လည်းကောင်း။ဦးခေါင်းဦးတိုက်။ အမှိုက်သုတ်သင်။ပန်းမာလ်
တင်လျက်။ စိုက်ကျင်ဦးကိုင်။တာတိုင်မတ်လတ်။ မြေခြားမှတ်
၍။ဥပဒ်မဲ့အောင်။ ရှောင်သော် လည်းကောင်း။ လုံးလျှောင်းကြိ
ခိုင်။တိုင်၏ဖြစ်လါး။သူနှစ်ပါးကြောင့်။ထွေပြားဘေါက်လှဲ။ရှိရာ
ခဲသို့။စွန့်ရဲတင်းတင်း။ ကိုယ်စလျှင်း၍။ ဆောက်နှင်းဆုယူ။ ရှာ
တုံမူလည်း။လျှစ်လျူ။ခြင်းရာ။ဥပေက္ခာဖြင့်။ရန်ရှာရန်းထား။ချစ်
သနားသား။နှစ်ပါး သူတို့။အမူအလျောက်။ မလှဲဘောက်တည့်။

ရိုက်ခေါက်မယိုင်။ လက်မှန်တိုင်နှင့်။ ။ပြိုင် သော်တန်စိမ့်
ရည်လသေား။

ယထာပိပထဝီနာမ၊ နိက္ခိတ္တံအသုစိံသုစိံ။ဥပေက္ခတိဥဘော
ပေ်တော၊ ကောပါနန္တယဝဇ္ဇိတာ။

တထေဝတွံသုခဒုက္ခေ၊ တုလာဘူတောသဒါဘဝ။ဥပေက္ခာ
ပါရမိတံဂတ္တွာ၊ သမ္ဗောဓိံပါပုဏိဿသိ။

ပထဝီနာမ၊ မြေကြီးမည်သည်ကား။ နိက္ခိတ္တံ၊ မြေ၌ပစ်အပ်
သော။အသုစိံ၊မစင်သော ဝတ္ထုကို လည်းကောင်း။ သုစိံ၊စင်
ကြယ်သန့်ရှင်းသောဝတ္ထုကိုလည်းကောင်း။ ဥဘောပိ၊နှစ်ပါး
လည်းဖြစ်ကုန်သော။ဧတေ၊ ထိုဝတ္ထုတို့ကို။ ကောပါနန္တယဝဇ္ဇိ
တာ၊ အမျက်ထွက်ခြင်းချစ်ခြင်းမှကြဉ်သည်ဖြစ်၍။ ဥပေက္ခတိ
ယထာ၊လျစ်လျူရှုသကဲ့သို့။တထေဝ၊ ထိုအတူလျှင်။တွံ၊သုမေ
ဓါရသေ့သည်။သုခဒုက္ခေ။ချမ်းသာဆင်းရဲ၌။တုလာဘူတော၊ချိန်
နှင့်တူသည်ဖြစ်၍။သဒါ၊အခါခပ်သိမ်း။ဘဝ၊ဖြစ်လော့။ဥပေက္ခါ
ပါရမိတံ၊ဥပေက္ခာပါရမီကို။ဂတ္တွာ၊ဖြည့်၍။ သမ္ဗောဓိံ၊သဗ္ဗညု
အဖြစ်သို့။ပါပုဏိဿသိ၊ရောက်လတံ့။

၁၄၃။ ပမာနည့်ဖွေ။ဤသဉ်မြေကား။ကောင်းသေမစင်။
အပုပ်ဘင်က။ စသည်အညစ်။ ပစ်သော်လည်းကောင်း။ ရောင်
မောင်းနီတွေး။ပန်းချီဆေးဖြင့်။ ခြူးသေး ခြူးနွယ်။ ရွှေငွေခြယ်
လျက်။ တင့်တယ်ကျစ်လစ်။မျက်မျိုးစစ်တည့်။ နစ်သော်လည်း
ကောင်း။ကျဉ်းမြောင်းပူဆာ။ နှစ်သိမ့်စွာသား။ ခြင်းရာအနေ။မ
ဘောက်လေတည့်။မြေတလည့်လည်။အတိုင်းတည်သို့။အောင်
စည်ဆုယူ။ရှင်တုံမှုလည်း။ ရွာသူပြည်သား။ မြတ်ရာထား၍။အ
များပူဇော်။ ကောင်းချီးပေါ်ဖြင့်။ ပေါ်သော်လည်းကောင်း။ဆဲ
မောင်းဖျော်ဖျော်။ခေါင်းဦးကျော်၍။ မတော်သူလေ။မစစ်ဆေ
မှု။ပြုသော်လည်းကောင်း။ စုံပေါင်းရောရော။ ဤနှစ်ခါ၌။ချမ်းသါ
ဆင်းရဲ။သဘောလွဲ၍။လက်စွဲချိန်ခွင်။ လေးတူတင်သို့။ပုံပြင်နှုန်း

ယူ။ မြေအတူလျှင်။ လျစ်လျူ ဆောင်ဆောင်။ အကျဉ်း ထောင်
သျှက်။ ။အမောင်စိတ်ဇော ကြည့်စေလသေး။

ဥပေက္ခာပါရမီခန်းပြီး၏။

---

## နတ်လူအပေါင်းတို့ကောင်းချီးပေးသောအခန်း။

ဧတ္တကာယေဝတေလောကေ၊ ယေဓမ္မာ ဗောဓိပါစနာ။ တ
တုဒ္ဓံနတ္ထိအညတြ၊ ဒဠှံတတ္ထပတိဋ္ဌထ။

ဗောဓိပါစနာ၊ သဗ္ဗညု ဘုရားအဖြစ်ကို ရင့်စေ တတ်ကုန်
သော။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ လောကေ၊ လူ့နိုက်။
သန္တိ ၊ထင်ကုန်၏။ တေဓမ္မာ၊ ထိုတရားတို့သည်။ ဧတ္တကာယေဝ၊
ဤဆယ်ပါးတို့သည်သာလျှင်တည်း။ တတော၊ ထိုဆယ်ပါးမှ။
ဥဒ္ဓံ၊ အထက်၌။ အညတြ အညာဓမ္မံ၊ တပါးသောတရားသည်။ နတ္ထိ၊
မရှိ။ တနည်းကား။ တံ၊ ထိုဆယ်ပါးသော တရားကို။ အညတြ၊
ထား၍။ အညံ၊ တပါးသော တရားသည်။ နတ္ထိ၊ မရှိ။ တတ္ထ၊ ထို
ဆယ်ပါးသော ပါရမီ၌။ တွံ၊ သုမေဓာရသေ့သည်။ ဒဠှံ၊ မြဲစွာ။
ပတိဋ္ဌထ၊ တည်စေလော့။

၁၄၄။ ငါးမာရ်အောင်မြင်။ အကြောင်း တွင်က။ ပိတ်ပင်
မာန်ဘီ။ သုံးလူ့ဤသို့။ အညီရွေပြည့်။ ရောက်စိမ့် ရည်သည်။ ကြံ
စည့်ပွါးစီး။ ရသေ့ကြီး။ ။အပြီးတိုင်တိုင်။ ကျေးဇူး စိုင်အား။
ချက်တိုင်ထိထိ။ ကံကျွေးချီသည်။ ဗောဓိသမ္ဘာ။ ပွင့်စရာသား။
သည်သာဆယ်ပါး။ သဘောပြား၏။ ဘုရားအကျင့်။ သည်ထက်
မြင့်၍။ ဥာဏ်ပွင့် စရာ။ ကျေးဇူးလျာကို။ ရှာသော်အလွန်။ မရှိ
ထွန်တည့်။ မကျန် မကြွင်း။ သိထိုး ထွင်းသား။ ဤယင်းတရား။
ဆယ်ပါးဗဟို။ ကျင့်ဝတ် ကိုလျှင်။ မှီခိုအမောင်။ သုံးစွဲဆောင်
လျက်။ ။ကုန်အောင်ဆောက်တည်မြဲစေလသေး။

၁၄၅။ ဒသဒိသာ။ ဆယ်မျက်နှာ၌။ ရပ်ရာပတ်ပတ်။ ဖြည့်
ရာဝတ်ကို။ ချံပွတ်တန်းဆီး၊ ဥာဏ်ပိုက်ကြီးဖြင့်။ အသီးဖွဲ့သော်။

ရှာတုံသောလည်း။ရတော်ငြားမိ။မရှိလေချင်။ သည့်ပင်ပင်တိ။ ထင်၏ဆယ်ပါး။ဤတရားမှု။အပြား‌သုံးရ။အနုရွေးလတ်။အမြတ်ဖြင့်အား။ သုံးဆယ်ပြား၏။ ရှည်လျားကမ္ဘာ။ကြာလတ်သရော်။ ရှင်သူတော် သည့်။ ပူဇော်ပြင်ပ။ ပစ္စည်း မျှကို။ ယူတချင်ရဲ့။မပြေခဲမှု။ ရည် ရွဲသွေးသား။မျက်စိနားဖြင့်။ စွန့်စားအင်္ဂါ။ပေးပြီးခါမှ။ကျွန်လျာရောက်ခန့်။ ကိုယ်သက်စွန့်၍။ ဂုဏ်ညွှန့်ဆုလှာယ်။ ကျင့်သုံးဆယ်ကို။ ရွေးချယ်မရှောင်။ ပြီးစီးအောင်လျှင်။ ။အမောင်ကြီဆစေလသေသး။

ဣမေဓမ္မေသမ္မသတော၊ သဘာဝရသလက္ခဏော။ဓမ္မတေဇေနဝသုဓာ၊ ဒသသဟဿီကမ္ပတိ။

သာရိပုတ္တ၊ သာရိပုတ္တရာ။သဘာဝရသလက္ခဏော၊ သဘောကိစ္စလက္ခဏာရှိကုန်သော။ ဣမေဓမ္မေ၊ ဤဆယ်ပါး သောတရားတို့ကို။ သမ္မသတော၊ သုံးသပ်သော ငါသုမေဓါအား။ ဓမ္မတေဇေန၊ တရား၏အာနုဘော်အားဖြင့်။ ဒသသဟဿီ၊ ယူဇနာတသောင်းရှိသော။ဝသုဓါ၊မြေသည်။ကမ္ပတိ၊ တုန်လှုပ်၏။

၁၄၆။ နှစ်ဆဲ့လေးလုံး။ စွဲသုံးအက္ခရာ။ သရဏာပဟာ။ဦးစွာရွတ်ဘိ။ သာဝိတ္တိဖြင့်။သိဒ္ဓိမင်္ဂလာ။ အောင်ပြီးစွာသား။ ရုံကာထေရ်ပေါင်း။ ရှင်ရှစ်သောင်းတွင်။ အကြောင်းသိမြင်။တောင်းပန်ချင်သည့်။ နားဝင်နည်းနာ။ သာရိပုတ္တရာ။ ။ပါရမီဉာဉ်။ဆယ်ချယှဉ်လျက်။တောင်စဉ်လွှန်ကျူး။နေကွန့်မြူးသို့။အဦးသုံးဆယ်။ထူးဆန်းကြယ်သား။ ကြီးငယ်ထို၍။ ဆယ်ချစိကို။ဂန္ထိနှစ်နေ၁။ကျယ်ဝန်းပြောသည်။ သဘောနက်နဲ။ သိမြင်ဆဲလျှင်။ ဖြစ်ခဲစွာထွန်း။တရာမွန်၏။ အလွန်ခဲလှော်။ ပွင့်ဆုကျော်သည်။နုဘော်ဖြင့်အား။တောင်တာခြားသည်။ရှစ်ပါးအပေါင်း။တိုက်တသောင်းတွင်။ညောင်းညောင်းကြွေးရှင်။မြေငလျင်ကား။လောင်လင်ရုတ်ရက်။ဧးယင်စက်နှင့်။ ။ပုခက် နှင်းပန်းနှိုး၏တည်း။

စလိတာရဝတိပထဝိ၊ ဥစ္ဆုယန္တံဝပိဠိတံ။တေလယန္တေယထာစက္ကံ၊ ဧဝံကမ္ပတိမေဒနီ။

စလိတာ၊ တုန်လှုပ်သည်ဖြစ်၍။ ပထဝီ၊ မြေကြီးသည်။ ရဝတိ၊ ကြည်း၏။ ပိဋ္ဌိတံ၊ ညှစ်အပ်သော။ ဥစ္ဆုယန္တံဝ၊ ကြံညှစ်ယန္တရားကဲ့သို့ရင်း။ တေလယန္တေ၊ ဆီပွတ်ယန္တရားပျဉ်၌။ စက္ကံယထာ၊ လှည်းဘီးစက်ကဲ့သို့ရင်း။ ဝေဝံတထာ၊ ထိုအတူလျှင်။ မေဒနီ၊ မြေကြီးသည်။ ကမ္ပတိ၊ တုန်လှုပ်၏။

ယာဝတာပရိသာအာသိ၊ ဗုဒ္ဓဿပရိဝေသနေ။ ပဝေဓမာနာ သာတတ္ထ၊ မုစ္ဆိတာသေတိဘူမိယံ။

ဗုဒ္ဓဿ၊ ဒိပင်္ကရာမြတ်စွာဘုရား၏။ ပရိဝေသနေ၊ အပါး၌။ ယာဝတာ၊ အကြင်မျှလောက်။ ယာပရိသာ၊ အကြင်ပရိသတ်သည်။ အာသိ၊ ဖြစ်၏။ သာပရိသာ၊ ထိုပရိသတ်သည်။ တတ္ထ၊ ထိုမြတ်စွာဘုရားအပါး၌။ ပဝေဓမာနသာ၊ ထိတ်လန့်သောနှလုံးရှိသည်ဖြစ်၍။ မုစ္ဆိတာ၊ မိန်းမောလျက်။ ဘူမိယံ၊ မြေ၌။ သေတိ၊ လည်း၏။

ဃဋာနေကသဟဿာနိ၊ ကုမ္ဘီယောစသတာဗဟူ။ သဉ္စုဏ္ဏပတိတာတတ္ထ၊ အညမညံသံဃဋ္ဋိတာ။

အနေကသဟဿာနိ၊ အထောင်မကကုန်သော။ ဗဟူ၊ များစွာကုန်သော။ ဃဋာစ၊ အိုးတို့သည်လည်းကောင်း။ သတာ၊ အရာမကကုန်သော။ ဗဟူ၊ များစွာကုန်သော။ ကုမ္ဘီယောစ၊ အိုးတို့သည်လည်းကောင်း။ တတ္ထ၊ ထိုအခါ၌။ အညမညံ၊ အချင်းချင်း။ သံဃဋ္ဋိတာ၊ ထိကုန်၏။ သဉ္စုဏ္ဏပတိတာ၊ အနုပ်နုပ်ကွဲကုန်၏။

ဥဗ္ဗိဂ္ဂါတသိတာဘီတာ၊ ဘန္တာဗျာဓိတမာနသာ။ မဟာဇနာသမာဂမ္မ၊ ဒိပင်္ကရမုပါဂမုံ။

ဥဗ္ဗိဂ္ဂါ၊ လန့်ကုန်သော။ တသိတာ၊ ထိတ်လန့်ကုန်သော။ ဘီတာ၊ ကြောက်ကုန်သော။ ဘန္တာ၊ တုန်လှုပ်ကုန်သော။ ဗျာဓိတမာနသာ၊ အထူးသဖြင့်နှိပ်စက်သောနှလုံးရှိကုန်သော။ မဟာဇနာ၊ လူအပေါင်းတို့သည်။ သမာဂမ္မ၊ ကောင်းစွာလာကုန်၍။ ဒိပင်္ကရံ၊ ဒိပင်္ကရာဘုရားသို့။ ဥပါဂမုံ၊ ကပ်ကုန်၏။

ကိံ ဘဝိဿ တိလော ကဿ၊ ကလျာဏံ အထ ပါပကံ။ သဗ္ဗော ဥပဒ္ဒဝေါ လောကေ၊ တံဝိနောဒေဟိ စက္ခုမ။

လောကဿ၊ လူအား။ ကလျာဏံ၊ ကောင်းခြင်းသည်လည်းကောင်း။အထ၊ ထိုမှတပါး။ ပါပကံ၊ မကောင်းခြင်းသည်လည်းကောင်း။ ကိံ ဘဝိဿတိ၊ အဘယ်သို့ ဖြစ်လတံ့နည်း။ လောကေ၊ လူ၌။သဗ္ဗော၊ ခပ်သိမ်းသော။ဥပဒ္ဒဝေါ၊ နှိပ်စက်ခြင်းသည်။ ကိံ ဘဝိဿတိ၊ အဘယ်သို့ဖြစ်လတံ့နည်း။ တံ၊ ထိုသို့သဘောရှိသောဥပဒ္ဒဝေါကို။ စက္ခုမာ၊ မြတ်စွာဘုရား။ ဝိနောဒေဟိ၊ ဖျောက်တော်မူလော့။

တေသံ တဒါသညာပေသိ၊ ဒီပင်္ကရောမဟာမုနိ။ ဝိသတ္ထာဟောထမာ ဘာထ၊ ဣမသ္မိံ ပထဝိကမ္ပနေ။

ဒီပင်္ကရော၊ ဒီပင်္ကရာအမည်တော်ရှိသော။မဟာမုနိ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုပရိသတ် တို့အား။ တဒါ၊ ထိုအခါ၌။ သညာပေသိ၊ သိစေ၏။ ဣမသ္မိံ ပထဝိကမ္ပနေ၊ ဤမြေတုန်လှုပ်ခြင်း၌။ဝိသတ္ထာ၊ မတပ်ငြိကုန်သည်။ဟောထ၊ ဖြစ်ကုန်လော့။မာ ဘာထ၊ မကြောက်ကုန်လင့်။

ယမဇ္ဇဗျာကာသိ၊ ဗုဒ္ဓေါလောကေ ဘဝိဿတိ။ဧသော သမ္မသတိဓမ္မံ၊ ပုဗ္ဗကံဇိနသေဝိတံ။

ယံ၊ အကြင်သုမေဓာရသေ့ကို။အဟံ၊ ငါသည်။ အဇ္ဇ၊ ယခု။တွံ၊ သင်သည်ကား။လောကေ၊ လူ၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ဘဝိဿတိ၊ ဖြစ်လတံ့။ဣတိ၊ ဤသို့။ ဗျာကာသိ၊ ကြားတော်မူ၏။ဧသော၊ ဤသုမေဓာရသေ့သည်။ပုဗ္ဗကံ၊ ရှေး၌ဖြစ်သော။ ဇိနသေဝိတံ၊ မြတ်စွာဘုရားတို့သည်မှီဝဲအပ်ထသော။ဓမ္မံ၊ ပါရမီဆယ်ပါးတရားကို။သမ္မသတိ၊ သုံးသပ်၏။

တဿ သမ္မသတောဓမ္မံ၊ ဗုဒ္ဓဘူမိံအသေသတော။ တေနာယံကမ္ပိတာပထဝိ၊ ဒသသဟဿီဒေဝတာ။

ဗုဒ္ဓဿဝစနံသုတွာ၊ မနောနိဗ္ဗာယိတာဝဒေ။ သဗ္ဗေမံ ဥပသင်္ကမိ၊ ပုနပိအဘိဝန္ဒိသုံ။

တေန၊ ထိုသို့သုံးသပ် သောကြောင့်။ အသေ သတော၊ အကြွင်းမဲ့။ ဗုဒ္ဓဘူမိ၊ ဘုရားဖြစ်အံ့သော အကြောင်းရှိသော။ဓမ္မံ၊

တရားကို။သမ္မာသတော၊ သုံးသပ်သော။ ကဿာ၊ ထိုရသေ့၏
အာနုဘော်ဖြင့်။အယံပဘဝိ၊ ဤမြေကြီးသဉ်။ ကမ္ပိတာ၊ တုန်လှုပ်
၏။ဒသသဟဿိ၊ တသောင်းသောစကြာဝဠာ၌နေကုန်သော့။ဒေ
ဝတာ၊ နတ်တို့သည်။ဗုဒ္ဓဿ။ ဒီပက်ရာ မြတ်စွာဘုရား၏။ဝစနံ၊
စကားတော်ကို။သုတွာ၊ ကြား၍။တါဝဒေ၊ ထိုအခါ၌။မနော၊ နှလုံး
သည်။နိဗ္ဗာယိ၊ ငြိမ်း၏။သဗ္ဗေ၊ ခပ်သိမ်းကုန်သောနတ်တို့သည်။
မံ၊ ငါ့ကို။ဥပသက်မိ၊ ကပ်ကုန်၏။ပုနပိ၊ တဘန်လည်း။အဘိဝန္ဒိ
သုံ၊ ရှိခိုးကုန်၏။

၁၄၇။ ကြိညှစ်ရဟတ်။ဆိပ္ပတ်ယန္တရား။ ချည်သွတ်ခြား
နှင့်။ပျဉ်ပြားဝန်းရှက်။ အိုးထိန်း စက်သို့။ အောက်ထက်ကောင်း
ကင်။လဉ်တောင်တင်တဥ္။ဝန်းကျင်မျက်ချည်။သီးသီးလည်မှု။
ဤသည်မြေတာ။ ရှစ်မျက်နှာကား။အခုတ်အာကျိုက်ကျိုက်။ထိုအ
ခိုက်ဝယ်။ ချိရိုက်သောတူ။ လိုက် လိုက်ဆူ လျက်။ လိုကျူပွတ်
စည်း။ဆင်နှင့်လှည်းသို့။တော်လည်းချွံချွံ။ပဲ့တင်သံဖြင့်။အကြိရှိ
မှု။ကောင်းသည်ဆုကို။သာရကော်ရော်။ ဟစ်စည်ဆော်သို့။ပူ
ဇော်သီးသီး။ဤမြေကြီးလျှင်။ကောင်းချီးသင့်တင့်။ပေးကုန်လင့်
၍။မြည်ခွင့်ရစေ။ ဟစ်သံသာသည်။ ။ကျာကျာရိယ်းသို့ကြွေး
၏တည်း။

၁၄၈။ မြေကြီးမျက်နှာ။ ဆင်ကုန်းခါသို့။ ကြည်းနာ လှုပ်
ရှား။ တုန် ချောက်ချား၍။ မိုးဖျားတိမ်ထဲ။ လျှပ်ခြည်ဝဲသို့။ ရဲရဲ
တောက်လု။သက်တင်ရလျက်။ ကယုကယင်။ ထိုစဉ်တွင်၌။အ
ကြင်မျှလောက်။ ရှင်တော် မှောက်ဝယ် အလျောက်အပတ်ပရိ
သတ်တို့။ ရိုညွတ်လှူပေး။ဆွမ်းလုပ်ကျွေး၍။ စည်းဝေးတလွှား။
ထိုလူများလည်း။ တိမ်းပါးငံ့ဆည်။ မရပ်တည်၍။ မျက်ချည်သိ
သိ။ ကိုင်တွယ်မှီလည်း။ မဤချေချွတ်။ပယတ်ခတ်သို့။မတ်မတ်
မထင်။မြေနှင့်ရင်တိ၊ ထက်ကြပ်ထိသည်။ ။မချိည်းတွား
တိုး၏တည်း။

၁၄၉။ အထွေအထွေ။သောက်ရေသုံးစွဲ။ လောင်းအိုးဆဲ့

နှင့်။အခင်တွဲအိုးလုံး။ အိုးဖုံးစလောင်း။ ကွဲကောင်းသရွေ့။နွားသို့
ဝှေ့လျက်။ရန်တွေ့မာန်လု။ ချို၍ထုသို့။ ခြမ်းစုနှင့်နှင့်။သံဖြစ်ကျင်
လည့်း။ လျောင်အားဖြင့်။အဒုံပွင့်၏။ အမြင့်အနိမ့်။ တောတောင်
သိမ့်မျှ။ဘိမ့်ဘိမ့်ရိုက်ကျူး။မင်းလွင်မြူးလျက်။ဇလူးအံ့အာ။ပြာဒို
ဟာကို။ဗျာပါထိုးထိတ်။လန့်သည့်စိတ်ဖြင့်။နိမိတ်မသိ။ရိုးလုံးပိ
သို့။မချိနိုင်ဘွယ်။အန္တရာယ်တဥ့်။ အကာယ်၍သို့။ကျွန်ုပ်တို့လျှင်။
ကြောက်ဘို့ရှင်စော။ဖြစ်ခဲ့သောဟု။မိန်းမောမ ရှင်။လူပုံယင်က။
ဒိပက်ရာ။ မြတ်စွာဘုရား။ ခြေတော် ပါး၌။ ဝပ်တွား သံထင်။
လျှောက်ဦး တင်လျက်။ သေရှင်ဒုဟ၊ သုံးလူ့ ဘကို။ ။မှိုကြ
တောင်သို့ကိုး၏တည်။

၁၅၀။ နံနက်အခါ။တနေ့သာ၌။ဤမှာလာဆဲ။ခရီးပွဲဝယ်။
အခင်ရှဲပန်ထွာ။ ဘုရားလျှာဟု။မိန့်မှာကြားပေ။ ညွန်နှစ်ရေတွင်။
လျှော်တေနှိုးခင်း၊ ဝပ်စင်းစင်းသား။ထိုယင်းသူတော်။ ရသေ့
ကျော်လျှင်။သိမြော်ထူးခြား။ပညာအားဖြင့်။ဘုရားတကာ။ဖြည့်
ကျန်ရာဟု။ အတာ ဆယ်ဆင့်။ ဈေးအကျင့်ကို။ ချီးပင့် လျှော်
အောင်။ဆောက်တည်ဆောင်၍။ဂုဏ်ခေါင်ကျေးဇူး။ ဆယ်ရပ်
မြူး၏။ဟူးဟူးသံဟည်း။ပဲ့တင်ကြည်းလျက်။တော်လည်း၍မြေ။
ကမ္ဘာဝေ၏။မထေထောင်းတါ။သင်တို့မှာဟု။မြတ်စွါရွေကိုယ်။
ဧးမြည်ဆိုလျက်။သံချိုတ ခွန်း။ပြာသိမ်းမြန်းသည်။ ။ကျောက်
ဝန်းထိုးသို့ရိုး၏တည်း။

၁၅၁။ နှုတ်တော် သာကျူး။ ချီးမွမ်းဖြူး၍။ကြည်နူးထစ်
ဆွတ်။ပါဠိပါဌ်ဖြင့်။ မိန့်ရွတ်သံလေး။ကြူကြူမွှေးက။ တိမ်မှေး
လှစ်ကျော်။ လသို့ပေါ်သား။ဥဘော်ငွါးငွါး။ တုံ့ဝပ်တွားလျက်။
လန့်ကြားဗိုလ်ပါ။ သက်သာ ရာတည့်။ မေတ္တာ ငြိမ်းချမ်း။ စွတ်
သည့်ဝမ်းဖြင့်။ ရမ်းရမ်းအားရ။ ချစ်ယူတလျက်။ထိုမှုပြောထူ။
ခပ်သိမ်းလူကား။ဦဦသဲသဲ။မပူရဲဟု။ငါ့ပွဲတဘန်။ လာကျန်ပြန်၍။
ဘမွန်ထိုခါ။သုမေဓာကို။ တဒါဝန္တိ။ ကြာသို့ရှိသည်။ ။ဦးထိ
လက်မုံမြိုး၏တည်း။

သမာဒိ ယိတ္ဝာ ဖုဋ္ဌဂုဏံ၊ ဒဠှကတွာ နမာနသံ။ ဒိပက်ရံန မသယိတွာ၊ အာသနာဝုဋ္ဌဟိံ တဒါ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ဗုဒ္ဓဂုဏ်၊ ဘုရားကျေးဇူးကို။ သမာဒိယိတွာ၊ ဆောက်တည်၍။ မာနသံ၊ စိတ်ကို။ ဒဠှ၊ မြဲစွာ။ ကတွာန၊ ပြုဦး၍။ ဒိပက်ရံ၊ ဒိပင်္ကရာမြတ်စွာဘုရားကို။ နမသယိတွာ၊ ရှိခိုးဦး၍။ တဒါ၊ ထိုအခါ၌။ အာသနာ၊ နေရာမှ။ ဝုဋ္ဌဟိံ၊ ထ၏။

၁၅၂။ မင်္ဂလာကြီး။ ဗောဓိထီးဖြင့်။ အပြီးဆောင်သား။ မြေခေါင်ကျယ်ဝန်း။ ဤသည့်ကျွန်း၌။ ဦးစွန်းအဖျား။ ငါ့တရားကို။ နှုတ်နားခံယူ။ တန်းခွန်ထူ၍။ နတ်လူပြိုပ္ပါ၊ သဃ်ာရှစ်ကွဲ။ တန်းခွန်စွဲထက်။ နက်နဲ့လျှင်ထန်။ လွန်သားကျေးဇူး။ ငါ့သားဦး။ ။ဝမ်းနူးကြည်ယုံ။ နာဦးတုံလေ့။ ကြွယ်ပုံကရုဏာ။ ဘုရားလျှာဟု။ မေဓာ ဝိကျော်။ ငါသူတော်ကား။ ထိုရော်ဆယ်တန်။ မချွတ်မှန်သား။ ရင့်သန်ရှုးရှုး။ ဥာဏ်ပွင့်ဖူးကို။ ဆွတ်ခူးစရာ။ တံချူလျှာဟု။ ဆယ်ခါစေ့အောင်။ ဆောက်တည်ဆောင်လျက်။ သံလျောင်ရစ်ပတ်။ ကျော်တောင်ထွတ်သို့။ မချွတ်စေလို။ ငါသည်ကိုယ်ဟု။ ထောက်တိုခံပြီး။ ဆရာသီးဖြင့်။ ဘုန်းကြီးရှင်တော်။ ရှိရာမြော်၍။ ထိုရော်ညွှန်မှ။ ရှိခိုးထသည်။ ချီစမင်းလျှာ။ ယတရာသို့။ ။ပျူငှါထူးဆန်းကြွယ်၏တည်း။

၁၅၃။ စကြဝဠာ။ ရှစ်မျက်နှာမှ။ ရောက်လာနောက်များ။ သောင်းရပ် သားနှင့်။ တလွှားပွဲဘောင်။ လူကျန်အောင်ကား။ လက်ဆောင်အလျှာ။ ကိုယ်ကြပ်ပါလျက်။ နတ်မှာနတ်လျောက်။ ကောင်းကင်ချောက်မျှ။ မိုးအောက်ရပ်သူ။ လူလည်းလူဟန်။ အမွန်မွန်တိ။ ပန်းမာလ်အဦး။ အထူးထူးဖြင့်။ ပွဲမှူးငါ့ကို။ ထစဉ်ထို၌။ ကြည်ညိုအုံအုံ။ ပူဇော်ကုန်လျက်။ လက်မိုးလှူဆက်။ တောင်းပန်နက်သည်။ လယ်ချက်ဗဟို။ ဆုသကြိုဟ်ဖြင့်။ မငြိုမငြင်။ ပိတ်ပင်တိမ်းပါး။ နာဖျားမှုးလည်း။ မကြည်ဖြစ်ဘွယ်။ အန္တရာယ်လည်း။ ချီချယ်မတွေ့။ မေ့ကြီးမေ့လျက်။ လွေ့လွေ့လိုတိုင်း။ ကျေးဇူးလှိုင်းကို။ ရှင်ကျိုင်းလွယ်မော။ ရစေသောဟု။ သာချောညွှင်း

ညှင်း။ အောင်မှုသွင်း၍။ အရင်းသံညောင်း။ ကြားနှစ်ထောင်းသည်။ ။နတ်ကောင်းအလှယ်လှယ်ဖျော်တည်း။

၁၅၄။ အကြင်အကြင်။ တောသစ်ပင်တို့။ ပွင့်ဝင်ဖြိုးခိုင်။ သီးခါတိုင်က။လှိုင်သားအငုံ။ အထုံချိန်တန်။ ပွင့်မြဲမှန်သို့။ရှင်မွန်ကျိုင်းထွား။ရသေ့များလည်း။ ဘုရားအကျင့်။ ဖြိုးချိန်သင့်ဝယ်။ ပွင့်စေသတည်း။ ထိုလည်းရှေးဖျား။ ကျင့်ဆယ်ပါးကို။ ဘုရားတကာ။အရာဆယ်ခ။ဖြဋ္ဌကျန်ကြွသို့။လုံ့လကျယ်တွင်။မောင်လုလင်သဥ္စ။ပုပင်တနေ့။ကျင့်ဆယ်ထွေကို။ ဖြည့်စေသတည်း။ ထိုလည်းရှေးဦး။ နတ်လူမှူးတို့။နဖူးခေါင်ဖွေ့။ ဗောဓိမြေ၌။နေကာမလွဲ။သိမြင်မြဲသို့။ဖအဲမြတ်လောင်း။သူတော်ကောင်းလဥ္စ။ ကျဥ်း မြောင်းမရှိ။ မြေ ဗောဓိ၌။ သိစေ သတည်း။ ထိုလည်းရှေးခါ။စောမြတ်စွာတို့။စကြာတရား။ဟော်နှုန်းထားသို့။နှိုင်းရှားရည်တူ။ရှင်မြတ်မူလည်း။ နတ်လူတို့အား။ စက်တရားကိုကြားစေသတည်း။ဤသို့ချည်းလျှင်။စနည်းသံဇေး။ဘိသိက်ပေး။လျက်။စည်းဝေးပရိသတ်။အနတ်နတ်တို့။ ။ဧ ထွတ်အောင်ဆုရွယ်ဖျော်တည်း။

၁၅၅။ တနှစ်တနှစ်။စစ်သော်ဝကျယ်။ကောင်းကင်လယ်၌။ တဆယ်နှစ်ခါ။မျက်နှာပြည့်ဝ။ ဤသည်လလျှင်။ အတာတိမ်ခဲ။မြေမှတ်စွဲ၍။ဒွဲဒွဲညီးဝါ။ တင့်တယ်စွာသို့။ အခါမည်မှည့်။ရှင်လိုဖြည့်လျက်။ စည့်စည့်ထွန်းပ။ ဘုရားလဟာ။ ပွဲမရပ်ကျယ်။သောင်း တိုက် လယ်၌။ တင့်တယ် ရောင် ဝင်း။ လင်း စေသတည်း။ ထိုလည်းရှေးဦး။ ရာဟုပူး၍။ညစ်ညူးမိုးစွန်။ နေဗိမာန်သည်။နတ်မွန်သုရိန်။လွှတ်ချိန်လည်းရောက်။ လျှံဝါတောက်သို့။ထွက်မြောက် ဝန်မှ။ သုံးလူ့ဘဟု။ စံပခွန်းခြေ။ ကြက်သရေဖြင့်။ထွန်းစေသတည်း။ဤလည်းတထွေ။ ရေဟူသမျှ။ ချောင်းမြစ်မတို့။ကျယ်ဝလဟာ။ပင်လယ်ချာသို့။ဝင်လာသည်ချည်း။ထိုပြည့်နည်းသို့။ပေါင်းစည်းလူနတ်။ပရိသတ်ကား။ လာမှတ်ပွဲခံ။ရှင့်အထံ၌။ရုံစေသတည်း။ ဤသို့နည်းဖြင့်။ ညွှံ့ဖြည်းဆန်းထုတ်။

နှုတ်မင်္ဂလာ။ကောင်းရာရာတိ။တင်လှာညွှတ်ရှိ။သိဒ္ဓိဆိုသည်။ ။သံချိုကြွေးတွင်းကျယ်၏တည်း။

၁၅၆။ ဤသို့သောင်းသူ။ နတ်နှင့်လူတို့။ဆုယူချီးမွမ်း။ချစ်အားရမ်းလျက်။ကိုယ်အမ်းချချ။တောင်း၍ရသား။ ဆယ်ဆပြုဗုဒ္ဓ။ဘုရားဆုကို။ ပြုတ်တုမလွတ်။ ဖြည့်ရာဝတ်ဖြင့်။ မချွတ်စေအောင်။ဆောက်တည်ဆောင်၍။တောတောင်မြေမိုး။ တုန်လှုပ်ကြိုးလျက်။ဆော်နှိုးခြင်းရာ။ကျူလင့်ပါသို့။ဖြပ္ပာနတ်လူ။ယူသည့်ကောင်းဟိတ်။အောင်နိမိတ်ကို။ ကိတ်ကိတ်ဝမ်းထဲ။ မှတ်ပြီးရဲသော်။နေလွဲရက်ကြာ။အခါမယွန်း။ဝတ်ဆယ်ခန်းအါး။ဆိုဆန်းမဆို။ကျင့်လျှင်းလို၍။နဂိုရ်မှိုမြဲ။တောထဲဟေမန်။ဟိမဝန်သို့။ပြန်ခဲ့ထိုရော်။ဈာန်ယာဉ်ကျော်ဖြင့်။သူတော်ရှင်ကျိုး။တိမ်နှယ်ခိုင်းလျက်။ထွန်ကိုင်းသက်တင်။မိုးခံဆင်သို့။ ။ကောင်းကင်ရှုသပ္ပါယ်၏တည်း။

၁၅၇။ ဒိပင်္ကရာ။ စောမြတ်စွာ၏။စကြာတော်ရင်း။ တံတားခင်းမှ။ သုံးကွင်းမှန်ကူ။ အောင်သူတကာ။ မနှုန်းရာသား။ မဟာမရနိန်။မာရဖိန်လျှင်။နိုင်းချိန်ဉာဏ်တော်။တွက်လတ်သော်ဘည့်။လေးဘော်သင်္ချေ။ လွန်ပြီးလေ၍။စွန်းနေများစွာ။ သိန်းကမ္ဘာထက်။ကိုးဖြာဂုဏ်ထူး။ခြောက်ရောင်မြူးသည့်။သုံးဦးရှင်ချစ်။ပွင့်ပြီးလစ်မှ။ ဖြည့်သစ်သမ္ဘာ။ သုမေဓာကား။ သစ္စာလေးပါး။ သိလိမ္မာကားဟု။ ဘုရားရွှေခွန်း။ ဗျာဒိတ် ပန်းကို။ ရွှင်လန်းကြည်ပြူ။ ပန်ဆင်ယူပြီး။ ဆောက်ဦ သမ္ဘာ။ စုံစမ်းရှာသော်။ ဆယ်ဖြာအညီ။ ပါရမီကို။သိညီထင်ထင်။ပြဲ့ပြဲ့မြင်၍။ ကျင့်ချင်နှစ်သက်။ ဆောင်ရွက်မှသာ။ အချက်မှန်စွာ။လက်ာဘွဲ့စီ။ပါရမီခန်း။မြတ်နိဒါန်းသည်။ ။ထူးဆန်းဤရွှေပြီးစုံစေ့၏။

ဤတွင်ရွှေနတ်လူတို့ကောင်းချီးပေးခန်းပြီး၏။

နိဂုံး။

ဥကင်ဘိသိက်။အောင်နိမိတ်ဖြင့်။ဗျာဒိတ်ဆုကြီး။ရမြောက်ပြီးသော်။ ပွါးစီးအလျှာ။သုမေဓာသည့်။ ဦးစွာမဆွ။ထိုနေ့စ၍။ ဆယ်ဆဖြည့်ဝတ်။ မပြတ် ဆောက်တည်။ ဝဋ်စက်ချည် ဖြင့်။ ကျင်လည် သောအား။ မြစ်ဖျားဝကျယ်။ ပင်လယ်ယဉ်တွေ့။ ဂဏန်းခြေဖြင့်။ရေလည်းမခိုင်း။အဖြစ်တိုင်းလျှင်။ ထုံးပိုင်းမချန်။ အကျန်မရှိ။ မှုထမ်းချီလျက်။တိတိစည်းစိမ်။စံဆုံးငြိမ်မှ။ မတိမ်ပေးပေး။ဆုတောင်းရှေးသော်။ကံကြွေးမှို့ပိုင်။အပြီးတိုင်သို့။ ဦးကိုင်နိဗ္ဗာန်။သုံးတန်ပွင့်ဆု။သဗ္ဗညုနှင့်။လွယ်မှုဖြစ်စေ။အရွှေတပည့်။ဆုတောင်းပြည့်သား။မှုရှည့်ကျန်စွာ။လူတကာအား။ဤစါတံချူ။ကျင့်နည်းယူက။လွယ်ကူလွတ်လွတ်။စဉ်းစိမ်ထွတ်ကို။ ချင်မွတ်နည်းခံ။ တောင့်တသန်သည်။ ။ကောင်းကြိုပြီးပစေသတည်း။

နတ်လူဆောက်နှင်း။အောင်နှုန်းတွင်းသား။ထိုယင်း၎မဟာ။သုမေဓာကား။ အခါရှေးက။ကိုယ်မငျှော်။ ကျင့်စဝတ်တည်။ မှုကြီးသည်ဟု။ သုံးပြည် နတ်လူ။ ဆုယူဦး တိုက်။ ပူဇော်ထိုက်လျက်။အမြိုက်ဆောက်ဦ။အလှူစွန့်ကြဲ။သုံးမြဲစင်းလျှင်း။ သိတင်းတောထွက်။ ကြိုထက်ပညာ။ သေချာ ပင်မ။ လုံ့လအညီ။ ခန္တီသည်းညှံ့။ခံသည်မချာ။သစ္စာနှုတ်မွန်။ဓိဋ္ဌာန်ခိုင်ခံ့။သွန်းနှုံ့မေတ္တာ။ဥပေက္ခာဟု။ဆယ်တာမြောက်အောင်။ မြားမြောင်ခန်းကြီး။ အကြောင်းပြီး၍။ပွါးစီးတွင်ကျယ်။ဘုန်းကြွယ်စင်စင်။မာရ်အောင်မြင်သို့။ကျော်တွင်ဤခါ။ကျင့်စရာကို။ပညာရှိများ။နာသူနားဖြင့်။ မှတ်သားသုံးစွဲ။ကျင့်နှိုက်နှဲက။ချွတ်လွဲမဲ့ထွန်း။ဤစာမွန်ကြောင့်။ သုံးတန်ချမ်းသာ။ နောင်ခါလည်းမြင်။ ယခုတွင်၌။ တင်တင်လူ့ထံ။ဝဋ္ဋကံဖြင့်။ကျိုးနွံတင်းတိမ်။မာရ်အောင်ငြိမ်လျက်။ ။စည်းစိမ်ကြီးပစေသတည်း။

## နိဂုံး။

အသင့်အသင့်။လူရှင်ကျင့်ကို။လင်းပွင့်စေအောင်။စောဘုန်းခေါင်၏။ မြားမြောင် ဆန်းကြယ်။ ငါးနိ ကာယ်ဟု။ ဝန်း ကျယ်ဟောဘော်၊ ရင်နှီးတော်ကို။ဆိပေါ်ထောပတ်။ ဥာဏ်ဖြင့်ဖွပ်လျက်။ဆိုမှတ်ဘာသာ၊ လူပျို့၌ဟု။ သကာ ချေမြက်။ အမျှော်ဖက်၍။နုံ့သက်မွေးမွေး။ချိုဆိမ့်လေးသား။တည်ကျွေးစား၌။ဤသည့်စာကို။သဒ္ဒါမြိုက်ဟူ။စါးသည်လူကါး။ရိုးသူတခွင်။ဗိမာန်ရှင်သို့။ ပူပင်မတွေ့။ ရာမရွှေ့တည့်။ လွေ့လွေ့စည်းစိမ်။ ချမ်းသာငြိမ့်လျက်။ မတိမ်တရား။ဤစာအားဖြင့်။ပွါးတုံအသက်။အသစ်ဆက်သို့။ရေတွက်ဆုံးခပ်။အာယုကပ်သည်။ ။ရာခပ်ဖြိုးစေကုန်သတည်း။

ခြသေ့်ဆိလျက်။နယ်ဆိချက်သို့။ ဘဝဂ်ထက်လျှမ်း။ ကျော်ချီးမွမ်းသား။ ဖုံးလွှမ်းကမ္ဘတ်။ ပိဋကတ်ဟု။ ဘုန်းမြတ်ကြီးစွာ။ မိန့်သည့်စာမှ။နည်းနာစေ့ရေ။ ကျမ်းတိုင်းဘွေ၍။ ဘော်ပေစုံဘက်။ဤဆိကျက်ကို။ ရွှေခွက်ဖလား။ ပညာနားဖြင့်။သိုထားရမြောက်။ကြင်ရွှေလောက်လျှင်။မစောက်ခက်နိုင်။အကိုင်သည်းစွာ။မိန္တာပိတက်။ ကိုယ်ကိုဖျက်သား။ အမျက်ပဋိဃာတ်။ဥပဒ္ဒဝေါ။ ထဲနာပြော၍။စိတ်ဇောမသန့်။လိုလွှန့်မအား။ဖြစ်လတ်ငြားမှု။တရားဤဆေး။နယ်ဆိပေးက။ညစ်ကြေးဖြစ်ဘွယ်။အန္တရာယ်ကို။မချယ်စေရ။ စောင့်ရှောက်မလျက်၊ ဝေဌအလှူ။ခံသမူဖြင့်။ ဤသူတို့အား။နတ်သိကြားလျှင်၊ ဟန့်တားပါလင့်။ဘေးရန်လွင့်၍။ ။ချီးပင့်ကြိုးစေကုန်သတည်း။

လူတို့စီးပွါး။ကျင့်တတ်အားသား။ သိကြားမာတလိ။ မဏိမေခလာ။ဗြဟ္မာသုယံ။ဝိသုကံနှင့်။အရံလည်းဖြစ်။မဟာရာဇ်က။ စသည့်တရိုး။ ဒိဗ်မိုးကိုယ်စောင့်။မှောင့်ရောင့်ပါတတ်။ ပုတ်ခတ်သံဘက်။မှင်တက်မကြွင်း။ပြည်တွင်းပြည်ပ။ဂါမနိဂုံး။တောစုံးသစ်ပင်။မြေပြင်တောစဉ်။ဘုံယာဉ်စံတတ်။ နတ်ဟူသမျှ။လှူဘို့၌လျက်။စောင့်မချီးပင့်၊ ကြိုးသဖြင့်လျှင်။ အသင့်ကြံမိ။မမှားငြိတည့်။မထိဘေးဘျမ်း။ သာချမ်းငြိမ်းလျက်။ လက်ထက်လူ့

ရွှာ။သုမေဓါကား။ဤစာကြည့်ညို့။ငါပင်ကိုယ်ဟု။ ဆိုလိုမအား။
သူ့တော်များကား။ယောကျ်ားအဟုတ်။ကြိသည့်နှုတ်ဖြင့်။သမ္ဗုဒ္ဓ
ဆု။.သဗ္ဗညုကို။ယချကြိုက်စွာ။သာသနာဒ္ဓ။အခါပတ်ကုံး။ စည်း
စိမ်ကျုံးလျက်။    ။နှလုံးနူးစေကုန်သတည်း။

ဘုရားမြတ်မွန်။နိဗ္ဗာန်ပြည်ခေါင်။လွန်ပြီးနောင်မှ။နှစ်ထောင်
သုံးဆယ်။ ငါးနှစ်ဝယ်၌။ဘုန်းကြွယ်မိန့်ရှုတ်။ ဗိဋကတ်တွင်။အ
ကြင်မျှလောက်။ မှဲ့ထုတ်ချောက်လျှင်။ကြွားရောက်ပေတန်။ထုံး
ပုံမွန်အား။ အလွန်ဆန်းကြွယ်။ထိုနည်းကျယ်ကို။ကျင့်နွယ်လိုက်
လျော်။ သင့်အောင်မြော်၍။ အပေါ်အငုပ်။နိဂုံးချုပ်လျက်။ သရုပ်
သကန်။ ကာရန်မွန်တိ။ ချိတန်အလိုက်။ အာဘောဝ်ပိုက်နှင့်။ အ
ကြိုက်သင့်စေ။နှုသနွှေလည်း။မကွေမကွင်း။စုံအောင်ခင်းလျက်။
သင့်ရှင်းပြီးတွန်း။ အကျမ်းကျမ်းမှ။ နည်းနာချ၍။သိရပါအောင်။
အပြီးဆောင်သား။စာစောင်နိဒါန်း။ဤမော်ကွန်းကို။ကျင့်ခန်းကုံ
လုံ၊ နှစ်များပုံဟု။ အယုံအကြည်။ ပညာသည်တို့။ အရှည်သိမ်း
ဆည်း။ ဆောင်စောင့်စည်းလျက်။    ။မိတည်းဖူးစေကုန်သ
တည်း။

သမန္တပါသာဒိက။မဟာသီလဝံသထေရ်စီရင်တော်
မူသောပါရမီတော်ခဏ်းပျိုကားပြီး၏။

ဒီပင်္ကရာ။မြတ်စွာသနင်း။တရားမင်း၏။စက်ရင်းတော်မှာ

ဝပ်တွားချ၍။ဘုရားဆုကိုတောင်းသော။ အလောင်းသုမေဓာ။စော

ဘုန်းလျှာသည်။ပစ္စုနာအာသီ။အရင်းချိပြီးလျှင်။စဉ်စီဆင့်

လောင်း၍။ဆုတောင်းတော်မူသည်များကို၊ပိုင်း

ခြားစိတ်ဖြာ၍။ရှင်မဟာသီလဝံ။ထေရ်

မွန်သူတော်။ပုဂ္ဂိုလ်ကျော်သည်၊

စီရင်ရေးသားတော်မူ

အပ်သော

# ဆုတောင်းခန်းပျို့။

သက္ကရာဇ် ၁၂၅၆ ခု ပြာသိုလ။

ရန်ကုန်မြို့။

ဟံသာဝတီစာပုံနှိပ်တိုက်။

# အချီးနိဒါန်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗောဓိညောင်ရွှေ။ ဗုဋ္ဌဟောအောံ။ ဆန်းကြွယ်ပေါက်သား။ရောင်တောက်ပလ္လင်။သရိက်ပြင်ထက်။အောင်မြင်ခါသင့်။သစ္စာပွင့်က။မြင့်အံ့သသူ။သုံးပါးလူဝယ်။မပြူလျှင်းပဲ။လွန်ကျူးကဲလျက်။အံ့အဲးစလောက်။မိုးဆုံးချောက်မျှ။ခြိုးမြှောက်ကျူးသံ။ဘုန်းခေါင်လျှံသား။ဓမ္မံသာဓိ။ရနိပုဂ်ဝ။သုံးလူ့ဘကား။မဆွစ္စါစွာ။ဝါဆိုကာ၌။ဗာရာဏသီ။ပြည့်ကိုမှီ၍။ ဝဂ္ဂီငါးယောက်။ရှင်တို့မှောက်ဝယ်။ကြွားချောက်ဘဝင်။ဓမ္မစက်ကို။သံမြွက်ဖွဲ့ချီး။ဟောပေပြီးမှ။ ခြေချွတ်ပြုမှ။ ဥရုဝေဠ။ ကဿပက။စသည်ညီနောင်။ရှင်တထောင်အား။တိမ်မှောင်မိစ္ဆာ။ဒိဋ္ဌိခွါ၍။အရာနောက်တော်။ပါအောင်ခေါ်ပြီး။ပြည်ကျော်နဂိုရ်။ရာဇဂြိုဟ်တွင်။ ရောံတုံကျင်မှ။ ဘူးမြင်လာရှောင်း။ တသိန်းပေါင်းနှင့်။ နှစ်သောင်းမကြွင်း။ပိမ္ဗိသာရမင်းကို။လင်းစေမျက်မှောက်။အမိုက်ပျောက်၍။ရောက်တုံထိုခါ။ဝါလနီးသော်။စောမီးရှင်မွန်။ဝေဠုဝန်၌။တတန်ပျော်မိန်း။ငြိမ်သက်ကိန်းသည်။ ။ရွှင်ပိန်းမဂ်ဖိုလ်ပိတိတည်း။

၂။ သင်္ချေလေးမြွာ။သိန်းကမ္ဘာ၌။ပမာသမှု။ အနုမြူယှိ။မရှိဝန်တို့မကုတ်သျှိုတည့်။ ထားသိုခဲ့ကျိုး။ကျေးဇူးပြိုး၍။ တန်းခိုးပြင်းဝှန်။ ဘုန်းရှိန်ထန်သား။သမန္တစက္ခု။ သဗ္ဗညုကား။ကာဠုဒါယီ။ပြဉ်ကပ္ပိသို့။အညီဘုရား။တပည့်သါးနှင့်။သွားစေချင်ဘွယ်။ရတုနွယ်၍။ ခြောက်ဆယ်မျှလောက်။ခြိုးမွမ်းမြှောက်သား။ ပြန်လျှော်ဂါထာ။ကြားသောခါလျှင်။ ရဟန္တာရှင်ကျော်။နှစ်သောင်းခေါ်၍။ ကျောင်းတော်ဗိမာန်။ ဝေဠုဝန်မှ။ ကပ္ပိလ မည့်ရှောင်း။ပြည်တော် ဟောင်းသို့။ ချမ်းဆောင်းလပြယ်။ တံပေါင်းဝယ်၌။ခြောက်ဆယ်ယူဇနာ။ဝေးစွာခရီး။ သွားလေပြီးသော်။မင်းကြီးသုဒ္ဓေါ်။ခမည်းတော်က။ စသည်မကြွင်း။ သာကီဝင်မင်းကို။နှိပ်

# အချီးနိဒါန်း။

နှင်းခြေချွတ်။မာန်အားညွှတ်၍။အကျွတ်လည်းဆောင်။ သူတော်ရောင်ဖြင့်။ပြောင်ပြောင်ဝင်းဝါ။နီဂြောဓာဝယ်။ တကာမျိုးဘော်။ချစ်ဆွေတော်အား။ဟောဘော်ကြားသည်။ ။တရားဆီမီးလညွှိတည်း။

၃။ ထိုခါသရော်။သုံးလူ့ဘော်ကါး။နီဂြောဓါရုံ။ရဂုံဥယဉ်။ပန်းတောလျှည့်၍။တောင်စည်ကျူးလွန်။ယုဂန်ထိပ်ချာ။မိုးရပ်မှါက။ ရောက်လာချက်ပြုတ်။သုခါဘုတ်ကို။ တလုပ်တယော်။ရွှေတော်မှောက်ဝယ်။လောက်စရုံတန်။ငှဝေဘန်သို့။ထို့ဟန်လည်းကောင်း။ဘုန်းငွေ့ခြောင်းသား။ ချွတ်လောင်းပွင့်နွတ်။ ဆွေတော်ရတ်အား။လောကုတ္တရာ။ ဈာန်ချမ်းသာဖြင့်။ မြိန်စွာသောက်ဝ။အမြိုက်ငှလျက်။ သကျသီဟော်။နေသရော်တည့်။ နောင်တော်အများ။ဖွေးဘုရားတို့။ စည်လျှားသုံးစွဲ။ဆွေမျိုးပွဲဝယ်။ဟောမြဲဘာသာ။ အနွယ်လာသား။ဂါထာနှင်နှင်။ ဗုဒ္ဓဝင်ကို။သခင်သာရိပုတ္တရာ။ တောင်းပန်ထွာမှ။ သာယာ ပြွတ်ပြွတ်။ မုခပါဌ်တိ။ရွတ်ပေသောခါ။သာရမဏ္ဍာ။ ကမ္ဘာမဍ္ဍိ။ မရနိုင်တူ။လေးဆူရှင်တော်။ ပွင့်လင်းကျော်၍။ထိုရှောင်မြတ်ပင်။ ချိန်သင့်မြင်သော်။ နိပက်ရော။မှာခဲ့ဘိသိက်။ဗျာဒိတ်လက်စ။ရဦးသောခါ။သုမေဓာ၏။ပညာမျက်စိ။မြင်မိလေထွန်း။ထူးခြားဟန်ကို။နေတန်လကျာ။ရှင်မြတ်စွာအား။အကြားလည်းရည်။သက်သေတည်၍။ သာကြည်ရွှင်ပြော။စိစည်ဟောသည်။ ။သဘောဤသို့ပါဌ်တည်း။

ဤသည်လျှင်။အချီးနိဒါန်း ၃ ပိုဒ်ပြီး၏။

## ဆုတောင်းခန်းပျို့။

### ၁။ အမရဝတီနဂရခန်း။

(က) ကပ္ပေစ သတ သဟဿေ။ စတုရောစအသင်္ချေယေ။အမရံနာမနဂရံ၊ဒဿနေယျံမနောရမ္မံ။ ၊ဒသဟိသဒ္ဒေဟိအဝိဝိတ္တံ။ အန္နပါန သမာယုတံ၊ ဟတ္ထိသဒ္ဒံ အဿသဒ္ဒံ။ ဘေရိသင်္ခရထာနိစ။ခါဒထအပိဝထစေဝ။အန္နပါနေနဃောသိတံ။

သာရိပုတ္တ။ ချစ်သား သာရိပုတ္တရာ။ ဣတော။ ဤဘဒ္ဒကမ္ဘာမှ။ဥဒ္ဒံ။အထက်၌။ သတသဟဿေ။ ကမ္ဘာတသိန်းအတိုင်း အရှည် ရှိကုန်သော။ ကပ္ပေစ။ ကမ္ဘာ တို့ကို လည်းကောင်း။ စတုရော။ လေးပါးကုန်သော။ အသင်္ချေယေစ။အသင်္ချေတို့ကိုလည်းကောင်း။အတိက္ကမိတွာ။လွန်၍။အမရံနာမ။အမရအမည်ရှိသော။နဂရံ။ ပြည်သည်။ အဟောသိ။ဖြစ်ပြီ။အမရံနာမ။အမရအမည်ရှိသော။နဂရံ။ ပြည်သည်။ဒဿနေယျံ။ရှုချင်ဘွယ်ရှိ၏။မနောရမ္မံ။နှလုံးမွေ့လျော်ဘွယ်ရှိ၏။အန္နပါနသမာယုတံ။ထမင်းအဖျော်နှင့်ပြည့်စုံ၏။ဟတ္ထိသဒ္ဒံ။ ဟတ္ထိ သဒ္ဒေနစ။ ဆင်သံဖြင့် လည်းကောင်း။ အဿ သဒ္ဒံ။ အဿသဒ္ဒေနစ။မြင်းသံဖြင့်လည်းကောင်း။ဘေရိသင်္ခရထာနိစ။ဘေရိ သင်္ခ ရထ သဒ္ဒေဟိစ။စည်ကြီးသံ ခရုသင်းသံ ရထားသံတို့ဖြင့် လည်းကောင်း။ ခါဒထစေဝ။ ခဲလည်းခဲလှည့်ကုန်။ပိဝထစေဝ။သောက်လည်းသောက်လှည့်ကုန်။ဣတိ။ဤသို့။အန္နပါနေန။ထမင်းအဖျော်ဖြင့်။ ဃောသိတံ။ကြွေး

ကြော်အပ်၏။ ဒသဟိ။ ဆယ်ပါးကုန်သော။ ဇာမေဟိသန္ဒေ
ဟိ။ ဤအသံတို့ဖြင့်။ အဝိဝိတ္တုံ။ မဆိတ်မတိတ်။

၄။ အရည်ဂါသိ။ တောရပ်မှိ၍။ တိစိဝရိတ်။ ကျင့်ဝတ်
ဝိတ်ဖြင့်။ ဆို့ပိတ်ကာံမြစ်။ ရမ္မက်ညစ်ကို။ ပယ်လှစ်စင်ပြူ။ ငါ့အယူ
၌။ တအူဖြောင့်စင်း။ နှလုံးသွင်းသား။ ရှင်ချင်းတကာ။ အရိယာ
တွင်။ အညာလည်းတင်။ ကျေးဇူးထင်သည့်။ ကျယ်တွင်ပညာ။
သာရိပုတ္တရာ။ ။ကမ္ဘာကျူးကျော်။ ရှေးသရော်ကို။ ထွန်းပေါ်
ဤမှ။ ဂဏန်းချသော်။ ရေဆတွက်ကိန်း။ ကပ်တသိန်းလျှင်။ အ
ဖြိန်းလွန်လေ။ လေးသင်္ချေထက်။ ရွှေမြေနတ်ပြည်။ ထပ်တူစည်
၍။ ပတ်လည်ကျော်ပင်။ သိဝန်းတွင်သည်။ ။ပြည်ထင်အမြ
ဝတီတည်း။

၅။ အမြဝတီ။ ခေါ်ညီတွင်မည်။ ပွင့်လင်းစည်သား။ ထို
ပြည်သိရိ။ ရဌဘုန်းရှိကား။ မဏ္ဍ်မတိုက်။ ကျွန်းထိပ်နိုက်လျှင်။ သာ
မြိုက်ကျော်သဲ။ နှံ့မျှကြဲသို့။ လင်းကဲတဖြာ။ ရှစ်မျက်နှာမှ။ ကျေး
ရွာခရိုင်။ စပ်ကာပြိုင်၍။ မထွိုင်ထိပ်ရိ။ ပြည်ဗဟိုဟု။ မပြိုမကွဲ။
မင်းလဲသောင်းထောင်။ ပိုးမိုးအောင်တည့်။ ယခေါင်မပျက်။ အ
လယ်ချက်၌။ မကွက်စည့်မြေ။ ပွမ်းမှုနေသား။ ကုဋေကျေးသီး။
ရွာလက်ကြီးတံ။ ဝေနီးပုံယာင်။ ပြို့ပြို့မြင်၏။ ဝန်းကျင်ဗိုလ်လူ။
ရွာစွန်သူတို့။ မပူသောအား။ ဟောင်းထက်ပွါး၍။ လက်နှားတိုင်း
ကျပ်။ မြေမလပ်လည်း။ ။ထူထပ်အခေါ်ဘဏီတည်း။

၆။ တအုပ်တအုပ်။ နိုင်ငံချုပ်လျက်။ စည်ရုပ်စည်ဝါ။ အ
ရွာရွာ၌။ ဖျာမျှဒုံစွဲ။ မြိုင်ပျားမွဲ့သို့။ မကွဲမကွေ။ ရုံးစည်းထွေ၍။
နေတုံဝန်းကျင်။ နှုပျဖြင်လျက်။ ရှင်သားရောင်းဝယ်။ ကုန်စယ်မ
ခေါင်။ ပြည်ကုန်အောင်မှ။ လှော်ထော်တက်မ။ အစုံကျလျက်။ ကုံ
ငဖွေးဖွေး။ ဗိုလ်တိဝေးသား။ အိမ်ဈေးသဘင်။ မွမ်းဖြင်ဤသို့။ ရှု
ဘွယ်မြို့လျှင်။ မချို့မတဲ့။ ရှစ်ရပ်ပြို့၏။ တုမဲ့စင်စင်။ ပြည်ကြီးအင်
ကို။ ချိန်ချင်နှိုင်းဘွယ်။ ပမာရှယ်သော်။ ။တူဘွယ်မရှိ လေ
ပြီတည်း။

၇။ အသီးအသီး။ပရိကျ်းဆီးသား။ရွာကြီးရွာငယ်။ထိုထို ဝယ်၌။သာဘွယ်သာနိုး။ရေပေါ်မိုးသား။ ကြာမျိုးငါးထွေ။နတ် ပန်းကြွေသို့။ပွင့်ရွှေဖွေးဖွေး။ရေလုံးမွှေး၏။ခြေးခြေးသာယာ။မြေ လာသား။ ကြိုးကြာ သံမြက်။ စက္ကဝက်နှင့်။ ရေကြက်ဝမ်းဘဲ။ ဟာသ်ာဝဲလျက်။မကွဲးတွန်ထူး။ဘော်ပြိုင်မြူး၏။မင်းလူးဘုန်းသစ်။ ပျော်ရာဖြစ်သည်။တောလှစ်တသွန်။ ဥယည်ကန်လည်း။ပန်းမန် ရုံပေါင်း။ ဝတ်မှုံလှောင်း၏။ နံ့ကောင်းကြည်းထောင်။ သုတ်လေ ဆောင်လျက်။လူ့ဘောင်မတန်။ပမာထွန်လည်း။ မိုးစွန်တိမ်ဖျား။ သိကြားသုံးစွဲး။ချိုမြိုးစင်စစ်။ကောင်းကင်ဖြစ်သည်။ ။နတ်မြစ် မန္ဒာကိနီတည်း။

၈။ ဤသို့ခပ်သိမ်း။ပျော်ရာငြိမ်းလျက်။ ရုံမက်ရှုပုံ။ ထိုမြို့ တုံလည်း။ပြည့်ရုံမဆိတ်။ရှစ်ရပ်ထိတ်မှု။ လမြိုတ်စပ်ကာ။ ပြည် သာယာ၌။အောင်ချာသီးသီး။သဘင်ကြီးလျှင်။နိုးလတ်တုံသော်။ ငါးရုံသံလွှင်။ ပဥ္စင်တူရိယာ။ ခွက်ခွင်း စသည်။ တီးထ နှောင်း နှောင်း။ ကြေးနင်း မောင်းလည်း။ ညောင်း ညောင်း ညွန်းညွန်း။ မိုးနှယ်အုန်း၍။ချုန်းချုန်းကျည်ကျည်။ခြိမ့်မှုပြည်က။အသည်အ လာ။ဗိုလ်ပါရှိုးရှား။မျိုးလေးပါးတို့။ ဆန်းပြားမောင်းဝါ။ရေတွေ့ ကြာသို့။တိမ်ပြာရုပ်ဖမ်း။ဆန်းကြွယ်မွမ်း၍။ရင်လှမ်းရွှေချူ။သရ ဘူမကိုဋ်။ဦးစိုက်ပန်းခက်။ကွက်ရရွက်တိ။လက်လက်ညိုမှု။ဘိုး ရှိဖြူနီ။ ယကင် စိလျက်။ ပန်းသီလန်းလန်း။ ရလည်းစွန်းနှင့်။ တ သန်းကြွယ်ရောင်။ဖြူလရောင်သို့။ကုန်အောင်ရုံစေ့။ရွာခလေ့ဟု။ ချစ်ပြွေ့ထွေငေါ်။ ဆင်လတ်သော်တည်း။ ရိုက်ကျော်ပင်လယ်။ မြစ်ဝမ်းနှယ်လျှင်။တဆယ်မြည်ပြား။သံတိကြားသည်။ ။ပြည် ဖျားရပ်ကြီးဗိုဗိုတည်း။

၉။ ခပ်သိမ်းရုံအင်။ထိုပြည်တွင်၌။ကြည်းပြင်တောင်နား။ နှုပျများသော်။ပွါးသားရွာလျှံ။တိုင်းနိုင်ငံ၌။ကြက်ပျံမကျ။ရေစာ ဝ၍။စည်လှဝန်းကျင်။မွမ်းမွမ်းဖြင်၏။ ကောင်းကင်ရဟာတ်။ နတ် ရေသွတ်လျက်။မချွတ်ရွာမြဲး။လခွဲးတကြိမ်။မိုးဖြင့်စိမ်၍။ မသိမ်

မဖျင်း။လုပ်လက်တွင်းလည်း။မျိုးမြင်းမသောင်း။ခန့်တိုင်းကောင်း၏။နတ်ပေါင်းကစား။ပင်လယ်နားဝယ်။ထွန်းပြောင်းချိုချဉ်။ ဥယဉ်ပင်ပျို။အလိုလည်းရောက်။ နတ်ကောက်သငလေး။နီတွေးဖြင်ဝန်း။ အံ့ဘွယ်ဆန်းသား။ ထိုကျွန်းဗိမာန်။ ပြည့်ရုံ ဟန်လည်း။ မတန်လှည့်ပဲ။ဆယ်ဆကဲးဟု။ ။ကျော်သဲးကျွန်းလုံးအညီတည်း။

၁၀။ ရထားမြင်းဆင်။စည်ဇိမ့်ရှင်နှင့်။ သံလွင်ညင်းညင်း။ ခရုသင်းတို့။ ထုတ်ချင်းမြေမိုး။ ကောင်းကင် ကြိုးသို့။ တမိုးနှင့်ထက်။သံငက်ကျော်ကျော်။ ငေါ်လည်းမထူး။ သေံကျူးဖြင့်။ကမြူးကွေးချန်။ပျော်လှည့်ကုန်ဟု။ သာဟုန်မစဲး။ သဲးသဲးရုရု။လူတုဆိုသွင်။ရှင်နှင့်မပြား။ခြင်းရာအားဖြင့်။ ကြားသိအုတ်အုတ်။ ကျောကျောမှတ်၍။ ချက်ပြုတ်ခင်ယင်။ မနာကျင်သော်။လက်ငင်အနိုင်။နေစိမ့်ကိုင်သို့။အိုင်အိုင်ရင့်ကျူး။ နှုလုံးနူးအောင်။တသူးတလည်။တဆန်းမြည်သည်။ ။ကျည်ကျည်သံပြိုင်သံပြိုတည်း။

၁၁။ မစားရတတ်။ငတ်မွတ်ချည်းနှိုး။အထီးကျန်ထ။ညှော်သည်စသား။မရလုပ်ကျွေး။အမွေးအမြူ။နည်းသသူနှင့်။ဆာပူပန်းငြိုး။ခရီးခွန့်ရှည်။သွားလိမ့်မည်သူ။ ရွာဝေးလူတို့။ ယူလေဘိနုပ်။ ခြေနင်းစွပ်၍။ တန်လှုပ်နေဆာ။ ထီးဖြင့်ကာလျက်။ ချမ်းသာသဖြင့်။မမြင့်ရောက်စေ။ စီးကုန်လေလော့။ ရွှေရွှေမောင်းမောင်း။ထုံနံ့လှောင်းနှင့်။ပွင့်ကောင်းပန်းမန်။ တွန့်နားလန်သား။တဖန်မညစ်။အသစ်စဲးစဲး။ ဤဝတ်လဲးကို။ သုံးစွဲးတင့်ချေ။ ဆင်ကုန်လေဟု။အထွေအပြား။ သာစကားဖြင့်။ ရှစ်ပါးအဖျော်။ ပျားဘော်သကာ။ သြဇာကြိုင်မွှေး။ ဆီဆေးကျစ်သင်း။ ထမင်းသစ်သီး။ရန်ဘီးပဲးကျက်။ ဟင်းခါးချက်နှင့်။ သေခွက်လက်စွဲး။ ကြွေးကြော် သဲးလျက်။ ဝတ်လဲးစံပ။လိုသမျှလျှင်။ ဒါနဖြောင့်ကြည်။နတ်သို့ရှည်သည်။ ။ခြောက်ပြည်ဝသဝတီတည်း။

(ကာ) နဂရံသဗ္ဗဂ်သဗ္ဗန္နံ။သဗ္ဗကာမမုပါဂတံ။သဗ္ဗရတနသမ္ပန္နံ။ နာနာဇန သမာကုလံ။ သမိဒ္ဓံဒေဝနဂရံ။ အာဝါသံပုညကမ္မာနံ။

အမရံနာမ။အမရအမဉ်ရှိသော။နဂရံ။ပြည်သည်။ သဗ္ဗင်္ဂ သမ္ပန္နံ။ အလုံးစုံပြည့်၍အင်္ဂါနှင့်ပြည့်စုံ၍။ သဗ္ဗကာမရုပါဂ တံ။ ခပ်သိမ်းသော အလိုဆန္ဒာနှင့် ပြည့်စုံ၍။ သဗ္ဗ ရတန သမ္ပန္နံ။ခပ်သိမ်းသောရတနာတို့နှင့်ပြည့်စုံ၍။နာနာဇနသမာ ကုလံ။အထူးထူးသောလူမျိုးတို့ဖြင့်ပြည့်၍။ ဒေဝနဂရံဝိယ။ နတ်ပြည်ကဲ့သို့။ သမိဒ္ဓံ။ပြည့်စုံ၍။ပုညကမ္မာနံ။ကောင်းမှုရှိ ကုန်သောသူတို့၏။အာဝါသံ။နေရာဖြစ်၏။

၁၂။ ထိုတံသမှု။မြို့ဝဏ္ဏနာ။ ဝိသုကမ္မ။ဖြဟ္မာစသား။စက္က ဒါနီ။ သိကြား ညီလျက်။ စန္ဒမ် မလွတ်။ နတ်အပေါင်းနှင့်။ မင်း ကောင်းမနူ။စီရင်ပြုသို့။စတုရသ။ ပန်းလည်ချ၍။အမျှပတ်ပတ်။ အဝန်းခတ်လျက်။ သေသတ် ဆစ်မျက်။ ယုတ်တက်မဲ့အောင်။ ကျုံးသုံးမြောင်နှင့်။ကျည်းချောင်တံခါး။ ရင်တားခိုင်ခံ့။တကြံ့ဝန်း ကျင်။မြေပြင်မျက်နှာ။ ညီစွာစည်လျက်။ ကသိုဏ်းခွက်သို့။စည် ချက်နှာဟန်။တိတိမွန်၏။ မကျန်ဖြစ်မြဲ။ပြည်ထဲရပ်သီး။မြို့ကြီး ဝလေ့။ ကြပတေ့လျှင်။ စုံစေ့အလှစ်။ ခုနစ်အင်္ဂါ။ ရွှဲ့ဘွယ်ရာ သည်။ ။စုံစွာထူးထူးပြားပြားတည်း။

၁၃။ သွန်းရွှန်းလျှင်။ ကော့ယွန်းအနား။ ပြဆောင်ဖျားနှင့်။ လွှားလွှားတမ်ခွန်။ထက်ရပ်စွန်မှ။ ထွက်ဟန်စိုင်ရှူး။ မိုးလယ်မြူး သို့။တိုင်ဘူးကြယ်ကြီး။ချရားသီးလည်း။ ညီးညီးဝါဝါ။ထိပ်ဖျား မှာက။ဥဂ္ဂါစွင့်စွင့်။ လွှင့်သောအလား။ ပတ္တမြားလျှင်။လန့်ကြားလူ မှောက်။တောင်ရှည့်မြောက်၍။ ပျံတောက်သော့ယောင်။ပြသာဒ် ရောင်နှင့်။နန်းခေါင်ဝင်းဝင်း။မိုးရှူးလင်းသို့။ ပြင်းပြင်းထွေးထွေး။ အွရိပ်ပြေးသည်။ ။နိုးဝေးတန်လှပ်ရောင်ဖျားတည်း။

၁၄။ အရှေ့အနောက်။ တောင်မြောက်ထုတ်ချင်း။ကောက် ကစင်းလျှင်။တျင်းတျင်းဖျည်တော့။ စေ့မေ့ကျောက်ချပ်။ဖျာနှယ် စပ်၍။အထပ်စည်စီ။တဖျင်ညီလျက်။ဗိဗိလာလာ။ရုပ်ဝါတဆန်း။ စောင်းတန်းမိုးတား။ လက်စောင်နားမှ။ နတ်သားဘီလူး။ခြင်္သေ့ မှူးလျက်။ပွင့်ဘူးကြာသွင်။ ခပ်ရှုပ်ဆင်၍။ ဖြူလွှင်ငွေတု။ညွှံ့နုရုံး

ရဲ။သဲနွံ့ကြီးသား။ပုလဲအတူ။ကြွေးဖြူရောင်ကျင်း။သလင်းမှန် ရောင်။မင်းလမ်းဘောင်နှင့်။ အမြောင်သွားတီး။ရှုမငြီးသား။ ခရီး လေးသွယ်။ ဖိုင်ဖိုင်ကျယ်၏။ ။လမ်းငယ်အစည် တလျှား တည်း။

၁၅။ အကြိမ်အကြိမ်။သူကောင်းအိမ်၌။ ထုံးစိမ်စတေ။ ကျော်ပုတ်မြေဖြင့်။ဖြူခြေလည်းဆောင်။ မိုးခေါင်ဖွေးဖွေး။ဓွေးရ ရွှေးလျှင်။တွေးတွေးဝါနီ။ပျောပျောသိမ့်။ ရုံစိပြော်တင်။ရွှေပြား ဆင်သား။တုရင်ကမောင်း။သက်တင်ချောင်းသို့။ ဥဒေါင်းလည် မော်။မျှော်ဟန်နဂါး။ ငွါးငွါးမောက်မောက်။ အံ့လောက်သရစ်။ မင်းနေဖြစ်သား။ရုလစ်သွန်းသွန်း။ဘုံဆောင်နန်းလည်း။ ကျွန်းလုံး မျက်နှာ။မနှိုင်းသာတည့်။ အံ့အာသရဲ။ ပြည်ထဲပြည်လာ။မင်း စကြာတို့။ ဖြစ်ခါသောဟန်။ နှင်းနှိုး ထွန်လျှက်။ ယုဂန်ခန်းဝါ။ ကောင်းကင်မှာ၌။ အာကာသဓာတ်။ နတ်နှင့် ပြည့်ညီ။ မလွန်ပြီ ဟု။ ။ဆိုညီဝိုးဝိုးဝါးဝါးတည်း။

၁၆။ အကြိုက်အကြိုက်။ပြည်ကြီးနိုက်လျှင်။အခိုက်အတန့်။ အသန့်အရှင်း။ ကျင်းပေစမြဲ။ဘေးလွဲဗြဟ္မာ။ ဗေဒင်လာဟု။ အ ခါအခါ။ရွှာဘာသာဖြင့်။ကြိုဟ်စာလည်းပေး။ဦးဆေးမင်္ဂလာ။ ယ တရာနှင့်။တသာလွဲလွဲ။ရများခွဲ၍။ကျင့်မြဲလည်းကောင်း။ရှေး သူဟောင်းတို့။အပေါင်းညီညာ။ရိုသေရာဟု။ဒိဗ္ဗာနုဂ္ဂတိ။ မှတ်မှိ သမျှ။အမိကလျှင်။ရက္ခတောစိုး။ဗိဿနိုးကို။ရှိခိုးတုံ့ဝပ်။ရေစင် သပ်လျက်။ ပညပ်အနွှယ်။ မကွယ်မရှိ။ရန်ပို့မိတ်ငင်။ ဥပဒ်နှင် ၍။ ထိုတွင်ပွဲလမ်း။ ဖွဲ့မြဲတမ်းဖြင့်။မွမ်းမွမ်းဗိုလ်ရ။အထူအထ။ ပျော်ရိုးမျှသည်။ ။မဆွတ်ဘိုးကြီးဘေးဘွားတည်း။

၁၇။ မရှိမရ။ အိမ်ထောင်လျှဟု။ အာစမလှည့်။ သလည့် သလွင်း။လူ့ခပင်းတို့။မငြင်းမချန်။ မမှန်မဆန်။ ခိုက်ရန်မနှောင့်။ မတောင့်မဘ။နိမ့်ကျမဆို။ သိကြွားကြို့သို့။မငြိုမငြင်။ခပ်သိမ်း အင်ဖြင့်။မပင်မပန်း။ မြောက်ကျွန်းအယောင်။ ဆောင်လေရာရာ။ ကြို့တိုင်းပါ၍။စိန္တာမဏိ။မျက်ဘုန်းရှိဟု။ဇောတိရသော်။ လူ့ရွာ

ကျော်သား။ မနော်မယ။ ကျောက်မျိုးစသည်။ခနသိဒ္ဓိ။ဖြိုးဘိတုံ
တန်။ပြည်မွန်ကျေးဇူး။နဖူးလက်တင်။ငြိမ်သက်ကျင်သည်။ ။
အုတ်အင်ခပ်သိမ်းခမ်းနားတည့်။

၁၈။ ရွှေငွေဖန်ခွဲ။ပုလဲသန္တာ။နီလာပတ္တမြား။ ပြယိုးယား
နှင့်။ပြောက်ကျားစိန်ရောင်။ အကြောင်အနီ။ဖြင်ပေါ်သိ၍။ ဝဇိရ
ဇိန်။ထိန်သားအလျှံ။ချန်ပျံကောင်းကင်။မိုးကျိုးသွင်သို့။ ရှင်သား
ကျောက်မျိုး။တန်းခိုးထန်ပြင်း။မင်းတို့တန်းဆာ။မသာရကာလ်။အ
မျက်မွန်တိ။ ပြည်တန်ထိသား။ ဘိရိုဝင်းဝါ။ ရတနာဆာယ်ပါး။
ပြည့်ရုံများ၏။ လေးခြားမရော။မျိုးတိပြောလည်း။ မနှော့ရှောင်
ကြည့်။သန့်စဥ်ကောင်းနေ။မင်းဆွေပုဏ္ဏား။ သူကြွယ်ဖျားနှင့်။ မှု
များဝန်ကြိ။လုပ်ဆောင်ခံသား။ ကုံတံမွဲ့ပဲ။သူဆင်းရဲလည်း။သင်း
ကွဲး တသီး။ ပရိဘာဂ်းဆိုး လျှက်။ ပြည်ကြီး သဘွယ်။ လူမျိုးနွယ်
လည်း။ ။ထိုဝယ်အခြားခြားတည်း။

၁၉။ မင်းနှင့်ပုဏ္ဏား။သူဌေးအားလည်း။ ဘိုးများဥစ္စာ။ထူ
ပြောစွာဟု၊မဟာသာလ။တွင်ထအမည်။သုံးပါးတည်၍။အစည်
အပင်။ထိုပြည်တွင်၌။ဘိုးစင်ဘောင်ဆက်။ ဘေးလက်ထက်က။
အနှက်ဆည်းပူး။ခန္ဓာကျူူးသည်း။တဦးဥစ္စာ။တယောက်မှာသို့။
ပံ့ကာမိုလျှက်။ ပျိုပုပ္ပကြွယ်။နဖါးသွယ်၍။ တောင်ငယ်ယှိုယှို။
ကျိုတုံအပျဉ်။အကျည့်အခဲ။ဝန်လွဲ့မအား။ ချိကြွားမနိုင်။ အတွေ
စိုင်ဖြိုး။ဘိုးလောင်းကြီးမှ။မိုးမိုးလည်လည်။မော်ကွန်းတည်လျှက်။
၍သည်သူငါ။ ၍ဥစ္စာဟု။အကျွချာတိုင်တည်း။ ကမ္ဘည်းလည်း
ညွှန်း။အရုံသွန်းလျှက်။မည်တန်းသုံးတွေ။သူကြွယ်နေ၍။မျိုးဆွေ
ဗိုလ်ပုံ။ဘုန်းငွေ့လှုံသည်။ ။ကြွယ်ကုံမရှားမပါးတည်း။

၂၀။ ထိုပြည်သနင်း။ သူကြွယ်မင်းတို့။ပေါင်းမြင်းကျင့်
နွယ်။တနေ့ဝယ်သော်။နှစ်ဆယ်နှင်နှင်။တင်းဝင်တောင်းဖြင့်။ ငွေ
တိချင့်၍။ လေးမြင့်ခါလည့်။ ဆောက်တည် အမြီး။ ထုတ်သုံးစွဲ
သော်။ အမဲ့ဟာင်းလျှာ။ဝယ်ခြမ်းကာလျှင်။ မရာမရေ။ ကုန်လေ
တင်းကား။ အပေါ်အားကို။ ထားဦးဆိုအံ့။နှံ့သိုတွင်းမြေ။ ရာကု

ငွေတိ။လက်မထိသား။အညှိလည်းစွဲ။အထဲဝန်သေ။ အမွေရှေး
က။မခွတိုးဘေး။စာသာရေး၍။မြေချေးလူးလူး။မဘော်ဘူးသါး။
ထိမ်မြူးမှဲ့ထောင်း။ ဥစ္စာဟောင်းနှင့်။ သိန်းသောင်းကုဋေ။ မရေ
တွက်သာ။ပေါဝန်မှာလည်း။ ဆိုရာမသီး။ဖြင်ညီးထပ်မျှ။ပြည့်ရုံလှ
သည်း။လောကဒေဝါ။မင်းချမ်းသာသို့။နေရာထိမ်းမှတ်။ ထိုပြည်
မြတ်ကား။ တိမ်လတ်မိုးမှာ။တုသိတာနှင့်။ ။ယာမာရှိုးလှည့်
မမှားတည်း။

၂၁။ ဤသို့ဝန်းကျင်။မြေပြင်ကုန်အောင်၊ပြည်ကြီးဘောင်
၌။ အခေါင်သည်းချိုး။ မင်းအုပ်မိုး၍။ မစိုးမရိမ်။ ချမ်းသာငြိမ်
လျက်။စည်းစိမ်သာပျော်။ပြည်မြတ်ကျော်ကား။ ။ထို့ရော်အ
ခါပွင့်လင်းစွာတည်း။

အမရဝတီနဂရခန်းပိုဒ်ရေ ၁၈ ပြီး၏။

---

## ၂။ ဘောဂဗလခန်း။

(က) နဂရေအမရဝတီယာ။သုမေဓါနာမဗြဟ္မဏော။
အနေကကောဋိသန္နိစယော။ဗဟုတဓနဓညဝါ။

သာရိပုတ္တ။ချစ်သားသာရိပုတ္တရာ။အမရဝတီယာ။ အမ
ရဝတီအမည်ရှိသော။နဂရေ။ပြည်၌။သုမေဓာနာမ၊သုမေဓါ
အမည်ရှိသော။ ဗြဟ္မဏော။ပုဏ္ဏားသည်။ အနေကကောဋိ
သန္နိစယော။ ကုဋေမကသော သိုမှီး၍ ထားသောဥစ္စာရှိ၏။
ဗဟုတ ဓနဓညဝါ။ များသော အမြဲသုံးဆောင် သောဥစ္စာ
စပါးရှိ၏။

၂၂။ ဩရမ္ဘာဂိရ။ငါးရစသား၊ တန္တစိမ်းချည်။ သံယော
ဇဉ်ကို။ဖြတ်ရည်ပိုင်းပိုင်း။ရတ်ပြီးလှိုင်းမှ။ပန်းဆိုင်းဦးလုံး။နိဗ္ဗာန်
ကုံးဖြင့်။တင့်ဆုံးထိပ်ပြင်။ မကိုန့်ဆင်၍။ရင်ပြင်ပွဲလယ်။ ငါ့ရှေ့
ဝယ်၌။ သပ္ပါယ်ငြိမ်ဆိမ်။ ရှင်စည်းစိမ်ဖြင့်။ ခြောက်ကြိမ် အ

ဖြစ်။နေရာစစ်လျက်။ချစ်နှစ်ဝမ်းသာ၊နားထောင်စွာသည်။ဒိဗ္ဗာ
သဝေါ။သာစောလက်ျာ။သာရိပုတ္တရာ။ ။ပြည်သာအမရ။
ထိုရွာမဥ္စ။ မိဘမျိုးစည်။ ခုနစ်လျှည်မှ။ကြည်ဘွယ်မဲ့လျှင်း။ နိမ့်
ကျကင်း၍၊သန့်ရှင်းဇာတိ။မြို့တော်သိလျက်။သိရိပြည်လုံး။ရွှေဘုံ
ဆုံးသို့။ဘုန်းလက္ခဏာ။ လျောက်ပတ်စွာသား။ ဖြဟ္မာမျိုးနွယ်။
ပုဏ္ဏားကြွယ်ကား။ တွင်ကျယ်ပညာ။ သုမေဓာဟု။ ထင်စွာထို
ရော်။ကျွန်းလုံးကျော်သည်။ ။သူတော်ဖြဟ္မစာရီတည်း။

၂၃။ ဖြဟ္မစာရီ။ခေါ်ညီထိုတွင်။ပုဏ္ဏားထင်ကါး။ဗေဒင်
အရိုး။ဗါဟိရမျိုးကို။ကျိုးကျိုးကျည်ကျည်။သင်ပြီးနှည်လျက်။ငယ်
ရည်ငယ်သွေး။ကြာဆံနွေးသို့။ထွားမွေးကျစ်လျစ်။ ပန်းနှယ်ဖြစ်
၍။သနစ်သနါ။ကိုယ်အင်္ဂါနှင့်။ညီစွာရုံပြီး။ရေးကြီးခွင့်ကျယ်။သိ
ခါရွယ်လျှင်။ တင့်တယ်ကြည်းကြည်း။သင့်ရုံတည်းက။ ခမည်း
မယ်တော်။ လူ့ဘောင်စံငြိုး။ နတ်ဘုံမြိုးသော်။ သားထီးလွန်ချစ်။
တယောက်စစ်ဖြင့်။မွေနှစ်ကုန်အောင်။ ဆွေမျိုးဘောင်၌။ အခေါင်
လည်းချိုး။ အိမ်လုံးစိုးလျက်။ ဟိုးဟိုးထင်ပေါ်။ ထိန့်ထိန့်ကျော်
သည်၊ မမြော်ယိုးယား။သူလေးပါးနှင့်။ရှိုးရှားမဆို။ ကုန်သည်
ကိုယ်ဖြင့်။ သူလိုမရှား။ ပုဏ္ဏားဖျားကို။ ။ရွာသားမဆန်
မဖိတည်း။

၂၄။ ကုဋေတိသာ၊ အရာမကာ၊ ရွှေငွေစသား။ တောင်မျှ
ရန့်ရန့်။ နှန့်နှန့်ဖြိုးဖြိုး။ ကြွယ်မျိုးတိုး၍။ ထံမိုးလှင်ကန်။မြတ်သတ်
ကျန်ဖြင့်။လုပ်ခွန်ကုန်ရင်း။ဝင်သွင်းမစဲ။မိုးသို့ဖွဲ့၏။ ဖြင်ပြဲပြည့်
ရုံ။မကုန်ထောင်းအောင်။ဆောင်သားစီးပွါး။တောင်ကြီးဖျားသို့။
ကြွားကြွားရန့်ရန့်။ဝန်တုန့်ဝန်တို။အုတ်နှယ်ဖို၍။အရိအကဲ။ အ
တွဲးတွဲးတိ။မြေထဲဥမင်။တွင်းတွင်လည်းမြှုပ်။ ကြွယ်ပုပ်ကြွယ်
စပ်။မလပ်ကြာကျို။အိမ်ဘိအိမ်လျှောင်။ ထုပ်ခေါင်လည်းတိုင်။အ
ဆိုင်ဆိုင်လျှင်။မနိုင်မကန်။ရေဆန်စပါး။စဲ့ချည်းထား၍။မအားခြေ
ချ။စည်ပင်လှသည်။ ။ထိုမျှဓနရာသိထည်း။

၂၅။ မျိုးရိုးတကာ။ ဘိုးလောင်းမှာက။ ဂိဝါရပြီး။ ကျင့်

စဉ့်မှိုး၍။ ပြည်ကြီးဘအော။ လူမျိုးဆွေဟု။ ဗိုလ်ခြေခြိုးမွမ်း။ ပြည်
၏ ဝမ်းဖြင့်။ တိုင်တမ်း ဆတ်ဆတ်။ ဆို စမှတ်လျက်။ မချွတ်
လှည့်နှိုး။ဟိုးဟိုးကျော်ညီ။ရေပေါ်ဆီသို့။နှုတ်ချီသြဘ။ ပွက်သမျှ
လည်း။ တောင့်တဝဲ့ချီး။ ကျေးဇူးမှီး၍။ဘုန်းကြွးသက်ရှည်။ ဆို
ကုန်သည့်တိ။ဦးဖြင့်ရှိလျက်။အမိသဘွယ်။အရွယ်သုံးပါး။သက်
ထားနှုံ့ဟု။ ကျုံကျုံလည်းအုံ့။ နှုတ်မဆံ့ လျှင်။ အနှုံ့ အစပ်။ မြေ
ပြင်ခပ်၏။ရှက်ချပ်လန်းလန်း။ပြည်ဦးစွန်း၌။ပေါ်ထွန်းရိုးရွှေ။ ဘုန်း
မိုးဝေ၍။ပဒေသာပင်။ပွင့်ကြီးထင်နှင့်။ညွန့်ရှင်မဋ္ဌု။ ရောက်သဉ်
တူဟု။ထုံးယူနည်းသွေး။မဝေးတင်တင်။မိနှုယ်ရှင်သည်။လူ့ခွင်
နှံ့ပြီး။သူကြွယ်ကြီးကား။ခြောက်သိးစံတုန်း။နတ်တို့ဘုန်းနှင့်။ ။
နှုန်းသော်ပမာတန့်တည်း။

ဘောဂဗလခန်းပိုဒ်ရေ ၄ ပြီး၏။

---

## ၃။ ပညာဗလခန်း။

(က) အဇ္ဈာယကောမန္တဓရော။ တိဏ္ဏံဗေဒါနံ ပါရဂူ။
လက္ခဏေဣတိဟာသေစ။ သဒ္ဒမ္မေပါရမိဂတော။

အဇ္ဈာယ ကော။ ဗေဒင်ကိုလည်း တပြောင်း ပြန်ပြန်သ
ရဇ္ဈာယ်တတ်၏။မန္တဓရော။ ဗေဒင်သုံးပုံကိုလည်းဆောင်နိုင်
၏။တိဏ္ဏံ ဗေဒါနံ။ ဗေဒင်သုံးပုံတို့၏။ပါရဂူ။ကမ်းတဖက်သို့
ရောက်၏။လက္ခဏေစ။လက္ခဏာ ကျမ်း၌လည်းကောင်း။ ဣ
တိဟာသေစ။ ဣတိဟာသကျမ်း၌လည်းကောင်း။ သဒ္ဒမ္မေ
စ။မိမိဆရာ၏အတတ်၌လည်းကောင်း။ဝါ။ ပုဏ္ဏားတို့၏ဥစ္စာ
ဖြစ်သောကျမ်း၌လည်းကောင်း။ပါရမိဂတော။ဆရာအကြီး
သည်။ ဟောတိ။ ၏။ ဝါ။ ပါရမိဂတော။ ရင့်ခြင်းတည်းဟူ
သောအပြီးသို့ရောက်သည်။ဟောတိ။၏။

၂၆။ ပရိက္ခရာ။ဥစ္စာထိုသို့။ တောင်နှယ်ပုံ၍။မချိုပြည့်ရုံ။

ကြွယ်ဝတုံလျက်။သုံးပုံများဖြင့်။သသ်ကရိုက်။ဗေဒင်နှိုက်လည်း။ မြိုက်မြိုက်လျှာဖျား။ဝမ်းတွင်ထါး၍။ဆန်းပြားတတ်ကုံ။ခံတွင်းငုံ ပြီး။လုံးရုံနှုတ်ဝယ်။သရဏ္ဍာယ်လျက်။ အသွယ်အသွယ်။ရလွယ် ထုံးစံ။သဒ္ဒါငံ၏။မ ရွံမရှာ။ခဲရာရာခွဲ။သက်ာလည်းကင်း။ တွင်ခြင်း ကြီဘန်။သူ့ထက်လွန်၍။ကေန်ကျကျ။ရသားမိပ္ပာယ်။ အကျယ် အကျည်း။စိုးတစည်းမျှ။ မလျှည်းလျှင်ကောင်း။ မညောင်း စေ အောင်။ အာဂုံဆောင်၍။ လျှောင်ကာမပြွက်။ တည့်တည့်ထွက် ၏။ နှုတ်နက်ဆိုတိုင်း။သံနှယ်ထိုင်း၍။မခိုင်းမမျည်။ထားကောင်း ရည်သို့။ဆိုစည်ခဏ။အပြွက်ပြက။မဟာစသာ။ ထုံးနည်းနာကို။မ ကြာဖြေမှု။နှုတ်ဝယ်လု၍။တခုမထား။သူ့ကိုကြားသည်။ ။ပုဏ္ဏား ဉာဏဂန္တီတည်း။

၂၇။ အထူးအဆန်း။ မြင်နှံ့ဝန်း၍။ ခိုင်ကျန်းဆတ်မြား။ လျှာပါးနှုတ်ငပ်။ ဓွဲးထွင်းအပ်သို့။ လျှပ်လျှပ်ပြွတ်ပြွတ်။ ရခပါဌ် တည့်။သွတ်သွတ်မညံ့။ ဗှားဖွားအံလျက်။ မလျှံထက်မြိုက်။ရ ိး လှည်ရိုက်သို့။ သိုက်သိုက်ကျမ်းဂန်။ ဖြိုးဖြိုးပြန်၍။ မန္တာန်အမျိုး။ နှုတ် လျှာ ကြိုး၏။ ရုးထိုးလှံရုံ။ ထုံနည်းပုံနှင့်။ အာဂုံအာကာ။ ဂါထာပါဌ်သား။ ဖတ်၍ကြားသို့။စကားတတ်ပွန်။အဖြေသန်ဟု။ မလွန်မေး၌။ အရွာရွာမှ။ ဒိသာပါမုက်။ ခေါ်တွင်ဟုတ်လျက်။ စက်ချတ်ဖြတ်ရည်။လေးတောင့်ပျည်နှယ်။ပညာကျယ်သည်။ ။ နတ်ငယ်သူရသတိတည်း။

၂၈။ မှတ်စရာသား။ပညာကိစ္စ။ဟူသမျှ၌။ကြားကတတ် ပင်။လမ်းနှယ်ထွင်လျက်။ဗေဒင်သုံးထပ်။ ဆုံးစခပ်၏။ စပ်စပ်ချ မှီ။ မှန်သည်တိသာ။ လက္ခဏာကျမ်းဂန်။ စက်ကြဟန်သို့။ မြေ ကြန် ကောင်းကင်။ နေဝင်နေထွက်။ ဝိဓိစက်နှင့်။ ထွန်း ပြက် ဥက္ကာ။ လျှော သက်လာ၍။ ရောက်စာ ဘေးဒဏ်။ ရှေးလွန်အ တိတ်။နိမိတ်နမက်။အထက်မိုးပြင်။လျှင်လျှင်နှေးနှေး။ ဂြိုဟ်ပြေး မညီ။ရှေ့ချီနောက်ဆုတ်။တိုးချုတ်ရပ်နား။ချင်းနှင့်းလွှား၍။ သွား တုံလလယ်။ကြွယ်ဥပဒ်က။မလွတ်ကုန်အောင်။ တံဘောင်စံနည်း။

မြေကြီးကြည်းလည်း။တိုင်တည်းမိတ်ရန်။ဖတ်တိုင်းမှန်သည်။ ။နှိုင်းတန်မြဲဟွှဲ့ဇော်ဂီတည်း။ ။

၂၉။ ကြွန်ပုံလက္ခဏာ။ပြုစရာကား။ ဂါထာအမျိုး။ အရိုးအသား။ဟောနည်းပြားနှင့်။ ဟူးရားဂဏန်း။ မပန်းအသေ။ နှုတ်သာကြွေ၍။ ဂြိုဟ်နေဂြိုဟ်ထိုင်။ ဗျာကရိုဏ်ကို။ တိုင်တိုင်ကိုယ်မှု။ဆုံးအောင်ပြုလျက်။တျက်တျက်ထိထိ။ သဘောသိ၏။ ဇာတိဟာဿ။ ကေခုဘာဟု။လောကစိန္တာ။ဆိုစရာသား။စည်လာ ဧရှးတီး။စကားကြီးနှင့်။ နည်းသီးထုံးဖွဲ့။ အိမ်းအည်းမဲ့လျှင်။ ထင်မြဲ့ကိုယ်ပူး။ မြင်ချေဘူးသို့။ မလူးလျှာစွန်း။တောဒည်းဆန်း၏။ ဖြန်းဖြန်းတတ်ပွန်။ ပဋိဘာန်လျင်လျှား။ထူးပြားကဗျာ။ ဖွဲ့စရာသား။ ဂါထါပုံသေ။စကါးဖြေနိုက်။ဆိုခိုက်မိန့်တန့်။ရှင်းရှင်းသန့်လျက်။ မတွန့်ညင်းညင်း။ ပိုဒ်တွင်းသက်သက်။ ထွေငေါ်နက်၏။ သွက်သွက်မြန်သန်။အဘိဓာန်ဟု။ နိဃဏ္ဍုကျမ်း။အရိုးမွမ်း၏။ ပြွမ်းပြွမ်းခင်းကျင်း။ ဝန်းလျှားပြင်းသည်။ ။ထိုးထွင်းခပ်သိမ်း ဗာဟိတည်း။ ။

၃၀။ ဤသို့ပညာ။ နှံ့စပ်စွာသား။ သုမေဓာဟု။ ထင်စွာကျော်သွေး။ဖြူဟွှာမြေးကား။ကြံတွေးယုတ်မြတ်။ နှောင်နာဂါတ်လည်း။ ချွတ်အံ့မရှိ။မိမိစီးပွါး။ သူ့အားကုန်အောင်။ မြင့်ကျယ်ဆောင်၍။သိန်းထောင်မက။မဆွဘုရား။ နှောင့်တော်များ၌။ သိုထားကျေးဇူး။ကိုယ်တိုင်ဖူးလျက်။ ဆည်းပူးသမှု။ သဗ္ဗညုအား။ပွင့်လုစွာပြီး။ ချိန့်သင့်နီးသော်။ ကောင်းခြီးခံတန်။ဘုန်းညွှန့်သန်သည်။ ။ရင့်မှန်ရှေးပါရမီတည်း။

ပညာဗလခန်းပိုဒ်ရေ ၅ ပြီး၏။

---

၄။ သံဝေဂနိဗ္ဗိန္ဒစိန္တာခန်း။

(က) ရဟောဂတော နိသိဒိတွာ။ ဇေ၀ံစိန္တေသယံတဒါ။ ဒုက္ခောပုနဗ္ဘဝေါနာမ။သရီရဿစဘေဒနံ။သမ္မောဟမရဏံဒုက္ခံ။ဇရာယအဘိမဒ္ဒိတံ။

သာရိပုတ္တ။ သာရိပုတ္တရာ။ တဒါ။ထိုသုမေဓါပုဏ္ဏားဖြစ်သောအခါ၌။အဟံ။ငါသည်။ရဟောဂတော။ဆိတ်ကွယ်ရာအရပ်သို့ကပ်လျက်။နိသိဒိတွာ။ထိုင်နေ၍။ဧဝံ။သို့။ စိန္တေသိ။ကြံ၏။ကထံစိန္တေသိ။အဘယ်သို့ကြံသနည်း။မေ။ငါအား။ပုနဗ္ဘဝေါနာမ။တဖန်ဖြစ်ခြင်းမည်သည်ကား။ ဒုက္ခော။ဆင်းရဲ၏။ သရီရဿ။ကိုယ်ခန္ဓါ၏။ဘေဒနဉ္စ။ ပျက်စီးခြင်းသည်လည်း။ ဒုက္ခံ။ ဆင်းရဲ၏။သမ္မောဟမရဏဉ္စ။ တွေဝေ၍သေရခြင်းသည်သည်း။ဒုက္ခံ။ဆင်းရဲ၏။ဇရာယ။အိုခြင်းဖြင့်။အဘိမဒ္ဒိတံစ။အလွန်နှိပ်စက်ခြင်းသည်လည်း။ ဒုက္ခံ။ဆင်းရဲ၏။ ဣတိ။ သို့။စိန္တေသိ။ကြံ၏။

၃၁။ ယုတ်မြတ်အပြား။သုံးပါးတိုင်တည်။ ကိုးခုမည်ဖြင့်။ ရှည်စွာခလောက်။ မိုးရှိမြောက်သား။ အစောက်မတ်သတ်။ မာန်တောင်ထွတ်ကို။ တိမ်းညွတ်စောက်တို့။ မဂ်စွမ်းဖြို၍။ကိုယ်သို့နှိမ့်ချ။မိုးပွားကျသို့။ဂုဏ်အရာ။စွန်းစွန်းပါသည်။သဃ်ာတို့ထက်။လျှမ်းလျှမ်းတက်၍။နှုတ်ထွက်ဖြိုးဖြိုး။လက်ရတိုးလျက်။ကျမ်းရိုးနင်းမှီ။ဟာကာသိသည့်။ သာရိပုတ္တရာ။မည်တော်သာဖြင့်။လက်ျာရံသီး။ငါ့သားကြီး။ ။ကောင်းခြီးလည်းခေါ်။ သာရဘော်ဖြင့်။ရှင်ကျော်မထေရ်။ နားတို့လည်လေ့။ ဤသည်စမ္ဘူ။ကျွန်းသူအလုံး။ပတ်ကုံးထွန်းပ။ပွင့်လင်းစသား။အမရဝတီ။ခေါ်ညီမည်သီး။ပြည်ကြီးအသည်။မျိုးရိုးစည်၍။ခံတည်စရာ။ထိုရောခါ၌။ သုမေဓါပု။ကြေညာလွှံ့ထင်။မည်သာတွင်သည်။ရှင်တို့ဆရာ။ ဘုရားငါကား။ ဗြဟ္မာသဟံ။ကောင်းကင်ပျံနှင့်။သုဇံပတိ။ သဒ္ဒိရိုးဖျား။သိကြားဟုလည်း။ရည်တူမလွှန်။နှိုင်းနှုန်းတန်၏။ဗိမာန်အိမ်ထဲး။ရွှေပုံခဲသို့၊ စံမြဲးသုံးထပ်။ဘုန်းကျိုးခပ်သည့်၊ မိုးရပ်အချာ။တိမ်ဆုံးမှာ၌။ နိမ္မာနရတိ။ နတ်နှင့်ညှိလည်း။ ။တရှိမလွှန်မစားတည်း။

၃၂။ ထိုသို့ ထိုရော်။ ထို သူတော်လည်း။ ခြောက်ဘော်မိုးတိမ်။နတ်သို့ငြိမ်လျက်။စည်းစိမ်သာစံ။ဤသို့ခံရှင့်။ တရံရော

ခါ။သိမ်မိ့ဌါဖြင့်။ဘဏ္ဍာကျိုကြ။တွင်းပကြည့်ရှု။စီးပွားပြုသည်။
အမှုထမ်းသိး။အမတ်ကြီးလျှင်။မှိုးမှိုးလည်လည်။မော်ကွန်းတည်
သား။ စာရှည်ပုရပိုက်။ ကမ္ပည်းတိုက်၍။ သိုက်သိုက်ဖွေဘော်။
မှောက်တော်ရှင့်သား။ဘေးလောင်းထားသည်။ တင်းကားဤမျှ။
ရှင်ဘိုးစသည်။မိဘတိုင်ရုံ။မျှပြည့်ရုံ၏။ ရှင်တုံဤကို။ သိမ်းမြန်း
သိုလော့။ မပြိုမကွဲး။မြဲးကြောင်းရှင်ထွေး။ဆောင်လတ်သေးဟု။
ဘိုးဘေးစသည်။ရနှစ်မည်ကုံ။ရှည်ရှည်လျှားလျှား။ရေးမှတ်သါး
လျက်။ယောက်ျားမိန်းမ။ စသည့်ကျွန်ခြေ။ဥစ္စာတွေနှင့်။ ဝန်သေ
ထဲးဖြစ်။ တိုက်တာလှစ်၍။ ပြစ်ပြစ်ညွှန်ရေ။ နားသွင်းပေသော်။
မြဲတေဘဏ္ဍာ။ ရတနာ၌။ခင်စွာချစ်ဝမ်း။ရမ်းရမ်းမတက်။ နှုလုံး
ပျက်သည်။ ။ကြိတက်ယောက်ျားအဖျားတည်း။

၃၃။ ဤသို့အက္ခရာ။မျိုးစည်စာကို။ဖတ်ခါမျှတည်း။နှလုံး
ကြည်း၍။မနည်းလောက်စင်။ဆေးကြောသင်၍။ဘခင်ဘေးဘိုး။
ငါ့ဆွေမျိုးကား။ကြိုးကြိုးစားစား။စီးပွားပစ္စည်း။သို့စည်ဆည်းခဲ့။
ထိုနည်းမှုားပုံ။ ရှာမှီး တုံလျက်။ တစုံတယောက်။ ရှည်စောက်
နောက်နောင်။တို့တိုင်အောင်လည်း။မျိုးခေါင်ဆွေခင်။ မနေကျင်
ခဲ့။အကြင်မျိုးလူ။ ဆည်းပူးမှုလည်း။ ထိုသူတည်းမှဲ့။ပျော်ခဲ့ ကာ
ကာ။ ဤဥစ္စာကား။ အရာမယွှင်း။ တတင်းတင်းလျှင်။ အိမ်ရင်း
ဝယ်တိ။ ကြိုးသို့ငြိ၏။ထိုဖြို့အပ။မိဘဆွေတော်။ နတ်ပြည်ပျော်
လည်း။ကိုယ်တော်ကိုယ်ထဲး။ချင်ရွေးခဲ့မျှ။မူးပဲးသပြာ။ကိုင်လေ
ပါ၍။ရုံရာမည်သူ။ ရိက္ခာမှုလျက်။ ယူလေမထင်။အချဉ်းစင်၏။
ငါလျှင် တုံလည်း။ အပုံထုပ်ပိုး။ အားရှိကြိုး၍။ လပ်ကျိုး ခန္ဓါ။
သေရာမှာသို့။မပါလေအပ်။သံစွပ်အသက်။ဆက်လိမ့်အမြဲး။ နေ
ရခဲ့းအံ့။ ။သုံးစွဲးမတတ်လေအားတည်း။

၃၄။ ပိုင်ယူနှိပ်နင်း။ ပိုးမင်း နှိုင်ထက်။ ခုတ်ထစ် ဖျက်၍။
လက်ခက်ခိုးသား။ စီးပွားမတာ။ ရန်ရှာမုန်းသူ။ မီးဝေဟူသား။
ဤသူငါးမဉ်။ဆက်ဆံဘဉ်လျက်။မစဉ်မပင်။ ကမ်းခြေကျင်သို့။
လှုံသွင်မပြ။ဘောက်လှဲ့သေါအါး။ရိုးယားငြင်ပျက်။ကိုယ်သက်

ရှည့်ရုံ။ဥစ္စာတုံလည်း။တရံတခါ၊ အနှစ်ရှုသော်။အနုမြူရှိ။ မြော်မိ
မရ။မျက်မြင်မျှဟု။တွင်းပခန်းဝါ။ ဤဥစ္စာကို။အကာနှင်နှင်။ ဖြစ်
ချည့်းတင်ပြီး။ဝန်နှယ်ငြီး၍။သစ်သီးလည်းခွဲ။ ပျော်ရာပွဲမှ။ မဲခဲ့
ဆုံးစွန်။ တဖန်လည်းကောင်း။ တွင်းခေါင်းသာမြိုက်။ လေသွန်
ကြိုက်သား။ နန်းတိုက်ထဲချောင်။ ပြာသာဒ်ခေါင်ထက်။ ကိုယ်
ရှောင်ပုန်းဇာက်။ ဘော်မဲ့တက်၍။ ဝင်ထွက်ဗိုလ်ခြေ။ဆိတ်ရာနေ
ပြီး။ အထီးတယောံ။ကွယ်မြောက်ငြိမ်းငြိမ်း။ ကိုယ်ကိုသိမ်းမှ။
ရှိမ်းရှိမ်းရပ်ရည်၊ သက်သက်ကြည်လျက်။ တည်စွာနှလုံး။ သူ
တော်ထုံးသို့။ဝင်ဆုံးသချာ။ကိုယ်ခန္ဓာ၏။ ကြောင်းခြာရုံဘက်။
ဖြစ်နှင့်ပျက်ကို။နှိုင်းချက်ရှုက်တော်။ ပိုက်ပိုက်ခေါ်သည်။ ။
ကြံငေါ်ဤသို့စည်လျှားတည်း။

၃၅။ ပဋိသန္ဓေ။လေးပါးတွေဖြင့်။ အလှေအလှောင်း။ ဤ
လူ့ပေါင်းကား။ နှောက်နှောင်းထွန်းပေါ်။ကိုယ်ဟုခေါ်လျက်။တ
အော်လဲးလဲး။သံသာဝဲးတွင်။မစဲးမငြိမ်။ တိမ်အုံ့မရှိ။ပစ္စိစွာလွှန်း။
ငြိဘနန်းတည့်။ သူကန်းအသွင်။ တွေးတောသင်၍။ မမြင်မျက်စိ။
နင်းမိမှိုးမှား။ ကြမ်းစွန်းသွားသော်။ဘဝါးထောက်ချ။ အမ်းမံရ
၍။စည်ကျုတုပ်ထွေး။အနာပေးသါး။ခြေလက်ရမ်း။ယောကျ်ား
နှမ်းသို့။အသွမ်းဝိတ္တာ။ ရိအောင်ကာ၍။ ကြမ္မာတရား၊ ချဘန်မှုား
လျက်။သုံးဘော်စက်ဝယ်။အက်အက်ကျုဟန်။အပြန်ပြန်လျှင်။ဖန်
တလဲးလဲး။မိဝမ်းထဲ၌။ဆင်းရဲ့လည်းနစ်၊အသစ်သစ်သည်။ ။
လူဖြစ်တရန်မွှားမွှားတည်း။

၃၆။ ပရမာနု။မြေကြီးထုနှင့်။တန္တုလည်းသွေး။ ခန့်တွက်
တွေးသော်။ဆယ်လေးပမာ။မနှိုင်းသာတည့်။ကမ္ဘာကျူးကျော်။
လွှန်လှဥ္စသော်လည်း။မအော်မအမ်း။ ခန္ဓာသွမ်းကား။ပျက်တမ်း
နိယံ။သံပိုင်းခံလျက်။သေစံတည်တည်။တဖြစ်လည်က။တိုင်ချည်
သားထိုး။နွားနှယ်ညှိုးလျက်။လန့်စိုးယုံ့ယုံ့။ ကောင်းကင်အုံ့သို့။
ရှုံ့ရှုံ့ခြေလက်။ လိပ်တွဇက်၍။ အသက်ဦးထိပ်။ ထားလျက်နှိပ်
သည်။ ။သေဆိပ်ကြောက်ကြမ်းနဲ့ရားတည်း။

၃၇။ ဝမ်းထဲးဒုက္ခ၊ ဆယ်လတိုင်တိုင်။ မိန်းမိန်းမှိုင်လည်း။ သက်နိုင်ငင်ယူ။ အသူတရာ။ နက်စွာခလောက်၊ မြေတွင်းချောက်သို့၊ ဦးစောက်ကျုပာန်။ မီးရှူးလွှန်မှ၊ သန်မြန်လှုကိုယ်။ ရှင်လိုလို လျှင်၊ ငြိုငြို ငြင်ငြင်။ တော်ဌားကျင်လည်း။ ရုပ်သွင် အရွယ်၊ ကွေးကွေးငယ်က။ ရွှေရွှေစလျက်။ မကြွသေဆိပ်။ အိုခြင်းနှိပ် သော်။ ကျွန်းထိပ်အင်းတွင်။ ပိုက်စိပ်ငင်သို့၊ နေခြင်မရ။ သေဆုံး ကျသည်၊ ဒုက္ခခံရိုး။ တို့လူမျိုးကား။ ။ညှည်းဆိုးတပေလွှားလွှား တည်း။

၃၈။ အိုမင်းဇရာ၊ အနာနှိပ်နယ်။ သေခါရွယ်၌။ အကာယ် ရွှေတည်း။ ကောင်းမှုနည်းအံ့။ လက်ချည်းသက်သက်။ ပြုတ်ချက် နောင့်စာ။ ရိက္ခာမရှိ။ တိုင်ထိထိုမှ။ တွင်းဆုံးကျသို့။ နောင်တဆယ် ကြိမ်။ စိုးရိမ်ဖန်ဖန်။ ကြောက်ကြိမ်း သန့်လျက်။ ယူပြန်မသာ။ စိုက်ခေါ်ခါလျှင်။ သက်သာသက်လုံ။ ဟော်တုံတုံတည့်။ အာရုံ ယောင်ယမ်း။ နိမိတ်စမ်း၍။ ခပ်နှမ်းထွက်သံ။ တောင်ကြံမြစ်နှုံး၊ မတုံ့မစား။ နတ်ကြောင်းမှားလျက်။ တရားမတည်။ စိတ်မကြည် သော်။ မဆည်နိုင်ပဲ။ ဂတိလဲ၍။ ဆင်းရဲမပြေ။ နှောင်းပြီ့သေ လည်း။ ။တွေဝေဘဖျင့်ဝိုးဝါးတည်း။ ။

(ကျ) ဇာတိဓမ္မောဇရာဓမ္မော။ ဗျာဓိဓမ္မောအဟံတဒါ။ အဇရံအမတံခေမံ။ ပရိယေသိဿာမိနိဗ္ဗုတိံ။ ။

ဇာတိဓမ္မော။ ဖြစ်ခြင်းသဘောသည်။ အဇ္ဇ္ဈိ။ ၏။ ဇရာ ဓမ္မော။ အိုခြင်းသဘောသည်။ အဇ္ဈိ။ ၏။ ဗျာဓိဓမ္မော။ နာခြင်း သဘောသည်။ အဇ္ဈိ။ ၏။ ဝေ၊ ဤသို့ရှိသောကြောင့်။ သော အဟံ။ ထိုငါသည်။ တဒါ။ ထိုသုမေဓာဖြစ်သောအခါ၌။ အဇ ရံ။ အိုခြင်းမရှိသော။ အမတံ၊ သေခြင်းမရှိသော။ ခေမံ။ ငြိမ်း ချမ်းစွာသော။ နိဗ္ဗုတိံ။ နိဗ္ဗာန်ကို။ ပရိယေသိဿာမိ။ ရှာတော့ အံ့။ ဣတိ။ သို့။ စိန္တေသိ။ ကြံပြီ။

၃၉။ ဇာတိဇရာ။ ဗျာဓိနာလျက်။ သေလျာစံတည်။ ငါတို့ သည်လည်း။ ဆံခြည်မလွတ်။ မြေလက်ခတ်သို့။ မချွတ်မလွဲ။ သု

ရမ်းပဲးဖြင့်။ ဘေါက်လဲ့းဤကိုယ်။နာဖျားငြိုလျက်။မဒိုမသေ။မနေရဖြစ်။သေမင်းငြစ်၌။နစ်သားကိုယ်လုံး။ ခွန်ဆက်ရှုံး၍။မဆုံးစတေ။ဖြစ်လေရောရော။အခါခါလျှင်။ရှင်ပါစင်းစင်း။ လွတ်မှုကင်းခဲ့။ ထိုယင်းသေဘေး။ ဝေးလေတုံ့စွာ။ နာဖျားကွာလျက်။ ဇရာမဒို။သေကိုယ်ရုပ်သွင်။ရှင်းရှင်းစင်သား။ချမ်းပင်အမြိုက်။ငြိမ်းရာဘိုက်ကို။ ။ဝိုက်ဝိုက်နှစ်သိမ့်။ရှာလိမ့်ငါ၏ဝမ်းအားတည်း။

(ကေ) ယံနူနိမံ ပုတိ ကာယံ။ နာနာ ကုဏာ ပပူရိတံ။
ဆန္ဒယိတွာနဂစ္ဆေယျံ။အနပေက္ခောအနတ္ထိကော။ ။

အဟံ။ငါသည်။နာနာကုဏာပပူရိတံ။ အထူးထူးသောအပုပ်တို့ဖြင့်ပြည့်သော။ဣမံပုတိကာယံ။ဤပုပ်သောကိုယ်ကို။အနပေက္ခော။ငဲ့ကွက်ခြင်းမရှိသည်ဖြစ်၍။အနတ္ထိကော။အလိုမရှိသည်ဖြစ်၍။ဆန္ဒယိတွာန။စွန့်ပစ်၍။ဂစ္ဆေယျံနူန။ သွားရမူကား။သာ၍။ကောင်းလေစွ။

၄၀။ ဆနဝုတိ။နာရှိန်ထိ၍။ရိရိရှားရှား။တွင်းမိုးစားသား။ခေါင်းပါးခွံမြွေး။ သစ်ထဲးဆွေးသို့။ ငြစ်ကြေးလွှမ်းမိ။ ဤသည်ကိုယ်လည်း။ ထိုထိုမစင်။ ဘင်ကစသည်။အရည်အရိ။တံစီးညှိဖြင့်။ကျိကျိပေါင်းစည်း။ ဗိတ်တည်းချက်နှာ။ အညာသိုထား။ အဝါးလည်းဝင်။တီးပြင်အိုးကျည်း။လံပါးဖျည်းနှင့်။စိုးစည်းမထူး။သရေခ်တူးခဲ့။ ယူးယူးပေါက်ဖွယ်။အိုးအနှုယ်လျှင်။ အကျယ်ရုံးစည်း။လံရှည့်တဦးလျက်။အထဦးတိုင်ငေါ်။ပုပ်တိဩွှခ်ခဲ့။မြေခ်တုံနံ့ဟောင်။ဤအကောင်ကို။ ရွံရှောင်ခွါခွါ။ တပ်ရာမသည်း။ရုံမက်နည်းလျက်။မတည်းမတွ။ပြည်မကျော်ထင်။ သူငင်နေအပ်။သန့်ပြန့်ရပ်သို့။ချည်းကပ်ပါရှောင်း။အကယ်ကောင်းအံ့။ ။ညှိသွှောင်းကိုယ်နံ့မလူးတည်း။

(ကဲ) အတ္ထိဟောဟိတိသောမင်္ဂေါ။ နသောသက္ကာနဟောတုယေ။ ပရိယေသိဿာမိတံမဂ္ဂံ။ ဘဝတော ပရိမုတ္တိယာ။

ယေနမဂ္ဂေန။ အကြင်ကျွဲသိုလ်ဟူသော အကြောင်းဖြင့်၊

ဘဝတော။ဘဝသုံးပါး၌။ ပရိမုတ္တိ။လွတ်ခြင်းသည်။ အတ္တိ။
ရှိသည်။ ဟေဟိတိ။ဖြစ်လတ့်။ သောမင်္ဂေါ။ ထိုကုသိုလ်ဟူ
သော အကြောင်းသည်။ ဟေတုယေ။ တံဟိတ်ဖြစ်ခြင်းငှာ။
ဟောတိ။၏။တေနမင်္ဂေန။ထိုအကြောင်းဖြင့်။ နဘဝိတံ။မဖြစ်
ခြင်းငှါ။နသက္ကာ။ မတတ်ကောင်း။ ဘဝတော။ဘဝ၌။ ပရိ
မုတ္တိယာ။ လွတ်ခြင်းငှာ။ တံမဂ္ဂံ။ ထိုကုသိုလ်ဟူသော အ
ကြောင်းကို။ပရိယေသိဿာမိ။ရှာအံ့။

၄၁။ ဖြစ်ကြိုက်ဖြစ်ကြိုက်။ တဓာစ်နှိုက်လျှင်။ အမှိုက်နှင့်
ဖွဲ့။မီးကျီးခဲ့သို့။မလွဲမကမ်း။နှိင်းတမ်းဆိုဘွယ်။လူတို့ဝယ်၌။အ
ငယ်ကင်းကျဲ။ကမျည်းရှိက။ခပ်သိမ်းစသား။ထိုမျှဗိုလ်ပါ။ သတ္တ
ဝါအား။မီးစါလဥ်းမည်။ကြမ္မာတဥ်လျက်။အစည်အပင်။ပီသည်
ရှင်သည်။ မှန်စင်ရကား။ တသီးခြားဖြင့်။ အသင့်လည်းကောင်း
မဖြစ်ရှောင်းသော်။အကြောင်းတိတ်စွာ။ငြိမ်သက်ရာသည်။ချမ်း
သာတမျိုး။ရှိပါနိုး၏။ ကြိုးကြိုးစါးစါး။ထိုကြောင်းလျှားကို။ အန်
အားမချ။ရှာလို့လသော်။ ။မရမရှိတန်ဘူးတည်း။

၄၂။ အလွန်တင့်ကဲ။မချွတ်လွဲသည်။ဖေါက်လွဲကာကါ
ဖျားနာသေပျောက်။သို့စဥ်လောက်လျှင်။တတောက်ပတ်ပတ်။သံ
သာဝတ်၌။ နက္ခတ်ကြယ်စည်။ စက်အယည်သို့။မဖျည်မတား။
လည်ဖန်များလျက်။ မေ့မှားတုံကာ။မကုတ်ရာခဲ့။ မတာမတွယ်။
ကိုယ်ကိုကယ်၍။နည်းငယ်မဟုတ်။အဖြစ်ယုတ်မှ။ခွါထုတ်ဝေး
စွာ။လွတ်စေငှါလျှင်။ မကြာရှောင်းရှောင်း။ထိုကျင့်ကောင်းကို။
ရကြောင်းရှာလိမ့်။သဒ္ဒါစိမ့်လျက်။ ။နှစ်သိမ့်ညွတ်ညွတ်နူးနူး
တည်း။

(ကော) ယထာပိဒုက္ခေဝိဇ္ဇမာနေ။ သုခံနာမပိဝိဇ္ဇတိ။ ဧဝံ
ဘဝေဝိဇ္ဇမာနေ။ဝိဘဝေါပိ ဣစ္ဆိတဗ္ဗကော။

ဒုက္ခေ။ဆင်းရဲသည်။ဝိဇ္ဇမာနေ။ရှိသည်ရှိသော်။သုခံနာမအပိ။
ချမ်းသာမည်သည်လည်း။ ဝိဇ္ဇတိယထာ။ ရှိသကဲ့သို့။ ဧဝံတ
ထာ။ ထိုအတူ။ ဘဝေ။ဖြစ်ခြင်းသည်။ ဝိဇ္ဇမာနေ။ရှိသည်ရှိ

သော်။ ဝိဘာဝေါ။မဖြစ်ခြင်းသဘောကို။ ဇာန္တ္တိတဗ္ဗကော။အ
လိုရှိအပ်၏။

၄၃။ ဖြစ်နှင့်မဖြစ်။သဘောစစ်လျှင်။လူတွင်နှစ်ကွဲ။ရှိရာမြဲ
သို့။ လှိုင်းလွဲတူဘွယ်။ ထုံးနည်းသွယ်သော်။ဘယ်ကဲ့သို့နည်း။ ပ
မဉ်းပမာ။စာနာ၍တွင်။ ခိုင်းနှိုင်းသင်ဆုံ့။အကြောင်ပုံရာ။လူဗိုလ်ပါ
တို့။ရုံခါလတ်သော်။ဆင်းရဲးမြော်၏။ ထိုရော်ချင်းသင်။သို့ပင်ပင်
တိ။ ဒုက္ခထိလည်း။မရှိလေတုံ။နှောင်းပြည့်ပုံ၏။ ကြိုက်ဆုံတခါ။
ငြိမ်းပြန်ရာသို့။ ကြမ္မာဥပဒ်။မည်မှတ်တရား။ ဘော်နှစ်ပါးလျှင်။
လွှားလွှားသို့စင်။ ဖြင်ပြီးသောကြောင့်။ မနှောင့်မရှက်။ ဆန့်ကျင်
ဘက်ဖြင့်။ပယ်ဖျက်တို့ကို။မလိုခွါခွါ။ဖြစ်မြဲးရာလည်း။ ကြောင်း
ခြာမကျန်။ရှိနိုးတန်၏။ နှစ်ဖန်ဆက်ဆံ။ လောကဓံဖြင့်။မည့်သင်း
ကွဲး။ဖြစ်ခြင်းမြဲးသည်။ဆင်းရဲးချမ်းသာ။ဥပမာကား။ ။များစွာ
မည်သည်မထူးတည်း။

(ကော်) ယထာပိ ဥဇ္ဇောဝိဇ္ဇန္တော။ ပရိဝိဇ္ဇတိသိတလံ။
ဧဝံတိဝိဓဂ္ဂိဝိဇ္ဇန္တော။နိဗ္ဗာနံဇာန္တ္တိတဗ္ဗကံ။

ဥဇ္ဇော။အပူသည်။ဝိဇ္ဇန္တော။ရှိသည်ရှိသော်။ပရံ။တပါးသော။
သိတလံ။အချမ်းသည်။ဝိဇ္ဇတိယထာ။ရှိသကဲ့သို့။ဧဝံတထာ
ထိုအတူ။တိဝိဓဂ္ဂိ။သုံးပါးအပြားရှိသောမီးသည်။ဝိဇ္ဇန္တော။ထင်
ရှားရှိသည်ရှိသော်။ နိဗ္ဗာနံပိ။သုံးပါးအပြားရှိသောမီး၏ငြိမ်း
ရာနိဗ္ဗာန်ကိုလည်း။ဇာန္တ္တိတဗ္ဗကံ။အလိုရှိအပ်ကုန်၏။

၄၄။ ထိုမြို့တုံလျှင်။အကြောင်အကြောင်။၍လူတွင်ခွဲ။ပန်းပင်လောင်
ဆာ။ အရာရာဖြင့်။ရှာရှာဟူးဟူး။ မူးမူးလည်လည်။ ထိုသူသည်
လျှင်။ တလည်လည်းကောင်း။ ရတုပြောင်း၍။ မထောင်းမထာ။
ငြိမ်းပြန်ရာသို့။ နည်းနာတိုင်တမ်း။ အချမ်းအပူ။ဟူစသည်နှယ်။
ကိုယ်သငယ်၌။မပြယ်လေါင်ရှိန်။ထိန်ထိန်တောက်လျက်။သည်း
တွင်းကျက်သား။ရမ္မက်ဒေါသ။ အာဃာတနှင့်။မောဟဟူးဟူး။
ချွဲချွဲနူးသည်။ မီးရှူးသုံးတိုင်။မနိုင်မကန် အလျှံရူရူ။ ဆူပြီ ရကား။
သိ ခြားပူဆ၊မီးငြိမ်းရ-လည်း။ ချမ်းသာတမျိုး။ ရှိတန်နိုး၏။ကျိုး

ကျိုးကျည်ကျည်၊ ရှာဖွေနည်သော်။ ဆံခြည်စိပ်ဖြာ။ ချွတ်ရာမသီး။ မြေသက်တီးသို့။ ။မငြိုးရဘွယ်ရှုံးရှုံးတည်း။

(ကံ) ယထာပိပါပေပိစ္ဆန္တော။ ကလျာဏာမပိပိစ္ဆတိ။ ဇေ၀ံမေဇာတိပိစ္ဆန္တော။ အဇာတိဇ္ဈာန္တုိတဗ္ဗကံ။

ပါပေ။ မကောင်းခြင်းသည်။ ပိစ္ဆန္တော၊ ရှိသည်ရှိသော်။ ကလျာဏံအပိ။ ကောင်းခြင်းသည်လည်း။ ပိစ္ဆတိယထာ။ ရှိသကဲ့သို့။ ဇေ၀ံတထာ။ ယိုအတူ။ မေ။ ငါ့အား။ ဇာတိ။ ဇါတိသည်။ ပိစ္ဆန္တော။ ပိစ္ဆမါနသယ။ ရှိသည်ရှိသော်။ အဇာတိပိ။ ဇါတိ၏ငြိမ်းချမ်းရာ ဖြစ်သော နိဗ္ဗာန် ကိုလည်း။ ဇ္ဈာန္တုိတဗ္ဗကံ။ အလိုရှိအပ်ကုန်၏။

၄၅။ ထိုမြို့တံလျှင်။ အကြွင်လုံးပေါင်း။ ကောင်းမကောင်းသား။ အကြောင်းထိုထို။ အကုသိုလ်နှင့်။ ကုသိုလ်အရတ်။ သဘောဟုတ်လျက်။ အယုတ်အမြတ်။ နှစ်ပါးမှတ်၍။ မချွတ်ဖြင်ညီး။ တင့်တယ်ကြီးလျှင်။ သီးသီးအံ့အာ။ လူတို့ရွာ၌။ မကွာယှဉ်ရုံ။ ထင်ရှားတုံသို့။ စက္ခုံထစ်ထစ်။ ဇာတိခေတ်ဟု။ အဖြစ်ဤကိုယ်။ သို့စဉ်အိုလျှင်။ အလိုကတိုင်း။ မြေနှင့်ခိုင်းလည်း။ မနိုင်းသာယွန်။ လွန်ပြီးရကား။ မုံမွှားဇာတိ။ မရှိလူဖြစ်။ တံထစ်ကဲးကဲး။ ဖောက်လွဲးလည်းကင်း။ သေမင်းစစ်ချီ။ လိုက်မမိ၍။ သွေးသိပမာ။ ကြောင့်ကြစာနှင့်။ စိုးရာမဲ့လျှင်း။ အရပ်မင်းလည်း။ မကာင်းတဆင့်။ ရှိပါသင့်၏။ ဖြစ်နှင့်မဖြစ်။ စင်စစ်တံတိုင်း။ ယုတ်မြတ်ခိုင်းလျက်။ သင့်နိုင်းပညပ်။ နှုန်းကြအပ်သည်။ ။ထက်ကြပ်ခွေးဘော်နှစ်ဦးတည်း။

(ကား) ယထာပိဂူထဂတောပုရိသော။ တဠာကံဒိသွာနပူရိတံ။ နဂဝေသတိတံတဠာကံ။ နဒေါသောနတဠာကဿသော။ ။ဇေ၀ံကိလေသမလဓောဝေ။ ပိစ္ဆန္တော အမတန္တဠေ။ နဂဝေသတိတံတဠာကံ။ နဒေါသောအမတန္တဠေ။

ဂူထဂတော။ မစင် အလိမ်းလိမ်း ကပ်သော၊ ပုရိသော။ ယောကျာ်းသည်။ ပူရိတံ။ ရေဖြင့်ပြည့်သော။ တဠာကံ။ တဘက်ဆည်ကန်ကို။ ဒိသွာ။ မြင်၍။ တံတဠာကံ။ ထိုရေဖြင့်ပြည့်

သောတဘက်ဆည့်ကန်ကို။ နဂဝေသတိ။ သွားခြင်းငှာအလိုမရှိ။ သောဒေါသော။ ထိုအပြစ်သည်။ တဋ္ဌာကဿ။တဘက်ဆည့်ကန်၏။ နဒေါသောယထာ။ အပြစ်မဟုတ်သကဲ့သို့။ဧဝံတထာ။ထိုအတူ။ကိလေသမလဓောဝေ။ကိလေသာတည်းဟူသော အငြစ်အကြေးကို ဆေးလျှော်ရာဖြစ်သော။အမတန္တဠေ။ အမြိုက်နိဗ္ဗာန်တည်းဟူသောတဘက်ဆည့်ကန်ကြီးသည်။ဝိဇ္ဇန္တေ။ရှိပါလျက်။တံတဠာကံ။ထိုအမြိုက်နိဗ္ဗာန်တည်းဟူသော တဘက်ဆည့်ကန်သို့။ နဂဝေသတိ။ သွားခြင်းငှာ အလိုမရှိ။ သော။ ထိုသို့သွားခြင်းငှာ အလိုမရှိခြင်းသည်။အမတန္တဠေ။အမတန္တဠဿ။အမြိုက်နိဗ္ဗာန်ဟူသောတဘက်ဆည့်ကန်၏။နဒေါသော။အပြစ်မဟုတ်။ပုရိသဿေဝ။ယောကျ်ား၏သာလျှင်။ဒေါသော။အပြစ်တည်း။

၄၆။ . အကြင်သမှု။အတန္တ[ကား။ ပြောထုန့်ဟောင်။ ဘင်လယ်ခေါင်၌။ဥဿျှောင်လည်ရစ်။ရင်ရှည့်နစ်သား။သူညစ်စတော။ယောကျ်ားလေသည်။ ရေတိဖျင်ဖျင်။ ကန်ကြီးမြင်လျက်။ ခံမင်ရက်ရက်။ချုံချုံသက်၍။တိတွက်မဆေး။ဖြည်းစွာနှေးအံ့။အတွေးနှစ်ပါး။ယောကျ်ားနှင့်ကန်။ဤသိုဟန်နှိုက်။ချမ်းမြိုက်ဒိုင်မင်း။အပြစ်ကင်း၏။ရှင်းရှင်းချိုးတွန်း။စွန်းစွန်းဖွားဖွား။မဆေးငြားသည်။ယောကျ်ားသူနုပ်။ထိုကျွန်ပုပ်လျှင်။ ရုပ်မှုအပြစ်။ တင်ရာဖြစ်၏။စင်စစ်ဤယင်း။ပမာခင်းသို့။ဘင်တွင်းဟူသဉ်။လူတို့တဏှာ။ကိလေသာ၌။သည်းစွာတည့်လည့်။ လည်ရှည့်မက။တလ္လညစ်ညူး။နစ်ကျုံလူး၍။မှုံးမှုံးမော်မော်။ကိုယ်ဟုခေါ်သား။မသြော်မအမ်း။ခန္ဓာသွမ်းကို။ တက်လျှမ်းပြည့်ဖြိုး။ ပဇ္ဇုန်မိုးလည်း။တန်းခိုးမမျှ။ဧမြကျော်ထန်။မြိုက်ရေကန်ဟု။ ယည်သန်ချမ်းကြည်။ တဘက်ဆည်အား။မှိုးလည်ရှာဖွေ။မဆေးချေအံ့။ မြုံတေနိဗ္ဗာန်။ကန်ကား မိန့်ရေး။ဆိုဘွယ်ဝေး၏။ မရှေးပညာ။ လူချင်းငါဝယ်။ ရောက်လာသစ်သစ်။အာလုပ်လှစ်သည်။ ။အပြစ်တပုံမကြီးတည်း။

(ခ) ယထာအရိဟိပရိရုဠေ္ဝါ။ ဝိဇ္ဇန္တေဂမနေပထေ။ နပ

လာယတိသောပုရိသော။နဒေါသောအဋ္ဌုသဿသော။ ။ ဇေ၀ံကိလေသပရိဂ္ဂုဠ္ဌေါ။ ဝိဇ္ဇမာနေသိ၀ေပထေ။ နဂဝေသ တိတံမဂ္ဂံ။နဒေါသောသိ၀မဋ္ဌုသေ။

အရိယာ၊ ရန်သူတို့သည်။ပရိဂ္ဂုဠ္ဌေါ။ ထက်ဝန်းကျင်ရံအပ်သော။ ပုရိသော။ ယောကျ်ားသည်။ဂမနေ။ပြေးသွားရာဖြစ်သော။ပထေ။လမ်းခရီးသည်။ဝိဇ္ဇနေ္တ။ရှိပါလျက်။ သောပုရိသော။ထိုယောကျ်ားသည်။နပလါယတိ။မပြေးအံ့။သောဒေါသော။ထိုမပြေးခြင်းတည်းဟူသောအပြစ်သည်။အဋ္ဌုသဿ။ခရီး၏။ နဒေါသောယထာ။ အပြစ်မဟုတ်သကဲ့သို့။ ဇေ၀ံတထာ။ထိုအတူ။ ကိလေသမလပရိဂ္ဂုဠ္ဌေါ။ ကိလေသာ တည်းဟူသော ရန်သူသည်ခြံရံအပ်သော။ ပုရိသော။ ယောကျ်ားသည်။ သိ၀ေ။ ကိလေသာတို့၏ ငြိမ်းရာဖြစ်သော။ ပထေ။ နိဗ္ဗာန်တည်းဟူသောခရီးသည်။ ဝိဇ္ဇမာနေ။ ရှိပါလျက်။တံမဂ္ဂံ။ ထိုနိဗ္ဗာန်တည်းဟူသောခရီးကို။ နဂဝေသတိ။ မရှာအံ့။ သောဒေါသော။ ထိုသို့မရှာခြင်းဟူသော အပြစ်သည်။ သိ၀အဋ္ဌုသေ။သိ၀အဋ္ဌုသဿ။ နိဗ္ဗာန်တည်းဟူသောခရီး၏။နဒေါသော။ အပြစ်မဟုတ်။ ပုရိသဿေ၀။ ယောကျ်ား၏သာလျှင်။ဒေါသော။အပြစ်တည်း။

၄၇။ အကြင်သရော်။ တထွေသော်တုံ။ ဘော်ထွော်မနီး။ မောသောဆီးသား။ခရီးတော၀။ ကန္တာရ၌။ ဖြဖြအုံအုံ။ရံလေတုံလည်း။ခွဆုံလမ်းလွဲ။တဖြာကွဲ၍။ဖဲခွဲချန်ကျော်။ကျောင်းတော်ဖိုင်ဖိုင်။တောင်ကိုင်ပြေးကန်။လွတ်နိုင်တန်လျက်။မလွန်လေပဲ။လွဲလွဲ့ကိုယ်တူ။မှိုင်ချေဦးအံ့။ နမူးနထူး။ခိုးသားပူးသော်။သူရူးအသွင်။ယောကျ်ားဘင်နှင့်။ ဘေးစင်လမ်းကြီး။ခရီးဖြင့်အား။၍နှစ်ပါး၌။ ပြစ်မှားတင်ဌာ။ ခရီးသာ၀ယ်။ အငယ်မြူယှဉ်။မရှိလေထွန်း။မပြေးလွန်သား။ ထိုကျွန်သူရုပ်။ ယောကျ်ားသွပ်၌။ ကြပ်ကြပ်ဝါဒ်။ညီ၍ဆိုမြည်။တင်တန်သည်ကား။ ။ထူးတည်ချွတ်ရာမသီးတည်း။

၄၀။ ထို၏သဖွယ်။ကိုယ်ဝယ်လုံခြုံ။လူတို့သုံ၍။ခွဆုံခိုးသူ။ မောသောဟူလည်း။မတူလှ၍ငြား။ဆဲ့ခြော်ပါးသား။ စိမ်းစားသူ ခတ်။ဥပဒ္ဒဝေါ၊ တောဇ၏အလယ်။တိတ်တိတ်ကွယ်၍။ နှစ်ဆယ် ငါးပါး။ ဆိုးဆတားလျက်။ အနှံအားထောင်ထောင်။ ဘေးကုန် အောင်တည့်။ အပြောင်ညီစွာ။ရှိသောခါ၌။အရိယာသူဟောင်း။ သွားတုံ့ရှောင်း၍။လမ်းကြောင်းသါထွန်း။တွင်လှမှန်သါး။ရှစ်တန် မဂ္ဂင်။ခရီးထင်သို့။ဖင်ဖင်မလိုက်။မသွားပိုက်၍။အရိုက်တလိုင်း။ အဖြစ်တိုင်းလျှင်။ခိုင်းသည်ဆင်းရဲ။ကိုယ်၌မြဲ၏။ နှစ်ကွဲး၍တွင်။ စိစစ်ကျင်သော်။မဂ္ဂင်ရှစ်မည်။ ခရီးရှည်၌။ မည့်သည်အဖြစ်။မ တင်ဖြစ်ခဲ့။နောက်နစ်တဖန်။ရောက်လတ်ပြန်သည်။ ။ဝန်ကား တို့ဘို့ဟုတ်မြို့ငယ်ငယ်ကြီးကြီးတည်း။

(ခါ) ယထာ ဗျာဓိဂတော ပုရိသော။ ဝိဇ္ဇမာနေတိကိစ္ဆ ကေ။နတိကိစ္ဆာပေတိတံဗျာဓိံ။ နဒေါသောတိကိစ္ဆကေ။ ။ ဇေံကိလေသဗျာဓိဟိ။ဒုက္ခိတောပရိမိဋ္ဌိတော။နဂဝေသတိတံ အာစရိယံ။ နသောဒေါသောဝိနာယကော။

ဗျာဓိဂတော။အနာနှိပ်စက်သော။ ပုရိသော။ယောကျ်ား သည်။တိကိစ္ဆကေ။ ဆေးသမားသည်။ ဝိဇ္ဇမာနေ။ရှိလျက်။ တံဗျာဓိံ။ ထိုအနာကို။ နတိကိစ္ဆာပေတိ။ ဆေးမကုစေအံ့။ သောဒေါသော။ ထိုဆေးမကုစေခြင်းတည်းဟူသောအဖြစ် သည်။ တိကိစ္ဆကေ။ တိကိစ္ဆကဿ။ ဆေးသမား၏။နဒေါ သောယထာ။ အပြစ်မဟုတ်သကဲ့သို့။ ဇေံတထာ။ထိုအတူ။ ကိလေသဗျာဓိဟိ။ကိလေသာတည်းဟူသောအနာတို့သည်။ ပရိပိဋ္ဌိတော။ နှိပ်စက်အပ်သည်ဖြစ်၍။ ဒုက္ခိတော။ ဆင်းရဲ သောကိုယ်ရှိသော။ ပုရိသော။ယောကျ်ားသည်။ တံအာစရိ ယံ။ထိုဆေးသမားနှင့်တူသောဆုံးမတတ်သောဆရာကို။နဂ ဝေသတိ။ မရှာအံ့။ သောဒေါ သော။ ထိုမရှာသော အဖြစ် သည်။ဝိနာယကေ။ဝိနာယကဿ။ ဆေးသမားနှင့်တူသော ဆုံးမတတ်သော ဆရာ၏။ နဒေါသော။အပြစ်မဟုတ်။ ပုရိ

သသေဿဝ ။ယောကျ်ား၏သာလျှင်။ဒေါသော။အဖြစ်တည်း။
ဋ္ဌတိ။သို့။ဝိန္တေသိ။ကြံ၏။

၄၉။ တထွေတုံလျှင်။ အကြွင်တုံလည်း။ကြိုကြိုလှိုလှို။တိ တိမျှော့မျှော့။ဖျော့တော့ထွေငေါ်။ ဖက်ရော်အတူ။ကြံသသူနှင့်။ နူပြုလည်းတည်၊ အနာသည်လျှင်။ လည်လည်မှိုးမှိုး။ကြံစည်သိး လျှာက်။ပြိုးစိုးမန္တန်။တတ်ပွန်ဓော်ဂီ။တပသီနှင့်။ဗါဟီဗေဒင်။သိမြင် ကျယ်ရှောင်း။သမားကောင်းတိ။တည်းလည်းရှိလျှာက်။ ကြိုက်မိ သောခါ။မကြာတိုက်တွန်း။ ဆေးဝါးမန်း၍။ အပန်းကြီးမှု။ မကု လိုက်ပဲ။ ခါမြင့်မြဲးသော်။ ပေါက်ပြဲးရုတ်ထွင်း။ သေဘေးပြင်း လျှာက်။ ထိုယင်း အနာ။ သည်း လေ ရာ၏။ ကြမ္မာ လည်းထူ။ ယောကျာ နူနှင့်။သက်ကူဓော်ဂီ။နှစ်ပါး၍တွင်။ ဗာဟိတင်ရေး။ ဝေးသည်ပင်ကို။ဝိဇ္ဇာဓိုရ်နိုက်။အမိုက်ရှင်းရှင်း။ ရိဖျင်းကင်း၏။ ထိုယင်းသူလောင်။အနာလှောင်အား။ ။ပြစ်များကြီးနှယ်လည်း ခွေတည်း။ ။

၅၀။ ထို၏ပမာ။ အဝိဇ္ဇာနှင့်။ တဏှာတာရှည်။ နူနာတည် သား။သုံးမည်လူတွင်။အနာပင်ကို။ မကြွင်နှစ်ဆစ်။နင့်မှုဌစ်ဟု။ အပြစ်ကင်းစေ။လွတ်စနေဖြင့်။ ဆေးသေဆေးကျောက်။မဂ်ရည် သောက်က။ ရှင်မြောက်လန်းလန်း။ ကျန်းအောင်တတ်ပွန်။ ရှေး လွန်ဆရာ။ အရိယာဟု။ ဝိဇ္ဇာဓိုရ်ရ၊ ထိုမျှသီးသီး။ နေနှယ်ညီး လည်း။ အောင့်အိုးလုံးကြည်း။ သည်းညည်းခံကာ။ အနာကိုယ် ပြည့်။ ဖြစ်ကြလှည့်လျှာက်။ လည့်လည့်သာမျှ။ မေ့လျော့ကြ၍။ ကုသလွတ်ကြောင်း။ကောင်းသားတရား။ ကြားပေအတိး။သွား ကြိးကို။ရှာမှိုးတင်းနာ။ဝေးလံစွာခဲ့။ အရာနှစ်တည်။၍ဆိုသည်ဌ။ အရှည်နိစ္စ။ဆုံးမပေးတန်။ဆရာမွန်ကား။ ဆိုဟာန်တိမ်းတင်။ ရှင်း ရှင်းစင်၏။ မိတ်ဝင်ကြောင်းကြောင်း။ ပြမ်းဆေး လောင်း၍။ ပူး ပေါင်းတုံဝပ်။အကျိုးနပ်ကို။မကပ်ဆည်းမိ။အပြစ်တိကား။ ။ရှိ သည်သူငါတို့ပေတည်း။ ။

(၁) ယထာပိကုဏာပံပုရိသော။ကဍ္ဍောဗန္ဓံဖိကုန္တံယိ။

မောစယိတ္တာနဂန္ဓေယျ၊သုခသေရိသယံဝသိ။ ။တထေဝိမံပုတိကာယံ။နာနာကုဏပပုရိတံ၊ဆန္ဒယိတ္တာနဂန္ဓေယျ၊အနပေက္ခာအနုတ္ထိကော။

မဏ္ဍနဇာတိကော။ တန်းဆာဆင်တတ်သောသဘောရှိသော။ပုရိသော။ ယောက်ျားသည်၊ ကဏ္ဍေ။လည်၌။ ဗန္ဓံ။ဖွဲ့အပ်သော။ဇိကုဏ္ဍိယံ။စက်ဆုပ်ဘွယ်ရှိသော။ကုဏပံ။အကောင်ပုပ်ကို။သုခသေရိ၊ ချမ်းသာစွာနေလိုသည်ဖြစ်၍။သယံဝသိ။ မိမိအလိုရှိတိုင်းနေလိုသည်ဖြစ်၍။ မောစယိတ္တာ။ဖြေ၍။ဂန္ဓေယျ၊ယထာ။သွားသကဲ့သို့။ တထေဝ။ ထိုအတူလျှင်။နာနာကုဏပပုရိတံ။ အထူးထူးသောအပုပ်တို့ဖြင့်ပြည့်သော။ ဣမံပုတိကာယံ။ ဤအကောင်ပုပ်ကို။ ဆန္ဒယိတ္တာ။စွန့်ပစ်၍။အနပေက္ခာ။ငဲ့ကွက်ခြင်းမရှိသည်ဖြစ်၍။ အနုတ္ထိကော။အလိုမရှိသည်ဖြစ်၍။ဂန္ဓေယျံ။သွားရအံ့။

၅၁။ ထိုမြို့တုံလျှင်။ ပုံပြင်တခါ။ ပမာမည်သည်။ ရှာဖွေနည်အံ့။သွေးပြည်ကျိကျိ။အရိခွဲးခွဲး။ လဥ်ဝယ်ဆွဲးသား။လွဲးလွဲးချည့်နှောင်။ အပုပ်ကောင်ကို။ ဟောင်ဟောင်ကြူကြူ။ မရှုသက်ဖိတ်။လောက်ဘိတ်လောက်ဘက်။ ညိတ်ညိတ်ထွက်၍။ ရွက်လတုံကျင်။ ဆင်းရဲးမြင်သော်။ အကြင်သရော်။ ယောက်ျားတော်လည်း။လူဘော်တို့ဝယ်။အကယ်ကယ်လျှင်။များကြွယ်သေါအား။ကြိုးကြားရုံရာ။ ရှိတန်ပါ၏။ ယုတ်မာ ကောင်းချီ။ ယောက်ျားညီကား။ ထိုဤမတွေး။ ပစ်၍ပြေးမှ။ ဧွးဧွးတဖန်။ သက်လုံပြန်လျှက်။ကိုယ်တန်ချမ်းသါ။နေရရာသို့။ပမာတိုင်တည်း။ထို့၏နည်းလျှင်။ငါစင်သသူ။ပညာထူလည်း။ ဦဦစော်စော်။ သရော်တည့်ဝင်။ ကိုယ်မစင်၌။ ဆံမျှင်မြူရှိ။ မငြိတတ။ မရှိမှတည့်။ ပြည်မကြောင်းတော်။သွားရေးပေါ်အံ့။ ။ညီစော်ကိုယ်နှင့်သင်းကွဲးတည်း။

(ခ) ယထာဥစ္စာရဋ္ဌာနမှိ၊ ကရိသံနရနာရိယော၊ ဆန္ဒယိတ္တာနဂစ္ဆန္တိ၊အနပေက္ခာအနုတ္ထိကာ၊ ။ဧဝမေဝဏ္ဍမံကာယံ။

နာနာကုဏပပုရိတံ။ ဆန္နယိတွာ နဂစ္ဆေယျ။ ဝစ္စံကတွာယ ထာကုဋိ။

နရနာရိယော။ယောကျ်ားမိန်းမတို့သည်။ ဥစ္စာရဋ္ဌာနမှ။ ကျင်ကြီးသွားရာ၌၊ ကရိသံ။ ကျင်ကြီးကို။ဆန္နယိတွာန။စွန့်ကုန်၍၊ အနပေက္ခာ။ ငဲ့ကွက်ခြင်းကင်း ကုန်သည် ဖြစ်၍။ အနတ္ထိကာ။ အလိုမရှိကုန်သည်ဖြစ်၍။ဂစ္ဆန္တိယထာ။ သွားကုန်သကဲ့သို့။ဧဝမေဝ။ ဤအတူလျှင်။အဟံ။ငါသည်။ဝစ္စံ။ ကျင်ကြီးကို။ကတွာ။၍။ကုဋို။ကျင်ကြီးအိမ်ကို။ဆန္နယိတွာန။စွန့်ကုန်၍။ဂစ္ဆန္တိယထာ။သွားကုန်သကဲ့သို့။နာနာကုဏပပုရိတံ။အထူးထူးသောအပုပ်တို့ဖြင့်ပြည့်သော။ဣမံကာယံ။ ဤခန္ဓာကိုယ်ကို။ဆန္နယိတွာန။စွန့်ပစ်၍၊ ဂစ္ဆိဿံ။သွားရအံ့။

၅၂။ ထိုမြို့ဟာထူး။ဆိုတုံဦးအံ့။ငြစ်ငြူးရွားစ။ တလွှရုံရှာ၊ ရေအိမ်မှာ၌။လာလာသသူ။ဦးဖြူဦးနက်။ ကိုယ်လက်သုတ်သင်၊ ထွက်ဝင်တစ်။မသိမကြား။ စွန့်၍သွားသည်။ ယောကျ်ားမိန်းမ နောက်ငဲ့မှုလျှင်။တတ တဖန်။မရှိပြန်သို့။တသွန်ခြင်းရာ။ဤခန္ဓာ လည်း။ကြောင်းခြာတပြေး။တူဘိမွေး၏။အရေးအလျောက်။ သ ဘောထောက်သော်။ ညှိုငြောက်နံစော်။ ရေအိမ်သော်လည်း။ အခါဘဏီ။နှိုင်းသွေးသိ၍။မငိကန်နှဲ။ကိုယ်တခုကို။ ကြည့်ရှုချေ မှူ။ရေအိမ်ဟူလည်း။ မတူလှည့်နိုး။သည်ထက်ဆိုး၏။ ပုပ်သိုးမ စင်။ဘင်တီးပြင်နှင့်။နှိုင်းခြင်မရော။မလွှာယုကျုန်း။ ညာထွန်းအမွန်။ သရက္ခန်ဟု။ကျော်တန်ဂိဝါ။ နံ့သာအလုံး။အတုံးတုံးတိ။တောင် ရှိရှိလျှင်။မိမိရမ်းရမ်း။လိမ်းကျံမွမ်းလည်း။ထဲးဒှမ်းညှိစေး။ စင်မှု ဝေးခဲ့။ငြစ်ကြေးထူစွာ။ဤခန္ဓာကို။တွယ်တာမရှု။စင်ကြောင်းပြု အံ့။ ဂရုကတ။ လေးပင်လှလျက်။ မျှားစွဲ့မလေး။ အစင်ဆေး သော်။ ။အရေးငါ၌မခဲးတည်း။

(၃) ယထာပိဇဇ္ဇရံနာဝံ။ပလုဂ္ဂံဥဒကဂါဟိနံ။ ဆန္နယိတွာ နဂစ္ဆန္တိ။အနပေက္ခာအနတ္ထိကာ။ ။ဧဝမေဝါဟံဣမံကာ

ယံ။ နဝသိဒ္ဒ ရုဝသဝံ။ ဆန္ဒယိတွာနဂစ္ဆိသိ။ ဖိဏ္ဏာနာဝံဝ သာမိကာ။

သာမိကာ။ လှေအရှင်တို့သည်။ ဇမ္ဗူရံ၊ ဆွေး မြည့်ပြီးထ သော။ ပလုဂ္ဂံ။ပျက်စီးပြီးထသော။ဥဒကဂါဟိနံ။ရေတဖျင်း ဖျင်းယိုထသော။နာဝံ။ လှေကို၊ဆန္ဒယိတွာန။စွန့်ကုန်၍။ အန ပေက္ခာ။ရောက်ခြင်းကင်းကုန်သည်ဖြစ်၍။အနတ္ထိကာ။အလို မရှိကုန်သည်ဖြစ်၍။ဂစ္ဆန္တိယထာ။သွားကုန်သကဲ့သို့။ဧဝမေ ဝ။ဤအတူလျှင်။နဝသိဒ္ဒ ။ကိုးပါးသောအပေါက်လည်းရှိထ သော။ရုဝသဝံ။အခါခပ်သိမ်းမဲ့ယိုသောမစင်ရှိထသော။ဣမံ ကာယံ။ ဤခန္ဓာကိုယ်ကို။ သာမိကာ။ လှေအရှင်တို့သည်။ ဖိဏ္ဏာနာဝံ။ဆွေးမြည့်ပြီးသောလှေကို။ ဆန္ဒယိတွာန။ စွန့်ကုန် ၍၊ ဂစ္ဆန္တိယထာ။ သွားကုန်သကဲ့သို့၊ ဆန္ဒယိတွာန၊ စွန့်၍။ ဂစ္ဆိသိ။သွားအံ့။

၅၃။ တထွေနိုင်းရှု။ ထုံးတချဖြင့်။ တူလု လျှောလျှော။ ဖြန့်မ်၍ပေါ်အံ့။သဘော်ထိန်းစိုး။ရေတရိုး၌။အဘိုးခစား။လှေသ မား‌သည်။ဦးဖျားဝမ်းလိုင်။နံ့ကိုင်သလင်း။ စပ်ကွင်းမင်ဘာ။ အခ ဖြာဖြာလျှင်။ ကွာကဲ့ သံချွန်း။ မျှော့ပန်း မကပ်၊ ပျည်စပ်ငပ်ငါး။ ထေးဖါငြားလည်း။မျှားမျှားမအပ်။ရိပ္ပပ်စွာပြီး။ မစီးနင်းကောင်း။ ဆိုးရွားဟောင်း၍။သရောင်းသွင်းသွင်။ကမ်းမေးတင်သါး။ပြုပြင် နှောင့်နှေး။လှေယိုဆွေးအား။ဦးလေးတင်ဝန်။စွန့်ခဲ့ဟန်သို့။ တသွန် နည်းခိုင်း။ထိုအနိုင်းလျှင်။ နေ့တိုင်းပုပ်လှ။ ကိုးပါးဝမှ။ ကျတုံအ ဓမ်း။ စမ်းနှယ် လည်းယို။ ဥဒဟိုတည့်။ ထိုထိုမစင်။ ဘင်ကစ သည်။ အရည်အရိ။ တံစီးညှိတွင်း။အိုင်ကျင်းကမ်းဓမ်း။ပြည့် သည်စမ်းသို့။ ထွက်လျှမ်း ဖြင်ညီး။ ညစ်ကျို စီးသား။ ညှီကြီးနံ့ ဟောင်။အပုပ်ကောင်ကို။စင်အောင်သန့်သန့်။လိုလွှန့်ကွန့်အံ့။ ။ အခွန့်မရှည်စေပဲးတည်း။

(ရု) ယထာပုရိသောစောရေဟိ။ ဂစ္ဆန္တော ဘဏ္ဍမာဒါယ။ ဘဏ္ဍစ္ဆေဒဘယံဒိသွါ၊ဆန္ဒယိတွါနဂစ္ဆတိ။ ။ဧဝမေဝအယံ

ကာယော။ မဟာစောရသမောဝိယာ။ ပဟာယမိမံ ဂမိဿာမိ။ ကုသလစ္ဆေဒနဘယာ။

ဘဏ္ဍာ၊ ဥစ္စာကို။ အာဒါယ။ ယူ၍။ စောရေဟိ။ ခိုးသူတို့နှင့်။ သဒ္ဓိံ။ တကွ။ ဂစ္ဆန္တော။ သွားသော။ ပုရိသော။ ယောကျ်ားသည်။ ဘဏ္ဍစ္ဆေဒဘယံ။ ဥစ္စာပျက်စီးအံ့သောဘေးကို။ ဒိသွာ။ မြင်၍။ တေစောရေ။ ထိုခိုးသူတို့ကို။ ဆန္ဒယိတွာန။ စွန့်ပစ်ခဲ့၍။ ဂစ္ဆတိယထာ။ သွားသကဲ့သို့။ ဧဝမေဝ။ ဤအတူလျှင်။ အယံကာယော။ ဤကိုယ်သည်။ ယသ္မာ။ အကြင်ကြောင့်။ ကုသလစ္ဆေဒနဘယာ။ ကုသိုလ်တရားတည်းဟူသောသူတော်ဥစ္စာကိုလုယက်ဖျက်စီးတတ်သောဘေးကိုပြုတတ်သည်ဖြစ်၍။ မဟာစောရသမောဝိယာ။ ခိုးသူကြီးကဲ့သို့တည်း။ တသ္မာ။ ထိုကြောင့်။ ဣမံကာယံ။ ဤခိုးသူကြီးနှင့်တူသောကိုယ်ကို။ ပဟာယ။ စွန့်၍။ အစ္စန္တေ။ မိမိ၏။ သောတ္ထိဘာဝကရံ။ ချမ်းသာသည်၏အဖြစ်ကိုပြုတတ်သော။ မဂ္ဂံ။ မဂ်ကို။ ဂဝေသိတုံ။ ရှာခြင်းငှါ။ ဂမိဿာမိ။ သွားအံ့။ ဣတိ။ သို့။ စိန္တေသိ။ ကြံ၏။

၅၄။ ထိုမှတုံလျှင်။' အကြင်ဘွယ်ရာ။ ဥပမာကား။ ဥစ္စာသိမ်းဆည်း။ ကိုယ်ချည်းတခု။ ပုလုလည်ဝယ်။ ထုပ်ပိုးလွယ်၍။ ဥပယ်တမျည်။ ပညာညည်ဖြင့်။ မယှည်ရိပ်ခြည်။ လက်သည်သလွန်း။ သူမှန်းဈေးဦး။ မသိဘူး၍။ ရပ်ထူးခရီး။ သွားဘက်မှီးသော်။ စီးစီးနင်းနင်း။ ထိုယင်းလွယ်ရာ။ ပါသဥ္စခပ်သိမ်း။ ရရုံမြိမ်းလျက်။ ကြမ်းအောင်းရစ်ဝဲ။ ခိုးစည်းလဲးတို့။ မဲးလတ် သရော်။ မလိုက်တော်သည်။ သွားဘော်ငါနှင့်။ မည်မသင့်ဟု။ လေလွင့်အသွင်။ ငှက်နှယ်လျင်လျက်။ လွတ်ချင်မရှူး။ မိမူးမူး၍။ မပူးကိုယ်တိုင်။ ခွါထွက်နိုင်သည်။ ကြံခိုင်တုံစား။ ယောကျ်ားလားသို့။ တည်ကြားဖြောင့်စွာ။ သဒ္ဓါသိတင်း။ အရင်းနှစ်ခု။ ရှာကြောက်မှုနှင့်။ ဗဟုသစ္စ။ စာဂပညာ။ ရတနာဟု။ ဥစ္စာအကျော်။ ခုနစ် ဘော်ကို။ သူတော်အမျိုး။ ရအောင်ကြိုးလည်း။ ကိုယ်ခိုးဤယင်း။ အယွင်းယွင်းလျှင်။ ရှင်းရှင်းကုန်စေ။ အထွေထွေတည့်။ ရှုချေလောကီ။

ရမွှက်ညှိဖြင့်။သင့်စေကာကာ။ပါယ်လေးရွှာသို့။ နာနာသိပ်ဖြဉ့်။ ပစ်ချထည့်သဉ်။ကိုယ်၏ သဘော။ချွေချွေလျှောလျှက်။ နှမြောမဲ့ ပါ။သူတော်ငါကို။ ရံခါမစဲ။ပျက်လေမြဲဟု။မလွှဲထွေငေါ်။ ကြံဆသော်လျှင်။သွါးတော်ဂြမ္ဘါး။ခိုးသူလားသို့။ပစ်သါးစတေ။မှတ် သိလေမှ။ရုပ်ကာယဟု။စောရမဉ်သါး။လက်သည်မပြု။ ရန်သူ မလာ။ အောင်မြေချာဖြင့်။ဒီပါမေါယွန်း။ နိဗ္ဗာန်ကျွန်းသို့။ စွန်းစွန်း သွားလိမ့်။ ။ရှောင်ရှားလက်လွှတ်သင်းကွဲးတည်း။

နိဗ္ဗိန္ဒစိန္တာခန်းပိုဒ်ရေ ၂၄ ပြီး၏။

---

၅။ ဓနပရိစာဂခန်း။

(ခ) ဇေါ်ဟံစိန္တယိတ္တွာန။အနေကကောဋိသတံဓနံ။နာ ထာနာထာနံ ဒတွာန။ဟိမဝန္တမုပါဂမိ။

သဒ္ဓရိပုတ္တ။ ချစ်သားသာရိပုတ္တရာ။ ဇေ။ ဤသို့။ အဟံ။ငါ သည်။စိန္တယိတွာန။ကြံပြီး၍။အနေကကောဋိသတံ။ ကုဋေ အ ရာမကသော။ ဓနံ။ ဥစ္စာကို။နာထာနာထာနံ။ ကိုးကွယ်ရာရှိ သောသူ ကိုးကွယ်ရာမရှိသောသူတို့အား။ဒတွာန။ပေးပြီး၍။ ဟိမဝန္တံ။ဟိမဝန္တာသို့။ဥပါဂမိ။ကပ်လေ၏။

၅၅။ တဆဲ့တပါး။လူ၌ပြားသား။မီးပွားရှည်ရှည်။ဟူးဟူး လျှည့်သော်။နှေးပြည်မပြင်း။ဆယ်ချပ်လျှင်း၍။ဟောင်းမြင်းဆဉ်း ဆူ။ကုသိုလ်ဟုသား။အလှူရတနာ။ရှေးကဌါဖြင့်။လောင်စာမရှိ။ မီးမငြိသည်။ သိရိစည်းစိမ်။နိဗ္ဗာန်အိမ်ကို။ချမ်းငြိမ်စမွှာယ်။နေ အံ့ရွှယ်လျှက်။ ဖလှယ်ကုန်ကြီး။ ဝယ်ခဲ့ပြီးလည်း။ ခရီးကြောင်း လျှား။ စည်းဝါးမသိ။ ချွတ်လိနှိုးနှိုး။ ငါရှေးရိုးမှ။ ဝံ့တိုးချင်းနင်း။ သွားတိုင်းလင်းလျှက်။ သိတင်း ကျင့်ဝတ်။ ပဋိ ပတ်ကို။ ဆွတ် ဆွတ်ခင်သင်။ ဖြည့်ကျို ထင်သည်။ တောင်တင်ညာထား။ငါချစ် သား။ ။ဖြစ်သားကောင်းတော။မှတ်ကုန်လေလော့။သဒ္ဓေလေး ထပ်။ဘဝစပ်ဖြင့်။သိန်းကပ်ကျူးကျော်။ညာထွန်းပေါ်သည်။ထို

ရော်အခါ။သုမေဓာဟု။ငါတုံလည်းကောင်း။အလောင်းဖြစ်သေး။ လုလင် ထွေးကား၊ မိုက်မြွေမြူတိ။ ရမ္မက် ရှိသား။ ဝိစိကိစ္ဆာ၊ သက်ာ လည်းရည်။ ပုထုဇည်အား။ တရားနိဗ္ဗာန်။ မမြင်တန်၍။ သန္တိဓာန်ကျကျ။မချဝံ့ပဲ။ ဤသို့လွဲလျက်။ ခပ်ဝဲနည်းသွေး။ အရေးရေးတိ။ ကုလေးကုလား။ အပြားပြားလျှင်။ သောကားပီပီ။ သနိသနဲ။ ကြံနိုက်နှုးလျက်။ခွဲးခွဲးခြမ်းခြမ်း။ငါ၏ဝမ်းနိုက်။ နှလုံးပိုက်ဖြင့်။ ။ပိုက်ပိုက်စာနာမိသတည်း။

၁၆။ ဆဲ့ခြောက်သင်္ချေ။ကပ်လုံးကြေ၍။ လူ့ဆွေမြတ်မွန်။ အဖန်ဖန်လျှင်။နိဗ္ဗာန်ပျော်မိန်း။အသိန်းသိန်းတိ။ ရွှင်ပိန်းပညာ။ပွင့်သောခါက။ဆိုရာမသိး၊ လုံ့လမှိုးလျက်။မှုကြီးလုပ်ကြံ၊ သူမြတ်ထံ၌။ အကမ္ဘာဘာ။ လေ့လာစွာလျှင်။ ပြည်သာပဝရိ။ ရှိမှန်းသိလည်း။ဇာတိပြိုကွဲး။ဘဝလဲ့းက။မေ့မြိးသမှု။တဖန်ရှု၍။ကျွတ်ဆုညွှန်ညွှန်။မြိုက်နိဗ္ဗာန်ကို။အဟာန်သာမျှ။ပိုးဝါးဆလျက်။ ချက်ကျစပ်စပ်။ ဆိုအပ်မဖြစ်။ မြင်တစ်တစ်ဖြင့်၊ ဝိစစ်ထင်ပြ့ိ။ မသာခဲ့တည့်။မဟဲ့မရှိ။ရပ်သိရိအား။အထွီထွေငေါ်။နက်စံဘော်၍။ ။အရော်ငါဖမ်းမိသတည်း။

၁၇။ ဆယ်လံအစောက်။ ရေထဲးအောက်သို့။ ထုတ်ချော်ရပ်ရပ်။ရုံးရုံးငုပ်၍။စမ်းချပ်သရော်။သူပေါ် ဝိမ်းစား။တငါသားလျှင်။ လည့်ကျားသုံးရစ်။ မည်းချစ်ရင်ပြောက်။ ရေမြွေဟောံကို။လန့်ကြောက်မရှိ။ငါးဟုမိ၍။လည်စိကိုင်ဆုပ်။ ဝမ်းသာရုပ်ဖြင့်။သူနှုပ်ကျွန်လျော်။ ကြည့်လျက်ပေါ်သော်။ မြော်ကတုံးတုံး။ အလုဆုံးဟု။ နှလုံးမဆံ့။ရင်တီးအံ့သို့။သိန္နံ့ပညာ၊ ထိုရော်ငါလည်း။ပမါဤတူ။စည်းစိမ်ထူ၍။ရိပ်ပူမထိ။ချမ်းသါရှိလျက်။သတိမြင်ကျယ်။ သူတော်နွယ်ကို၊ ယိုးမယ်မဲ့လျှင်း။အချင်းစစ်ဖွေ။ကြံတုံချေက။ မွေးရေခပင်း။ နှလုံးတွင်း၌။ သားညှာင်းအသွင်၊ မိုးဝယ်ကင်သို့။ပိတ်ပင်မပြန့်။ရှုံးရှုံးတွန့်လျက်။ ကြောက်လန့်ထိတ်ဗွာ..ဘောင်သုံ ရှာတွင်၊ဝါပါလည်းလော့င်၊လူ့ဘ်ဘောင်ကား။ ။ပြောင်ပြောင်ငါ့အားငြိသတည်း။

၅၈။ ကြိုလေကြိုလေ။မှိုတိုင်းဖွေသော်။အထွေအပြား။ဝန်း
လျားသမှု။ အတန္တုအား။ ကျွတ်လုခါနီး။ ရဟန်းကြီးလျှင်။ သုံး
သီးလောက။ချမ်းသာဝဋ္ဋ။မြူမျှမထင်။နှလုံးဖင်သို့။မျိုးစင်ရှေးလွန်
စာရင်းကန်ကို။သူမွန်မှုဆော်။ဖတ်လတ်သော်လျှင်။ကြောက်ငေါ်
လန့်စ။ကြွမ်းကြွမ်းထလျက်။ဥပနိဿရည်း။ရခြင်းသည့်၍။ကျိုး
မည်းကန်ဆိုး။ရေယည်ရိုးဝယ်။ ပုပ်သိုးဆင်ကောင်။ စားသော
ယောင်သို့။ တဘောင်လည်လည်။အောက်လေးမည်တွင်။ ချွတ်
သည်မရှိ။ ကျကုန်ဘိဟု။သိမှိအဝါး။လူအလားကို။ နားပါးလည်
လှ။သံဝေဂဖြင့်။ သာရပင်စည်။ကောင်းမှုမည်ဘား။ကြည်ဘွယ်
မဲ့လျှင်း။ပမာခင်းအံ့။ကြွင်းဘွယ်မရှိ။သိန္နံ့ မြင့်ကြည်။ စံတည်အ
လှူ။ယူအံ့သော၌။ မျက်နှာရှစ်ရပ်။ ရေမြေကွပ်သား။ အရပ်သ
နင်း။မင်းတို့ဥစ္စာ။ရွာဝယ်တည်က။မည့်ပေထဟု။ ဘွယ်ရာရှု၍။
စိုးပြုထိုတွင်၊ ပြည်ကြီးရှင်အား။တိုင်ကြားချေပြီး။ မြေကြီးကြည်း
ငေါ်၊လှူစည်ဆော်သည်။ ။သံကျော်မိုးရပ်ထိသတည်း။

၅၉။ အသက်ရှည်ကျိုး။ရှစ်ပါးမျိုးအား။မြတ်နိုးတနာ။သိပ်
သည်းစွာသည်။ခန္ဓါရုပ။ဤကာယ၏။လေးဆကောင်းစစ်။ကိုယ်
အနှုက်နှင့်။တဖြစ်တခါ။ရဝေးလာသည်။ခန္ဓါအမျိုး။အမှိုက်ဆိုး၌။ပု
ဆိုးရလျား။အနှစ်ပွားသား။ဆယ်ပါးဝတ္ထု။လှူဆယ်ခုကို။ဂရုက
တ။လေးဖင့်လှလျက်။ပျောက်ရှမဲ့ပဲး။ပုလဲးတမူး။ အထူးမွေ့လျော်
ကြိုသိမြော်သည်။လူဘော်တို့ဝယ်။ ကောင်းကြွယ်ပင်စဉ်။ အလှူ
သည်နှင့်။တလည်သည်ပင်။မြင်သားဆင်းရဲး။လူနှစ်ကွဲးကို။အမြဲး
မှတ်သား။သုံးစွဲးများ၍။ တပွါးတပွါး။တဆင့်အားဖြင့်။ ရှေးဖျား
မဆွ။စွန့်ဝံ့မှလျှင်။ ရအံ့နောက်နှောင်း။ အခေါင်ကောင်းဟု။ လုံး
ပေါင်းစိပ်ဖြာ။ သုမေဓါလည်း။ နောင်ခါအကျိုး။ နပ်ရာကြိုး
လျက်။ ။ကြိုခိုးနှလုံးရှိသတည်း။

၆၀။ အကုဋေဋေ။ ကမ္ဘာကြေလည်း။ မကွေမကွာ။ ပွါး
ကာကာလျှင်။ဝါသနာသတ္တိ။လှူဘုန်းရှိ၍။ ပါရမီ နှို။ဥစ္စာတို့ကို။
မည်သို့မမှည့်။ သူလိုဖြည့်လျက်။ အင်ပြည့်အင်ရွှဲး။ ပေးပြီးရဲးမှ။

နိက္ခမသို့။ညွတ်လှလေဆုံး။ရဉ်နှလုံးဖြင့်။ကျုံးကါရွက်စေလူဗိုလ်ခြေဟု။မဝေခြမ်းနိုင်။ရွှေငွေဗိုင်ကို။ဆိုင်ပေပုံယင်။ အိမ်တွင်ရှိမှဲ့။ထုတ်စေခဲ့၍။ ပွဲးဘွဲ့လုံးရုံး။ရွှေဝယ်ပုံပြီး။အံ့ဖွဲ့ချီးသည်။ပြည်ကြီးဘေးလွတ်။အရိမန်အား။မချွတ်လိုချင်။စန္ဒနီးတင်လျက်။ မျက်ရှင်အမြိုက်။ ပြည်ထိုက်အလေး။ ဆန်မှည့်ပေးသို့။ ။တပြေးငါ္ခ ယိုသတည်း။

၄၁။ စကြာဝဠာ။ဘခန်းဝါ္ခ။မြေချာဝန်းကျင်။ အကျည်းဆင်၍။ ကောင်းကင်အဆုံး။မိုးပတ်ကုံးလျှင်။ တောလုံးဗဟို။မြင့်မိုရ်ယှိယှိ။ရွှေတိစွင့်စွင့်။ဆင့်ကါလက်ငင်း။ဝယ်တုံလျှင်းလည်း။ဘိုးပြင်းပေးကာ။မရရာသည်။ချမ်းသာဝင်းဝင်း။ပြည်မင်းဗိမါန်။မြိုက်နိဗ္ဗာန်နှင့်။မတန်မရာ။မဟူသာတည့်။အခါတော်မှိ။ရပ်သိရိကို။မရှိမရ။ဤသည်မှုဖြင့်။တသော်လွယ်ကာ။ရစိမ့်ဌါဟု။အရာကုဋေ။ရွှေနှင့်ငွေကို။ရွာနေဗိုလ်လူ။ဆင်းရဲသူအါး။လှူတုံမချန့်။အစိုးလွှန့်လျက်။ ပေးစွန့်ရိုးရိုး။ နိဗ္ဗါန်မျိုးကို။ ။စိုက်ပျိုးငါဖြန့် ချိ သတည်း။

၄၂။ ဇာနွှနိလာ။မသာရကာလ်။ ရောင်ဖွန်ရှိန်စော်။ဝေရော်စနဲ။ ကျောက်မျိုးစသည်။ မွမ်းမှုထိုထို။ အခုတ်နှယ်ဗို၍။အလိုခပ်သိမ်း။ငြိမ်းစေတတ်လျှင်း။ အမျက်မင်းတိ။ဝင်းဝင်းငြိသား။ ဂိရိတောင်မြ။ဝေပူလန္နက်။ချက်ရေခံကြို့ကြက်လျက်။သူမိုက်တော်သွါး။ယောကျ်ားနွှားသည်။အငြားအတော်။တောင်ကျော်ရောက်ကျိုးမစိုးကြောင့်ကြ။ကြွယ်ဝပါးရေး။အသက်မွေးမှု။တခုခုကို။ကြံ၍ ရှုမကောက်။ မိးသွေးကျောက်အား။ ယူမှားခဲ့ပြီး။ရွာခရီးသို့။ မှိုးလေတဖန်။ကျော့ကျည်းပြန်မှ။ စိုးရိမ်ရသို့။နှိုင်းဆထုံးယူ။ ထိုအတူလျှင်။ ဤလူတဇါစ်။ကိုယ်အဖြစ်ကို။မနှစ်မရှား။ ကြွိုက်ပါငြားလည်း။ရှည်လျားနောက်နောင်။ချမ်းသာအောင်ဟု။အခေါင်မကြံ။ကုသိုလ်ကံ၍။ပေါ်လျှံစရိုက်။မိုက်မိုက်မဲ့မဲ့။ဖုံးငရဲအား။မြဲးမြဲး မတာ။ ကြံမ္ဗာခေါ် နှိုး။ ဆင်းရဲကြီးသည်။ လုံးသိုးလုံးပေါ်။ သဘောဌွစ်ငြိမ်း။ လူတမ်းစေဆန်း။ဗိုလ်အဝန်းကို။ သွမ်းမှန်းထွေ

ငေါ်။သီလမြော်၍။သူတော်မြတ်စွာ။သုမေဓါကား။ရတနာ့အလှူ။ကြံ၍ယူက။လူ့၏အဖြစ်။မနစ်စရာ။မြတ်သည့်သာဟု။ ချွတ်ရာမဲ့လျှင်း။အရေးခင်းလျက်။ ။စိုင်းပြင်းပုံပြင်ညှိသတည်း။

၆၃။ တလံခန္ဓာ။ဝမ်းတထွာ၌။ ရိက္ခာဖြင့်အား။ ဆန်ကွန်းစားနှင့်။အလွှားလေးတောင်။တထည်ဆောင်က။အခေါင်မနည်း။ကုံသည်ချည်းလျက်။ပစ္စည်းပယံ။တောင်ယှိမံလည်း။အကြံမချ။အားမရတဲ့။လုံ့လကြိုးစား။တဖြင်ယားလျှင်။ ရန်းထားခံရေး။ငရဲဘေးကို။ခွေးမြစ်ရေဟန့်။ လိုလွန့်စိုးမိုင်။မနိုင်မကန်။ငါ့ကျွန်ငါ့အိမ်။ စည်းစိမ်ငါ့ဥ။ဥစ္စာရွှေငွေ။ငါ့မိုးမြေဟု။သယ်ချေတုံတုံ။ မလုံလိုသိ။အဆန်းကြီးလျှင်။ ဟူးရီးဟူးရာ။လုံးပန်း၇ာသည်။ အာသာပြင်းထူ။ ဤအပူကို။နည်းယူထွေငေါ်။ ရုးစမ်းသော်လည်း။မျိုးဘော် မဆံ။ လုံးလုံးကြံ၍။ ဟစ်ပျံဆွေ့ဆွေ့။ ဤရွှေငါ့၌။ ဤမှာငါ၏။သိးမှည့်အရွက်။ဤအခက်ဟု။ရမ္မက်ငပ်ငါး။ဟန့်ဆီးတားလျက်။များများသင့်ချည်း။ စားလည်းမကုန်။ ပြေးခုန်လှည့်ပတ်။မြည်တမ်းရွတ်သည်။ညောင်ကြတ်ပင်ထက်။ မယှဉ်ဂှက်နှင့်နှိုင်းချက်ချေသော်။တပြေးလျော်၍။လူစော်နံကာ။ဖြစ်ပါလာငြား။ဝန်တိုများကို။ပြစ်သားမှတ်လျှင်း။အသည်းဝွင်းက။မယွင်းနည်းသွေး။သူမုန်းဆေးအား။များများမကြိုက်။ဥစ္စာတိုက်ဟု။ အမှိုက်ကြော့ကွင်း။ပြိတ္တာတွင်းဝယ်။ ။ပြေးဆင်းငါမငြိသတည်း။

ခေပရိစာဂခန်းပိုဒ်ရေ ၉ ပြီး၏။

---

## ၆။ ဟိမဝန္တပဝေသနခန်း။

၆၄။ အထွေအထွေ။ဤသို့ဖွေ၍။ဝေဝေခွဲးခွဲး။နှုလုံးထဲး၌။လိပ်ခဲးတည်းလည်း။မှတ်ခြင်းသည်းလျက်။ပစ္စည်းကုန်အောင်။စွန့်ပြီးနောင်မှ။လူ့ဘောင်မမှိ။လောကီရမ္မက်။တစက်မစွန်း။ရဟန်းလည်းပြု။ ၇စ်ခုအင်္ဂါ။သမ္ဘာပတ်မွန်။ဘိညည်ဈာန်ကို။ရန်ဘန်မညှိုး။ ရအောင်ကြိုး၍။မစိုးချမ်းသါ။နေလိမ့်ဌါဟု။ အိမ်ရာကျိုကြ။တံခါး

စသည့်။ ထိုမျှခပင်း။အကျန်ကြွင်းကို။ လင်းလင်းလည်းလှစ်။ဖြစ်ဖြစ်လိုလွန့်။ မခန့်မတွက်။စိတ်ဝက်မထား။လေးစားမထင်။ ဘင်နှင့်တရှိ။စက်ဆုပ်မှိ၍။ရိမရှားလျှင်း။ကြေးသင်းကျွန်ပင်။ဆွေမျိုးခင်အား။ မငင်နှောက်တွယ်။ငိုရယ်ကြကာ။သိန်းရာကုဋေ။ မြစ်ထာလေသည့်။ အထွေဆန်ဆန်။ ဟိမဝန်သို့။ ဖမွန်မြတ်စွာ။ ထိုရော်ငါကား။ ။မကြာကပ်လေဘိသတည်း။

၆၅။ ဤသို့သူတော်။ ပုဏ္ဏားကျော်သည့်။ ထိုရော်အခါ။ ဟေမာတောဝ။ဝင်လေစ၍။မာဃနတ်မင်း။ ကြည့်သတ်လျှင်း၍။ အချင်းမှုခံ။ဝိသုကံအား။ခေါ်၍ကြား၏။ပုဏ္ဏားသူတော်။ ရှင်ဖြစ်ရော်လျက်။တောလျှင်ထွက်၏။နိုင်းဘက်လွန်ကဲ။လူခပဲတို့။ ပြုခဲးကျင့်စွာ။တောသို့လါသါး။ရှင်လျှာအလောင်း။ဤသူကောင်းကိုကျိန်းအောင်းစေဌါ။ နေရာသာလည်း။မကြာလျှင်ထွေ။ ပြုလျှင်းချေဟု။စေပေသဖြင့်။တင့်တင့်တယ်တယ်။သပ္ပါယ်လျှင်းအောင်ကုဋိချောင်နှင့်။ ယပ်စောင်နှောက်ဘိ။တဖျင်မှိ၍။ ကျောက်စိမြေခံ။စင်္ကြံခင်းကျင်း။တလင်းခပ်သိမ်း။ထွားနုစိမ်းသား။ ခက်ယိမ်းမမြင့်။သီးပွင့်စါးကောင်း။ရိပ်ဆောင်းသစ်ပင်။ရေရှင်နိုးကမ်းတန်စမ်းလည်းထွက်။ငေါက်မခြေ။သါးငှက်လေကို။ ကင်းစေဝေးစွာ။ကိုယ်ချမ်းသာဖြင့်။နေဌါလျောက်ပတ်။သခ်င်းမြတ်ကို။ စေါနတ်မှုဆော်။အမတ်တော်ကား။ ။ထိုရော်ပြီးလျှင်းစေသတည်း။

၆၆။ ချောမြွေမိုးယံ။ကျောင်းစင်္ကြံ၏။စွန်းရံနှစ်ဘက်။ငြိမ်သက်မှိမြဲး။ တခဲပျည်ပြား။ နှောက်ထောက်ထား၍။နေနားသန့်ရှင်း။ စင်္ကြံတွင်းဝယ်။ အဆင်း ပဲနှောက်။ မြကျောက်ဆောင်ပန်း။ အခင်းပျည်ဝန်းနှင့်။ဦးစွန်းဆံကျစ်။ အသစ်ပွင့်ရွှေ။ ဝတ်ပန်းကြွေသို့။ သုံးထွေ ဝတ်စား။ ကရားပြတ်ို့။ ထိုမြို့တုံပြီ။ တရိသူလို့။ ဇော်ဂိပုဏ္ဏား။ သုံးစွဲထားသား။ သစ်သားသုံးခွ။ တိဒဏ္ဍနှင့်။ ကိုင် ထ ဆောင်နေ။ သုံးထွေ ငေါက် လောက်။ ကောက်သည်ထမ်းပိုး။ ဝါးရိုး ခွံနွေး။ တောင်ဝေး လက်ကူ။ တံချူချွန်းတောင်း။ချင်းလျောင်းဆိုင်းကြိုး။သစ်သီးတည့်ဌါ။အညာခရိုး။ခပ်

ဇရိုးအင်တွဲ။ကျည်ထဲးပတော်။ ရေသောက်ခရု။ဆွမ်းခံပြုသား။ ဆိတုရောင်ဘိတ်။သပိတ်မြေဖြစ်။ပြာစစ်ဒိုးဘူး။ မယ်ပြူးမီးလှုံ။ ပွတ်ခုံပွတ်ကျေ။ မီးမွေယောက်မ။ ပဲးကွပ်စသည်။ ထိုမျှရုံစေ့။ အုပ်သဧ္ဍရွှေလျှင်။ရသေ့သဘွယ်။လူနှင့်ကွယ်လည်း။ လိုမယ်လို တောင်း။ ကျည်းမြောင်းမဲ့အောင်။ ပြုပြီးနောင်မှ။တိုက်လျှောင်နံ ရံ။နှံ့ ခဲ့စာရင်း။ လူခပင်းတို့။ ဖြောင့်စင်းဇေးရှု၊ရှင်မှုလိုပါ။တော သို့လာအံ့။ ဤဌါခပ်သိမ်း။ ယူ၍ငြိမ်းဟု။ မှါထားပြုလျက်။ ဝိသု ကမ္မ။ ကျော်ထဟိုးဟိုး။ နတ်မှူးစိုးကား။ ထက်ရိုးရပ်စည်။မိမိ ပြည်သို့။ ။တလည်ပြန်တုံလေသတည်း။

၆၇။ ခပ်သိမ်းလူ့ရွာ။ဆုံးမနာ၍။သဏ္ဍာဟူသဉ်။သွံ့မည် ထင်ကျော်။သုံးလူ့ဘော်ကါး။ထိုရေဉ်ရိုးယံ။ဝိသုကံဟု။မဉ်ခံနတ် စစ်။ပြုသည်ဖြစ်လည်း။ပြေပြစ်ဥသျ။အလုံးစုံကို။ အာရုံလျော လျော။ သဘောကိုးလျက်။ အာဏာစက်ကို။ဌန်ထက်တန်းခိုး။ အကျိုးခိုင်ကျည်၊ ဘုန်းပြုရည်၍။ထူးတည်ထိုခါ။ သုမေဓာလျှင်။ ရှာရှာမှိုးမှိုး။ ပြု၍ပြီးသို့။ဖွဲ့းချိုးတမာ။ရှင်မြတ်စွာအား။ တိုင်ကြား ဤသို့။ဂါထာတို့ဖြင့်။ ။နှစ်လိုဟောဘော်ဖွေသတည်း။

ဟိမဝန္တပဝေသနခန်းပိုဒ်ရေ ၄ ပြီး၏။

---

## ၇။ ဝိသုကမ္မနိမ္မာနခန်း။

( ခဲ ) ဟိမဝန္တသအဝိဒူရေ။ ဓမ္မိကော နာမပဗ္ဗ တော။ အသမောသုကတော မယှံ။ ပဏ္ဏသာလာ သုမာပိ တာ။ ။စင်္ကမံ တတ္ထမာပေသိ။ပဉ္စဒေါသဝိဝဇ္ဇိတံ။အဋ္ဌဂုဏ သမူပေတံ။အဘိညာဗလမာဟရိံ။

သာရိပုတ္တ။ချစ်သားသါရိပုတ္တရာ။ဟိမဝန္တသ။ဟိမဝန္တာ တော၏။ အဝိဒူရေ။မနီးမဝေးသောအရပ်၌။ဓမ္မိကောနာမ။ ဓမ္မိ က အမည်ရှိသော။ ပဗ္ဗတော။ တောင်သည်။ အတ္ထိ ။ ၏။ တတ္ထ၊ ထိုဓမ္မိကတောင်၌၊မယှံ့ငါသည်၊အသမော၊ သင်္ခမ်း

ကို။သုကတော။ကောင်းစွာပြုအပ်ပြီ။ပဏ္ဏသါလာ။သစ်ရွက်
မိုးသောစရပ်ကို။ သုမာပိတာ။ ကောင်းစွာဖန်ဆင်းအပ်ပြီ။
တဏ္ဍ။ ထိုမွေကြတောင်၌။ အဟံ။ငါသည်။ပဉ္စဒေါသဝိဝဇ္ဇိ
တံ။ငါးပါးသောနိဝရဏာမှကင်းသော။အဋ္ဌဂုဏသမုပေတံ။
ရှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံသော။ စင်္ကမံ။စင်္ကြံကို။ မာပေ
သိ။ဖန်ဆင်းပြီ။အဘိညာဗလံ။ အဘိညာဉ်တည်းဟူသောအား
ကို။အာဟရိ။ဆောင်ပြီ။

၄၇။ အရိယာဝံသ။ဓမ္မလေးထွေ။တရားမြေ၌။မြစ်ခြေဖါးဖါး။
အကိုက်ပွါးသော်။ ဆယ်ပါးကုသိုလ်။ဗိုက်ပင်ပျိုဖြင့်။ မဂ်မိုလ်
မည်သီး။ရှာန်ငါးစီးကို။ချက်ပြီးလှမ်းမီး။ဆွတ်ကာသိ၍။ ကိုယ်စိ
လက်ရ။ပြုကုန်ကြပြီး။ငါ့ပွဲးကြီး၌။ခသီးဝပ်ဝပ်။ကိုယ်လုံးအပ်၍။
နပ်ရာအကျိုး။ငါ့ကိုကိုးသော်။အမျိုးလေးမည်။ မဟာထေရ်တို့။
မလည်နားတွင်။စေးမစင်လည်း။သွင်သွင်ဖြေနိုင်။ငါနှင့်ပြိုင်သည်။
စည်ခိုင်ပညာ။သာရိပုတ္တရာ။ ။ဟေမာဂီရိ။တွင်ဘိမည်သီး။
တော်ရပ်ကြီးမှ။မနီးမဝေး။မြစ်တကွေး၌။ဈေးကသူတော်။နေမွေ
ပျော်သား။မည်ကျော်သာလှ။ဓမ္မိကဟု။ခေါ်ကြဝန်းလည်း။တောင်
မင်းသည်ကား။ မြရည်ရှမ်းရှမ်း၊ ဖန်ကျောက်စိမ်း သို့။ခပ်သိမ်း
အင်္ဂါ။ ထူပြောစွာ လျက်။ တိမ်ဝါ မှောင်တိုက်။ မိုးဖျားဆိုက်
၍။ ။နှစ်ခြိုက်အဆန်းတကြွယ်တည်း။

၄၈။ တထွေတလာ။ ထိုတောင်သာတွင်။ တခဲး ပြင်နှင့်။
ဥမင်လိုင်ခေါင်း။ဈေးကဟောင်း၍။ ရိပ်ကောင်းမညှိုး။ လေမိုး မ
ထိ။ညှိုလည်းမစို။စည်းကျောက်ညှိုသို့။ မရိမရွား။ ရံမီးတားနှင့်။
ဖျာပြားယှိယှိ။ ပဋိပါဋိ။ အပြင်ညီလျက်။ ဦးစိဖြောင့်စည်။ မြေ
အင်းပျည်နှိုက်။ပိုက်ယည်ပျော်မှတ်။တန်းခိုးမြတ်သား။နတ်အသူ
ရာ။ပျံကျလါ၍။ကြိုးကြာကရဝိက်။တော်လုံးထိတ်မျှ။ညိတ်ညိတ်
တွန်ထူး။သော်ကျူးဖြင့်။ကမြူးစရာ။ပွဲးမချာသို့။ဝိဇ္ဇာဓိုရ်။ သင့်စ
သည်။ ထိုမျှအညီ။ ဇော်ဂီရသေ့။ ညီငွေ့ခံရာ။ တလင်းသာ

လည်း။ကာမာနတ်ဘောင်။ပွဲကုဆောင်၏။ ။ထိုတောင်ခမ္ဘ
ကဝယ်တည်း။

၁၀။ သူကော်တကာ။အရိယာတို့။ချမ်းသာငါးပါး။ ဈာန်
တရားကို။ ရင်းပွါးဆွတ်ဆွတ်။ ယူရာမှတ်၍။ မြတ်သည့်ဌာန။
ခမ္ဘကာသို့၊ ယုံ့မှု ကျော်နေ။ ထိုတောင် ခြေ၌။ မိုးလေမထောင်း။
မချောင်းမြူမှုန့်။ ကျောက်ရန့်ငေါ်ငေါ်။ ကုန်းမစော၍။ သင်းချော
ပွတ်စင်။ ကြေးမုံပြင်သို့၊ ကျယ်ထွင်တရိုး။ တောစိုး မည်သီး။
သစ်ပင်ကြီးလည်း။ မြထီးဆောင်းဒုပ်။ တောင်ညွှန့်ချုပ်လျက်။
ပိုက်ထုပ်ထွေးထွေး။ပုတ်ပေါင်းစေးမှ။ မဝေးဖဲကြည်။ မြိုင်တ
လျှည့်ဖြင့်။ အရည့ကင်း။ အရပ်ထင်လျက်။ ဗိပြင်လှစွာ။ ထိုခန်း
ဝါ၌၊ အင်္ဂါငါးပါး။ ကျောင်းအား ပြည့်ရုံ။ မစိုးလုံ၍။ ကြည်ယုံ
လျောက်ပတ်။ သိမ်းမြတ်ကို။ နေမှတ်လည်းရည်။ ရှင်ဘတည်
၏။ ။ရပ်စည်တင့်တောင့်တင့်တယ်တည်း။

၁၁။ မဟာရံကြီး။ပရိဏ်းဆီးလျက်။ ကျောင်းသီးပြုသစ်
ဘို့ပစ်မှုထမ်း။ ဝါးကြမ်းအမိုး။ဆွေးမြည့်ကျိုး၍၊ ကျောင်းဆိုးရ
ဟန်း။ပင်ပန်းသည်းလှ။ဤသို့စသည်။ထိုမှုကြည်ဘွယ်။တဆယ်
ရှစ်ရပ်။လူ့နှင့်စပ်သား။မအပ်ဌာန။သါရုပ္ပလျှင်။မရစွာရှောင်း။မဗ္ဗိ
ကောင်းသော်။ နေကျောင်းကုန်အောင်။ ကြည့်ရှု ရှောင်လျက်။
ထိုတောင်အရံ။မြေချာစံဖြင့်။ မကွံ့ချင်းနင်း။ ခွါသန့်ရှင်း၍။ ချက်
ခြင်းဝင်ထံ။ခဏပျော်ဘွယ်။ ငြိမ်သက်လွယ်သည်။ အနွယ်ရှေး
လျော်။ သူတော်ရဟန်း။ တည်ထွန်းအရပ်။ ဆိုတင့်အပ်အောင်။
ကျောင်းဆောင်ကုဋေ။မဏ္ဍပ်ခြေကို၊ ရိုသေညွှတ်နူး။ ပြုပြီးဦးမှ။
ကျေးဇူးကြီးငယ်။ရှာသော်လွယ်ဟု။အကယ်စိုက်စိုက်။ဝမ်းထဲး
ပိုက်၍။တတိုက်တောရိုး၊ ရပ်တမျိုးတွင်။ ဖုံးဆိုးမဝင်၊ ငါစိရင်
သည်။ ။ဝန်းကျင်သပ္ပောင့်သပ္ပာယ်တည်း။

၁၂။ သိမ်းမဏ္ဍပ်။ အရပ်ပြုရာ။ ထိုကျောင်းသာ၌။ အ
ညာပေါ်ပေါ်။ မြေစပ် ကောလျှင်။ ချောချော ထွားမွတ်။ ရောင်
ကျောက်ပွတ်သို့။ ကျတ်လည်းမပေါ်။ ခင်ရိုးမော်ဖြင့်။ ခရော် ခ

ရှုပ်၊ မြေပပ် မကြား။ လက်နားစွန်းခွင်။ သစ်ပင်မရောက်။ မြက်သောက်နွယ်မျိုး၊ နွာမောင်းထိုး၍။ ဘိသိုးဘိသန်း။မတန်းမပေါ်။ ကျည်းငေါ်မဟူ။ ကျယ်မှုမထင်။ ငါးပါးအင်ဖြင့်။ ပြစ်တင်ရှင်းရှင်း။ဆိုဘွယ်ကင်းလျှက်။သလင်းကျောက်ခံ။အနံ့ညီစွာ။နှစ်ထွာ-ကုန်အောင်။ တံတိုင်းဆောင်သား။ နှစ်မြောင်ညာဘယ်။ စကြံ့ငယ်နှင့်။ခြောက်ဆယ်လျှားရှည်။ တောင်တိတည့်လျှက်။ ယိမ်းဖည်မကောက်။ရွှေနောက်မချို၊သုံးထွာစိလျှင်။ အဘိလည်းခင်း။ မေ့လျော့ နင်းလည်း၊ တိမ်းတင်းမရှိ။ တကြော့ညှိသို့။ တိတိသာပြား။စင်္ကြံ့အားလည်း။ဘဘွားသင်းသီး။ပြု၍ပြီး၏။ ။မငြီးသွားပျော်ချင်ဘွယ်တည်း။

၇၃။ ပြုတ်စဲတိကျစ်။ကျော်စစ်ကုန်းခင်။လည့်ခေါင်ဝင်၍။ ခေါက်တင်တုံ့ဖယ်။ သွတ်လှယ်သွားလား။နေ့တိုင်းအားဖြင့်။ ဘဝါးစပ်မျှစ်။ပစ်သည့်ခြေစ။နှစ်ခွကြံ့ရှက်။နှောင့်နှေးကွက်သည့်။ သက်သက်မကြည့်။အာရုံဆည့်လည်း။အရှည်အလျား၊သွားလတ်သေါ်ခါ၊မစော်ရာခဲ့။လကျ်ာလက်ဝဲ။စင်္ကြံ့ထဲး၍။လင့်ကဲ့တဖြာ။ ပါးနည်းစွာသည့်။အမြွာသစ်ပင်။ ရောက်တုံကျင်လည်း။ မဆင်ခြင်မိ။သွားသော်ထိ၍။ ခြေငြိလက်ရှုး။ နဖူးဦးခေါင်း။ အသည်းတောင်းစွာ။ ယောင်ယမ်းရာခဲ့။ အညာသွန်းသွန်း။ နွယ်တန်းပုတ်ပေါင်း။ခြေရာကြောင်း၍။ရှက်ဆောင်းအပြီး။ စီးထင့်သော်လည်း မမြော်ပိုးဝါး။ နင်းမိမှား၍။ ပိုးမွှားသတ္တဝါ။ ထိပါးရာခဲ့။ ကျည်းစွားနံ့လျော်င်။ စင်္ကြံ့မြောင်လျှင်။ တတောင်အနည်း။ ထွာမျှတည်း၍။ တိမ်းလည်းဘဝါး။ နင်းချွတ်မှားလည်း။ လက်ဖျား ခြေညှိုး။ ခနည့်ကျိုး၍။ ရှိမ်းစိုးဝေဒနာ။ ကျည်းမြောင်းရာခဲ့။ ဗိလာ ထုတ်ချင်း။ကျယ်လှဝင်းလျှက်။ အဆင်းကျောက်ဖျာ။ စင်္ကြံ့ရာ၍။ လူးလာသွားလား။ဘဝါးထောက်၍။မညီအလှမ်း။ တဖျင်ယမ်းလျှင်။ နင်းတမ်းမမှု။ စပ်ပူလှလျှက်။ ခပ်ကြွအကြီ။ ဆောင့်ကြွားလျှံ၍။ ထွက်သံနှုတ်သာ။ဘါဝနာအါး။များများမမှန်။ဖြစ်တန်ရာရှောင်း။

ငါးပါးပေါင်းသော်။အကြောင်းမဆံ။ငါ့စကြံ ကား။ ။တောထံ
နေမြေ့ရသော့သူတော်အနွယ်တည်း။

၁၄။ အကြွင်အကြွင်။တော်ရပ်ခွင်ဌ္ဘ။နေကျင်သရော်။ရှေး
သူတော်တို့။မလျော်ကျင့်ထွေ။ရှောင်စနေဖြင့်။ရွှေငွေစပါး။ သိမ်း
ပကားခြင်း။ကင်းသါးအမှု။လွှယ်ကူဝမ်းစာ။အိမ်တိုင်းရှာ၍။ငမ်း
သာငြိမ်သက်။မျှသည်ရက်ဖြင့်။နိုင်ထက်စိုးကဲ။ပြည်ထဲသနင်း။
စိုးမင်းကန်စည်း။ တုတ်ခွန်ညှည်းလည်း။ ကျည်းကျည်းမြောင်း
မြောင်း။ဆိုးတောင်းမရှိ။ မိမိဆော်ဦး။ ငါ့ဌါဟူ၍။လိုမှုလိုစာ။လုံး
ပန်းရှာလျက်။ အချာ ပြက်ပြက်။ မက်မက် မောမော။ ဖြန်းတော
လက်သည်း။ လုဒ္ဓံရည်းသည်။အချည်းရှင်မှန်း။ ရဟန်းသိက။ရန်
စမရှယ်။ကြောက်ဘွယ်လည်းနည်း။ အရည်းမပီ။နောက်မှိထရံ။
ကယ်ကယ်တံလျှင်။ စိုးထံမင်းပါး။ခယမ်းစား၍။ တရားနှောနိုး။
တထွေးကြီးလျှင်။ တတီးရွှားရွှား။ သွားလားမကူး။လက်လွှတ်
ထူးလျက်။ယှည်ပူးမစပ်။ရပ်လေးမျက်နှာ။ရောက်လေရာတိ။ မ
ငြိမစွန်း။ ဤသို့ထွန်းသည်။ ရဟန်းချမ်းသာ။ ရှစ်ပါးဌါကို။ဇာရိ
ယာပိုက်။ ညီ့စွာကြိုက်၍။ ရထိုက်ခပ်သိမ်း။ နှုလုံးငြိမ်း လျက်။
ညွှတ်တိမ်းဝမ်းထဲ။နေမရဲလျှင်။ဆကဲ့တရော။ဖြစ်စေဌါအောင်
ရှင်တထောင်၏။ ။ကျောင်းဆောင်ထိုစကြံ ဝယ်တည်း။

၁၅။ ထိုမြို့တံ့လျှင်။ ကြည်ယုံပြတ်ပြတ် ။အာရုံညွှတ်၍။ ဝိ
ပဿနာ။ပညာအားခွန်။ဘိညည်ဈာန်အား။ရတန်ရထိုက်။ ကြိုက်
မကြိုက်ကို။ နှစ်ခြိုက်ရှေးရှေး။ စိတ်ဓါပြေးလျက်။ မနှေး လျှင်
ကြောင်း။ ပွါးအောင်ချောင်းလည်း။ထိုကျောင်းတခွင်။ အကြွင်အ
ကြွင်။ရပ်ပြင်သာယာ။နေရာရာဌ္ဘ။ချမ်းသာစီးပွါး။တရားမယုတ်။
တက်သည်ဟုတ်မှ။အားထုဘ်ခွန်ရဲ။လို့လမြဲလျက်။ ဆကဲ့အ
ထူး။ကျေးဇူးဂုဏ်စစ်။ကြီး၍ဖြစ်သော်။အနှစ်သာရ။မရွှင်ပဟု။
ပျောက်ရှမထင်။ ထိုတွင် နေစောက်။ မြောက်သည် ကျင့်ခြင်း။
တည်ထွေပြင်း၍။မဖျင်းမသိမ်။ပညာအိမ်ဟု။ အကြံမ်အဖန်။ ချိုး
မွမ်းတန်လျက်။ ကျောင်းကန်ဟုထိုက်။သခ်မ်းမြိုက်ကား။ လုနှိုက်

ခေါင်နှိမ်။ သုံးစည်းစိမ်အား၊ ရချိန်များ၏။ ။ငြမ်းဖျားလည်
သည့်သဘွယ်တည်း။

၇၆။ ဤသို့ပွက်ဟော၊မြတ်ရှင်စောကား။လျှောလျှောထွေ
ငေါ်။ဂါထါကျော်ဖြင့်။ထိုရော်သခ်မ်း။စကြာ်ဇမ်းကို။ချီးမွမ်းသင်း
သီး။မိန့်တုံပြီးမှ။ တောကြီးထွက်စင်။ ပုဏ္ဏားထင်သည်။ ထိုတွင်
ရောက်လာ။သခ်မ်းသာဋ္ဌ။ရုပ်ဝါတပါး။ဝတ်စားခပင်း။လဲးသော
ခြင်းကို။ သနင်းမြတ်မွန်။ ဘော်ထုတ်ပြန်သော်။ ကြောင်းဝန်တို့
အား၊ နှားပါးလည်းထောင်။ ကုန်အောင်ပရိသတ်၊မှတ်လေ ကုန်
မင်း။ မိုးထုတ်ချင်းလျှင်။ထန်ပြင်းကျော်သံ။ဗိသုကံဟု။မည်ခံထွန်း
ပ၊ မာဃစောထွတ်၊လက်သားမှတ်သည်။နာတ်ဗိသုကာ။ အိမ်
ဆရာလည်း။သာယာတောင်ယံ။ကျောင်းစကြံကို။အရံအကာ။
တန်ဆာအစုံ။ ပြုပြီးတုံမှ။ကြွခဲ့သရော်။သူတော်မြတ်စွာ။သုမေဓါ
လည်း။ မြိုင်သာတောလျှည်။ အစည်တလျှား။ လှည့်ပတ်သွား၍။
ကိုယ်အားလျောက်ပတ်၊မြတ်သဥ္စရာရာ။ ကြည့်ရှုရှာသော်။မြစ်
သာကမ်းမေး။ တထောင့်ကွေး၌။ ဖွေးဖွေးရောင်ထွတ်။ ငွေပြား
ခတ်သို့။မိုးနတ်စကြံ။ကျောင်းလှစံကို။ ။တရုံမြင်လေမြောက်
သတည်း။

၇၇။ မြစ်ယံတောဝ။သခ်မ်းလှကို။တွေ့စဖြုတ်ချည်း။ မြင်
ကတည်းက။ဦးမည်းဆံဖါး၊အနည်းများဖြင့်။နေငြားမသိ။သက်ာ
ရှိလျက်။ဝင်မို့မှိုရှား။ခန့်ငြား၊နတ်ရှ။ဤသို့အလျှင်။ကြီဦးကျင်၏။ဤ
တွင်တော်ထဲး။နေမြဲးလည်းမှတ်။သူမြတ်ရဟာန်း။ဆွမ်းပန်းသွါးလါး
မြင်းခေါင်းသားလျှင်။နေနားမဲ့ထွန်း၊ ကြိုးစားလွန်၍။အဟာန်သော်
ကား။ဤကျောင်းသားတို့။ရှိရှားပန်းလှ။ပြင်ပမပြု။နေပုလည်းဖိန်း
ကျိန်းသည်ယောင်ဟု။နိုးအောင်ငံ့ထွေ။ကြာစွာနေလည်း၊လူမွေ
မရှိ။ဆိတ်သည်သိမှ။မိမိကိုယ်ပင်။ကျောင်းထဲးဝင်၍။ထိုတွင်စါ
ပေ။ဖတ်ပြီး လေသော်။ကောင်းတော့နှစ်သက်။ ကြိအားတက်၍။
ကျောရွက်ငွေကောင်း။ဆယ်သောင်းအကျပ်။ တိတိခပ်သား။စ

လပ်အလား။ပန်းရိုးမှားသည်။ ။ဝတ်စားကိုယ်မှလဲးထလူရုပ်ဖျောက်သတည်း။

၇၀။ သမ္မာသမ္ဗုဒ္ဓ။မည်တော်ဟုတ်လျက်။အနန်ထုတ်ရမ္မက်ပယ်ဖျက်စေးညှော်။သုံးလူ့ဘော်ကား။ထိုရော်မြတ်စွာ။သုမေဓါလျှင်။ရှင်လျှာအလျောက်။ ကျောင်းပြုမြောက်မှ။ အဆောက်အဦ။ကုန်အောင်မူ၍။ ရှု၏သဗ္ဗညာ။ စွန့်လေဟန်ကုံ။ရှေးညွှန်တူရူ။ခပ်သိမ်းသူအား။ဆုယူတုပ်ကွ။နိက္ခမဋ္ဌ။မဇ္ဈနှလုံး။သုံးစေလိုငေါ်။ရှေးဘုန်းတော်ကို။မြော်၍မြတ်စော။ဤသို့ဟောသည်။ ။ချောမောဂါထာသူငါမှတ်သားလောက်သတည်း။

ဝိသုကမ္မနိမ္မာနခန်းပိုဒ်ရေ ၁၁ ပြီး၏။

---

၈။ ဝါကစိရနိဝါသနခန်း။

(ခေါ်) သာဋကံပဇဟိတဠ္ဌ။ နဝဒေါသမုပါဂတံ။ ဝါကစိရံနိဝါသေသိ။ဒ္ဒါဒသဂုဏမုပါဂတံ။

သာရိပုတ္တ။ချစ်သားသာရိပုတ္တရာ။အဟံ။ငါသည်။တဠ္ဌ။ထိုသင်္ခမ်း၌။ နဝဒေါသမုပါဂတံ။ ကိုးပါးသော အပြစ်နှင့်ပြည့်စုံသော။သာဋကံ။ ပုဆိုးကို။ ပဇဟိ။စွန့်ပြီ။ ဒွါဒသဂုဏမုပါဂတံ။ တဆဲ့နှစ်ပါးသောဂုဏ်နှင့်ပြည့်စုံသော။ ဝါကစိဝရံ။လျှော်တေသဘက်န်းကို။နိဝါသေသိ။ဝတ်ပြီ။

၇၉။ သုံးဆဲ့တထပ်။ဘဝရပ်၌။အဝပ်မကျ။သေပျောက်ရှလျက်။ဒုက္ခပြိုးပြွမ်း။ဆင်းရဲချမ်းဟု။ဝတ်လွှမ်းကိုယ်ရုံ။ ရိုးမှုပုံလည်း။မလုံနိုင်ထွန်။ ခန္ဓာဝန်အား။နိဗ္ဗာန်ပုဆိုး။ သတင်းမျိုးကို။အဘိုးယုတ်မြတ်။ ငါ့တွင်ပြတ်မှ။ ဆင်ဝတ်လူတံ။ ငါ့မြောက်စံသော်။သည်းခံမတည်။ပညာသည်တိ။ အလုံးရှိလည်း။ မငြိမေးဘက်။ ခွန်းချင်း ကျက်သည်။ ထက်မျက် နည်းနာ။ သာရိပုတ္တရာ။ ။လူ့ရွာထွန်းပေါ်။မည်သာကျော်သား။သူတော်တကာ၊နေ၌ါလျောက်လျှား။တောင်လက်နား၌။ခေါင်အားသပ္ပါယ်။ကွင်း

ကွင်းကျယ်၍။ ဆိုဘွယ်မိမာန်။ ရှင်တန်ကိန်းအောင်း။ ထိုက်စွာ ရှောင်းဟု။ အလောင်းရှင်ဘ။ ပုဏ္ဏားလှကား။ ရွှင်ပ ငြိမ်းချမ်း။ ကျောင်း သခ်မ်းကို။ ရမ်းရမ်းအားရ။ ပြုဖြိုးမှလျှင်။ ဖြူဆွ တင် ကျေး။ ထုံနှံ့ဖြိုးသည်။ ပျှံ့မွှေးညှံ့ထွား။ ကိုယ်ဝတ်စားကို။ ။စွန့် ထားထို၌လဲ့သတည်း။

၁၀။ မုဆိတ်ဆံပင်။ တမျှင်မလှည်း။ ရှင်အရည်း လည်း။ ပြည်းစည်းမဟုတ်။ ငုတ်လုတ်ဦးသျှောင်။ ဆံကျစ် နှောင်၍။ လူ ယောင်တည်းတည်း။ အဖြူချည်းသော်။ အရည်းဟူကာ။ မဓိလာ ခွဲ့။ တောမှာငြိမ်းချမ်း။ ရသေ့တမ်းကို။ ရူးစမ်းစာနာ။ သုမေဓာ လည်း။ အရောသိသိ။ ကြို့လတ်ဘိ၍။ တိတိကျပ်ကျိုန်း။ တသိမ်း ဘိုးဒုနှံ့။ လရောင်ညှွန့်သို့။ ခပ်တွန့်ဆွထွား။ ဝတ်ရလျှားကို။ လူ့ အားအဖြစ်။ အငြစ်ကိုယ်စေး။ တလွှဘေးမှ။ ဝေးလေ၍တွင်။ ယ နေ့လျှင်ဟု။ ။မစင်ကြိုဟ်သို့လွှဲ့သတည်း။

၁၁။ သိန်းတန်အဘိုး။ တံမိုးခိုးသို့။ ပိတ်ပိုးချည်ဖြူ။ နုတ် လျှင်လှူသည်။ ဟူဟူသမျှ။ ရလတ်သောခါ။ အဆာလည်းတိမ်။ အအိမ်နားဝတ်။ လှိုးဖြတ်အစွန်း။ ယခုထွန်းသည်။ ရဟန်းသင်္ကာ။ သာသနာဝယ်။ သင်္ကန်းနှယ်လည်း။ ပြုဘွယ်ခဲးအင်။ စိရင်သော ခါ။ မတတ်ပါသည်။ ခြင်းရာဥသံ။ ဖြစ်ခဲ့တုံ၍။ ကိုယ်ရုံ မင်း တန်။ အဝတ်ပွန်ကို။ အလွန်ကောင်းမြွေ။ ညှံ့သက်မွှေ၍။ ရသေ့ ဘာသာ။ မအပ်စွာလည်း။ တွယ်တာကောင်းသေး။ ဝန်မလေး ဟု။ မတွေးမဆ။ ဝတ်လဲ့လှကို။ အာလယပြတ်ပြတ်။ ပယ်ချွတ် လည်းထား။ သူမြတ်ဖျားကား။ ကိုးပါးအလှစ်။ ပုဆိုးပြစ်ကို။ ။ တံထစ်ဧကန်စွဲသတည်း။

၁၂။ ပိတ်သာထောင်စပ်။ ဘိုးသိမ်းခပ်သည်။ ဖြူလှပ်ရဲး ရဲး။ ဤဝတ်လဲ့ကား။ ရခဲငါ့အါး။ အဘိုးများခဲ့။ ထူးခြားမသိ။ ဝတ် ဘိတုံမူ။ ပြိန်ပျင်းလူ့နှင့်။ အင်တူတပြေး။ များမဝေးခဲ့။ ကိုယ်ကြေး ညှိုငေါက်။ ဝတ်လတ်မြောက်သော်။ အစောက်မတည်။ တာမ ရှည်လျှင်။ အညစ်မြင်ခဲ့။ ဝင်သည်အတည်း။ အဝတ်နည်းကို။ ငြစ်

မည်းစနိုး။အဆိုးလည်းသ။ဖွပ်ရသောအား။ဆိုနည်းများ၍။ရိရှား
ပေါက်ပြစ်။ရတ်သည်ဖြစ်လည်း။ အသစ်တည်းတွ။ စပ်အပ်ရခဲ့။
လို့လယှည်ယှည်။အဝတ်ပြင်ဟု။ရှာမှီးပြုလည်း။ရမှုခဲးယည်း။နှ
လုံးကျည်းခဲ့။ မချည်းမစေ့။ ရသေ့မည်သည်။ ဝါချည်အမျိုး။ ပု
ဆိုးသက်နိုး။ မရောလွှန်းခဲ့။ရှင်မှန်းမကြည်။ လူစိမ်းချည်တို့။ ဝတ်
စည်ဆဲးဆဲး။ချွတ်လဲးလေလိ။ သင်္ကန်းရှိလျက်။မိမိကိုယ်ထံ။ဝတ်
ချင်းရွံ၍။ထါးနှံ့မြဲးကြောင်း။စောင့်ရှောင်းခဲ့။အကောင်းဝတ်စါး။
သုံးစွဲးငြားလည်း။ပသွားပျူငှါ။တန်းဆါဆင်မှု။ယောင်ပြုသနှ့်လွှင်
မှုသဥ်ထင်ခဲ့။ကိုယ်တွင်မဝတ်။အမြတ်စတေ။ထားတုံချေလည်း။
မခြေဝတ်ကြွင်း။ တငင်းငင်းလျှင်။ ရှင်းရှင်းလိုလွှန့်။မကွန့်စသာ။
ကြီးစွာအလို။ရှင်ဝန်သိဟု။ ထိုထိုသသူ။ သူတော်လူတို့။ ဟူလေ
ရောရှောင်း။ ကဲ့ရဲ့ကောင်းခဲ့။အပေါင်းကိုးမည်။ ဤသို့တည်သော်။
အထည်အမျိုး။ လူပုဆိုး၌။ကြိုးသို့လည်းထွေး။ အပြစ်သေးကို။
ဆွေးနွေးရှင်ဘ။ပုဏ္ဏားလှကား။ ။ဆုန်းဆကြိနှိုက်နှဲ့းသတည်း။

၈၃။ နိရောလယ။ တောင်းတတပ်ပြွေ့။ မရှိမြွေသည်။ ရ
သေ့တို့အား။ လူဝတ်စား၍။ကိုးပါးအပြစ်။ဤသို့ဖြစ်၍။ ချွတ်ပစ်
ဝတ်လဲး။ပယ်ပြဲးရဲးမှ။ချုပ်တွဲချောမေါ။ပြူဆံကြောတိ။ကုန်းစေါ
လည်းတိမ်။ ကျစ်ကာလိမ်သည်။ မွှေသိမ်တေဆန်း။ ဈော်နား
စွန်းကို။သင်္ကန်းသင်းပိုင်။မှတ်၍ကိုင်ပြီး။ဝတ်ခါနီး၌။ ကောင်းခြီး
ထွေငေါ်။ငါ့အားဈော်သား။သူတော်မွေးရေ။ဤဈော်တေအား။
မိုလ်ခြေ လူ့ဘောင်။ ကုန်အောင်နှိုကျိုး။ ရှိခိုး ဝန္ဒနာ။ ရိုသေရာ
သား။အရိယာတမ်ခွန်။သံည်လျှင်မှန်ဟု။အမွန်တဆု။လေးမြတ်မှု
လျက်။ပတ္တပယင်။သိဒ္ဓိတင်သည်။ ။ပြုပြင်တလဲးလဲးသတည်း။

၈၄။ သူတော်မွေးရေ။ဤဈော်တေကား။ရွှေငွေမှုံးပဲး။တ
ခဲးမရ။ ရောင်းချသောခါ။ ဈေးနှာ ဆန်လန်။ မစွန်ပါ ရှောင်း။
ကောင်းလည်းကောင်းမြွေ။ ညှိသက်မွေသည်။ ရသေ့ဘာသာ။
အပ်လေပါ၏။ သူ့မှာမခိုင်း။ကိုယ်တန်တိုင်း၍။ ဖြတ်ပိုင်းနံလျား။
စပ်ဟပ်ငြားလည်း။ တပ်အားသောတိ။ဆိုးသရိလျှင်။မရှိအလဲး။

ကိုယ်ဝတ်မြဲး၍။ချွေးနှဲ့းညှိကြေး။မြွေးတုံမြူမှက်။ ဆင်းရဲဘက်ဖြင့်။စော်စက်ပြင်းထုံ။နံဦနံသစ်။ဖြစ်လတ်သေါခါ။အါးမနာလျှင်။ ဖွပ်ကာ လည်းကောင်း။လွယ်စွာချောင်း၏။ နှောင်းနှောင်း လတ်သော်။စပ်အင်မြော်လည်း။နွယ်လျှော်ရှာရှာ။ချုပ်စပ်သာ၍၊ ဘာဝနာမှု။မလတ်သူနှင့်။ လွယ်ကူအမွန်။ အဟုတ်တန်၏။ရံဘန်ဆိုးငြစ်၊ မဝတ်ဖြစ်လည်း။ အသစ်လျှော်ပင်။တေဆုတ်ဖျင်၍။ လျှင်လျှင်ဆောဆော။ ရှာသော်ပေါ၏။ သဘောပီပြင်။ သက်ရှင်သရှေ့။တောနေမြွေသဉ်။ ရသေ့သဘွယ်။ဝတ်သပ္ပါယ်၍။ရန်မယ်လည်းဖွဲ့။ လည်မွဲ့ရုဒိမ်း။ အစိမ်းတောထုတ်။ သူယုတ်ပြောထူ။ မိစ္ဆာလူလည်း။ယူ၍မဝတ်။ဘေးမဲ့လွတ်၏။မပြတ်သုံးစွဲး။ပုလဲးတမှုး။အထူးသုတ်သင်။ပြုပြင်ကျင်လည်း။ခင်ယင်နှာသိမ့်။ စိမ့်စိမ့်ပြားပြား။ဝတ်စားအရာ။ တန်းဆာဆင်သည်။မမည်ပါထွန်။ဝန်လည်းမလေး။ ကြိရေးကြီးငယ်။ သင်္ကန်း ဝယ်၌။ တပ်ဘွယ်မသည်း။တခြင်းနည်း၏။လျှော်ချည်းတေထု။ဥဘတ်ဆန်းပြုလျက်။ ဝတ်မှုလွယ်ငေါ်။ ထရားလျှော်၍။မမြော်အပြစ်။ ကင်းသည်ဖြစ်၏။မည်းချစ်လျှော်တော။ ပျောက်ရှလေလည်း။ တာတွေမသည်း။ ဝမ်းမနည်းလွန်း၊ ဤသို့ထွန်းသည်။ သင်္ကန်း ဟူလော်က်။ သစ်ခေါက်ကျေးဖူး။ဆဲ့နှစ်ဦးဖြင့်။ ချီကျူးဂုဏ်အင်။ သိဋ္ဌိတင်လျက်။ ကြိုးတွင်တွဲးလွဲး။သင်္ကန်းဆွဲး၍။ ပုလဲးပြည်တော်။ သစ်ခွံလျှော်ကုံ။စိုက်ခေါသံချည်း။ရှင်ခမည်းကား။ ။လက်တည်းကိုင်မရဲးသတည်း။

၈၅။ ဤသို့မြတ်ပုံ။ချီးမွမ်းတုံမှ။အမုံပွင့်ရွှေ။လိပ်ဆရွှေနှင့်။တူထွေလျှောလျှော။ ရောင်ဘိတ်ချောသည်။ လျှော်ကြောသင်းပိုင်။တထည်ကိုင်၍။တူပြိုင်စဝန်း။ဝတ်ထွေဆန်းလျက်။စိန်ပန်းမောင်းဝါ။ သင်္ကန်းလျှာကို၊ရှုသာတင့်တယ်။ ပခုံးပယ်၍။ချိတ်တွယ်လွှမ်းပြီး။ ပွင့်ကြီးမြေက်။ပုန်းညက်သဘွယ်။ ပန်းပြောက်ချယ်သို့။သပ္ပါယ်လှစွာ။ ခြေသည်းမြွာတိ။အရာမပျက်။ သစ်နက်အရေ။ ဆောင်စနေကို။ပြေပြေပြစ်ပြစ်။ ခေါက်စနစ်လျက်။ တ

ဘက် ပယ်တင်။ ထားပြီး ကျင်မှ။ ပြုပြင်ဦးရစ်။ ဆံကျစ်လည်း
စွပ်။ရှောင်ကျင်တပ်၍။ တင့်အပ်ထိုဝယ်။ ကိုင်ဘွယ်ဘွယ်ကို။
ယမ်း လွယ်ယူပြီး။ ရသေ့ ကြီးကား။ ကိုယ်ထီး စံပ။ သခ်မ်းလှ
မှ။ကြွလာဘ်ကျင်သော်၊ မတင်အသစ်။ ဟောင်းစစ်အသရေ။မြူ
တေပြည့်ညီ။ ရှင်ဝါပီလျက်။ အနိဝတ်ခါ။ သုမေခါကား။ ။
ရောင်ဝါရှေးထက်ကဲးသတည်း။

၁၆။ ဘိသိက်မင်္ဂလာ။လူသောခါက။ဆိုရာမသီး။မြေကြီး
စောင်းထောင်။ ပွဲများဘောင်၌။ ဆန်းအောင်ဆူလှယ်။ အံ့ဘွယ်
ဘွယ်တိ။ချိုးချယ်ရတနာ။ဆင်သောခါထက်။ ထူးအင်တက်၍။
ထွက်လတုံထွန်။ ကျောင်းဗိမာန်၌။ သဏ္ဍာန်တည်ကြည်။မဟာ
ထေရ်သို့။အခြည်အဝါ။ရူသာကြည်းကြည်း။သိပ်သည်းပြေပြစ်။
ရသေ့စစ်လျက်။ ကျစ်လျစ် တင့်တယ်။ ဟောင်းဆင်းရွယ်ဖြင့်။
ခြောက်ဆယ်အလျား။ စကြံဖျား၌၊ စံသွားကြည့်မျှော်။ အသွင်
တော်ကို။ ထိုရော်မစဲး။ရှုပြီးရဲးမှ။ ဝမ်းထဲးမသို။အလိုကတိုင်း။
ပန်းနှယ်လှိုင်း၍။ရှင်ကျိုင်းသူတော်။ ရသေ့ကျော်ကား။ အဟောင်
သုခ။ပီတိဝလျက်။ တွင်းပပြည့်ပွန်။ဤသို့ပြန်သည်။ ။ရှင်ပွန်
တင့်ဆဲးဆဲးသတည်း။

၁၇။ တလုံနွေးနွေး။အောင့်စေးဆိုထွေ။မနေမသာ။ကြံစည်
ရှာလည်း။ခုခါတိုင်မှ။ဆုံးတိုင်ကျ၍။ရသည်တောဝယ်။ ငါဆင်း
ရွယ်ဖြင့်။စံပယ်လှတင့်။ ဤအကျင့်ကား။မျက်ပွင့်ပန်းကုံး။ တော
လုံးဝင်းဝင်း။ ဆီမီးဆင်းသို့။ မှန်ကင်း တိုင်ချည်။ တမ်ခွန်မည်
သော်။ရှင်ရည်ရှင်ဝါး။ ဤဖြစ်လားကို။ ဘုရားလူ့ဆွေ။ပဓွေက
ဗုဒ္ဓါ။ရဟန္တာနှင့်။ အရိယါမည်သီး။လုံ့လကြီးတို့။ကောင်းခြီးကော်
ရော်။ပူဇော်သကာ။ ခံထိုက်စွာလျက်။ ယောပနာပိုက်။ တည်ပ
ထိုက်၏။အမိုက်လည်းထူ။ဂိဟိလူ၌။ပင့်ကူချည်မြွေး။ မျောက်နှံး
စေးနှင့်။ သံခွေးခတ်တင်။ တိတ်ကျည်းရှင်သို့။ လွတ်ချင်မအား။
ငြိဘန်များသည်၊ ရွာသားမျိုးဆွေ။ချည်သောထွေလည်း။ ပြေငြိ
ယခု။ကြိုးဖုန္နောင်ဖွဲ့၊ နင်းချိုးပဲ့၍။ဗွန့်ခဲ့အိမ်ရာ။ တောထွက်လာ

မှု။ကိုယ်တခုဖြင့်။ ကျွတ်ဆုပြည့်ဝ။ ဤကိုဆသော်။ ကာလမြင့်တွေ့။လူပင်နေသည်။ ။လွှန်လေအားတက်သရောတည်း။

၈၈။ ကမ္ဘာသန်ျေ။ဆုဝေတီးပြုန်း။ကြေပျက်သုဉ်းလည်း။မပုန်းမလျှို။ကိုယ်ဘို့လက်နက်။ ကျိုးစက်ထောက်ကူ။ကုသိုလ်ဟုသား။ အလှူရကနာ။ သံသရာ၏။ ရိက္ခာ ထုပ်ကြီး။ လွယ်၍ပြီးသော်။ခရီးသမ်းလွှဲ။နိဗ္ဗာန်ကွဲးကို။မလဲးဝတ်စား။ လှူပင်သွား၍။မအားလေစွာ။ရှင်ရှပ်ဝါဖြင့်။ သွားဌာလျောက်လျှား။ ငါ့မှုထားကား။ညာဖျားသွန်းသွန်း။ပွင့်ကြီးပန်းသို့။လန်းလန်းဖူးပင်။အညွှန့်ရှင်၏။ကျပင်တွင်မြတ်ဆု။စီးပွါးမှုကို။ပြုအံ့ရှင်ရေး။မကုန်သေးခဲ့။ သုံးလေးငါးခြောက်။ မြှောက်တုံရှစ်ခု။ ဖိုလ်မဂ်ဆုကို။ လွယ်မှုသိုက်မှန်း။ ရပြီး တန်လျက်။ မေ့ကျန် ရွယ်လူး။ ကြားလေ ဘူးသည်။ ။ကျေးဇူးနှမိနှမြောတည်း။

၈၉။ ဤသို့မှတ်ပိုက်။ ဝမ်းအခင်ချိုက်၍။တောနှိုက်မျက်ပွင့်။ ပျော်သဖြင့်လျှင်။အကျင့်အလျောက်။အန်အားမြောက်၍။မြကျော့ံဆောင်ပန်း။ အင်းပျည့်ဝန်းထက်။ခိုင်ကျန်းလည်းနေ။ ပုံသွန်းရွှေသို့။ကုဍ္ဍေမကာ။ချမ်းရိပ်ဝလျက်။ထိုမှုပျော်ဘာန်။ နေ့ဘို့လွှန်၍။ခါတန်နေပြမ်း။ ရိမ်းတုံဆည်းဆာ။ လဝါထင်ပေါ်။ သခ်မ်းတော်တွင်။မွှေလျော်ကိုယ်ထီး။ကျိန်းတုံပြီးမှ။ မိုးသောက်ထ၍။တွေးဆခင်းကျင်း။ တောထွက်ခြင်းကို။ စိုင်းပြင်းလေလေ။အိပ်နိုးပြေသော်။စိတ္တေကဂ္ဂတာ။သည်းပွတ်ချာက။ ကြည်စွာတောင်စ။သိဒ္ဓါမြသို့။ တည်လှသောဆုံး။ နှလုံးစေ့ချည်း။ရုံးကျည်းအရေး။ကြိုပြန်သေးသည်။ ။နက်လေးကြောင်းခြာတတန်တည်း။

၉၀။ အာဒိစ္စဝင်။မာရဂင်ဟု။အောင်မြင်မဂ်ဖိုလ်။ ပွင့်သားကိုယ်ဖြင့်။ အလိုပေါ်ထွန်း။ မြက်တောင် ကျွန်းသို့။ တတန်း ဆံခြည်။နှင်းရည်မြူရှိ။ ညစ်ကျိုမဖြေး။သုဋ္ဌေါသွေးကား။ အရေးထိုသို့။ကြောင်းခြာတို့ကို။မဆိုသရုပ်။ ပါဠိကြွင်းမြှုပ်၍။ အဃုပ်မပြ။ချည်းကာမျှလျှင်။လူကသောခါ။ သုမေဓာသည်။အိမ်ပါဝတ်လဲး။စွန့်ပြီးရဲးမှ။နှဘဲးရည်ဖျန်း။လျှော်သက်နီးကို။ လန်းလန်းဝတ်ဆင်။

သခ်ိမ်းဝင်လည်း။ချင်ချင်မွတ်မွတ်။နှလုံးလွတ်၍။ နေမှတ်မရည်။ သွားခဲ့သည်ကို။ တိုင်တည်ရှင်ကျော်။ တပည့်တော်အား။ ဟောဘော်ကြားသည်။ ။တရားဤသို့အမှန်တည်း။

ဝါကစိရနိဝါသနခန်းပိုဒ်ရေ ၁၂ ပြီး၏။

---

၆။ ရုက္ခမူလဥပဂမနခန်း။

(ခေါ်) အဇ္ဈဒေါသသမာကိဏ္ဏံ။ပဇဟိပဏ္ဏသာလကံ။ ဥပါဂမိရုက္ခမူလံ။ဂုဏေဒသဟုပါဂတံ။

သာရိပုတ္တ။ ချစ်သားသာရိပုတ္တရော။ အဟံ။ငါသည်။အဇ္ဈဒေါသသမာကိဏ္ဏံ။ ရှစ်ပါးသောအပြစ်တို့ဖြင့် ပြွမ်းသော။ ပဏ္ဏာသာလကံ။ သစ်ရွက်မိုးသောစရပ်ကို။ ပဇဟိ။စွန့်ပြီး။ ဒသဟိ။ဆယ်ပါးကုန်သော။ ဂုဏေ၊ဂုဏေဟိ။ ကျေးဇူးတို့နှင့်။ဥပါဂတံ။ပြည့်စုံသော။ရုက္ခမူလံ။သစ်ပင်ရင်းသို့။ ဥပါဂမိ။ကပ်ပြီး။

၆၁။ ကန္ဒမုက္ခ။စသည်အချင်း။မြွေလေးစင်းနှင့်။ နှုန်းထွင်းတွေးခေါ်။ ပမာလျော်သား။သပေါ်မည်ဟုတ်။ မဟာဘုတ်ကို။ ဆိပ်နုတ်စွယ်ချွတ်။ ကင်းရှိန်သတ်၍။ အရဟတ္တမဂ်။ပညာစက်ဟု။အနှက်ဆေးကြီး။သွင်းပြီးသရော်။ နောက်နောင်သော်ကား။ မပွါးစေအပ်။ငါလျှင်ကြပ်၍။ပညတ်ပရမတ်။ မနှန်ရွတ်လျက်။ ရုခပါဌ် ခွန်း။ အံစိတ် မန်းမှု။ လန်းလန်း လှစင်။ လွတ်မြောက်ရှင်သား။ ငါ့တွင်သက်နှံ။ အရဟံတိ။ သာမဂ္ဂိန္ဓ။ အသိမတန်။ ငါသာ လွန်သည်။ လျှင်ထန်ပညာ။ သာရိပုတ္တရာ။ ။နာတုံ သိုက်သိုက်။ ဝမ်းထဲပိုက်လော့။ သာမြိုက်ရ ကြောင်း။ အညွန့်အောင်း၍။ နန်းလောင်းအောင်မြေ။ အိမ်နိမ့်ခြေနှင့်။ အနေမလွန်။ နှုန်းသင့်တန်သား။ ဗိမာန်သခ်ိမ်း။ နိဗ္ဗာန်ငြိမ်းဉ္ဈ။ငြိမ်းချမ်းရှင်ဘ။ ကျိန်းပြီးမှလျှင်။ တွေးဆအသစ်။အကြံဖြစ်၏။ မချစ်ဥစ္စာ။ရသော့ လျှာဟု။ အိမ်ရာမထောင်။ မျိုးကုန်အောင်ဖြင့်။ ချည်နှောင်မရှိ။

လူညစ်ကျီကို။ ဗလိဗောဓ။ စိုးရိမ်ရလျက်။တလွှညှိ ဌောက်။ လူ နံ့ပျောက်၍။သစ်ခေါက်လည်းဝတ်။လဲးချွတ်လူမွေး။ လူဌြစ်ကြေး ကို။လျှော်ဆေးမှုထား။ လူဝတ်စားလည်း။ ။ငါ့အားပယ်ရပြီး သတည်း။

၉၂။ တရားအညွှန့်။ကြိုးသို့တွန့်၍။ မပြန့်စသာ။ လူတို့ရွာ တွင်။ဃရာဝါသ။အိမ်ကြောင့်ကြဖြင့်။ခွသည့်နှုလုံး။လွန်ပြီးဆုံးမှ။ အန ္တ တိ။ရွှေငွေကျိုကို။မသိတိုင်းရှဲ့။ စွန့်ပေခဲ့လျှင်။မငဲ့မတွယ်။ မြတ်ရာရွယ်သည်။ တောဝယ် ချမ်းမြေ့။ ငါရသေ့ကား။ ရတော့ သောင်းဖျင်း။အယွင်းယွင်းလျှင်။ သေမင်းစစ်ချီ။နောက်ရမိသား။ လောကီစည်းစိမ်။ တင်းမတိမ်ကို။ အကြွင်းအဖန်။ညီစွာထွန်၍။ နိဗ္ဗာန်မည့်သည်။ အောင်စည့်ချမ်းသာ။ ယူသောခါ၌။များစွာမ ခဲး။ရလွယ်မြီးဟု။အရဲးတိုးတိုး။ အားရှိကြိုး၍။တံဆိုးကံကျွေး။အ မြိုက်ဆေးကို။ ပေးပေးသမျှ။ ပြတ်သားလှလျက်။ဆယ်ဆဆင့် လောင်း။အနှစ်ကောင်းကို။ ။စည်းပေါင်းလွှယ်ရပြီးသတည်း။

၉၃။ ။အရည့်ကင်း။ တောတွင် ကိန်း အောင်း။ ကျေးဇူး ပေါင်းကို။မချောင်းလေဝံ့။ အခါငံ့လျက်။ ခွါအံ့ရူးစား။မတတ် အား၍။ၡည်လျှားဘက်ထစ်။ မနှစ်ကိုယ်ကို။အလိုဖျင်းသောင်း။ အကာဖေါင်းသည်။ကျင့်ကောင်းမဆံ။လူလက်ပံတို့။အကြွီယုတ် မာ။မိစ္ဆာလည်းမည့်။ အုံစည့်မှက်ရဲး။ ကိုက်ဆွပ်ခဲ၍။ ကျည်နှိုး ကျည်နူ။ ကျားသစ်တူလျှင်။တလူနေ့ရေ။မလွှန်စေဟု။ တောခြေ လုံးသိမ်။ကိုယ်ကိုနှိမ်၍။ ဆိတ်ငြိမ်ရပော်။ကုတော်ဘယ။ဘေး ဘျမ်းစသည့်။တန္တုမှုဒိမ်း။ငါ့အားငြိမ်းလျက်။ ခပ်သိမ်းမေတ္တာ။ ရပ်မှုက်နှာလည်း။ ။ဝိတ်ကာကွယ်ရပြီးသတည်း။

၉၄။ အနပေက္ခ။ မာန်စောင်ချ၍။ တောင့်တ ရုံမက်။ မ ကွက် ခပ်သိမ်း။ တောစိမ်း မြက်မည်း။ တောင် ပြင် ကြည်း၌။ ဘော်နည်းနေလို။ ငြိမ်းရာ ခိုလျက်။ ထိုနှင့်မတန်။ အပွန် တော ကျောင်း။ သာရိပ်အောင်းလျက်။ မထောင်းမိုးလေ။ သခ်မ်း နေ သော်။ မခြေစွာမြေ့။ တောဝယ် မွေ့သည်။ ရသေ့တန်မွဲ့။ သာ

ဘောင်ဖွဲ့ပ်ဟု။ ကဲ့ရဲ့လည်းရ။ ပျင်းမိုးထ၍။ နေ့လရှည်ကာ။လို့လ မှာလည်း။အခါညှဉ်းဆိုး။ တခါကြိုးလျက်။ ရှင်မျိုးတော်ခါ။ ဥပ ဆန်းသာလျှင်။ပြုပါကျိုးစက်။ ဂုဏ်မတက်ခဲ့။ သည့်ထက်မကာ။ နတ်နှင့်ဆလည်း။နိမ့်ကျမထင်။ စည်းစိမ်အင်ဖြင့်။မငြင်မငြို။ငါ အိမ်ကိုလျက်။ မလိုနှောင့်နှေး။ ခွါတုံသေးရှင့်။ နိုင်းသွေးထိုကို။ သွင်းပြီးဆိုလည်း။စလိုစလာ။ သမန္တာမျှ။ ကပ်ကာမရ။ တတမဲ့ ဘွယ်။ဤကျောင်းငယ်ကား။ ။တာတွယ်ငါအားများများမရှိ အပ်သတည်း။ ။

၆၅။ ထိုပြို့တခါ။ ဤကျောင်းသာကား။ ရှာရှာမှိုးမှိုး။လုပ် ကြိုးကြံမ။ ကြောင့်ကြပန်းရှု။ ကုန်အောင်မှုလျက်။ ဆောက်ဦလုံး ပေါင်း။ပြုရောရှောင်းခဲ့။အဟောင်းရိပ္ပပ်။ အမိုးယပ်နှင့်။ကြမ်းကွပ် သက်ငယ်။နှီးနွယ်ဆွေးနွေး။ကြမ်းထေ့မခိုင်။နံရံယိုင်လည်း။ညွှန် စိုင်မြေနီ။ထမ်းပိုးချီလျက်။တသီတခါ။ရူဘါကုတ်သဲ။ဘြော်လဲး ပင်ပန်း။ပြုရလွန်းခဲ့။ လမ်းသန်းလမ်းကျူး။ သွားကြိုက်ဘူးသည့်။ ရပ်ကြူးမြေခြား။တိုင်းတပါးမှ။ ကျောင်းအားသပ္ပါယ်။ အရွယ် ဝါလွန်။သူတော်မွန်တို့။ ရန်ဘန်ကြိုက်ပါ။ ငါနေရာသို့။ ရောက် လာသောအား။ ညှာရများလည်း။ တည့်ကြားမရ။ ထတွေ ပြန် ပြောင်း။လေးပြန့်ရှောင်းခဲ့။ထိန်းကျောင်းကိုယ်ကို။ ရိပ်ကောင်းခို လည်း။ပျင်းလိုပျင်းခန်း။ နေပျော်လွန်းခဲ့။ ခါမှန်းမကြည်။မရှည်ပူ ချမ်း။နူကြမ်းထိထိ။ မခံချိခဲ့။မသိမကြား။ ကွယ်သကားဟု။တ ရားမရှု။ဌြစ်ဌြမ်းမှုကို။ပြုလိုသော်လည်း။မမြော်လူမိုလ်။သကြိုးယှ် ကဲ့ရဲ့။ဖုံးပိတ်ခဲ့၍။ရှက်မဲ့သောဟန်။ ကျင့်လေတန်ခဲ့။ကျောင်းကန် သိက်ဂုမ်း။ ငါသခ်မ်းဟု။ချစ်လွမ်းရပ်ရာ။ တပ်လွန်းစွာလည်း။ မြိဿာဖြစ်ဆေး။ဝန်ဖြင့်လေးခဲ့။အရေးလုံးစုံ။ ရှုချေတုံလည်း။တဲ့း အုံလည်းဆောက်။နေလမြောက်သော်။ နှစ်ယောက်ဘော်ရှိ။ ဟူ လေဘိခဲ့။ထိုပြို့အပ။သန်းဖြကြမ်းပိုး။ ကြွက်မျိုးပင့်ကူ။တက်တူ အိမ်မြောင်။အထောင်အသောင်း။ အပေါင်းပိုးခြွား။နေသူများခဲ့။ ရှစ်ပါးအလှစ်။ဤသို့ဖြစ်သား၊ အပြစ်စုံပေါင်း။ သခ်မ်းကျောင်း

လည်း။ကျည်းမြောင်းအထူး။ နေ့ရှည်ကျူးသော်။ ။ကျေးဖူး
မစေ့စပ်သတည်း။ ။

၉၆။ သခ်မ်းရိပ်ခို။ အပျင်းသို၍။ ကိုယ်လိုစိုးစိုး။ အပိုးမ
သေ။ငြိမ်းကာနေလျက်။ ကျင့်ထွေမသည်း။ လုံ့လနည်းဖြစ်၍။ သို့
ချည်းနှင်နှင်။ချမ်းသာကျင်သော်။ ရှင်၏ဖြစ်လား။ ဤမှုထားကား။
ယောက်ျားသူပြိန်း။ခပ်အောင်ချိန်းလျက်။ ကလိန်းကလင်း။ ထော
ငယင်းဖြင့်။ မြစ်မင်းပင်လယ်။ ကူးလိမ့်ရွယ်သို့။ ထို့နှယ်လည်း
ကောင်း။လူကချောင်းသား။ မြစ်ပေါင်းနက်နဲ။တရားခဲကို။ လွဲး
လွဲးရငြါ။ခက်လေစွာခဲ့။ချမ်းသာကိုတီ။ နေမိတုံတုံ။ အပုံသံဝေ။
မရလေတည်း။ခြွေရွေစွန့်ဖဲ။ တောထဲဝင်လျှိုး။သည်းခံကျိုးဖြင့်။
မညှိုးထက်မြက်။ဖွံ့ဖွံ့တက်၍။ တောထွက်သောအား။ စီးပွါးအ
ညွှန့်။သားသားပြန့်လျက်။ အစွန့်ရှည်လျား။ တရားမြစ်ဖြာ။ စည်
သော် သာတည့်။ တောမှာကုံလုံ။ နေစောက်တုံအံ့။ ကြာမုံသ
ဘွယ်။နေရောင်ကွယ်သို့။ကျောင်းငယ်မှုတည်း။ မွဲမည်းအလား။
ပြစ်ရှစ်ပါးဖြင့်။ငါ့အားတိမ်းစောင်း။မမှားကောင်းဟု။အကြောင်း
ရှာမှီး။ရသေ့ကြီးကား။ကြံစီးနက်နဲ။နှလုံးထဲး၍။ ။အမြဲကိုယ်
ကိုကွပ်သတည်း။

၉၇။ ဤသို့ကြံပြီး။ရှင်ကြီးသူတော်။ ရသေ့ကျော်ကား။ထို
ရော်သခ်မ်း။ကျောင်းဦးစမ်းသော်။ ပွမ်းသားအပြစ်။ရှစ်ပါးဖြစ်
၍။စွန့်ပစ်တောကျောင်း။ ခွါခဲ့ရှောင်းမှ။ သူဟောင်းတကာ။ အရိ
ယာတို့။နေငြါထိုက်တန်။ ကျေးဇူးမွန်ဖြင့်။ နိဗ္ဗာန်ဝင်ဝ။မြိုက်ဒွါရ
၏။လမ်းမရတ်ဦး။ လှော်ခါးကူးကုံ။ ပြူးပြူးရင်တောင်။ တက်ဆုန်
အောင်၍။ဆောင်ပြောင်မိုးနတ်။ မြပြာသာဒ်လည်း။ယိုချွတ်မတူ။
မည်သူမပြု။လှူသာရကို။ ကောင်းမှုတို့ဝေ။ သုန္ဓရေမည်သီး။ဤ
မြေကြီးလျှင်။ရှာမှီးကိုယ်တန်။မလင့်ဟန်သို့။ဗိမာန်တဆူ။ သစ်
ပင်ဟူသား။နေ့ပူမထား။ တရားဗိမာန်။အရိပ်မွန်သို့။ ။တဖန်
သွားဆည်းကပ်သတည်း။

၉၈။ သူတော်တကာ။အရိယာတို့။နေငြါသန့်ရှင်း။သစ်ပင်

ရင်းကား။ တစင်းနိုးနွယ်။ ဝါးသက်ငယ်ဖြင့်။ ချည်ဘွယ်နှောင်
တည်း။ပြုရနည်း၏။ကပ်ဆဦးသောခါ။သာရကာတည့်။ကောင်း
ရာနှစ်သက်။ ရွေရလျက်တည့်။ တမြက် တလင်း။ မ၍ပျင်း၍။
လှည်းခြင်းမပြု။ သုတ်သင်မှုလည်း။ မရှုမသာ။ရှိခဲ့စွာ၏။ အခါ
မကြိုက်။ ညည့်ရိုက်သန်လွဲ။ သက်ကြီးတဲ့လည်း။မလွှဲနေရာ။
ကျောင်းဝယ်ညွှာသို့။ရှင်ဝါစစ်ခြင်း၊တကြောင့်ကင်း၍တိလင်း
ကျည်းကြီး။ မဆိုးဟည်းလည်း။ ကွယ်ကာနည်းဟု။ သိမ်းဖြဦး
ရှုံရှာ။မအပ်စွာသည်။ယုတ်မာညစ်ဆေး။ပြုဘွယ်ဝေး၏။ချမ်းဇေ
ပုလောင်။ ပြင်တီးကောင်နှင့်။ကျောင်းဆောင်ရိပ်ဝဲ။ ဤနှစ်ကွဲး၌။
အမြဲး နေတမ်း။ သူ့ထက်စွမ်း၍။ ငြိမ်းချမ်း ပုပန်။ သင့်ရုံတန်၏။
အလွန်တင့်ကဲ။ သခ်ိမ်းတဲ့သို့။သုံးစွဲးသောလား။ သိမ်းပကား
ခြင်း။နှောင့်ရှက်ကင်း၍။ကျောင်းခင်းအုံစင်။ငါ့သစ်ပင်ဟု။ ဖြိုနှင်
သူ့အား။ရန်ထားတွယ်တာ။ ငက်စွာမမှု။နှလုံးမြူ၏။ နေတူဘော်
များ။ အိမ်အလားသို့။ ပိုးမြွားရန်ဖျင်း။ သုတ်သင်ခြင်းဖြင့်။ ထဲး
တွင်းဝန်ပေါ်။တအောဲလဲးလဲး။ချိလွှဲးပြောင်းပြန်။ ယားထုတ်တန်
သည်။ဝန်လည်းမရှိ။ထိုပြို့အပ။သိကြားမ၍။ ရတုံဗိမာန်။မြစေ
မွန်လဦး။မလွန်စသါ။ညိုဝါရှိမ်းရှိမ်း။ရောင်ဘိတ်စိမ်းလျက်။ချမ်း
ငြိမ်းဖါးဖါး။မိုးဖျားထိလု။ သစ်ပင်နုအောက်။နေရမြောက်သော်။
ဖြိုင်ထောက်မရှိ။ ပိတိဖြိုးပွြမ်း။ ဆိနှယ်ရွှမ်း၍။ ချစ်ဝမ်းရွှင်ပ။နှ
လုံးချလျက်။အားရနှစ်သက်၊လွန်ပုံမက်၏။မြေထက်သစ်ပင်။ မ
ရှားဖြင်၍။ချင်ချင်မွတ်မွတ်။ခံနေသတ်လျက်။နေမှတ်သိမ်းဆဦး။
တပ်ပွေနည်း၏။ ပေါင်းစည်းကြီးငယ်။ ကျေဇူးနွယ်တည့်။ တ
ဆယ်ဂုဏ်အင်။ ဤသို့ထင်သည်။ သစ်ပင်လည်းဟူ။ ရုက္ခမူကို။
ရှင်ပြုရသော့။နှလုံးမွေ့လျက်။ ။ချစ်ငြွေ့ညွတ်တိမ်းမတ်
သတည်း။

ရုက္ခမူလဥပဂမနခန်းပိုဒ်ရေ ၈ ပြီး၏။

## ၁၀။ ပဝတ္တဖလဘောဇနခန်း။

(ခံ) ဝပိတံရောပိတံခညံ့။ ပဇာဟိနိရဝသေသတော။ အနေကဂုဏာသမ္ဗန္ဓံ။ပဝတ္တဖလံမာဒိယိ။ ။သာရိပုတ္တ။ချစ်သားသာရိပုတ္တရာ။ ဝပိတံ။ ကြဲအပ်ထသော။ ရောပိတံ။ စိုက်အပ်ထသော။ ခညံ့။စပါးကို။ နိရဝသေသတော။ အကြွင်းမရှိသောအားဖြင့်။အဟံ။ငါသည်။ပဇဟိ။ စွန့်ပြီ။ အနေကဂုဏာသမ္ဗန္ဓံ။ များစွာသောဂုဏ်နှင့်ပြည့်စုံသော။ ပဝတ္တဖလံ။ အလိုလိုသာလျှင် ကြွေကျသော သစ်သီးကို။အာဒိယိ။ ယူပြီ။

၉၉။ ဗလဝါမုခ။ပင်လယ်မသို့။ကျယ်ဝဟာင်းလင်း။ ယမမင်း၏။ခံတွင်းလဟာ။ဘောဝ်သုံးရွာကို။ မခွါနိုင်ပဲ။ ရှောင်ရှားခဲ၍။အောဝ်လဲးကျများ။ငါ့ထံပါး၌။လျှိုးတွားပန်ထွာ။ဆည်းကပ်လာမှ။လိမ္မာတတ်ချေ။ ငါသင်ထွေဖြင့်။ အသေလည်းမှတ်။ စည်းလဲးတတ်လျက်။ ကိုယ် လွတ်ရှင်းရှင်း။ ပြည်မင်းခရီး။ ထွင်ကုန်ပြီးသော်။ ဝါကြီးဝါငယ်။ မျိုးလေးနွယ်တိ။ ပွဲးပြည့်ရှိလည်း။ မချိပညာ။ပုဏ္ဏနက်နဲ။ခဲးသားအရေး။လက်ဝါးပေးသည်။မရွေးသိမြော်။တပည့်ကျော်။ ။သားတော်ရှင်ဖြူ။ နှလုံးမူလော့။ဇမ္ဗူတတိုက်။ ဤကျွန်းနိုက်လျှင်။ ကျော်လိုက်ဆုဝေ။ပြဟ္မာ့ဆွေဟု။ သုံးထွေဗေဒင်။ကျယ်သိမြင်သား။ရုံအင်ပညာ။သုမေဓာကား။ဥစ္စာစည်းစိမ်။နန်းအိမ်စွန့်ပစ်။ ကိုယ်ထီးဖြစ်လျက်။ကျောင်းသစ်ကုဋ္ဌေ။သခ်မ်းနေလည်း။မသေနှလုံးသူပျက်ထုံးဟု။ပိတ်ဖုံးရုံမိုး။လွန်လေနိုး၍။တူရိုးမဲ့ရှောင်း။သိကြားကျောင်းဝယ်။ကျိန်းအောင်းနှစ်ခြိုက်။မနေမိုက်ပဲ။ တောထဲးချောက်မြောင်။ပြင်တီးခေါင်၌။စိမ်းရောင်ဖါးဖါး။ သစ်ပင်ပါးကို။ ဝမ်းအားဆွတ်ဆွတ်။ ချင်လှမ့်တ်လျက်။ ။ပြတ်ပြတ်နေရာခန့်သတည်း။

၁၀၀။ ရုက္ခဆာယာ။သစ်ရိပ်သာကို။နေရာခန့်ပြီး။ ရသေ့ကြီးကား။တောနီးရွာထံ။ အသက်နှံ့လျက်။ ဆွမ်းခံကျင့်ဝတ်။

ပိဋ္ဌာပတ်ဖြင့်။နှုးညွှတ်စွာလှ။ လှူကုန်ကြ၍။ရလတ်သောခါ။ သာ
သည့်ရပ်ဝယ်။သပ္ပါယ်စရုံ။ရောင့်ရဲတုံမှ။အကြံရ၏။ဤမျှဝမ်း
စာ။ဆွမ်းနှုးကာလျှင်။ဘော်ကွာလိုလွန့်။တောဝယ်ကွန့်လျက်။မ
ပြန့်စီးပွါး။ခံကာစား၍။ လူအားလည်းကောင်း။ ပေါင်းပေါင်းပျစ်
ပျစ်။ခေါက်နှစ်ဆုံတုံ။ တပြုံပြည်းပြည်း။ အနှစ်နည်းသည်။ အ
ရည်းမည်မည်။မဟာထေရ်နှင့်။ အရည်အသွား။ များများမထူး။
ကျေးဇူးမရှာ။ တကာ ဆွမ်းပါစ်။ ရှင်နှယ်ဖြစ်လျက်။ မည်းချစ်
လျှော်ခေါက်။ဝတ်စောက်မြီးဆန်း။ရဟန်းတော်သူ။ဖြစ်ဝိမ့်ဟူ၍။
ရှင်ပြုတောတွင်။ နေလတ် ကျင်သည်။ မှန်စင်အရေး။ မဟုတ်
သေးခဲ့။တထွေးလုံးပေါင်း။ကြီတုံရှောင်းလည်း။ဆွမ်းကောင်းစါး
စား။ လျှာကျိုးများ၍။ ဝမ်းအားတံဆေး။ ရွာဝေးမခွါ။ နေမိရာ
ကား။ အစာဖြင့်အား။လားသည့်ငရဲ။ခံရမြဲလည်း။ ဖြင်ပြဲဆုန်း
ဆ။ဤသည်မျှဟု။မရတွက်ရေ။ များလွန်းလေခဲ့။ မြောင်းမြေပိုန်
ဆန်း။လျှော်သက်န်းနှင့်။ဆွမ်းပန်းပစ္စည်း။သို့သည်ချည်းသော်။ မ
နည်းစီးပွါး။ရဘွယ်ရှား၏။ မူထားတွေငေါ်။ ငါမလျှော်ဟု။ ရှင်
ကျော်မြတ်စွာ။သုမေဓာကား။ဘွယ်ရာရွှေ့ရှု။ဤသို့ဟုလျက်။ ။
ဗျော့နှလုံးထွန့်သတည်း။

၁၀၁။ ဂေါစရကံ။ရွာသက်နှံလျက်။ဆက်ဆံလူနှင့်။ငါမ
သင့်ခဲ့။လေးမြင့်ခါလည်း။မရှည်စေမူ။ ယခုနေ့က။နက်မြန်စ၍။ မျှ
တရေစာ။မသေကာလျှင်။ တောမှာနေထိုင်။အမြဲခိုင်ပြီး။သစ်သီး
လက်ဝယ်။ လူနှင့်ကွယ်သော်။ အကယ်ငါ့အား။ ကောင်းငြား
ယောင်ဟု။ အခေါင်ကြံစည်။ ဤသို့ရည်လျက်။မလည်ရွာတွင်း။
လှည့်ပတ်ခြင်းဖြင့်။ သိတင်းကျင့်ထွေ။ မရေမရာ။ ကြာလေစနိုး
သူမြတ်မျိုးကား။ဝိုက်ပျိုးနွားကျွဲ။ ထွန်ယက်ကြဲ၍။ ဆင်းရဲပန်း
လျ။လုပ်၍ရသည်။ထိုမျှအိမ်၌။လူ့အစာ၌။ အာသာအလို။ နည်း
သားကိုယ်ဖြင့်။ အတိုအရှည်။ ခပ်သိမ်းသည်လျှင်။ အိုးတည်မီး
ချက်။အစာကျက်ကို။ ။သက်သက်ရှောင်ကြည်စွန့်သတည်း။

၁၀၂။ မရှည်ရွာလယ်။ဆွမ်းခံပယ်၍။နှိပ်နယ်ရမွက်။ငက်

သည့်သဘော။လောဘဇောကို။ မပြောစေအောင်။ အစာရှောင်လျက်။တေားချောင်ထိုဝယ်။စားကောင်းဘွယ်သား။ လုံးငယ်လုံးကြီး။သစ်သီ ဝလံ။နှံသည်အသက်။ကျေးဇူးချက်အား။ စုံမက်ရှုကြည့်။နှလုံးပြည့်၍။ အမှည့်ညွှာကြွေ။ အတွေတွေကို။စားချေမမြဲ့။ရှာစလေ့လျက်။တနေ့ဘို့အား။ တကြိမ်စား၍။ သွားလျှင်ဆုံကြေ။မှတ်လေသမှု။ထောင်းထု မတတ်။ ဖြောပြုတ် သတ်သား။ဟင်းဘတ်မီးချက်။ တရွက်မကိုက်။အသီးနှိုက်လည်း။ မီးမြိုက်ဖုတ်က။လျှာမျှမတို့။ မပျို့မအန်။ အပွန်လည်းမှတ်။ အစိမ်းဆွတ်လည်း။မသတ်ရေလုံ။ ကောက်ကာငုံ၍။မစုံမမက်။ အကျင့်ခက်ကို။သက်သက်စောင့်စည်း။အလိုနည်းသည်။အရည်းဗိလာ။ သုမေဓာကား။အစာဝမ်းဝယ်။ရောင့်ရဲလွယ်၍။ ။စင်ကြယ်သက်မွေးသန့်သတည်း။

၁၀၃။ တဆဲ့နှစ်ပါး။တရားထိုမျှ။သန္တောသဟု။ ရောင့်ရဲမှုဖြင့်။ဆန်းပြုလွဲလက်။ရမွှက်ကုတ်သျှို။စိတ်ဝန်တိုဟု။ဘိတ်ယိုစီးတက်။ရေးငန်းစက်ကို။စစ်ပက်သွန်ပြီး။မြဲ့တ်ရာမှီးသည်။ဘုန်းကြီးမဟာ။သုမေဓာကား။ မေတ္တာမည်သား။ချမ်းကြည်သွန်ဖြူး။စိတ်မြေးနူးဝယ်။ကျေးဇူးဟူသည်။ ပွင့်ဖြူနံ့မြိုက်။ ရလွယ်ကြိုက်လျက်။အကိုက်စိဖြာ။ကုသိုလ်ညှာတိ။ရင့်မာနွယ်စီး။ တောင်စင်ကြီးခွ။အသီးမှည့်ပျော့။ချာန်ငါးဘော်ကို။လျှင်ငေါ်မနှေး။ဆွတ်အုံတွေးလျက်။ညွှန့်သေးရွက်ညှောင်း။ဂုဏ်နှမောင်းအား။ ။ရှည်ကြောင်းထိုရော်ဆန့်သတည်း။

ပဝတ္တဖလသောဇနခန်းပိုဒ်ရေ ၅ ပြီး၏။

---

၁၁။ ပဒါနုစရိယာခန်း။

(ခါး) တတ္တပခါနုံပဒဟိ။ နိသဇ္ဇဌာနစင်္ကမေ။ အဇ္ဈတ္တံရမှိသတ္တာပေါ။အဘိညာဗလပါပုနိ။

သါရိပုတ္တ။ချစ်သားသာရိပုတ္တရာ၊တတ္တ။ထိုသစ်ပင်ရင်း၌။အပဟံ။ငါသည်။နိသဇ္ဇ၌ာနစကိမေ။ ထိုင်ခြင်းရပ်ခြင်းစင်္ကြံသွားခြင်း၌။ပဓါနံ။ကမ္မဌာန်းကို။ပဒဟိ။အားထုတ်ပြီ။ သတ္တာပေ။သတ္တာဟာသ။ခုနစ်ရက်၏။အဗ္ဘန္တ ရမှိ။အတွင်း၌။ အဘိညာဗလံ။ အဘိဉာဏ် တည်းဟူသော အားသို့။ ပါပုနိ။ရောက်ပြီ။

၁၀၄။ ပျင်းခြင်းကစ။ဝမ်းဝချောက်ချောက်။ခြောက်ပါးပေါက်၌။ ဇေတာမြောက်တူလျော်။ စိတ်လျှပ်ပေါ်လျှင်။ ချန်ကျော်ဝင်ထွက်။အရေးဖျက်၍။လိန်လက်မတည့်။ ထိုယင်းသည်အား။ကွယ်တားမသာ။ အဖြာဖြာတည်း။ ကိုယ်ချည်းမကုံ။ငါနှင့်ဆုံမှ။ ဗိတ်ကုံကျိတ်ကျိတ်။ဗိဉ္ဉ်စိတ်ကို။တဆိတ်လိုလွှန့်။ မကွန့်ဇေစရ။တိုင်းတွဆဉ်နိုင်။စွဲးချုပ်ကိုင်၍။ကြံခိုင်တမတ်။ကိုယ်ရှိန်သတ်ပြီး။နိမ္မာန်နိုးသည်။မည်သီးကျော်လစ်။တပည့်စစ်။ ။သားချစ်နားဝင်။ ဗိပ်ဗိပ်တင်လေ့။ အကြွင်ရောခါ။သုမေဓာ့သည်။ ဟေမာဇလ။ တောသို့ကြွ၍။ ပဏ္ဏာသာလာ။ သခ်မ်းခွါလျက်။ လူစာရှောင်ရှား။သစ်သီးစား၏။ဘဘွားရှင်ကျော်။ထိုသင်္ချော်လျှင်။ထိုရပ်ခွင်၌။ ပွင့်ကျင်ဘနန်း။ စီးပွါးပန်းဟု။ခိုင်ကျန်းနှလုံး။စိုက်စိုက်သုံး၍။ကျူးကာရဘွယ်။ကျေးဇူးကြွယ်ကို။ ။အကယ်ရေးရေးထင်သတည်း။

၁၀၅။ ဗလိဗောဓ။ ကြောင့်ကြဆံယ်ကြိမ်။ ရှင်းရှင်းငြိမ်၍။စိုးရိမ်ထွန့်တို့။အင်မချူတည့်။ ထိုသို့တောမှာ။ နေလေခါ၌။တကာလည်းမည်။ ပင်စည် စောင့်တတ်။ ရုက္ခနတ်ဘို့။ ရိုညွတ်လှူကမ်း။သစ်သီးဆွမ်းကို။ ဝတ်ထမ်းအလား။ လေနတ်သားလျှင်။လှုပ်ရှားချွေချ။ပို့စောင်မ၍။မကြွအကြံ။တောထံနေပိုက်။ နှစ်ခြိုက်ခြိုက်လျှင်။နတ်တိုက်ဘုံစင်။မြဉမင်သို့။ကောင်းကင်ပိတ်ဆီး။သစ်ပင်ကြီးအား။ကျောင်းမှတ်သားလျက်။ စီးပွါးကြီးပြင်း။ ကျေးဇူးခင်းကို။ဖြောင့်စင်းအာသာ။ရှင့်ဘငါကား။ ။နေဌါကျွမ်းကျင်လျှင်သတည်း။

၁၀၆။ ရပ်ရပ်ကျောင်းကန်။မပွန်လေပဲး။ ရွာထဲးဆွမ်းလည်။မကြည်ညှိဖွာ။အရပ်မှာနှင့်။ဝေးတာလံကာ။ သိတာစသား။မရအကျွမ်း။ ဗိုင်းဝါဝွမ်းသို့။ အသွမ်းထွေငေါ်။ စကားပေါ်ကို။ပြောသော်လည်းကောင်း။နေအေါင်းဘော်မှီ။ဒုဿီစိတ်နောက်။နှလုံးကောက်အား။ရှည်မှားချေမိ။ထိုပြို့အပ။ မျှတရေစာ။မပါအလို။ခါးချိုဆူချည်။စပ်ဖန်ရှည်လျက်။ကြည်သေါအလျှော်။မစော်သါပဲး။ရှောင်မှုခဲး၍။တကွဲးယင်းသို့။ထို၍မြှိုလျှင်။ကိုယ်ဘို့လျော့တျ။ပူချမ်းမှုလည်း။ တျသည်အလိုက်။ ရတုနှိုက်တွင်။ မကြှိုက်လေတော်။ထိုသော်တုံလျှင်။မရုံလေးထွေ။ထိုင်နေညေါင်းညါ။ဏ္ဍာရိယာ့ပိုက်။ကိုယ်နှိုက်ဆုန်းဆ။ မမျှသောဟန်။ လွန်ခဲ့သမှု။ခုနစ်ရလုံ့ျင်။ဤသို့ထင်၍။ ရှင်တို့ရှောင်ဘွယ်။ မသပ္ပါယ်လည်း။ ထိုဝယ်သောခါ။သုမေဓာ၌။ရုံရာမဲ့လျှင်း။အပြစ်ကင်းသည်။ ။သန့်ရှင်းရိမ္မြေးစင်သတည်း။

၁၀၇။ .အကြင်နည်းနာ။ဥပမာကား။ကြောက်ဝါကြောက်ရပ်။စိုးနင်းရပ်လျက်။ကိုက်ဆုပ်သွေးသား။သတ်ညှာစ်စားသည်။တောကျားသစ်ကြောင်။ထိုကုန်အောင်ကား။ကွယ်ရှောင်မသာ။တလဲ့ဟာဖြင့်။ပုန်းရာမရှိ။ကြည်းတိတိ၌။ကြွယ်ရှိသားငါး။ရှာစားမရ။ညှိုးလှသေါအား။တပါးယားလေ။ချုံစေးမြေ၌။ ကုပ်သေပုန်းလျှိုး။ချောင်းစခိုးမှု။ဟင်းမျိုးဆားမဲ့။ ရလွယ်မြဲးသို့။ လှိုးလှဲ့ကြကာ။သုမေဓာလည်း။ လူခါသရော်။နန်းအိမ်တော်၌။ မြတ်ဘော်.ဝင်ဝင်။ ကျုံ့ခဲး အင်လျှက်။ ဖြူစင် စေလို။ စောင်းစည်းငြို၍။ကုသိုလ်ရှစ်တန်။ ပွင့်ကြီး ဈာန်မှ။ လေသွန် မဖြည်း။ ကျိုးစက်နည်းဟု။ကိုယ်ချည်းသင်းသီး။ တောဝင်ပြီးသော်။ မကြီးမငယ်။ပင်အောက်ဝယ်၌။အုံ့ဘွယ်ရိုးမှ။ လဝန်းကျသို့။ပုညမြိုတော။ ရစိမ့်နေသည်။အသေရပ်လျှင်း။သင်တောမင်းနှင့်။ ။အောင်ခြင်းတူကြချင်သတည်း။

၁၀၈။ အကြင်သေါခါ။လူတို့ရွာ၌။မိန္တါပြေဖျည်။ပညာရှည်သော်။ကောင်းရည်မဟာ။သူတော်ဖွာသည်။တုပ်ဝါခြံဆယ်။

ဒိဗ်သာကျယ်ထက်၊ ကြွယ်ကြွယ်ရှားရှား။ မယားလင်တည်း။ နှစ်ယောက်ချည်းသာ။နေကျင်စွာလည်း။ တထွာတတောင်။ အချောင်မကျယ်။ တွင်းဝယ်လည်းအောင်း။ အုပ်သည်ဆောင်းသို့။ ကျည်းမြောင်းပိတ်ပင်။ မအားထင်လျက်။ ပေါင်းဖျင်ခပဲး။ အမြူလဲး၍။ရဲးရဲးဝင်းပြောင်။သက်နှံးချောင်နှင့်။အခေါင်လည်းရောက်။ ရှင်ဖြစ်မြောက်မှု။လျောက်လျောက်သာသာ။ငြိမ်သက်ရာသည်။ ခန်းဝါမကျယ်။ ထိုထိုဝယ်၌။ကိုယ်ငယ်ဆန့်ရုံ။ တိုက်သေ်တုံလည်း။ဗိုလ်ပုံပွဲးခင်း။ကန္တားဖျင်းသို့။ရှင်းရှင်းလဟာ။ကျယ်နိုးစွာသည်။ဖြစ်ရာစမြဲး။သုရမ်းပဲးဖြင့်။တောထဲးအောင်းလှာ။သုမေခလည်း။အရောအဆ။ ကြိုတည်းတွ၍။ချစ်ထမပြေ။ ရှင်သရေဖြင့်။ မြုတေ ရွှန်းရွှန်း။ ဗိတိလန်းလျက်။ ။ပွင့်ဝန်းကြာ နှယ်ရွှင်သတည်း။

၁၀၉။ ရတေ့သွေလှန်။ နေ့နက်ဖြန်ဟု။ ဇေကန်ရချ။အနိစ္စအား။သိရခဲးလှော်။လူသုံးဘော်၌။ တန်းနေ်မရှိ။ပြစ်မှားမိလျက်။ ဂတိမမြဲး။ အာရုံလွဲးသော်။ဒုံ့အဲးသရော။သူ့ချမ်းသာသည်။တောမှာလည်းရောက်။မ့ကျင့်စောက်၍။မှောက်တုံကြမ္မာ။ ဆုံပေလာ၏။မရောကျည်းမြောင်း။ ယွတ်ပေကောင်းဟု၊ ဆုတောင်းရှိုးရှား။ ကြိုးတကြားဖြင့်။ ငါ့အားလွှဲး၍၊ ငရဲးသနင်း။ ယမမင်းကျွန်။ မဖျောင်တန်ခဲ့။မယွန်ရှင်မှု။ပညာဆုကို။ ရလုဆဲးဆဲး။ ဆင်းရဲးအပုံ။ ကျင့်ပေတုံ၏။ သင့်ရုံသင့်ရာ။ဆင်ခြင်ပါဟု။ဉာဏ်တာ ကိုက်ခဲး။ ငရဲးတိရစ္ဆာန်။မဟူထွန်ခဲ့။မတန်မရာ။ငရဲးရွာသို့။လူအာဇာနည်။ ယောကျ်ားသည်လျှင်။ ခြောက်ပြည် နတ်ရပ်။ မကပ် လေပါ။ ရောက်လာတုံသိ။ လူဘုန်းကြီးဟု၊ မိုးကီးမထိန်။ အရှိန်လည်းသေ။ကြာအိုင်ရေသို့။ငြိမ်းပေရှင်အား။ဒိမှာငြားအံ့။အလားမြဲး၍။ ကျင့်ကောင်းစွာဟု။ အောက်မှာဖြစ်မြဲး။ငရဲးအပြား။ ပါယ်လေးပါးလုံး။ခံသောထုံးကို။ရုံးရုံးစည်းစည်း။ဤသို့ချည်းလျှင်။ပြည်းမျှသွေးဆောင်။ ကြိုပြီးနောင်မှ။ အခေါင်ကြိုးပမ်း။ ဆောက်တည်

ထမ်းလျက်။ရင်းရမ်းအားရ။ရှုးစားလှသည်။ ။လို့လရှောင်တခင်သတည်း။

၁၁၀။ တဆန်းတဆန်း။လနှုယ်ထွန်း၍။ ကြိုးလွန်းအပွါး။တင်ဘန်များသို့။ထွေပြားဝန္တံ။ ကိုယ်ကိုနှံ့လျက်၊ မိန့်သံစကား။ကြောင်းထောက်များဖြင့်။ရှောင်ရှားနှိမ့်ချ။တောဝယ်မှလျှင်။ ရန်ကျပြေမိန်း။ဆင်နှုယ်ထိန်း၍။လျှောင်းကျိန်းမျည်းခွေ့။စက်မနွေတည်း။မမေ့မကျန်။လို့လံလွန်၍။ ဟောမန်တောထဲး။ တုံ့ဖယ်ဝဲးလျက်။သွားမြဲးစကြံ။ မိန့်ပွက်အံ၍။သုံးယံပတ်ဝန်း။ကမ္ဗဋ္ဌာန်းကို။ဖြန်းဖြန်း နှုတ်ဖျား။ ရွရွ ထားပြီး။ ရသေ့ကြီးကား။ အတီးရှေးဟောင်း။သူတော်ကောင်းတို့။ မြတ်ပေါင်းအကြင်။ ကျေးဇူးအင်ဖြင့်။ပြည့်ထင်ချည်းကပ်။မြဟ္မာရပ်အား။တိမ်းမပ်တောဝယ်။ရဘုန်းကြွယ်၏။ကြိုက်လွယ်ထိုရော်။ဂုဏ်ရှစ်ဘော်ကို။ ။ထင်ပေါ်ပြည့်ပုံချင်သတည်း။

၁၁၁။ ဆိတ်ငြိမ်သာယာ။ တောခန်းဝါဒ္ဓ။မွေ့ရာသဲးလူး။မြေသင်ဖြူးထက်။မပျက်ထက်ဝယ်။နေသပ္ပါယ်လျက်။ မကွယ်တန်လှပ်။တချပ်သစ်ရွက်။ခေါင်းထက်မကာ။ ရှင်းရှင်းသာလျှင်။အခါစေ့စေ့။ရနစ်နေ့၌။ တခွေ့မလှမ်း။ ငြိမ်းသည့်ဝမ်းဖြင့်။ နှုကြမ်းမရွေး။ချမ်းဆေးပူဆါ။ခံချိပ္ပါ၍။မကြာကျင့်စော်။ဤမျှလော်လျှင်။မကောက်ဝမ်းယဲး။စိတ်ပုလဲးဖြင့်။ဆကဲးပျော်ရွှင်။သံနှံ့ရှင်းစင်၏။ရုတင်အမည်။ ဝတ်ဆောက်တည်လျက်။ မရှည်နေ့ရက်။ကသိုဏ်းကွက်၌။သက်သက်ပညာ။ ကြည်စွာသောအား။ ဈာန်တရားဟု။ငါးပါးဘိညည်၊တန်းခိုးရှည်သော်။ရှစ်စဉ်ကျော်မှတ်။သမာပတ်ကို။ ဆွတ်ဆွတ်ပွင့်ဖူး။ ပန်းနှုယ်ရူး၍။ ညွတ်နူးလျှင်မူ။နွေးကာယပူသို့။ရှင်ပြုရသော့။ပျော်ချမ်းမွေ့လျက်။ ။လွေ့လွေ့ရခုံမင်သတည်း။

ပဒါနုစရိယခန်းပိုဒ်ရေ ၈ ပြီး၏။

## ၁၂။ ဒိုပက်ရာဒသသနစ္စွာခန်း။

(ဂ) ဇေဝံမေသိဒ္ဓိပတ္တသာ။ ဝသိဘူတသာသာသာသနေ။ ဒိုပက်ရောနာမဖိနော။ဥပ္ပန္နံလောကနာယကော။

သာရိပုတ္တ။ ချစ်သားသာရိပုတ္တရာ။ ဇေဝံဏမိနာဝုစ္စမာန ယောနုဤသို့ဆိုလတ္တံသောနည်းဖြင့်။ သာသနေ။ ရသေ့တို့၏ သာသနာ၌။မေမမ။ငါသည်။သိဒ္ဓိပတ္တသာစ။ ငါးပါးသောအဘိညာဉ်နှင့်ပြည့်စုံခြင်းသို့ရောက်စည်လည်းကောင်း။ ဝသိဘူတသာစ။ ဝသီဘော်၌လေ့လာစွာ ဖြစ်စည်လည်း ကောင်း။ လောက နာယကော။ ဝေနေယျ သတ္တဝါ တို့ကို နိဗ္ဗာန်သို့ ဆောင်တော်မူတတ်သော။ဒိုပက်ရောနာမ။ ဒိုပက်ရာအမည်ရှိသော။ဖိနော။မြတ်စွာဘုရားသည်။ဥပ္ပန္နံ။ဖြစ်တော်မူ၏။

၁၁၂။ လောကုတ္တရာ။ မဂ်ပညာဟု။ အခြွာချွန်ထား။ သံဟာက်များဖြင့်။အဖျားမရုံး။ထိကာဆုံးသည်။နှလုံးတံသင်း။ဗြောင့်ငါးစင်းကို။ရှင်းရှင်းချိတ်ထုတ်။ပယ်ထွင်နှုတ်၍။တဖြုတ်မခံ။ ငါ့အထံ၌။လိမ်းကျံသုတ်သွေး။တရားဆေးဖြင့်။ဗြောင့်ဘေးပျောက်ဟန်။ ပဉ္စက္ခန်တည့်။ အပွန်စင်ကြယ်။ သင်္ခါလယ်တွင်။ မြင့်ကျယ်သတိ။ နားနာချိသည်။သာရိပုတ္တရာ။ရှင်မြတ်စွာ။ ။မဟာသာလ။ဗြဟ္မဏာဟု။ထိမ့်ကြေညာ။ ထင်ရှားစွာသည်။ သုမေဓာကျော်။ငါသူတော်ကား။ထိုရောက်တောတွင်။နေကျိုးထင်သည်။စုံအင်ငါးပါး။ဈာန်၏အားဖြင့်။တရားကြေးမုံ။ချမ်းသာပုံကို။တလုံးလဲလဲ။ ရှုမရိုးလျှင်။မစဲရှင်ဘ။သိပ်သိပ်ကျ၍။ ။ရွှင်ပချမ်းမြေ့ပျော်သတည်း။

၁၁၃။ မဟာဂ္ဂုတ်တန်းခိုး။ ကျေးဇူးမြိုး၍။ အကျိုးဖလ။ဝိသေသလျှင်။တကွရှည်သော်။အဘိညာဉ်တရား။ အင်ငါးပါးဖြင့်။ မိုးဖျားလည်းထွန်း။နေလဝန်းသို့။ ပွတ်တွန်းနားရည်။အင်ပျည်နေရာ။ခြေဆေးလျှာသို့။ ပျုဌါတပဲ။ မခဲးတတ်နိုင်၊ ပြီးစီးတိုင်၍။မပြိုင်ဆူလှာယ်။နောက်ဆွယ်မဓိ။ဝသိငါးပါး။စွမ်းအားလေ့လာ။သု

မေဓာကား။ဖြဟ္မာတဆူ။ပညာထူဟု။လူကလည်းကျော်။ ရှင်တို့
သော်လည်း။ရှစ်ဘော်ဈာန်ချမ်း။ ကျေးဇူးဌမ်းကို။ မသမ်းဟာယ်
လောက်။ရလွယ်မြောက်၍။ နှစ်ယောက်မရှိ။မိးနှယ်ငြိလျှက်။ ပိ
သည့်မိုးသို့။တန်းခိုးအချော။ထန်ပြင်းစွာသည့်။ပညာလက်ငံ။ရသေ့
ပျံဟု။ ။လူ့ထံထင်သိမြော်သတည်း။

၁၁၄။ ပြီးစီးတတ်ပွန်။ဤသို့မှန်၍။ဈာန်၏ချမ်းသါ။လေ့လါ
စွာသော်။ ငါ့သာသနာ။ထိုရော့ခါ၌။ ပညာတိုင်ဘူး။မိးရှူးသမား။
ဘုရားရှင်တော်။သုံးဘော်သခင်။ လူ့ရပ်တွင်၌။ဒိပက်ရာ။ မည်
တော်သာဖြင့်။အံ့အာဘနန်း။အံကျွန်းကျွန်းလျှင်။ ပတ်ဝန်းအောက်
ထက်။ ဘဝဂ် ထုတ်ချင်း။ ညီးလင်း ရှိန်ဘွယ်။ ကျေးဇူးကြွယ်
ကား။ ။အခကယ်ဖြစ်ငြားတော်သတည်း။

(ဂါ) ဥပ္ပန္နန္တေစဓာယန္တေ။ ဗုဇ္ဈန္တေမွေဒေသနေ။ စတု
ရောနိမိတ္တေနာဒသိ။ဓာနရတိသမပ္ပိတော။

သါရိပုတ္တ။ချစ်သားသါရိပုတ္တရာ။ဥပ္ပန္နန္တေစဥပ္ပန္နနေစ။အ
မိဝမ်း၌။ပဋိသန္ဓေနေခြင်း၌လည်းကောင်း။ ဓာယန္တေစ။ ဖွား
ခြင်း၌လည်းကောင်း။ ဗုဇ္ဈန္တေဝ။ သဗ္ဗညုတဥာဏ်ကိုရခြင်း
၌လည်းကောင်း။ ဓမ္မဒေသနေစ။ ဓမ္မစကြာ တရားကို ဟော
ခြင်း၌သည်းကောင်း။ဣမေသုဌာနေသု။ ဤဆေးပါးကုန်သော
အရာတို့၌။ပဝတ္တာနိ။ဖြစ်ကုန်သော။ စတုရောစတ္တာရိ။ လေး
ပါးကုန်သော။နိမိတ္တေနိမိတ္တာနိ။နိမိတ်တို့ကို။အဟံ။ငါသည်။
ဈာနရတိသမပ္ပိတော။ ဈာန်ချမ်းသာနှင့်ပြည့်စုံသည်ဖြစ်၍။
နာဒသိ။မမြင်ရလိုက်။

၁၁၅။ ပဋိသန္ဓိဒါ။ ပညာလေးပါး။ ဆတ်မြန်မြားလျှက်။
ငါ့အား ထက်ကြပ်။ မြဲးဆည်း ကပ်သော်။ လေးထပ်မျိုးနွယ်။
သဃ်ာလယ်၌။ မကျယ်နည်းမှု။ ရိပ်ချည်ပြကာ။ ဆယ်ဆဘောင်
ဘောင်။ ဆိမြင်ဆောင်သည်။ လက်စောင်ငါ့သား။ ထေရ်မြတ်
ဖျား။ ။ဖြစ်လားကုန်အောင်။အကြောင်းဆောင်အံ့။ ဘုန်းခေါင်
ရှင်တော်။သုံးလူ့ဘော်သဥ်။ထိုရော်အံ့အဲး။ဖြစ်ဆဲးဆဲး၌။ဖျည်းနွဲး

ကြမ္မာ။ရှင့်ဘဝေါလျှင်။ ကျန်ရာသောအား၊ လွန်လေဖြားသော်။ဦး
ဖျားလက်မွန်။မဖြင်ဟန်ကို။တသွန်ဤတွင်။ရှင်နားတင်လေ့။ အ
ကြင်ရောခါ။တုသိတာဟု။အါကါသဓါတ်။လေးထပ်နတ်တွင်။
တမွတ်ဆောက်ဟန်။ဘုန်းရှိန်လွန်သား။မြတ်မွန်ဒိပက်ရာ။ဘုရား
လျှာသည်။ချမ်းသာခံကြိုက်။ ပျော်စည်နိုက်လျှင်။ သောင်းတိုက်
စကြဝဠာ။ရပ်ခန်းဝါမှ။ ဗြဟ္မာသိကြား။ နတ်အများတို့။ အများ
စည်းရုံး။ခြေစက်အုံး၍။အါးလုံးအါးထ။တောင်းပန်ကြသော်။နတ်
မှုရတော့။မမေ့သတိ။စေကြရှိကား။အမိဝမ်းထဲ။ကိုယ်ဝန်စွဲ၍။
အံ့အဲးသရော။ထိုရောခါလည်း။ မြတ်စွာဘုရေး။ ကိန်းသောအား
ဖြင့်။လေးပါးစုဆောင်း။လေးရပ်ပေါင်းသော်၊ လေးသောင်းရှု။
စတုမဟာရာဇ်။ နတ်စစ်တသွား။မယ်တော်အားလျှင်။ ထံပါးမ
ကွာ။စောင့်ရှောက်လာသည်။ ။လူ့ရှာသဘင်တပွဲးတည်း။

၁၁၆။ သိန်းတန်အုဘိုး၊ လဲးပုဆိုးဖြင့်။ ထုပ်မိုး သိုထား။
ပတ္တမြားလျှင်။ဆွထွားရဲရဲ။မိုက်ရာထဲမှ။ရာလဲးတောက်လျှံ။ယို
ထွက်ပျံ့သို့။မဆံရိမြွေး။သန့်စင်ဇလျှက်။ မွေးတုံမယ်တော်။ဖွား
ခါသော်လည်း။သုံးဘော်ရပ်သား။ ခပ်သိမ်းအားကို။စီးပွါးလက်
ဝေ။ခံစိမ့်ထွေဖြင့်။ကုဋေဗြဟ္မာ။ ချီထုပ်လာသော်။ သုဒ္ဓါဝါသ။
နတ်ထိုမျှ၏။ပွဲးမအလယ်။အငယ်လက်ဦး။မီးရှူးလွန်ကြိုက်။ထိုခါ
နိုက်လျှင်။သောင်းတိုက်လောကဓါတ်။ ထက်ဝန်းပတ်လျှက်။မ
လွတ်ဆယ်ရပ်။ကြည်နှံ့စပ်၍။လန့်ဖျပ်ကြောက်တုန်။ မာန်ဟုန်
ချုပ်တည်း။ယမ်းပည့်ရိုသေ။ပူဇော်စေမှ။ ခြေခုနစ်ချီ။နင်းစည်စိ
လျှက်။ဗိဗိလာလာ။ကြိုးရုပ်ဝါဖြင့်။ မျက်နှာမြစ်အောက်၊ မြောက်
သို့ကြွတမ်း။ သွားမြေးလှမ်း၍။ အားရမ်းစကား။ မလောက်လား
တည့်။သုံးပါးလူထွတ်။ငါသာမြတ်ဟု။နှုတ်လွတ်ကြွမ်းပ။ ဤပွဲမ
လည်း။ ကြိုက်ရခဲးလှော်။ ထူးဆန်းကျော်၏။ ။ထိုရော်အံ့
ဘွယ်သရဲးတည်း။

၁၁၇။ အောင်မြိုက်ရောင်ချမ်း။လဲးဝါဂွမ်းသို့။အားရမ်းဝှဲး
ချီး။ထိုသို့ပြီးမှ။ကြိုးတုံအရွယ်၊ပွဲးလယ်မင်းဘောင်။မုနောဆောင်

၍။စက်ရောင်လှည့်ဝန်း၊ဘုန်းမီးထွန်းလျက်။ကျွန်းဇမ္ဗူ၊ဒိပ်၊ မညွှာလိပ်၍။ ဘိသိက်ပေးနိုင်။စည်ထီးပိုင်ဟု။ မပြိုင်နှိမ့်ချ။ ကိုယ်တိုင်ခလျက်။အားရနှစ်သက်။မင်းတို့ဆက်သော်။စက်ဘဝါးပြင်။ရှိပန်ဆင်၍။သဘင်ပွဲသီး။ခံမြောက်ပြီးမှ။သက်ကြီးသူနာ။ ကြမ္မာကုန်လေ။ သူသေရဟာန်း။ ရှင်ဟုထွန်းသား။ နတ်မှန်းနိမိတ်။လေးပါးဟိတ်ကို။ကြောက်ထိတ်လန့်ကြား။ မြင်သောအားဖြင့်။ ပစ်သားစင်စစ်။လူအဖြစ်ဟု။ အနှစ်ချမ်းသာ။စွန့်ခွါခဲ့ပြီး။ ကျင့်ကြီးဒုက္ကစရိယာ၊အစာရှောင်ထ။ ဆယ်လတွက်ကျုံး။ ‘စောင့်စည်း သုံး၍။ကျွန်းလုံးကုန်အောင်။ ဥသျှောင်သဘွယ်။ မြေချာလယ်၌။ သွယ်သွယ်ရိပ်မြိုင်၊ မညှိုင်ထိမ်းမတ်။ညောင်ကြွတ်ပင်အောံ။ နေမြော်သောခါ၊ ပုဒ်အာဟု။သစ္စာတလျှည့်။ သဗ္ဗညည်ကို။ ပွင့်စည်တံသော်။ထိုသရော်လဥ်း။သုံးဘော်လူပေါင်း။မြင်တံရှောင်းသဥ်။ပွဲကောင်းမဖြစ်ဘူးမြဲးတည်း။

၁၁၈။ ထိုမြို့တံလျှင်။အကြွင်သောခါ။ဖြဟ္မာနတ်ကောင်း။ပန်ထွာတောင်းမှ၊တသောင်းစကြဝဠာ။ရပ်ရာထုတ်ချင်း။ကျော်တင်းဘဝဂ်။ဓမ္မစက်ဖြင့်။မိုးထက်မြေအောက်။ကြားချောက်သဥ္စတိ။ဝိဝိအသံ။ရပ်ပတ်ကျုံး၍။လုံးလုံးစကား။တရားဟောတွေ့။နာပါစေလျက်၊ကုဋေအရာ။ဖြဟ္မာလူနတ်။အားလုံးညွတ်လျက်။ အထွတ်စင်ကြယ်၊နိဗ္ဗာန်ကယ်၏၊ထိုဝယ်သဘင်။ပွဲတပြင်လည်း။ဒိပက်ရာ။မြတ်စွာအဖျား။စက်တရားကို၊ လူအားဟောရာ။သုန္ဒာဟု။မည်သာဒခုတ်ကျက်။ ကျော်ဇုန်းတက်သည်။ အားတက်သရော။နှမြောစလောက်။လေးကြိမ်မြောက်လျှင်။ ကျွတ်ထောက်နှင်နှင်။ဤသို့ပင်တည့်။လူတွင်အံ့အာ။ ပြာဋိဟာလေးထပ်။နိမိတ်ရပ်ကို။ကိုယ်ကြပ်ထင်ထင်။ မမြင်လိုက်ဖဲ။၊ တောထဲအောင်းလွှန်။ကွယ်ရာကျန်လျက်။ချာန်အရသာ။ ရိပ်မြုံကာလျှင်။ အရောမကြီ။ချမ်းသာခံ၍။ ဆိတ်ညံ့ကုတ်သေ၊ငေါ့ချည်းနေသည်။ လူ့ဆွေမြတ်ဖျား။ထိုဘုရား၏။ ။ထင်ရှားဖြစ်စည်ဆဲဆဲတည်း။

ဒိပက်ရဒသာနစိန္တာခန်းပိုဒ်ရေ ၇ ပြီး၏။

## ၁၃။ မဟာဇနကသောဓနခန်း။

(ဂ) ပစ္စန္တဒေသဝိသယေ။ နိမန္တေတွာ တထာဂတံ။ တသာအာဂမနံမဂ္ဂံ။သောဓနံတုဋ္ဌမာနသော။

သာရိပုတ္တ။ချစ်သားသာရိပုတ္တရာ။ရမ္မဝတီဝါသီနော။ရမ္မဝတီ ပြည်သူ တို့သည်။ ပစ္စန္တဒေသ ဝိသယေ။ ရွာစွန်အရပ်၌။တထာဂတံ။ ဒိုပကိရာမြတ်စွာဘုရားကို။ နိမန္တေတွာ။ ဆွမ်းဘိတ်၍။တဿ၊ထိုဒိပင်္ကရာမြတ်စွာဘုရား၏။ အာဂမနမဂ္ဂံ။ လာလတ့်သောခရီးကို။ တုဋ္ဌမာနသော။ အလွန်ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍။ သောဓေန္တိ။သုတ်သင်ကုန်၏။

၁၁၉။ ရှင်သောင်းလေးထောင်။ဆုံးတိုင်အောင်လျှင်။ နက်ချောင်ဒုပ်လေ။ယှိုင်းမရေ၌။မြေထုတ်ချင်းလျှို။ တောင်မြင့်မိုရ်ဟု။ ဗဟိုတည်ထွန်း။ လေးကျွန်းဦးကိုင်။ နိမိတ်တိုင်သို့။ခိုင်တုပညာ ထုထဲးစွါ၍။ လကျၤာတောင်စ။အရာရသည့်။အဘာလက်ရုံး။မြတ်ဆုံးရှင်ကျော်။ငါ့သါးတော်။ ။ဘော်ပိမ့်အကြောင်း။နာတုံရှောင်းလော့။ချွတ်လောင်းအလှစ်။ ဇာတ်ိခေတ်၌။ တစ်နှစ်လေးငါး။ ရာထောင်အားဖြင့်။မိုင်းခြားရည်ညွှန်း။မေတ္တာဖြန်း၍။ ပွင့်လန်းကြွာတူ။ခပ်သိမ်းလူကို။ကြင်မူဆွေစစ်။သနားချစ်လျက်။ လွန်ဖြစ်လူတွင်။ ဤသို့ထင်သည့်။ဒိပင်္ကရာ။သစ္စာသိမြော်။ငါ့နောင်ဘော်ကို ထိုရော်စည်လှာ။ပစ္စန္တဟု။ရမ္မဝတီ။ ကျော်ညီပြည်သူ။များစွာလူတို့။အလှူသဘင်။ပွဲကြီးပြင်လျက်။စိရင်ညီညါ။ထိုရောခါလျှင်။ ။သဒ္ဓါရှေးရှေးဆွမ်းကျွေးပင့်ကုန်ကြသတည်း။

၁၂၀။ ဆွမ်းကျွေးနိမန်။ ဘိတ်မှုဝန်ဖြင့်။ တောင်းပန်ထိုရော်။ပင့်ကြသော်တည့်။ကျောင်းတော်မှသည်။ပြည်၏အကြား။ မြတ်.ဘုရားလျှင်။ ကြွ ဌား လေသော်။ သွားတော်မူဘွယ်။ မသပ္ပါယ်၍။ ထိုဝယ်မလျော်။ အပြစ်မြော်သော်။ ထော်လော်ရုန်လုန်။အခုတ်ပုန်ကျောက်ခဲ။ ဆူးငြောင့်လွှဲးလျက်။လက်ဝဲးလက်ျာ။

ခေါင်အားစွာလျက်။ သွားသာစေအောင်၊ လမ်းအမြောင်ကို။ တစောင်မကြွင်း။ တူရွှင်းလက်ပက်။တူးဆွယက်၍။ တံမြက်လှည်းခံ၊ အစုံကြွယာ။ မကွာသီးသီး။ သင်းချပ်တီးသို့။ ပန်းကြီးအားထုတ်။လူအစုတ်တို့။ကအုတ်အာအာ။ညီညွတ်စွာလျှင်။အရာချချတာပစ်ကြလျက်။ ။ဝေဌကုန်အောင်လုပ်ဆောင်ချင်ကုန်ကြသတည်း။

၁၂၁။ အခန်းအခန်း။ တာပင်နိုင်နိုင်းတိ။ လုံးပန်းကြီးမှု။ ထိုပြည်သူတို့။ဆုယူကောင်းကျင့်၊လုပ်ဆောင်ချင့်၍။ပြီးသင့်သရွေ့။ ချောမြွေ့စည်ဆက်။ လှည်းတံမြက်ဖြင့်။ ရေလက်ဖျန်းကြဲ။ဆွပ်ကုတ်သဲးလျက်။ သလဲးမြူချိ။မြူမရှိတည့်။ တိတိသုတ်သင်။ ပြင်သည်မစဲး။ တကွဲးမှုကုံ။ ထိုမြို့တုံလည်း။ ရွှေဘုံ ပြောင် ပြောင်။ ကျောင်းတိုင်အောင်လျှင်၊ အမြောင်နှစ်ဘက်၊မြို့ရုတ်ထွက်မှ။ စေ့စေ့စ၍၊နားဝလျှမ်းလျှမ်း။တင်းကျမ်းပြည့်ဖြိုး။ကြာသွတ်အိုးနှင့်။ မညှိုးဖွံ့ပျို။ မှိုခိုစလောက်၊ ဖူးသျှောက် မျိုးများ။ ငှက်ပျောသားလည်း။တံခြားအလိုက်၊ရိပ်မြိုင်စိုက်၍။တိမ်တိုက်ထိလု။ မှန်ကင်းဖုနှင့်၊ရေးထုထူးဆန်း။ပြောက်ပန်းချူးပင်၊တမ်ခွန်ရှင်တည့်။လေလျှင်သိမ်းထ။ လူဟာန်ကသို့။ အလှတင့်တယ်။ ထူးဆန်း ကြွယ်လျက်။ ။လျှားသွယ်လွှင့်ကုန်ကြသတည်း။

၁၂၂။ ဤသို့အံ့အာ။ ခရီးသာကို၊ ညီညာစီရင်။တန်းဆာဆင်လျက်။ မင်္ဂလာလည်းဆောင်။ မြေခေါင်သမိုက်။ သာမြိုက်ပညပ်။ထိုပြည်ရပ်၌။မထျှာပ်သင်းသီး။ပိုင်းခြားဆီးလျက်။ပွဲးကြီးခွင်ကျယ်။ကန္နားဝယ်လည်း။ ဆိုဘွယ်မနိုင်။ အဆိုင်ဆိုင်လျှင်၊ ဆောင်ပြိုင်ပြာသာဒ်၊ဘုံထွတ်ဝင်းဝင်း။ပြည်လုံးလင်းမှ။ အဆင်းခြောက်ထွေ။ ညိုရွှေမောင်းဝါ။ ချူးပန်း ကြာနှင့်။ သန္တာပန်းနစ်။ ပုလဲးစစ်တည့်။ ဖွဲ့ရစ်နှောင်ရှက်။ ကွက်ရ ရွက်သား။ ကွန်ရက်ရွှေချည်။ အမွှမ်းခြည်လျက်။ ပတ်လည် ခြယ်ထိုး။ ပြောက် မျိုးဆေးစွန်း။ ဝတ်ပန်းစုလျှား။ ပန်းဝေါ်ပန်းဆိုင်း။ တိုင်တိုင်းဖွဲး၍း။

ပြည့်မျှဆွဲးသည်။မရဲးပျော်ရာ။ခြောက်ထပ်ရွှာနှင့်။ ။ထိုခါနှိုင်းကြသင့်၏တည်း။

၁၂၃။ နှိုင်းသင့် ပမာ။ ခြောက်ထပ် ရွှာသို့။ ကျန်ရာ မဲ့အောင်။ဆောင်တု ဖျူ၍။ထိုရောခါ၌၊ ပွင့်ညှာဆံနွေး။လှိုင်ကြွေလျက်။ မွှေးမွှေးကြိုင်ပျံ့။ ပန်းနံ့ထုံရည်။ ပျော်၍တည်သော်။ ရေကြည်ပြည့်ဝ။လံပါစသည်။ထိုမျှမကြွင်း။ အဆင်းနံ့သာ။ မြူတာအိုးဖြစ်။ညှာသစ်ခရိုး။ကြာသွတ်ဒိုးလည်း။ဖြိုးဖြိုးထိုဝယ်။ ပြည့်သောနှယ်သို့။ကြွယ်ကြွယ် ရှားရှား။လေးပါးရပ်သူ။ သူတော်လူတို့။ဆုယူတိုင်းသာ။တောင်းရာရောလျှင်။နတ်ရွှာနိဗ္ဗါန်။ချမ်းသါမွန်ကို။ကောန်မချွတ်။ ပြည့်စိမ့် မှတ်ဟု။ ပြတ်ပြတ်သားသား။ ကြွားသောအသွင်။မြိုးပင်သိထွေ။ယူစလေလျက်။ပုံသေမဆွ။ နိမိတ်ပြု၍။ ။အားရမြှောက်ချီပင့်၏တည်း။

၁၂၄။ အထူးအထူး။ဖြူးရရှူးလျှင်။တိုင်ဖူးဆပ်သွား။မုလေးပွါးနှင့်။ငွါးငွါးစွင့်စွင့်။ နိမ့်မြင့်နိမ့်မြင့်။ သွင့်သည်နှင်နှင်။ တမ်ခွန်ရှင်လည်း။ သို့စင်ဆန်းကဲး။ လူခပဲးတို့။အုံ့အဲးသရော။ ကုသိုလ်ရှာလျက်။ သဒ္ဓါကြည်ရွှင်။နတ်ကြောင်းထွင်သည်။မှန်စည်ရကား။ ဤ၏အားဖြင့်။သုံးပါးအမည်။ လူ့ပြည်နတ်ရွှာ။ ဗြဟ္မာကာစ။စည်းစိမ်မကို။ရလိမ့်မခဲး။လွှားလွှားကဲးလျက်။မစဲးကြရှောင်း၊ နောက်နောင်နှောင်းသော်။ လူကောင်းနတ်မှာ။ရုန်ဆန်ကာဟု။အရာခြားနား။အထက်လါးတိ။လွှားလွှားဆိုစွန်။လက်ရပ်ညွှန်သို့။ ။ဟာန်ပန်ပြကုန်သင့်၏တည်း။

မဟာဇနမဂ္ဂသောဓနခန်းပိုဒ်ရေ ၅ ပြီး၏။

---

၁၄။ တာပသပုစ္ဆာခန်း။

(ဂ) အဟံတေန သမယေန။ နိက္ခမိတွာသကာသမာ။
ရုနန္တေဝါကစိရာနီ။ဂစ္ဆာမိအမ္ဗရေတဒါ။ ။ဝေဒဇာတံဇ

နံဒိသွာ။တုဋ္ဌဟာတ္ထံပမောဒိတံ။ ဩဒြရောပဟိတွာနဂဂဏာ။ မနုသေသပုန္တိ တာဝဒေ။

သာရိပုတ္တ။ချစ်သားသာရိပုတ္တရာ။အဟံ။ငါသည်။ တေနသမယေန။ထိုသို့ခရီးကိုသုတ်သင်သောအခါ၌။ ဝါကစိရာနိ။ လျှော်တေသက်နီးတို့ကို။ ရုန္တော။ ခါလျက်။ သကာသမာ။ မိမိနေရာကျောင်းသခ်မ်းမှ။ နိက္ခမိတွာ။ထွက်ခဲ့၍။ တဒါ။ထိုသို့ခရီးကို သုတ်သင်သောအခါ၌။ အမ္ဗရေ။ ကောင်းကင်၌။ဂန္တွာမိ။သွား၏။ ။အဟံ။ငါသည်။ဝေဒဇာတံ။ဖြစ်သောနှစ်သက်ခြင်းစိတ်ရှိထသော။ တုဋ္ဌဟာတ္ထံ။ အလွန်ရွှင်သောစိတ်ရှိထသော။ ပမောဒိတံ။ အလွန်ဝမ်းမြောက်သောစိတ်ရှိထသော။ဇာနံ။လူများကို။ဒိသွါ။မြင်၍။ဂဂဏာ။ကောင်းကင်မှ။ဩရောပဟိတွာ။သက်၍။ တာဝဒေ။ ထိုခဏ၌လျှင်။မနုသေ။တို့ကို။ပုန္တိ။၏။

၁၂၅။ နှစ်သိန်း ငါးသောင်း။ နှစ်ထောင် ပေါင်းဖြင့်။ လုံးလျှောင်းကျည်ခိုင်။သရိုင်တည်ဟန်။ စည်သဗ္ဗာန်သို့။ လေးတန်ရောင်ကိုယ်။မြင့်မိရ်ကျော်ခေါင်၊တောင်ဖြင့်ကွယ်ဆီး။ မုန်ညင်းသီးနှင့်။ဖွဲ့ချီးပုံချ။ထိုထက်မှလည်း။မြင်ရခဲ့သည့်။နိဗ္ဗာန်ပြည့်ကို။ ထဲးနည်သိလှ။ ဧကန်ကျလျက်။ သာရဒဿိ။ ငါ့ဝယ် မှိုသား။ ဂမ္ဘီပညာ။သဃ်ာအစုတ်။ ဂုဏရတ်၌။ အားထုတ်ကောင်းခြိုး။ ပေးစွာပြီးသည်။သားကြီးမဟာ့။သာရိပုတ္တရာ။ ။သဉ္ဇါဖျေးရှု။ ထိုပြည်သူတို့။ဆုယူရည်ထင်။ထိုသို့လျှင်တည်း။ သုတ်သင် ချပ်ချပ်။ခရီးရပ်နှင့်၊မညှာပ်လှူပွဲ။ပြုဆဲးဆဲး၌။တောထဲးရပ်မှာ။ သုမေဓာဟု။ငါတုံဘုရား။ရှင်ဘဘွားကား။ရုံဖျားနက်စင်။မိမိခွင်မှ။ရှင်၏ခလေ့။ရသေ့အလျှောက်။သစ်ခေါက်ဝတ်လုံ။ ခါပြီးတုံလျက်။ ကိုယ်ရုံလျှော်တေ။ သက်နီးရွေနှင့်၊ မိုးခြေကောင်းကင်။ ပျံလေကျင်သည်။ ။သန့်လွင်ကိုယ်တလွှားလွှားတည်း။

၁၂၆။ ကိုယ်တလွှားလွှား။ တရားစွမ်းအန်။ ဘိညဉ်ရျာန်ဟု။လေးတန်ခြေရှိ။ဈာန္ဒိဝိဓ။ကြံကပြီးမျိုး၊ ငါ့တန်းခိုးဖြင့်။လက်မိုး

ခွေသနဲ့။လိုလွှနဲ့ရုံးချုံး။မဟာထုံးသို့။နှလုံးအလျောက်။ မဘောက်မပြန်။ ရှင်မှုပွန်လျက်။ ပျံသန်ကျင်းကျင်း။ တိမ်ညွှန့်နှင်းသား။ တင့်ခြင်းထိုရော်။ ရသေ့ကျော်ကား။ သူတော်ဗိသိ။ သစ်ခေါက်နီနှင့်။ ဇော်ဂိ သဖွယ်။ ဂဠုန်ငယ်သို့။ ။သပ္ပါယ်ထူးထူးခြားခြားတည်း။

၁၂၄။ ထူးခြားတင့်တယ်။ကောင်းကင်လယ်၌။ စမ္ပါယ်မြတ်နိုး။ရှာနံအကျိုးဖြင့်။တန်းခိုးတမည်။လက်လည်စွာလှ။ အဝါးဝသည်။ကိစ္စပြီးစီး။ ရသေ့ကြီးကား။ ခရီးလေယည်။ တိမ်နှင့်ယှည်လျက်။ လာစည်သော ကြိုက်။ ထိုခါနှိုက်လျှင်။ နှစ်ခြိုက်အားရ။ ကွန့်ကချဲ့ချီး။ဝမ်းတီးလက်စည်။ပွင့်ရုပ်ရည်နှင့်။မြေည်မစဲ။သဲးသဲးအုတ်အုတ်။အားခွန်ထုတ်၍။နှုတ်မင်္ဂလာ။စကားသာတိ။ အံ့အားကြွေးကြော်။ လုပ်ကြိဆော်သည့်။ ယူတော်ပြည်သူ။ ထိုမျှလူကို။ ရှင်ဖြူဝေးတွေ့။ မိုးကနေလျက်။ ။မြင်လေထင်ထင်ရှားရှားတည်း။

၁၂၈။ အဆိုင်အဆိုင်။မရေနိုင်တည့်။သံပြိုင်ညှိလျောက်။ လက်ချုပ် ပျောက်လျက်။ အနိထောက် သိချင်း။ ကောက်ကစင်းဖြင့်။ သွားလျှင်းမြည်၏။ သံလေး ချိကျူး။ ကျေးဇူး တိမ်းမတ်။ ကြောင်းကျိုးစပ်၍။ ဆိုအပ်ရာရာ။ ထောပနာကြွ။ ပဏာမဖြင့်။ ညွှတ်ချီလျက်။ ချိုမျက်ကြောင်းကြောင်း။ စံနည်း ကောင်းတည့်။ နှစ်ထောင်းဝမ်းပြူ။နှုတ်သံလှူလျက်။ဦးဦးသဲးသဲး။ လူခပဲးတို့။လုပ်ဆဲးစည်တွင်။ထိုကိုမြင်သော်။ကောင်းကင်မှာက။ရသေ့လှကား။ မထလေတိတ်။ဆိတ်သောအခါ။ လက်ပံဝါသို့။ အသာအောက်မြေ၊သက်၍နေလျက်။ ။မေးတွေ့လျှောလျှောလျှားလျှားတည်း။

(၄) တုဋ္ဌဟဋ္ဌော ပမောဒိတော။ ဝေဒဇာတောမဟာဇနော။ကာဿသောဝယတိမင်္ဂ။အဋ္ဌုသံဝဍ္ဎမာယနံ။

မဟာဇနော။ လူများသည်။ တုဋ္ဌဟဋ္ဌော။ အလွန်ရွှင်သောစိတ်ရှိသည်ဖြစ်၍။ ပမောဒိတော။ အလွန်ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍။ ဝေဒဇာတော။ ဖြစ်သောနှစ်သက်

ခြင်းရှိသည်ဖြစ်၍။ကဿ။ အဘယ်သူ၏။ အဠုသ်ံဝန္နမာယ နံ။အဠုသ်ံဝ န္နမာယနှဟုဆိုအပ်သော။မဂ္ဂ ။ ခရီးကို။သောခ ယတိ။သုတ်သင်ဒသနည်း။ဉာတိ။သို့။ပုဿ ။၏။

၁၂၉။ ကောင်းကျိုးသမ္ဘာ။ သံသရာ၏။ ရိက္ခာကံကျွေး။ ဆည်းပူးရေး၌။လေးလေးနက်နက်။သိပ်သိပ်ပက်လျှင်။ ကြီးတက် ညွှတ်တိမ်း။ သဒ္ဒါရှိမ်းသည်။ ခပ်သိမ်းတဲ့သွား။ ဒိုလူများတို့။ ပြွတ်သားချက်ချက်။ ကုသိုလ်စက်ဖြင့်။ မက်မက်မောမော။ သ ဘောသိကျုံ။စိုက်စိုက်ရုံလျက်။ဒုံဒုံသဲးသဲး။ ဤရပ်ပွဲး၌။ဖြင်ပြီး ပုံသင်။ရှောင်တခင်တည့်။ရွှင်ရွှင်ပပ။ပေါင်းစည်းကြ၍။ အားရ ဝမ်းသာ။လုံးပန်းဖွံ့သည်။ သင်တကာကား။ ။ညီညာဒုတ် ဒုတ်ကျက်ကျက်တည်း။

၁၃၀။ တခေါင်းတခေါင်း။ ရပ်သားပေါင်း၍။ အချောင်း အလျှ၊အထွေထွေတည်း။တောခြေနှံ့မှု။ ဤလမ်းမ၌။အားရနှစ် ခြိုက်။ယချကြိုက်တွင်။တတိုက်ပြည်သူ။ပိုး၍ တူလျှင်။ပီလူပီလက် ရှိတိုင်ထွက်၍။ရွက်ရွက်ချီချီ။တသီတခါ။ တောင်တာဝေ၄။ငန်း ပြုကြလျက်။နှိမ့်ချပိတ်ဆို့။ တူးဆွဖို့သည်။ သင်တို့ရွာသူ။ ခပ် သိမ်းလူကား။ဆုယူဝမ်းမြောက်။သဒ္ဒါပေါက်လျက်။ မလောက် ကြဘွယ်။လျင်ခပ်သွယ်သည်။ ။ကြီးငယ်ခြေခြေလက်လက် တည်း။

၁၃၁။ ရိုင်းပင်းဘော်ချွေ။ရောကုဋ္ဌေတိ။ဗိုလ်ခြေအရုံ့။မြေ ရုံ့မြေဆိုင်။မနိုင်မကန်။သယ်အားလွန်လျက်။ဖိတန်အလား။တမ် ခွန်ဖျားလည်း။ခွက်လျှားသွယ်သွယ်။ချူးမျိုးချယ်၍။ တင့်တယ် ရေးထု။အဖုမှိုငုံ။ကျူနှယ်ရုံမှု။ထိးအုံထိးချက်။ ရွှေအစက်တည့်။ လက်လက်ညီးညီး။တန်းဆောင်မီးသို့။ ခရီးအတိုင်း။အကျိုင်းဖါး ဖါး။စိမ်းထွားပင်ရှည်။ငှက်ပျောစည်လည်း။တောလျှည်သဖွယ် ထူးဆန်းကြယ်၏။ ခြောက်ဆယ်ယူဇနာ။ ရွှေမြေမှာ၌။မဟာသု ဒဿန။ နတ်လမ်း မနှင့်။ တကွချီငေါ်။ နိုင်းသင့်ငေ လျှာ်သည်။

ကျောင်းတော်တလင်း။ ဤမြေခင်းလည်း။ ။ဖန်ဆင်းသင်တို့ လက်ထက်တည်း။

၁၃၂။ လုယက် သယ်သယ်။ မငဲ့ဘွယ်လျှင်။ ငယ်ငယ် ကြီးကြီး။ဤခရီးကို။ မပြီးအံ့သို့။ယခုဘို့သည်။ သင်တို့ရွာသား။ ဤလူများကား။ ရှုးစားကြဲဟန်။ အဆက်လွန်၏။ ပြင်းထန်အား ကြီး။ ကိုယ်တိုင်ရှုံးလျက်။ အကျိုးလိုချင်။ပန်းပင်မရှိ။ ဗိုတ်မက် မော။သဒ္ဒါဇောဖြင့်။ခြေဆောလက်လျှင်။ ဤသို့လျှင်တည့်။သုတ် သင်လှုလှု၊ကောင်းအောင်ပြုသည်။ ယခုခါသော်။ဘယ်သူတော် အား။ ။ဘိတ်ခေါ်ကြွစိမ့်ရည်သနည်း။

၁၃၃။ အလွန်တရော။ ဘယ်ဆရာ၌။ အခါနိဋ္ဌ။ အာဝါသ လျက်။ဆုံးမခံခံ၊ သုံးပါးကံဖြင့်။ နိဗ္ဗိတ္တည့်ငြား။စိုးပွါးအင်ခြိုက်။ ကြိုက်ကြိုက်လည်လည်။အချည်မြဘ်နိုး။တန်းခိုးအဟုန်။ဂုဏ်နှင့် မကွာ၊ သဒ္ဒါချက်ချက်။ ကျေးဇူး နက်သည်။ ငထက်တော့။အ ဘယ်သူအား။မြတ်မူစစ်စစ်။ပုညခေတ်ဟု။နှစ်နှစ်လိုလို။အဘယ် သို့လျှင်။သင်ဘို့တကာ။တံထွာမြဲဆုံး။ရှေးကျင့်ထုံးဖြင့်။ နှလုံးတ ချောင်း။ကြံမိရှောင်း၏။အပေါင်းများစွာ။ဤရပ်ရာ၌။ ။ဗိုလ်ပါ သို့စင်စည်သနည်း။

တာပသာပုစ္ဆာခန်းပိုဒ်ရေ ၉ ပြီး၏။

---

၁၅။ မဟာဇနကျာကရဏာခန်း။

(၇) တေမေပုစ္ဆာ ဝိယာကံသု။ ဗုဒ္ဓေါ လောကေ အ နုတ္တရော။ ဒိပက်ရောနာမဇိနော။ဥပ္ပန္နော လောကနာယကော။ တသာသောဝေယတ်မင်္ဂေါ။အဋ္ဌုသံဝန္နမာယနံ။

သာရိပုတ္တ။ချစ်သားသာရိပုတ္တရာ။ မေမယာ။ ငါသည်။ ပုဋ္ဌော။မေးအပ်သော။တေ။ ထိုရမ္မဝတီပြည်သူတို့သည်။ ဝိ ယာကံသု။ ဖြေကြားကုန်ပြီး။ လောကေ။လောက၌။ ဗုဒ္ဓေါ။ သစ္စာ လေးပါး တရားတို့ကို သိတော်မူပြီး ထသော။ အနုတ္တ

ရော။ တုဘက်မရှိထသော။ လောကနာယကော။ သတ္တဝါ
တို့ကိုနိဗ္ဗာန်သို့ ဆောင်တော်မူတတ်ထသော။ ဒီပင်္ကရာနာ
မ။ ဒီပင်္ကရာ အမည်ရှိသော။ ဇိနော။ မြတ်စွာဘုရားသည်။
ဥပ္ပဇ္ဇိ။ဖြစ်တော်မူ၏။ တဿ။ထိုဒီပင်္ကရာမြတ်စွာဘုရား၏။
အစ္စုဒ္ဓံ။ ဦးဆောက်ပန်းသဘွယ်ဖြစ်ထသော။ ဝဋ္ဋမာယနံ။
ဝဋ္ဋမာယနဟုဆိုအပ်သော။မဂ္ဂေါ၊မဂ္ဂံ။ခရီးကို။ အဖွေဟိ။
ငါတို့သည်။သောဓယာတိ။သုတ်သင်အပ်၏၊ဣတိ။သို့။ဝိယာ
ကသု။ဖြေကြားကုန်၏။

၁၃၄။ သာရဂမ္ဘိ။ဥဒဓိသို့။ခန္တိမေတ္တာ။ကရုဏာနှင့်။ပညာ
မျက်စိ။ရုံသောတိလျှင်၊ ဒက္ခိဏေယျ။ ရှင်ထိုမျှတို့၊ မကျန်ကင်စုံ။
ငါ့ထွေသံကို။နာခံသိလေ။မေးတိုင်းဖြေလျက်။သက်သေခံမြွေ။
တိုင်ပင် လောက်၍။ ငါ့အောက်လည်းဆုတ်၊ ထေရ်ကြီးဟုတ်
သည်။မယုတ်ပညာ။သာရိပုတ္တရာ။ ။သဒ္ဓါစင်းစင်း။ဆုတောင်း
ခြင်းဖြင့်။အရင်းသန်အောင်။နေ့ံနေ့ာင်ရိက္ခာ။ ကိုယ်တို့ရှာသည်။
များစွာပြည်သူ။ ထိုမျှလူကား၊ သိမှုသိရာ။ ငါ့ထံလာ၍။ငါလျှင်
ဆွေးနွေး။ဤသို့မေးသော်။ အရေးမကျန်။ ကြားကုန်ထွန်၏။ဗျာန်
အဘိညာဉ်။ တန်းခိုးယည်ဖြင့်။ စက်ပျည်ရထား။ ယန္တရားသို့။
သွားသွားသမျှ။ကောင်းကင်ဝဋ္ဋ၊လမ်းမသဘွယ်။ နှလုံးရွယ်က၊
ရောက်လွယ်စမြဲ။ ပျံမြူးလေ့လျက်။ရသေ့တုန်းတုန်း။ ဘုန်းနှင့်မ
ကင်း။မြေမနင်းသည်၊ရှင်ရင်းမဟာ။သုမေဓာ။ ။သုံးရွာရပ်သူ။
နတ်နှင့်လူတွင်။နှစ်ဆူမမြောက်။နှိုင်းဘက်မြောက်သည်။အံ့လောံ
ထွန်းပေါ်။သုံးလူ့ဘော်ကား။ ။မည်တော်ဒီပင်္ကရာတည်း။

၁၃၅။ ဒီပင်္ကရာ။ မည်တော်သာဖြင့်။ ထင်စွာ လူ့ပြည်၊
ချွတ်အံ့ရည်သား။ဤသည်မုနိန်။ မာရဇိန်လျှင်။အောင်ချိန်မထွိုင်။
ပင်ရိပ် ခိုင်လျက်။ ဖျက်နိုင်မာရ်အား။ ဈေးဘုရားတို့၊ အများညီ
ညာ။သွားကုန်ရာသား။ ဝိပဿနာ။ သုံးဖြာလမ်းကြီး၊ ခရီးထုတ်
ချင်း။ကောက်ကစင်း၍။ သိတင်းလေးဆူ၊စင်ပြူထွားစွာ။ ရတနာ
ခဲ။သဲးမွေကြဲ၍။အမြဲးစောင်မ။စရဏာတရား။ထံခါးခုံတိုင်၊ကြို

ခိုင်ဆောက်ပြု။ လေးရဏ္ဍုန္ဒိပ္ပါဒ်။ နတ်ပဒေသာ။ အံ့အာရောက်တည်။လေးမည်ဖြစ်ဗ္ဗုပိုရ်။ဖြူညှိုခပ်သိမ်း။ကြာတိရှိမ်းသား။ချမ်းငြိမ်းစွာဘိ။အိုင်ရေကျိုနှင့်။ သတ်ိပဒ္မာန်။လေးတန်သင်းသီး။ရတ်ကြီးတံခါး။ဗိုလ်ဝင်ထား၍။နှုတ်နားမဆုံ့။အံ့ကြကြွေးကြော်။ပေါ်ပေါ်ပေါ်သား။ ယသော်ကိတ္တိ။ဆောက်ဘိတမ်ခွန်။ရိုးစွန်အဖျား။ ဂှစ်ပါးသမာပတ်။ လက်လွတ်ကာဆီး။ မြို့ကြီးပြင်နား။ရင်တားကျုံးမြောင်း။ ဦးမတောင်းတည့်။ ရပ်ကောင်းခိုင်ကျည်။ နိမ္မာန်ပြည်၌။ လေးမည်မဂ္ဂ။ တံခါးမဖြင့်။ ဝင်ရ မြောက်ပြီး။ မင်းထီးစကြာ။ ဧကရာဇ်သို့။ ပညာစက္ကရတ်။ သုံးလူ့ထွတ်လည်း။ အရဟတ္တဗိုလ်။နဂိုရ်ပြည်လယ်။ပြာသာဒ်ကျယ်ထက်။စမ္မာယ်မဟာ။ကရုဏာဟု။ သမ္မာပတ်မွန်။ ဓလေ့သွန်နန်းမ။ ဖွင့်ပြီးမှတည့်။ဗုဒ္ဓစက္ခု။ ဉာဏ်ဟုကြည့်မြော်။ မျက်စိတော်ဖြင့်။ အရော်မတွေး။ လူဗိုလ်သေား။စီးပွါးဖန်ဆန်း။ရှုလျက်မှန်း၏။ ။ပတ်ဝန်းစကြာဝဠာတည်း။

၁၃၄။ ဇာတိ လည်းမည်။ ဖန်များလည်၍။ နေ့ရှည်ရက်ကျူး။အမူးမပြေ။မနေမနား။သွားရကာကာ။ ကျိုးမဲ့စွာတည့်။ ဇရာမရဏ။သောကမကြွင်း။ ပူအိုက်ပြင်းလျက်။ ကြောက်ညင်းထိတ်လန့်။ ဝေးဝွန့်တောင်တာ။ သံသရာဟု။ ခန္ဓာငါးမည်။ခရီးသည်ကား။နေနားပန်းထောက်။မှိုလောက်အောင်။အခေါင်ထွန်းစည်။လေးမည်သိတင်း။အရင်းမြစ်ဖြာ။သမ္မာမိဂ္ဂန်။မြောက်သန်ခိုင်ကျည်။ပင်စည်ချချ။ ဉာဏ်ဟုအခက်။ဗှန်တက်ငွါးငွါး။ ခြေဲပါးဘိညဉ်။ အစည်မပြတ်။ပင်လုံးကျွတ်လျှင်။ ပွင့်တတ်နေ့ရေ။ ငါးထွေပိမုတ္တိ။သီးဘိမစဲ။ ဆကဲမဟာ။ကရုဏာဟု။ ရိပ်သာငြိမ်းငြိမ်း။ညွတ်တိမ်းပြောထူ။လူနတ်ဟူသား။ဦဦသဲသဲ။နားဝဲကျပ်ုံ။ပိတုန်းအုံသို့။ပြည့်ရုံအင်္ဂါ။ချို ရာမထင်။ ဤသို့လျှင်တည့်။ ဒိပက်ရာ။လူ့ရွာနှင်းရှား။ဘုရားဟုသည်။မဏ္ဍုဤယင်း။ သစ်ပင်မင်းလျှင်။ရပ်ခြင်းမတန်။အမွန်ဤသည်။ ထိုပြည်ရွာပါး။ ဦးစွန်း

ဖျားခြ။ထွန်းငြားရောက်လစ်။ယခုဖြစ်၍။အသစ်စက်စက်။ ကျော်သံတက်သည်။ ။ခုတ်ကျက်အဌန်အဌါတည်း။

၁၃၇။ ထိုသို့ဌန်ဝါ။ ကျော်စောစွာလျက်။ ဝိဇ္ဇာကန်းသူ။ သုံးပါးလူကုံ။ ပွင့်ရှုမြက်ဆန်။ခရီးညွှန်သည်။ ဘဝန္တဂူ။သဗ္ဗညုကား။စတုသစ္စာ။သင်္ခါဒါနှင့်။ ဝေသာရဇ္ဇ။သတ္တပေါ် ဖြောင်။ မဂ္ဂင်မကျန်။ခပ်သိမ်းဝန်တိ။ ကေန်အနှစ်။ရုံသည်ဖြစ်၍။ အလှစ်ကြွားသိ။မိုးဖျားထိမျှ။ ဓာတိဝိသော။ သွက္ခာတောက။ စသည်ချိပာနို။ ကျေးဇူးဂုဏ်ဖြင့်။ကြေစုန်ညာဆန်။ပြည့်တိုင်ထွန်း၏။ နောက်ပြန်တောင်လည့်။ မည့်သူသည်လျှင်။ မကြည့်မညို့။ အလိုမလိုက်။မပိုက်မယည့်။ ခိုင်မှုည့်မရှိ။ ဒိဋ္ဌိမို့စွာ။ တဏှာ အငြစ်။ ခွါကံမြစ်လျက်။ ထိစ်ထစ် ထွန်းထင်။ နေလုလင်သို့။ လူတွင် နှိုင်းကင်း။ တရားမင်းအား။ အများလုပ်ကျေး။ဘုဥ်းပေးစိမ့်သည့်၊ ပြည့်သူနိမာန်၊ တောင်းပန်သမှု။ အခါလု၍။ ယခုလက်ငင်း။ နံနက်ခင်းဝယ်။ပြီးလျှင်ဌစအောင်။ လုပ်ဆောင်ဝေဘန်။ ကျွန်ုပ်ကျွန်တို့။အလှန်ကြိုးပမ်း။ဤယင်းလမ်းကို။မွမ်းမွမ်း ကိုယ်စီ။ပေါင်းစည်းညီ၍။တူပြိုမဲ့နှိုင်း။ဂုဏ်များလှိုင်းကို။ ။သည့်တိုင်းကြွစိမ့်သောဌာတည်း။

(ဂ) ဇုဒ္ဓေါ တိနာမံ သုတွာ၊ ပီတိဥပ္ပဇ္ဇိတာဝဒေ။ဇုဒ္ဓေါ ဇုဒ္ဓေါတိကထယန္တော။သောမနဿဝေဒယိ။

သာရိပုတ္တာ။နှစ်သားသာရိပုတ္တရာ။ဇုဒ္ဓေါတိနာမံ။ ဘုရားဟူသောအမည့်ကို။သုတွာန။ကြား၍။ မေ။ငါ့အား။တာဝဒေ။ ထိုကြားသောခဏ၌။ ပီတိ။ ဝမ်းမြောက်ခြင်းသည်။ ဥပ္ပဇ္ဇိ။ ၏။အဟံ။ ငါသည်။ဇုဒ္ဓေါဇုဒ္ဓေါတိ။ ဘုရား ဘုရား ဟူသောဥဒါန်းစကားကို။ကထယန္တော။ဆိုသောခဏ၌။ သောမနဿံ။ နှစ်လိုဝမ်းသာခြင်းသည်။ပဝေဒယိ။ဖြစ်လေ၏။

၁၃၈။ ကမ္ဘာအချင့်။တည်သဖြင့်လျှင်။ ပွားမြင့်လေလေ။ သုန္ဒရေဟု။ အထွေ ထူထဲ။ ချင့်မြဲကျိန်းဖြင့်။ နှစ်သိန်း လေးသောင်း။ အပေါင်းဓွဲချိး။ မြေကြီးအတူ။သိမြင်ထူ၍။ ဘုရိပညာ။

အမည်ရလျက်။တည်ပစလောက်။ လက်အောက်ငါ့ဝယ်။ပညာ ကျယ်သည်။တော်ကယ်လကျာ။ညာကနေတန်။ငါ့သားမွန်။ ။ ပြန်ပိမ့်ကောင်းတော။မှတ်တုံလေလော့။ မေးပေသောခါ။ဆိုကုန် လာသား။တကာအမျှား။ထိုပြည်သား၏။ဘုရားဟူသည်။စကား ရည်ကို။အချည်ငါ့အား။ဖြုတ်ချည်းကြားက။ဝမ်းပါ်ရွှင်ပ။ ဒိတိ ဝလျက်။ ။ချစ်ထလွန်ရုံမက်၏တည်း။

၁၃၉။ ဒိပက်ရာ။မြတ်စွာအဖျား။ဘုရားရှင်စော။ပွင့်မည် ဩဟာ။ အဆောတလျှင်။ ဆိုချင်ရှေးရှေး။ ငါ့ထံဝေး၍။ မမေး ကောင်းလျှင်။ ခံတွင်းအသောင်း။ ကြားလတ် ရှောင်းသော်။ နှစ် ထောင်းကြည်စွာ။သုမေဓါအား။ပက်ပါဦး၊ကြို။တောင်စခိုသည်။ ချောင်းလျှိဆည်ကန်။ရေပြည့်အန့်သို့။ချစ်ဌနိသည်းလှာ။ကြောခြင် စသည်။တွြတွြဖြိုးဖြိုး။ နှလုံးနိုး၍။ တန်းခိုးကြီးခေါင်။တောင်ထက် မကာ။သုံးလူ့ဘကို။ နားဝစကား။ဖြစ်သံကြားက။ ဘုရားဘုရား။ လန့်တကြားလျှင်။ဆိုများတုံတုံ။ကိုယ်ပြည့်ရုံမျှ။ မငုံလေစေါက်။ ဝမ်းမြောက်စွာလွန်း။ အခွန်းခွန်းလျှင်။ ။ဥဒါန်းနှုတ်မှ ပွက်၏ တည်း။

၁၄၀။ ကျေးဇူးများကြွယ်၊ အမြိုက်ကယ်လျက်။ လူဝယ် ဘုရား။ ထွန်းလတ်ငြားဟု။ မကြားစထောင်း။ လူအပေါင်းတို့။ မညှောင်းစေငေါ်။ဆိုလတ်သော်လျှင်။ ထိုရေ်အခါ။ ရသေ့ ငါ အား။ သဒ္ဓါလည်းပွား။ လွှန်ပြတ်သားလျက်။ ကြိမ်များ ဖန်ရာ။ အခါခါတ်။ကျက်စွာကြည်လှာ။ဆီဝယ်ကျသား။မိုင်းဆွရည်ယို။ ရွှမ်းရွှမ်းစိုသို့။ ပွက်ဆိုဖန်ဖန်၊ အသံဌန်၍၊ အမွှန်နှုတ်နား။ ထို စကားကြောင့်။ ရေသားခပင်း။အသည်း ချည်းမျှ။ ။ချစ်တွင်း ထဲးချောင်နက်၏တည်း။

မဟာဇနပျာကရဏာခန်းပိုဒ်ရေ ၇ ပြီး၏။

၁၆။ မဂ္ဂသောခေနစ်ဗွှာခန်း။

(၇) တတ္ထုဌတွာဝစ်ဗွေသိ။တုဗွေသံဝိဂ္ဂမာနသော။ ဇာခ ဗိဇာနိရောပိသံ။ခဏောဝေမာဥပ္ပဋ္ဌဂါ။

သာရိပုတ္တ။ချစ်သားသာရိပုတ္တရော။အဖုံ၊ငါသည်။တတ္ထ။ ထိုကောင်းကင်မှသက်ရာအရပ်၌။ ဌတွာဝ။ ရပ်၍သာလျှင်။ တုဗွေ။ နှစ်သက်ခြင်း ရှိသည်ဖြစ်၍။ သံဝိဂ္ဂမာနသော။ အံ့ ဘွယ်သေါစိတ်ရှိသည်ဖြစ်၍။ စိဗ္ဗေသိ။ကြံပြီ။အဟံ။ငါသည်။ ဇာခ။ ဤနိုပက်ရာ မြတ်စွာဘုရား ခြေတော်ရင်း၌။ ဗိဇာနိ။ ကုသိုလ်ကောင်းမှုတည်းဟူသော မျိုးစေ့တို့ကို။ရောပိသံ။ စိုက်ပျိုးအံ့။ခဏော။ကိုးခုတ္တို၏ပြည့်ကြောင်းဖြစ်သေါဗုဒ္ဓုပ္ပါ ဒခဏကို။ မာဥပ္ပဋ္ဌဂါမာ့တိက္ကမိ။ မလွန်စေလင့်။ဇာတိ။သို့ စိဗ္ဗေသိ။ကြံပြီ။

၁၄၁။ လေးထွေပင်လယ်။ မြစ်သဘွယ်သို့။ နက်ကျယ် ချောမော။ငါလျှင်ဟောသား။သဘောလေးဆ။ဂမ္ဘီရကို။မကျချံ နေ။ငါ့ဝယ်ဖြေမှ။ စေ့ရေဆန်းထုတ်။ မြန်သားနှုတ်ဖြင့်။ မယုတ် မကျန်။သိမှုပွန်၍။ကေန်စွဲးသုံး။ ထုံးဖြစ်အောင်သာ။ ဆိုတွင်းနှာ လျက်။ပညာအရောင်။ သဃီဘောင်၌။ လက်စောင်ကြိုးကြား။ မေးထောက်ထားသည့်။ငါ့သားရှင်မွန်။ဂုဏဝန်။ ။မကျန်ဇွဲး ချီး။ နာခံမြိုး လော့။ ရင်တီးလက်သပ်။ လန့်တဖြပ်လျှင့်။ သံကြုပ် တဆို။ သက်လုံဖိုလျက်။ ကြည်ညိုမြတ်စွာ။ စေတနာဖြင့်။ ထိုခါ တန့်တီး။ရပ်တုံပြီးသော်။ဘုန်းကြီးရှင်ဘ။ရသေ့လှကား။ နှိုင်းဆ အါးသုံ။ဤသို့ကြံ၏။အကမ္ဘာဘာ။သင်္ချာသင်္ချေ။ကုဋေ့ဆုံပိုင်း။အ တိုင်းမသိ။စမရှိသည်။ဇာတိဘဝါ။သံသရာ၌။ ခန္ဓာထည်းမည်။ ဤကိုယ်သည်လျှင်။မည်မည်ရွှားရွှား။အဆေားမမြဲး။မလွဲးမချွတ်။ ဖြစ်လှည့်တတ်လျက်။သူမြတ်အထံ။တမ်းမခံတည့်။ သေပျံပျက် စီး။ဦးလေးငြီးမျှ။မြေကြီးအားသာ။စီးပွါးရှာသည်။ ။မြင့်ကြာ ယခေါင်ထက်တိုက်တည်း။

၁၄၂။ တက်တိုက် ယခေါင်။ရှေးအယောင်သို့။ နောက်နောင်သော်လည်း။ ဤတူနည်းလျှင်။ အချည်းလွန်လေ။ ရှင်သေမျောပါး။အဖြစ်များဝယ်။ဘုရားလူတွင်။ ပွင့်ငြားကျင်လည်း။အခကြင်သောခါ။ငရဲရှာ၌။ပူဆာခြိုးခြိုး။မီးကျိုးအလျှံ။ဟာစ်ကြွေးသံနှင့်။မခံချိအောင်။ အနှောင်ငါးပါး။ ဝပ်လျှားပက်လက်။ ထိုးနှက်ကလိ။ဆင်းရဲတိလျှင်။မျက်စိတမှိတ်။ဆံဆယ်စိတ်မျှ။ မရသက်လုံ။ ●ကြိုက်ဆုံအံ့။ ထိုတုံသောခါ။ သူငါချင်းသင်။ မြတ်ချစ်ရှင်အား။ကိုယ်ထင်ပက်ပါ။တွေ့ရစာကား။ ။ဝေးစွာ မထိုက်မလိုက်တည်း။

၁၄၃။ ထိုမှတပါး။ ရင်တွားငုံ့တုံ။ မှောက်ခုံ လည်းသွား။ မြင်းကျွဲနွားသို့။ ခွါဖျားတုံးမျှ။ပရုံးကျော်ဆစ်။ကွာချစ်အရေ။ နေ့တိုင်းစေလျှက်။တပေလျှည်းလျှည်း။ အညှည်းအဆဲ။ရိုးမဲကျော်ဖိန်။ဦသိန်တကြွား။လန့်ကြားလျှက်ပင်။ အသက်ရှင်၍။ သို့စဉ်နေ့ရေ။အသေသုံးဆောင်။ ပြုလျှင်အောင်လည်း။ ငါ့တောင် ငါ့ရေ။ တောင်းပန်ထွေဖြင့်။ပလေလက်ချား။မတတ်အားသည်။ ကျွဲနွားမကျန်။တိရစ္ဆာန်မျိုး။အဟိတ်ဆိုးတွင်။ အကြင်သောခါ။ ကြမ္မာဖို့ဆုံ။ဖြစ်ချေတုံအံ့။ လူ့ဘုံရှင်တော်။ထင်ရှားသော်လည်း။ မြတ်ဘော်ဝင်ဆေး။ပြုဘွယ်ရေးကား။ ။ဝေး၍သို့စည်အခိုက်တည်း။

၁၄၄။ အထူးအထူး။အံ့မူးရုပ်ပြင်။ အသွင်ပိုက်သိုက်။ မီးမြိုက်လောင်ဖုတ်။ ထန်းပင်ငုတ်သို့။ ရုပ်ပြုတ်ကိုယ်ရေ။ မွေမွေကျည်းမြောင်း။နှုတ်လည်ချောင်းကား။အပ်ကြောင်းမျှသာ။ရှိခြင်းရာဖြင့်။ဝမ်းမှာအားသစ်။သူယုတ်ငြစ်လည်း။ အပြစ်တချို့။ထို၏မြို့တံ့။အုံအုံလိုက်ပြေး။လူငြစ်ကြေးနှင့်။ တံထွေးညှိငေါက်။ ခြေါးခန်းပေါက်မျှ။ စားသောက်ရကြိုက်။ အမြိုက်နှင်းနှိုး။ ဘုတ်ပြိတ်မျိုးက။စသည်များဖြင့်။ပြိတ္တာခွင်၌။အကြင်ရောခါ။ ကြမ္မာလည်းနှိပ်။မွတ်သိပ်ရှားဆောင့်။တဖျင့်နှောင့်လျှင်။ပြိတ်တောင့်ပြိတ်တာယုတ်မာကျည်းမြောင်း။ဖြစ်ချေရှောင်းအံ့။ အသောင်းများစွာ။ထိုအခါ၌။လူ့ရွာရှင်တော်။ ပွင့်ငြားသော်လည်း။ မြတ်စော်မနံ။ ကု

သိုလ်ကံဖြင့်။မဆံဝေးစွာ။အကျွတ်မှာကား။ ။မရောသက်ဆုံး
ထက်တိုက်တည်း။

၁၄၅။ ကမ္ဘာအပေါင်း။ ရှစ်သောင်းလေးထောင်။အခေါင်
ရှည်လွန်။ကာလဝန်ဖြင့်။ နိဗ္ဗာန်တဆူ။ ဟူချင်ဘွယ်တိ။ ထိုသို့ရှိ
လျက်။မိမိကြံမှာ။ကုန်လှခါသော်။ပမာမည်သည်။ ဤလူ့ပြည်၌။
ကြီးရှည်လံစား။ မြင်းကျွဲနွားသို့။ တပါးမရောက်။မိုးအောက်လူ
မှာ။ဤရုပ်ရှာသို့။ကျလာတပုံ။ဖြစ်လတ်ကုံသည်။လေးဘုံမြို့ဟူ
ရုပ်မဲ့ရှာနှင့်။မဟာကပ္ပ။ ငါးရာမျှလောက်။ အစောက်ရှည်တတ်။
သည့သတ်ဟု။ရုပ်ခတ်စံတည်။ သက်မဲ့ပြည်ကား။ မည်သည်
ပမာ။နှိုင်းရာမဲ့ရှောင်း။ထူးဆန်းကောင်းလည်း။အကြောင်းချိုတဲ့။
ရုပ်မဲ့သက်မဲ့။ဖြစ်ခဲ့ရကား။ဘုရားရှင်တော်။ ချွတ်ခဲလှော်၏။ ထို
ရော်အလား။ ရုပ်နှစ်ပါး၌။ ရှည်လျားသဖြင့်။ ကြိုက်သင့် စည်
တွင်။အကြင်သောခါ။ဖြစ်လေပါအံ့။ လူ့ရှာဘုရား။ ကြိုက်လတ်
ငြားမူ။ ။တို့အားမှန်းမသိလိုက်သတည်း။

၁၄၆။ ပစ္စန္တရာဇ်။အရပ်ဖြစ်နိုက်။ဇာနပိုက်ဖြင့်၊မိုက်မိုက်မဲ
မဲ။ပြည့်မပွဲး၌။ဝဲးမကူးလျှင်း။တောတွင်းပိပိ။ဒုဿီ တလှစ်၊ရှင်ချစ်
မြတ်စေါ။ဟောသည့်နှုတ်လွတ်။ရက္ခပါဌ်မှ။ လက်လွတ်တထွေ
ဖုတ်တရွှေသို့။ နေရေမခြာ။ ပါဏာတိပါတ်။ မိတတ်သရွေ့။ မ
တွေ့အံ့သည်။တမည်သာမြို့။ထိုသို့ဤသို့။ဖွဲ့ဘို့မပြတ်။သတ်ခတ်
ညှစ်ရေး။ အရိုးဆွေးမျှ။ သက်မွေးယုတ်မာ။ မိစ္ဆာဒိဋ္ဌိ။ငယ်က
ထက်တိုက်။ အမိုက်မြက်စား။ နွားတရထည်။ တောင်သူပြည်
တွင်။အကြင်ရောခါ။ဖြစ်ချေပါအံ့။သစ္စာပွင့်ငြား။ရှင်စောများတို့။
တရားပါဠိ။ဆိမ်းညှိုလျက်။ မဂ္ဂမတိုက်။ပြည်ကြီးနိုက်လျှင်။အ
မြိုက်နိဗ္ဗာန်။ထိုခါညွှန်မူ။ရုပ်စွန်ပြည်နား။တောတွင်းသားမှာ။ ။
မပွါးကုသိုလ်စရိုက်တည်း။

၁၄၇။ ဥပမိဖြင့်။ မရှိချိုတဲ့။ ရုပ်ဝါမဲ့တည့်။ တပဲ့ကိုယ်
ပြောင်။ ငေါင်းအယောင်လျှင်။ လင်းတောင် လင်းကန့်။ ခြေသွန့်
လက်ခိုင်။မြင်းကျိုးယိုင်သို့၊ နေထိုင်သွားလား။ မအားချည့်နည့်။

ကြည့်လည်းမမြော်။ခေါ်လည်းမသိ။မရှိနှလုံး။ သစ်တုံးတဆူ။လူ
ရုပ်မဒီ။မညီအင်္ဂါ။ဝမ်းတွင်းပါဖြင့်။ ပညာဖုန်ဖုန်။အတလုံလျှင်။
တုန်တုန်ချက်ချက်။မငက်စကါး။တတ်အားခလို။နင်သည့်ကိုယ်
ဟု။တဆိုနေ့ရေ။ငြိလျက်နေသည်။အသေထက်တိုက်။ ပစ်သား
နှိုက်ဝယ်။ အကယ်ကယ်လျှင်။ အကြင်သရော်။ ဖြစ်ချေသော်
လည်း။သုံးဘော်သနင်း။ တရေးမင်းအား။ ပွင့်စည်ငြားမူ။ရှုံးပါးခဲ့
တုံ။အခင်မရုံသော်။မကုံနိုင်စွာ။ဘူးရစေမှု။ ။ကျန်ရာထိုရော်
အကြိုက်တည်း။

၁၄၇။ တက္ကဒွန်းကြီး။အချည်းနှီးလျှင်။မတီးမရာ။မိစ္ဆာဒိဋ္ဌိ
ယူမှားမိ၍။မငြိမစွန်း။ရုန်းရုန်းမွန်းလျက်။အမှန်းမထင်။နရက်ခွင်၌
အကြင်မှုသောက်။ရုပ်မပျောက်အံ့။တတောက်ပတ်ပတ်။သံသာ
ဝဋ်မှ။မကျွတ်သစ်ဂုတ်။ ခလုတ်တံသင်း၊ တံရုန်းဆင်းသို့။ ပေါ်
ခြင်းမဖြစ်။အမူငြစ်ဖြင့်။ နှစ်ဆစ်လူမှာ။မပြူလာတည့်။ကမ္ဘာကြေ
ညက်။လောင်သုဉ်း ပျက်လည်း။အဆက်မပြတ်။ လောကဓာတ်
များ။တပါးကျန်ရာ။ ခံရကာလျှင်။ မကျွတ်ဆင်းရဲ။ အိုးထဲဖက်
ထစ်။ဥချိုးဖြစ်သည့်။အပြစ်လူတွင်။အဝင်လည်းမှား။ကြိုက်လေ
ငြားမူ။ ဘုရားအပေါင်း။ အသောင်းလူ့ရွာ။ ပွင့်ကုန်စွာလည်း။
ကျောက်ဖျာ ရေထဲး။ ပေါ်ခဲးသည့်နှယ်။ ဖူးရဘွယ်ရေး။ ။
ဝေး၏ထိုခါဝယ်၌တည်း။

၁၄၈။ ဘုရားဟူသား။မပူနေရောင်။ခါတိုင်းရှောင်၍။ဓိုက်
မှောင်ချည်းသာ။ လူတို့ရွာတွင်။ တဏှာမြူခဲ့။ ဆီးနှင့်ဖွဲ့တိ။မစဲး
ထက်ကြပ်။ စွတ်ဖပ်ဖပ်လျှင်။ မြူလှပ်စင်ငေါ်။ သွန်ခက် လှော်
လျက်။အဂမြော်နည်းစွာ။ပညာမကြည့်။သန်လည်မျက်ဆန်။နိဗ္ဗာန်
မဂ်ဖိုလ်။ ရောင်ကိုယ်မဝင်း။ အလင်းမရှိ၊ မှောင်တိအမြှေး။ငြစ်
ကြေးအတည်း။ ရိရိသည်းလျက်။ တည်းတည်းတောသား။ သူ
ရိုင်းလားသို့။ဂျည်လျှားကုန်ရွေ့။သမ္ဘေကမ္ဘာ။သုဉ်းသောခါလည်း။
မိစ္ဆာနှောင့်ရှက်။သန်းခေါင်နက်သား။ညည့်လျက်မကဲး။ လူခပဲး
တို့။တွေ့ခဲးစွာလှ။သုံးလူ့ဘဟု။ဩဇာတမည်။ ကြားအံ့သည့်မျှ။အ

ခြည့်မထင်၊ မျှောင်တင်တင်ဖြင့်၊ချစ်ရှင်တို့အား။ ဘူးသည့်ထား ဘိ။ ။နားမျှလေမသိမ်းထိုက်တည်း၊

၁၅၀။ ဤသို့သင်းသီး။အရှုံးကြီးလျှင်။ ပွင့်နီးသစ္စာ။ဘာသ နာ၏။အရာမဟုတ်။တာဆုတ်ဝေးလံ။ကြံသော်ခဲယည်း။မချည်း မစေ့။ မေ့မေ့ ကျန်ကျန်။ လွန်လှည့် ကာကာ၊ အခါရှည်လျား။ ဘုရားကိုပူး၊ မဖူးပါအပ်။ဤရှစ်ရပ်၌။ အလပ်လူပစ်။ မဖြစ်လေ ကျင့်။အခန့်သင့်သော်။ ပွင့်သည့်အကြိုက်။ ဖူးရထိုက်၏။တိုက် ရိုက်ကိုယ်ထင်။ဤဖြစ်တွင်၌။ ချစ်ရှင်ဘုရား။ မြတ်စောဖျားကို။ ငါအားထူးတည့်။ တွေ့အံ့သည့်ကား။ ။အကြည်ယခုဆိုက် ဆိုက်တည်း။

၁၅၁။ သိမြင်ကောင်းကျိုး။ လူပြိန်းမျိုး ထက်။ တန်းခိုးနှ ဘော်။အမြော်လည်းမှန်။ဂုဏ်ဖြင့်လွန်၍။ရာနန်အဘိညာဉ်။ ယှည် သောစည်နှိုက်။ အလိုက်သင့်ပါ၊ ကြိုက်ရွာဘိမော။ သဒ္ဒါပြော လျက်။ရှင်စောနှင့်ငါ။ဤအခါကား။ ပမာနှိုင်းနှုန်း။ စိုက်ခါတုန်း ဝယ်။ရွာဆုန်းတန်းနိုး။ မျိုးနှင့်မိုးသို့။ ဘုန်းမျိုးစေ့ဖြန့်။ အခန့်သင့် လှ။လိုတတလျှင်။ယခုထင်၏။လျှင်လျှင်နိဗ္ဗာန်။မလွန်သော့ကြား။ ကျိုးများပေးမြဲ။ချမ်းသာစေ့ကို။ တွေ့တွေ့အားရ။ ဤဝယ်ချ အံ့။မသွမလစ်။ ဖြစ်အံ့သံသာ။နောက်နောင်ခါတွင်။ ခန္ဓာနှောင်း ကျန်။ရန်ဆန်ဤကိုယ်။ ရှည်လေလိုလည်း။ ကုသိုလ် ထုပ်ကြီး။ နံတောင်နှီးဖြင့်။ ပွါးစီးသင့်နိုင်း။ တံခဲးခိုင်းက။ ရွယ်တိုင်း ကျ လျက်။ခုမှနောက်မှီ။ လှမ်းကာမီစိမ့်။ လောကီလောကုတ်။ ချမ်း သာဝုတ်အား။ ။မယုတ်တဖွမ်းတသိုက်တည်း။

၁၅၂။ ပမာနှိုင်းချ။ နှုန်းနှုန်းဆအံ့။ ဘူမနက်သန်၊ မြေကြန် သိပြီး။လုပ်ပွန်းတီးသည့်။အသီးစားလေ့။စိုက်မိရွေလျှင်။ တစေ့ အတွက်။တပင်နက်ကို။ပုတ်ကက်သရိုင်။ထည့်မနိုင်မျှ။ လိုတိုင်း ရသို့။ကြားကလူတွင်။ယုတ်မြတ်အင်ကို။ နားတင်သိကြို။ငါလျှင် တုံသည်း။ ငုံ့ရုံပြစ်မိ။ အနိသိအလား။ရှည်လျားကမ္ဘာ။ သံသရာ တွင်။အကြင်မျှလောက်၊ မပျောက်ခန္ဓာ။ရင်းချာသန်သန်။ နိဗ္ဗာန်

မြေခိုင်။မတိုင်သရွေ့။ ဂုဏ်မျိုးစေ့ကို။ လွေ့လွေ့မျှားမျှား။စိုက် မြှုပ်ထားလျက်။ဘုရားသခင်။ ဤချစ် ရှင်ဝယ်။ ခုခါကွယ်ခွ။လို မယ်လိုတောင်း။ ရုံစေ့ကောင်း၏။မိုးနှောင်းသန်ထင်။ ဤတွင်မေ့ ကျန်။သည့်မှလွန်သော်။ မထွန်မြေအား။ ကြွးချေမှားသို့။ မပွါး နောက်ရှုန်း။ကာလသဉ်းဝယ်။မွေ့ဘုန်းဘုရား။ ကြို့ကြွားပွင့်ခဲ။မ ကြိုက်ပဲးမှု။ တကဲးတကဲး။ အမြဲးမဟုတ်။နှောင်းနှောင်းယုဝ်အံ့။ နောက်ဆုတ်မျိုးနည်း။အရှည်ဆည်းသော်။ ။အချည်းမရှိစေ ထိုက်တည်း။

၁၅၃။ ဤသို့ကြံစည်။ မှိလည်းရေးခြား။ အပြားပြားဖြင့်။ ဝန်းလျှားတုံပြီး။ရသေ့ကြီးကါး။ခရီးပြုဖြင့်။လူတို့တွင်ခွ။ဘော်ဝင် ရိုင်းပင်း။ အဖြင်းဖြင်းလျှင်။ လုပ်ခြင်းနှိုးနှော။ အရေးရေးသော်။ စိတ်စောပြတ်ပြတ်။ မကြည်ညွတ်တည့်။ ချော်ခတ်အရာ။ ဝတ် ပိုင်ကာသို့။ ဖြစ်ရာဘိနိုး။ ကိုယ်တိုင်ရိုးလျက်။ ကျိုးကျိုး ကျည် ကျည်။ပြုအံ့ရည်၍။ ။ဘတည်လုပ်ချေတောင်းပါလေတည်း။

မဂ္ဂသောခနစိန္တာခန်းပိုဒ်ရေ ၁၃ ပြီး၏။

---

## ၁၄။ ဩကာသဒါနခန်း။

(ဂေါ) ယဒိဗုဒ္ဓသသေဝါဓေထ။ဝေကါကါသံတဒါထ မေ။ အဟပိသော ဓယိဿာမိ။ အဋ္ဌုသံ ဝန္ဒမာယနံ။ ။ ဘောဗ္ဗောမန္တသာ။အိုလူများတို့။ တုမ္ဓေ။သည်။ ဝန္ဒမာယနံ။ ဝန္ဒမာယနဟုဆိုအပ်သော။အဋ္ဌုသံ။ခရီးကို။ ယဒိသောဓေ ထ။အကယ်၍ သုတ်သင် ကုန်အံ့။ ဝေ။ ဤသို့သုတ်သင် ကုန် သည့်ရှိသော်။ မေ။ငါ့အား။ ဝေကာကာသံ။တခုသောအရပ် ကို။တဒါထ။ ပေးပါကုန်လော့။ အဟံပိ။ငါသည်လည်း။ဝန္ဒ မာယနံ။ ဝန္ဒမာယနဟုဆိုအပ်ကုန်သော။အဋ္ဌုသံ။ခရီးကို။ သောဓယိဿာမိ။သုတ်သင်ပါအံ့။

၁၅၄။ ကမ္ဘာကြေညက်။ အဆက်ဆက်လျှင်။ ခေါ်သက် ခေါ်သိ။ခေါ်ဘဏိက။စသည့်များစွာ။မဟာကထာန်။ သမ္မုံလွှန် ၍။ကိုင်ကန်ရေတွက်။ ဂဏန်းဆက်လည်း။စက်သံသရာ။ အစ စွာဟု။သိဥ္စါခဲအံ့ခင်။ထိုမျှတွင်၌။ထင်ထင်ဤဝယ်။ တွေ့သည့်နှယ် သို့။ဘုန်းကြွယ်ထိုက်ထိုက်။မကြိုက်စထောင်း။ ယခုနှောင်းမှ။အ သောင်းကျေးဇူး။ဘုရားဘုံးသည်။ယှဉ်ပူးမြတ်ဘော်။ အိုသူတော် တို့။ကော်ရော်ရိုညွှတ်။အသက်ပြတ်မျှ။ဆွတ်ဆွတ်ဝမ်းမြူး။ကြည်ညို မူးကြည်ရာ။သဒ္ဓါချက်ချက်။ကုသိုလ်စက်တိ။တက်သည့်စင်စင်။ သိဒ္ဓိတင်လျက်။ဒိပက်ရာ။မြတ်စွာရှင်စော။ ပွင့်သည့်ဩဟု။ငံပါ ပေါ်ထင်ဟုန်။ကျေးဇူး။ဂုဏ်ကို။ပတုန်ပလဲ့။အကြွင်းမဲ့လျှင်။လေး တွဲ့အညီ၊ ကျောက်ဖျာချီသို့။ ဝိဝိ လျှည်လျှည်။ ယခုစည်၌။မေ့ ယှည့်မကျုန်။သင်တို့ပြန်သည့်၊ ။ယုံကန်အချင်းခပ်သိမ်းတည်း။

၁၅၅။ ယုံဘန်အချင်း။ သတင်းနှုတ်ရည်။ ပြန်လတ်သည် နှင့်။အံ့ခြည်သင့်လှ။ ဤလမ်းမကို။မဆွဲရှေးဖျား။ ဘုရားလက်ဦး။ ဖူးသည့်ပိပိ။အညီကြိုပမ်း။အားလုံးမွမ်းမျှ။ငမ်းငမ်းသယ်ချင်။လုပ် သည့်မြင်သော်။သင်းဝင်အထူး၊ ဝမ်းမြူးပါလျှင်း။ ငါတပင်းတုံ။ ဤယင်းသင်တို့။ လုပ်၏သို့ကို။ နှစ်လိုဇောပြေး။ ပြုချင် သေး၏၊ ဆွမ်းကျွေးနိမန်။တောင်းပန်သောအား။မြတ်ဘုရားကို၊ သွားစိမ့် ရည်ရည်။ သုတ်သင်သည့်တည့်။ ထူးတည်ရွှေရူ။ ကယ်မှန်မှု ကား။အလှူငါ့အား၊တဘို့ထားလော့။ပေးဖြား‌ပါသော်၊ အဘော် ငါလျှင်။သင်တို့ခွင်၌။ဝင်၍လည်းကောင်း။ပြုပါရှောင်းအံ့၊ နှစ်ထောင်းရိုင်းရိုင်းပင်းပင်းတည်း။

ဩကာသဒါနခန်းပိုဒ်ရေ၂ပြီး၏။

———

၁၈။ တာပသမဂ္ဂသောခနခန်း။

(ဂေါ်) အဒိသုတေမမော့ကာသံ။သောခေတုံအဥ္ဇုသံ

တဒါ။ဗုဒ္ဓေါဗုဒ္ဓေါတိစိန္တေန္တော။မင်္ဂ သောဓေမဟံတဒါ။
သာရိပုတ္တ။ ချစ်သားသာရိပုတ္တရာ။တဒါ။ ထိုသို့ခွင့်တောင်း
သောအခါ၌။ တော။ ထိုရမ္မဝတီ ပြည်သူတို့လည်း။ အဋ္ဌသံ။
ခရိးကို။သောဓေတုံ။သုတ်သင်စိမ့်သောငှါ။မမ။ငါ့အား။ဩ
ကာသံ။တရသောအရပ်ကို။အခွင့်သုး။ပေးကုန်ပြီ။တဒါ။ ထိုသို့
ပေးသောအခါ၌။ အဟံ။ ငါသည်။ ဗုဒ္ဓေါဗုဒ္ဓေါတိ။ ဘုရား
ဘုရားဟူ၍။ စိန္တေန္တော။ကြံလျက်။ မင်္ဂ ။ခရိးကို။ သောဓေမိ။
သုတ်သင်၏။

၁၅၆။ ပဒိုသဒ္ဓိဒါ။မဂ်ပညာဖြင့်။သစ္စာအနက်။ ဆဲ့ခြောံ
ချက်ကို။ လက်ထက်ဥသျှစ်။ ဆုပ်ပစ်ရှိရှား။ ရှေ့ဝယ် ထားသို့။
တတ်အားသဘော။ငါ့သားစောတို့။နစ်နေ့တိုင်တိုင်။ သိမြင်နိုင်
လည်း။ဆွယ်ပြိုင်နှစ်ယောက်။မခြောက်လျှင်းပဲ။ငါသါကဲးသည်။
နက်နဲးပညာ။သာရိပုတ္တရာ။ ။တောင်တာဝေဌ။ လမ်းမသုတ်
သင်။ဗို့စည်တွင်၌။လုပ်ချင်ဖြိုးဖြိုး။နှလုံးနိုး၍။လူမျိုးသက်ဝေ။ခံပေ
သဖြင့်။ခွင့်မှုပါကြောင်း။ ဤသို့တောင်းသော်။ သူကောင်းသူနှပ်။
မြေလုပ်မဟူ။ မင်းလျှင်မှုလည်း။ကိုယ်ထုကိုယ်ထ။ သယ်ကြအ
ပြား။သူတော်များကား။ငါ့အားတောင်တာ။ပေးကုန်ပါသည်။ ။
မသာရေရေညွှန်ညွှန်တည်း။

၁၅၇။ အခေါင်တန်းခိုး။ ဖန်ဆင်းမျိုး၌။ ဒိုးသို့လည်းမွေ့။
တတ်အားလေ့သည်။ ရသေ့မြတ်စွာ။ သုမေဓါကား။ ထောင်ရာ
အများ။ကိုယ်ကိုပွါး၍။ဘုန်းအားရှေးရှေး။လက်မနှေးနှင့်။အရေး
ထင်ပြ။ ပြီးလွှယ်ခဲ့သော်။ချဲ့ပြန်မတတ်။ ဖြစ်တို့တတ်၏။ ခဲးမြတ်
ရာရာ။လုပ်စေပါဟု။တောင်တာရှုကြည့်။ နတ်နူတ်တည့်သို့။အ
ပြည့်ရေလောင်။နက်ချောင်တံစိး။ မသာကြီး၌။ခြားဆီးပါကြ။အ
ရာချသော်။ လမ်းမထိုယင်း။ ငါ့တာခင်းကား။ စင်းစင်း မကြည်။
လူမည်မည်သော်။ တောင်လည်အကြံ။ အရွံ့ပါပါ။ လက်နှင့်စွာ
ဟု။ ။ပြုဌါမဝံ့ပေတန်တည်း။

၁၅၈။ အလွှန်တင့်ကဲး။အခဲးအခဲး။ စွန့်စားရဲးလျက်။ နက်

နဲ့ရာရာ့သဒ္ဒါဇောပြေး။ကြံခြင်းလေးမှ။ကျိုးပေးလည်းကောင်း။
အလောင်းအကဲ။ရမြဲဇေကန်။မှန်တုံရကား။သုံးပါးချမ်းသာ။ရွေး
ချယ်ရာဋ္ဌ။လိမ္မာယုတ်ခြတ်။သိတင်းဝတ်ကို။သိတတ်ကိုယ်ရည်။
ငါတုံသည့်လည်း။မှိုစည်မြဲရာ။လုပ်တွင်းနာက။ချမ်းသာအစေ့။
လိုရုံတွေ့အံ့။ရသေ့နောင်ရှင်။ ဤသည်တွင်ဟု။ ပေါင်းပင်တံစိုး။
ထိုခရိုးကို။ဘုန်းကြီးရှင်ဘ။အဘိုငသော်။အါးရစ္စာဆုံး။ခိုင်ကျည်
သုံးသည်။ ။နှလုံးတောင်ကြီးသဖျွန်တည်း။

၁၅၉။ လူနတ်အပေါင်း၊ဆုတောင်းအဘ္ဘးသွန်။ ရုံမကိတန်
သည်။နိဗ္ဗာန်ထက်တိုက်။ ချမ်းသာမြိုက်ကား။ခါးပိုက်ဥစ္စာ။ထုပ်
သည်ဥါမျှ။ကြာစန္နီးရှောင်း။ရလွယ်ကောင်းလျက်။အကြောင်းသါ
တည်း။ခက်စွာသည်း၍။အားနည်းသဒ္ဒါ။တောင်းကာမပြည့်။ဖြစ်တုံ
၏ရှင့်။ လည်ရှည့်တိုင်အောင်။ တံစိုးဘောင်လည်း။ရှောင်ဘွယ်
မရှိ။ညီအောင်ညှိအံ့။တရိဘဝါ။ဘော်သုံးရွာဒ္ဓ။ချမ်းသာသုံးဆီး။
နောက်ကိုမြိုးသော်။ ခရီးတကွေး။ ငါ့ဘို့ ပေးသည်။ လုပ်ရေး
ဆောင်ငန်း။ဤတာခန်းကား။ကောင်းကန်းမဟုတ်။ယုတ်တုံသေး
ရှင့်၊ပြီးရေးအဘ။ကြိုးကောင်းစွဟု။ချိတ္တြမြှောက်စား။ရသေ့ဖျား
ကား။ဘုရားဘုရား။ပွက်စကားဖြင့်။ကိုယ်အားနှိုးဆော်။ပင်ပန်း
ဖျော်လျက်။ထိုရော်မြဲမိုး။သံယ်ချိပိုးသည်။ ။လုပ်ရိုးတအား
တအန်ဘည်း။

တာပသမဂ္ဂသာခန်းပိုဒ်ရေ ၃ ပြီး၏။

---

## ၁၉။ ပိဏ္ဍာစာရပဝေသနခန်း။

(ဂံ) အနိဋ္ဌိတေမမောကာသေ။ ဒိပက်ရော မဟာမုနိ။
စတုပ္ပိသတသဟာသေဟိ။ဆဠ္ဘာဘိညေဟိတာဒိဟိ။ခိဏာ
သဝေဝိမလေဟိ။ ပရိုပစ္စာ အဥ္ဇုသံဖိနော။ ။ပစ္စုဂ္ဂမနာ
ဝတ္တန်း။ဝဇ္ဇန္တော်ဘေရိယော ဗဟု။အာမောဒိတာနရမရူ။သာဝ
ကာရံပဝတ္တယုံ။

သာရိပုတ္တ။ချစ်သားသာရိပုတ္တရာ။မမ။ငါ၏။ဩကာသေ။အခွင့်သည်။အနိမ္မိတေ။ မပြီးမီလျှင်။ ဇိနေ၁။မာရ်ငါးပါးကိုအောင်တော်မူပြီးထသော။ဒိပင်္ကရော။ဒိပင်္ကရာအမည်တော်ရှိထသောမဟာမုနိ။ မြတ်စွာဘုရားသည်။ စတုဟိသစ္စ သဟာသေဟိ။ လေးသိန်းအတိုင်းအရှည်ရှိကုန်ထသော။ ဆဠဘိညေဟိ။ ခြောက်ပါးသောအဘိညည်နှင့်ပြည့်စုံကုန်ထသော။ တာဒိဟိ။ သည်းခံခြင်းကျေးဇူးနှင့်ပြည့်စုံကုန်ထသော။ဝိမလေဟိ။ကိလေသာတည်းဟူသောအညစ်အကြေးကင်းကုန်ပြီးထသော။ ခီဏာ သဝေဟိ။ ရဟန္တာတို့နှင့်။သဒ္ဓိံ။တကွ။အဋ္ဌသံ။ခရီးကို။ပဋိပဇ္ဇိ။ ကြွတော်မူ၏။ ။ရမ္မဝတိဝါသိနော။ ရမ္မဝတီပြည်သူတို့သည်။ ဒိပင်္ကရသ။ဒိပင်္ကရာဘုရားအား။ပစ္စုဂ္ဂမနာ။ခရီးဦးကြိုဆိုကုန်၍။ အာဝတ္တန္တိ။ ဓားရှုလာကုန်၏။ဗဟူ။များစွာကုန်သော။ ဘေရိယော။ များစွာသော စည်စောင်းညှင်းတို့ကို။ဝဇ္ဇန္တိ။တီးကုန်၏။ နရမရူ။ လူနတ်တို့သည်။ အာမောဒိတာ။ အလွန်ဝမ်းမြောက် ကုန်သည်ဖြစ်၍။သာဓုကာရံ။ကောင်းချီးကို။ပဝတ္တယုံ။ဖြစ်စေကုန်ပြီ။

၁၆၀။ သတ္တနိကာယ်။ လူရပ်ဝယ်၌။ ရွေးချယ်အလွတ်။ ပညာထွတ်ဟု။ မှတ်ပြီးသသူ။ ထိုမျှလူနှင့်။နှစ်ဆူပြိုင်တွေး။ ရည်တူးသွေးလည်း။အလေးနိမ့်ကျ။ဆဲ့ခြောက်ဆထက်။လက်ရတိုးလွန်။ သူမတန်သည်။ အပွန်သိမြင်။ငါ့ဝယ်သင်၍။ ဝမ်းတွင်သိုထား။ပညာများသည်။တရားစိုးမှူး။ငါ့သားဦး။ ။ကျေးဇူးမွေလျော်။သာရဘောဘ်ဖြင့်။ရှင်ကျော်အရဟံ။နားပါးခံလော့။ နှင်းကျွံတံစိုး။ရှုံ့ခရီးကို။မပြီးပါခင်။ဘို့စည်တွင်၌။ဒိပင်္ကရာ။ မြတ်စွာရှင်တော်။သုံးလူ့ဘော်ကား။ထိုရော်အခါ။မဟာသုဒဿန။ကျောင်းတော်မှလျှင်။ကာလတန်ပြီး။ထိုခရီးသို့။ ။ဘုန်းကြီးကြွတော်မူလတ်တည်း။

၁၆၁။ တန်းခိုးဘုန်းယည်။ဘိညည်ခြောက်ချက်။ စုံလျက်ပက်လျှင်။ ငြိမ်သက်စိမ့်ချေ။ဈာန်ရွေဖြင့်။ပြစ်ပြေချုပ်တည်း။ ရေတင်ဖွာည်းသို့။ကြည်းကြည်းသွင်ပြင်။ စင်သားအညွန့်။သားသား

ပြန့်လျက်။ ရွှေသန့်သင်းချော။ကျောရရောလျှင်၊ ၅င်စောအထံ။ မွှမ်းမွှမ်းရုံလျက်။ သည်းခံသက်သက်။ ရမ္မက်မြူကြေး။ မွှဲမမြေး တည့်။ရည်သွေးမင်းစံ။ရွှေနှယ်ခံ၍။ ဝတ်ဆံဖားဖား။ကြာသို့ထွား သား။လျှပါးကိုယ်ရည်။အမည်မည်ဖြင့်။ရွှေတည်နှိုင်းချက်။ဧတ ဒဂ်တိ။သံမြွက်ဝှဲးချီး။ တင်ကုန်ပြီးသော်။ထေရ်ကြီးအတိ။သဏ္ဍာ ရိဋ္ဌိ၊ဧဟိဘိက္ခုူး။ ကျွတ်ကုန်နူးလျက်။ကျေးဇူးနှံ့သာ။ မေတ္တာချီး လိန်း။ မြတ်စောထိန်းသည်။ လေးသိန်းမျှလောက်။ မြောက်တု သဃ်ာ၊ရဟန္တာလည်း။ နောက်ပါမကြွင်း။မိုးလွှမင်းနှင့်။ ။ထိန် လင်းကြယ်သို့ပြုလတည်း။

၁၆၂။ အစင်းအစင်း။ ဆည်းဆာခင်း၍။ ဖျားရင်း တိုင် အောင်။ ထိန်ထိန်လောင်သား။တန်းဆောင်စတော။မီးနောက်နေ သို့။အထွေအထွေ။တပည့်ရွှေနှင့်။ ခြောက်ထွေရောင်ပုံ။ အစုံအ စုံ။ သက်တင်ခြိုသို့။ရွှေပုံပုထိုး။ နှင်းပန်းနိုးလျက်။ မိုးမိုးမောက် မော်။ တမ်ခွန်ဆောက်သို့။ထွန်းတောံထိုနိုက်။ စောရောင်မြိုက် အား။ကျိုက်ကျိုက်နန့်နန့်။ဆိုးတန့်ဦးကြွို့။ခရိုးဆိုလျက်။ ထိတ်ပြို မွေးမှုန်။ကိုင်းကျွန်းတုန်မျှ။လေဟုန်ခတ်နှောက်။ပင်လယ်ချောက် သို့။လက်မြှောက်ဒုံးမင်း။သံလွင်ချင်းနှင့်။ခွက်ခွင်းနင်းနောင်း။စည် မောင်းငါးခု၊ ခုရုတပိုး။ဆော်နှိုးအညီ။ သံဟိုကျောကျော။ ကောင်း ချီးငြာ၍။မျှားစွာထိုရော်။လှူနတ်ဘော်တို့။ ။ပူဇော်ကျိုက်ကျိုက် ဆူလတ်တည်း။

ပိဏ္ဍာစာရပဝေသနခန်းပိုဒ်ရေ ၃ ပြီး၏။

---

## ၂၀။ ပဗ္ဗဇ္ဇမနုဇ္ဇဗုဒ္ဓပူဇာခန်း။

(ဂါး) ဒေဝါမနုဿေ ပဿန္တိ ။မနုဿာပိစဒေဝတာ။ ဥဘောပိတေအဉ္စလိကာ။အနုယန္တိတထာဂတံ။ ။ဒေဝါ ဒိပ္ပေဟိတူရိယေဟိ။ မနုဿာမာနုသကေ္ဟိ။ ဥဘောပိတေ ဝဇ္ဇယန္တာ။အနုယန္တိတထာဂတံ။

ဒေဝါ။နတ်တို့သည်။မနုဿေ။လူတို့ကို။ပဿန္တိ။မြင်ကုန်၏၊ မနုဿာပိစ၊ လူတို့သည်လည်း။ ဒေဝတာ။ နတ်တို့ကို။ ပဿန္တိ။မြင်ကုန်၏။တေဥဘောပိ။ထိုနတ်လူနှစ်ပါးတို့သည်လည်း။အညမညံ။တပါးသူအချင်းချင်း။ ပသံသန္တိ။ချီးမွမ်းကုန်၏။ အဟောအစ္ဆရိယံ။ အံ့ဘွယ်သရဲ။ သက်သေမြင်ကုန်၏။ ဥတတောတော့ပိ၊ဥစ္စာ။လက်ချိုးကြည့်ကြည်ကုန်လျက်။ တထာဂတံ။ တထာဂတသော။ ဒိပက်ရာမြတ်စွာဘုရား၏။ အနုပစ္ဆတော။နောက်မှ။ယန္တိ။လိုက်ကုန်၏။ ။ဒေဝါ။နတ်တို့သည်။ ဒိဗ္ဗေပုပ်ဖီ။ နတ်၌ဖြစ်ကုန်သော။တူရိယေဟိ။ တူရိယာတို့ကို။ ဝဇ္ဇယန္တာ။တီးမှုတ်ကုန်လျက်။မနုဿာစ။ လူတို့သည်လည်း။ မနုဿကေဟိ၊လူ၌ဖြစ်ကုန်သော။ တူရိယေဟိ။တို့ကို။ ဝဇ္ဇယန္တာ။တီးမှုတ်ကုန်လျက်။တေဥဘောပိ။ထိုလူနတ် ၂ ပါးတို့သည်လည်း။ တထာဂတံ။ တထာဂတသော။ ဒိပက်ရာမြတ်စွာဘုရား၏၊အနုပစ္ဆတော။မှ။ယန္တိ။လိုက်ကုန်၏။

၁၉၃။ ဆဲ့နှစ်ယူဇနာ။ဖြဟ္မာနတ်ရှင်။မြင်တိုင်းပင်ဖြင့်။ တကာဒဂ်ချင်း။မြေဝယ်နင်းသို့။ကြိုးမင်းလှခေါင်း။မျှော်လောက်အောင်လျှင်။အတော်ရှစ်ဆယ်။ရူပကာယ်ဖြင့်။သွယ်သွယ်မတ်မတ်။မညွတ်မယိုင်။ရွှေပွတ်တိုင်လည်း။ပြိုင်သော်မတန်။ဆယ်နှိုင်းလွန်သည်။နိမ္မာန်ဌဝေ။စောမြုတေလျှင်။ထက်နေရောင်ကျင်း။ နံနက်ခင်း၌။လင်းလင်းပြောင်ပြောင်။ခြောက်ပါးရောင်တိ။ကြည်ဦးတောင်အသွံ့။ဖိတ်ဖိတ်နှံ့မျှ။ ဖွံ့ဖွံ့ပျိုပျို။ရွှေရိုအသွေး။ရွှေတောင်ပေါက်သို့။ ရွှေပျောက်ဆန်းကြယ်။ ရွှေကျောင်းလယ်မှ။ စမ္မာယ်ဓားရှု။ထွက်လပြူက။ မည်သူ မလွတ်။ ပျပ်ပျပ် ညွတ်၍။လူနတ်ကိုယ်ထင်။သဘင်အပုံ။ ပြုကြဘုံလျက်။ပင်ချုံလန်းလန်း။ နဖူးစွန်း၌။ရိပန်းဘူးညှော်က်။ လက်မိုးပေါက်သည်။ ။ပွဲမျောက်ကြသို့ပြူလတ်တည်း။

၁၉၄။ အလုံးစုံလျှင်။ ထက်ဝန်းကျင်မှ။ ကောင်းကင်မြေနေ။နှစ်ထွေလူဗိုလ်။ဥဒါဟိုကား။ရောင်ကိုယ်ပြူးပြူး။ ထန်းလူးအသွင်။ရွှေပင်အကျိုင်း။သက်တင်ကိုင်းလည်း။နှိုင်းခိုင်းစရာ။ပမာမလောက်။ လမ်းတလျှောက်၌။ ရောက်လာလွှတ်လွှတ်။ မှန်ကင်း

ပွတ်သို့။လှူနတ်မျက်ဖျော်။သုံးလု့ဘော်ချောင်း။ခြေတော်ဆန့်လျှင်း
မြေဝယ်နင်းက။အခုန်းအင်းငွေလ။နှစ်ဦးစခွဲ။ထဲးမကလိုင်။ မိုးသစ်
အိုင်သို့၊ အပြိုင်အပြိုင်။အဆိုင်ဆိုင်တိ။တိုင်တိုင်လွှံ့တင်း။ မြေမိုး
ချင်းမျှ။ထုတ်ချင်းတီးမြည်။အမည်မည်လျှင်။သံကျည်ကျစ်ကျစ်
မျက်ပွင့်သစ်သို့။တစ်တစ်ပီလှ။ပဇ္ဇဂ်ဖြင့်။မိုးမှတပဲး။ တတည်ပွဲး
နှင့်။ နှစ်ကွဲးရပ်သူ၊နှစ်ဆူပြိုင်ပြိုင်ကမြူးသိ၍။ ကိုယ်စိနေ့ာက်က။
လိုက်ကုန်ကြလျက်။ ။ရှင်ပနတ်သံလျှသတည်း။

(ဃ) ဒိဗ္ဗံမန္တာရဝပုပ္ဖံ။ပဒုမံပါရိဆတ္တကံ။ဒိသောဒိသံ
ဩကိရန္တိ။ အာကာသေနဂတာမရူ။ ။ဒိဗ္ဗံစန္ဒနစုဏ္ဏဉ္စ။
ဝရဂန္ဓဉ္စ ကောဝလံ။ ဒိသောဒိသံဩကိရန္တိ။ အာကာသေန
ဂတာမရူ။ ။စမ္ပကံသလဠံနိမ္ဗံ။ နာဂပုန္နာဂကေတကံ။ဒိ
သောဒိသံဥက္ခိပန္တိ။ဘူမိတလဂတာနရာ။

အာကာသေန။ကောင်းကင်၌။ဂတာ။တည်ကုန်သော။မရူ
နတ်တို့သည်။ဒိဗ္ဗံ။ နတ်၌ဖြစ်သော။မန္တာရဝပုပ္ဖဉ္စ။ ထင်ရှားး
ပန်းကိုလည်းကောင်း။ပဒုမံဝါ။ ပဒုမ္မာကိုလည်းကောင်း။ပါ
ရိဆတ္တကဉ္စ။ပင်လယ်ကသစ်ပွင့်ကိုလည်းကောင်း။ ဒိသော
ဒိသံ။ထက်ဝန်းကျင်မှ။ဩကိရန္တိ။ကုန်၏။ ။အာကာသေ
န။ကောင်းကင်၌။ဂတာ။တည်ကုန်သော။မရူ။ နတ်တို့သည်။
ဒိဗ္ဗံ။ နတ်၌ဖြစ်သော။ စန္ဒနစုဏ္ဏဉ္စ။ စန္ဒကူး မှုန့်ကို လည်း
ကောင်း။ကောဝလံ။အသုံးရုံသော်၊ဝရဂန္ဓဉ္စ၊မြတ်သောနံ့သာ
ကိုလည်း ကောင်း။ ဒိသော ဒိသံ။ ထက်ဝန်းကျင်မှ။ ဩကိ
ရန္တိ။ကြဲးကုန်၏။ ။ဘူမိတလဂတာ။ မြေ၌တည်ကုန်သော
နရာ။လူတို့သည်။စမ္ပကဉ္စ။ စကားပန်းကိုလည်းကောင်း။ သ
လဠဉ္စ။ထင်းရှူးပန်းကိုလည်းကောင်း။နိမ္ဗဉ္စ။ ထိန်ပွင့်ကိုလည်း
ကောင်း၊နာဂပုန္နာဂကေတကဉ္စ။ကံ့ကော်ပွင့် ပုန်းညက်ပွင့်
ဆတ်သွားပွင့်ကိုလည်းကောင်း။ဒိသောဒိသံ။ထက်ဝန်းကျင်
မှ။ဥက္ခိပန္တိ၊ကြဲး၍မြှောက်ကုန်၏။

၁၉၅။ အရှေးတောင်မြတ်။ယုဂန်ထွတ်မှ။ လတ်လတ်အ

သစ်။ ထွန်းလစ်ပေလာ။ အစစ္စာ၌။ကမ္ဘာဦးသူ။ ခပ်သိမ်းလူတို့။ ဆုယူတော္ဘင့်တ။ကြိုတိုင်းရသည်။ တောက်ပဝင်းဝင်း။ နေဝန်း ဆင်းသို့။ရံတွင်းမှတ်ပါး၊ကျောင်းတံခါးမှ၊ လူများမျက်စိ။ သိရိ ဘုန်းလိုင်း။ စောကြိုသိုင်းလျှင်။ လမ်းတိုင်းခြေတော်၊ ဆန့်လတ် သော်တည်း။ ကြည့်မျှော်စလွန်း၊ မျက်စိကြွန်မှု၊ ဗိမာန်သူများ။ ခြောက်ပြည်သားလည်း။တတ်အားသောတိုင်း၊အဆိုင်းအကုံး။ ကြက်ရုံးချရာ။ထင်ရှားကြိုစါ။မာလာကျိုကျ။ကတ္တရနင့်။ကက္ကု ကမည်း၊ရွှေပျည်း ကတိုး။ ကြာမျိုးငါးပါး။အပြားအထွေ။ နတ် ရပ်မြေ၌။ပဒေသာဝယ်။ပင်လယ်ကသစ်။ပန်းမျိုးစစ်တိ။ကြဲပစ် ပူဇော်။ လှူလတ်သော်လျှင်။ထိုရော်မိုးပြင်။ပန်းတိဖြစ်၍။ ။ဝန်း ကျင်လှိုင်ကြွေလေတ်တည်း။

၁၄၄။ အကုံးအကုံး။ခရိုးဖုံးမျှ။လှည်းကျုံးကောင်းအောင်။ လမ်း အမြောင်၌၊ ပန်းတောင် ပန်းထီး။ ဗိုးရရိုးသား၊ ပန်းထီး တမ်ခွန်။ပန်းပိတန်တိ။အမွှန်အကျော်။ဆံမွှေးဖော်သား။ကံ့ကော် စကား။ချရေးစလပ်။ ရွက်ချပ်ပွင့်ဖူး။ ဆိတ်ဘလူးနှင့်၊ ထင်းရှူး ဆင်းဝယ်။စမ္ပါယ်မှလေး။ကျုံဖွေလိုင်ပျံ့။ငရုံ့ပတူ။မအုရယင်ခံတ်။ ဖက်ဆွတ်သရဘီ။ကတ္တရိနှင့်။ မည်းဇလီမြလွ။ အသောကတို့။ လယ်စခေါင်ယန်း။ ပွင့်ဝန်းမြစ်ကိုင်း။ ဒဝယ်မှိုင်းနှင့်။ ပန်းတိုင်း ခတ္တာ။ ကြောင်လျှာ့ပိတောက်၊ ကြက်မောက်ကြက်တက်၊ ပုန်း ညက်ကွမ်းလင်။ သင်းဝင်သင်းခွေ။ ပြည်ပန်းရွှေနှင့်၊ မိုးဇွေ ပန်း မြိုက်။တောပိုက်မကြွင်း။တဆင်းယင်းမာ။မဟာလှေကား။ဆတ် သွားဖူးမုံ။ပန်းအပုံဖြင့်၊ အုံအုံသဲးသဲး။ပူဇော်ကြဲး၍။ မရဲးပဋ္ဌမ္ဘီ၊ ညီမျှညွှတ်ကျိုး။ရှိုးအင်ဖြိုက်။နှောက်တော်လိုက်လျှက်။မြေနိုက် ဦးထား၊လူတလွှားလည် ။ထင်ရှားကျွတ်ဆုယူလာတ်တည်း။

၁၅၂၇မနဇ၊ပူဇာခန်းပိုဒ်ရေ ၄ ပြီး၏။

၂၁။ ကာလလနိပ္ပဋ္ဌနဗုဒ္ဓဒဿနခန်း။

(ဃ၁) ။ကောသေရုဋ္ဌိတ္တွာဟံတတ္တ။ဝါကစိရဥ္စမွက်ံ။ က
လလေပတ္တရိတွာန။အဝကုဇ္ဇောနိပ္ပဇ္ဇာဟံ။ ။အဏ္ဏမိတွာန
မံဗုဒ္ဓေါ။ သဟာသိဿေဟိဂစ္ဆတု။မာနကာလလေအဏ္ဏမိတ္တ။
ဟိတာယမေဘဝိဿတိ။

သါရိပုတ္တ။ချစ်သားသာရိပုတ္တရာ။အဟံ။ငါသည်။တတ္တ။
ထိုညွန်ပျောင်းအရပ်၌။ကောသံ။ဆံကျစ်တို့ကို၎ရုဋ္ဌိတွာ။ ဖြေ
၍။ဝါကစိရဉ္စ။လျှော်တေသက်နှဲကိုလည်းကောင်း။စမ္မကဉ္စ။
သားရေအခင်းကိုလည်းကောင်း။ ကာလလေ။ ညွန်ပျောင်း၌။
ပတ္ထရိတွာန။ဖြန့်၍။အဝကုဇ္ဇော။မှောက်ခုံ။နိပ္ပဇ္ဇိ။အိပ်၏။ ။
ဗုဒ္ဓေါ။ဒီပင်္ကရာမြတ်စွာဘုရားသည်။မံ။ငါ့ကို။အဏ္ဏမိတွာန။
နင်း၍။ သိဿေဟိ။ လေးသိန်းသော တပည့်တို့နှင့်။ သဟ။
တကွ။ဂစ္ဆတု။ကြွတော်မူစေသတည်း။ဗုဒ္ဓေါ။သည်။ ကာလ
လေ။ညွန်ပျောင်း၌။ မာအဏ္ဏမိ၊။ မနင်းစေသတည်း။ ဧဝံ။
ဤသို့မနင်းခြင်းသည်ကား။ မေ။ငါ့အား။ ဟိတာယ။ အကျိုး
စီးပွားအလို့ငှာ။ ဘဝိဿတိ။ ဖြစ်လတ့်။ ဇာတိမနသိကတွာ။
ဤသို့နှလုံးပြု၍။အဟံ။ငါသည်။နိပ္ပဇ္ဇိ။အိပ်၏။

၁၄၇။ သရဒ္ဒရာ။ရတနာလှိုင်း၊ ရေရှိတိုင်းလျှင်။ဖြတ်ပိုင်း
များလျှား။သမန်းဖျားဖြင့်။ ထစ်များတုံတုံ။ကုန်အောင်ရုံ၍၊ ကိန်း
ပုံဆောင်သွေး။ အရော်တွေး၍။ အပြေးအသွား။ စောကြောငြား
သော်။တတ်အားနိုင်ဘွယ်။ လိမ္မာကျယ်လည်း။ ငါ့ဝယ်ထံရင်း။
ကိုယ်လုံးနှင်းလျက်။စိုင်းပြင်းလာမှ။ခံနေကျသည်။ ဇဝနပညာ။
သာရိပုတ္တရာ။ ။နာတုံပြတ်ပြတ်။ဝမ်းထဲမှတ်လော့။ကြီးမြတ်
တန်းခိုး။လူနတ်မျိုးတို့။ကွယ်ကိုးမှီရာ။ ချွတ်မှုထာ သည်။ သစ္စာ
ပွင့်လင်း။တရားမင်းလျှင်။ ထွန်းဝင်းရောင်ခြည်။ ညီးညီးလည်မျှ။
နှစ်ပြည်ရပ်သူ။နတ်နှင့်လူတို့။ပြောထူနှစ်ကွဲ။ သဘင်ပွဲ၌။ဖြင်ဖြိုး
ခြိမ့်ရံ။အချဟံချည်း။ထေရ်ပျံနှင့်နှင်။ လေးသိန်းရှင်နှင့်။ ထိုတွင်ကြွ
တော်။မူလတ်သော်တည့်။ရှင်ကျော်ကြီနက်။ တန်းခိုးတက်ကား။

တသက်ဖို့ဝယ်။ အံ့ဘွယ်သရဲ။ ဆန်ကဲ့ညာတော်။ သုံးလူ့ဘော်ကို။ မမြော်ဘူးဘူး။ မြင်ပါဦး၌။ ယှူးယှူးခြေသက်။ ချွတ်လျှက်ပက်လျှင်။ ချိရွက်မြေခဲ။ မမြဲကိုင်လေ့။ စောဘုန်းဟော့ကို။ ။ရသေ့ရှင်ဘမြော်လတ်တည်း။

၁၄၈။ အရပ်အရပ်။ ပြည့်နှံ့စပ်မျှ။ မလပ်မြေပြင်။ ကောင်းကင်ရှိတိုင်း။ စောကြီးသိုင်းကား။ ခြောက်လှိုင်း ရောင်ခြည်။ လွှတ်လတ်သည်နှင့်။ နတ်ပြည်ခြောက်တန်။ ဗိမာန်ရပ်သား။ လူတလွှားလည်း။ စာတ်အားသောလျှောက်။ ချီးမြှောက်သမှု။ သာရုခေါ်သံ။ မညံ့မစဲ။ ပစ်ကြဲနတ်မှာ။ စေသီတာက။ ကျလာပန်းမျိုး။ အထုံရိုးနှင့်။ အခိုးလသွင်၊ မဝင်နေလ။ ပူရောင်ပြ၍။ ထိုမှုအရာ။ နောက်တော်ပါသား။ သင်္ဃာရဟာန်း။ သင်္ကန်းအရိပ်။ ချိပ်ချိပ်မောင်းခွေး။ သက်တင်မှေးသို့၊ လျှံပြေး လက်လက်။ အောက်ထက် လူများ။ သွားလာဗိုလ်ခြေ။ ကိုယ်ဟုန်လေဖြင့်။ ခြွေခြွေခြောက်ထပ်။ ယပ်နှင့်ယပ်သို့။ အရပ်မျက်နှာ။ ရှစ်ဒိသာလုံး။ မိုးပတ်ကုံးလျှင်။ ဆံထုံးဥသျှောင်။ မျက်စည်း တောင်မှ။ ခြည်ရောင်ကျသို့။ လမ်းမပွဲးမှောက်။ ဤမှုလောက်၌။ မောက်မောက်သွယ်သွယ်။ စောဘုန်းကြွယ်ကို။ ထိုဝယ်ရှုမိ။ မြင်သည်ရှိသော်။ ဗိတိဖရဏာ။ ပြောလွှန်စွာ၍။ နေဆာလကင်။ ဘယောင်းစင်သို့။ ။ဘခင် ကိုယ်လုံးပျော်လတ်တည်း။

၁၄၉။ ရှင်တော်တို့အား။ ကြိုက်လတ်ငြားသော်။ ငါးပါးဘိညည်။ ဈာန်ယည်စံမွေ့။ ရသေ့တို့တုံ။ မကြည်ယုံပဲ။ တရုံတရာ။ ပြီးကောင်းပါလျက်။ ရှိရောငြူစူ။ အင်တူလက်ခတ်။ ဈာန်လက်လွတ်၍။ တောင်ကျွတ်အားကုန်။ ငှက်ဂဠုန်သို့။ ပျံဟုန်မစဲ။ သူရမ်းပဲနှင့်။ ကွဲးလွဲးမတူ။ ငါတမူကား။ စင်ဖြူဝမ်းမြောက်။ သဒ္ဒါပေါ[...]ျက်။ ဆဲ့ခြောက် သချိ။ ကမ္ဘာကြေ၍။ လွန်လေတုံရှောပ[...]းသိန်းပေါင်းနှင့်။ တသောင်းအခေါင်။ နှစ်ထောင်မက။ ဖြဟ္မဒေဝ။ ဘုရားစသည်။ မဆွရှေးဖျား။ မြတ်စောဖျား၌။ အဝါးလည်းဝ။ ကျွမ်းမိလှ၍။ လမ်းမထုတ်ချောက်။ မောက်မောက်ဖြိုး

ဖြိုး။ပုထိုးအာရုံ။ရွှေဘုံမတန်။ဆယ်နိုင်းကျန်သား။ နိဗ္ဗာန်အသည်
စောဘုန်းစည်လျှင်။ အကြည်ထိုတွင်။ ရောက်သည့်မြင်သော်။
ချစ်ရှင်အထံ။ သေတမ်းခံလျက်။ရည်ငံမပြို။ စွန့်စားလို၍။ ။
ကိုယ်ကိုငါနှိုးဆော်လတ်တည်း။

၁၇၀။ အခေါင်ကြွယ်ဖြိုး။ပုဏ္ဏားမျိုးတွင်။ တန်းခိုးလက်
ငံ။ချမ်းသာခံလျက်။တရံဘို့မှ။ တာဝေ၍။ချီကြွမြေပိုင်။ မနိုင်မ
ထက်။မခွက်ဘူးစွာ။ သည့်တွင်သာ၍။ ပညာရှေးရှေး။ တချက်
တွေးဖြင့်။ဓာပြေးနှုလုံး။ သယ်ခွက်ကျုံးရှင့်။ နှောင်းဆုံးနှောင်း
စင်။ဖြစ်ခဲ့ကျင်၍။သင်းဝင်ဗိဗိ။ မပြီးမိခဲ့။ ခံသိလျှင်မှ။ လုံ့လပြု
လျက်။ယခုအရှည်။သဗ္ဗညည်လျှင်။သွားစင်အခါ။ ပြီးသော်သာ
တည်း။မြတ်စွာဘုရား။ကြွပါငြားမှ။အကျိုးရအံ့။ နောက်ကျသစ်
သိး။အနှောင်းကြီးလျှင်။ ချန်နှိုး၍သို့။ ငါ့ဘို့မကံ။ကြွခဲ့တုံ၏။ အင်
ရုံကိုယ်ရည်။ အာဇာနည်ဟု။ ဤသည်ချစ်ရှင်။ ကျော်ဟိုးထင်
သည်။ညွှန်တွင်ခပ်ရှောင်း။မနင်းကောင်းခဲ့။ တောင်စောင်းလက်
နား။ဤမှယား၍။ တပါးခရီး။ သွားရာသီးလည်း။ မကြီးမငယ်။
ကျေးဇူးကြွယ်သည်။ ။လွှဲးပယ်မရှောင်လေအပ်တည်း။

၁၇၁။ ကျေးဇူးများဖြင်။ ခပ်သိမ်းအင်ဖြင့်။ မထင်ချိုတဲ့။
ပြိုင်ဘက်မဲ့တည့်။နိုင်းရှဲ့မရ။ အလှစမွာယ်။ အံ့ဘွယ်ဘွယ်တိ။
သုံးဆယ်နှစ်ပါး။ထူးဆန်းပြားသည်။ လူများခမည်း။ချစ်ရှင်နည်း
ကို။လက်တည်းကိုင်ပူး။သို့စင်ဖူးလျက်။ အမှုးမကွာ။ လူဘော်
သာတည်း။ပညာမျက်ဆန်။ ကြည့်မမှန်၍။ကြောင်းဒွန်မရုံ။ ကြီ
လေတုံအံ့။ကြည်ယုံကောင်းကျိုး။ကုသိုလ်မျိုးကို။စိုက်ပျိုးစဟန်။
စေ့တွင်ပွန်၍။မကျန်သိရ။ငါစင်သူသည်။ဖို့ယူခရီး။ပြီးလုနီးတွင်။
ဘုန်းကြီးမရှိန်း။ရှင်လေးသိန်းနှင့်။ဓိန်းလိန်းတင်လင်။မျက်မြင်တစ်
တစ်။ရှင်တော်စစ်သည်။မနှစ်မရှား။ညွှန်တွင်သွားဟု။ အားပါးမ
နာ။ ရှုစိတ်စွာလျက်။ လွယ်ကာအလျှင်။ မှုခံမင်၍။ အရှင်မခန့်။
ကိုယ်စွန့်အပြီး။မလုပ်သီးပဲ။ ချန်ဓိးမာန်မှ။အားကိုချ၍။ လက်စ

တင်းလင်း။လုပ်ခင်းမပြည့်။တာမရှည့်သည်။ ။ကြည့်၍မနေ
ပေအပ်သတည်း။

၁၄၂။ အသီးအသီး။လုပ်ပြီးထိုမြို့။လူများဘို့လည်း။သူ့ဘို့
ကိုယ်ကါး။ဟူသောလားလျှင်။မာန်သို့ဝင်လျက်။မမြင်မျက်စိ။နေ
ဘိသဖြင့်၊ မကျူပင့်သည်း။ လိုနှင့်မနား။ ငါ့ဘို့များ၏၊ ငါ့အား ၍
တွင်။ ရဲးတမ်းဝင်လျက်။ အရှင်အသေ၊ မရေမတွက်။ ကိုယ်အ
သက်ကို။ရက်ရက်မထား။စွန့်ကောင်းစွာဟု။အရာအဆ။၍သို့စ
သည်။လွတ်ရမဲ့အောင်။ကြိုပြီးနောင်မှ။မြားမြောင်မပန်း၊ ညွှန်တာ
ခန်း၌။ဦးစွန်းဆံကျစ်။မည်းသစ်အရေ။လဲးချွတ်ဖြေ၍။လျှော်တေ
မကြွင်း။အနှီးခင်းလျက်။ခြေနင်းတံတား။ကူဖော့ကားသို့။ ။အလ
လျှားငါလျှင်ဝပ်သတည်း။

၁၄၃။ အလျှားမှောက်ခုံ။ဝပ်ပြီးတုံမှ။လက်မုံဦးဖျား။ကြာ
သို့သွားလျက်။တံတားကျောက်ဆစ်။ဖြစ်ရသောကျိုး။ စိုးပွါးမျိုး
ကို။ပြုံးစိမ့်သရော်။ ငါ့ကိုမျှော်၍။ ခြေတော်မြေနဲ့။ မထိပဲးလျှင်။
သုံးကွဲးရပ်သူ။မှန်နှယ်ကူသည်။နတ်လူတို့အား။မြင်းသမားသို့။ရ
ထားအထိန်း။ဓလေကျော်ရှိန်းကား။ လေးသိန်းသင်္ချာ၊ရဟန္တာနှင့်။
ညွှန်မှာမချင်း။ ငါ့ထက်နင်းလျက်။ သန့်ရှင်းစက်ရွှေ။ ကြွစေသ
တည်း။တံစိုးနည်း၌။ခြေချည်းကြွ၍။မလျှော်စွာဟု။သင်္ချာအကွ။
သုံးလူ့ဘအား။စွန့်စားဆောက်တည်။ ၍သို့ရည်လျက်။ ဆံခြည်
ဆယ်စိတ်။ထိုးတိတ်မ ရွံ့။ရသော့ပျ်ကား။ ။သက်နှံ့ကိုယ်လုံး
အပ်သတည်း။

ကာလလနိပ္ပဋ္ဌဗုဒ္ဓဒသနခန်းပိုဒ်ရေ ၄ ပြီး၏။

---

၂၂။ ဗုဒ္ဓဘာဝတ္ထုဗိဋ္ဌာခန်း။

(က) ပထဝိယံနိပ္ပန္နဿ။ ဝေံမေအာသိစေတသော။ ဇာန္တ
နောအပုံအဏ္ဍ၊ ကိလေသေ ဃာတယေမမ။ ။ကိမေ
အညာတ ဝေသေန။ ဓမ္မံသစ္ဆိ ကတေနိဓ။ သဗ္ဗညုတံ ပါပု
ဏိတွာ။ ဗုဒ္ဓေါဟေဿံသဒေဝကေ။

သာရိပုတ္တ။ ချစ်သားသာရိပုတ္တရာ။ပထဝီယံ။ ညွှန်ပျောင်းအဖြင့်၌။နိပ္ပန္နသဿ။ဝပ်သော။မေ။ငါ၏။ စေတသော။စိတ်၏။ ဇေ၀ံပရိဝိတက္ကော။ ဤသို့သောအကြံသည်။ အာသိ။ဖြစ်ပြီ။ ကိံအာသိ။ အဘယ်သို့ဖြစ်သနည်းဟူမူကား။ အယံ။ငါသည်။ အဇ္ဇ။ ယနေ့။ ဆုန္လမာနော။အလိုရှိမူကား။ ကိလေသေ။ကိလေသာတို့ကို။ ဃာတယေ။ ဃာတယာမိ။ အကြွင်းမဲ့ဖျက်ဆီးရာ၏။ ဇာဝ။ဤဒိပက်ရး၊မြတ်စွာဘုရား၌။ အညာတဝေသေန။ မထင်ရှားသော အသွင်ဖြင့်။ဓမ္မံ။အရဟာတ္တဖိုလ်တရားကို။ သစ္ဆိကတေန။ မျက်မှောက်ပြုသဖြင့်။ မေ။ငါ့အား။ကိံ။အဘယ်အကျိုးရှိအံ့နည်း။ အဟံ။ငါသည်။သဗ္ဗညုတံ။ သဗ္ဗညုတဉာဏ်သို့။ပါပုဏိတွာ။ရောက်၍။ သဒေဝကေ။နတ်နှင့်တကွသော။ လောကေ။လောက၌။ ဗုဒ္ဓေါ။ဘုရားသည်။ဟောဿံ။ဟောဿာမိ။ဖြစ်အံ့။

၁၇၄။ အဇ္ဇဉ္ဇလုံး။မိုးအဆုံး၌။ ပတ်ကုံးချင့်တွက်။ဘဝင်အလွန်။မကျန်ဤမျှ။ လွန်ရမဲ့အောင်။ ထွာတောင်လက်သစ်။ စစ်သော်နှိုက်နှဲ့း၊ မခဲ့းအံ့သို့။ မချိုပညာ။သိတွင်းနာသည်း။ အခြာချုပ်ချုပ်။သရုပ်လေးထပ်၊ပညပ်နှင့်သော်၊ငါးပါးကျော်သား။ခဲ့းသော်နက်စံ။ ငါ့ထွေသံကို။ မ ရှုံအရိုး။ ငါ့ကိုကိုးမှ။ သိကျိုးနားလည်။ မြင်ထောက်ရှည်သည်။ ခံတည် ထိုက်စွာ။ သာရိ ပုတ္တရာ။ ။မဟာသူမြတ်။ အားလုံးမှတ်လော့။ လျောက်ပတ် သိပ်သည်း။ ကိုယ်ချည်းကျင့်စောက်။ ဘုန်းအားမြောက်သည်။ ပွင့်ညှောက်သစ္စာ။ထိုရော်ငါကား။မြတ်ရာမြတ်ရာ။ ကြံတွင်းနာက။ ချမ်းသာညွှန်းစေ့။လွှေ့လွှေ့ရမြဲ။တန်းခိုးစွဲ၍။ဆကဲ့းစစ်စီး၊ရှာတုံပြီးသော်။ စွန့်ကြီးငါးဆူ။ အလျှုတို့တွင်။ ပေးခဲ့းအင် သည်။ သက်ရှင်ကိုယ်လုံး။ဆောက်နှင်းဆုံးမှ။သစ်တုံးပညပ်။ဝပ်သည်မြေနှိုက်။ထိုအကြိုက်တွင်။နှစ်ခြိုက်ဆွတ်ဆွတ်။ မနောဓာတ်ဖြင့်။ ပြတ်ပြတ်ကြောင်းခြာ။ လေးပင်ရာကို။ဓာနာကိုယ်ဘို့။ကြံနှစ်လို့သည်။ ။ဤသို့စိလျှည်လျှည်တည်း။

၁၇၅။ ခပ်သိမ်းအများ။မှတ်သားလောက်အောင်။ပွဲကြီး

ဘောင်ဝယ်။ရေလောင်နွံကြီး။ဤခရီးကို။ခြေနှီးတဆူ။ခင်းတုံးမှုလျက်။အလှူကုသိုလ်။တောက်တပိုတွင်။ကိုယ်နှင့်အသက်။ အစုံဘက်ကို။ရက်ရက်မတာ။စွန့်သည်ငါကား။ ပမာနည်းခင်း။ထန်းညှောက်ရင်းကို။ရှိန်ပြင်းကျသန်။လောင်းမီးမှန်သို့။မကျန်ထိုထို။အကုသိုလ်ဟု။ကိုယ်အန္တရာယ်။တန်ရှယ်ရိပစ်။အထဲးဖြစ်သည်။အငြစ်ဥသျှ်။အလုံးစုံအား။တရားလေးသိး။မဂ်ရှိန်မီးဖြင့်။ အပြီးဖုတ်မြိုက်။လောင်တိုက်ရှင်ရှင်။လက်ငင်လျှင်လျှား။ ကျွတ်လိုငြားသော်။ပြုထွားစင်အံ့။ ။သည်တွင်ယခုစည်စည်တည်း။

၁၇၉။ လွယ်လင့်တကူ။ ကျွတ်ဆုယူ၍။ အလှူပေးကမ်း။ဝတ်စားသွမ်းလျက်။သွမ်းသပိတ်တည်း။အရင်းနည်းဖြင့်။ကိုယ်ချည်းတယောက်။ကူးလေမြောက်သော်။ မစောက်မခက်။ နက်ရာမမြော်။ကရော်ကမည်။ တေည်ငေ။ အညတရ။ မည်ကာမျှလျှင်။မျှားစွာမထင်။ သူ့အသွင်သို့။ ကျွတ်ချင်မရှူး။ မထူးမခြား။ငါ၏အားကား။ဘုရားရှင်ချစ်။ ရှင်တော်စစ်ဝယ်။ ခုခါရွယ်၍။စင်လွယ်အပြု။ ပွင့်ဆုယူသည်။ဘယ်သူအံ့နည်း။တဖြည်းဖြည်းလျှင်သိမ်းဆည်း၍မျှ။ မျိုးတည်းစ၍။ ချက်ကျ ပြီးဆု။ သဗ္ဗညုသို့။ရောက်မှပွင့်လင်း။ တရားမင်းဟု။ ကျော်ထင်းလူနတ်။ အမှတ်တည်တည်။ဖြစ်အောင်ရည်အံ့။ ။ဤသည်ကောင်းမှုရှည်ရှည်တည်း။

(ဃ) ကိံမေကေန တိဏ္ဏေန။ပုရိသေန ထာမ ဒဿိနာ။သဗ္ဗညု တံပါပုဏိတွာ။သန္တာရေဿံသဒေဝကံ။

ပုရိသေန ပုရိသသည်။ ယောကျ်ားတယောက်ဖြစ်၍ ဖြစ်ထသော။ထာမဒဿိနာ။မိမိ၏အစွမ်းကိုမြင်ပြီးထသော။ မေ မမ။ငါ့အား။ ဧကေန။ တယောက် အထီးတည်း။ တိဏ္ဏေန။ ဝဋ်ဆင်းရဲတည်းဟူသော ရေအယည်မှ ကူးသဖြင့်။ ကိံ ပသာဇနံ။အဘယ်အကျိုးရှိအံ့နည်း။အဟံ။ငါသည်။ သဗ္ဗညုတံ။သို့။ပါပုဏိတွာ။ ရောက်၍။ သဒေဝကံ။ နတ်နှင့် တကွသော။လောကံ။ ဝေဏေယျ သတ္တဝါအပေါင်းကို။ သံသာ

ရသောတတော။ သံသရာ တည်းဟူသော ပင်လယ်ရေအ
ယဉ်မှ။ဥဒ္ဒရိတ္ဒာ။ထုတ်တင်၍။နိဗ္ဗာနထလံ။နိဗ္ဗာန်တည်းဟူ
သောကြည်းထက်သို့။သန္တာရေသိ။ကယ်တင်ပေအံ့။

၁၇၇။ ပန္နက်ဆုကြီး။ငါ့အသီးဖြင့်။ အပြီးရှေ့တည်။ နေ့ခံ
လည်မတွေး။ တရေးတကိုး။ တဆုံးတခွင့်။ အကြိုက်သင့်သော်။
ကိုယ်ဖြင့် ရင်းချာ။ သူ့ချမ်းသာကို။ ပြုဌာတတ်ကုံ။ ပြီးအောင်
တုံလျက်။ ကိုယ်လုံ ဆန်းသာ။ ကျွတ်လှည့်ပါသော်။ များစွာငါ
အား။စွမ်းပကားသည်။ ။ယောကျ်ားမဟုတ်၏သို့တည်း။

၁၇၈။ အမြိုက်ဖွန်းဖြို။ ပြည်နရိရ်သို့။မအိုမသေ။ ပူလေမ
သိန်း။မဖိန်းနာရှိန်း။ဖိဝိတိန်လည်း။ ညှိုးပိန်မကြို။ လူသုံးရုံကို။များ
ပုံရဆောင်း။ ကယ်နိုင်ကောင်းလျက်။ ဆုတောင်းပစ္စည်း။ အလို
နည်းဖြင့်။ ကျော့ကျည်း ရှေးဦး။ ကိုယ်ချည်းကူးသော်။ အထူး
တိုင်တိုင်။ကျေးဇူးဆိုင်သား။မနိုင်စသာ။ ပျင်းစွာလက်ချ။ လုံ့လ
ကြီးစား။မပြည့်ငြား၍။ ။ခွန်အားမထုတ်၏သို့တည်း။

၁၇၉။ ခွက်ဝိမ်းညွန့်လန်း။ရေသဖန်းခွဲ။လိုပန်းကြီးစွာ။အ
ပွင့်ရှာလည်း။ရဌာခဲ၏။တောင်လဲးမရော။ မည်းနက်ကျောသည်
သဘောတရိုး။ ကျိုးနက်မျိုးတွင်။ ညာနိုးတဆူ။ တောင်ဖြူရကြို။
ရှာလှည့်တုံလည်း။ လူ့ဘုံမမြော်။ မြင်ခဲးလှော်၏။ နှစ်ဘော်ထို့
ထက်။ ဆယ်ဆထက်လျှင်။ ခက်၏ရမှ။ ဘုရားဆုဟု။ ပြုသည့်
ပမာ။လူ့တံထွာကို။ကြိကာလအံ့။မတိုးဝံ့၍။ ။ငံ့တုံ့နောက်
ဆုတ်၏သို့တည်း။

၁၈၀။ ထိုကြောင့်ရကား။ ယောကျ်ားဟုတ်ဟုတ်။ အရ
ကုတ်လျက်။အားထုတ်ခွန့်ရဲ။ ဇောက်နဲစွဲးသော်။ဖြင်ပြိုးနှံ့စပ်။ အ
ရပ်အပေါင်း။ တသောင်းစကြဝဠာ။အရာပတ်ကုံး။စဆုံးထက်
တိုက်။ဆုရိုက်ပုံဖြီး။မြေကြီးထိပ်ဖျား။ခြေချည်သွား၍။လက်နား
ထုတ်ချောက်။ တိုင်လေမြောက်အောင်။ရောက်စက်နိုင်ကျိုး။မစိုး
ချမ်းသာ။ထိုဘက်မှာလျှင်။သမ္မာသမ္ဗုဒ္ဓ။အဟုတ်စေ့ရုံ။ ပညာပုံ
ဟု။ရကြုံထွေငေါ်။ ညွန်ကြားသော်လည်း။ တွေးခေါ်ရှောင်လွှဲး။

မဖဲးစသာ။သွားခါသမြို။ မတွန့်တို့သည့်။ ငါသို့သူသည်။ လူအရည်လျက်။အရှည်ပွါးစီး။ ကြံ့ပြီးမထောင်။ ကုံအောင် လူအား။ သနားမဲ့မှု။ယခုကိုယ်လွတ်။ သုံးပါးဝန်မှ။ ထွက်ခတ်လွန်ကျူး။ ငါ့ချည်းကူးသော်။ ကျေးဇူးနက်နိုး။ အကျိုးအဘယ်။ များကျယ်အံ့နည်း။ငါ့ချည်းကိုးစွမ်း။ ကြောင်းလမ်းဖိုင်ဖိုင်။ ထွင်ပြီး နိုင်မှ။ တိုင်တိုင်ဘုံယည်။သဗ္ဗညည်သို့။ ရောက်ယှည်တကွ။ ထိုမျှဆွေရုံ။လူသုံးဘုံကို။ ချမ်းလုံစေ့ဌာ။ ကယ်ပေးပါ၍။ပြည်သာရောက်ကြောင်း။ငါကယ်ကောင်း၏။ အပေါင်းများစွာ။ သတ္တဝါကို။ ။ မှန်စွာကယ်ပေလတံ့နည်း။

ဗုဒ္ဓဘာဝတ္တပတ္တိခန်းပိုဒ်ရေ ၇ ပြီး၏။

---

၂၃။ သုမေဓါတာပသအဓိကာရခန်း။

(ဃ) ဋ္ဌမိနာမေအဓိကာရေန။ ကတေနပုရိသုတ္တမေ။ သဗ္ဗညုတံပါပုဏိတွာ။တာရေမိဇနတံဗဟုံ။ ။သံသာရသောတံဆိန္ဒိတွာ။ဝိဒ္ဓံသေတွာ တယောဘဝေ။ ဓမ္မနာဝံသမာရုယှ၊သန္တာရေဿံသဒေဝကံ။

ပုရိသုတ္တမေ။ယောက်ျားတကာတို့ထက်မြတ်သော။ မေမယာ။ငါသည်။ဋ္ဌဝ။ ဤဒိပင်္ကရာဘုရားအထံ၌။ ကတေန။ ပြုအပ်သော။ဋ္ဌမိနာ.အဓိကာရေန။ ဤသို့အသက်ကိုစွန့်၍ ညွှန်ပျောင်း၌ အိပ်ခြင်းတည်းဟူသော ထူးသော အမှုအရာဖြင့်။ သဗ္ဗညုတံ၊သဗ္ဗညုတဉာဏ်သို့။ ပါပုဏိတွာ။ ရောက်၍။ ဗဟုံ။များစွာသော။ဇနတံ။ လူအပေါင်းကို။ သံ.သာရသောတတော၊ သံသရာတည်း ဟူသော ပင်လယ် ရေ အယဉ်မှ။ ဆိန္ဒိတွာ။ ဖြတ်၍။ တယောဘဝေ။ ဘဝသုံးပါးတို့ကို။ ဝိဒ္ဓံသေတွာ။ဖျက်ဆီး၍။ ဓမ္မနာဝံ။ လောကုတ္တရာ တရားတည်းဟူသောလှေသဘော်ာထက်သို့။ သမာရုယှ၊ ကောင်းစွာတက်

စီး၍။သဒ္ဒေဝကံ။ နတ်နှင့်တကွသော။ လောကံ။ လူကို။ သံ
သာရသော တတော။ သံသရာတည်းဟူသော ပင်လယ်ရေ
အယည်မှ။ဥဒ္ဓရိတွာ။ ထုတ်၍။နိဗ္ဗာနထလံ။ နိဗ္ဗာန်တည်းဟူ
သောကြည်းထက်သို့။သန္တာရေသိ။ကယ်တင်ပေအံ့။ဇာတိ။
ဤသို့။စေတသော။စိတ်၏၊ ပရိဝိတက္ကော။ အကြံသည်။ အာ
သိ။ဖြစ်ပြီး။

၁၀၁။ နှိုင်းရှားအံ့လောက်။ စေ့ရောင်တောက်ကား။ မခေါက်မရက်။မြေတွင်လျက်တည့်။ရွှေစက်ခြေမြိုက်။မချထိုက်ရှင့်။ညွှန်နိုက်သော်ကား။မြတ်စောဖျားနှင့်။မရှားမရှာ၊ ဝေးလံစွာဟု။ဓာနာမြဲးမြဲ့။သောတန်းခံ၍။ ထုံးစံဖြစ်လောက်။ ပွဲကြီးမှောက်တွင်။ချှောက်စိမ့်သရော်။ညွှန်ပေါ်အလျှား။သစ်ပျဉ်ပြားသို့။တံတားကျောက်ဆစ်။ ပစ်သည်အမူ။ ငါ့အလှူနှယ်။ ဤပွဲးလယ်၌။ ကြီးငယ်မိုလ်ထု။ ပြိုင်ဆွယ်ပြုသော်။တူမှုခဲခက်။ညွှန်စီးထက်၌။ ငါ့ထက်ဘယ်သူ။နှလုံးပြူ၍။ ။အင်တူသွေးပါလတံ့နည်း။

၁၀၂။ ယောကျ်ားဖြစ်ငြွေ။ကျေးဇူးလွှေ့သား။ ရသေ့အသွင်။ ဈာန်နှင့်ပင်လျှင်။ ချိတ်ငင်မဲ့ပဲ။ရှင်တော်ပွဲးဝယ်။ ဝံ့ရဲးစွန့်ရက်။စိတ်ထက်ထက်လျှင်။အသက်မချစ်။မြေတွင်နစ်၍။ ကျော်ဆစ်စင်းစင်း။ တံတားခင်းသည်။ကုန်ရင်း အနည်း။ ဤမျှတည်းလျက်။အချည်းမမဲ့။ သုံးဆောင်ပြု၍။ နိုင်းရှဲ့ဟန်ပန်။ ပမာထွန်သော်။ရောင်ဝန်ဘဏ္ဍာ။နှစ်ပါးလီ၍။ မဓိကန္။ကိုယ်တရမျှ။ နစ်လုဆောဆော။ လှေပိန်းကောနှင့်။သဘော်သခင်။ ကုန်များရှင်တို့။ငါ့တွင်ဥစ္စာ။ပြည့်တံပါ၏။ ဆိုက်လှာငါသို့။သဘော်တို့ဟု။ ထက်ဆို့လုံးရုံ။ဝယ်ရကြိုသည်။လူ့ဘုံမယွင်း။ဤနည်းခင်းသို့။နင်းအံ့လုလု။ သမ္ဗုဒ္ဓလည်း။ ဘိက္ခုသင်္ဃာ။ ရဟန္တာနှင့်။ ရောက်လာတိုက်တိုက်။ငါသို့ဆိုက်က။ အမြိုက်ပိုင်သ။ ကျေးဇူးမကို။အရယုံမိ။မြတ်တေထိမျှ။ပီတိဖရဏာ။ ငါ့သဒ္ဓါနှင့်။မြတ်ရာရမ်းရမ်း။ ဆုကြီးလှမ်းသည်။ ။ချစ်ဝမ်းဖြောင့်ကြည်ညို၏တည်း။

၁၀၃။ ပင်ပျိုမြင့်ရှည်။မြေခွဲတည်က။ ပင်စည်အများ။နှစ်

လွန်ပွါးသို့၊တရားစင်ပြု။ငါ့အလှူလျှင်။မယူမိစည်။တဖန်ဖျည်၍။ ပညည်ရှေးရှေး။ တထွေးထွေးသော်။ ဗိုလ်လှေးတို့အား။သနား လှမိ။အကြံရှိ၍။နောက်ပြို့သောခါ။ ကာယ်ပိမ့်ဌာဟု။တွယ်တာတ ကြွမ်။ညွှန်ဋ္ဌစိမ်လျှက်။ ကျွတ်ချိန်တတန်။ငါ့ပို့လွန်၍။နှောင်းကျန် တွေးခေါ်။မြတ်ရာမြော်လျှက်။ ထိုရော်ငါ့အား။ဤဘုရားတွင်။စိုး ပွါးရွယ်ရွယ်။ကိုယ်ကုန်သွယ်လျှက်။လူဝယ်မည်သူ။မမှုဘူးမြဲ။ စွန့်ရခဲ၏။ ရင်းကဲ့ဖြိုးဖြိုး။ပွါးတံပိုးဖြင့်။ ရိုးရိုးယုံလှ။ သက်စွန့်ရ သည်။ဤမျှကြည်ညို။ ငါ့ကုသိုလ်ကြောင့်။ မဂ်ဖိုလ်နိဗ္ဗာန်။ စိုးပြီး ထွန်မှ။ မကျန်ပြောထူ။ သုံးပါးလူကို။ ။ဆယ်ယူကယ်ရလို ၏တည်း။

၁၈၄။ ကမ္ဘာသချေ်။ဆက်လွန်ရေသည်။မကျေဂဏန်း။ မွှမ်းမန်းမထင်။ စမမြင်သည်။ မျှားဖြင် ရှေးခါ။ သံသရာက။ ယ ခေါင်မျှလည်း။ မရငြိမ်သက်။ရိုက်ရမွက်ကို။ သိဘက်ဆန်မှုန်။ ကြမ္မာဟုန်ဖြင့်။ ဖါးခုန်ဖါးဆင်း။တဖျင်းယွင်းလျှက်။ ထုတ်ချင်း ဘဝင်။အောက်နရက်ဟု။နှစ်ဘက်လက်နား။ ပိုင်းခြားတသွယ်။ ဘုံသုံးဆယ်ဌ။ ကြီးငယ် မည်ပြား။ အလားလားလျှင်။ မုံမွားအ သစ်။ပေါ်လစ်တုံတုံ၊ ဖြစ်ကြိုက်ဆုံက။ တပုံခံရ။အိုခြင်းစသည့်။ ဒုက္ခအပေါင်း။အသည်းထောင်းမျှ။ ကျည်းမြောင်းဦးလေး။ချုံသို့ မွှေးသည့်။ ။ဗိုလ်လှေးဥဒါဟို၏တည်း။

၁၈၅။ ထိုသို့ဗိုလ်လှေး။အောင့်စေးလျှက်ပင်။ အသက်ရှင် ၍။မြင်သားဆင်းရဲ။ရေယည်ဝဲသို့၊ကျလွဲပြုန်းထိုး။ရေတပိုးသို့။ နာမျိုးမွှေနှောက်။အပေါက်ပေါက်လျှင်။ ထိုးဖေါက်အကြား။ရေ ကြိုစား၍။ ငပ်ငါးစပ်အင်း။ ပျဉ့်ကင်းမတူ။ သဘောဟူသော်။ ဗိုလ်လူသတ္တဝါ။ ကိုယ်ခန္ဓာလည်း။ဗလဝါမှတ်။ ယည်ထုတ်စိုး မှုန်။ ရေအဟုန်ဖြင့်။ ပျက်တုံသည်ချဉ်း။ အပည်းပည်းတိ။ ရှေး တည်း နောက်တွ။ ဆယ်ကြမမှု။ မည်သူမျက်စိ။ မမြင်မိတည့်။ အချိဝန္တံ။ငါသာခံလျှက်။မကြံထောင်းအောင်။ ကြံကြိုးထောင်၏။ နေ့ခံနှောင်သောခါ။ ထိုရော်ငါတုံ။လိုရာလည်းရော်။ ပြီးစီးမြော်

သော်။မျက်မှော်ချမ်းသာ။စံခါမနေ။တရေးလှော်ဖြင့်။ ရှာသွေပတ်ညက်။ရိုက်ရန်မက်ဟု။ လွှဲးခက်ရေယည်။ သံယောဇဉ်ကို။တလျှည့်ထွက်ခတ်။ ကြောလယ်ဖြတ်၍။ မတ်မတ်ရည်ကူး။တော်သုံးဦး၌။အမှူးသုံးဆူ။ကြမ္မာဟူသါး။ပြောထူတံရုံး။ကျွန်းထင်းတုံးကို။အလုံးပုတ်ချိုး။ လှော်ဟုန်ထိုးလျှက်။ လူမျိုးပုံယည်။လှော်ပြည့်တင်၍။ သသ်ရာကျယ်။ မြစ်ပင်လယ်မှ။ ဆယ်ကယ် အားသွန်။ပြည်နိဗ္ဗာန်သို့။ ။မကျန်ပို့ရလို၏တည်း။

သုမေဓတာပသအဓိကာရခန်းပိုဒ်ရေ ၅ ပြီး၏။

## ၂၄။ နိဂမနခန်း။

၁၀၆။ မြတ်စွာဘုရား။ မိန့်ခဲ့ကြားသား။ငါးပါးမျှလောက်ကျွတ်ချိန် ထောက်၍။ နှစ်ယောက်ရိုက်ရော။ ရဟန္တာခေတ်။ လွန်သည်ဖြစ်သည်း။ကြွင်းလစ်နောက်နောင်။ နှစ်သုံးထောင်တွင်။စေ့အောင်ဝေဘန်။သုံးကြိမ်ချန်လျှက်၊နိဗ္ဗာန်အတိတ်။ မဆိတ်မညံ့။နာဂံတခါ။ သကဒါနှင့်။ သောတာပန္န။ အကျွတ်ရသား။များစွာဖွေးဖျား။ မလွန်စားတည့်။ ဘုရားကိုယ်ထင်။ မမြင်ရသည်။တမည်သာမြို့။အင်မချိုသည်။ ။ဤသို့သာသနာ့တော်တည်း။

၁၀၇။ သာသနာတော်။ ကြိုက်ခဲးလှော်၍။ မြတ်ဘော် ဝင်ဝင်။ဖြစ်စေချင်၍။ လေးအင်ရာသီ။ သင်္ဂဏိက။ ဝိဘင်းစသား။ကျမ်းမခုနစ်ထပ်။ နိုဘိုးဆပ်နှင့်။မအပ်မရော။ ဆုံးမစာလည်း။ပါရာ ဇိကာဏ်။ သီလက္ခန်က။ သုတ္တန် ကျမ်းပေါင်း။ ဆယ်ကြိမ်လောင်း၍။ ရှစ်သောင်းလေးထောင်။ စေ့အောင်ဝေဘန်။ ဓမ္မခန်ကို။ နှောင်းကျန်လူများ။ ငါလွန်ငြားသော်။ ဖတ်ကြားပေက။ငါဆုံးမသို့။နာကြကုန်ရစ်။စင်စင်စစ်ဟု။ရှင်ချစ်ဘုရား။စေါင့်ကြပ်ထားသည်။ ။ကိုယ်စားအန္တိုးအဆော်တည်း။

၁၀၈။ ကိုယ်စားနိုးဆော်။ဤသို့ကျော်သား။ ကြိုက်တော်

ခဲးစွာ။ သာသနာတွင်။ သူငါငတ္တို။ ဖြစ်ရဘို့ဖြင့်။ မချိုအဂ်ါ။လှူ
ပြည်လာ၏။ခန္ဓာကောင်းပင်။သည်တွင်တဖန်။ ဤသဏ္ဍာန်ကား။
ရန်ဆန်ဘဝ။မဆွဲရှေးဦး။ဆုတောင်းဘူး၍။ကျေးဇူးရပုံ။ တချက်
ကုံလျှင်။ ကြိုက်တုံလာထွန်။ဆယ်ဆာမွန်၏။ ။နှောင်းကျန်ထို
ဘုန်းသင့်ကျော်တည်း။

၁၈၉။ ဘုန်းသင့်အကျော်။ သူတော်တို့အား။ ဤတရား
ကို။စီးပွါးရှေးရှေး။သာရပေးလျက်။တောင်ဝေးရပ်မှာ။ ကျောင်း
သာဖန်ဆန်း။ ရဟန်းဆောက်ဦ။ ပေးလှူသိုထား။ သိမ်းပကား
သည်။ သိကြွားဆရာ။ သုမေဓာကို။ ပမာ ပိုးစည်း။ နှုန်းထွင်း
လျည်း၏။ စိတ်မျည်း တွေးခေါ်။ ကြံစိမ့်သော်သား။ မိန့်တော်
လက်ာ။ကျမ်းများမှာဖြင့်။ညီစွာနိဒါန်း။အသစ်ထွန်းသည်။ကျမ်း
ဆန်းစာဆောင်။ မြိုက်လက်ဆောင်ကား။ ဆုံးအောင်သာသနာ။
လူတို့ရှာ၍။ပညာရှိများ။စည်တလျှားတည့်။ မှတ်သားကြလျက်။
အဆက်ဆက်လျှင်။ ။မပျက်သုံးစွဲးတည်စေသောဝ်။

၁၉၀။ အောင်မြိုက်မှန်ကူ။သုံးရပ်လူတွင်။မည်သူဆွယ်ပြိုင်။
စေဘုန်းခိုင်၏။ချက်တိုင်သံတော်။ဂါထာကျော်ကို။ဖွဲ့သော်နက်
စံ။မကြံချေပဲ။ နားဝင်ခဲးဟု။ စိတ်ရဲးသဒ္ဒါ။ပညာမလင်း။ လူပြိန်း
ဖျင်းအား။ဖြောင့်စင်းလွယ်ကူ။မှတ်စိမ့်ယူ၍။ တုံချုလည့်းကောင်း
ရှေးစာဟောင်းကို။နှောက်နှောင်းလူများ။ ပညာပွားတို့။ နားမနာ
သီး။ဆေးနှယ်ညီး၍။ဖွဲ့းချီးအမြိုက်။ နှုတ်လှယ်တိုက်သဉ္ဇ။အရိုက်
ရဝေး။ဆင်းရဲးဘေးကို။ ။ငြိမ်းဆေးဤဇာပယ်စေသော။

နိဂမနခန်းပိုဒ်ရေ ၅ ပြီး၏။

ဤတွင်ရွှေဆုတောင်းခန်းပြီး၏။

———

စမ္မကပုမ္ဗိယမထေရ်သည်။ ဖုဿမြတ်စွာဘုရားဖြစ်တော်မူခါ။ ပုဏ္ဏားအမျိုး၌ဖြစ်၍၊ ဗေဒင်တို့ကိုတတ်ပြီးသော်။ ထိုဗေဒင်၌။ အကျိုးမရှိသောအဖြစ်ကိုသိ၍၊ အိမ်ရာထောင်ခြင်းကိုပယ်၍။ ရသေ့ရဟန်းပြု၍။ တော၌နေသော်။ ဝေဿဘူ မြတ်စွာဘုရားကို ရည်မှတ်၍။ တပည့်တို့နှင်းဆောင်ခဲ့ကုန်သော။ စကားပန်းတို့ကို ပူဇော်၏။ မြတ်စွာဘုရားလည်း၊ ပန်းအနူ မောနာ ပြုတော်မူ၏။ စကားပန်း လှူသောကောင်းမှုကြောင့်။ အသက်အတိုင်း နေ၍။ စုတေသော်။ လူနတ်တို့ စည်းစိမ်ကိုခံစံပြီး၍။ ငါတို့မြတ်စွာဘုရားဖြစ်တော်မူသောအခါ။ မြတ်သောအမျိုး၌ဖြစ်၍။ မြတ်စွာဘုရားအထံ၌။ ရဟန်းပြုလျှင်၊ မကြာမီရဟန္တာအဖြစ်သို့ရောက်၏။ ။ စမ္မကပုပ္ဖိယထေရ်ဝတ္ထု။

## စာကြည့်ရှုသူမိတ်ဆွေတို့စည်းစားဆင်ခြင်ရန်။

ကျွန်ုပ်စာပြင်ဆရာမောင်တိုင်းသည်။ ရန်ကုန်မြို့ဟံသာဝတီ စာပုံနှိပ်တိုက် အကြီးအကြပ်၏ အမိန့် အရ။ ဤဆုတောင်းခန်း လက်ာကိုပြုပြင်လုပ်ကိုင်ရာ။ စာမူ ၃ စောင်ကိုကြည့်ရှု ပြင်ဆင် လုပ်ကိုင်ခြင်းကိုပြုပါသည်။ သို့ရာတွင် ထိုမူတို့၌ အချို့ စာမှာ လက်ာစကား။ အဓိပ္ပါယ်မျှစုံလင်စွာမပါ။ စုံလင်စွာပါသောအရာတို့၌ လည်း။ တစောင်နှင့် တစောင်များစွာ ကွဲးလွဲးလျက်ရှိချေသဖြင့်။ မသင့်ရာကိုပယ်၊ သင့်ရာကိုရွေးချယ်၍ထည့်သွင်းပြီးလျှင် ပုံနှိပ် လုပ်ဆောင်ခြင်းကို ပြုပါသည်။ နောင်မူကွဲတစောင်ကို တွေ့၍ မတူရှိခဲ့လျှင်မှားလေသည်ဟု ဇွေးဦးစွာ ပြစ်တင်ခြင်းကိုမပြုဘဲး မှါးသင့်မမှားသင့်။ မှန်မမှန်ကိုဥာဏ်အလျှော်ရွေးကော်ဝေဘန်၍ ကြည့်ရှုကြပါကုန်။

သာသနာရောင်၊ လတန်ဆောင်ကဲ့သို့၊ ပြောင်ပြောင်ဝင်းဝါ၊

ထွန်းလင်းဖြာလှသော၊ ရတနာပူရ၊ အဝ ရွှေမြို့တော်ကြီး

တွင်၊ ခြားသီးတွက်စစ်၍၊ သက္ကရာဇ် ၉၀၄ ခု၌၊

ပိဋကတ္တယပိနယာဓရ၊ ဂဏာစရိယ၊ ဂ

ဏာပါမောက္ခဖြစ်တော်မူသော

ရှင်အဂ္ဂသမာဓိ

မထေရ်သည်၊ စီစဉ်ရေးသားတော်မူအပ်သော

# နေမိဘုံခန်းပျို့

ကို

ကျွန်ုပ်တို့ဟံသာဝတီတိုက်က၊ ၁၂၅၆ ခု နယုန်လအာ

တွင်း၊ သိုက်မြိုက်စွာပုံနှိပ်လုပ်ဆောင်ပါသည်။

ရန်ကုန်မြို့၊

ဟံသာဝတီစာပုံနှိပ်တိုက်။

## နေမိဘုံခန်းပျို။

## နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

### ၁။ ဗိုရဏီဘုံခန်း။

ဧဝမ္ဗုပန ဝတွာ မာတလိ ပုန ဒေဝလောကာဘိမုခံ ရထံ ပေသေသိ။ ရာဇာ ဒေဝလောကံ ဂစ္ဆန္တော။ ဒွါဒသယောဇနိကံ မဏိမယံပဗ္ဗရပိကံ သဗ္ဗာလင်္ကာရပဋိပဏ္ဍိတံ ဥယျာနံပေါက္ခရဏီသမ္ပန္နံ။ လ။ သဂ္ဂပဏ္ဍာဝိမာနေ။

၁။ သကျာဝတ။ ကုမာရဟု။ သြဇာသာကြည်။ နှုတ်မွန်ရည်ကြောင့်။ ပင်စည် ညွှန့်ညှောက်။ မင်းရိုးပေါက်လည်း။ လွှဲဘောက်မထင်။ ရာဇဝင်ဖြင့်။ ဥကင်မြင့်ခေါင်။ ထက်ဝန်းဆောင်က။ ရန်ဘောင်တျင်းတျင်း။ ပယ်လှစ်ခွင်းသို့။ သတင်းတောက်ထိန်။ ဘုန်းတော်ရှိန်ကို။ ဖိဝိငြွေ။ အသေလတ်လတ်။ တောင်ပာုန်ခတ်၍။ ရွတ်ရွတ်ချိပြေး။ တစ်တစ်လွေးလျက်။ အသွေးမျိုသောက်စွန်ကိုကြောက်သား။ တောင်ရောက်နူနယ်။ ကြက်သငယ်သို့။ ပေါယယ်လန့်ပိုး။ ကြောက်ရွံ့ညှိုးတည့်။ တန်းခိုးပြက်တက်။ မြေအက်အက်မျှ။ ထိပ်ထက်ဦးကင်း။ ထိန့်ထိန့်နင်းသို့။ ထန်ပြင်းကြေညာ။ ကျွန်းမျက်နှာထက်။ မဟာဗောဓိ။ တုမရှိသား။ နေမိမင်းတဲ့။ စောရန်ဘဲ့ကို။ ငဲ့ပြည်ရွာ။ နောက်လှည့်ခွါလျက်။ အာကာမြင့်ချိန်။ တာဝတိန်သို့။ စမြန်မပြေ။ ရောက်ပစေဟု။ ဝေဇယန္တာ။ ခေါ်မည်သာသား။ မျက်မြွာစိမြောင်။ ရထားဆောင်နှင့်။ တထောင်ပြည့်နေ။ သိန္ဓောခြေလည်း။ လေမတူပဲ။ တိမ်ကိုခွဲလျက်။ ဝမ်းထဲကြည်မွမ်း။ ပျားရည်ဆမ်းသို့။ ချစ်ကျွမ်းဝင်ဘိ။ မာတလိလျှင်။

တစိနတ်ပြည်။ တင်လေသည်ကား။ ခါလည်းလုလု။ ရတုသစ်သစ်။ သရစ်ပေါ်ပေါ်။ သာပျော်ရွှန်းရွှန်း။ ကိန်းခန်းသင့်မော။ ရွက်ရင့်ဈေ့ာ၍။ ရွက်ကျော့နုလန်။ ရွက်သစ်ပြန်တည့်။ ပန်းမန်ငုံကင်း။ သုတ်လေညှင်းနှင့်။ မြေသင်းနံ့နံ့။ တပျံ့ဖြူးဖြူး။ မင်းလွင်မြူးလျက်။ တန်ခူးလည်းကုန်။ လကဆုန်သည်။ ။ပဝ္ဗုန်ရိုက်မြည်ချုန်းချုန်းတည်း။

၂။ မိုးယံပြင်ထွက်ပြူ။ ရင့်ရှုရှုတည့်။ ရှုရှုမြိမ်းမဲ့။ လျှပ်ခြည်ကြဲးလျက်။ တိမ်ခဲးလုံးပြောက်၊ မိုးရည် ပေါက်ဖြင့်။ မြစ်ချောက်ကိုင်းကျွန်း။ သဲပြင် ထွန်းလည်း။ ထက်ဝန်းရွှမ်းရွှမ်း။ အာဘော်လွှမ်းလျက်။ ကမ်းလည်းငုံထွေး။ရက်ပြေးသဲသဲ။ ဝဲတိလိုက်ထိုး။တမိုးပစ်ယွှား။ရေသားပြုန်းပွက်။ကဆုန်ရက်ကား၊ နံ့မြက်ရှားရှား။ စကားပွင့်မွှေး။ လှိုင်ကြူငွေလျက်။ နိုးဝေးတုံလှာ။ ရဂုံမှာလည်း။ လေညာကောင်းကင်။ လွှင့်လိုက်တင်လျက်။ နတ်ရှင်မင်းကျော်။ သွားပြည့်ပျော်၍။ ရွှေတော်မျက်မြင်။ မိုးဝပြင်ဝယ်၊ တုရင်ကမောင်း။ မွန်ခေါင်းစုလစ်။ သရစ် သွန်းသွန်း။ ထက်ဝန်းပြုံ့ပြုံ့။ကောင်းကင်နွဲ့မှု။ တဆဲ့နှစ်ယူဇနာ။ အခန့်တာလျက်။ ကျယ်စွာနံလျား။ တကျွန်းအားသို့။ ပတ္တမြား စိမ်ခြောင့်။ ခြသော့စောင့်သား။ ရှစ်ထောင့်ချိမြင့်။ကျည်းရွက်ဖွင့်လျက်။ ငါးဆင့်ဘုံမွန်။ရွှေဗိမာန်နှင့်။ရွယ်တန်မကြီး။ ညီးရရီးသား။ နတ်သို့တထောင်။ခြေရံဆောင်လျက်။ကုန်အောင်ထွန်းနိုင်။ ရွှေပွတ်တိုင်က။ပွင့်ဆိုင်ကြာပြန်။ရွှေသလွန်ထက်။ ဇေသန်တူရူ။ လေညှင်းယူလျက်။ ရွှင်မူ ပြုံးပြုံး။ မျက်လုံးမျက်ခွက်။ လရောင်စက်သို့။ နားရွက်ဖြန့်ကား။ညွှန့်ညွှန့်ထွားမှု။ မေးပါးသွယ်သပ်။ အာစပ်ဝင်းရွှေ။ ချေလည်းမပျောက်။ ကြန်လျှောက်နှာရောင်။ မျက်တောင်ကော့ဖြူး။ နဖူးပြင်လှ။ ရင်ဝလည်းမောက်။ ဘိတ်ဘိတ်တောက်မှု။ပြောက်ပြောက်စွန်းစွန်း။ ဆေးထင်းပန်းသို့။ လက်သန်းလက်ချောင်း။ရိုးပျောင်းနုနု။ပိစ္စာထုလည်း။ရုပ်တုမရ။မြဲမြဲဝါဝါ။ သပြာသွယ်သွယ်။ဘေါ်မျှားလယ်တွင်။တင့်တယ်ဆင်းစံ။ထွန်းဝင်းလျှံမှု

ငယ်သံတွတ်တွတ်။ရလည်းလွှတ်လျက်။ရုပ်ဓာတ်ပုံညီ။ ဗိရဏီ
ဟု။ချီချီချချ။ခေါ်ဆိုကြသား။စံပလျစ်လျူ။မိုးနတ်သူလျှောင်။ရွက်ဖြူ
မိုးဖြန့်။တန်းခိုးဒှန့်လျက်။ဗိမာန့်အလုံး။ရွှင်ပြုံးပျော်မွေ့။ တနေ့တ
ကွဲ။ရင့်ကန္တားတည့်။ ဖုဲးတချီးချီး။ ပဒ္ဒင်တီးလျက်။ ဝေးနီးကြား
ထင်။ပျော်စံရွှင်သည်။ ။ထွက်ဝင်မြွောက်စည်ပြုန်းပြုန်းတည်း။
၃။ အဖြာဖြာလျှင်၊ ကလျာရှုကြည့်။ ဖြိုးအင်ပြည့်လျက်။
ရောင်ခြည့်အတိ။ဝင်းဝါငြိမ့်။ မဏိစိမ်။ရိုးတံချက်ချက်။ ညောင်
ရွက်သွင်သွင်။မြင်ကမူးမော်။ရွှင်မှုပျော်လည်း။ နာပျော်လှည့်အိ။
ချစ်သူ ချီလျက်။ သံပြိုသံပြိုင်။ ခွင့်ရေးကိုင်က။ အတိုင်အဘော်။
လှယ်ကာကော်တဲ့။လက်ထောက်ပြန့်လူး။ဇရင့်ကျူးလျက်။တ
လူးတလည်၊ ကောင်းကင်ပြည်တွင်။ ရွှေစည်ရွှေမောင်း။ရွှေညှင်း
စောင်းနှင့်၊ ညောင်းညောင်းညွန်းညွန်း။လူမင်းဘုန်းလည်း။ မနွန်း
လှည့်ထိုက်။ခရီးကြိုက်၍။ဆိုက်ခဲ့တရံ။ရထားပျံထက်။ လှစံမင်း
ခြေ။မြင်တုံလေသော်။ သပြေတမွတ်။ ကိုယ်လုံးညွှတ်မျှ။ ဆွတ်
ဆွတ်နှလုံး။ရွှင်ပျပြုံးလျက်။ချစ်ထုံးမြဲချည်။ မေတ္တာကြည်သား။
ကျင်လည်တစ်။မာတလိကို။ နေမိမင်းဖျား။ မေးလကြား၏။ တ
ရားနေမျိုး။ သတိုးနတ်ရှင်။ အိပ်မက်တွင်မျှ။ မထင်စဘူး။ ရှုးမှုး
လှည့်တုံ။ ငါးဆင့်ဘုံနှင့်။ မျက်ပုံချယ်မြောင်၊ တပြောင်ပြောင်
လျှင်။ သည်ဆောင်ရပ်ပြိုင်။ ကွန်းစဉ် ဆိုင်လျက်။ လိုင် လည်း
မြင့်ဖြူး။ နဘူးဆင်ဝင်။ မာရဘင်ထုပ် လျှောက်။ အပြောက်အ
ပြိန်း။ရည်ရှင်ကိန်းတည့်။ အသိန်းအသန်း။ ရွှေကြယ်မွန်းလျက်။
ကျယ်ဝန်းရန်ပြ။ကောင်းကင်ဝဝယ်။ရှင်မရိုးနတ်။ တန်းခိုးလွှတ်
လျက်။ ပြူဆွတ် ဆွဆွ။ ဝတ်စ ညွန့်ညွန့်။ သရက္ခန့်ရန့်။ သင်း
သင်းပျံ့မျှ။ နူညံ့လှပ်လှပ်။ ရင်အပ် တန်ဆာ။ လည်မှာ ခြူးပွင့်။
လူးကဆင့်သား။နုရင့်ရိုးခက်။ ပြိုးပြိုးပြက်တည့်။ ပြာညက်လဲ့
လဲ့။နွဲ့နွဲ့ နောင်းနောင်း။ နုံ့သာပျောင်းလည်း။ လှောင်းလှောင်း
အလွှန့်။တွန့်တွန့်ကြည်းကြည်း။ သပ်သပ်ချည်းမျှ။ ရလည်းကေ
သာ။မြရွက်ညှာသို့။သွယ်ပြာရစ်ပတ်။နဝရတ်တည့်။မျက်ခတ်စိ

တင်။ရည်ရှင်ရွှင်းရွှင်း။ဝင်းဝင်းထိတ်ထိတ်။သူ့စိတ်ငါ့စိတ်။ယို
ဘိတ်လှည့်စွာ၊မှါမှါပျှံ့ပျုး။မိန်းမူးခေါက်ချိုး။နတ်မယ်ပျိုးကြောင့်။
တန်းခိုးပြင်းသား။ငါမင်းကိုယ်ရည်။မရပ်တည့်မျှ။တီးမြည်ရိုက်ဆင့်
ကျေုူးရင့်လည်း၊ တို့ရှင့်ဘုန်းဖြိုး။ ရှုန်းရှုန်းတိုးမှ။ ကောင်းကျိုး
ကောင်းသူ။ကောင်းအင်တူက။ရည်ချုပစေ။သက်ဝေကြွင်ဘော်။
ပျော်ကြောင်းဖျော်လျက်။မြော်မိလှည့်ကျင်။ ရွယ်ငါးပြင်ဝယ်။တ
အင်မယုတ်၊ရွှေဖျော်ရတ်သို့။အဟုတ်လှကြွယ်၊မိစပယ်ကား။ ။
အဘယ်နတ်သွိုးတို့နည်း။

၄။ အခါန်းအဆန်း။ရွှေကျိုးရန်းနှင့်။မကန်းခံတွင်း။ခြသော့
နင်းမူ။ပြော်ကွင်းရေးချဲ။နွဲ့ရွဲ့တုံ။ကယ်ကဲ့ရောင်ထွေ။ ခြုးညွှန့်
ခွေလျက်။ရဝေစိုက်ထား။ရိုက်မှောင်တားလည်း။ဝန်းလျားနံညီ။
ပဉ္စမိဝယ်။ရူလီရူလာ။မသာရကလ်။ ကျောက်မွန်ခြခဲ။သန္တာဆွဲး
လျက်။ပုလဲးပျစ်ရှက်။ ပိတန်ကြက်လည်း။ အထက်ရောင်သွယ်
တဖြင်နွယ်လျှင်။ သာကျယ် ဝင်းဝင်း။ သလင်း ထောင် စိပ်။
ရွှေအိမ်အိပ်သား။ ချမ်းရိပ်စံနေ။ထောင်ရံရွှေ့လည်း။ သန္တေကျစ်
လစ်။ချစ်လည်းချစ်တုန်း။သွေးစုန်းမျက်မည်း။ခြည်းရရည်းလျှင်။ရ
လည်းငုံသစ်၊ကုန်သွယ်နစ်လျက်။သရစ်ရွှေညွန့်။ ကွန့်ရစ္စန့်တည့်။
စိတန့်မျက်ကောင်း။ရွှေနားခေါင်းလည်း။ရောင်မောင်းပြက်ပြက်။
ဘရက်သရဘူ။ ရွှေချုသင်တိုင်း။ ဘယ်နှင့်ခိုင်း၍။နိုင်းရှာပလိမ့်။
ဖြိမ့်ရရိမ့်မျှ။ ရွှေအိမ့် တင့်အပ်။ ရွှေဘုံတပ်သို့၊ ရံထပ်ချီးချယ်။
နတ်မိမယ်ကား။ အဘယ်ကောင်းမှု။ ပြုခဲ့ဘူးသား။ အထူး ဖြင့်
အါး။ကောါင်းကင်ဖျားဝယ်။ပျော်ပါးလှည့်ကျင်။နတ်သဘင်နှင့်။သို့
ပင်ကပ်ဆည်း။ ရှုဘွယ်ချည်းလျှင်။ငါလည်းနှစ်ထောင်း။သို့လည်း
ကောင်းတည့်။ခြောင်းခြောင်းဗွန်တောက်။ ဘုံသာပေါက်၍။ ရွှေ
မှောက်မိုးယံ။ကုသိုလ်ကံကြောင့်။စံပရလိ။ ထင်လဘိ၏။ မျက်စိ
မြော်ဆန့်။ရထားတန့်လျက်။ လန့်လန့်မြင်ချေ။ ကြက်သရေနှင့်။
မြုတေရွှမ်းရွှမ်း။ ကိုယ်ရောင်ကြွမ်းမှ၊ လျှမ်းလျှမ်းပြေးတက်။
လျှပ်ခြည်ထွက်သို့။ရံမက်လွန်ကြင်။ မျိုးမြတ်တွင်ကား။သည်လျှင်

တစံ့။ထွါးညွှံ့ညွှံ့ကို။နူ့ဖွံ့ပျို့ခိုက်။မင်းကိုယ်ဆိုက်၍။နှစ်ခြိုက်ဝမ်း
ပါး။မြင်မိငြားလည်း။ ရပ်ခြားလူ့ရွာ။ မကျွမ်းပါသော်။ ခြင်းရာ
စိမ်းဆွံ့။ မေတ္တာလံခဲ့။ ရောင်လျှံ ဝင်းငြိ။ မျိုးဘုန်းရှိကို။မြင်မိချေ
လျက်။မလွန်ရက်တည့်။သံမြက်ညင်းညင်း။ခံတွင်းချိုနှံ့။ဆိုသော
မှုံမှု။ဝတ်ဆံ့အလား။ ကြာညို့ထွားသို့။ လျှာပါးနုတ်ကျိုး။မြိုးမြိုး
မြမြ။ဟာလရပ်ရပ်။ မြဲးချုပ်သစ္စာ။ ထိန်ခါလျှင်။ ကြမ္မာတော်မီ။
တူတညီဖြင့်။ ရှေးဆီကြေးမုံ။ နှောင်နှင့်ကြို၍။ ပိုက်ခြိုကျွမ်းသူ။
လွမ်းရမူကား။ပစ္စုပ္ပန်းထပ်။ ရင်ချင်းအပ်၍။ မြဲးကွပ်မေတ္တာ။
ထပ်ကာကာလျှင်။လကျာလက်ရုံး။ အုံးပစေလျက်။နှစ်သက်ဖြား
ယောင်း။ ပျော်ကြောင်း ကြောင်းလျှင်။ စုံပေါင်းအင်ခြိုက်။ ရွှင်
သောကြိုက်ဝယ်။ ခေါ် စိုက်မောင်နည်း။ ရင်ထက်လည်းလျက်။
သာဖြဉ်းညှင်းညှင်း။ လွမ်းတင်းဆိုရောင်။ လူ့မင်းခေါင်နှင့်။ အို
အောင်သဖြင့်။ချစ်သော်တင့်က။ ခြိမ်းမြှင့်ရှက်ကျုံး။ တသက်လုံး
ဘွင်။မြကုံးဆံရ။ပန်နှစ်ပြုံမိမ့်။ ရွယ်နုစံပ။ လျှလျှပါးပါး။ ရလျှား
ချစ်ဘွဲ့။တနွဲ့နွဲ့လျှင်။ချွဲချွဲကြင်လျက်။ လည်ချင်းရက်၍။ပိုက်ဘက်
ဘုံတုံ။ ငြိမ့်လေးကုံသား။ ရွှေငုံပေါ် စ။ ဆင်းမြမြကို။ ဘဝစပ်
ချည်။ဘုန်းမယှဉ်၍။ ပိညဉ်ပျောပျော။ တမောမောမျှ။ မင်းစော
ဗိမ်းလု။မှိန်းကာရှုသည်။ ။အသူ့ချစ်မငြိုးတို့နည်း။

၅။ အခထွေအထွေ။ရှုချေသော်တုံ။ဘော်နေစုံလျက်။ပိုက်ခြို
ရင့်နွေး။စက်ကြကွေးသါး။ရေကျေးရေကြက်။ရေဝန်လက်လည်း
လည်ဘက်စာနွံ့။မြူးကွံ့ပျံ့တုံ။ဆည်းငုံ့မရှိ။ဝမ်းကွဲးလိန္နင့်။မိမိပျော်
မြဲး။ဘော်မကွဲးတည့်။အုံ့အဲးတို့ဆုံး။ မြို့နှင့်ကျုံးသို့။ ပတ်ကုံးလွင်
ကျယ်။ ရွှင်စဘွယ်တုံ။စံပယ်လူးလာ။သေ့ံချိုးဌာဖြင့်။သိတာမြ
ရည်။ရေကန်ကြည်လည်း။လေပြည်ညှံ့စွာ။ ရနံ့ခွါလျက်။ရွှေကြာ
ချပ်ရုံ။ရွှေဝတ်ဆံနှင့်။ရွှေတံရိုးနွဲ့။လှဲ့ရဖွဲ့လျှင်။လက်ဘဲ့ဆွတ်ယူ။ဦ
ရရှုကို။ကြူစချင်စွာ့။ဥယဉ်မှလည်း။ ပေါက်ပြန့်မွှန်။သရက္ခန်နှင့်။
ပန်းမန်စုံလှဉ်။ရွမ်းဝါမှဉ်လျက်။အင်ပြဉ်သစ်သီး။ပဉ်းဖြင်ညီးမျှ။
အုံ့ကြီး အုံ့အောင်။မိုးလယ်ခေါင် တွင်။ နေရောင်မဖြန်း။ ရွှေတဲး

ခန်းနှင့်၊ရွှေနန်းပိပိ။ ရွှေအိမ်ဘိထက်။ သိရိကြည်မှုး။ ရွယ်သုံးဦး
လည်း။ပျိုပျူးနှစ်ခြိုက်။ပျော်ကြောင်းမိုက်လျက်။ ရောင်မြိုက်လတ်
လတ်။ပြာထွတ်ထွတ်လျှင်။ နတ်တည့်ကာလ။ ရတုကြွမှု။ချမ်းမြ
လေပြည်။ ထလတ်သည်နှင့်။ လွမ်းမည်ဟန်ဟန်။ သုဝဏ္ဏလိပ်။
တံခိုပ်ပြောက်ကွင်း။ရွှေတံတင်းလျှင်။ ထုံသင်းလျက်ကဲ့။အဖုံးမဲ့
သော်။ဆွေညဲ့ပုဆိုး။ ထောင်တန်မျိုးကို။ထုပ်ပိုးမယို။တကွဲးသို
အုံ့၊ ဆိုလည်းမှန်စွာ။ ဥပမာနှင့်။ လူ့ရွာမပျော်။ နတ်ဖြစ် သော်
လည်း။စက်ဘော်မိလုံ။ရှိပါတုံစံ့။ပိုက်ခြုံနောင်ထွေး၊တရေးရေး
မှု။နက်လေးဂုဏ်အင်။မြေအပြင်ထက်။ ကျော်ထင်ဒွန်းတိုး။ဘုန်း
သစ်နှိုး၍။မိုးမချုပ်မီ။ ကိုးနာရိဝယ်။ အင်ညီရှုပြိမ်း။ ညွှတ်ခွေ
တိမ်းလျက်။ပြည့်ရှိမ်းသိရိ။ ကိုယ်လုံးငြိကို။မချိလှည့်ထွန်။မျက်စိ
လန်မှု။အကျွန်ယာချ။မျှော်ကာရှုသည်။ ။အသူ့ဆွေဇာနီးတို့နည်း။
၄။ မိန်းပြတ်မိန်းပြတ်။တဆွတ်ဆွတ်မှု၊ရင်ခတ်ရွှေရောင်။
မယ်ဆွေမောင်ဟု။မြန်ဘောင်ထင်စွာ။ဤအခါဝယ်။ငါလည်းမင်း
ပျို။နတ်မိညှိနှင့်။ကုသိုလ်မညွှန်။ တမလွန်က။မေ့ကျန်ခဲ့ထ။ ့နွဲ့နွဲ့
မြသား။ရှင်မကျေးဖူး။တမူးမူးလျှင်။မထူးမတည်။ဖြစ်လတ်သည်
ကား။ရွှေပြည်သခင်။ နတ်ရှင်နေ့တိုင်း။ ဗျာပါလှိုင်းလျက်။ထုံးပိုင်
ဖြေအုံ့။မပြေစံ့သါး။ချစ်နှံ့မှုတည်း။စနည်းမျက်စိ။ရှိလတ်သလေ
တပျော်ပျော် လျှင်။ ရဲးစော နောင်ညှို့။ မှတ်ရာဘို့ဖြင့်။ သံမြှို့ခြေ
လျက်။တကျွန်းဘက်သို့။စဉ်းလက်မတူဝေးမှါသူကြောင့်။ညာ
ဖြူနွဲ့နွဲ့။ပြာလဲ့လဲ့လျှင်။ ယဲ့ယဲ့ညှိုးပျောင်း။ မျက်ခြည်သောင်းမှု။
မင်းကောင်းကိန်းခန်း။မြင်ရဆန်းဟု။ အပန်းတကြီး။နတ်သွီးကို၊
မင်းထီးမြော်လှည့်။ရှုမျှော်ကြည့်လျက်။တည့်တည့်မရွက်။မျက်နှာ
ဝက်ဖြင့်။မိုးထက်ထွန်းဘောက်။ မေးမြှူထော်သော်။နှစ်ခေါက်မ
ပြန်။နှစ်ဘန်မကြား။ နှစ်ပါးမဖြစ်။ လိမ်လစ်မထောင့်။ မြွားနှယ်
ဖြောင့်သါး။စောင့်နှယ်လည်းညို့။မါတလိကား။ဖြန့်ချိမေတ္တာ။မင်း
ကြီးစွာကို။ ခြင်းရာမဒုက်။ ပြန်ဆိုပွက်၏။နရက်တံခါး။ ဘဝါးချိ
လမ်း။လူစိမ်းရွှမ်းကို။ လက်လှမ်းယူလိုက်။ တူရှုတိုက်ဖြင့်။ခြိုက်

ဖြိုက်ချစ်ဝမ်း။စည်းစိမ်ဌမ်းသို့။သာချင်းပို့တင်။ ကုသိုလ်ရှင်ဟု။
ညွှန့်ရှင်ခက်ဖြာ။ ရွက်နုရှာ၍။ သစ္စာလေးပါး။ငုံထွားထွားသည့်။
ဘုရားပွင့်လောင်း။အိုမင်းကောင်း။ ။နိုမောင်းရဲရဲ။ တခဲးဓွေး
ဓွေး။လျှပ်ဝါပြေးလျက်။ဝေးဝေးနီးနီး၊ ရှုမငြီးတည့်။ တသီးပေါ်
ထွန်း။ဘုံသါနန်းနှင့်။ရုံဝန်းပည်းသိ။ဗိရဏီဟု။သညီကျော်ထင်။
ဘုူးမြော်ချင်သား။ ပြာစင်လတ်လတ်။မိမိုးနတ်ကား။နတ်လွှတ်ခံ
တွင်း၊ ညှိုးညှိုးညင်းမှု။ဆိုတင်းစကား။လေသံကြားက။ပြာထွား
နောင်မယ်။ ဝမ်းနည်းဘွယ်တဉ္စ။ပစ်ပယ်လွဲသွေ။မဆိုချေလည်း။
အနေကျကျ။မမှတ်ရသော်။ရှင်မကြောင်းနွှယ်။နိဒါန်းသွယ်ပိမ့်။
ပင်လယ် တလျှို။ မြစ်နား ခိုသား။ နဂိုရ်တည်ရာ။ လူ့ပြည်ရွာ၌။
ပညာရှိမြတ်။ဗေဒင်တတ်သား။အံ့ရွတ်ဖွါးဖွါး။ရှင်ပုဏ္ဏား၏။ဝတ်
စားပေးခွင့်။ရိက္ခာလင့်လျက်။ဗိုင်းဝင့်ချည်ကောင်း။စပါးထောင်း
နှင့်။ရေလောင်းရေခပ်။တောင်ကပ်ဖါးရေး။ တောလားထင်းခွေ။
ဆောင်းနွေပူပန်။ သူ့အိမ်ကျွန်ဟု။ စောင်းမာန်နှိမ့်ချ။ လုပ်ကြံရ
သည်။ ။မယ်လျှအိမ်ကျွန်သွီးတည်း။

၇။ အ တန္တကြား။ ဖြစ်ဖုကုန်လေ။မီးလောင်မြေတွင်။ပင်
ခြေညွှန့်ညှောက်။ ပင်သန်ပေါက်သို့။ ကြံထေံစောင်းပဲ့။ မိဘမဲ့
တည့်။နွဲ့နွဲ့ပြာညက်။ရွယ်ရောင်ပျက်မှု။နံနက်ညနေ။လုပ်ဆောင်
စေလည်း။ သေသေချာချာ။ စေပါသရွေ့။ မငြီးငွေ့လျှင်။ လွေ့
လွေ့ပေးကြောင်း။ အရှင်မောင်းလည်း။ ကောင်းကောင်း နာခံ။
လုပ်ကြံတုံလျက်။အဖျက်ရှာနှိုး။ အရှင်ညှိုးလည်း။ရှိခိုးပုဆစ်။ပစ်
ညစ်မကြိုက်။အရှင်ထိုက်လည်း။လိုက်လိုက်ကျင့်သီး။သူကြီးချစ်
ဘွယ်။ အရှင်ကွယ်လည်း။ ပြက်ပြယ်မဘောက်။ အရှင်မှောက်
လည်း။ရွံ့ကြောက်ခရ။အရှင်ထလည်း။ ရွရွနောက်ပါ။အရှင်လာ
လည်း။မျက်နှာရလို။ဘော်ချင်းကိုလည်း။ နူတ်ချိုမခါး။နို့နှင့်ပျား
သို့။ သနား ဆက်ဆံ။ ရောမှက်ပွို၏။ သက်သံတွန့်ချိုက်။ မနာ
ကြိုက်လည်း။အရိုက်မဲ့ဘဲး။သီချင်းလွဲးလျက်။ရင့်နွဲ့းချိုငေါ်။ နာမှ
ပျော်သို့။ သူတော်တကာ။ ဆိုစရာသား။ ပျူဌာမကျွမ်း။ မိန်း

မသွမ်းနှင့်။ ကွဲးလမ်း လေစွာ။ ပြင်သူ့ မှာလည်း။ နှုတ်လျှာဆို
သည်။ကြာ်ချိုရည်သို့။လည်လည်ဝိုက်ဝိုက်။နှစ်ခြိုက်တတ်ပွန်။ကြာ်
စဟာန်မှု။တမလွန်ဝေး။ယခင်ရှေးက။မိုက်မြွေးထူခဲ့။အလှူမဲ့၍။ချို
တဲ့တုံလစ်။လူအဖြစ်တွင်။ညစ်ညစ်ကျုကျု။သူ့ထမင်းစား။ သူ့
ခြိုသားဖြင့်။သူ့အားကြိုးနှံ့။သူ့အထံဝယ်။သူ့ရံသူ့ခြွေ။ဖြစ်ရချေ
ခဲ့။ မြေကိုခွဲးခြမ်း။ ရွှေခွက် လှမ်းသို့။ ကိုယ်စွမ်းနှစ်ထောင်း။ကြာ်
သော်ကောင်းဟု။ နွဲ့နောင်းပြာကြည်း။ သေ့မယ်နည်းလျှင်။ ရှာ
ဆည်းကိုယ်ကျိုး။ပြုရပျိုးက။ ကောံမျိုးနေမြန်း။ သွေမာလန်းသို့။
ရဟန်းပုဏ္ဏား။လှူခံအားလည်း။မယ်ဘွားနှစ်လို့။ စားရာဘို့တွင်။
တချိုခွဲးဝေ။ပေးလှူထွေနှင့်။ရပ်မြေဝေးစွာ။ဧည့်သည်လာလည်း။
ကြင်နာရုံမက်။ခေါ်ရိုက်စက်သား။ရင်ထက်မိုက်ဖြား။မွေးသည်
သားသို့။ စကားနှုတ်ဆက်။ မေးမြှူလျက်တည့်။ ခြေလက်ဆေး
ဘွယ်။စင်ကြယ်ရေမိုး။ သောံချိုးစေရ။ တဲးနေချမှ။ရှေးကကျင့်
ထုံး။အုံးနှင့်အိပ်ရာ။နံ့သာဘယောင်း။လှောင်းလှောင်းပျုံမွှေး။ ဧက
ကျုံးလျက်။ လက်ဘက်ရည်မျှို။ ကွမ်းရွက်ချိုနှင့်။သကြိုဟ်ပင့်
ထောက်။ အားအလျောက်ဖြင့်။ မိုးပေါက် ကုန်းကြည်း။ ကျင်း
ဝယ်ချည့်းလည်း။ နိုသရည်းပြက်ပြက်။ မှတ်ကောင်းလျက်ဟု။
သက်သက်မြတ်လေး။လုပ်ကျွေးမွေး၍။ကျောဇခေါင်းနာ။ရောဂါ
ထွေပြား။ရှိတုံငြားလည်း။ဆေးဝါးဘော်ထုတ်။ငရုတ်မုန်ညင်း။ချဉ်
ချိုသင်းနှင့်။ နနွင်းကသယ်။ လိမ်းဆိနယ်လျက်။ သူကြွယ်ဒိဗ်
လုပ်။သိမ်းမိုက်ထုပ်သည်။ ။မြဲးချုပ်ကြာ်မိတသိးတည်း။

၈။ ဇာတိမြတ်စွာ။သံသရာက။ ကြမ္မာတချောင်း။ ခင်ပွန်း
ကောင်းလျှင်။အကြောင်းရှေးညွှန်။ ကောင်းစွာဘန်သည်။ကောင်း
မွန်ငြိမ်သက်။ စည်းစိမ် ထက်တည့်။ ရမ္မက်ထူသား။ လူ၏ အ
လျောက်။နတ်တို့အောက်ဘွင်။ပေါက်ရောက်ပင်စည်။မကောင်း
သည်လည်း။ဝဲလည်းနောက်ဆုတ်။တန်းခိုးဖြုတ်လျက်။ မယုတ်
မကျ။သောကလောင်းထပ်။လှည်းကြောင်းကျပ်သို့။ရိပ္ပ်ပူလှိုက်
ဆင်းရဲးထိုက်လျက်။ ထက်တိုက်စိုးနှောင့်။ ကြမ္မာကြောင့်လျှင်။

ဘောင့်တောင့်တတ။ ဖြစ်ချေရသား။ လောကတံထစ်။ ဓမ္မစစ်ကို။သစ်သစ်ဝင်ကျုံး။ကြိုးနှယ်ထုံးမှု။ နှလုံးဆောက်တည်။ကြိုစရည်နှင့်။ ကြိုစည်လေတုံ။ ခရီးဆုံဝယ်။ရိပ်အုံမိုးတဲ။ ဇရပ်ပွဲးလည်း။ အင်တွဲးကြိုးရှည်။ အိုးကြီးတည် လျက်။ရေကြည်ချိုးသောက်။ ရေတွင်းပေါက်၏။ ပြန်ခေါက်သွားလား။ ဘဝါးလမ်းကြောင်း။ပြွန်လျှို ချောင်းနှင့်။ လမ်းဟောင်းရွှံနွံ။ ခရီးခဲ လည်း။လက်စွဲးလှမ်းကိုင်။ တံတားတိုင်ကို။ ခိုင်ခိုင်ခန့်ကျန်း။ အဖြောင့်သန်း၍။ လုပ်ပန်းကြီးအား။သူ့ခြံ သားမှု။ မြို့နားကျုံးဝယ်။ရန်းကာသယ်လည်း။ပုံဆွယ်ဖြိုးမောက်။ပုထိုးပေါက်သို့။ ရွက်ခြေံစဲးစဲး။သလဲးပုံရ။ကျူလုံးပြုလျက်။ ရုပ်ထုဗိမာန်။ တန်ခွန်ကုဏ္ဍား။ မှလေးပွါးနှင့်။ ခွေးသွားဟူသား။လုတ္တိအစဉ်။ကောင်းမှုယှဉ်၏။ ဥယဉ် တောပန်း။ သွေ့ယော်မြန်းလျက်။ ရွက်လန်းမမြော်။ ခွေခါသော်လည်း။ ရှင်တော်ပွင့် လျက်။ ခက်လက် လဲ့ပြာ။ ညွှန့်သန္တာနှင့်။ အညှာ တထွေ။ နုပ စေသား။ ပင်ခြေ ဆွတ် ဖျန်း။ ညောင်ရေသွန်း၍။ ဝန်းဝန်းလျှားလျှား။ မျှားမျှားမကုံ။ အားနှင့်ရုံ၍။ရုံစပကာ။တောကပါသား။ ခွံခွါလက်နွေး။တောင်ဝေးဘိနပ်။ ချည့်ချောင်းအပ်နှင့်။ ရန့်ကြွပ်တလွှာ။ သကာတခဲ။ တင်လဲးတမှုတ်။ လက်သုတ်တထည်။ ဆီရည်တစက်။ ထွန်းလက်ဆီမီး။ သစ်သီးတလုံး။ ပန်းကုံးတသွယ်။ကိုယ်ဝယ်ရစ်ပတ်။ တထည်ဝတ်က။ အမြတ်ခေါင်းထက်၊ တပိုင်းဝက်၍။ရက်ရက်ရွှန်းလေ။ အဖွန့်နေသား။ သမ္ဗေသတ္တာ။ သတ္တဝါလည်း။ ဝမ်းသာလုလု။ သာရပွက်ဟာ။ အမျှမျှလျှင်။ မယ်လျှကုသိုလ်။ ရစေလို လျက်။ ဟင်းချိုယောက်မ။တစမကျန်။ လှူဝေဘန်၍။သူ့ကျွန်ဖြစ်လျက်။ သူ့အိမ်ထက်ဝယ်။သူ့လက်မကင်း။ သူ့အချင်းလည်း။ဝါတွင်းဝါပ။စောင့်သီလနှင့်။ညဟူသရွေ့။သြဇါငွေ့လည်း။မတွေ့မွတ်သိပ်။ သူ့အိမ်ရိပ်တွင်။အိပ်လည်းရှိခိုး။ဆောံတည်နိုးက။ ပုထိုးစေတီ။ လက်အုပ်ချီလျက်။ဗိဗိလာလာ။မေတ္တာတိုးလျက်။ လေ့ကျက်တွတ်တွတ်။စာလျှင်ဘတ်သို့။ရွတ်လတ်သော်တုံ။စေ့ရုံဖြ

ဖြ။တရာ့တပါး။လူမည်ခြားမှ။ ဝန်းလျားဖြင်ပည်း။ရေနှင့်ကြည်း
သို့။နတ်နဥ်းတခွန်း။ ဆိုမပန်းလျှင်။စောင်ရန်းအလား။မန္တရားနှင့်။
ကာလွှားရှေ့ဆောက်။ လေးမီးပေါက်သို့။စောင့်ရှော်ပေပြား။သူ့
စီးပွားကြောင့်။သူ့နားငါ့နား။ကြားလည်းကြားချင်။ ရွှင်လည်းရွှင်
ပျ။အံ့လည်းအံ့ရာ။သာသဥ်းသာဆို၊စကားချိုနှင့်။မိညိုစောယုတ်။
ဇာတိ ဆုတ်လည်း။ နတ်လျှင်မွန်ထောင်း။ ကျင့် ရည်ကောင်း
သည်။ ။လမ်းကြောင်းနတ်ပြည်ခရီးတည့်း။
၆။ ဤသို့အလို။သူမဆိုတည့်။ကိုယ်ကိုထူးခြား။ကြံစိတ်
ပြားဖြင့်။ဝတ်စားမလှင်။ညှိုးချပ်ပြင်နှင့်။အစဥ်ဆက်ဆံ၊လောက
ဓံဝံယ်။အခွံပယ်ပစ်။ အရေချစ်သား။မညစ်စေမူ။ဆံဖွတ်ဖြူသို့။
အယူဖြောင့်စွာ့။စောင့်သီလနှင့်။ဒါနသော်လည်း။တစွန်းတဥ်းကို
နည်း၏မမှတ်။ပေးထွေတတ်က။အမြတ်ထားတင်။အမျှားစင်ဟု။
သိမြင်လိမ္မာ။သံသရာနေခင်ကျိုး။အခေါင်မိုးလျက်။မယ်ပျိုးမျက်
စိ။မြင်စမိသော်။ဇာတိကြွလွှဲ။နတ်ပြည်ပွဲ၌။ဆင်းရဲမမြင်။ပြုံ့ပြုံ့
ထင်မျှ။ကောင်းကင်အလတ်။ဘုံပြာသာဒ်နှင့်။မြတ်လွှတ်ရလည်း။
ဖြင်ပေါပည်းလည်း။ ရထည်းရွှတွ။ ပွရရွှလျှင်။မြမြသွယ်သွယ်။
ဘင့်တယ်ဆင်းရောင်။ ဘော်တထောင်ဝယ်။ အခေါင်လှ တင့်။
ရွက်ပြုံ့ဖွင့်လျက်။ ရိုက်ဆင့်အငြိမ့်။ တငြိမ့်ငြိမ့်တည့်။ ရွှေအိမ့်
သခင်။ မိနတ်တွင်ကား။ဥကင်အဖျား။လလျှင်ထွားသို့။ လန့်ကြား
ကြက်သီး။ထဘွယ်ကြီးလျှင်။ အနိုးမဖုတ်။အဝေးဆုတ်လည်း။
စံခုတ်ရွှေထက်။ ဆယ်ရည်တက်မျှ။ ပြာညက်ညှံ့ညှံ့။ ရွယ်ဖွံ့ဖွံ့
၍။တွံ့တွံ့ကုံ့ကုံ့။ပြင်ဆုံ့ဆုံ့နှင့်။ ကြေးမုံ့မျက်နှာ။ လက္ခဏာ
ကြန်ညီ။ ဗိရဏီဟု။မြှောက်ချီပင့်လွှား။ တန်းခိုးအားဖြင့်။ ပျော်
ပါးတရံ။ သဘင်ခံလည်း။ ရောင်လျှံဝင်းဝါ။ ရတနာခံပြင်။ ရွှေ
ပလ္လင်ထက်။ သက်တင်ရည်ကုံ။ ရောင်ခြည်ယိုမျှ။ ပြာညိုလတ်
လတ်။ ဆေးလျှင်စွတ်သို့။ လက်တတ်ရေးထု။ ထွေးလုလုတည့်။
အသူ့သည် မျိုး။အသူကျိုး၍။အဲခိုးသန်လျက်။ ကြံခေါက် ရက်
လျှင်။ကြင်ဘက်ရှိရွယ်။ပန်းနှစ်သွယ်သို့။ မျိုးနွယ်ဒိဒိ။ လည်ချင်း

မို့လျက်။ တညီဘောင်ရုံ။ ပျော်လေတံ့ဟု။ အသံရုံမြင်မိ။ ဆို
ဘွယ်ရှိသား။မျက်စိလတ်လတ်၊ မိသက်ပြတ်ကို။ ငါနတ်သော်
လည်း။မြော်ကတည်းက။မနည်းလောက်စင်။ ဆွတ်ဆွတ်ကြင်
၏။သွယ်မြှင်ရိုးရဲ။ပြုံးပြက်ကြီးလျက်။တံခဲလှစ်ချ။သူရိယာလျှင်။
ပေါ်စရောင်နီ။မျက်နှာချီသို့။ရွှေဆီပြလစ်။ နတ်စစ်စစ်ကို။ ဧက
ရာဇ်မင်းစင်။မမြင်ပေဘူး။ ဆွတ်ပျံ့ပျူးမှု။လျှံမြူးဆင်းဝါ။မိညက်
ပြာလျှင်။ပျာပါမမှောင့်။ကောင်း ကင်ထောင့်ဝယ်။ နတ်ကောင့်း
ဘာဝ။စံစရ၏။မိဘအိုးဘေး။ပေးလည်းမဖြစ်။ စည်းစိမ်နှစ်ထက်။
ကျစ်လျစ်ကိုယ်ပြင်။ယခင်ထုံးပြီး။ဦး၍ဖြီးသို့ရဥ္စီးလျှံတောက်။
ရှုမစောက်မှု။ရွှေမှောက်နုတ်ထွက်။ ရွှေအိမ်ထက်လည်း။ သွယ်
မျက်ကိုးပါး။ နရိုးနားနှင့်။ရလျားမိတ်စွန်း။ချိတ်ရည်သွန်းသို့။ပြေခံ
စွန်းသင်းတွဲ။မုန်ညင်းကြီးလျက်။ ဝတ်လဲသစ်သစ်။ သရစ်လတ်
လတ်။ လေပြည်ခတ်က။ ပြာသာဒ်ဝန်းကျင်။ ချူသွင်သွင်လျှင်။
ရှင်ရှင်လမဉ္စ။ရွှေအိမ်သည်ဟု။ကိုယ်ရည်တန်ဆောင်။တပြောင်
ပြောင်သား။ အိုအောင်ယသွင်။မျိုးလွန်းကြင်ကို။ ရွှင်ရွှင်ပျူပျူ။
ကကသိသိ။ချိချိကျူးကျူး။ထူးထူးဆန်းဆန်း။ ရွှန်းရွှန်းဖြိုးဖြိုး။
ပျော်ဘွယ်နိုးမှု။တံပိုးသံကျာ။စိန်ခရာလည်း။နှစ်ဖြာကွေ့လည်။
ဧကျူး မြည်လျက်။မိတ်ကြည်သနဲ။ရင့်နွဲ့ပဉ္စင်။စည်သံလွင်နှင့်။
အိမ်ရှင်ညွှန်းညွှန်း။ တချွန်းချွန်းသည်။ ။ရှေးဘုန်းကုသိုလ်
မကြိုးတည်း။

၁၀။ ပြာညက်ချော၍။သဘောမြဲချည်။ဂတိတည့်လျက်။
ငါးမည်ဆင်းပုံ။အင်ရုံရုံဝယ်။ ရွှေငုံမြိတ်ရစ်။ ပေါ်စသစ်က။ က
လျစ်ကလျူ။လိုတူရှိရွယ်။ကြင်စဘွယ်နှင့်။ ပြိုးရယ်ချစ်ငွေ့။ရင်
ဆုံတွေ့လျက်။ စက်မွေ့ပျော်ရာ။လသော်တာသို့။ ပပါဝတီ။လှ
စွာချီသည်၊ ဤနှင့်နှိုင်းဆ။တိုင်းစကြဲသော်။ ရှင်မည့်နှိုးနွှမ်း။ ကြေး
မုံသမ်းသို့။ ဖြိုးမွမ်းချေပြု။ ရယ်စမှုနှင့်။ ရတုကဗျာ။ ချီသာသာ
လည့်။စာမဘွဲ့လောက်။မယ်ဝယ်ပျောက်မှု။ထွန်းတောက်ရောင်
ဖြန်း။လောင်ဘနန်းတည့်။ထက်ဝန်းညီးညီး။မိုးသမီးလျှင်။အတိး

ဘ၁၀။ လူ့ပြည်ကသော်။ ပုဏ္ဏားဒိမ်သူ။ ပုပ္ပုဆာဆာ။ လုပ်ကြံနာလျက်။ စားရာဘို့နက်။ တချို့ဝက်၍။ ရေစက်ယိုဘိတ်။ ကုသိုလ်စိတ်ဖြင့်။ ဒိတ်စုလည်းကြီး။ အချည်းနှီးလျှင်။ ရှာမှီးစများ။ ပြည့်သောလားသို့။ ဆယ်ပါးဝတ္တု။ ဆည်းဘူးပြုသား။ ကောင်းမှုကယ်ငင်။ နတ်ရွာတင်၍။ မိခင်နတ်ပြည်။ ဖြစ်လတ် သည်တည့်။ ဝန်းလည်ရန်ပေါင်း။ ဘော်သောင်းသောင်းနှင့်။ လည်းလျောင်း စက်တန်။ မြသလွန်ထက်။ လေသွန် ဖြည်းဖြည်း။ ညရီဆည်းဝယ်။ ရလည်းထုံးသစ်။ ရွှေကိုး ရစ်လျက်။ ပန်းနစ်ဆင်ချယ်။ တင့်သွယ်သွယ်တုံ။ ရွှေစွယ်နောက်ပိတ်။ သက်ထိတ်လန့်ကြား။ အိုဘုရားဟု။ လူ့သားတထူး။ မမြင်ဘူးသော်။ မှုးမှုးယောင်ယောင်။ ဆိမ်းရောင်နှင့်။ တန်ဆောင်ရွှေတိုင်။ နှစ်ပါးပြိုင်သို့။ ရိပ်မြိုင်ဝန်းကျယ်။ မြင့်ရာရွယ်သား။ မိမယ်တယောက်။ နည်းကိုထောက်၍။ အောက်ကကျွမ်းသူ။ ကျင့်လေဟူသို့။ တိမ်ပြုမိုးယံ။ တန်းခိုးပျံလျက်။ ခြေငံအံ့အဲး။ သံဇှန်သဲးမျှ။ မိညဲးစံတုန်း။ တဖြုန်းဖြုန်းသည်။ ။ ကျင့်နှုန်းဆိုဖွဲးလတ်ချီးတည်း။

၁၁။ ဤသို့အံ့ရေး၊ နတ်ချမ်းသာကို။ လူ့ရွာညောင်းဆန့်။ ကိုယ်ဟောင်းစွန့်က။ ဗိမာန့် ထက်တည်း။ ဖြံ့ကနည်းလျှင်။ ဖြင်ပည်းဝိုးဝင်း။ ကျိုးကျိုးကျင်းမျှ။ မိမင်းနတ်ကောင်း။ ဖြစ်လာရှောင်းဟု။ အကြောင်း လှစ်ဘော်။ ပြန်ပြီးသော်မှ။ သွေးခေါ် မြင့်မိရ်။ ရောက်လျှင်းလိုမှု။ ပြာညိုသတ်မျှ။ ဆွတ်ဆွတ်လှလျက်။ သန္တာ့ညွန့်ကွေး။ တန့်ရွှေရေးသို့။ ငယ်သွေးမကြီး။ ညီးရရီးလျှင်။ ဇနီးလဲ့ပြာ။ လှမောစွာနှင့်။ ကေသာရွက်ထုံး။ ရလည်းလုံးလျက်။ မြကုံးသွယ်မြိတ်။ ရောင်လျှံဘိတ်မျှ။ ထိတ်ထိတ်ဝင်းဝါ။ နတ်ကလျာကို။ ငါနှင့်မကြိုက်။ သူနှင့်ထိုက်၍။ ပိုက်ရလေသော။ ဆိုနှုတ် ဆောလည်း။ မင်းစော လက်ရိုး။ ဘုန်းပဋ္ဌာန။ ဘယ် တောင့်တ အံ့။ ယောကျ်ာ့တန်ခွန်။ လူရည်မွန်က။ ကောင်းမွန်အထွတ်။ ကြွယ်ကိုဆွတ်သို့။ မလွတ်တူပျည်။ စက်ဘော်ယှည်သား။ အစည်စကား။ မင်းကြီးကြား၏။ ပျော်ပါးဘွယ်ကြီး။ သစ်သီးချဉ်ချို။ ဥယဉ်ပျို

နှင့်။ ပင်ညို လတ်လတ်။ ရင်ခတ်ရွှေသား။ စကားရွှေလှော်။ ကံ့
ကော်ရွှေနှန်း။ မိုးချုန်းချုန်းက။ ဂမုန်းပွင့်စည်။ ငတ်ရှူပြည်ကား။ မည်
မကပါ။ အညာဆန်ဆန်။ လွန်လတုံတုံ။ ရွှေတိဘုံထက်။ ချပ်ပုံ
ထွတ်ထွတ်။ မွတ်ရရွတ်သား။ နတ်သွီးများ။ ပဒဲ့ရှားရှင့်။ မြင်ငြား
သဖြင့်။ ချစ်ရိပ်ပွင့်ကို။ လုင့်ဘာသာ။ ပျူငှာဆန်းဆို။ လွမ်းလိုလို
နှင့်။ သံချိုမြမြ။ နှမပြာဝင်း။ နေရစ်မင်းဟု။ ညင်းညင်းသံနွဲ့။ နှုတ်
ဆက်ခဲ့၍။ ပြည်တဲ့စီးပွါး။ တရားကျင့်ရိုး။ တုမဲ့နိုးသား။ သတိုး
ရဲးကြော့။ လာလှည့်တော့ဟု။ ငင်လျှော့ကြိုးဖျား။ ထတိုးနားက။
လက်ဝါးပျံ့ပျူး။ လှင်ကန်ဖြူးက။ ဟူးဟူး လွှတ်ထန်။ လေကိုလွန်
သား။ မြင်းသန်တထောင်။ ဟန်လှဆောင်လျက်။ မိုးခေါင်တိမ်ခြေ။
နှင်တုံလေက။ မှိုင်းဝေနှင်းရည်။ မြင်လိုက်သည်ကား။ ရောင်ခြည်
ပြို့ပြို့။ နေကဲ့သို့သည်။ ။မြင့်မိုရ်တန်ဆောင်ဆိမ်းတည်း။

ဝိရဏိဘုံခန်းပြီး၏။

---

၂။ သောနုဒိန်ဘုံခန်း။

၁၂။ ဧဝဥ္စပနဝတွာမာတလိပုရတော ရထံပေသေတွာ။
သောဏဒိန္နဒေဝ ပုတ္တဿသန္တိကေ သတ္တကနကဝိမာနာနိဒဿေသိ။
သောတာနိတဿ သရီရသမ္ပတ္တိံ ဒိသွာတေန ကတကမ္မံ ပုစ္ဆိ။
လ။ ယောမောဒတိသဂ္ဂပတ္တာဝိမာနေ။

လက်ဝဲလကျာ။ ရွှေမှာနောက်ဆို့။ တိမ်မည်းဘို့လျက်။ သမ်း
ညို့ညစ်ကြေး။ အထွေးထွေးတွင်။ အဝေးကပင်။ မြော်လိုက်မြင်
လည်း။ မိုးပြင်ခရီး။ ရွှေချောင်းစီးသို့။ မီးကျီးနှယ်ဘက်။ ခြောင်း
ခြောင်းထွက်၍။ အထက်ပြောင်ပြောင်။ မလောင်သည်သာ။ နတ်
စကြာကို။ တံဖျာခတ်မိုး။ မြမ်းသံနှိုးက။ မြိုးရိုးသွယ်သွယ်။ နား
ရွက်ငယ်လျက်။ ခွင်ကျယ်လေးထောက်။ ဖလားမှောက်သို့။ မေး
ပေါက်လက်ဖျား။ သိန္ဓောလွှားလည်း။ နားလသော့ထွေ။ တန့်ရပ်

စေလျက်။ညာကြေခတ်ရှောင်။တပြည်ထောင်သို့။ တောင်လည်း
အက်ချ။စက်နှယ်ရှာသား။ တေဇပြင်းထိန်။ သောနဒ္ဒိနိပ်ဟု။ အရှိန်
ကျော်ထင်။ခေါ်မည့်ပင်နှင့်။ ကောင်းကင်လွှံ့ကြွား။ မိုးနတ်သား
၏။ယောက်ျားဘုန်းလျှင်။ ရှန်းရှန်းဖွန်မြင့်။ ခုနစ်ဆင့်သား။ နတ်
မင်းတန်ခွန်။ရွှေဗိမာန်ကို။မျက်ဆန်မဒိုး။ မြင်စေလို၍။ ကုသိုလ်
ရှာညှို။ မာတလိလျှင်။နေမိမင်းအား။ပြတုံဖြား သည်။ ။ဝမ်း
ပါးဆွတ်ဆွတ်လွတ်လွတ်တည်း။

၁၃။ ရွှေကြယ်ငွေကြယ်။ကြိုးငယ်လုံးညီ။ပတ်ကုံးစီလျက်။
သိဂ်ိဳနတ်နန်း။ ပြာသာဒ်ကွန်းဖြင့်။ သွန်းလည်းမဖြစ်။ နေတက်
သစ်သို့။ကျစ်လျစ်ရုံလှည့်။ရုပ်ပုံပြည့်လျက်။ ကြည့်လည်းမညီး။
ခြူးသီးခြူးရွက်။ခြူးခက်ညွန့်ကောင်း။ နှါမောင်းနွယ်ထိုး။သရစ်
ချိုးမှု။နရိုးပွင့်ကာ။ သင်းကွဲကြာနှင့်။ကြက်လျှာထစ်သား။ရုလစ်
ဆင့်တည်။နိမ့်မြင့်ရှည်လျက်။ အသည်လက်တီး။ ရွှေသားပြီး၏။
ရှားမီးရည်ခန့်။ လျောက်ပြိုင်ဆန့်လည်း။ကြန့်အလိုက်နှင့်။ ဆိုက်
တိုက်သင့်စေ။နိတုံရွှေကား။နေကိုထွန်းပြိုင်။ ကွန်းမဆိုင်လျက်။
လိုင်လည်းချောင်ချောင်။ ထက်ဝါခေါင်မှ။ယပ်စောင်တင်တား။
ဆင့်သုံးပါးနှင့်။ခြားနားတကွဲ။ရွှေမယ်ခဲလျက်။အမြီးကပ်သန်း။
ဝပ် လည်း သုံးနေ။ ကြပ်လေး တွေ့နှင့်။ ရွှေသတိတွင်။ မဏိ
မောင်းစွာ။ မျက်ကောင်းမြွာလျက်။ ဘုံသာမိုးခွင်။ နတ်တို့တွင်
လည်း။ဆင်ဝင်ကသည်။ မျက်စိရည်သော်။ ဆံခြည်မမှား။ ရွှေ
တံခါးနှင့်။ပဏ္ဏာမြားတုံ။တံခါးခုံက။ရုပ်ပုံရေးချ။ စွေးစွေးလှလျက်။
သီဟာခံထောက်။ လေနန်းပေါက်လည်း။ မြကျောက်ရစ်ထောင့်။
စီသွယ်မြောင့်၍။ ကြောင့်မျက်ရွှဲးတိ။ ပုလဲး မိနှင့်။ ထပ်ရှိကြိုး
ငယ်။ချိုးတချယ်လည်း။အလယ်တချို။အစွန်းဆို့လျက်။တိမ်ညို့
အသွင်။သက်တင်သဘွယ်။ လျှပ်နွယ်ပြိုးပြက်။ ရောင်ချင်းရှက်
၍။ဝင်ထွက်မျှော်ရှု။ ပျော်စမှုတည့်။ ရတုသုံးခါ။ ရွှင်ပြုံးစွာလျှင်။
လူ့ရွာမင်းမျိုး။ မျက်မှန်းကျိုးမှု။ ဖြိုးဖြိုးရောင်ထင်။ တောင်ရှိစဉ်
သည်။ ။ကောင်းကင်မချိုညွတ်ညွတ်တည်း။

၁၄။ လေးပါးထောင့်သား။ မြှောင့်မြှောင့်ရှည်သွယ်။ထုပ်
သန်းကျယ်လည်း။အလယ်တည့်ထား။ ရှည်သုံးပါးနှင့်။စွန်းနှားသုံး
ရှိ။ လုံးလုံးတိလည်း။ တရှိလည်းကောင်း။ မောင်းရရောင်းလျှင်။
သည့်ချောင်းသည့်တိုင်။လျှောက်ပြန်ပြိုင်လျက်။ ထုပ်ကိုင်ခေါင်
ထက်။ဥသျှောင်ဖွက်နှင့်။ တပြက်နံထု။ ကြွန်ကိုရှုလျက်။ရိုးချကြိ
ညွှာက်။ဟက်ပျောရောက်၍။အောက်အထက်ကား။မြည်းနှင့်နွား
လည်း။စားလသောလျှောက်။ ကြွန်စေ့ဖြောက်၏။ ခေါင်ရောက်
တိန်ညင်း။ လန်ဘူးခင်းက။တဆင်းတည်းဘက်။ ဆယ်ဘန်ချက်
သား။စံထွက်ရည်ကောင်း။ခြည်တသောင်းလည်း။ မောင်းမောင်း
တသ်စွန်း။နီသားပန်းသို့။ခိုနန်းခိုဝင်။ရိုးစင်ခပ်သွန်း။ ရန်းသည့်အ
ခြေ။အနေထောင့်သတ်။ခပန်းခတ်က။စွတ်စွတ်ဗွေးနီ။ရည်လေးသိ
မှူ။ မျက်စိချယ်မြှောင်။ ရိပ်ပြုဆောင်လည်း။ သို့ချောင် မကြွင်း။
ဝေယ်ညွှင်းကို။ နတ်မင်းတို့ငယ်။ ရှင်းရှင်းပယ်လျက်။ရှေ့ယ်ရိုး
တံ။ရွှေရိုးခံလျက်။တွင်စံလှော်ရှတ်။သက်၍ရှုတ်သား။မှုတ်ထွက်
ထွာဝေး။ကြုတ်ဆင့်ထွေးက။ ခွေးလေးမသန်း။ ပန်းလည်းမရှုပ်။
ကုံးစပ်မပေါ်။ထော်လော်မထ။သွန်းပုံချသို့။တော့ါက်ပတံချဉ်း။တ
ကြိုတည်းလျှင်။ရုလည်းနံထောင်။ ထက်ဝဲခေါင်မှ။အရောင်ပြေး
ထွက်။အောက်သို့သက်မူ။နံနက်တထွေ။ ညနေတပါး။ညှဉ်သော်
ထွားသို့။ခြားခြားရွှေဆုတ်။ စိတ္တမှတ်လည်း။ ဥသဘရေး။နန္ဒင်း
သားကား။ဘဝါးညွှဲ့ရွှေ။ စောင်းတန်းခြေတည့်။ တထွေဆန်းပြု။
နန်းရတုဖြင့်။မျက်ရှုမျှော်ဒိဿ။ ဖြင်ပေါသီလည်း။ ဇိဝရဏ္ဍ။ရောင်
လျှံဘိတ်ဘိတ်။သန်လျှင်းချိတ်နှင့်။မှုတ်ဆိတ်ပျားစွဲ။ မျက်ရုံကြဲး
လျက်။ခဲလတ်လိလိ။မျက်စိငဲ့စောင်း။နှာမောင်းလိမ်ကွေ့။မကန်း
ရှေ့ဝယ်။ ခြသေ့်လည်ပြန်။ ဥဒေါင်းတွန်လျက်။ကွန်လတ်သည်
ကား။မှန်ကင်းဖျားတွင်။ပဏ္ဏမြားရံပတ်။ဇောတရသ်လျှင်။အထွန့်
ဘူးခေါင်။သောက်ရှူးရောင်ဖြင့်။သန်းခေါင်ညဥ့်ခန်း။နေနှယ်ထွန်း
လျက်။ကျယ်ဝန်းဘုံဆင့်။ပြူးပြူးတင့်သည်။ ။မိုးနှင့်တရှည့်မတ်
မတ်တည်း။

၁၅။ အလယ်ဆိုင်သား။လေးတိုင် သည်ခေါင်။ ရွှေလိုင်
ချောင်မှာ။ လေးမြောင်ဒွါရ။တံခါးဝတွင်။နှိမ့်ချရုတ်လျက်။ကြွက်
မောက်ဆက်သါး။အထက်နိမ့်မြင့်။သကျဉ်ဆင့်လည်း။မျက်ရှင့်
အတိ။နေခြည်ထိသော်။ငြိလတုံတုံ။ဆပ်သွားရုံလည်း။ရုပ်ပုံရေး
ချယ်။ခြူးသေးနွယ်လျက်။သွယ်သွယ်ညွတ်ကောက်။သင်္ကတင်
ရေဝံသား။ ရိုးခေါက်သွယ်ညွန့်။ တကယ်လွန့်သို့။အဟန့်ဗိလာ။
မောက်နိမ့်ပွါသား။ မျက်နှာခတ်လှည့်။ နဂါးကြည့်လျက်။ တည့်
တည့်ဆင်းချန်။ဌက်ဂဠုန်နှင့်။မရန်မဆန်။အစွန်အနား။သားရဂျေး
လျှင်။ထွေပြားသန့်ရှင်း။ ခပန်းရင်းက။ ဝင်းဝင်းနီနီ။ပဥ္စမိလည်း။
အပြီးလျှားရှည်။ ဆင့်ကာတည်လျက်။အသည်ထောင့်ပြည့်။ လ
ရောင်မှဉ့်က။ကြည့်လသောထွေ။ပျော်ပစေလျက်။မစေမကန်း။
လွှင်နန်းပြုံ ပြုံ့။သဘင်ချဲ့သည်း။ရိုးနွဲ့ချပ်ပုံ။ ကြာပဒုံနှင့်။ရုံရုံစေ့
စေ့။မြင်သမွေ့ရှုတွင်။တွေ့တွေ့ကြွက်ကြွက်။မျက်ခွက်မျက်လုံး။
ရင်ဘုံးရင်ဝ။ လက်မ လက်သန်း။ သွန်းရွှန်းလျှင်။ လည်ရန်း
ယောင်ပံ။ခါးဆံမြိုးပေါက်။ညီးညီးတောက်မျှ။နှစ်ယောက်ဘော်
စဉ်။ပျော်ဘက်ယှဉ်လျက်။ဝိညဉ်ဖွင့်ထား။အရှင်လားသို့။နှစ်ပါး
ညီညွတ်။ ရုပ်ပြိုးနတ်လည်း။ ဆွတ်ဆွတ်မြင်ချေ၊ ရွှင်လေလေ
လျှင်။ ကြင်သရေ တိုက်ချောင်။ ရိုက်သည့် မှောင်လည်း။ ရွှေ
ရောင်အာဘာ။ဝင်းဝင်းဝါမျှ။ရွှေကြာချပ်တိုင်း၊ပုလဲဆိုင်းတည့်။
ပြိုင်းပြိုင်းချဉ်ပုံး။ရောင်ခြည်ကူးလျက်။ညစ်ညူးညှိုးခဲ့။တိမ်ရိုးထဲး
က။ပြောင်ပြိုးစွာလျက်။နေဝါထွက်သို့။ နှစ်သက်ပြည့်ပြည့်။မွန်း
တည့်တည့်သော်။ ထပ်ရှဉ့်တရှိ။ ညီညွတ်ဘိသို့။ တိတ်ဝန်း၍။
စယွန်း စတို့။ သမ်း မို့မထင်။ ပြုစင်သန့်သန့်။ လရောင်ညွန့်သို့
ခေါင်ရန့်ရဉ်ပြင်။ပြည့်လုံးမြင်သား။ကောင်းကင်မှောင်ဝယ်၊ရောင်
နိကာယ်သို့။တင့်တယ်စဟန်။အုံ့သြလွန်မှု။ သမန်တလင်။ ပညာ
ဆင်သား။မြေပြင်တည်ထွန်း။လူမင်းနန်းနှင့်။ ကျယ်ဝန်းအစ။ အ
လှနိုင်းဆွယ်။တံတိုင်းရွယ်သော်။ ပြယာယ်တန္တ။ ပြက်ရယ်ပြု
သို့။ရှုစအင်ပျိုး။ရွှင်ပျော်နိုးလျက်။ ရိုးတထောင်တွင်။ ရွှေတောင်

သွင်သို့။မြင်သူအလုံး။မျက်စိကျုံးသည်။ ။စိတ်ပျုံး႟ွင်ပျုံဆွတ်ဆွတ်တည်း။

၁၆။ အလွန်မြင့်ဟုတ်။တိမ်ညွှန့်ထုတ်နှင့်။ ချုတ်ချုတ်ထိုးမိ။မိုးဖျားထိမျှ။အတိရမ္မ။ဥက္ကဋ္ဌဖြင့်။ ပုညအလျောက်။ မိုးထက်ပေါက်က။ဆောံနှင့်ထားမ။တစဉ်းရှသား။ တစမထင်။သဘောပင်လျှင်။ဘုံပြင်သာဟန်။နတ်ရပ်မွန်ကြောင့်။လစန္ဒရာ။အဝင်းမှာကား။ရွှေကြာရင့်ထွား။ပွင့်သောလါးသို့၊ဘားဘားလဉ်းကောင်း။ခတ်သွယ်လျောင်းမျှ။ဥဒေါင်းကတူ။ ဟူလည်းမရဲ။ဂဠုန်ဝဲသို့။ကြာဆွဲကြာယပ်။ကြာထပ်ကြာဘူး၊ ကျေးဌက်ခြုံးလည်း။မှုးမှုးပတ်လဉ်။မျက်ချဉ်တွန့်တွန့်။ကွန့်ရဂ္ဂန့်လျှင်။ လန့်လန့်ကြွမျှ။ ထလတ်ဘနန်း။မကန်းလိပ်ငါး။ အပါးပါးလျှင်။ ဆပ်သွားကာရန်း။သန်းသားကင်းမြီး။ကြက်မောက်စီး၍။လက်တီးကန်နား။ လည်ဆီးတားလျက်။မျှားသားအဌန့်။ရွှေဂ္ဂက်ညွှန့်ကို။ဖြန့်၍ထုပစ်။ ယချဖြစ်သား။အသစ်စဲးစဲး။ဗိုဝထဲးသို့။လက်ဝဲးလက်ယာ။ လိုင်သာကျဉ်းချောင်။လောင်လတ်လိလိ။ မီးကျို့းအလား။ညှိလျက်ထားသို့။ဘဝါးချနင်း။ကြမ်းတပျင်းလည်း။တဆင်း တည်းဘက်၊ ဝင်းဝင်းထွက်မျှ။ ရည်စက် ႟ွမ်း႟ွမ်း။ မျက်တိ မွမ်း၍။ ပွတ်ခြမ်းပွတ်လုံး။ ခပန်းဘုံးနှင့်။ ဖွဲ့ရွှတုံးရွှေချောင်း။ ရှောင်းရရောင်း လျှင်၊ မောင်းမောင်းစွေးစွေး။ ဝေွးဝေွးနီနီ။ နန်းဘီနန်းလျောင်။နန်းမဆောင်နှင့်။ နန်းခေါင်နန်းဖျား။ နန်းကိုးပါးတွင်။ တခြားသင်းသီးနတ်မင်းထီးတို့။ရောင်ပြီးပြဉ့်ပြဉ့်။ နေထွက်ထည့်သို့။ နတ်ဝည့်ပျော်႟ွင်။နန်းဦးကင်လည်း။ကျည်းရှင်ဂ္ဂက်လှ။တမုတ်မနှင့်။ သိပ်ချင်သွင်း။ဘိနပ်ခင်းလျက်။ စည်ကွင်းလက်ကောက်။ နေခြည်ကျောံက။ တောက်လတုံတုံ။ ရွှေတိပုံလျက်။ရောင်ဟုန်ဝေဝေ။ရွှေမှတကွဲး။ငွေတည်းလဲးမှု။ဆင်းရဲးစနိုး။ရွှေမိုးရွှေခြင်။ ရွှေစင်ရွှေကောင်း။ရွှေပျောင်းရွှေပျော့။ဖွေးသတေါ့နှင့်။ခပ်ပြေ့ညှိပြာ။တချိုဝါကား။ဆရာပန်းချီ။ဆေးစွန်းညီသို့။ သိဂ်ရည်ရှနွံ့။ မိုးကြိုးမုန့်နှင့်။ဂဠုန်အန်ဘတ်။ ပျော်ခတ်ဘက်လက်။ရောင်ခြည်ကွက်၍။

သက်သက်ပြည့်ပြည့်။သံတောင်းလည်တည့်။ခပ်ကြည်သွင်သွင် အပြင်တလီ။ပုစွန်ဆီလည်း။ရည်နီကြောင်ကျား။သွယ်မြောင်ခြား လျက်။ တပါးကြွန်ကြွန်။ တဘန်ကြွတ်ကြွတ်။ တလတ် ကောင်း ကောင်း။မှဥ္စသော်မောင်းသား။ခပေါင်းအရည်။ ရွှေကိုးမည်တွင် ရောင်ခြည်လွှင့်လွှင့်။အဆင့်ဆင့်သော်။ အတင့်ကျော်ဟု။ ဘော် ဘိသကဲ့။ရှုစရဲ့မှု။ပြိုး ပြိုး ဝင်းဝင်း။ဆန်းကြွယ်ခြင်းဖြင့်။ တတင်း ကြက်သီး။ စက်နှုယ် လျှိုးသား။ မြေကြီးစိုးပိုင်။ နန်းဦးကိုင်နှင့်။ ပြိုင်သော်ရှုံးလှည့်။မိုးလုံးပြည့်သည်။ ။ကြည့်ကမှုးမှုးပတ်ပတ် တည်း။

၁၇။ ကြီးမားမြင့်ရွေ့။ ကောင်းကင်ကွေ့ဝယ်။ နေ့လည်း နေ့ခန်း။နေ့နှုယ်ထွန်းမှု။ နေဝန်းဝင်ချုပ်။ညည့်တည်းအုပ်မူ။တိမ် ပုပ်မည်းညစ်။ရှင်းရှင်းလှစ်လျက်။ ထစ်ထစ်ပထင်။လဒအသွင်သို့။ မိုးပြင်မှောင်ခဲ။ဖြူရောင်ကြဲလျက်။ နေ့ပွဲရော်ပြန်။တဘန်ပြောင် ပြောင်။မီးရှူးထောင်သို့။မျက်မြှောင်စိမြွ။ ရွှေဒိမ်သာနှင့်။ လျှော် စွာလည်းကောင်း။ မြောက်ခတ်စောင်းက။ လေကြောင်းပင့်ယှဉ်။ နတ်ဥယည်လည်း။အချဉ်အချို။သစ်တိုသစ်နီ။သတီသတောင်း။ ဖွေးဘအောင်းတည့်။သင်းပေါင်းသမီး။ဒိမ်ဇီးမန်ကျဉ်း။တောင့် တလည်းနှင့်။စရည်းရှစ်ရှား။သဘန်းခါးတို့။စောင်းရှားကမ္ဗလာ။ ထောက်ရှာတည်သီး။ညီးရရည်းလျှင်။ လုံးကြီးကျွဲးကော။ဟက် ပျောသီးရှည်။ သစ်မည်စည်လည်း။ ပျားရည်ရောရ။ နတ်ရတု ဖြင့်။ သီးနှုရှိလင့်။ သီးမာရင့်လျက်။ မှည့်နှင့်တချို။ နတ်မင်းတို့ သည်။ ။ချစ်ပျိုလေးလေးမြတ်မြတ်တည်း။

၁၈။ ကြွေ့ကြွေ့ချစ်ပျို။ညှို့ရရို့နှင့်။ တချိုတဆန်း။ မှည့် ရွှေစွန်းလျက်။ နန်းသို့ရင်ဆိုင်။ မျက်နှာပြိုင်ဖြင့်။ ဂနိုင်တောလုံး။ သီးမျိုးရုံးသား။ ပဒုံးဟင်းစား။ သခွါးပြေုတ်။မျောက်လုတ်မှတ် အော။မင်းပေါမင်းပြာ။ဖာလာကြဝေး။ကျွေးနှင့်ခရမ်း။ စင်ပွမ်း သထွတ်။ ချည်ပြတ်လင်ရှော။ ကလောခံစပ်။ သနပ်နစွဲး။ပိန္နဲးသ ရက်။ဇမြက်မြမြ။ အရသာမျိုး။ ကနစိုးလည်း။ခက်ကျိုးညွှတ်မှု။

ဆွတ်မတတည့်။ပင်ခတမွတ်။ ရင်ခတ်ရင်ကမ်း။ နတ်ရပ်ကွမ်း လည်း။ ရိပ်ချမ်းမရိုး။နတ်တန်းခိုးဖြင့်။ ခက်ရိုးမြမြ။ပင်လှတန္တန်း။ ထန်းနှင့်အုန်းလည်း။ဘုန်းလည်းကောင်းသာ။ အကြောင်းစွာဖြင့်။ သုခာထက်ပြည့်။ ထည့်လတ်တုံပြီး၊ ညိုးညိုးညီးမှု။ ခိုင်ပြီးလှ လျက်။ခက်လက်ကုန်အောင်။ရွက်ဖူးခေါင်သည်။ ။ရွှေရောင် ဝွေးဝွေးစွတ်စွတ်တည်း။

၁၉။ အထူးထူးသား။ပင်လူးထက်ပျို။ခက်ရွက်ညိုမှု။မှဉ့် ချိုမြေက်။ပဲ့တက်နွယ်ငန်း။လုံးဝန်းတိတိ။ ခရမ်းပိလည်း။ ဘုန်း ရှိစားဘို့။ကစ္စိုကစော့။မှန်တော့မှန်လာ။ တမာတမဲ။ ဥန္နဲကြရ။ ကဏ္ဍုခတက်။ဘက်သက်ဘက်အုပ်။ဝါးလက်ချပ်နှင့်၊ ရေမြုပ် ကြိမ်သီး။ ညီးညီးမရှား။ သစ်ကျားသစ်အယ်။ ယိုးယယ်စယို။ ဓာတိဖ္ဖိုလ်နှင့်။ကြိညိုကြိမြူ။သစ်အူသစ်ထော်။ လဲးလော် ဝက် ခေါက်။ရှောက်နှင့်ပိတ်ချင်း။မှန်လျှင်းမှန်ကူ။သစ်ဆူကြောင်လျှာ။ နွေခါသရစ်။ဥသျှစ်မှည့်ဝင်း။ရန်ညင်းငရုတ်။ကျေးနုတ်ခပေါင်း။ စားကောင်းသမျှ၊ကာလမင့်။အသီးဖွံ့သား။ ဖေါက်ကြို့စောင်း ထောင်။ ပညောင်မှည့်ရွှေ။ သပြေသဖန်း။ လင်းလွန်းပြည့်စင်။ ခြေအင် လိမ်တော။ နှစ်သိမ့်ပျော့မှု။ သဘောစုးစမ်း။ နတ်ရပ် တမ်းဖြင့်။မှည့်ရွမ်းကင်းနု။သုံးထွေပြုလျက်။ လူသူ့အလိုက်။ မြေ ဝယ်စိုက်သို့။အမြိုက်မြိန်နံ့။ ပျံ့ပျံ့တည့်။ အနံ့တက်ပြည့်။ထြ ဓာထည့်သည်။ ။သီးလှည့်ကျိုးခန့်ပွတ်ပွတ်တည်း။

၂၀။ အခြားအခြား။ရံဝိုက်ထားလျက်။ရွက်ပါးရိုးညှံ့။ငရုံ့ ပတူ။မအူပျဉ်းထိမ်။ဝက်ကြိမ်သိမ်မွှေ။ကျည်ပွေ့လုလင်။သင်း ဝင်မျော်ငို။ရာသိုလဲးအုံ။ကင်းပုံကျီးအါ။ချိုစွါစွါလျှင်။သကါရဉ် ခဲး။မတူဘဲးမှု။သင်တွဲပဲးလင်း။ဆူးချင်းသစ်ဆိမ့်။ပင်နိမ့်ပင်မြင့်။ စွင့်စွင့်စွန်းစွန်း။ သွန်းသွန်းသွယ်သွယ်။ ကြီးငယ်ဖိပ်ဖိပ်။ပင်ရိပ် မြိုင်မြိုင်။သီးခိုင်လူလူ။ပွင့်ဖြူဝေဝေ။အထွေထွေလည်း။ဖြည်းလေ ခတ်ဇွေ့။ တွေ့လမုကား။လူနှယ်ယားလျက်။ ရွက်ဖျားမထိ။ ပင် ခြေချိုလျက်။ဓာတိတည်ဦး။နတ်ပြည်ထူး၏။ငုံဘူးမလပ်။ ပွင့်ချပ်

မညွှိုး။သီးစပျိုးမှ။ဆိုရိုးမိတ်လင်။ သာရွှင်နှစ်တွေ။ မိတ်ဆွေနှစ်
ရုံ။ပန်းမန်တုံလည်း။ ရွှေဘုံမိုးသား။ တန်းခိုးအားဖြင့်။ စကားရွှေ
စက်။ ပုန်းညက်ရွှေလှော်။ ကံ့ကော်ရွှေသွေး။ မုလေးရွှင်ပြုံး။
ကြက်ရုံးရွှေသား။ခရေးရွှေဝါ။ဇသထာရွှေပေါက်။ ပိတောက်ရွှေ
ဆင်း။အင်ကြင်းရွှေတူ။ ပျည်းပြူရွှေရောင်။ လယ်ခေါင်ရွှေစွန်း။အခ
နန်းရွှေလှော်။စွယ်တော်ရွှေစွတ်။ ဘက်ဆွတ်ရွှေလူး။ ထင်းရှူးရွှေ
ဟန်။သရက္ခန်ရွှေဘက်။ထန်းချက်ရွှေညှော်။ တောရှော်ရွှေသား။
ကြံစားရွှေဝင်း။ တန်ဆင်းရွှေပြီ။ ကတ္တရီရွှေနှုန်း။ ဂမုန်းရွှေလား။
ဆပ်သွားရွှေဆီ။သရဘီရွှေနည်း။စရည်းရွှေကဲး။ ဘိန်းနွဲ့ရွှေနိုင်း။
ထားဝယ်မှိုင်းနှင့်။ မြစ်ကိုင်းတောင်ကြာ။ ခတ္တာမိုးရွေ၊ သင်းခွေ
ကြက်မောက်။ပေါက်လည်းလေးပါး၊ ပန်းထင်ရှားနှင့်။ နဂါးပန်း
ထူး။ဆိတ်ဖလူးကာ။ကွမ်းဘူးကွမ်းလင်။ ညွန့်ရှင်ခက်ဖြာ။ ပရဝါ
မြသွေ။အသော်ကတို့။ နိစ္စမခန်း။ ထုံရိုးမွှန်းလျက်။ ရွှန်းရွှန်းရွှင်း
ရွှင်း။ ပန်းခပင်းကို။ လေညှင်းပို့လာ။ နန်းသို့ သာလျှင်။ မျက်နှာ
တူရှု။ဝတ်ဆံပြုလျက်။နံ့ကြူလှိုင်တက်။ကြိုင်စေလျက်တည့်။ ပင်
ထက်ယော်ရောင်း။ရွက်ပေါ်ဟောင်းဖြင့်။သန်တောင်းလခွေ။ရှင်း
ရှင်းကြွေ၍။ပင်ခြေမြင့်မြင့်။ခက်ဆင့်ရှိမ်းရှိမ်း။ရွက်စိမ်းသန့်သန့်
မြနှယ်ညွန့်မှု။ လိုလွန့်မပွင့်။ လူလျှင် ချင့်သို့။ စိစွင့်ဆီဆိုင်း။ခက်
ကျိုင်းဖြင်ပည်း။ တညီတည်းလျှင်။ သုတ်ဖြည်းလေကောင်း။ နံ့
သစ်လှောင်းလျက်။တပေါင်းလည်းကြူး။ လတန်ရူးသည်။ ။
ပန်းဦးပေါ်စလတ်လတ်တည်း။

၂၁။ ဆိုင်းရရိုင်းသား။ ပန်းတိုင်း ခတ္တာ။ ရွှေရင်း မာနှင့်။
မဟာလှော်ကါး။မုရားရွက်သွန်း။မျက်နှာပန်းလည်း။ပွင့်ဆန်းမပွင့်။
ရိုးတံမြင့်လျက်။ ခါသင့်ဆုံးဖြတ်။ကြိုင်ကြိုင်လွှတ်၍။ စိမ်းလတ်
ရွက်ညို့။ ထိုပန်းတို့တွင်။တချို့သံဘက်။ ခက်လက်ဆွကြွ၊ ပွင့်
ရိပ်ပြမှု၊တဝကမ္ဘ။အဟံဇာနား။ စကားရှစ်ခွန်း။ နှုတ်စောင်ရန်း
ကို။ဖြန်းကြသေါ်အား။သိဘိလားသို့။တပါးလိုလွန့်။ဦးမချွန့်တဉ့်
ဗိမာန့်သနင်း။နတ်မင်းတစ်။အလိုရှိမှု။ပီတိဆွတ်နှူး။ခက်လက်ထူး

၍။ပွင့်ဘူးမပိန်။ရွှေရည်မိန်သို့။ဇာနန္ဒီလာ။မြရွက်ညှာနှင့်။ သန္တာအရိုး။ဝတ်ဆံထိုး၍။ဖြိုးဖြိုးကဲလွန်။နှံ့မြူးဝှန်မှု။ ချိန်ချန်ပွင့်နှင့်။ခါမလင့်တည့်။ခါသင့်သရစ်။ရောက်တုံလစ်မှု။အမြစ်ငါးဖြာ။ ရွက်ညှာကိုးမည်။ပွင့်ရည်ခြောက်ဆိုင်။အခိုင်ခိုင်လျှင်။ တပြိုင်ညီရုံး။သိမ့်ရွှေကုံးသို့။ ခက်ပြိုးရွက်ရှင်။ မြပင်ရိုးထွန်း၊ ပွင့်ရောင်ဖြန်း၏။နတ်ပန်းဘာသာ။နတ်တည်ရွာ၌။ ပျော်ရှာစေခြင်း။ နှင်းလည်းမဖျန်း။ရေသွန်းမတွေ့။မျိုးစေ့မကြဲ။ ဆင်းရဲမနှောင့်။ ဆိုးအောင့်မကြည်း။လက်သည်းမပြုန်း။ နတ်တို့ဘုန်းဖြင့်။ သီးတုန်းပွင့်တုန်း။ခါဆုန်းမြော် ထောက်။ မျက်ဖျော် လျှောက်သား။ မြောက်ကာ ဥယည်။ စပ်ကာယှည်လျက်။တောင်စည်ခန်းဝါ။ နန်းလကျ်ာက။ဆိပ်သာကျယ်ကွင်း။ တလယ်ခင်းမှု။ ခြေနင်းမြကျောက်။ ချိုးငြိမ်းသောက်သား။ ပေါက္ခရဏီ။ ခေါ်ညီတွင်စွာ။ ရေကန်သာလည်း။ဝါတာလေမင်း။ ပန်းခပင်းကား။ လေညှင်းပျံ့ပျံ့။ ရနံ့ထုံရည်။ကြည်းကြည်းကြည်လျက်။ ငါးမည်ကြာရွှေ။ ပွင့်ချပ်ဝေမျှညနေရိမ့်မှောင်။ ဝတ်ဆံ ရောင်သည့်။          ။လယ်ခေါင်နီရည်ထွတ်ထွတ်တည်း။

၂၂။ ချမ်းမြေ့လွန်၍။ရေကန်တန်ဆာ။ရံအင်္ဂါဖြင့်။ဟင်္သာဝမ်းဘဲ။ ပျံ့ဝဲလည့်ရှက်။ကြင်ဘော်ဘက်နှင့်။ခြေလက်ညောင်းဆန့်။ ရွှေတောင်ဖြန့်လျက်။ မြူးကွန့်စလာ။ ရွှေကြိုး ကြာလည်း။မကွာဘူနေ့။ဘော်နှစ်ဆွေဖြင့်။ သံခြေရင့်တွန်။ချစ်တင့်ဟန်ကို။ကဲလွန်ဆင့်မို၊မျက်ပွင့်ဆိုလျက်။ မယ်ညီုသောင်တင်း။ ရွှေပိန်ညင်းလည်း။ ဘော်ချင်းငယ်ဘက်။ ရည်ကြလျက်တည့်။ငှက်၏ဘာသာ။ခြင်းရာတောလို။ ဝမ်းထဲသိုလည်း။ဖရိုဖရဲ။နှုတ်ထွက်ကြဲလျက်။ဆွေညဲမောင်နှံ။ နေရောင်ခံ၏။ ကမ်းယံမှီခိုင်း။ရွှေဥဖြိုင်းလည်း။မရိုင်းထိုဝယ်။ချစ်ရိပ်သွယ်လျက်။ လည်နွယ်ခေါက်ချိုး။ရေအောက်လျှိုး၍။ ကြာရိုးကြာစွယ်။ နံ့ကြွယ်ပျံ့ရာ။ကြူးစရှာ၏။သာရာရွှင်ပျော်။ကျွမ်းဝင်ဘော်သား။ဇင်ယော်မြစ်တွေး။ချစ်သံလေးနှင့်။ဝေးကာရလျှင်။ရတုရေဖျန်း။နတ်တို့ပန်းဖြင့်။ ရွှန်း

ရွှန်းရွှင်ရွှင်။ ဖြင်မရတတ်။ချည်ခင်ဝတ်တုံ။ ဆွတ်ဆွတ်ကြင်
လွှန်း။မိတ်ခင်ပွန်းနှင့်။ပျံသန်းပျံကြွား။ရေပေါ်လွှားလည်း။ခြေဖျား
မစွတ်။ရွှေတောင်ခတ်လျက်။နတ်ကားမဟုတ်။ တန်းခိုးရှုတ်သို့။
ပျံသုတ်မြှောက်အား။ ခြေထောက်နားလည်း။ တပါးမဝေး။ ရေ
ကျေးရေကြက်။ မြူးထူးလျက်တည့်။ရေထက်နားတုံ။ ကြားနာ
တုံလျှင်။စဲးခုံပြင်ဖြူ။ စဲးတန်းလူထက်။လွှယ်ကူမည်ပြု။ ဖြစ်စေလို
က။ကိုယ်ကိုစီရင်။ဌက်ရုပ်သွင်သည်။ ။ဆောလျှင်ခဏသွတ်
သွတ်တည်း။

၂၃။ ဝါဆိုဝါခေါင်။လေပြင်းဆောင်၍။ ဆင်ပြောင်ရှိရှိ။ တ
ပိုးဗိုလည်း။ကျိုကျိုကျုကျု။တခုရလောက်။ ယင်တသောက်မျှ။
မနှောက်စမြဲ့။ ကြပတော့ဖြင့်။ စက်မွှေဘော်ယည်။ ပျော်ဘက်
ယှဉ်လျက်။ ဗိည်ဥ်ရှင်ရှင်။ ပန်တော်ဝင်နှင့်။ သဘင်ရေချိုး။နတ်
တို့ကိုး၏။ ရွှင်နိုးရွှင်ပျ။ တစက်ကျမှု။ မြမြချမ်း၍။ သိတမ်းစိမ့်
စိမ့်။ငြေငြိမ့်မှု။ နှစ်သိမ့်ပျော်ဘွယ်။ ကန်သာကျယ်၌။ အလယ်ဗ
ဟိုဋ္ဌ။ ရွက်ဖျားညိုနှင့်။ရည်ချိုလေးလေး။မွှေးရခွေးသား။တွေး
တွေးဝါနီ။ဝတ်ဆံစီလျက်။ရှုဇီချစ်ထပ်။ ချပ်ရရပ်တုံ။ လှပ်လှပ်
ဝန်းလည်။ညွှန့်ညွှန့်ရှည်လျက်။သာကြည်ရှုန်းရှုန်း။တဖြုန်းဖြုန်း
လည်း။ ပိတုန်းအပေါင်း။ ပန်းရက်တောင်း၏။ လှောင်းလှောင်း
ကြိုင်ပျံ့။မြင်သူအံ့မှု။ဝတ်ဆံ့အလျောက်။ကောက်ရရောက်လျှင်။
မြခေါက်ရိုးမြင့်။ ဖြိုးဖြိုးတင့်လျက်။ တပင့်အနက်။ မြည္ဘာချက်
ဝယ်။ငါးခက်လည်းဖြာ။ ငါးပွင့်ပါလျက်။လက်ျာရံလည်။ ရောင်
လျှံခြည်နှင့်။ ရွှေရည် ဆံဝတ်။ ကြာတောင်ခတ်သို့။ နတ်တည့်
တန်းခိုး။ငါးကြာမျိုးတွင်။ ချိုးလည်းမွှမ္မ။အလှခြောက်ရုံ။ ကြာပဒုံ
ကား။ ဆုံသားတိတိ။ မရှိပလေ။ အံ့ပစေလျက်။ ရွှေတန်ဆောင်
နှယ်။ပွင့်ရောင်ကျယ်၏။ အံ့ဘွယ်တထူး။နှာခေါင်းရူးမျှ။ ကျူးတို့
လှည့်စွာ။နတ်တည့်ရှာမှာ။ ဝါဝါခတ်ပြင်း။ ချင်းချင်းချက်ချက်။
သန္တာခက်သို့။အရွက်ကွဲးလမ်း။ ဟင်းရမ်းထော်ပြည်။ ရွှေလှော်
ရည်သို့။ ရိုးရှည်ကန်စွန်း။မှော်ရွက်ဝန်းလည်း။ ဆန်းလတ်သော

ထွေ။ ဝတ်ဆံချွေလျက်။ နတ်ရေခန့်ချုံး။ ကန်အလုံးလျှောင်။ကြွတ်ဖုံးဖွင့်လျက်။ခန်သရက်သို့။လှိုင်တက်ပေါက်ပြ။ လေညှင်းထမှူ။ကြွကြွချင်ပွတ်။ ရွှင်ဆွတ်ဆွတ်မျှ။ လတ်လတ်အသစ်။သရစ်စဲးစဲး။သလဲးရွက်ပုံ။ ပြင်စဲးခုံဝယ်။ စွယ်ရုံမျက်လုံး။ ရောင်ခြည်ပြိုးလျက်။ ပျည်ခုံးသယောင်း။ လှေသိန်းသောင်းနှင့်။ ပွဲပေါင်းတင်တင်။ခင်တယင်လည်း။သွင်ပြင်ကောင်းထူး။ ဥဒေါင်းမြူးသို့။ ရွှေခြုံးလိမ်ရှက်။မှော်ရွက်နရိုး။ ဆောက်လုံးထိုးလျက်။ ညှိုးညှိုးညီးညီး။ရုပ်ကြီးရုပ်ငယ်။ရွှေကြယ်အတိ။ မျက်စိမှော်ကြည့်။ ရှုပျော်လှည့်လျက်။ နတ်တည့် ရှေးဘုန်း။ ရေးသည် ဆုန်းဖြင့်။ ဥဒုန်းစကား။ထားလည်းကြီယူ။တကူလက်ထောက်။ ကြွက်လျှောက်နံ့ထောင်။ မခေါင်မပျပ်။စေ့စပ်တိုင်းတိုင်း။ အမိုင်းအဆစ်။အပြစ်မထင်။ကြောင်ဝင်အုပ်အုပ်။ ချွန်းဆက်ချုပ်လည်း။ မလျှုပ်မရှား။ထန်းတဖျားသား။ ပွဲနားဦးစွန်။ ရွှေဘန်ခွန်လည်း။ လည်ပြန်လှန့်ချောက်။ ခြသေ့်ဟောက်သို့။ အောက်ကသားရဲး။ မိကျောင်းခဲး၍။ကျဲးစဲးအံ့သွား။မာန်ကြွားကြွားတည့်။ မားမားမောက်မောက်။ရွှေနောက်တို့ကို့။ပျိုလည်းပျိုစေ။ သွန်းသွန်းခွေလျက်။ ကြန်သေသင့်ထား။ဝပ်သည့်ဘားထက်။နဂါးလည်ခေါင်း။ကျဲးစဲးကောင်းနှင့်။ရေကြောင်းရန်ဆန်။ဗိမာန်မကွာ။ချမ်းသာမကင်း။ ဝင်းဝင်းဝေးနိုး။ နတ်သွီးမရှား။ နတ်သားဖြင်ည်း။ လှတင့်ရည်းလျက်။ခြည်းခြည်းချင်းချင်း။စောင်းညှင်းအဲးအန်။ ခြေငံထက်ဝန်း။ သာစခန်းနှင့်။ ရေနန်း အိမ်ဆောင်။ တပြောင်ပြောင်လျှင်။ မိုးခေါင်ထက်ဘုံ။မြင်လှည့်တုံသည်။ ။အာရုံလတ်လတ်ဘတ်ဘတ်တည်း။

၂၄။ ဤသို့ရုံလှည့်။အင်လုံးပြည့်သား။နတ်တည့်ပြည်ရွာ။မြင်သောခါလည်း။ကြေညာထိန်းကျောင်း။ဦးခေါင်းမှန်ကူ။ တန်ခွန်ပြူက။ဇမ္ဗူကြူးရိုက်။မူးမူးမိုက်မှု။ ဟိုက်ဟိုက်တုန်ဘိ။ ဘုန်းတော်ရှိသား။နေမိမင်းခေါင်။ မင်းများနောင်ကား။ တိမ်တောင်စပ်ကြား။မထိပါးတည့်။ ရထားနှင်တတ်။ သိကြားမတ်ကို။ မိုး

လတ်တန့်နား။မြင်းဦးထားလျက်။ဝမ်းပါးနှစ်ထောင်း။အကြောင်း သိကုံ။မေးလတ်တုံ၏။ အပုံအယင်။ မြန်တိုင်းခွင်ဝယ်။ ဦးတင် ထွတ်ဖျား။ငါမင်းအားကို။ ရထားမြင်းလျင်။ ယှဉ်လှာတင်သည်။ နတ်ရှင်ယုံဘိ။မာတလိ။ ။မိးကျို့းအရောင်။လောင်သလိုလို။ ကောင်းဟင်ညှိဝယ်။ ဆိုသည်း မယုံ။ တောင်မျက်ပုံသို့။ ရွှေဘုံ ပြောင်ပြောင်။ရွှေရောင်မြိုးမြိုး။ ရွှေမိုးလတ်လတ်။ ရွှေကြယ်ခတ် လျက်။ရွှေပွတ်ရွှေတိုင်။ ရွှေလိုင်ရွှေချောင်း။ သိန်းကုံးသောင်းနှင့်။ ခပေါင်းမှည့်ခါ။ကြည့်စပါလည်း။ ခတ်ဝါဖြော့ဖြော့။ တန်လျှင်း တော့သား။ ပျော့ပျော့ နီမြန်း။ လယ်ခေါင်ရန်းသို့။ ကျယ်ဝန်း ဖြောင့်ဖြောင့်။ ရှစ်ထောင့်မိမိ။ ကြန်ညီထုပ်လျော်။ အောက် ကလည်းကို့။ ယပ်ရှို့သာလွန်း။ နတ်မင်း နန်းဟု။ ရွှန်းရွှန်းလ တောက်။ မိုးတလျောက်ဝယ်။ ရိုးထောက်ကိုးတောင်။ ရှုက်ပြူ ဆောင်လျက်။ ရွှေညောင် သွင်သွင်။ ရွှက်ရှင်လူလူ။ ရွှေချူသွယ် ရှက်။ ကိုးမည်မျက်လည်း။အထက်ပြည့်ပြီး။ ကြည့်မရဲနှင့်။နတ် ပွဲးမဆိတ်။ ညိုးညိုးညိတ်တည့်။မှိတ်သားမျက်စိ။ မရှိလေသာ။ ရကနာ ပြောက်ကန်။ ရွှေခုံပြန်ထက်။ မာန်မလွတ်သေး။ ချစ်နှံ့ မွေးမှု။ ငယ်သွေးပျိုနှိုး။ သောင်းထိပ် မိုးလျက်။ တန်းခိုး ပြော ကျယ်။ လွန်တင့်တယ်သည်။ ။အဘယ်မိုးနတ်သားတည့် နည်း။

၂၅။ ပေါက္ခရဏီ။ နန္ဒရေကန်။ ပန်းမန်သစ်သီး။ တပြည် ထီးဖြင့်။ယိုစီးကျပေါက်။နေခြည်ကျောက်သို့။ရောက်လတ်စဦး။ မမြင်ဘူး သော်။ မိန်းမူးခြိုးမြှင့်။ တဖင့်ဖင့်လျှင်။ ချစ်ခွင့် သိရိ ဗိရဏီ နှင့်။ သိဂ်ဓ လိုင်ချောင်း။ နန်းတန်ဆောင်ကို။ မင်းခေါင် စေ့ရေ။ခြိုးမွမ်းချေ၏။ ရိုသေနှိမ့်ချ။ သည်မှာမှတည့်။ ပြောပဲ့း ချိုး။အံ့ဘွယ်ကြိုးရှင့်။ ခရီးထွက်ထွက်။ ခေါ်ငှက်ထူးထူး။ ကျေး ဖူးထင်ထင်။ ဘေးမမြင်တည့်။ ငါလျှင်ကောင်းဘို့။ နှစ်လှို့စေရ။ နိမိတ်ပြသို့။ ကြိုးကြာ့ မြည်သံ။ ကျည်းရှက် ယံကို။ လက်တံ ညွတ်ညွတ်။ တချက်ခတ်က။ လတ်လတ်လက်လက်။ ကျည်း

ရှင်ထွက်၍။ အထက်ဝင်းဝင်း။ပြင်ထုတ်ချင်းလျှင်။ အလင်းစိုက်ထောင်။ ရိုက်သည့်မှောင်လည်း။ ရွှေတောင်ဟူပြို့း။ ညည့်မရှိသို့။ ဇာတိ ကောင်းထွတ်။ ဥပပတ်ဖြင့်။ မိုးနတ် စင်စစ်။ ဖြစ်စခေါက်ရက်။ တပြက်ပြက် သား။ ကြက်သရေထုံ။ ရွှေစင်ပုံသို့။ နောင်ယုံနတ်ကို။ ရှုယ်လည်းပျိုလျက်။ နတ်ချိုပျှံ့ပျံ့။ နန်းလုံးနှံ့က။ ရှိ့ရှိ့ကျှုံကျုံ့။ယုံ့ယုံ့ယူးယူး။နဖူးရှိတင်။ ညွတ်ကြည်လင်တည့်။ရည်ရှင်မျက်ပြစ်။သဂ်ျစ်ရွှေပေါင်း။ မြနားဒေါင်းနှင့်။ မျက်ကောင်းပည်းထူ။ သရဘူ တန်ဆာ။ လည်မှာဆန်းကြယ်။ ဆဲ့ကိုးသွယ်သား။စလွယ်ရောင်ချက်။ ပွန်အမျက်ထက်။ သက္ကဒါန်ထောင်။ချယ်စိမြောင်လျက်။ကြောင်မျက်ခွဲးနှင့်။ ပုလဲးသန္တာ။ အချာရှုပ်သိုင်း။သင်တိုင်းဆင်ဝတ်၊တင့်လှမြတ်မှူ။နဂပါတ်လည်ရက်။ရွှေချည်ရက်သား။ခက်လက်ညွှန့်ဖြာ။ ပဒေသာမှ။အညှာမပျက်။အရွက်မပဲ့။နွဲ့နွဲ့ခိုင်ညွှတ်။ဘူးခေါင်ဆွတ်သား။ လတ်လတ်သစ်သစ်။ စနစ်မပျောက်။ ပိတ်အခေါက်ဖြင့်။ မြကျောက်လှပ်လှပ်။ ကျည်းတို့ဖွပ်လည်း။ မစပ်လှည့်ကျင်။ ကိုယ်ပေါ်တင်၍။ ရည်ရှင်ရွှင်းရွှင်း၊လေးထောင့်ခင်းနှင့်၊ မှန်ညင်းရုံဗိတ်။ သရစ်ပိတ်သား။ ဘိတ်ဘိတ်လတောက်။ လက်ကောက်သက်စွပ်။ စကျပ်စင္ဆေ့။ကြွေ့ကြွေ့အဖြုန်း။ ပြုန်းလသော့လား။ ခန်းနားစည်တန်း။ မနော့မှန်းသား။လင်ပန်းသမွေး။ သောက်ရေကျွေးလည်း။ ဝေးဝေး မဆုတ်။ ရွှေစင်ခုတ်သို့။ မှုဘ်ကတောက်နိုး။ မောက်မောက်ပြိုးမျှ။နရိုးဆယ်တန်။ ရွှေကြာပြန်နှင့်၊အပွန်လုပ်သစ်။ ရွှေဒိုးဖြစ်လည်း။ကျစ်လျစ်ဘိသည်။ရွှေတော်တည်လျက်။ အမည်ထွေပြား။ဖျည်းကရားနှင့်။မရှားလှည့်တုံ။မင်းခမ်းပုံလျက်။ ရောင်ဟုန်နွယ်နွယ်။ပြောင်ပြောင်ကယ်သည်။ ။အဘယ်မိဘုရားတည့်နည်း။

၂၆။ ဘုန်းချင်းတွေ့ဆုံ။ချစ်ရိပ်မြို၍။ ကြေးမုံထင်ထင်။သွင်ပြင်လျှလျှ။ နှုမှလည်းကောင်း၊ ဆွေမပြောင်း၍။ တောင်စောင်းလက်နိုး။ တပွင့်ထိုးနှင့်။ ညီးညီးတခြား။ မယားပိပိ။ကလျာဏီ

ဖြင့်။ငယ်ချိုငယ်ပိုး။ဆွေမျိုးသားချင်း။ဆွေညဲ့မင်းတို့။ကျိုးကျင်း ရယ်ပြုံး။ယခင်ထုံးလည်း။ ရွှေကုံးဆင်ရစ်။ပန်နှစ်ဂိဝါ။ ကောသာဝိန်ပွင့်။ ကြာနှင့်မြလျှောက်။ တင်ညှောက် ပျပ်ပျပ်။ ဖြူးကသပ်သား။ ဆံစပ်ရေးရေး။ သွယ်ပတ်ကွေးလျက်။ ဆယ်လေးတင်းတင်း။သနစ်သွင်း၍။ မင်းတို့အစည်။ ဆံလျှည်မျက်မြွာ။ ကညွှာလာလည်း။ ခြူးကြာ ပြောက်ကွင်း။ တနွတွင်းလျက်။ ခတ်ပြင်းရည်နု့။ ရောရုရည်ကောင်း။ အခြည် လောင်းမှု။ နားဒေါင်းအရောင်။လောင်လလိလိ။ရှိရှိအရွယ်။ ငယ်ကားငယ်သူ။ နံ့ကြူလှိုင်တက်။ ကြိုင်ကြိုင်ထွက်သား။ ကိုယ်ညက် မွှေးမွှေး။ ငယ်သွေးကြည်းကြည်း။ ရွှေပုလည်းနှင့်။ ရထည်း ပေါ်လွင်။ ပခုံးတင်ဖော်။ ငယ်ပြင်ငယ်လွန်း။ ငယ်သွေးစွန်းလျက်။ ပန်းနှင့်တူစွာ။ ဂုရုသာလည်း။ကလျာငယ်ဘို့။ရင်ခေါင်ဆို့နှင့်။ တချို့ငယ်ဘော်။မြတ်စို့ပေါ်လျှက်။ မျက်ဖျော်တထူး။ ရှက်ခေါင်ဘူးသို့။ တိကျူးဝတ်သန့်။ပန်းညွန့်ညွန့်နှင့်။တွန့်တွန့်ကွေးကွေး။ ဝတ်ဆံနွေးသို့။ငယ်သွေးငယ်ယောင်။ငယ်ပြင်ဆောင်လည်း။ကြက်တောင်ဆံစည်း။ ငယ်ချင်းရည်း၍။ခမည်းမောင်မင်း။သံညှင်းခေါ်ဆက်။ မိုးထက်မိုးသူ။ပျူပျူ။ဌါဌါ။ခြင်းရာနှစ်သိမ့်။ညှိုးညိုးပြုံးမှု။ဝိမ့်ဝိမ့်ကျုံကျုံ။ ဆုံ့ရှုံ့၍။ပုံ့ပုံ့ပွပွ။ဆွရရွလျှင်။အလှမည့်။ ဖွံ့ရရွန့်တည့်။ တွန့်တွန့်သွားလား။ ရွှေဘဝါးလည်း။ မျှားမျှားမပြ။ ထိကာချလျှက်။ လျှလျှ ချပ်ချပ်။ သပ်သပ်ရှင်းရှင်း။ ကျင်းကျင်းသွယ်သွယ်။ ပြယယ်ခြင်း။ထွေငေါင်သား။မိသီမောင်းမ။ထောင်မကနှင့်။ စံပတထပ်။သလွန်စပ်လျက်။မိုးလျှပ်အသွင်။ သက်တင်မပြား။ပတ္တမြားမြုပ်ကာ။နီလာအရွက်။ သန္တာခက်ဝယ်။ကျေးဌက်ရုပ်ဆန်း။ ကြာသွန်းသွန်းနှင့်။ကြာပန်းကြာစွယ်။ ခြူးနွယ် ခြူးခိုင်။ခြူးတိုင်ခြူးသီး။မီးမီးဟုမှား။ဘလားထွေးခံ။ မျက်တိရံလည်း။ မင်းစံအပ။မမြင်ရတည့်။သွယ်လျကျစ်လျစ်။ ကိုယ်ဖြင့်လှစ်က။ထစ်ထစ်ဝင်းဝင်း။ လင်းကြီးလင်းသား။ စောရင်းညက်ပြူ။ ဗိမာန်သူကို။ တူရှုအာဘော်။ ကြည့်ကွက်မျှော်က။ခေါ်လာလုလု။မယ်လည်းရှု

လျက်။ပြင်နှုကျိုင်းထွား။ဤနတ်သားကို။နတ်များတညီ။ နတ်မည်ချီလျက်။နတ်ပြည်ထက်ဝယ်။လန့်ကြောက်ဘွယ်ကား။ ။အဘယ်စွမ်းခွန့်အားတည့်နည်း။

၂၇။ ဤသို့လျှင်တည်း။ မြေပြင် စောင်း ထောင်။ ဖြစ်ပြီးနောင်မှ။ သွေးဆောင် ကြမ္မာ။ နတ်ခေါ်လှာသော်။ စကြာဘဝါး။ ခြေမသွားတည့်။တရေးပွင့်နိုး။ လူမင်းထိုးကား။ ထွန်းညီးရောင်ချက်။ရထားထက်က။တပြက်မြင်ငြား။ အိုဘုရားဟု။ကြွားကြွားလည်တော်။မိန်းမူးမြော်လျက်။ မွေ့လျော်တုံလေ။ပျော်ဘွယ်ရေလည်း။ရိုးနေချုပ်ဝင်။ခရီးဖင်မှု။ ပစ္စင်ငါးဖြာ။ တူရိယာတို့။ခြင်းရာပျံ့ပျူး။ဧကျူးလျက်။ခေါ်ထူးခေါ်ဆင့်။သံရင့်သံကျယ်။သံနွယ်သံရှည့်။ မြည်လတ်တုံခြင်း။ စည်စောင်းညှင်းနှင့်။ သတင်းတောက်ဒှန်။ဤနတ်မွန်သို့။အကျွန်တုံလည်း။ ဆွေပြာကြည်းနှင့်။ဖြင်ပည်းခြွေရုံ။စံပရမည်။ထင်လတ်သည်ကြောင့်။ဆံခြည်မညှိုး။ဝမ်းတော်ဖြိုးလျက်။မြတ်နိုးလှူလှူ။ ဘယ်ကောင်းမှုလျှင်။ ပြုခဲ့ဘူးသား။ကျေးဇူးအါဏာ။ဤနတ်ရွာ၌။ရတနာပြောင်ပြိုး။ရွှေတောင်ထဲးထက်။ဆင်းရဲးမဲ့လျှင်း။ လေးကျွန်းချင်းသါး။မင်းလည်းကြွက်သီး။ထဘွယ်ကြီးမျှ။နတ်သွီးမရှား။နတ်သားသောင်းသောင်း။အပေါင်းဝန်းလျား။ဝတ်စားစီဆင်။ အခင်ခွင်ပေါယယ်။ ကိုးပယ်အကွင်း။ထည့်သော်ကြွင်းလည်း။ချင်းလင်းဖွေးလွေး။များလေသေးလျက်။နတ်ရေးနတ်လျောက်။ နတ်ကောက်နတ်ကျစ်။ ရန်စစ်မပြိုး။ နှလုံးမပူ။ မည်သူမထင်။ သို့စင်အပြည့်။ ဖြစ်လှာလှည့်ဟု။တည့်တည့်တော်တိ။မာတလိကို။ ။နေမိနတ်ဆွေမေးတုံလေတည်း။

၂၈။ ဘဿပုဗ္ဗော ဗျာကာသိ။ မာတလိဒေဝသာရထိ။ ဝိပါကံပုညကမ္မာနံ။ဇာနံအက္ခာသိဇာနတော။ ။သောနဒိဗ္ဗော ဂဟာပတိ။ဧသဒါနပတိအာဟု။လ။မောဒတိ။

ထိုသို့းစ့ရုံ။မေးလတ်တုံသော်။စေးချုံလွှမ်းအုပ်။ ငြိမ်ရှက်ရှုပ်လျက်။စက်ဆုပ်ဘွယ်လိ။ဘယ်မသိ၍။ဒိဗ္ဗိမိုက်မော။ အောက်သို့

မျောက။ဆယ်ဆောလက်ငင်။ ကြည်းသို့တင်သား။ ဘုရင်မြတ်စွာ။မင်းများချာကို။အညာမြင့်ခေါင်။တောင်ကားနဂိုရ်။ တိမ်ညို့ချုပ်ဆိုက်။မြင့်မိုရ်တိုက်တွင်။လိုက်လိုက်ကျင့်သီး။စည်းစိမ်ကြီးသား။အတီးမြင်သိ။မာတလိကား။တစိမကြာ။ပညာစိန်ကျောက်ထိုးထွင်းဘောက်၍။ အောက်နှင့်အထက်။ ဘဝက်အခန့်။ မျှော်လိုက်ဆန့်သော်။ နတ်ပွန့်တောင်းဆု။ ရေးကောင်းမှုကို။ လှူလှူလှက်လှက်။ပေါ်လထွက်သား။ ပြက်ပြက်ညဘို့။ လကဲ့သို့လျှင်။နှစ်လိုလောက်လောက်။ မြင်လတ်မြော်သော်။ နတ်ထောက်လေးချို။ပြန်လဆို၏။ကြည်ညို့တညီ။ ဇမ္ဗူဒီဝယ်။ပည်းသိခန့်ချုံ။လူအလုံးကို။ ။နည်းထုံးကျင့်ပစ်မဲ့မည်တည်း။

၂၉။ ဂြိုဟ်လည်း ဂြိုဟ်ပြောင်း။ မိုးလည်းကောင်း၍။ကန်ချောင်းစီးပေါက်။ ပင်လယ်မြောက်သို့။ တယောက်တည်းချဉ်း။ ရှင်ဝယ်ပဉ်းလည်း။ ပစ္စည်းဝန်ပုပ်။ မသိုးမြုပ်တည့်။ သုပ်သုပ်သောင်းသောင်း။ ဖုန်းတောင်းအဝှန့်။ ပေးကမ်းဖြန့်လျက်။ လန့်လန့်လက်လက်။ စက်စက်ရှတုန်း၊ တေဇာဘုန်းဖြင့်။ ရှုန်းရှုန်တိုးဝှန်။မိုးကြိုးမှန်သို့။လက်အန်ဆန့်သော်။ပြည်ထောင်ဘော်လည်း။ မပေါ်ဝံ့ကြီး။ စက်နှယ်လှီးမျှ။ ကြက်သီးတင်းတင်း။ ထိပ်ထက်နင်းသည်။ မှန်ကင်းလူ့သား။ ဦးစွန်းဖျား။ ။တရားနေမျိုး။သတိုးရဲးခေါင်။နားတော်ထောင်လေ့။ ရပ်ချောင်တောစွန်။ဟိမဝန်တွင်။ဂိမ္ဗန်နွေခါ။မိုးမရွာသော်။လောင်ဝါတောက်ပျံ။ ကြုမြိုးလျှံသို့။မိုးထံထွန်းတောက်။ဘုံနန်းပေါက်၍။ လက်မြောက်အိမ်ရှင်။ စဉ်သိလွင်နှင့်။ ပွဲတင်မှတ်ကျိုး၊ တံပိုးစိန်ဖြစ်။ ခရာဟစ်လျက်။ လက်ရှစ်ကချေ။ အထွေထွေလျှင်။ ပြင်ခြေတွန့်တွန့်။ ညွန့်ညွန့်ညက်ညက်။ ရုံမက်ကြွင်မိ။ နောင်အရှိလည်း။ ပိတိဗြိမ့်လှည့်၊ ရှိမ်းရှိမ်းပြည့်မျှ။ကြဉ္စကမူးယောင်။ ဤနတ်မောင်ကား။ရွှေညောင်ဗုဒ္ဓဟော။ မြေကား အချာ။ သစ္စာ လေးပါး။ ငုံထွား ထွားသား။ ဘုရားမြတ်လှ။ ကဿပသာသနာ။ သင်္ဃာ ပုံယင်။ ဆွမ်းတော်ဝင်လျက်။ ရပ်ထင် ရပ်ကျယ်။ ပျော်ဘွယ် သရစ်။ မြစ် ကား

လက်ျာ။ စီးသွယ်ဖြာလျက်။ ဗာရာဏာသီ၊ ခေါ်ညီမည်သီး။ ရွှေပြည်ကြီး၌။ဖွဲ့ချီးလူချစ်။သူကြွယ်ဖြစ်၍။ မြေးမြစ်စဉ် ပွါး။ပစ္စည်းအားနှင့်။တခြားကြီးမှ။နောင်ဘဝကို။ နောင်တမဆို။နောင်အလိုဖြင့်။ နောင်ကိုဖြစ်မွန်။ နောင်ရဉ် ချွန်လျက်။ တန်ခွန်လှူဒွင့်ထား။ကျင့်မများသည်။ ။တရားယုံယုံကြည်ကြည်တည်း။

၃၀။ ဝမ်းထဲးပိုက်ရှိုး။တရားယုံသား။ လူ့ဘုံ၌ဝယ်။ထိုသူကြွယ်လျှင်။ကြီးငယ်နှုရင့်။ ရွှေနောက်ဆင့်လျက်။ရင်ခွင့်အစစ်။ဖြစ်သည်အလျော်။ ပေါက်ရောက်မျှစ်ပျို။သားတို့ကိုလည်း။မင်ဖိုလ်စီးပွါး။တရားရည်မြှိုက်။ဝဝတိုက်လျက်။ယဉ်မိုက်ကြောင်းကြောင်း။ ကောင်း ကောင်းမမ။ ထုံးပုံပြ၍။ ခြိပခြိနီး။ ဘွိုးသွေးသောက်။ ဝမ်းမြောက် ငယ်သော်။ ကစားပျော်နှင့်။ မျိုး ဘော်ယောက်ဘ။ နှမမြောက်သား။ မျိုးဆွေအားလည်း။ နာဖျားမေးမြန်း။နှုတ်ခွန်းဆက်ဆံ။ ကူပင့်ရံ၍။ လိမ်းကျံမေတ္တာ။ ပြင်သူမှာလည်း။ သဒ္ဓါတန်ဆောင်၊ မီးရှူးထောင်လျက်။ နောင်သံသရာ။နတ်ရွာဖြစ်တင်။ဖြစ်စေချင်၍။ ရှင်ရှင်လူလူ။နေပူချီးချီး။ခရီးဝေးလှ။ပန်းခြေကျလျက်။ နေ့ညရောက်ငြား။ ဧည့်သည်အားလည်း။ မိုက်ဖြားပွဲပြင်။ ဝမ်းကကြွင်လျက်။ ရင်သားနို့ရဉ်။ ရှိုစေသည့်သို့။သေရည်သောက်ရစ်။ စီးပွါးနစ်လျက်။ တနှစ်မလှန်။တဘန်မတော်။နှုတ်ပေါ်ထွက်ကြမ်း။ နေ့တိုင်းသွမ်း၍။ခြိုးမွမ်းနည်းပါး။လူမိုက်များကို။သွားလာထိုင်နေ့။ရင်ဆိုင်တွေ့လည်း။ မွေမွေဆုံးမ။စကားလှနှင့်။မိန္တာ့အရတ်။သတ်ပုတ်တောလိုက်။ စရိုက်ကျင့်ရိုး။မှုဆိုးမရိမ်။တရားစိမ်လျက်။ လိမ်လိမ်မာမာ။ နှုတ်သာညွှတ်နူး။ကြည်ဆွတ်ရှူး၍။ ရန်ကြူးမျက်လို။ ရန်းတင်းဆိုနှင့်။ သူ့ကိုယူပြို့း။မကြိုက်မိက။ချိချိချွဲချွဲ။ ကဲ့ရဲ့စလွယ်။ ပြယ်ပြယ်အဆုံး။နှုလုံးရွတ်ဆတ်။ချောပစ်တတ်လည်း။ ဆွတ်ဆွတ်ချစ်အပ်။ရင်ကိုသပ်သို့။ မအပ်မရာ။ ရှောင်ခွါပစ်လွှဲ။ ဖဲးဘိခမည်း။ နှုတ်သာဖြဉ်း၍။လိပ်လည်းကိုယ်ပြစ်။ ဖြစ်သည်ကျေးဇူး။ သူတထူးကို။ကြိုးပူးမျက်မှောင်။မင်းသို့ဆောင်လည်း။မေါင်သူခိုးအါး။လွှတ်

စေသားဟု။သနားသောကျိုး။မေတ္တာဖြိုး၍။ ရှိုးရှိုးရှားရှား။ကုန်
အားနည်းညှံ့။ဖွံ့မဖွံ့က။နှံ့ နှံ့ ချစ်သက်။စိတ်ကြည်လျက်တည့်။
ဒိဋ်ထက်တောသွား။ တပါးရပ်ဝေး။ တရေးရေးတုံ။ မွေးမွေး
မှက်မှက်။ကြိုင်ကြိုင်တက်မျှ။သရက္ခန်စံ့။ပန်းရည်ပျံ့သား။ဂုဏ်
နံ့ထုံပြီး။ လက်ပတီးနှင့်။ ဘုန်းကြီးတန်းကြီး။ မထိးသဃ်ရာဇာ။
မဟာသူတော်။ မြော်လတုံက။ ကြည်ညွတ်ဆွတည့်။ တလမ
ယွင်း။လေးသိတင်းနှင့်။ နာခြင်းတရား။ ကျောင်းကန်သွားလျက်။
တိုင်းကားကျယ်ဖြန့်။ ဒိသာလန့်သား။ အဌန့်ပေါယယ်။ လု
ကုန်ကယ်လည်း။ငါ့နှယ်အတူ။ကျင့်လေဟူသို့။တံချူတချောင်း။
ဈေးလမ်းကြောင်းသည်။ ။လူကောင်းမွန်မွန်ရည်ရည်တည်း။

၃၁။ သန်း ခေါင် ကာ လ။ မှောင်ရိပ် ကျ သို့။ မိန်း မ
ယောကျ်ား။ကျင့်ရိုးမှါးလျက်။သော်စားမူးမော်။ပျော်စမည်သာ။
နတ်ရွာလုံးမွေ့။ ရှုံးသဓေ့ရကို။ရှော့ရှော့တည်တည်။ ကြိုးရှည်သွယ်
သွယ်။အလယ်သွားသွား။စကားတန်းတန်း။မိးရှူးထွန်းက။ထက်
ဝန်းလင်းလင်း။ချင်းလတ်တုံပြီး။သူရဲကြီးကါး။ဝေးနီးရပ်ရွါ။သူ့
ဘို့ရှာလျက်။မဟာဒိပ။ပြည်ချက်မတွင်။ဘုရာ့းသာသနာ။ထွန်း
သောခါနှင့်။ ကြမ္မာညီဆုန်း။ ဗိုက်တုန်းတုန်းဝယ်။ ချုန်းချုန်းမိုး
မှာ။ကြိုးကရွာသို့။ ရိပ်သာစောင်းစောင်း။ ခုနစ်ကျောင်းလည်း။
နှစ်ထောင်းအာရုံ။ဆောက်လတ်တုံလျက်။ သုံးပုံကျမ်းခက်။ဂုဏ်
ပြည့်နှက်ကို။စိတ်ထက်လှူလှူ။ ဆရာပြု၍။ လှူမှုလှူရာ။ဆယ်ဖြာ
ဘိတ်ယို။ ဆယ်ကုသိုလ်နှင့်။ ကြည်ညိုစိတ်ရွှင်။ ကျောင်းကန်
တင်လည်း။ ပုံယင်ဥသီ၊။ ဆွေမျိုးရုံလျက်။ ရုံသားလက္ခဏာ။
တင့်တယ်စွာလျှင်။ ကွယ်ရာမျက်ရှု။ သာခု သောင်းသောင်း။
ညောင်းညောင်းသံရှင်။ ဖဲ့ချိး ဖြင်လျက်။ တင်တင် ပြောပ။ လု
ထိုမျှလည်း။တကာ့ကျင့်ထုံး။ဆောက်တည်သုံးသည်။ ။နှလုံး
ခိုင်ခိုင်ကျည်ကျည်တည်း။

၃၂။ သာခုသာခု။ခေါ်ရာမှုနှင့်။ လှူလှူမြတ်နိုး။ ကျောင်း
အကျိုးကို။ပြည့်ဖြိုးနက်ကျို။ပညာရှိသား။ သာရိပုတ္တရာ။ ထေရ်

မြတ်စွာလျှင်။မရှုစထောင်း။တနေ့ကောင်းမျှ။ကာန်ချောင်းမြောင်းတိ။ မိုးပေါက်သိလည်း။ ထွန်းညို့ဥဿာဏ်မြတ်။ပိုင်းပိုင်းဖြတ်၍။မှတ်ပစိမ့်မှား။နှုတ်မထားတည့်။ လျှင်လျှားပြွတ်ပြွတ်။ယဉ်ထွေလွှတ်သို့။ လူနတ်အဖျား။ ဘုရားတို့သာ။ ယောနိုင်ရာသား။နတ်ရွာရှယ်ချောင်း။ ထိုသည့်ကျောင်းဝယ်။ ကိန်းအောင်း ရှင်မွန်။ သီလဝန်နှင့်။ကျမ်းဂန်ငါးသွယ်။ ပင်လယ်ငါးထပ်။ကူးလေခပ်က။ကျိန်းဝပ်လေးတန်။နိဗ္ဗာန်ပြည်မ။ နေတည်ကျသား။ ဘုရား့ကိုယ်စား။ တပည့်သားကို။ ညွှတ်တွားကြည်ဖူး။ ဆရာမူက။ အသူမြိုးမြို့။ ဆုံးမခံလျက်။ တရံတဆစ်။ စိတ်မညစ်တည့်။ဖွယ်သစ်ရှုရှု။ ဆွဆွပြုစွာ။ ကျဉ်းခဝါသို့။ သဒ္ဓါမညှိုး။ ပြုရောင်ထိုးလျက်။ကောင်းကျိုးဝေဖြန့်။ စိတ်မတွန့်သည်။ ။အခွန့်မြင့်မြင့် ရှည်ရှည်တည်း။

၃၃။ ရှာမှီးရှာမှီး။ ကြံစသီး၍။လက်တီးကွန်းပြောင်။ ချနစ်ဆောင်သား။မိုးခေါင်ဖွေးဖွေး။ နီးဝေးထင်စွာ။ကျောင်းတန်ဆာဖြင့်။မြေဘာတူးချဲ့။စောင်ရန်းဖွဲ့လျက်။ နွားကျွဲ့းဘာသာ။မလိမ္မာလည်း။မျှော်ကာဖြစ်ပြီး။သစ်သီးပန်းမန်။ ဥယဉ်ကန်နှင့်။သူမွန်ကုသိုလ်။လိုလတုံလွန်း။ရေစက်သွန်းလည်း။ ရွှန်းရွှန်းစိတ်နူး၊တလူးရှာဆဉ်း။တဖြဉ်းဖြဉ်းတုံ။ ပစ္စည်းဝန်ထုပ်။ ကိုယ်သက်ချုပ်က။ ဆုပ်၍မပါ။ရှိရစ်ကာတည့်။ကြမ္မာဆောင်ထ။နောင်ဘဝသို့။ရှုရှုစိုက်စိုက်။နောက်မလိုက်ခဲ့။ ရိုက်ရိုက်မျှောင်မျှောင်။ ကျော့ညွှတ်ထောင်တွင်။ဆွေမောင်ကျိုင်းစင်။ လည်မဝင်ဟု။ တတ်ပင်တစိ။ ကြံစမိက။ချိုချိုဖြန့်ဖြန့်။ပေးစွန့်ဒါန။ဝိဟာရနှင့်။သီလစင်ကြယ်။မိုးထက်ကယ်၍။သူကြွယ်နတ်ပြည်။ ဖြစ်လှာသည်တည့်။အမဉ္စတမူ။နတ်များဟူသား။ ကျိုက်ဆူကျော်ရှိန်။သောနဒိန်ဟု။ ထိန်ထိန်ဝင်းငါ။သမ္ဘာလည်းကောင်း။ကောင်းကင်ချောင်း၏။ အကြောင်းမှန်အောင်။လူမင်းခေါင်ကို။ သွေးဆောင်ခေါ်ငြား။ ငါနတ်သားလည်း။မကြားတပြို့း။တိမ်မှာသိအံ့။မိမိပြုသား။ကောင်းမှုအာဏာ။တို့နတ်ရွာသို့။ များစွာအုပ်ထွေ။ ခြွေရွေပြည်းပုံ၊ ဖြစ်လှာတုံက။

ဘုံချနှစ်ဆင့်။ ရလစ်မြင့်လျက်။ စွင့်စွင့်ပလ္လင်။ နန်းဦးကင်ထက်။ ရှင်ရှင် ကြက်သရေ။ တက်သစ် နေသို့။ ထိပ်ဖွေမြင့်ဖွန်။ ဝေဇယန်လည်း။ အလွန်တောက်ပ။ သာမော လှလျက်။ ဖြည်းချမပြင်း။ ရှိုးရှိုး ရွှင်းမှု။ လေညှင်းသာက။ ပဋ္ဋက်လည်း။ မြမြခြည်းခြည်း။ ရွှေဆည်းလည်းနှင့်။ နရည်းခရာ။ မနိုင်းသာတည့်။ ရံကာပတ်ကုံး။ နတ်အလုံးကို။ ရွှင်ပြုံးစေနှင့်။ တန်ခိုးမြှင့်လျက်။ ရိုက်ဆင့်သံကျာ။ တူရိယာသည်။ ။ သာစွာသွင်သွင်မြည်မြည်တည်း။

၃၄။ တညီတညီ။ ဆွေပီပီလျှင်။ အပြီအပြီ။ ကိုယ်မှီသည်ရှက်။ ဘော်ကျွမ်းဘက်နှင့်။ ရုံမက်အင်ပျို။ လာငတ္တိုဟု။ နှစ်လိုလှုလှု။ ထိုကောင်းမှုတွင်။ သာရကျုံကျုံ။ ခေါ်သံဖြိုက်ဖြိုက်။ ဝမ်းမိုက်တီးစည်။ ထိုသူသည်လည်း။ မည်သည်ဆုကား။ ငတ္တိအားဟု။ ဝမ်းပါး မှတ်လျက်။ ပန်းငါးခက်နှင့်။ နှစ်သက် အင်လှိုင်း။ ရည်သောတိုင်းလျှင်။ မိုက်မှိုင်းမရှိ။ ညစ်ကျိမလွှမ်း။ မိုးကြယ်ပြွမ်းသို့။ မွမ်းမွမ်းထက်ဝန်း။ တောက်ပထွန်း၍။ အုန်းထန်းစိစဉ့်။ ဥယာဉ်ပြုဘူး။ စိတ်နူးဖြောင့်ဖြောင့်။ ကောင်းမှုကြောင့်မူ။ မြောက်ထောင့်တခန်း။ ဩသန်စွန်းက။ နတ်ပန်းလှိုင်နံ့။ ကြိုင်ပျံ့မှု။ ဝတ်ဆံ့အစုတ်။ ရွှေလှော်ခုတ်လျက်။ တမုတ်နီးပါး။ ညွန့်ထွားထွားနှင့်။ မြလားအညာ။ သန္တာရိုးခက်။ ရိပ်စက်ချမ်းချမ်း။ မှည့်ဝါရွှမ်းလျက်။ လက်လှမ်းယူခွတ်။ တံချူညွတ်က။ ကျွတ်လသောထွေ။ အညာပြေ၍။ စချေနံ့ညို။ ပျားထက်ချိုသား။ အလိုပြည့်မော။ သစ်သီး တောလည်း။ ဖြင်ပေါပည်းသီ။ ရူဇီဇီသည်။ ။ သိဂ်္ဂရောင်ခြည်ရောင်ခြည်တည်း။

၃၅။ ကောင်းကြီကောင်းကြီ။ ဆင့်လောင်းမံလျက်။ မြိုးမြိုမြိုးမြို။ တခြည်ဆံမှု။ ယိုးယံယွင်းဖည်။ စိတ်မလည်တည့်။ ကိုယ်ရည်နွံနွံ။ လောကဓံကြောင့်။ အခွံခွါခွါ။ အကာလှစ်လှစ်။ အနှစ်ယူယူ။ တချူများများ။ စီးပွါးချဲ့တိုး။ သူကြွယ်မျိုးလျှင်။ ရိပ်မိုးပြီးစီး။ ကျောင်းကြီးကိစ္စ။ ထိုဠာနဋ္ဌ။ ငါ့ဆရာတို့။ ချီးသောက်ဘို့ဟု။ ပို့ပို့ခိုင်ကျန်း။ ကန်ရိုးသန်းလျက်။ ကျယ်ဝန်းလဟာ။ အညာမြောင်း

ကျယ်။သွယ်လတုံခြင်း။မိုးရည်သွင်းလျက်။ အခင်းနှင့်အတု။ကြာ
ပြုကြာနီ။ရုံစိမ့်မွမ်းမွမ်း။ဟင်းရမ်းကတောက်။ ပွင့်ညှောက်ရိုးရဲ။
ရွက်လဲးဘူးဆင့်။ ကောင်းမှုဖြင့်ကား။ နတ်မင်းပြည်ရွာ။ဖြစ်တုံ
လှာသော်။ဆိပ်သာဘထောင်။ မြကျောက်ရောင်နှင့်။ စိန်ကြောင်
ဝတ်ဆံ။ပွင့်တံပွင့်ခက်။အရွက်တခြမ်း။ သန္တာဆမ်းလျက်။ ခပ်
သမ်းမည်းလို။ နွယ်ညိုပန်းလား။ တန့်ကခြား၍။ ပတ္တမြားရည်
စက်။ရောင်ခြည်ရှက်မျှ။ရွှေချက်ရဲရဲ။ဝတ်ဆံထဲမှ။ ပုလဲးရုံစီ။ရှု
ပျော်အိဖြို။ညရီနံ့နက်။ ပန်းရက်မျိုးသောက်။ ဝတ်ကြားလျှောက်
လျက်။ မည်းခြောက်ပိတုန်း။ ဖြုန်းဖြုန်းပျံ့သဲး။ ဝမ်းပဲးဟင်းသာ။
ကြိုးကြာကျေးငှက်။ရေကြက်ရေဗူး။ မြူးထူးဝမ်းသာ။ ရှင်တုံ
ငွာလျှင်။ကာလာဝက။ဂဠေယက။စသည်တွင်ရိုး။ ဆင်ဆယ်မျိုး
လည်း။တန်းခိုးပြင်းသား။နတ်မင်းမိန့်ဆို။ဖြစ်ဧေလိုက။မပြိုမြင်။
စိရင်ပြီးစီး။နတ်သွီးနတ်သား။ အပြားအထွေ။ ပျော်ပစေလျက်။
ခြွေရွေများစွာ။ နတ်တကာသည်။ ။မေတ္တာနှောင်ချည်နှောင်
ချည်တည်း။

၃၄။ သက်ဝေသက်ဝေ။ ပရမေဖြင့်။မကွေမကွေ။ ကြင်
လေလေလျှင်၊ ရွှေအွေရောင်လျှံ။ ငှက်မောင်နှံ့သို့။ မြဲးမြဲဧကန်။မွှဲ
ကိုညွန်သား။လင်မွန်ခမည်း။ ဆွေမောင်နည်းနှင့်။ ရစ်စည်းကြပ်
ကြပ်။မေတ္တာထပ်လျက်။ လူ့ရပ်တခြား။ နတ်ပြည်သွားလည်း။
တပါးမရွေ့။တနေ့မကွာ။ အတူသာလျှင်။ ခန္ဓာရှည်လျက်။ အခ
ဆက်ဆက်၌။ချစ်ဘက်တကိုယ်။ဖြစ်လေလိုပါ့။ ကုသိုလ်ညီပြု။
ပြာနှုန္နလည်း။ယခုတသွန်။ ဤမိမာန်တွင်။ချစ်ရန်ဘုန်းဆုံ။ဦးလှစ်
ရုံလျက်။ရွှေဘုံဝင်းဝင်း။ထီးနှစ်စင်းနှင့်။နတ်မင်းနှစ်ဆွေ။စံစုထွေ
ဖြင့်။နေလည်းတဆိုင်။ လလည်းပြိုင်သို့။ရိပ်မြိုင်ဗွမ်းမျှ။ ကျွမ်းချစ်
ကြလျက်။စံပထွက်ဝင်။ရှင်ရှင်ညွှန်း။လက်မြှောက်ပြုန်းမျှ။ဘုန်း
လည်းကြီးစွာ။ပဒေသာမှ။ အညှာကိုင်းညွှတ်။ ဆွတ်ကဝတ်နှင့်။
နတ်တည့်သြဇာ။ နတ်သုခါကြောင့်။ချမ်းသာပင်စည်။ အသက်
ရှည်လျက်။မည်မတဘဲး။ထိုနတ်ပွဲးဝယ်။ဆင်းရဲပလာ။အာဏာ

ရှရှ။တေဇစက်စက်။မိုးကြိုးထက်သို့။ဝက်ဝက်ရတ်ပွဲ့။ ပွဲ့လတ်
သောလား။နတ်ဘော်ယားမျှ။စိတ်ဖျား လိမ္မာ။လူသူရွာက။ သဒ္ဒါ
ညွတ်ပျောင်း။ ခုနစ်ကျောင်းလျှင်။ နတ်ကောင်းစံရေး။ စည်းစိမ်
ပေး၍။ဖွေးဖွေးထွတ်ထွတ်။မောင်မင်းလတ်နှင့်။ ဆွတ်ဆွတ်ရွှင်
ဖြူး။မိမယ်ပျိုးကို။တန်းခိုးမြှောက်တင်။ကျူးလှည့်ကျင်သည်။ ။
ဒိမ့်ရှင်အောင်စည်အောင်စည်တည်း။

၃၇။ ဤသို့ဟူ၍။ ဇမ္ဗူကျွန်းသာ။ တောင်မျက်နှာထက်။
ဗာရာဏသီ။ခေါ်ညီမည်ပင်။ထိုပြည်ထင်၌။ဆယ်တင့်သဘော်။
လွှင့်ဆောဆောသား။ ရှင်စောမြတ်လှ။ ကဿပဘုရား။ သုံးလူ့
ဖျား၏။ ထွန်းငြားတုံစွာ။ သာသနာ၌။ တကာ သူကြွယ်။ ကုန်
ကောင်းသွယ်သို့။ မြေဝယ် ယှက်ဆွ။ ရွရွတူးပေါက်။ ရွေးကာ
ကောက်သား။ကျောက်အထဲတွင်။ ပုလဲမြင်သို့။ ပည်းဖြင်ဘိုး
များ။ရောင်းလှာမှားသား။ပတ္တမြားတချည်။ ဆန်တပြည့်သို့။ ကြံ့
စည်စတတ်။မြတ်သားအခမ့်။ အလှူဆယ်ညီ။ ပဉ္စသီငါးပါး။ကျင့်
မှုထားနှင့်။ တတ်အားသောလျောက်။ ကျောင်းကန်ဆောက်၍။
ဝမ်းမြှောက်တုံလှည့်။အင်လုံးပြည့်မျှ။နတ်တည့်ပြည်ရွာ။ ဖြစ်တုံ
လှာဟု။ တကာဟူက။ လှူစပါတမ်း။ လဘက်ကွမ်းနှင့်။ ဆွမ်း
လည်းမပြတ်။ဝတ်လည်း သန့်ကောင်း။ခုနစ်ကျောင်းဒါယကာ။
မင်းသဒ္ဒါ၏။ ခြင်းရာ ပြဘော်။ လင်းလင်း ပေါ်မျှ။ ထွေငေါ် ဧ
ညောင်း။ရှေးအကြောင်းကို။ရှောင်းရှောင်းဘော်ထုတ်။နတ်တည့်
နှုတ်ဖြင့်။တသုတ်ခတ်ထိ။လက်နှင့်တိသို့။ မာတလိနတ်သား။လူ
မင်းဖျားကို။ ။ထင်ရှားမနေပြန်တုံလေတည်း။

သောနုဒိန်ဘုံခန်းပြီး၏။

---

## ၃။ ဖလိကပိမာနဘုံခန်း။

၃၈။ ဇေဝံသောနုဒိန္နသကတကမ္ဗ ကထေတွာ။ ပုရတော
ရထံပေသေတွာဖလိကပိမာနံဒဿေသိ။ တံဥဗ္ဗေဒတော ပဥ္စဝိ

သတိယောဇနံ။ အနေကသတေဟိသတ္တရတန မယံထမ္ဘေဟိ။ လ။ ဝိမာနေ။

ဤသို့ဟူ၍။ တိမ်မြူရိုးရိုး။ မိုးနှင့်ယှဉ်ချိန်။ သေ့သာနဒိန်၏။ ဘုန်းရှိန်တောက်လင်း။ ချောက်ချောက်ချင်းမျှ။ ဒွန်ပြင်းမစဲ။ ဘုံတပွဲးကို။ စောရဲးနတ်သွေး။ ရူပစေသော်။ လူ့မြေကျော်ထင်။ မြင်ရပြီး ယော့။ မျက်စိလျှော့တော့။ ပေါ့လော့မကြာ။ သည်ထက်သာ၍။ ရွှေမှာနှစ်သိမ့်။ ဖြိုးရှင်စိမ့်ဟု။ တိမ့်ဒဲတိသာ။ အလွှာလွှာကို။ ခြေ ခွါနင်းထေံ။ ခြုတ်ခြုတ်ဘောံလျက်။ နောက်လည်းတပုံ။ မြို့လည်း မြင့်မြင့်။ တင့်လတ်တုံပြီး။ ချည်းသော်ကြီးလျက်။ စီးကားငယ်လို။ ယည်ပျိုဘောင်းမွေး။ နီလာသွေးသို့။ မြစ်တွေးနက်နက်။ ခွါလေး ဘက်လည်း။ ဆစ်မျက်မဲ့ငြား။ မှောက်၍ ထားသား။ ဖလားသ ဘွယ်။ မြီးခေါင်းသုယ်လျက်။ အကျယ်သုံးပါး။ နူတ်ဖျားမေးရုံး။ ရွှေတာဖုံးသို့။ စည်လုံးကျောသန်။ နားကျူးချွန်နှင့်။ မျက်ဆန်ကယ် လောင်း။ ခေါင်းကားငင်နူတ်။ ယုန်ရေ ဆုတ်သို့။ ကြုတ်ကြုတ်မ မြည်။ စာရှည်ယမ်းယမ်း။ တိမ်ညွှန့်လှမ်းလျက်။ လျှမ်းလျှမ်းကွန့် ထောင်။ နောက်ပေါင်ကြို့သွင်း။ ရွှေလက်ကွင်းလည်း။ ပြင်းလတ် တုံလေ။ လိပ်လိပ်ခွေမျှ။ မှင်ဝေလည်မော်။ လျှပ်ခြည်ပေါ်သို့။ စိုင် ယော်ဝေလာ။ အသဇာဖြင့်။ လျှင်စွာဟူးဟူး။ ရွှေရူးရူးလျှင်။ ထန်း လူးတဖျား။ တန်ခွန်လွှားသား။ ရထားခေါင်းညီ။ နောက်ညောင်းချိ လျက်။ ချယ်စီမျက်ဝင်း။ နှင်းလည်းစိုစို။ တိမ်ညိုညိုဝယ်။ ယိုဘိမ တတ်။ ရောင်ခြည်လွှတ်သည်။ ။မိုးနတ်သိကြားတန်ဆောင် တည်း။

၃၉။ ရှုဘွယ်ရှုဘွယ်။ ရောင်ခြည်သွယ်သား။ ကြယ်လည်း မပြိုး။ မည်းညစ်ဖုံးလျက်။ ပတ်ကုံးရိုက်မှောင်။ တိမ်တိုက်ချောင် ဝယ်။ တန်ဆောင်ညီးညီး။ မိုးကြယ်ကြီးဖြင့်။ ရှားကျိုးသန္တာန်။ ရွှေ ရည်သွန်သို့။ ခြေသန်မြင်းခြေ။ နှင်တုံသေသော်။ တထွေထွန်းဝါ။ ဆန်းကြယ်စွာလျှင်။ ရောသွန်းသွန်း။ မိုးတိမ်စွန်းတွင်။ နတ်နန်းတ သီး။ ဖန်သားပြီးလျက်။ ညီးညီးလက်လက်။ ပြက်ပြက်ပြိုပြို။ နှစ်

ဆဲ့ငါးယူဇနာ။သန့်ျာပြည့်အောင်။ အစောက် ဆောင်သား။ မိုး
ခေါင်မြင့်ဖွန်။ဘုံဗိမာန်ကို။တတန်လည်းကောင်း။ ရထားညောင်း
မှူ။ရွှေပေါင်းဆက်ရှပ်။ မြင်းဦးချုပ်လျက်။မလှုပ်မရှား။ တန့်နား
ရပ်ဝဲ။နွဲ့း၍ကြည့်စေ။ပြကုံလေသော်။ရေမြေသခင်။ ဘုရင်နရပ
တိ။နေမိသတိုး။ကျွန်းလုံးနိုးမှူ။တန်းခိုးလွှံ့ထင်။လက်လက်မြင်က
စပ်ကျင်ရှိန်းရှိန်း။စောပြည့်ထိန်းကို။ ။မိန်းမိန်းရှိကြီးရှိအောင်
တည်း။

၄၀။ ထိုသို့ပြတုံ။ဗိမါန်ဘုံကို။လူပုံမှိဝင်။ဇမ္ဗူပြင်ဝယ်။အရှင်
လတ်လတ်။စက်နှုယ်ဖြတ်သား။မင်းမြတ်ကျော်စွာ။ မြင်သော့ခါ
လျှင်။ရောင်ဝါမယုတ်။ကြာကမုန်သို့။ရွှေနူတ်ဖွင့်လှစ်။မေးတုံလစ်
ဖျို။မိုးဆစ်မြေတာ။ဝေးလှစွာလည်း။ ထိုရွာထိုပြည်။ ထိုသည့်ထို
မင်း။စိုးရိမ်ပြင်းလျက်။ရန်တင်းချုပ်ချယ်။ကြိဘွယ်ဘွယ်၌။ ခိုင်း
ပယ်သောကျိုး။ကိုတံနိုးက။မိုးသိကြားစင်။ ချစ်ကျွမ်းဝင်လည်း။
လွန်ကြင်လေးမြတ်။ခင်ပွန်းနတ်။ ။ပြာသာဒ်တွင်ကား။စောင်း
တန်းဖျားက။တံခါးပြင်ကွေ့။မြင်သနွှေ့ဝယ်။ ရွှေငွေ့ထက်သည့်။
ထူးစိမ့်မည်ဟု။ကြံစည်တမျိုး။ဖန်သာမိုးသား။ရွှေရိုးရွှေခြင်။ ရွှေ
စင်ရွှေတိုင်။ရွှေလိုင်ရွှေခေါင်း။ သိန်းနှစ်သောင်းနှင့်။ လက်စောင်း
ကိုးထောင်။မိုးထိအောင်လျှင်။ နန်းဆောင်ထုတ်သန်း။ ကွန်းစည်
ခန်းလည်း။ကျယ်ဝန်းလှဘိ။ကြန်ရှည်ညှိလျက်။ လက်ထိခပ်ရွှံ။
ပုစွန်ခွံကို။ တရံမပစ်။ဇမ္ဗူရာဇ်စတေ။ ရွှေစတိဖြင့်။ မိုးကျို့းအ
ရှိန်။တောက်ထိန်ရွှမ်းရွှမ်း။ရိပ်ချမ်းသတ်သတ်။ရိက်နှင့်ချွတ်သို့။
မတ်မတ်အသယ်။ခတ်မြှောင်သွယ်မှ။ရိပ်ကျယ်ဖွမ်းချိုင်း။ ပြိုင်း
ရရိုင်းလျှင်။ပန်းတိုင်းဆပ်သွါး။ကျီးရန်းတါးလျက်။ ရင်အားပျို့ပျို့။
လည်ခတ်ကို့နှင့်။ ဆို့ဆို့ရုပ်ကြီး။ သန်လျက်ချီးက။ လည်သီး
ပတ်ကုံး။ မိုးချုံးမိုးသံ။ တော်လနိုးနိုး။ မညှိုးမပိန်။ အရှည်မှိန်
သား။စ်န်ကားဖြာဖြာ။ ဘဿာရဲရဲ။ပုလဲပျစ်ရှက်။ပြွန်အမျက်တိ။
လျှော်ဆက်လိုင်ဦး။အထူးထူးလျှင်။ သောက်ရှူးကြယ်ကို။ ပယ်
လော့ဆိုလျက်။ တိမ်ညှိုလှစ်ဖည်။ လျှပ်စစ်ခြည်လည်း။နှိုင်းရှဥ်မ

တျူ။မှန်ကင်းလူမျှ။ရွှေချူကွန်ရက်။ခြူးညွန့်ရှက်သား။ ရိုးခက်ပွင့်ကြာ။ အဖြာဖြာနှင့်။ ရတနာခုနစ်။ လွန်ကျစ်လျစ်လျက်။ အသစ်စက်စက်။ မြီးကာဖက်သို့။ လူထက် တမင်း။ နတ်ဘော် ချင်းလည်း။ ။လွန်မင်းမှတ်ချေတော့မည်လော။

၄၁။ ပြိုးပြက်ပြိုးပြက်။ ရောင်ချင်းရှက်၍။ အောက်ထက်ဘညို့။နေခြည်ထိသို့။ညရို့ရိုးချုပ်။ တန်းခိုးရှုတ်သား။တဖြုတ်မညှံ့။ထိတ်ထိတ်လျှံမျှ။တိမ်ယံမိုးခြေ။ တိုးလေလေလျှင်။ရဝေစွန်းစွန်း။ညွန့်ညွန့်သွန်းမျှ။ခိုနန်းထုတ်မြဲ။ ကြာသင်းတွဲလည်း။ရဲရဲလှတင့်။ယခုပွင့်သို့။ ဆင့်ရင့်ရလစ်။ သနစ်သနာ။ပျော်ဘွယ့်သာဘည့်။ နီလာကြောင်မြ။ ပြောင်ပြောင်ပလျက်။ ပေါ်စထွန်းတင်။ ရွှန်းရွှန်းရွှင်သား။ ကောင်းကင်တန်ခွန်။ နေမင်းဟန်သို့။ ရောင်ဝှန်တပြီး။ကျူလောင်မီးဖြင့်။ ကြီးသည့်အဝှန့်။ မျှော်လျှင်လန့်မျှ။ ဗိမာန့်ထက်ဝယ်။ ထွက်သားကြွယ်သို့။ ပြိုးရယ်ရွှင်ဆို။ သွယ်လျက်ပိုယ်တိ။ရွယ်ပျိုညက်ကြဉ်း။ခြဉ်းရရည်းတုံ။ရလည်းထုံးစ။ ရွှေကုံးသှနှင့်။သပ်ချမြိတ်ဆံ။ရွှေကြာခံလည်း။ချောမံစတေ။ လွန်ပြစ်ပြေလျှက်။ကချေရွှင်ရွှင်။ ပစ္စင်ဆင့်ရိုက်။ တင့်သောကြိုက်ဝယ်။မည်းမြိုက်ရောင်ခြည်။ ယခင်သည်လည်း။ ငါးမည်ရုံညီ။ မျက်ပုံစိလျက်။ရွှေသိနိမ့်မြင့်။သုံးထွေတင့်မူ။ ယခင့်ရှေးဦး။မမြင်ဘူးသို့။ ရှုးမှုးလှည့်ဘိ။ ကြည့်မိမိ်က။ သတိ မတည်။ လည်လသောထွေ။ပမာဘွေလည်း။ ဟောမဝန္တာ။ အညာမြောက်ချောင်။ တောသုံးဆောင်တွင်။ သူကောင်မသိပ်။ ရွှေတောင်ထိပ်၌။ နှင်းရိပ်မှိုင်းကျ။ နေ့တိုင်းလှလျှက်။ တောက်ပပြင်းလေ။ ဝင်းဝင်းရွှေထက်။ ပင်ခြေလတ်လတ်။ ရွှေရည်ဆွတ်သား။ နံ့မြတ်ကြိုင်မွှန်း။ မဉ္ဈူပန်းလျှင်။ထုတ်သန်းအကြေ။ဆန်တက်လေ၍။ နေတည်းမြင့်ပြီ'ပွင့်စိစိသို့။သီသီကြည့်မော။ငါမင်းစောကို။ ။မျက်ကြောပြတ်စေတော့မည်လော။

၄၂။ ကောင်းကင် လမ်းမ။ ကွန်းထောက်ချသို့။ အစနှစ်ဟန်။ပြလတ်ညွှန်သား။ဗိမာန်နှစ်ဆူ။ဤနှင့်ဟူသော်။မတူလျှင်ပဲ။

ကွဲးကြီးကွဲးလျက်။လွန်ကဲးဆတိုး။ သာလှနိုးမျှ။ ဖန်ရိုးရိပ်ငြိမ်။ နန်းရွှေအိမ်ထက်။စည်းစိမ်သခင်။နတ်လုင်လည်း။ စွမ်းအင်တန်းခိုး။ ဘုန်းမညှိုး တည့်။ ယိုးယိုးယယ။ သံမြသံညောင်း။ ပျို့ဌာကောင်းလျက်။ လက်ချောင်းလက်သန်း။ စွန်းသားနှုတ်ခမ်း။ ရွှမ်းရွှမ်းဝါဝါ။ ပြာပြာလဲ့လဲ့။ နွဲ့နွဲ့နောင်းနောင်း။ ဘယောင်းပုံနှစ်။ သွန်း၍ဖြစ်သို့။ ကျစ်လျစ်ဘိခြင်း။ရှုယ်ရုပ်ဆင်းနှင့်။ဝင်းဝင်းညီးညီး။ဖိုးရရိုးသား။နတ်သမီးမရှား။နတ်သားသိန်းသန်း။ညီလာဝန်းလျက်။ သွန်းသွန်းသွယ်သွယ်။ ချယ်လှယ်သင့်ကြံ့။ တင့်တယ်ရုံသား။စိမ့်မြောင်ကွက်။ပြောင်ပြောင်ထွက်မျှ။ ညောင်ရွက်လုလု။ ထိုးပြူဖွဲ့ဖွဲ့။ဘိသင်တွဲ့နှင့်။ အမြီးလွယ်ခက်။ရွှေသန်လျက်လည်း စက်နှင့်တိုင်းတတ်။ပိုင်းပိုင်းဖြတ်မှု။ နှုတ်လှုတ်ဟုံးလျက်။ ကြိုးသံထွက်မူ။ယွက်ယွက်ယိမ်းယိမ်း။တိမ်းတိမ်းနွဲ့နွဲ့။ချွဲချွဲကုန်အောင် နတ်ဘော်ရှောင်အံ့။ နက်ချောင်လျှမ်းလျှမ်း။ ပင်လယ်ဒွမ်း၌။ပြင်ပွင်းမျက်မြတ်။ ရှိသတတ်ဟု။ လူနတ်စကား။ ဆိုသည်ကြား၍။ များပြားလှည့်တုံ။ ဤနတ်ဘုံထက်။ မျက်ပုံကိုးမည်။ မြကောင်းသည်လည်း။ ပုန်းရည် တောင်စာ။ လည်ကုပ်ညှာသို့။ သန္တာရွှေညှာက်။ နီလာ ကျောက်ကား။ ကန့်ထောက်အလား။ ပတ္တမြားယုန်သွေး။ဗွေးရရွှေးလျှင်။ ဇလွင့်လာ။ ပွင့်ပွင့်ဝါတွင်။ ပါလတုံမြောက်။ ကျေးဌက်ကောက်သား။ တိုင်ဘောက် ရွှေချည်။ ဝတ်စားရည်နှင့်။ တီးမည်ဆင့်ထူး။ ဧရင့်ကျူးလျက်။ ငုံဘူးချပ်ပွင့်။ လှပ်လှပ်ဖွင့်လျက်။တင့်လှတ°စွာ။မျိုးကြွင်ရာလည်း။သုံးမြွာချယ်တန့်။ရုံသွယ်ဖြန့်လျက်။ ညွှန့်ညွှန့်ညက်ညက်။ဘူးခေါင်လက်က။ အရွက်ပေါ်လှစ်။မြော်သစ်သစ်သို့။နစ်နစ်နက်နက်။ ညက်ညက်ထွားထွား။ ခတ်ပါး ပြင်တံ။ သွယ်ဆံ နက်မည်း။ ရလည်းရစ်ကွေး။မနိမ့်သေးတည့်။ရေးရေးစံပ။ ဘော်ထိုမျှတွင်။ အလှထွန်ခေါင်။ပြာသာဒ်ဆောင်လည်း။လောင်လလိလိ။ ပြောင်ပြောင်ငြိမ့်မျှ။ မျက်စိမဆုံး။ နှလုံးဦးသည်း။ မဲ့မှာချည်းလျှင်။ ငါလည်းတွေ့ဘူး။ ရထားဦးက။ ဖြူးဖြူးကြည့်မျှော်။ အောင်အောင်အံ့အောင်။ ပြောင်

ပြောင်ပြိုးပြိုး။ ရဲရဲရှင်ရှင်။ မာရဘင်ဝ။ မိရှင်မကို။ ခဏဆော
လျှင်။ ကျွန်ုပ်မြင်သည်။ ။သည့်လျှင်လွှတ်လေတော့မည်လော။
၄၃။ တူစက်တူ့စက်။ ဆုယူ ဘက်ဖြင့်။ နှစ်သက် ဖြား
ယောင်း။ ရင်ငွေ့ပေါင်းလျှက်။ သိန်းသောင်း ရုံဝန်း။ နတ်ရပ်
ကျွန်းတွင်။ ထွန်းလတ်တုံပြီး။ ရွှေချက်ကြီးနှင့်။ ရွ့က်ထီးဖြူညွန့်။
ကာရိပ်ဖြန့်သား။ ဗိမာန့်ရှင်မ။ တိမ်စဉ်လဝယ်။ ဆွဲဆွဲရောင်နွယ်။
မိုးခေါင်ကယ်သား။ ကြယ်များဓိပတိ။ နိုင်းဘက်ရှိလျှက်။ ဇာ
တိမည်ယူး။ ရောင်ခြည်မြူးသော်။ ကျေးဖူးနက်လေး။ ပမာသွေး
လည်း။ မုလေးရှိလျှက်။ စပယ်ခက်ကို။ ငွေလျှက်ကုန်ကာ။ မ
ဝယ်ရာသို့။ ညက်ပြာ ဆင်းအင်။ မဲ့ကိုမြင် သော်။ လုင်ရတု။
ဘယ်မှာရှု၍။ လှုလှုဝမ်းနွှ။ ကြိုက်ရှာလိမ့်နည်း။ ငယ်ကရည်း၍။
ရလည်းပေါ်စ။ မွေ့လျော်ကြသား။ သိဂ်ရည်သွန်း။ ဘုံပြည်နန်း
ထက်။ ခင်ပွန်းမိတ်ရန်။ သည့်လျှင်လွှန်မှု။ ဗိမာန်ကြီးကျယ်။ စဉ်း
ဇိမ်လယ်၌။ စမ္ပာယ် ရွှင်ပျော်။ နတ်နှစ်ဘော်ကို။ မြော်လတ် တုံ
ခြင်း။ ငါသည်မင်းလည်း။ သည်းရင်းမကွာ။ ခြွေရံပါလျှက်။ နတ်
မှာဦးစုံ။ သည့်နှယ်တုံလျှင်။ ကိုယ်ယုံရှင်စော။ ထင်လှမော၏။ ပြော
ဟောမည်ရ။ လူ့ပြည်ကသော်။ ဒါနကောင်းမှု။ ဘယ်သို့ပြု၍။ ရုချ
စုံပေါင်း။ ရွှေဘုံကောင်းထက်။ စည့်စောင်းငါးပါး။ ပျော်ဘွယ်များ
နှင့်။ ဝန်းလျှားနှံ့ချီး။ ထွက်ဝင်တီးလျှက်။ သွီးလုင်။ ရွှင်ရွှင်ရယ်
ရယ်။ ငယ်လည်းငယ်ကိုယ်။ ပျိုလည်းပျိုမြဲး။ မဒိုပဲ့လျှင်။ ဆင်း
ရဲ့မလာ။ ဖျားနာမဟူ။ ရန်သူမနှောက်။ ကျောက်လည်းမညောင်း
ခေါင်းလည်းမခဲ။ တလဲးလဲးလျှင်။ နတ်ပွဲတုံတည့်။ အံ့တို့လှည့်၏။
ကြည့်စများများ။ ပျော်ပါးလေလေ။ နှင်းဝေဝေတွင်။ တိမ်ခြေ
လှစ်ခွဲ။ လျှပ်စစ်ရဲ့သို့။ ပြည့်ထဲးသခင်။ ဖြုတ်ခြည်းမြင်သော်။ ရွှင်
လဥ်းရွှင်စ။ ကြင်တောင့်တလည်း။ မြင်ရသည်သာ။ နတ်မြဝါကို။
မျက်နှာမကျွမ်း။ မေတ္တာလွှမ်း၍။ မွှမ်းမွှမ်းထုံမြက်။ ကြိုင်တက်
သား။ သရကွန်မဋ္ဌူ။ ဒါရုရန့်။ တပျုံ့ပျုံ့လျှင်။ ညှံ့ညှံ့ ထွားထွား။
စက္ကူသားသို့။ ယဉ်သွားထောင်ပြည့်။ ချည့်ကောင်းထည့်လျှက်။

လက်လှည့် မခတ်။နှုတ်လည်းမချို။ အနိုအနှမ်း။ ရုတ်ရက်ဆမ်း
လည်း။နွမ်းနွမ်းနယ်နယ်။ ရနံ့ပြယ်သား။ တကွယ်မထင်။ ညွှန့်
ရှင်ခက်ဖြာ။ပဒေသာမှ။အညှာဖြေဖြေ။နေ့ရေလွယ်ကူ။ ဆွတ်က
ယူသား။ဘုံသူနန်းရပ်။အထပ်ထပ်လျှင်။ရင်အပ်ပေါ်ပဥ္စ။ခြည်း
ရရည်းတွင်။ညက်ကြည်းလျပါး။ ပြာထွားထွားကြောင့်။ ဘဝါး
ပူနင်း။ မီးကိုချင်းသား။ ကျွန်သင်း စောင့်ရှောက်။ အထောက်
ထောက်လည်း။ ချောက်ချောက်လှစ်ဖျက်။ ဝက်ဝက်ပွဲ့ငင်။ချွံချွံ
ဝင်၍။ငါလျှင်ဝံ့ရဥ။ စွန့်တော့မည်ဟု။ကြံစည်မပြေ။ တလျက်
နေသား။ မင်းခြေယောင်မြ။ နောင်ခင်ဘကို။ ။ရှင်မချွတ်ပေ
တော့မည်လော။

၄၄။ ညှိုးညှိုးညီးညီး။ မိုးသွီးတို့။ ညဲးကြီးညဲးထွေး။ ငြိမ့်
ငြိမ့်သေးမျှ။ ဧမ္ဘွန်တက်။နှင်းရည်ဘက်သား။ကရမက်နှင့်ဖျော်။
အကျော်လိမ်းကျုံ၊ ပဉ္စမျှရုံလျက်။ စံလည်းစံတုန်း။ ရှင်မဘုန်း
နှင့်။ မနူန်းလှည့်ထိုက်။ မြိုက်ရရိုက် တွင်။ ခြိုက်ခြိုက် မြင်နေ့ရ။
ဘယ်နှံ့မေ့အံ့။ရေမြေသနင်း။ ငါသည်မင်းကို။ မဲ့တင်းပွဲးဘောင်။
ဇိပ်မက် ယောင်မှု။ မဲ့မောင်လူ့ဆွေ။ မြင်တို့လေဟု။ တွေးချေ
နတ်မယ်။ ပြိုးပြိုးရယ်လျက်။ ပြယာပယ်မျိုးမြွက်။ ပွက်လေတစ်ံ့။
တင့်ငံ့လျှင်။ဖွံ့ဖွံ့နွဲ့နွဲ့။မြင်မိခဲ့မူ။ကြည့်ငဲ့လွတ်လွတ်။မလွန်တတ်
ခဲ့။လတ်လတ်ရဥ်စင်။ရွှေထက်တင်သား။မျက်ရှင်ပတ္တမြား။ ထွန်း
သောလားသို့။ မြောက်သား ကျွမ်းဝင်။ မဲ့သည်ပင်လည်း။ ဆင်
ယင်ရတနာ။နီလာမြကြောင်။ ဆန်းကြယ်မြှောင်သား။ လျှံရောင်
ကျယ်ဝန်း။ နေ့နှယ်ထွန်းမျှ။ ဘုံနန်းထွက်ပေါ်။ မြော်လတုံက။ အံ့
ဩြာလှ၏။ စံပစခြင်း။မင်းခမ်းကျင်းလည်း။ ထွန်းဝင်းပြိုးပြက်။
ချက်ချက်မောင်းမောင်း။ ရည်ပျောင်းပျောင်းသား။ ကွမ်းလောင်း
ပန်းကပ်။ အထပ်ထပ်လျှင်။ကွမ်းချပ်နိမ့်မြင့်။ သရစ်ဆင့်လျက်။
ကြာပွင့်အသွင်။ ဖသာက်ရေ တင်နှင့်။ ရည်ရှင်မှုတ် ပြောင်း။ စ
လောင်းဗွေးဗွေး။ရွှေသနွေးလည်း။နားရေးဆယ်တန့်။ ရှားမီးခန့်
လျက်။ခြူးညွှန့်သားသား။ဘလားကျပ်ပြောက်။ ညီးညီးတောက်

မျှ။ ခွက်ယောက်လင်ပန်း။ အဆန်းဆန်းနှင့်။ ပုံသွန်းစံမြေ၊ လက်ကောက်ခြေခြင်း။ တဝင်းဝင်းလျှင်။ ရွှေမြင်း ရွှေဆင်။ ရွှေရုပ်ရှင်လျက်။ ထမ်းစင်သံလျှင်း။ ခရုသင်းမှ။ ရနံ့ညင်းကြာခြူး။ ရွှေဘူးရွှေအိုး။ ကွမ်းပိုးကွမ်းထည့်။ မင်းခမ်းပြည့်မျှ။ နတ်တည့်စည်းစိမ့်။ တခြိမ့်ခြိမ့်လျှင်။ ရဒိမ့်စည်ကြီး။ မြည်လတ်ပြီးလည်း။ ဖွဲ့ချီးနှစ်ခြိုက်။ ကြူးကရိုက်လျှင်။ တိမ်တိုက်မှောင်ကျ။ ဖြူရောင်ပသား။ မိုးလခရီး။ မသွားသီးတွင်။ မင်းကြီးနေဦး။ ဆွေမျိုးဘူးသို့။ မှုးမှုး မိန်းပြတ်။ တိမ်းငွေညွတ်မျှ။ ဆွတ်ဆွတ် လွန်ကြင်။ တို့ကိုမြင်သော်။ လူရှင်ဆက်ဆံ။ မေတ္တာခံသား။ နိုင်ငံကျယ်ကွင်း။ ငါသည်မင်းလည်း။ သတင်းကြိုးခြံ။ ကောင်းမှုကံကြောင့်။ စံပရအံ့။ စိတ်ပျံ့ပျံ့တည့်။ နှံ့နှံ့ ပတ်ပတ်။ ရှုမျှော်လတ် လည်း။ နဝဒတ် သို့။ ကျောက်ရောင်ညို့နှင့်။ ပိတ်ဆို့တားဆည်။ ကန်မြရည်လည်း။ နက်ကြည်လျှမ်းလျှမ်း။ ကြာဖွမ်းဖွမ်းတည့်။ ဟင်းရမ်းကတောက်မျောက်လှေကူးလည်း။ မရူးစပါ။ နတ်တို့ရွာတွင်။ တိမ်ပြာလှစ်ပယ်။ လျှပ်စစ်နွယ်သို့။ ငုံသွယ်ပွင့်ခက်။ တရွက်မညှိုး။ ဖြိုးရရှိုးလျှင်။ ခွံရိုးမြကြော။ လှလှမောဖျ။ ပည်းပေါ်ညိုးညိုတ်။ ရွှေရည်ဘိတ်သို့။ စိတ္တလတာ။ ဥယျာဉ်မှာတုံ။ နွေခါ သံထောင်း။ ယောင်ရွက်ဟောင်းဖြင့်။ ရောင်းရောင်းကြွေကျ။ ခွံရေမြနှင့်။ အလှတိုးပွါး။ မိုးမိုးဖွားလျှင်။ ထွားထွားညှံ့စွာ။ ခက်လက်ဖြာလျက်။ အခါသာဝတီ။ ရွှေကြိုးသီသို့။ ရုံစီသီးလှည့်။ ဩဇာထည့်၍။ ပျော်မှည့်ရွှမ်းဝါ။ လေပြည်လာက။ အညှာနုနွ။ ကျလုလုသည်။ ။ယခု ဆွတ်ချွေတော့မည်လော။

၄၅။ ဤသို့ဟူ၍။ ကျိုက်ဆူဗိန်ပြင်း၊ ကျော် သတင်းနှင့်။ တျင်းတျင်းရှတ်ဖြတ်။ ရန်လုံးသတ်သား။ ဥက္ကာဋ္ဌမိပတိ။ စောနေမိကား။ ဆင်ရှိလွှေ့လွှေ့။ စောင်းတန်း ဂဏ္ဍ ဂွင်။ ခြသေ့်လည်စောင့်။ ရှစ်မြှောင့်မြှောင့်နှင့်။ တထောင့်ကိုးလိုင်။ တိုင်ကား သုဝဏ်။ ဖန်ကားအမိုး။ ပြည့်လျှမ်းဖြိုးမျှ။ တန်းခိုးမကြို့၊ ဘုန်းလည်းပုံလျက်။ ဦးစုံလည်ရှက်။ ဆွေကြင်ဘက်တို့။ တရက်မကွာ။ တ

ခါမကွေ့။ မျိုးခြွေရွှေနှင့်။ မြုတေရှိမ်းရှိမ်း။ လိမ်းလည်းဖျောင်းလျှောင်း။ရှက်ကောင်းရွှေထီး။မှုတ်တီးညွှင်းစောင်း။ရွှေနင်းနှောင်းနှင့်။ မိကျောင်းပြိုင်ဆော်။ ပြည်တော်ပုလဲး။ အောက်ပြန်လွှဲးလျှက်။ ခွါရှုံးစံပေါက်။အောက်ကလပ်ကြီး။ ကပတ်ဆီးလည်း။ သီးသီးမနိုင်။ သာကွင်းတိုင်လျှက်။ ကောက်ပြိုင်အဲးအန်။ သံဃန်မဆိတ်။ ကရဝိတ်ဌက်မင်း။ ညွှင်းညွှင်းခြေးခြေး။ ဇေညောင်းညောင်း။ လည်ချောင်းသာမော။ ပြောပြော့နှစ်သိမ့်။ ငြိမ့်ငြိမ့်နာအောင်။ ရွှေတောင်ရွှေမြိုး။ ရွှေနူတ်သီးနှင့်။ ညီးညီးတင့်မွန်။ ရင့်ကတွန်သို့။ ဗိမာန်သခင်။ ပျော်ရွှင်လှည့်ဘိ။ မြင်သည့် ရှိသော်မာတလိနတ်။ သိကြားမတ်ကို။ မြတ်ထွတ် ဖျည့်ဌား။ ဘယ်ကြောင်းလျှားဖြင့်။နတ်သားနတ်သို့။အပြီးပြီးနှင့်။လင်းမှိုးနတ်ပြည်ဖြစ်လှာသည်ဟု။ ။မြရည်မင်းခြေမေးတုံလေတည်း။

၄၆။ တဿပုဗ္ဗေ ဗျာကာသိ။ မာတလိဒေဝ သာရထိ။ ဝိပါကံပုညကမ္မာနံ။ဇာနံအက္ခာသိဇာနတော။ ။ယာကာစိနာရိယောဣဓဇီဝလောကေ။ သီလဝတိုယောဉပါသကာဒါနရတာနိစ္စံ။ ပသန္နစိတ္တာသစ္စေဝါဒိတာ။ ဉပေါသထေအပ္ပမတ္တာသံဝိဘာဂါစဒါနဝိမာနသ္မိံမောဒတိ။

ထိုသို့လျှင်ဘည်း။ မြေပြင်ထုတ်သန်း။ ပြတ်ဘနန်းမှ။ ကျွန်းဇမ္ဗူဒီ။ဘဝါးချိက။ မညီတိမ်းတင်း။ မြေစောင်းပင်းသား။ မင်းထက်မင်းစင်။ မေးလတ်ကျင်သော်။ မြရှင်ရည်စို။ တောင်နဂိုရ်ထက်။ မျက်လို့နှလုံး။ ရန်သူပြိုးလည်း။ လက်ရုံးဟန့်တား။ ကျေးကောင်းစားက။နတ်သားဘော်တွင်။ ကျော်တိုင်းထင်သား။မြော်မြင်မျက်စိ။မာတလိကား။နေမိလွှဲ့ထင်း။ စောရန်ခွင်းကို။အခြင်းသိကုံ။ ပြန်လတ်တုံ၍။ ကမ်းသံ ကျောက်ဆောင်။ တောင်လည်းဝက်ဝက်။ ကွဲးချအက်မှ။ လက်နက်ရှတော့။သိကြား ဆော့သို့။ ပျော့ပျော့ဇိဇိ။ဘုန်းတော်ဘိသည်။သိရိပဝရ။စောသိဟ။ ။နရထိပ်မိုး။ရှင်သတိုးလျှင်။ဘေးဘိုးနွယ်ရှက်။ ရွှေနန်းဆက်က။ စစ်မက်မနှောင့်။ဆူးညောင့်မရှ။ရန်စမထင်။ ဝစဉ်ပင်လျှက်။ ပုံ

ယဉ်မှိမှိ။ညိညိညွတ်ညွတ်။မှူးမတ် ရွှံ ရွှံ။လက်သံလန့်လန့်။အဓုန့်ကျုံးကျုံး။အသားလုံးကြည်ကြည်။သက်တော်ရှဉ်မှု။နတ်ပြည်ခေါ်ယူ။နာတော်မူလေ့။ဇမ္ဗူဝန်းထိပ်။ကျွန်းမြရိပ်တွင်။ နင်းနှိပ်အစ။သမတလျှင်။တည်ထပြည်မြတ်။ သာရေဝတ်ဟု။ ထိမ်းမှတ်မည်သာ။ရွှေပြုပ္ပါမှ။ ဂင်္ဂါမြစ်ကြီး။ရစ်သွယ်စီးလျက်။ဝေးနီးမြောက်တောင်။ ခတိုင်အောင်လည်း။ မင်းခေါင်စိုးခြံ။ တန်းခိုးလုံလျက်။အခုံသပျားလား။စည်ပင်ပွါးသည်။ ။တိုင်းကားကျယ်ကျယ်ဝန်းဝန်းတည်း။

၄၇။ ပြိမ်းလှချမ်း၍။ဒုမ်းဒုမ်းချိုင်းချိုင်း။နိုင်ငံတိုင်းလည်း။သမိုင်းမော်ကွန်း။ ကျယ်ကျယ်ဝန်းလျက်။ရဟန်းမိဘ။တကွသနင်း။ မင်းလည်း ဖြောင့်ဖြောင့်။ စောင့်လတ်သောခါ။ သာသနာလည်း။ရောင်ဝါ ရွှန်း ရွှန်း။တောက်ပထွန်းလျက်။သန်းနှင့်ကုဋေ။သချေမှိရာ။ထိုပြည်သာတွင်။ ရတနာပြောင်လွှင်။ပလ္လင်ကိုးဆင့်ဘုံနန်းမြင့်ထက်။ ရဲးရင့်စံတုန်း။တန်းခိုးမှုန်းလျက်။ ဘုန်းလည်းအံ့ဘွယ်။နက်ဒုမ်းကျယ်သား။ ပင်လယ်အသွင်။ ပည်းဖြင်ဆောင်ယောင်။ဤနတ်မောင်ကား။အိမ်ထောင် ကျယ်သစ်။ လုင်ဖြစ်၍။ကျစ်လျစ်ပြင်လျှာ။လက္ခဏာနှင့်။လိမ္မာပင်ထွက်။ရွှေစင်ရွှက်သို့။ဖိုလ်မင်ဆောက်တည်။ ကောင်းစိတ်ကြည်လျက်။ မျိုးမည်ထွေပြား။ ဘဝါးတိမ်းစောင်း။ စေးရွှံချောင်းနှင့်။လမ်းထောင်းသွားလား။ နင်းချွတ်မှားလျက်။ သောက်စားရစ်ဝ။ မာန်ကြွကြွလျှင်။မောဟမိုက်ရှုပ်။ လောဘချုပ်၍။လက်ဆုပ်ဥစ္စာ။မသဒ္ဓါလည်း။မိစ္ဆာလွှမ်းဘို့။ သမ်းမို့မို့သား။ညစ်လို့ညစ်မှု။တချိုလူကို။ အပြုံ့လှပ်လှပ်။လျှော်ဆေးဖွပ်လျက်။ကူးခပ်ဆယ်တင်။လက်နှင့်ငင်သို့။တိထွင်လမ်းကြောင်း။ရွှေသွားခေါင်းသည်။ ။လူကောင်းပေါ်စ ရွှန်း ရွှန်းတည်း။

၄၈။ ညည့်ကားအခိုး။ မိုးကားသောက်လင်း။ မီးရှိန်ဝင်းလျက်။ ကျော့ကွင်းထောင်ရှက်။ ဘော်သုံးကွက်တွင်။ ဝိတက်ဝိစာ။အဖြာဖြာနှင့်။မိစ္ဆာမြွေးတုံ။တဏှာချုံမှ။လက်ရုံခေါင်းမော်။

လူကောင်းပေါ်သား။ လူကျော်မွန်ရည်၊ တိုအသည်လျှင်၊ ယွင်း
ဖည်လိမ်ကွေ့၊ စိတ်မရှေ့တည့်။ ကြွေ့ကြွေ့အင်ခြိုက်။ ရင်သွေး
နှိုက်လည်း၊ အမြိုက်ဖြန့်ချို။ ကောင်းဘော်ညှိမှု။ နိမိစကား၊ ဆုမွ
ကြားလျက်၊ တံခါးပိတ်ပင်၊ ကျုံးသို့ဝင်သား။ တောဆင်မယည်၊
တမာချည်အံ့၊ တွဲးယှဉ်ကောင်းလှ၊ ထိန်းကျောင်းမ၏။ ချစ်စတင်း
လင်း။ မျိုးသည်းရင်းနှင့်။ သားချင်း မြေးဘော်။ ခေါ်ဝေါ်တသီး
သမီးခမက်၊ ခက်လက်နွယ်ဖြာ၊ မျိုးဆွေမှာလည်း၊ ကွယ်ရာထင်
ပြဲ့၊ ကဲ့ရဲ့လုံးပစ်။ စိတ်ညစ်ညစ်မှု၊ ကံမြစ်ဖန်ကြိမ်၊ ဆပ်ပြာစိမ်၍
ညစ်လိမ်လက်ဖြန်း၊ ဖြူးသွေ့လှန်းလျက်၊ ထုံမွှန်း နံ့သာ၊ သမွှာ
သက်ပ်။ စောင့်စည်း ကြပ်၏။ ဖပ်ဖပ် မုန်စို။ ပျိုပျို ထွားထွား၊
သျှောင်းကျားလူလူ၊ ငယ်သူ့နှလုံး၊ မရုံးနိုင်ဘဲး၊ ဝထဲးကျည်းချောင်။
ကိုယ်ရှောင်ကြွံ့ဝင်။ မဆင်ခြင်လည်း၊ သိမြင်ကျိုးပြစ်။ ချစ်ချစ်ပူ
လောင်။ မီးကျီးတောင်ကို၊ ရှောင်လေ့လန့်လန့်။ မြစ်တာဟန့်၏။
ကြေးကျွန့်အလိုက်။ မိုက်မိုက်မဲးမဲး။ စည်းလဲးစည်းစာ၊ လိမ္မာမ
ပွန်၊ အာဏာဆန်လည်း။ စောင်းမာန်တည်းချုပ်၊ ဆင်ချွန်း အုပ်
လျက်၊ ရုပ်လှည့်ပစေ၊ လက်နှင့်ဖြေသို့၊ ဆိုထွေဖြည်းညှင်း၊ နားပေါ်း
သွင်း၏။ ဆင်မြင်းရှည်ရင်၊ မြင်လမှုကား၊ မြို့စောင့်ထားသို့၊ သေံ
စားနည်းယုတ်၊ အားခွန်ထုတ်က၊ ခြုတ်ခြုတ်ကိုးခွါ၊ မျက်ညိုးညှါ
သား၊ ကေသာဖြူကျား၊ သူအိုအားလည်း၊ စစ်သွါးမခေါ်၊ လုပ်ဘော်
မဟူ။ အိပ်မှုမနိုး။ ရေခမိုးသို့။ ကောင်းကျိုးငြိမ်းရှာ။ သူစိမ်းမှာ
လည်း၊ မေတ္တာဆက်ဆံ၊ ယုန်နှင့် ဖျံသို့၊ စိမ်းဆွံ့မြန်လူ၊ တောင်သူ
လင်းခါး။ ကုလားသထုံ။ ပြုံပြုံယွန်းရိုင်း၊ တလိုင်းကျည်းစစ်၊ ဖြစ်
လင့်ကစား။ တော်ဖြောင့်လျှားက၊ ဆယ်ပါးခင်ပွန်း၊ မှန်းပစိမ့်ဌာ
ကျင့်နည်းနာဖြင့်။ သံသရာမြစ်၊ ဝဲးချုံထစ်တွင်၊ နစ်ခဲ့တပြို့း၊ ဆုံး
လိလိ မှု။ မထိတန့်ဆယ်။ လက်နှင့် ကယ်သား။ ကြိုးသွယ်လံ
လျက်၊ သဘော်ထက်သို့၊ တဘက်ပို့ဟန်၊ သူ့ဘို့ဝန်မှ၊ မကျန်စေ
မြို့၊ ကိုယ်ဌဘို့တုံ၊ ကုသိုလ်လက်ရ၊ အတုလဖြင့်၊ မိဘချီပိုး၊ နို့ဘိုး
ဆပ်နိုင်၊ ပိုင်လတုံတုံ၊ ပစ္စည်းကုံလည်း၊ စည်းခံနှစ်ဆူ၊ ရွှေဂူနှစ်ပါး

ဘုရားဆင်းတု။ငါ့ကောင်းမှုဟု။ လှု လှုမြတ်လေး။ရိုသေမွေးလျက်
လုပ်ကျွေးမကွာ။ ကောင်းခြင်းရာဖြင့်။ခြေခံရွာနတ်ပြည်။ပျော်အံ့
ရည်သည်။ ။ပင်စည်ရွက်နုသွန်းသွန်းတည်း။

၄၉။ သွန်းသွန်းရွက်နု။ စိတ်သာရနှင့်၊ ကောင်းမှု ဆယ်
ပါး။တတ်အားသောလျောက်။သဆက်အောက်ဝယ်။ မိုးပေါက်
ခံထည့်။အိုးကြီးပြည့်သို့။ ပျော်မှည့်စပါး။တစည်သွားဝယ်။သီး
ဖျားရိတ်လှိုင်း။ လိုသောတိုင်း လည်း။ မနိုင်းစလောက်။ တစေ့
ရောက်က။ရွှေနောက်မြောက်တောင်။ ခက်မထောင်လျက်။ မြင့်
ခေါင်သွယ်သွယ်။ပေါယယ်ကျေးငှက်။ နားခိုလျက်တည့်။ ခက်
လက်ညွတ်ညွတ်။ဆွတ်သည်းမရှား။ စားလည်းမနိုင်။ မှည့်ခိုင်
ညီးညီး။ညောင်ပင်ကြီးသို့။ ထီးထီးထိုင်းထိုင်း။မုန်တိုင်းခတ်ချွေ။
သီးမှည့်ကြွေလည်း။မြေဝယ်မပျောက်။ နှင်းတပေါက်က။ ကိုက်
ညှောက်ပေါ်ထွက်။မြစ်နွယ်နက်၍။ တိုးတက်ပွါးစီး။ ခရီးခွဆုံ။
တောအုံလွင်ကျင်း။ ရှူးရှူးရှင်းလျှင်။ပင်ရင်းခိုင်ကျည်။ ရွက်စည်
ရိပ်ခို။လူဗိုလ်အများ။ဖြစ်သော့လားဟု။ တရားသိသိ။ မြော်မျက်
စိဖြင့်။ ဒိဋ္ဌိတက္ကဒွန်း။ ရှင်ဖြစ် ဆန်းတွင်။ ရေသွန်းပျိုးပါ။ မျိုးကုံ
ကာဟု။လိမ္မာသသူ။ လူဖျော်ဝမ်းဝယ်။ ယည်အောင် ကျယ်သား။
ပင်လယ်ဂှမ်းနက်။သက်ရွှေစမ်းသို့။ ဆွတ်လှမ်းမင်္ဂမိုလ်။ ရည်
မြိုက်မျိုသား။ပုဂ္ဂိုလ်သန့်ရော။ရဟန္တာသို့။ မျက်နှာဥရည်။ ညွတ်
နူးကြည်က။ဖန်ရည်နီမြန်း။သက်နီးပစ္စူ။ဆုယူမြဲကျိတ်။ သမိတ်
ကရား။ယမားထီးမိုး။ခက်ရိုးဆစ်ဖွေး။ခွံခွါနွေးသား။ တောင်ဝေး
ဘိနပ်။သင်ရုန်းအပ်နှင့်။ပဲးကွပ်လက်ကိုင်။ ခရိုင်ရေစစ်။ ကညစ်
ရူးဆောက်။ သံကောက်ဆိကျည်။ ဖျော်ရည်လှိုင်ကြူ။ နံ့သာဟူ
သား။အလှူဆယ်ခန်း။ ဆယ်ချပန်းကို။ စွန်းဆန်းမရောင်း။ ငါ့ရှင်
ကောင်း၍။ ကျောင်းမဆောက်ရ။ ဒါနစေ့ရုံ။ ကုံသရွှေလျှင်။ ဖူး
တွေ့ဝန်းလျား။ကျောက်တန်တားသို့။ ဆံဖျားမလှုပ်။ချိလက်အုပ်
ငှ်။ကျွန်ုပ်ထက်ထက်။အသက်ရှုနှင်း။ကြည်ညွတ်ပြင်းဟု။ တင်း

တင်းမာကျော့။စိတ်မလျှော့လျှင်။ သူတော်နည်းထုံး။ မြတ်ကျင့်
သုံးသည်။ ။နှလုံးရွှင်ရွှင်လန်းလန်းတည်း။

၅၀။ ရွှင်လန်းရွှင့်လန်း။ လနှယ် ဆန်းလျက်။ လေးခွန်း
စကား။ မှတ်သားဆိုနည်း။ ယာသကျည်းနှင့်။ စရည်းပင်ကြီး။
ဖါလာသီးတို့။ အတီးစည်လာ။ ကမ္ဗည်းစာလည်း။ ခြင်းရာတစ။
ကြားဘူးသိလျက်။လောကီချမ်းသာ။ဥစ္စာပစ္စည်း။ ဆည်းလည်း
ရှိရစ်။သူ့ဘို့ဖြစ်ခဲ့။ညစ်ညစ်ညမ်းညမ်း။ကြမ်းကြမ်းကြုတ်ကြုတ်
မဟုတ် မလျှား။ ကျင့်မိမှားလည်း။ ကျည်တား ဆို့လျက်။မီးပုံ
ထက်ဝယ်။ လောင်ကျက်ဟစ်ကြော်။ ဘယ်နှံ့သော်လျှင်။ ပေါ်
လတုံတုံ။ မှတ်ပိုက်ယုံလျက်။ စေ့ရုံသံဝေ။ ရလေထွေဖြင့်။ နွား
ခြေခွါထက်။ ရေကျက်ကျက်ဝယ်။ လောက်လက်ကစား။ ငုံး
ခါးသို့။လူများအသက်။နည်းစွါလျက်တည့်။စုံမက်လှည့်တို့။ပျိုရ
ရို့လျှင်။နှစ်လိုချင်ဘွယ်။ရူပကယ်ကား။လေးဆယ်လွန်က။ သစ်
ကြွန်ကျသို့။မိန်းမယောကျ်ား။ရေးသားပိန်လို။ ကောင်းရှိန်တို့ခဲ့။
ဒိုလည်းမစိုး။တန်းခိုးမငြိမ်း။ဘုန်းလည်းရှိမ်းမျှ။ သွေးစိမ်းကြော
မ။ယာရကလျှင်။နောင်တမဲ့ကြောင်း။ ကျင့်အပ်ကောင်း၏။ လည်
ချောင်းကြုတ်ကြုတ်။ သွေးသား ထုတ်လျက်။ ပလပုတ် ခံတွင်း။
သေမင်းကြောင်ဘား။ကျားသုံးရလျှင်။ ငုတ်ရထိုနည်း။ ကပ်လေ
ပြည်းတည့်။မျှော်ရည်းမျှော်ရှာ။မရောက်သာသား။ ခေမာကမ်း
ခုံ။ဘုံမနက်သံ။မွန်သည်အချာ။ဤသည်မှာဟု။ ရတနာသုံး။ပုလဲး
ကုံးကို။ မျက်လုံးချယ်နှိပ်။ ရွှေတံဆိပ်သို့။ ငယ်ထိပ်ရွယ်ရွယ်။
ဘယ်လည်းမစောင်း။ ခေါင်း၏ အထက်။ ဥသျှောင်ချက်ဝယ်။
လက်လက်ရောင်ပြေး။ ရှစ်မြှောင့် ကွေးလျက်။ မွေးမွေး နံ့လှိုင်။
ကြိုင်တို့လှည့်စွာ။ငါးခက်ဖြာသား။လက်သာဆွတ်နုတ်။ ကြာက
မုဒ်ဟု။ဥပုသ်တခြား။ ပန်းရွှေသားကို။ ထိပ်ဖျားစွန်းစွန်း။ မကိုန်
မှန်းလျက်။ရေသွန်းချပြု။ လှူကောင်းမှုနှင့်။ လှူလှူလည်းကောင်း။
ဘုရားလောင်းတို့။နှစ်ထောင်းစံမြဲ။ဘုံရိပ်ပွဲးကို။ ယှဉ်နွဲ့ဆောက်

တည့်။ရောက်ကြရည်သည်။ ။စိတ်ကြည် ဖြောင့်ဖြောင့်တန်း
တန်းတည်း။

၅၁။ ဤသို့လျှင်တည့်။ တိုင်းခွင်ပည်းထူ။ပြည်သူမကျန်။
ဆုံးမညွှန်လျက်၊တမလွန်နောင်လာ။ သံသရာသွေးဆောင်။ဆွေ
ကန်အောင်နှင့်။မဲ့မောင်ကြင်သူ။ညက်ဖြူပြာထွား။ မယားညီတူ။
အလှူမကောင်း။ သတင်းလည်း သုံး။ နတ်ပြည်ရုံးသို့။ လေးလုံးသ
ရက်။ကြွက်လည်းလေးမျိုး။အိုးလေးပါးတွင်။ထင်ရှားတချ။တစ်
ခေါ်ပြုလျက်။ပြည်သူ့အမိ။ပြည်သူ့ကျိုသား။ဖြန့်ချိဝန်းကျင်။ထို
နတ်ရှင်လည်း။သစ်ပင်ကြီးနှယ်။ရိပ်မိုးကွယ်လျက်။ပေါယယ်ရှား
မွတ်။ ဆွတ်လှည့်ပစေ။ သီးမှည့်ကြွေသို့။ တိုင်းခြေစည်နက်။ထို
ပြည်ချက်တွင်။ ဘဝဂ်ခေါင်ကယ်။ ရောင်ခြောက်သွယ်နှင့်။ ပင်
လယ်ဇမ်းမ။နိုင်းတည့်ဆလည်း။ မရကဲးဇန်။ အနန္တစကြာဝဠာ။
ကမ္ဘာထိန့်ထိန့်။ တအိန့်အိန့်မျှ။သိန့်သိန့်လှုပ်ရှား။ဘုရားထွန်းပေါ်
ရှင်တော်အရာ။ သဃ်ာတခြား။ သူမြတ်အားကို။ ညွှတ်တွားမှိ
တွယ်။ ကြီးငယ်သူငါ။နတ်တို့သာလျှင်။ စေတနာထက်သန်။ရန်
ညင်းဆန်သို့။အတန်ငယ်ပျိုး။ ဂိုသာခိုးလည်း။ကောင်းကျိုးပည်း
မွမ်း။ ဖြစ်စတမ်းကို။ ရုစမ်းနိုက်နှဲး။ မှတ်မိုက် စွဲးလျက်။ ရဲးရဲး
ရက်ရက်။ပိတ်ပိစက်ဖြင့်။ နှုတ်ထွက်ညီခိုင်း။ကိုယ်နှင့်မိုင်းသို့။ နေ့
တိုင်းကြည်ဖြူ။ အသည်လူလျှင်။ မည်သူမနိုး။ သဒ္ဒါရိုးဖြင့်။ မိုး
လည်းမိုးကြွင်း။နှင်းလည်းနှင်းခါ။ သန်းခေါင် လာသား။လေသာ
ကျဖြည်း။ချမ်းရိပ်ကျည်းမူ။ရထည်းလှပ်လှပ်။ရုံကထပ်သို့။ကြပ်
ကြပ်မြဲးချုပ်။မေတ္တာထုပ်သား။ပြင်ရုပ်ရွယ်ပျို။မယ်မြည့်နှင့်။ ကု
သိုလ်ဆယ်ပါး။ကရားသွန်းချ။ဝေဖြန့်ဌသား။ကြမ္မာ့အလျောက်။
နတ်ရွာရောက်၍။မောက်မောက်ဖြိုးအောင်။ ရွှေရောင်မှည့်ဝင်း။
လပြည့်မင်းသို့။ မှန်ကင်းညွန့်ဖျား။ တန်ခွန် လွှားလျက်။ ကြား
လည်းမငြီး။မှုတ်တီးသံရှည်။စောင်းညှင်းမြည်၏။ ရွှေစည်လက်
ဦး။ထွက်ဝင်ကျူးလည်း။ပျံ့ပျူးစဟန်။ပြန်လတုံတုံ။ ကြာငါးရုံ
နှင့်။ ရိုးချုံဖြုန့်ဖြုန့်။ဝတ်ဆံမုန့်လည်း။ ရုန့်ရုန့်တိုးကဲး။ ပျိုးပျိုးကြီး

သို့။သလဲးရွှေဒွက်။ မြစက်ချမ်းမြေ့။အရှေ့ခပ်တင်။သေနံခွင်က။ မြင်လည်းမဝေး။ ရေကျေးရေကြက်။ ရုတ်စက်သဲးသဲး။ ပျံ့ဝဲး သောင်းသောင်း။ကန်သာကောင်းနှင့်၊ လှောင်းလှောင်းရနံ့။ပျံ့ပျံ့ ကြူစွာ။ ဥယာဉ်မှာလည်း၊ အာသာဝတီ။ မှည့်ခါပိလျက်။ သိ သည့်ကြိုးသို့။ ခက်ကျိုးဝါရွမ်း။ မဲ့ကိုလွှမ်းမှု။ ဝမ်းလည်းဆွတ် ဆွတ်။သာရဝတ်သား။ပြည်မြတ်တိုင်းလုံး။လှိုင်း၍ကျုံးသို့။တရုံး တပုံ။ နတ်ဘုံလှစ်စံ။မျိုးဆွေရံလျက်။မောင့်နှံ့သည့်မျိုး။ တို့နတ် မိုးဝယ်၊ တန်းခိုးတနှာ။ ပြင်းထန်စွာသည်။ ။လျှံဝါတောက် တောက်ထွန်းထွန်းတည်း။

၅၂။ ဤသို့ဟူ၍။ မြန်လူမြေးသား။ အလှူအားနှင့်။ ထွား ထွားဝတ်ညွန့်။ပန်းနှုယ်သိရုံး။သတင်းသုံးသား။နှလုံးကျည်းဖွပ်။ ပြူလှပ်လှပ်လျှင်။နတ်ရပ်ပို့လှာ။မြို့နှင့်ရွာသို့။ချမ်းသာကုံလုံ၊ အင်ရုံ ရုံတည့်။ရွှေဘုံပြောင်ပြောင်။ရွှေညောင်သွယ်သွယ်။ရွှေကြယ်ညီး ညီး။ ရွှေထီးစွင့်စွင့်။ကြီးမြင့်ကားကား။ သားရေး၍။ စားစားအ မြှောင့်။ ရှစ်ထောင့်အညီ။ မျက်တိစိလျက်။ တိမ်နီခြင်းကြွတ်။ တွေးတွေးတွတ်မှု။လတ်လတ်လှနိုး။ဖန်မိုးအိမ်ဝန်း။ လိုင်သာနန်း နှင့်။သိန်းသန်းရံခြွေ။ကချေသဘင်။ဆင်ယင်ဝတ်စား။ အပါးပါး တွင်။ပြယားသန္တာ။နီလာစိန်ပြောက်။ လက်ကောက်ညီးညီး။ ပု တီးဝင်းဝင်း။ခွဲခြေခြင်းသည်း။ ပင်ရင်းလှစွာ။ ပဒေသာမှ။လွယ် ကာညွတ်ချ။ဆွတ်မတဟု။ နရထွတ်ခေါင်။ စောရန်ရှောင်ကို။ အောင်သမင်္ဂလာ။ နှုတ်သံဝါနှင့်။ သာယာ လှည့်ဘိ။ မာတလိ လျှင်။ ။သိသည်အလျောက်ပြန်ကြားလျှောက်၏။

ဖလိကာဝိမာနဘုံခန်းပြီး၏။

---

## ၄။ ပဏ္ဍုမြားဘုံခန်း။

၅၃၊ အထဿသောရထံ ပုရတော ပေဿေတွာ။ ဇေကံမ ဏိပိမာနံ ဒဿေသိ။ တံသမေဘူမ္မိ ဘာဂေပတိဋ္ဌိတံ။ ဥဗ္ဗေဓ

သမ္ပန္နံ။မဏိပဗ္ဗတောဝိယ။ဩဘာသမာနောဋ္ဌိတော။ ဒိဗ္ဗဂီတဝါ ဒိတာဟိ။လ။ ဣမေမနုပစ္စာကိမကံသုသာရမေဒတိသဂ္ဂပတ္တာ ဝိမာနေ။

ထိုသို့ကဲလွန်။သိအဲအန်နှင့်။ဗိမာန်ကျယ်ဝန်း။ ဖန်ရိုးနန်းကို။ ကြဌန်းမနော။နိုင်ငံပြောသား။မင်းစောသိဟ။မြင်ပြီးမှတည့်။မြမြ သံညှင်း။ခံတွင်းမွှေးချို။ရဉ်လေးမျိုသား။ရွက်ညိုခွံခွါ။ကြိုသကာ သို့။ ပျူငြါချစ်မှု။ရော့ရှက်ရလျက်။ ဖွေစုဖွေဝန်း။ ဖွေကင်းသန်း နှင့်။ပြုလွန်းဆွဆွ။ပင်လယ်ဝဝယ်။ ရချေသစ်သစ်။ လကျာ်ရစ် သို့။ အပြစ်မမှား။ မွှေးညက်ထွားသား။ ခွန်အားစွမ်းသန်။ ဟန် လည်းလှဆောင်။သိန္ဓောထောင့်ကို။တိမ်တောင်ညစ်ပြာ။လှစ်က ခွါလျှင်။ မျက်နှာမလှည့်။ ရှေ့တည့်တည့်ကို။ ကြည့်၍ကြိုးပမ်း။ မှုတော်ထမ်းဟု။ခြိုးမွမ်းဖြည့်ပြုး။ ရထားမှူးလျှင်။ဟူးဟူးရှေ့ရဉ် နှင်လေသည်ကား။ ရောင်ခြည် တောက်ဝင်း။ မျက်မှောက် ချင်း သော်။လင်းလင်းကုန်အောင်။ရိုးလုံးလောင်သို့။ရွှေတောင်ချောက် ချောက်။ ချောက် ဝိမ့်မခန့်။ ခရီးတန့် လျက်။ လန့်စချင်ဘွယ်။ ကောင်းကင်ကျယ်၌။ ဆန်းကြယ်ထွေပြား။ ပျော်ရာ များသား။ ပဏ္ဏမြားတုံ။အလုံးရုံလျှင်။ဘုံ၏ခန်းဝါ။တဆင့်သာဖြင့်။ ဆိုရာမ သိ။သင်းချောပြီးက။ရှားကျိုးလျက်ကဲ့။ မနိုင်းရှဲ့တည့်။ ပြဲ့ပြဲ့ ထင်ရှား။လူမင်းဖျားကို။နတ်သားကျွမ်းချစ်။ပြတုံလစ်လည်း။ အ သစ်ဖြင့်အား။ မျက်ပွင့်ပွါးမျှ။ဝမ်းပါးဝမ်းကွဲ။လှောက်ဆင့်ကဲ လျက်။စောရဲမင်းကျော်။ မြင်လတ်သော်လျှင်။ ဝမ်းတော်မဆံ့။ ဆွတ်ပျုံ့ပျုံ့သည်။ ။အံ့ဖွယ်လွန်လွန်ကျူးကျူးတည်း။

၅၄။ ထူးလေထူးလေ။အထွေထွေလျှင်။ရွှေငွေမြခဲ။ပုလဲ သန္တာ။ နီလာစိန်ကြောင်။ သွယ်စိမ်းမြောင်သား။ ဘုံဆောင် နန်းမ။ မြင်လွယ်ရ၏။ပဏ္ဏမြားတိ။ ရိုးဖျားထိမှ။ဂိရိမြင့်ခေါင်။ရွှေတောင် နှိုင်းခြုတ်။တိုင်းသော်ဆုတ်မျှ။လှော်ချတ်စဲစဲ။နီတုံခဲးကား။ကြာ ခွဲးကြာခြူး။မြသာထူး၍။လိုင်ဦးလိုင်ချောင်။ သည်စောင်လက် ဘီး။ လည်ဆီးကွန်းစင်။ တုရင်ကမောင်း။ ဥဒေါင်းကျေးဌက်။

ရုတ်ထွက်ရုတ်ဝင်။လက်တင်ကဲးလါး။ပတ္တမြားမှ။တပါးမထင်။ ဗိမာန်ရှင်ကို။ မြင်လတ်သောခါ၊လူသူရှာက။ အရိယာသူတော်။ သိမြော်မြဲ့နှိပ်။ မလိပ်မလည်း။ ကျင့်မြတ်သည်းလျက်။ ဝိနည်း မဆန်။သုတ္တန်ပရမတ်။ မတတ်စထောင်း။ ဘယ်ရှင်ကောင်းနှင့်။ ပေါင်းမိလေလျက်။ပျားနှင့်ဘက်သို့။ရေစက်ချပြု။ ဘယ်ကောင်း မှုလျှင်။လှူလှူယုံကြည်။အရင်းတည်၍။ နတ်ပြည်သို့စင်။ဖြစ်လတ် ကျင်ဟု။ ဘုရင် မင်းခေါင်။ နတ်သားမောင်ကို။ သိအောင် အ ကြောင်း။ မေးလတ်ရှောင်းသည်။ ။သံညောင်းပျှံ့ပျံ့ ပျူးပျူး တည်း။

၅၅။ မိုးနတ်ရွှေပြည်။ ဗဟိုဋ္ဌလည်လျက်။ ရွှမ်းစည်ချွံချွံ။ ခေါင်းလောင်းသံမှ။အာလမ္ဗရာ။ မုဒိင်္ဂါနှင့်။နစ္စာဂီတ။ ကသိကြ လျက်၊ပေါက်ပြမည်အိုင်။ စည်ငါးဆိုင်လည်း။သံပြိုင်သံတူ။ရင့်ရူ ရူလျှင်။ချစ်သူခေါ်တုံ။ ပျော်ဘွယ်လှုံ့လျက်။ဆွေစုံအိပ်မွေ့။ခြင်း ရာပေးသား။သံလေးချည်ချောင်း။သါသည်စောင်းနှင့်။မိကျောင်း ညို့လှုပ်။ ညွှင်းလက်အုပ်လည်း၊ချပ်ကန္တွဲးနွဲး။ ပုလဲအောက်ပြန်။ ပြည်တော်ဖန်လျက်။ တဖန်နှိုင်းထောက်။ မြင်းစိုင်းကောက်၍၊ လုံးဘောက်ခတ်လျက်။ တွန်သည့်ငှက်သို့။သံခက်တထွေ။ သံ ခြေတပါး။သံဖျားညဉ်းညဉ်း။နရည်းလိုလို။သံချိုရုပ်ရုပ်။ စည်း ရုပ်လင်းခွင်း။ ခရုသင်းနှင့်၊ ဒုံမင်းသံကျော်။စည်ပုတ်ခေါ်က။ချိ ငေါ်ညွှန်း။ တဖြန်းဖြန်းလျှင်။ နတ်ဘုန်းကြီးစွာ။ ဘော်ရုံကာ လည်း။နှံ့သာလိမ်းပျောင်း။ ငြိမ့်လှောင်းမျှ။ ဥဒေါင်းစွန်ထောင်။ ရွှေရောင်ရိပ်ရိပ်။မျက်ပြူနှိပ်လျက်။နန်းအိပ်ဗိုဗို။ခွဲးလုံးစိသို့။ အိမ် ဘိနန်းမှာ။ ရွှေရွက်ညှာနှင့်။ ကေသာနက်မည်း။ ယခင်ပည်းမျှ။ ရလည်းသွယ်ပတ်။ မဓိတတ်၍။ မြိတ်လွှတ်မထုံး။ပုလဲကုံးတိ။ ပြိုးလတ်သောခါ။လျှပ်စစ်ဝါသို့။မျက်နှာတိုးတင်း။ ထိုးထိုးထင်း သည်။ ကျိုးကျင်းကြီးငယ်။သွယ်ရွယ်ကား။စံပယ်စံရှာ။လည် မှာဘရက်။ ချိုးချိုးချက်လျှင်၊ လက်လက်ညီးညီး။ ရုံသမီးနှင့်။ နတ်ကြီးဘုန်းတန်း။ရိပ်ကျယ်နန်းကို။ ရွှန်းရွှန်းမျက်စိ။မြင်သည်

ရှိသော်။ ပိတိပြန့်ပြော။ငါမင်းစောလည်း။ သဘောမှန်လှ။ကေန္တ ကြောင့်။ဘဝလှဲ့ပြောင်း။သို့လည်းကောင်းလျှင်။ ဆွေပေါင်းမျိုး ရံ။စုံမောင်နှံ့ဖြင့်။စံပရမည်။မှတ်ယုံကြည်၍။ ဤသည်နတ်သား။ ဘယ်ကြောင်းလျှားဖြင့်။ ပတ္တမြားဗိမာန်။ ဝေဇယန်နှင့်။တန်ခွန် ယှဉ်ချည်။ရွှေတိုင်ရှည်လျက်။ ရွက်လည်သွယ်ငြိ။ကြွယ်ကိုယ်ထိမှု။ ကြည့်မိတုံတုံ။ အာရုံပျိုပျို။ နှစ်လို့ ပျော်ပျော်။ ရှေးထက်သော် လည်း။အံ့အော်လှည့်ဘိ။နတ်ဘုန်းရှိကို။သိပရဆန်း။ ဆိုမေးမြန်း သည်။ ။ဝမ်းပန်းသာသာမြူးမြူးတည်း။

၅၄။ ဆန်းကြွယ်ဆန်းကြွယ်။ ပျော်ဘွယ်ဘွယ်တွင်။ အာ လယ်မောက်ဖြိုး။ မှန်ကင်း ရိုးထက်။ တန်းခိုးကြီးမြတ်။ ဇောတ ရသ်လျှင်။လုံးပတ်ကိုးတောင်။ လျှံဝါဆောင်လျက်။ ရိုက်မှောင် သမ်းမို့။နှင်းစို့စို့တွင်။တိမ်ညို့ပတ်ချုံ့။ မိုးအုံ့အုံ့လည်း။ယုံ့ယုံ့ ကုန်အောင်။ကြောက်၍ ရှောင်သို့။ သန်းခေါင်ထွန်းဝါ။ နန်းတန် ဆာဖြင့်။မျက်နှာရော်တည့်။ မော်ကကြည့်မူ။ စည့်စည့်မဝင်း။ လေးကျွန်းနင်းသား။ လမင်းယောင်ဖွယ်။ ဖြူရောင်နွယ်၍။ တင့် တယ်ထူးခြား။ရတ်တံခါးတွင်။အံ့သွားစွယ်ပေါက်။ ပုလဲဖေါက် ၍။လှန့်ချောက်ခြိမ်းလို။ မြစိမ်းညိုသား။ အကိုယ်ပီသ။ မြီးတံမှ ကား။ သန္တာ့အလား။ရတ်ခြည်သားသို့။မေးပါးနားရွက်။ကျောက် လက်ခေါင်းလည်။ မြကောင်း သည်တွင်။ လေးမည်ခြေသည်း။ မဏိချည်းလျှင်။နက်မည်းပြာမွဲ။ မရှိဘဲးတည့်။ဆင့်ကဲတထွေ။ မျှော်ရှုချေလည်း။ရဝေထက်ချောင်။ရွက်ဘူးခေါင်ဝယ်။မြကြောင် နီလာ။ချယ်စီပြွာလျက်။ မသာရကလ်။ မျက်မွန်နေတင်း။ ပလင်း လှော်ဆဲ။မြတာခဲနှင့်။ရဲရဲရှင်ရှင်။ မြင်မြင်သနွေ။လွှ့လွှ့ရမ်း ရမ်း။နင်းကြမ်းကစ။ပတ္တမြားအစစ်။ သနစ်သနာ။ ခြူးကြာရေး ညွှန့်။ ကွေးကွေး တွန့်လျက်။ ဗိမာန့်ထက်တုံ။ မျက်မြတ်စုံသို့။ ရပုံပည်းမွမ်း။နောင်ချည်းချမ်း၍။ မလွမ်းတစံ့။ရှူးမှူးအံ့၍။ ပျုံပျုံ့ မွေးကြူ။အရှုရှုသား။ပန်းမြူပန်းနီ။စုံစီယောက်စည်။ ပန်းဥယာည် နှင့်။သီးချည်သီးချို။ပင်ပျိုညွန့်ရွက်။ခွံမြခက်တိ။ရိပ်စက်ခိုအောင်း။

ကျေးငှက်ပေါင်းလည်း။ သောင်းသောင်း သဲသဲ။ ဝမ်းတို့ကွဲမျှ။ ရင့်နွှဲးလည့်မှို။ မြည်သံချိုက။ နာဒါမှသာ။ ရတုစသို့။ သီတာရေမြက်။ ကြည်သံသက်ကား။ မိုးထက်မြစ်ကြီး။ တွေတွေစီးလျက်။ သီးသီးသဲသဲ။ အုံ့အဲးကျုံကျုံ။ ချောင်ညောင်းညောင်း။ ရေကြောင်းရတု။ ရှုတုံသော်လည်း။ မြစ်မှာချည်းသို့။ ဖြင်ပည်းကုဋေ။ တွက်ရေမနိုင်။ အခိုင်ခိုင်လျှင်။ ရိပ်မြိုင်ဗျမ်းကျယ်။ ဘုံနန်းလယ်ထက်သွယ်သွယ်နိမ့်မြင့်။ ဆင့်ရရင့်၍။ မျက်ပွင့်ကဲးလှောက်။ ပေါက်ရရောက်တွင်။ တယောက်မတူ။ ဆွေကြင်သူနှင့်။ ရွက်ဖြူဝန်းရိပ်။ သော်လင်းအိပ်လျက်။ တံဆိပ်ခတ်သေ။ မေတ္တာခွေသား။ နှစ်ဆွေနတ်မွန်။ ဤစံဟန်ကို။ အကျွန်တုံလည်း။ မှတ်ထင်ရည်း၍။ ခမည်းနတ်ကောင်း။ ဘယ်အကြောင်းဖြင့်။ ဂုကျောင်းတံတား။ ကန္တားဆောက်ဆောက်။ ကျော်ချော်က်ဖြန့်ချို။ စွန့်ခဲ့မိ၍။ ဇာတိမိုးနေ။ ဖြစ်တတ်လေဟု။ မင်းခြေမြကို။ မေးလတ်ဆိုသည်။ ။ကြည်ညိုညွတ်ညွတ်နူးနူးတည်း။

၁၇။ ဤသို့ဟူ၍။ တဆူယုံကြည်။ ပွင့်လတ်မည်သား။ တာရှည်ငံ့ညောင်း။ ဘုရားလောင်းကား။ ခြိမ်းမောင်းတံဖျား။ ဖင့်မနားတည့်။ ရထားရှန်းငင်။ တပိုးဝင်သား။ ခြေလျှင် သိန္ဓော။ မိုးလယ်ကြောတွင်။ ရွှင်ပျော့လှောက်ထပ်။ တန့်နားရပ်လျက်။ ကြပ်ကြပ်ချည်းတိ။ မာတလိလျှင်။ မျက်စိထွေပြား။ ရှုစိမ့်မှားဟု။ ပတ္တမြားဗိမာန်။ ပြလတ်ညွှန်သား။ အလွန်မြင့်ခေါင်။ ရွှေတောင်အတူ။ မြင်တော်မူက။ လျစ်လျူရှုင်ဘက်။ နောင်ကြင်သက်ကို။ ရုံမက်ပိုက်ဖြား။ ရင်ခွင်ထား၍။ သနားကျွမ်းဝင်။ မြင်ပါစေလို။ ဆိုလည်းဆိုလျက်။ ခေါ်ပိုက်စက်နှင့်။ ရန်ဘက်နင်းနှိမ့်။ နတ်စည်းစိမ်ကို။ အကြိမ်များစွာ။ ခြိုးမွမ်း ရှာလျက်။ လူ့ရွာ ဝယ်က။ ဘယ်ဒါနကြောင့်။ ဒေဝသမှတ်။ ရလေတတ်ဟု။ ။အမှတ်ပိုက်ယုံမေးလတ်တုံတည်း။

၁၈။ တဿပုဗ္ဗော ဗျာကာသိ။ မာတလိဒေဝ သာရထိ။ ဝိပါကံပုညကမ္မာနံ။ ဇာနံ အက္ခာ သိဇာနတော။ ။ယောကေစိ

ပစ္စာဏုခ္ခဒ္ဓိဝလောကေ။ သီလဝန္တေ ဥပါသကာ။ အာရောမေဥဒပါ
နေစ။ သဗ္ဗသက်မနာနိစ။ အရဟန္တေသိတု ဘူတေသုသက္ကစ္စံ ပ
တိမာဒယစိဝရံပိဏ္ဍပါတဉ္စ။ လ။ ဝိမာနသ္မိံ မောဒတိ။

ထိုသို့စေ့ရေ။ မေးတုံလေသော်။ တိမ်ခြေလှစ်ဘောက်။ မိုးက
ရောက်၍။ တခေါက်ကြောင်းတုံ။ ခရီးယုံ့သား။ နွတ်တုံချေငြား။
မိုးနတ်ကြား၏။ ဝပ်တွားရွှေမှောက်။ ခြေစက် အောက်တွင်။ ရှိ
ကြောက်စမြီး။ နှလုံးကွဲ၍။ ပေါက်ပြီးယိုဖြာ။ ဝမ်းနည်းစွာနှင့်။ အာ
ဏာလွန်လွန်။ ဆန်ကရုန့်ရင်း။ မျက်နူနှန်းထွင်းသို့။ မှန်းတင်းကွယ်
ဆို။ ဘုန်းနှင့်ဖြိုက။ ထိုထိုပြည့်ထောင်။ လန့်လန့် ရှောင်မှု။ ကုန်
အောင်ရှုံးနိုင်။ လုံးလုံးပိုင်လျက်။ ခရိုင်တိုင်းကား။ ရိုင်းတလွှားမှု။
စွန်းနားလက်စောင်။ နံထောင်ဘောက်ထိုး။ ရန်စစ်နိုးလည်း။ တန်း
ခိုးမြိမ်းမောင်း။ မြေတိမ်းစောင်းသည်။ ကျော်သောင်းဖွန်ဘိ။ စော
နေမိ။ ။ မသိသော်မေး။ ဆေးကားအစင်။ လူ့ရှင်ဆိုဟူ။ ပမာမူ
သား။ နည်းယူထုံးစံ။ နားတော်ခံလော့။ ခြွေရံစည်ပွါး။ တပြည်
အားသို့။ ဝတ်စားတွင်ချည်း။ ဖြင်မှုပည်း၏။ အလှည်းတထောင်။
ပြည့်လျှမ်းအောင်တည့်။ ဖြူရောင်စိမ်းပြာ။ ခပ်ရှိမ်းဝါလျက်။ စိမ့်ခြွာ
ကွက်ကျယ်။ ဘရက်သွယ်နှင့်။ ပြိုးရယ် ရွှင်ဆို။ ကျင်ကိုလုံး
လျောင်း။ ရွှေတုံးကောင်းသို့။ ရွှေပေါင်းသင်္ချစ်။ ရွှေသနစ်လည်း။
ကျစ်လျစ်လှဘိ။ မြအတိလျှင်။ မဏိချယ်ရန်း။ အလယ်သန်းလျက်။
စိန်ပန်းညွန့်နွယ်။ ဝတ်ဆံချယ်သား။ စမွာယ်တင့်လွန်။ ဤနတ်မွန်
လျှင်။ တမလွန်ဝေး။ ယခင်ရှေးက။ လူ့ကျွေးချချ။ ရပ်ဌာနကား။
ဘုရား့ပါဠိ။ သာဝတ္ထိဟု။ ပြည်ကြီး မည်သာ။ နွယ်သညာနှင့်။
ဗိုလ်ပါမြိုပုံ။ ပျာမွဲအုံသို့။ နိဂုမ်ကျေးမက်။ ခွန်ဆက်ရောက်ဝင်။
ထိုပြည်တွင်၌။ နေပင်ပျော်မွေ့။ လူဖြစ်ရွေ့လျှင်။ အောက်မေ့ကြီ
စည်။ လူဟူသည်ကား။ ရှေတည်မမြဲ။ အလိုသီးဖြင့်။ တိုရှိစီးတိုရှိစက်
မြိုင်နက် ချောက်ကြား။ ခရီးမှားလျက်။ မသွားစဘူး။ ဘဝါးရုံး
သား။ ဆူးကိုချိတ်ငင်။ မထွင်ရှိစေ။ ဘယ်သူနေအံ့။ ဖြစ်ထွေပုံခင်း။
နှလုံးသွင်းအံ့။ သေမင်းခိုးခတ်။ မောသောလွှတ်လည်း။ ဥပဒ်စန္တေ။

မျှော်ကာနေလျက်။ လက်ခြေ လျှော့အောင်။ မြွှော့နှင့်ထောင်သို့။
ဆွေမောင်ရွှယ်ပျို။ ငယ်သကိုယ်က။ ကုသိုလ်ဆည်းပေါင်း။ ပြု
အပ်ကောင်းဟု။ ကျိုးကြောင်းလိုချင့်။သဒ္ဒါပွင့်သည်။ ။ငုံရင့်
သွယ်သွယ်ဖြူးဖြူးတည်း။

၅၉။ အလွန်တရာ။သာမောစွာလျက်။ လက်ျာနံတောင်း။
တောင်ခတ်စောင်းမှ။ရွှေကျောင်းဆောက်မြဲ။ရှင်တော်ပွဲလည်း။
သဲသဲကြော်ငြာ။ စကြာဝဠာ သောင်းတိုက်။ ညောင်းညောင်း
ရိုက်မှု။ သမိုက်မော်ကွန်း။ ပြည်ကျော်ထွန်းက။ ရဟန်း လူသူ။
ခြောက်ဆူဘုံထွတ်။နတ်နှင့်သိကြား။မိုးဖျားဖြိုဟ္မာ။အားလုံးသာ
၍။ရတနာမိုး။ကြိုးလည်းမက။စည်ပင်ဝလျက်။ တေဇထန်ပြင်း။
မြေတိမ်းတင်းလည်း။မင်း၏လက္ခဏာ။ ဆယ်ဖြာကျင့်မှီး။ စည်
ကြီးမြည်ကြား။ တန်ခွန်လွှားလျက်။ ဘေးတား ရန်သတ်။ မျက်
စည်းခတ်သား။မင်းမြတ်စိုးနွယ်။ချိန်သဘွယ်လျှင်။အလယ်တည့်
ဆီ။မင်းကိုမှီသား။ပည်းသိအင်ကုံ။လူအပုံဝယ်။ဆွေစုံစံပ။ကြံမိ
လှ၏။ယောက်ျားဘော်ချင်း။ ကျော်သတင်းနှင့်။ခံတွင်းအင်ခြိုက်
ဝမ်းသာလိုက်၍။ ဇနပုဒ်က။ပြည်ကြီးစသား။ဖြင်မျှမရှား။ပုဏ္ဏား
ပုဏ္ဏေး။သူဌေးသူကြွယ်။ခြလျှင်သယ်သို့။ကုန်စယ်ရူဘာ။ လယ်
ယာရှည့်ရှည့်။ဆည်းဘူးစည့်ဝယ်။ညည့်လဦးမဟူ။နေ့မူမမှတ်။
သေမင်းငတ်လျှင်။ ကြွတ်ကြွတ် ကိုက်ဝါး။ သွေးသား မျိုလစ်။
ကိုယ်တည်းဖြစ်မူ။ရှိရစ်သည်သာ။လက်တွင်ပါ၍။ ရုံရာမသွား
တရားသိလျက်။ဆန့်သည်လက်လည်း။ ရက်ရက်မကွေး။ဆေး
နှုးကိုယ်ယုံ။ခွေပြီးတုံလည်း။ခုံခုံမင်မင်။မဆန့်ခင်သား။ မထင်စ
ရာ။ ဝမ်းတထွာဝယ်။ဆန်နာဖွဲ့ထွက်။ တပြည်ဝဟ်က။ ကိုယ်
သက်မြဲကြောင်း။တချောင်းပိုက်တုံ။ စိုက်စိုက်ယုံသော်။အါရုံလှူ
လှူ။တောင်းသည်ဆုနှင့်။ ကောင်းမှုကြီးစွာ။ မျိုးရိက္ခာကို။ရွှေမှာ
တည်ထား။ ခင်ကြွယ်သားလျှင်။ များပြားရှာဆည်း။ စားသည်
နည်းလျက်။ပစ္စည်းဝန်ရေင်။ ဒိမ်မီးလောင်သော်။ မှုဆောင်ယူ
ဆယ်။ဝေးမှာသယ်သို့။ဝန်းကျယ်တိုင်းကား။လမိုင်းထားသား။

စပါးနှံ့သီး။ လုပ်လက် ကြီးကား။ ပွားစီး စေကြောင်း။ မိုးသေ
ကောင်းမှ၊ လမောင်းနှံ့ဆွတ်။ကျိုကျသွတ်သို့။ စိတ်ညွတ်ကြည်
ပြုံး။ဆယ်ပါးဟူသား။အလှူမျိုးသန့်။ ပျိုးပင်ညွန့်ကို။ ဖြန့်ဖြန့်ချိချို။
စိုက်ချမိက။များဘိသချို့။ မကုန်ပေတည့်။ရေနှယ်မခန်း။ ပန်း
နှယ်မညှိုး။မိုးနှယ်မခေါင်။နောင်သံသရာ။ကမ္ဘာကျူးလွန်။နိဗ္ဗာန်
ထုတ်ချောက်။ မရောက်မချင်း။ ထမင်းဝတ်စား။ ကျွဲနွားရွှေငွေ။
ခြွေရွေသိန်းသန်း။ ကျယ်ဝန်းအိမ်လှ။ စည်းစိမ်မထက်။ တေဇာ
ရှုန်းရှုန်း။ဘုန်းလည်း ရွှန်းရွှန်း။ စက်ဝန်းညီးညီး။ ရိပ်ကြီးမိုးဖြန့်။
ရှုံ့စိုးလန့်မှု။ ရန်မာန့်အလုံး။ ရွှေလက်ရုံးဖြင့်။ ပတ်ကုံးခတ်ရှောင်။
ကုန်အောင်ညာကြေ။ စက်ခြေတုံ့ဝပ်။အထပ်ထပ်လျှင်။ လူရပ်
နတ်ပြည်။ ပျော်ရမည်ဟု။ ဆောက်တည် ဝမ်းမှာ၊ ကြံစိတ်ဖျာ
သည်။ ။သမ္ဘာငုံငုံဘူးဘူးတည်း။

၆၀။ အရှင်စိစိ။ လှိုလှိုကြုံကြုံ။ သင့်ရုံဆူနိုး။မျက်မှန်းကျိုး
လျက်။ သူရိုးသူကောင်း။တောင်နှင့်အမျှ။ ဝမ်းဝစားကြူး။ ဘီလူး
ထက်လည်း။ ရက် ရောသည်းမှု။ ငင်လှည်း နင်းနှိပ်၊ ထိုး သိပ်
ထိုး တွန်း။ မုန်ပန်း သွင်သွင်။ ဖွေ့သည် ဆင်လည်း။ ချွန်းငင်
သုန်လည်။ မျက်နှာဖည်ရှ။အလည်မျှော်ဆန့်။ စားမည်ခန့်လျက်။
စည်ပြန့်စီးပွား။ မြေးသားကြီးပြင်း။ အိုမင်းပစေ။ မှည့်မှုချွေဖို့။
မနေလှည့်ကျင်။ ကြည့်လျက်ပင်တည့်။ ကြာတင်ရောင့်ရဲ။ မရှိ
ဘဲလျှင်။ဆင်းရဲစပ်လျည်း။ငံရောဂါသွည်းလျက်။စည်းဘိမတတ်
သေမင်းငတ်ကို၊ မင်းမတ်ကြောက်စေ၊ အောက်မေ့လေဟု။နေ့
ရေမချာ။ ဆရာနှိုးဆော်။မဆိုသော်လည်း။ သူတော်တကာ။သိ
ကောင်းစွာလျက်၊ ဥစ္စာခင်တွယ်။ ရယ်ချင်ဘွယ်နှင့်။နောင်မယ်
တကာ။ ဥစ္စာသိမှိုး။ ညော့်သည်ကြီးကို။ လွဲးလီးလွဲးလက်။ရုံမက်
ပေါ်လျှံ။ စည်းစိမ်ခံလျက်။လုပ်ကြံကြည်းရေ။ဆည်းဘူးထွေနှင့်။
ရွှေ ငွေ တောင်ရှိ။ ရှိပစေတတ်။ ပြတ်သတ် လျက်ကဲ့။ အလှူမဲ့
တည့်၊ တူးခွဲမြေမိုး၊ အိုးနှင့်သိုမြှုပ်။ကျိုကျချုပ်လျက်။ မင်းထုပ်
သံကောက်။ တယောက် မဖွင့်၊ မနင့်စထောင်း။ အဟောင်း မ

ပျောက်။ အသစ် လှောက်လည်း။ မောက် မောက်ပုံပုံ။ ကြည့်တုံတုံလျှင်။ တလိုလဲးလဲး။ မှုးပဲးစည်ထွက်။ ဆန်ခွက်ယိုဘိတ်။ ဝန်တိုစိတ်ဖြင့်။ကျိတ်ကျိတ်လဲ့လဲ့။ကဲ့ရဲ့ရုန်းထါး။ ခသွါးခနျောင့်။ ဥစ္စာကြောင့်လျှင်။ မဖြောင့်လှည့်ဘိ။ သေသည် ရှိလည်း။ ဇာတိယုတ်မာ။ မလှစွာတည့်။ ပြတ္တာဟူသည်။ ကိုယ်အမည်နှင့်။ ရှည်ရှည်လျားလျား။ ဘုရားပွင့်လျက်။ အဆက်ဆက်လည်း။ ဟာက်လက်ဟာလာ။ ဆာဆာလောင်လောင်။ ဝမ်းခေါင်ဟာင်းလင်း။ ခံတွင်းရေးရေး။ သူလျှင်ထွေးသား။ တံတွေးကိုမျှ။ မမျိုရတည့်။ ငယ်ကဒိုအောင်။ပညောင်စေ့အား။ဟောဖွက်ကြား သား။တရားသိယုံ။မိမိတုံလည်း။သုံးပုံနှုတ်ပြန်။နိဗ္ဗာန်မဂ်ဖိုလ်။လက်ရသိုသား ပုဂ္ဂိုလ်မြတ်နိုက်။ ညွှတ်ညွှတ်ဆိုက်လျက်။ စိုက်စိုက်ကောင်ရော်။ ပူဇော်နှစ်လို။ စားရာဘို့တွင်။တချို့ဝေခွဲး။ မလှူရဲးတည့်။ ဆင်းရဲးလေလေ။သံဝေရရ။ဝမ်းကဖြောင့်ဖြောင့်။စောင့်စေါင့်စည်းစည်း။ ကျင့်နည်းယူယူ။အလှူဆယ်ညီ။ပဥ္စသီလည်း။နှိဆိခံထဥ္ဖ။ဖွခွက် မှည့်သို့။ တည့်တည့်ကျင့်ငြား။ အင်ရှစ်ပါးဖြင့်။ သိကြားလည် ညိတ်။ဆောက်တည်စိတ်ကြောင့်။ ဘိသိက်ရည်ခြင်း။ အိမ်ရှေမင်းသို့။ သတင်းမပြတ်။ ကြိုးလှမြတ်သည်။ ။မိုးနှုတ်ရွယ် ရွယ်ရှုးရှုးတည်း။

၆၁။ ဝဿကာလ။ပစ္စုန္နလျှင်။သွန်းချမြိမ်းမောင်း။အညာ ကောင်းသော်။ ချောင်းလည်းစီး၀န်။ ကန်လည်းတင်းကျမ်း။ မှုးမြစ်လျှမ်းသို့။ လှူကမ်းစွန့်ကြဲး။ ပုလဲးသိကုံး။ သတင်းသုံးသား။ နှုလုံးတခု။ နတ်ရွာလုသို့။ ဆုလည်းတောင်းမိ။ အကြောင်းရှိ၍။ ဇာတိလှဲ့ဘောက်။ နတ်ပြည်ရောက်က။ ရွှံကြောက်လန့် ပြင်း။ တုတ်ခွန်သွင်းသား။ လူမင်းပြည်ရွာ။ အောက်ရပ်သာနှင့်။ နတ်မှာဘုန်းတန်း။မနှုန်းနှုန်းတည့်။လိုင်နန်းကိုးသိန်း။ အပြိန်းနည်းပါး။ ချယ်ပြောက်များလျက်။ပတ္တမြားဘက်။ တံခါးရွက်လည်း။ရက် ရက်တွန်းငင်။ကြိုးကြာရှင်သို့။ထင်ထင်သံရှည်။ တွန်ကျော်မြည် လျက်။ အလည်ခပ်သွယ်။ ဝမ်းအင်ကျယ်နှင့်။ ဆန်းကြယ်ကျစ်

လျှစ်။ဒိုးပျစ်နံ့ပျား။သောက်ရေထားလည်း။ပတ္တမြားလုံးပွတ်။ရွှေကရွတ်နှင့်။တွတ်တွတ်ရည်မောင်း။ရွှေအုပ်ဆောင်းလည်း။မျက်ကောင်းစိမ်း။ လှညီရုံလျက်။ အလျှံပြောင်စွာ။တောင်လကျ်ာက။မျှသာထူးထွေ။ ရှူးမှူးစေမျှ။အိမ်နေလွင်ကျင်း။ရွှေပြားခင်းသား။နန်းတွင်းနန်းပြင်။မထင်စလှည့်။ဝန်းကျင်ကြည့်မူ။ လှည့်လသောလား။ ပတ္တမြားချဉ်း။ တဆင်းတည်းလျှင်။ မည်းမည်းညစ်ကြေး။ဖွေးဖွေးညစ်လို။ ညိုညိုညစ်လိ။ မရှိစဖူး။လှဆန်းထူးသား။ ထန်းလူးသုံးဖျား။ ရုလစ်ထားလည်း။ ပတ္တမြားတံ။ ဗိမာန်ဘုံထက်။ကြေးမုံရွှေခွက်။လက်ရရက်လျှင်။ဘရက်နီလွင်။ သင်တိုင်းဆင်လျက်။ရုပ်သွင်ပြာဝင်း။ခိုခြေဆင်းသို့။ ထုံသင်းကြိုင်နံ့။ လှိုင်ကပျံ့တည့်။ လေညှံ့ဖြည်းဖြည်း။ ခြည်းရရည်းလျှင်။ ရုလည်းပေါင်။ ရံဘော်ရုံလျက်။ လေးကုံပြမ်သက်။ ဆွေကြင်ဘက်နှင့်။ စက်လည်းအတူ။ ရွှန်းရွှန်းပြုံသား။ ပစ္စုရုံရည့်။ လုံသည်ညည့်သို့။လျှည့်လျှည့်ရေသော်။ကုဋေနှစ်တွက်။ ပျော်ချစ်လျက်တည့်။ ရုံမက်လွန်ကြင်။ ခပ်မရွှင်မူ။ပဉ္စင်တူရိယာ။ငြိမ့်ငြိမ့်သာမျှ။ ခရာတပိုး။ ဆော်ကြန္နီးသည်။ ။ကောင်းကျိုးထူးထူးဆန်းဆန်းတည်း။

၆၂။ ဟောနည်းကျမ်းလာ။ ဥပမာဖြင့်။ပွင့်လျှာရည်ငုံ။ဆုကြီးသံ့လျက်။ ဒွန်ပျံ့တန်းခိုး။ ကျယ်ဝန်းစိုးသား။ နေမျိုးစောလောင်း။ နားတော်ညောင်းလော့။ ရှစ်သောင်းလေးထောင်။ ကျိကုန်အောင်ဝယ်။ ထုပ်ခေါင် ပြည့်ထား။ထောင်းက စားလည်း။ ရှည်လျှားကုန်ပျောက်။သယောရောက်သော်။ မလောက်မလုံ။မကုံသဖြင့်။ချေးငါးသင့်လျက်။လူနှင့်ထမင်း။ ခံတွင်းဟာလျက်။ နံနက်ညဝတ်။ မွတ်ရှားတတ်၏။ မြတ်ထွတ်လှဘိ။ ကျေးဇူး ကျိလျက်။ ဂတိတည်မှန်။ သီလဝန်နှင့်။ နိဗ္ဗာန်မြိုက်ချမ်း။ ကူးတို့လှမ်း သား။ မြစ်ကမ်း တန်တား။ ရှင်မြတ် အားကို။ မများမခြောင်။ အိမ်ထောင်အလျှောက်။တယောက်မတည်း။ ဟင်းချိုနည်းလျက်။ ပစ္စည်းသန့်ကောင်း။ တစလောင်းမျှ။ အကြောင်း

တည်ကာ။နတ်ပြည်ရ၍။ဖြင်မျှပဉ်းလှိုင်။မစားနိုင်သည်။ လက်ကိုင်လှမ်းညွှတ်။ နှိပ်ကဆွတ်သား။ နတ်ပဒေသာ။ နတ်သြဇာ နှင့်။ နတ်ရွာနတ်ကျွန်း။ နတ်ရပ် ပန်းလည်း။ ပျံ့မွှန်းထောင်း နှစ်။ ပွင့်ရောင်ညစ်သည်။ မဖြစ်စဘူး။ ပြူးရကျူးတည့်။ တန်ရှူးရောက်စ။ နွေပေါက်ကလျှင်။ ခါချလှုပ်ငွေ။ ရှင်းရှင်းကြွေ၍။ ခွံရေမြည္သာ။ လေပြည်လာက။ကိန္နရာမိမ။ ဟန်ယုရနှင့်။ကာလသောထွေ။ခက်ညွန့်ခွေလျက်။ ရွှေရွှေဝင်းဝင်း။ အဆင်းရှုချစ်။ အနှစ်ပြည့်အာ။ မှည့်ခွံဝါနှင့်။ သီဒါမြစ်ကြီး။ သွယ်ရစ်စီးသည်။ ဝေးနီးပျော်လှ။ စဲးပေါ်စတွင်။ဖိုမမြူးပျံ။ကျေးဌက်သံနှင့်။ ခြေင်ပဈွင်။ လူသူသွင်သို့။ သံလွင်မြည်ကျော်။ အိမ်ရှင်သော်လည်း။ နာပျော်တို့လွန်း။ လက်မြှောက်ဖြန်းလျက်။ ကဝန်းကသီ။ ကချင်းပြီ၍။ လည်မှိုရင်ဘက်။ ရွှင်ကြလျက်တည့်။ပြိမ်သက်ပင်တိုင်။ချမ်းရိပ်မြိုင်ထက်မဏ္ဍိုင် ထိပ်လယ်။ နှင်းနှိပ်နယ်သား။ စပယ်ပွင့်တုန်း။ သိကြားဘုန်းသို့။ ရှုန်းရှုန်းတိုးပွါး။ မိုးတလွှားတွင်။ ပျော်ပါး နှစ်ထောင်း။ လင်မှိုးကောင်းသည်။ · ။ကြည့်ညောင်းမျက်စိမူးမူးတည်း။

၆၃။ ဤသို့လျှင်တည့်။ နတ်တွင်ဟူပြီး။ မာတလိလျှင်။ ၀ိ၀ိအောက်ဆုံး။အထက်ဖုံးသား။မိုးလုံးမြဲဟွာ။ဘုံသုံးရွာ၌။ ဘွေရှာရုံစမ်း။လက်နှင့်လှမ်းသို့။ခွဲးခြမ်းထဲးပ။သိတတ်လှလျက်။ ဒါနပတိ။အလှူချီသား။ သာဝတ္ထိတွင်။ မင်းလုင်လျှင်။ ကျွမ်းခင်မယ်လျှ။ဆွေနှမနှင့်။ချစ်စမပြေ။ ရစ်နှောင်ခွေလျက်။ ရှာဘွေပစ္စည်း။ တကိုယ်တည်းလျှင်။ဆည်းဆည်းဖူးဖူး။သူ့ထက်ထူး၍။ ကျေးဇူးပြည့်အန်။ရှည်ရှည်မှန်သား။ထေရ်မွန်သင်္ဃာ။အရိယာ၌။ ဆယ်ဖြာကုသိုလ်။ ရေစက်ယိုလျက်။မြဲဟွာစိုရ်တတ်။အမြတ်ရုံပေါင်း။ သီလကောင်းဖြင့်။ရွှေကျောင်းရွှေဂူ။ပြုသူမတန်။ လွန်လေဘနန်း။ မိုးတခန်းတွင်။ ကျယ်ဝန်း လှိုင်ပုံ။ နေထိုင်တုံသား။ ရိပ်မြို့ ချစ်သက်၊ ဇွေးပျော်ဘက်နှင့်။ ရွှေချက်ရိပ်မြို့။ ကြွယ်လပြူသို့။ အလှူမကင်း။ သတင်းအာဏာ။ ဤနတ်ရွာ၌။ချမ်းသာပျံ့ပွါး။လန့်လန့်ကြားမှ။နတ်သားဖြင်ညီး။နတ်သွီးနှင့်။မှုတ်တီး ရွှင်ပ။စံစရဟု။သိ

ဟာရဲ့ပင်။မင်းကျော်ထင်ကို။ ။သိချင်စိတ်စေးမေးလတုံရှောင်း
အကြောင်းနတ်သားပြန်လကြားတည်း။

ပဏ္ဍုမြားဘုံခန်းပြီး၏။

---

၅။ ဒုတိယဖလိကာဝိမာနခန်း။ ⎫ ၎င်း ၂ ခန်းကို ပေလာယခံ၍
၆။ တတိယဖလိကာဝိမာနခန်း။ ⎭ မြုပ်သည်။

---

## ၇။ ဝေဠုရိယဝိမာနခန်း။

၆၄။ ဇာတိသော ဝေတသံ ကတကမ္ဗံ အာဝိက္ခိတွာ ပူရ
တောရထံပေသေတွာ။အပရံပိဖလိကာဝိမာနံဒသေသိ။ တံအနေ
ကကုဋ္ဌါကာရပဋိပဏ္ဍိတံ။လ။နာဟံဝေဂ်တံဇါတံဝေံသုရစိတံ။
ပူရေသဒ္ဒံသမဘိဇာနာမိဒိဗ္ဗံဝါယဒိဝါသုတော။ ။ဝိတ္ထိဟိမံဝိန္ဒ
တိသုတဒိသွာပုဿာမိတံမာတလိဒေဝသာ်ရထိ။အယံနုမစ္စာကိံ
မကံသုသာရယောမောဒတိသဂ္ဂပတ္တာဝိမာနေ။

ထိုသို့ညွှန်းဘိ။မာတလိလျှင်။ နေမိကျော်ဒုန့်။ ဘုရားညွှန့်ကို။
ဗိမာန့် နံလျား။ ပဏ္ဍုမြားနှင်နှင်။ မြင်မြင်သော တိုင်း။ ရွှေနှင့် ခိုင်း
လည်း။ဆယ်နိုင်းရည်မွန်။လွန်ကြီးလွန်ကို။ညွှန်ခဲ့တုံလေ။မျက်ရှု
ဖြေမှ။တိမ်ခြေလှစ်ထွင်း။ ဆင်းကားကုန်းစောက်။မြင်းတင်ကော်
သား။မြိမ်းချောက်နှင်ခတ်။ သိန္ဓောလွှတ်၍။ မတ်မတ်တည့်စွာ။
ရွှေမျက်နှာဝယ်။ရှေးခါသညာ့ာန်။ နှစ်ဗိမာန်လျှင်။ မိုးစွန်ထိနီး။ဖန်
သားပြီးလျက်။ညီးညီးထင်ပေါ်။ မြင်လသော်လည်း။ မင်းကျော်
မေးငြား။နတ်သားပြန်ပွက်။ ရှေးဟာန်ဘက်တည့်။ သံမြက်ခြင်း။
ထုံးစံကျင့်နွယ်၊အမိပွါယ်လည်း။နည်းသွယ်တကြောင်း။ သိလေ
ကောင်းစွာ့။ တုံ့ညောင်းငုံ့နေ။ အောက်မေ့ချေလည်း။ ခြွေရွှေမျိုး
ပွါး။တပည့်သားကို၊သင်ကြားကျမ်းရိုး။ကြာမဥ္စိုးခဲ့။နတ်ရိုးခန်း
ဝါ။နှစ်ဘုံမှာကို။ပေယာချုပ်ချုံး။ ရွှေကြုတ်ဖုံးသို့။ ရုံးပေခဲ့လျက်။

အထက်မှာတို။နတ်တဘုံလျှင်။လုံးရုံပြောင်ပြိုး။ကျောက်မျက်ခွဲး
ဖြင့်။မိုးထဲးတိမ်တွင်း။ လွှန်လှမင်းလျက်။ မှန်ကင်းညွှန့်ဝါ။အခန့်
တာသော်။ယူဇနာသုံးဆယ်။ကောင်းကင်ကျယ်တွင်။ဆယ်ပယ်
ကွင်းမ။ လယ်ခင်း မျှသား။ ဌာနခန့်ထား။ ရတ်ထွန်ဖျားနှင့်။
ပတ္တမြားစိန်ကြောင်။စောင်းတန်းထောင်လျက်။ရွှေတောင်အဟန်။
နတ်ဗိမာန့်ကို။ ။ပြည့်နန်တုံလေမြင်ပစေတည်း။
၆၅။ စွမ်းအန်လက်ရုံး။တန်းခိုးမှုန်းလျက်။ ဘုန်းလည်းဒုန်
တော်။မိုးထက်ရောက်၍။မျက်မှောက်သို့စင်။ အိပ်မက်တွင်မှု။မ
ထင်စထောင်း။ကောင်းကင်ကြောင်းတွင်။နတ်ကောင်းစည်းစိမ်။
ရိပ်ငြိမ်ကြီးကျယ်။အံ့ဖွယ်ဘွယ်ကို။ဘုန်းကြွယ်နတ်လျော်။မြင်လ
သောက။ မိန်းမောကြည့်နေ။ မေးတုံလေ၏။ သပြေတခန်း။ဇမ္ဗူ
ကျွန်းတွင်။ထက်ဝန်းအချာ။တောင်ခန်းဝါထက်။ သော်တာဆန်း
ရွှေ။ ဝန်းသည့်နေ့တွင်။ဘုံးတွေ့ငါ့ကို။ မြမြချို့လျက်။ မြင့်မိုရ်ရ
ထား။တင်လှာငြားသည်။သိကြားမတ်တော်။အို့နတ်ကျော်။ ။
အံ့အော်စိမ့်မည်။ရှေးမြင်သည်ထက်။အခြည်အဝါ။ခြူးကြာညွှန့်
ရှက်။လှမောင်းထွက်လည်း၊ အရွက်သေးဖွဲ့။ တုရေးကွဲလျက်။
လက်ဝဲလိပ်လည်။လက်ျာဖည်မှု။ ဟန်သည်ကိုယ်ကား။ ကြော့
မော့သွားသို့။သျှောင်ဖျားဆံထုံး။လုံးစဟန်ပက်။ နွယ်ပင်ရှက်သို့။
ယော်ရွက်လဲးနှင့်။ ချုံထဲးပွင့်လျက်။ ထွက်ခွင့် မအား။ ပျံ့နားခံ
ထွေး။ကျေးကားငိုလျက်။စာရယ်အက်သား။နွယ်ခက်တွန့်တွန့်။
ညွှန့်ရွှန့်လျှင်။စိန်ပန့်အရတ်။ ဂရုတ်အပေါင်း။ တည့်ရုပ်စောင်း
နှင့်။ဥဒေါင်းကဝဲး။ဂဠုန်မဲးသော်။ဆင်းရဲစနီး။နဂါးညှိုး၍။ဝပ်လျှိုး
ပျပ်ပျပ်။ဝပ်လတုံလေ။မြီးရိုးခွေလျက်။ အမွေမြင်ယုံ့။ ဦးလည်ငုံ့
လည်း။ပုံ့ပုံ့ရရ။ ဝေဠုရိယာ။ တောက်ပတခဲး။ ကြောင်မျက်ခွဲး
တည့်။ရဲးရဲးတထွေ။အခြေနှစ်ချောင်း။ ခေါင်းကားနှစ်ခွါ။ ကိုယ်
မှာတခု။ရုပ်တုပိမော။အနိန္ဓောနှင့်။ရဲးစောပြည့်ရှင်။ ဘိသိက်တင်
သော်။ပိပြင်ရွတ်ပြု။ ခရုသင်းစစ်။ လက်ျာရစ်နှင့်။ ညွှန့်သစ်ဖါး
ဖါး။ ပုဏ္ဏားမြေစာ။ ကမ်းဟန်ပါလျက်။ ရတနာပြောင်ပွန်။ မျိုး

ဆဒ္ဒန်နှင့်၊ ပုစ္ဆန်ရန်စစ်။ ဖြစ်သည်အယောင်။ မိုက်မှောင်နင်းခွါ။
ဗြဟ္မာဝိုးဖျား။ လွှားလွှားသက်ရုပ်။ တိမ်ပုပ်လှစ်တွန်း။ နေလထွန်း
လျှက်။ လေးကျွန်းအောက်က။ ရုံလောက်မြလည်း။ ချိုကြွနိယံ။ ရွက်
ကခံလျှက်။ တခံခြည်စို။ ရေမယိုတည့်။ နဂိုရ်မတ်မတ်။ ပြဉ်မြတ်
ပွင့်ညှာ။ သူရာတို့အား။ အောက်လျှိုးသွားလျှက်။ ကျွားနှင့်ခြင်္သေ့။
ဘူးတွေ့မြေခွေး။ ချစ်လေးတွဲ့တွဲ့။ ဖွဲ့လတုံပြီး၊ လိပ်ကြီးကမ္ဘာ။
ခေါက်ရှာသမင်။ ရုတ်ရက်ရှင်လျှက်။ မိတ်ဝင်ပယ့်ဖြောင့်။ လူ့နှယ်
စောင့်လည်း။ ကြောင့်မျက်ခွဲ့တုံ။ ဆန်းကြွယ်ပုံမျှ။ သွယ်ငုံရင့်
ဘူး။ လှတင့်ထူးလျှက်။ ရုတ်ဦးလိုင်ကျယ်။ မနိုင်းဆွယ်တည့်။ လံ
ဆယ်လုံးပတ်။ ဇောတရသ်မှု။ အထွတ်လည်းဆောင်။ ထက်မိုး
ခေါင်ဖြင့်။ နေရောင်ဟန့်တား။ အညွန့်ထားလျှက်။ ကြီးမားမြင့်
ရှည်။ မှူးမှူးလည်မျှ။ မျက်ခြည်တွန့်တွန့်။ ကျွနုပ်လန့်သည်။ ။
တောင်ညွန့်မြင့်မိုရ်ဖျားပြီလော။

၆၄။ ထူးစွာထူးစွာ။ ရှုးမှုးရှာလျှက်။ သန္တာမြခဲ။ ပုလဲး
ရောင်ဖြိုး။ နှိုးနှောသံမှု။ အလျှံပြောက်ကျား။ မလျှောက်လျှားခဲ့။ တ
ပါးဆင်းရုပ်။ ဝင်းဝါချုပ်လျှက်။ တိမ်ပုပ်ညစ်လွှမ်း၊ ရာဟုဖမ်း
သော်။ မည်းသမ်းသော်တာ။ လမျက်နှာလည်း။ ရုံခါညစ်ညူး။ ရှိ
ဖါဘူး၏။ သွယ်ဖြူးမြင့်ခေါင်။ ရွှေတိတောင်လည်း။ မှောင်နှင့်ထိ
သော်။ ညစ်ကျိုလည်းကောင်း။ ခပ်မမောင်းတည့်။ တကြောင်း
တည်းဘက်။ တဆင်းနက်ဖြင့်။ အောက်ထက်ဆိုင်မိ။ ဝေဠုရိကား
ရှိစခဲလျှက်။ မိုးထဲဖွက်သို့။ နံ့က်သေးပွဲ။ နှင်းရိပ်ဘွဲ့လည်း။ ရှောင်
လွှဲး လေတတ်။ မိုးမစွတ် တည့်။ နတ်မြတ် ဘုန်းနှင့်။ နိုင်းနှုန်းချင့်
သော်။ ယခင့်မတူ။ ငတ်ရှိလူလည်း။ မျက်ဖြူပြောင်းပြန်။ မျက်ဆံလုံ
လော။ သဘောစမ်းမိ။ မြင်ကသိ၏။ ဇာတိထူးလတ်။ ရှုးမှုးတတ်
သါး။ ရုံပတ်ဝန်းဖြ။ ဘုံနန်းမတွင်။ ရွှင်ပျကြင်မေါင်။ နေခြည်ရောင်
သို့။ ပိုးဆောင်နန်းပိုင်။ လှိုင်လည်းတယောက်။ နောက်လည်းသား
တော်။ နောင်သော်မြေးဘက်။ ဆက်လက်မြစ်ကောင်း။ အနွယ်
လောင်းလျှက်။ ရွှေဘောင်းသွယ်ညွန့်။ တန့်ကစ်နှစ်။ ဘွဲ့သင်္ချစ်

နှင့်။သရစ်တူလှယ်၊မျှားရှည်သွယ်သား။စလွယ်ရိုးနီ။ ရွှေကြိုးသိမှ။တညီသင့်ထား။လှတင့်ခြားလျက်။ကိုးပါးမျက်မြတ်။ နဝရတ်တိ။ရောင်ချင်းထိ၍။ငြိလတုံတုံ။အာရုံယောဘွယ်။စိမ့်ဖြောင်ချယ်သား။အလယ်တလျှောက်။ကျေးဌက်သောက်မှု။မောက်မောက်လွှ့လွှ့။ ထောင်ကွေ့ပွတ်ခြမ်း။ မှန်ညင်းဆမ်းလျက်။ ရွှမ်းရွှမ်းရောင်တောက်။ ရှုမစောက်က။ လက်ကောက်ထပ်ထပ်။ လက်စွပ်ကြာခံ။ မျက်ကျောက်စုံလည်း။ ရောင်လျှံတွတ်တွတ်။ မင်းသာဝတ်၍။ ရုပ်နတ်ရှင်စွာ။ ခပ်ဝင်းဝါသား။ ကမ္ဘာလာညည့်လုံ။ရင့်ရည်တုံလျက်။ရွှေစုံနတ်ရက်။ သင်တိုင်းထက်ဝယ်။ ချယ်ကွက်လိမ်ပူး။မျက်ဒွိမ်ထူးလျက်။နဖူးလည်ရင်း။လျှပ်ခြည်သွင်းမှု။ ဝင်းလစေမူ။ရွှက်ထီးဖြူနှင့်။ သရဖူ လည်မှာ။ တန်ဆာချစ်ဘွယ်။ ဘရက် သွယ်နှင့်။ စံပယ်တင့်မြတ်။ လွှတ်ကြီးလွှတ်မှု။ မျက်မှတ်ဘင်တင်။ကျွန်ုပ်မြင်သည်။ ။သည်လျှင်နတ်သိကြားပြီလော။

၆၇။ ရှစ်ထောင့်ရှစ်ယောင့်။ဖြောင့်ရရောင့်လျှင်။စိမ့်ဖြောင့်မျက်တိ။သိန်းသန်းရှိသား။မိုးထိလိုင်ခေါင်း။သည်တိုင်ပေါင်းနှင့်။ ရုပ်စောင်းရုပ်တည့်။ သကျည့် ထောင့်ယွှန်း။ ပလ္လင်ဝန်းထက်။ ကြဌန်းတိုင်ဆိ။နောက်ခိုင်းမှီလျက်။ငြောင်နီချစ်ချစ်။နေတက်သစ်သို့။ လျှပ်စစ်ခေါင်နွယ်။ သွားရောင်ချယ်လျက်။ ကျင်စွယ်မုတ်ဆိတ်။ မည်းမြိတ်မုတ်နား။ သားရများတည့်။ မေးပါး အာစင်။ ကြာပွင့် ချပ်သို့။ နှုတ်ခပ်နှုရောင်။ မော့ မော့ထောင် လျက်။ မျက်တောင်ခပ်လှည့်။ ခံသို့မှည့်၍။ မျှော်ကြည့်မလှုပ်။စောင့်ချုပ်ထိုင်နေ။ ဇာခြေနှင့်။ သံခြေမိန့်ဆို။ ပျံ့ပျံ့ချိုမှု။ ကြာညိုဝတ်ပန်း။ လိမ်းပျော်ပျန်းလျက်။ ထွေဆန်းဝတ်ရည်။ ရွှေလည်ကျင်းကျင်း။ နားရင်းနားခွက်။ မျက်နက်မျက်ဖြူ။ ငါနတ်ဟူသို့။ ကြုံဆူမထင်။ ရွှေရင်ကားကား။ ကျောသားလုံးထွက်။ ပခုံးထက်လည်း။ရိုးဆက်မစေ့။ ကြပတေ့သို့။ မြွေမြွေရေကြောင်း။ မောင်းနှင့်လက်ရုံး။သလုံးဆစ်ဖု။တခုမထင်။သွေးရှင်နုနု။ ရွှေကိုပြုသို့။ရုပ်တုဒိပြင်။ ဟူ

စချင်တည့်၊သွေးရှင်တက်သက်။အောက်ထက်မြင်မြော်။ ဆယ်လှော်နိုင်းရုတ်။ တိုင်းမယုတ်နှင့်။ ဂါဝုတ် ပြည့်အောင်။ လုံးရပ်ဆောင်သား။ ကိုယ်ရောင်ထွန်းလတ်။ မွန်းမတ်မတ်သို့၊ကြီးမြတ်အားခွန်။ ပြင်းထန်တန်းခိုး။ဘုန်းရိပ်မိုးလျက်။ ရန်ညှိုးရန်ဘက်။မထွက်တစ်ံ့။အံ့လည်းအံ့ညီ။ နတ်ဗိုဗိုလျှင်။နရိသျှောက်ဆို။ဗဟိုဋ္ဌခေါင်းလောင်း။ ကြေးနောင်းစည်ပတ်။ လက်ခတ်မြှောက်တင်။ သံလွင်ခွက်ခွင်း။ အဲးအန်ချင်းနှင့်။ စောင်းညှင်းမှုတ်တီး။ နာမငြီးလျှင်။ဝေးနီးဝန်းရံ။သဘင်ခံ၍။လှစံမိုးသူ၊ရူပနိကယ်။ဆဲ့ခြောက်ရှယ်သား။ ကိုးသွယ်လျှံခြည်း။ဖြင်ပေါပည်းတွင်။ရလည်းရွှေငုံ။ နောင်နှင့်ကြိုက။ ရပုံခန်းဝါ။ နန်းတောင်ညာဖြင့်။ လက်ျာဒုံးချ။ သက်လုံးရသား။ ပြင်နှဆုံ့ဆုံ့။ နောင်ချစ်ထုံ့လည်း။ ကုံ့ကုံ့ငြိမ်သက်။ သဘင်ထွက်က။အိမ်ထက်ရွှေချူ၊ပစ္စူ၊ရွှေသွယ်။မျက်တိချယ်လျက်။ မုန်ကြယ်တံဆိပ်။ ရွှေလိပ် စည်ပေါင်း။ နားခေါင်းလက်ကောက်။ စံမြောက် ရည်လေး။ ရိပ်ရိပ်ပြေးမှ။ ဖွေး ဖွေးလက်လက်၊ ညောင်ရွက်လူးလာ။ ကံမ္ဗုကာလျှက်။ ညီလာဝန်းပြည့်။မှည့်မှည့်ရွှမ်း ရွှမ်း။မင်းခမ်းမင်းနား။စည်ကါထားလျှင်။ပျံ့ရှားလှောင်းလှောင်း။ဘယောင်းနံ့သါ။ကြိုင်ပျံ့ရွှဲနှင့်။ ညှိုပြာလဲ့လဲ့။ မွှဲမှုမစွန်း။ ရွှေညှင်းဖြန်းလျက်။ ထက်ဝန်းပြောင်ပြောင်။ လောင်လလိလိ။ကိုယ်လုံးငြိက။ မျက်စိမျှော်ရှာ။ မဲ့ကိုသာလျှင်။ ဘယ်ညာမလှဥ္စ။မိန်းမူးကြည့်တီ။ တဥ္စတည့်ဖြောင့်ဖြောင့်။ဂတိစောင့်လျက်။နတ်မောင့်ကြင်ရာ။ လှမောစွာသည်။ ။သူဇာမိဘုရားပြီလော။

၆၈။ ဤသို့ဟူ၍။ ပြည်သူမျက်ရှု။ စောနတ်တုကား၊ဝေဠုရိယာ။ကြောင်မျက်သာလျှင်၊ယူဇနာကျယ်ပြော။မိုးလယ်ကြောတွင်။ပေါ်ပေါ်လတည်။ပြည့်ဝန်းသည်ကို။ မျက်ရည်နောက်နောက်။မြင်လတ်မြောက်က။ လွှဲးဘောက်ကြမ္ဘာ။ လူ့ပြည် ကွာသော်။ ငါလည်းသို့လျှင်၊ မျိုးလွန်းကြင်နှင့်။ပဥ္စင်ရိုက်မြည်။ စံရမည်ကို။ကြံစဉ်ဝမ်းက။ ထင်မောလှ၍။ ဒါနပေါင်းစုံ၊ ဂူကျောင်း

ရုံမှု။သုံးပုံကျမ်းတတ်။ဘယ်သူမြတ်၌။ ကြည်ညွှတ်လှဘိ။ တော်လေမိ၍။ တောင်ရှိဟူတန်။ ဝေဇယန် နှင့်။ ပန်းမန် သစ်သီး။ ဖြင်ညီးမှည့်ရွှမ်း။မြကန်ချမ်းလျက်။ ချစ်ဝမ်းသာမြူး။ ဇေကျူး လျှင်။ ဟူးဟူးလောင်ဆူ။ အရှိန်ပူမှု။ ရှက်ဖြူတိုင်မြောက်။ ဖြိုင်ကာဆောက်လျက်။ နှစ်ယောက် ဘော်နည်း။ ပျော်ရာပည်းမှု။ တစည်းတပေါင်း။ သောင်းသောင်းရုံခြွေ။ စံရလေဟု။ရှာဖွေစိစစ်။ကျိုးပြစ်မြင်ထောက်။ရှေ့နေ့ခံမျှော်လှမ်း။ ခွဲးစိတ်ခြမ်းသား။ မှုထမ်းဝန်ချို။မာတလိကို။ ။နေမိမင်းမြတ်မေးတုံလတ်တည်း။

၆၉။ တသပုဗ္ဗောဗျာကာသိ။ မာတလိဒေဝသာရထိ။ဝိပါကံပုညကမ္မာနံ။ ဇာနံအက္ခာသိဇာနတော။လ။ စတုဒ္ဒသိပဥ္စဒသိ။ယာဝပက္ခဿအဋ္ဌမိ။ ပါဋိဟာရိယပက္ခဉ္စ။အဋ္ဌင်္ဂသုသမာဟိတံ။ဥပေါသထံဥပဝသိ။သဒါသိလေသုသံဝုတော။ သံယမာသံဝိဘာဂါစ။သောဝိမာနသ္မိံမောဒတိ။

ထိုသို့မင်းမြတ်။မေးတုံလတ်သော်။ မိုးနတ်သိကုံ။ ပြန်လတ်တုံ၏။ပိုက်ခြိုဝန်းလည်။ ရွှေနန်းတည်လျက်။ ရွှာပြည်ချမ်းငြိမ်း။ တုတ်ခွန်သိမ်းသား။ ပြည့်ရှိမ်းမာန်တက်။ မင်းတို့ထက်လည်း။ တျက်တျက်ထစ်ထစ်။စက်မှန်ပစ်သို့။နှစ်ဆစ်မပြန်။ တန်းခိုးအန်ကြောင့်။နင်းလှန်ထုပ်ထွေး။ မှည့်ပုပ်ဆွေးမှု။စာရေးကျွန်ခံ့။ လွှန်ကြောက်ရွံ့တိ။နိုင်ငံ့ကျယ်ပြား။ ရှည်သောအားတည့်။ စွန်းနားဖျက်ဖြုန်း။မျက်လိုရန်းလည်း။ ဘုန်းသာဆို့ပိတ်။ ရန်တင်းတိတ်သည်။ ဘိသိက်ခံဆွတ်။ စောရန်သတ်။ ။တပွတ်မင်းကျော်။ မေးတုံ သော်လျှင်။ လှစ်ဘော် ကြောင်းခြင်း။ ရွှေနား သွင်းအံ့။ လောင်းမင်းစိပ်စိပ်။ဝမ်းတော်သိပ်လေ့။ နင်းနှိပ်ဘဝဂ်။ ဖြဟ္မာသက်ကား။အဆက်နောင်လာ။ယခေါင်ကြာသား။ နတ်ရွာထွန်းစ။နေ့ဝန်းပလျက်။ လလည်းနောက်လိုက်။ မှောင်ရိပ်မိုက်တွင်။ တိမ်တိုက်နင်းပဲ့။ဝင်းဝင်းချဲလျက်။ကြဲ့အတိသာ။ ပေါ်လတ်ရာ၌။ဘုံသာပေါ်ထွန်း။ ထိုမျှနန်းတွင်။ လိုင်နန်းကြယ်ဆို။ မြင့်မိုရ်တောင်လွှဲ။ ကြောင်မျက်ခွဲးဖြင့်။ ယှဉ်နွဲးစံပျော်။ ဗိမာန်ကျော်

ထက်။ ရွှေတော်တည့်ဆီ။ ကြည့်အင်ညီသား။ သိရိမျက်ခြည်။ ဤနတ်သည်ကား။ရေကြည်စီးဖြာ။တောင်နံ့သာလည်း။ လက်ျာ ရံဆီး။တပြည်ထီးဖြင့်။ ဝေးနီးမှိရာ။မိမိလာဟု။ မည်သာဆိုကြ။ နဂိုရ်မဌ္ဌ။ မိဘ မျိုး ဆွေ။ မွေးချက် ကြွေလျက်။ သန္ဓေ စွဲးစွဲး။ ပစ္စည်း ခဲးမှ။ ဆင်းရဲး သားစစ်။ ဖြစ်လတ် သရော်။ ရွှင်ဘွယ် မြော်လည်း။ မနော်စိတ်တိုင်း။စိုးရိမ်မှိုင်းသည်။ ။နေ့တိုင်း ငြိုငြိုငြင်ငြင်တည်း။

၁၀။ ငြိုငြင်လှဘိ။ ဆင်းရဲးထိလျက်။ကြံမိလေထွန်။ ရေ တွင် သွန်သော်။ တဖန်လုံ့လ။ ကျုံးမရသို့။ သောကညှုဉ်းဆိုး။ ကြောင့်ကြမျိုးကို။ကောင်းကျိုးပေးနောင်။ ဝေးလေအောင်ဟု။မဲ့ မောင်ဝမ်းက။ကြံမ်းသံပလျက်။ချင်းတပြန်ဟန်။ ထုံးနည်းညွှန်မူ။ ရန်အပုံတွင်။ချုံချုံဝင်၍။သံရှင်ချွတ်နှုတ်။ ဦးလည်ချတ်သား။ မည် ထုတ်စွမ်းခက်။ သူရဲးထက်လည်း။ ဒိမ်နက်မဲ့ဘဲး။ ဝမ်းစာခွဲး ချက်။စွန့်ကြဲးပေးလွှတ်။ယောက်ျားမြတ်ကား။ပတ်ပတ်သွေရှာ။ ရခဲးစွာနှင့်။ သဒ္ဓါစေ့ပေါက်။ ဤတယောက်လျှင်။ မင်းမြောက် တန်ဆာ။ ပြည်ရွာဗိုလ်လူ။ ထီးဖြူသံလျှင်း။ ဆင်မြင်းလိုပြည့်။ရ မည့်အကြောင်း။ဒိပ်မက်ကောင်းသို့။ကျည်းမြောင်းစွာငြား။စီး ပွါးနောင်ခန့်။စိတ်ပြန့်ပြန့်လျှင်။ ကောင်းညွှန့်တိတ်ထုံ။ယုံသဗိဗိ။ အင်္ဂါလက်တို။ တဘက်ယိုနှင့်။ကိုယ်၏ဖြစ်လား။ဆင်းရဲးသား လျက်။တန်တားရေတွင်း။ဇာရပ်ကျင်းနှင့်။ထမင်းသင်ပုတ်။ မျက် သုတ်ပုဝါ။ဆယ်ဖြာပန်းခက်။ ဦးစွန်းရွက်နှင့်။ လက်ဘက်ကွမ်း စည်း။နည်းနည်းများများ။ သဘန်းခါးဖွေး။ ခရမ်းကျွေးတို့။ မျို လေးမြွန်ရှား။ လျှာခြောက်ပါးဖြင့်။ တောလားဆွတ်ယူ။ တပူတ ချောင်း။ထင်းရောင်းတခြမ်း။ ပဲနှမ်းရောပြောက်။ လက်ကောက် မှန့်လွှာ။ သကာထန်းလျက်။ တမျက်ချိုးရေ။ ကြံမ်ခွေတသွယ်။ သက်ငယ် တပျစ်။ ဝါး တဆစ်က။ မပစ် ခေါက် ရက်။ အလှူ ထက်လည်း။ဂုဏ်နက်ပြည့်လွန်း။ကျေးဇူးထွန်းသား။ရဟန္တာမွန်။ ပုဂ္ဂိုလ်သန္ဌ။ ချသွန်ရေစက်။ဆုပနက်၏။ ဒိုးခွက်ခံစောက်။စ

စက်ပေါက်သို့။ မလောက်မလုံ။ ကြံမိတုံလျက်။ နှုတ်ငုံခြသယ်။
တောင်ပို့နှုယ်လျှင်။ကုန်စယ်လုပ်သင့်။ လယ်နက်ချင့်၍။ နင့်လမှု
ကား။ နှစ်ဘို့ခြားလျက်။ တပါးလက်လွတ်။ပိဋကပါတ်ဖြင့်။ရည်
ညွှတ်ဆွမ်းပန်း။သကၠန်းသပိတ်။ပရိက္ခရာ။ကမ္ဗလာအခုံး။ ပိတ်ဖုံး
ဖွေးဖွေး။တောင်ဝေးလက်ကိုင်။ကပ်ဖထိုင်နှင့်။ခရိုင်ပဲးခွပ်။ဘိနပ်
တပင်း။ အပ်မကြွင်း လျှင်။ လှူခြင်း ဒါန။ ကျင့် သီလတုံ။ စိတ်
ကြွယည့်မြတ်။ ရှည်တုံလတ်၍။ပဉ္စဒွါသီ။လက်ချီလေးတွဲ့။ဈေးက
ဘွဲ့သား။နှစ်ဆဲ့လေးလုံး။ဥပုသ်သုံးလျက်။နှလုံးရွှန်းရွှန်း။လဆန်း
လဆုတ်။နှုတ်မင်္ဂလာ။အင်ရှစ်ဖြာ၌။ သမ္မာသက်ပ်။စောင့်ကြပ်ပုံ
ကူ။ ဗွန့်ကြီးဟူသား။အလှူဆယ်မည်။တံချူ ရှည်နှင့်။နတ်ပြည်ဘုံ
ကြီး။အမြိုက်သီးကို။လက်နိုးရမှတ်။မြေကဆွတ်၍။ ပြာသာဒ်နန်း
ဆောင်။မိန်းမူးယောင်မျှ။ရိုးခေါင်ထက်ပြည့်။စံရလှည့်သည်။ ။
ကွမ်းတည့်ကြမ္မာစီရင်တည်း။

၇၁။ အထွေအထွေ။ ခွဲးဝေဆိုချိမ့်။ နားတော်စိမ့်လော့။
နက်တိမ့်ထဲးဗမ်း။ နှိုက်နှဲးလျှမ်းလျက်။ရူးစမ်းခြင်းရာ။သူလိမ္မာ
ဖြင့်။ခန္ဓာအာယု။ လူ့အသက်ကား။ လည်ထက်ထားသို့။ မြက်
ဖျားနှင်းကြွေ။ကမ်းခြေရောက်မိ။ဝဲးနှင့်ထိသား။ မြစ်ရှိမြင့်သွယ်။
သစ်ပင်နှယ်လျှင်။ ဝန်းကျယ်နှံ့ပြ။ တရွေးတစင်း။ လက်နက်
သွင်းသား။ မင်းလျှင်လည်းဖြစ်။ သေမင်းစစ်ကို။ မလှစ်နိုင်ချေ။
ကိုယ်သက်သေကာ။ ဇလပွေခပ်သွင်။ အင်ကြွင်းပင်သို့။ ကလင်
ကတာ။ ဖြင်မျှရှိရစ်။ မြေးမြစ်မြိတ်ဗွန်။ ကြေးကျွန်တလူး။ သားဦး
သားထွေး။ပြည့်မျှဝေးလျက်။သူဌေးသူကြွယ်။ကုံကယ်ညှိုးညွှာ။
မျိုးလေးဖြာတို့။ဥစ္စာမာန်ကြောင့်။တရောင့်ရောင့်လျှင်။နေသောင့်
နေသာ။ဇာရာမရဏာ။ယက္ခာစွယ်ဖြူး။ တောဘီလူးကို။ ကျေးဖူးသိ
တတ်။ဆွေမျိုးမှတ်၍။ဝတ်ဝတ်စားစား။ ပျော်ပါးနေဟန်။ဘယ်
မေ့ကျန်အံ့။ မျိုးမွန်နှစ်ဆွေ။ကြံစထွေဖြင့်။ စာပေသင်ခြင်း။ သ
တင်းသုံးမြွေ။ရသေ့ရဟန်း။ခင်ပွန်းမိတ်ဖြစ်။သားနှယ်ချစ်လျက်။
ဘက်ထစ်မြိုးခ။ ဆုံးမနာလို။ ခြေရင်းခို၍။ ကုသိုလ် ကောင်းမှု။

အကြောင်းပြုသော်။ ဝေဠုရိယာ။ ဘုံနန်းမထက်။ ပေါက်ပြကြား
တင်။အိမ်ရှင်ရိုက်ကြိုး။ အိုင်သမိုးသို့။ပြိုးပြိုးအင်ခြိုက်။ ပဥ္စင်ရိုက်
လျက်။ လိုက်လိုက်တင့်ခေါင်။ ဝတ်စားရောင်လည်း။ လောင်လ
ဘနန်း။တောက်ပထွန်းသည်။ ။ကျယ်ဝန်းရိုးရပ်တခွင်တည်း။

၁၂။ ဤသို့ဟူ၍။ဇမ္ဗူဝန်းချုပ်။အုပ်လတံ့ပြီး။ ဘုန်းတော်
ကြီးသား။ စောထီးရန်နင်း။နေမိမင်းကို။သတင်းသုံးသား။ နှလုံး
တချောင်း။ကောင်းသားအမှု။အလှူပြုလည်း။ ဝဋ္ဋုပစ္စည်း။ သန့်
စွာဆည်းလျက်။ မယ်နည်းလင်ဘွား။ ပုညအားဖြင့်။ထင်ရှားနတ်
ရွာ။ဖြစ်တံ့လာဟု။ ။ကြောင်းချာစေ့ရေပြန်တံ့လေတည်း။

ဝေဠုရိယဝိမာနခန်းပြီး၏။

---

## ဂ။ ကဥ္စနဝိမာနခန်း။

၁၃။ အထဿပုရတောရထံ ပေသေတွာ။ ပါလသူရိယ
သနိဘံကနကဝိမာနံ ဒဿေတွာ။ တတ္ထနိသိန္နောဒေဝပုတ္တာဿ
သမ္ပတ္တိပုဗ္ဗော ဏ္ဏတရောပိဿ အာစိက္ခိ။ ။ယထာဥဒယအာ
ဒိစ္စောဟောတိလောဟိတကော်မဟာတထူပမံဣဒံဗျမှံ။ဇာတရူ
ပဿနိမ္မိတံ။ ။ဝိတ္တိဟိမံဝိန္ဒတိသုတဒိသွာ။ပုဉ္စာမိတံမာတလိ
ဒေဝသာရထိ။အယံနုပစ္စာကိံသာရု။လ။ဝိမာနသို့ံမောဒတိ။ ;

ထိုရောအခါ။ ဘုန်းပညာနှင့်။ ပြည်ရွာသိမ်းချဲ့။ လက်နက်ဖွဲ့
လျက်။ရပ်သဲ့ခွန်တုတ်။ ရန်လုံးခုတ်က။သမုဒ္ဒရာဇာ။ မြစ်လျှင်အ
ခြား။ နိုင်ငံထားသား။ ထိပ်ဖျားမှန်ကူ။ စောတသူကို။တိမ်ဖြူရိပ်
ပြာ။သုစိမ်းရွာတွင်။ ကြည့်ကာမျက်စိ။ ညောင်းလိလိနှင့်။ ရှိပေခဲ့
နိုး။ ငါလည်းစိုးစွဲ့။နေမျိုးရဲးကျော်။ရှုစပျော်လည်း။ ကြာတော်
မှုခဲ့။တင့်ငဲ့မျှ။တွဲ့တွဲ့လေးသိပ်။နှိပ်နှိပ်လည်းကောင်း။မြင်းဆက်
ညောင်းခဲ့။နှစ်ထောင်းရွှင်မြူး။ သည့်ထက်ထူး၍။ ရန်ငူးရှင်စော။
မြင်စိမ့်မောဟု။ဖြန်းတောနှင်ခတ်။သိန္ဓောလွှတ်လျက်။ မတ်မတ်

ရွှေဆောင်။ မိုးလယ်ခေါင်ဖြင့်။ ရွှေတောင်သဏ္ဌာန်။ ကျူးလျှင်ချွန်သို့။ နင်းလှန်ကွန့်ခြေ။ နှင်တုံလေသော်။ ရွှေသတိပက်။ အောက်ထက်ခန်းဝါ။ ဆန်းကြယ်စွာသား။ ဘုံသာနန်းမ။ ညွှန်းလတ်ပြကာ။ ရွှင်ပျစိတ်လန်း။ ဘိသိက်သွန်းသို့။ ကြဌာန်းထွတ်ထား။ မင်းမြတ်ဖျားလျှင်။ ဝန်းလျားခန့်ချုံး။ မျက်စိဆုံးမျှ။ နှလုံးဩဘာလဲ။ မြင်ပြီးရဲမှ။ နက်နဲကြီးတွေး။ ရှေးနှင့်အတူ။ မေးမြူအလို။ ကြားလတ်ဆို၏။ ကုသိုလ်ကောင်းမှု။ တောင်းသဆုနှင့်။ သာရခေါ်ဟစ်။ သူတော်စစ်လျှင်။ ဖြစ်လှည့် လေပင်။ သူ့ကိုမြင်သော်။ ငါ့တွင်ဖြင်ပည်း။ အင်ပစ္စည်းကို။ ဆွေနည်းမောင်မင်း။ အကုန်ကျင်း၍။ ။ရှင်းရှင်းစွန့်ပေတော့မည်တည်း။

၇၄။ စကြာဝဋ္ဋာ။ ကျယ်စွာဝန်းလျား။ လှူ့ပြည်သွား၍။ သိကြားလူယောင်။ အမှုဆောင်လည်း။ ရွှေတောင်နဂိုရ်။ ထားခဲ့သိုက။ မြင့်မိုရ်မဏ္ဍိုင်။ မောင်သာ ပိုင်လျက်။ ကြွဲခိုင်ဖြိုးကျည်။ နတ်သားရည်တွင်။ ကြံစည်နှုတ်မြန်။ စွမ်းအားအန်နှင့်။ ငြမ်းသန်ကျေးကြီး။ မင်းထံနီးသည်။ ရေးကြီးမြင်သိ။ မာတလိ။ ။တောင်ရှိမကာ။ ထွန်းဝင်းပလျက်။ ထွက်စခြည်မြွှင်။ ရောင်ခြည်သွင်သို့။ မြင်လည်းမရဲ။ အံ့အဲတုံဘုံ။ ဤနတ်ဘုံကား။ လူကြုံလူဆူ။ နှစ်ပါးသူလျှင်။ မတူကြဘဲ။ သင်းဝါကွဲ့သို့။ နတ်ပွဲစည်နှက်။ ရှေးဖျားထက်လည်း။ ရုံမက်ခန့်ကျုံး။ သည်လွတ်ဆုံးတည့်။ မိုးလုံးပြောင်ပြောင်။ လောင်တို့ရှာခံ့။ လျှံဝါညှံ့စိမ့်။ ပတ်လွှံ့ထီးတိုင်း။ အံ့ကမ္ဘိုင်းလျှင်။ မုန်တိုင်းလေပြင်း။ နှင်းနှင့်မြူကြေး။ ပင့်ကူမြွေးလည်း။ တွေးတွေးမဖြစ်။ ညစ်ညစ်နွမ်းလို။ မည်းသမ်းညိုဟု။ မဆိုရပြင်။ လှမြိုးပင်ဝယ်။ ရှင်ရှင်တက်လျှမ်း။ နေခြည်သမ်းသော်။ ရွှမ်းလည်းရွှမ်းတည့်။ ရွှေရွှေမှည့်သို့။ ကြည့်လည်းမငြီး။ ငါစောထီးကို။ သက်ကြီးတံမို။ အံ့စေလို၍။ တကိုယ်ချစ်ကြည်။ ပြလတ်သည်ဖြင့်။ ရွှေရည်သွန်းပုံ။ နန်းနိုတုံကို။ စေ့ရုံမြင်ပ။ မြင်လဝ်ကလျှင်။ ရွှင်ပျညွှတ်ပျော။ ပြတ်မိန်းမော၏။ ကျယ်ပြောမိုးခေါင်။ ဤနတ်မောင်သို့။ မြန်ဘောင်အဓ္ဓန့်။ ကျွန်းလုံးလန့်သား။ ရည်သံ့

နှုတ်ချိုး။ငါမင်းစိုးလည်း။ကောင်းရိုးအင်ရုံ။ ချစ်ရိပ်မြို့လျက်။ ရွှေငုံ
ရွက်စည်း။ပေါကတည်းက။ ခေါက်နည်းခေါက်တင်။နှောင်သာ
ကြွင်သား။ ပြာစင်ညက်ပြူ။ ဆွေကြွင်သူနှင့်။ အတူနှစ်ထောင်း။
ပျော်ရကြောင်းကို။ ဖုန်းတောင်းအများ။ ပုဏ္ဏားစင်ကြံ။ စိမ်းခွံပ
တီ ။ထော်ဏီကြွန်တန်။သုတ္တန်ပင်ကာ။ကျည်းခဝါနှင့်။အောအာ
ခုံစင်။ကချင်ကသည်း။မျက်နှာမည်းတို့။ သက်ကျည်းစည်တိုင်း။
သူရိုင်းသူပဲ့။ နှပဲ့သူလှော်င်။ပလောင်လဝ။ မန္တပ္ပနှင့်။ မက္ခရာသီ။
ဝေနရီတို့။ဇော်ဂီသထုံ။ ပြူမြို့လမြင်။ကရင်ဓနု။လဟုသက်ရွာ။
သက်သာကန်ရမ်း။ဂျွမ်းနှင့်ကန်စက်။ လဟက်လဟော။ ဆည်
ကျောက်ရေထွက်။သရက်ရေသီး။ အဖြိုးဖြိုးလျှင်။ဝေးနီးမရှား။
ရောက်လှာခြွားလည်း။ တံခါးကျစ်ကျစ်။ သံကောက်လှစ်လျက်။
ပြစ်ပြစ်ရုံးပြူ။ လုံလုံရ၍။ ကောင်းမှုကိုချည်း။ တမှတ်တည်းလျှင်။
ဖြင်ပည်းငါ့တွင်။ လှည်းသာတင်၍။ မြေပြင်တင်းကျမ်း။ သာရွှင်
ဝမ်းဖြင့်။ ။ပေးကမ်းဖြန့်ပေတော့မည်တည်း။

၇၅။ ခပ်သိမ်းခြင်းရာ။ လေးမျက်နှာမှ။ လေးဖြာမျိုးမည်။
မိုးမည်၍။ မိုးရည်မစွတ်။ မိုးကြောင့်မွတ်လျက်။ ဥပဒ်ဘေးတီ။
ဒုက္ခရှိမူ။မြင်သိနှုံ့ပတ်။ ပစ္စုန်နတ်တည့်။ လက်လွတ်တောင်သူ။
မောင်တမူကား။လူရဟန်းက။ ထက်ဝန်းစ၍။ ကိစ္စမြင်တွေ့။ပြီး
လျှင်းစေက။လူ့ပြေမှုကုံ။သိကြားယုံသည်။ အင်ရုံညီလွှန်း။မိတ်
ခင်ပွန်း။ ။ထက်ဝန်းကျယ်လပ်။မိုးလယ်ရပ်တွင်။ကွပ်ညှပ်
နတ်မင်း။ထီးတစင်းနှင့်။ ဆင်မြင်းရထား။လေးသွားကာစွဲ။သူရဲ
စစ်ဆင်။တို့မင်းတွင်ဘို့။ကောင်းကင်ဆို့ပိတ်။ပည်းမွမ်းညိတ်မှူ။
စိတ်ကရွှင်ရွှင်။နတ်အင်ခွင်ကို။မြင်လပြီးတုံ။ရှားကျီးပုံသို့။ရွှေဘုံ
ခြင်းခြင်း။ရွှေဘုံချင်းတွင်။ထွန်းဝင်းကဲ့ရှန်း။သည်လျှင်လွှန်၏။ အ
ဟန်ဘောကား။ မိုးသိကြားနှင့်။ တူသားတော်စုံ။ကြည့်မျှော်နှုံ့
လည်း။မအံ့နိုင်ဘူး။မိန်းမှိုင်မူးစွဲ့။ ကျေးဇူးသခင်။ငါ့ကိုကြွင်သား။
ကျွမ်းဝင် မြောက်သား။ရင်ခွင်ထား၍။ ပျော်ပါးရွှင်ပျ။ မမြင်ရ
တည့်။ဒေဝသမွတ်။စည်းစိမ်မြတ်ကား။စွတ်စွတ်ဆွေးဆွေး။ တွေး

တွေးရည်လောင်း။တမောင်းမောင်းလျှင်။ရုပ်စောင်းရေးနှိပ်။ ရွှေ
တံဆိပ်နှင့်။ဖက်လိပ်ခံနစ်၊စောင်းတန်းထစ်လည်း။အဆစ်ကိုးရော။
ရွှေပင်သာလျှင်။ နီလာမြခဲ။ မရောပဲးတည့်။ ဖိုထဲး ပြောင်းမှုတ်။
မောင်းမောင်းခုတ်လည်း၊ ဆုတ်ပချေလျက်။ ကြိမ်ရာချက်သား။
တက်သက် မှိုနိုင်။ ကျင်ဖုံ တိုင်က။ စွဲးကိုင် လုံးလုံး။ ရွှေလက်
သုံးနှင့်။ရွှေကုံး၍ရှင်ပျို့။ တင်၏သို့လျှင်။ နှစ်လိုဖွေရှာ။ ထွေဆန်းစွာ
တုံ။မျက်နှာဦးရည်၊ ခပ်ဖြူးရှည်လျက်၊ လည်ကားနဂါး။ပါးကား
ခြသေ့်။သွားတွင်ရွှေမှု။ ကြွေ့ကြွေ့မြူးထူး။စွယ်ဘီလူးနှင့်။ ထူး
လစေငြား။ စောင်းတန်းဖျားဝယ်။ ပတ္တမြား တောက်ပြ။ ဆင်
ပေါက်ရှိသား။ မျက်စိတပ်ထား။ နှစ်ဘက်နားတည့်။ ဖလားစိ
မှောက်။ရောင်နီတောက်လျက်၊ အောက်လည်းထူးဆန်း။ သေံ
ရှုးထွန်းသို့။ စောင်းတန်းထုပ်ဆင့်၊ မှတ်ကျယ်ဖွင့်၏။ ကြမ်းပြင့်
အလုံး။ မျက်စိဆုံးမျှ။ မိုးချုံးမိုးသောက်။ မိုးခါရောက် လည်း။
တော်သည်အပ။လောင်လကလျှင်။ ကြောင့်ကြဖြစ်လွှန်း။ ချစ်ဘ
နန်းတည့်။စွတ်ဖြန်းနန်းခေါင်။တပြောင်ပြောင်လျှင်။ နေရောင်နှယ်
ဘက်။ရွှေရောင်ထွက်က။စက်စက်ပိုမော။ယိုမည်လောဟု။ တွေး
တောချိမ့်မည်။နှစ်သိမ့်စည်လျက်။ ခိုင်ကျည်မိုးမြင့်။ ဘုံကိုးဆင့်
ထက်။ စွင့်စွင့် မှန်ရောက်။ မိုးကိုဖေါက်လျက်။ လွင့်ဆောက်
တန်ခွန်။အတန်တန်လျှင်။ဗိမာန်သရစ်။ ကျစ်လျစ်ခြင်းဝယ်။ သာ
ဝင်းကျယ်လျက်။ခြူးနွယ်ခြူးခက်။ခြူးရွက်ခြူးသီး။ရုပ်ကြီးရုပ်
လတ်။စွတ်ရွှတ်လျှင်။ လက်တတ်ရေး၍။ ကွေးပလိမ့်နည်း။ တ
ဆင်းတည်းလျှင်။ ခြဉ်းခြဉ်းသပ်သပ်။စေ့စပ်လည်ဆီး။သဘော
ပြီးလျက်။ လက်တီးကွန်းစင်။ မာရဘင်နှင့်။ တုရင်ကမောင်း၊
ရွှေသာကောင်း၏။ လိုင်ခေါင်းခေါင်ပြောက်။ကိုးတောင်လောက်
တွင်။အောက်မှကြည့်လည်း၊ထပ်ရှည့်တညီ။ အထက်ဆီလည်း။
မျက်စိပြောင်လွှန်း။ မှောင်ကိုထွန်းလျက်။ တောင်နန်းညာတင်။
မျိုးလွှန်းကြင်နှင့်။ နတ်ရှင်နှစ်ဘုန်း။ စံစတုန်းဖြင့်။ ပြုန်းပြုန်း၍ရှင်
ရေး။ပဒ္ဒင်ကြွေးသို့။ နိုးဝေးဝပ်တွား။ ငါမင်းဖျားလည်း။ ရထား

ယှူငင်။ နတ်ရပ်ခွင်ကို။ထင်ထင်မျက်စိ။မြင်ရပြီ့သော်။ မရှိမည်
တည်း။စိုးကြောင့်သည်းအုံ။ဖြင်ပည်းလှည့်တုံ။ ဥစ္စာပုံကို။ကိုယ်
ယုံမင်းပြူ။ပစာမှုအုံ။ အလှူတန်ဘိုး။ဈေးထက်ကြိုးပိမ့်။သတိုးရာ
ဇာ။ သဒ္ဒါခေါက်ရက်။ အထက်မြင့်သွယ်။ကုသိုလ်ကယ်၍။ မိုး
လယ်ထွန်းပ။ဘုံနန်းမကို။ ။အရခန့်ပေတော့မည်တည်း။

၁၆။ မြစ်ကြီးငါးသွယ်။မြစ်ငယ်ငါးရာ။စီးဝင်လှာသား။မ
ဟာသမုဒ္ဒ။ရေကိုထုတ်၍။နည်းယုတ်ခန်းလျော့။တိမ်ပြဲတော့ဟု။
ပေါ့လော့ကြီးမင်း။ငါးခြောက်စင်းကို။လက်ရင်းစမ်းထိ။မဘမ်း
မိသို့။ ရှိစ ကောင်းလျက်။ အကြောင်း ရှက်၍။ မိုးထက်ချောက်
ချင်း။ ငါအောက်မင်းနှင့်။သတင်းမနိမ့်။ဘူးတော့စိမ့်ဟု။နှစ်သိမ့်
ကြည်လင်။ ယှူလှာ တင်သည်။ စွမ်းလျင် အနန်အား။ မောင် နတ်
သား။ ။ထောင်ထား တည်ခြင်း။ တပြည်မင်းသို့။ ထန်ပြင်း
တေဇ။ခြွေရုံမှလည်း။ပြင်ပပိတ်လွှမ်း။ ထိန့်ထိန့်မွမ်းမှု။ မင်းခမ်း
ရုံလှည့်။လုံးပုံပြည့်လျက်။တော်တည့်ဖြောင့်သား။တပါးမယွင်း။
ဘော်ရွှေချင်းတွင်။ တစ်စင်းရွက်ပြူ။ ဆောင်းဘက်မှုလည်း။ရွှေရှု
မျက်မြင်။ဘယ်သို့ထင်၍။ကြင်ပရလိမ့်။တစိမ့်စိမ့်လျှင်။ ငြိမ့်ငြိမ့်
ချမ်းဇေ။လွှမ်းဘက်ဝေးလျက်။ ဆီးသေးကျှနှင်း။ ဆောင်းလည်း
သွင်းမှု။နှောင်တင်းမပြန်။မဲ့ချစ်ဟန်နှင့်။ မိဒ္ဓာနိဂတိ။လောင်လိလိ
သား။တောင်ရှိသစ္စာ။ နှောင်မေတ္တာလည်း။ ထပ်ကာလိမ်းကျုံ။
ရှိမ်းရှိမ်းမံလျက်။ ဆက်ဆံကျွမ်းချစ်။ လွမ်းကြသစ်လည်း။ ဖြစ်
တည့်မထင်။ဆင်းအင်ရုံကြွယ်။ ရှုပကာယ်ဖြင့်။ ပင်လယ်ဇှမ်းမ။
စမ်းချေရသား။ မုတ္တာပြူထွား။ အာနိသားသို့။သနားခေါက်ချိုး။
ပိုက်ထုပ် ပိုးက။ မြတ်နိုးတုံတုံ၊ သက်လုံးပုံလျက်။ ယုံကျူပြတ်
ပြတ်။ ရှစ်သောင်းထွတ်ဖြင့်။ အံပတ်ဇာဝါ။ နံ့သာကြက်မောက်။
လှိုင်ပေါက် ရွှင်း ရွှင်း။ ဗိမာန်တွင်းဝယ်။ သောက်လင်းစက်မွှေး။
ရွှေရင်ငွေ့ဖြင့်။ ယနေ့ထက်တိုက်။ ရှုအင်ဖြိုက်လျက်။ ခေါ်ဝိုက်
ပျံ့ပျူး။ ပိုက်ဘက် ကျူးသား။ နှစ်ဦး မနော။ နတ်မင်း စောတို့။
သဘော်ပါဟု။ အပြုလတ်လတ်။သနာဘတ်ရောင်ကြီး။ မည်သရိ

နှင့်။ရည်နီပြောက်လွင်။ မိုးတိမ်ပြင်လည်း။ ရုပ်ရှင်စွန်းဝါ။ဒုက္ခစာ ကာ။အကြွရာတိကျူး။အထူးထူးကို။နံ့မြူးမခန်း။ပန်းလည်းမပြယ်။ ဝတ်ဆံပယ်လျက်။ တင့်တယ်မွေ့လျော်၊ ခြွေရံတော်ကို။ မြော် လတ်တုံလည်း။ တပုံတည်းလျှင်။ ရလည်းယခင်။ စီဆင်ပြောက် ကွက်။ ဘရက်သရဘူ။ရွှေချူသင်တိုင်း။ ဆိုင်းရရိုင်းလျှင်။ မိုက် မှိုင်းညနေ။ မှောင်တိဝေလည်း။ ရွှေရွှေဝါဝင်း။ တလင်းလင်း တည့်။ ရောင်ဆင်းပုံသွန်း။လုံးစုံထွန်းလျက်။ လွင်နန်းထွက်ပေါ်။ ရှုပြိမ်းပျော်မှု။မနေဘဲဟာရီ။နတ်ပီပီလျှင်။ သီသီမျက်စိ။ ကြည့်မိမိ ကား။မချိတ်မိန်းညွှတ်။မိန်းမူးပြတ်၍။မွေ့ခတ်လည်းထား။ဘယ် ဘုရားဝယ်။ မှတ်သားတောင်းဆု။ ဘယ်ကောင်းမှုဖြင့်။ ပြုလေ ခဲ့ဘူး။ဘယ်ကျေးဇူးကြောင့်။တန်ခူးရက်ခွေ။ ပွင့်ဆံရွှေနှင့်။ ပဒေ သါပင်။ဝန်းကျင်ဆိုင်းဆိုင်း။တံတိုင်းရံပတ်။ရောင်လျှံလွှတ်သည်။ စွတ်စွတ်ရည်မောင်း။ ရွှေလည်းကောင်းတည့်။ ညောင်းညောင်း ကြွေးရှင်၊ နတ်သဘင်ကို။မြင်ရလေသော်။ ငါမင်းကျော်လည်း။ တွေးခေါ်ဆံရှိ။မရှိလျှင်တဦး။နိဿရည်းဖြင့်။ဖြင်ပည်းမင်းဝယ်။ တင်းနှစ်ဆယ်လျှင်။ ကျင့်နွယ်ကျင့်ထုံး။ နေ့တိုင်းသုံးလျက်။ပြည် လုံးချေး၌ါး။ရွှေငွေများကို။မထါးလည်းကောင်း။ဆုမြတ်တောင်း ၍။တစလောင်းနက်၊တသောင်းထွက်သား။စိတ်ထက်ယုံကြည်။ စွန့်တော့မည်တည့်။ဝဲးလဉ်ဆစ်ပိုင်း။အဖြစ်တိုင်းလျှင်။ဆုံ့ကျိုင်း ပြင်နူ။ငင်၍လုသို့။သူ့ဓမ္မတါ။ရတေခါသော်။ပေစါစကါး။တရား ခေါင်းနင်း။နားပါးသွင်းမှ။ခပင်းနတ်လူ။ ဖြစ်သောဟူလည်း။ အ လှူကြီးစွာ။သတိုးငါလျှင်။ ကြမ္မာသွေးဆောင်။ သွေမြရောင်နှင့်။ ကုန်အောင်လုံးလုံး။ အခေါင်ကျိုး၍။ ။လက်ရုံးဆန့်ပေတော့ မည်တည်း။

၃၃။ ဤသို့ဟူ၍။ ဇမ္ဗူမြေထက်။ အာဏာ စက်သည်း။ ဝက်ဝက်ကွဲးပြို။ရဲးသံကိုယ်နှင့်။ကုသိုလ်ဖွေရှာ။ဘုရားလျှာကါး။ နတ်ရွာနတ်မွန်။ရွှေဗိမာန်ကို။ ပြည့်သွန်မျက်မှောက်။ မြင်လမြောက် က။ နည်းထောက်ပုံပြု။ လုံးစုံစုလျက်။ ကောင်းမှုစွန့်ကြီး။ ရှေး

ထက်ကဲး၍၊လက်စွဲးမှန်စွာ။ငါလည်းဤတူ။အရချုံအံ့။ အယူကြီ
မျှော်။အလိုတော်ဖြင့်၊သိမြော်ဝန်းကျင်။မိုးလုင်ကို။ ။နတ်ရှင်
စောလှမေးလတ်တည်း။

၇၈။ တဿပုဗ္ဗော ဗျာကာသိ။ မာတလိဒေဝ သာရထိ။
ဝိပါကံပုညကမ္မာနံ။ဇာနံအက္ခာသိဇာနတော။ ။သာဝတ္ထိယံ
ဂဟပတိ။ဧသဒါနပတိအာဟု။အာရာမေဥဒပါနေစ၊ ပပါသက်
မနာနိစ။အရဟန္တေသိတုပါတော။သက္ကစ္စံပတိပါတယိ။ ။စီဝ
ရံပိဏ္ဍပါတဉ္စ။ ပစ္စယံသယနာသနံ။ အဒါသိဥဇုဘူတေသု။ ဝိပ္ပ
သန္နေနစေတသာ။ ။စတုဒ္ဒသိပဥ္စဒသီ။လ။မောဒတိ။

ထိုသို့စေ့ရုံ။ မေးလတုံသော်။လုံးခြိုသိမူ။ပြန်ပွက်ဟူ၏။ ဇမ္ဗူ
ဝန်းထင်။ ကျွန်းအပြင်ဝယ်။ သံရှင်ချွန်းစက်။ အာဏာထက်က။
ရန်ဘက်အလုံး။ တန်းခိုးတုံးလျှက်၊ လက်ရုံးစိန်ကျောက်။ ဘုန်း
ရှိန်ကြောက်လည်း၊ လက်အောက်မယိမ်း။ ညွတ်ညွတ်တိမ်းမျှ။
ခပ်သိမ်းစိုးဆောင်။ လန့်ဖျပ်ရှောင်သည်။ ရန်ခေါင်နှိပ်ချိုး။ ရှင်
သတိုး။ ။ကောင်းကျိုး ဖေါဖေါ်။ ဇာတာ တော်လည်း။ နှိုး
ဆော်အကြောင်း။ တသာ ကောင်း၏။ သန်းတောင်း ရောက်က။
ဂြိုဟ်ကြီးကြွသို့။ကာလကျိန်းခန်း။ဆန်းလည်းတန်ရူး။ခေတ်လည်
ဦးတွင်။ကျေးဇူးတော်အား။ရွှေရထားနှင့်။သိကြားပင့်ခေါ်၊ လိုက်
တင့်တော်စွာ။ မမြော်ဘူးသည်။ ရွှေဘုံပြည်ကို။ စည်ရှည်ပြော
ဆက်။ မေးနှုတ်ထွက်ဖြင့်။ နှစ်သက်သံချို။ကြား လျှောက်ဆိုအံ့။
ဆီစိုဝါဂွမ်း။ပိတိ ရွှမ်းလော့။မွမ်းမွမ်းပြည့်နှက်။ကြည့်စည်ဘက်
ဘည့်။ ပြိုးပြက်ရောင်နွယ်။ အသွယ်သွယ်လျှင်။ ရှုဘွယ်တညီ။
တွေးတွေးနီမျှ။ သိဂ်ိနတ်နန်း။ ရိပ်ကျယ်ဝန်းထက်။ကြ၍နန်းတိုင်
ဖု။ ထုံင်မှိုရလျှက်။ ရှစ်ခုထောင့်ပတ်၊ မြှောင့်ကခတ်တိ။ မျက်
မြတ်ဝင်းဝါ၊ တင့်တရာဖြင့်။ ပြွန်ချာပတ္တမြား။ စိန်ကြောင် ခြား
လျှက်။ ပြယားသန္တာ။ ချယ်စကာသား၊ ရတနာနိတုံ။ ပလ္လင်ခံ
ထက်။ထီးအုံထီးချက်။ထွက်သဇာရောင်၊လေါင်လနိုးနိုး။စိုးလဘိ
ဘိ၊လက်တည်းထိမှု။မီးကျိုးသဘော။ပူအံ့လောဟု၊ဆိုဆေါလန့်

လန့်။ရိပ်ဖြူဖြန့်လျက်။ ရန်သန့်ဝန်းလျား။ဤနတ်သားကား။ ထင်ရှားလူ့မြေ။ဖြစ်တုံလေသော်။ သန္တေဇာတိ။ သာဝတ္ထိဟု။ ပြည်ကြီး့မည်ပင်။ထိုရပ်ခွင်၌။ မိခင်မွေးဘ။ ဆွေမျိုးစသား။ တကွဘေးဘိုး။အသည်ရိုးဖြင့်။ထိုဗိုးထိုမင်း။သတင်းကြောက်ရွံ့။ဘုန်းရိပ်ခံလျက်။လုပ်ကြံပစ္စည်း။ရှာဖွေဆည်း၍။ ကျင့်နည်းကျင့်ထုံး။ကျင့်မှန်သုံးသည်။ ။နှလုံးမွေ့မွေ့သိမ်သိမ်တည်း။

၇၉။ မဟာနဂရ။ဒေသသရစ်။မင်းနေဖြစ်၍။ချနစ်ကုဋေ။ဒိမ်ခြေပြည့်နှက်။တုတ်ခွန်ဆက်သား။ ရွာလက်ရှစ်သောင်း။မှူးဖြစ်ချောင်းနှင့်။ပြည်ကောင်းထွန်းပ။ဝန်းသည်လဝယ်။ဖြဖြထွက်ပြူ။မိုးလုံးပြူသို့။လူသူဖြင်ပည်း။ရှင်တော်စည်းတုံ။ ဝိနည်းမကျန်။သုတ္တန်မလွတ်။ပရမတ်မကြွင်း။ဟောခြင်းတွတ်တွတ်။ရွတ်ရွတ်ကျုံကျုံ။သင်ဘောခံလျက်။နတ်ထံကပ်နီး။ထိုရပ်သီးတွင်။လင်မြိုးရုံလစ်။အသည်စစ်တည့်။ ဖြစ်လသရော်။ ငယ်ကသော်လည်း။သူတော်ပေါင်းယှဉ်။ ကောင်းစွာယည်လျက်။ ခက်စည်ထုံးစံ။ကျင့်နှုန်းခံ၍။တရံညစ်ကြမ်း။စိတ်မသွမ်းတည့်။ ပေးကမ်းသတ္တိစွန့်ကြဲချိဖ၏။မရှိမည်သာ။ ဝမ်းနက်စွာဝယ်။ သံသရာနောင်ခန့်။ပွါးအောင်ဖြန့်လည်း။ရဟန်းအပ။ယာစကာ့အမျိုး။ ကြိုးကြိုးကျုံကျုံ။လက်ဝါးခံက။ ခြေငံသက်ကြည်။ နှုတ်ထွက်ရည်နှင့်။ မည်သည့်ခရီး။ရွှံ့စီးရှောင်ရှား။သည်ကယားရ၍။ မောင်ဘွားမယ်ပင်။ငါ့ဒိမ်ဝင်ဟု။အလျင်လက်ထည့်။ နှုတ်လည်းဖြည့်လျက်။ တည့်တည့်ဖြောင့်ဖြောင့်။ နတ်ပြည်ကြောင့်သည်။ ။စိတ်ထောင့်မကွေ့မလိမ်တည်း။

၈၀။ ငြိမ်းချမ်းဂနိုင်။ဗွမ်းရိပ်မြိုင်သား။ ထုံးအိုင်ကျယ်ခွက်။တောကြီးချက်ဝယ်။မည်းနက်ဆင်ညို။ မဖြူလိုသို့။လူဗိုလ်တွက်ရေ။တကုဋေဝယ်။ရှာဖွေပတ်နှောက်။ သဒ္ဒါပေါက်သား။တယောက်ရဲရဲ။ရစခဲစွာ့။လှောက်လှဲ့မဟုတ်။ဆင်းရဲထုတ်၍။နှုတ်သာမဆို။ဆွေ့နှစ်ကိုယ်လျှင်။မင်ဖိုလ်ရှစ်တန်။ နိဗ္ဗာန်သုံးဖြာ။အင်္ဂါကိုးသွယ်။ဓိပ္ပါယ်နက်ထောင်း။နည်းသိန်းသောင်းကို။ နှုတ်

ကောင်းလျှင်လျှား။မလောက်လား၍။ ဘုရားပွဲနှစ်။ ရင်သွေးစစ်ကား။ဂုဏ်နှစ်ထည့်ထည့်။ပြည့်လတုံဝွာ။ ရပ္ပာန္တာဠ်။ မာလာဂန္ဓ။ ကြိုင်ပျံလျှက်။နံ့သာ့အဘက်။ နှင်းစက်ရည်ရှု။ စတုမရူ။ ဆွမ်းဆန်ဖြူနှင့်။ပျံ့ကြူထုံသှိုက်။ တကိုဋ်သက်နီး။ ခါးပန်းရင့်ဖွဲ့။လဲ့လဲ့သစ်သစ်။ပြေပြစ်ချောချော။ ရောင်ကျောဘိတ်ဘိတ်။ သပိတ်ကရား။ယမားဆောင်ထီး။ဖုံးပတီးနှင့်။အုံးကြီးပြောက်ထိုး။ ကတိုးထုံကာ။ကမ္ဗလာက။ နေရာသလွှန်။ ကောင်းမွန်လုပ်ဆန်း။ ကပ်ဆောင်ပန်းတို့။ ထုတ်သန်းသွားလား။ တန်တားလျှောက်ခပ်။ စရပ်တန်ဆောင်း။ဂူကျောင်းဥမင်။ ကောင်းကင်ဆီမီး။ ညည့်ကြီးမိုက်လင်း။ သတင်း ဆွမ်းကျွေး။ မီးဘုံး ပေးလျှက်။ ရေဆေးသကြဲန်။ခွေ့သန်ဖြင်လွှန်း။ ညောင်ရေသွန်းလည်း။ ရွက်လန်းစိမ်းမြ။ လှူဒါနနှင့်။ ကာလမိုးဆောင်း။ သွေးသံပြောင်း၍။ ဦးခေါင်းလည်းနာ။ရင်ဆာရင်လှိုက်။ ဘိုးထိုက်ရရုံး။ ဆေးလုံးလျှက်ဆား။ဟင်းခါးပါစည်။ အချည်အချို့။ ရှိန်းခိုသိန္ဓော။ ကြံစုနှောလျှက်။ ပြိန္နောဆိုညွှန်း။ လက်မန်းလျှက်မြိတ်။ ကြိတ်ကြိတ်ညက်ညက်။ ခတ်ပျက်ခတ်ကျိုး။လေမိုးဝပ်ဝပ်။ကလပ်နှုတ်မြိန်။အချိန်အခါ သူနာရတု။ကက္ကုကမည်း။မျက်စည်းနှာနှုတ်။ဥယည်လွှတ်သား။ ဆေးမြတ်ကြမ်းနူ။ရူးစမ်းမှုနှင့်။ရှင်ပြုပဉ္စင်။သံလွင်စည်တီး။ ပန်းထီးပိတန်။တန်ခွန်မကြွင်း။ ကုန်းကိုးကျင်းက။ရေတွင်းရေအိမ်။ ဥပုသ်သိမ်နှင့်။ ကထိန်ညတ်တင်။အလှူရှင်ဖြင့်။မိုးပြင်ရပ်သူ။ဘုံတဆူထက်။အတူမကွေ။တို့နှစ်ဆွေလျှင်။ဖြစ်လေရာရာ။ တရက်ကွာက။ တရာသက်ခေ့။လွမ်းရှိန်ငွေ့ဖြင့်။ အောက်မေ့ဆိုတမ်း။ ဖြိုက်ဖြိုက်ရွှမ်းမျှ။ရှည်ကျွမ်းလူးလဉ်း။တကိုယ်တည်းဟု။ပစ္စည်းလှူနှောင်း။ဆုပန်တောင်းသည်။ ။ရုံပေါင်းနှစ်ပါးရွှေအိမ်တည်း။

၈၁။ ဇာတိမြင့်ရှည်။ တဏှာချည်၍။ စက်လည်ဝဲးလှိုက်။ ဘုံသုံးတိုက်ကား။မျက်မှိုက်သဘွယ်။အကယ်ကယ်သို့။ ရယ်စချင်စွာ။လူရှင်စသား။ ဖြင်မျှသိပ်နှုက်။ ပြည့်ဖြိုးလျှက်တည့်။စက်ယက်ဘိသည်။ သေရမည်ကို။ ကြီစည်ကြည်းရေ။ အထွေထွေ

လျှင်။ စိတ်စေပင့်ကြွား။ ဖလားဆန်ခွက်။ စိတ်ပန်နက်မျှ။ ရက်
ရက်ခဲပြုံ။ မစွန့်လိုတည့်။ ဝန်တိုကိစ္စ။ မရွှေရဖြင့်။ မယှဉ်ကပ်ပျံ။
ရမွက်ကြီးနှင့်။ ဆက်ဆံလုံးလုံး။ ရန်သူဖုံးလျက်။ မဆုံးကိုယ်တန်။
လုံးပန်းလွန်က။ ခိုက်ရန်ဖြစ်မှု။ သားတစ်လုသား။ ရုရု သောင်း
သေါင်း။ ဌက်အပေါင်းတွင်။ အကြောင်းကွဲးလျက်။ ပျံခဲ့ထွက်သါး။
သက်သက်စွန့်ဘိ။ ဘေးမထိသို့။ မြင်သိစမ်းနိုက်။ ဝမ်းထဲးမိုက်
ဖြင့်။ မရိုက်မမဲး။ မစည်းလဲးတည့်။ ဆင်းရဲသော်လည်း။ တထည်
တည်းနှင့်။ အနည်းဝမ်းစာ။ တခွက်သာက။ ခန္ဓာလုံးခါတ်။ ကိုယ်
လုံးမှတ်၍။ မြတ်တည့်ဟူက။ လှူဒါနနှင့်။ သီလထိုရိုး။ နံ့သာဒိုးသို့။
သဥ်းမျိုးခင်ကြွယ်။ ကြင်မိမယ်တို့။ စင်ကြယ်တူကြ။ ပြုံဆွဆွတိ။
ဘုရားနူတ်နက်။ မွေစက်ဖြင့်။ ရခက်ခဲးထောင်း။ ခန့်တွက်ပေါင်း
သား။ ၅စ်သောင်း လေးထောင်။ ကုန်အောင်ပြည့်ရုံ။ လုံးရုံနူတ်
ထွတ်။ ပိဋကတ်လည်း။ လတ်လတ်ပေထက်။ ရေးစေလျက်တည့်။
စိတ်ထက်ပျပ်ပျပ်။ ညွတ်ဝပ်ကိုင်းကိုင်း။ နေကတိုင်းလျှင်။ မိုင်းက
ထွက်ယို။ ဆီရည်စိုသို့။ ကြည်ညိုသက်၅ည်။ နတ်ဒိမ်တည်လျက်။
မည်ရည်ထုံးခြား။ ဘုးကရားနှင့်။ ဆေးဝါးမကျ။ ကောင်းမှုဆယ်
ဖြာ။ ရတနာသုံးပါး။ မြတ်ဖျားဤသာ။ ကိုးကွယ်ရာဟု။ သဒ္ဓါသော
ကြောင့်။ စိတ်ဖြောင့်ဖြောင့်လျှင်။ သားထောင့်မြေးရုံ။ ဆက်ဆံသွေ
ဝါး။ ကြေးကျွန်အားလည်း။ စကားသံချို။ ဆုမွဆိုလျက်။ ကိုယ်၏
မြတ်ထွတ်။ ရက်ရုံသတ်သား။ လမြတ်ထင်ထင်။ ဆန်းပြင်ပြင်၌။
ကြင်ကြင်နာနာ။ ရောဂါမသိပ်။ ဇိပ်သယောကျ်ား။ နိုးသောလား
သို့။ တရားအလျှော်။ ခန္ဓာဘော်လည်း။ ထုတ်ချော်နတ်ရွာ။ ရောက်
တုံလှာသော်။ ယူဇနာသုံးဆယ်။ မြင့်ဖြူးသွယ်သား။ ဆန်းကြယ်
လှည့်ထွန်း။ ရွှေဗိမာန်၌။ နွှေသန်ချမ်းဆောင်း။ ရှေးလွမ်းဟောင်း
တွင်။ ရိုက်ညောင်းပဥ္စင်။ ပိညဉ်၅င်သို့။ သဘင်နတ်ပွဲး။ မဆိတ်
ပဲးတည့်။ အံ့ဖွဲးတန်းခိုး။ နတ်တမျိုးတို့။ ညိုးညှိုးပိန်အောင်။ ဘုန်း
ရှိန်လောင်မျှ။ ကိုယ်ရောင်ထက်ပြည့်။ ပြောင်ပြောင်မှည့်လျက်။ ရှု
ကြည့်မစောက်။ ရွှေနောက်ဝန်းရုံ။ ထွန်းဝါလျှံလည်း။ ကွန့်ပျံထွေ

ထူး။ ရှုချေမူးမှု။ ရွယ်လူးပျိုသက်။ ဒိုသည်ရက်နှင့်။ ရောင်ပျက်
ဆင်းဝါ။ မလှစွာလျက်။ ရတနာကြွယ်ဝ။ လိုမဟာ၍။ စံပလွန်
ကြင်။ပျော်ပျံ့လွင်သည်။ ။ဘယ်တွင်မစိုးမရိမ်တည်း။
၂၀။ ဤသို့ဟူ၍။ဗိုလ်လူဗနုန်းဖြ။ကျွန်းညီမြတွင်။ ခွန်သရွာ
တိ။သာဝဋ္ဋိ၌။ ပေးချိစွန့်ရဲး။တခွက်ကြီးက။ဖြင်ပြိုးကောက်ကြီး။
ရွှေသာသီး၍။ ဝေးနိုးလျှုဖြန့်။ နိဗ္ဗာန့်ချွန်းကောက်။ ကျောင်းကန်
ဆောက်လျက်။စောင့်ရှောက်မကင်း။ ကျင့်သီတင်းနှင့်။ ရှင်ရင်း
ဟောရွတ်။ပိဋကတ်ရေးပြု။ကောင်းမှုဖြင့်အား။ သိကြွားမြင်ပြို့။
မျက်စိပျိုဘွယ်။မိုးထက်ကယ်၍။ ခြည်သွယ်တထောင်။ရှားကီး
တောင်လည်း။ပေါင်မြောင်ကျောက်ရှက်။ပြေးဆုတ်ထွက်မှု။ရစ်
စက်ပတ်ပတ်။နက္ခတ်တသီး။ဂြိုဟ်ကြီးရှစ်ချ။ရာဟုသူရိန်။ ကော
ဝိန်ကောဇာ။ ခရီးခွါလျက်။ တိမ်ပြာတိမ်ညစ်။ ပယ်လှစ်ကျယ်
တိုင်း။ မိုးတပိုင်း ထက်။ ရိုင်းစိုင်းလိုင်မြင့်။ နှိုင်းပြိုင် ချင့် လည်း။
ကောင်းကင့်ခါးပန်း။ ဘုံသာနန်း၌။ သိန်းသန်း ထောင်သောင်း။
အပေါင်း ဝန်းလျှား။ ရံနတ်သားနှင့်။ ပျော်ပါး တသီး။ နတ်သွီး
လည်း။ ရောင်ပြိုးညှံ့မည်း။ တွန့်တွန့်ခြည်းလျက်။ ဝလည်းမြိတ်
ကွေး။ရိပ်ရိပ်ပြေးမှု။ ဆေးလေးပျူငြဲ။ဂရုသာတိ။ သချာတွက်
ရေ။ သိန်းကုဋေလျှင်။ တူနေယှဉ်စက်။ ဆင်းညက်ညက် တွင်။
ငြိမ်သက်ဖွဲ့နွဲ့။ လဲ့ရရဲ့တီ။ မိုးကြဲ့ အလား။ ရွှေညက်သား နှင့်။
ထွားထွားထွတ်ထွတ်။ မွတ်ရရွတ်၍။ ရုပ်နတ်ပိပိ။ စိရရိလျှင်။
နန်းဘိလျှောင်ခန်း။မှောင်ရိပ်ထွန်းလျက်။ပုံသွန်းကျစ်လျစ်။ ရွက်
သစ်လတ်လတ်။လှမြတ်မြတ်ကို။ပြာသာဒ်ခေါင်ဖျား။ကြောင်နှယ်
ထွား၍။ လူသားမြင်လို။ ခဲးအင်ညိုမှု။ ငယ်ပျိုသက်နု။ ကြမ္မာပြု
သား။ ဆင်းတုရုပ်ယောင်။ ပြောင်ရရောင်တွင်။ စွမ်းခေါင်ရွယ်
တုန်း။ ကျော်သဘုန်းဖြင့်။ဖြုန်းဖြုန်းစဉ်လျက်။ ဆွယ်ရှည်ဘက်
လည်း။မထွက်လန့်ရှောင်။ တန်ခွန်ထောင်သား။ ဆွေမောင်လင်
စော။ ကြင်တင့်မောက။ ပျောပျောခွေညွတ်။ မိန်းမိန်း ပြတ်မှု။
သက်ဖြတ်နှောင်သာ။ ချစ်တင့်စွာမူ။ သုခမွေးနံ့။ လက်တော်နွံ

လျှက်။ပျံ့ပျံ့ချစ်ပန်း။ကြိုင်ကြိုင်မွှန်းမျှ။ရွှေနန်းရတု။လှုလှုနွှင်းနွှင်း။
ဒုံမင်းနောင်ပတ်။ခတ်ခတ်တီးတီး။ချီးချီးဖွဲ့ဖွဲ့။နွဲ့နွဲ့ရင့်ရင့်။ဆင့်
ဆင့်ရိုက်ရိုက်။ လိုက်လိုက်ညီညီ။ တချီတချ။ ပေါက်ပြ စည်
မောင်း။သံရှည်လောင်းလျှက်။ ခြောင်းခြောင်းမြိမ့်မြိမ့်။ မုဒိမ့်သံ
ဝါ။ ခရာလက်မြှောက်။ တီးတောက်ရွှင်စိမ့်။ ထွက်ဝင်ငြိမ့်မျှ။
နှစ်သိမ့်ခြွေရံ။ဆွေ့ရုံစံပယ်။ ဝေးလံကြွင်းမဲ့။ရှင်းရှင်းချဲ့သို့။ ပြုံ့ပြုံ့
ထင်ပေါ်။ လှစ်ဘောင်မိုးမြေ။တန်းခိုးမွှေလျှက်။ကြည်းရေအောက်
ထက်။ဘဝဂ်လွှမ်းမိုး။ ရက္ခပိုးနှင့်။ ပိဿနိုးသူရာ။ ကဝါလမိုင်း။
အပိုင်း အဆစ်။ ကျိုးပြစ် မြင်သိ။ မာတလိကား။ ဗောဓိပွင့်ချာ။
ရင့်ပြီးစွာသား။တကာစိုးနှိပ်။မင်းမျှားထိပ်ကို။ဝိပ်ဝိပ်နားဝ။ ပြန်
ချင်းတဖြင့်။ပြောပနောင်ကြား။အမျိုးသားတို့။ရှည်လျှားမပျက်။
အဆက်ဆက်လျှင်။ ကွက်ကွက်ကွင်းကွင်း။ ကျောက်ကိုထွင်း
လည်း။ရိုးနှင်းမြှုမြေး။ ပက်ယုံသွေးအံ့။ကြေးပုရပိုက်။ သိုက်သိုက်
ချုပ်ချုပ်။အုပ်အုပ်ဖုံးဖုံး။စာလုံးကွေးကွေး။ မင်သေးလှလှ။ ပိဿ
အက္ခရာ။မင်းစည်စာသို့။ သာသနာ့ငါးထောင်။ တည်စေအောင်
ဟု။ စာစောင်နိဿရည်း။ ဆိုနှုတ်တည်းသည်။ ။ကမ္ဗည်းမ
ကျေမတိမ်းတည်း။

ကဏ္ဍနဝိမာနခန်းပြီး၏။

---

## ၉။ အာကာသဋ္ဌဝိမာနခန်း။

၁၃။ ဧဝံတေနဏ္ဏမေသံအစ္ဆိန္နံ ကထိတကာလေသက္ကော
ဒေဝရာဇာ။မာတလိအတိဝိရာယတီတိ။အပရံပိဇာဝနဒေဝပုတ္တံ
ပေသေသိသော ဂတ္တွာ။သက္ကောတံပက္ကောသထာတိအာရောစေ
သိ။သောတဿဝစနံသုတွာနသတ္တာဏ္ဏုဒါနိဝိရာယတူတိဧကေပ
ဟာရေနေဝဗဟုဝိမာနာနိဒဿေသိ။

ထိုသို့ခြင်းရာ။ ချိုမျက်စွာလျှင်။လက်ာ့ဖွဲ့ကျမ်း။ မြရည်ချမ်း

ဖြင့်၊ ရွှမ်းရွှမ်းဆွတ်ချိုး။ ရွှင်ဝမ်းနိုးလည်း။ စရိုးကျည်ခန့်။ ထုံး
ပုံဖြန့်လျက်။ ညွှန့်ညွှန့်ညက်ညက်။ တိုးတက်ရည်ကောင်း။ ရွှေ
အုပ်ဆောင်းသို့။ အပေါင်း ဝန်းချုပ်။ တကျွန်း အုပ်သား။ ရတ်
ရပ်ထွန်းပွါး။ မင်းမြတ်ဖျားကို။ ရွှေနား ထောင်ထောင်။ မှူမျှား
ဆောင်လည်း။ ရန်အောင်မင်္ဂလာ။ အစဉ်ကြာက။ ကေသာရွက်နွယ်။
မြမြသွယ်လျက်။ ချစ်ဘွယ်လွန်ကြွင်။ ဆင်းရုပ်ပြင်နှင့်။ အခင်ခွင်
ဖြန့်ပြော။ မိုးတကြော တွင်။ ကျော်စော ဘိသည်။ မိန်းမ ရည်
ကြောင့်။ တပြည်ထောင်ခန့်။ ဖြူရောင်ဖြန့်လျက်။ လန့်လန့်ကြား
ညီ။ ဗိုရဏီဟု။ မြွောက်ချီဝှဲးချီး။ နတ်သွီး၏။ ထွန်းညီးရောင်ထင်။
ဗိမာန်ပြင်က။ စသည်တသွန်။ ဘုံရှစ်တန်ကို။ ညွှန်လတုံသော်။
ထိုသရော်လျှင်။ နတ်ကျော်သိကြား။ မြင့်မိုရ်ဖျားက။ ကိုယ်စား
မှူချီ။ မာတလိကား။ နေမိကျော်ထင်။ ရထားတင်၍။ လျှင်လျှင်မ
လာ။ ဘဲ့ကြောင့်ကြာဟု။ လူ့ရွာတူရှု။ ကြည့်တော်မူသော်။ ရှုရှု
ပြေးသွှတ်။ သိန္ဓောသတ်လျက်။ လက်ခတ်ညွှန်ပြ။ ထိုချင်းတကို။
ခဏထင်ပေါ်။ သိလမြော်လည်း။ မျက်တော် မထွက်။ ချစ်အင်
သက်၍။ စွမ်းခက်လျှင်ကြွ။ ဇာဝနဟု။ မည်ရမှတ်ထား။ နတ်တပါး
ကို။ ထင်ရှားချီငေါ်။ လက်ခတ်ခေါ်၍။ သံတော်တပ်တပ်။ စေ
လိုက်ထပ်သည်။ ။လျှပ်လျှပ်ရောက်စိမ့်သောကြောင့်တည်း။

၈၄။ ကျေးဖူးဌာန်၍။ နိဗ္ဗာန်ချွန်းရိုး။ တကျွန်းစိုးသား။ နေ
မျိုးစောကောင်း။ မင်းမြတ်လောင်းကို။ လက်ညောင်းပွတ်ညက်။
ဘိတ်ဘိတ်ထွက်သား။ ချက်ချက် ရောင်ထင်။ ကြေးမုံပြင်သို့။
မြင်ချင်သော့ဟန်။ စေထပ်ပြန်က။ မြန်သန်စွမ်းအင်။ နတ်ခြေလျှင်
လည်း။ နတ်ရှင်နှုတ်နက်။ ဦးထိပ်ထက်ဝယ်။ ရွက်၍လာတုံ။ ပတ်
နှံ့ရုံလျှင်။ အာရုံကျယ်ဌာန့်။ ရှုမျှော်ဆံနှံ့မူ။ ရပ်တန့်ထက်ဝက်။
ကောင်းကင် ချက်တွင်။ တက်သား နေတူ။ ဘုံတဆူဌ်။ နေပူမ
သက်။ ရထားထက်က။ မြင်းဆက်ချုပ်ကာ။ မင်းကြီးစွာလျှင်။
မေတ္တာထပ်ရှိ။ မာတလိကို။ တစိမြင်ငြား။ ဖြိမ်းစကားနှင့်။ လွှား
လွှားစက်ချွန်။ သိကြားကျွန်လည်း။ မှန်မည်အပ။ မတွေးဆတည့်။

ဒေါသပြင်းလတ်။ မျက်ရှိန်လွှတ်လည်း။ ရှပြတ်တောင်းလောင်း။
မခံကောင်းသား။အကြောင်းခပင်း။ မရှိလျှင်းသို့။ ဆန်ညင်းလွှန်
ကန်။ငရဲညွှန်လည်း။ယမန်တခါ။မိန့်တော်စာနှင့်။ စေပါရောက်
ကြို။ ယခုတုံလည်း။ ရွှေဘုံကြည့်ပျော်။ မနော်ရမ္မ။ ကြွကြွ စိတ်
ရွှင်း။ တငင်းငင်းလျှင်။မြင်းလည်းညောင်းညာ။မိမိရှုသို့။ ကြာ
ကြာတင်တင်၊ သူ့ရပ်ခွင်ဝယ်။ သို့စင်နေစံ့။ ညှံ့ညှံ့သက်သက်။
ရယ်အက်နှုတ်ကျိုး။ စကားအိုးနှင့်။ ဖြိုးဖြိုးဖြည်ဖြည်။ပြောပရှည်
လျက်။ဘယ်မည်ကြာမြင့်၊ ဖင့်ဘိသနည်း။ ရောက်ချင်သည်း၍။
ဒိမ်းအည်းသံဟစ်။ မိုးသံထစ်မျှ။ ကျောက်ဆစ်ကုန်းကုန်း။ ပြင်း
ပြင်းရုန်းလျက်။ ဖြုန်းဖြုန်းထွက်ပျံ။ ဂဠုန်သံသို့၊ ချုံချုံနှုတ်တည့်။
လျှင်ပေဖျာည့်ဟု။လပြည့်ခန့်ရော်။ပင့်လတ်ခေါ်သည်။ ။သံ
ငေါ် မြိမ်းမြိမ်းမောင်းမောင်းတည်း။

၈၅။ မှုတော်ရေးရော။ထွက်သောခါလျှင်။ညီညာချပ်ချပ်။
တချောင်းအပ်ကို။ကြပ်ကြပ်ဦးပဲ့။ ထမ်းသကဲ့သို့။ သူခွဲးသတ္တိ။
ခေါက်ခေါက် ထိလျက်၊ မျက်စိမလွှဲ။ ခွဲးခွဲးဝက်ဝက်။ ထက်
ထက်ရှရှ။ကျား့နှယ်လည်းဆုတ်။ကြောင်နှယ်ချုတ်မျှ။ သုတ်သုတ်
ညီညွှတ်။ ကျွဲနှယ် ခတ်သား။ အမှတ်ထင်ပြံ့။ ဆိုရေး ချဲ့လျက်။
ကြံ့အစိသာ။ အလွှာလွှာကို။ လှစ်ခွါ နင်းထောက်။ ထိုးခြုတ်
ဖေါက်၍။ရောက်ဝိမ့်သမှု။ နှင်ဆော်ပြုက။ယခုမြင့်ကြာ။ မတတ်
သာဟု။ ပညာဖြန့်ချီ။ မာတလိကား။ မင်းကြီ့းနှလုံး။ ရွှင်ပြုံးစေ
လျက်။ စိတ်မပျက်တည့်။ မိုးထက်ပဉ်းဖြင်၊ ဗိမာန်ပြင်ကို။ တင်
တင်ပက်ပါ။ဝေးမျက်နှာက။ကွန်ချာရှုပ်စဉ်း။ တဆုပ်တည်းသို့။
ကမ္ဘည်းလိပ်ဖုံး။စာတလုံးက။တွက်ကျူးမိပ္ပါယ်။ အနက်ကျယ်
သို့။ပင်လယ်မြစ်နက်။ရေတစက်ကို။ လျှာထက်ခါးငန်။သိစဟန်
ဖြင့်။ ယဉ်ထန်လောက်ငံ့။ ပြောကျယ်နှံ့သို့။ အံ့လည်းဖွန်ကဲး။
စောသူရဲးကို။ မြင်ခဲးစွာလျက်။ တပြိုင်နက်ဖြင့်။ တချက်ပြိုးမွှန်။
ပြလည္ဆွန်သည်။ ။ဗိမာန်လုံးလုံးပေါင်းပေါင်းတည်း။

၈၆။ ရညောစ တဣ သမ္မတ္တိ အနုဘဝန္တိ။ ကမ္ဘံ ပုဗ္ဗော

အာဝိက္ခိ။ ။ဝေဟာယသာမေဃဟုကာဝိမာနာ။ဇာတရူပဿ
နိမ္မိတံ။ ဒဒ္ဒလ္လ မာနာအာသန္တိ။ ဗိဗ္ဗုဝအာဟ္စန္နရေ။ ဝိတ္တိဟိမံဝိနာတိ။
သုတဒိသွာ။လ။ဝိမာနေ။

တသီးတသီး။ ဗိမာန်စီး ဖြင့်။မင်းကြီးမင်းမြတ်။ မြင်တုံလတ်
လျက်။ ထက်နတ်မိုးရွာ။ ရှစ်မျက်နှာမှ။ ရတနာကိုးမည်။ အရိုး
တည့်လျက်။ ချောင်ခြည်လွှတ်ထိုး။ရှုမြိုးမြိုးတိ။ညှိုးညှိုးညီးညီး။ဖြိုး
ဖြိုးခိုင်ခိုင်။အဆိုင်ဆိုင်ကို။ ရန်နိုင်မင်းကျော်။မြင်တုံသော်လည်း။
ထိုရေဉ်သိလို။ နတ်ရည်ချိုနှင့်။ ကျိုက်မျိုရွှင်လေး။ ကြောင်းချာ
မေး၏။မြင့်ဝေးရှည်ဆက်။ တဝမ်းထွက်သို့။ စုံမက်ရှေးနှောင်း။
မိတ်ဝင်ဟောင်းဖြင့်။ဆင့်လောင်းချစ်ကျွမ်း။ မေတ္တာလွှမ်းလျက်။
ခွဲးခြမ်းစိတ်ဖျာ။တတ်လိမ္မာသည်။ပညာနက်ကျို။မာတလိ။ ,။
တောက်ပြီမစဲ။ မီးကျီးခဲတွင်။ ယင်ရဲရောင်ရောင်။ ချည်းချေ
လောင်ခံ့။ကုန်အောင်ချင်းတို့။ထင်၏သို့လျှင်။ လူမျိုးသဘော။ ရှိ
မည်လောစုံ့။တွေးတောမစစ်။အားခွန်သစ်သား။ ဧကရာဇ်မင်း။
ဘုန်းရှိန်ပြင်းဟု။သတင်းမည့်။တန်းခိုးဖွံ့လျက်။အံ့လစေတုံ။ ရှေး
ရှစ်ဘုံမှ။လုံးစုံရှုရက်။ တရပက်လျှင်။ပြက်ပြက်ဝေးနီး။ တချက်
ဖြိုးဖြင့်။ခရိုးရိုးဝ။ယိုးယိုးယသား။နှမပေါ်။ငါ့ကိုသာလျှင်။ ကြင်
နာနှစ်သိမ့်။ ဝမ်းကွဲးစိမ့်သို့။ရိုးတိမ့်အရိပ်။အလိပ်လိပ်တွင်။ပြည့်
သိပ်ထွေဆန်း။ တက်နေထွန်းသို့။ ဘုံနန်းဘုံထွတ်။ ဘုံပြာသာဒ်
တိ။ရွှေပွတ်ရွှေတိုင်။ရွှေလိုင်ရွှေခေါင်း။ ရွှေတိမောင်းလျက်။ လက်
စောင်းလက်တီး။ အဆီးအတား။ ကဲးလားနံရံ။ ရွှေမှည့်ခွံထက်။
စိမ့်မျက်တည့်။ ပြည့်လ သောတိ။ မှတ်သော်ငြိမ့်။ တစိမည်း။
ဘယ်ကောင်းကျိုးဖြင့်။ရိုးရိုးရဲရဲ။တိမ်ထဲးဝါလျှပ်။ အထပ်ထပ်
လျှင်။နှံ့စပ်ဝန်းကျင်။ မျှော်ဘိုင်းမြင်သည်။ ။ကောင်းကင်
ပြည့်ပြီတော့မည်လော။

၈၇။ အထူးအထူး။မျှော်ကမူးတိ။ဟူးဟူးလောင်တောက်
ရွှေတောင်ပေါက်သို့။ရွှေလျှောက်ရွှေထုပ်။ ရွှေမိုးအုပ်လျက်။ ရွှေ
ရုပ်ရွှေဆန်း။ကွေးကွေးလွှန်းမျှ။ ထွန်းလတ်သကား။ အပါးပါး

တွင်။ပြယားသန္တာ။မြနီလာနှင့်။ မသာရကလ်။ မျက်မွန်ငါးရုံ။ထို တဘုံလျှင်။နိတုံချွတ်သစ်။ ဖန်တောင်စစ်သား။ကျစ်လျစ်လည် ဆိီး။ ရွှေလက်တီးနှင့်။ မကြီးမငယ်။ တင့်တယ်ညီညွတ်။ ဆန်း ကြယ်မြတ်မူ။လွှတ်လိမ့်မဥ္ပင်။ဝေးကထင်၏။ထမ်းစင်သံလျှင်း ရွှေကကျင်းနှင့်ခြင်းခြင်းနီစွန်း။ရွှေပေါင်းနန်းလဉ်။ချယ်သန်းချယ် ကွက်။ချယ်သန့်ဘက်၍။ချက်လက်မြူးရာ။ သောက်ရှူးဝါတည့်။ ရည်ပြာရည်နီ။ရုံစီစွန်းရွှေ။ရွှေနန်းနေတ်။စိတ်စေရှုမြင်။လှလှ်ရွှင် မျှ။ ရှင်ရှင်လတ်လတ်။ လောက နတ်လည်း။ ဆွတ်ဆွတ် ဆက် ဆက်။လွင်မှာထွက်၍။ နှစ်သက်ရှိမ်းရှိမ်း။ အပေါ် လိမ်းလျက်။ သူစိမ်းမြင်ဘို့။ ဆိုအံ့ သို့တည့်။ နှစ်လိုမျှော်ကြည့်။ ပျော်စလှည့် သား။ ရုပ်တည့်ရုပ်စောင်း။ မျက်နှာလျှောင်းနှင့်။ ကယ်ကောင်း ထင်ငြား။နတ်ဆက်မှား၏။ရထားပိတ်သန်း။ မြောက်စောင်းတန်း မှ။ပုံသွန်းသျှော်ပြည့်။ ရေလောင်းဖြည့်သည်။ မချည့်ဝံ့ချေ။ မိစ တေသို့။ဆေးရေလောင်းအိုး။ရွှေမှုတ်ရိုးနှင့်။ မင်းဗိုးဝေးက။တွေး ဆိုသ၏။သိဂ်နီချစ်။ ဇမ္ဗူရာဇ်ဖြင့်။ ကျစ်လျစ် မွေ့သိမ်။ ရွှေပန်း ထိမ်လည်း။ အလိမ်အကွေ့။ ရုံစေ့ ပြောက်ရှက်။ တစခက်နှင့်။ ရတ်ထွက်လွင်ပြင်။ကျည်းရွက်ရှင်လည်း။ တွန်ငင်လှစ်ဖည်။ ရွှေ ငှက်မြည်သို့။ ရောင်ခြည် ယိုလျက်။ တစက်စက် လျှင်။ တက် သက်နတ်ဘုံ။ ပန်းတည့်ခုံထက်။ ရုပ်ရုံကျေးငှက်။ ရွှေခြူးခက် လည်း။ပြက်ပြက်ရောင်ဘိတ်။ညှိုးညှိုးညိတ်မျှ။ စိတ်စိတ်ဖျာဖျာ။ ချယ်စီမြွာလျက်။ ဂိဝါတက်နေ။ ထင်ပစေမျှ။ ရွှေခြေချနင်း။ ရွှေ တဖျင်းနှင့်။ လေညှင်းဖြည်းကျ။ဘုံနန်းလှပ။ ပြောပရိုးရှိုင်း။သာ စွာနှိုင်းကို။ ။နေ့တိုင်းကြည့်အိတော့မည်လော။

၈၈။ မျှော်ရှုမျှော်ရှု။ပျော်လုလုလျှင်။အထူ့အထ။တောက် ပထွန်းတည့်။မိုးလုံးပြည့်မျှ။ ကြည့်လည်း ထင်ထင်။ သူ့ကိုမြင် သော်။ ရွှင်ရွှင်ဆွတ်ဆွတ်။ချွတ်ချွတ်လွဲလွဲ။မရှိဘဲလျှင်။နတ်ပွဲ နတ်ဘောင်။ငါရန်အောင်လည်း။ပြောင်ပြောင်ထွန်းငြိ။စံရလိုက်။ ပိတ် ရွှမ်းစို။ဝမ်းထဲသို၏။ ရွက်ညိုမြခေါက်။ ကြာတိလောက်

သား။ပေါက္ခရဏီ။ချမ်းအိုင်ကီနှင့်။နဒီမြစ်မ။ ရှစ်သွယ်ကျလျက်။
နှစ်သစပ်ကူး။ပွင့်ငုံဖူးတိ။ပင်လူးညွတ်ဖါး။ သားရရားသား။ တ
ပြားတလျှည်။နတ်ဥယျာဉ်လည်း။ ချိုချဉ်နွယ်ဆူ။ မှန်ကူမှန်သီး။
လက်နှီးစေ့ချည်း။ တင်ပျည်းတင်နွဲ့း။ နခွဲးထောက်ရှာ။ ကမ္ဘလာ
နှင့်။ သမ္ဘာချည်ကြမ်း။ ကျေးခရမ်းတိ။ စင်ပြွမ်းသဖန်း။ လင်း
လွန်းရွှေတည်။ဖိတ်တကျည်နှင့်။ ပျားရည်လျှာနိုး။ ချဉ်ချိုမျိုးကို။
နှိပ်ချိုးပွတ်ပွတ်။ လက်တော် ညွတ်၍။ ဆွတ်ပရမည်။ မိုးနတ်
ပြည် ဝယ်။ ထူးလည် ဝမ်းက။ မကျွမ်းကြ တည့်။ ချမ်းမြ နှင်း
ပေါက်။တဖြောက်ဖြော်လျှင်။ ဖွတ်ခြောက်မြစ်ထိုး။မညစ်ညှိုး၍။
ရိုးကားသန္တာ။အညှာမြဝက်။အရွက်ပတ္တမြား။ခက်ဖျားခက်ရင်း။
ပုလဲးဝင်းသို့။မြစ်ဆင်းနွယ်ကျ။ သွယ်သွယ်လှလျက်။ပေါက်ပြ
လိုင်မှုန်း။ဂရုန်းပြူထွား။ ခရားကံ့ကော်။ ရွှေလှော်သရက္ခန်။ ပန်း
မန်ရုံနံ့။တပျံ့ပျံ့လျှင်။ ရနံ့ထုံကြူး။ ငှက်ပေါင်းမြူးလျက်။ တွန်ထူး
တွန်ဆင့်။တွန်ကရင့်၍။ တွန်နှင့် တွန်ထောက်။ တွန်သံကောက်
လည်း။ လဲးဘောက်တုံလေ။ နာစခြေတိ။ သန်နွေ ဆမ်းဆမ်း။
မြောက်လေချမ်းနှင့်။ ချစ်လွမ်း နှင်းပွင့်။ မိုးတိမ်မြင့်ဝယ်။ မိခင့်
မောင်ကြီး။ဦးရီးသွေးစင်။ရှင်ထွေးချစ်နှင့်။ တောင်မြစ်သွားလား။
သနားဖိုက်ဘက်။ လည်ချင်းရှက်၍။စုံမက်လူးသည်။ တကိုယ်
တည်းဝယ်။ခမည်းမင်းလွင်။ဆွေမမြင်သော်။ ကောင်းကင်သာ
ခန်း။မရွှင်လန်းခဲ့။နှင်းဖျန်းပျော်စင်။ထမင်းလွင်နှင့်။မိုးပြင်မှိုင်းဝေ။
ရွက်ဟောင်းကြွေသော်။တထွေထွက်သနှ့်၊ ညွန့်ရရွန့်လျှင်။တွန့်
တွန့်ခပ်ကော့။ ဝတ်ဆံပျော့နှင့်။ သို့သောအခါ။သီးရင့်မာ၍။မှာ
မှာကြည့်ပျော်။ လှည့်ကာ မျှော်လျှင်။ ထင်ပေါ်ဝေးနီး။ ညီးရရီး
၍။ လုံးကြီးလုံးငယ်။ ချစ်ဘွယ်ရှိတို့။ ပျိုရရို့လျှင်။ ညို့ ညို့မြမြ။
သို့ကာလသည်။ ။ပြွမ်းမျှမှည့်ညီတော့မည်လော။

၇၉။ ဤသို့စောလောင်း။မမြင်ထောင်းတည့်။မြိုင်ကောင်း
ရိပ်ချမ်း။ဥယျာဉ်ဝှမ်းတိ။မှည့်ရွှမ်းမရှား။ အပြားပြားနှင့်။ မှာပါး
မှာထူ၊ မဟူရပဲး။ကျော်ထိတ်သဲးမျှ။နတ်ပွဲးစည်ပြည့်။ မျှော်က

ကြည့်လည်း။မလှည့်နိုင်ချေ။ အထွေထွေလျှင်။ စိမ်းမွေ့ညှိလွှင်။
ထွေထွေပြင်မျှ။ကောင်းကင်အလုံး။ မျက်စိဆုံးလည်း။ ဖြိုးဖြိုးဖြိုး
ပြက်။ လက်လက်လင်းလင်း။ ဝင်းဝင်းပြောင်ပြောင်။ အဆောင်
ဆောင်ကို။မင်းခေါင်နတ်တူ။ မြင်တော်မူသော်။ အလျှူကောင်းမှု။
ပြုပြုပျိုးပျိုး။ကောက်မျိုးလှမ်းသွေ့။ ရသေ့သူဟောင်း။ရှင်ကောင်း
ရှင်မြတ်။မွေခါတ်မြူပ်ရာ။သဃ်ာကျောင်းရုံ။ ဘယ်စည်းခုံဝယ်။
ရပ်ပုံလှညီ။ဘယ်စေတီ၌။မြှောက်ချီကျော်ဟို။ဘယ်ပုထိုးဝယ်။
မြတ်နိုးသွန်းပြု။ဘယ်ဆင်းထုဝယ်။ရရွှင့်ရွှင့်။ ဘယ်အကျင့်နှင့်။
ဘယ်မင့်းလက်ထက်။ဘယ်ပြည်ချက်ဝယ်။ခွန်ဆက်တိုင်းကြပ်။
ဘယ်အရပ်ဝယ်။ ဖွပ်ဖွပ်မြေထက်။ ချရေစက်နှင့်။ ပန္နက်စိတ်
ကောင်း။ဘယ်နတ်ပေါင်းတို့။အကြောင်းယုံကြည်။ ပြုလေသည်
ဟု။ရွှေတည်ပင့်ခေါ်။ရိုးနတ်တော်ကို။ ။မင်းကျော်စေ့ရေမေး
တုံလေယည်း။

၉၀။ တဿပုဗ္ဗော ဗျာကာသိ။ မာတလိဒေဝ သာရထိ။
ဝိပါကံပုညကမ္မာနံ။ ဇာနံအက္ခာသိဇာနတော။ ။သန္တိါယ သု
ဝိနိဒ္ဓါယ။သဒ္ဓမ္မေသုပဝေဒိတော။ သကံသု သတ္တုဝေစနံ။ သမ္မာ
သမ္ဗုဒ္ဓ သာ သနေ။ တေသံ ဧတာ နိဌာ နာနိ။ ယာနိ တွံ ရာ ဇာ
ပဿတိ။

ထိုသို့မေးမြူ။ရှေးအတူလျှင်။ကျေ။နံ့သစ်။ ရွှေကြုတ်လှစ်သို့။
ချစ်ချစ် ကွမ်းစား။ နှုတ်ခမ်းထွားနှင့်။ လျှာပါးရွရွ။ သြဇာခြေင်း။
ထွက်သံညှင်းညှင်း။သာခြင်းခြေးခြေး။ ရေးရေးပွင့်ကား။ဖွင့်လ
ကြားၡ၍။မင်းဖျားနေမိ။ဇာတိသေဋ္ဌ။ရာဇညဖြင့်။ ကါလသင့်ဆုန်း
ရင့်တုန်းတုန်းလျှင်။ဘုန်းနှင့်တန်းခိုး။ အမျိုးမြတ်စွာ။ မင်းတကာ
ထက်။ပညာရင့်သီ။ဂုဏ်ပြည့်ဆီနှင့်။ပါရမိကျယ်ဝှန်။ ဆယ်ပါး
ဖြန့်သျက်။ နိဗ္ဗာန့်ငြမ်းသန်။ စွမ်းအား အန်လည်း။ လက်မှန်ရည်
ရည်။မျက်ခြည်ဆီးဆီး။ ချလိုက်ပြီးက။ တောင်ကြီးကော်ရွက်။
ယက်ယက်ပစ်လွှား။ရိုးကြီးသွားသို့။ကြောက်အားလန့်ဟုန်။ချုံချုံ
တုန်မှု။ဝသုန္ဓရာ။မြေမျက်နှာထက်။ ငြောပွင့်ခန်း။တပွင့်ပန်းနှင့်၊

မြန်ခန်းနွယ်ဆက်။ ထိပ်သယ်ချက်ဒွ၊ရွှေစက်တပွတ်။စာပျံလွှတ်
က။ မန္တတ်ဆိုဘွယ်။ စိုးစမ္ဗာယ်သည်။ ဆင်းရွယ်လှမော။ သ
တိုးစော။ ။မနော ဘိသိက်။ အောင် နိမိတ်နှင့်။ ထိတ်ထိတ်
ဆူဝေ။ ရေမြေ ဒုပ်စိုး။ ရှင်ဘေးဘိုးတို့။ မြတ်နိုး သော အား။
ရွှေတောင် ဖျားက။ သိကြားကိုမူး။ မခေါ် ဘူးတည့်။ ကျေးဇူး
တော်လျှောက်။ ရှင်တယောက်ကို။ မျက်မှောက်ရံပတ်။ ဖူးမည်
တတ်ဟု။ နတ်ဝေဇယန်၊ ရထားမွန်နှင့်။ အကျွန်ပင့်လှာ။ အရှင်
သာလျှင်။ ကြွမ္ဗာရှိသည်။ မင်းကြီး ရည်ကို။ စည်ရှည် ပြောပ။
နားဘော်ဝဖိမ့်။ ပြသလှစ်ဘော်။ ပြုံ့ပြုံ့ပေါ်မှု။ မျှော်လေရာရာ။
ဗိမာန်သာတိ။ သည်မှာကားပါး။သည်မှာများဟု။ ဘုရားဉာဏ်
လွန့်၊မတွက်ခန့်တည့်။ အဒုန့်ရွှင်ပျ။ပစ္စုဂ်နှင့်။ ချိချအန်ထောက်။
စောင်းညှင်းကောက်လျက်။လက်မြှောက်ထွက်ဝင်။ သံခြေလွှင်
မှ၊အိမ်ရှင်စည်ကြီး။ ဝန်းကျင်တီးလည်း။ဝေးနီးကြားပြန့်။မိုးလုံး
လန့်မှု။ပုပ္ပန့်လက်မ။ မြည်လတ်ကလည်း။ ပေါက်ပြသည်းထန်။
မိုးသောက် တန်၍။ မလွန်စထောင်း။ ကြေးနင်း မောင်းလည်း။
ချောင်းချောင်းဒုန်ကဲ။ကောင်းကင်ကွဲမှု။ သနဲပိတ်ကျည်။မြည်
လည်းတကြောင်း။ ရွှေချောင်းလောင်းတုံ။ ညောင်းညောင်းခြည်း
ခြည်း။ ရွှေဆည်းလည်းနှင့်။ နရည်းမြူးကွန့်။ ကျေးဆန့်လျက်။
ဗိမာန့်သတင်း။ အဲးသိချင်းတိ။ ထမင်းစားတော်၊ နံ့မွှေးလျှော်
သား။အဖျော်ယမကာ။သုဒ္ဓါထောပတ်။ဩဇာမြတ်ကို။စွတ်စွတ်
စွေးစွေး။ နရေးသားသား။ ပတ္တမြားလင်ပန်း။လက်တော်ဆွန်း၍။
ငုံသွန်းမာရင့်။ အညှာဖွင့်လျက်။ တံတင့်သဘွယ်။ ဆံညှောက်
လယ်ဒွ၊လှစ်ဘုယ်ချပ်ကွာ။လက်သန္တာနှင့်။ အသာဆွတ်မြှောက်။
လက်ကောက်ညီးညီး။ ပုတီးဝင်းဝင်း၊ ခြေခြင်းရွဲးရွဲး။ ပုလဲးကုံး
နစ်၊မျက်စစ်စီတင်။ဆံကျင်ရွှေကြာ။မဟာလတ။တောက်ပရည်
ကောင်း။ရွှေနားဒောင်းနှင့်။ ရွှေဗောင်းရွှေဖျင်၊ ရွှေတုရင်လည်း။
. သက်တင်ရည်ချူး။ စိမ်းရွှေဆိုးလျက်၊ ထုံရိုးသင်းသင်း။သလင်း
ရောင်တူ။အပြုတချို။ပြာညို့လဲ့လဲ့။ရွှေဘွဲ့ကျစ်လျစ်။အသစ်လတ်

လတ်။နတ်ဝတ်နားဒေါင်း။ လက်တောင်းကိုးရော။ ပျံကြွစွာလျှင်။
ကြေညာလျှောင်းလျှောင်း။ နံ့သာပျောင်းလည်း။ လှည်းကောင်းငါး
ဆယ်။ လိမ်းသတ်နယ်၍။ ကသယ်မုန့်ကား။ ထုံးနှယ်လထွား။
ကွမ်းနုစားလျက်။နံ့ရှားမခန်း။မလ္လကြွန်း၌။ ကျယ်ဝန်းထူးပြော။
နံ့သာတောသို့။သဘောလေးမူ။ ဇေကြွမူ။ မဥ္ဇူနံ့ရွှင်း။ ခံတွင်းပျံ့
ချို။နတ်ထိုထိုကား။မှိုင်းနိုနေတည်။လူ့ပြည်လူ့ရွာ။ဖြစ်သောခါက။
ချမ်းသာရေကန်။ ရှာဖွေညွှန်သား။ ရှင်မွန်ရှင်ကောင်း။ ရှင်မြတ်
လောင်း၌။တပေါင်းတဘော်။ကော်ရော်ညွှတ်နူး။ရှိခိုးဖူး၍။ မိုးနူး
မြေမှုန်။ လယ်ကောင်းထွန်သို့။တံမလွန်စာ။ ရိက္ခာထပိုး။ပခုံးကျိုး
မျှ။သူခိုးမယူ။ရန်သူမနိုင်။ မင်းမပိုင်တည့်။မြေခိုင်တရ။တောင်းသ
ဆုနှင့်။ ။ကောင်းမှုပြုကုန်သော်တိတည်း။
၉၁။ အရပ်အရပ်။နိုင်ငံစပ်၌။ခပ်မကောင်းနိုး။မျက်စောင်း
ထိုးလျက်။တန်းခိုးနွဲ့နှိမ်။ကောက်လက်လိမ်မျှ။သူရိန်နှင်းထောက်။
လေတဘောက်က။လန့်ကြောက်ဝေးလံ။ပြေးထပျံသား။ မြည်သံ
သီးသီး။ ငှက်တင်ကျီးသို့။ပြည်ကြီးထောင်တင်း။ ထိုထိုမင်း၏။
ဦးကင်းထိပ်အောက်။ ရင်သွေးသောက်လျက်။ မိုးအောက်ကျွန်း
လုံး။ရှင်သာကျူးသည်။လက်ရုံးစက်တည်း။စောရန်လှည်း။ ။
တိမ်မည်းတိမ်ပုပ်။တိမ်ပြာချုပ်၍။ ကုပ်လုပ်ကွေးလွေး။ ဘုံသ
လေးဟု။နီးဝေးမခြင်။ရောင်ထင်ရွှန်းရွှန်း။ နေ့ညည့်ထွန်းလျက်။
ကျယ်ဝန်းစံပ။ နတ်ထိုမျှကို။ စစဆိုသော်။ အိုလည်းမဆုံး။ အ
ကျည်းရုံး၍။ ကြုတ်ဖုံးပိတ်လျက်။ လက်ဆောင်ဆက်အံ့။ ကြင်
ဘက်ရံလျောင်း။နတ်ပုံပေါင်းတို့။အကြောင်းရှေးခါ။ လူ့ပြည်ရွာ
တွင်။ ကြမ္မာပင်စည်။ ကောင်းတာရှည်၏။ ဝန်းလည်ထင်ရှား။မ
မြင်စားတည့်။ နာဖျားနှိပ်စက်။ သူ့အသက်လည်း။ ယွက်ယွက်
ယွင်းယွင်း။နေပူပြင်းသော်။အိုင်အင်းသငယ်။ ခန်းခြောက်လွယ်
သို့။ သွတ်လှယ်ရက်များ။ ခူကိုသွားသော်။ ရည်သွားနှုတ်လျှို။
ချည့်စတိုသို့။ မြက်ပိုနှင်းပေါက်။ နေခြည်ကျောက်သော်။ သွေ့
ခြောက်လျှောကျ။တခဏသို့။မြစ်မလယ်ရိုး။ဘလုံးထိုးသား။ တ

ပိုးထလျက်။ရေပွက်ပမာ။တသက်လျှာတည့်။တဏှာကိုင်ချုပ်။ နှောင်တုပ်ရှက်ထွေး။ ကွာကွင်းဘေးနှင့်။ ဆုပေးဘလား။ လက်ကောက်ကြားလျှင်။ ပါးပါးလှာလှာ။ သတင်းသာသို့။ခန္ဓာငါးခွံ။ ရုပ်နှင့်နံ့ကို။တရံတဆစ်။အနှစ်စတော။ မရချေသော်။ ရှိသေလေးမြတ်။ဓိမှတ်တည့်။ တတ်တတ်လိမ်လိမ်။ စည်းစိမ်ကြီးမ။မီးပုံဝသို့။ ကြောင့်ကြနှောင်ပိုး။ ဆယ်တပိုးနှင့်။ သေမျိုးသတ္တဝါ။ ပါယ်လေးရွာကို။ သည်းချာခုန်ဆွေ့။ ကြောက်ကုန် ရွှေလျှင်။ ကိုယ်စေ့မေတ္တာ။ဘာဝနာနှင့်။အာဿာပြိုးရန်။ခက်ချော်မာန်ကို။ လေးတန်ပယ်ချွေ၊ ကျေးဇူးဘွေလျက်။မြေကပေါ်ထွက်။ ရဒ္ဓေါ်ဘက်သား။ရမွက်စင်အန်။ပုဂ္ဂိုလ်မွန်ခွ။အလွန်ကပ်ဆဉ်း။မဂ်ဖိုလ်ရည်း၍။စောင့်စည်းသတင်း။ ဖြူရောင်ဝင်းလျက်။ သန့်ရှင်းစိတ်ကြည်။လှူဆောက်တည်သည်၊ ။နတ်ပြည်တချူကျော့မိတည်း။

၉၂။ ဤသို့ခြင်းရာ။ ဟုတ်မှန်စွာလျှင်။ သဒ္ဓါစာဂ။လှူဒါနနှင့်။သီလစင်မွန်။ပစ္စုပ္ပန်လည်း။ အလွန်ချီးမွမ်း။ ဇာတိကမ်းကို။ လောက်လမ်းသဘွယ်။ ဝိညာဉ်တွယ်လျက်။ အပါယ်နရက်။ အောံမသက်တည့်။ကျည်းဂွက်လှစ်ထား။ရွှေတံခါးဖြင့်။သိကြားလက်ယပ်။ အထပ်ထပ် လျှင်။ မဏ္ဍပ် တခြား။ ရုံကန္နား တွင်။ လျှောက်ကြားနရီ။သံမြွောက်ချီနှင့်။ဗိဇနာပါတ်၊အခါမှတ်လျက် မိုးနတ်ရွှေပြည်။ ရွှမ်းစည်ချုန်းချုန်း။ မောင်းညွန်းညွန်းလျှင်။ရှုန်းရှုန်းတန်းခိုး။ခေါင်းလောင်းထိုး၍။နှင်းမိုးမငွေ့။လေလည်းမသည်း။ ညရီဆည်းဝယ်၊ဖြုတ်ခြည်းကြည့်ကွက်။ကြယ်လဘက်တည့်။ ပြိုးပြက်ရောင်လျှပ်။မိုးလုံးထပ်မျှ။နှုံ့ စပ်ဝန်းကျင်။ အင်လည်းအပြည့်။သာ ရွှင်လှည့်တိ။နတ်တည့်သဘော။စံကုန်သောဟု။ သာမောမြည်တတ်။ကျောက်စည်ခတ်သို့။နတ်မာတလိ။ မင်းဘုန်းရှိကို။မြင်သိကောင်းလေ။အကြောင်းဘွေ၍။ ။စေ့ရေခြင်းရုံပြန်လတ်တုံတည်း။

အာကာသဋ္ဌဝိမာနခန်းပြီး၏။

---

## ၁၀။ အာကာသန္ဒပဗ္ဗတအားဖြင့်ပြားသော စတုမဟာရာဇ်ဘုံခန်း။

၉၃။ ဝေမံသအာကာသန္ဒဝိမာနံဒသေဿတွာ။ သက္ကာသ
သန္တိကံဂမနတ္တာယ။ ဥဿာပယံကရောန္တောအာဟ။
ဤသို့လျှင်တည်း။စက်ရှင်ရထား။သိန္ဓောအားနှင့်။လွှားလွှား
ဖိုလ်ချစ်။သတိုးမြစ်ကို။ အဖြစ်မြတ်စွာ။ နတ်လိမ္မာကား။မျက်နှာ
မြင်မြင်။မေတ္တာဝင်၍။ ကောင်းကင်တည့်ထွန်း။ အခန်းခန်းသား။
ထက်ဝန်းပြိုးပြက်။ဘုံစည်ဆက်ကို။နှစ်သက်လွေ့လွေ့။ပြန်ပြီး
ရွှေလျှင်။ချမ်းမြေ့မြစ်အောံ။မြေကပေါက်သား။ခုံလောက်သုံးရုံ။
ပန်းတည်ခုံထက်။ထွက်အုံကြီးမား။လေးထိပ်ခြားဝယ်။သိကြား
တည်ထောင်။မြင့်မိုရ်တောင်သို့။ရောက်အောင်မကြာ။ သွားစိမ့်
ဌာလျှင်။ ပြင်လျှာထွတ်ကျိုင်း၊ စောရန်နိုင်းကို။ ညွှတ်ကိုင်း ခပ်
သိမ်း။ ကိုယ်လက်လိမ်းလျက်။သည်းငြိမ်းအရှုချာ။ထုံသိဒါသို့။ဝါ
စာနူတ်မြ။နာဘွယ်ဟာ၍။ ။လျှင်ကြွတောင်းပန်ဆိုလတ်တည်း။
၉၄။ ဝိဒ္ဒိတာနိတေမဟာရာဇ။အာဝါသံပါပကမ္မာနံ။ အ
ထောကလျှာဏကမ္မာနံ၊ဌာနာနိဝိဒ္ဒိတာနိတေဥယျောဟိဒါနိရုံ
ဇာသိ။ဒေဝရာဇဿသန္တိကေ။
ဇာတိဟူသည့်။ဥစ္စာမည်၍။စက်လည်မရဏ။ သန်လျက်ရှ
နှင့်။လောဘခိုးသတ်။ထိုးခုတ်ဖြတ်လျက်။ဥပဒ်ဆင့်လောင်း။ ဒုက္ခ
ပေါင်းသား။ ချောင်းချောင်း လောင်ပူ။ ကုန်အောင်လှူကို။ ရင်တူ
ဖက်လို့။ချမ်းယာသို့လျှင်။ကူးတို့လှော်ခံ။ပို့မည့်သံ၍။ခမ္ဘဲစရ။ ကျင့်
ဘာဝသည့်။လုံ့လကြီးပြင်း။သတိုးမင်း။ ။သားခြင်းမျိုးဘော်
ဆွေဖြစ်သော်လည်း။ ကျော်ကျော်ထင်ထင်။ ဂုဏ်အင် ပွါးတိုး။
ကောင်းလေနိုးက။အကျိုးဆိုဆို။ရှုစိတ်လိုလျက်။ ကြည်ညိုဝမ်း
ထဲ။ ရှိစခဲးစွာ။ မျိုးကွဲးတပါး။ ငါနတ်သားမှု။ သိကြားစေဖန်။မှု
ကုန်ဆန်ပြီ။ ထုတ်သန်ရောက်လွယ်။မြောက်ကိုရွယ်လိမ့်။ ကျင်
စွယ်ဖားဖား။ မနားသွယ်သွယ်။ မျက်စိ ကျယ်နှင့်။ ချစ်ဘွယ်

လည်းရောက်။ ရွှေကျုံပေါက်သို့။ လုံးထောက်တန့်ရပ်။ မြိုးမြိုး
သပ်သား။ ကျော်ထပ်လွှဲ့ပတ်။မင်းကြီးမြတ်ကို။ ပြတ်ပြတ်ဝမ်း
မှာ။ချစ်ကြည်စွာနှင့်။ ကမ္ဗာသရစ်။ထူးလှစ်ဘောက်ခွဲ။ အောက်
မြေထဲ၌။ငရဲလားဟန်။ငါပြည်သွန်မှ။ဘဖန်လမ်းကောက်။ မြင်းဦး
ခေါက်လျက်။ ထိုးဘောက် လှစ်ထွင်း။ နဂါးမင်းသို့။ လင်းလင်း
ပေါ်ထွက်။နတ်ပြည်တက်၍။ပြက်ပြက်ညွန်ကြား။ဗိမာန်များကို။
ပျော်ပါးလှည့်ထိုက်။ကြည့်အင်ဖြိုက်မျှ။မှတ်ပိုက်ပည်းသိ။ မြင်ရ
ပြီတည့်။ ပင့်ချီနှစ်လို့။ ယခုတို့ဝယ်။ ငတ်ရှုလိုရာ။ မြင့်မိရ်ရွာသို့။
ယည်သာစံထီး။ရွှမ်းစည်တီး၍။ ။မင်းကြီးကြွတော်မူလှည့်
တော့။

၉၅။ အထူးအထူး။ကြည့်မျှော်ရှူးလည့်း။မှုးမှုးလည်ပတ်။
မျက်ခြည်ပြတ်ခဲ့။ မှတ်လေ့တကြောင်း။ ကြို့တချောင်းမျှ။ ရှင်
ကောင်းတို့အား။လှူမိငြား၍။ ကြီးမားမြင့်ထွတ်။ဘုံပြာသာဒ်နှင့်။
ရံပတ်သီးသီး။ရိပ်ကြီးဆွဆွ။ထွန်းပသာဖြူး။ရေတဗူးမျှ။ ကြည်
နူးရှိသေ။ လှူမိပေသား။ကောင်းတေမူလ။အိမ်ကျွန်မလျက်။မိုးဝ
တောင်စွန်း။ တန်းခိုးထွန်း၍။ ကျယ်ဝန်းလှည့်စွာ။ ရွှေဘုံသာနှင့်။
သွယ်ပြာ ရောင်လျှံ။ ရွှင်ပျော်စံ၏။ ခြံရံ ကြည့်လည်း။ မပြည့်စ
ထောင်း။စောရောင်ကောင်းမှု။ ရွက်ညောင်းသွယ်သန်း။ကောက်
ရိုးပန်းမျှ။ ထက်ဝန်းပူဇော်။ စည်းခံတော်ကို။ ကော်ရော်ထင်မိ။
ရောင်ထင်ငြိလျက်။ မဏိမြခဲ။ ပုလဲပျစ်ရှက်။ ဘရက် ပြောင်
ပြောင်။ ရွှေတန်ဆောင်နှင့်။ မိုးခေါင် ကယ်ထက်။ စမွာယ်လျက်
တည့်။စိတ်ထက်သုံးတန်။ကြည်စိတ်သံက။အလွန်ပွါးစီး။ကောင်း
ကျိုးကြီး၏။ဖွဲ့ချီးနတ်လူ။ မှတ်တော်မူဟု။ ပျူပျူငှာငှာ။ ခြင်းရာ
နှိုက်နှဲ့။အထဲးအဖုံး။ ဆိုပြီးဆုံးမှ။အလုံးပိုင်သ။ မင်းတိုင်းခသား။
ဇဝန နတ်။ အခဲးဆာတ်လို။ မင်းမြတ် ရှောင်း ရှောင်း။ ခြေလက်
ကောင်း၏။ထောင်းထောင်းရောက်ချေ။ လျှင်လေစေဟု။ သံခြေ
နှတ်ထပ်။မကြာအပ်ခဲ့။လျပ်လျပ်နှင်ပိုင်း။ ငှက်ဥဇျိုင်းသို့။ ထိုင်း
ထိုင်း ချန်ပြေး။ တိမ်ဖွေးဖွေးကို။ ရေးရေး မျှော်တည့်။ အရော်

ကြည့်လျက်။ နောက် လှည့် ငဲ့စောင်း။ မရှိ ကောင်းတည့်။ လေ ကြောင်းဟူးဟူး။ရထားဦးဖြင့်။ ရူးရူးဆောလျင်။ ရွှေပြည်ဝင်အံ့။ သွင်ပြင်သဏ္ဍာန်။ထူးကဲလွန်လျက်။သုဝဏ္ဏလိပ်။ရွှေတံဆိပ်နှင့်။ သုံးကျိပ်သုံးယောက်။ သိကြားမှောက်ဝယ်။ တောင်ညှောက်မြင့် မိုရ်။မြရည်ယိုသို့။ပွက်ဆိုသွယ်နဥ်း။မှတ်ဘွယ်ချည်းတိ။ကမ္ဘဦး ရွှေစောင်။ရေးရအောင်နှင့်။ ခြောက်ဘောင်နတ်ပြည်။ ပျော်လိမ့် မည်ကြောင့်။ ကျည် သရောပင်။ ထင်ထင် မင်းပွဲ။ တင်းတင်း ရဲး လျက်။နက်နဲနှိုက်စမ်း။ပိုက်သဝမ်းဖြင့်။မွမ်းမွမ်းကုဋေ။ သခ်ျေ သိန်းသန်း။ နတ်အဝန်းတွင်။ ပထွန်းစရာ။ ရတနာ ချယ်မြောင်။ တန်းခိုးဆောင်သား။တထောင်မျက်စိ။ တို့ဘုန်းရှိကို။ ရှိလည်းမ ခိုး။နေရာတိုးလျက်။တန်းခိုးမလွှတ်။ရှင်ကိုယ်မြတ်ကို။ ။ဆွတ် ဆွတ်ပြတော်မူလှည့်တော့။

၉၄။ ဧဝဥ္စပနဝတ္ထုပုရတောရထံပေသေတွာ။ သိနေရုံပ ရိဝါရေတွာဠိတောသတ္တပရိမဏ္ဍပဗ္ဗတောဒသေသိ။တေဒိသွာ စရညောမာတလိဿပုဋ္ဌဘာဝံအာဝိကရောန္တောသတ္တာအာပဟ။

ဤသို့မြွက်ချီ။ရှေ့နောက်ညီလျက်။စိစိလျှည်လျှည်။ အစည် သင့်လှ။ စီရင်မသား။သိကြားမျက်ဆန်။နတ်တမန်ကား။လျှင်မြန် ရောက်ဌာ။ရွှေတံဖျာနှင့်။အရာတဆယ်။ ရွှေကြိုးသွယ်ကို။ လက် ဝယ်ရစ်ပတ်။ ငင်လှုပ် ခတ်လျက်။ ကျင့်ဝတ်ပြည့်ဖြိုး။ ရဲးတင်း ကျူးသို့။ရှေးဦးမလွန်။နောက်မကျန်တည့်။အားအန်ညီတူ။ ချီပင့် ကူ၏။ဆူသော်ရိုးမြင့်။ကြိုသော်တင့်လျက်။ တို့ရှင့်ချစ်ဘွယ်။ရင် ပြင် ကျယ်နှင့်။ သွယ်သွယ် မြီး ရောက်။ ခေါင်းသို့ ကောက် မျှ။ ကျောက်ကားနိမ့်လို။ကိုယ်ကားတို၍။ ယည်ပျိုကတင်။ရေသား ဖြင်လည်း။ မွေးမှင်လှချော။ ထောင်သိန္ဓောတို့။ သန်ကျောအား လွန်။တသောင်းခန့်၏။သက်စွန့်ဖြုန်းဖြုန်း။ တကက်တုန်းတုန်းဖြင့်။ ရုန်းကုန်လသေး။ တို့အရေးကား။ ရက်ပြေးလူလူ။ စဲငူပြင်ကျွန်း။ မထွန်းစဖူး။လေဟူးဟူးကို။ ထွန်းရှူးတချောင်း။ တငါလောင်းနှင့်။ ဖူးတောင်း ကိုးကွယ်။ တဘက်ရွယ်သို့။ ရောက်လွှယ်ချုံချုံ။ ရုဝံ

ကြယ်ကြီး။ခရီးမတ်မတ်။ မိုးကြောဖြတ်လျက်။ညီညွတ်တရှည့်။ ကြိုးကုန်လှည့်ဟု။ တည့်တည့် သွားလား။ ရှေ့ရှည်ပါးနှင့်။ ရထား ရှက်ဆောင်။ မြင်း တထောင် ဝယ်။ သန်ကောင့် မြောက် မြား။ ကျော်ကုန်းကျားလျက်။ ပွယ်ဖျားပေါက်ကာ။တပွင့်ကြာလည်း။ လှစ်ခွါဖေါက်ထိုး။ သည်ထက်တိုး၍။ ဆက်ရိုးတင်းတင်း။ ညွှံညွှံ နင်းလေ့။ ကျွန်ချင်း ကျွန်ဘော်။ ကျွန်း ကျွန်း ငေါ် လျက်။ ခေါ် တော်ဟူက။ ကြောက်ရွံ့လှ၏။ ဆွေစပြင်သူ။ နတ်လျှင်ဟူလည်း။ အမူကောင်းသည်။ထိုးနှင့်စည်တည့်။ မည်မသင့်ငြား။ လည်နှင့် ထားဟု။တံဖျားလတ်လတ်။နှင်လေလွှတ်သည်။ ။တောင်မြတ် မြင့်မိုရ်တူရှုတည်း။

၉၄။ သုံးလူ့သနင်း။တရားမင်းဘုရား။ဟောခဲ့ထားသား ရှည်လျားကျမ်းရိုး။ခဲ့စွာနိုးလျက်။အမျိုးလေးဘော်။နာတုံသော် လည်း။ ရွှင်ပျော်လှည့်ဘွယ်။အသွယ်သွယ်တည့်။ ပင်လယ်ဓမ်း လှိုင်း။စမ်းချေတိုင်းလျှင်။ သေိုင်းကိုသာ။ဆုပ်မိကာသို့။ နည်းနာ လှော်ပွါး။အော်တခြားမှ။ စကားဆန်ခက်။အသစ်တက်အံ့။လှော် ချက်သိဂ်ီ။နိလဝယာ။အဋ္ဌကာနှင့်။နာလာမုတ္တ။မဉ်ထုတ်စသါး။ ကမ္ဘာ့ကြက်သရေ။ဆံယပ်ပါးရွှေဖြင့်။လုပ်ထွေကျစ်လျစ်။ဖြိုးသစ် သစ်သား။သရစ်လှဆန်း။ရထားနန်းကို။ခေါင်ရန်းရဉ်တင့်။တော လုံးပွင့်လည်း။နှိုင်းချင့်မထော်။ထွန်းတောက်ရောင်လျှံ။ရွှေတောင် ပျံသို့။ဟိုသံသဲးသဲး။ကွန်ကြေးလမ်းကျယ်။မိုးဓမ်းလယ်ဖြင့်။ကယ် လေသရော်။အထက်မော်လျက်။ထင်ပေါ်ဝန်းရှိ။ လေးကျွန်းဆုံ ၌။လေးရံရောင်ပြန့်။ ဝေးခေါင်ဖြန့်လျက်။တိမ်ညွှန့်မတ်မတ်။ မြင့် မိုရ်လတ်ကို။ ရံပတ်သီးသီး။ ရစ်ဆီးခြားခြား။ ခုနစ်ပါးဖြင့်။ဝန်း လျားနိမ့်မြင့်။တောင်စည်ဆင့်ကို။နတ်ရှင့်မျက်ပျော်။ ပြတုံသော် လည်း။ ရှုမျှော်ထွေပြား။ ရွှေရထားက။ ဘဘွားဘေးသောင်း။ မမြင်ထောင်းတည့်။မိုးကြောင်းသွားစံ။ ဧည့်ကြီးခံသို့။ တရံထင့် နိုး။ ရွှင်ဖြိုးဖြိုးလျှင်။ နေမျိုးစောထိး။ မေးဝှဲးချီးသား။ အတိုးလွန် ဝေး။ ဖြစ်ပာန်ရေးကို။ ကျေးနှင့်ခရမ်း။သရက်ပွင်မ်းမျှ။ မှည့်ရွမ်း

ညီးညီး။ပင်တိုင်းသီးသား။ မြို့ကြီးသှဉ်ကာ။ဥယာဉ်သာဒ္ဒ။ မြတ်စွာပဟောလို။ ဂါထာဆိုလျက်။သံချိုနွတ်တော်။ဤသို့ဘော်က။ပူဇော်နှစ်ထောင်း။ကြွေးကြော်ညောင်းသည်။ ။သောင်းသောင်းသာရှုနတ်လူတည်း။

၉၇။ သဟာသ ယုတ္တံ ဝဟယာဝါဟိ။ ဒိဗ္ဗယာနိ တိဋ္ဌတောဟာယမာနေသမဟာရာဇ။အဒဿသိတန္တရေနာဂေ။ဒိဿနာမန္တယိဒုတံဏ္ဍမေကေနာမပဗ္ဗတော။

အစမထင်။သသ်ရာဟု။ဗလဝါမြစ်မ။ ဝဲသြဲယတွင်။ မွန်းချတဏ္ဍာ။အဝိဋ္ဌာတုံ။မျက်လွှာချုပ်ချုပ်။လက်ဝါးအုပ်လျက်။ ရှုပ်လစေကာ။မိုက်မိုက်သာလျှင်။ကြမ္မာဆောင်ကြဉ်း။ဆင်းရဲညှဉ်းလျက်။ သေမည်းလန့်ဆုံး။ အညွှန့်တုံးသား။ နှလုံးပူဆာ။ ငြိုးငွေ့စွာမှ။လွတ်ခွါကိုယ်ရုန်း။ငါ့မှာပုန်းက။ မင်းဘုန်းချမ်းလျက်။မိုက်ရမွှက်ကို။ ပယ်ဖျက်စင်ကြယ်။ ရွှင်စံပယ်သည်။ မျိုးနွယ်လေးပါး။တပည့်သားတို့။ တိုင်းကားလှစ်ဘွင့်။စည်ပင်မြင့်လျက်။ ယခင့်သောခါ။မိဗိလာဟု။မည်သာခေါ်ပင်။ ဤပြည်ထင်ဒ္ဓ။ ရှင်တို့ဆရာ။ဘုရားငါကား။သမ္မာဖြန့်ချိ။ကောင်းညွှန့်ရှိသား။ နေမိမင်းကျော်။ ဖြစ်သရော်လျှင်။ သာပျော်ခန်းဝါ။မြင့်မိုရ်ချာက။ သူဇာမြောက်သား။မိုးသိကြားကား။ငါ့အားချစ်တပ်။ လပ်လည်းကြီးစွာ။ ပေးလို၍ဖြင့်။ ဆက်စာလိပ်ရွှေ။ ကမ္ဘည်းခွေလျက်။ ဝေဇယန္တာ။မည်သာတမွတ်။ယည်ကျော်မြတ်ကို။ လွှတ်လျှင်စိမ့်မား။မြရှစ်ပါးတွင်။ ကြွားကြွားရောင်ညို့။ ပေါက်အုံ့သို့သား။ နှစ်လို့ရှုအိ။ ရူလိရူလာ။ ကဏ္ဏရာနှင့်။ သာခါခန့်မြတ်။ ဝင်သဝတ်ကို။ ပတ်ပတ် ဝန်းလည်။ စီမြောင်ချည်လျက်။ ထုံရည်တင့် ပေါင်း။ ရောင်မောင်းတခြား။ ကတဲးသားဟု။ ပတ္တမြားမျိုး။ တန်းခိုးကြီးမြတ်။တွတ်တွတ်နီနီ။ဇိဂရက္ခာ။ကောမူလာက။စသည်ခြောက်မည်။ထောင်နေခြည်သို့။”မွန်ရည်နှိုင်းစံ။ဆစ်မိုင်းရံလျက်။ ပတ်နှံ့မမြောက်။စိန်စစ်ကျောက်ကား။ခုံလောက်ခုံထက်။ နပန်းနှက်၍။ဝန်းရှက် နောက်ညောင်း။ ပုံတောင်းနန်းဒိုး။ တမိုးစပ်တိုင်။ မြိုး

ခိုင်လက်ရုံး။ခါးပန်းဖုံးထက်။ ခွဲလုံးကြွေ့ကြွေ့။ ခြသေ့်ထောင့်နွား။ မားမားနေထိုင်။ ရွှေစိုင်လုံးထွင်း။ နှိုင်းနှုန်းခင်း၍။ တူခြင်းမထင်။ရွှေဆက်ငင်လျက်။ ကရကျင်ကရန္တီ။ငွေတချို့နှင့်။ ဆယ်မြို့မကာ။ပြန်တာချသော်။ တရာ့ငါးဆယ်။ ရထားကျယ်ကို။ ဆန်းကြယ်ထွေစွာ။ ရှုးမှူးဖွာမျှ။ မျက်မြွာစိတည့်။ တည်ကြည့်သော်။ ဝမ်းပြည့်ဖြိုးဖြိုး။ ရွှေပေါင်းရိုးလျက်။ သတိုးစောလောင်း။ မိုးတကြောင်းထက်။ ကောင်းစလှည့်သည်။ ငါ့အရည့်ကြောင့်။ ရွက်ဖွည့်လှတင့်။တန်ခွန်ယွှင့်လျက်။ကြီးမြင့်ဆင်ပြောင်။ ထောင်ကားသိန္ဓော။ လေဟော ဟောကို။ နတ်စော ဘုန်းလျှင်။ ရှန်းက ငင်သည်။ ။ပင်စွာ့နားအံ့မဟူတည်း။

၄၉။ ဆက်သန် လန့်ပြေး။ တိမ်ညွှန့် နွှေးသို့။ ကွေးကွေးလက်မြွှာက်။ မေးဖျားပေါက်မျှ။ နောက်လည်းဝမ်းပျည်း။ ပခုံးစည်းလျက်။ယှဉ်းတရာဘက်။ ရထားစက်ကို။ဆောင်ရွက်ကြွားကြွား။သိန္ဓောသွားသော်။ဆပွါးရွှင်ဝမ်း။ မိုးပြင်လမ်း၌။ ညချမ်းနေငြိမ်း။ ရထား ထိမ်းလျက်။ ရှိမ်းရှိမ်းညှိုရောင်။ တောင်၏ အလျှင်။ ခုနစ်စည်ကို။ စက်ယည်စီးလျက်။ မင်းကြီးကွက်၍။ နှစ်သက်နာလို။ မေးနှုတ်ချို၏။ တိမ်ညှိုတိမ်ဝါ။ တိမ်ပြာ တိမ်နှမ်း။ လက်နှင့်လှမ်းလည်း။ရမ်းရမ်းမှိန်း။ချုပ်ချုပ်မိုးလျက်။ အခိုးမိုက်မိုက်။ကောင်းကင်ဆိုက်မျှ။ သိုက်တူမြင်တူ။ ပရာဘူတိ။ဝါးကျူခယင်။တုန်ကရင်နှင့်။ရှိုင်းလင်ဝမိ။ကြလိုကြခပ်။ခရောက်ထပ်အပေါင်း။သိုက်ကြသောင်းတိ။နံ့ကောင်းလှိုင်ခြင်း။ကြိုင်ပြင်းသား။အင်ကြင်းဘက်ဆွတ်။ရင်ခတ်ပျည်းသိမ်။ ထိမ်နှင့်မအူ။ သစ်ဆူကြောင်လျှာ။ဇီသဝါမှ။ဇလတာမြစ်ကိုင်း။ ဝယ်မှိုင်းတို့။ရွှေနှိုင်းပိတောက်။ကြက်မောက်စွယ်တော်။ကံ့ကော်ခရေး။ စကားထင်းရှုး။စန္ဒကူးတဲ။ ပင်လူး အိမ်ဆီး။ ချစ်ဘွယ် ကြီးလျှင်။ သမီးလုင်။ဖြတ်ချည်းထင်မျှ။ကညင်ခနွံန်း။ထန်းအုန်းပင်စောက်။ ကျွေးရှော်စောင်းရှား။ သဖန်းခါးလည်း။ ကြီးမားပေါပည်း။ အိုးစရည်းသို့မည်းမည်းရိပ်ရိပ်။ ဟောင်ထိပ် မောက်မောက်။ သူတယောက်

မှူ။မရောက်တစုံ၊ငါသာဝံ့၍။လူညှံ့တပြီ။ ပြန်ဘွယ်ရှိ၏။ မျက်စိ
သိရိ။ရှုတ္တိဒိသည်။ ။ငါ့ညီအဘယ်တောင်တည့်နည်း။

၁၀၀။ အကြွားအကြွား။ခြား၍စီးသား။ မြစ်ကြီးသိဒ္ဓါ။ခုနစ်
ဖြာနှင့်။ကျယ်စွာနိမ့်မြင့်။စိုးစိုးစွင့်တည့်။မြေနှင့်တစပ်။ တောင်အ
ထပ်၌။ တန့်ရပ်စောသီး။ဖွဲ့ချီးဆိုနှုတ်။ ဥဿဘဘုရား။ ပြယား
ဂေါမိတ်။ သပိတ် ရောင်ကျင်း။ သလင်း ကစ။ သိကြာ့ ပေါက်
ပေါက်။ရွှေသွေးကျောက်လည်း။ ကောက်သော်ဤတွင်။ ပည်းမျှ
ဖြင်၏။ ကွမ်းပြင် တတ်စွန်း။ မံသခန်းနှင့်။ ရည်မြန်းသိန်းခို။ လို
လည်းမရှား။ ပတ္တမြားပြည်ထိ။ မြအတိနှင့်။ ဇော်ဂီ ဆေးရိုး။ သ
မိုင်းမျိုးလည်း။နှင်းမိုးဖြန့်ချ။ပင်ဝန်းလှလျက်။ တာလဗိဇ။ ဩသ
ထဖြင့်။ညသော်သိပ်သိပ်။ရွက်အိပ်ဆယ်ပါး။အိမ်တော်ယားတို့။
ဆေးဝါးအရုံ။ရွှေငွေတုံလည်း။ပြည့်ပုံတွင်ချည်း။ ဖြင်မျှပည်း၏။
ကြည်းကြည်း ကြွက်ကြွက်။ မြ ကျောက် စက်ဖြင့်။ ကြာ ဘက်
အောင်းအင်။ရေရှင်ကမ်းထောင်း။ ချောင်းမြောင်းစီးဟုန်။ ရေတန်
ခွန်လည်း။ပြင်းဟုန်ဖြူးဖြူး။အထက်မြူးမှ။ဟူးဟူးထန်လှ။ သွန်းလချ
လျက်။ ဖိုမပျံဝေး။ မြည့်ကြွေး မဆိတ်။ ကရဝိက် ကြက် တော။
သောသောသောင်းသောင်း။ဥဒေါင်းကြိုးကြာ။ ဟသာဝမ်းဘဲ။
စွန်ရဲငဟာစ်။ ယစ်နှင့်လင်းဝက်။ ဆယ်ရက်ခါငုံး။ အိုင်ထိုးရုံနား။
ပျံကာလွှားတည်း။ကုလားတမာ။သာလိကာလည်း။ ခြင်းရေဆင့်
ဆင့်။ ရင့်ရင့်ကျူးကျူး။ ဝမ်းနူးဝမ်းညွှတ်။ ဆွတ်ဆွတ် ဆက်
ဆက်။သံမြက်ခြေစွာ။ ရွှင်ဘွယ်သာလျှင်။ ရုပ်ဝါနတ်ယောင်။ မိ
ထွတ်ခေါင်နှင့်။ ရွှေမောင်လက်ရှက်။ မိုးကသက်သို့။ ပျော်ဘက်
ဖြစ်အောင်။တောတောင်အဘူ။ရှုရမူကား။မပျော်ပါးလော၊ ထား
ခဲ့ပေမိ။ မင်းရည်ရှိသား။ ဇာတိထွတ်ဖျား။ စောတရားကို။ နတ်
သားညွှန်ပြ။မြင်တုံကလျှင်။ပြောပလှည့်ကျင်။ ငါ့ပြည်ဝင်သော်။
အောင်မြင်တန်းခိုး။စာရင်းထိုး၍။ငါ့မျိုးငါ့ဆွေ။ မှတ်ပစေအံ့။ထိပ်
ဖွေလွှေးလွှေး။အောက်သို့ပြေးလည်း။ရေးရေးရက်ရက်။ နိမ့်နိမ့်
သက်၍။တက်လသကား။ ထိပ်ဖျားသွန်းသွန်း။ ဦးစွန်းမော်မော်။

မျှော်လတုံထွေ။မြင်လေလေလျှင်။ဖန်ဝေစိရင်။ ဘယ်နတ်ပြင်၍။
သို့စည်ပေါ်ထွန်း။ ကြောက်ဘနန်းမှ။ ကျယ်ဝန်းနှံ့စပ်။ အထပ်
ထပ်တုံ။မိုးလျှပ်ရည်ရွှင်။စို့သက်တင်သို့။ တုရင်ကမောင်း။မွမ်း
ခေါင်းကျစ်လျစ်။ရလစ်ကျင်းကျင်း။မှန်ကင်းဖူးငုံ။ ရှုးမှုးတုံမျှ။လျှ
ဘုံဖြစ်ရွေ့။ အဝလေ့ဖြင့်။ လက်ဖွေ့မသတ်။ အနန်ခတ်မကြှိုက်။
ကြက်တိုက်မခေါ်။ ကုသိုလ်ပျော်၍။ သူတော်အရိယာ။ ဆုံးမနာ
လျက်။ ချမ်းသာရှုမျှော်။ ကြင်လူ တော်တို့။ မွေလျော်လေဘို့။
ကောင်းမှုတို့နှင့်။နှစ်လိုသဖြင့်။ မှန်စွာကျင့်သား။ ချီပင့်မိုးမှာ။ ကိုး
ကွယ်ရာကြောင့်။ ချမ်းသာစံမှတ်။ သာကုန်မြတ်လျက်။ တောင်
ထွတ်နှိုပ်နင်း။ ဘယ်နတ် မင်းတို့။ ။နေခင်း ဗိမာန် ဆောင်
တည့်နည်း။

၁၀၁။ ဇေ်ရညောပုဗ္ဗေမာတလိ။ဒေဝပုတ္တောအာဟ။ ။
သုဒဿနောကရဝိကော။ ဤသဝရောယုဂန္ဓရော။ နေမိန္ဓရောဝိ
နတကော။အဿကဏ္ဏောဂိရိဗြဟာ။

စိုစိုပြည်ပြည်။မေဏ္ဍာကြည်က။ဆိုမည်ခြင်းရာ။မဉ္စရှံ၍ာတည့်
သီဒါမြွှောင်ရစ်။ထဲးချောင်နစ်လျက်။ကမ်းထစ်နံလျောင်။ စောင်း
တန်းထောင်သို့။ တောင်၍ဖြစ်ထွေ။ ခုနစ်ခွေကို။ ကောင်းတေ
မျှော်ရှု။မြော်သမှုနှင့်။ လှုလှုလှ်က်လှက်။ မေးမြူပွက်သော်။ ထက်
ထက်နှုတ်မြန်။ နတ်တမန်လည်း။ ပြန်လတုံခြင်း။ သောင်း တိုက်
တွင်းဝယ်။တစင်းပြည်ဘက်။မကြည်သက်လည်း၊ အမျက်မပန်း။
မေဏ္ဍာဖြန်းလျက်။ ဘုန်းတန်းနှုတ်ထွက်။ အာဏာ စက်ကြောင့်၊
ပယ်ဖျက်ထဲးနစ်။တူးထွင်းလှစ်လျက်။ နွယ်မြစ်ခုတ်ဖြတ်။ ရန်လုံး
သတ်သည့်။စောထွတ်ဘုန်းပော့။ ရွှေခြသေ့၊ ။ငါ့ရွှေမဆို။ငါ့
ကိုလွှန်ကြင်။ငါ့ချစ်၍င်က။ ပည်းဖြင်နတ်ဘုံ။ ခေါ်ဝေါ်တုံ၍။ ယုံ
လော့ရှေးခါ။ကမ္ဘာပေါ်စ။ လကားတပေါင်း။ ရက်လည်းကောင်း
လျက်။ထီးဆောင်းစည်တီး။ မင်းကြီးနက်သတ်။အခါမြတ်၌။ရစ်
ပတ်နေလ။ကြယ်ထိုမျှနှင့်။တကွမြဲ့မိုရ်။ နဂိုရ်ကျွန်းမော်။ တည်
ထွန်းပေါ်က။ထိုရော်၍ည်လျက်။ တပြိုင်နက်ဖြင့်။ ပျက်လည်းအ

တူ။ဖြစ်မှုအညီ။ နာရီဘဝါး။ ဆံဖျားမယုတ်။ တံတိုင်းဟုတ်ဖြင့်။ ခြုတ်ခြုတ်ဝမ်းပိုက်။ အကြားနိုက်လည်း။ ဝဲးလိုက်စီးဖြာ။ ထိုနံ့သာနှင့်။ မိုင်းဝါဒေါင်းမွေး။ နစ်ကျဆွေးလျက်။ ချမ်းဧကြည်စွာ။ သိဒ္ဓါယည်ဘောင်။ခုနစ်မြောင်ဖြင့်။ မြရောင်ညို့ညို့။လိုတောင်တို့သည်။ ။မြင့်မိုရ်အရံအကာတည်း။

၁၀၂။ ရာဇ နက်သတ်။ ပတ်မစီးတည့်။ ရွှေထီးမဆောင်း။ စကားပေါင်းဖြင့်။အကြောင်းခန့်လျက်။ ဂဏန်းချက်သို့။ စည်းလက်သန့်ဌာ။နေ့မြတ်စွာနှင့်။ ကောင်းခါယှည်ယှည်။ ခုနစ်လျှည်ကား။အစည်အတိုင်း။နိမ့်နိမ့်ချိုင်း၍။ ဆိုင်းဆိုင်းဆို့ဆို့။ မြို့၏သဘွယ်။ဝန်းလျှားကျယ်လျက်။ မြင့်သွယ်ခိုင်ကျည်။ ခေါ်ဆိုသည်မှု။ မွန်ရည်လတ်လတ်။ သုဒဿန။ ရွှေတောင်လှနှင့်။ ကရဝိက။ လျှောပျံကျလျက်။သာရကလျှာ။နံ့သာပန်းရုံ။ရဂုံသာနီး။တောင်အမျိုးတွင်။ တန်းခိုးမပိန်။ ဝင်းဝါထိန်သား။ ဋ္ဌာသိန္ဓုရ။ယုဂန္ဓုတို့။ တောက်ပနေရှိန်။ ကျောက်လေးစိန်နှင့်။ နေမိန္ဓုရ။ ဝိနတဟု။ နာမခေါ်မှန်။ ဤခြောက်တန်မှ။ အသကဏ်ကား။ အစွန်းနားဖြင့်။ ငန်ဆားခပ်ပြွမ်း။မြစ်ရေချမ်းလည်း။ တင်းကျမ်းဖြင်ညီး။ ပြင်ကာစီးလျက်။ပိတ်ဆီးရန်းရန်း။ကျယ်စွာလွှန်း၍။ သိမ်းမြန်းစိုးချုပ်။အုပ်သည်တမူ။အကြင်သူတို့။ အလှူကောင်းမှု။ ဆင်းတု ဂူကျောင်း။ ဆုတောင်း ပတ္တနာ။ မသဒ္ဓါမှု။ မိစ္ဆာစာရ။ ဝမ်းဝ လိုက်လိုက်။ ကျင့်စရိုက်ကို။ပုရပိုက်လေးစောင်။ ရေးချေဆောင်လျက်။ဘုန်းခေါင်နတ်သို့။ဆက်လှာပို့၍။ရဲးမျိုးစတေ။ရဲးနေကျကျ။ရဲးလှခြင်းရာ။ ရဲးပညာနှင့်။ လွှားကာရင်းတည်။ လှံမှည် အဲးမောင်း။ ကျွန်ကောင်းထောင်သင်း။ ဆင်မြင်းလောက်ပြည့်။ မှုတော်မှည့်မှု။အလှည့်အတိုင်း။ခိုင်းခိုင်းခက်ခက်။ လုပ်ကြီဘက်ဟု။ စကြာဝတေး အပါး။ သားအကြီးသို့။ သီးသီး ခြားခြား။ လေးပါးခန်းဝါ။ လေးမျက်နှာကို။ လေးဖြာခွဲးပြု။ လေးဘို့ရုလျက်။ စတု မဟာရာဇ်။ သင်္ချိုင်းနွဲနွဲ။ ရွှေဘွဲ့ရေးရေး။ အမည် ပေးသား။ ကျော်သွေး နှံ့ ချောက်။ နတ်လေးယောက် တည့်။ စောင့်ရှောက် နေမှတ်။ ဘုံ

ပြာသာဒ်နှင့်။ နတ်အမတ်ကြီး။ နတ်ခိုင်ဖြိုးဖြင့်။ နတ်ထီး မှုသွား။
လွန်ပျော်ပါး၍။မြိုင်ဖျားရိပ်လွှမ်း။ကျေးငှက်ပြွမ်းမျှ။ချမ်း၍မဟူ။
ပူ၍မထင်။သန်လွင်မိုးဆောင်း။ရတုကောင်းလျက်။ နိမောင်းပတ္တ
မြား။ပြယားမြခဲ။ပုလဲးသန္တာ။နီလာမြတော။ ရွှေငွေရောရှု။ ကျော်
သစ်တုဖြင့်။ ယခုတိုင်အောင်။ ရှည်မြင့် ဆောင်သည်။ ။၍
တောင်ကမ္ဘာ့တန်းဆာတည်း။

၁၀၃။ ဤသို့ဟူ၍။ ဆင်ဖြူကိုးရာ။ ထက်ကြပ် ပါလျက်။
ရံကာဗိုလ်ချဲ့။ တဆဲ့ရှစ်ခေါ်။ရေကြောင်းသော်တုံ။ လှေလှော်အဲး
ထောက်။ ပင်လယ်နောက်မှ။ လန့်ကြောက်ရွံ့ရှာ။ ဥဒ္ဓံဗ္ဗါသား။
ဘဝနာတိတျ။ပဋ္ဌိတဖြင့်။ဝရမ္ဘရာဇ်။စောရန်လှစ်ကား။ ကမ်း
ထစ်လှေကား။ မြင့်မိုရ်ခါးဖြင့်။ လေးခြားဝေနှင်း။ နတ်လေးမင်း
တို့။နေခင်းမဆို။ယုဂန္ဓိုရ်က။စသည်နောက်ဆုတ်။ ရွှေရွှေယုတ်
လျက်။ သမုဒ်မြစ်ကျယ်။ သီဒါချယ်သား။ တင့်တယ်ရောင်ညို။
တောင်တို့ကိုလျှင်။ သိလိုခဏ။မေးချင်းတန့်ငှ။မာဃမင်းစေ။ ဖြေ
လတုံငြား။ရှေးကြောင်းလျှားကို။ဘုရားနှုတ်ထွက်။ ပေထက်ရေး
ပွါး။မှတ်သားစေဌာ။ မြိုက်ရည်သာလျှင်။မိမိလာမြို့ကြီး။ အနီး
စပ်ယှည်။မင်းဉယာဉ်၌။သဗ္ဗညူဘုန်းတု။ နေတော်မူသော်။ ဦဦ
သောင်းသောင်း။ စည်ပေါင်းထူပြော။ သဃ်နောက။ စသည်တ
ပည့်။နာကုန်လှည့်ဟု။မျှော်ကြည့်ဆွတ်ဆွတ်။ပရိသတ်ကို။ ။
ခြေချွတ်ရှင်တော်ဟောလတ်ဘော်တည်း။

အာကာသဋ္ဌပဗ္ဗတအားဖြင့်ပြားသော
စတုမဟာရာဇ်ဘုံခန်းပြီး၍။

---

## ၁၁။ ဝိတ္တကူဋ္ဌါရခန်း။

၁၀၄။ ၉၀ မဃ စာ တု မဟာ ရာ ဇ် က ဒေဝ လော က်
ဒသေဃတွာ။ ပူဇာတောရထံပေသေတွာတာဝတိံသ ဘဝနံစိတ္တ

ကုဋ္ဋိနွါရကောဒ္ဓကံပရိဝါရေတွာ ဋ္ဌိတာဇ္ဈနဒ္ဓပတိ မာဒသေဿသိ။ တံဒိသွာရာဇာပုန္တ္တံ ဇ္ဈတာရောပိသာအာစိက္ခိ။ ။အနေကရူပံရုစိရံ နာနာဝိတ္တရပကာသတိအာကိဏ္ဏဇ္ဈန္ဒသဒိသေဟိ။ ဗျဂ္ဃေဟောဝ ပူရကွိတံ ဝိတ္တိဟိမံဝိန္ဒတိသုတဒိသွာ။ ပုန္တ္တာမိတံမာတလိ ဒေဝ သာရထိဇ္ဇမေနူဒ္ဓါရံကိမဘိညမာဟု။ ။တာသပုဒ္ဓော။ လ။ ဘူမိပက္ကမာဟိ။

ထိုသို့သံချို။ပြန်ပြီးဆိုသော်။တကိုယ်တည်ဘက်။ချစ်ကြည် သက်လျက်။လက်နှင့်ဆောလျှင်။ငင်ဘိမတတ်။ တမန်နတ်ကား။ ယည်မြတ်တဆူ။ရွှေတူရုဖြင့်။နေပူချိုးချိုး။ခရိုးချိုးချိုး။မြင်းဆက် ညှိုးလည်း။ရေမိုးမချ။ စာဝကျောက်ကန်။ တောင်ကိုလွှန်လျက်။ နတ်မြန်လက်ပါ။တံဖျာဖြန့်နှိုး။ရွှေကြိုးကားလျော့။လည်မော့မော့ လျှင်။ကြော့ကြော့ဟန်ပန်။ကရားသွန်သို့။ ထန်ထန်သည်းသည်း။ မောင်ခမဉ်းဟု။ ဆည်းလည်းရွှေချု။ လူလူအောင်သား။ကဲလား လက်ထောက်။ သေနန်းဘောက်လျက်။ နောက်က ဗိတ်ထား။ ပတ္တမြားစီလျက်။ညောင်ရွက်သွင်သွင်။ ခဏမြင်သော်။ လျှင်လ သောလျောက်။ မနည်းပေါက်မျှ။ ရောက်မိ ရောက်စေ။ နှင်တုံ သေသော်။ ရွှေငွေ မျက်ရောင်။ တပြောင် ပြောင်သား။ တောင် များမိပတိ။ဂိရိဗ္ဗဟိုဋ္ဌ၊ မြင့်မိုရ်တွင်မည်။ သိကြားပြည်၌။ ရောင် ခြည်ယိုဘိတ်။ ညှိုးညှိုးညိတ်မျှ။စိတ္တကုဋ။ တံခါးမှုနှင့်။ ထလာဘ နန်း။ဉစ္စန်းသျှောင်ရွက်။ စိမြောင်ကွက်လျက်။ ဘရက် လည်မှာ။ ရတနာစီမြုပ်။ သိကြား ရုပ်လျှင်။ အလုပ်သင့်မှု။ ဆိုလုလုမျှ။ ရှု လည်းနှစ်လို့။အရှင်သို့ကို။မင်းရိုးမျက်စိ။မြင်သည်ရှိက။ မာတလိ အား။မေးလတ်ကြားလည်း။ကြောင်းလျားစေ့ရေ။ ပြန်တုံလေ၏။ တက်နေရိုးရဲ။မြိုးမြိုးကြဲလျက်။ပြောင်ပြဲချိုးချက်။ လက်ရရက် လျှင်။ကျည်းရွက်ကန့်ထောက်။ရက်ဘောက်ရွှေတိုင်။တုရိုင်ဆန်း ပြား။နန်းတံခါးဖြင့်။ သိကြားထွက်ဝင်။ ရွှေစင်မှည့်ပျော်။ စောင်း တန်းတော်လည်း။အရော်တည့်ပင်။ ကြည့်သော်မြင်သား။ရုပ်ရှင် တမူ။ ရှုရှုဝရဖိန်။ တာဝတိန်ထက်။ ထိန်ထိန် တောက် လောင်။

လက်နက် ဆောင်လျက်။ ကုန်အောင် ထိပ်မိုး။ ဦးနှိမ်ချိုးလည်း။
စိုးစိုးနှောင့်နှောင့်။ ရန်ဘက်ကြောင့်လျှင်။ ။ကိုယ်စောင့်ထား
သည်တည့်ဘုရား။ ။ဝရဇိန်ကို။ဝဇီရဇိန်ဟုတတိယက္ခရာ
ဇခွဲးနှင့်ရေး။ပဉ္စမက္ခရာစလုံးနှင့်မရေးရ။

၁၀၅။ စေ့စေ့ရုံရုံ။ဆိုကုံရေးရာ။ အစစွာက။ တာဝတိန်သာ
နတ်ရွာသခင်။ချစ်ရှင်သိကြား။တို့ဘုရားလျှင်။ ရှေးဖျားဘဝ။လူ့
ပြည်ကဋ္ဌ။မိဘကျင့်နည်း။ သူ့ပစ္စည်းကို။ မရည်းစပါ။ သဘော
သာဖြင့်။ကြမ္မာယံကို။ လှူကုသိုလ်မှု။ ဆိုသော်အနည်း။ တတွင်း
တည်းတွင်။အလှည်းကိုးထောင်။ ထွက်သောယောင်လည်း။နှိုင်း
ဆောင်မဆွယ်။ အမှတ်ရွယ်၍။ ကြွယ်ကြွယ် ဝဝ။ ကုံသော
လျောက်။ စရပ်ဆောက် သား။ ဝမ်းမြောက် စိတ်ဖြောင့်။ အလှူ
ကြောင့်လျှင်။ ရှစ်သောင်းလေးထောင်။ အစောက်ဆောင်သား။
ရွှေတောင် ထိပ် ထက်။ အလယ် ချက်၌။ နှုတ်နက် မောင်း ဆို။
တောင်းလောင်းတို့မှ။ထိုထိုပစ်လွှတ်။လက်ရှိန်သတ်သည်။လွှတ်
လွှတ်ပြေးထွက်။စက်ဈို၏တန်းခိုး။ မည့်မည့်ကျိုးလျက်။ စိုးမိုးအ
သစ်။သိကြားဖြစ်၏။ဝလစ်ဘုံဆင့်။ စွင့်စွင့်စိုးနှိမ်။ စည်းစိမ်ကြွာ
ညောင်း။သိကြားဟောင်းမှု။ သေကောင်းသောက်တတ်။ နတ်မှူး
မတ်လျှင်။မြတ်မြတ်နိုးနိုး။လျှာရှည်ကျိုး၍။နှိုးလည်းမရ။အိပ်ပျော်
ကြလျက်။ဘာဘာမသိ။မျက်စိမှိုင်းဝေ။ ဖြစ်ကုန်ချေသော်။ ခြေကို
ကိုင်လစ်။ငင်ကပစ်လျှင်။မြစ်သို့ရိုက်ကျ။ဖြဖြအလုံး။စည်းစိမ်ဆုံး
လည်း။တရုံးတစည်း။ ဖြင်ပည်းတကွ။ ကမ္ဘဇကြောင့်။ ဌာနသင်း
သိမ်း။တစင်းထိးနှင့်။ပြည်ကြီးလည်းကောင်း။ တသောင်းယူဇနာ။
နိုင်ငံတာလျက်။ချမ်းသာမညှိုး။တန်းခိုးမစယ်။ဘုန်းမပြယ်တည့်။
စမ္မာယ်စလျက်။အသက်ခန္ဓာ။မြင့်ရှည်ကြာသော်။ အရှျာသည်း
ပွတ်။ပွတ်ပွတ်ထွားထွား။ရေသားနစ်နစ်။ သမီးချစ်ကို။ ကောက်
ကျစ်ကွေ့လည်။လုပ်ကြံရည်ဖြင့်။ ဆွေသည်ဖြစ်ကြောင်း။ တို့ရှင်
ကောင်းလျှင်။ချောင်းနှောင်းသင့်တုံ။နှစ်ပွင့်ရုံသို့။ရွှေဘုံဝင်ထွက်။
ကြင်ကြလျက်တည့်။ အမျက်ပြောစည်။ ဤနှစ်တည်ကြောင့်။ မ

ကြည်လျှင်ဘဲ။မြင့်မိုရ်ထဲးက။ဗွမ်းရဲ့ညီညွတ်။ စစ်မက်လွှတ်၍။
နတ်နှင့်မတန်။လူ့ဖြစ်ဟန်သို့။ ။ခိုက်ရန်ပွါးသည်တည့်ဘုရား။

၁၀၄။ တယောက်ထက်ကား။ တယောက်ပွါး၍။ ထင်ရှား
မျက်မြင်။ ကောင်းကြွယ်ချင်လည်း။ ပွဲပြင် ကြမ္မာ။ အရင်းစွာကို။
စိတ်ဖျာမကြီ။နှလုံးပျံ့နှင့်။ ဝေးလံရပ်မြေ။ သွားရှာချေလည်း။ပန်း
ခြေကျလျက်။အင်မတက်တည့်။နှောင့်ရှက်ငြိုးစိုက်။ မိုးအိုးပိုက်
သို့။ကိုယ်နှိုက်အမျက်။ချုပ်ချုပ်ထွက်မျှ။ဟိန်းဟက်ခေါ်ခေါ်။ ဖြစ်
တုံသော်လည်း။ သူတော် ဇာတိ။ သည်းခံဘိက။ မိမိနှစ်သက်။
နေကာပက်လျှင်။ တိုးတက်တုံလှည့်။ လုံးရုံပြည့်၏။နတ်တည့်သ
ဘော။ဆင်းရဲသောဟု။ကျော်စောညံစဲ။ မရှိဘဲလျက်။ ကိုက်ခဲ
မတတ်။သူရာနတ်တို့။ သခွတ်ပွင့်က။ စိတ်ကြွကြွလျှင်။ ဒေါသ
ရန်ယှိ။ဖပ်ဖပ်စိုမျှ။မျက်လိုမျက်စည်။ ပြည်နှင့်သွီး။ရန်ကြီးနှစ်ပါး။
ဖြစ်သောအားဖြင့်။ ရှည်လျားငြိုးဆုန်း။ စိးပွါးဖြုန်းလျက်။အမုန်း
ဆက်ဆံ။ လောကဓံကြောင့်။ မြဲးမြံပြုအပ်။ လုပ်ကြံတပ်လျက်။
ရှုပ်ရှုပ် ကိုက်ဝါး။ ပခုံး သားကိုု။ စားလတ် လိလိ။ မျက်စိ မျက်
မှောင်။နှုရောင်လည်ဘင်း။ တင်းတင်းမလှည့်။ စောင်းကာကြည့်
က။မည့်လတ်ဘနန်း။ ရွှေသာသွန်းသား။ရုပ်ဆန်းလှထူး။ ဘိလူး
သဘက်။ ကြောက်မက်သူရဲ။ တောထဲးမြိုင်နက်။ လွတ်လွတ်
ထွက်၍။ လည်ထက်စီးကိုင်။ လက်နိုင် ကလူ။ နတ်ရန်သူအား။
ငရူလည်ချိုး။ အရိုးသွင်သွင်။ အရှင်ခွဲးခွဲး။ သွေးရဲရဲလျှင်။ပေါက်
ပြိုး ဟင်းလင်း။ ခံတွင်း ကြုတ် ကြုတ်။ ထုတ်လတ် ချင်ဘွယ်။
ကယ်ကယ့် အလား။ သစ်ကျားခြသေ့်။ ရွှေသတိ ပင်။ အရှင်
တရထည်။ ဟောက်လတ် မည်သို့။ ရဲးရည် ထောင်ကန့်။ ဟန့်
လတ်တုံဌြား။ ရန်စောင့်များနှင့်။ လက်နား လက်စောင်း။ ရွှေထိ
ကောင်းသား။ ရဲးလောင်းကျဉ်းမြောင်။ ကြွက်တည်းထောင်ရှင့်။
တောကြောင်လက်တွင်။ ပြေးလှာဝင်သို့။ အောင်မြင်နိုမိတ်။ ရန်
ဆို့ပိတ်လျက်။ ဗိတ္တကုဋ္ဌ။ တွင်ထမည်ပင်။ တံခါးလွှင်၍။ တို့ရှင်
ရုပ်တော်။ ရန်ဘက် မြော်က။ ဟော်ဟော် ပြေးဟုန်။ ချွဲချွဲတုန်မျှ။

ဂန္ဓုန်တန်းခိုး။ နဂါးလျှိုးသို့။ ငြိုးငြိုးဖျည်းဖျည်း။ ချည့်းလတ်သဖြင့်။ဘုန်းသာလွှင့်၍။သူနှင့်ဦးကြို။ မတွေ့လိုဟု။ ။ရန်ကိုတားသည်တည့်ဘုရား။

ဝိဓူရကုဋ္ဌုပ္ပါရခန်းပြီး၏။

---

## ၁၂။ သုဓမ္မာသဘာယခန်း။

၁၀၇။ ဧဝဥ္စပန ဝတွာ မာတလိဒေဝ သာရထိ။ နဂရံပဝေသေသိတေနရထံ။ သဟဿ ယုတ္တံဝဟာယဝါဟိ။ ဒိဗ္ဗယာနံ ပတိဋ္ဌိတော။ယာယမာနောမဟာရာဇာ။ အဒ္ဒါဒေဝသဘံဣဒံသောဒိဗ္ဗာမာနေ ဋ္ဌိတော ဂစ္ဆန္တော။သုဓမ္မဒေဝ သဘံဒိသွာ။လ။ ဒေဝါနံအနုမောဒယန္တိ။

ဤသို့နတ်သား။ မင်းမြတ်ဖျားကို။ ကြောင်းလျား ဟုတ်မှန်။ နှုတ်ရည်ပွန်နှင့်။ပြန်လတုံသော်။ခြေတော်စက်စုံ။ ကြွပဒုံသို့။ရွှေဘုံဟူပြို့။ရွှေသတိဖြင့်။ဘုန်းရှိပိစွာ။ဤအခါဝယ်။ငါသာယောက်ကျား။ဘဝါးချနင်း။တင်းတင်းရည်ငံ။ကြွမ်းသံဝင့်ဝင့်။ပြင်လက်ပင့်လျက်။လှတင့်မင်းစော။ ဝင်စေသောဟု။ သဘောကျွမ်းဝင်။ မစပြင်၍။ ကောင်းကင် တန့်ထောက်။ ထောင့်လေး ယောက်နှင့်။ သာလျောက်မွေ့ညက်။ ရွှေကာပက်လျှင်။ ရွှေဆက်တည်းကျပ်။ ငံ့နွှဲးရပ်လျက်။မဏ္ဍပ်မည်သါ။သုဓမ္မါဟု။စကြာဝဠာတသောင်း။ နေလပေါင်း၍။ ရောင်ကောင်းပွန်းတည့်။ ထွန်းလှာ တည့်သို့။ ရှုကြည့်ဖြိုးဖြိုး။ရွှေမိုးရွှေခြင်။တုရင်ကမောင်း။ ဥဒေါင်းကျေးငှက်။ ရွှေပင်ဘက်လျှင်။ ချက်လက်ရောင်လျှံ။ မျက်မြောင်ရံတိ။ဝတ်ဆံသကဲ့။ မျက်ဒိမ်ဖွဲ့လျက်။ သုံးဆဲ့ရှစ်ဖြာ။ ရတနာစုံလွှန်း။ လုံးပုံထွန်းလျက်။ ကျယ်ဝန်းသာခေါင်။ စရပ်ဆောင်ဖြင့်။ ရွှေတောင်ကြက်သရေ။မြင်တုံလေက။ မင်းခြေ ကိုယ်ရည်။ ရှင်အားစည်သည်။ ။သာကြည်ဆွတ်ဆွတ်ပျှုံ့ပျှုံ့တည်း။

၁၀၇။ ဆွတ်ပျံ့ဆွတ်ပျံ့။ မျှော်ကာအုံ့လျှင်။ ကျယ်နှံ့မြင်သိး။
နန်းထက်ကြီးသား။ဝေးနိုးလှည့်ပတ်။ တမန်နတ်ကို။ ထွတ်ထွတ်
ထွားထွား။ဝတ်ဆံသွားနှင့်။နတ်ဖျားငုံရင့်။ ရွှေကြာပွင့်လျက်။သံ
ဆင့်မေးမြူ။မွှေးမွှေးကြူသော်။ ဆောင်ယူပင့်ခေါ်။ ပြန်ပွက်ဘော်
၏။ နားတော်ထောင်စိမ့်။ ကုန်အောင်နှိမ့်လျက်။ ငြိမ့်ငြိမ့်ရုံမိတ်။
မွှမ်းမွှမ်းညိတ်မျှ။ဘုတ်ပြိတ်မလွတ်။နတ်မျှားသနင်း။ သိကြားမင်း
၏။သတင်းကြေညာ။ လူသူ့ရွာက။ သဒ္ဒါထက်ထက်။ ရေစက်ချ
ချ။ဒါနစွန့်စွန့်။စိတ်သန့်ဆွဆွ။သီလစောင့်စောင့်။ ကုသိုလ်ကြောင့်
လျှင်။ရှစ်မြွှောင့်ပိပိ။ ပညာမိနှင့်။ မျက်စိချယ်လျက်။ ကိုးယောက်
ဘက်သား။အထက်လိုင်ခေါင်း။ရွှေတည့်ပေါင်းကို။သိန်းသောင်း
ခန့်တွက်။ရေသော်ခက်၏။ ဝန်းရှက်ဆင်စွယ်။ ရနယ်ခြင်ကြား။
မြရှင်ထွားလျက်။ ကိုးပါးမျက်မြတ်။ နဝရတ်တွင်။စွတ်စွတ်ရည်
ညို။ သိန်းခိုပဲ့ဝတ်။ ကိတ်တပတ်ကို။ စိတ်ခတ်ရုံလည်။ မြှောင်
ကချည်လျှင်။ ပုန်းရည်တောင်စာ။ လည်ရောင်ဝါလည်း။ ကြက်
လျှာစုလစ်။ စိကနစ် တည့်။ သရစ် သွန်းချိုး။ မှန် ကင်း ရိုးနှင့်။
ကြာမျိုး ရုံလျက်။ ခြူးပုံရှက်တွင်။ မွန်မျက် ပိုးကောင်း။ တင်း
ကိုးသောင်းကား။နိမောင်းရုံးစဉ်း။မျက်လုံးချည်းတည့်။ အလှည်း
ထောင်ပြည့်။ ကုန်အောင် ထည့်သော်။မဖြည့်ရဘဲ။မိုးလင်းကဲ
ဖြင့်။ ပြောင်ပြိုးတောက်ပ။ မြွှေမယ်နကား။ ပတ္တမြားနှင့် အတိ။
ရောင်ချင်း ထိသော်။ ငြိလလုလု။ မျက်ရှုတခဲ။ ကြောင်မျက်ရွဲ
ကား။ကြခွဲ့းလှထူး။မျက်စိမှုးမှု။လွန်ဘူးတိန်ညင်း။ ဖန်ရောင်ဝင်း
လျက်။ ရုပ်ဆင်းလဲးဖေါက်။ ထုပ်ဇလျောက်သန္တာ။ မသာရကာလ်။
နိလာပြွန်တိ။ ရွှေမှန်လက်တီး။ လည်ဆီးရေးရေး။ သကျည့်ပြေး
လျက်။ကျေးနှင့်ရိုင်းပိုင်း။ ပန်တိုင်းသွန်းသွန်း။ ကျိုးရန်းသက်တင်။
မဏ္ဍပ်ခွင်ဝယ်။ ချစ်ခင်မကွာ။ မိုးသူဇာကို။ရုံကာရိုင်ရိုင်။ လက်
တော်ကိုင်လျက်။ ငါးဆိုင်ရွှေစည်။ သံရှည်မောင်းကျော်။စောင်း
ညှင်းဖျော်လျက်။ဝင်တော်မူမြဲ။ သဘင်ပွဲတည့်။ဥဒ်ဦးဘွင့်ထား။
ရွှေတံခါးဖြင့်။ လွှားလွှားမင်းပြူ။ ဝင်တော်မူလေ့။ နှင်းမြူမနား။

ဘဝါးမကြမ်း။ ဇချေမ်းလျက်။ ရွှမ်းရွှမ်းဝင်းဝင်း။ ဖန်သာခင်း
သည်။ ။တလင်းသာထွေညှံ့ညှံ့တည်း။

၁၀၉။ ထိုသို့နတ်မောင်။လေးမြတ်ဆောင်လျက်။စောခေါင်
ပွင့်လျှာ။ရင့်ပြီးစွာကို။နှုတ်သာခွန်းကောင်း။ ဇရင့်ညောင်းလျက်။
လည်ချောင်း သက်သံ။ ရွှေနားခံသော်။ တရံရွှင်လွယ်။ နှချင်
ဘွယ်တိ။မြင့်သွယ်မိုးချိန်။တာဝတိန်ထက်။စိန်နှင့်မြကြောင်။ တ
ပြောင် ပြောင်လျှင်။ တက်ရောင် နေမြူး။ မမြင်ဘူးတည့်။ မိုးရှူး
သောင်းထောင်။တန်ဆောင်သိန်းသန်း။ ထွန်းသော်တပင်း။မတူ
လျှင်းဘည့်။ မြူထင်းစင်လှ။ ဖွေးဖွေးဆွသား။ သရဒအခါ။ ဆန်း
သော်တာ၌။တငါရူဝံ။ရောင်ပျံ့ပျောက်ဆိပ်။ရိပ်ရိပ်နဂါး။ ကြယ်
လျောင်းလျားနှင့်။ မျှားပြားထင်ပ။ ကောင်းကင်ဝသို့။ သက္ကဒေ
ဝိန်။ ကျော်သံရှိန်နှင့်။ပုဆိန်မိုးကြိုး။လက်နက်ကိုးလည်း။ တန်းခိုး
ထွေဆန်း။ ဘုန်းကြောင့်ထွန်းသား။အခဝန်းကိုးရာ။ ယူဇနာဖြင့်။
သည်မှာမင်းတဲ့။ ဝင်းပြံ့ပြံ့လျှင်။ တုမဲ့လွတ်စင်။ သဘင်ခံမြိး။
စရပ်ပွဲးကို။သူရဲမင်းစော။တပျောပျောတည့်။ မောမောမိန်းရှာ။
ခပ်သိမ်းစွာထက်။သာယာလွန်ဆုန်း။ဝတ်ပန်းကုန်းတိ။ငြိမ့်ဒုန်း
စည်တော်။မိုးချုန်းမှော်လည်း။မပျော်စထောင်း။ ပျော်စထောင်း
လျှင်။အကြောင်းသင့်သင့်။ဘုန်းနှင့်ကြမ္မာ။ညီသောခါဝယ်။ ပက်
ပါတည့်ထင်။ ရှုကြည့်မြင်က။ဆောလျှင်မေးငြား။ ကြောင်းလျှား
ဖြစ်ဟန်။ဇေ့းဖြစ်လွန်ကို။ နိဗ္ဗာန်သခင်။မြတ်ချစ်ရှင်ကား။ သိမြင်
ပြံ့ပြံ့။ဂါထာ့ဖွဲ့လျက်။ရွက်လဲ့ရွှန်းရွှန်း။ ငုံသွန်းထွားထွား။ ပွင့်
ကားလူလူ။နံ့ကြူမွှေးမွှေး။ ဇပြေမ်းချမ်း။ဥယာဉ်ဖွမ်း၌။ရွှေကျူမ်း
တစောင်။ ဟောချွတ်ဆောင်သည်။ ။ကုန်အောင် ကျွတ်ညီ
နှံ့နှံ့တည်း။

၁၁၀။ ဒေဝါပိခေါတဿ ဂမနမဂ္ဂံ ဩလောကေန္တော ဝနိ
သိန္နော။ တေရစာအာဂတာတိသုတွာ။ ဒိဗ္ဗဂန္ဓဝါမပုပ္ဖဟတ္ထာ
ယာဝစိတ္တကုရုဋ္ဌါရကောဠကာပဋိမဂ္ဂံဂတ္ဓာ။မဟာသတ္တံဂန္ဓမာ

လာဒိဟိပုဇော်တွာ။ သုခမ္ဗာဒေဝ သဘာယံ အာနာသယံသု ရာဇရ ထာသြတရိတွာဒေဝသဘာယံပါဝိသိ။

ထိုရောအခါ။မဟာသမယ။ရွှေတောင်မဒ္ဒ။ ကာလကျိန်းခန်း။ လကောင်းဆန်းလျက်။ကြဌန်းထွတ်တင်။စောလွန်းကြင်ကို။ ချစ်ခင်ဝမ်းသာ။ ကြည်ညွတ်စွာလျှင်။လာရောတူရူ။ မျက်နှာမူလျက် ဆုယူတသုန်။ မျှော်လင့်ကုန်သား။ပဇ္ဇုန်ဒေဝ။ ဇနုဗ္ဗကနှင့်။ သောမယာမ။ဝိရူဠှက။စသည့်မကြွင်း။နတ်ခပင်းတို့။ဘော်ချင်းနောက်ပိတ်။ရုတ်ရုတ်ထိတ်မျှ။ စိတ္တကုဋ။ တံခါးဝသို့။လာကြနှံ့စပ်။ နပန်းထပ်ဖြင့်။ စလပ်တစင်း။ အကြွင်းမိတောက်။ ကြက်မောက်ကြောင်လျှာ။ ပရဝါနှင့်။ကြီးစာဘက်ဆွတ်။ရင်ခတ်အနန်း။ ခေါင်ရန်းစွယ်တော်။ ကံ့ကော်သရဘီ။ကတ္တရီမြစ်ကိုင်း။ ဆိုင်းရရိုင်းလျှင်။ ပန်းတိုင်းခတ္တာ။မလ္လာရှောက်ခါး။ ရွှေစကားနှင့်။ ဆပ်သွားဂမုံး။ကြက်ရုံးပျည်းဖူး။အုရကျွတ်။ ဇမ္ဗူနရီ။မြှောက်ကချီ၍။ညီညီညာညာ။ လူသော့ခါက။ မေတ္တာဖြန့်၍။ ဒယာမဖြင့်။ နိစ္စမြဲပင်။ လိမ္မာသင်လျက်။ ကောင်းကင်ပိတ်ဆို့။ နတ်ရွာပို့သား။ ငတ္တိခမည်း။ချစ်ရှင့်နည်းဟု။ပေါပည်းဖြင်ညီး။အဖြိုးဖြိုးလျှင်။ခရီးဦးကြို။ ဘူးလင့်ဆိုသည်။ ။ကြည်ညိုနတ်ပုံသောင်းသောင်းတည်း။

၁၁၁။ ဝန်းဝန်းလျှားလျှား။များပြားသဖြင့်။အဆင့်ဆင့်လျှင်။ အပွင့်အငုံ။ဖြူနီစုံလျက်။အထုံနံ့သာ။ ရှစ်မျက်နှာမှ။ အံ့အာသရဲ။ ပူဇော်ကြဲ၍။ သဲသဲနတ်ပေါင်း။ ရိုက်ရိုက်ညောင်းမျှ။ သောင်းသောင်း ကျော်ဟစ်။ ပျော်ပျော်ပစ်သား။ ပုဆစ်တပဲ။ နစ်မရဲတည့်။ ပြည်ထဲသနင်း။ရှင်ရင်းမွေးဘ။ စောသူရလျှင်။ တေဇဌန်တောက်။ရွံ့ကြောက်လန့်သည်း။ယုံ့ယုံ့ချည်းတည့်။ ရိုက်ကြည်းကျော်ဌန်။မင်း၏မာန်လည်း။ ပြင်းထန်မရှိ။သည်းခံချိလျက်။ ပေးမိလတ်က။ကြွယ်ဝချမ်းသာ။သဒ္ဒါညွှန့်ရှင်။အလှူရှင်တည်း။ ရင်ခွင်ပိုက်ဖက်။ နှိုရည်စက်နှင့်။ ထိပ်ထက်နမ်းဖြား။ မွေးသည့်သားသို့။စီးပွါးရှက်ဆောင်။တမျက်တောင်မျှ။ ပျက်အောင်မကြံ။ ရှင်နိုင်ငံဝယ်။ လောကခံယုံလှ။ထုံးပုံပြလျက်။ နောင်တဆယ်ကြိမ်။

စိုးရိမ်ဆယ်တွေ။ မရှိစေလျှင်။မင်းခြေနတ်ပြည်။တင်လိုက်သည်
ကြောင့်။ရွှေစဥ်တီးချိုင်။အိမ့်ရှင်အိုင်မှ။ပြိုးခိုင်ကြီးကျယ်။အသွယ်
သွယ်လည်း။ ရောင်နွယ်ထွက်ပြိုင်။ အခိုင်ခိုင်လျှင်။ ရွှေတိုင်ရွှေ
ရိုး။ရွှေမိုးရွှေအိမ်။ ရိပ်ငြိမ်ချမ်းကြီး။စံမငြီးတည့်။ဖွဲ့ချီးလှစ်ဘော်
ကျေးဇူးတော်ကို။ချိုငေါ်ဆိုတမ်း။နေ့တိုင်းလွမ်း၏။မွှမ်းမွှမ်းထက်
ပြည့်။ဝန်းကျင်ကြည့်လော့။အံ့လှည့်တုံပြီး။ ခရားသီးနှင့်။ ရွှေထီး
သဘွယ်။ ဘွန်တင့်တယ်လည်း။ပေါရယ်တွေပြား။ တို့နတ်များ
ကို။ မင်းဖျားမြတ်နိုး။သည့်ထက်တိုး၍။ ထမိုးထောင်သောင်း။မ
နိုင်းကောင်းသား။ညွှန်ပျောင်းတဏှာ။ကိလေသာမှ။ စင်စွာလက်
တွန်း။ ဆေးကြော သွန်းလျက်။ သိမ်းမြန်းပိုက်ရှို။ နိဗ္ဗာန်ဘုံသို့။
ရောက်ရုံလှမ်းကိုင်။ ငြမ်းကိုတိုင်က။ နေထိုင်ငံ့ရှု။ ယာယီပြုသို့။
စတုသုဒ္ဓိ။ပိရုတ္တိကြောင့်။ပြုပြုရှက်ရှက်။ရမွက်ကြွေကျ။ အမတ
ကို။ ရအံ့သော၌။ ဒေသနာဖြင့်။ ဂါထာပဟောရွတ်။ ငတို့နတ်
ကို။ ။ချွတ်လှည့်သခင်ကောင်းကောင်းတည်း။

၁၁၂။ ဤသို့ဟူ၍။ ဦဦသဲသဲ။နတ်ခပဲတို့။လက်ဆွဲလက်
ငင်။ ဘုရားရှင်ကို။ ချစ်ခင်ညွှတ်ရည်။ ဆွတ်ဆွတ်ကြည်မှု။ငါး
မည် မာရ်ဖျောက်။ ရှင်တော်ပေါက်၍။ရောက်လတ်သော့လား။
မင်းတရားဟု။ရှေ့ဖျားဦးတွေ့။ဖူးလင့်ရွှေလျှင်။သုံးကုဋေ့ခြောက်
သန်း။နတ်အဝန်းတွင်။ သွန်းလည်းသွန်းသစ်။ပုံနှင့်ဖြစ်လည်း။ကျစ်
လျစ်တန်းခိုး။ ကဲလွန်တိုးမှ။ခြူးရိုးခြူးခက်။ ခြူးရွက်လူလူ။သ
ရဘူရောင်ချက်။ စိမြောင်ကွက်သား။ ဘရက်ဝတ်စား။ ပတ္တမြား
အင်ပျည်။ထက်ဝယ် ရှည်လျက်။ ယည်သစိတ်တော်။ မပေါင်း
ဘော်သား။ သေလျော်ချင်ဘွယ်။ပေါင်းဘော်လွယ်စွ။ စမ္မာယ်
ထူးခြား။သကြားနေရာ။သုဓမ္မာသို့။မျက်နှာထောင်ထင်း။ရှင်ရောင်
ဆင်းနှင့်။ ရွှင်းရွှင်းကြည်လင်။ ပြည့်ရှင်မင်းမြူ။ဝင်တော်မူဟု။ ပျူ
ပျူငြာငြာ။ နှုတ်သာချိုငေါ်။ သွင်းလေခေါ်၏။ထိုရော်မင်းဖျား။ ရွှေ
ရထားက။ ဘဝါးခြေစက်။ ရိုသေသက်၍။ အနက်ပြည့်ဖြိုး။ တိုး

လည်းမအား။နတ်များနေကျင်။ မထွာပ်ခွင်သို့။ ။သောလျှင်မနေဝင်တုံလေတည်း။

၁၁၃။ တတ္တနံဒေဝါအာသနေနနိမန္တယိံသု။ သက္ကောအာသနေနစ။ ကာမေဟိစ နိမန္တေသိ။ တမတ္တံပကာ သန္တောသတ္တာ အာဟ။

နံလျှားသုံးရာ။ယူဇနာဖြင့်။ဆယ်ဖြာရောင်လူး။ ရွှေတောင်ဦး၌။သောက်ရှူးသောင်းထောင်။ညည့်သန်းခေါင်ဝယ်။တိမ်တောင်လှစ်တွန်း။တပြိုင်ထွန်းသို့။ ကျယ်ဝန်းတင်းကျမ်း။မထွာပ်ဌမ်း၌။ ရွှမ်းရွှမ်းနီမြန်း။ ကာသစ်ပန်းထက်။ တသန်း ပိုးကောင်း။ မမြင်ထောင်းတည့်။ စောလောင်းအရန်။ ထိုက်တန်ညံ့ဖွာ။ ကမ္ဗလာလည်း။ခန်းဝါသင့်တင့်။ခင်းလင့်သော့အား။နေတုံငြားမူ။ ခန်းနားဆောင်ယောင်။နတ်များဘောင်ဝယ်။ လျှံ့ရောင်ထွက်ပြိုး။ ကြယ်တလုံးသို့။မင်းသုံးဘွယ်ရာ။တင့်တယ်ပါလျက်။ပြင်လျာရပ်သွင်။တရံမြင်ကို။သဘင်ပြိုးပြည့်။တိုးကကြည့်လျှင်။ နတ်တည့်စည်းစိမ်။ မွေ့သိမ်ချမ်းသာ။ စံစေဘာတုံ။ ပန်ထွာကျုံကျုံ။ နတ်ဆိုသံကား။တောင်ယံတောင်အောက်။ပွဲတင်ပေါက်၍။ရောင်တောက်ဝင်းဝင်း။နတ်မင်းမာဃ။ဝါသဝလည်း။နရတမွတ်။ပြည်ကြီးနတ်ကို။လေးမြတ်တုံတုံ။ မေတ္တာပုံလျက်။ ရုံရုံမက်မက်။ နူတ်တော်ဆက်မှ။နှစ်သက်လွန်ပြင်း။နတ်ရွာနှင်း၍။ ခပင်းငန်းချုပ်။ ကိုယ်လုပ်မောင်းမ။ သောင်းမကသား။ ဖြင်မျှရံသီး။ နတ်သွီးတည့်။ရွှေထီးပြိုင်လျက်။မထွာ်ိုင်ချက်၌။ကောင်းဘက်ကြွယ်ဝ။ စမ္ပါယ်ကြလျက်။ ကာမချမ်းသာ။ စံပါစေလို။ ဘိတ်မန်ဆို၍။ မြင့်မိုရ်ကသည်။နတ်ပြည်နတ်ရွာ။ဖြဟ္မာထုတ်ချင်း။ထိုကြောင်းခြင်းကို။ရှင်ရင်းရှင်ချစ်။ဘုရားဖြစ်မှ။နံ့သစ်လှိုင်မွှန်း။ကြိုင်ကြိုင်လွှန်းသား။ပန်းလည်းပွင့်ခါ။ဥယာဉ်သာ၌။ဂါထာ နက်ကျယ်။ နည်းနာ သွယ်၍။ ။ဓိပ္ပါယ်ပြည့်ရုံဟောလတုံတည်း။

၁၁၄။ တံဒေဝါပတိနန္ဒိံသုဒိသွါရာဇမာဂတံသွါဂတန္တေ မဟာရာဇ။အာဂတောတေအဒုရာဂတံနိသိဒတာနိရာဇသိ။ ဒေ

ာရာဇာသသသင်္ကြံကေ။ ။သင်္ကြောပိပတိန န္တိယ။လ။ ဘုဋ္ဌကာ
ဲမအာမနုသော။
ဇာတိရှည်စွာ။သံသရာဟု။ဩဃသာခနောင်း။ဝဲးလေးကြောင်း
တွင်။တပြောင်းလည်လည်း။နစ်သည်ချည်းကို။ လက်တည်းရှည်
လျက်။ ကိုင်ကာဘက်၍။ ကြည်းထက်မတင်။ ငါသာလျှင်တည့်။
အဋ္ဌင်္ဂိမဂ်။နိဗ္ဗာန်ဘက်သို့။ငြိမ်သက်ချမ်းကယ်။ပို့ကသယ်၍။ပုန်း
ကွယ်မောဟ။ ချောက်ထဲချသော်။ ဒေါသရောင့်တက်။ ဆောင့်
ညှစ်လျက် တည့်။ ရမ္မက်ပေါ်လျှပ်။ အာရုံကပ်က။ ကြပ်ကြပ်
လည်းနှောင်။တပ်တွင်းလောင်သား။သူလျှောင်းခိုးသား။ဟင်းမျိုးစား
ကို။ဉာဏ်ဓားထက်ဆုံး။သတိတုံးထက်။ တုံးလုံးအကောင်။စည်း
ပြီးနှောင်ဖြင့်။ ရန်အောင်ပီပီ။ခြေချိဘဝါး။ သွားသွားသမျှ။တရံမှ
လျှင်။ ကြွကြွလန့်စိတ်။သက်မထိတ်တည့်။ ဘိသိက်ရပြီ။ဘေး
မထိသား။သာရိပုတ္တရာ။လက်ျာနေတန်။မောဂ္ဂလာန်နှင့်။အာနန်
ရာဟုလာ။မဟာကဿပ။ကောဏ္ဍညက။ ထေရရုံးပေါင်း။ တ
ပည့်ကောင်းတို့။အကြောင်းဝေးလှ။ဧဒွေးဘဝဝယ်။သာစွာ့ဆိုညီ။
ဝေးနီးမှိသား။ဤမိမိလာ။ပြည့်မြတ်စွာ၌။သမ္မာဂ္ဂမ်းပြင်း။နေမိမင်း
ဟု။တင်းတင်းကြက်သီး။ ခြေချပြီးက။မြေကြွဲးနန့်နန့်။ တလန့်လန့်
လျှင်။အဝှန့်မှိုင်မှိုင်။ ကျွန်းလုံးပိုင်သား။ ရန်နိုင်စောကျော်။ငါဖြစ်
သော်လျှင်။ထိုရော်ငါ့ဘုန်း။တချက်ဟုန်းက။ ပျက်ပြုန်းကြေနိုး။န
ဂါးလျှိုးလျက်။တောစိုးသစ်ကျား။လန့်တကြားလျှင်။ မြစ်သားမိ
ကျောင်း။ပင်လယ်အောင်း၍။ထောင်းရှာလတုံ့။မပေါ်ဝံ့တည့်။ ရွှံ့
ရွှံ့ရှိရှောင်။ ငါမင်းခေါင်ကို။ ညီနောင်မတော်။ သိကြားသော်မှ။
ယည်ကျော်လွှားလွှား။သိန္ဓောအားနှင့်။ရထားတဆူ။ တင်လှာယူ
သော်။ ကျောက်ဂူထွက်က။ခွန်အားပြသား။ သီဟာရဲးထွေ။ ငါ
ရောက်ချေ၍။ ရွှေငွေရောင်ပုံ။မြင့်မိုရ်ဘုံသို့။ခြေပုံနင်းဘူး။ တန်း
ခိုးမြူးသည်။ ။ကျေးဇူးမိုးခေါင်ထိထိတည်း။
၁၁၅။ ထိုသို့မိုးထိ။ကျော်ဇုန်းတိလျှင်။ရနိတဆူ။အရချူ
သည်။ဇမ္ဗူနင်းချဲ။ဤမင်းတဲ့ဟု။ပြံ့ပြံ့ဖြင်ပြွမ်း။မြင့်မိုရ်ကြမ်းမျှ။

ခြီးမွမ်းပွက်ဟာ။ဆိုကုန်ကြလျက်။ဒေဝဝန်းလျား။ဘော်ရန်များနှင့် သကြားနတ်မင်း။ တောင်းပန်ခြင်းကား။ လေးစင်းမြစ်အောက်။ ငါးကြီးနှော်၍။မသေံကောင်းဘဲ။ရေမွှဲးမွှဲးဟု။မင်းလဲးစိုးကျူး။မ ရှိဘူးသို့။ဟူးဟူးလေါင်ဆူ။အရှိန်ပူလည်း။ပြည်သူထိန်းကျောင်း။ သူမြတ်လောင်းတို့။ကျင့်ကောင်းသွေကွဲး။မရှိဘဲးလျှင်။ဆင်းရဲးနစ် ရပ်။စိုးရိမ်မြုပ်စိမ့်။ပိုက်ထုပ်မြန်းသိမ်း။ထက်ဝန်းငြိမ်းက။ ကြိမ်း ကြိမ်းမထ။အမျှးစခွက်။စည်စေလျက်တည့်။ပုခက်တွင်းဝယ်။ သနားဘွယ်သား။သူငယ်ကိုမျှ။နို့ရည်တ၍။မိဘခေါ်ထွေ့။မငိုစေ လျှင်။ ညာကြေနှောင်ရှုပ်။ကုန်အောင်ချုပ်သည်။ စိုးအုပ်ပွါးဖြန့်။ ဘုရားညွှန့်။ ။လန့်လန့်တသိး။ရှားနှစ်ကြီးသို့။ဘုန်းမီးတောက် ရှိန်။တာဝတိန်၌။ စိန်တရတည်။လက်ရုံးရည်ကြောင့်။ နတ်ပြည် စကျေး။ ရနှင်းပေး၍။ ငယ်သွေးလတ်လတ်။ ထွတ်ထွတ်ထွား ထွား။ပါးပါးချပ်ချပ်။ သပ်ရရပ်လျှင်။လှပ်လှပ်ဝင်းဝင်း။သံညင်း မြက်မြက်။ညက်ညက်ကြည်းကြည်း။ ခြည်းရရည်းသား။ရလဦး မနိမ့်။ငြိမ့်ရရိမ့်နှင့်။ နှစ်သိမ့်မကွာ။ နတ်ချမ်းသာဖြင့်။ ရောင်ဝါ လျှံပြည့်။ စံတို့လှည့်လော့။ ရွက်မှည့်ကြွေပျောက်။ နွေတည်း ရောက်မူ။လှိုင်ပေါက်ဝေးက။မွှေးမွှေးလှသါး။ပေါ်စဘက်ဆွတ်။ ပန်းရင်ခတ်နှင့်။ ရှင်လတ်နေရာ။လူ့မြေမှာလည်း။ မျှော်ရှာမျှော် ကြည့်။ မျက်ရည့်အတိ။ မချိညှိုးပြင်း။ ဆွေမျိုးမင်းကြောင့်။ မိုး တြွင်းနှင်းသည်း။ မြောက်လေဖြည်းမူ။ မဲ့ချည်းချမ်းစွာ့။ လွမ်း ဘော်တဇွံ့။နှောင်မြရဥ္စရောင်။မင်းကြီးခေါင်ကို။မဲ့မောင်ချိုင်ေါ်။ နှမပျော်လျက်။ မပျော်စရာ။ ရှင့်ပြည်ရွာလျှင်။ ယူဇနာ ကျယ် ဝန်း။ရွှေနန်းခေါ်ခေါ်။လွန်သာမောလည်း။ တောင်တောမျှတည်း။ ပျော်ရာနည်းဖြင့်။ ထောင်လည်းမက။တုတ်ခွန်သသား။ရတနာ့ အတိ။ ရှိလင့်ကစား။ မြင့်မိုရ်ဖျားဝယ်။ပတ္တမြားရည်သန့်။ ထ ခြည်ခန့်တည်း။ ဆန့်၍ကျုံးသော်။ အလုံးလှိုင်းပုံ။ထိပ်မှိုင်းခြိုဟု။ ရုံရုံမက်မက်။ မေတ္တာသက်၍။ ချိန်းချက်တကိုယ်။ တောင်းပန် ဆိုသည်။ ။ကြည်ညှိုနတ်ပုံအတိတည်း။

၁၁၆။ ဗေဝံသက္ကေန ဩဗ္ဗ ကာမေဟိ နိမန္တေန္တော ပိရာဇာ ပဒိုက္ခိပန္တောအာဟ။

ဤသို့ဝန်းလျား။ငါဘုရားကို။လေးပါးစစ်ဆင်။စတုရင်ဖြင့်။ မြေပြင်ရိုက်လည်း။ကျော်လှိုက်သည်း သား။ ခမည်းဘကောင်း။ ဘိုးလောင်း ဘေးစည်။နတ်ယည်စိုးစိုး။ခရိုးလမ်းကျယ်။မိုးဌမ်း လယ်ဖြင့်။ တကွယ်ချောက်ချောက်။ ကိုယ်ထင် ရောက်ဟု။ မှူ လောက်နတ်များ။မဆိုစားတည့်။တရားထင်ကျော်။အရှင်သော်မူ ဘုန်းတော်ရှိန်ပြင်း။ တန်းခိုးချင်းသား။ရန်နင်းသတိုး။ ဈေးကောင်း ကျိုးဖြင့်။ စိုးမိုးခေါင်နှိပ်။ရွှေတောင်ထိပ်၌။စက်ရိပ်ခြေရုံ။ချဘူးတုံ ၍။နတ်ဘုံလူ့ပြည်။အရှည်နောင်လာ။ပြောခြင်းရာကား။ကမ္ဘာသုဉ်း ကြေ။ မဆုံးလေတည့်။ ထွေခြေရပ်နတ်။ လတ်ရရတ်၍။ ဆွတ် ဆွတ်ပျိုမျှ။ညိုညိုမြလျက်။ဆင်းလှပြင်နှဲ့။လဲ့လဲ့လှပ်လှပ်။ အထပ် ထပ်လျှင်၊ နှံ့စပ်ကျယ်ဝန်း။ ကြယ်လဆန်းသို့။သိန်းသန်းကုဋေ့ သင်္ချေသင်္ချာ။မြမြဝါတွင်။သူဇာရည်ပြင်။ ငါးမည်အင်လည်း။ဆံ မျှင်လုံးခွဲ။မရှုံးဘဲးလျှင်။စောရဲ့းကြင်ဘက်။ရင်ခြင်းရှက်၍။ညော်င ရွက်လူလူ။ထိုးဖြူဝေဝေ။ ရွှေကားအချည်။ မျက်လည်မြှောင်စီ။ ကုန်အောင်ညီ့သော်။သိရိလှည့်ကာ။ပွြန်ချာသရစ်။ မှောင်ကိုလှစ် သား။လျှပ်စစ်ရောင်ထွန်း။ရွှေတောင်နန်းထက်။အဝန်းသုံးသေါင်း လုံးလုံးပေါင်းလျက်။ရိုက်ညောင်းရှင်ရှင်။ ပဒ္ဒင်ငါးဖြာ။ချမ်းသာ ပြည့်ဟုန်။ကာမဂုဏ်ဖြင့်။ ရန်ရန်ဆန်ဆန်။ကျော်ဌန်ဆူလှိုက်။ဘ ဝဂ်ဆိုက်မျှ။ နတ်တိုက်နက်တွန်း။ ခင်ပွန်းမင်းကြော့။ မင်းမူတော့ ဟု။ လော့လော့ နတ်များ။ တောင်းပန်ကြားလည်း။ မင်းဖျားနူတ် လှယ်။မလိုပယ်သား။ သုံးသွယ်ဂါထာ။ ခြေင်စွာလျှင်။ ။ထို ခါခတ်သွတ်ရွတ်ဘိလတ်တည်း။

၁၁၇။ ယထာစိတကံယာနံ၊ ယထာစိတကံခနံ။ဗေဝံသမ္ဘ တမေဝေတံ ယံပရတောဒါနပစ္စယော။ ။နဝါဟမေတံဣစ္ဆာ မိယံ ပရတော ဒါနပစ္စယော၊ သယံကတာနိပုညာနိ၊ လ။ နစ ပန္ဆာနုကပ္ပတိ၊

ရွှေငွေနီလာ။ ဖန်မြတ်စွာနှင့်၊ လေးဖြာရောင်သွယ်။ရွှေတောင်
ကျယ်က။ မိုးကြယ် အတု။ ဖွေးဖွေး ဖြူမှု။ ထွက်ပြု များစွာ
စကြာဝဠာဆိုက်ဆိုက်။ အရှင်တိုက်ဖြင့်။ သိုက်သိုက်မိုးလုံး။တန်း
ခိုးဖုံးလျက်။ပိုက်ကျုံးယူပိုင်။ရန်သူဆိုင်လည်း။မနိုင်စထောင်း။ဝဲ
ကြောင်းထိပါး။ ရေကျုံးလားလျှင်။ ထွားထွား ပျက်ကြေ။ မည့်
ညက်သေတိ။ လေပွေထိုင်းထိုင်း။ ခတ်ကျဆိုင်းသော်။ ဆစ်ပိုင်း
ကျိုးနွဲ့။ကြက်ပေါင်ပဲ့နှင့်။နှဲ့နှဲ့ရုံးစဥ်း။ ပင်လုံးလဥ်းသို့။ညဥ်းညည်း
ပတ်ပတ်။စွယ်လုံးခတ်က။သည်းပွတ်ထိန့်ထိန့်။တသိမ့်သိမ့်လျှင်
ဘိမ့်ဘိမ့်ကြောက်ညောင်း။ တုန်ချွဲပျောင်းသည်။နတ်ပေါင်းဝပ်
တွား။ရှင်သိကြား။ ။ဝန်းလျား အောင်မြင်။ ရွှေတောင်ရှင်နှင့်။
မိတ်ဝင်မမှား။ တဘသားသို့။ စီးပွားဆောင်ရွက်။ ပြည်ထောင်
ဘက်လျှင်။ရှည်ဆက်ကျူးခေါင်။ ဖြစ်ဘူးရောင်တည့်။ညီနောင်
ချီငေါ်။ဟူပါသော်လည်း။မျက်တော်ရှိမည်။မထင်သည့်နှင့်။ဝန်း
လည်အင်ခွင်။ ဝေးနီးဖြင်မှု။မမြင်ဘူးလှည့်။ရှုးမှုးကြည့်လျက်။သို့
သည့်ဘုန်းတန်း။ထွန်းလည်းထွန်းကဲ။ တုမဲ့ဘဲးတည့်။ ပြောင်ပြီး
လှည့်ကာ။ အဖြာ ဖြာလျှင်။ မဟာသက္က။ ဒေဝအဖျား။ မှုထား
ကောင်းလိုက်။ ဝမ်းတော်ခြိုက်စွာ့။ ပျော်မိုက်ကြွင်နွဲး။ရွှေဘုံထဲး
တွင်။တပွဲးတလက်။ တူစားဘက်သို့။ ရုံမက်ချစ်ဘော်။ ဖြစ်တုံ
သော်လည်း။ သူတော်ထုံးကြွန်။ အောက်မေ့ထွန်သော်။ အလွန်
မြတ်လေး။ဆုလျှင်ပေးသား။စကျေးကျွန်ရွာ။ ရတနာရွှေငွေ။ မိုလ်
ခြေဆင်မြင်း။ သတင်းမွှဲ့ပါ။ တသက်လျှာလျှင်။ရုံခါမအား။သူ့ရ
ထားကို။ ငှါး၍ရှိုရှို။ စီးသည် သို့ဖြင့်။ အင်တို့မတက်။ သူ့အိမ်
ထက်ဝယ်။အိပ်မက်သဖွယ်။တန်းခိုးငယ်မှု။စမ္ဗါယ်ပျုံပျူး။မနွှင်
မြူးခဲ့။ ရုန်းကြူးပိုးတောက်။ တမိုးသောက်က။ ပျောက်လှသော့
လား။ဘုန်းတော်အားသည်။ ။များများမကျော်မှ့ထင်တည်း။
၁၁၈။ လူမင်း ပြည်ရွာ။ နန်းသိင်္ဂါလျှင်။ သာစပါသော။
တန္တေ့တောသို့။ကျော်စောနည်းလျှော့။ခြိုးမွမ်းပေါ့လျက်။ ကြော့
စပါလေ။ အပေါ်ရေကို။ မင်းခြေကျိုင်းမြ။ပစာတအွံ့။ မာဃရိုး

မှား။ မိုးထက်ဖျားဝယ်။သကြားထိုးပစ်။ ရိုးယှဉ်ကြိုးထစ်သေ်ာ။ အလှစ်ယုံကွက်။ငုံကုံလျက်သို့။ စက်ဝရဖိန့်။ လက်ရုံးရှိန်နှင့်။အရိန္ဒမ။မင်းကြီးလှလျှင်။ တောက်ပခန်းနား။ ပြည့်ပွမ်းထားလျက်။ ဝတ်စားနီရွှေ။ အဆွေထွေလျှင်။ ကချေသဘင်။ မြင်လည်း ထူးဆန်း။ ရှုံးရှုံး ရွှန်းသား။ သိန်းသန်း နတ်သား။ ခြွေရံခြားလျက်။ ထွားထွားထွတ်ထွတ်။မွတ်မွတ်မွေ့ညက်။ငယ်သက်လတ်လတ်။ ဆွတ်ဆွတ်ကြွင်ဘော်၊ မြင်လသော်လည်း။ ရွှင်တော်မူစွာ။နန်းတောင်ညာက။သူဇာနိုင်းရှိ။တိုင်းမိမိသား။ ဇာတိမြတ်မူ။မိမိုးသူနှင့်။ပျံ့ကြူ ထုံသင်း။ဗိမာန်တွင်းဝယ်။လေညှင်းထစည့်။သန်းခေါင်ညဥ့်၌။ထပ်ရှည့်ခြိုလောက်။ ရထည်းခေါက်ကို။ တဇယောက်တပိုင်း၊ကိုယ်ချင်းခိုင်းလျက်။ အတိုင်းထက်ကား။ အလွန်ပွါးမျှ။သနားပန်းတောင်။ ကြိုင်လှယောင်သား။ မွှဲမောင်လွမ်းလျက်။ မယ်လွမ်းလျက်တဥ္စ။ပိုက်ဖက်ယုယ။နှမပျော်တုံ။မောင်ပျော်တုံဖြင့်။ ရိပ်မြိုမကွာ။ ရွှေဟင်းသာသို့။ ကြမ္မာတိုက်ညွှန်။ ချစ်ထိုက်ရန်လည်း။အတန္တ ကြား။သူ့ မြောက်သားကို။ ချစ်အားရမ်းထိ။ နမ်းမှားဘိသော်။မျက်စိပျော်ရာ။ အပေါ် သာသို့။ နတ်ရွာနတ်အိမ်။ သူ့ စည်းစိမ်ထက်။ရိပ်ငြိမ်တန်းခိုး။အင်မတိုးသည်။ ။မင်းစိုးမပျော်မရွှင်တည်း။

၁၁၉။ ဇမ္ဗူ ဝန်းရုံး။တုတ်ခွန်ကျူးသား။ ရန်လုံးနင်းချိုး။ငါသတိုးကို။ငြိုးငြိုးငြိမ့်ငြိမ့်။ရှုဖြိုးစိမ့်ဟု။ နှစ်သိမ့်ဖွယ်ချည်း။ အပည်းပည်းတွင်။ရလည်းရွှေရွက်။ထွေးခြေညက်နှင့်။ စက်လည်းမကွေ။နေလည်းမကွင်း။ပိုးပိုးဝင်းတဥ္စ။လွှန်ပြင်းချစ်သည်း။ဆွေရှင်နည်းဟု။ခမည်းမင်းပြာ။ထိုရွှေကွာက။သန္တာလက်စမ်း။ ထဖြင်ရမ်းလျှင်။ ရွှမ်းရွှမ်းနူးနူး။ မူးမူးမော်မော်။ မျှော်ရှာချေချေ။ မျက်စိပွေမျှ။ရွှေမြေနတ်ပြည်။မေတ္တာချည်လျက်။ ကျင်လည်လူးလည်း။တကိုယ်တည်းနှင့်။ နရည်းမြောက်စည်။ မြည်လည်းဝမ်းမြောက်။အလွမ်းဖျောက်လျက်။တီးတောက်ပဉ္စင်။ ကျူးထကျင်လည်း။ ရွှင်လစေတုံ။ဆွေနှစ်ရုံဖြင့်။ရွှေဘုံနန်းထိပ်။ ထက်ဝန်းမှုပ်

သွား။တံဆိပ်တင့်မော။တို့ရှင်သောဟု။ဆိုပြောရှီးရှိုင်း။ ပင်လယ်လှိုင်းသို့။ နေ့တိုင်း ခံတွင်း။ မဆန့် လျှင်းတည့်။ သတင်းရှိန်စော်။ ထိန့်ရိုက်ကျော်မှု။ ဘုန်းတော် တိုးဘောက်။ မိုးကိုလျှောက်၍။ အောက်လည်းကျိုက်ပွက်။ အထက်လှိုက်ဝေ။ ထိပ်ဖွေကွန်ချာ။ ရတနာစည်းစိမ်။ရိပ်ငြိမ်ချမ်းနေ။စမွါယ်ထွေဖြင့်။ရိုသေညွှတ်နူး။ ဆွတ်ပျံ့ပျူးမှု။ မင်းလူးမင်းလွင်။ကိုယ်ထင်မျက်မှောက်။နတ်ရွာရောက်က။ စားသောက်ပျော်ပါး။ ကစားမြူးချန်။ ကာမဂုဏ်နှင့်။ ပစ္စုန်သခင်။နတ်ရှင်ဒေဝါ။မင်းမာယာဖြင့်။ လျှာကာမဆို။ သွေးသားချိုလျက်။အဟိုပြောနှုတ်။သဘောဟုတ်ဖြင့်။ ယူထုတ်ပွမ်းပွမ်း။လက်နှီးကမ်းသို့။ မျက်မွမ်းစိမြောင်။ သီရိအောင်လျှင်။ မြင့်ခေါင်မောက်မောက်။ ပြောင်ပြောင်တောက်မှု။ အစေခံရနစ်ရာ။ ယူဇနာဖြင့်။ နတ်ရွာ တန်ခွန်။ ဝေဇယျန်ဟု။ ဗိမာန် ပြာသာဒ်။ လွတ်ကြီးလွတ်သား။ပတ်ပတ်ခန့်ချုံး။ နန်းလုံးလုံးကို။ သက်ဆုံးမြတ်နိုး။ငါ့နှယ်ပိုးဟု။ချစ်ကြိုးနှောင်ရှုပ်။အရှင်ချုပ်လည်း။ကျွန်ုပ်အမှတ်။လောကဝတ်ကွင်း။ လှော်ချွတ်ပုံသွန်း။ယိုဘနန်းသား။လင်ပန်းဖလား။သူ့ဝတ်စားကို။ ပလွှားပါချင်။ လူပေါ်လွင်တို့။ချစ်ခင်မိတ်ဖွဲ့။ငြိုးပခဲ့၍။ လေးတွဲ့ကိုယ်ကြောင့်။ တရောင့် ရောင့်လျှင်။ ဝမ်းသောင့်ဝမ်းသာ။စံစားရှာသို့။ပမါသွေးသိ။တပြေးညီသော်။ စိစိလျှည်လျှည်။အစည်စကား။ ဟုတ်သော်အားဖြင့်။ မြူထွားဘိခြင်း။သူ့ထမင်းကို။ခံတွင်းမမြိန်။ တာဝတိံနထက်။ ထိန်မှုကျော်ပြီး။မပျော်သိး၍။စောထိးပွင့်ညှိုး။မတင့်နိုးသည်။ ။ရည်တိုးမမြော်မမြင်တည်း။

၁၂၀။ ထိုကြောင့်ရကား။လူ့ပြည်သွား၍။သကြားစောင်မ။မင်းခေါင်လှလျှင်။ ဒါနဆည်းဘူး။ငါ့နည်းကျူးမှ။ပေးကြူးအလှူ။ မိုးနှယ်ဖြူလျှင်။လှမ်းချူနတ်ပြည်။ ဂူကျောင်းတည်လျက်။ ဆယ်မည်တည်းသိပ်။ကမ္ဘည်းလိပ်တွင်။ တံဆိပ်ဖွင့်ကြည့်။ မင်းကျင့်တည့်လည်း။မပြည့်စနိုး။ဆထက်တိုး၍။ ကြိုးလတုံတုံ။ ဖြိုးဖြိုးပုံလိမ့်။ တောခုံမျက်မည်း။ တေ့ရှိစည်းတွင်။ ငါ့လှည်းငါ့နွား။ ငါ့

လက်သားနှင့်။ငါ့အားတီထွင်။ငါ့လယ်ပြင်ကို။ငါလျှင်ထွန်ယက်။ငါ့လုပ်နက်ဖြင့်။ခွန်ထွက်သီးမှည့်။ကျီကြထည့်လျက်။ပြည့်ပြည့်ဝဝ။ကုံခြေင်းရော။မြိန်သုခါဖြင့်။ ဩဇာပျှံပျှံ။ ရန့်ချင်းချင်း။ ဟင်းလည်းဟင်းငံ။သူမခံသို့၊ကျော်သံမစဲ။ ငါမင်းရဲလျှင်။ပုလဲစင်ပြိုး။'သတင်းသုံးလျက်။ နှုလုံးသင်းသီး။ အလှူကြီးဖြင့်။ ဝေးနီးလူဗိုလ်။ အံ့ကြဆိုတိ။ အိုလသေသခါ။ ပစ္စာနောင်တ။ မကြောင့်ကြလျှင်။ပုညရုံပေါင်း။ဤအကြောင်းဖြင့်။ညောင်းညောင်းညွှန်းညွှန်း။ငါ့ကိုနှုန်းလည်း။ဘုန်း၏အကျိုး။ငါမည့်ှုးတည့်။တန်းခိုးရောင်လျှံ။နတ်ဘောင်စံအံ့။မြဲးမြဲတချက်။ စိတ်ကြီထက်သည်။ ။လိမ့်လက်မပေါ် မလွင်တည်း။

၁၂၁။ ဇေဝံမဟာ သဏ္ဍော။ ဒေဝါနံ မရူရသဒ္ဒေန။ ဓမ္မဒေသေသိ။ ဓမ္မံ ဒေသေန္တောပိ မနုဿဂဏာနာယ သတ္တာဒိ ဝါသာနိဌတွာဒေဝ ဂဏာတောသေတွာဒေဝ ဂဏာမဇ္ဈေဋ္ဌိတောဝမာတလိဿဂုဏာကထံကထေန္တောအာဟ။

ဤသို့ဟူ၍။ လူများအရှင်။ ဘုရင်နရပတိ။နေမိသတို့။ ကျွန်းလုံးစိုးသား။ နေမျိုးစောထိး။ ထိုမင်းကြီးကား။ ဖြင်ညီး စုံထွန်း။နတ်အဝန်းကို။ခင်ပွန်းဆယ်ပါး။ ပြစ်မှားတစိ။ မရှိစေကောင်း။မေတ္တာလောင်းလျက်။ဦးခေါင်းဝပ်ချ။ ကြည်ညွှတ်လှတည့်။နတ်ရွှေတံချူ။အလှူပေးစွန့်။ သီလသန့်မှု။ ဗိမာန့်သခင်။ ကောင်းကင်တင်းကျမ်း။ ကြယ်နှယ်ပြွမ်းမျှ။ ရှည်ကျွမ်းရှည်ဘော်။ မွေ့လျော်တူကွ။ငါမြင်ရသော်။ ရွှင်ပျစနိုး။ဝမ်းတို့ပြုံးစွာ။ ကောင်းကျိုးအလျောက်။ကောင်းရာရောက်၍။ကောင်းမြောက်စည်ပင်။ကောင်းအင်ခွင်နှင့်။ကောင်းတင်ကောင်းကျော်။ ကောင်းတုံသော်လည်း။မှုးမော်လှည့်ထွန်။မမေ့ကျန်နှင့်။တဖန်ဒုက္ခ။ယုတ်ရာကျအံ့။ ဘဝလွန်မြတ်။ဥပပါတ်ဖြင့်။အထွတ်လျှမ်းလျှမ်း။မြတ်ရာလှမ်းလည်း။ရမ်းရမ်းမိဌာ။ ဘာဝနာနှင့်။ မေတ္တာ နှုတ်မန်း။ အခွန်းခွန်းလျှင်။ကမ္မဌာန်းထက်ကြပ်။ သတိကွပ်ဟု။ အပ်နှုတ် သီးဖျား။ မြို့ကြီးသားကို။တရားပိုက်လွှမ်း။အမြိုက်ချမ်းဖြင့်။ ရွှမ်းရွှမ်းထိပ်ပြင်။

ဘိသိက်တင်သို့။ကြာတင်နိုးဝေး။ဆုံးမပေးသည်။ ။ဆောင်
သွေးနိဗ္ဗာန်ချမ်းသာတည်း။

၁၂၂။ အထက် မြင့်စွာ။ နတ်ပြဟ္မာလျက်။ ချမ်းသာမမြဲး။
ဒုက္ခဝဲးတွင်။ ဆင်းရဲးကြပြန်။ အဖန်ဖန်လည်း။ကေန်စွဲးသုံး။နှလုံး
တချောင်း။ နတ်ပုံပေါင်းတို့။ မကောင်းစရာ။ ကောင်းစရာကို။မှန်
စွာတည်။ မြင်ရပြီတည့်။ ဤဘဝထက်။ နောင်ခါတက်၍။ ဖြစ်
ဆက်ရှည်လျား။ နတ်ပြည်ပွါးမျှ။ မြေးသားစည်ပင်။ ဖြစ်စေခြင်
၏။သာရွှင်လျစ်လျူ။ နတ်လျှင်ဟူလည်း။ လူသူ့နှယ်ပါ။ဓမ္မတာ
ဖြင့်။ခန္ဓာဖြစ်ပျက်။အသက်ရွေ့ကျ။ ရတေရလျက်။အနိစ္စချည်း။
ဖြစ်သတည်းဟု။ထုံးနည်းထွေပြား။ တရားဟောပွက်။လူ၏ရက်
ဖြင့်။ထွက်လတုံရွေ့။ ခုနစ်နေ့တည်း။စေ့စေ့ရုံရုံ။ အနှစ်ပုံတည့်။
လုံခြုံမိပ္ပာယ်။ နက်စံလှယ်လျက်။ နည်းသွယ်ဖြန့်ဖြန့်။ ငင်ထုတ်
ဆန့်မူ။အဝှန့်ပြောရစ်။ ပင်လယ်မြစ်လည်း။ နှစ်နှစ်လိုလို့။ နတ်တို့
ဘောင်ဝယ်။မင်းခေါင်စံပ။နေပြီးမှလျှင်။ဓမ္မနာပွဲ။ ဟောပြီးရဲးမှ။
လက်ဝဲးလက်ယာ။မျက်နှာကြည့်မော်။ဝေးနိုးမျှော်လျက်။မှုတော်
ထမ်းချို။မာတလိ၏။တောင်ရှိမက။ဖြင်မျှလွှန်ထူး။ ဂုဏ်ကျေးဇူး
ကို။ ချီကျူးပင့်ထောက်။ မြှောက်လိုရကား။ မိုးသိကြားလည်း။
ဝမ်းပါးနှစ်ထောင်း။ ဂါထာကောင်းဖြင့်။ သံညောင်းတွတ်တွတ်။
ဤသို့ရွတ်က။ဆွတ်ဆွတ်ဆက်ဆက်။ နာကုန်လျက်သည်။
နှစ်သက်အလွှန်တရာတည်း။

၁၂၃။ ဗဟုပကာရာနော ဘဝံ။ မာတလိ ဒေဝ သာရထိး
ယောမေကလျာဏကမ္မာနံ။ပါပါနိပဋိဒ္ဒသယိ။

သုံးကုဋေ ခြောက်သန်း။ရုံကာဝန်းလျက်။ ထွန်းလသော့အား။
လေးကျွန်းသားကို။စီးပွါးဆောင်ရွက်။ ရွှင်စေလျက်တည့်။ မွန်း
ချက်တည့်လှ။ပြည့်သည့်ညသို့။ နတ်များ့ ဘောင်လယ်။ ပြောင်
ပြောင်ကယ်မျှ။တင့်တယ်ဝင်းဝါ။အရှင်သာလျှင်။ကြေညာထော်
လော်။ရန်စပေါ်လည်း။မျက်တော်ခြောင်းခြောင်း။ လည်တောင်း
လောင်းလျှင်။ ရွှံ့ညောင်း ကြောက်၍။ ဝပ်ဝပ်ကွေးမျှ။ နိုးဝေးအ

ဌန့်။တေဇာလှန့်သည်။တောင်ညွှန့်ထိပ်ဖျား။ရှင်သိကြား။ ။များ ပြားအိပ်ဘန်။ ငယ်ကျွန် အစုတ်။ ဝပ်ကာထုတ်မှု။ ကြွတ်ကြွတ်မျိုသောက်။ပင်သယ်ချောက်မျှ။လောက်စဟန်တုံ။နတ်ကျွန်ပုံတွင်။ မှုကံရွေးကောက်။ လူရေးထောက်လျက်။ ရွှေမှောက် ယုံကြည်။ ရဲးစွမ်း ရည်နှင့်။ ကြံစည် နက်ကျို။ မာတလိ ကား။ မျက်စိ တထောင့်။ ဘုန်းတော် ကြောင့်လျှင်။ ဖြစ်ခေါင့် ဖြစ်ခဲး။ လိမ္မာကဲး သည်။ ။လက်စွဲးတောင်ဌေးတချောင်းတည်း။

၁၂၄။ ဥပမာဖြင့်။ သိသာစေလို။ ကြားလျှောက် ဆိုလည်း။ ကျိုးကိုနောက်လည်။ သာကြည်နောက်စွမ်း။ ကိုင်ဖမ်းမတတ်။ ပျံခဲ့လွတ်သား။ရဲးမြတ်ယောကျ်ား။လူသူသားသို့။ သိကြားလက်အောက်။ ပေါက်မြောက်ခွန်အား။ ကျေးသန်စားသား။ ထင်ရှားနတ်မောင်။ဟန်ပန်ထောင်လျက်။ ရှောင်တကျောကျော။ စကားပြောနှင့်။ သံကြောလုံးစည်း။ အပည်းပည်းတွင်။ ဖြုတ်ခြည်းအကျိုး။မပြီးနိုး၍။ကွယ်ကိုးကြံဘက်။စေ့ခေါက်ရက်လျှင်။မိုးထက်ကသည်။လူမင်းပြည်သို့။ဌွန့်ရှည်ခရီး။ မနီးထုတ်ချောက်။ ညည့်ကိုရောက်၍။ဝမ်းမြောက်နှစ်ခြိုက်။မလိုက်လိုက်လို။ချိုချိုမွှန်မွှန်။ ပန်ပန်ထွာထွာ။အတူပါက။လိမ္မာသဖြင့်။ မြေကိုဖွင့်၍။အရှင့်တမန်။ ငရဲညွှန်လည်း။ အကျွန် ကြောက်လှ။ သံဝေရ၏။ ထိုကတတည်။မြင်းဦးဖည်လျက်။ရွှေစည်သံလွင်။ကြွေး ရွှင်ရွှင်တိ။မိုးပြင်တန့်နား။ဗိမာန်များကို။ ရထားမချွတ်။ပြတုံလတ်လည်း။ ဆွတ်ဆွတ်မနည်း။ ရွှင်မောသည်းမျှ။ ငါလည်းသို့လျှင်။ ဖြစ်ပချင်ဟု။ ပြာစင်မင်းခြေ။ဆိုရှာချေလျှက်။ ရှိသေပျုံ့ပျူး။ ကိုယ်လိုထူးဖြင့်။ ကျေးဖူးလေးနှင့်။ချစ်ဘွယ်ကျင့်သည်။ ။အရှင့်ကျွန်တွင်ကျွန်ကောင်းတည်း။

၁၂၅။ ကျွန်တွင်ကျွန်ကျော်။ကျွန်သူတော်နှင့်။ကျွန်ဘော်တကာ။မြိုးမွမ်းရာဖြင့်။လိမ္မာတတ်ပွန်။ အများဝန်လည်း။ မကျန်တုံစွာ။အဖြာဖြာ၌။ ဇာနာသီးသ။ သိတတ်လှ၏။ မင်းခမင်းနိုး။ မင်းဝယ်ကြိုးလျက်။ မင်းထိုးအထွေ။ မင်းစေပိပိ။ မင်းညီမင်းသား။

မင်းဆွေဝါးနှင့်။စီးပွါးနိမ့်ကာ။ညှို့ထက်ထွာသို့။ ဖြစ်ပါစေခြင်း။ တို့လူမင်းလည်း။လက်ရင်းသုံးစွဲ။ ညာကြေဲရဲးသား။ ပန်းပဲးညှပ်တူ။တိုသသူကို။လူလူကြီးကျယ်။ ထိုးစလွယ်နှင့်။ စမွာယ်လက်ဆောက်။ပွှးမတ်ခြောက်၍။ ရန်ထောက်အောင်ကျိုး။ ရွှေတောင်စိုးက။ရိုးကြှီးစက်ရှိန်။မကြိမ်ကြဝုံ။လူသူအုံသါး။သိန္နဝင်ပေါ်။ အရှင်မျှော်လျှင်။မြေါ်တော်မူလျောက်။ ကျေးမက်လှောက်လျက်။ နောက်နောက် သော်လည်း။ သည့်နှယ်ချည်းလျှင်။ ခမည်း ကြီးပမ်း။မှုတော်ထမ်းက။ရမ်းရမ်းရုံး။ရွှေငွေကျုံးလျက်။ စွဲးသုံးရွှေထား။ ဖလားလက်ကောက်။ခွက်ယောက်လင်ပန်း။တကွန်းဝတ်လုံ။ ရကြိုဆင်မြင်း။ ကွန်သင်းထိတ်ထိတ်။ ဖုံးပိတ်စည်မောင်း။ လှေရဲးလေါင်းနှင့်။ပဲ့ပေါင်းညီးညီး။ကြီးကြီးမမ။တွယ်ဝမချွတ်။ရမည်မှတ်ဟု။ချစ်မြတ်လေးကျင်။ရဲးဆေးတင်လျက်။ရဲးချင်ရဲးလို။ ရဲးဆိုရဲးခေါ်။ရဲးတင်းဆော်လေ့။ဝမ်းတော်သာစွာ။ မင်းမာယာနှင့်။ ပျူငှာရှေးဦး။ ချီးမွမ်းပြုံးသည်။ ။ကျေးဇူးဖြစ်သစ်ဖြစ်ဟောင်းတည်း။

၁၂၆။ ဤသို့ဟူ၍။ ဇမ္ဗူကွန်းလော။ ကွန်းငယ်လောလျှင်။ သေါသေါသောင်းသောင်း။စောင်းစောင်းငွဲငွဲ။တုန်လဲ့ဝန်းကျင်။ ထိန့်ထိန့်ရှင်မျှ။ ပွဲတင်တော်လည်း။ မြေကြီးကြည်းသား။ တင်ရည်းဗောဓိ။စောနေမိကား။မိမိလည်းကျိုး။ရွာသမိုးသို့။ကောင်းကျိုးပည်းဖြင့်။ဖြစ်စေခြင်း၍။တင်တင်မျက်စိ။မာတလိကို။ ဘုန်းရှိစောလှချီပင့်ထတည်း။

သုခမ္ဗာသဘာယခန်းပြီး၏။

---

## ၁၃။ မိမိလဂန္တဗ္ဗသဘာယခန်း။

၁၂၇။ အထရာဇာ သက္ကံအာမန္တော။ ဇူဗ္ဗာမဟံဒေဝမဟာရာဇ။ မန္တသလောကံ ဂန္တတိအာဟ။ သက္ကော တေန ဟိသမ္ဗ

မာတလိ။နေမိရာဇာနံ့တထေဝမိမိလံနေဟိတိအာဟ။ လ။မိမိလံ
ပါပုဏိံသု။

ထိုရောအခါ။ အောင်မြေချာဋ္ဌ။သစ္စာလေးမည်။ ပွင့်ဆောက်
တည်က။ ကြာ့စည်လှိုင်ဖြိုး။ နေ့တိုင်းကြိုးလျက်။ ဟိုးဟိုးကျော်
ချောက်။ ဖြိုင်ပြည့်ထောက်လည်း။နှစ်ယောက်မှဲ့အောင်။ တင်း
တင်းဆောင်သည့်။မြန်ဘောင်ပိုက်ထုပ်။စောပြည်ချုပ်ကား။တိမ်
ပုပ်လှစ်ငင်။လျှပ်ခြည်သွင်သို့။ရယ်ရွှင်စိမ့်ချေ။ဈာငြွေနှင့်။ ပြေပြေ
ပြစ်ပြစ်။လွန်ကျစ်လျစ်လျက်။ကေရာဇ်တိ။ကြည့်ဘွယ်ရှိမှု။သိဒ္ဓိ
ထွတ်ဖုံ။ဝမ်းလှုလှုလျှင်။သာဓုဟစ်ခေါ်။တရေးဖျော်လျက်။ပျော်
ပျော်ပါးပါး။ မိုးသကြားနှင့်။နတ်များရံထပ်။ ရွှေမဏ္ဍပ်၌။ အရပ်
မဟုတ်။ယါယီဆုတ်သို့။ရန်ခုတ်မင်းဖျား။ကြွားသော့အါးတည်း။
ရက်များညောင်းရှည်။ ပြန်တော့မည်ဟု။ လူ့ပြည်သွားလို။ ချိန်
သင့်ဆိုသော်။မြင့်မိုရ်သခင်။လွန်ကြွင်လေးမြတ်။ တဆွတ်ဆွတ်
လျှင်။ညွတ်သည်အပ။ရုံမက်လှလည်း။ချစ်ဘမင်းစော။ကောင်း၏
ဩဟု။ လျှင်ဆောလွယ်မှု။ အခွင့်ပြုလျက်။ နှုနှုနဲ့နဲ့။ မှုမဖြိ့နှင့်။
ဖော့ပဲ့မရှည့်။ ကြည့်လတုံဘိ။ မာတလိကို။ မိမိလည်းကောင်း။
ပျော်နှစ်ထောင်းမှု။ ရပ်ဟောင်းပြည်သာ။မိမိလာသို့။ သိဂ်ါခန်း
တိုက်။ နန်းဆိုက်ဆိုက်လျှင်။ဘက်ပိုက်ပျံ့ပျူး။ချေင်းကျူးသို့။သာ
မြူးကြည်လင်။ပြည်တော်ဝင်က။ အောင်မြင်ဘိသိက်။ ကျွန်းလုံး
ထိတ်မှု။ညိတ်ညိတ်ထွက်ပြူ။လူလည်းဘေးမဲ့။စေါင့်ကြပ်ပဲ့လျက်။
တဆဲ့ငါးရက်။ ပြူရောင် စက်နှင့်။ ထွက်လသော့လား။ လူမင်း
သါးကို။လျှော်လျှားနေရာ။ထုံပျံ့ဗွါသါး။ကမ္ဗလာညှံ့ဖျော့။ရွှေအုံး
မော့နှင့်။ သို့သော့အခါ။ကိန်းပကာလျှင်။ ပြုပွါပက်ပည်။ နေခြည်
မထိုး။ ရွှေစောင်မိုးလျက်။သည်မျိုးကြင်ဘက်။ တနံ့နက်မှ။ နန်း
ထက်စံဦး။ မကွာဘူးမူ။မဲ့ထူးမပြေ။ရက်များရေလျက်။ မင်းခြေ
စောမောင်။အိပ်မက်ယောင်လိမ့်။ရောက်အောင်မနေ။ဗိုပချေဟု။
စေလတုံလျက်။နတ်တော်နက်ကို။ဦးထက်ထားတင်။ ရထားငင်

၍။ စိရင်မပျက်။ ရွှေနှယ်ဘက်လျှင်။ တက်စိမ့်သော့ဟန်။ ကပ်လတ်ပြန်သည်။ ။တဘန်ကြိုးကြိုးစားစားတည်း။

၁၂၈။ ထိုသို့နတ်သား။ရွှေရထားကို။မင်းဖျားထံမှာ။ ကပ်လခါတုံ။ကြွင်ရာတခို။ထိတ်မွမ်းပြို့လျက်။မင်းကိုကြွင်ဆ။ နတ်မယ်လျှတို့။ပဝရသိဒ္ဓိ။စောနေမိကို။မျက်စိမြင်ကျွမ်း။ပျူငေ့ါဆမ်းလျက်။နတ်ကွမ်းနတ်ရွက်။နတ်လဖက်နှင့်။ မြန်ရှက်သုခေါ။ကြောင်းစွာသား။နံ့သာဖျော်ရည်။ထွက်နတ်တည်၍။ရွှေပြည့်သခင်။ နတ်ရှင်ပျှုံမှုန်း။စမွှာယ်တုန်းလျက်။ဘုန်းချင်းမချည်။ သွေသည်မဖြစ်။ နောက်နှစ်ရှင်ရင်း။ ပြန်လေမင်းဟု။ညင်းညင်းခြေးခြေး။ သံလေးညောင်း ညောင်း။ နွဲ့နောင်းခေါက်ချူး။ ငြိုးငြိုး ငြိမ့်ငြိမ့်။ စိမ့်ရရိမ့်၍။ နှစ်သိမ့်ရုပ်ခတ်။ ပြာလတ်လတ်လျှင်။ ထွတ်ထွတ်ထွားထွား။ ရေသား ညက်ညက်။ မက်မက်မောမော။ မွတ်မွတ် ချောတိ။ ပျောပျောတိမ်းညွတ်။ မိန်းမိန်းပြတ်မျှ။ ရိုးနတ်သွီး။ ညီးရရိုးတွင်။ပွဲကြီးရင်ပြင်။ဆင်ယည်ဘုပ။ ယိုးယိုးယကား။ အလှထွေပြား။ ရွှေရွှေထွားသို့။ နူတ်ဖျားသန္တာ။ အာကားတလည်း။ မျက်မဥ်းရောင်ညို့။ ဝင်းရောင်ပျိုလျက်။နှစ်လိုလေးတွဲ့။နွဲ့ရ နွဲ့လျှင်။ လဲ့လဲ့မြမြ။ ပွပွလှပ်လှပ်။ သွယ်သပ်သပ်မူ။ချစ်တပ်ချင်ဘွယ်။ ပြိုးရွှင်ရယ်လျက်။ ကေသွယ်ရွက်ညှာ။ မြဆံကြာနှင့်။ ပြင်လျှာဆုံစဥ်း။ခြဥ်းရရည်းသည်။ ။ရလှည်းရွှေငုံရွှေငုံတည်း။

၁၂၉။ အသိး အသိး။ ဆိုဖွဲ့ချိုးနှင့်။ ဦးဘိးကျိုင်းထွား။ လူမင်းသားကို။ပျော်ပါးစေကြောင်း။ လှည့်ဖြားယောင်းလျက်။ နှစ်ထောင်း အင်ဖြိုက်။ ရင်ခွင် ပိုက်လျက်။ ကြိုက်ကြိုက် မှတ်မှတ်။ မြင့်မိုရ်ထွတ်ဝယ်။နတ်နှင့်လူကား။မတရားဟု။ ခက်သားမထိုး။ ရိုးမကြိုးတည့်။ တန်းခိုးကြီးလွန်း။ ဘုန်းမီးထွန်းလျက်။ တကျွန်းစိုးဆောင်။ မဲ့သည်မောင်ကို။ အိုအောင်ချစ်သော်။ မဖြစ်သော်လည်း။တော်တော်မရ။နတ်မိန်းမတို့။ယွင်းခွလိမ်လစ်။ ကောက်တကျစ်နှင့်။ ပွင့်သစ်ညှိုးခြောက်။ ရနံ့ပျောက်သို့။ကသောက် ကသက်။ပေါ့ပြက်ပေါ်လျှံ။ ကဲ့ရဲ့ခံ၍။လှစံမင်းခြေ။ မှတ်တို့လေဟု။

ရှိသေပြယယ်။ ချစ်ရိပ်သွယ်၍။ ကြီးငယ်မြင်ချင်။ တလျက်ပင်
သား။လွန်ကြင်နှစ်လို။ နတ်သားတို့မှု။မြင့်မိရဲ့ ထိပ်ညှောက်။ တို့
ရွှေမှောက်သို့။ ရောက်လတ် သော်သည်။ ရှင့်ရုပ်ရည်ကို။ ကြို
စည်စမ်း။ လုံးရုပ်ရှိလျက်။တရှိမြင်နည်း။ တသွင်တည်းလျှင်။ ရွှေ
ခြည်း သိန်းသန်း။ သတိသွန်း၍။ ဥဒါန်းနောက်နောင်။ ပြောရစ်
အောင်နှင့်။ ရွှေတောင်မြင့်မိရ်။ ထားခလိုသည်။ ။ကြည်ညို
သွေပုံသွေပုံတည်း။

၁၃၀။ သွားမည်ငမ်းငမ်း။ ရွှေစည်ရွှမ်းလျက်။မွမ်းမွမ်းဖြင်
ပေါ်။ မောရ ရောလျှင်။ သော သော သောင်း သောင်း။ ညောင်း
ညောင်းကြွေးကြွေး။ နိုးဝေးပဲ့တင်။ ကောင်းကင် အုပ်လျက်။ အ
ထက်မြင့်ဖှန်။ အလွန်တရာ။ညွှတ်ကြည်စွာဖြင့်။ညီညာတကိုယ်။
နတ်ထိုထိုတို့။သံချို နှုတ်မှာ။နာလည်းမငြီး။ထုံးပုံမှီးလျက်။မီးကျိုး
ဟူက။ လောင်တတ်စွဟု။မိဘဆိုလျက်။ သူငယ်လက်လျှင်။ တ
ချက်ထိမှု။သည်းချာဆူသို့။ ပြည်သူစိုးချာ။ မင်းတကာတို့။ အာ
ဏာစက်သွါး။သတင်းကြားလျှင်။နွားနှယ်မိုက်မဲ။မုန်းဆောကြဲ
လည်း။ဆင်းရဲမရှာ။ ချမ်းသာချိခ္ခဲ။ မျက်တော်မဲ့လျှင်။ ကြီးငဲ့မှီ
ရာ။ သမ္မာရင့်ထွေ။ ကျင့်လေလေဖြင့်။ ဖြစ်စေရှင်လှာ။ စည်ပင်ဝ
လျက်။ ပြောပပြည်လုံး။ ဘိုးဘေးထုံးသည်း။ လက်သုံးပုရပိုက်။
ရှင်ဝယ်နိုက်လျှင်။ ကျင့်ထိုက် ကျနံ့တန်း မင်းမွန် ဟူပြီ။ တုမရှိ
သား။ ဗေဒမိ ပွင့်သောင်း။ တို့မင်းကောင်းဟု။ စည်မောင်းရုရု။
မေတ္တာပြုသည်။ ။ချစ်မှုကျောကုန်ကျောကုန်တည်း။

၁၃၁။ မဟာရာဇ။ သမတဖြင့်။ ဒိပကျွန်းခေါင်။ ထက်ဝန်း
ထောင်က။ဘုန်းရောင်လွှလွှ။ တဆွဆွလျှင်။ စကြဝ္ဍလက္ခဏာ။
လက်တွင်ပါသည်။ကြမ္မာမချို။ ပြည်သူမြို့လည်း။ စိမ်းညို့ရောင်
ဝါ။ရွှေတောင်သာ၌။တကာနတ်ပုံ။ အလုံးစုံကို။ တပ်ကုံချစ်ထုံ့။
မေတ္တာတုံ၏။ အံ့ကာအံ့ကာ။ မရှာတုံဘဲ။ နှင်းသာဖွဲ့၍။ ပြည်
ထဲမွတ်က။ ခိုးသားထလျက်။ ကြောင့်ကြ မီးပွါး။ အတိုးကြား
လည်း။တရားစောင့်တည်။ ဖြောင့်ဖြောင့်ကြည်မှု။ ဝန်းလည်ဝေး

လံ။ဆယ်ပါးသံနှင့်။နိုင်ငံအဒုန့်။ရှင်လူဖြန့်ကာ။ခင်ပွန်းကိစ္စ။နတ်တို့မဟု။ဝမ်းကြွေ့ကြွေ့။ငါအောက်မေ့ရှင့်။ ဖူးတွေ့ခေါက်ရက်။ကြင်ရုံမက်၍။ နှစ်သက် ပုံ့ပျောက်။ ဝမ်းတို့ဖြောက်စွာ့။ ဧ့ခွင့်ရှောက်သိလ။ထွန်းဝါပလျက်။မာဃနတ်မင်း။သင်္ကင်လုံးနှင်းသား။ သည့်းရင်းဖြောက်သား။မိဘုရားက။စသည်ဖြင်ညီး။နတ်သွီးနှင့်။ ဝေးနီးများပြား။မောင်နတ်သားတို့။ဆပွါးလွန်ချစ်။နေတုံရစ်ဟု။ ဖွင့်လှစ်နံ့ကျော်။ ခံတွင်းတော်က။ ထွေငေါ်ချိုမြိန်။ သွားမည်ချိန်သည်။ ။အဒရိန္ဒမစောထိးတည်း။

၁၃၂။ သာ ရွှင် သာ ရွှင်။ အလွန် ကြင်မှု။ ချစ်ခင် လေးတွဲ့။ နှုတ်ဆက်ခဲ့မှ။ မငဲ့မကွက်။ ရထားထက်သို့။ ခြေစက် မြုတေ။ တက်တုံလေမူ။ညာကြေမလွှဲ။ မှုထမ်းမြဲသား။ရဲရဲရတ်ရတ်။ ခြုတ်ခြုတ်တိုးထိ။မါတလိကား။သိရိရတန။ရွှေတောင်ကသော်။ သကြာ့ရည်ရှင်။ဧဝဘ်ဆင့်နှင့်၊ထမ်းစင်သံလျှင်း။မြင်းလည်းမွန်ရည်။ရွှေတော်ချည်သား။အမည်ထွေပြား။ အပါးပါးတွင်။ နတ်သား စီးလှည်း။ တဆူတည်းကို။ ဖြည်းဖြည်း လည်း ကောင်း။ နောက် ညောင်းလှည့်လှည့်။ ကြည့်လည်း မရဲ။ ဖြောက်သို့ဝဲမှ။ ဝမ်းဘဲသဘွယ်။လကျ်ာနွယ်မူ။ တင့်တယ်ဘိသည်။ နေရောင်ခြည်တွင်။ ရွှေလည် ထောင်ထောင်။ ရွှေတောင် ညီးညီး။ ရွှေမြီးဖြန့်ဖြန့်။ တန့်လတုံလျက်။ဂဠုန်ဌက်သို့။ တချက်လည်ကွေ့။ အရှေ့တူရူ။ အဖြောင့်ယူလျက်။ တိမ်ပြူဆိုင်းဆိုင်း။ ကောင်းကင်တိုင်းဖြင့်။ဆစ်ပိုင်းခရီး။မနီးဝွန့်ရှည်။လူမင်းပြည်ကား။ရေကြည်စီးသွယ်။ ပင်လယ်ပစ်ကျ။မြစ်မပြက်ပြက်။ ဘုံချက်နန်းဆောင်၊ ပြောင် ပြောင်နေနှယ်။ လက်ညှိုး ရွယ်လျက်။ စီးသွယ် ငါးထွေ။ တိမ်ခြေနင်းကြွ။ သိန္ဓဝသို့။သာလှမွေညက်။ စောင်းတန်းထက်ဖြင့်။ခွါလက်ဆန့်ညောင်း။ကွန့်ကပေါင်းတွင်။ လောင်းလတ်သဖြင့်။သဘော်လွှင့်သို့။ရိုးမြင့်လိပ်ကြေး။ရိပ်ရိပ်ပြေးမှု။ ဝွေးဝွေးဝွတ်ဝွတ်။ လတ်လတ်တန့်နိုး။ နှုတ်ချိုပျိုးလျက်။ ရွှေကြိုးလျှော့တုံ။ မလျှော့တုံလျှင်။ လုံးစုံရိပ်နေ။စံစစေလျက်။ စာရေမငတ်။ နှင်လေ

လွှတ်က။ ပြည်မြတ်ထုတ်ချောက်။ ဘေးမဲ့ ရောက်သည်။ ။ အောင်မြောက်မင်္ဂလာကြီးတည်း။

၁၃၃။ မဟာဇနော ရထံဗိသွာရာဇာနော အာဂစ္ဆတိတိ ပမုဒိတော အဟောသိ မာတလိ မိမိလံ ပဒက္ခိဏံကတွာ။လ။ သကဋ္ဌာနမေဝဂတော။

ဦးနက်ဦးပြူ။သောင်းသောင်းအုမှု။ပြည်သူတကာ။ အရွှာရွှာလည်း။မျက်နှာပြုံးလန်း။နှင်းမိုးဖြန်းမှု။ ရွှန်းရွှန်းရှိမ်းရှိမ်း။ ဧငြိမ်းသို့။ ခပ်သိမ်းနှစ်လို့။ တဖြစ်သို့လျှင်။ ငတ်ရှင်စော။ လာပြီသောဟု။ မောမောမိန်းရှူး။ ကြည့်ကမူးလျှင်။ဧကျူးသင်းချို။ ပြောကဆို၍။ ယည့်ပျိုထောင့်ရှင်။ရပ်ထင်ဝေးမြေ။စေကကုံတိ။မာတလိလည်း။မိမိလာဟု။ယါမါန္တိုင်းရည်။ထိုရွှေပြည်ကို။ဝန်းလည်မြင်းချစ်။လကျာ်ရစ်မှ။ တွန်လှစ်ကြိုးကြာ။ သာနိုးစွာနှင့်။ သီဟာ ဂူထဲး။ ထွက်၍ ဝဲးသို့။ မှင်ရဲးရုံဆွေ့။ ခြသေ့ခံနား။ နန်းတံခါး၌။ ဘုရေးဆုတောင်း။ သူမြတ်လောင်းကို။ ချောင်းနှောင်းယုယ။ သက်စေမ၍။မိုးဝခြေထပ်။ချန်လျှပ်လျှပ်လျှင်။ ထွက်နပ်မင့်။ ပြန်တော့အံ့ဟု။ဖြည်းညှံ့နှုတ်နက်။ တောင်းပန်ပွက်၍။မစက်မကျိန်း။ ရထားထိန်းလျှင်။ သိန်းလည်းမဟူ။ လွှားလွှားပြုမှု။ ရှုရှုပြေးခတ်။ လေပုန်းလွှတ်သို့။ တောင် ထွတ်ခန်းဝါ။ မိမိရွာဖြင့်။ မျက်နှာ တည့်တည့်။မြောက်ကိုကြည့်လျက်။မှုရှည့်ပိစွာ။ဟိသံသာနှင့်။ ။ မြင့်ကြာမနေပြန်ပြန်လေတည်း။

၁၃၄။ မဟာဇနော နေမိရာဇာနံ။ ပရိဝါရေတွာကိံ ဒိသော ဒေဝ လောကောတိ။ ဒေဝ လောကံပုစ္ဆိ။ ဒေဝါနဉ္စ သက္ကာသသမ္ပတ္တိဝဏ္ဏေတွာ။တုမှေဟိဒါနာဒိနိပုညာနိကရောထဇဝံ။ လ။ ပဗ္ဗဇ္ဇိတောတိဝုတ္တော။

ဇာတိနေခန်း။ မြင့်မိုရ်၏ ကျွန်းသို့။ စွန်းစွန်းလည်းကောင်း။ ပြန်လေရှောင်းမူ။တသောင်းခြောက်ထောင်။ ဘော်ကုန်အောင်တွင်။ ဏှခေါင်နတ်ပြင်။အထွတ်တင်သား။ ပြာစင်ညက်ထွား။ မိဘုရားက။မတ်များတသွန်။ကလန်သန်ပြင်။တိုင်ပင်ပြုဘော်။သားဘော်

မင်းလျှာ။တကာပြည့်သူ။ပင်လယ်ဆူသို့။အုရှုအုရှုသောင်းသောင်း။ စည်းဝေးပေါင်းလျက်။စောလောင်းရန်နင်း။ ပြည်ကြီးမင်းကို။သုံ သင်းပန်းသတ်။ ဆန်းကြွယ်မြတ်သား။ မင်းဝတ်မင်းစား။ ကျွေး နွားဆန်ရေ။ ရွှေငွေမြင်းဆင်။လက်ငင်တွဲရှက်။ ဆက်လတုံပြီး။ ဖွဲ့ချီးမြတ်နိုး။ရှုအင်ဖြိုးမျှ။ တိုးလည်းမဆံ့။ ရံကာခြံ့လျက်။ ပျှံ့ပျှံ့ မွေး၍။ဖွေလတ်သကား။ တောင်ထိပ်ဖျားဝယ်။ စကားကြွေမှည့်။ ကဆုန်ပြည့်၌။ နတ်တည့်ရထား။ရွှမ်းအားရည်ငံ။ သိန္ဓောပျံနှင့်။ ရောင်လျှံမောင်းမောင်း။ ရွှေရည်ချောင်းသို့။ ကျန်ကောင်းအရှင်။ အရှင်ကောင်းကျွန်။ ပန္နပွန်နှင့်။တမလွန်နေခင်လာ။ ပြောခြင်းရာ ဖြင့်။ နတ်ရွာနတ်ခွင်။ ကြွလေကျင်သား။ ရုပ်သွင် လှကျိုင်း။ စော ရန်ပိုင်းကို။ နေ့တိုင်းဆိုတမ်း။ ရှုတလွမ်းလျက်။ ရွှမ်းရွှမ်းညှိုး နေ။ကြိုးနှယ်ခွေမျှ။ ရက်ရေနှင့်ကာ။ ရှင့်ကို သာလျှင်။ မျှော်ရှာ မျှော်ကြည့်။ နေကုန်လှည့်သည်။ ။ပျောင်းချည့်ကြိုလှိုကြိုလှို တည်း။

၁၃၅။ နေ့တိုင်း မချာ။ မင်းကြီး စွာကို။ ညီညာ ပေါင်းရ။ တောင်းသဆုဖြင့်။ ယခုတမူ။ ဇမ္ဗူကြားထင်။ ပြည်တော်ဝင်၍။ ကြည်လင်တည်ပ။နေခြည်ရသော်။အလှတရော။ပွင့်သည်ကြာသို့။ မျက်နှာထိုးထင်း။တိုးတိုးတင်းတည့်။ကျိုးကျင်းရွှင်ပြုံး။ အားလုံး လူပုံ။ နိဂုံကျေးမက်။ ရွာလက်ဖြိုးခိုင်။ခရိုင်မြို့ပြ။ ဈေးနာစသား။ သူဝသူရှား။ ကုန်သွားလယ်လုပ်။ ဟုတ်ဟုတ်ထွန်ယက်။ရဲခက် ရဲရှူး။ ထောင်မှူးထောင်ကွပ်။ရှုပ်ရှုပ်တိုက်ခွဲ။ကာစွဲလေးသား။ ယောက်ျားမဟုတ်။ ရွှေခြေဆုတ်က။ဦးနှုတ်ခံခံ။ ဝေးလံမှုထမ်း။ ရှကာပွမ်းလျှင်။ ရမ်းရမ်းရက်ရက်။ နှစ်သက်ပြောဆို။ မရှိုးဘို က။ရွယ်အိုရွှေကျ။မဆိုးမနှင့်။ရှရှသွါးလား။ပုဏ္ဏားရဟန်း။စိတ် ပျှံလန်း၏။ ရွှေနန်းစိုးဆက်။ ရှိခိုးဘက်တွင်။ ပြောချက်လွန်လစ်။ တို့ရှင်ချစ်လျှင်။စင်စစ်နတ်ပြည်။ ရောက်လေသည်ဖြင့်။ ယုံကြည် မှတ်ထင်။နတ်ဘုံပြင်ကို။ မြင်လသော်တည်း။ ဘယ်သို့နည်းဟု။ ဖြင်ပည်း မေးမြောက်။ မင်းရေးထောက်လည်း။ စံကျောက်ဘိုး

များ။ပဏ္ဏမြားဝယ်။ စပါးဆန်ရေ။ နောက်ဖြစ်ချေသို့။ သာထွေနှိုင်းရှဲ့။ဆိုရာမဲ့လျှင်။အံ့ဘွဲ့အပ။မမြင်ရဟု။ဒေဝသမ္ဘုတ်။ နတ်နှင့်သိကြား။ ပျော်ပါးစံတွံ့။ ဗိမာန်တို့ကို။ ဤသို့ထွေပြား။ အကျယ်ကြားမှု။နားပါးစိတ်တက်။ရှက်လှည့်ပေကာ။အကျည်းသာလျှင်။နရာဒိပ။ပြန်ပွက်မာလျက်။ဖြင်မှုပည်းထု။သင်တို့မှုလည်း။ အလှူမကောင်း။ သတင်းမကွာ။ဖြစ်ကုန်ပါက။ နတ်ရွာနတ်ရပ်။ ကပ်ရလတ့ံ။ အံ့လည်းမနိုင်။ရိပ်မြိုင်ချမ်းသာ။ အာဏာကြောက်ရွံ့။ စံရမည်ချည်း။ တမှတ်တည်းဖြင့်။ နိဿည်းရရ။ လူ့ပြည်ကလျှင်။ မိဘတိုးဘွား။ဆွေဝါးကုန်အောင်။ကောင်းမွေနှောင်လျက်။ကျိုင်းကောင်မသား။ ငန်းတော်ကျားသို့။မှုထားဆိုပစ်။ စိတ်မညစ်နှင့်။ ဆန်နစ်ရနို့ဖွဲ့။ ဆင်းရဲသားလျှောက်။တတောက်ပတ်ပတ်။ ရတတ်သမျှ။ဒါနပေးစွန့်။ဝေချမ်းဖြန့်လျက်။သန့်သန့်သက်သက်။ စိတ်ထက် ဖြောင့်ဖြောင့်။ သီလ စောင့်ဟု။ မင်းကောင့် အရိုး။ စောသတိုးလျှင်။ ဓဲ့ပျိုး ဝန်း လျှား။ လူအများ ကို။ တရား ထိန်းကျောင်း။ညှို့ရုံးပေါင်းသည်။ ။ကျိုးကြောင်းရုံညီရုံညီတည်း။
မိမိလဂ္ဂဓမ္မသဘာဝခန်းပြီး၏။

---

## ၁၄။ မဟာဘိနိက္ခမပဗ္ဗဇ္ဇခန်း။

၁၃၆။ ဇနပိုဒ်တိုင်းကား။ပွါးပွါးစီးစီး။ရှိုးရှိုးရွှန်းရွှန်း။ ဝန်းဝန်းလည်လည်။ ပြည်ပြည့်ရွာရွာ။ ညာညာကြေကြေ။ အလှေအလှောင်း။ လူပုံပေါင်းကို။ နှစ်ထောင်းအင်ဖြိုက်။ ရင်ခွင်ပိုက်သို့။ ရည်မြိုက်သေးချို။ သောက်စေမျို၍။ ကုသိုလ်မကြွင်း။ သတင်းမြိုးမြိ။ဒသဓံနှင့်။ မြိုးမြိအလှူ။ ကျင့်တော်မှုလျက်။ ပြည့်သူမျက်ပွင့်။ စောရန် လွှင့်ကား။ မြင့်မြင့်ကြာကြာ။ ခန္ဓာ သက်ကြွယ်။ ခေါင်းတော်ဝယ်လျှင်။သွယ်သွယ်မြိတ်ဖွံ့။ မွေးပျံ့ပျံ့သား။ ရန်တည့်ချည်း။သျှောင်ရွက်စည်းကား။ နက်မည်းရောင်ချက်။ ဖြစ်တုံလျက်တည့်။ တစက်ဆိရည်။ မစိုသည်သို့။ ထူးလည်တချို။

အပြုတ်ရှိကို။ နှစ်လို ရှုင်မင်း။ နှလုံးသွင်းသား။ ကျွန်ရင်း ကျွန်ချာ။ ဆတ္တာသမား။ မှတ်သားထင်ပေါ်။ မြင်လ သော်လျှင်။ အော်တို့ ဘုရား။ဘဝါးတော်အောက်။ ကြွားလျှောက်က။ ခပ်ကောက် ညွတ်ညွတ်။မျက်ခတ်ညိုးညိုး။နှုတ်သီးသပ်သပ်။ ရွှေမွေးညှပ်နှင့်။ ချည်းကပ်နေရ။ယုယုရလျှင်။မွမွပါယုံ။ နှုတ်ငုစတုံ၍။ အမုံထွား ထွား။ ရွှေလက်ဝါးထက်။ ထားလတ်သရော်။ မြော်တော်မူပြီး။ သက်ကြီးရှိုက်ငင်။ မရွှင်ညှိုးလ။ သံဝေဂဖြင့်။ ထဲပယုံကြည်။ ဆတ္တာသည်အား။ မင်းဖျားဆုကျေး။ ချက်ခြင်းပေးလျက်။ ရည် လေးတောက်ထွန်း။ဤဘုံနန်းမှ။ ရဟန်းလျှင်ဆော။ ပြုတော့မော ဟု။ရဲးစောနတ်တျှ။ ကြံတော်မူက။ သည်းအရှုရင်းစစ်။ ဥပရာဇ် ကို။သစ်သစ်ခပင်း။ ပြည်ကြီးနှင်းမူ။ စောင်းပင်းမြေကြီး။ ကျော် စောပြီးသွား။ဘုန်းမီးတောက်ရှင်။ ငါတို့ရှင်ကား။ချစ်ခင်မုန်းလို။ လွဲးလက်အိုလျှင်။မဆိုစရာ။ ဆိုစရာတည့်။ ထကာပြည်ထောင်။ ကြွားလေနောင်ကား။ ကုန်အောင်ရှက်သည်း။ဘယ်ကြောင့်နည်း ဟု။ဖြည်းဖြည်းသံမွှေ။ မေးတုံရွေလျှင်။ စေ့စေ့မကျန်။ဤသို့ပြန် က။တဖန်နောင်တ။မရှိရသည်။ ။ကိစ္စကုန်ပြီးကုန်ပြီးတည်း။

၁၃၇။ ဥတ္တမဂ်ရှုဟာမယ့် ဏူမေဇာတာဝယောဟာရာ။ ပါ တုဘူတာဒေဝရုတာ။ပဗ္ဗဇ္ဇာသမယောမမန္တီ။

သမုဒ္ဒရာ။တောင်ညာရစ်ချောင်း။ စီးသွယ်မြောင်လျက်။ ရွှေ တောင်နန်းထိပ်။မြကျွန်းရိပ်တွင်။ ရန်ရှိပ်နင်းချိုး။ ငါသတိုးလျှင်။ ဆွေမျိုးဆွေစ။ပြင်ပခပ်ရိုင်း။တူရှည်ခိုင်းလည်း။ ပိုင်းပိုင်းစက်လွှ။ ဘုန်းသာရှလျက်။တေဇကွန့်လှုံ။ ဒုနဲ့စေပျံလည်း။ မခံသည်းဘဲ။ မြေကြီးကွဲးရှင့်။ ပုလဲးမောင်ပင်။ မျက်နှာမြင်လျက်။ မာဟင်ထွား ထွား။ဒ္ဒနိသားလည်း။ ခွန်အားပြည့်ထိုက်။ ရောက်လှာ ဆိုက် ၍။တိမ်တိုက်မိုးမြင့်။တန်းခိုးလွှင့်သည်။ ဘခင့်လက်ရုံး။ သားရွှေ တုံး။ ။ပတ်ကုံးအောင်နိုင်။ အခေါင်တိုင်စိမ့်။ ဗုမ်းအိုင် ကြီး ကျယ်။ ပင်လယ် ချက်ခြင်း။ ရွက်ဖြူ နင်းက။ဒုံမင်း ကြွားတင်။ သံလွင် လက်မြောက်။ ချောက်ချောက်ကျော်စော။မြေကြောရှုပ်

ရှုပ်။ ထုပ်ထုပ်ဆတ်ဆတ်။ပြတ်ရှာဘိနိုး။တံပိုးခရော။ ကျာကျာ
မှတ်မြည်။ရွှေစည်ရွှေမောင်း။ ရွှေခေါင်းသောင်းနှင့်။ ရွှေစောင်းရွှေ
ညှင်း။သာချင်းစည်းရုပ်။ လက်ချုပ်လက်ရှစ်။ မင်းသစ်ပီလာ။သို့
သောခါဝယ်။ ကြမ္မာပွင့်မှန်း။ ယောကျ်ားဘုန်းဖြင့်။ ရှုန်းရှုန်းဖြိုး
ဖြိုး။ တိုးတိုးတက်တက်။ ပျို့ငယ်သက်က။ ကြင်ဘက်ရောင်လု။
ရံဗိုလ်ထုနှင့်။ လှုလှုပျော်ဘွယ်။ စံအံ့ရွယ်လော့။ တာတွယ်နည်း
ဗွ။မောင်ချစ်ဘလျှင်။ဝမ်းကနှောင့်နှေး။ကြောင့်ကြမြွေးမှု။ ငယ်
သွေးလွန်ပြီး။ သက်ရွယ်ကြီး၍။ ရွှေဘီးချောလျက်။ မည်းကျော
နက်သား။ မြွရက်နံ့ကျော်။ ဥသျှောင်တော်လျှင်။ မမြော်စချစ်။
ရောင်ဝါညစ်နှင့်။ အဖြစ်ထူးလဲ။ အဘော်ခွဲးလျက်။တကွဲးပတ်
ဖွေး။ ကြာညှောက်နွေးသို့။ လေးငါး ပင်ရှေ့။ ဖြူသွေ့သွေ့ကို။
ယနေ့နုတ်စေ။မြင်တုံလေက။ မွေးရေတွန့်တွန့်။ စိတ်မပြုန့်လျှင်။
လန့်လန့်ရှိမှု။သံဝေဂဖြင့်။ ။မောင့်ဘ ရွှင်မြဲးမ ရွှင်တည်း။

၁၃၈။ နိုင်ငံချွဲချို။မင်းဇာတိဝယ်။နေမိကျော်သဲး။ ဆူလှိုက်
လှဲးလျက်။ ဆကဲး လည်း ကောင်း။ ငါ့သား လောင်းမူ။ ပြောင်း
လတ်တုံခဲ့။ဇေတ္တန်လဲ့မှု။ နဲ့နဲ့နွဲ့နွဲ့နွဲ့။ရန့်ရန့် ညက်ညက်။ ဘုန်းစက်
လောင်မီး။ငါမင်းကြီး၍။သီးသီးသွယ်သွယ်။ လှတင့်တယ်သား။
မြွှယ် မည်းရောင်။ ပိတုန်းတောင်သို့။ မွဲမောင် ချစ်ဘက်။ ရှင်မ
လက်နှင့်။ ညှံ့သက်ထုံးတတ်။ လှဆုံးလွတ်က။ နတ်တရထည်။
ဟူစသည်ရှင့်။ထူးလည်နှောင်ကို။ သူထုံးဆိုသို့။ မဒိုသေးဘဲး။
တဝက်လဲးက။မွဲးမွဲးသေနာ။ အဖြူပါမူ။မေတ္တာမဲ့လျှင်း။ရက်ရော
ပြင်းသား။ သေမင်းရန်းထား။ ငတ္တိအခါးဟု။ စကားမတတ်။ တ
မန်လွှတ်တည့်။ ရွတ်ရွတ်ဖမ်းဆီး။ လည်ထက်စီး၍။ မီးမှုမဖြိုက်။
အစိမ်းကြိုက်သား။ ငရိုက်ကြောင်ဘား။ တောသစ်ကျားဝက်။
တရားမစောင့်။ မာန်ရောင့်ရောင့်လျှင်။ငင်ဆောင့်ငင်ညှစ်။ နို့အစ်
မစင်။လုလင်လတ်သူ။ဦးဖြူကြိုးကြယ်။ ယူလေသယ်သား။ ကြီး
ငယ်ဖြစ်တမ်း။ဤဘေးဘျမ်းမှ။ ငြိမ်းချမ်းသာကြွယ်။ ရှောင်လွှဲး
ပယ်အံ့။ဘယ်နှယ်မနှုန်း။နိဗ္ဗါန်ကုန်းသို့။ပြေးပုန်းမှီးခို။အောင်းလေ

လို၍။ ကုသိုလ်ဖြန့်ဖွေ။ စွန့်လတ်ထွေတည့်။ ပရမေတန်းခိုး။ တကျွန်းစိုးသား။ နေမျိုးရင်သွေး။ ရှင်ထွေးနေရာ။ ကြမ္မာကုန်မှု။ ဘုန်းခြင်းတု၍။ မညှုငုံစ။ ထက်ဘုံကလျှင်။ ရည်ချသွန်းဖြူး။ ပင်ခြေနှုးသို့။ ဆယ်ကျူးခန့်တွက်။ နောင့်အသက်တွင်။ တရက်မကျော်။ ငယ်ကျွမ်းဘော်နှင့်။ မွေ့လျော်တုံလျက်။ မိချစ်သက်ဟု။ ရင့်ထက်လည်းမြဲ။ နှလုံးကွဲ၍။ ရှည်နွဲ့းရှည်ချင်း။ သည်းရင်းသဥ္စပင်။ ကျွမ်းဝင်လှစွာ။ မြဲးသစ္စာနှင့်။ ကွာကဆွတ်ဆွတ်။ မိမျိုးမြတ်ကို။ နတ်နှင့်နှိုင်းလည်း။ ။အတိုင်းကြင်မြဲးမကြင်တည်း။

၁၃၉။ မကွေမကွာ။ ဝါသနာဖြင့်။ ခန္ဓါအသက်။ ဆက်ဘိမတတ်။ သေပြတ်ကြင်ဘွယ်။ ရှေးသေ့နှယ်ကို။ နောင်မယ်စိုးမင်း။ မျိုးသည်းရင်းဟု။ ကိုယ်ချင်းနံမှီ။ လွမ်းရှာအိလျက်။ တညီချစ်စွာ။ သင်နှင့်သာဟု။ မေတ္တာပုံရ။ အရုရုလျှင်။ ကိုယ်မှုမြင်လစ်။ တားသည်ဖြစ်အံ့။ နှုတ်ပစ်ငင်ယူ။ ဆံပင်ဖြူလျှင်။ ကလူလေနိုး။ အရှင်ကိုး၍။ ရောင်ညှိုးကျည်းမြောင်း။ ကြွက်ကယ် လောင်းကို။ မိန်ညောင်းကွယ်ထောင့်။ ရတ်မည်စောင့်သို့။ ညစ်ညောင့်ညစ်ညမ်းဝမ်းလည်းကျားတား။ စားလည်း အင်ကလိုင်။ လည်ချောင်းတိုင်လျက်။ လက်နိုင်နှိမ့်ချ။ အားရှိလှသား။ မရဏာခိုးကြီး။ မရှက်သီးမှုခရီးကျူးဖြတ်။ နှလုံးသွတ်လျက်။ ရိမတ်ရွှေမြို့။ နေမဉ္ဇူဘိုဖြင့်။ နှစ်လှိုရွှင်လန်း။ ကမ္ဗဋ္ဌာန်းနှင့်။ ရဟန်းဆောက်တည်။ ပြုလိမ့်မည်တည့်။ ငယ်ရည်ငယ်သွား။ နှုထွားထွားသား။ ငါ့သားတမူ။ ငါ့အတူလျှင်။ အယူနောက်လှဲ။ မဖေါက်လွှဲးတည့်။ ငရဲးမကြောက်။ သောက်သောက်စားစား။ တရားတိမ်းတင်း။ သားချစ်ယွင်းမှု။ သတင်းသုံးသား။ မှုထားကျင့်ညစ်။ သူခိုးဖြစ်ဟု။ အပြစ်တင်ပြဲ့။ သူကဲ့ရဲ့အံ့။ ပန်းပွဲ့မိုပါး။ မီးပွါးစည်ကြ။ ပြေးဆုတ် ထသို့။ ဒေါသ ခြောင်းခြောင်း။ မရှည်ကောင်းလည်း။ တောင်းလောင်းပြတ်တို။ ချောပစ်ဆိုက။ မျက်လိုလှတတ်။ မင်းရေးချွတ်မှု။ မှူးမတ်နည်းတုံ။ ပြည်ကြီးကြိုသော်။ အံ့၍ရန်သူ။ ချုံချုံယူလိမ့်။ မမှုစအပ်။ မှုစအပ်လျှင်။ ရွှပ်လသဖြင့်။ မကျင့်စကောင်း။ ကျင့်စကောင်းနှင့်။ အကြောင်းမျှော်

ရှု။မပြုစရာ။ပြုစရာလည်း။လိမ္မာရစ်စေ။ချမ်းသရေသို့။တိုင်းခြေပြည်သူ။ဝစဉ်ထုမှု။အလှူချကျေး။မိဘမွေးလျက်။နိုးဝေးသွားရာ။အရိပ်ပါသို့။ပြည်ရွာကွပ်သို။ပွဲပြင်ဆိုလျက်။ ထိုထိုပြည်ထောင်။ချစ်ခင်အောင်တုံ။ နောက်နောင်ဘေးမဲ့။မိတ်ဆွေ့ဖွဲ့၍။ ပြည်ထဲ့သနင်း။မင်းတို့ဘွယ်ရာ။ ကျင့်တံထွာဖြင့်။ ဆန္ဒာဒေါသ။ဘယာမောဟာ။မရှိရလျှင်။တိုင်းတွကြီသိး။ ဈေးအတီးနှင့်။ ရေးကြီးသမား။ မြို့စွန်စားလျက်။ လက်နားလက်စောင်း။ ကျွန်ကောင်းငယ်ဘော်။မှုထမ်းကျော်ကို။ မျက်မြော်လက်နှိပ်။ ပြည်လယ်သိပ်၍။ အိပ်လည်းငြိမ်းစေ။ နေလည်း ငြိမ်းလျက်။ တိုင်ပင်ဘက်သား။တက်သက်ခစား။မတ်ကြီးအားလည်း။ ထံပါးမကာင်း။နှလုံးသွင်း၍။ ရန်းတင်းမဆို။ ရွှန္နတ်ချိုနှင့်။ တင်လိုသသူ။ သင့်အောင်မှုသား။လူ၏အဖြစ်။ကောင်းတုံလစ်သည်။ ။အပြစ်တင်မြဲမတင်တည်း။

၁၄၀။ ဝတ္ထာ ပုရိမရာဇာဝိယပဗ္ဗဇ္ဇိတ္ထာ။ တသ္မိံယောဝ အမ္ဗဝနေ။ ဝိဟာရန္တော။ဗြဟ္မဝိဟာရေ၊ဘာဝေတွာ။ဗြဟ္မလောကပရာယနော အဟောသိ။တဿပဗ္ဗဇ္ဇိတဘာဝံ။ အာဝိကရောန္တော။ သတ္ထာ ဩဿာနဂါထာမာဟ။

ဤသို့ဟူ၍။ဇမ္ဗူကျွန်းလုံး။ကျယ်ဝန်းရုံးက။ မင်းဆုံးနေမိ။သိရိဘဝနာ။အတိတျာသါး။မဟါသိဟာရာဇ်။သတိုးမြစ်လျှင်။ပယ်ဏှစ်တျင်းတျင်း။ဘုန်းသါခွင်းက။ရန်တင်းမြုပ်တိမ်။သူ့စည်းစိမ်လည်း။နင်းနှိမ်မကျိုး။ ပွါးတိုးခိုင်ကျည်။ မိမိပြည်လည်း။အရှည်ချမ်းသာ။ဖြစ်စေဌါလျှင်။လိမ္မာကျစ်လျစ်။သားတော်ချစ်ကို။ထစ်ထစ်ထက်ထက်။ နတ်ရွှေစက်နှင့်။ ပြက်ပြက် ပြုံ့ပြုံ့။ မင်းရေးပွဲလျက်။နွဲ့နွဲ့ပုံပြင်။ ပေါ်ရုံတင်လျက်။ နတ်ပင်ရည်ရောင်။မြဲချသို့နှောင်သို့။ တထောင် ကြောဝိမ်း။ ပြည့်ရှိမ်းရှိမ်းမှု။ တိမ်းတိမ်းညွတ်ညွတ်။ဆွတ်ဆွတ်ပျော့ပျော့။မော့လသည်ချည်း။ အပည်းပည်းသား။ရလည်းဝေဝေ။ ဖြင်မျှရွှေဝယ်။ လှနေမယုတ်။ လှော်ချတ်စဲးစဲး။ရဲရဲမြူးမြူး။သောက်ရှူးဝင်းဝင်း။ရှင်းရှင်းတွန့်တွန့်။ဖွံ့

ဖွံ့ပွတ်ပွတ်။သူဇာနတ်သို့။ မျိုးမြတ်လွန်ကြွင်။ တောင်နန်းရှင်နှင့်။
တိုင်းခွင် ပည်းထု။ ထီးဖြူရတနာ။ ပြည်ကြီးစွာကို။ အာသာလုံး
ပြတ်။မိမှတ်၍။မြတ်ထွတ်ရှာမှီး။ မဂ်ခရီးဖြင့်။သစ်သီးချိုချည်။
ထိုဥယာဉ်၌။မင်းစည်မင်းဆက်။ တောသျှင်ထွက်က။ပျက်စလို
တိုင်း။စိတ်ဆင်ရိုင်းကို။လက်ခိုင်းဥာဏ်မြတ်။ စိဖြန်းသတ်လျက်။
နေမှတ်ငြိမ်းချမ်း။သူတော်တမ်းဖြင့်။သင်္ခမ်းကျိန်း၌။နေရာတူရူ။
ဝင်တော်မူက။ အဖြူလဲ့ချွတ်။ လျှော်တေဝတ်နှင့်။ လူနတ်ချစ်မှူ။
ရဟန်းပြု၍။စတုမရူ။ ဩဇာဟုလည်း။ မယူဝမ်းစာ။ သစ်သီး
သာလျှင်။ ခန္ဓာမျှတ။ အနိစ္စနှင့်။ ဒုက္ခဖြစ်ပျက်။ လည်ကာဖက်
လည်း။ လေ့ကျက်ရွတ်ဆို။ ဗြဟ္မစိုရ်သတင်း။ ဖြူဝင်းလှပ်လှပ်။
နေ့တိုင်းဖွပ်၍။ရုံထပ်ရွှရွ။တဆွဆွလျှင်။ သီလစင်ပွန်။ ကသိုဏ်း
ဈာန်နှင့်။အလွန်သာစည်။ဗြဟ္မာပြည်သို့။ ။တလည်ရောက်
လေတုံသတည်း။

၁၄၁။ ဗြဟ္မဝိဟာ။ဘာဝနာနှင့်။အရိယာသူတော်။နေမွေ့
လျော်လျက်။မြိုက်ဘော်ရှာဆည်း။တယောက်ထည်းလျှင်။ မည်
လည်းသွားလား။ ဘဝါးစပ်ကျင်။ခြင်ယင်ကိုက်ခဲ။သားဥဂ်ရဲ
လည်း။တောထဲရပ်မြေ။ကျိန်းဝပ်တွေ့နှင့်။ မှည့်ကြွေညှာပြတ်။
လေပြည် ခတ် က။ ထိမ်းလတ် ကောက်ကွေ့။ ဖြစ်သရွေ့လည်း။
ရသေ့ တို့ဆွမ်း။ မြိန်စတမ်းဟု။ စွတ် ရွှမ်း မိုးလ။ နှင်းဖြိုးကျ
လျက်။ချမ်းမြဟူသောက်။ဆောင်းအလျော်လည်း။လျှော်ခေါက်
ခင်းပြန့်။ရုံပေါ်ဖြန့်လျက်။နိဗ္ဗါန့်အမြစ်။သစ်တပင်ကြီး။သစ်ရွက်
ထီးက။ရှာမှီးမပန်း။ကျောင်းတခန်းဟု။တွေဆန်းမကြာ။ စိတ်ကိုနွဲ့
လျက်။သဉ်းခံခန္တီ။ပါရမီမြဘ်ထွတ်။ဗောဓိသတ်တို့။ ကျင့်ဝတ်
ဖြောင့်ဖြောင့်။သနောင့်သနား။သွေးသားဖျော့ဖျော့။ လျော့လျော့
ကြုံယုတ်။ကြာဂမုဒ်ကို။နုတ်၍နေပူ။လှမ်းဘိမူကား။ လူလူချပ်ရုံ။
ဝတ်ခံမြရိုး။သမ်းမည်းညှိုးသို့။ တန်းခိုးလွန်မင်း။ဘုန်းတော်ပြင်း
လည်း။ချက်ခြင်းပြယ်ညှံ့။တာတွယ်ငံ့မူ။မျှော်မွေးလုံ။ သတင်းပုံမျှ
သင့်ယုံယုတ်စိုး။နှမြောနိုး၍။ကြံခိုးနေဘက်။နုတ်ပွက်ပြသ။ နိက္ခ

မဖြင့်။လင်္ကာဇာ့ရှင်။နံပင်နဝင်း။တြွင်းဂြိုဟ်စား။နံကိုးပါးလည်း။ သမားခေါ်ဝေး။မဆွေးနွေးတဲ့။ စွန့်ရေးစူးရှူး။ ကိုယ်တော်ထူး ဖြင့်။ညွှတ်နူးကြည်စွာ။ပြည့်ကိုခွါ၍။သဒ္ဒါပင်စည်။ရှင်ပြုသည့်ကို။ မထေရ်သဃ်ာ။မှတ်ကုန်နာပဲ့။သဒ္ဒါခေါ်တ်ရပ်။ဝိဘတ်အုပ်သား။ နည်းချုပ်အဆုံး။ ဂါထာရုံးလျက်။တလုံးအနက်။ ခါထွက်ဘိတ် ယို။သက်လုံးဆိုလည်း။အိုသော်အိုစံ့။နှုတ်မဆံ့လျှင်။နံ့နံ့ငယ်ပျိုး။ သဝေထိုးလည်း။ကျမ်းရိုးမပျက်။ဝိတက်ဒဏ္ဍီ။ဆန်းအညီလျှင်။ ရာသီနှစ်ပိုင်း။ထိုးထိုးထိုင်းတည့်၊ မှိုင်းမှိုင်းလဆင်။မှန်တိုင်းရှင် နှင့်။မင်းလွင်ကျူးမြည်။တန်ခူးလည်က။ ညွှန့်ရှည်သရစ်။ ကျေး ငှက်ရစ်မျှ။ နံ့သစ် ပျံ့မှုန်း။ ပွင့်တုန်းတုန်းသာ။ ဂမုန်း ထူပြော။ ဥယျာဉ်တောဝယ်။ရှင်စောမြတ်ဖျား။ဤသို့ကြားသည်။ ။တရေး အနှစ်ပုံသတည်း။

၁၄၂။ ဇာဒိဝတ္ထုနေမိရာဇာ။ဝေဒေဟောမိထိလင်္ဂဟော။ ပုထုယည်ယဇ်တွာန။သမယံပဗ္ဗဇ္ဇာဂမိ။

ရှစ်သောင်းလေးထောင်။နက်ချောင်ဇွမ်းကျယ်။ပင်လယ်ဝန်း ဝန်း။သဘော်ာထွန်းသား။လေးကျွန်းမျက်နှာ။ခေါင်းတည်ရာဌ။ကြီး စွာဗဟိုဋ္ဌ။မြင့်မိုရ်ရောက်ထည့်။မတ်မတ်တည့်မှု။ တရှည့်မနိုး။ တောင်နိုးလက်အောက်။ယုဂန် ပေါက်သား။ အောက်လည်းတ သွန်။ခုနစ်တန်မှ။ လှည်းသန်တူယောင်။လူသုံးထောင်ဟု။မြရောင် တဘ်စွန်း။တောင်ညာကျွန်းလျှင်။ကူသန်းပြည့်သိပ်။ နိဗ္ဗာန်ဆိပ် ဖြင့်။အဇိပ်နေကြ။ ပြင်ပတပါး။ ထွက်၍သွားက။ လှံထားဆူး ညောင့်။ဆီးတားစောင့်သား။ တထောင့်ငါးရာ။ သူနိုးရွာမှ။ချမ်း သာတောင်ခိုင်။ ကောင်းခေါင် တိုင်သို့။ နေထိုင် အောင်မြင်။ ငါ ဆောင်တင်၍။ပဉ္စင်သာမဏော။ငြိမ့်ငြိမ့်ခြေမျှ။ဇာနေ္ဒြတည်းချုပ်။ စိတ်မလှုပ်လျှင်။လက်အုပ်ရမြော်။ ဈာန်နှဘော်ကြောင့်။ ရွှင်ပျော် ပျံ့ပျူး။ဂုဏ်ရောင်မြူးသည်။ ကျေးဇူးမှည့်လွယ်၊ တပည့်ကြွယ် တို့။ ။ပေါယယ်ကုန်အောင်။နှားတို့ထောင်လော့။သွေးဆောင် ကြမ္မာ။ သဏ္ဍာဝါကြီးငယ်။ငါးသွယ်ဖျောက်ဖျောက်။ ပင်ရောက်

နှုမြစ်။အသစ်သစ်တိ။ အမြစ်မသေ။လှေမောင်းခွေသား။ ကိလေ
နွယ်ဖြာ။သံသရာတွင်။သေရာမပြန်။ ခပ်မြောက်လွန်သား။ဆန္ဒန်
ဆယ်အား။ငါဘုရားလျှင်။လူ့သားတွင်ဘက်။ ကြောက်မက်လန့်
ဖြို။ကျွန်းလုံးဆိုမျှ။သံကိုသံချင်း။ စက်နှင့်ထွင်းသော်။ သင်းသင်း
ကြွပ်ကြွပ်။ရှပ်ရှပ်နှိုက်ဘောက်။ လက်နိုင်ပေါက်သို့။ ကျောက်
ကိုကျောက်ဘော်။ ခတ်တုံသော်လည်း။ တေဇော်ဟိုက်ဟာက်။
မီးလျှံထွက်သို့။စက်ဝရဇိန်။မိုးပုဆိန်ကို။ လက်ချိန်ပစ်လွှဲ။ ခြမ်း
ခြမ်းကွဲလျှက်။ ရဲရဲ တောက်လျှည်။ လွှားလွှားစည်သို့။ ဆွယ်
ရှည်ဦးငေါ်။ မထွက်ပေါ်တည့်။ ပြည်တော် အချာ။ မိဓိလာဟု။
မည်သာဆိုလျှက်။နဂိုရ်ချက်၌။ ဘဝဂ်ထိထိ။ မန္တာတ်ရှိ၍။နေမိ
ဘွဲ့တင်း။ ငါသည်မင်းလျှင်။ လက်ရင်းသိပ်ချည်း။ ရာဟုညှည်း
သို့။စည်းမသိကြောင့်။ နှုလုံးထောင့်လည်း။ အောင့်အောင့် ကျွတ်
ကျွတ်။ ကွယ်ရာတတ်ဟု။ လွတ်လွတ်ပြေးလို့။ ကြောက်သူသို့
လျှင်။မင်းရိုးကြီဘက်။တန်းခိုးနှက်သည်။ ။လက်နက်စမ္ပုလုံး
လုံးတည်း။

၁၄၃။ ဗေါဓိရောက်ရာ။ မြေမျက်နှာထက်။ မိန္ဓာအောင်
ချက်။ ဖူးခေါင် ခက်က။ ပေါ်ထွက် ညွှန့်လန်း။ သစ္စာပန်းကို။
ဉာဏ်ချွန်းဆွတ်ချ။ သမ္ဗုဒ္ဓဟု။အရှုယ်ချောင်း။ လုံ့လကောင်း
ဖြင့်။ ရင့်ညောင်းသမ္ဘာ။ရှုမ်းဝါဝါလျှင်။ အာဏာထိတော့။အိအိ
ပျော့မျှ။ပျော့ပျော့ရှိဘွယ်။အရှိရှုယ်သား။ တကွယ်မမြင်။ဖြစ်တုံ
ခြင်လည်း။ ရပ်ထင်ပြည်ရွာ။မင်းတကာကို။ကရုဏာပုံ။ မေတ္တာ
ထုံလျှက်။အင်ရုံခိုင်ဖြိုး။ငါ့ပြည်ကြီး၌ ကွမ်းသီးပိုးထိုး။ကွမ်းရွက်
ညှိုးက။ မြတ်နိုးလှည့်ဘွယ်။ အကယ်ကယ်သို့။ တင့်တယ်အမှု။
ရှင့်ကိုလှူသား။လူလည်းငါ့ရွာ။မရှိရာတည့်။ လိမ္မာပုံ့ပြင်။ငါလျှင်
သင်က။ နတ်ခွင်မှိုးမှိုး။ ခရီးပေါင်းစည်း။တကြောင်းတည်းဖြင့်။
ငါ့ချည်းမသွား။ ငါ့နောက်များလျှက်။ တံတားလျှော်လျှော်။လက်
ထောက်တောင်ဇွေး။ ရွှေပြေးဆရာ။လမ်းသာသာနှင့်။ ဂန္တာရဂုံ။
တောအုံမျက်မည်း။ဆူးချုံလှည်းလျှက်။ စောင့်စည်းမြင်သိ။လွှင်

တိတိလျှင်။ မျက်စိမှိုင်းမှိုင်း။ တိမ်နှယ်ဆိုင်းမျှ။ ထိုင်းထိုင်းထက်ထက်။ညည့်နက်မှောင်ငေ့။ မရှိရော့တည့်။တောင်လေဟူးဟူး။ရေလည်းရူးလျက်။ကူးလည်းမလွယ်။ မြစ်ပင်လယ်ကို။ သွယ်လှယ်ပို့ထား။ကူးတို့လားလျှင်။တရားနောက်မှိ။ ပစ္စုသိနှင့်။တညီကိုယ်ယုံ။ကသိုလ်ခြို၍။ပည်းပုံမြားမြောင်။ လူကုန်အောင်ကို။ ။မင်းခေါင်နတ်ရွာရုံးရုံးတည်း။

၁၄၄။ ဝိဒေဟရာဇ်။ ဇာတိခေတ်၌။ ဖြစ်စခေါက်ရက်။ နန်းဆက်နန်းပိုင်း။သမိုင်းရှည်လျား။ မော်ကွန်းထားမျှ။ဘုရားပွင့်လျှာ။ ထိုရော်ငါလျှင်။ကြေညာဇွံချိုး။အလှူကြီးနှင့်။ပုတီးမကွာ။ ရတနာသုံးပါး။ဦးထက်ထားလျက်။ ကြီးမားသွယ်ခေါင်။မြင့်မိုရ်တောင်လည်း။မထောင်ထားနိုင်။ အခါတိုင်က။ယွတ်ယိုင်လည်းဖြို။ ငတ်ကိုယ်ကား။ သူဒိုသူလတ်။သွားတတ်တော့တ။ အနိစ္စတရား။မြဲမှတ်သားလျက်။ ပျို့ရှားလေးလေး။တဇေလျှင်။မွေးစွာသိလ။ ဖြူဆွဆွနှင့်။ ငါဦးခေါင်း တော်။ ဆံဖြူ မျှော်က။ မပျော်လှည့်ဒီ။ပြည့်ခွံဆီကို။ ညှိညှိုတောက်တောက်။တံထွေးပေါက်သို့။ရွံမှောက်စောထွတ်။ နှလုံးမြတ်၍။လှဲ့ချွတ်ပစ္စု။ ခွံထုလျှော်တော။ သစ်နက်ရေနှင့်။သွယ်ခွေကျစ်ထုံး။ နှလုံးရည်မွေ့။ ရသေ့ဆောက်တည်။ပြုတော့မည်ဟု။ရည်လတုံပြီး။ငါစောထီးကို။သီးသီးရောင်ရောင်။မိထွတ်ခေါင်နှင့်။ သားမောင်ခမည်း။ ဆွေနည်းလွန်ကြင်။ ကျွမ်းဝင် မြောက်သား။ မဲ့ကိုထား၍။ သနားသဖြင့်။ မစွန့်လင့်ဟု။အခွင့်ရကြောင်း။ တချောင်းချောင်းလျှင်။ နွဲ့နှောင်းခေါက်ချိုး။ ပြင်ယောင် ညှိုးနှင့်။ လွမ်းဖိုးမိန်းရှူး။ မြေဝယ်လူးမျှ။ ကျေးဇူးသခင်။ ငယ်လင်မွေးဘ။ရှင်စောလှတည့်။ရှနဘနန်း။ဖန်ရည်မြန်းသား။သက်နီးဝတ်ချင်။တောချောင်ဝင်က။ကောင်းကင်လျက်ကဲ့။လတည်းမဲ့မူ။ကြဲ့အတိသာ။ရှိပလှည့်ကာ။ မရောင်ဝါသို့။ပမာတချ။ဒေါင်းအဥကို။ ပုလုကွေးလွေး။ စာသလေးလျှင်။ နွေးနွေး ရင်ဝ။ တောင်ပံချလျက်။ ဌက်မပီပီ။ တညီနေ့တိုင်။ မအုပ်နိုင်သို့။ခရိုင်သဘင်။ ပည်းဖြင်မရှား။ပြည်ကြီးအားကို။ ချစ်

သားရောင်နှု။အမှုမခံ့။ညှံ့ညှံ့လျှစ်လျူ။ ယမန်သူ့နှင့်။ ပြုမှုမတည်။
ပျက်တော့မည်ဟု။ မျက်ရည်စွတ်စို။ လွမ်းဆွတ်ငိုလျက်။ကြောင်
ကိုယ်နှစ်သိမ့်။ရောင်ငြိမ့်ငြိမ့်နှင့်။ကွဲးစိမ့်မည်တဲ့။ဘယ်နှတ်ပွဲ၍။
လဲ့လဲ့ချစ်တုန်း။မိခင်ဘုန်းကို။ရုန်းဘိသနည်း။ မယ်လျှချည်းလျှင်
ဦးသည်းလောင်ပျှံ။ရှိရစ်တုံ့ဟု။ဝတ်ဆုံ့သဘွယ်။သွယ်သွယ်ခြေ
ညှိုး။ ငါ့ဖမိုးထက်။ရှိခိုးကြည်ညို။ ပန်ထွာဆိုလည်း၊ မင်ဖိုလ်ရှာ
ဟန်။အမွှဝန်၌။နေသန်ကျိန်းလျှောင်း။ကျောင်းကားသမ်မ်း။သစ်
သီးလှမ်းလည်း။နူကြမ်းမရွေး။ခွံရေနွေးသား။ချိုလေးဖန်ခါး။နေ့
တိုင်းစားလျက်။ခွန်အါးကြုံလျော့။ငုံ့ရွှေပျော့မှု။ကော့ကော့ဆံငတ်။
ရောင်လျှံသွတ်၍။လှမြတ်တင့်ရဲ။မပွင့်ဘဲသို့။ကောါထဲဝင်ချည်း။
စိတ်ကိုညှည်းလျက်။မည်းမည်းမွေးရေ။ကြင့်မြတ်ထွေဖြင့်။ သဉ်
ထွေလိုက်လှဲ့။ပင်လယ်သဲမှု။ကြလဲးဘိန့်ဘိန့်။မိုးမြေသိန့်မှု။ထိန့်
ထိန့်အုံ့အောဉ်။ အလွန်ကျော်သား။ ဘေးတော်မဿုပိုး။ ရှင်သတိုး
က။ တန်းခိုးဆင့်လောင်း။ မင်းအပေါင်းဖြင့်။ ရှစ်သောင်း လေး
ထောင်။ ကုန်အောင်မပြည့်။ နှစ်ယောက်ထည့်တွင်။ ပြည့်လတုံ
ခြင်း။အကျန်ကြွင်းဖြင့်။သတင်းသုံးလျှည်။ဤဥယာည်၌။ကျင့်စဉ်
ကျင့်ချင်။ပြည်ကဝင်သည်။ ။ငါလျှင်မင်းဖျားအဆုံးတည်း။

မဟာဘိနိက္ခမပဗ္ဗဇ္ဇခန်းပြီး၏။

---

## ၁၅။ ဇာတ်တော်ကိုပေါင်းခန်း။

၁၄၅။ သတ္တာဏူမံဓမ္မဒေသနံအာဟရိတွာနဘိက္ခဝေ။ ဏဒါ
နေဝပုဗ္ဗေပိတထာဂတော။ မဟာဘိနိက္ခမနံ နိက္ခန္တောယေဝ
တိဝတွာ ဇာတကံသမောဓါနေသိ။ တဒါသက္ကောအနုရုဒ္ဓေါအ
ဟောသိ။ မာတလိဒေဝပုတ္တောအာနန္ဒောအဟောသိ။ စတုရာသိ
တိရာဇပရိသာဗုဒ္ဓပရိသာအဟောသုံ။ နေမိရာဇာပန အဟမေဝ
သမ္မာသမ္ဗုဒ္ဓေါလောကေ။ဥဒပါဒိ။

ဤသို့စေ့ရုံ။ ဟော လတုံလျက်။ သုံးဘုံ မှောင်လှစ်။ ဥာဏ်
ရောင်ထစ်သား။ ရှင်ချစ်ရှင်ရင်း။ သကျော့မင်းကား။ရှင်းရှင်း အခ
ဝိဇ္ဇာ။ မြေးခွံခွါမှ။နိဗ္ဗာရမ္မဏ။မြိုက်ရည်မြန်နှင့်။ ဖလသမာပါတ်။
ချာန်မြတ်ချမ်းချမ်း။ တ ရွှမ်း ရွှမ်းလျှင်။ ပွမ်းပွမ်းသွန်းဖြိုး။ကိုယ်
လုံးချိုးလျက်။ တန်းခိုးဆန်တက်။ ကျော်ဇွန်းပွက်မျှ။ ပယ်ဖျက်
ရိုက်မှောင်။ဂုဏ်တန် ဆောင်ဖြင့်။ပြောင်ပြောင် ထွန်းလျှံ။ ထက်
ဝန်းပျံသည်။ငါ့ထံတသွန်။ဘပည့်ပွန်တို့။ ။ဗိမာန်တူလျော်။
ဖြိုမ့်ချမ်းပျော်လျက်။ အခေါ်ဘဏီ။ဗိုလ်ပါမှိသား။ကပိလဝတ်။
ပြည်မြတ်သာခေါင်။နန်းသုံးဆောင်ကို။ရှောင်ရှောင်ခွါခွါ။ သံသ
ရာယုံမြောက်။ခွါကြိုချောက်သို့။ မိုးလောက်ညှိသွင်။ထိမထင်၍။
ကိုယ်ပင်ပေါက်ကြီး။ တယောက်ထီးဖြင့်။ သီးသီးကြံပြု။စွန့်ကြဲး
မှုကား။ ယခုချက်မြင်။ ဤသာလျှင်ဟု။ ထင်ထင်ပြောပ။ မဆိုရ
တည့်။ ရှေးကသောလည်း။ပျော်ရာချည်းလျက်။မနည်းမွေးရေ။
မျည်းခွေလေမျှ။ သံဝေလန့်ဆော့။ စွန့်သည်သော့ဟု။ရှင်စော့သ
တင်း။တောထွက်ခြင်းကို။အရင်းအဖျား။ စကားဆုံးစ။ဟောရုံမျှ
တည့်။ ဗုဒ္ဓစက္ခု။ သဗ္ဗညုဖြင့်။ ဝတ္တုနည်းရိုး။ ကမ္ဗည်း ထိုးမျှ။
ကောင်းကျိုးဝေဘို့။ ရွှင်နှစ်လို့လျက်။ ဤသို့တကြောင်း။ ဓာတ်
တော်ပေါင်းသည်။ ။ရိုက်ညောင်းကြားလှို့ သံဒှန်တည်း။

၁၄၆။ ထိုရောအခါ။နတ်ရွာစိုးဆောင်။ရန်ငြိုးရှောင်လျက်။
ရွှေတောင် ထိပ်စွန်း။ မြင့်မိုရ်ခန်းက။ခင်ပွန်းမိတ်ဆွေ။ချစ်ရိုသေ
သော်။ဝေဇယန္တာ။ရထားသာနှင့်။ရတနာမျက်ရှင်။ တန်ဆာဆင်
လျက်။ခြေလျှင်မြင်းဟုန်။ဂဠုန်ရွှေဌက်။ပျံဖြိုးထွက်သို့။နတ်ဆက်
ကြင်သူ။တင်ချေဟူသား။အယူကောင်းမြတ်။ သကြားနတ်ကား။
ရဟာတ်စက်သွင်။ ဘုံသုံးခွင်ဝယ်။ကျော်ထင်ဇွန်တက်။ငါ့လက်
ထက်၌။ဖြစ်ဆက်ကြိုက်လှာ။ ယခုခါ၌။ပြင်ချော်လှာထွား။ နှယ်မ
ပြားတည့်။ထင်ရှားသောတိ။ဘုန်းတန်းရှိစွ။ မွေးမိကြံစဉ်။ရွှေခွက်
တည်က။ဆိရည် ရွှမ်းယို။အလိုလိုလျှင်။မြိန်ချိုလောက်လောက်။
ကြိုင်ပေါက်မျှ။မောက်မောက်စုံလှည့်။ရိုးအပြည့်တည့်။ခမည့်း

ဆွေမျိုး။ ချိုပိုးထိန်းယာ။ခပ်သိမ်းစသား။ပြင်ပတိုင်းခြေ။ ကြားတုံ
လေလည်း။ ဖြစ်ထွေမောင်မျို။ စားဥါပို့ဟု။ ကုသိုလ် ကျိုးစက်။
မြတ်နိုးလျက်ထည့်။ ရမ္မက်ကြေးညှော်။ဖွတ်ဆေးလျှော် အံ့။သူ
တော်စိတ်ဆွတ်။ ညွတ်ကြီးညွတ်၍။ မြတ်ထွတ်လှမှု။ ရဟန်းပြု
က။အနုရုဒ္ဓါ။တွင်မည်သာနှင့်။ပညာလျှင်မြတ်။ ပန်းနှယ်ဆွတ်မျှ။
ပိဋကတ်သုံးပုံ။နှုတ်ဝယ်ငုံလျက်။လုံးစုံသိပ်ထည့်။ ကျေးဇူးပြည့်
သည်။ ။တပည့်ရှင်ကောင်းရှင်မွန်တည်း။

၁၄၇။ ထိုရောခါတုံ။ လေးကျွန်းဆုံက။ ရွှေဘုံ ယည်သာ။
နတ်စကြာနှင့်။တင်လှာမှုချိ။မာတလိကား။ဇာတိဖန်များ။ ရဟာတ်
ချားသို့။သနားလှည့်ထွေ။ လည်တုံလေလျက်။သန္တေတော်လှ။ဤ
ဘဝဝယ်။ ငါ့ဘထွေးသား။ ရင်သည်း ကြားတည့်။ မပြားမျိုး
ကြွယ်။မင်းရိုးနွယ်၏။ဆင်းရွယ်လှနိုင်း။နွဲ့နွဲ့ ကျိုင်းလျက်။ တိုင်း
သော်ညီချစ်။လက်လေးသစ်လျှင်။စင်စစ်နှစ်သိမ့်။ ငါ့အောက်နိမ့်
၍။ မြိန်ဆိမ့်သာရ။ မြိုက်ဓမ္မကို။အရစွဲစွဲ။ နှလုံးထဲက။ နက်နဲ
လှည့် ထွန်း။ ကြိုစဟန် လည်း။ ယည်ထန် ဩဇာ။ နစ်မွန်း ကြ
လျက်။မောဟမြွေးထုပ်။ စေးချုံရုပ်တွင်။မြဲချုပ်တစ်လစ်။ဆင်း
ရဲ့နစ်သား။ အဖြစ်ယုတ်မာ။ သတ္တဝါကား။ ချမ်းသာ တကြိမ်။
စိုးရိမ်တစ။ စိတ်ဒုက္ခနှင့်။ ကြောင့်ကြ နှိပ်စက်။ ချိုင့်လှောင်ဌက်
လျှင်။ ပျံထွက်လိုလွန့်။ စိတ်မပြန့်သို့။ ကျွန့်အဖြစ်ပက်။ သေမင်း
လက်မှ။ခက်ခက်ငြင်းဆန်။ခြေစုံကန်လျက်။နိဗ္ဗာန်မြော်တုံ။ကျွန်း
မော်ခုံသို့၊ကိုယ်ယုံလွတ်ချင်။သူတော်ခွင်၌။ပြေးဝင်ပူးယှည့်။ စိတ်
ယည့်ယည့်လျှင်။စိမ်းချည့်သံယော်။ ကျွန်ပျက်ချော်ကို။ မတော်
သော့အား။ဉာဏ်စက်သွားနှင့်။ လွှားလွှားဖြတ်ချတ်။ ပျက်ကြွတ်
ကိုးပါး။ကျိုးမွဲ့အားလည်း။ တရေးသုတ်သင်။သင်းချောစင်စိမ့်။ ငါ
တွင်ယာခ။ရဟန်းပြု၍။ဆုလည်းရှစ်ပါး။လုပ်ကျွေးထားလျက်။ရှည်
လျားအမှု၊လုံ့လပြုသော်။ ညစ်ကျုကိုလေ။ မဂ်တွင်ကြွေက။ ရွှေ
သတိနှယ်။သန့်စင်ကြွယ်လျက်။ ပင်လယ်စီးလွှတ်။နက်ဆုံးဖြတ်
သား။ပိဋကတ်သုံးဆိုင်။သူနှင့်ပြိုင်လည်း။တတ်နိုင်သည်သာ။ ရွ

ရွှပါမျှ။နည်းနာထုတ်ထုတ်။ နှုတ်မဆုံလေ။အုံလေးတွေနှင့်။လွှတ်စေတေဒက်။ငါးခါပွက်လည်း။ဘဝဂ်ညိတ်ညိတ်။ ညာကြေမိတ်မှု။ထိတ်ထိတ်လည်းကောင်း။ပဲ့တင်ခြောင်းသည်။ ။ရွှေကျောင်းစိုးလျက်အခံနန်တည်း။

၁၄၀။ ထိုရေခါကာလ။ထိုဌာနဌ်။အမျှေးမှိရာ။သာမောစွာလျက်။ဂင်္ဂါသွယ်ရစ်။ပင်လယ်မြစ်လည်း။ ရစ်လတုံဘိ။ တုမရှိသား။မိမိလာမည်။မင်းနေပြည်တွင်။သာကြည်နှစ်ထောင်း။ တစုပေါင်းသော်။ ရှစ်သောင်းလေးထောင်။ ကုန်အောင်မှူးမတ်။ ပရိသတ်လည်း။ညီညွတ်တကွ။ထိုဌာနဝယ်။တရွေးလေးဆဲ့။ လေးချဖွဲ့သား။ တွဲ့တွဲ့လေးပင်။ သိလအင်နှင့်။ ချိုင်မဲ့ဘဲ။ စွန့်ရဲးရဲးလျှင်။ ဖြန့်ကြဲးရေဘိတ်။ ကုသိုလ် စိတ်နှင့်။ တရိုးစွာနံ။ သတံပေါတိ။တရားချိသော်။သိသိယုံယုံ။ထုံးနည်းပုံလည်း။ ကြေးမုံထိပ်ဝယ်။ အရိပ် နှယ်သို့။ ချိသယ်ပိုးရွက်။ ရန့်တက် မြေမိုး။ ညွန့်ညွန့်ဖြိုးသို့။ အကျိုးအကြောင်း။ တချောင်းဆုံးဖြတ်။ နှလုံးမှတ်သည်။ မြတ်မြတ်ယုတ်ယုတ်။ ဆုတ်ဆုတ်တက်တက်။ ဝှန်ထွက်ခရီး။အသီးသီးလျှင်။ပြောင်းပြီးပြောင်းပြန်။ဘုံသုံးတန်ဝယ်။ ဖြစ်ဟန်သြလဲး။ ငှက်နှယ်ဝဲးလျက်။ဆင်းရဲးကြိမ်မှိုင်။မခံနိုင်တည့်။ မထွန်းိုင်ထိပ်ပြင်။ ငါအောင်မြင်က။ ဖြိုနှင်ဥပတ်။ ငါ့မှာလွတ်ဟု။ ညွှတ်လတုံရှောင်း။ငါ့မှာအောင်းအုံ။ ငါ့ကျောင်းရေကဲရောက်။ ငါ့နောက်လိုက်လိုက်။ငါနိုက်ခခ။ဆုံးမနာနာ။အနှစ်သာလျှင်။ဂါထာသိမ်မွေ့။ဟောသနေ့ဝယ်။ တွေ့တွေ့မှတ်လှ။ အကျွတ်ရ၍။မရဏကင်းစေ့ငံ့။ ငင်ညွှင်းဆောင့်သား။ ကွယ်ထောင့်ပုန်းနေ။ဥပဒ္ဒွေကို။လာစေခြိမ်းနှံ့။ ကြိမ်းပသံလျက်။ သည်းခံသက်သက်။ ရမ္မက်ဆေးကြော။ မြစ်တွင်မျှောသို့။ သဘောဖြူဆွတ်။ လူ့နှင့်နတ်ကို။ခြေချွတ်ရောင်ရောင်။ကယ်ပို့ဆောင်လျက်။ စောင်းထောင်မြေလွှာ။မေတ္တာနှုတ်သီး။ဘုန်းမိုးစီးလည်း။ဝေးနီးနှံ့ပြေး။ ချမ်းဇေလျှင်။မွေးစရသို့။ ငါနှစ်လိုလျက်။ရွှေမြို့အောင်ခန်း။ နိဗ္ဗာန်

ကျွန်းသို့။စွန်းစွန်းထုတ်ချောက်။လုံးစုံရောက်သည်။ ။တယောံ
မကြွင်းမကျန်တည်း။

၁၄၉။ တိုရောအခါ။ ထိုပြည်သာဌ်။ ရာဇာနွှင်နွှင်။ ထက်
ဝန်းကျင်မှ။ မွမ်းဖြင်စိုးဆောင်။ မင်းကုန်အောင်ကို။ စွယ်ခေါင်
ချီးဖြုတ်။ တန်ခိုးနုတ်လျက်။ လှိုးခုတ်စက်သွား။ ဘုန်းတော်အား
လည်း။လန့်ကြားသောတိ။စောနေမိကား။ဘူရိပညာ။လွှံ့မေတ္တာ
နှင့်။ ဘာဝနာဆကဲး။လှူစွန့်ကြဲးလျက်။ငရဲလက်မှ။ လွတ်ချင်စွာ့
ဟု။တလသော်လည်း။သူ့တိုက်စည်းတွင်။ ချုပ်တည်းငြိလျက်။
ပိတ်တိုင်းရှက်သား။ ကွန်ရက်ပမာ။ အဝိဇ္ဇာနှင့်။ တဏှာဖနှောင်
ချည်။ ဘုံသုံးပြည်ဝယ်။ ကျင်လည်တုံလျက်။ ဝဲသည်ဌက်သို့။
အောက်ထက်ပြန်ပြောင်း။ ဘုရားလောင်းတို့။ မကောင်းတချက်။
ကောင်းတချက်လည်း။ယုံ့ကွက်ရွှေရွတ်။ နောက်မဆုတ်တည့်
စုတ်စုတ်တိုးဝင်။ ကြိုးအင်လွန်စွာ။ သံသရာဌ်။ မိဿ ပြောထူ
ပျက်ချော်လူနှင့်။ ဆယ်ယူဇနာ။ဝေးလေကွာလျက်။ ကြမ္မာသွေး
ငင်။ မတွေ့ချင်ဟု။ ဘုရင်မင်းကောင်း။ ဆုလည်းတောင်း၍။အ
ကြောင်းစုံစိ။ပါရမီဖြင့်။ အညီသုံးဆယ်။ ဖြည့်ရေးကျယ်လည်း။
ပင်လယ်ဝှပ်လျှိုး။ ကြိုးလေခဲ့ပြီ့။သဲမြေထိသို့။ မျက်စိဦးခေါင်း။
တောင်းလောင်းခြေလက်။စက်စက်ယိုစီး။စွန့်ခြင်းကြီးဖြင့်။ကြက်
သီးမထ။ ဘုရားအညွန့်။ ဖြန့်သကျေးဇူး။ဖင့်ဖင့်ဖူးသား၊ ဘိလူး
မွတ်ကျိုက်။ကြွပ်ကြွပ်ကိုက်လည်း။မရှုက်မငင်။ဘုံသုံးပြင်ဝယ်။
ငါလျှင်တစံ့။ကိုယ်တော်ဝံ့လျက်။အံ့တို့လှည့်ကာ။စကြဝဠာထပ်
ရှဉ့်။မီးကျိုးပြည့်လျက်။နင်းတည့်ချွံချွံ။မ ရုံဖောက်ဖောက်။ပေါက်
ရောက်သွားလား။ ငါကိုထားဉ်။ ယောကျ်ားမရှိ။ ရဲးသတ္တိနှင့်။
မြေကြီ့နှလုံး။ သည်းခံထုံးလည်း။ မြဲးဆုံးဇေကန်။အဓိဋ္ဌာန်မူ။ ဖြစ်
ဟန်ဆိုဘက်။မြင့်မိုရ်ပဟ်တည့်။ရဲးခက်စွမ်းလှ။ရွှေဂူဝဝယ်။ကေ
သရမျိုး။လုံ့လရိုးဖြင့်။ကြိုးလတုံရှောင်း။ဝဲခနောင်းတွင်။ဥဒေါင်း
ကျေးဌက်။ ဆယ်ရက် ငုံးခါ။ ဖြစ်လေရာလည်း။ သမ္မာငုံသန့်။
ရွက်နုညွန့်လျက်။အစွန့်ရှည်လျား။ ဘုရားပွင့်လျှာ။ တုသိတာမှ။

လူ့ရွာကျဉ်ငြား။ လူမင်းလားလျှင်။ ထင်ရှားဖြစ်လျက်။ ဤတသက်
မှု။ စွန့်ထွက်စရိယာ။ ခြောက်နှစ်ကြာ၍။ သုဇါတာဆွမ်း။ ဘုဉ်းပေး
တမ်းဖြင့်။ ယူလှမ်းမြက်စည်း။ နေရဥ္စရာ။ ချောင်းသာလွန်လေ။
အောင်ထိပ်ဖွေသား။ မြေကားအချာ။ ရတနာပလ္လင်။ ဗေါဓိပင်
ဝယ်။ နေဝင်ရိုးရဲ။ မာရ်စစ်ခဲလျှင်။ သဲးသဲးကျော်သံ။ သူ့ကိုရှုံး၍။
ငါ့ထံသံကြား။ ပြေးခဲ့သွားလည်း။ တပါးမလွဲ။ ထက်ဝယ်မြဲး
လျက်။ ကြက်ပွဲးမျှတည်း။ တယောက်ထည်းလျှင်။ ရိုက်ကြည်း
ကျော်ဆင့်။ တန်းခိုးသွင့်က။ ပြေးလွင့်လန့်ဆို။ ကွဲးပျက်ဖြိုသော်။
မဂ်ဖိုလ်ရဆု။ သဗ္ဗညုဖြင့်။ ကာယ်သူ့ရွှေနား။ ငါ့တရားကို။ ဟော
ကြားမိန့်သံ။ ဆောက်တည်ကြံရှင့်။ သဟံမြဟ္မာ။ တောင်းပန်
ထွာ၍။ ဒေသနာဟောချွတ်။ ကျွတ်လသကား။ ဘုရားတို့တမ်း။ ခွဲး
ခြမ်းသိလွယ်။ ဂဏန်းသွယ်မှု။ နှစ်ဆယ်အနေ။ လေးသင်္ချေနှင့်။
ကုဋေခြောက်သောင်း။ တကွပေါင်းလျက်။ လူကောင်းခန့်တွက်။
တသိန်းနက်ကို။ ပြက်ပြက်ဟောညွှန်။ ဓမ္မခန်ဖြင့်၊ နိဗ္ဗာန်ရောက်
အောင်။ ငါပို့ဆောင်၍။ သုံးဘောင်ရပ်တွင်။ သိဒ္ဓိတင်သည်။ ။
ငါလျှင်လူနတ်တန်ခွန်တည်း။

၁၅၀။ ဤသို့ဟူ၍။ နတ်လူကြည်ညို။ ဘုန်းရိပ်ခိုသား။
ပုဂ္ဂိုလ်များမင်း။ တို့ရှင်ရင်းကား။ လေညှင်းဖြည်းဖြည်း။ ပျော်ရာ
ချည်းလျှင်။ စရည်းကြီးစာ။ မဟာလှေကား။ ဆပ်သွားကြက်ရုံး။
ရစ်လုံးသွယ်မြောင်။ ပွင့်ရောင်ဝေဝေ။ နွေးလည်းရှင်ရှင်။ သစ်ပင်
ရိပ်စက်။ သရက်နုကြမ်း။ ဥယာဥ်ဌမ်း၌။ နေချမ်းရွှင်ပျော်။ လူသုံး
ဘော်ကို။ အနော်ဒတ္တ။ အိုင်မြတ်ကလျှင်၊ လှစ်ချကတွတ်။ ယည်
ထွေလွှတ်သို့။ ကံပတ်ရွှေပေ။ ဖွင့်လှစ်ဖွေသော်။ အရွှေ ရဝတ။
ဟောစတည်ဦး။ ဂါထာကျူးလျက်။ ရန်ငူးပြည်ရှင်။ မင်းနှင်နှင်
ကား။ ဆံပင်ဖြူစ။ မြင်လ ကလျှင်။ လှပရှာဆန်း။ ရနံ့ ခန်းသား။
ပေါက်ပန်းအတူ။ သံဝေယူ၍။ ကျွန်းသူဝပ်ကြွို။ တုတ်ခွန်ပို့လည်း။
မည်သို့မခန့်။ သက်သက်စွန့်လျက်။ ရဟန်းဘာဝ။ နိက္ခမဖြင့်။ ဆန္ဒ
ကောင်းလျက်။ တောသာထွက်သား။ မင်းဆက်ပေါယယ်။ နိဒါန်း

သွယ်မှ။အလယ်ကမ္ဘာန်း။ငရဲခန်းလည်း။ ကျယ်ဝန်းခပ်သိမ်း။ သံဝေကြီးမြင်းလျက်။ မငြိမ်းစရာ။ အဆုံးမှာမူ။ ချမ်းသာ အင်ဝိုင်။ ဗိမာန်ဘုံထက်။ ရိပ်မြုံကျင့်ဘောဒ်။ မြင်ကမြော်လျှင်။ မနော်ရမ္မ။ မွေ့လျော်ကြလျက်။ရွှင်ပချစ်ရမ်း။ ဘုံခန်းကျမ်းကို။ ချီးမွမ်းပွဲ ဘောင်။ စာကုန်အောင်ထက်။ သာခေါင် သာဖျား။ သာစကား တည့်။တရားကျမ်းရိုး။ မော်ကွန်းထိုးသည်။ ။ပြိုးပြိုးဤသို့ ပြီးကုန်တည်း။

ဇာတ်တော်ပေါင်း၍။

နေမိဘုံခန်းဤတွင်ရွေ့ပြီး၏။

## ၁၆။ ကျမ်းပြီးနိဂုမ်း။

(က)။ ကြားလေ့သွန်းသွန်း။မြင့်မိုရ်ထွန်းမှ။တို့ကျွန်းတည်
ဟန်။ လက်ယာချွန်သား။ ငါးမာရ်နိုင်လျက်။ မဏ္ဍိုင်ချက်တွင်။
လေးဆက် ပွင့်ထောက်။ ပြန်ခေါက်သွတ်သွတ်။ သဘောလွတ်
သား။ ရိမတ်သာစည်။ အောင်မြေပြည်ဝယ်။ ဓွန့်ရှည်သာသနာ။
ယခုခါ၌။ဤစာပေါ်သစ်။သက္ကရာဇ်လည်း။စစ်စစ်မှန်လှ။ နှစ်ဇေ
ယျနှင့်။ကိုးရာ့အဖျား။လေးခုပွါးလျက်။ ရက်များလပြောင်း။လတ
ပေါင်း၌။နေ့ကောင်းအသာ။စည်းနေရာ၌။လက္ခဏာကျမ်းလို။သူ
မဆိုတည့်။ ကုသိုလ်တခု။ ငါလျှင်ပြုသား။သာရပွက်ဟာ။ ကျမ်း
တောဇကြောင့်။အဝရွှေနန်း။မင်းကောင်းထွန်း၍။ ကျယ်ဝန်းတိုင်း
ကား။နိုင်ငံပွါးလျက်။ရှေးဖျားမတူ။ ယခုသူလည်း။ အလျှူစေ့ဖျုး။
သီလကျိုး၍။ ဧဝ္ဗမျိုးမပျက်။ ခုနစ်ဆက်လျှင်။ အသက်ရှည်လှ။
ကြွယ်စည်ဝတည့်။ဆနဂုတိ။နှိပ်စက်ထိလျက်။ရိရိရှားရှား။ဖျား
ဖျားနာနာ။ဖြစ်တုံစွာလည်း။ဤစာပေါ်ထိုက်။ နှစ်မြိုက်မြိုက်လျှင်။
ရာပိုက်လေပါး။မမေ့မှား၍။ ။တရားဖျော်စေကုန်သတည်း။

(ခ)။ အရာအရာ။ ပျူဌာလောကဝတ်။ ဗေဒင်မှတ်လျက်။
ပိဋကတ်သုံးပုံ။ ကိုယ်ပင်ယုံက။ ထုံးပုံနည်းနာ။ အဖြာဖြာလျှင်။
သဒ္ဒါပြေပြစ်။ အနက်စစ်လည်း။ အနှစ်ပွန်တိ။ နာဘွယ်ရှိသား။
နေမိဘုံခန်း။လက်ာထွန်းက။ တကျွန်းစိုးချာ။ မင်းတကာလည်း။
အာဏာ ဆိပ်ထန်။ ဘုန်းရှိန် ဗုန်မျှ။ တမန်စေနှော။ အရေရော
လျှင်။ သဘော ဖြောင့်တန်း။ မိတ်ခင် ပွန်းဖြင့်၊ ကူးသန်း ထုတ်
ချောက်။ကုန်စယ်ပေါက်လျက်။နိုင်းထောက်ပြည်ရွာ။စည်စွာစွာ
လျှင်။ချမ်းသာငြိမ်းအိုး။ရွှင်ဝမ်းမြှုးမှု။ မြရိုးခက်လက်။ ရိပ်စက်
ခိုအောင်း။ဥဒေါင်းကျေးငှက်။ လွင်ဝေးကျက်၍။သံမြက်မျှံပျုး။
ကျူးကတွန်တွန်။တောစွန်အုံနား။သစ်ကျားယည်ကျေး။ရပ်ဝေး
ရပ်နီး။ခရီးခိုမှု၊ မလုမဖမ်း။ အဌမ်းဖွေးလွေး။ ဘေးလည်းမရှိ။

ငြိမ်းသောတပိလျှင်။ ရွက်ရိလဲးကြွေ။ သန်နွေရိပ်မြိုင်။ တောဂနိုင်မှ။ပွင့်ခိုင်လူလူ။ကျေူနုံ့သာ။သစ်သီးမှာလည်း။ဩဇာလေးနက်။မြေကထွက်၍။ မြိန်ရှက်လှောင်းလှောင်း။ ကောင်းစေသတည်း။ စနည်းနတ်ပွဲ့။ သူငွဲ့ဆိုဟာန်။ တဘောင်မွန်လျက်။ ကျမ်းဂန်သင်ငြား။အမျိုးသားတို့။ နားဖျားဘေးကင်း။ ပေါက်ရောက် ချင်း၍။ သတင်းသုံးမြွေ။ရသေ့သူမြတ်။ စိတ်ဆွတ်ဆွတ်လျှင်။ မွေခါတ်ဂူကျောင်း။မထောင်းမထ။သတ္တာဗိသ၊ နေလသွားရိုး။ မတိုးမခြုတ်။ မယုတ်မကျ။ လောကနိမိတ်။ အတိတ်နာဂါတ်။ ဥပန်ဒ်သန့်သန့်။ရုတ်ယုတ်ပြန့်လျက်။အဓှန့်ပြောထူ။လူသူတကာ။ ရွှင်မျက်နှာနှင့်။ကြမ္မာမှောက်ကွယ်။ကြောက်ချင်ဘွယ်သား။ ပါယ်လေးပါးကြောင့်။ တရားစောင့်လျက်။ ဖြောင့်လတ်သည်ချည်း။ လူပစ္စည်းနှင့်။မိတည်းဘုန်းခေါင်။ ဘူးရအောင်ဟု။ တန်ဖွဆောင်အွေရည်။ကိုယ်တိုင်ချည်၍။ ။နတ်ပြည်မျှော်စေကုန်သတည်း။

(ဂ)။ အဆက်ရှည်စွာ။သံသရာလည်း။မကွာမကွေ။တွေ့လိုလေက။ နေ့ရေမပြတ်။ မေတ္တာရွတ်သား။ ကြည်ညွတ် လွန်ပြင်း။တကာရင်းမူ။တောင်တွင်းဟူသည်။ တိုင်းကြပ်ပြည့်နှင့်။ မကြည်မင်းကျော်။ရှိသရော်လျှင်။ ကျေးတော်နတ်မောက်။ရန်မီးတောက်၍။ မွေချောက်ပူဆာ။ ငြိမ်းစေဌာဖြင့်။ သိဒ္ဓါရေမြတ်။ လက်ရုံး သတ်လျက်။ မှူးမတ်တကာ။ စံစရာလည်း။ ကြေညာကျော်သွေး။ဘိုးဘေးကောင်းဆက်။ လောင်းတုံလျက်သော်။တိုးတက်မပြတ်။ တမွတ်ဘွဲ့ချည်။ မည်ရည်မှတ်ထင်။ စည်သံလွှင်မှ။မျက်ရှင်စလွယ်။ အင်သွယ် ညီးညီး။ ထီးနှင့်ရွှေက။ အိုးပျစ်ရလျက်။ တေဇ ခြောင်း ခြောင်း။ ပွဲးတိုင်း ကောင်းက။ သောင်းသောင်းကျော်လှိုက်။မြန်မာတိုက်ဝယ်။ချီးရိုက်ပဲ့တင်။ မွေးဘခင်တည့်။တွေ့မြင်မျက်စိ။ယချရှိ၍။နေမိဘုံခန်း။ ကျမ်းထွေဆန်းကို။ ရွှန်းရွှန်းထွေပြား။မကြားပရ။ဆိုတောင့်တ၏။ ငယ်ကဖြစ်ရွေ။ ဈေးကျမ်းငွေ့ကို။အေါက်မေ့ဆဲးဆဲး။ ဝမ်းတို့ကွဲးစွာ့။ ပြည့်ထဲးအလျောက်။နှလုံးဖေါက်လည်း။မပေါက်သာပဲး။နေပင်မြဲးလျက်။

ဆင်းရဲးတခါ။ချမ်းသာတကြိမ်။ စိုးရိမ်မကောင်း။ ဓိပည့်ရင်းတွင်။ သတင်းသုံးသုံး။ နှလုံးဆည်းတား။ တပည့်သားကို။ နားပါးမှတ်တင်။ စာပေ သင်လျက်။ ပေါ်လွင် သေနိုး။ မှတ်ခန့် စိုးလည်း။ ကောင်းကျိုးဖြန့်ဝေ။ သုဓ္ဓရေကို။ သက်သေတည့်ထား။ သူ့စီး ပွါးကြောင့်။တရားနှစ်တူ။ ဤစာဟူသား။မညှ။ပန်းရိုး။နှင်းနှင်းပျိုး ၍။ထိုစိုးထိုမင်း။ထုတ်ချင်းနံ့အန်။ရွှေနားပန်လျက်။ ခန်သရက်နံ့။ တပျံ့ပျံ့လျှင်။ညှံ့ညှံ့သွေးလိမ်း။မွှေးမွှေးငြိမ်းလေ့။သုဓိမ်းမြန်လှ။ တောင်သူမုံမွား။ ဖြစ်တုံဌားက။ ညှံ့သားရွှေရွှေ။ အရေခတ်ထု။ ကြေင်းဆုလည်း။မတူလျှင်ပဲ။ဝက်လည်စွဲးကို။မိးခဲးကင်ကြော်။ ဆိုပေါ်အရ သာ။မြိန်ပွန်ငွာသို့။ ဖတ်ရာကြားကြိုက်။ ဝမ်းတို့ခြိုက် လေ့။မရိက်မမဲး။ဘုံးငရဲးလျှင်။နှစ်ကွဲးရှိမူ။ သိသသူကား။ ဇမ္ဗူ စောင်းပင်း။မင်းချင်းချင်းတွင်။သတင်းလွန်ကြီး။ရထားစီး၍။စော ထိးနတ်ပြည့်။ရောက်လေသည့်ကို။တရည့်တူထိုက်။ ငါတို့နိုက် ဟု။ မှတ်ပိုက်ဝမ်းပါး။ သကြား လက်ငင်။ ဓိမာန် ပြင်ထက်။ ပဋ္ဌင်ကျူးသံ။ဘော်ရွှေရံနှင့်။စံရမည်ကြောင့်။သိဋ္ဌိစောင့်၍။ ဖြောင့်ဖြောင့်တော်စေကုန်သတည်း။

(ဃ)။ လေကြေ လေညာ။ လျှာ၏ အကြောင်း။ နှာခေါင်း တံ ဆေး။ယင်သလေးလျက်။ကြီရေးမင့်။ ရတ်ရတ်ဝံ့မှု။ အနံ့သိလှ။ ပျံ့သကျ၍။ မထနိုင်ဘဲး။ပျားရည်ခွဲးတွင်။ဝမ်းထဲးမက်မော။ယင် သဘောလျှင်။စိတ်ဇောလျှပ်ပေါ်။ အာရုံမြော်က။ မူးမော်ယူဆ။ ချစ်တတ်ကြ၍။ သူအေလုံး။ ဗိုလ်မင် ရှုံးလည်း။ ကျင့်ထုံး ကျင့် နည်း။ကမ္ဗည်းမှတ်ထင်။ကြေးမုံပြင်ဝယ်။ မြင်စေခလို။ ဤစာဆို ၏။အိုလည်းမနေ။သေလည်းမပျောက်။ မြေးသားပေါက်၍။လန့် ကြောက်တစိ။မရှိလျှင်လေ။ မျိုးတထွေဖြင့်။ မြစ်ရေ မကောင်း။ မိုးနှောင်းရှိရွှေ။ငါတည်းမေ့မူ။ဘေးတွေ့ကုန်ခင်း။ ထုံးအိုင်အင်း ၌။ပေါင်းပင်းသံတိ။ ရဲးခွဲချိသား။ ညှိညှိမိစ္ဆာ။ တငါယောက်ျား။ ငရဲးလားလည်း။သနားတို့စွာ။ ဆိုဆုံးမသား။ ငါ့စက်အာဏာ။ နတ်ရွာမိုးမြေ။ ရောက်ကုန်စေတည်း။တောခြေဖုံလျှိုး။ လေးကို

ကိုးသား။မှဲ့ဆိုးခြေကြောင်း။အယူကောင်း၍။ ဂူကျောင်းရောက်ဝင်။သင်ပုတ်တင်လျက်။ပဉ္စင်သာမဏေ။ ရိုသေသင်္ဃာ။ လူသမာကား။သဒ္ဒါတိုးပွါး။ဆော်နှိုးကြားသား။ တရားစည်ကြီး။ ငါလျှင်တီးက။ ဖွဲ့ချီး ကြွေးကြော်။ သာရခေါ်လျက်။ သူတော်သူကောင်း။ဘုရားလောင်းမှူ။ငုံ့ညောင်းရှည်မြင့်။ရင့်လတုံတုံ။ ရွက်ဟုံရွှမ်းလှည့်။ပြွမ်းပြွမ်းမှည့်သို့။ဖြည့်သားကျေးဖူး။ နုတ်လူကျူးလျက်။ နဖူးထိပ်စွန်း။ မကိုဋ် ပန်းဖြင့်။ ထွန်းလစ်စေသော။သင်းချောဖြူသွ။ သာဝကထက်။ ဆထက်တိုးလေ။ ကြိုးနေ ကျကျ။ နှစ်လသချော်။ကျင့်ပလေ၍။ ပစ္စေကဗုဒ္ဓါ။ လေးပိုဒ်သာလျှင်။တကာချွတ်ယူ။ မှတ်သသူအား။ထီးဖြူပြည်ရွာ။ ဥစ္စာနှင်းပုံ။ဗြိတ္တာဘုံကို။မရုံမမက်။ နှလုံးပျက်၍။ တောထွက်လိုငြား။ ဤစကြားက။ကြံအားနှစ်ထောင်း။ ချောက်ထဲအောင်းလျက်။ ဆုတောင်းတခြား။ဘဝါးလမ်းဘော်။ငယ်ကသော်လည်း။ သူတော်မကွာ။ ဆရာမကင်း။သတင်းမချွတ်။ ပေးလှူဝတ်နှင့်။ လျှောက်ပတ်ပေနိုး။ဘွားဘေးဘိုးက။မိရိုးဖလာ။သူတကာကား။ ကြမ္မာနှောင့်ဗို။ မဂ်နှင့်ဖိုလ်ကြောင့်။ကုသိုလ်ဆည်းဖူး။မိတည်းဘူးသော်။ဘိက္ခူဧဟိ။ ခေါ်သံသိလျက်။ ဗိတ်ပြင်းဌာန်။ရမ္မက်အန်၍။ ။နိဗ္ဗာန်ပျော်စေကုန်သတည်း။

(င)။ နိုင်ငံကျယ်ဝန်း။ တန်းခိုးထွန်းလျက်။ ရွှေနန်းစိုးပိုင်း။ ဘုန်းမိုးလှိုင်းသား။စစ်ကိုင်းအဝ။ပင်းသထောင်တည်။ မြင်းစိုင်းပြည်လည်း။ ဤသည်ကျမ်းဟော။ နတ်သဘော်ကို။ ချောချောသာသာ။လင်္ကာဆိုနှုတ်။မဘော်ထုတ်တည့်။ လှော်ခတ်မွေ့သိမ်။ ရွှေပန်းထိမ်လျှင်။မျက်အိမ်ဘွဲ့ချည်။မြကျောက်ရည်သို့။ ပိုဒ်ရှည်ပိုဒ်တို။ချိုချိုမြိန်မြိန်။ လေးပေါ့ချိန်လျက်။သူရိန်နတ်သား။ ချင်း၍သွားသော်။ပြောအားဖြောင့်သွယ်။ လေးထောင့်ဆွယ်သား။ ပင်လယ်ရှစ်သောင်း။ မနက်ထောင်းကို။ ခါးစောင်းရင်ပတ်။စွတ်စကာမျှ။ လွယ်စွာလှသို့။ ညောယျာငါးရုံ။ ဝမ်းတော်ပုံသား။ နှုတ်ငုံရှည်ရှည်။ ဟောချွတ်စည်ကို။လျှည်လျှည်မေးဖြေ။ ကြားပါချေ

သို့။သနွေ့စေ့စပ်။စကားထပ်နှင့်။ အဖွပ်အထုတ်။ နှုတ်ကခွါပစ်
အသစ်လတ်သတ်။ဆွတ်လွတ်ဘွယ်သာ။အက္ခရာသီရုံး။ဓိပ္ပါယ်
ကျုံးသား။ရွှေကုံးမချယ်။ပုလဲသွယ်ကို။စမွါယ်စချင်း။လည့်ဝယ်
ဆင်လေ့။စည့်ပင်ရိပ်ငြိမ့်။တမြိမ့်မြိမ့်လျှင်။ စည်းစိမ့်ဟူမြို့။ အ
မြဲ့ရှိ၍။မထိမပါး။နေကစားသား။အများလူတွင်။တကွဲးထင်အံ့။
ရှင်ရှင်ရှက်ရှက်။နေခြည်စက်ဝယ်။နံနက်ပွင့်ကျိုး။ညဥ့်သော်ညှိုး
သို့။ ပိုးပိုးပုပု။သည်းအရုတွန့်တွန့်။ သံဝေလန့်လျှက်။ အဍနှ့်လုပ်
ဆောင်။ ဇိမ်ထောင်ဘွယ်ရာ။ မအားစွာလည်း။ နတ်ရွာကြား
ညွှန်။ အဘန်ဘန်လျှင်။ နာပြန်နာတုံ၊ ဆိုကလှုံ၍။ ကြေးမုံနှယ်
ဘက်။ တလက်လက်တိ။လေ့ကျက်စေကုန်။ လကဆုန်၌။ ပန်တွန်
မောင်းမြိုင်။ရည်ခဲးပိုင်ဖြင့်။မဏ္ဍိုင်ထိပ်က။သွန်းလချလျှက်။ဆန်
ရမှည့်ခွဲး။ မလုပ်ပဲးသော်။ဆင်းရဲးဝမ်းမွတ်။ ရှားပါးတတ်သို့။ စ
ငတ်စငေါ်။ ရယ်ရှာမောလျှက်။ နှုတ်ပြောပေါ်ရေး။မရှိစေနှင့်။ မြူ
တေသာရ။ ကြိုက်ခဲးလှသား။ ပုံချုနည်းလှယ်။ ထုံးတသွယ်တုံ။
သက်ငယ် ချောင်းလောက်။ ခြေကြောင်းပေါက်၍။ ရွှေနောက်
ညိတ်တွား။ပိုးရှုများလျှင်။နင်းသွားခြေထိ။တိုက်ရှပ်မိသော်။ဗုတိ
အလုံး။ပြစ်ပြစ်ဆုံးလည်း။ ခြပုံးနေတန်။တိရစ္ဆာန်နှင့်။ဗိမာန်စံပ။
မဟုရခဲ့။ဘဝစက်လှည့်။ ဇေးကဖြည့်သား။ ကောင်းမည့်စိရင်။
ကြမ္မာတင်က။ သာရှင်အခုံသဲး။ရွှေဘုံထဲး၌။ အံ့အံးတန္တု။ ထုံးတ
ချတုံ။ မျက်ရှုမှုးလည်။ ဗြဟ္မာပြည်က။ တာရှည်မမြဲး။ ဘဝလှဲး
သော်။ သည်းထဲးပုလှပ်။ လူ၏ရပ်၌။ အပ်အပ် ထိုးပစ်။ သူမချစ်
သား။ ညစ်ညစ်ညက်ညက်။ တစိဝက်တည့်။ ဖြစ်ဆက်ယုတ်
မြတ်။မှတ်လှသမှု။ဤကိုရှု၍။ ဥဇုဒိဌာ။စာဂါသိလ။ ဖြည့်အပ်လှ
၏။ မောဟာမြေးတုံ။ ရမ္မက်ချုံတွင်။ လုံးစုံကိုယ်ကျွံ။ လူပျိုလျှံတို့။
ခြီကခုန်ထွက်။ နွားရွှေပျက်လျှင်။လိပ်သက်လိုလွှန့်။ မြူးထူးကွန့်
သို့။ကိုယ်စွန့်ဝံ့ရဲး။ မဖြစ်ဘဲးလျှင်။နက်နဲးကျင့်သုံး။ သူတော်ထုံး
ဖြင့်။နှလုံးမှတ်ထုပ်။စိတ်ကိုချုပ်လေ့။လှုပ်လှုပ်ချောက်ချောက်။
မျက်မှောက်ထင်ပြ။ ကဲ့ရဲ့တပုံ။စိတ်အာရုံကို။ စုံပုံမက်မက်။မ

ဗွန့်ရက်မူ။ ဖြစ်ဆက်တယောက်။မိထည်းပေါက်လည်း။ ပေါက်
လှည့်ကာသာ။ သနားစွာလိမ့်။ လိမ္မာတုံသည်။ လှည့်စရည်နှင့်။
ထူးလည်ယွင်းဘောက်။ မွေနယ်နှောက်လျက်။ ချွန်းကောက်ငင်
ချိတ်။ မျက်စိမှိတ်နှင့်။ တဆိတ်မျှတည်း၊ တလည်းသောင်တင်။
မင်းကျွန်းခွင်ဝယ်။ ပန်းပင် ရပ်နား။ ဘဝါးခြေမျှ။ မချပလို။ ဆု
လည်းဆိုလော့။ သံချိုတထူး၊ ဤလည်း ကျူးပိမ့်။ ဟူးဟူးလျှင်
လျှား။ တန်းခိုးအားနှင့်။ နဂါးကျောက်ရှည်။ ထားလတ်သည်ကို။
လျှာရည်ရွမ်းရွမ်း။ ဂဠုန်ဖမ်းသို့။ စိမ်းရွမ်းမရှိ။ ဇာတိတည်
ထား။ ငါ့ပြည်သားဟု။ သနားမဲ့သူ။ ငင်ခေါ်ယူသော်။ လက်တူ
ကျုန်းတော။ဝံ့၏လောဟု။လျှင်ဆောလိုက်ပြို။ ဖြစ်စေလိုစွ။မှာဆို
စာခွေ။ ဤလည်းထွေပိမ့်။ ခွံရေနွယ်တံ။ ပေါချပ်ရံမှ။ ဝတ်ဆံမ
ရှောက်။ပန်းရက်သောက်သား။ဝမြောက်ဖြုန်းဖြုန်း။ ပျားပိတုန်း
သို့။ဘုန်း၏အကျိုး။ စရိုးကြိဆစ်။ ရသာညှစ်၍။ နှစ်နှစ်ကျိုက်မျို။
ကြိုက်သကိုယ်ဖြင့်။ထိပ်မိုပလ္လင်။မြေချာတွင်ဌ။ပွဲတင်ရိုက်ဆက်။
လိုက်ကပွက်၍။ အောက်ထက်ပြောင်းပြန်။သောင်းသောင်းတွန်
မှ။ရန်မာန်ဘိသန်း။ ပယ်လှစ်တွန်းက။ထွန်းလတုံစွာ။ သာသနာ
ထက်။မိကရာရှစ်သောင်း။ သက်တော်ညောင်းလျက်။ နံ့လှောင်း
ကုံကော်။သစွာမြော်သား။ သုံးဘော်သခင်။ နောင်ချစ်ရှင်ဝယ်
မဂ္ဂင်နန်းအိမ်။ နေထိုင်ငြိမ်၍။စိုးရိမ်မနှောင့်။ နိဗ္ဗာန်ကြောင့်လျှင်။
ဖြောင့်ဖြောင့်ကျင့်မှန်။သူတော်ပွန်တို့။မြိတ်စွန်မြေးသား။ဆွေဝါး
ရုရု။အမှုကြီးငယ်။ကြိဘွယ်ကိစ္စ။ပြီးကုန်ကြလျက်။ဗိယသဟာ။
နတ်တကာလည်း။ မေတ္တာအားသွန်။ပွဲပြင်ဖန်၍။ ကျွန်နှင့်အရှင်။
လင်နှင့်မယား။သားနှင့်အမိ။နစ်ကျိုဂုဏ်ထည့်။တပည့်ဆရာ။ညီ
ညွတ်စွာလျှင်။ဝမ်းသာလှုလှု။လှုကောင်းမှုကို။ပြုလည်းကုန်မင်း။
ဘော်အချင်းဟု။ခပင်းနှုတ်ပျိုး။တိုက်တွန်းနှိုး၍။ ။ကောင်းကျိုး
ခေါ်စေကုန်သတည်း။

(မှုတစောင်၌။ပိတရာရှစ်သောင်းဟုရှိသည်။)

(၈) ဤ၈ာသာရ။ ယောသိတကို။ ရေးရသောကျိုး။ ကု
သိုလ်မျိုးကို၊တိုးပွားမျိုးဆွေ။ ရေမြေသခင်။ ဘ၀ရှင်နှင့်။ညာ
တင်နန်းမ။ ဥပရဇ္ဇ။ မိဿံမောင်းမ။ သူလိုမှုကို။ ရကြပါစေ။
ကောင်းကျိုးဖွေလျက်။မျှဝေယရ။ဤကောင်းမှုကို။သါရနတ်တို့။
ခေါ်စေပို့သည်။ ။အောင်မြို့မင်္ဂလာနိဗ္ဗာန်သာသို့။မှန်စွာထုတ်
ချောက်။ရောက်သည်အမှန်၊ဖြစ်စေသောဝ်။

---

စာကြည့်သူမိတ်ဆွေအများတို့သင်ခြင်ရန်။

ကျွန်ုပ်စာဖြစ်ဆရာမောင်တိုင်းသည်။ စာပေကျမ်းဂန်တို့ကို
များစွာ သင်ကြားဆောင်ရွက် ဘူးသည့်အဖြစ်။ ပျိုကဗျာလင်္ကာ
အစရှိသော ဤစာစီစာကုံးအရာတို့၌။ ကြားဘူးနား၀။ မှတ်ရ
စာစနှင့် သူတပါးပစ္စည်းကို၊ ငှါးရမ်းသုံးဆောင်သည် မဟုတ်။
ကိုယ်ပိုင်ဥစ္စာရတနာဆိုဘိကဲ့သို့ ကျွမ်းကျင်တတ်မြောက် ရေး
သားတတ်ပါသည်။ သို့ရာတွင်။ ဤနေမိဘုံခန်းကို။ ကျွန်ုပ်တို့
ဟံသာဝတီတိုက်အကြီးအကြပ်၏ အမိန့်အရ၊ လျင်မြန်စွာပြင်
ဆင်လုပ်ကိုင်ရိုက်နှိပ်ရာ။ ပေမူဟောင်းလေးစောင်ပင်ဖြစ်သော်
လည်း။ ၎င်းမူတို့သည်။တစောင်နှင့်တစောင်မတူ။များစွာကွဲးလွဲး
ချွတ်ယွင်းကျပေါက်၍အလွန်လျှင်ပျက်စီးလျက်ရှိပါသည်။ပျက်
စီးသောအရာတို့ကို သက်သေ အနည်းငယ်မျှ ပြသည်ရှိသော်။
(၁)တစောင်၌၊အဆန်းအဆန်း။ရွှေကိုယ်ရမ်းနှင့်ရှိပါသည်။ (၂)
တစောင်၌။အဆန်းအဆန်း။ရွှေလုံးမွန်းနှင့်ရှိပါသည်။(၃)တစောင်
၌။အဆန်းအဆန်း။ ရေကိုရမ်းနှင့်ရှိပါသည်။ (၄)တစောင်၌။အ
ဆန်းအဆန်း။ရွှေကြယ်ရမ်းနှင့်ရှိပါသည်။ဤကဲ့သို့အရာရာတိုင်း
မှာပင်။များစွာကွဲးလွဲးချွတ်ယွင်းကျပေါက်လျက်ရှိသဖြင့်။ သင့်
တင့်ရာ ကိုသာလျှင်ယူ၍ မိမိသဘောအရ မတင့်နိုးလွန်းမှ ပြင်
ဆင်ထည့်သွင်းလိုက်ပါသည်။ ဤကဲ့သို့အရာရာတိုင်းကိုပင်ရေး
သားထည့်သွင်းပြန်လျှင်လည်း။ ဤလင်္ကာကို စိရင်ရင်းပုဂ္ဂိုလ်

ရှင်အဂ္ဂသမာဓိ အဆို ရောက်တော့မည် မဟုတ်။ ကျွန်ုပ်အဆို။ ကျွန်ုပ်လက်ာသာဖြစ်တော့မည်ဖြစ်၍။ ညီညွတ်သင့်တင့်ရုံမျှပြင်ဆင်ရေးသား ထည့်သွင်းလိုက်ပါသည်။ အကယ်၍ မှုကွဲးတစောင်တွေ့၍ မတူခဲ့လျှင်။ လူတို့ပစပ်ကဲ့ရဲ့တတ် ဆိုဘိသကဲ့သို့။ မှါးသည်ဟုဦးစွါပြစ်တင်ကဲ့ရဲ့ခြင်းကိုမပြုဘဲ။ ဤပျို့ကဗျာလင်္ကာမော်ကွန်းရာဇဝင်သမိုင်းအစရှိသောစာ်ငယ်စာသိမ်တို့ကိုမဆိုဘိဦး။ ဝိသေသပုဂ္ဂိုလ်တို့စီရင်ရေးသားသောအဌကထာဋီကာကြီးများပင် တစောင်နှင့်တစောင်မတူ ကွဲးလွဲးခြားနားရှိရလေသေးသည်ကိုထောက်၍ရင်း။ ဘုရားဟောပိဋကတ်တော်ပင်။ အရှေ့ဘက်သို့ကျရောက်သောပိဋကတ်နှင့်။ အနောက်ဘက်၊သို့မဟုတ်။ မြောက်ဘက်သို့ကျရောက်သောပိဋကတ်သည်။ ဗိုးစည်းတိမ်းရိမ်းလေသည်ဟုပညာရှိတို့ဆိုကြသောစကားကိုထောက်၍ရင်း။ လျှင်မြန်စွာလုပ်ကိုင်ပြင်ဆင်ရသောကျွန်ုပ်၏ဇဝနဉာဏ်ကိုထောက်၍ရင်း။ စပ်ဆိုရေးသားရင်းပုဂ္ဂိုလ်ကျော်။ ရှင်အဂ္ဂသမာဓိလုပ်၍။ ဦးစွာကဲ့ရဲ့ခြင်းကိုမပြုဘဲ။ စည်းစားဆင်ခြင်၍ဘတ်ရှုတ်ကြည့်ရှုတော်မူကြပါကုန်။

ကျွန်ုပ်တို့တိုက်သည်။ သဒ္ဒါတဆင့်။ ရစ်ပင့်ရေးထိုး။ စာလုံးအက္ခရာသေချာစွာ ချုပ်အုပ်ရိုက်နှိပ်လုပ်ကိုင်သောအရာ၌။ မြန်မာပြည်တွင် နှိုင်းယှဉ်ရန်ကင်းသောတိုက်ဖြစ်ကြောင်းကို။ မိတ်ဆွေအပေါင်းတို့ချီးကျူးပြောဆိုသည့်အတိုင်းအမှန်ပင်ဖြစ်သော်လည်း။ စာမူဟောင်း စကားသွားကို လုံးလုံးပစ်၍ ရဲးတင်းစွာအလွန်ပြင်ဆင်ခြင်းကိုပြုခဲလေသည်။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ဓိရာဟိဓိရသမ္ဗုဒ္ဓံ။ ပါဒေနတွာသဒေဝကံ။ ဝတ္တာတောမြန်မာ ဘာသာယ။ဘာသိဿံနာဂဇာတကံ။ ။ဩဃသာသဝ။ဂန္ဓပကာင်း။ မှောင်ညည့်တွင်းဝယ်။ အလင်းမရှည်။ပုထုဇ္ဇဉ်တို့။ဝိညာဉ်ခြေခံ ပါး။မပြတ်သွားသည်။တံခါးလဟာ။ ခြောက်မျက်နှာ၌။ ရူပါရုဏ္ဏ ဏာ။စသည်အာရုံ။ ခြောက်ရကြိုက။ နှိုင်းပုံသွယ်ချ။ ဇလုကနှင့်။ ဃောရဝိသော။မြွေဟုဟောသား။မက်မောလေါဘ။မျက်ဒေါသ အား။ ဟန့်တားပညာ။ တည်းကွပ်နှာ၍။ ဒွါရာဓိပတိ။ မျက်စိမ ကြွင်း။ဖိုးနှိပ်နင်းသည်။မင်းဟုဖြစ်ပြီး။တရားထိုးကို။မငြိုးငွေ့ဘဲ။ ဆောင်းတွေ့မြဲက။ဆင်းရဲဟူသည်။နေပူမိုဃ်းစွတ်။ ရှင်းရှင်းလွှတ် လျှက်။ တိလက္ခဏာ။ ယဉ်စကြာဖြင့်။ချမ်းသာနေပိုင်။ ကောင်း ဆုံးတိုင်သား။ ကမ်းခိုင်မြေကျွန်း။ ခေမာကျွန်းသို့။ ကူးသန်းနှိုင် ကြောင်း။ ဆုပွန်တောင်းသည်။ မျိုးပေါင်း ပရိသတ်။ အိုသူမြတ် တို့။ ။မှတ်လေ့မှန်စွာ။ အကြွင်ငါကား။ မန္တာဓိန္န။ စသည့်တို့ တွင်။ ဓိစစ်ကျင်သော်။ ပေါ်လွင်မြူးရယ်။ ပျံ့ပြူးဘွယ်သား။ တ ဆယ်ကျူးမြောက်။ သူသိလောက်က။ ဆယ့်ခြောက်နှင့် အောင်။ သူတော်ဘောင်၌။ ဆယ်စောင်ဇာတ်မျိုး။ ပါဠိရိုးဂါထာ။ ငါးရာ ဇော်ဒုက်။ကောင်းဟုတ်ဗေဒင်။သဿ ကရိုန်။ အလိုက်အဖက်၊သေ့ ကျက်ဖွယ်ဖွယ်။ သရစ္ဆာယ်မှ။ နည်းကျယ်သဒ္ဒါ။ ကစ္စည်းမှာ လည်း။နှုတ်ပါရုရု။ ဓါရဏာဖြင့်။ ဗုဒ္ဓဝံသာ။ စည်တိုင်းလာသား။ ပညာပါရမီ။ဖြည့်သည်ပြီဟု။တန္တိခိုင်းနှွယ်။ဆုကြီးရွယ်လျှက်။

သူငယ်ကပင်။ပဏ္ဍုအင်နှင့်။စာသင်မွေ့လျော်။တရားပျော်လျက်။
ထိုရော်အခါ။ရှေးဆရာတို့။နာဂါဓိပတိ။ဘူရိဒတ္တ။ဇာတ်ဘာဝကို။
အရအခိ။ မသိပိုးဝါး။အမှားမှားလျှင်။စကားရုံးထူ။စပ်ဆန်းယူ၍။
တောင်သူပမာ။လူပျို၌ာလည်း။မျှားရွာမမြွေ။မစေ့မရုံ။တခဏ်းရုံ
မှု။လုံးဝြိုမပြီး။မခိုးကျမ်းဂန်။မမှန်အရိုး။ အကျိုးမထင်။ပြုသည်မြင်
သော်။ကြည်လင်သန့်သက်။တိမ်ယောင်နက်သား။ မိုက်မျက်စင်
ကြယ်။ရေသဖွယ်တည့်။မှတ်လွယ်စေဌာ။သိသာစေချင်။နားဝင်
စေအောင်။ထုံးဆောင်ပုံတူ။ ရေးသားထုသို့။ရှင်မှုလူမှု။ နှစ်ပါးရှု
လျက်။အနုအကြမ်း။အစမ်းအရုံ။အာဂုံအာကာ။အရာသိသိ။လေး
ပေါက်ညှိ၍။ပိတိရသာ။လင်္ကာချိုဆိမ့်။ သည်းတွင်း ငြိမ့်မှု။ ဆို
စိမ့်သော့ကြောင်း။ငါလည်းကောင်းလျှင်။ခွင့်တောင်းပန်ထွာ။ကရု
ဏာဖြင့်။ ဉာဏ်ဝါမထုံး။နှလုံးကို။ ။ရွှင်ပြုံးညွှတ်စေပြီးသ
တည်း။

ညွှတ်စေတုံပြီး။ ကျေးဇူးကြီးသည်။ ဘုန်းမီးလျှံဝင်း။ သုံးလူ့
မင်း၏။ဟောခြင်းကျယ်ဖွာ။ဘိဓမ္မာကား။လင်္ကာဏာရသ။ကိစ္စတ
သွန်။ပဒဗ္ဗာန်ဖြင့်။မဟာဏ္ဏဝ။သာဂရထက်။ ထဲနက်ကုတ်ကော်။
ခဲယဉ်းသော်လည်း။နာပျော်ချင်ဘွယ်။သဒ္ဒါလွယ်ဟု။နည်းသွယ်
မှတ်ပိုက်။အလိုလိုက်၍။စိုးထိုက်မင်းတန်။ စကားမွန်ဖြင့်။ ကျော်
တွန်ကရဝိ။သံပြိုင်ညှိသို့။ဇာတိသံသာ။အစဖြာလျက်။ ဗါရဏာ
သီ။မဟီတလ။နရတမွတ်။ဗြဟ္မဒတ်လျှင်။သည်းပွတ်အလါး။မွေး
သည့်သားကို။ မှန်းထားအိမ်ရှေ့။ မျိုးစေ့ကြံမြောက်။ မရောက်မီ
ခင်။ ခြွေ့ရွှေဖြင်ဟု။နှင်ဘိရကား။ဝတ်စားလျှော်တော။ ရသေ့ထွေ
ဖြင့်။ တောခြေရုံဖျား။ မြိုင်ချောက်ကြားဝယ်။ ရှားရှားမွတ်မွတ်။
ကိန်းအောင်းလတ်သော်။ရေနတ်သွဲ့။အိမ်ထောင်ကြီးနှင့်။သင့်ပြီး
သရော်။သါးတော်နှစ်ယောက်။ရွှေနောက်စပ်ကာ။မြင်သော့ခါ၌။
ပြည်သာသိမ်းဆည်း။အချာတည်းသည်။ခမည်းတော်မင်း။ခန္ဓာ
ကင်း၍။ခပင်းမှတ်ရာ။ ထံတော်လာလျက်။ ညီညာထိတ်ထိတ်။
တောလုံ့ဖိတ်သျှ။ ဘိသိက် မြောက်သွန်း။ ဘုရာမြန်းမှု။ လိပ်ရုန္ဒ

ကြောင့်။ဒတ္တရဋ္ဌ။နာဂသနင်း။ ရေမင်းမျိုးမြတ်။ အပတ်တကုတ်။ သမုဒ္ဒဇာ။ ပန်ထွာ သော့အား။ မင်းပျား ပရမေ။ ဆောက်နှင်း ပေသော်။ဆောင်လေသါကြည်။နဂါးပြည်ခွဲ။နေသည့်တကွ ခြင်း ရာပြသား။နဂရခဏ်း။ ရှေးနိဒါန်းလည်း။ထူးဆန်းကြံသိ။ ကျမ်း ရိုးမှီးလျက်။သမီးလုင်။မ ရွှင်မပြုံး။နှလုံးအနှာ။ ဟိုက်ပူဆာသော်။ လက်ာပြမ့်ဆေး။အချမ်းပေး၍။သံလေးညှင်းညှင်း။ ကုသင်ခြင်း ဖြင့်။ ။ရှင်းရှင်းလွတ်စေပြီ သတည်း။

ထိုမှ တသုတ်။ တလျှည် ထုတ်ဖိမ့်။ သမုဒ္ဒဇာ။ ဦးချာ ရင် သွေး။ လေးယောက် မွေးလည်း။ မတွေး မတော။ သဘောမှတ် ကျုံ။ နဂါးဘုံကို။ ယုံယုံ ကြည်ကြည်။ လူ့ပြည် ထင်လှည့်။ ဖိ ဇံပြည့်လျက်။ မျိုးကြင် ဘက်နှင့်။ နှစ်သက် ဝမ်းသာ။ ပျော် ပါးရာတွင်။ ကာဏာ ရိပ်မိုက်။ နို့ရိုကြွက်ဝယ်။ လိုက်လိုက် ဖိ ဖြင်။ အရှင် ရွှရွ။ ဘုဇဂဏ်။ ရုပ်ရုပ်ဆောင်း။ ပြပေရှောင်းသား။ အကြောင်းတို့ကို။ ဆိုခဲ့မလွတ်။ ဗောဓိသတ်လျှင်။ ရေနုတ်စော ထိး။ ဘမင်းကြီးနှင့်။ မသိးမခြား။ ဘော်ပြိုင်သွား၍။ သိကြားနေ ရာ။ဆည်းကပ်ပါသော်။ မဟာရသ။ ဒေဝသိရိ။သမ္မတ္တိကို။ မြင် ဘိရကား။ဝမ်းတော်ပါး၍။ကြိုးစားသတင်း။ သုံးလေလျှင်းသား။ အခြင်းဆောင်ညွှန်း။ ဥပုသ်ခဏ်းဟု။ နိဒါန်း ခေါ်ထွေ။ ချန်သက် သေဖြင့်။ မကွေမကွာ။ကိုယ်ပါထက်ကြပ်။တောင်ကပ်ဖါးရား။ ခစားသသူ။ လူနှင့်ရဟန်း။ ခင်ပွန်း ဟူလောက်။ သွေးသောက် သနင်း။ကျေးရင်းကျွန်ချာ။ တကာဆွေဝါး။မကောင်းငြားလည်း။ မပြားပုံခိုင်း။ဤကိုနိုင်း၍။ တံတိုင်းမယွင်း။ကျင့်ကုန်မင်းဟု။ ခင်း ကျင်းခဲ့ပြီး။ တသီးတခြား။နဂါးသူမွန်။တိရ စ္ဆာန်လျက်။ အလွန် သေသတ်။သီလဝတ်ကို။အမြတ်ဤသို့။ကျင့်တုံမြဲရှင့်။ငါတို့သော် ကား။ထို့ထက်ပွါး၍။တရားနိစ္စ။တည်အပ်စွာ့ဟု။ဆုံးမကိုယ်ကို။ ကုသိုလ် နည်းထု။ ယူစိမ့်သော့ကြောင်း။ လူအပေါင်းအား။ ဤ စကားလည်း။ ။တခြားမှတ်စေပြီးသတည်း။

ထို့နှင့်တလျှည်။ ဆိုစည်မချာ။စပ်ကာသည်းကောင်း။ ဗော

ဓိလေါင်းကို။တွေ့ကြောင်းနှိုးနှယ်၊အလမ္ပာယ်လျှင်။နှိပ်နယ်ကလူ။
ယူလေသရော်။ မယ်တော်မိခင်။ အိပ်မက်မြင်သော်။ ပုံပြင်ခင်း
ခင်း။ မင်းရှေ့ကျင်း၍။သန့်ရှင်းဝါဒ။ သာဒလျှဖြင့်။ရသစိတ်ဖြာ။
အလင်္ကာ၌။ကရုဏာမည်ထ။ သုပိနဟု။ ပြခဲ့ပိုင်းခြား၊ တခဏ်း
ထားမှ။ သုံးပါးညီနောင်။ တောသုံး တောင်နှင့်။လူ့ဘောင် နတ်
ပြည်။ ရပ်သုံးမည်ကို။ ဖွေနည်ပတ်ခြောက်။ တယောက်တသီး။
သွားလေ ပြီးသော်။ အကြီးတမူ။ ဗိုလ်လူ တကာ။ သဒ္ဒါကြည်
အောင်။ ရသေ့ယောင်လျှင်။ ဆောင်ဘိ ရကား။ ဆံကျစ် ကြား
ဝယ်။ ဘားဖို့ရုပ်ဝါ။ နှမပါလျက်။ လူ့ရွာပတ်ပတ်။ ရှာလတ်
သော့အား။ မြွေသမားနှင့်။နဂါးပြခါ။ တွေ့ကြရာတွင်။ ဂါထာပြ
ယယ်။ ကုန်ရောင်းဝယ်သို့။ ဖလယ်ရချင်း။ ရွတ်ကြလျှင်း၍။မင်း
၏အိမ်မှာ။ ဥစ္စာရကြောင်း။ တောင်းလေ သည်က။ တစမကျန်။
ဆိပ်ပေါက်အန်မှ။ အလွန် ကြောက်စွာ။ ဘုရား လျှာကို။ လွှတ်
ရာတွင်နေရှ။စေ့ငေ့နှိဒါန်း။လမ္ဗာယ် ခဏ်းဟု။ ညွှန်းခဲ့ သင်းသီး။
တူဦးရိုးတို့။မျိုးကြတုံလတ်၊ ဘူရိဒတ်လျှင်၊မချွတ်မယွင်း၊သိတင်း
သုံးရာ။ မိစ္ဆာပုဏ္ဏား။ သားနှင့်တကွ၊ တွေ့ကြ လေဟန်။ ပြန်ပေ
တုံထ။ချဉ်းကပြသား။ ပြဟ္မာခဏ်း။ သာလွန်းချိုမြ။ပဥ္စမနှင့်။
နဂရပဝေ။ဆက်လေ တုံရှောင်း။ လုံးစုံ ပေါင်းသော်။ရှေးနှောင်း
ဝိစစ်။ ခြောက်ခဏ်း ဖြစ်၏။ အနှစ်ချင်ချင်။ မှုလောက် စင်တည့်။
ဆင်သားအလင်္ကာ။ ပဒေသာ၌။ နည်းနာစကား။ သီးပွင့်များကို။
တရားရှေ့ရှု။ နားတန်ချုံဖြင့်။ ။ရှင်လူဆွတ်စေပြီးသတည်း။

ယခု တမူ။ လူတို့ မကိုင်။ သမိုက် ပြဋ္ဌာန်း။ စတု ရန် ဟု။
လေးကွန်း ရပ်လုံး။ နိုင်ငံ ကျူးသား။ မင်းဆုံးဘူပတိ။ ထွန်းညီ
လျှံဝါ။ရှေးသံသာက။ ကြမ္မာကောင်းမှု။ ပစ္စည်းပြုသား။ ဥတုသ
ရုဋ္ဌာန်။ စကြာ မွန်လျှင်။ ပျံကွန် စွတ်စွတ်။ တန်းခိုးထွတ်သော်။
အဌ္ဌနှင့်ဇယ။ခကားတြိန်း။ ထွက်ကိန်း ယူဇနာ။ နက်လှ စွာသား။
သမုဒြာရေထဲ။ ရိုးရိုးရဲတည့်။ ဘိုးကဲရတနာ။ သာရမြဲတော။ အာ
ထွေထွေကို။ ဆောင်ချေသော့လား။ နှစ်ပါး စုံအင်။ အပြားထင်

ဓိလေါင်းကို။တွေ့ကြောင်းနှိုးနှယ်၊အလမ္ဗာယ်လျှင်။နှိပ်နယ်ကလူ။
ယူလေသရော်။ မယ်တော်မိခင်။ အိပ်မက်မြင်သော်။ ပုံပြင်ခင်း
ခင်း။ မင်းရွှေကျင်း၍။သန့်ရှင်းဝါဒ။ သာဓလျှဖြင့်။ရသစိတ်ဖြာ။
အလင်္ကာဘွဲ့။ဘာရလာမည်ထ။ သုပိနဟု။ ပြခဲ့ပိုင်းခြား၊ တခဏ်း
ထားမှ။ သုံးပါးညီနှောင်။ တောသုံး တောင်နှင့်။လူ့ဘောင် နတ်
ပြည်။ ရပ်သုံးမည်ကို။ ဖွဲ့နည်းပတ်ခြောက်။ တယောက်တသီး။
သွားလေ ပြီးသော်။ အကြိုးတမူ။ ဗိုလ်လူ တကာ။ သဒ္ဒါကြည်
အောင်။ ရသေ့ယောင်လျှင်။ ဆောင်ဘိ ရကား။ ဆံကျစ် ကြား
ဝယ်။ ဘား၏ရုပ်ဝါ။ နှမပါလျက်။ လူ့ရွာပတ်ပတ်။ ရှာလတ်
သော့အား။ မွေ့သမားနှင့်။နဂါးပြခါ။ တွေ့ကြရာတွင်။ ဂါထာပြ
ယာယ်။ ကုန်ရောင်းဝယ်သို့။ ဖလယ်ချချင်း။ ရွတ်ကြလျှင်း၍။မင်း
၏အိမ်မှာ။ ဥစ္စာရကြောင်း။ တောင်းလေ သည်က။ တစမကျန်။
ဆိပ်ပေါက်အန်မှ။ အလွန် ကြောက်စွာ။ ဘုရား လျှာကို။ လွှတ်
ရာတွင်ရွေ့။ စေ့ငွေ့နိဒါန်း။လမ္ဗာယ် ခဏ်းဟု။ ညွှန်းခဲ့ သင်းသီး။
တူဦးရိုးတို့၊မြိုးကြတုံလတ်၊ ဘူရိဒတ်လျှင်၊မစ္ဆတ်မယွင်း၊သိတင်း
သုံးရာ။ မိစ္ဆာပုဏ္ဏား။ သားနှင့်တကွ။ တွေ့ကြ လေဟန်။ ပြန်ပေ
တုံထ။ချဉ်းကာပြသား။ ဗြဟ္မာခဏ်း။ သာလွန်းချိုမြ။ပဥ္စမနှင့်။
နဂရပဝေ။ဆက်လေ တုံရှောင်း။ လုံးစုံ ပေါင်းသော်။ရှေးနှောင်း
စိစစ်။ ခြောက်ခဏ်း ဖြစ်၏။ အနှစ်ချင်ချင်။ မျှလောက် စင်တည့်။
ဆင်သားအလင်္ကာ။ ပဒေသာဘွဲ့။ နည်းနာစကား။ သီးပွင့်များကို။
တရားရွှေရှူ။ နားတန်ချူဖြင့်။ ။ရှင်လူဆွတ်စေပြီးသတည်း။

ယာခု တမူ။ လူတို့ မကိုင်။ သရိုက် ပြန္ဒာန်း။ စတု ရန် ဟု။
လေးကွန်း ရပ်လုံး။ နိုင်ငံ ကျုံးသား။ မင်းဆုံးဘူပတိ။ ထွန်းညီ
လျှံဝါ။ရှေးသံသာက။ ကြမ္မာကောင်းမှု။ ပစ္စည်းပြုသား။ ဥတုသ
ရန္ဒာန်။ စကြာ မွန်လျှင်။ ပျံကွန် စွတ်စွတ်။ တန်းခိုးလွှတ်သော်။
အဂ္ဂနှင့်ဇေယ။ခကာ:ကြိုန်း။ ထွက်ကိန်း ယူဇနာ။ နက်လှ စွာသား။
သမုဒ္ဒြာရေထဲ။ ရိုးရိုးရဲတည့်။ ဘိုးကဲရတနာ။ သာရမြတော။ အခ
ထွေထွေကို။ ဆောင်ချေသော့လား။ နှစ်ပါး ရုံအင်။ အပြားထင်

ဖြားပညာ။ ပွါးပါလိမ့်မည်။ သူဘို့ရည်၍။ သာကြည် ရွှင်လန်း။
လက်ာ ညွှန်းသော်။ ရဟန်း သူတော်။ ခပ် မလျော်ဟု။ သိမြော်
ကျမ်းဂန်။ငါ့နောက်ကျန်သည်။နတ်လွှန်သူများ။ အပါယ် လား
လိမ့်။ ဘုရားလူ့ဘ။ ရနိန္ဒ လျက်။ မိန်းမယောက်ျား။ လူ စကား
ဖြင့်။မကြားစကောင်း။မဆိုထောင်းကို။ အခြေအြောင်းဆောင်သွေး။
ဆိုတုံသေးရှင့်။ ဆိုရေးရှိက။ ဆိုအပ်လှ၏။ ဆိုစများလျှား။ထား
ပချေမိ။ငါ့ဝန်ရှုံ့ခဲ့။ပြီးမိပြီးစေ။ဆိုလျှင်းပေအံ့။ မငြွေပိတ်သို။ ဖြိုး
ဖျည်လို၍။ငါ့ကိုကော်ရေ်။မကြည့်သော်လည်း။ရှင်တော်ဟော
တူ။လေးမြတ်မှု၍။အယူပြတ်ပြတ်။ နာထွေတတ်က။ ကျိုးကြီးရ
လိမ့်။ ကြောင်းကျ ဟုသည်။ မိးပူခပ်သိမ်း။ ငြိမ်းစိမ့်သော ဌာ။
သူတော်စွာတို့။ ဤစာသာရ။ ဂေါသိတကို။ နားဝန္တစ်ဘက်။ မြ
ကျောက် ထက်၌။ ဉာဏ် လက်ကိုင်ထေး။ ဖြည်းဖြည်း သွေး
၍။ ။နှံ့မွေး တသုန်လိမ်းလင့်ကုန်။

မဟာ သတ္တောသမ္ဘောွ သကလနာဂဘဝံ။ ဧကပရိဒေဝ
သန္ဒံ အဟောသိ။ ။ဤသို့ ပန္နိညာဉ်။ ဥယောဇဥ်နှင့်။ စိ
လျှဥ့်သင့်အောင်။ဆောင်ဗိမ့်လက်ာ။ ရှေးဦးစွာက။ ရတနာမုတ္တ။
သိလမြတ်ဆုံး။ပုလဲကုံးကို။ နှုလုံးတိုက်ထဲ။ အမြဲသိုထား။ တံခါး
မဖွင့်။လွယ်လင့်တကူ။မည်သူမရ။ မင်းတုတ်ချသို့။ နာဂရာဇာ။
ဘုရား လျှာလည်း၊ လမ္ဘာယမန။ လက်မှ လွတ်စင်။ ရောက်လ
ကျင်သော်။ မိခင်မွေးဘ။ သားချင်းစသား။နဂါးပြည်လုံး။ပတ်
ကုံး ကြေငြာ။ ကောလာ ဟာလ။ သူရိန် ကျသို့။ ပေါက်ပြဲ့တင်။
ထိန့်ထိန့်ရှင်မျှ။ မြေပြင်ခပင်း။ တိမ်းလျှင်း ဘနန်း၊ ထက်ဝန်းထူး
ခေါ်။ သဲသဲကျော်လျက်။ တပြိုင် နက်လျှင်။ ဆိတ်ချက်ရင်သား။
ဖါးရေးဆံပြေ။ စုံမက်ထွေဖြင့်။ ကွဲကျေပြင်းထန်။ ငိုကြွေး ဟန်
လည်း။ ။သံဒုန်တသောင်းသောင်းသတည်း။

အဟိတုဏ္ဍိက။ဘမ်းဦးစ၍။ ဒုက္ခဝေဒနာ။ သည်းစွာခလော်။
ရှားမီး တောက်သို့။ ဦးစောက် တွဲလင်း။ မြီးရင်း ကိုင်ဆုပ်။ ငင်
လုပ်ချောက်ချား။ တဖြင်ရှားလျှင်။ ဖဝါးဖနောင့်။ချိဆောင့်ခုံသိပ်

နင်းနှိပ်သတ်ပုတ်။ အဟုတ်အလျှိုင်း။ လိုတိုင်း နှိုင်ထက်။ ညက်ညက်ကျေမွ။ဒဘ်ရေဝလည်း။ခဏာထိုရွေ့။ မမြွေလျှင်ဘဲ။ပချုပ်ထဲတွင်။ အမြဲပင် တည့်။ ထွက်ချင် ထွက်ရ။ တလတိုင် တိုင်။ မိန်းမှိုင် ကုတ်သေ။ ကွေးကွေး နေလျက်။ တွေဝေ လှည့်ကာ။ ရေစာမယူ။ အပြူအယော်။ ကိုယ်တော် ရှဲရှဲ။ အားမဲ့ပိပိ။ မဤမယွတ်။လုံးပတ်လျှလျှ။ဝမ်းမှခေါင်းခေါင်း။ရိုးပျောင်း သိမ့်သိမ့်။ ကျောက် လိမ့်လပ် လျှား။ ပါးပါး လွှာလွှာ။ ကြုံထူစွာ၍။ နာနာ ဖျားဖျား။ အိပ်သော့သားသို့။ ရေသားဖိန်းဖိန်း။ မျည်းမျည်းမှိန်းသည်။ ။စက်ကျိန်းတပြောင်းပြောင်းသတည်း။

မရဏာသန်။ ဇာဂေါးတန် ဖြင့်။ သေ့လှန်အသက်။ သေပြီးလျက်တည့်။ တချက်တဘန်။ပေါ်လပြန်သို့။ အလွန် တင့်ကဲ။ အုံ့ဆဲစရာ။ ရောက်တုံ လာသည်။ ကြမ္မာ ကောင်းစွာ့။ တို့မွေဘာဟု။ ဆိုကြသဲသဲ။ မျက်ရည်ရွှဲနှင့်။ စားပွဲ တင်းလင်း။ ဖြစ်ခဲ့ လျှင်း၍။ အပြင်းလျှင်စွာ။ ဘူးအုံ့လာသား။ဗိုလ်ပါနဂါး။ ခြွေရံများသည်။ မအားရှင်ဘိ။ပျားနှယ်ဇရ၏။ ဗောဓိငုံအာ။ဘုရားလျှာလည်း။ ညီညာခစား။ထိုသူများနှင့်။ စကားသာပျော်။ ပြောလတ်သော်လျှင်။ ကိုယ်တော်မချိ။ ပြောင်းလှဘိ၍။ရိရိရှားရှား။ ကြုံသောအာ ဖြင့်။ မစားတတ်ခဲ့။ ဝမ်းနက် မဲ့သော်။ နွဲ့နွဲ့ နောင်းနောင်း။ မျည်းခွေပျောင်းလျက်။ရင်ခေါင်းဆို့မျို့။အနံ့အုံ့သို့လျှင်။ပျိုတို့ ကျင့်တင့်။ လေချဉ်ပင့်၍။ ကျောက်နှင့်မီးညောင်း။ နံတောင်းမကြွင်း။ နာဘိခြင်းကား။ ။ကိုယ်တွင်းတထောင်းထောင်းသတည်း။

ဤသို့ဝေဒနာ။ခံသောခါ၌။ကျမ်းလာစကား။အသင့်အားဖြင့်။ တရားနှိုးနှယ်။စိလျှည်သွယ်ပိမ့်။ သူငယ်သူအို။ ကိုယ်ကို မပိုင်။ မည်မှိုင်ရောဂ။သူနာစသော။ ကမ္မကရဏာ။ ဒွတ္တိသ်နှင့်။ နာမရူပ။ နိခရာခကြောင့်။မတသဏ္ဍာ။ဟောသားသူသေ။ အနေဤမျှ။ သရူပဖြင့်။ဒေဝဒူတာ။ဆရာမည်မှတ်။ဆုံးမတတ်သည်။ ။နတ်၏တမန်ငါးပါးတည်း။

တမန်ငါးပါး။ဆရာများတွင်။ပျို့ထွားနှုနယ်။ထိုသူငယ်ကါး။
အကယ်ပင်ကို။ဆိုဘိသော့ထွေ။ဆုံးမပေ၏။ဥပဒေရပြီး။အသက်
ကြီးတို့။ထုံးမြိုးနည်းတူ။ငါ့ကိုရှုလော။နှစ်ချပ်ဟာဏ္ဍူ။ပါဒနှစ်ခွ့ါ။ခက်
မဖြာသား။ခန္ဓာပင်သွယ်။ သင်တို့နှယ်လျှင်။ ငါ့ဝယ် ခြေလက်။
ပြည့်ရုံလျက်တည့်။အန်တွက်လိလိ။ ရှုံ့ဘွယ်ရှိသား။ မိမိရထွာ။က
ရိသဒ္ဓိ။မထကျွနစ်။ညစ်ပစ်ကိုယ်တွင်။မသန့်မြင်သော်။ကိုယ်ပင်
ကြွ၍။ ကိုယ်မှ အနံ့။ ငါ ချော် အံ့ဟု။ ကြံ့ကြံ့ ကိုယ် တိုင်။ မ
ဆောင်နိုင်ခဲ့။ နေ့ထိုင်မရ။ ကျည်းမြောင်း လှ၏။ ငါ့ဘ ငါ့မိ။ဆေး
ကြောဘိဟု။ တစိကြံ့စည်။ဆိုအံ့သည်လည်း။ ထူးတည်မတတ်။
ဆင်းရဲ ဝတ် ကား။ မပြတ်ဇာတိ။ ရှိချေ သမြို့။ ဤသို့ ငါ့ မှာ။
ရောက်တုံလာ၏။ ငါသာမဟုတ်။ အယုတ်အလတ်။ အမြတ်မှန်
ထား။သုံးလွေပြားသည်။ ယောက်ျားမိန်းမ။ဟူသမျှလည်း။ ဘဝ
တဆစ်။ငါ့နှယ်ဖြစ်အံ့။အသစ်ခန္ဓာ။မလာလတ်မီ။ ပစ္စုသိနှင့်။ဖြည့်
ညီဒါန။ ကြိုးပမ်းကြဟု။ အဋ္ဌဖြင့်အား။ ဆိုဟာန် ကြားလျက်။တ
ရားနှုးညွှတ်။ဆုံးမတတ်သည်။ ။မချွတ်သူငယ်စကားတည်း။
ကမ္ဗဇရုပ်။ ကြာတောအုပ်ကို။ စောင့်ချုပ်အာယု။ ရေအတု
လျှင်။ ခန်းလုပ္ပာပြီး။ သေခါနီးသား။ သက်ကြီးသူအို။ ထိုဆရာ
လည်း။ နည်းနာအသင့်။ ယူသဖြင့်လျှင်။မှတ်လင့်စေလို၊ဤသို့ဆို
၏။ငါ့ကိုယခု။သူငယ်နှုတို့။ရှုလတုံသေး။ဆုံးမပေးအံ့။ဈေးသရော့
ခါ။ငါလည်းသင်တို့။စွမ်းကဲ့သို့လျှင်။မချိုအင်္ဂါ။ပြည့်ရုံစွာ၏။ဇရာ
ဆိုးရိ။အိုလပြို့းကား။ရှိသည်ငါ့လက်။ငါ့ခြေလျက်လည်း။အမျက်
ဆုန်းဆုန်း။ ရန်သူမုန်းသို့။ရှုန်းကဲ့ငါ့ကိုယ်။အလိုမပါ။ဆန်ငြင်းရာ
၏။ခန္ဓာပင်ချေ့း။ မရောက်သေးသား။ငယ်သွေးတန်ပို။ သင်တို့
ကိုလည်း။ မအိုမမင်း။နေလျှင်းအံ့သို့။ထင်တို့သလော။ဤသဘော
မှ။ကင်းသောဟူသည်။ဘယ်သူကြိုးကြား။ရှိငြားအံ့နည်း။ ငါ့နှယ်
ချည်းလျှင်။ ဦးမည်းလှဲ့ဘောက်။ဦးဖြူရောက်အံ့။ မချောက်မချား။
ညှံ့ညှံ့သွား၍။ရုပ်အားအသာ။ခိုးတတ်စွာသား။ဇရာစောရ။ မကြွ
မိခင်။ ရွှယ်တုံးတွင်ဒ္ဓိ။ လုလင်သမဲ။ အမိညဲ့တို့။ရဲ့လေ့အလှူ။ဖြူ

လေ့နှုလုံး။ သုံးလေ့သီတင်း။ တိုက်တွန်းခြင်းဖြင့်။ ပုံခင်းတခု။ ဆုံးမပြုသည်။   ။ပျိုနွှဲ့သူငယ်တို့အားတည်း။

သမားလက်ချ။ခွင့်မရ၍။မထတတ်အား။မသွားတတ်နိုင်။ညှိုးမှိုင်တွေဝေ။ ကိုယ်လုံးသေသား။တထွေဆရာ။ ထိုသူနာလည်း။ ဝုဏ္ဏကာရေ။ ဤသို့ပြု၍။ ရှုကြကုန်သေး။ယခင်ဈေး၌။ ကိုယ့်သွေးကိုယ့်သား။သင်တို့လားသို့။မဖျားမနာ။အကြင်ငါလည်း။ ဇရိယာပထ။သိုတိုင်းရ၍။ဧတရဟိ။ယခုပြို့ကါး။ဗျာဓိဟူသါး။ရန်သူနှိပ်နှင်း။နှောင်တုပ်ပြင်းသော်။ဆန်ငြင်းမသာ။စက်မွေ့ရာ၌။မကွာစဲ။ သစ္စာစွဲသို့။ အမြဲကပ်လပ်။ ပျပ်စပ် ပေါင်းလည်း။ လိုနာကြည်းလျက်။ ကိုးဖြာထွက်၍။ သန့်သက်မရှိ။မိမိကိုယ်မှု။ ရွံတလွှ၍။ ဟာဋ္ဌပါဒါ။ ငါ၏ခြေလက်။ ပြည့်ရုံလျက်တည့်။ နှစ်သက်စွာမှု။ တခုခုကို။ မပြုနိုင်လျှင်း။ ဆင်းရဲခြင်းကား။မကောင်းဗျာဓိ။ ရှိသောကြောင့်တည်း။ဖြစ်သည်ချဉ်းဟု။ပုံနည်းမှီထောက်။ငါ့ကိုလျှောက်လေ့။တယောက်ငါသာ။မနာမဖျား။သင်တို့အားလည်း။လေးပါးဇရိယာ။မဟာဘူတ။ဓါတ်မမျှသော်။ရောဂဗျာဓိ။စင်စစ်ရှိအံ့။အဂိလာနု။ထကြွသွားလား။တတ်အားသော့ခါ။ရတနာသုံးဦး။ ကိုယ်တိုင်ဘူးလေ့။ ညွတ်နူးစေတနာ။နှုလုံးသာတည့်။ ပဋ္ဌာနရှင့်။ဝေးကသော်လည်း။ကော်ရော်တသီး။အကျိုးကြီးဟု။ရိုးရှိုးရိုးရှာ။အိမ်ကိုတာ၍။သဒ္ဓါရှုပ်တွ။ကာယသမွတ်။မရောက်တတ်ဘဲ။မဖြည်းနွဲ့နှင့်။ အမြဲသုစရိုက်။ ကိုယ်၌မကွေ။ တည်ကုန်စေဟု။ဆို့ထွေအတ္တ။သူနာပြုသည်။   ။ဟုတ်စွာ့ကျင့်စဉ်တရားတည်း။

ကြိမ်လုံး လှံကန်။ ပြင်းထန်ခတ်ပုတ်။ ရေသား ရုတ်လျက်။ လှိုးချတ်လည့်ကြောင်း။နှာခေါင်းနားရွက်။ခြေလက်မိုင်းဖြတ်။လတ်လတ်အရှင်။တံကျင်လျှိုနှက်။မသက်မသာ။လိုနာလည်းဟူ။ ကာလုညှဉ်းဆဲ။ဆင်းရဲဒုက္ခ။ဤသို့စသား။ကမ္မကရဏာ။ ဒွတ္တိံသလည်း။ ဆုံးမနက်လေး။ပေးလတ်တုံခြင်း။ တို့တသင်းကား။ မကောင်းဇာနေ့စိတ်စေတနာ။ ပြည့်ရုံစွာသား။ တပ္ပာဒိသ။ လောက အားသာ။ ရောက်တုံလာ၍။လယ်တာပုက္ခ။မိုးမြေစသား။အနိဋ္ဌယ။ ဗဒ္ဓရုပ်

အားၤ။ရှောင်ရှားကြည်ပဲ။လွဲသွားအနေ။ ကိုယ်ဖြစ်ထွေကို။သံဝေ
လည်းရ။ ယခုကလျှင်။ဒါနသီလာ။ ဘာဝနာဖြင့်။သုံးဖြာဝနေ။ ဝဲမှ
ထွက်လွန်။ လည်မပြန်သား။ နိဗ္ဗာန်မြို့ခိုင်။တိုင်စိမ့်သမှု။ လို့လပြု
လေဘ့။ယခုငါတို့။ နောင်ခါဘို့လည်း။ဤသို့နှင်နှင်။ မချွတ်ထင်အံ့။
သင်တို့တကာ။သတ္တဝါကား။ ချမ်းသာစူးစူး။မရှိဘူးတည့်။အမှူး
အမော်။ ကောင်းစွာပျော်၍။ သူတော်မယှဉ်။မယည်နှလုံး။ မသုံး
သီတင်း။မေ့လျော့ခြင်းမှ။ကင်းစေလသေး။ဆုံးမပေးသည်။ ။
ကျင့်ရေးလူများစီးပွါးတည်း။

ဒေဝဒူတ။စတုဠ္တဟု။ ပြသည်ကျမ်းလာ။ဤအရာ၌။စည်လာတ
ကြောင်း။ တကြိမ်လောင်းအံ့။ အပေါင်းကမ္ဘ။ ကရဏာကို။လို့လ
တဆု။ ပြုသသူလည်း။ဟုလတုံထွန်။တို့တသွန်ကား။ရေကန်ရေ
တွင်း။ ကုန်းကျင်းချောင်းမြောင်း။ တောတောင်ကစ။ ဇိဝ ချို့တဲ့။
ဝိညာဉ်မွဲ့အား။သုံးဆဲ့နှစ်ခု။ ဒဏ်ပေးမှုကို။မပြုစလှည့်။လူ၏ခန္ဓာ။
ကိုယ်၌သာလျှင်။ ရှေးခါသရော်။ အတ္တဘော်ဝယ်။ မနေဘ်ခွါရ။
စသည်လွန်ကြူး။ကျင့်ခဲ့ဘူးမြို့။ကြမ္မာတို့ဖြင့်။ဤသို့ပြင်းပြ။ ညှည်း
ဆဲကြ၏။ ကာလ နှောင်းကျန်။ တမလွန်လည်း။ တဖန် ဝေဒနာ။
ဆင်းရဲရှာအံ့။ခန္ဓါဓါတ်။ရှိသည်ချွေလျှင်။တွေ့လိမ့်ဒုက္ခ။ကြီးဆုံးဆ
လျက်။ဘဝသုံးပါး။ရထားမလည်။အမြဲတည်သား။ ရွေပြည်သာ
လှ။နိဗ္ဗာနဟု။ခေမသဒ္ဒါ။ဝိမုတ္တိသို့။ ရောက်မိရောက်ကြောင်း။ ဆု
တောင်းဆုယူ။ အလှူမကွာ။ ကျင့်သမ္မာနှင့်။ ပါဏာတိပါတ်။ မ
သတ်သူ့သက်။ခိုးဝှက်ဥစ္စာ။အိမ်ရာပြစ်မှား။မုသားပျက်ဆို။ သေ
ရက်ကိုလည်း။မလိုဘဲကြည်။ကုသိုလ်ယှဉ်လျက်။ ယည်သည်
နှလုံး။ သူတော်ထုံးကို။ ယူကျုံးမှတ်လေ။ ဆုံးမထွေဖြင့်။ သံဝေ
ရလောက်။ လှန်မြိမ်းချောက်သည်။ ။ဖျက်မှောက်အထင်အ
ရှားတည်း။

သူသေမည်မှတ်။ ဖိညာဉ်ပြတ်သား။ နတ်ဖြ၏တမန်။ဆရာမွန်
လည်း။ဆိုဟန်အဏ္ဏ။ပြလတ်တုံခြင်း။အရှင်တွင်းသည်။ ဖေါ်ချင်း
လူမျိုး။မျက်ရှုဖြိုးတို့။ လန့်စိုးသံဝေ။ ရကုန်စေလေ့။ မိသေသေး

ခါ၊၊ထိုရွှေကွာကာ၊ မြင့်ကြာကွေကွင်း၊ တလကင်းသို့၊ လွန်ဖြင်းရုံ
မက်၊၊ပျော်ကြဘက်ဟု၊၊အသက်ထပ်တူ၊ ချစ်သောဟူလည်း၊၊မယူ
တတ်အား၊ ဓွန့်ထားနောက်ပြန်၊၊ငါ့ကိုချန်ခဲ့၊ သုသာန် တစ၊ သင်း
ချိုင်းဝဋ္ဌ၊၊ပုပ်လှအကောင်၊၊ဖူးဖူးယောင်လျှက်၊၊မီးလောင်တိုက်ထဲ၊
တန်ရှူးစွဲတို့၊၊ဩဘ်လဲကလူ၊၊နှိပ်စက်မှုလည်း၊ မည်သူမေးသွခင်၊ မ
ဝင်အရေး၊ မီးသွေးမီးနာ၊ ပြာနှင့်သဘော၊ အရောရောလျှင်၊ နှီး
နှောတမြေ၊ ကိုယ်လုံးကျေမှု၊ အနေမကျ၊ ဤဒုက္ခကား၊ ဘဝရုံ
ဆန်၊၊သေမင်းကျွန်မှ၊၊တော်လှန်မင်းစစ်၊၊မဖြစ်ချေမိ၊၊ငါ့ဝန်ရှိခဲ့၊၊ရတိ
ဖြိုးခြိ၊၊မြောင်းမြေခံသည်၊ တရံငါသာ၊ မဟုတ်စွာတည့်၊ ကာမာ
ငါးပါး၊ အဘိုးစားသား၊ အများသတ္တဝါ၊ သင်တို့မှာလည်း၊ မ
ညှာခန့်ထား၊ သေမင်းဖြားလျှင်၊၊မထားအရှင်၊ ကျွန်းရိုး ငင်လိမ့်၊
ကောင်းကင်ပျံဝဲ၊ ရေထဲ တောင်ခေါင်း၊ ဥမင်အောင်းလည်း၊ အ
ကြောင်းသိစွာ၊ မျိုးရွှေ လာသား၊ ကြမ္မာ ကုန် သည်၊ တညွှန်း
တည်၍၊ ဖွေနည်ပတ်ပတ်၊ ဘမ်းဆီးလတ္တံ့၊ မလွတ်သာလျှင်း၊
အာဏာပြင်းသား၊၊သေမင်းအရှင်၊ မလာခင်တည့်၊ ရောက် လျှင်
လိုက်ကာ၊၊မျိုးရိက္ခာကို၊ ကုန်စွာယခု၊၊ပြုလေကုန်မင်း၊၊လှူသီတင်း
နှင့်၊၊မကင်းနေ့ည၊ မွေလျော်ကြဟု၊၊ဆုံးမသော့တွေ၊ နှိုးဆော်ပေ
သည်၊ ၊၊သူသေမမေ့မမှားတည်း၊

တမန်အပြား၊၊ထိုငါးပါးတွင်၊ သူနာဝင်သည်၊ နတ်ရှင်ဒတ္တ၊ ဂိ
လာနလည်း၊၊ဆုံးမစကား၊ အတ္တအားဖြင့်၊ လူများတို့ကို၊ ဤသို့ဆို
၏၊ မင်္ဂလိဝမ္မ၊ သာရ အင်ပြည့်၊ မှည့်အုံ တင်းလင်း၊ ရွှမ်းဖြင်း
သမ္ဘာ၊၊သီးရင့်မာသါး၊၊ငါသို့သသူ၊၊စင်ဖြူနှလုံး၊၊သီတင်းသုံးလျက်
ဘဝစက်မှ၊၊မထွက်နိုင်သေး၊ လွတ်ရေးခဲ့လှော်၊၊ဆယ်ခုခေါ်သား၊
သံယော်ဇနု၊ တုပ်ကွနှောင်ချည်၊ ဘုံသုံးမည်၌၊ ကြင်လည်သော
အါး၊၊မြွေသမါးလျှင်၊၊ဘမ်းငြားလေထ၊၊ခတ်ပုတ်စသါး၊၊ဒုက္ခလွေ့
လွေ့၊၊ဘေးကြီးတွေ့ရှင့်၊၊ဥဋ္ဌနေ့နံက်၊၊အသက်သေလှဲ၊၊အမြဲအနိတ်
ဝိပရိတ်ကို၊၊တဆိတ်မတွေး၊ တိမ်တောင်မြှေးသို့၊၊ညစ်ကြေးလွှမ်း
တူ၊၊တဏှာပဲဟူသား၊၊ထိုသူလည်းကောင်း၊၊ကိုယ်ထဲအောင်း၍၊၊ပေါင်း

ပေါင်းဖေါ်ဖေါ်။အာရုံမြှော်သော်။လော်လော်လည်လည်။ တအဥ္စ မကျ။ တကြွကြွတည့်။ ရုန်ကျသွင်သွင်။ ဇွေ့ညောင်း ဆင်သို့။ လောင်လင်လိမ်လက်။တဖြင်ကွက်လျှင်။ ရုတ်ရက်ဆန်သာ။ကြာ ခဲ့နှစ်လ။ဒါနမပွါး။တရားမပျော်။ရယ်မှုဖျော်လျက်။ ဟော်ဟော် ဟန်ဟန်။ပြန်ဘိဘနန်း။ကြမ်းထမ်းမါန်စောင်။ထောင်ထောင်ထါး ထား။လိုက်လျှားမသိ။ဒိဋ္ဌိမှုနည်း။မကြည်မညို။မယိုရေဘိတ်။ကိတ် ကိတ်လဲ့လဲ့။ကဲ့ရဲ့စရာ။ လျှာဒါန်းမှာလည်း။သဒ္ဓါမရှေး။မပေးရက် ရက်။ဆိတ်ကျက်တုံတုံ။တောင်ပုံမိုမြင့်။ ကြွယ်လင့်ကစား။အား ပါးမရမ်း။ကျေးကျွန်ဝမ်းမျှ။ မချမ်းပါနိုင်။ သရိုင်ပုတ်ကာက်။ အ နက်ကျိုပြီး။ပုပ်သိုးထားသို။ ဝန်တိုဗိတ်တူ။ လူလည်းတချား။ ရ ဟန်းများတုံ။အကြွားအမြင်။ ဂုဏ်ဒင်ကျေးဇူး။ အထူးထူးဖြင့်။ ထိမ်မြူးကိုယ်ရှောင်။ ငတောင်ငချောက်။ ပုန်းပျော်မတိမ်။စည်း စိမ်ငါသို့။ပို့လါအံ့ဟု။ဆဥ္စုးငံ့လေးဖင်မဆင်ခြင်တဥ္စ။လွှင်လွှင်ပါး ပါး။ကစားခံတွေး။ သိမ်းမွေးကြက်ဝက်။မရှက်စသီး။ရှာမှီးဥစ္စာ။ ဖွတ်လျှာစွဲသုံး။ နှုလုံးမချုပ်။သံယ်လုပ်ကုန်သွယ်။ ကြွေးဆယ်မြို ချ။စသည်မကြွင်း။နိုင်နင်းနှိပ်စက်။လုရက်ယမ်းကား။ သူ့အားရိုး စွပ်။ တိုက်လျှပ်မင်းစေ။ ရန်မွေ လှုပ်ချောက်။ ကျပေါက် ဖြစ် အောင်။ ဆောင်သားမစဲ။ မင်းပွဲသွားလား။ မင်းနားချောပစ်။မင်း ချစ်ကျွမ်းဝင်။မသင်စါပေ။လိုလွှန့်နေ၍။ရွှေငွေရမှု။လုစါးမတတ်။ အပတ်တကုတ်။ အားထုတ်လွန်ကြူး။ရှုးမူးလှည့်ကာ။မိစ္ဆာဇီဝ။ လုံးပန်းကြ၏။ ထိုမျှရှင်လူ။ငရဲသူကား။ထွက်ပြူဘယ်နံ့။ ပေါ်လတ့ံ နည်း။ကုန်းကျည်းတောင်ခိုင်။ဖျက်မနိုင်သို့။မတိုင်မချင်း။ဒုက္ခပြင်း လိမ့်။မဆင်းရဲခြင်း။ ကိုယ်ကိုကြင်မူ။ မြဲပင်သုခ။ အမတကို။အရ လည်းကြိုး။ကုသိုလ်ပျိုးဟု။ဆော်နှိုးခြင်းရာ။ဓိပ္ပာယ်လာသည်။ ။ မှန်စွာဆိုဘိသော့လားတည်း။

(ဤသို့ဝေဒနာ။ခံသော့ခါ၌။ကျမ်းလာစကား။အသင့်အားဖြင့်။ တရားနှိုးနှယ်။စီလျှည်သွယ်ပိမ့်ဟု။ဆိုသောစကား၏အဓိပ္ပာယ် ကား။ဤဝယ်၍ပြီး၏။)

ကာဏာရိဋ္ဌ။ ကုမာရလည်း။ဒေဝလောကော။ဒိဗေါသဂ္ဂ။ စသဥ္ဆပညတ်။ထက်နတ်ရပ်သို့။နှံ့စပ်ရှာမှီး။သွားလေပြီးသော်။စေါ ထိး လုလင်။ နောင်တော် ရှင်ကို။ မမြင်ရကား။ ရှေးဖျားဦးစွာ။ ရောက်တုံလာ၍။ ထိုခါတမူ။ ဤသည်သူလျှင်။နတ်ပူ လက်မြန်။ ကွပ်ညှပ် ဟန်ဖြင့်။ အလွန်တရော။ ကြမ်းကြုတ်စွာ၍။ လာသသူ အား။ ဖဲတားမေတ္တာ။တတ်နိုင်ရာဟု။ညီညာတစု။ အကြံပြု၍။သုံး လူ့အချာ။ဘုရားလျှာကို။အသါပျော်မိန်း။ကိန်းစိမ့်သေါကြောင်း။ လည်းလျှောင်းနေရာ။ ခမ်းဝါတူရှု။ထွက်ပြူဒွါရ။ မုတ်ဝတံခါး။ ဒ္ဓဂေါင့်ထား၍။မကြားခြေသံ။ဆိတ်ဆိတ်ညှံသည်။ ။ကြောက် ရွံ့ဗိုလ်လူကြိုးလတ်တည်း။

သုဘုတ်ဟူသည်။ မိတူသားချင်း။ညီတော်ရင်းလည်း။ တော မင်းမြဟာ။ဟိမဝါသို့။ ရှာရှာမှီးမှီး။လှည့်ပတ်ပြီးသော်။ မြစ်ကြီး အဏ္ဏဝ။စသည့်မကြွင်း။ ဖွေနည်ခြင်းဖြင့်။ သတင်းလည်းနာ။ရေ ကြောင်းလာ၍။ ထိုခါခဏ။ နေသာဒလည်း။ ရောဂကုမ္ဘီ။ရှိသား ကြောက်ဖွယ်။ အလမ္ဗာယ်အား။ မြင်လတ်ငြားသော်။ မင်းသား နာဂ။ရှင်ဒတ္တကို။ပန်းလျှကလူ။ နိုင်ထက်မူ၍။နှူနှူဝဲဝဲ။ကိုက်ခဲယား ယံ။ဤသူခံရှင့်။ ဆက်ဆံမရ။မိတ္တဒုဗ္ဘော်။ ပျက်ခေါင်ကျော်သား။ ငါသော်တိမျှ။ ကလတ့်နည်း။ပစ္စည်းပေးဘူး။ကျေးဇူးသခင်။နတ် လုင်ကို။မျက်ရှင်ပတ္တမြား။လိုသောအားဖြင့်။ပြစ်မှားမိသည်။ဘေး ထိငါ့မှာ။ရောက်လတ်ရာ၍။ ဆိပ်သာမြစ်မ။ပယာဂဋ္ဌ။ ထိုမျှညစ် ကျူ။မကောင်းမှုကို။ယာခုဆေးကြော။လျှော်ချိမ့်သောဟု။ ။တွေး တောကြံစည်ခိုးလတည်း။

ထိုသို့ကြံပြီး။ပုဏ္ဏားကြီးကား။ကိုယ်ထိးမားမား။ မြစ်သို့သွား ၍။မင်းသားရေနတ်။ ဘူရိဒတ်အား။ ပတ္တမြားကြောင့်။ပြစ်မှားချေ မိ။ငါ့ဝယ်ရှိသည်။ဒ္ဓတိဘာရိယ။ပါပဝတ္တူ။မကောင်းမှုကို။ ယာခု မနေ။ ဤသည်ရေ၌။ မျှောလေပြီးယော့။စင်စေတော့ဟု။ ပေါ့ပေါ့ နတ်ထွက်။ဗိလောဂ္ဂက်သို့။သူပျက်အလို။ချောလျှော့ဒိုလျှင်။မဆို

စရာ။သွပ်ပြုဌါနှင့်။ ပြင်းစွာမိုက်မှုး။ သည်းခြေဆူးသား။ သူ့ရှုးအသွင်။မိစ္ဆာဝင်သည်။ ။ရေတွင်ငုပ်ကာပျှိုးသတည်း။

ထိုရေ၌ခဏ။ သုဘောဂလည်း။ မြစ်မကမ်းလျှောက်။ ထိုသို့ရောက်သော်။ ပတောက်ပရစ်။ထိုသူညစ်၏။ ကြွေးဟစ်ဆိုငြား။ ထိုစကားကို။ကြားလတ်သော်ခါ။မိစ္ဆာမိုက်မှား။ ဤပုဏ္ဏားလျှင်။ ပဏ္ဍမြားမဏိ။လောဘငြိ၍။ဘုရိဒတ္တ။ငါ့မွေးဘကို။ ကြောင်းစနှိုးနှယ်။ အလမ္ဗာယ်အား။ပြ၍ငြားသတတ်။ယခုသတ်အံ့။ မလွတ်ငါလက်။ ချင်းအသက်ဟု။ ကြွက်နှင့်ကြောင်ဘား။ တွေ့သော့လားသို့။ ။အံ့သွားကြိတ်ကြိတ်ငြိုးလတ်တည်း။

အံ့သွားတခဲ။ ငြိုးပြီးရဲမှ။ အမြဲကြိုးပူး။ထည့်သည်ထူးသို့။ မြီးထူးသိမ်းခတ်။ ခြေကိုပတ်၍။ ရွတ်ရွတ်ငင်တွန်း။ မွန်းဘိရကား။ ရေများလည်းဝ။ ဝမ်းမှကြက်တက်။ဇောခြောက်ချက်နှင့်။ ထွက်သက်မလာ။ မိန်းသော့ခါဝယ်။ အသာပတ်ဖြေ။ လျှော့ထုံပေ၏။ တစ္ဆေပုဏ္ဏား။ ခေါင်းဖျားခတ်မော်။ထောင်လျက်ပေါ်မူ။ ထိုရေ၌တဖန်။နှစ်လိုက်ပြန်သည်။ ။အမှန်သေလျှင်နှိုးလတ်တည်း။

ဤသို့ထိုရေ၌။ နတ်သူတော်လျှင်။ကောဓေါမွှာ။ နဇာနာတိ။ အစရှိသား။ ပါဠိကျမ်းလာ။ညီစွာလည်းကောင်း။ ခြောင်းခြောင်းဒေါသ။ ပဋိဃကြောင့်။ ပြင်းလှရှုရှု။ကျိုက်ကျိုက်ဆူသား။ ရေပူ၌တွင်။ ရိပ်မမြင်သို့။ဖြစ်ကျင်ရကား။သူ့အားနိုင်ထက်။ နှိပ်စက်ပိုင်ပြု။မကောင်းမှုကို။မရှုမကြည့်။သေလှည့်ဘနန်း။ပင်ပန်းရိရှား။မွန်းဖန်များမှ။ ပုဏ္ဏားပျက်ချော်။ ဥက္ကောင်းဖေါ်၍။ မှုးမော် ပြင်းစွာ။ ကြောက်လန့်ရှာလျက်။ ။ဂါထာမည်ဟိုးတိုးလတ်တည်း။

လောကံသိဒ္ဓုန္တံ ဥဒကံ။ပယာဂသ္မိံ ပတိဋ္ဌိတံ။ ကောမံအဇ္ဈောဟရိဘူတော။ ဩဂ္ဂဋ္ဌံယမုနာနဒိ။ ။လောကပါလ။ မဟတ္တဟု။ မာဃလက်အောက်။နတ်လေးယောက်လျှင်။ စောင့်ရှောက်ကိုယ်စား။ကြည့်ရှုထား၍။မျှောပါးရေတွင်။ ဥပဒ်မြင်သော်။အကြင်သူအား။ သနားတတ်စွာ။ ကိုးကွယ်ရာဖြင့်။မဟာသမုဒ္ဒ။ဝေမဇ္ဈာန္ဒ။ မြစ်မဖိသန်း။ပြင်ကြီးထွန်းသည်။ကျွန်း၏သဖွယ်။ချမ်းသာကယ်

သည်။ ပင်လယ်စိုးမှတ်။ အိုရှင်နတ်တို့။ နဝဒတ်မှ။ စီးလတ်ကုန်ကြ။ ဂင်္ဂါစသား။ ပြောပကျယ်ဝင်း။ မြစ်ငါးစင်းတွင်။ ရေမင်းနဂါး။ အများနေရာ။ ယမုနာသို့။ လဟာထုတ်ချင်း။ ပေါက်လောလျှင်းသည့်။ ဆိပ်ခင်းသာလှ။ ပယာဂနွ။ မြမြစိမ်းစိမ်း။ ပြည့်ဖြိုးရှိမ်းလျက်။ ချမ်းငြိမ်းစွာမော။ မြရည်လောဟု။ တွေးတောမှားဘွယ်။ သန့်စင်ကြယ်သား။ နက်ကျယ်ရည်တွေ။ ဤသည်ရေကား။ အဆွေခင်ပွန်း။ မှန်သသူအါး။ ပြစ်မှါးဘေးဒဏ်။ ပါပရန်ကို။ မကျန်စေရ။ မျှောတတ်စွာ့ဟု။ ရှေးကပုဏ္ဏား။ သမိုက်ထားသည်။ ။မှတ်သားအစည်တကွင်းတည်း။

အစည်တကွင်း။ အနွှန်းထွင်း၍။ သိတင်းကျင့်မြတ်။ ဘူရိဒတ်အား။ ပဏ္ဏမြားကြောင့်။ ပြစ်မှားဝန်လေး။ ဥပဒ်ဘေးကို။ ဆေးဆေးကြောကြော။ စင်စိမ့်သောဟု။ ချှောချှောကြေးချှော်။ ချှော်အံ့လည်းရည်။ မြဆောက်တည်လျက်။ ချမ်းကြည်သိတာ။ ရေချိုးလာသား။ ငါပုဏ္ဏားကို။ ခန့်ညားမရှိ။ မွန်းဘိသသူ။ အဘယ်လူနည်း။ ဟူလေ့မျိုးမည်။ လူ့ပြည်သနင်း။ မင်းနှင့်ဖြဟ္မာ။ ဝံသတချား။ သင်းရဲသားတည့်။ ဖြစ်ငြားသလော။ မိန်းမောကြီကာ။ မသိသာခဲ့။ ရုပ်ဝါပြ၍။ ခဏာမနှေး။ ဆိုဘိသေးလေ့။ ။အရေးရှိမဲ့မကြွင်းတည်း။

အထနံ့သုဘောဂေါ ဂါထာယ အဏ္ဏာဘာသိ။ ။ဤသို့ပုဏ္ဏားကြောက်မှုထားနှင့်။ ဖြစ်ထားသိလို။ ပြည်တမ်းဆိုဧသော်။ ကိုယ်ကိုထင်ပြ။ သုဘောဂလည်း။ ချိုချသာကြည်။ ဂါထာရှည်ဖြင့်။ ။မည်ရည်မျိုးဆွေကြားတုံပေ၏။

ပဒေသလောကာ ဓိပတိယ သဿိ ဗါရာဏသိ ပက်ိရသမန္တ တောတသာသာယံ။ ပုဏ္ဏောဥရဂူသ။ ဘဿသုဘော ဂေါတိမံမြဟ္မာအဇ္ဇယန္တိ။ ။တမတရ။ မိုက်လွန်းလှ၍။ ဆုံးမမနိုင်။ ပျက် ခေါင် တိုင်ဟု။ မုပ်လှိုင် သတင်း။ မကောင်းခြင်း ဖြင့်။ ခပင်း လူမိုလ်။ ကဲ့ရဲ့ဆိုလျက်။ ကုသိုလ် သိကောက်။ လက်စွဲဖျောက်သော်။ ထိုးဘောက်မသာ။ ပွင့်ခဲ စွာသည်။ နတ်ရွာတံ

ခါး။မပြည့်အားတည့်။ လေးပါးအပါယ်။ ဒိမ်သဘွယ်လျှင်။ အကာယ်စင်စစ်။ နေရာဖြစ်သား။ သူညစ် အမျိုး။ သစ်ရိုး စည်းမိ။ အလဇ္ဇီနှင့်။ တညီနည်းထုံး။ မတော်သုံးသည်။ နှလုံးမည်းနှမ်း။ ပုဏ္ဏားသွမ်း။ ။ကြောင်းလမ်း ဇာတိ၊ သင် မသိလော့။ တို့မိတ္ထုဘ။တို့ခြင်းတကို။ အစဖွေရှာ။ ဆိုသော်ကြာအံ့။ လွယ်ကာသင့်အား။ ကြားပိမ့်မှန်စွာ။ ရေနတ်ငါကား။ ဗါရာဏသီ။ အညီပြည်လုံး။ပပျည်းဘုံးလျက်။ပတ်ကုံးရန်ပြီး။ မင်းသမီးကို။ ရကြိုးရအောင်။ တန်းခိုးဆောင်၍။ ဒိမ်ထောင်ရာကျ။ ကြယ်စုံလသို့။ ရသကိစ္စ။ပြောင်ပြောင်ညီသည်။ဘုန်းရှိရေနတ်။ဒဗ္ဗရဋ္ဌ၏။ ။မချွတ်သားတော်အရင်းတည်း။

အရင်းအနှစ်။ သားတော်စစ်လျှင်။ ဖြစ်ဘိရကား။ စည်ဆက်အားဖြင့်။ ဘိုးဘွားအနွယ်။ မျိုးစင်ကြယ်၏။ မြစ်ဝယ် ကမ်းပါး။ လေလွင့်သွားသည်။ နဂါးယုတ်မာ။ တမ်းစေ့ကာ တည့်။ ထင်ရှာ သဘော။ ပြန့်ပြော ချမ်းသာ။ ကြေညာ ဟိုးဟိုး။ တန်းခိုးတောက်ပ။ ရှိန်စော် မှလည်း။ နိမ့်ကျမရှိ။ ဘွားဇာတိက။ မှတ်မိသရွေ့။ ယနေ့ ထက် တိုက်။အလိုက် ချိချ။ သုဘောဂဟု။ မိဘပြဋ္ဌာန်း။ခေါ်တွင်မှန်းသည်။ငါ့အမည်ကို။ ထိုပြည်ရပ်သား။ကြားကြားသမျှ။ သိန္နံ့ကြ၏။ မြင်က ညွှတ်ကြိုး။ လက်အုပ် မိုးလျက်။ ကြောက်ရိုး ရှုံ့ရှာ။ လိုတိုင်း ပါသည်။ ။အာဂဏာ မဆန်မငြင်းတည်း။

အထပြြဟ္မဏောအယံ ဘူရိဒတ္တသသ ဘာတာန မေ ဇိပိတံ၊ ဒသာတိ။ ယံနူနာဟံ ဧတဿ စေဝမာတာ ပိတုနဥ္စသာ။ ဝဏ္ဏာကိတ္တနေ နရုဒုစိတ္တံ ကတွာ။ အတ္တနော ဇိပိတံ။ မောစ ယန္တီ။ ဝိန္တေ့တွာဂါထမာဟ။ ။ဤသို့သုဘုတ်။အဟုတ်စကား။ပြန်သည်ကြားသော်။ ပုဏ္ဏား ဒိဋ္ဌိ။ နှလုံး ကျိုသား။ ဘူရိဒတ် ညီ။ မှန်ပြီရကား။ဤနတ်သားလျှင်။ ငါ့အား အသက်။ပေးမည်ခက်၏။ ရမ္မက်မုန်းလွှမ်း။လူတို့တမ်းကား။ခြိုးမွမ်းသော့တွေ။ဆိုစပေက။ ကြိုက်လေသည်ချည်း။ငါလည်းယခု။ချစ်ဘွယ်မှုဖြင့်။ ဤသူ့မိဘ။ဤသူ

စသား။ တောက်ပ ကျောင်ဟိုး။ ဘုန်းတန်းခိုးကို။ ငိုးသို့လည်း ရှာ။ ထောပနာ၍။ အာသာညွတ်နူး။ စိတ်ကိုမှူးလျက်။ ကိုယ့်သက်လွတ်ကြောင်း။ ပန်ထွာကောင်းဟု။အကြံပြုမှ။ တခုဂါထာ။ တဝက်ပါနှင့်။ ။မကြာခတ်သွတ်ရွတ်လျှောင်းလတ်တည်း။

သမေစပိ ပုဏ္ဏော ဥရဂ္ဂ သဘာသ။ ကာသိကရညော။ အမရာဓိပ သမေပေ သက္ကာ အညံတရေပိတာတော မဇ္ဈေသု။ မာတာပနတော အတုလျာနေ့ဘာဒိသော အရဟာတိ ဩပဟွဏာသ။ ဒါသမ္ဘိ ဩဖှာရိ ဘုံ မဟာနုဘာဝေါ။ ။မဏ္ဍု ဝေ ဒနာ။ ဥပေက္ခာနှင့်။ မဏ္ဍာ စလေ။ အဟိတ်နေ၍။ သန္တေပေးထ။ ငံမှ တပါး။ သဘော ပြားလျက်။ ဘွားလတ်တုံပြီး။ ပဝတ္တိ ဝယ်။ သိရိ သမ္ပတ်။ ဖြစ်စေ တတ်သား။ လွတ်လွတ် သန့်ရှာ။ ဇှေး ကြမ္မာဟု။ မဟာ သဟာယ်။ မျိုးသူကြွယ် လျှင်။ ကယ်ဆယ် ဇှေး ဖျား။ ခွင့်မအား သော်။ ထင်ရှား မျက်နှာ။ မြင်သော့ ခါမှ။ ခန္ဓာ ဆုံးအောင်။ သုံးစွဲ ဆောင်လည်း။ ရှားခေါင် မရှိ။ ယသိဒ္ဓိဖြင့်။ ရှာတိဖြိုးဖြိုး။ ကပ်ပြုရိုးသို့။ ကောင်းကျိုး ချမ်းသာ ဆောက်နှင်းလာ၍။ဓိပ္ပါရမ္မဏာ။သုခနိသံ။တန်းခိုးစံသည်။တက်ပျံ ကျေးဖုး။နတ်ရွယ်လူး။ ။အထူးနားဝင်။ဝမ်းတော်ရွှင်လော့။ မြစ်ခွင်တလွှား။နဂါးတဗု။ဒိဿာယုကို။ အမှုကြီးငယ်။ စေပါးဘွယ်၌ လွှဲဖယ်မသာ။ဗိုင်ကားစွာဟု။အမရာဓိပ္ပ။ဝေါဟာရဖြင့်။ မွေမင်းစစ်။ ကာသိရာဇ်၏။ ရင်နှစ်သည်းခြား။ ယူသော့အားဖြင့်။ ဝန်းလျှားပြောစည်။ကာသိပြည်ကို။စိုးသည့်ပိပိ။ဍ ဋ္ဌိပ် ဋ္ဌိ ထင်စဘိ၍။ ကာသိရာဇာ။မည်သာတထပ်။ခြိုးမွမ်းအပ်သား။ ဒုပ်ဘွပ်သင်းသီး။စေါ်ထီးဒတ္တရဋ္ဌ။ခင်းမြတ်သါးမွန်။ဟုတ်ဌှားမှန်မှု။တန်းခွန်တစင်း။ရှင်ဘမင်းသည်း။ထွန်းဝင်းနှိုန်ဝေ။ပင်လယ်နေသား။ မဟောသက္ကာ။နာဂတရိုး။ ရေနတ်မျိုးတွင်။ လက်ညှိုးတချောင်း။ ကြိုချိုးကောင်း၏။ဥဒေါင်းရင်လား။သားလျှိုးခါးသို့။အဖျားကော့ဝင့်။ဖြန့်သော်လန်တက်။မည်းနက်ကြောလှ။ကေသါစသား။မံသအမ္ဘိ။ဆဝိဝယ။ကလျာဏာဟု။ ဤမှုအပြား။အင်ငါးပါးနှင့်။ရေသါးကြိုဆူ။

မည်းဖြူနီနှံ့မြင့်။ပြစ်မျိုးလွင့်လျက်။နှိုင်းသင့်တူနှိုး။ သူဇာရိုးသား။ ဖြိုးဖြိုး ဆင်းပြင်။ ရှင်မိခင်လည်း။ လူတွင် လူနတ်။ လူများမှတ်သည်။ ။ဘုန်းထွန်းပြည့်ရှင်သို့တည်း။

ဤသို့ထင်ရှား။ ရှင်နတ်သားကား။ ဘိုးဘွားမိဘ။ မျိုးရိုးမှလည့်။ဆုံးဆရှေးနှောင်း။လျှည်လျှည်ကောင်း၍။ချောင်းချောင်းမွှန်သည်။ဆိုင်ဖွန့်ဝေဇ တန်းခိုးမှလည်း။မြင်ကလူပေါင်း။ ကိုယ်လုံးပျောင်းမျှ။အကြောင်းစစ်သော်၊အမြစ်အရင်း။အခြင်းအရာ။အင်္ဂါမချို။ရှင်သို့သသူ။ မြတ်စွာဟူလည်း။ မူလင့်ကစား။ ထွန်းပျားအခေါင်။ဘုန်းကြိုးဆောင်သည့်။ လျှံပြောင်အာဘာ။ နဝ ဖြဟ္မာ၏။ ဝံသာပဏ္ဍ ဖြဟ္မာအားး၊လုပ်ကွေးထားသည်။ခစားနိမ့်ကျ၊ကွန်ကိုမျှလည်း။ မြစ်မရေ၌။မပွန်းထိုက်ရှင့်။ သမိုက်လူ့ရွာ၊ မင်္ဂလာဖြင့်။ မဟာနူဘော်။ အကျော်အထင်။ ဗေဒင် ဆရာ။ ပုဏ္ဏားမှာကား။ပဇာတစ်။ဆိုရေးရှိအံ့၊ဇာတ်အားလည်း။ လေးပါးအပါယ်။ လားဘွယ်မပြု၊ရှက်ကြောက်မှုကို။ယုယုယယ။ စောင့်အပ်စွာ့ဟု။ အဘနတ်မင်း။နှလုံးသွင်းသော့။ ။ပုံခင်းကျမ်းဂန်အတိုးတည်း။

ဒုလထနံ သုဘောဂေါ ဟာရေ။ ဒုဠဖြဟ္မာ။ တွံမံ ဝဍ္ဍေတွာ မုဠ္ဌိသာမိတိမညသိ နတေဇိဝိတံဒသာသမိတိတေန ကတာကမ္မံ။ ပကာသန္တောဂါထမာဟ။ ။ဤသို့ဆိုထ။နေသာဒ၏။ထိုမှုစကား။ ပြန်ထွေကြားသော်။မင်းသားလုလင်။ရေနတ်ရှင်လည်း။ ၎ပြင်ချစ်ယောင်း။ နတ်လက်ဆောင်နှင့်။ချိထောင်မြှောက်စား။ သင်ပုဏ္ဏားလျှင်၊ငါ့အားခေါ်တင်း၊လှည့်ပတ်ခြင်းဖြင့်။လွတ်လျှင်းအံ့သို့။ မှတ်တို့သသော၊သဘောယုတ်မာ။နင့်ခြင်းရာတည့်။ခန္ဓာကြည်က်။နင့်ကိုဖျက်ရှင့်။ နင့်သက်မသတ်။ငါမလွှတ်ဟု။မိန့်လတ်ပြီးသော်။အကြောင်းဘော်၍။ နောင်တော်ကျေးဇူး၊ထိမ်မြူးလည်းပြု။ပြစ်မှားမှုကိုယ့်ယာခုထင်စွာ။ကြားပိမ့်ဌါလျှင်။ ။ဂါထာအရုံရွတ်လျှင်းတုံ၏။

ရုက္ခနိ သာယပိဏ္ဍိတွာ ဇာကိယံ ပါတုမာဂတံသောဝိဒ္ဓေဒု ရမာစရိုသရဝေဂေနပေက္ခဝါ။ တံတွံပတိတမဒက္ခိ အရညသ္မိံ ဗြဟာဝုနေသောမံ သံကာစံအာဒါယ။သာယံနိဂြောခ မုပါဂမိ။

သုဝဏ္ဏသာလိကာသံယုန္မွ၊ ဝိကိရယံသန္တာဘာသယုတံ ကောကိလာဘိ ရုတံရမ္မံ နိဗ္ဗံဟာရိဘာသဒ္ဒသံ။ ။ဒုင်္တွဘာ။ င်္တွစသား။ဗ၂လ လက္ခဘာ။ သုံးဖြာကမ္ဘ။တန်းခွန်ပြသို့ အန္တပုထုဇ္ဇည်း။ ရိုက်ယှည် သဘော။မောဟာဇော့နှင့်။ သိမောသာဆုံးရိုက်နှုလုံးဖြင့်။ရိုက်ထုံး စကား။ ရိုက်မှားချုပြု၊ မကောင်မှုဘိ။အငြိုငြိုလျှင်။ ဖြေးဘိတင်း လား၊ဥ၂ဘ်ချောင်ထားသည်။ပုဏ္ဏားမှုဆိုး။သူရိုက်မျိုး။ ။နွယ် ရိုးဆွေဝါး။ဇာတိအားဖြင့်။လေးပါးပါရပ်။ကပ်အုံသော့ကြောင်း။ မကျင့်ကောင်းဟု။ဖြားယောင်းသသယာ။ ဂါထာအသင့်။ယခင့်ငါ ကို။ပုဏ္ဏားဆိုသါး။ထိုစကါးတွင်။သုံးပါးထည့်သော်။ပြဋ္ဌ၏လေး အင်။သင်နားတင်သော့။ မစင်အနက်။လိမ်းကျံလျက်တည့်။ ငြမ် သက်ချမ်းနေ့။ သိတာထွေနှင့်။ ပူထွေပြင်းလှ။ မီးရှိန်ဝ၍။ ကိုင်က လောင်မြ။သံထွေခဲမှ။ ခွါရှုကြည်တူ။ ရှက်ကြောက်ဟူသား။ လူ တို့အကွပ်။ ဟိရောတ္တပ်ကို။အလပ်မလွတ်။ စောင့်ရှောက်ကတ် သား။သူမြဘ်ကြိမ်။အချာသိက။ဇာတိဝယ။ သူရအစစ်။ဗဟုသစ် ဟု။ ။စင်စစ်လေးထွေပြားသတည်း။

လေးထွေပြားချောင်း။ ထိုအပေါင်းတွင်။ မျိုးကောင်းပင်စည်။ သူတို့သည်ကား။မည်ရည်ထင်ရှား။ အနွယ်အားဖြင့်။ ဘိုးဘွား ဇာတိ။ မြတ်မှန်းသိ၍။ ဟိရိဩတ္တပ်။ ဤသို့ကွပ်၏၊ မအပ်မရာ။ ကျင့်မိသ္တာကို။တငါမှုဆိုး၊သူယုတ်မျိုးတွင်။ဋ္ဌုံးစိုးထိတ်လန့်။ ရှက် ကြောက်ဝွန့်၍။လိုလွှန့်ပြုထွေ။ ငှစ် ငှမ်းလေအုံ့။ တွက်ရေလူတွင်။ တစ်နှစ်ဝင်သား။ငါစင်သသူ။မျိုးမြတ်ဟူလျက်။ လူဖြစ်ဆန်းနှယ်။ အပါယ်လေးပါး။လားအုံ့သော့ဌာ။ မကျင့်ရာခဲ့။ ငါတည်းအမှား။ ကျင့်မိ ဌါးမှု။ အပြိန်းလူတို့။ မည်သူမည်ဝါ။ မျိုးမြဘ်စွာလျက်။ ယုဘ်မာကျင့်ရေး။အသက်မွေးရှင့်။ငါ့ဆွေးငါ့မွေး။ဝေးစေတို့မှာ။ မကောင်းစွာလည်း။တကာကဲ့ရဲ့ဆိုဘွယ်မဲ့ဟု။ငါ့ကိုတရှု၍။ ငါးချ သိသ။ဒါနမပွါး။ ရိုက်သည်များပိမ့်။ငါကားသူ့ထက်။ ကြောက် ရှက်အလွန်။ စောင့်ပေတန်ဟု။ မကောင်းမှုကို။ ။ပြုအုံ့ရှုံ့ခန့် ညားသတည်း။

ဝယောဂဆုံး။ကာလတန်ပြီး။အသက်ကြီးလည်း။ထူးမိုးထူးရေး
သူငယ်များသို့။ငါးပါးသီတင်း။စောင့်သုံးကင်း၍။မှားယွင်းသဖြင့်။
လိုသွန့်ကျင့်အံ့။ ထိုနှင့်နှိုင်းတု။ ပြုပါချေသော်။ ငါမလျှော်ခဲ့။ သူ
တော်သူလျှား။မကြားလင့်ချို။ မြင်လေမိလည်း။မျက်စိမချမ်း။ အ
သွမ်းတဆူ။ငါ့ကိုဟုလိမ့်။ငယ်မူမပျောက်။ဤရှိလောက်လျှင်။ဆင်
ပေါက်ကောက်လှိုင်း။ခိုးသောနှိုင်းသို့။ရိုင်းစိုင်းရှက်ဘွယ်။ မတင့်
တယ်သား။အရွယ်ကိုမှု။မဆုံးဆဘဲ။ငရဲရှေ့ရှူ။ခေါင်းပြူမို့မို့။သေ
ဘို့လည်းနီး။ သက်ကြီးမဆို။ သူငယ်ပျိုသို့။ ရိုရိုသံဝေ။ မရေလေ
တည့်။မခြေနှုတ်မျှော်။နှုလုံးမော်နှင့်။မွေ့လျော်စလှည့်။လွင့်ပါး၏ဟု။
ကဲ့ရဲ့မှုလည်း။ယခင်ငါ့အား။ဆိုဘွယ်များခဲ့။ကာစားမြူးလို။လုလင်ပျို
တို့။ငါ့ကိုနဥ်းယူ။စံတူမှု၍။ဤသူယောက်ျား။ ရွယ်သက်အိုးဖြင့်။
တရားစောင့်ကာ။တန့်ပြီးစွာလျက်။ လေးဖြာပါယ်တွင်း။ဆင်းအံ့
အရေး။ကျင့်တုံသေးရှင့်။ ငယ်သွေးငယ်ရည်။ ငါတို့သည်ကား။
ကောင်းမည်သော့ခါ။ကောင်းတို့ပါအံ့။ ကောင်းစွာမကျင့်။ ပြစ်မ
သင့်ဟု။ငါနှင့်ခိုင်းနှိုင်း။ကုသိုလ်ရိုင်းပိမ့်။နေ့တိုင်းစင်းလျှင်း။ လှူသီ
တင်းနှင့်။ပျော်ခင်းချည်းသါ။ရောက်ပြီငါဟု။စါနာတုံလစ်။အကျင့်
ညစ်ကို။ ။စွန့်ပစ်ကြည်ရှောင်ရှားသတည်း။

ရဲစွမ်းသသူ။ လူတို့သည်လည်း။ မတည်မတုံ။ သဘောညွံ့
လျက်။ မဝံ့မစား။ လူ့ပစ်သားတည့်။ ခန့်ငြားရွံ့ကြောက်။ နှုလုံး
ကောက်၍။စွန့်မြောက်သီလ။လက်ခြေချအံ့။ သူရသတ္တိ။ ရဲဘိကြွ
ခိုင်။ငါသန်တိုင်ကို။ စွဲကိုင်လက်နက်။စိန်သန်လျက်ဖြင့်။ကြောက်
မက်လန့်ကြွမ်း။သိကြားခြိမ်းလည်း။ မတိမ်းမပြို။ ကံကုသိုလ်မှ။
အလိုမသွေ့။ဖြောင့်တန်းစေအံ့။ကြောက်ချေသော့အား။ အယူမှား
သော်။ယောက်ျားဤသူ။ရဲစွာ့ဟုလျက်။ကြောက်မှုကြောက်ထါး။
မတည်ကြားလျှင်။တရားမငဲ့။ရှက်ကြောက်မဲ့ဟု။ကဲ့ရဲ့စကား။ပြစ်
တင်များအံ့။ရှုသားမစွဲ။ဆိုတိုင်းမြဲသည်။ သူရဲထွေငေါ်။ နှုတ်နက်
သော်လည်း။မချော်ယုံရွက်။တခွန်းမြွက်က။ဆိုချက်တန်နှာ။ မှန်
ကန်စွာ၏။ငါတည်းစောင်းပင်း။နှုလုံးယွင်းမှု။ ရဲခြင်းစွမ်းခြင်း။ကင်း

ဿသူအား။ မဟူစကောင်း။ နွတ်လျှာပျောင်းပိမ့်။ မိုက်ကြောင်း
ကျင့်သွပ်။ငါမအပ်ဟု။ ။ကိုကွပ်တတ်နိုင်အားသတည်း။

ဗဟုသုတ။သာရဗုဒ္ဓိ။ပညာရှိလည်း။မသိတရား။သူမိုက်များ
တည်း။ကမ်းပါးချောက်ကြီး။ညည့်ခရီး၌။ နင်းကျိုးနင်းကျဲ။အကြီမှား
ယွင်း။သတိကင်းလျက်။သိတင်းမတည်၊ကိုယ်ရင်းကြည်ရှင့်။ ငါ
သဉ်သူမှန်။ ဉာဏဝန်လျက်။အလွန်ငှမ်းငှမ်း။ အကျင့်သွမ်းကို။
ဝမ်းမျှပြွတပ်။ရှိအပ်သလော။အာသဝေါဟု။ မနေ့ဝစိတ်ကြေး။
ဉာဏ်ရေဆေးအုံ့။ သဘောမြင်လျက်။ အကြောင်ယောက်ျား။ဆိပ်
သိးစါးသို့။လေပါးအပါယ်။လားလေဘွယ်ကုံ။ အကာယ်သိလှာ။ငါ
မိရလည်း။ကာယဆင်မိန်း။ကိုယ်မထိန်းမူ။အပြန်းအဖျင်း။ အလင်း
ကျင့်မြင်။ဤသူဝင်လျက်။ဆင်ခြင်မဲ့ဘဲ၊ ငရဲခေါင်းလျှို။ကျင့်တုံမျို့
ရှင့်။ငါတို့သူငါ။အမိုက်မှာကား။မျှားပွာညစ်ကြေး။ကျင့်တန်သေး
ဟု။ဖေါ်သွေးကျွမ်းဝင်။ရည်တူထွင်၍။အကြောင်ငါ့အား။ ရှက်ဖွယ်
များခဲ့။ သိကြားအထူး။ဂုဏ်ကျေးဇူးဖြင့်။တွင်းရတူးတွင်းနေ့။ ကျင့်
ကောင်းပေဟု။မသေမသတ်။စိတ်တုပ္ပာဒ်ကို။ ။ထိမ်းညွတ်ချည်
နှောင်ထားသတည်း၊

ဟိရောတ္တပ္ပ။စောင့်အပ်လှသား။ဤမျှလေးပါး။ လူအများတွင်။
ပုဏ္ဏားသင်ကား။ဆင်ခြင်ရှု၍။ဗာဟုသစ္စ။ သူရဇာတိ။ မရှိသော်
လည်း။ဝယောဉ်ကိုမှု။ကြီတွက်ဆမူ။ ပါပကြည်ခင်း။ သိတင်းငါး
ယီ။ တည်ကောင်းပြီလျက်။ စိတ်ညီပွမ်းနှော။ လောဘဇောဖြင့်။
ထိုတောထိုတောင်။နှံ့အောင်လည်လား။ခါတပါး၌။ ရေအားဆိပ်
စွာ။သောက်အုံ့လာသား။ မဟာမိဂ။ ဇဏေယကို။ ရုက္ခပင်ခြေ။
ပုန်းအောင်းနေ၍။မပေအသွား။ ဆိပ်လူးမြှားနှင့်။ သနားမရှိ။ ပစ်
လျှင်းဘိသည်။ ။ဒိဋ္ဌိအယူမှားသတည်း။

ပစ်မိရကား။ထိုတောသားလျှင်။ လန့်ကြားအဝေး။ ဆိုင်ရှိန်
ပြေး၍။သွေးတ်ဖပ်ဖပ်။ ပျုပ်စပ်မြေတွင်။ လည်းသည်မြင်သော်။
သင်ပုဏ္ဏားကား။ခွန်အားကိုယ်စွမ်း။ထမ်းပိုးထမ်းလျက်။ ညချမ်း
ဆည်းဆာ။မိုက်ရီခါ၌။ တွန့်ကြာသူဝ။ သွာလိယနှင့်။ ကာကအာ

လျှော။ငှက်ဥဩဩတို့။ ဖေါ်နှော၍တကွ။ ပျံကြွပြွမ်းပြွမ်း။ အခရေး မွှမ်းလျှက်။ ကင်းယှမ်းသီးမှည့်။ ခက်တိုင်းပြည့်မျှ။ ရှုကြည့်ပျော် ရာ။မြေမျက်နှာလည်း။နေဇာမြက်မျိုး။အပေါ်မိုး၍။ရှိုးရှူးရှိမ်းရှိမ်း။ ခြုံးစိမ်းချယ်လွှင်။မြေပလ္လင်ထက်။ မျက်ရှင်ရောင်တောက်။ မြသီး ဆောက်သို့၊ ပင်ရောက်ဝန်းလှ။ မြိုးမြိုးမြတည့်။ မြစ်မဖြစ်သေး။ နွယ်ရှက်မြေးလျှက်။လေဘေးမနိုင်။ ကြွံ့ကြွံ့ခိုင်သား။ မြိုင်မြိုင်ရိပ် သာ နိုးဂြာခါဟုံ။လဟာကျယ်လှ။ပဒေါင်ခွဝယ်။ ။သားဘ အိပ်လာ ဌါးသတည်း။

တဩူဘေသောပါတုရဟုံ။ဏုဌ္ဌိယာယိသာသ ဇလံ။ မဟာနု ဘာဝေါဘာတာမေ။ကညာဟိပရိဝါရိတော။ ။သောတေနုပ ရိုင်ရွှေ့ဘာတွံ။ သဗ္ဗကာမေဟိ တပ္ပိတော။ အဒုမ္ဘသောတုဝံဒုဘ္တိ။ တန္တေဝရံဏ္ဍါဂတံ။ခ်ပ္ပံဂိဝံပသာရေဟိ။နဘောဒေသာမိဇိဝိတံ။ ဘာတုပရိဿရံဝေရံ။ဆေဒယိဿာမိတေသီသံ။ ။ထို ပဒေါင်ပါး။ တောင်ပို့ဖျားတွင်။နံလျှားညီစွာ။ ပျည်ကျောက်ဖျာ ၌။ပညာမည်သား။ရေကြည်သျှော်ပြွင်။ နှုလုံးဖွပ်လျှက်။ လှပ်လှပ် စင်ပြူ။သီလဟူသည်။ချမ်းပူကာတုံ။ဝတ်လွှမ်းရုံလျှက်။ နေတုံသ ရော်။ငါ့နောင်ဘော်ကား။ထွန်းပေါ်ရုံတက်။နံနက်စောစော။ရိတ ရောက။ဖေါ်နှောတအုပ်။နတ်ကိုယ်လုပ်တို့။သာရုံချည်း။ တသွန် တည်းလျှင်။ရလည်းပတ်ကွေး။ မနိုခဲ့သေးသား။ ငယ်သွေးရုံတိ။ ထပ်ရှိရွယ်ပေါင်း။ မြိုင်တောခေါင်းတွင်။ သာလျှောင်း မြူးရယ်။ တင့်စံပယ်သည်။ ။နှိုင်းဆွယ်မိုးနတ်သိကြားတည်း။

အာဝိအစ။ တဘာသုံးထွေ။ နှို့ပြွေ့ဝံသ။သုသိရနှင့်။ ဃနထည့် မှ။ပြည့်သည်ငါးပါး၊ အပြားထင်စွာ။ တူရိယာလည်း။ ထိုခါအ ဖုံ့။ တောလုံးနှံ့မျှ။ သန့်ပျံ့သာပြူး။ မကြာ ဘူးသား။အိပ်မူးရုံမက်။ ပဒေါင်ထက်မှ။ပြေးသက်ခိုမင်။ မေ့လတ်ကျင်သော်။ အကြွင် သင်အား။သားနှင့်အဖုံ။နဂါးဘုံသို့။ဆောင်တုံခဲ့ပြီး။ ကြီးသားရိပ် ငြိမ်။စည်းစိမ်သာထွတ်။ နန်းပြသာဒ်၌။ထွားမွတ်ချွယ်နွ။ ရှင်ပုံပြု သို့။စတုသတ။ နာဂမာဏဝီ၊ ကိုယ်စိလုပ်ကျေး။ ပျော်ကြောင်း

မွေး၏။ စားရေး သောက်ငန်း။ သိမ်းမြန်း ဖြည့်တင်း။ ပျှပျူးခြင်း
လည်း။ ။ဆွေရင်းမိဘာဒဲ့လားတည်း။
နာလေ့ပုဏ္ဏား၊ဤစကားနှင့်။ တရားလာထွေ။မှတ်သားစေအံ့။
ရွှေငွေပဉ္စည်း။သိမ်းဆည်းကျိုးကျိုတ်။ ရေဇိတ်မယို။ဝန်တိုဖွက်
ရှိ။သူတချိုကား။ နှစ်လှကြည်ညို။ ပေးမည်ဆိုသော်။ နှုတ်ကိုစွဲ၍။
အမြဲရကြောင်း။ တောင်းလတ်ပုဟာ။ ပေးအံ့မဟာ။ထိုင်းပျင်း လှ၏။
တည်းဝွမရှု။တချိုလူကား။ပျူပျူငှာငှာ။မလာဝမ်းထဲ။ ရသားစွဲ
၍။ခြေခဲလက်ခဲ၊ဇက်လဲတကင်း။ပေးလျှင်းလင်လိ။မသိသသူယုံစေ
ဟူသို။ ယူလှည့်နက်ဖြန်။ မှန်၏သိဘက်။ ဆိုကြလျက်တည့်။ ထို
ထက်တနေ့။ တစေ့ရ စေ့လျှင်။ ရွှေလတ် ကာကာ။ လက်မှာမ
ရောက်။ နှုလုံးကောက်နှင့်။ဖော်ဖော်ပြန်ပြန်။ ဇာနန်မကျ။နှုတ်သာ
ပြ၏။ထိုမှတထူး။သူတဦးကား။ ညွတ်နူးသဒ္ဓါ။ ပေးတုံပါလျက်။
တခါနောက်ပြီ။ အကြံရှိ၍။ နှမိနှမြော။ ပေးလွန်သောဟု။ တွေး
တောလှည့်ထ။ ကုက္ကုစ္စဖြင့်။နောင်တတဘန်။ယူလိုက်ပြန်ချင်။မ
ရွှင်မပြုံး။ ဒေါသဖုံးသည်။ ။နှုလုံးမဖြူမထွားတည်း။
ထို့ကြောင့်နှိုင်းရှု။ ပမာငဲ့သော်။သုံးဆဲ့သုံးတန်။ လက်သစ်
ပြန်အောင်။ ရှည်ခြင်းဆောင်လျက်။ အရောင် ယူမြောက်။ မရှု
စောက်တည့်။ ဆင်ဘောက်လည်ဘင်း။ ပြတ်လျှင်းဘနန်း။မြော
မြောသွန်းသား။မြိုက်ချွန်းအသွား။သန်လျက်ဓားကို။ဝှံစားရဲလှ။မြို
ပြီးမှလျှင်။ ဝမ်းချလျှောဟန်။ ထွက်စေပြန်သား။ မန္တာန်ကိစ္စ။ထို
သိပ္ပထက်။ ရက်ရက်ပင်ကို။ ပေးလျှင်လိုဟု။ ဆိုအံ့သည်မှု။ ခဲ
ယဉ်းလှ၏။ မွှက်ဟာဆိုတိုင်း။ မဆိုင်းကြံစည်။ ပေးလျှင်းသည်
ကား။ ပေးမည်ထိုသူ။ ဟူသည်ထက်သော်။ခဲခက်ဆယ်ဆ။ဖြိုး
မွမ်းရ၏။ဝမ်းကသက်သက်။ပေးပြီးလျက်တည့်။တချက်တဘန်။
ယူပြန်မရ။နှုမြောစွာ့ဟု။နှစ်ခွမဲ့လျှင်း။ဝမ်းမြောက်ခြင်းကား။ခပင်း
ထို့ထက်။ ဆယ်လေး တက်သည်။ ။ဖြစ်ခက် အခေါင် အ
များတည်း။
ပရိက္ခရာ။ဥစ္စာထိုမျှ။ဗာဟိရထက်။ပေးစွန့်ခက်သား။အသက်

ဟူသည်။အလှူခံလာ။ရောက်သောခါဝယ်။တွယ်တာမရှိ။ပေးဘိ
ခလို။ရည်သံဆိုသား။အစ်ကိုနောင်ရင်း။နတ်စိုးမင်းသည်။အချင်း
သင်အား။ တွေ့လတ်ငြားသော်။စိုးပွါးချမ်းသာ။များစွာပြန့်ပြော။
ဆောင်အံ့သောဟု။သဘောဖြောင့်စင်း။နတ်လွှတ်လျှင်း၏။မယွင်း
ချိန်ခွင်။လေးမျှတင်သို့။နတ်လျှင်တံတိုင်း။နှိုင်းသော်ညီအောင်။သင့်
ကိုဆောင်၍။ပြောင်ပြောင်ဝင်းဝင်း။စည်းစိမ်နှင်း၏။ခပင်းလုံးခြုံ။
ပေးပြီးတုံလည်း။ထက်ရုံခဏ။ မြင်ကာမျှလျှင်။ရှေးကမကျွမ်း။လူ
စိမ်းယွမ်းကို။ အခမ်းအနား။စိုးပွါးပင်စည်။ဆောင်ဖိမ့်သည်ဟု။
မကြည်မညို။မဆိုလှည့်လျှင်း။ နောင်တကင်း၏။ပေးခြင်းဉာဏ်သို့။မ
ချိုပုံအင်။ကျေးဇူးရှင်အား။ စိုးပွါးလှယ်ပြိုင်။မဆင်နိုင်လည်း။ကြွ
ခိုင်ခန္ဓာ။အဝေရနှင့်။အဗျာပဇ္ဈ။အနီဃဟု။ တောင်းတမေတ္တာ။ပြု
အပ်စွာရှင့်။ ရှေးခါအထူး။ ကြားဘူးပါသား။ ဆိပ်ရှူးပြည့်လှ။မြွေ
သပ္ပလျှင်။ငယ်ကသိမ်းမွေး။အစာပေးလျက်။လုပ်ကျွေးခလေ့။ရှင်
ရသေ့ကို။ ပုတေ့ချော့ရိုက်။သေအောင်ကိုက်သို့။ သူမိုက်အယူ။
သင်တမူလည်း။ နှိုင်းတူထုံလား။ ကိုးချော့စား၍။ ပြစ်မှားကြမ်း
ကြုတ်။ ခင်ပွန်းဖြုတ်သည်။ ။အဟုတ်မတော်မလျှားတည်း။

နိပ္ပရာဓ။ ဒေါသမဖြင်။ နှလုံးစင်သား။အကြင်သူအား။ တရား
မရှု။ပြစ်မှားပြုသော်။တန္တုပမာ။လေညာရှေ့ရှု။လွင့်သည့်မြူလျှင်။
တူဂူမျက်နှာ။ လွင့်ပြန်လာသို့။ဝေဒနာဇာတိ။ အစရှိသာ ။ခတ်ထိ
ဆယ်ပါး။ ဒဏ်အပြားလည်း။ ကိုယ်အားမလွဲ။ ရောက်မြဲကာန်။
မှတ်တုံရကား။ သင်ပုဏ္ဏားသည်။ပြစ်မှားလည်းပြု။ မကောင်းမှု
လျှင်။ယခုမျက်မှောက်။သင်၌ရောက်၏။ကြောက်ကမမိုင်။မလွတ်
နိုင်ခဲ့။ လည်တိုင်မလွှန့်။ဆန့်လေ့စင်းစင်း။ ပေါက်သတ်လျှင်းအံ့။
နောင်မင်းရှင်ချစ်၊သူတော်စစ်အား။ ပြစ်မှားအကြောင်း။အောက်
မေ့ရှောင်းသော်။ခြောင်းခြောင်းမျက်ဟုန်။ချွဲချွဲတုန်မှု။ ဆူမုန်ပြင်း
စွာ။ မသက်သာ၍။ မကြာ ထောင်းထောင်း။ သင့်ဦးကျွောင်းကို။
တောင်းလောင်းဖြတ်အံ့။ ။သက်လွှတ်အရှင်မထားတည်း။

အသထန်ဖြဟ္မဏောန မေသောဇိဝိတံဒသာ တိယံကိဋ္ဌပန ဝတ္တာ ပေါက္ခရွာသယဝါယမိတုံ။ ဝနေ တိတိစ္ဆေ့ တွာဂါထမာဟ။

ဤသို့နတ်သား။ မြိမ်းသည်ကြွားသော်။ ပုဏ္ဏာမိုက်မဲ။ ခြင်ရိုးစွဲကား။ ဝမ်းထဲရှေ့ရှု။ မျက်ရှိန်ဆူ၍။ ဤသူငါ့အား။ သနားမဲ့တွန်။ သတ်မည်မှန်၏။ စောင်းမာန်ရှိမဲ့ချ။ အာဒရဖြင့်။ ကိုယ်မျှလွတ်ရုံ။ တစုံတခုး ဆိုဘွယ်ပြုလျက်။ ဤသူ့လက်မှ။ ခွါထွက်နိုင်အောင်။ အန်ထောင်လို့လ။ကြိုးအပ်စွာ့ဟု။ တွက်ဆစာနာ။ ကြံစည်ရှာ၍။ ။ ဂါထာတဖန်ရွတ်တုံပြန်၏။

အစ္ဆာယကောယာစယော ဂိအာဟုတဂ္ဂိ စဖြဟ္မဏော။ ဋေတေ ဟိ တိတိတိ ဟိဗ္ဗာ ဒနေ ဟိ။ အဝဏ္ဏော ဟောတိ ဖြဟ္မဏော။ ။ ဝေဿဝဏ္ဏော။ ယမော သက္ကာ။အာဒ္ဒ ဝကတွဲ။နိစ္စကိုင်စွဲ။ ရန်ထိပ်ခွဲသား။တွေခဲသံချောင်း။ ငဲ့စောင်းမျက်ရှိန်။ဝရဇိန်မိုးကြိုး။ ပုဆိုးနှင့်သေါ။လေးပါးကျော်သို့။လွှမ့်ပေါ်သတင်း။နိုင်ငံချင်းလျက်။ထန်ပြင်းအာဏာ။ဘုန်းရောင်ဝါနှင့်။ဩဇာအာပ။ သန္တနကြောင့်။ဒီပခေါ်မှန်း။လေးရပ်ကျွန်း၌။ထက်ဝန်းရပ်သူ။တန်းခွန်မှုသါး။ဇမ္ဗူသပြေ။ ပဒေသာပင်။ မည်ထင်မတိမ်။ကုက္ကိုထိမ်ဟု။ ချမ်းငြိမ်ရိပ်သာ။ ကြီးမြင့်စွာသား။ မဟာတရ။လေးခုသစ်ကျိုင်း။ ဆိုင်းဆိုင်းတောင်မြောက်။ ရှေ့နောက်သွန်းသွန်း။ထွန်းဘိသော့လား။ မင်းဖျားဒတ္တရဋ္ဌ။ ယုံကျုံမှတ်သား။ သုဒဿန။ စသည်လေးယောက်။ ထိုမျှလောက်တွင်။ ညွှန့်ပေါက်သမ္ဘာ။ ဗေဒမိလျှာနှင့်။ စပ်ကာမခြား။ အရှတုံဘွားသည်။မွန်ကြားတန်းခိုး။ နတ်ရှင်မျိုး။ ။မျက်ငြိုးသတ်သော်။မှုဘိသော်ကား။ ထော်လော်ကန့်လန့်။ ဘယ်သူဟန့်လိမ့်။ မကွန့်စသာ။လွတ်ရာမဲ့ထွေ။လက်ချပ်ရေသို့။ ဖြစ်ချေပြီးမှ။ ငါတို့ချသည်။သန်းဖျမှက်ခြင်း။ ကြမ်းပိုးသွင်တည့်။နတ်ရှင်မင်းစစ်။ဖြစ်ကာကျေလိမ့်။ မသေကောင်းသား။ အကြောင်း တမူ။ ဟူဖွံ့ရှင်အား။ကျွန်စကားကို။ မှတ်သားမိအောင်။ နားတော်ထောင်လော့။ သူ့ဘောင်မြတ်နိုး။ပုဏ္ဏားမျိုးကား။တန်းခိုးဇုဋ္ဌိ။ရိုးနှယ်ရှိသား။ မှနိစ်ရင်။ ကျမ်းရိုးတွင်လည်း။ဗေဒင်ဇုယ။ ယဇ္ဇသာမ။ ပညတ်ကြ

သား။ ကပ္ပသုံးသွယ်။ မြင့်ကျယ်နှံ့စပ်။ပညာလျှပ်၏။ အာတပ္ပန။
တကွပေါင်းသော်။ လေးပုံခေါ်သား။ ဇေဒေါပဒေသ။ ပွန်းတီးလှ
လျက်။ ယာစယောဂိ။ ဤလည်းတရ။ အာယုတဏ္ဍ။ ကျေးဇူး ရှိ
သည်။ ။ဇာတိအကြောင်းသုံးထွေတည်း။

အကြောင်းသုံးတွေ။တခဲထွေသား။ ကျိန်းသေကျေးဇူး။ဂုဏ်
အထူးဖြင့်။ မဆူးမရည်။သည်လည်းဖြစ်မှား။ ကျင့်မိငြားလည်း။
တပါးသူ့နှယ်။သေဘွယ်မရှိ။ဇာတိမန္တ။ ဖြုဟ္မဏာအား။မီးပုံလား
သို့။ရှောင်ရှားဝေးစွာ၊ ဖဲကြည်ရာ၏။မျက်ပါလွတ်လွတ်။ သတ်မိ
တုံမူ။ထိုသသူကား။ဝေဆူသဲသဲ။ဩလိုက်လှဲ့သါး။ ငရဲအိုးကွင်း။
တုံးဘုံးဆင်းလိမ့်။လူချင်းမဟုတ်။အယုတ်သန္တေ။ဟိတ်မဲ့နေသ.း။
အဟောတုရိုး။ဆိပ်ငယ်မျိုးကို။ သတ်ကျိုးလျက်တည့်။ နရက်လုံး
လုံး။ ခံပြီးဆုံးမှ။ချင်းမွေးမျှလျှင်။ သိသတောင်းလောင်း။ ဖြတ်လေ
ရှောင်းသား။ အပေါင်းဒုက္ခ။အနန္တဟု။ရှေးကစကား။ စည်ဆက်
ကြားရှင့်။ ပုဏ္ဏားနွယ်စစ်။ ဖြစ်သည်ငါ့ကို။အငြိုးသို၍။ အလိုမ
ဖြတ်။မင်းသားသတ်မူ။လူနတ်ဖြုဟ္မာ။ချမ်းသါသုံးပါး။ရမည်ထား
ဘိ။ရှည်လျားကာလ။နိရိယဌ်။ခေါင်းမှုမပျူ။ရှိန်ပူရဲရဲ။မီးလျှံစွဲလိမ့်။
ကျောက်ခဲမိုးမြှောက်။မြေအောက်မကျ။ကျေမှုလေခတ်။ပျောက်
တို့တတ်၏။ မချွတ်မလွဲ။ ဤဆင်းရဲ ကား။ ။ခံမြဲသဘောအ
နေတည်း။

တံသုတ္တသုဘောဂေါ။ သံသယာကဗ္ဗန္တောဟုတွာ။ ဇာမံနာဂ
ဘဝနံနေတွာ။ဘာတရောပဒိုပုနွိတွာ။ဇာနိသာမိတိစိန္တေတွာ
ဒွေဂါထာအဘာသိ။ ။ဤသို့အလို။ပုဏ္ဏားဆိုသား။ ထိုစကား
ကို။ကြားလတ်တုံလျှင်။ နတ်လုလင်သည်။ဆင်ခြင်မှန်စွာ။ရာမရော
ကို။သက်ာစွန်းငြ။နှစ်ပါးရှိ၍။တိတ္ထိတက္ကတွန်း။ ခင်ပွန်းလည်းပစ်။
ဤသူဌစ်အား။ ဆွေဝါးမျိုးပုံ။ နဂါးဘုံသို့။ ဆောင်တုံခဲ့ပြီး။ နောင်
ကြီးမကြွင်း။သားချင်းတရ။တိုင်ပင်ပြုမှ။အမှုခံ့ခံ့။သိရအံ့ဟု။ခတ်
ငံ့တွယ်တာ။နှစ်ဂါထာဖြင့်။ ။သာယာနူးညွတ်ရွတ်တုံလတ်
တည်း။

ယံပုရုံတေရဋ္ဌသ။ ဩဂ္ဂင္ဒိယာမုနာနဒီဇေတတေသမ္ဗသော ဝဏ္ဏာ။ဂိရိမာပဟာစ္စယာမုနံ။ ။တတ္ထတေပုရိသာ။ ဗျဿုသောဒရိယာ မမဘာတရော။ ယထာတေတတ္ထဝက္ခန္တိ။ တထာပဟောသ တိမြဖွလား။ ။တပေါ်သုတ်။ယောနိအပြား။ မှတ်ကြောင်းထား သား။ပုဏ္ဏားစစ်အင်။ရှုဆင်ခြင်သော်။ ဗေဒင်သတင်း။ အချင်းမ ရှိ။မျိုးသားငြိလျက်။အဂ္ဂိခန္ဓ။မြစ်မသမုန္ဒရာ။ပြောလဟာနှင့်။ကြီး စွာလေဘာ။ မဟိစ္ဆအား။ ခမ်းနားပစ္စည်း။ အနည်းနည်းတိ။ ပေါ ပည်းဖြင်းဖြိုး။နေ့တိုင်းပေးလည်း။မြတ်လေးလွန်ကဲ။ရောင့်ရဲစေဌာ။ မတာဘ်ရာဟု။ ကျမ်းလာစကား။ အတိတ်ကြားသား။ သုံးပါးတို့ တွင်။တွက်ကျုံးဝင်၍။ခင်ခင်မှတ်မှတ်။မဖိရသ်ကြောင့်။တောင် ထွန်[illegible]ရှိင်းဆ။ခိုင်းမမျှသား။ဇွေးကတင်ဘူး။သူ့ကျေးဇူးကို။ ထိမ်မြူး သော့ထွေ။ရှင်းရှင်းချေသည်။ဟာရေဒုဋ္ဌ။ဖြဖွလာ။ ။ဝတ္တရဋ္ဌ။နာဂ မှန်ကင်း။ငါ့ဘမင်း၏။နေခင်းကောင်းထွန်း။ပျော်ရာမှတ်သား။ ရပ် မြတ်ပင်စည်။ နဂါးပြည်ကား။ သန့်ကြည်ရေမြ။ ချမ်းဖြေးလှသား။ ပြောဝကျယ်စွာ။ယမုနာဟု။ မဟာဂင်္ဂါ။ နဒီမြစ်ခွင်။စီးဝင်လေ ပြီး။ထိုနှင့်နီးသား။ တောကြီးအခေါင်။ဟောဝန်တောင်ကို။ နောက် စောင်မှီချ။တကဲ့ပြုလျက်။ ရတုသာလွန်း။ တထွေဆန်းသည်။မိုး ပန်းပွင့်တုန်း။တန်ဆောင်မုန်း၌။ မဒုန်းဝသာ။ မကျနှင်းမြူ။တိမ်မြူ စင်ခါ။ထွန်းရောင်ဝါဖြင့်။ နိသာနာထ။တာရကတို့။ တကွလျှံညီ။ ထွန်းလင်းဘိသို့။မဖိကဋ္ဌန။ ဩဘာသတိ။ တောက်ပဝင်းဝင်း။ ဆယ်ရပ်လင်းသည်။ ။တောင်မင်းမြင့်မိုရ်သဖွယ်တည်း။

မြင့်မိုရ်သဖွယ်။ထိုပြည်ဝယ်၌။ ပင်လယ်မွှေခြောက်။ ဘိတ် ရှိန်တောက်သား။တူပေါက်သားချင်း။ ငါ့နောင်မင်းတို့။ အခြင်းအ ရာ။ ဝမ်းထဲလာ၍။ အာကာမသို။ အံ့ဟုတ်ဆိုသော်။ သင့်ကိုမ သတ်။ဘေးမဲ့လွှတ်အံ့။ မချွတ်အမျက်။ငါ့နှယ်ထွက်မူ။အသက်ရှင် ရေး။ သင်ကားဝေး၏။ အတွေးနှစ်ပါး။ ဤစကား၌။ သွေဝါးမျိုး ဘောင်။ကုန်အောင်တိုင်ပင်။စီရင်ပြုတိုင်း။အပိုင်းမလွန်။ ဇေကန်ကျ ကျ။နဂါးပြည်မှာ။ရောက်သော့ခါမှ။မိတ္တာပုဏ္ဏား။ သင့်အားကွပ်

ညှာပ်။အခပ်မအခပ်ကို။တပ်တပ်လည်းချ။ဆုံးဖြတ်ကြအံ့။ ။နှစ်ခွ
မပြိုမတွယ်တည်း၊

ဤသို့ဆိုမှ။သုဘောဂကား။မိတ္တဒုန္နိ။ဒုသိဒုဋ္ဌ။ဗြဟ္မဏာအား။
ရှောင်ရှားမရှိ။လည်စိကိုင်ညှစ်။ ငင်ပစ်ချီဆောင့်။ အောင့်တောင့်
ညည်းတည်း။ ပုတ်ခတ် သည်းလည်း၊ အိမ်အည်းမရွတ်။ ပွတ်
သည်မီးတူ။ မဟူစကောင်း။ ဆဲရေးမောင်းလျက်။ ပွင့်လောင်းဘု
ရား။နဂါးသူတော်။နေပျော်နိစ္စ။ပါသါဒ၏။ဒွါရတိုင်အောင်။ဆောင်
လေသော့ခါ။ ကာဏာရိဋ္ဌ။ တံခါးဝဋ္ဌ။ စောင့်လင့်ကြိုက်ဝယ်။
လှိုက်လှိုက်ပန်းပင်။ ပုဏ္ဏားပင်ကို။ မြင်လတ်ရကား။ ဦးကြို့သွား
၍။ဟန့်ထားထောက်ပင့်။ မြစ်ထာလင့်၏။ဘုန်းရင့်မဟာ။ ဗြဟ္မာ
နတ်စစ်။သိသည်ဖြစ်မူ။မနှစ်မရှား။ငါ့ချစ်သားကို။ အားပါးနာ။
မသာမကြည်။ ညှည်းဆဲသည်ဟု။တို့ပြည်အလုံး။ ပတ်ကုံးကြေ
ညက်။ထွားထွားပျက်အံ့။တချက်မသတ်။လွှတ်ပေဆောလျှင်။လူ
တို့တွင်ကား။အစင်အကြယ်။မျိုးနွယ်ကစ။ဗြဟ္မဏာလျှင်။ မြတ်စွာ့
မှတ်လော။သဘောမယွင်း။ဤအချင်းကို။နောင်မင်းမသိ။သက်ာရှိ
ဟု။ဒိဋ္ဌိဝါဒ။အရိဋ္ဌကား။ဘဝမချာ။ ရှေးသံသာက။မိတ္တာပုဏ္ဏား။
ယစ်သမားလျှင်။ထင်ရှားစင်စစ်။ဖြစ်ခဲ့ဘူး၍။ညွှတ်နူးကြည်ညို။ဤ
သို့ဆိုသည်။ ။ကုသိုလ်မမြင်မကျယ်တည်း။

အမြင်မကျယ်။သူမိုက်နွယ်တည့်။ ယုံမှုယ်လိလိ။ ဒိဋ္ဌိအလို။
တည်းလည်းဆိုမှ။ ကိုယ်၏အချင်း။ ပမာခင်းမူ။ ပလင်းအိုးဝယ်။
သေရက် လှယ်သော်။ မပြယ်နှံ့ဟောင်း။ အငွေ့လှောင်းသို့၊ လွှဲ
ပြောင်းခန္ဓာ။တဖြစ်မှာလျှင်။မကွာစည်ဆိုက်။ အမြဲလိုက်၍။ ရှေး
ဌှလေ့လာ၊ ဝါသနာဖြင့်။ မဟာနာဂ။ သုဘုတ်စသား။ ထိုမျှပရိ
သတ်။ညီညွတ်နှိုးဆော်။ခေါ်သတ်တုံပြီး။ဘုန်းကြီးပုဏ္ဏား။ဗြဟ္မာ
သား၏။ခေါင်းဖျားကျေးဖူး။အထူးထူးကို။ထိမ်မြူးမထား။ငါလျှင်
ကြားပိမ့်။နားပါးဝဝ။ မှတ်အပ်စွာ့ဟု။ယညဝဏ္ဏနာ။ ခြိမ်းမွမ်းရှာ
၏။ဤအရာ၌။ နေသာဒအား။ မင်းသားသုဘော်။ ဆောင်ခဲ့သော်
လျှင်။ညီတော်အရိဋ္ဌ။ဖိုလ်ဟိတ်သွယ်ခတ်။ရွတ်သားဂါထာ။မိတ္တာ

ဒွိဋ္ဌိ။ဖြစ်ဘိရကား။မျှားမှူးစေ့ရုံ။မခပိုတုံဘဲ။ လိုရုံသမျှ။ရုံးကြည်း
ပြလျက်။ အစကသည်။ သတောင်းလည်သို့။ နှုတ်ခြည်ပြောက်
လွှင်။အလှဆင်ဖိမ့်။ကောင်းကင်ရက္ခ။ဘုမ္မမလွတ်။ ကိုယ်စောင့်
နတ်တို့။ ရှိညွှတ်သဒ္ဒါ။တရားနာ၍။ဒိဗ္ဗာရမ္မဏာ။မြင်ကစဉ်မြူ။နှလုံး
ဟူသား။ ရန်ဆူဇွန်ခြောင်း။ဆင်မကောင်းကို။ချွန်းတောင်းဉာဏ်
ဟုန်။ဘိန်းလင့်ကုန်ဟု။ အမှတ်ပြုလျက်။ခြိမ်းချက်ရှေးဖျား။ စည်း
နှယ်သားသည်။ စကားဆိုထောက်။ ရောက်ပြီးသော့ကြောင့်။မ
ဖြောင့်နှမ်းစိတ်။ကာလာရိဋ္ဌလျှင်။အနိတ်တရား။အစထား၍။ဝန်း
လျားချဲ့သည်။တဏယ့်လေးပါး။ဂါထာများတွင်။ အခြားအခြား။
အပြားမဆို။အလိုလည်းနည်း။ လေးပိုက်တည်းဖြင့်။ ပေါင်းစည်း
လုံး●ရို။ဓိပ္ပာယ်ကုံစိမ့်။ သုံးပုံပိဋကတ်။ ကျမ်းရိုး တတ်တို့။ မှတ်
သည့်ထုံးကား။ ။လက်သုံးတံတားကြီးသွယ်တည်း။

တံတားကြီးသွယ်။အဓိပ္ပာယ်ကား။ကျင့်နွှယ်မိစ္ဆာ။ မှားယွင်း
စွာသား။ကာဠာရိဋ္ဌ။ကုမာရလျှင်။ဈာနလာဘိ။တက္ကိတို့က။ပွါး
ဆင့်ကြ၍။ဝါဒရိက်ယူ။ဤသို့ဟူ၏။လူတို့အပြား။မျိုးလေးပါးတွင်
ပုဏ္ဏားဗေဒင်။သင်လေစင်းလျှင်း။မင်းကားမြေစိုး။သူကြွယ်မျိုးမူ။
ရေမိုးရကြောင်း။ ကန်ဆည်းမြောင်းနှင့်။ လယ်ချောင်း လုပ်စား။
ဆင်းရဲသားကါး။သူ့အားခယမ်း။အမှုထမ်းဟု။ ဝေခြမ်းပိုင်းခြား။
လေးရထား၍။ပုဏ္ဏားတို့ဘ။ဒေဝဗြဟ္မာ။ဖန်ဆင်းလာသည်။မှန်စွါ
ရကား။ သားဟုဖြစ်ထ။ ဗြဟ္မာလည်း။နိမ့်ကျမရှိ။ဇာတိဝံသ။
မြတ်ထွန်းလှ၏။ထိုမှတပါး။ ပုဏ္ဏားပြုသား။ကောင်းမှုတဦး။ ယဇ်
ကျေးဖူးလည်း။ အထူးခြင်းရာ။ဆိုပိမ့်နာလော့။ ခတ္တာဗိဓ။ဝရုံစ
သား။ သောမယာမ။ ကုဝေရနှင့်။စန္ဒသူရိယ။ နေလနှစ်ပါး။လေ
နတ်သားလည်း။ပုဏ္ဏားတို့ကို။ကြည်ညိုကော်ရော်။ မီးပူဇော်၍။
သေသော်ပါယ်ဘုံ။ မလားတုံဘဲ။ ပြည့်စုံကာမာ။ ထိုနတ် ရွာဒ္ဓ
လိုရာမတ။မွေ့လျော်ကြ၏။စာပသိပျော်။ လေးတတ်ကျော်သား
မည်တော်အဋ္ဌ။ ဘူပါလနှင့်။ မုဋ္ဌလိန္ဒ။ ဒုဒိပဟု။ ရှေးကထင်ရှား။
ထိုမင်းဖျားတို့။စီးပွားလိုလှ။ဗြဟ္မာ၏။ဆုံးမလိုက်နာ။ယိုသေစွာ

၍။ဝေဿာနရ။ယညပူဇော်။ ရတော့သော်လည်း။ဒေဝေါကာလ။ တိဒိဝသို့။ရောက်ကြတုံလေ။ချမ်းသာနေသည်။ ။ကောင်းတော ပုဏ္ဏားကျေးဇူးတည်း။

သမုတ် မကြွင်း။ မြစ်ခပင်းတို့။ ဖြစ်ခြင်းတုံလည်း။ မှတ်ကြို နောင်တွေး။နာဘိသေးလေ့။ရှေးသရော့ခါ။ ဗာရာဏသီ။ အညီ စိုးပြီး။ စည်းစိမ်ကြီးသား။ စောထီးအင်္ဂ။ ဇနိန္ဒလျှင်။ ဟောမတော ခြေ။ ဝင်တုံလေ၍။ယိုသေတိမ်းညွတ်။ မီးနတ်ပူဇော်။ စီရင်သော် တည့်။ရည်ဖြော်တက္ကု။ ဒိရဒမိ။ သပ္ပိနဝနီ။ ရုံစိငါးပါး။ နွား၏ဩ ဇာ။ အရသာဖြင့်။သဒ္ဓါနှစ်လို့။ ပုဏ္ဏားတို့အား။ သောက်စားသိမ်း မွေး။လုပ်ကျွေးသော့ခါ။မဟာဗြဟ္မာ။ ဘုဉ်းပေးကြ၍။ အဝကြွ ခိုင်။မနိုင်မကန်။မိုးနှယ်ဝှန်လျက်။ ပစ်သွန်သော့ထွေ။ စွန့်လိုက်ပေ သော်။စီးလေရာရာ။မြေမျက်နှာ၌။လတာပြင်ကျယ်။ မြစ်ငယ် ဖြင် ညီး။မြစ်ကြီးဂင်္ဂါ။သမုဒ္ဒရာမြစ်မင်း။ဖြစ်တုံလျှင်း၏။ လှူခြင်းများ စွာ။ထိုရေဇာလည်း။ခန္တာရတော့။ထိုကနေ့ရှသော်။မျိုးစေ့သမ္ဘာ။ထို ကြမ္ဘာဖြင့်။နတ်ရွာလည်းကောင်း။ရောက်လေရှောင်းသည်။ ။ အကြောင်းဤလည်းတဦးတည်း။

တာဝတိံသာ။ထက်နတ်ရွာ၌။ဒေဝါနမိန်။ ဒေဝိန်နတ်စစ်။ဒေ ဝရာဇာ၏။ ရန်မြစ်ချိုးနှိမ်။ ဗိမာန်အိမ်၌။ စည်းစိမ် ချမ်းသာ။ ထူ ပြောစွာသား။ သေနာပတိ။ နတ်ဘုန်းရှိသည်။သဋ္ဌတချက်။ လူ့ လက်ထက်ဝယ်။နှစ်သက်မေတ္တာ။ စီးပွားရှာသား။ဆရာသမား။ ပုဏ္ဏားဆုံးမ။ဩဝါဒကြောင့်။ သောမရာဂ။ မြစ်မယည်ထွေ။စီး သည့်ရေဖြင့်။သုံးထွေဒုစရိုက်။ကိုယ်၌ဖြစ်ငြိုး။ချော်ခဲ့ဘူး၍။နတ် မှူးမည်သီး။ စစ်သူကြီး ဟု။ ဖြစ်ပြီး ကိုယ်တင်။ ယခု ထင်၏။ နတ်ရှင်မဟာ။ဗြဟ္မာဒေဝ။ဤသာရလည်း။ မဆွရှေးဖျား။လူသား တစစ်။ဖြစ်ဘူးသရော်။တေဇော်အဂ္ဂိ။ဇောတိပါဝက။အနလနှင့်။ ဓူမကေတု။ ဝါယုသခ။ ကဏှဝတ္တနီ။သိခိဘာဏုမာ။ ဟုတာဝ ဟ။စသည်အပြား။စည်ထင်ရှားသား။မီးအားမြတ်နိုး။ ပူဇော်ကျိုး လျှင်။ တန်းခိုးတနသ။လိုရာမချို့။ဤသို့ထွန်းခေါင်။ တိုင် ပြီးနောင်မှ။

ကုန်အောင်လောက။အနန္တကို။မစဖန်ဆင်း။စီရင်လျှင်းသည်။ ။ တတ်ခြင်းသတ္တိအထူးတည်း။

သုဒဿန။ ကာလဝေရျ။ဂိဇ္ဈကုဋ္ဌနှင့်။တောင်ရဟိမဝါ။ မာလာဂိရိ။အစရှိသား။ တောင်တိတသွန်။ ဖြစ်ကုန်ဟန်လည်း။ ပြန်ပိမ့်အကြောင်း။ နာတုံရှောင်းလော့။ မင်းကောင်းတယောက်။သဒ္ဓါပေါက်၍။ သွားထောက်အနီး။ နတ်ခရီးကို။ လိုသီးကြံတွေး။မေးလတ်သရော်။ သုံးဘော်ဇေဒင်။ သိမြင်ဆောင်ထ။ ဖြဟ္မဏာအား။ မင်းဖျားယိုသေ။ပူဇော်လေဟု။ဆိုပေရကား။ ပုဏ္ဏားများကို။ဆိပျားရသာ။ ရေစာထမင်း။လုပ်ကျွေးလျှင်းမှ။နေခင်းတမူ။ မလေ့ံဟူသော်။ထပ်တူတညီ။မြင့်မြင့်သီသို့။စီသည်အခုတ်ပြား။ တန်းနိုးအားဖြင့်။ပွါးလေသော့ကြောင့်။ ရောင့်ရောင့်လည်တဆ်။အထက်စွင့်စွင့်။ နိမ့်မြင့်ကြီးငယ်။အံ့ဘွယ်သရဲ။ ထူးကဲခိုင်ကျန်း။တောင်များထွန်း၍။ အဝန်းပြောကျယ်။ ပင်လယ်သမုဒ်။ ရေအပုတ်တို့။ သောက်ထုတ်မကောင်း။ဖြစ်တုံရှောင်းသည်။အကြောင်းအထူး။ ဆိုတုံဦးအံ့။ကျေးဇူးများသည်။ ပုဏ္ဏားတယောက်။သွန်းမြောက်ဦးကြေး။ ကိုယ်သန့်ဆေးရှင့်။မတွေးနှောင်လာ။ မိုက်မဲစွာသား။ သမုဒ္ဒရာရေ။နစ်ပချေ၍။သိလေဖြဟ္မာ။ မျက်ရှိန်ပါလျက်။ဒေမတ္တာမရှေး။ ငါ့ရင်သွေးကို။အလေးမရှိ။မွှန်းတန်ပြီကား။ ဆားတိငံငံ။ညှီနံဟောက်ဟောက်။ မသောက်ကောင်းဘဲ။အမြဲတည်စေ။ နင်သည့်ရေဟု။ကျိန်ဆဲပြု၍။ယခုထက်တိုက်။ လျှာဥ္ဓတပေါက်။ ကျလတ် မြောက်က။ တလ္လ ရွံရှာ။ လူ ထကာ တို့။ ။ရံခါမမှိ ဝဲဘူးတည်း။

ဤသို့ဒိဋ္ဌိ။နှဲ့ဖြင်ငြိသား။အတိဗာလ။အရိဋ္ဌလျှင်။ရှေးကဝါသနာ။ ပါဘိရကား။ပုဏ္ဏားဒေဝ။ ယညကျေးဇူး။ အထူးထူးကို။အမူးအမော်။ခြီးမွမ်းသော်တည့်။ထိုရော်ရေနတ်။ပရိသတ်တို့။မချွတ်ပင်ကို။မင်းသားဆိုသည့်။အသိုမှန်ငြား။ဟုတ်ယောင်ကားဟု။ထူးခြားမသိ။မှတ်လျှင်းဘိ၍။ပုတိမန္တ။တလ္လညှိပုပ်။ထုပ်သဉ္စာကျလျှင်။ နံသက်သိုးဦ။ သဘောတူသို့။ အယူမှားရှောင်း။ သူမကောင်းနှင့်။

ယှဉ်ပေါင်းသော့အား။ ထွေပြားမိန္တာ။နာနာကာယ။ဘောက်ပြန်
ကြွ၏။ ကြီးလှပညာ။ဘုရားလျှာကား။ မသာကိုယ်လက်။ မွေ့ရာ
ထက်ဝယ်။ ငြိမ်သက်လျှောင်းစည်။ မောဟာယှဉ်သား။ စဉ့်လျှဉ်
စကား။အမျှါးမျှါးကို။ကြားလတ်သော့ခါ။ဥပမာဖြင့်။မဟာမေဒနီ။
ပြိုခဲ့ပြီဟု။ဘန်တီဘန်တွတ်။ရေရွတ်ကြောက်ဘွယ်။ ယုန်သူငယ်
ကြောင့်။မတွယ်မတာ။ပြေးကုန်ရှာသား။ဇါနာမှဲ့လျှင်း။သားခပင်း
ကို။ တောမင်းသီဟ။တိုင်းတွဆင်ခြင်။ တွေ့တိုင်းမြင်၍။ နားဝင်
ဆုံးမ။နေထိုင်ချသို့။ခဏထိုရော်။အရိဌခေါ်လျှက်။ မနော်မယ။ဝါ
ဒချိုတဲ့။အကျယ်ချဲ့သား။ တဆယ့်လေးပါး။ဂါထာများတွင်။. ရှေး
ဖျားတခု။တိုင်တည်ပြုမှ။ ထိုကစသား။ သာရနည်းရှား။ ညီတော်
အားလျှင်။ယူမှားမှောက်လှန်။ကြေပွန်ဖြေတင်။ တုံ့ရာတွင်၌။ သန့်
စင်ဦးပြည်း။သင်ရန်းလှည်းသို့။ သိမ်းဆည်းကုန်ကြောင်း။ ဆိုပေ
ရှောင်းအံ့။ ။သံညောင်းမပျှံမချူးတည်း။

ကလိဟိမိရာနံ။ကဌမဝါနံဘဝန္တိ။ ဘေဒဏ္ဍကတောအရိဌ။ပ
ရိဗိဓမ္မအသမေက္ခိကတ္တာ။ မယာဂုဏာတိဝဟန္တိပညာ။ ။
ဝဏ္ဏဂန္ဓ။ရသမကင်း။ကြာပင်ရင်း၌။ စင်းလျှင်းဝပ်လျား။နေလှည့်
ငြားလည်း။နံ့ရှားတကြိုင်။ဇေးလှိုင်ချိုမြက်။ပန်းအရက်ကို။နှစ်သက်
ဝမ်းမြောက်။ငပိုရောက်ဟု။မသောက်တတ်အား။ ငမိုက်ဖါးသို့။
မပြားဝမ်းတွင်း။ကြမ္မာနှင်း၍။သားချင်းဖြစ်ပြီး။ငါနှင့်နီးလျှက်။ မေါ်
မိုးမော်မန်း။နှုလုံးဆန်းဖြင့်။ သူကန်းအလား။ အမြင်မှား၍။ တရား
လေးဖင်။နားမဝင်တည့်။တဖျင်ကြီတွေး။ပညာဆွေးသည်။မောင်
ထွေးကဏိဌ။ညီအရိဌ။ ။ကုဒ္ဒိဋ္ဌိမျိုး။ပုဏ္ဏားဆိုးတို့။ ကြိုးကြိုး
ပမ်းပမ်း။ သင်သောကျမ်း၌။ ငြိမ်းချမ်းမဂ်ဖိုလ်။ ရောက်စိမ့်ဆို
လည်း။ အလိုမရှိ။ ဖြစ်ဘိရကား။ တရားခေမာ။ နိဗ္ဗာန်ရှာသည်။
ပညာရှိများ။ ယုံမှားပေကာ။ လူမိန္တာမူ။ အောင်းရာလည်း ဖြစ်။
သဘော စစ်ဖြင့်။ မဖြစ်လျှင်းဘဲ။ ဆောင်သုံးစွဲ၏။ စဲစဲ ရိပ်ထင်။
တန်လှပ်မြင်သော်။ဤလျှင်စတေ။ အကယ်ရေဟု။ မှတ်လေတော
သား။စည်တလျှားတည့်။ ရိရှားပန်းဟိုက်။ သောက်အံ့လိုက်သို့။

အမြိုက်သာရ။ရုုးစမ်းကြ၍။ အဌ္ဌမမြင်း။ထိုဗေဒင်ကို။ ဆင်ခြင်မဲ့
မြို့။သူမိုက်တို့သာ။ ယုံကြည်ရှာလိမ့်။အဏ္ဏာနဏ္ဏ။နားပါးဝသည်။
တွက်ဆစိတ်ဖျား။ သူမြတ်အားကား။ စီးပွါးဟုတ်ယောင်။ လှည့်
ပတ်ဆောင်သည်။ ။သည်အောင်မတတ်နိုင်စွမ်းတည်း။

မိတ္တဒုဗ္ဘ။ ဘူနဗါလော်။ သူမတော်အား။ လေးပါးပါယ်ခွင်။
ကြမ္မာငင်သော်။ဗေဒင်ဘယ်သို့။ တားနိုင်မြို့အံ့။ မိုက်တို့လှည့်ဘိ။
ကျိုးမရှိတဥ္။ဒိဋ္ဌိအယူ။လေးမြတ်မူသား။လောင်ပူညီးညီး။ထိုယင်
မီးလည်း။ဖျက်ဆီးခင်ပွန်း။ အကျင့်ဆန်းသား။ သလွန်းတန္တ။ လူ
တလ္လကို။ဒုက္ခခံရှောင်း။ငရဲချောင်းမှ။ ကယ်ကောင်းတီမှာ။ ဟန္ဒ
မြစ်ထာလိမ့်။ ဥစ္စာရွှေငွေ။ဆန်ရေစပါး။ကျွဲနွားဆင်မြင်း။ အပြည့်
သွင်း၍။ထင်းနှင့်တကွ။ မိုးမှုရပုံ။ ပူဇော်တုံလည်း။ ဝရုံအစာ။ မှု
သာတန်ပြီ။ မဘိမတား။ဖုတ်မြိုက်စားသည်။မီးအားကြိုးကြည်။
သယ်သူသည်လျှင်။ ကြိုက်လည်စေအောင်။ ဆောင်နိုင်အံ့နည်း။
ပေါပဥ္ဇးဖြင်ပြ။ပေးလှောက်ကဲလည်း။ရောင့်ရဲနှစ်လို့။ မရှိမြို့တဥ္။
ဤသို့နှင့်မီး။အလိုကြီးကို။အစီးအပွါး။ ခမ်းနားကုန်ကာ။စွန့်ကြဲရှာ
၍။တီမှာလူများ။ နတ်ရွာ လားမြိမ့်။ မီးအားယာချ။ လုပ်ကျွေးပြု၍။
ကောင်းမှုဖြစ်မူ။တောင်သူဆားကွေး။မီးသွေးဘုတ်များ။သေခံစား
ချက်တည်။စဖိုသည်လည်း။ နတ်ပြည်သို့သာ။ရောက်လေရာ၏။
ဓါနာသဖြင့်။ဤမသင့်ဟု။နိမ့်မြင့်မရှု။ဗိုလ်အထုကို။တစတဝေး။
မိုက်ဖော်သွေးသည်။ ။ညီထွေးမရုုးမစမ်းတည်း။

လူတို့လုံ့လ။ကံကိစ္စကြောင့်။ ထွန်းပတောက်ညီ။မီးအဂ္ဂိကို။
ဒိဋ္ဌိအပေါင်း။ပူဇော်ကောင်းဟု။ သမိုက်ပြုလျှက်။ မြေကြီးထက်
ဝယ်။ခြေလက်ရုံခါ။နင်းမိကာမျှ။ ရွံရှာကြသား။ တန်စတီးပြင်။
မစင် မကြယ်။ စက်ဆုပ် ဘွယ်ကို။ အဘယ်ဖြင့်အား။ လောင်
ဘုတ်ဝါး၍။ စားတုံသနည်း။ ဤလည်း ညီထွေး။ ဆင်ခြင်သေး
လော့။မရွေးမခြယ်။ပစ်ပယ်မရှိ။ ရမိသမျှ။ တွေ့ကမရှောင်။ ခွေး
ကောင်မလွတ်။အစာမှတ်သား။ မမြတ်မူထား။ မီးညစ်အားလျှင်။
လေးပါးပစ္စည်း။ဖျင်ပည်းလုပ်ကျွေး။နေ့တိုင်းပေးလည်း။ မီးသွေး

မျှသာ။ဖြစ်တုံရှာလိမ့်။နတ်ရွာတိသို့။ဆောင်နိုင်မြို့အံ့။တချို့သသူ။
အမိုက်လူကား။အယူမှားချွတ်။မီးကိုနတ်ဟု။အမှတ်တရ။ရှိညွှတ်
ခ၏။ တောစတောင်ခြေ။နေသည့်တရ။ မိလက္ခုကြား။ အဗ္ဗုအာ
ပေါ်။ပယော်တောယ။ကလျာကနှင့်။ဝါလဝါရိ။ အစရှိသား။အဘိ
ဓါန။နာမအများ။ဝေါဟာပြားသည်။ရေအားဒေဝ။မှတ်ကုန်ကြ၏။
ထိုမှတပါး။နတ်ဝင်များမူ။ထင်ရှားသသူ။ သေသောဟူက။အယူ
မလွဲ။ နတ်ဖြစ်မြဲဟု။ဝမ်းထဲပြွတ်ပြွတ်။ မှတ်ဘိရကား။ဘုံးကရေး
နှင့်။မှန်းထားမည်ရည်။ နတ်အိမ်တည်၍။အကြည်အညို။နတ်ကို
ချည်းသာ။လုံးပန်းရှာ၏။ ရတနာသုံးပါး။အမြတ်အားမူ။များများမ
ယုံ။ အာရုံနှောင့်နှေး။ နှစ်ခွထွေးလျက်။ နာဆေးဖျားတာ။ရောက်
သော့ခါလည်း။ကြမ္မာဘုန်းဟောင်း။အိမ်မကောင်းကို။မြဲကြောင်း
ပင့်ကူ။ထေံတိုဟူသါး။အလှူသိတင်း။ဆည်းဘုံးခြင်းကို။စင်းစင်း
မပြု။နတ်မှုရုံးရွယ်။အကယ်ကယ်သို့။ ရယ်ဖွယ်အိုးကြီး။ မရှက်
သီးဘဲ။ကန္တားပွဲနှင့်။ဝတ်လဲပြူနီ။ပန်းသီပန်းနှစ်။ဆင်ကါရစ်လျက်။
လက်ရှစ်လက်ဝန်း။ တဖြင်သန်းတည့်။ သွမ်းမှန်းမသိ။မျက်စိသံ
လည်။ နတ်ရူးသည်ဟု။ မတည်မတံ့။ လွှင့်ချုံနှလုံး။ သူမိုက်ထုံး
လည်း။စွဲသုံးလေ့လာ။မကျင့်ရာသည်။ ။မိစ္ဆာယောင်ယိယောင်
ယမ်းတည်း။

ထိုမှတသီး။ဗြဟ္မာကြီးလျှင်။ဖြင်ညီးနန္တ။သုံးလောကကို။တောဇ
ထွန်းလင်း။ပြုဖန်ဆင်းဟု။ညီရင်းဆိုလျက်။ ထိုနှင့်မတန်။ရှေးလွန်
လူစစ်။ဖြစ်သရော့ခါ။ထိုဗြဟ္မာသည်။ ဝေဿနရော်။ မီးပူဇော်
ဟု။ဆိုသော်ဘယ်သို့။သင့်ချေမြို့အံ့။မိုက်တို့လှည့်ငြား။လူပြိန်းများ
တို့။ပုဏ္ဏားဆိုရာ။ယွင်းယွင်းပါအံ့။ ပညာရှိအား။ပျားသို့လည်းချို။
လှည့်ပတ်ဆိုလည်း။အလိုမညီ။ဆိနှင့်ရေလား။ နှစ်ထွေပြားလိမ့်။
ပုဏ္ဏားဗေဒင်။အမြဲပင်ဟု။နတ်ရှင်မဟာ။ဗြဟ္မာဝေဘန်။ဆိုတိုင်း
မှန်သော်။သုံးတန်အပြား။ ထိုကျမ်းများကို။ ပုဏ္ဏားတို့သာ။သင်
ကုန်ရာ၏။ ပညာထောက်ထား။ မျိုးတပါးကား။ တတ် အားချင်
လည်း။မသင်ကုန်ဘဲ။ရှောင်ကြည်လွှဲအံ့။ သင်းကွဲထိုမှ။ ဇနိန္ဒကို

ရဌသွမ်းရိုး။မြေပြင်စိုးဟု။တန်းခိုးပြင်းဌန်။ ဗြဟ္မာဖန်သည်။မှန်တုံ
သော်လည်း။ မြတ်ကျော်နွယ်ရိုး။ မင်းမျိုးတို့သာ။ မင်းဖြစ်ရာ၏။
ကြမ္မာဖန်၍။မျိုးတပါးကား။နတ်များတိုက်တွန်း။ ကုသိုလ်ညွှန်း
လည်း။ကြဌန်းမင်းစစ်။ မဖြစ်စမြဲ။ ဘုန်းငွေ့စဲအံ့။မျိုးကွဲတပါး။သူ
ကြွယ်အားတုံ။ကျွန်နွားထွန်နေ။လယ်လုပ်လေဟု။ခွဲဝေသင့်စွာ။အ
မှို့ရှာ၍။ဗြဟ္မာနတ်ရှင်။ဖန်စီရင်သည်။ မှန်ကျင်မှုလည်း။ထိုသူတို့
သာ။လယ်လုပ်ရာ၏။ ရှာသားစီးပွါး။မျိုးတပါးကား။ လယ်အား
ကြည်ဖဲ။မလုပ်ရဲအံ့။ဆင်းရဲသားကား။ ခစားသူ့မှာ။ စေစားလာ
ဟု။ဗြဟ္မာနတ်မွန်။စီရင်ဖန်သည်။ မှန်တုံ၍လည်း။ ဘိုးဘွားမိ
ဘ။မျိုးဒုဂ္ဂတို့။ပရပေသနာ။ရံခါမလွတ်။မပြတ်လျှင်းဘဲ။မှုထမ်း
မြဲအံ့။ ရကွဲလေးပါး။ ဤသို့ အားဖြင့်။အမှားပြင်းသန်။ ထိုဆိုဟန်
လည့်း။မမှန်လှည့်မြို့။ပုဏ္ဏားတို့ကား။ယင်းသို့ဗေဒင်။အမြဲပင်တည့်
မသင်လေတုံ။တစုံတခု။ လုပ်ကြံမှုကို။ပြုသည်ထင်၏။မျိုးအင်မ
ချို။မင်းရိုးတို့လည်း။ကောင်းဘို့မရှိ။ပဝတ္တိဝယ်။မျက်စိထင်ထင်။
ဆင်းရဲမြင်၏။ ဖခင်ဘေးဘိုး။ဆက်နွယ်မျိုးကား။မင်းရိုးမင်းသား
မဟုတ်ငြားလည်း။ယောကျ်ားဟုသည်။လူတို့ဘုန်းကား။ခါဆုန်း
ချိန်သင့်။ပန်းနှယ်ပွင့်၍။ယခင့်မင်းစစ်။ နန္ဒရာဇ်သို့။ မင်းဖြစ်ဖိလာ
မင်းချမ်းသာနှင့်။ကြမ္မာလက်ငင်။ရွှေနန်းတင်၏။အကြွင်သူကြွယ်
မျိုးတနွယ်လည်း။လယ်သါမလုပ်။အရှုပ်အဆန်း။ကုန်စယ်ပြွမ်း
၍။အငမ်းလက်ငင်း။လတွင်းတွက်ဆ။ကြွေးဆယ်စသည်။ဖျင်မှု
ပုံယင်။စီးပွါးတွင်၏။မျက်မြင်ဤသို့။လူတို့တကာ။မျိုး ၄ ဖြာကို။
ဗြဟ္မာဖန်ဆန်း။ညွှန်းလေဟုလျက်။မိုင်းခြားပျက်ခဲ့။နိုင်းချက်ဇာ
နာ။ရူးစမ်းရှာသော်။ မိစ္ဆာအလို။ ညီထွေးဆိုသည်။ ။ကြည်
ညိုသူ့နားမချမ်းတည်း။

သုဒဿန။စသည်တလွှား။ ထိုတောင်များလည်း။ ပုဏ္ဏားနေ
ရာ။ဇာ့ကာဖြင့်။ ကြီးစွာပြောထု။ ဖြစ်သောဟုလျက်။ တခဲနက်
လျှင်။မပျက်အခိုင်။လှုပ်မနိုင်သား။ကြံ့ခိုင်ဇာတိ။တောင်ဂိရိနှင့်။ တ
စိမမြဲ။စိတ်ဖျာကွဲသား။အခုတ်ခဲသဘော။ လိုက်လျောထပ်မျှ။မတူ

ကြခဲ့။ဝါဒများယွင်း။ ဤဆိုခြင်းလည်း။ ညီရင်းတစ်။ အပြစ်ရှိ၏။ သိစိမ့်မှန်စွာ။စိပ်စိပ်နာလေ့။ကမ္ဘာဦးသူ။ မှောင်တိထူ၍။ အူအူ သောင်းသောင်း။ဆူများတောင်းသော်။ တပေါင်းမာသ။လပြည့် ဝ၌။စန္ဒသူရိယာ။ရောင်ဝါပလစ်။အသစ်စက်စက်။ထွက်လတ်သ နေ့။အငွေ့နှီးဆော်။ညီစေခေါ်သို့။ရေပေါ်ဆွဲဆွဲ။ပုပ္ပဋ္ဌတို့။ ထူပထူ ပါ။ရန့်တက်ရာကါး။သေလါပပ္ပတ္။နိန္နနိန္နာ။နိမ့်ရာရာကါး။မဟာ အဏ္ဏဝ။သမသမာ။ညီရာရေကား။လေးဖြာဒီပ။ဖြစ်ကြတုံရှောင်း။ ဤအကြောင်းကို။ ကောင်းကောင်းမှတ်လေ။ အထွေအပြား။ ယုံ မှားမရှိ။ဟုတ်လှဘိ၏။ထိုပြီ့အပ။ဖြဟ္မာဘကို။ဖြစ်မရေတိ။ မွန်း ချေမိ၍။ ဆားတိငန်ငန်။ ဖြစ်သည်မှန်မူ။ အစွန်အနား။ မြစ်တပါး လည်း။ပုဏ္ဏားရေကူး။ မွန်းလေဘူးလျက်။စီးထွက်လျှံ၄န်။ ရေမ ငန်တည့်။အလွန်တချ။သောက်ကောင်းစွာ၏။မဟာသမုဒ္ဒရာဇ်။ ပင်လယ်မြစ်သာ။ဘယ်အာကာကြောင့်။ငန်ရာသနည်း။ကြည်း ငတောင်။လုပ်ဆောင်ဆားပျား။ ရေတွင်းများကား။ ပုဏ္ဏားရုံခါ မမွန်းပါလျက်။ရေငန်ထွက်၍။ နှစ်သက်လူမိုလ်။မသော်လို့ခဲ့။ ဤ ကိုဘယ်သို့။ဆိုတုံမြို့အံ့။ ဖြစ်ဆို့မနိုင်။သွပ်ခေါင်တိုင်သား။ အိမ် ခိုင်သူကြွယ်။ရှိတိုင်းနွယ်၍။မျှော့နှယ်တွေးစမ်း။တဖျင်လှမ်းလျှင်။ ဝမ်း၏တမန်။ပုဏ္ဏားကျွန်တို့။တိရစ္ဆာန်မိုးမွါး။ခမါများကို။မီးအါး စွန့်မြော်။ နတ်ပြည် ရောက်ဟု။ စားသော်စေလို။ ဆိုလှည့်တုံရာ။ လူမိုက်လာတည့်။လိုက်နာယွင်းယွင်း။နှလုံးသွင်းလိမ့်။ ချင်းတို့ဆို ဟန်။မှန်တပြီးကား။ မိမိမယား။ သားကမလွတ်။ကိုယ်ကိုသတ် လျှက်။ရိုညွတ်ကော်ရော်။မီးပူဇော်၍။ခြောက်ဘော်နတ်ဘုံ။စံလေ တုံအံ့။ချစ်ကြိုဆွေဝါး။ ကိုယ်ကိုထားလျက်။ တပါးသူကို။ သေ ကြောင်းဆိုသား။ ထိုစကားလည်း။အမှားသန်စွာ။ ကမ္ဘောဇဟု။ ရဋ္ဌတိုင်းသူ။သုံးစွဲမူသည်။ ။အယူအညစ်အညမ်းတည်း။

ပူရေ ပူရဋ္ဌ။ ကာကဿာဘရိယား။ ဝိပ္ပာယ် ကြားမိမ့်။ ရှေး ဖျားကမ္ဘာ။ ပေါ်ခါ လည်း ကောင်း။ အပေါင်း ရူပ။ သော ဋ္ဌသ တွင်။ နာမ ပညာတ်။ အထူးမှတ်သား။ အာဘာ ဿရာ။ နတ်

ဖြိုဟ္ဗာတို့။ ခန္တာလျှော၍ပြတ်။ ကာမခေတ်သို့။ဥပဒ်ထင်ပြ။ ဖြစ်ကုန်ကြသော်။ကမ္ဘဇိဏ္ဍိ။တန်းခိုးရှိ၍။မိမိကိုယ်ရောင်။ တပြောင်ပြောင်တဇ္ဇ။ရိုက်မှောင်ဖျောက်ပယ်။ကောင်းကင်လယ်ဝယ်၌။ဌက်နှယ်ဝဲပျံ။ကွန်မြူးစံ၏။တရံရောခါ။မြေဩဇာနှင့်။ပဒါလတာ။ ရသာနွယ်ချို။အလိုစာ၍ပြီး။ဆန်ချည်းသီးသား။လုံးကြီးမကျိုး။ရိုးရရိုးတည့်။စားဘွယ်ရှိသား။ သာလိဘတ္တ။လွှရရှုကို။စားကြသော့အား။ ရမွှက်ပွါး၍။ ယောကျ်ားမိန်းမ။ ဖြစ်စထိုရော်။ မွေလျှော်မပျက်။ အိမ်ထောင်ရှက်၍။စည်ဆက်သားမြေး။မွေးလတ်ရာတွင်။ပုညာပုည။သက္ကမ္မကြောင့်။ဂေါတ္တလေးပါး။နောက်မှပွါးရှင့်။ ပုဏ္ဏားတို့သာ။မျိုးမြတ်စွာဟု။မိစ္ဆာဝါဒ။ဝေကန်ကန်။ ယင်းဆိုဟန်လည်း။အမှန်မဟုတ်။ လူအစုတ်ကို။ အယုတ်အကောင်း။ ဖြစ်စေရှောင်းသား။ အကြောင်းတမူ။ကြမ္မာဟူ၍။အယူတည်းဟည်း။ ခမည်းညီထွေး။မှတ်ဘိသေးလော့။ရိုက်တွေးသက်ာ။မရှိရာလင့်။ လာဘာလာဘ။စသည်ရှစ်ပါး။ ထိုတရားလည်း။ ရှောင်ရှားမလွတ်။ ရောက်တို့တတ်၏။ မန္တာတ်ရာဇာ။ စကြာမင်းကြီး။လက်ရုံးထီးက။ ဖျင်ညီးရတနါ။မိုးဖြင့်ရွာ၍။တကါလူများ။စီးပွါးဆောင်မှု။ချမ်းသာပြုမှ။စတုမဟာရာဇ်။သစ်သစ်မကြွင်း။ချင်းနင်းခဲ့မြောက်။တထောက်ပျော်ချိန်။ တာဝတိံနဝယ်။ဒေဝိန်သုံးကျိပ်။ ခြောက်ယောက်ထိပ်ကို။ လှည်းနှိပ်ဘုန်းဖြင့်။နေလပွင့်သို့။ရှည်မြင့်ခန္ဓာ။ ဆိုရာမသီး။စံစားပြီးလျက်။ ပျက်စီးတဖန်။ ကိုယ်ထီးကျန်ရှင့်။ ရှေးညွန်ကျမ်းလာ။ဤကိုစာသော်။မကွာဆက်ဆံ။လောကခံမှ။တရံမကင်း။လူခပင်းကား။ အစင်းပလော။ ကောင်းတွယ်သောဟု။ သဘောဂတိ။တိမှာရှိအံ့။ ဒိဋ္ဌပုဏ္ဏား။သင်တို့အားလည်း။ လူ့သားစင်စစ်။လူမျိုးဖြစ်လျက်။ ဖက်ထစ်ချမ်းသာ။ မမြဲရာသည်။ ။ပမာဝါးလုံး။ဝါးခြမ်းတည်း။

သန့်စင်ဦးပြည်း။သင်ရုန်းလှည်းသို့။သိမ်းဆည်းကုန်ကြောင်း။ဆိုပေရှောင်အံ့။ ။သံညောင်းမပျှံမပျုံးတည်း။ ။ဟုဆိုခဲ့ပြီးသောစကားအရကား။ဤဇွေချောင်ပြီး၏။

ဇေဝံ မဟာသတ္တော။ တေသံဝါဒံ ဘိန္ဒိတွာ။ အတ္တနောဝါဒံ ပတိဋ္ဌာပေသိ။ ။ဤသို့လျှင်တည့်။ သိမြင်မှန်စွာ။ ဘုရားလျာကား။ ဖိုလ်ပါတို့အား။ယူမှါးဒိဋ္ဌိ။ ဖျောက်လျှင်းဘိ၍။ မိမိအယူ။ သဘောဖြူကို။ အတုမကင်း။တည်စေလျှင်းမှ။ ပါယ်တွင်းမကျ။ နတ်ပြည်မသို့။ တွင်ထလမ်းဟောင်း။ခရီးကောင်းကို။ ။သွားကြောင်းညီညွတ်ပေသတည်း။

ခပ်သိမ်းရေနတ်။ ပရိသတ်လည်း။သူမြတ်စကား။ကြားလတ်တုံသော်။ဆင်းရွှေလှော်သို့။မြော်ကရိုးဘွယ်။ရနံ့ကြွယ်သား။ ညှာသွယ်မြလား။ပန်းစကားကို။ ထုပ်ငြားနံ့သာ။ဖက်ပမာသို့။ ပညာဂန္ဓ။လှိုင်ပျံ့ကြ၍။ အားရအင်တက်။ ခေါ်ဖိုက်စက်ဖြင့်။ ဘွဲ့ရက်နှောင်ဘိ။စိတ်၌ညီသည်။ ။ဒိဋ္ဌိကြီးထုံး။ဖြေသတည်း။

ဘုရားအလျာ။ပညာဝါလည်း။နေသာဒအား။ မျိုးဆွေဝါးသို့။ စိုးပွါး ရှေးဦး။ ငါဆောင် ဘူးလျက်။ ကျေးဇူးမသိ။ တိရိရိလျှင်။ ထိထိပါးပါး။မြွေသမားနှင့်။ပြစ်မှားလေရှောင်း။ နင်မကောင်းဟု။ ဆဲရေးမှုမှု။ မပြုလိုက်လျှင်း။ ငြိုးဖြည်းကင်း၍။ နတ်မင်းနေတည်။ နဂါးပြည်မှ။ ။အကြည်နှင်ထုတ်စေသတည်း။

ဖြဟ္မဒတ္တ။သာဂရဟု။တွင်ထမည်မှတ်။ လောကနတ်လည်း။ ဆုံးဖြတ်ရက်တိုင်း။အပိုင်းမလွန်။ကေန်စကား။ အမြဲထားမှ။လေးပါးရုံစွာ။စစ်အင်္ဂါနှင့်။ဗာရာဏသီ။ပြည်ကချီ၍။ မဒ္ဒိပေါင်းဘော်။ ကိုယ်ထိုးချော်သည်။ သူတော်ကျင့်တမ်း။ ဘသင်မ်း၌။ ။ငြိမ်းချမ်းနေနှင့်။လေသတည်း။

မဟာသတ္တ။စောနာဂလည်း။ပြည်မသနင်း။ဦးရိုးမင်းနှင့်။ဘိုးမင်းတို့အား။ဆွေဝါးဖွဲ့ချည်။ဖူးမြှော်သည်ဟု။ ဆော်စည်ခပ်တီး။ လည်စေပြီးသော်။မင်းကြီးတကာ။စံပယ်ရာသား။များစွာထင်ချေ။ အသရေဖြင့်။ယည်တွေ့မြစ်ညာ။ယမုနာမှ။ ကိုယ်တော်ကြွ၍။တကွပြွမ်းပြွမ်း။ချစ်ရိပ်မွမ်းလျက်။သင်္ခမ်း၌တွင်။မျိုးပုံယင်ကို။တွေ့ချင်ဆွတ်ဆွတ်။လွမ်းနှင့်လတ်၍။ သုဒဿန။ နောင်တော်စသား။

ဩဘာရုံမြောက်။ မင်းငါးယောက်မူ။ လျှောက်လျှောက် သာသာ။ နောက်မှလာသည်။ ။ဗိုလ်ပါတခဲထွေသတည်း။

မင်းဖျားရှေးဦး။ ခြင်သေ့မြူးသို့။ ထူးထူးခြားခြား။ ကိုယ်ကိုးကား တည့်။ ယောက်ျားပီပီ။ စစ်အခင်ချီ လျက်။ ဖော်ညီမှတ်တီး။ နာမည်းအောင်။ စည်ကြီးထိန်းထိန်း။စည်မုဒိန်းလည်း။ မည်ဟိန်းကြားကျယ်။ အိုင်အိုင်ကယ်မျှ။ မိုးနှယ်ရိုက်အုန်း။ တဖြုန်း ဖြုန်းလျှင်။တုန်းတုန်းတင်းတင်း။ ခရုသင်းနှင့်။ ရုန်မင်းဓိရော။ ထက်မနောတို့။မြေကြောထုတ်သန်း။ ပြတ်ဘနန်းတည့်။ ဖြန်းဖြန်းသံရှင်။ ရွှေဖျားတင်၍။ အောင်မြင်သူရာ။သိကြားလာသို့။ တန်းဆာလေးမြွား။ ရွှေခေးရွှေဘီး။ညီးရရိုးလျှင်။ သားမြီးဒေါင်းရပ်။ ဘိနပ်ခြေနင်း။ ဆောင်ရွက်ခြင်းဖြင့်။ ဝင်းဝင်းရောင်ဝါ။ လွန်နှင့်လာသည်။ ပြင်လျာတွတ်တွတ်။ ဗောဓိသတ်ကို။လတ်လတ်ချက်မြှော်။ ဦးရိုးတော်ကား။တွေးခေါ်ပိုးဝါး။ခပ်ယုံမှား၍။ငါးပါးဘိညာည်။ကျေးဇူးယှည်သည်။စိတ်ယည်ကျင့်မြဲ။ ဘရသေ့အား။ကြောင်းလျားမေးမြန်း။ဂါထာညွှန်းသည်။ ။သာခန်းရောက်လတ်လျှင်ပြီးတည်း။

သာခန်းထိုသို့။ရောက်တုံမြို့လည်း။ပျို့တို့တထွေ။ အောက်မေ့ချေသော်။ နားဝေနားစည်း။နှလုံးကြည်းခဲ့။ဖြည်းဖြည်းပျှံ့ပျူး။စိတ်ဝမ်းနူးမှု။ ရှင်မြူးပျော်ဘွယ်။လက်ာသွယ်မူ။ မနွယ်ကျမ်းရိုး။ဆိုဘိနိုး၍။ ယုံမျိုးယုံ မှား။ လူပျိန်းများတို့။လွင့်ပါးလှည့်စွါ။ ကဲ့ရဲ့ကြအံ့။ရှေးကချိုမြက်။ဆိုသည်လျက်တည့်။မသက်သာလေ။ နှုတ်သံခြေကို။မြစ်ရေဋ္ဌတွင်။ မျှောလိုက်ချင်စွ။ဆင်ခြင်သိမြှော်။ နောက်နောင်သော်ကား။ ရှင်ပျော်ဆိုရေး။ဝေးလေစေတော့။အကြံလျော့၍။ဝန်ပေါ့မတင်။လှော်အိုသွင်တည့်။လေးဖင်စေဆန်း။ ကျန်းတန်းကျင့်ဘင့်။အောက်နှင့်အထက်။ အရှက်ရှက်လျှင်။ ဆစ်မြက်ကြိုးထုတ်။ ပတ်ခလုတ်ကို။ ကုတ်ကုတ် ကော်ကော်။ ဖတ်‌ေ သာ် ခဲအောင်။ ထုံးဆောင်ပုံစံ။မျက်ပါးကျုံသို့။ဂမ်ဒေါသ။ ဖြစ်မှျသွယ်လောင်း။ နှက်ရုပ်ဆောင်းလျက်။ပြန်ပြောင်းလိမ်လစ်။ စကားသစ်

ဟု။တောင်သူမှုနှင့်။ရောရုဖေ့ဟပ်။အထပ်ထပ်တိ။ ချုပ်စပ်ဆည်း ဆူ။ပန့်သကူကို။ မယူပါဘဲ။ရွှေနန်းပွဲဝယ်။အမြဲနေကြ။ သုံးစွဲကြ သား။ပြည့်မသနစ်။ခရိုင်စစ်သို့။ကျစ်လစ်စင်ကြယ်။ နှာချင်ဘွယ် တိ။ ရွှေးခြယ်ချေမိ။ငါ့ဝန်ရှိခဲ့။နောင်ဖြို့ယာချ။မပြုမပြင်။မရှင်မပြ။ မချိုမြသည်။ ။ဝါဒငါခွကင်းပြီးတည်း။

ဝါဒကင်းစင်။ ပြစ်မထင်သည်။ဖြစ်ချင်ရကား။ လေးနက်များ ကို။ဆိုသားမလှည့်။ သူလိုပြည့်ဖိမ့်။ ဟုတ်တည့်မှန်စွာ။ ဤနွလာ သား။ဂါထာအပြား။ဆယ့်လေးပါးတွင်။ ဇေးဖျားကိုသာ။ ဟော စာပြီးရုံ။ဆိုပြီးတုံမှ၊ ကြွင်းသမျှကား။မပြလုံးလုံး။ ဝိပ္ပာယ်ကျုံး၍။ ရုံးရုံးစည်းစည်း။ ၇စ်ပုဒ်ထည်းဖြင့်။အနည်းကျည်းသင့်။ ရှင်ပန်း ပွင့်စိမ့်။နာသင့်သူမွန်။ပညာဝန်တို့။ ။ကျမ်းဂန်ကျယ်မြင်မှတ် စေချင်၏။

ကဿဘောရိမုဒိဂ်ါစ။သခ်ါပဏဝဒိန္နမာ။ပုရတောပတိပဏ္ဏာ နိ။ဟာသယန္တိရထေသဘ။ ။ဗျာနနိသင်။ဘိညာည်တွင်သါး။ ငါးအင်လောကီ။ဂုဏ်ပြည့်ညီ၍။ ပျံ့ဤလိုစိုး။နှလုံးနိုးက။ တန်းခိုး ရွက်ဆောင်။ ထက်မိုးခေါင်ခွ။ အတောင်နှစ်ဘက်။ဟူးဟူးယက် သား။ရွှေဌက်တူရိုး။တေဇာကိုးလျက်။ငုံ့လျှိုးသော့ခါ။မြေအောက် မှာမူ။ ကျယ်စွာကွင်းကွင်း။ ဥမင်တွင်းဝယ်။ တံသင်း သစ်ငုပ်။ ခလုပ်မတား။ ၇င်း၇င်းသွားသို့။ ဖဝါးနင်းမိ။ မစွန်းငြိတည့်။ မိမိ ကိုယ်အား။ရာထောင်ပွါး၍။ အများဗိုလ်ထု။ ဖန်ဆင်းမှုနှင့်။ဗဟု ဇေက။ ဟူသမျှလျှင်။ တောင့်တပြီးစီး။ ရန်မက် ဆီးသား။ မြို့ကြီး တံခါး။တောင်တံခြားလည်း။ တပါးကြံပ်ကြင်။ ရှေ့တွင်ရပ်သို့။ တပ်တပ် မြင်နိုင်။ နေထိုင်ရှုဌက်။ ထဲသံနက်ဖြင့်။ တုံ့သက် တီး တိုး။ ဆိုရိုးအတင်း။ တိုင်ပင် ခြင်းက။ စသည်မကျန်။ ဇေးလွန် အတိတ်။သူ့စိတ်ကြံရှောင်း။ကောင်းမကောင်းကို။ ကျိုးကြောင်း ဖြစ်ဟန်။သိမြော်လွန်သည်။ဘုန်းအန်သန်ကြွား။ဘမင်းဖျား။ ။ ငါးပါးတူရိယာ။ အာတတကံ။ စသည် မျက်မြင်။ ယခုထင် ၏။ ထို တွင်တမူ။ သူဟောင်း လူတို့၊ မိန့်ဟူစကား။ ထုံးတိ ကြား

သား။ဈေးဖျားမဆွ။ကုမ္ဘီရဟု။ကမ်းဝန်ဝယ်။ ကြောက်မယ်ဖွယ်
တည့်။ဘောက်နယ်တလင်း။မြေခင်းရှိလောက်။ကြီးမြောက်စွာလှ။
ကဏ္ဍခုကို။ပွပွသဏ္ဍာ။ ဖူးငုံအာသား။ ပွင့်လျာဘုန်းရှိ။ ဆင်ဟတ္ထိ
လျှင်။နင်းဘိအားကိုး။ ရှုပ်ရှုပ်ချိုးသော်။စည်ကျိုးဘိန္ဒ။ မြစ်သို့ကျ
၍။လက်မအစုံ။မျောလေတုံ၏။ ကြိုက်ကြိုကြမ္ဘာ။ အသူရာတို့။ မ
ဟာသမုဒ်။ဝေဝုစ်ရေကြောင်း။ဝင်လေရှောင်းသား။တချောင်းအ
ကြွေ၊ဆသ်ရလေ၏။ မည်ထွေသီးလှ။ဗုန်ပေါက်ပြလျက်။ စည်မ
စည်ကြီး။စည်ဘေမိုးဟု။ပြုပြီးဆုံးမှ။ ဝါသဝနှင့်။ တွေ့ကြရန်မွေ။
နတ်စစ်မြေ၌။ရှုံးလေရ ကား။ပစ်စွန့်သွားသော်။ သိကြားဝတြဘူ။
ယူလေတုံလျှင်း။ မိုးအုန်းအင်းသို့။ ထုတ်ချင်းအသံ။ ရပ်ဝေးပြန်
သား။အာလမ္ဗရ။တွင်ထမည်ခေါ်။ထိုစည်ကျော်ကား။ ။ထွန်း
ပေါ်တန်းခိုးပျံ့၏တည်

ထိုစည်အမျိုး။အတူကျိုး၍။ ရေရိုးလဟာ။ မျောကြရာတွင်။
ဂင်္ဂါတကြောင်း။ ပါလေရှောင်းသား။တချောင်းတမူ။ ကျွန်းဇမ္ဗူ။
ထက်။ရိပ်ပြုဆောင်းဆောင်း။ တကျိပ်ပေါင်းသား။ မင်းကောင်း
ဒသ။ ဘာတိကတို့။ မြစ်မအယည်။ကမ္ဘူးစည်၌။ ဆာယ်တိတိုက်
သို့။ဝင်ဆိုက်အတော်။ ရလေသော်တည့်။ မွန်းကျော်ပေါက်ပြ။
အာလမ္ဗဟု။ မှည့်ထမည်ရည်။ မုဒိန်းစည်ကို။ ပြုသည်ပေါ်ထင်။
လူ့ရပ်ခွင်ဝယ်။ထိုလျှင်ဈေးဖျား။ဖြစ်သည်ကြားရှင့်။ထိုလါးဗုင်း။
အကြောင်းမပျက်။ထိုနှယ်ဆက်သား။ မြခက်ကျက်မာ။ မည်သံ
ဝါနှင့်။သင်္ခါပဏာဝ။ဒိန္နမလည်း။ကြွကြွရှင်ဖြိုး။နှလုံးနိုးမျှ။မင်းစိုး
ပျော်မှု။မင်းရတုဖြင့်။တဗုမပြား။မင်းရွှေသွါးလျက်။ပင်လယ်ချက်
မှ။ ခုန်တက်ထံပိုး။လှိုင်းမထိုးသို့။ ရိုက်ကျိုးသီးသီး။ မည်မှတ်တီး
သည်။ ။မြေကြီးထိန့်ထိန့်နှံ့၏တည်း။

မောရဗိဇာ။ဟတ္ထကနှင့်။ဝါဠဗိဇနီ။အမည်ရှိသား။ ချုံညိဝင်း
ဝင်း။ယပ်နှစ်စင်းလည်း။ ဈေးမင်းပြု၍။ ရတနာဖြင့်။ ကောင်းစွာ
ဆန်းကြယ်။အရိုးဝယ်ကား။စိခြယ်ပတ္တမြား။ရွှေရည်ကြားလျက်။
ပျိုထွားရွယ်သစ်။ လုလင်စစ်တို့။ ခါးထစ်တင်လွှား။ လက်မနား

တည့်၊နံပါးနှစ်ဖက်။ သွားစည်ပက်လျှင်။ ထိပ်ထက်ညှင်းညှင်း။ လေပြည်သွင်း၍။ ကိုယ်တွင်း သက်လှာ၊ ငြိမ်း၈စ ရ၏။ ဤမှတ ဆန်း၊ ငါတို့ကျွန်း၌။ မြင့်သွန်းယူဇနာ၊ တချာမျှ သောက်။ ဖြူဖြူး ရောက်သား။ ပင်အောက်သပြေ၊ အသီးကြွေသော်။ ရွှေတိ ဖြစ် ရှောင်း။ ထိုအကြောင်းဖြင့်။ လူပေါင်းယသု။ သရိက်ပြုသား၊ ဇမ္ဗူ၊ နဒ ဟိရည ကို။ ပုံချလုပ်ပြီး။ ချမ်းရိပ်ကြီးသည်။ ။ရွှေထီးနေခြည်ဟန် ၏တည်း။

ဤသို့ကိရိယာ။ ဆောင်ရွက်လာသား။ ရာဇာတဆူ။ ထိုသူ ကား။ ရဲမှုသားသား။ သန်လျက်ထားနှင့်။ သေးမြွှားတောင့်လွယ်။ မြွေဉ်ရှု ဘွယ်တည့်၊ အရှယ်ပျိုထွတ်။ တိတိတွတ်လျှင်၊ ပွတ် ချောစင်သား။ ရွှေစင်မျက်ပုံ။ ရွှေကြေးမုံသို့။ ပြည့်စုံဝန်းပ။ ဖြိုးဖြိုး လှလျက်။ မိုလ်ဝ ပစ်လှန်။ ဆယ်ထပ် ပြန်သား။ ရွှေဟန် လည်း ကောင်း။ အကြောင်း တနည်း။ ပမာဆည်း သော်။ ကြည်းကြည်း ရွှင်ရွှင်။ မျက်နှာပြင်လည်း။ သက်တင်စို့လား။ နဖူးဖျားဝယ်။ ရွှေ ပြားသင်းကျစ်။ ရွှေပန်းနှစ်ဖြင့်။ လျှပ်စစ်ပြောင်ပြောင်။ ညည့်ရိုက် မှောင်၌။ တိမ်တောင်ဝင်းဝင်း။ လင်းဘိသော့နှယ်။ ရွှန်း ရွှန်းကယ် မျှ။ တင့်တယ်သိရိ။ ရဲရဲညီ၏။ ထိုပြို့တထွေ။ နိက္ခရွှေတိ။ အပြေအ ပြစ်။ လွန်ကျစ်လစ်သား။ လုပ်သစ်ပီစွာ။ ကုဏ္ဍလါဟု။ လျှံဝါမောင်း မောင်း။ ရွှေနားခေါင်းတုံ။ ကျောက်ကောင်းစီလျက်။ နားနှစ်ဘက် မှ။ လက်လက်ညီးညီး။ ရောင်ခြည်စီးသည်။ ။ရှားမီးရည်တူ ခန့်၏တည်း။

ညေပုည။ လက္ခဏာတွင်။ ထွက်ကျုံးဝင်၍။ နက်စင်ပိတုန်း။ တောင်ပန်နွန်းလျက်။ မပြုန်းမကြည်။ ရွက်တူရှည်သား၊ ပင်ခြည် သေးသေး။ ဆိမ္မွေးပျံ့ပျံ့။ နတ်ရနံ့တိ။ နှည့်ကေသာ။ ထုံးရူလာလည်း ထွန်းဝါလျှံပြေး။ နဖူးရေးမှ။ လက်သေးသစ်ခြား။ ငယ်ထိပ်ဖျား၌။ မလွှားမထောင်။ ကွင်းကွင်းဆောင်သါး။ ဥသျှောင်ရွှေပုံ။ မြက်တိရုံ လျက်။ အာရုံကောင်းစွာ။ ညဆည်းဆာဝယ်။ နဘာဥဂ္ဂမ္ဗ၊ ဝိဇ္ဇုဝ ဟု။ အံ့ကြဖွယ်လိ။ ပြိုးပြက်ညီ၏။ မျက်စိတမူ။ မျက်ဖြူကားနည်း။

မျက်မည်းနိုင်လှ။အဥ္စနပ်ဟု။ကြည့်ထရဲရဲ။တင့်အပ်ကဲလျက်။ ပုလဲသစ်။မလ္လိကနှင့်။တူစွာ့သဘော။ သွားရောင်ကျောလည်း။ မခေါမကဲ့ျ။ စိလုံးခွဲသို့။ မတွဲမထော်။ နှုတ်ခမ်းသော်ကား။ စားတော်ကွမ်းပန်း။မခေါလွန်းတည့်။နိမြန်းသန္တာ။မှည့်ကျီးအာနှင့်။ပမာတူဘိ။ဧွးဧွးရှိ၍။ထိုပြီ့အပ။ဖြူးဖြူးလှသား။ဟဿပါဒါ။ လက်ခြေမှာလည်း။လာခါရသ။ချိပ်ရည်ကျသို့။ ရဿသွေးရှင်။ တွေးတွေးထင်သား။လုလင်စောထီး။ထိုမင်းကြီးကို။မညီးရှုပြော။ဗိတိဇောသည်။ ။လန်လောမျက်ခြည်တွန့်၍တည်း။

ကပ္ပရက္ခာ။ပဒေသာဝယ်။ လွယ်ကာဆွတ်ချ။ပါဝါရဟု။ဆွဆွထွားထွား။ ဝတ်ရလျားလည်း။ထူးပြားသနစ်။ မြော်တွေးလစ်သော်။စင်စစ်သဘော။ဇလပ်လောဟု။တွေးတောမှါးအောင်။ဝင်းညီးပြောင်သား။ ဖြူရောင်ဖွေးဖွေး။ လျှပ်လျှပ်ပြေး၍။ချမ်းဆေးကုန်မြောက်။နှင်းပေါက်ကျတြွေ။ နွေလည်းရောက်စ။ဖဂ္ဂုဏဟု။ မာသပေါ်ထွန်း။တပေါင်းဆန်းက။တောပန်းရနံ့။မွှေးမွှေးပျံ့သား။အသွံ့ပျော်ရာ။ဟိမဝါန္တ။ပြဟ္မာသာလှ။ခေါ်တွင်ကြသည်။ ပုပ္ဖဇာတိ။ ပွင့်လျှင်းဘိသို့။ သိရိပြည့်ဝန်း။ရှိမ်းရှိမ်း ရွှန်းတည့်။ လန်းလန်းရှင်ရှင်။ ယချမြင်သား။ ဆင်ပြင်ညီညွတ်။ ထိုသူမြတ်ကား။ မိုးနတ်သက္က။ဒေဝိန္ဒလျှင်။ သူရဲမက်။တခဲနက်ကို။ ဝက်ဝက်ပြိုကွဲ။ဖြန်းဖြန်းခွဲ၍။စစ်ပွဲခေါင်ခေါင်။တိုက်ပြီးနောင်မှ။ ရန်အောင်ပြုံပြုံ။ နစ္စဂိဖြင့်။အညီသာ ရွှင်။မြင့်မိုရ်ဝင်သို့။ စိရင်လိုက်လျော။ တင့်လှမောလျက်။ဆေးကြောသန့်ရှင်း။စိတ်မြူကင်းသား။ဘမင်းနေရာ။ရူးရူးလာသည်။ ။သူငါ့ရှုထိတ်လန့်၍တည်း။

ရှုထိတ်လန့်ဘွယ်။ဝင်းဝင်းကယ်မျှ။ရောင်နွယ်ညီးညီး။ လာလတ်ပြီးသော်။သက်ကြီးဘိုးဘေး။မြတ်လေးသသူ။လူတို့ရှေ့မှာ။ ရှောင်ကြည်ရာသား။ ပျူဌာလိုက်လား။ သိတရားဖြင့်။ ကျောင်းပါးခမိုး။မဝေးနီးက။ မတ်းစည်မောင်း။ ထိုးမဆောင်းတည့်။ခြုံးကောင်းပြောက်လှ။ ရွှေဒဏ္ဍာနှင့်။ ထွန်းပဥလု။ ထွက်ဟန်ပြုသား။ ထင်ပုပတ္တမြား။စက်ရွှေခါးကုံ။ကျောက်သားလုံးပေါ်။ ပခုံးတော်

မှ။မလွယ်ချလျက်။ ဝိတြွသိပ္ပ။ ရွှေတိခပ်ခပ်။ ပုံသေအပ်သား။စီး ဝှပ်ခြေနင်း။ပယ်ချွတ်လျှင်း၍။မှန်ကင်းဓဇာ။ မွေးချစ်ဘာအား။မျက် ဝါးတွေ့မြင်။ကြည်လင်သဒ္ဒါ။စေတနာပဟု။လက်မှာချ ရှုပ်။ ဆယ် ချောင်းရပ်သား။လက်အုပ်ဖူးငုံ။ကြာပဒုံလည်း။ ထွက်ဖုံရွှေစင်။ ဖြူးဖြူးတင်သို့။ထိပ်ပြင်မြှောက်မိုး။ တွဲ့ဝပ်ကျိုးသည်။ ။ရှိခိုး သုံးထောက်တန့်၏တည်း။

ဤလူ့လက်ထက်။ဤတသက်တွင်။ ဤသို့လျှင်တည့်။ မမြင်စ ဖူး။ထိုရွှယ်လူးကား။အထူးမည်ရင်း။ အဘယ်မင်းနည်း။ အခြင်း အရာ။ သိချင်စွာ၏။ မြေချာ စောင်းပင်း။ တန်းခိုးပြင်းသည်။ ရှင် ရင်းမွေးဘ။ဤခလာဠ္ဍ။ဧဗ္ဗစကၡု။ ဉာဏ်ဖြင့်ရှု၍။ လှုံလှုမနှေး။မေး သည်ကျွန်အား။ မှန်စကားဖြင့်။ ။မှတ်သားရှေ့ရှု။ ကြားတော် မူလော့။

ဇမ္ဗုဝဏ္ဏနသာဂရဖြဟ္မဒတ္တနဖုဇ္ဇောဏ္ဍုမာ။ အဘိညာလာ ဘိတာပသော တာတဇေတဓတရဋ္ဌသ။ရညောဖုဗ္ဗာတဝဘာဂိ နေယျာနာဂါတိအာစိက္ခန္တော ဂါထမာဟ။ ။ဤသို့ပုစ္ဆာ။ သာဂ ရလျှင်။တုပ်ကွညွှတ်ကွေး။ သိချင်မေးသော်။ ညစ်ကြေးတဏှာ ကိလေသါကို။စွန့်ခွာသုံးပါး။ပယ်ဟန်များတွင်။အိုးနားမှော်တွန်း။ ပြည့်ညွှန်းနိုင်းစံ။ပမာကြီသား။ဝိဂ္ဃမ္ဘနာ။ပယ်ထဝေးစွာ။ ဘာဝနာဖြင့် ဘိညာလာဘီ။ပြည့်ညီတန်းခိုး။မြေမိုးပူရှင်။ နတ်လုလင်ကို။ ထွန်း တင်အရှိ။ပြိုင်ဘက်ညှိသည်။ မုနိမဟာ။ သီလဝါလည်း။ ဖူးလာ ငါတို့။ထိုသူတို့ကား။ချစ်ဖို့ဆုံကြ။မောင်နှမနှင့်။ယောက်ဖရေနတ် ဓတ္တရဋ္ဌ၏။သည်းပွတ်နဂါး။တူတော်များဟု။ ကြားပိမ့်သော၍။ ပတျာဝဋ္ဋ။သညာရလျက်။ဆဋ္ဌဂရု။လဟုပဍ္ဍမာ။ညင်းညင်းသါ သည်။ ။ဂါထာသံခြေ။ရွတ်တုံပေ၏။

တေရဋ္ဌောဟိတေနာဂါ။ဏ္ဍုဣမန္တောယာသဿိနော။ သမုဒ္ဒဇာ ယဉပုန္တာ။နာဂါဇေတမဟိဒ္ဓိကာ။ ။ဒိသမ္ပတိ။ဘူမိပါလ။သူနာ ထနှင့်။ဘူပဇနိန်။နရိန်ရာဇာ။ နရာသဘ။ပတ္တိဝက။ နညဝေါဟာ။ များစွာပညပ်။ဆိုတင်အပ်၍။ရှစ်ရပ်တိုင်းခန်း။လူရဟန်းတို့။ရှိပန်း

မြှောက်စား။ရိုးရှိသွားလျောက်။ လျှောကြွားရှိသေ။ တိမ်းညွတ်တွေ
ဖြင့်။ပစ္စေကဗုဒ္ဓါ။ပျော်မွေ့ရာသား။နတ်ရွာတဆူ။နန္ဒမူတွင်။လိုင်ဂူ
ပတ္တမြား။ရတ်တံခါးဝယ်။ပျံ့ရှားနံ့သား။ကြိုင်မွှေးစွာသား။မဟာ
ပါဒ။မဉ္ဇူသလည်း။နှိုင်းဆမဝံ့။ဂုဏ်ရနံ့တဲ့။ ပဝင်လွှံ့ဖေးကြိုင်။ ဘုံ
ရိပ်မြိုင်၌။ မိန်းမှိုင်လက်ဝန်း။ ကြောင့်ကြသန်ဟု။ ပူပန်ကင်းလို။ မှိ
တင်းခိုသော်။ စိတ်ကိုဆယ်ကြွမ်။ရေချမ်းငိုင်သို့၊စိုးရိုင်ငြိမ်းမှု။
များဗိုလ်တုအား။စီးပွားဆောင်ရိုး၊ငြည်ထိုင်မိုးသည်။ ။မြတ်
မျိုးငသားနဂရဖျား။

ဖြစ်လာသိလို။ညွတ်ကြည်ညိုလျောက်။ငကိုစိတ်စေး။မေးဘိရ
ကား။ကြောင်းလျားမကျန်။ ဘမင်းပြန်အံ့၊ယမန်သရော်။ မောင့်
တူတော်တို့။ရောက်သော်အခါ။ခံနေချ၍၊ပြည့်မှုမွှမ်းမွှမ်း။ငသိမ်း
၌။ကြင်ဝမ်းချစ်ထွေ။ အုပ်မကွေတည့်၊လွမ်းဖြေနှစ်သက်။နှုတ်ခွန်း
ဆက်အံ့၊ မြိမ်းချက်မဆွ။ ဇေကန္တလျှင်။ဆုံကြခဲ့တိုင်း။ ရက်မိုင်းထို
နေ့ရှ။ငေ့ပြီးသော့အား။ မှန်စကားဖြင့်။ နတ်သားကြီတက်။ သေ
မက်က။စသည်တဝေး။ရေင်သွေးနှင့်။ ငမြေးတရ။ ယခုငမှာ။ဖူး
မြင်လာ၏။သာယာမြွေ့မြွေ့။ ယခုနေ့ကား။တြွေ့တြွေ့မျိုးပုံ။တွေ့ရ
တုံအံ့။ ။ဖေါ်စုံတပေါင်းတရုံးတည်း။

တပေါင်းတရုံး။ အားလုံးအားထ။ တစုမှလျှင်။ ဖူးကြယနေ့။
တွေ့အံ့မချွတ်။ အပြီးမှတ်လော့။ သာလတ် သည်ကား။ တပါးမ
ဟုတ်။သမုတ်တရိုး။ရေနတ်မျိုးတို့။လက်ရိုးဦးညွတ်။ဓတ္တရဋ္ဌဟု။
လွှံ့ပတ်သိဝန်း။ခေါ်ပြဋ္ဌာန်းသည်။ကြဋ္ဌန်းနာဂ။မောင့်ယောံဘနှင့်။
နှမစိုးမင်း။မောင့်သားချင်း၏။ ရင်တွင်းသည်းချာ။ ဖြစ်သည်သာ
တည့်။ပျံ့ရှာကောင်းကင်။မြေတွင်ယျှိုးငုပ်။နာနာရုပ်ဖြင့်။ ချုပ်ချုပ်
မျက်ငြိုး။မလိုနိုးက။စောင်းကာမျှလည်း။ မွမွကျေအောင်။ ဖွဲ့ပြာ
ဆောင်သည်။ညီနောင်နဂါး။မေါင့်တူများတည့်။သီးခြားတလတ်
ဘူရိဒတ်မူ။ရုပ်ခတ်ကစ။သိကြားကျသို့။တွေးဆရိုးမှား။သူ့ဒေါး
ဖျားလျှင်။ခွန်အားသစ်စွာ။လွန်နှင့်လာသည်၊ရတနာခဂ္ဂ။ဥဏှိသ
နှင့်။ ဆဋ္ဌပြုဝင်း။ ခြေနင်းဘိနပ်။ သားမြီးယပ်ဟု။ ထက်ကြပ်

စည်လျှား။မင်းမြောက်ထားသား။ငါးပါးတန်းဆာ။အစုံပါလျက်။ တျှရိယာလှူလှူ။ပျော်ဘွယ်မှုဖြင့်။ ယခုမျက်မှောက်။ ငထံရောက်သည်။ ။ဝမ်းမြောက်ကြည်ညိုနှုံးလုံးတည်း။

ဧဝံကထေန္တောနဉ္စေဝ။နာဂပ ရိသာပတ္တာ။တာပသသာသပါ ဒေဝန္တိတ္တာကေမန္တံ နိသိဒိံသု။ သမုဒ္ဒဇာပိ ပိတရံဝန္ဒိတ္တာ ရောဒိတွာကတိပါဟံဝသိတွာ။နာဂပရိသာယသိဒ္ဓိံနာဂဘာဝနမေဝ ဂတာ။ ။ဤသို့ဘသား။မင်းနှစ်ပါးလျှင်။ စကားငိလှည်း။ မေးမြေစဉ်၌။ပင်လယ်လှိုင်းသို့၊ကြိုက်ကြိုက်နန့်နန့်။တေးလုံးလန့်မျှ။ဗိုလ်ပြန့်များစွာ။ပြွမ်းပြွမ်းလာသား။ ရံကာရေနတ်။ ပရိသတ်တို့။ ညိုညွတ်သီးသီး။ ရောက်လာပြီးသော်။ ကိုယ်ထီး သက်သက်။ ကသိုဏ်းကွက်နှင့်။မဟာဂူတ။မွှေပျော်မွေ့ ရျာန်ဝင်လေ့သား။ရသေ့စရဏ။ဂေါပ္ပကကို။စွဲထလက်ဝါး။ထိပ်ထက်ထား၍။ခြောက်ပါးနိသစ်။ဒေါသစင်လျက်။ပုဆစ်လည်းချ။ နေကုန်ကြသည်။ ။တုပ်ကွရိုညွှတ်ပြင်းသတည်း။

သမုဒ္ဒဇာ။မဟာဒေဝိ။မဟေသီလည်း။ တညီတညွတ်။ ယင်းသည်းပွတ်က။စသည်မကြွင်း။နတ်မင်းငယ်လင်။ အစုံပင်တည့်။ ဘခင်သူတော်။ရသေ့ကျောင်ကို။ကော်ရော်နှစ်မြိုက်။ ခြေဦးတိုက်၍၊ဖြိုက်ဖြိုက်ယိုရွှမ်း၊မှုက်ခွက်လျှမ်းမှူ၊ချစ်ဝမ်းကျေအောင်။ ငိုပြီးနောင်မှ။ကုန်အောင်မျိုးဆွေ။ကွေကွင်းထွေဖြင့်။မသေမိက။အနိဋ္ဌလျှင်။ ထင်လှဘိသော။ လူ့သဘောဟု။ လျှောလျှောကြံ၍စည်။ တရားဆည်မှ၊ကြည်ကြည်ဇင်လင်။ဖူးမြင်ခဲ့မြောက်။ မခေါက်မရက်။ယူတလျှက်တည့်။အုပ်ကျက်များစွါ၊သင်းဒိုလ်ပါနှင့်။တခါလည်းကောင်း။ ပြန်လေရှောင်းသည်။ ။နှည်ပေါင်းဖေါ်မကင်းသတည်း။

သာဂရေ့ပြဟ္မဒတ္တောတထေကကတိပါဟံဝသိတ္တာ။ဗာရဏသိမေဝဂတော။ သမုဒ္ဒဇာနာဘဝနေဝကာလမကာသိ။ ဗောဓိသတ္တောယာဝဇိဝံသိလံရက္ခိတ္တာဥပေါသထကမ္မံကတွာအာယုပရိယောသာနေ။ သဒ္ဓိံပရိသာယသဂ္ဂပုရံပူရေသိ။ ပြဟ္မ

ဒတ္တ။သာဂရလည်း။ တုကွမျိုးပေါင်း။ဖူးပြီးရှောင်းသော်။ တော
ကျောင်းရိပ်ချမ်း။ထိုသစ်မ်းဌ။ကြင်လွမ်းဖြေလျက်။ လေးငါးရက်
လျှင်၊စုံမက်လွန်ပြင်း။ နေခဲ့လျှင်းမှ။ ဘမင်းသူမြဘ်။ ရသော့ထွတ်
အါ။သွားအံ့သောဌာ။ဝန္တနာဖြင့်၊ပန်ထွာနှဲပြီး။ပြည့်ကြီးဗာရာ။ရပ်
ခမ်းဝါသို့၊အဂ်ါသေးပါး။ခဲ့မက်များနှင့်။ ဖဝါးကြာမုံ။ ပွင့်လတုံ
သည်။ ။ရွှေဘုံအောင်မြေနှင်းသဘည်း။

ပင်လယ်မြဉ်မ။သမုဒ္ဒ၏။ တီရအနား။မိနဂါးလျှင်။ ဖွါးသား
ဟောတု။နိမိတ်ပြု၍။ဘွင်မှုမည့်တော်။သည့်ခေါ်သါး။ထိုရော်ဘုန်း
ကြီး။မင်းသမီးလည်း။ဖျင်ညီးချောင်ရောင်။ချိုးကုန်အောင်နှင့်။ ချစ်
မောင်ချစ်ဘ။ဖူးကြဘသည်။လူတို့ပြည့်သို့။ ခေါက်လည်တဘန်။
မလာပြန်ဘဲ။ မကွဲပေါ်ပုံ။နဂါးဘုံတွင်။ နေလျက်ပင်သာ။ အနိဋ္ဌာ
ဖြင့်။ ။ခန္ဓာဝွန့်လေလျှင်းသတည်း။

ဗုဒ္ဓက်ူရ။စေနာဂလည်း။သိလမပျက်။သံကြိမ်ခက်သို့။ အ
သက်ထက်ဆုံး။ စောင့်စည်းသုံး၍။ နှလုံးခိုင်ကြည်။ ပုသ်ဆောက်
တည်လျက်။နှစ်မည်နံရပ်။ချုပ်ခဲ့သရော်။အဘွော်ဝါဒ။ သဒ္ဓမ္မနှ၌။
သျှောကျမရှိ၊မြီတိမြဲဌာ။ပရိသာနှင့်။မကွာတရ။ နတ်ပြည်ဆုကို။
လိုဟုတောင်းထွေ။ပြည့်လျှင်းလေသည်။ ။မြွေရွှေမကင်းလေ
သတည်း။

သဋ္ဌဘာဇ္ဇုမံဓမ္မဒေသနံ။ အာဟရိတွာဝေံဥပါသကလာပေါရာ
ဏပဏ္ဍိတာ။အနုပ္ပန္နေပိဗုဒ္ဓေဝေဂျပံ။နာဂသမ္မတ္တိပဟာယဥပေါ
သထကမ္မံ ကရိံသုယေဝါတိ။ ဝတွာသစ္စာနိပကာသေတွာ ဇာ
တကံသမောဓါနေသိ။ ။ယာနတွယ၊မုခပြည္ဓန်း။ငင်ချိတ်ချွန်း
သို့။ထက်ဝန်းဇွန့၊လူသုံးရကို။အနုသာန။ဘာဝဌကြောင့်။ နာမ
သဒ္ဒါ။နွယ်သညာဖြင့်။သဋ္ဌာမည့်ရှိ။ မာရဇိကား။ဘူရိဒတ္တ။နာဂ
ရှေးဖြစ်။ဤသည်ဇာ်ကို။ သစ်သစ်မကြွင်း။ဖေါ်ထုတ်လျှင်း၍။ သိ
တင်းသမ္မာ။ ဆောက်တည်ဌာသား။ တကာတို့အား။ တိုင်တည်
ကြားလျက်။ နားပါးဝင်အောင်။ အကြောင်းဆောင်သည်။ ။
ဖေါင်ဖေါင်ဟောရိုး။သိလတည်။

ဟောရိုးသီလ။ ဓမ္မဒေသနာ။ဆောင်ပြီးစွာမှ။ တခါပင်ထက်၊ မြဘင်းနှက်၍။ နှစ်သက် မွေလျော်။ တရားဖျော်လျက်။ ဥပေါ် သထ။ကမ္မဆောက်တည်။နိဗ္ဗာန်ရည်သည်။ ဖြောင့်ကြည်သဒ္ဓါ၊ အိုတကာတို့။ ။ပေါရာဏာက။ ပဏ္ဍိတကား။ ဆုံးမ မည့်သူ။ ဆရာဟူသား။တူရူလမ်းသိ။ဇေးမရှိလျက်။မိမိကိုယ်သာ။ ကိုယ် ဆရာဟု။ပညာတိုင်းတွ။ကိုယ်ကိုမ၍။ဆုံးဆသင်ခြင်း။ ဤသို့လျှင် တည့်။ပြောဖျင်သုခ။ ပြည့်ရုံလှသား။နာဂသမ္ဘတ်။ စည်းစိမ်မြတ် အား။စွန့်ထားခဲ့လျှင်း၊ ပုသ်သီတင်းကို။သုံးခြင်းကျင့်လျှင်။ လက် ကျွမ်းဝင်၍။သင်တို့တမူ။ငါသို့သူသာ။ရှေ့ရှုရှေ့ပြေး။ရှေ့ကထေး သော်။ ကျင့်ရေးမမှား။ ကြောင်းမှန်သွားသည်။ ။မျှားမျှားမဒုံ လောက်ကြတည်း။

ဤသို့ဆိုပြီး။မြတ်ဘုန်းကြီးကား။ ထွန်းညီးဉာဏ်တော်။သစ္စာ ပေါ်၍။ထိုရော်ကျော်ဟိုး။ ထိုတန်းခိုးဖြင့်။ထိုစိုးထိုမင်း။ ထိုသင်း ပင်းတို့။ စင်းလျှင်း မမြ၊ ထိုဆင်းရဲ ကား။ ။ဖေါက်လှဲ့ ဝဋ္ဋ ဒုက္ခတည်း။

ဝဋ္ဋဒုက္ခ၊ ဘဝမပြတ်။ ဖြစ်စေတတ်သား။ မချုတ်မယွင်း။အ ကြောင်းရင်းကား။ မိုက်ခြင်းမောဟ။ ဝိဇ္ဇာတဏှာနှင့်။ ကမ္မစေတနာ။ ထက်ကြပ်ပါသည်။ ။တဏှာသမုဒယတည်း။

သမုဒယ။ မူလမှန်စွာ။ ထိုတဏှာ၍။ ချုပ်ရာမှန်လှ။ နိရောဓ ကား။ဘဝရန်ဆန်။မပြောင်းပြန်သည်။ ။နိဗ္ဗာန်အသစ်တတည်း။

အသစ်တ။ နိဗ္ဗာနကို။ ရစိမ့်သော့ငှါ။နီးစွာခပ်ရှောင်း။ ထိုအ ကြောင်းကား။လုံးပေါင်းကိလေ။ဆယ်ချချေသည်။ ။လေးထွေ မဂ္ဂဓမ္မတည်း။

ထိုကြောင့်ရကား။သူမြတ်များတို့။သုံးပါးဘူမိ။ဆင်းရဲရှိလျက်။ မသိစေငှါ။ ကိုယ်ကိုတာမူ။ တဏှာကုန်ခန်း။ နိဗ္ဗာန်ကျွန်းသို့၊ စွန်း စွန်းရောက်မှု။မဂ်လေးချနှင့်။စတုဗလ။ရစိမ့်သော့ကြောင်း၊ကောင်း သားဆန္ဒ၊ဥဿာဟဖြင့်။ ။နိဗ္ဗမပြင်း။ကြိုးကုန်မင်း။

အခါတန်မှ။ကျွန်ပြီးပြီး။ရိုးလည်းရွာတုံ။ မျိုးလည်းစုံ၍။

ယုံကျုံလယ်တာ။ မြေကောင်းရာ၌။ လိမ္မာခွင့်သိ။ စိုက်ကြံမိသို့။ ထွန်းညီရောင်ဝါ။ သာသနာဟု။မဟာသမယ။ ဤကာလ၌။ခေတ္တ သုံးပါး။ကြိုက်တော်ငြား၍။ကြိုးစားနေ့ည။အနိစ္စနှင့်။ ဒုက္ခအနတ်။ အာရုံညွတ်သား။ဝိပဿနာ။ပညာတိုက်တွန်း။ကမ္မဋ္ဌာန်းကို။ ။ စိုးဖြန်းစင်လျှင်းကြိုးကုန်မင်း။

စင်လျှင်းစိုဖြန်း။ ကမ္မဋ္ဌာန်းဖြင့်။ စွယ်ချွန်း ခေါခေါ်။ သန့်စင် ကြောလျက်။ ဖျောဖျောမုန်သောက်။ ခွန်အားလောက်သား။ဆင် ပေါက်ဗလဝ။ ကုဋ္ဌရလျှင်။လှည်းချနင်းချုံ။ ကျူ့ထရုံသို့။အကမ္ဘာ ဘာ။ရှေးသံသာက။ မကွာကပ်လပ်။အမြဲကြပ်၍။ နောက်ထပ်မ ကင်း။လိုက်လတ်လျှင်းသား။သေမင်းရဲမက်။တပြိုင်နက်ကို။ ။ ခြေလက်မကြွင်းချိုးကုန်မင်း။

ဤသို့ဟူ၍။လူတို့ဆရာ။လောကနာကား။သစ္စာဓမ္မ။လင်းလင်း ပြလျက်။ဆုံးမပေပြီး။ရှေးတီးထိုရော်။မယ်တော်မွေးဘ။နေသာဒ က။ စသည်မလွတ်။သောမဒတ်နှင့်။ညီညွတ်တကွ။ မောင်ချစ်၄ သား။အရွှမရခိ။နာဂိမကြွင်း။သားချင်းနဂါး။ဤသို့အားဖြင့်။အပြား ကိုးယောက်။ဤမျှလောက်ကို။ မျက်မှောက်ကဂ်ာ။ဤအခါဝယ်။ ဖြစ်လာတုံမြို။မည်သူတို့ဟု။ ။ဤသို့မျိုးဇာတ်။ ပေါင်းတုံလတ် တည်း။

တဒါမာတာပိတရောမဟာရာဇကုလာနိအဟေသုံ။နေသာဒ ဗြဟ္မဏောဒေဝဒတ္တောအဟောသိ။သောမဒတ္တောမာဏဝေါအာ နန္ဒောအဟောသိ။ အစ္ဆမုခီဥပလဝဏ္ဏော အဟောသိ။ သုဒဿ နောသာရိပုတ္တော အဟောသိ။ သုဘောဂေါမော ဂ္ဂလာနော အ ဟောသိ။ကာဏာရိဋ္ဌောသုနက္ခတ္တောအဟောသိ။ ဘူရိဒတ္တောပန အဟမေဝသမ္မာသမ္ဗုဒ္ဓော လောကေဥဒပါဒိ။ ။သရဏာဂုံ။ ကိုယ်လုံးထုံ၍။အာရုံမယွင်း။ ဆောက်တည်ခြင်းဖြင့်။ တင်းတင်း ကျက်မှာ။ စည်မျက်နှာသို့။မြေချာပိတ်လိမ်း။ ခံရွက်ထိမ်းသား။ လေးသိမ်း ရှစ်သောင်း။ ချင့်ပေါင်းယူဇနာ။ နက်စွာအဓမ်း။ ရေ ဘင်းကျမ်းလည်း။ နိုင်းတမ်းမမျှ။ဂန္ဓီရနှင့်။သေလတရိုး။ဂိရိမျိုး

တွင်။ဖြိုးဖြိုးကြိုးဆုံး။ မြင့်မိုရ်ဖုံးသား။သီးလုံးငယ်လှ။ သာသပသို့။ ဥဒ္ဒုလာနိုက်နဲ့။ မြင်နိုင်ခဲသား။အမြကုတ်ရှိ။မြို့နဂိုရ်၏။ မင်္ဂလိတံခါး။ဟာနံ့ဆီးတားသော်။ဆယ်ပါးအသုဘ။ဗွတ္တိသလည်း။ကျန်ရမရှိ။စီးဖြန်းချိသား။ သတိပဋ္ဌာ။ဘာဝနာဟု။မဟာကုဋ္ဌိက။ ကိုင်ထအမြဲ။လက်နက်စွဲမှု။ပုံ့ရဲအန်ကိုး။ မျှားမကျိုးတည့်။ ဖေါက်ထိုးလွယ်ကါ။ပွင့်ကြောင်းရှာသား။ဥပါသက။သူတော်စသဉ္ဇ။သီလအားထုတ်။ ဓမ္မဂုတ်တို့။ ။သမုဋ္ဌဇာ။ခြီးမွမ်းရာဟု။ထိုခါမွမ်းကျော်။ငါ့မယ်တော်ကါး။မျက်မြော်လေါက။ဤကါလ၌။ဒေဝဒဟပြည့်မဒုပ်စိုး။ မျိုးရိုးမြတ်စွာ။တွင်မည်သာဖြင့်။မဟာသုပ္ပ။ဗုဒ္ဓဟူသား။ရိပ်ဖြူတစင်း။မင်း၏ရင်သွေး။ဘထွေးဘကြီး။ညီးရရှီးသါး။သွိုးစစ်တွင်။ လက်ဦးမြင်သည်။မိခင်မာယာ။ဖြစ်တုံလာ၍။ နာနာဝိဓ။ပုဏ္ဏပြန့်ပြော။ဒုခင်ကြင်းတော ဝယ်။ရှင်စောဘုရား။ ငါ့ကိုဖွားမှ။ပိုင်းခြားအသက်။ ခုနစ်ရက်လျှင်။ရေတွက်စေ့စေ့။ ပြည့်သည်နေ့၌။စုတေ့ခဲ့ပြီး။ ရပ်တသီးတည်။ နတ်ပွဲစည်သား။ နတ်ပြည်အလျောက်။လေးဆင့်မြောက်၌။လွှဲဘောက်ခန္ဓာ။ နတ်ဘွယ်ရာဖြင့်။ချမ်းသာ ခံကြိုက်။ ဝမ်းပိုက်ဆယ်လ။ မွေးယူယသား။ မဆွရှေ ဖျား။ ကျေးဇူးများကို။ တရားမြိုက်ပေါင်း။ ဆပ်ချေ ကောင်းဟု။တသောင်းခေတ်မှ။ဒိဝေါဿတို့။လာကြပွမ်းပွမ်း။ထိပ်ထိပ်မွမ်းမှု။ ပျော်တမ်းဒေဝိန်။ တာဝတိန်ဝယ်။ ထွန်းထိန်ယူဇနာ။ တရာတိုင်တိုင်။ လေသွန်းလှိုင်သား။ ပင်ခိုင်ဇာတိ။ ကောဝိဠာရ။သမိပတွင်။ခင်းထကျောက်ဖျာ။ကမ္ဗလာထက်။ စံပယ်လျက်တည့်။အထက်မြင့်မိုရ်။ရဂ္ဂန္ဓိုရ်နှင့်။တလျှိုကောင်းကင်။မိုးတိမ်ပြင်၌။ရောင်တင်လေးကျွန်း။တပြိုင်ထွန်းသား။နေဝန်းရိုးဘွယ်။ရူပကာယ်ဖြင့်။မြင့်ကျယ်ဥာဏ။ တန်းခိုးပြ၍။ ဓမ္မသင်္ဂဏီ။ ဂန္ထိရဏ္ဍ။ ဝိဘင်းစသား။သဏ္ဍာမကြို။ ကုသိုလ်သွယ်ဖြာ။တဝါလုံးလုံး။ ယူကြုံးရပ်နံ့။ငါဟောသံကို။ နားခံမှန်စွာ။စိပ်စိပ်နာသော်။ သက်ာဒိဋ္ဌိ။မစွန်းငြိတည့်။အာဒိဖလ။ ရလေတုံလျှင်။တုပ်နှောင် ကင်းသည်။ ။မိမင်းဘဝသာဆန်တည်း။

ထိုရော်ရေနတ်။ခေတ္တာရင္ဌဟု။မည်မှတ်တွင်ခေါ်။ ခမည်းတော်ကား။ သုဒ္ဒေါ်ဓနု။ကျော်ပေါက်ပြသား။ ငါ့ဘလည်းကောင်း။ဖြစ်လာရှောင်း၍။ မင်းကျောင်းရိပ်ပွန်။ဝေဠုဝန်၌။ ငါနေကြိုက်ဝယ်။ နှစ်ခြိုက်မျက်နှာ။ ဘူးမြင်ဌာတည့်။ ဝမ်းသာဝမ်းမြောက်။ ကြွမ်ဆယ်ခေါက်လျှင်။တယောက်တထောင်။ အရံဆောင်လျက်။ဘုန်းခေါင်ငါ့မှာ။စေထပ်လါသါး။မတ်ရာပေါင်းရုံး။တကျိပ်ကျုံးတွင်။ နှောင်းဆုံးမျက်ရှု။တမန်ပြုသား။ကာဠုဒါရီ။ပင့်ချီလတ်မှ။ကပိလသို့။သွားစသနေ့။ကြွေ့ကြွေ့များစွာ။ကြီးငယ်လါသါး။သမါဂမ။မျိုးသ့ကျ၌။ပေါက္ခရဝတ်။အထုပ္ပတ်ကြောင့်။ဆာခတ္တိယာ။တကါဧယှုဝါး။မင်းခြောက်ပါးတို့။တောဖျားတဲ့ချောင်။ဝင်္ဂတောင်ဝယ်။ကုန်အောင်ညီညာ။တွေ့သော့ခါတည့်။သည်းစွာပြင်းထန်။ မိုးရွာဌန်သား။ဝေသန္တရ။ဇာ်ဘဝကို။ဖေါ်ပြဟောထွေ။နားဝင်စေမှ။ဥဒ္ဒိဋ္ဌုန္နန။ပမဇ္ဈေယျ။စသည့်ဂါထာ။ဒေသနာဖြင့်။ သောတာပန္န။ကျွတ်ထတာတန်။ လောကီလွှန်၍။ ဓမ္မဥ္စရေး။ဆုံးမပေးသား။ သံလေးနတ်ရွာ။ဟောသော့ခါမူ။သကဒါဂါမိ။ မိုလ်ဘူမိဟု။ရတိရာဂ။ ဒေါ်သခေါင်းပါး။တရားဘုန်းမြင့်။ နှစ်ဆင့်ရောက်ပြီး။ဖျင်ညီးလိစ္ဆဝီ။ဝေသာလီဝယ်။နတ္တိဝေရာ။ရနိုင်ါကား။ ကုဌာဂါရ။သာလှအဌမ်း။ငြိမ်းချမ်းမွေ့လျော်။နေသရော်တဲ့။ လေးဘော်ဦးစွန်း။မဂ်ဟုမှန်းလျက်။ ရဟန္တာပွန်။မြတ်ဆုံးစွန်သို့။ အမှန်တိုင်မြောက်။ထီးဖြူအောက်တွင်။ စွန့်မြောက်ခန္ဓာ။ဓမ္မတာဖြင့်။ ပမာနိုင်းချက်။ကောင်းကင်ထက်ဝယ်။ဌက်ဏ်ခြေရာ။ကြည့်ရှာမမြင်။ ထုံးပုံဖျင်နှင့်။အသွင်မယွင်း။တူလေလျှင်းသည်။ ။ဘမင်းပရိနိဗ္ဗာန်တည်း။

ထိုရောအခါ။ဖျက်ဆီးရှာသား။မိစ္ဆာဖြဟ္ဝဏ။ နေသာဒကား။ဘဝစည်လျား။ မျောပါးလတ်တုံ။ယခုဘုံ၌။ ကြင်ရုံလူ့ဘော်။ငါနှင့်ပျော်သား။ယသော်ဓရော။ ဗိမ္ဗာဘုန်းကြွယ်။ရာဟုမယ်၏။ တနွယ်မောင်ဖါး။ဇာတ်မပြားသည်။ထင်ရှားမည်မှတ်။ဒေဝဒတ်ဟု။မျိုးမြတ်သကျ။ ငါ့ယောက်ဖလျှင်။ ဖြစ်ထကျင်၍။ တိုးဝင်ငါ့မှာ။တောထွက်လာသော်။ ငါသည်ဖန်ဆန်း။ရဟန်းလည်းပြု။ ဘိက္ခု

ဗိဗိ။လောကီတရား။ ရှစ်ပါးသမာပတ်။ ရလတ်တုံလျှင်း။ တန်းခိုး ပြင်းလျက်။သတင်းညစ်ညူး။ဝက်ညွှန်လူးသို့။ကျေးဇူးတစိ။ မသိ လျှင်းဘဲ။သင်းခွဲနေပြီး။ကြီးသားခွန်အား။လေးသမားကို။ မြှားဖြင့် ပစ်ချေ။ စေသည့်တသုတ်။ဂိဇ္ဈဂုန့်မှ။လှည်းချကျောက်ဖျာ။ ကြိမ် တခါလျှင်။ နာဋ္ဌာဂိရိ။ဟတ္ထိတိုက်လွှတ်။သတ်စိမ့်အသေ။မီးလျှင် မွှေသို့။ကြိုသေံကစား။ငါဘုရားဝယ်။ပြစ်မှားကျင့်သွပ်။ကျိုးမနပ် တည့်။ကြပ်ကြပ်အရှင်။မြေထဲဝင်၍။ ထန်းပင်ရှိရှိ။ အတိရေကာ။ ကြီးကြီးလှလျက်။ ထက်သွဲ့အရာ။ မည်သည်ဌါနှင့်။ ပမာတံ တိုင်း။မနိုင်းရှဲကောင်း။သံတွေချောင်းလည်း။ နံတောင်းနှစ်ဘက်။ လျှိုနှက်ထုတ်ချင်း။ဘောက်ထွင်းကျောက်ရင်၊ ဦးထိပ်ပြင်ကာ။ စ သည့်ရိုးရိုး။ဖမိုးဟင်းလင်း။ ထွင်းလေစုပ်စုပ်။ အောက်ထက်ချုပ် သော်။တုန်လှုပ်မရှိ။အဝိစိ၌။ မချိဝေဒနာ။ခံရာမသိး။ ဆင်းရဲကြီး သည်။ ။စောင်းဘီးရှေ့နောက်မပြန်တည်း။

သောမဒတ္တ။မာနဝဟု။ မကျဈျာန်ဟုန်။မတုန်မလှုပ်။ စိတ်ချုပ် နှောင်ချည်။ ဗြဟ္မာပြည်သို့။ရည်လေထိုရောဲ။ ကျိုးကြောင်းမြွော် သည်။သူတော်ထွန်းငြား။ပုဏ္ဏားသားကား။ ရှည်လျှားသဖြင့်။ငါ နှင့်မကွာ။ တုသိတာဝယ်။ နတ်ရွာသုခ။ စံပြီးမှတည့်။ ထိုကာရ တော့။ခန္ဓာငွေ့ရှသော်။ တနေ့မခြား။တူပြိုင်ဘွားဍ်။ ဆွေဝါးဇာတိ။ စစ်ကြဘိမူ။ အမိတ္တောဒန။ မည်ကျော် ရသား။ သကျနွယ်ရှေး။ ငါ့ဘထွေး၏။ကိုယ်သွေးရင်နှစ်။ထင်ရှားဖြစ်၍။ မဥ္ဆးညစ်တဈာ။ ကိလေသာကို။ပယ်ခွါနိုင်မှု။ညီညွတ်ပြုသါး။အနုရုဒ္ဓ။ဘဒ္ဒိယကာ။ စသည့်အံ့လောက်။ မင်းငါးယောက်နှင့်။စွန့်မြောက်အိမ်ရာ။ ငါ့ထံ လာသော်။ မန္တာကိသား။ပုဏ္ဏားကြားသား။ တရားမြိုက်ရည်။နာ စည်ဆဲဆဲ။နိုက်နဲ့ပညာ။ရင့်သန္တာဖြင့်။အဋ္ဌာရိယာ။ပုဂ္ဂလတွင်။အာ ဒိဝင်သား။ဖြူစင်စိတ်မွန်။သောတာပန်ဟု။ တဖန်ဖြစ်ထော်။ရောံ ထုံသရော်။ နောင်တော်မှန်းထား။ ငါဘုရားလျှင်။မုံထွားသစွာ။ ပွင့်သောခါမှ။ အဝါနှစ်ဆယ်။ အရွယ်တိုင် အောင်။ ရာထောင် မကာ။သဃ်္ဃအတိ။ရှိလင့်ကစား။ထံပါးမပြတ်။ အမြဲမှတ်သား။ဥ

ပဋ္ဌကာ။မရစွန်းစွန်း။နေ့ရက်ကျွန်းကဲ့။ သက်နီးသဝိတ်။ ပရိက္ခရာ။ ကိုယ်တွင်ပါလျက်။ ရွှံ့ရှာလိလိ။ မိုးမြေကျိဝယ်။ ဖြစ်ဘိရကား။ ဆုရှစ်ပါးကို။ အေးတောင်းပန်။အမှန်ပြည့်ပြီး။ နှိုးနှိုး ကွပ်ကွပ်။ တွံဝပ်ကြည်ညို။ ကောိစင်းလျင်း။လုပ်ကျွေးပြင်းလျက်။ ဇေတဒက် ဟု။ ငါးချက်မှာနှ။ ရသေ့ကျေးဇူး။ အထူးဆန်းကြယ်။ အံ့ဘွယ် လေးအင်။ စကြာ ရှင်သို့။ ပုံပြင်တန္တို။ ဂုဏ်ရေသိနှင့်။ လောကီ ပုဂ္ဂိုလ်။တပုဒ်ဆိုသော်။ သံချိုမြမြ။ရှစ်ပါးဒေလျှင်။ရွှရွှလိုက်မီ။ထိစ် ထိစ်ပီသည်။ ။ငါ့ညီရှင်မြတ်အာနန်တည်း။

ရှေးတိဘဝ။ထိုကာလ၌။ အဇ္ဈမုနိ။ မယ်နာဂိကား။ ရံမိရတ နာ။ယံခုခါဝယ်။မဟာပူရိ။ သာဝတ္ထိတွင်။ ဇာတိကောင်းနှစ်။သူ ဌေးစစ်၏။ လွှန်ချစ်သမီး။ ဖြစ်ပြီးလူ့ဘော်။ ဟုဆင်းကျော်သား။ မြော်မြော်သသူ။ ပြတ်ယူနှလုံး။ ပန်းနှယ်ချုံးလျက်။ ပတ်ကုံးဝန်း ကျင်း။ဇမ္ဗူပြင်၌။အကြင်အကြင်။တိုင်းခွင်ပွင့်လင်း။ ထိုထိုမင်းတို့။ သတင်းစကား။စေဘန်များသော်။အပါးဖြစ်မျှ။ အနန္တ အား။ ပေး လိုက်ငြားလည်း။မှတ်သားကြံတွေး။အိမ်ထောင်ရေးဖြင့်။ရင်သွေး မဲ့ချည်း။တယောက်ထည်းကို။ ခမည်းတိမှာ။ ခွဲဝေသာအံ့။ သဒ္ဒါ ကြည်လင်။ တတ်အားကျင်မူ။ ရှင်လျှင်ပြုဘိ။ ငါ့မွေးမိဟု။ တမိ တိုက်တွန်း။ဖခင်ညွှန်းသော်။ကွတ်ခန်းဆုံးစွန်။သူမြတ်မှန်၍။ဆယ် ဖန်တရေ။ ဆိန့်သဖြင့်။ သွမ်းလာချမ်းချမ်း။ ထိပ်ထက်မွမ်းသို့။ ညွှတ်တမ်းစေတနာ။မှော်မှိုခို။ ကောိရှေးရှူ။ရဟန်းမှူမှ။ တူရူမျက် စိ။ထွန်းညီရောင်တင်။ဆိမ်းမြင်သော်။သို့ပင်မထောက်။ ကုန်ပျော် တတ်စွာ။အနိစ္စာကား။ဤသာမဟုတ်။လူအရတ်လည်း။ သက်ရုပ် သေနည်း။သည့်နှယ်ချည်းဟု။ လန့်ကြည်းထိတ်လ။ သံဝေဂဖြင့်။ ခယဝယ။ တွင်ထမည်မှန်း။ ကမ္မဌာန်းကို။ စီးဖြန်းသရော်။ ဝေတ ဖော်ကသိဏ။ ဈာန်လျှင်ရ၍။ ပါဒလည်းပြု။ ခြောက်ခု အိညာ။ သန္တိဒါနှင့်။ ဝိရာဂဏ္ဍ။ ကိစ္စခဲမြောက်။ ပြီးစီးရောက်သော်။ ဖြိုင် ထောက်မာန်ကျိန်း။ တက္ကတွန်းကြောင့်။ပင်ဝန်းရက္ခ။ ကဏ္ဍပ္ပ၌။ ယမကပြာဋိဟာ။ပြခါမူးမူး။လက်ဦးရှေးဖျား။ ငါ့ကိုယ်စားလျှင်။

ထောက်ထားနိုင်းရှဲ့။ပွဲကြီးဖွဲ့၍။တဆယ့်နှစ်ယူဇနာ။ သင်းဗိုလ်ပါ
နှင့်။စကြာရှေ့တင်။လေးကျွန်းရှင်သို့။ကောင်းကင်ပျံဝဲ။ လူခပဲတို့။
သဲသဲကျော်လွှံ့။ ရှုစေအံ့ဟု။တံ့တံ့ဝန်း။ခံသားအလစ။ကြောင်းမူလ
ဖြင့်။ခမ္မရုစိ။ရွှန်းရွှန်းညိုသား။ဍုဗ္ဗိမန္တ။ဘိကျွ။နိတွင်။ဤလျှင်ဇောတ
ဒဂ်။သေံမြွက်ကို။ အောက်ထက်မွန်ကြား။ တမ်းခွန်လွှားသို့၊ ရေ
သါးရွှင်းရွှင်း။ပြာထွတ်ဝင်းသါး။အဆင်းတမူ။ကြာညိုဟူလျက်။
ရည်တူထပ်မျှ။ မလွန်ကြဟု။ ငယ်ကမည်ပင်။ ထက်တိုက်တွင်
သည်။ ။သိထင်ဥပလဝဏ်တည်း။

သုဒဿန။တွင်ထထိုရော်။ ငါ့နောင်တော်ကား။ ပြည်ကျော်
နဂိုရ်။ရာဇဂြိုဟ်မှ။ဝိဒူရဋ္ဌ။ ဥပတိဿ။ ထိုဂါမဝယ်။ ရူပသာရီ။
ဖြဟ္မဏီဟု။သိညီနီးဝေး။ထိုပုဏ္ဏေး၏။ရင်သွေးဖြစ်လာ။ဖွားသါး
ရွာနှင့်။သညါမပြား။ခေါ်မှန်းထားလျက်။အများဓါတိ။ဆသဋ္ဌိတို့။
တစိမွေးဖြင်း။ မိုက်ထုပ်ခြင်းဖြင့်။ ကြီးမြင်း တုံလတ်။ ရုဂန်ထွန်
ဝယ်။နက္ခတ်ရံကာ။ စန္ဒိမာသို့။ ငါးရာမျှလောက်။ ထွန်းတောက်
ရောင်ထင်။ ရွှေထမ်းစင်လည်း။ သံလွင်ကံစား။ တောင်မြစ်သွား
သော်။စည့်လျှားမကွာ။ ကိုယ်ကြွပ်ပါ၏။အခါတပါး။ ကမ်းနား
သဘင်။ လိုအင်ပြည့်ပြည့်။ ရှုကြည့်ဆဲဆဲ။ လူခပဲကား။ အမြဲမရှိ။
သေမျိုးတိဟု။ရမိသံဝေ။မည်ထိုက်ပေသို့။အနေကျဆုံး။သိနှုလုံး
ဖြင့်။ရွှင်ပြုံးမဲ့ထွန်း။ အရွယ်တန်က။ နိဗ္ဗာန်လို၍။ သဒ္ဒါနူးညွတ်။
တောထွက်လတ်၍။နိရဋ္ဌက။ လောကီမျှသာ။ ပွန်းတီးပါသား။
ဆရာပုရိမ္မဇ်။ သိဋ္ဌည်း ရိုက်ဝယ်။ ကြိုက်ဘိ ရကား။ နည်းများ
ယူငင်။ ထိုသူသင်သား။ အကြင်ဝါဒ။ ဟူသမျှကို။ လှေ့လာနှုတ်
ကျက်။ ဇမ္ဗူ ထက်၌။ ဖြောက် မေးထောက်။ တယောက် မ
ထွန်း။ ပေါ်သည့် ကျွန်းသို့။ ထူးဆန်း ခေါ်အား။ တတ်မြောက်
မြားလည်း။လေးစားမပြု။ ဗာဟိရှုဟု။ ဖေဂူနှင်နှင်။ အပြစ်ထင်မှ။
မဂ္ဂင်သာရ။ လုံ့လ ယှည်ယှည်။ ရှာမှီး စည်ဝယ်။ ကင်းကြည်
ရမွက်။ပဋ္ဌဝဂ်တွင်။တွက်ကျုံးဝင်သား။ထေရ်ရှင်အဿဇိ။ ပါဠိ
တွတ်တွတ်။ရွတ်သားဂါထာ။ ယေဓမ္မာက။အာဟာတိုင်ရုံ။ နှစ်ရုံ

ပါဒ။ကြွားခါမျှလျှင်။ နယတထောင်။ ကျယ်ဝန်း ဆောင်လျက်။ တွေ့မြောင်ကသိ ါ။ ဒိဗ္ဗိခွါ သေ5။ သောတာပတ္တိ။သိရီသာဘ။မျှို့ဦး ရ၍။ဗုဒ္ဓရတနာ။ငါနှင့်ယှဉ်ပူး။ လခွဲကျူးသေ5။ တထူးသူအား။ ရှူးပြိုးထားသား။ဖြူထွားဘတ္တ။စားလင့်ရသို့။ဒိဃနခ။မာဏဝအါး ဟောထတရေး။ ကြွားသော့အားဖြင့်။ ဂှစ်ပါးကျန်ကြွင်း၊ ထဲရန် လင်း၍။ ရောင်ဝင်းရောင်နွယ်။ ငါ့သဖွယ်လျှင်။ ပွဲလယ်ပြိုင်ညှို။ ဖက်မရှိသား။သာရိပုတ္တ။မည်ထင်ရသည်။ ။သားလှလကျာ နေတန်တည်း။

ထိုရောကာလ။သုဘောဂဟု။ ငါမှမခြား။ ငနောက်ဖွားသား။ ငအားကြည်ဆ။ညီလှကား။ဒေဝဒဟ။ ထိုပြည်မနှင့်။ ဒေသစပ် ကါ။နီးစွာလည်းကောင်း။အပေါင်းဒိမ်ခြေ။နေသည်ပြည်မှ။ကော လိယဋ္ဌ။ခေါ်ကြအညီ။မောဂ္ဂလိဟု။နာရိပုဏ္ဏား။မွေးသည့်သါးချစ် ရင်သွေး စစ်လျှင်။ ဖြစ်လာ တုံရှောင်း။ ရှေးဆု တောင်း ဖြင့်။ အ ကြောင်းဇာတ်။ မြိမ်းချက်ညှိသို့။သာရိပုတ္တရာ။ထေရ်မြတ်စွာနှင့်။ ကြမ္ဘာဘို့ဝေ။သန္ဓေစွဲဘက်။ တနေ့နက်ဝယ်။ မြင်ထွက်မျက်နှာ။ မျိုးရိုးမှာလည်း။မေတ္တာမပျက်။ခုနစ်ဆက်လျှင်။ချစ်ကြင်သောတိ။ ထပ်ရှိမွေလျော်။ ကစား သော်လျှင်။ ပေါင်းဘော်အကွ။ ချိထိန်း ရလည်း။အမျှနှင်နှင်။ငယ်ကတွင်သည်။ မည်ပင်တုံလည်း။ ချက် ဆုံမြုပ်ရာ။ရွာသညာဖြင့်။ ဝေါဟာချီချ။ သမိုက်ကြလျက်။ မိတ္တ သဘော။ ရောနှောဘက်ထစ်။ တောင်မြစ်တပါး။ သွားလည်း မ ကွာ။ ထက်ကြပ် ပါသွား။ မြင်းအာဇည။ ကသည့် ရထား။ ငါး ရာအားနှင့်။မပြားပျော်မွေ။ယှဉ်စုံလေ့၍။ အောက်မေ့သံဝေ။ ရ စထွေသည်။တူနေမယွင်း။တောထွက်ခြင်းလည်း။မကင်းတူပြိုင်။ နေထိုင်ရှေ့ရှု။ ဆရာမှုလည်း။ ထိုသူ သိဥ္စည်း။ ထယောက်ထည်း ဝယ်။ကပ်ဆည်းတူပင်။ ဝါဒသင်၍။ဖြူစင်ဓမ္မ။ အမြိုက်ရလည်း။ ဥာဏ ဝေခွဲ။ ကြွားစပွဲဟု။ အမြဲကတိက။ ဆိုပြီးမှတည်း။ ဥပ တိဿ။သိစတရေး။ နားပါးသွင်းလာ။ တဂါထာဖြင့်။ သောတာ ပန္န။ဘဝတိုင်မြောက်။ငထံရောက်ဘ။ နွယ်လျောက်ရှိုရ။ ကြွင်း

ရှစ်ခုကို။မြစ်ဖုသစ်သစ်။ ထွင်နှုတ်ပစ်၍။ ခုနစ်ရက်ချင်း။ ထဲရန် လင်းသော်။ကြီးမင်းလှခေါင်။ မြင့်မိုရ်တောင်အား။ မုန်ညင်းလား သို့။သွားကြွားချပ်ကာ။ဆောင်နိုင်စွာ၍။သန္တာညွန့်သွင်။လက်ဝါး ပြင်ဝယ်။မွမ်းဖြင်သင်္ချေ။ ဗိုလ်ထွေအနက်။ နေစည် လျက်တည့်။ အောက်ထက်ပြောင်းပြန်။ မြေကိုလှန်၍။ ကောင်းမွန်ဩဇာ။ဖော် အံ့ဌာလည်း။များစွါမခက်။ခိုးလျှံထွက်သား။ဆိပ်နှက်ပြည့်လျှမ်း။ နဂါးဝမ်းတွင်။ဝင်လေဆိတ်ဆိတ်။မထိတ်မရွံ့။စင်းကြိသားလား။ သွားသော့ခါလည်း။နာနာသတ္တိ။ တန်းခိုးရှိ၍။ ဣဒ္ဓိအရာ။ မဟာ သဃ်ာ့။ သာဝကထက်။ ဧတဒဂ်ခမ်း။ ခြိုးမွမ်းထိုက်တန်။ မောဂ္ဂ လာန်ဟု။ဌာနန္တရ။ဝါမန်ပါး။ ရုံပြိုင်ထားသည်။ ။ငသားတော ဇပြင်းထန်တည်း။

ရွှေလွှန်သံသာ။ ထိုရောခါ၌။ မိတ္တာပုဏ္ဏား။ သူမိုက် များကို။ မြှောက်စားပြင်းပွာ။ ခြိုးမွမ်း ရှာသား။ ကာလာ ရိန္ဒ။ ဒုပည ကား။ အဇ္ဇဒါနီ။ဝေသာလီဝယ်။ လိစ္ဆဝိ မင်းသား။ တွင်ငြား မည်မှတ်။ သုနက္ခတ်ဟု။ မျိုးမြတ်လည်းကောင်း။ ဖြစ်လာရှောင်း၍။ ယှည် ပေါင်း နှိုးနွှယ်။ ဝေယ် ကပ်ဆည်း။ ဦးခံ လှည်း၍။ အရည်း ဘိက္ခု။ ရဟာန်း ပြုသော်။ ရှုလေ ရာရော။ တွယ်တာ မရှိ။ နတ် မျက်စိဟု။ လောကီ ချမ်းသာ။ ပညာထွန်းလင်း။ နေလ ဝင်းသို့။ ရောင် ဆင်း ရုပ် ဓာတ်။ ထိုထို နတ်အား။ ထင်ရှား တင်တင်။ မြင်လတ်သရော်။ နာပျော်ဘွယ်ချည်း။ ရွှေစောင်းဖျည်းသို့။ချည်း ချည်းခြေငံ။နတ်အသံမှု။ တရံမကြား။ ပင်းဆည်နားနှင့်။ အလား တူလှည့်။ လိုရပြည့်မှု။ နတ်သော တကို။ ရစိမ့် သော့ကြောင်း။ တောင်းလတ်သော့ခါ။ဘုရားငါလျှင်။ ကြမ္မာဘို့ရန်။ မထိုက်တန် ဟု။အမှန်သိထွေ။မပေးနေရှင့်။မဈ္ဈေဝန်တို။ဂုဏ်ပိတ်သိုဟု။ငါ့ကို ကဲ့ရဲ့။ကျိုးမဲ့စကား။ ပလေလွှားး၍။ကြိုးများငြိရှက်။လွတ်ပြီးလျက် တည့်။ တောထွက် တိရစ္ဆာန်။ ချိုင့်ဝင် ပြန်သို့။ အလွန် တင့်ကဲ။ ကြိုက်ခဲလှစွာ။သာသနာဝယ်။ တကာချစ်သူ။ ညာတိ တူသား။ ရစ္ဆ။ ပမာ။မဂ္ဂွာချည်နှောင်။ ကာမ ဘောင်ကို။ ခွါရှောင်ဇော

ကြီး။ထွက်မြောက်ပြီးမှ။ မညီးမွေ့လျော်။ ဂိဟိဘောင်ဟု။ မသော်
နန္ဒ။ပဥ္စရဋ္ဌ။ပြန်ကြနောက်နစ်။တိုးဝင်လစ်သည်။ ။လူဖြစ်တချက်
တဘန်တည်း။

ထိုရော်လည်းကောင်း။ နိဗ္ဗာန်ချောင်းသည်။ အလောင်းစော
ထွတ်။ဘူရိဒတ်ကား။ ဟှည့်ပတ်ရှည်လျား။ စည်ဆက်အားဖြင့်။
မင်းပျားသိဝရာဇ်။ဝေသန်ဇစ်၌။ ပွင့်သစ်ကုမုဒ္ဒရာ။ ကြာနှင့်အ
တူ။ပမာမှုသား။ဆင်ဖြူရတနာ။ ဂဏ္ဍာဇာလီ။ မဒ္ဒီလှူပြီး။ မွိုးလေ
ခန္တာ။တုသိတာဝယ်။စကြာဝဠာတသောင်း။ နတ်ပေါင်းညီညာ။
တောင်းပန်ထွာသော်။တံထွာငါးခု။ ရှုလတ်တုံခြင်း။ မယ်တော်
မင်း၏။ သက်ကြွင်းဆယ်လ။ သတ္တာဟာ၌။ ထဲဝမ်းမိုက်တွင်။ဝင်
ဆိုက်သန္ဓေ။ နေလတ်ရကား။ လေးပါး နတ်ကြီး။ ရံထီး စောင့်
ရှောက်။ ကင်းပျောက်အန္တရာယ်။ ငြိမ်းစင် ကြယ်လျက်။ ပလ္လင်
ထက်မှ။ဆင်းသက်အသာ။ ငြိမ်ဇေးစွာသား။ ဝိဿာသဝ။ ဓမ္မိက
သို့။ တကွခြေလက်။ ဆန့်လျက် ဖြူးဖြူး။ မိုးရှူးလွှန်ထ။ ထိုခဏ
ဝယ်။ရှုပဗြဟ္မာ။နတ်သုဒ္ဓါနှင့်။ မဟာဒေဝ။ မနုဿတို့။ ခံကြတ
ပေါ်။သုံးဆင့်ကျော်မှ။ အင်္ဂါပဟာဆို့။ အာဒိပြဋ္ဌာန်း။ သံရှင်မွှန်း၍။
တုကျွန်းလူတွင်။ ငါသာလျှင်ဟု။ ကြားထင်ကြိမ်းပ။ ဥတ္တရသို့။
ကြွကြွသံစွမ်း။ခုနစ်လှမ်းဖြင့်။ချီတမ်းဖဝါး။ ကြိုးရုပ်သွား၍။ နှစ်
ပါးရံလျှည့်။အိမ်ထောင်ယှဉ်မှ။ဉယည်ခမ်းဝါ။ ပျော်မြူးရာဝယ်။
လေးဖြာနိမိတ်။ဟိတ်လည်းပင့်ဆော်။ထိုသရော်၌။ မြင်မြော်မျက်
နှာ။ရာဟုလာကို။မြစ္စာနှောင်ပတ်။ ကြိုးထုံးမှတ်၍။ ဖြတ်အံ့သော
ကြောင်း။ တချောင်းကြိုပြီး။ မြင်းကြီးကဏ္ဍက။ ဆန္ဒအမတ်။ ညီ
ညွှတ်လိုပါ။နန်းကိုခွာ၍။နော်မာမြစ်ယံ။မိုးပျံဇုဋ္ဌိ။တန်းခိုးရှိသား။
ဃဋိကာရ။ ဗြဟ္မာလှလျှင်။ ကပ်ထရှေးညွှန်း။ဝတ်သက်နှင့်။ ရ
ဟန်းပြုဆုံး။အားလုံးကြည်ညို။ ရာဇဂြိုဟ်ဝယ်။ မိခိုတရံ။ ဆွမ်းခံ
အပြန်။ချမ်းရိပ်မွန်သား။ တောင်ပဏ္ဍဝ။ပဗ္ဗာရ၌။ နေသောကြိုက်
တွင်။နတ်ရှင်ဗိမ္ဗိသာ။ပြည်ဖိတ်လာသည်။ တွယ်တာမရှိ။စွန့်ဘိ
ရက်ရက်။မငဲ့ကွက်ပဲ။ ရမ္မက်တဏှာ။ ကုန်သော့ခါမှ။ လာအံ့စ

ကား။ခြိမ်းချက်ထား၍။ပုဏ္ဏားနှစ်ယောက်။ထံမျက်မှောက်ဝယ်။ ရမြောက်တရား။ အားပါးမရမ်း။ ညှိုးသမ်းကိုယ်ထီး။ လုံ့လမှီး သား။ ကျင့်ကြီးခြောက်ဝါ။ လွန်သော့ခါမှ။ ဝိသာခါ ပုဏ္ဏေးမ. နံနက်ထတွင်။ဖြူဆွနံ့ကြူ။သူဇာလှူသား။သုဒ္ဓါုပမ။ ပါယာသကို။ လုပ်လှလွေးလွေး။ ဘုဥ်းပေးခဲ့ရှောင်း။ နေရည်ချောင်း၌။ ရောင် မောင်းချက်ချက်။ မျှောရွေ့ခွက်လျှင်။ ဆန်တက်အညာ။ ပြာဒိုဟာ လည်း။ကောင်းစွာထင်မှ။ သုဒ္ဓိယသည်။ ချုပ်ညနေချမ်း။ ကမ်း ညားမြက်ဆုပ်။ဆွဲချုပ်ကိုင်လျှင်း။ ကြဲဖြန့်ခင်း၍။ အဆင်းမြသွင်။ ဤပလ္လင်၌။ အကြွင်မျှလောက်။ ကျူနောက်သဘော။ ဒဿသဝေါ မှ။မနောဖြေကျွတ်။မလွတ်သရွေ။ပျော်မွေ့နှစ်သက်။ပီတိတက်အံ့ မျက်ဟုသည်။ဆောံတည်မိန္မာ။စေတနာဖြင့်။ဒိသာဘာဂ။ပါစိ နသို့။ရခရေးရှူ။အယူဖြောင့်စွာ။နေသော့ခါတည့်။ ရော်လာမာရ် စစ်။ရာန်အမြစ်ကို။ ပယ်လှစ်ဘျင်းတျင်း။ တန်းခိုးခွင်း၍။ နေမင်း ရောင်နီ။မဝင်မိက။အညီပျက်ကြေရှုံးပြိုးစေမှ။ပုပ္ပေနိဝါသ။ဉာဏ မကြွင်း။ တည့်ည္တ တွင်း ဝယ်။ လင်းလင်း ပွင့်စင်။ ခပ် သိမ်း အင်နှင့်။သိမြင်တလျှည်။ပြည့်စုံရှည်သား။သဗ္ဗညုတာ။ပညာထင် ရှား။ငါဘုရားလျှင်။လူများဦးစွန်း။ဖြစ်ငြားထွန်းသည်။ ။လျှံဝန်း လောကတမ်းခွန်တည်း။

ဤသို့လျှင်တည့်။ ချစ်ရှင်ဘုရား။ သုံးလူ့ ဖျားကား။ ကိုးပါး ဇာတ်ပေါင်း။ ဖေါ်လတ်ရှောင်း၍။ ။အကြောင်းခင်ချင်း။ ဟော တုံလျှင်း၏။

ဘူရိဒတ္တဇာတကာံနိဋ္ဌိတံ။

ဆင်ခြင်စာနာ။လိမ္မာသသူ။အကြင်လူအား။ ဈေးဖျားလက်ဦး။ မရောက်ဖူးသား။ မြေထူးခရီး။ အသီသီးကို။ရွာနီးရွာစပ်။ မည် သည့်ရပ်ဟု။တပ်တပ်သိထွေ။မှာလိုက်ပေက။တွေဝေမရှိ။သွား လေမိသို့။ပါဠိအဋ္ဌကထာ။ဋီကာအနု။ ဆိုမှုလေ့လာ။ အရိုးစာနှင့်။ ဆန္ဒာလက်တိ။ အဘိဓာန။စသည်တသွန်။ လမ်းကြောင်းညွှန်၍။ တြွင်းကျန်ကြိုးကြား။ ကျမ်းပုံများလည်း။ ထောက်ထားရှုစမ်း။

ကြည့်ရှုဖွယ်မြန်းလျက်။နှစ်ပင်ထွက်ဖြင့်။မခက်မစေး။ ရွှင်ပျော်ရေး၌။ နက်လေးစေအောင်။ထုံးဆောင်ဖြင်ပည်း။အနည်းနည်းတိ။ကြဲဖြန့်ချိသား။ဘူရိဒတ္တ။ နာဂစောလောင်း။ ရှေးဖြစ်ဟောင်းကား။ဇာတ်ပေါင်းဆုံးချ။ဤသည်မျှလျှင်။ ။စလုံးရိုပြီးပြည့်စုံ၏။

ကြွားပိမ့်နာလော့။ ပညာဇာတိ။ နွယ်ရိုးသိစိမ့်။ ပရိမဏ္ဍလ။ တောင်လှပတ်ကုံး။ခုနစ်လုံးလျှင်။ချုံးချုံးရံသန်း။ သိတာဝန်းသား။ လေးကျွန်းထိပ်ဖွေ။ မြင့်မိုရ်ခြေသို့။ယည်တွေစီးဖြာ။ ဘူမျက်နှာတွင်။ကုဍာဂါရ။ဂေဟာကြငှန်း။ပွင့်ရွှေနန်းနှင့်။မည်မှန်းအဝ။ ပုရိန္ဒှာ။ဇွဲ့ထသန္ဓေ။တို့ချက်ကြွေသါး။မင်းနေပြည်သာ။ထိုနေရာဝယ်။ သမ္ဘာမျိုးချ။ငါတို့ဘလည်း။ ဓမ္မပါလ။ မြဟ္မဏာသို့။ စာဂစွန့်ကြဲ။ ကုသိုလ်ရဲလျက်။ဝမ်းထဲဖြောင့်စင်း။ဂုဏ်သတင်းတည့်။ လှိုင်ခြင်းအနံ့။ပန်းနှယ်ပျံ့မျှ။လောက်ငံ့သောက်စား။မကုန်အားသါး။ပုဏ္ဏားဇော်ဂီ။မှိုခိုရဟန်း။ ကူးသန်းလားလာ။ ချိုင့်ဇမ်းရာဖြင့်။ သဒ္ဓါပြန့်ပြန့်။စိတ်မတွန့်တည့်။ ရည်ဆန့်လက်ကြီး။ပေးမညီးဟု။ မြှောက်ချီးသာရ။ယခုတိုင်အောင်။ လူ့ဘောင်ပြောပ။ချီးမွမ်းကြ၏။ ရှေးကစည်လျှည်။မင်းစည်မင်းဆက်။မပျက်စွဲသုံး။ဤထုံးဤနည်း။ ဤသို့တည်းဟု။သိပ်သည်းနက်စွာ။ သိမြင်မှာလည်း။ လိုရာမကျန်။ တတ်ပွန်ကျယ်ဝန်း။အဆန်းဆန်းသား။ ဂဏန်းဟူးရေး။ ကိုးပါးနဝင်း။ကြွင်းသုံးရ။ရှစ်ချဂြိုဟ်ပြေး။ကောင်းကြွယ်ရေးနှင့်။ရန်ဘေးဥပဒ်။စက်သွားဖြတ်သို့။ မချွတ်မှန်အောင်။ ကျေးဇူးဆောင်သား။ မင်းခေါင် မင်းဖျား။ မင်းနှစ်ပါးတို့။ မှတ်သားယုံကြို။ မြတ်နိုးတုံသည်။ ။ရပုံလက်သုံးတောင်ဝေးတည်း။

ဝရစက္က။ ပါလဟူသည်။ အမည်လိုက်လျော။ ခံထိုက်သောဟု။သဘောါထင်ပြ၊သုပိနဥ္စ။ကမ္ဘရှေးညွှန်း။နတ်တို့မှန်းသါး။နှို့ဝန်းသိမြှော်။ငနောင်တော်လည်း။တစ်ခေါ်စလောက်။ ပုဂ္ဂိုလ်မြောက်၍။လှိုင်ပေါက်ကြေညာ။ ကျော်ဇုန်ဝါသား။ ဆရာကောင်းချည်းပေးသည်နည်းတိ။မိုးဖျားထိမျှ။ အကျိုအခံ။ နှလုံးထဲဝယ်။ အမြဲဆည်းဘူး။အထူးထူးသား။ကျေးဇူးခြင်းတ။ပြည့်စုံလှသည်။ မူလ

သိန်းခို။မြတ်သည်ကိုယ်ဖြင့်။ မဂ်ဖိုလ်ပစ္စည်း။ တယောက်ထည်း
သာ။ ရှုးရှူးရှာသား။ သမ္ဘာရင့်ညောင်း။ ဗောဓိလောင်းတို့။ ကျင့်
ကောင်းအဟုတ်။သုဒ္ဓသာ။ရွှေပြည်မသို့။ တူကွသွားသော်။ သွေး
ကြည်းဆောင်အုံ။ရှင်တော်ဘုရား။သုံးရထားသား။ သုံးပါးစကြာ။
သာသနာတွင်။ သုံးဖြာပိဋကတ်။ ပရိယတ်လျှင်။ မချွတ်ဇာကန်။
ကြောင်းရင်းမှန်ဟု။သင်မွန်ကြံ့ပြီး။မြိုင်ခြောက်ကြီးဝယ်။သင်းသီး
ဖဲခွါ။ပရိဝါနှင့်။ရွာလည်းမနှော။ တောလည်းမထင်။လွင်လည်းမ
မည်။စာပွဲစည်သား။နေတည်ဖြစ်အောင်။ရပ်သီးထောင်၍။ မြောံ
ဟောင် ရွှေနောက်။ ရောက်လတ်ကုန်ကြ။ မျိုးသိဿအား။ ဝမ်း
ထွက်သားသို့ ။စီးပွါး ရှာရှာ။ ခဲယဉ်း စွာသား။ ပညာ အမြိုက်။
ဘဏ္ဍာတိုက်မှ။သိုက်သိုက်ဖွင့်လှစ်။သာရနှစ်ကို။သစ်သစ်ငှဝေ။
ဖြန့်ဖြူးပေးသည်။ ။သင်စေလိုရာမရွေးတည်း။

ရဋ္ဌသာရ။လဋ္ဌသာရော်။နဋ္ဌခေါ်သား။ သူတော်သွေးရည်။
ငါတုံသည်လည်း။ ဖြောင့်ကြည်သဒ္ဓါ။ နောင်ဆရာလျှင်။ သမ္ဘာ
ရင့်လှဋ္ဌ။ညီတပဋ္ဌဟု။မပြဋ္ဌပေါ်တင်း။ထဲဝမ်းထွင်းကချစ်ခြင်းတ
ပြန်မူ။မဟူစသာ။နဉ်းနာသင်ထွေ။အခြေရမြောံ။ကြွံကြွံထောံ၍။
ရောက်သိန်းခို။ကျေးဇူးဟိုသား။ပုဂ္ဂိုလ်မည်သီး။ထေရ်ဘုန်းကြီး
ဝယ်။မြီးခဲ့လက်လွှတ်။ကြွင်းမဲ့တတ်သား။သူမြတ်တို့ထံ။ ထုံးစံရ
မိ။အပြည့်ကျိုလျက်။ သု။စိ။ပု။ဘား။ စကားလေးခွန်း။ ကြိုးတန်း
လက်သုံး။နှလုံးမူစောက်။ တအောက်မေ့မေ့။ လွန်သိမ်မွေ့သော်။
တနေ့တပါး။တက်ပွါးလေလေ။ဂုဏ်ခဲတွေမှ။ ဝေဝေခွဲခွဲ။စာသင်
ပွဲ၌။လက်ဝဲလကျာ။မိုတင်းလာသား။ သင်္ဃာကြီးငယ်။ လေးနှယ်
မျိုးပြား။ တပည့်များကို။ သွားသွားချီးမြှင့်။ ထောက်ပင့်ပစ္စည်း။
သိမ်းဆည်းကျုံစွါ။မွေ့မိဿ။သင်္ဂဟာဖြင့်။ဇိနသာသနာ။သို့သော်ခါ
တွင်။ပညါလက်ရုံး။မချုံးတီနှံ့။ဆန့်ရအုံဟုဆွတ်ပျံ့အါသါ။တော်င့်
တကာတည့်။ မိုလ်ပါသွားလား။ ခရီးနားဝ၌။ ပျားသို့လည်းအိုး။အာ
ရွယ်ပျိုက။အလိုမပါ။ကြာကြာမြင့်မြင့်။ရင့်တို့ခံလော။နှမြောလှဋ္ဌ
ဘိ။ဥပမိဖြင့်။သတ္တိစွမ်းတုံး။ ချိန်ဆုံးသင့်မြောက်။ ခါတန်ရောက်

လျှင်၊စောင့်ရှောက်ကိုယ်စား။ရှင်တော်ထားသည်။ သိကြားနတ်ကျော်။စည်းစိမ်ပျော်၍။မမြော်မကြည့်။ မပြည့်မဖြိုး။ တို့ကိုထူးလျှင်။ရှူးရှူးအားသွန်။လုံ့လပွန်ဖြင့်။ကျမ်းဂန်သင်တမ်း။ လွန်ကြိုးပမ်းသည်။ ။စိတ်ဝမ်းနှောင့်နှိုးနှောင့်နှေးတည်း။

နှောင့်နှိုးနှောင့်နှေး။ နှလုံးလေးလျက်။ ငယ်သေးသေ့ခါ။ ဆိုရာချေမိ။ ငြိခဲ့တင်းလင်း။ ဆိုတုံ ကြွင်းကို။ ခပ်ပြင်း ဝန်သို။ နေနားဆိုရှင့်။ကြည်ညိုသဒ္ဓါ။နာအံ့သသူ။လူတို့ဘုန်းလျှင်။ငါ့ကိုသင်၍။လျှင်လျှင်ဆောဆော။ရလွယ်မော့ရှင့်။သဘောနှိုက်နဲ့။ မတတ်ဘဲလျှင်။ချုပ်တဲလက်ာ။စပ်ဆန်းသာလျှင်။ငါလည်းစာဆို။ ကိုယ်ကိုကြိုးဝါး။သူကါန်းသွါးသို့။ယူမှားဆိုမည်။နှုတ်ဖေါက်သည်တို့။ထဲနည်လေ့ကျက်။ပင်သည်ထက်လျှင်။ နှုတ်ထွက်သင့်ကြောင်း။တဖြင်ပြောင်းတည့်။ နှုတ်ရောင်းနှုတ်ဝယ်။နှုတ်ပြယယ်ဖြင့်။ ရွှင်ဖွယ်လန်းလန်း။ ရှေ့ခြောက်ခန်း၌။ ပုံဆန်းစကား။ ငါ့တံထားကို။ လျှောက်သွားစံတု။ အမှိုပြုသော်။ ကောင်းမှုစီးပွါး။ ငါ့အားဖြစ်ဖြို။ ဤသည်စာမွန်။အဆုံးစွန်မူ။ကျမ်းဂန်နည်းပွြမ်း။မသင်ကျွမ်းသါး။လူတမ်းမည်မည်။ မကြိုက်လည်အံ့။မတည်မကြား။ တရားမရှု။ လူမှုလူရာ။ မာယာဖြည်ပြက်။ ဆိတ်ကြွက်တိုက်များ။ ဖဝါးလေဝင်။ သူပင်ကျင့်ရေး။ ပြောင်းလေးဌက်ပစ်။ တံကျစ်တုရင်။ပေါ်လွှင်ဖိဖိ။ယာရိတရွတ်။လှည့်ပတ်ချိဖန်း။ မကန်းဆာယ်တွင်း။ဖုတ်သားခြင်းက။စသည်ကြွေအန်။ သုံးဘန်ရာလဲ။ ကျောက်ခဲမှတ်ရ။ သေသပိဋ္ဌာ။မြင်းခွါချထား။သိကြားပဲဆုပ်။အလုပ်ကြံမွေ့။လက်ဇော့လက်ပန်း။ အကျန်းအကြော့။အပေါ့အပါး။ ပြေးလွှားကြိုးချန်။ ကိုယ်ဟုန် နောက်လှန်။ ရင်ပြန်တိုင်လျှောက်။ ဝါးကောက်ပုလိ။ ပြေးချိတက်တက်။ ပျော်သော့ထက်ကား။လေးနက်ထုံးစံ။ မေးမြူကြိုလျက်။ဖတ်အံနားဝ။မွေလျော်ကြလော့။ပေါ်စထွန်းလစ်။ကျေးဇူးနှစ်ကို။မှတ်ရစ်စေ၍။ပညာအလှူ။ ကုသိုလ်မူသည်။ ။ရှေ့ရှုမင်္ဂလိစိတ်ပြေးတည်း။

ဂန္ဓာရ။သါရဏ္ဍနှင့်။ဆိုစတင်းလင်း။မကြွင်းစေအောင်။ကျေး

ဖူးဆောင်သည်။စာစောင်ဖွဲ့ပြု၊၍ကောင်းမှုကြောင့်။ယခုမျက်မြင်။ လူတို့တွင်လည်း။ လင်နှင့်မယား။အပြားအိမ်သူ။ တူနှင့်ဦးရီး။ ဆွေနီးတဝေး။ မြေးနှင့်ဘိုးဘွား။ သားနှင့်မိဘ။နှမနှင့်မောင်။ ညီနောင်တသွန်။ကျွန်နှင့်အရှင်။မိတ်ကျွမ်းဝင်၍။ခင်ခင်မွတ်မွတ်။ဘူရိဒတ်၏။မျိုးမြတ်တို့နှယ်။ မေတ္တာကြွယ်လျက်။ကြီးငယ်ကိစ္စ။ ဟူသမျှ၌။ တကွမကင်း။ညီညွတ်ခြင်းဖြင့်။ ။ပြောင့်စင်းသဘော။ ချစ်စေသော။

သမုဒ္ဒဇာ။မျိုးတကာနှင့်။ အခါမြင့်မြဲ။ကွဲ့ကြပြီးလျက်။ တကွနက်လျှင်။တချက်တဘန်။တွေ့မြောက်ပြန်သို့။ နှိုင်းတန်ထိုရှူ။ခပ်သိမ်းလူတို့။ချစ်သူဆွေဝါး။ ကွာလေငြားသည်။ ။ထင်ရှားအုပ်တွေ။ဘူးမြင်လေသည်။ဖြစ်စေသော။

ဝတ္တရဋ္ဌ။ သာဂရတို့။ ချစ်ကြသော့လား။ ရပ်ဝေးခြားသား။ တိုင်းကါးပြည်ထောင်။မင်းကုန်အောင်လည်း။မျက်တောင်မရှက်။ အဆက်အဆံ။ သံခံတန်ဆေး။သို့သေးလားလာ။ မြေတာခြားမဲ့။ သစ္စာဖွဲ့၍။သွားပြို့ကုန်စယ်။ရောင်းဝယ်မပြတ်။ ရောက်လတ်သဖြင့်။နိုင်ငံပွင့်လျက်။မင်းနှင့်လျောက်လျှား။ဆယ်ချပြားသား။ ။ထရားစောင့်ထွေ။ကောင်းကင်ရေကို။လှစ်စေသော။

မင်းသားဗြဟ္မဒတ်။ ရသေ့ဝတ်ဖြင့်။သေသတ်နှလုံး။ ဆံကျစ်ထုံးလျက်။ မဆုံးမနိုင်။ စိတ်မခိုင်၍။ နေထိုင်ကျကျ။ နဂါးမနှင့်။ တကွမွေ့လျော်။ အိမ်ထောင်ပျော်သို့။သူတော်ရဟန်း။ ကြံမဆန်းနှင့်။ မစွန်းမငြိ။ သမာဓိဟု။ ဘုန်းရှိထေရ်မွန်။ ကျင့်တန်နည်းတူ။ လေဘာ ဟူသား။ ။ရန်သူမာန်စစ်။ ဆင်မုန်ရစ်ကို။ မြစ်စေသော။

သဘောမြဲသိပ်။ညွတ်သားထိပ်ဖြင့်။အိပ်လည်းရှိခိုး။နိုးလည်းကော်ရော်။ ငါပူဇော်သား။နောင်တော်ရှင်ချစ်။ ဆရာစစ်လည်း။ အနှစ်တရာ။ အခါလေးမြင့်။ အကျင့်သီတင်း။ သန့်ရှင်းလေလေ။ တက်နေပမာ။သာသနာ၌။ယထာရုစိ။ဈတ္တိတဗ္ဗ။ပြည့်စုံလှ၍။ ။တေဇခွန်အား။သစ်စေသော။

မဂ်မောသဒ္ဒါ။အကြွင်ငါသည်။ ကောင်းစွာကာလ။ဤဘဝ၌။ သောကဗျာဓိ။ ဘေးမရှိတည့်။ ယုတ္တိအာဂုံ။ သုံးပုံ ဆောင်လိုင်း။ တတ်သော့တိုင်းလျှင်။ဖိုင်းဖိုင်းခြားခြား။စိတ်ဖျားဝေခွဲ။ ကြွနှုတ်နဲ့ လျက်။ စာပွဲခံခံ။ စာအံသောင်းသောင်း။ တပည့်ပေါင်းကို။ ဖြား ယောင်းပစ္စည်း။ ဖြည့်သိမ်းဆည်း၍။ ဟောနည်းသွယ်ဖျား။ ၅ှင် တော်ကြွားသို့။နားပါးဝင်ကြောင်း။သင်လိုက်ရှောင်း၍။မကောင်း ဝန်တို။အကုသိုလ်ကား။ ။ငကိုမချစ်ပစ်စေသော။

မနှောင့်မိစ္ဆာ။ နှောင်သော့ခါလည်း။ပညာရောင်ဝင်း။ ထိုနတ် မင်းလျှင်။ ဘုကင်းလွတ်ပြီး။ရွှေပြည်မှီးသို့။ ဆုသီးလည်းကောင်း။ တောင်း သည်ဗိုဗို။ ပါရမီကို။ အညီရုံအင်။ ဖြည့်ကျိုး ထင်၍။ အသဈေးချေ။ မှုန့်မှုန့်ကြေမှု။ ကိလေသာမီး။လောင်ပြုန်းတီးသား။ ဖြင်ညီးနွံ။တိလောကအသား။ တရားဟူသည်။ မိုးရည်ဖျန်းဆွတ်။ ငြိမ်းအောင်သတ်မှ။ သူမြတ်သဏ္ဌာန်။ဖြစ်ဆုံးစွန်၌။ ။နိဗ္ဗာန်တံ ခါးလှစ်စေသော။

နိဗ္ဗာန်တံခါး။ ၅ှည်လျှား သဖြင့်။ မပွင့်သရွေ့။ယခုနေ့ကာ။ စ သည်နှောင်လာ။သံသရာဝယ်။ပညာနှုတ်နဲ့။အမြဲအမြဲ။ အကြံအ စည်။ အရည်အသွား။ထူးခြားကျင့်တတ်။ သဒ္ဒါညွှတ်သား။သူ မြတ်နှင့်သာ။မေတ္တာတော့ခိုး။ဘူးရလို၍။နှိုင်းဆိုပမာ။ တကျွန်းဝယ်။ ရတနာပတ္တမြား။ရောင်းချေမှားသို့။ဂုဏ်များခဲကျိုး။ကျေးဇူးရှိကို။ မသိဝိုးဝါး။လူပြိန်းအားကါး။မကြွားလေချင်။မမြင်လေ၍။မရှိလေ့ ပဲ။ ဝေးစွာရှဲလျက်။ ရှောင်လွှဲမသာ။ ရံခါသွားလား။ တွေ့မိငြား လည်း။ ။ဘဝါးပြန်ဆုပ်နစ်စေသော။

အတိုသကြွဇ်။ငါးဆယ်၅ှစ်။ပြီးလစ်ဤသည့်စာ။ ။မည်သူ ဆိုညွှန်း။မတိုက်တွန်း။လိုတွန်းကျမ်းလက်ာ။ ။ပွဲတွေ့ဆန်းပြား။ သူ့စကား။ကြားကရှောင်မည်သာ။ ။မကြားမသိ။ ဆိုတတ်ဗိ နောက်ပြီးနှုမြောစွာ။ ။ရှေးကလူမျိုး။ ဆိုလမ်းရိုး။ စာခိုးမမည် ရာ။ ။တကာလူများ။ကြံထောက်ထား။ပွားလိမ့်နက်ပညာ။ ။ နာမဝင်သေး။ငကိုမေး။ဆိုရေးအဖြာဖြာ။ ။နားမဝင်ဘဲ။ဖြစ်

တင်ရဲ။နက်နဲ့မလိမ္မာ။ ။သိတင်းသည်ဝတ်။ ကြိမတတ်။ ပတ်သွတ်လူမိုက္ခာ။ ။အပြစ်နည်းများ။တင်လိုငြား။ တိုင်ကြားငါတို့မှာ။ ။တတ်တိုင်းနှစ်သိမ့်။ဖြေလျှင်းပိမ့်။ပြေစိမ့်များမကြာ။ ။အပြစ်မြင်ထွန်း။ သူခိုဟန်။ တဘန်တင်ပိမ့်ဌာ။ ။ကြီစည်တတ်အား။ ငါ့ကိုယ်စား။တပါးခြေတင်ပါ။ ။ခြေတင်ယုံများ။မတတ်ငြား။အေားမေးမြန်းလာ။ ။များများမငံ့။ဖြေပေအံ့။သိန္နံ့ပုံနည်းနာ။ ။ချွဲချုံးကျစ်လစ်။ စကားသစ်။ စိစစ်လူပျိုဌာ။ ။ဆိုဆိုသမျှ။အနိစ္စ။ဝယဓမ္မတာ။ ။ဖြစ်ပျက်မြင်ပြီး။ ပညာကြီး။လိုသိးနိဗ္ဗာန်ရှာ။ ။ဘူရိဒတ်ဇစ်။တုမရစ်။ပြီးလစ်ဤသည့်စာ။

---

## ဘုရားဟော ၄၇ ဂါထာအရ။ ဝိဓူရပျို့ထွက် ရာဇဝသတိခန်း။

၁။ ။ထိုနောက်ပြီးမှ။ဗောဓိပွင့်ငုံ။တမှတ်ခံလည်း။ဝန်းရံဆွေဝါး။ရင်သွေးများကို။ထံပါးချင်းစေ။နေစေရွှေလျှင်။ယနေ့အလွန်။နက်ဖြန်သဘက်။ဖိန်းနွဲ့တက်အောင်ရက်မရွေးသါ။လွတ်ကြောင်းရှာသည်။ ကြမ္မာနတ်မုံး။ညှိုးဖျင်တုံးနှင့်။ ချိန်ဆုံးခါထောက်။မှန်စွာရောက်၍။သူ့နောက်မကွာ။ငါလျှင်ပါလိမ့်။ငါမရှိနောက်။ မင်းထံမှောက်၌။ အလျှောက် အလျှား။ ခစား သောခါ။ ကျင့်စရာကို။ သည်းချာညီနောင်။ မောင်တို့နားဝ။ မှတ်သားကြပါ။ ရာဇဝသတိ။ ရုံစိထွေပြား။မြွက်ဖော်ကြားသည်။ ။ကရား ရေနှယ်ရှိသတည်း။

၂။ ။ကရားထွက်ပွန်။ရေနှယ်သွန်လျက်။ အစွန်မှတ်ဘွယ်။ ခုနစ်သွယ်နှင့်။လေးဆယ်ပြဉ္စနှက်။ချိုးမြက်သား။ အဓ္ဓက္ခရာ။ထိုဂါထာကို။နည်းနာဖော် ပြ။ ဆဋ္ဌမဟု။ လက္ခဏာခန်း။ ထိုနိဒါန်းလည်း။ပိုင်းတန်းသားနား။အချားမခင်း။သည့်တွင်သွင်း၍။ မကြွင်းမကျန်။ပညာဝန်တို့။နာတန်နာထိုက်။ ပိုက်ကိုးတန့်ဖြင့်။ မကွန့်မ

ကျယ်။ လက်ာချယ်ဖိမ့်။ ။နည်းသွယ် လှစ်ဖွေ။ မြိုကြ စေ
သတည်း။

၃။ အထယော ရာဇာဝသတိ၊ နိသိဒိတွာ သုဏာထမေ၊
ယထာရာဇကုလံပတ္တော၊ယသံပေါသောဂန္တာတိ။ ။မရစဖူး။
ပိုက်နွဲ့ကြူးသား။ သားဦးဓမ္မ။ မောင်ပါလနှင့်။ တကွ ဝန်းမြောင်။
ဝတ်ပန်းရောင်နှင့်။တထောင်တွက်ရေ။ သားသက်ဝေတို့။ မြူတော
စံထား။ တွတ်တွတ်ထွားသည်။ ငသားပုံယင်။ မင်းပွဲ ဝင်သော်။
ပေါ်ထင်လင်္ကာ။ မျက်နှာ ကျစ်လစ်။ ပွင့်သစ်ကြာနှယ်။ စင်
ကြယ်သန့်ရှင်း။သတင်းပညာ။သဒ္ဒါစာရ။ မှုတံဖျောင်းသော်။ဆိုး
ကောင်းကုန်စင်။ကျွမ်းဝင်ချစ်ကြည်။ပြန်သည်စကား။ မယားကို
မှု။မသိရစေ။ဝမ်းထဲခွေလျက်။ထွေထွေဆောင်သင့်။ မှုခွင့်ခွင့်၌။
ချိန်နှင့်တူရိုး။နည်းယူခိုး၍။အားကိုးအန်ထောင်။ သန်းခေါင်လင်း
စင်။ နေဝင်ရီမိုက်။ ပူအိုက်ချမ်းအေး။ ဘေးကိုမခန့်။ သက်စွန့်ရဲ
ထင်။ရဲရည်ဝင်လျက်။မင်းဆင်စမှတ်။ မင်းလေးမြတ်သား။ မင်း
ဝတ်အစား။ မင်းခန်းနားနှင့်။ မင်းသွား မင်းနေ။ မင်းထွေမင်းသံ။
မင်းစံမင်းပယ်။ မင်း၏နှယ်သို့။ မျက်ကွယ်ဘို့မှု။ မတုပနှင့်။ နရ
သေဌ်နှင်း။စိုးရှင်မင်းက။တချင်းတည်းသာ။ငါနှင့်အတူ။နေလှည့်
ဟုလည်း။မည်သူတန်ဆ။ ဘုန်းမမျှချေ။ သို့ဖြစ်ထွေကြောင့်။ အ
နေမြော်ဆ။ မပြုကြလင့်။ ကာမချမ်းသာ။ ခံသည်မှာလည်း။ စာ
နာထောက်ဆ။ရှုပ်ချ၍သာ။ ခံစားရာ၏။ ။ပညာရင့်ကြစေ
သတည်း။

၄။ ဘူမိပါလ။ရာဇိန္ဒလျှင်။မောင်းမကိုယ်လုပ်။ပတ်ချုပ်ရံကာ။
ပျော်စံရာ၌။ ဘာသာရောပြွမ်း။ ကျွမ်းမဝင်သာ။ ဆိတ်ကွယ်ရာ
ဝယ်။မျက်နှာပြိုင်တဲ။ပူးတွဲရှက်တင်။ တိုင်ပင်သမှု။ မပြုသင့်ဘူး။
သားစားကြူးသည်။ဘိလူးတစုံ။ ခွေ့ံသဖွယ်။မျက်ကွယ်တမှု။လူ
အ၊အလား။ နားပင်းအသွင်။မှတ်ထင်တွေးယူ။ ရွှေနန်းသူ၌။ချစ်မြူ
ဆန့်ကျင်။ကျွမ်းမဝင်လင့်။အရှင်ပိုင်ကား။ခန်းနားထွေထွေ။ရွှေနှင့်
ငွေလည်း။မြွေဆိပ်အတူ။မယူစောင့်စား။နှိုးကြားတတ်ဘိ။သတိ

လုံ့လ။ပစ္စက္ခဥ္။ဒေါသအပြစ်။များစွာဖြစ်သည်။ သောက်ယစ်စား
ကြူး။ပျော်မြူးစည်ကင်း။မင်းတို့တံထွာ။ဓိဂဒါပာ။ မည်သာချမ်းဧ။
ဘေးမဲ့ပေးသား။ဌက်ကျေးပျော်ရာ။ အရပ်သာအား။ ရှောင်ရှား
ဝေးစွာ။ဖဲကြည်ခွါလျက်။ မင်းသာဇကေန်။နေထိုက်တန်သား။ သ
လွန်ညောင်စောင်း။ကိန်းအောင်းစက်ရာ။ပလ္လင်သာက။ ရောင်ဝါ
ဖြိုးထွေ။မင်းစိုးလှေနှင့်။ စံရွှေရည်ညက်။ ရထားထက်လည်း။ မ
တက်စီးရာ။ကြိုစာနာလျက်။တန်းဆာဆင်ယင်။ မင်းလမ်းခွင်နှင့်။
ထွက်ဝင်သွားလား။မင်းတံခါးကို။မှန်ထားဖိုင်သ။အခွင့်ရလည်း။
ကာလဆေးမေး။ အရေးယူငင်။ ရှုဆင်ခြင်လျက်။ မဝင်ပေရာ။
ခယမ်းခါဥ္။ရှိန်ဝါညီးညီး။မီးကိုတူယူ။ နေပူနောက်ထား။ အရှင်
အားသော်။ခြောက်ပါးပြစ်ကွေ။ ခယမ်းလေဟု။ ပုံသေမှာထား။
ရွှေစကားကို။ မှတ်သား၍သာ။ သင့်တင့် ရာက။ မျက်နှာရွှင်ပ။
ထင်ပြပြနှင့်။အများဘောင်ဝယ်။ရှုစဖွယ်တိ။ ။ပွဲလယ်တင့်ကြ
စေသတည်း။

၅။ နရာဓိပ္ပ။နရစံတည်။မင်းမဥ္သဥ္ဓကား။အရဥ္မတန်။ပြင်း
ထန်အမျက်။ထွက်သည့်ရှိသော်။မျက်စိမှိုက်ဝင်။မီးသွင်ပြုန်းတီး။
ပျက်စီး တတ်ချေ။ သို့ဖြစ်လေ၍။ မခြေနူတ်ကြမ်း။ အသွမ်းဖြိုန်
ဖြင်း။ပြောဆိုခြင်းနှင့်။ကင်းစေလတ်သေး။သားမြေးညီကို။နန်းရိပ်
ခိုသဥ္။ထိုထိုဗုဝေး။မိုလ်အလှေးအါး။စါးကျေးကျွန်ရွာ။နှင်းသော
ခါတုံ။လျှာမရှိညား။ ငါးနှင့်အတူ။လျှစ်လျူတမ်းသာ။ နေပေရာ
ရှင့်။ဟာဌွာရေဟာ။စသဥ္လေးရ။မိုလ်အထုကို။အမှုစွမ်းဆောင်။
တွေ့တိုင်းအောင်ဟု။ များမြောင်ရိက္ခာ။ ဆုပေးရာ၌။ ဝမ်းသာနှစ်
သက်။မဖျက်ဆီးသာ။ ကြည်ညိုရာရှင့်။ ဤသာတင့်ရွှန်း။ ကိုယ်
လက်ကျန်း၍။ပွင့်လန်းမှုကား။စီးပွါးတက်ကြောင်း။လမ်းကောင်း
ပင်ကို။ဆိုလတ်သည့်ကြောင့်။ရုပ်ရည်ဖျက်ဆီး။ကုတ်ဟီးချောင်း
ဆိုး။တန်းခိုးတနာ။ပညါခွန်အါး။ရွေ့ရှားလျှောသက်။ကိုယ်လက်
ပုပန်။ကာမညွှန်သို့။ကြိမ်ဖန်များစွာ။မသွားရာသည်။ ။ရောဂါ
လွှင့်ကြစေသတည်း။

၆။ မင်းပွဲရပ်ခွင်။ရွှေတော်ပြင်၌။ဆင်ခြင်ဆို့ပိတ်။ ရှိုက်ရှာစိတ်နှင့်။ဆိတ်ဆိတ်ချဉ်းသား။မဖြစ်ရာတည်း။သိတာယည်ထွေ။မြစ်မရေသို့။ မနေမနား။တဖွားဖွားလည်း။ စကားမည်ကာ။ မဖြစ်ရာတည့်။ ခွင့်သာလတ်ဘိ။ ကြိုက်သည်ရှိက။ သတ္တိရဲရဲ။ နည်းနာစွဲလျက်။မကွဲမပြို။ နိုင်းယှည့်ဆိုလေ့။ မျက်လို ချွေးထွက်။ ရန်နှစ်ဖက်ကို။ဦးရှက်မတိုက်။ထိခိုက်မလေ့။ မွေ့မွေ့သာသာ။မူရာဆေးလေး။ ယဉ်ကျေး ညှံ့သက်။ ကြောက်ရှက် တတ်ဘိ။ မင်းလိုသိလျက်။ဓာတိဝယ။ ဒုဏာမြောက်မြား။ သူတို့အားလည်း။ ရှောင်ရှားနှိမ့်ချ။ ဂါရဝဖြင့်။မိဘသိမ်းမွေး။ လုပ်ကျွေးမပြတ်။ မေ့ကျန်တတ်သါး။အန်ခတ်ကြက်တိုက်။သားလိုက်ငါးဘမ်း။မှုသွမ်းထွေရာ။ပဲကြည်ခွါလျက်။ ခန်းဝါရပ်ဝေး။သူ့ခွင်ကြေးမှ။ သို့သေးတမန်။ရောက်လာထွန်သော်။သူ့ကျွန်တသင်း။ သူ့အချင်းနှင့်။ သင်းပင်းပေါင်ရွေ။မြစ်စေနှင့်။ရေမြေသနင်း။ကိုယ်ရှင်မင်း၏။ သတင်းရောင်ဝါ။အာဏာတက်ဖြိုး။ထိန့်ထိန့်နိုးမျှ။ တန်းခိုးပြင်းဝှန်။ ဂုဏ်တမ်းခွန်ကို။ ။ရိုးစွန်လွှင့်ကြစေသတည်း။ း

၇။ အထွေအထွေ။ထုံးစံဖွေသော်။ သူသေအလား။မင်းခစား။ဟူ။အများဖေါ် ပြ။ဆိုစကြ၍။ဆုံးမခံခံ။သူတော်ထံ၌။ကြိုးနိူသဒ္ဒါလှူဒါန်းခါဝယ်။ယာစကာဖုန်းစါး။သူတို့အားလျှင်။မတားမြစ်ရာ။သည်အခါကား။လယ်တာထွန်ရက်။ မျိုးရက်ကြရာ။သည်အခါကား။ဘဏ္ဍာခပဲ။ရောင်းပွဲဝယ်တာ။သည်အခါကား။ စိတ်ဖျာဝေမှု။ကောင်းမှုပြုရာ။သည်အခါကား။ပညာပွါးဘို့။နှစ်လို့ခင်သာ။ပြုကောင်းစွာဟု။အခါအခါ။အရာရာကို။ဝမ်းမှာမှတ်သား။ကြံစိတ်စါးလျက်။စပါးကြီးမွေ့။နေစလှည့်ခါ။ချင်းရပ်မှာသို့။ အစာရှာရှု။ရောက်သောဟုသို့။နည်းယူကြံခိုး။ကံမရိုးလင့်။ ဆော်နိုးဖန်ဆင်း။တလင်းနွှားခြံ။ကာရံနေနေား။မပြတ်သွားလျက်။ စပါးခွန်နက်။ ချင့်တွက်ကုန်အောင်။ ကျိကြဆှောင်ပြီး။အိမ်ထောင်ခမ်းနား။သောက်စားချက်ရန်။အိုးတန်ဆန်မှု။ နှစ်လရက်စာ။ ခန့်တိုင်းထွာလျက်။ မင်္ဂလာပွဲတံ။ချွေးခံရေသုံး။ထုံးနှင့်ညီမျှ။ဆင်ခြင်ရှုလျက်။ ဝတ်တု

စားပ။ မလွှားကြရာ။ တော်တည့် စွာလျှင်။ စိတ်ဖျာမြှော် တင်း။
မှုခပင်း၍။ညှံ့ပြင်းညီမျှ။ချိန်ဆုံးဆလျက်။မိတစိန္တ။ရုံစိလှစ်ဖွေ။ကြံ
စတွေလည်း။ ။ခွဲဝေချင့်ကြစေသတည်း။

၈။ မိုက်မဲတွေဝေ။သူသေအလား။မျိုးဆွေဝါးကို။ဝတ်စားရေ
စာ။မျှရုံသာလျှင်။ကြီးရာမထင်။တော်သစ်ပင်မျှ။ ဆွေခင်ပွန်းစစ်။
ဖြစ်သောဟူသို့။နည်းယူထောက်တား။ အဝေးသားလျှင်။ စီးဖွါး
ကုန်အောင်။ရွက်ဆောင်မှုကား။ ထိုသူအားလျှင်။ ကြီးမားစေရာ။
သစ္စာမပျက်။ရမွှက်မထန်။ စောင်းမာန်ရှုတ်ချ။ မောဟဖြူစင်။ အ
ရှင်မှောက်ကွယ်။ပြုဘွယ်ကိစ္စ။ တမျှတည်းသာ။ ထွေရာမကြံ။မြဲ
မြံခွေလိပ်။အိပ်လည်းရှိခိုး။နိုးလည်းဦးတင်။ ရှင်၏ထံရင်း။ မကင်း
စလှည့်။မင်း၏ရိပ်ခြည်။နားလည်ကြင်ကျွမ်း။ ခယမ်းမှိခို။ မင်းလို
လိုက်တတ်။ မင်းမတ်ပီပီ။မတီမဆန်။ အလွန်တင်ကဲ။ ဝင်ထွက်
မြဲလျက်။ဝတ်လဲဆင်ရာ။ ဆက်သကာနှင့်။ နံ့သာရည်ဖျော်။ ခြေ
တော်စကြာ။ဆေးကြောခါ၍။မျက်နှာချလတ်။မျက်ပိုးသတ်လျက်။
ကျင့်ဝတ်ရုံစွာ။ ကုန်စေရာ၏။ အာဏာပြင်းထန်။ မင်း၏မာန်ဖြင့်။
ဒဏ်မရှိလျက်။ ရိုက်နှက်လွန်လျှား။ပြုလှည့်ငြားလည်း။ပြစ်မှားစင်
ကြယ်။ချစ်ခင်ဘွယ်နှင့်။ ။ခွေးနှယ်ကျင့်ကြစေသတည်း။

၉။ အရာအရာ။ခွဲဝေမှာပိမ့်။ကြမ္မာထော်ပင့်။ကြောင်းမသင့်၍။
ခွင့်မရသေး။တက်နှောင့်နှေးလျှင်။ပျာမွေးမီးခဲ။ ရှိန်ဝါစဲသော်။သ
ဟဲလှောက်ကူ။လေညှင်းဟူသား။ မိတ်သူတော်ကောင်း။ အသင့်
ချောင်းလျက်။ယှဉ်ပေါင်းလေရာ။ မိုးမရွာ၍။ ရံခါကောက်ညွှန့်။
မိုးရေဆွန့်မှု။ စည်ပြန့်သို့သွန်း။ မညှိုးမြန်းအောင်။ ခင်ပွန်း မိတ်
ကောင်း။မြောင်းကပင်းသင်း။ ရေရှင်သွင်းသော်။ မင်းခကောက်
မျိုး။ဖွံ့ဖွံ့ဖြိုးလိမ့်။ အကျိုးအကြောင်း။ ထုံးဟောင်းပုံပြင်။ ရာဇဝင်
နှင့်။ဗေဒင်ဓမ္မသတ်။လောကဝတ်လည်း။မတတ်စသိ။ဆင်စီးမြင်း
နှင်။လေးငင်လှံစက်အချက်ကျကျ။ပြတ်ရှဓါးစေါင်။ကထောင်ကါ
လွှား။သူ့ဗိုလ်ကြားသို့။တိုးသွားချင်ဖေါက်။ ရွံ့ကြောက်မလန့်။ခန့်
ခန့်သမျှ။ မှုကိစ္စ၍။ကိုယ်ထကိုယ်ထ။ လုံ့လမှုလျက်။ ရန်သူဖြိုင်

ထဲ။ရဲရေးရောက်သော်။နောက်မဆုပ်ဆိုင်း။ ဖိုင်းဖိုင်းကျိုးအောင်။ သက်စွန့်ဆောင်မူ။ မိုးခေါင်တိမ်ပျား။တမ်းခွန်သွားသို့။အများတ ကာ။မှိုခိုရာဖြင့်။ချမ်းသာကဲမိုး။ သစ်သစ်တိုးလျက်။ ဆွေမျိုးများ လယ်။တင့်တယ်ကြက်သရေ။ တက်လေလေနှင့်။ မြူတေစံကျွန်း။ တ ရွှန်းရွှန်းသည်။ ။ဂုဏ်ပန်းပွင့်ကြစေသတည်း။

၁၀၊ အရှဉ့်မကြာ။ ကိုယ်ခန္ဓာကား။တရာအနှစ်။ကိုယ်၌ဖြစ် သါး။ပန်းစစ်နိုင်းလျော်။ကျေးဖူးသော်မူ။ကျူးကျော်ကုံခန်း။ကမ္ဘာ ကျွန်းလည်း။ဥဒါန်းမကျေ။လူ့မြေနတ်ရပ်။ပွဲတင်ထပ်လိမ့်။စောင့် ကြပ်စိုးကဲ။ပြည်ထဲသခင်။ရှင်ဇါ်မေးခြင်း။မင်း၏မေးတွေ့။ ချေချေ သာသာ။ ပညာ ရှိမေး။ အရေးသုံးပါး။ ကြိုက်လာညားသော်။ စကား နှုတ်မြန်။ ရုတ်လွှန် နှိုင်းချက်။ တိုင်းဆဖက်၍။ နှစ်သက် နာဘွယ်။ ရွေးခြယ် ရုံစမ်း။ ခွင့် လမ်း သိသိ။ ချောက် ထား မိအောင်။သတိဖြူစင်။ရှုဆင်ခြင်လျက်။ ရှင်တည်းဖေါက်ပြန်။မေ့ လျော့ကျန်၍။နက်ဖြန်နောင်လ။ရောက်မှကသိုလ်။ပြုလိုသည်ဖြစ်။ ရွေနှုတ်လှစ်လည်း။ ကျိုးပြစ်သိမြော်။လိုတော်ကြိုက်ရာ။ မလိုက် သာတည်း။မင်းမှာတက်သက်။ဝင်ထွက်ခစား။ မင်းယောကျ်ား တို့။စကားလျှို့ဝှက်။လွှင်မထွက်စေ။ စောင့်စည်းထွေနှင့်။ပြေပြေ ပြစ်ပြစ်။ သူ့ကျွန် ဖြစ်၍။ ညွှစ်ပစ် ခဲလေး။ အပြစ် ပေးလည်း။ အောင့်အေးခံကာ။ မျက်နှာမခြား။ရှင်မြှောက်စားလည်း။ မလွှားမ ထောင်။မန်စောင်မရစ်။အရှင်ချစ်က။ပွင့်သစ်ရောင်ဝါ။ကြာနှယ် ပင်ကို။ လူထိုထိုတို့။ မှိုခို ကြမြ၊ နှလုံးစွဲ၍။ အထဲ တပါး။ ပြင်မ ခြားတည်း။ သနားစရာ။ရွှင်မျက်နှာနှင့်။မကွာမကွေ။ ချစ်ရှိသေ လျက်။ခြေတော်စက်ကို။ ။ဦးတက်ဆင်ကြစေသတည်း။

၁၁။ မေတ္တာထပ်ရှိ။တိုင်းမသိတည့်။ ဇာတိများစွာ။သံသ ရာက။ဝါသနာဆုထူး။ ယူခဲ့ဘူး၍။ပြတ်မူးကြင်လေး။ ရေင်သွေး ချည်း။ ပည်းမျှပုံယင်။ မွှမ်းမွှမ်း ဖျင်မျှ။ ချစ်ခင်စရာ။ ဖြစ်တုံလာ သည်။သည်းချာမြားမြောင်။ သားလှမောင်တို့။မြန်ဘောင်ခန်းဝါ၊ ဤလူ့ရွာတွင်။ ချမ်းသာထင်နိုး။ရေပြည့်အိုးနှင့်။ တန်းခိုးမဲ့လျက်။

ဗိန်ညင်းဌာန်ကို။နံ့နက်လဲစင်။ မျက်ဝါးမြင်က။ ဦးတင်ကြည်ချစ်။ လက်ယာရစ်ဖြင့်။ပုဆစ်တုတ်ကွေး။ညွှတ်တုန်သေးရှင့်။ဘေးမရှိစေ။ ဘုန်းမိုး ဇွေလျှက်။ ရွှေငွေဝတ်စား။ စပါးရေဆန်။ သလွန်ညောင်စောင်း။ရိပ်ကောင်းခန်းဝါ။အိပ်ရာနေခင်း။ ဆင်မြင်းထန်းစင်။ယင်ညင်အမြတ်။ ပေးပေတတ်သည်။မိုးနတ်တမြင့်။ ထမင့်းသခင်။ ကျေးဇူးရှင်သော်။ ဘယ်လျှင်ရှောင်သွေ့။ မညွှတ်နေအံ့။ ကောင်းတေမြတ်လေး။အရှင်မွေးက။နိုင်းသွေးမသီး။ နေ့ခြင်းကြီး၍။မိုးနှုယ်လောင်ဖျက်။အရှင်မျက်က။ ပျက်ပျက်စီးစီး။ နေခြင်းပြီး၍။သီးသီးကြီလှိုင်း။ ငါမှာတိုင်းကို။ဆုံးကျိုင်းအင်ပျှို။ သားမောင်တို့လျှင်။နှစ်လိုမြဲသေ။ကျင့်နိုင်လေက။ အနေသူ့ထက်။ကျေးဇူးနက်၍။ ။တိုးတက်မြင့်ကြစေသတည်း။ ။ရာဇဝသတီခဏ္ဍာံနိဋ္ဌိတံ။

၁၂။ မင်းစေမင်းခံ။မင်းထံမင်းပါး။မင်းခစားတို့။မှတ်သားလိမ္မာ။ကျင့်စရာသား။ ဂါထာလေးဆယ်။ ချနှစ်သွယ်ကို။နာဖွယ်ချိုမြ။အကျည်းပြသည်။ ။ရာဇဝသတီခန်းတည်း။

---

ရှင်မဟာရဋ္ဌသာရဆိုသောရာဇဝသတီခန်း ၃ပုဒ်။

၁။ ဘူမိပါလ။ ရာဇိန္ဒဟု။ နရသနင်း။မင်းဟူသည်၌။ အရည်အချင်း။ အရင်းဥစ္စာ။ ပညာအမျိုး။မကိုးသာချေ။ ကမ်းခြေသစ်ပင်။ရောက်သောသွင်သို့။ပုံပြင်တူငြား။သနားတော်သာ။ လိုရာရောက်နိုင်။အပြီးတိုင်ရှင့်။ဖြိုးလှိုင်ဂုဏ်အင်။ ရှိပါချင်လည်း။အရှင်တမည်။မချစ်ကြည်က။လူရည်ညံ့ချေ။ မိတ်ဆွေပေါင်းဘက်။ မိဘလျက်လည်း။ ယွင်းကွက်နှောင့်နှေး။ မလေးမမြတ်။ ဖြစ်တို့တတ်၍။အထွန့်ရန်နှင်း။ မင်းလျှင်မွေးမြူ။ချစ်ကြည်ဖြူက။ ဗိုလ်လူတကာ။မျက်နှာပြုခြင်း။ဆိုလျှင်နာပျော်။ဝတ်သော်တင့်နိုး။တန်းခိုးတေဇ၊ ပေါက်ပြလျှံဝါ။ ကမုန်ကြာသို့။ တခါဖြစ်မြဲ။ မချွတ်လွဲသည်။ ။ဝမ်းထဲစင်းစင်းကြည်စေမင်း။

၂။ ရနိရာဇ။မိန့်တော်ဟာသါး။ နရမှန်ကင်း။မင်းနှင့်ရဟာန်း။ ထွေဆန်းတသီး။မြွေနှင့်မီးကို။မကြီးငယ်ဟု။နှလုံးပြု၍။ဂရုမထင်။ မဆန့်ကျင်နှင့်။ မမြင်ရန်မိတ်။မင်းတို့စိတ်ကား။ ငင်ချိတ်မထား။ ဆံတဖျားမျှ။ မမှားသာချေ။မှားရောက်ချေသော်။ကပ်လေမှုပြစ်။ ဖွဲ့ပြာဖြစ်မျှ။ ပြစ်ရာဝဝတ်။ပေးတို့တတ်၏။ ရေးကတ်ရာခဲ။ တပွဲ ခွင့်သိ။လိုသင့်ဘိမူ။ ခန့်ချိမြတ်လေး။အံ့ရှင်မွေးက။ နိုးဝေးအံ့ခြီး။ နေ့ခြင်းကြီး၍။ ထီးနှင့်မြောက်စည်။ လည်စလွယ်ပတ်။ ရာကြီး မြတ်၏။မင်းမတ်ခံလို။လုလင်ပျိုတို့။သည်ကိုရည်မှတ်။ မင်းလေး မြတ်အောင်။ ကျင့်ဝတ်ကုန်တွင်။ စုံစေချင်သည်။ ။ပုံပြင်ခင်း ကျင်းရှည်စေမင်း။

၃။ သုတိသာရ။ဌာရသဟု။ယောကျ်ားဥစ္စာ။ရုံမှသါလျှင်။ နရာဘုန်းတူ။ ချစ်ကြည်ဖြူ၍။ဖိုလ်လူနှတ်ပိတ်။ ကြည့်ရှုစိတ်၏။ပူ ရိက္ခတ။ကံပုပ္ပကြောင့်။သိပ္ပမရုံ။မေတ္တာထုံလည်း။ ရှက်ဆုံမပြား။ ဦတုန်ဖွားမျှ။ စိတ်ထားဝမ်းထဲ။ ရှုစိတ်ခဲစွဲ။ပေါ်ထဲရုံညီ။ သိဂ်ိဳ နှင့်နှိုင်း။တတ်ရုံလှိုင်း၍။တတ်တိုင်းရာကျ။ခွင့်သိကြလျှက်။ကာလ ကိုစာ။ ရပ်ရွာကိုမြှော်။ သူ့အဘော်ကို။ တော်ဖျော် စေလျှင်း။ ဘော်ရွေချင်းနှင့်။ ကွယ်တင်းမျက်မြင်။ ပြစ်တင်မဆို။ ဝန်တိုမ ကတ်။စိတ်မှတ်မထား။ မင်းနှားမချော။ သဘောဖြောင့်ဗိုက်။မင်း သုံးထိုက်အောင်။နှုတ်လိုက်လက်ပါ။ တတ်ပညာသည်။ ။ဥစ္စာ နှိုးရင်းတည်စေမင်း။

---

ဘုရိဒတ်ဇာတ်ပေါင်းမူမှန်၊ရာဇဝသတီခန်း
နှစ်စောင်တွဲပြီး၏။

# မင်းတရားရွှေထီးဧချင်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ စကြဝဠာ။သချာရံဝန်း။မြင့်မိုရ်ထွန်းသား။ လေးကျွန်းထိပ်မော်။ ကမ္ဘာပေါ်က။ ရှင်တော် ပွင့်ရာ။ အောင်မြေချာ၌။ ရွှေကြာငါးဆူ။ နိမိတ်မှုလျက်။ ဇမ္ဗူတိုက်နက်။ တသောင်းချက်တွင်။အနှုက်ပြောထူ။ နတ်နှင့်လူတို့။ဆုယူရိုညွတ်။ နာကျန်မှတ်လော့။စကြာလွှတ်ထွန်းထိန်။ တန်းခိုးရှိန်ဖြင့်။ ဆိုက်ချိန်ကျွန်းလုံး။ကျူးအံ့မင်းထီး။အောင်ချိန်နီးသား။ဘုန်းမီးထန်ပြင်း။ ကျော်ခေါင်မင်း၏။ သည်းတွင်းကြင်လေး။ နတ်ရှင့်သွေးကို။ဘိုးဘေးဆွေတော်။ ဆက်တိုင်းဘော်၍။ ချိုငေါ်ပြန်ထောက်။ ကျွန်ုပ်လျှောက်အံ့။ထွန်းတောက်တေဇာ။နေ့နှယ်ဝါသည်။ ။မင်းလျှာတည့်ဆေးလေး၊နားထောင်သေး။

၂။ ဘဒ္ဒကမ္ဘာ။ပေါ်ဦးခါက။နရာသဘာ။ သမ္မတလျှင်။အစမင်းဆုံး။နိုင်ငံကျူး၍။ လက်ရုံးတန်းခိုး။ မျိုးရိုးစဉ်ဆက်။ မပျက်စဉ်လာ။ ဥက္ကာကရာဇ်။ ဖြစ်တုံတသွန်။ လွန်လေ မကြွင်း။ ရှစ်သောင်းမင်းတွင်။အခြင်းသက်သေ။ပြ၍ရေမှု။သင်္ချေစကား။ ကျယ်ဝန်းလျှားခဲ့။ တရားဓမ္မ။ အသောကနှင့်။ ရင့်လှသမ္ဘာ။ဒုဋ္ဌဂါမဏိ။ဘုန်းရှိမကြွင်း။ထွန်းဝင်းစက်ရောင်။ လှုံပျံ့ဆောင်သား။ ဒွတ္တပေါင်မင်းမြတ်။ ပြူစောထွတ်တို့။ တုလွတ်သကျ။ မိန့်ခဲ့ဟာသည်။ ။မဆွတည့်လျှင်ရေး၊ဗျာဒိတ်ပေး။

၃။ စက်ရောင်ပရမေ။ဥဒါဏ်လျှောင်သွေလျက်။သရေခေတ္တ
ရာ။ပြဉ်သာယာနှင့်။ကြေညာနိုင်ငံ။စိုးမိုးန္တံသား။ ပုဂံသာထွတ်။
အရိမဒ္ဒကို။လက်ခတ်ရှေးဖျား။ ဗျာဒိတ်ထားမှ။ ဘုရားမြတ်စွာ။
ဒေသစာဖြင့်။ရောက်လှာသန့်ရှင်း၊တောင်ထိပ်နှင်း၍။ညွှတ်ခြင်း
ကော်ရော်။စိုင်သုံးဘော်အား။ မြင်တော်မူပြီး။ချွတ်ချိန်နိုး၍။ဆု
သီးမှန်ထွေ။ ဟောတုံပေ၍ရှင့်။ ရွှေမြေမြင်စိုင်း။ တောင်ရင်း
ခိုင်းလျက်။ စစ်ကိုင်းကြက်ယက်။စပ်ကာဘက်လျက်။သန်လျက်
ကမ်းခုံ။ ထိုမြစ်ဆုံဝယ်။ ရွှေဘုံတည်ရာ။ ရတနာပူရ။ထောင်ခွဲ
စသား။ပန်းယတဘန်။တည်အံ့ညွှန်သည်။ ။မြောက်စွန်တည့်
နှောင်းပေး၊မန္တလေး။

၄။ ရှင်တော်ရှင်ရင်း။ တောင်သင်းပွင့်နှင့်။ တောင်မင်း
ဘိုးဦး။တန့်ကြည့်ကူး၍။ ကျေးဇူးပြည့်ဝှန်။ ညီအာနန်ကို၊ ပြန်ခွဲ
သော့ကျိုး။ဥမျိုးမင်းဆက်။စဉ်မပျက်လျှောင်။ ထွန်းတက်တေဇာ။
နော်ရထာ၏။ ဆက်ကာမြေးသား။ တလပ်ခြားရှင့်။ တိုင်းကား
နိုင်ငံ။ပြည်ပုဂံကို။တတန်ကိုးယောက်။လွန်ပြီးမြော်မှ။တထောင်
မြင်စိုင်း။မြေခြားပိုင်း၍။ပြိုင်ခိုင်းရန်မြစ်။ ပြစ်ပြစ်လက်ငံ။ သတ်
လိုက်န္တံသော်။ မြတ်စံဆင်းရောင်။မင်းညီနောင်တွင်။ဘုန်းခေါင်
နတ်ရှင်။အငယ်လျှောင်တည့်။ တိုင်းခွင်ကျယ်ကြောင်း။မြောက်သို့
ပြောင်း၍။ ကျော်သောင်းနတ်လူ။ သီဟသူဟု။ ဆင်ဖြူလွှလွှ။
တစီးရသည်။ ။အစတည့်ဘိုးဘေး၊မျိုးတော်ရှေး။

၅။ တသောင်းသန်းချာ။ ကျွန်းသာမြရိပ်။ဇမ္ဗူဒိပ်ခွ၌။တံဆိပ်
ပြောင်ပြောင်။ ဘုန်းစက်ရောင်ဖြင့်။ ရွှေတောင်ရဝေ။ နန်းကြီး
နေသော်။သပြေသခင်။ ငါးစီးရှင်၏။ရင်ခွင်မွေးမြူး။ သွီးဘွား
က။သည်းကြားသက်မှတ်။ သုဇာနတ်သို့။ လျှံပတ်ကျော်ထင်။
မည်ပင်မရနော။ချီချပြောရှင့်။ရှင်စောမင်းလှ။ မြတ်ရှင်မ၏။ နတ်
လှအရောင်။နှစ်ရုံပြောင်သား။ဆွေမောင်လင်မြိုး။ မဟာကြီးဟု။
သားထီး ရန်နင်း။ တရုပ်မင်းလျှောင်။ အရင်းမြတ်ရိုး။ ဘိုးတော်
ဘိုးလည်း။မင်းမျိုးစင်စစ်။အမှန်ဖြစ်၏။ကျော်လှစ်ကြေညာ။ရာဇါ

သူ့ရ။ဘွားတော်ဘဟု။ရှေးကနိဒါန်း။ဆက်တိုင်းမှန်းသည်။ ။
ကြဋ္ဌန်းတည့်ချစ်မြေး၊ သွီးထွေး။

၆။ နိုးဝေးကျော်ဟုံး။တရုပ်စိုးသော်။ တန်းခိုးထွန်းညီး။ ထိုမင်းကြီး၏။ သွီးတော်စစ်။ သမက်ချစ်မူ။ ပြစ်ပြစ်ကျွန်းလုံး။ နှိုင်ငံကျုံး၍။ မင်းဆုံးနတ်သွင်။ ငါးစီးရှင်မှ။ လွန်ကြြင်မကင်း။ မြစ်တော်ရင်းတည့်။ သတင်းညာကြြ။ ထိနိ့ထိနိ့ဝေမျှ။သရေသဒ်။ သာလှအမည်။ သက်တော်ရှည်ဟု။ ကျွန်းစည်ရှစ်ရပ်။ ကျော်သံထပ်လျှက်။ ဆယ်ရပ်ကျေးခိုင်။ ဆယ်ခရိုင်ကို။စိုးပိုင်တလျှား။ လက်ရုံးထား၍။သည်းကြြားရင်သွေး။တစုဝေးရှင့်။ဘထွေးကြီးငယ်။အံ့ဘွယ်ဆင်းမြ။နှမနှင့်မောင်။ ညီနောင်ရွှေတုံး။ သားအလုံးတွင်။ကောင်းဆုံးလက္ခဏာ။ ပြင်လျာစုံအင်။တလတ်မြင်သော်။ ကျော်ထင်ထိနိ့ဟုံး။ရှင့်ချစ်ဘိုးကား။တန်းခိုးကြီးလှ။ ရှင့်ချစ်ဘ၏။သက်မျှဝေဘော်။ခမည်းတော်ဟု။မြေပေါ်မိုးအောံ။ နေ့နှယ်တောက်သည်။ ။ပြိုင်ထောက်တဥ္စမဝေး၊ဘေးတော်ဘေး။

၇။ ငယ်သွေးရောင်ထွန်း။ရွှေပုံသွန်းသို့။လွှန်းလွှန်းစက်ရှင်။ ကျွန်းခွင်ဇမ္ဗူ။နေ့နှယ်ပြူသည်။နတ်လူရိုညွှတ်။ မင်းလျာမှတ်က။ ဖွံ့ပတ်ရွှံညောင်း။ ရန်လုံးပျောင်းသော်။ အလောင်းသိုက်ဝင်။ တစီးရှင်၏။လွန်ကြြင်ချစ်သား။အလတ်ဘွားသည်။ဖြူထွားနာဂ။ ငါးစီးရလျှင်။ဒီပကျွန်းလုံး။ချုပ်လေဆုံးမှ။ လက်ရုံးမြောက်မြား။ တကောင်းစားသား။ တရားသတိုး။ ဘေးတော်ဘိုးတုံ။ မျိုးရိုးဆက်ကာ။ဧကရာဇ်ဟု။ရတနာပူရ။ပြည်အင်းဝ၌။နန်းမကွန်းပြေံ။ ဘုံသာဆောက်၍။ ထွန်းတောက်ဘုန်းလျှံ။ဘိသိက်ခံသည်။ ။ ကျုံကျုံတည့်ရိုက်ကြွေး၊မြွောက်သန္ဓေး။

၈။ ဘုန်းတေဇဖြင့်။ မွေ့သတိုး။ ဘေးတော်ဘိုးလျှင်။ တန်းခိုးစက်ရှင်။ လက်ရုံးအင်ဖြင့်။ ဝန်းကျင်ရန်မြစ်။ လင်းလင်းလှစ်လျှက်။ ဗုလစ်သွန်းသွန်း။ ရွှေဘုံနန်းထက်။ ကြဋ္ဌန်းစောထီး။ စံလေပြီးမူ။ မြေကြီးစောင်းပင်း။ ဘဝင်ချင်းမျှ။ အရင်းယောံဖ။

မှုနေသရသါး။တွင်ထမဥ္သာ။မင်းကြီးစွါဟု။ဆက်ကါရွှေမှော်။ သိုက်ဝင်လျောက်ဖြင့်။ ချီးမြှောက်နတ်လူ။ ရှိညွှတ်မူလျှက်။ဇမ္ဗူ မဏ္ဍိုင်။ကျွန်းလုံးပိုင်ရှင့်။ ဆွယ်ပြိုင်မဲ့ရေး။ ဘေးတော်ဘေး၏။ ရင်သွေးသည်းကြား။ တရဖျားလျှင်။ ဖြန့်လွှားထီးဖြူ။ ဘရာယူ သည်။ ။ရန်သူတည့်နှိုးဝေး၊ ရွှံ့တုပ်ကွေး။

၉။ ဘဝဂ်ဆူလှိုက်။ ကျွန်းတတိုက်တွင်။စဉ်ရိုက်ကောင်း ပင်။မြတ်ခြင်းစင်သား။နတ်ရှင်ဘေးလောင်း။ဘိုးတော်ကောင်း တို့။နန်းကြောင်းပွင့်ရိုး။ သိုက်ဝင်မျိုးဟု။ ဇန်းခိုး၄နှ်တက်။စဉ်မ ပျက်တည့်။ နန်းထက်စကြာ။ ထီးဖြူကာသား။ ကြေညာထွတ် ထား။တရဖျားတုံ။ဂုဏ်လျှားမမြဲ။ဘုန်းရှိန်စဲကာ။ အံ့ဖွဲ့ပြိုင်ဘော်။ ဘက်မမြော်သား။ ဘေးတော်ရန်နှင်း။ကျော်ခေါင်မင်း၏။ အ ရင်းဦးရိုး။ မင်းခေါင်ကြီးလျှင်။ ဝေနိုးတိုင်းခန်း၊ချုပ်သိမ်းမြန်း ကာ။ မော်ယွန်းသံတောင်။အုန်းဘောင်မိုးညှင်း။ မကြွင်းဥသာ။ ညွှတ်လါပည်းလှိုင်။ဥကင်ဆိုင်က။ခရိုင်သင်းကွဲ။နိုင်ငံတွဲသည်။ ။ မကွဲတည့်ခွန်ပေး၊ တိုင်းခွင်ကျေး။

၁၀။ ကျွန်းလုံးဇမ္ဗူ။ထိန့်ထိန့်ဆူမျှ။စည်သူကျော်ထင်။မည် ပင်လွှန်ခြင်း။ ဘေးတော်မင်း၏။ ဘရင်းစောထီး။ စည်သူကြီး နှင့်။ သမီးယောက်ဖ။ ရင်းချာလှပဟု။ ဇွေးကခုအောင်။ ဥဒါန်း ဆောင်သား။ မင်းခေါင်နေမျိုး။ ဘိုးတော်ဘိုးလျှင်။ ဖြူမိုး ဖြန့် လျှက်။ရွှေနန်းတက်က။ ခွန်ဆက်တိုင်းကား။မြောက်တလွှားကို။ ညီအားချစ်ထွေ။ပိုင်းခြားဝေ၍ရှင့်။ ပရမေတုလွှတ်။ စောသိဒ္ဓတ် တုံ။ဝန်းပတ်အားခွန်။ရန်စောင်မာန်ဖြင့်။ ပုန်ကန်ကျွန်းဘောက်။ ပြိုင်ဆွယ်ထေဲလည်း။ရန်သောက်မာတင်။ ဓွဲဆင်မည်သာ။ ရဲမြတ်စွာနှင့်။ မကြာထိုပွဲ။ အောင်ဆုံးစဲမူ။ မင်းရဲကျော်စွာ။ သားမင်းလျာလျှင်။ကြေညာနိုင်ငံ။မှုထမ်းနွံသည်။ ။ရွှာချို့ တည့်တိုင်းကျေး၊ကျယ်လှဝေး။

၁၁။ သပြေဟူသား။ ဇမ္ဗူကျွန်းခွင်။တသောင်းပြင်၌။စက် ရှင်ထွန်းညီး။လက်ရုံးမိုးဖြင့်။ဝေနိုးအံ့ဖွဲ့။တုလွှတ်ကဲလျှက်။မင်း

ရဲကျော်စွာ။ မည်သာပျှံပျူး။ ဘေးတော်ဦးလျှင်။ ပဲကူးဥသာ။ အကြေရှာကို။တေဇာလွှမ်းမိုး။နွံလေထိုးက။ တန်းခိုးရောင်လျှံ။ ဘုန်းရှိန်စံမှ။နိုင်ငံကျယ်လှ။မြန်ဒီပတွင်။ရှေးကဘေးကြီး။ တစီးသခင်။ငါးစီးဂျင်မူ။ ပုံပြင်ဆွယ်တူ။ ရွှေနန်းယူသား။သိခ်ီသူမင်းမြတ်။ဘေးတော်လတ်လည်း။ဝန်းပတ်ကျော်ထင်။ဆင်ဖြူဂျင်ဟု။ ကျွန်းခွင်ဇမ္ဗူ။ရိုက်ထိန့်သုသည်။ ။ရန်သူတည့်နွံဧး၊ချစ်တင်းပေး။

၁၂။ ရာဇာဓိက။ရှိန်တေဇဖြင့်။ ရင့်လှဘိုးဘေး။ သားမြေးစဥ်ဆက်။ စပ်ကာဘက်လျှင်။ သရက်မင်းရိုး။ ဂျင်ပင့်မျိုးတွင်။ ထိန့်ဟိုးကျော်ဇုန်။ နှောင်းဆုံးစွန်ဥ္။တန်းခွန်တဆူ။ ဆဒ္ဒန်ဖြူနှင့်။ ဇမ္ဗူကျွန်းလုံး။နိုင်ငံကျုံးက။ကြေသုံးဥသာ။ တောင်လကျာမှ။ စကြာထီးစင်း။တုတ်ခွန်သွင်းက။သေဠနင်းနတ်သွင်။ ဆင်ဖြူဂျင်၏။လွှန်ကြင်မျိုးနွယ်။ အရွယ်ဖွံ့ထွတ်။ နှိုင်းဆွယ်လွတ်သား။မိုးနတ်ပုံတု။ ဂျင်စောပုကို။ပြောထုမိုလ်ပါ။ စစ်အင်္ဂါနှင့်။ ရာဇာဓိရာဇ်။ပို့သလစ်ဂျင့်။ဂျင်ချစ်ဘိုးဝယ်။စေါဘ့်မယ်လျှင်။ဘုန်းကြွယ်မင်းစစ်။ကြီးဆုံးဖြစ်၍။ ဧုလစ်ဥကင်။ လကျာတင်သည်။ ။ လွှန်ကြင်တည့်ဂျင့်ဘေး၊ဘက်ဝေးဝေး။

၁၃။ အဆက်အဆက်။ ရွှေနန်းထက်တွင်။ ဘဝဂ်ကျော်သောင်း။ မြေကြီးစောင်းမျှ။ အလောင်းစောထီး။ သိုက်ဝင်ပြီးသော်။တစီးသခင်။ ငါးစီးဂျင်နှင့်။နွယ်ပင်မြစ်ရင်း။ ခင်းခဲ့သောလျှောက်။ထွန်းတောက်တန်းခိုး။တကောင်းစိုးသား။သတိုးမင်းဖျား။လက်ရုံးထားလျက်။ ဂျည်လျှားကြာမြင့်။ တေဇာပွင့်၍။နှင်လွှင့်ရန်လှေး။စင်အောင်ဆေးမှ။ နီးဝေးတိုင်းခန်း။ ရွှေဝနန်းကို။သိမ်းမြန်းဆက်ကာ။မင်းကြီးစွာလျှင်။ရင်းချာမြေးသား။ အဂျည်ပွားဂျင့်။ဖြန့်လွှားထီးဖြူ။မင်းဆုံးမူ၍။ရန်သူကြောက်ဖြင်။ ထိုနတ်ဂျင်၏။လွှန်ကြင်တူရင်း။စည်သူမင်းကား။ ထွန်းဝင်းစက်ရောင်။နေ့နှယ် ပြောင်သည်။ ။မြတ်ခေါင်တည့်မှတ်သေး၊ ဂျင့်ဘဘေး။

၁၄။ လျှံပြောင်မြို့တော၊ကြက်သရေနှင့်။ ပရမေတန်းခိုး။ ရန်
ညွှန့်ချိုးက။ နေမျိုးနတ်ရှင်၊ ရှင့်ဘခင်၏။ လွန်ကြွင်ဘေးရင်း။ စည်
သူမင်းကား။ ထွန်းဝင်းတေဇာ။ မင်းကြီးစွာမှ။ သည်းချာသား
ထီး။ မင်းခေါင်ကြီးလျှင်။ ဝေးနီးအုပ်ဆောင်။ ရိပ်ဖြူထောင်က။
ရွှေတောင်နန်းလယ်။ တင့်စံပယ်လျက်။ နတ်ဆွယ်စံဘော်။ မြော်
သားတော်ဟု။ ထင်ပေါ်ကြားသွံ့။ ကျွန်းလုံးနှံ့မျှ။ ချီးအံ့လူနတ်။
မေတ္တာညွတ်ရှင့်။ တမွတ်လည်းထား။ မွေးသည့်သားမှု။ မပြား
မည်တူ။ မင်းစည်သူနှင့်။ စည်သူကျော်ထင်။ မည်တော်တွင်၍။
တိုင်းခွင် တောင်ငူ။ မင်းထီးမူက။ ဇမ္ဗူ ထီးဆောင်း။ ငှံ့တင်
ခြောင်းသည်။ ။အလောင်းတည့်ရှင့်ဘေး၊မှန်လှသေး။
၁၅။ ဘုန်းတန်းခိုးဖြင့်။ စိုးတံ့ရှင့်ဘေး။ နီးဝေးရွာလက်။
သိမ်းမြန်းလျက်တည့်။ တိုင်းနက်တောင်ငူ။ မင်းထီးမူကား။ ဆင်
ဖြူယာဉ်ကြီး။ တစီးသခင်။ ငါးစီးရှင်မှ။ နွယ်ပင်မြစ်ရင်း။ အရိုး
ကြွင်းဟု။ မိုးညင်းအုပ်စိုး။ ဘေးသတိုးမှ။ နေမျိုးအခြာ။ မင်းကျော်
စွာနှင့်။ နရာဝရ။ အမိတ္တက၊ မင်းမှမင်းသား။ မင်းတရားလည်း။
ညာထားတောင်တင်။ ရှစ်သောင်းရှင်၏။ လွန်ကြွင်သားချင်း။ ညီ
မရင်းကို။ ဆောံနှင်းဘွဲ့တပ်။ ဆွေမျိုးထပ်ရှင့်။ ကြေရပ်ဥသာ။
ရွှေမှာဇင်းမယ်။ ထားဝယ်မကြွင်း။ မိုးညင်းသိဘော။ ဖြင်ပေါ
အုန်းဘောင်။ လက်ဆောင်ပို့လှောက်။ ဆက်လာရောက်သည်။ ။
ရှုံကြောက်တည့်ညွတ်ကွေး၊ချစ်မြတ်လေး။
၁၆။ ရန်လုံးကြောက်ဇေး။ လက်ဝါးပေးမှ။ နီးဝေးဇမ္ဗူ။ မည်
ခေါ်ဟူသော်။ စည်သူကျော်ထင်။ ရှင့်ဘေးခင်၏။ လွန်ကြွင်သဉ်း
ကြား။ မွေးသည့်သားလည်း။ နှစ်ပါးနှမ။ မြတ်လှမောင်ရင်း။ စည်
သူမင်းနှင့်။ သတင်းကျော်ချောက်။ ထိုသုံးယောံတွင်။ စံမြောက်
လက္ခဏာ။ ပြင်လျှါတမွတ်။ နိုင်းတုလွတ်သါး။ ထွတ်ထွတ်ကြက်
သရေ။ မြို့တောခေါ်လျက်။ မင်းလှညက်ဟု။ ရွှေစက်ရှင်ရှင်။ လျှပ်
သွင်ညီး၊ရွှန်း။ မြရည်သွန်းသို့။ တကျွန်းမြန်ခွင်။ မျက်ချစ်စင်၏။
ယင်းသျှင်ရှင့်ဘွား။ ရှစ်သောင်းဖျားနှင့်။ တရားပြည့်ဖြိုး။ ရှင့်ချစ်

ဘိုးလျှင်။နေမျိုးသီဟာ။ရှင့်ချစ်ဘကို။တောင့်တကြည်ဖြူ။တောင်း
ဆုယူသည်။ ။နှတ်လုတည့်မြတ်လေး၊ပိုက်သိမ်းမွေး။
၁၇။ ဇမ္ဗူဒိပါ။ ကျွန်းသာတိုက်လုံး။ နိုင်ငံကျုံးသော်။ မင်း
သုံးနတ်သွင်။ငါးစီးရှင်ကါး။လွန်ကြင်မြေးမြစ်။အရင်းဖြစ်သော်။
တလှစ်ကြေညာ။ သခ်ယာဟု။ မည်သာကျော်ထင်။ ရှင့်ဘိုးခင်
နှင့်။လွန်ကြင်မြတ်လေး။ဘွါးတော်မွေးသော်။တသွေးညီနှောင်။
မောင်ကားသုံးယောက်။ ထွန်းတောက်ကြက်သရေ။ မြူတေ
ဆင်းမြ။မြတ်နှမလည်း။ သက်မှုဝေချစ်။နှစ်ပါးဖြစ်၍။ဘုန်းသစ်
ထွန်းပြောင်။သားကုန်အောင်တွင်။အခေါင်ထွတ်တင်။ ရှေးဖျား
မြင်သည့်။အသွင်တင့်လှ။ ရှင့်ချစ်ဘကား။ချိုချစက်ခြေ။အောက်
မြေဘဝါး။ ရွရွသွားက။ အများနတ်လူ။ တိုက်လုံးဆူမှု။ဇမ္ဗူဦး
စွန်း။ ပွင့်အံ့မှန်းသည်။ ။ကြဌန်းတည့်သွေးသွေး၊ မှတ်ကြ
တွေး။
၁၈။ ပရမေလျှံပြောင်။ စက်ဘုန်းရောင်ဖြင့်။ အခေါင်တု
လွတ်။ဇာတိမြတ်၍။လူနတ်အပုံ။မေတ္တာယုံက။ကြင်စုံမက်မော။
မျက်ချည်ပြောမှု။ ဖြူစောသဘွယ်။ အရွယ်ရောင်ဆင်း။ရှင့်ဘ
မင်းကို။သေဌနင်းစောထီး။ ရှင့်ဘေးကြီးနှင့်။ ဝေးနီးကြေညာ။
သခ်ယာဟု။ မည်သာကျော်ဟိုး။ရှင့်ချစ်ဘိုးလည်း။တန်းခိုးကြီး
ဝါး။တပွတ်ထားလျက်။ငါ့သားရန်ငှ။တန်းခိုးမြူးဟု။ ကျေးဇူးမိုး
မြင့်။မြင့်မိုရ်ဆင့်သို့။ တို့ရှင့်မျိုးပုံ။ စံတုံရမည်။ မှတ်တော်ရည်
ရှင့်။စံတည်ပုံသွေး။ ဘိုးဘေးမူလ။ကျင့်စာရနှင့်။ ထွန်းပလက်
ရုံး။အောင်မှုကျုံး၍။ပြည်လုံးတောင်ငှ။ဘရာယူသည်။ ။ထိန့်
ဆုတည့်နိုးဝေး၊ပွဲ့တင်ကြေး။
၁၉။ တန်ခိုးတေဇာ။ဘုန်းသမ္ဘါနှင့်။ကြေညာတောင်မြေ့။
ထိန့်ထိန့် ချောက်မှု။ ပြိုင်ထောက်ရန်မြစ်။ နှတ်ပစ် ထွားထွား။
လက်ရုံးအားဖြင့်။ရပ်ခြားတောင်ငှ။လက်နက်မူက။ ရန်သူကြေ
ညာ။ဂိုရာရာကို။ဘွေ့ရှာရိပ်မဲ။ရှင့်ဘခွဲသော်။ရေလွှဲသင်းခိုင်။ငါး
ခရိုင်နှင့်။ပည်းလှိုင်ခွန်အား။ ပဲကူးသားလည်း။ ကြေထွားပျက်ချို။

ညက်ညက်နှံ့ရှင့်။ မင်းဝံ အနောက်။ ပြည်တလျှောက်ဝယ်။ ရွှံ့ကြောက်ညွတ်ခ။ ဆက်စာသလျက်။ လက်ဆ ပျောင်းပျောင်း။ ဝပ်ဝပ်ညောင်း၏။ တောအောင်းစေခိုင်း။ ရှမ်းရိုင်းကချင်။ ပြေးဝင်မှိခို။ တေါင်မြင့်မိုရ်သို့။ လူမိုလ်ပြောထု။ သက်နှံ့ပြုသော်။ ကေတုမတိ။ ခေါ်ညီရွှေပြည်။ မြို့ကြီးတည့်မှု။ စက်ခြည့်ထွန်းပြောင်။ မင်းကျော်ခေါင်ဟု။ ရွှေတောင်ကွန်းပြောက်။ ဘုံသာဆောက်၍။ လက်မြှောက်အိန္ဒရှင်။ ကျူးအံ့ယင်သည်။ ။ရည်ထင်တည့် မှတ်တွေး၊တနွေးနွေး။

၂၀။ ခပ်သိမ်းဒိသာ။ မျက်နှာ ဆယ်မည်။ ကျော်သံရည် ဖြင့်။ ပြိုင်မည်မဝံ့။ အလွှံ့ရန်မျိုး။ ဝပ်ဝပ်ကျိုးလျက်။ တန်းခိုးတေဇော်။ ကျွန်းလုံးပေါ်သား။ ဘေးတော်လွန်ပြီး။ ရှင့်ဘိုးကြီးလျှင်။ မင်းထီးလည်းမူ။ ဆက်ကာယူသော်။ တောင်ငူ ဒီပ။ ရပ်ဒေသကို။ ရှင့်ဘနှောင်းဆုံး။ နိုင်ငံကျုံး၍။ လက်ရုံးထွန်းပြောင်။ ရပ်သီးထောင်က။ ကျော်ခေါင်မည်သာ။ မဟာသိရိ။ ကိတ္တိဇေယ။ စေ သူရဟု။ ခေါ်ထပညာပ်။ မည်သာတပ်ရှင့်။ ကြေရပ်ဥသာ၊ ဇင်း မယ်ရွှာနှင့်။ ရတနာပူရ။ အင်းဝသေဠ်နင်း။ ဇမ္ဗူမင်းလည်း။ ချစ် ခြင်းကော်ရော်။ နှမတော်ကို။ မျိုးဘော်ဆွေဆက်။ မပျက်စိမ့် ရေး။ ထိမ်းမြားပေးလျက်။ ကံကျွေးဆင့်လှောက်။ လက်မြှောက် စည်သာ။ မင်းတန်းဆာတိ။ ကိရိယာငါးပါး။ ယပ်မားသရဘူ။ ထီးဖြူမကြွင်း။ ပို့သနှင်းသည့်။ ။ဆင်မြင်းတည့်မရွေး၊ ထပ်ကာ ပေး။

၂၁။ ရှိုးရှိုးရွှန်းလျှင်။ မြင့်သွန်း ရွှေတောင်။ ယုဂန်ခေါင်မှ။ ပြောင်ပြောင်ထွန်းဝင်း။ ကျွန်းလုံးချင်းသား။ ထန်ပြင်းတေဇာ။ သူ ရိယာသို့။ ပမာတုလွတ်။ ဘေးတမွတ်၏။ သည်းပွတ်ရင်သွေး။ နှောင်းဆုံးမွေးသည့်။ ရင်သွေးပွင့်လောင်း။ နားတော်ညောင်း လော့။ အကြောင်းမကျန်။ ကျွန်ုပ်ပြန်အံ့။ ဆဒ္ဒန်ရတနာ။ ယာဥ်သာ သခင်။ ငါးစီးရှင်တို့။ ဝန်းကျင်ရန်မြစ်။ လှစ်ခဲ့သောကျိုး။ ဆွေစဉ် မျိုးဝယ်။ သတိုးခမ္မ။ လွန်ပြီးမှတည့်။ ယောက်ဖရင်းချာ။ မင်း

ကြီးစွာလျှင်။ အရာဇမ္ဗူ။နှောင်းဆုံးယူ၍။ ထို့တူမယှဉ်း။ ထုံးစံ
ခင်းလျက်။ရှင်ရင်းရန်လှစ်။ရှင့်ဘချစ်ကား။စုလစ်သွန်းသွန်း။ နန်း
လည်းဆောက်မည်။အသင့်ရည်၍။ ရွှေပြည်ကေတု။ မြို့သစ်ပြု
ရှင့်။ပျော်မှုသစ်ဌာန်။ကြာအင်းကန်ကို။ ပန်းမာလ်စေ့ရုံ။ စေ့ပျိုး
တုံသည်။ ။ကြာငုံတည့်ပေါ်ထွေး၊ရေဖွေးဖွေး။

၂၂။ ပတ်ကုံး ကျွန်းစည်။ မြန့်ပြည်တောင်မြောက်။ ထိန့်
ထိန့်ချောံမှု။ပြိုင်ထောက်လက်ချ။ရေစာဝ၍။ ဇေယရန်အောင်။
တံခိုပ်ဆောင်သား။ ကျော်ခေါင်ရန်နင်း။ရှင့်ဘမင်းကား။ ဆင်
မြင်းစစ်ပါ။ အင်္ဂါလေးမည်။ သိမ်းဆည်းသည့်နှင့်။ ဆယ်ပြည်
ထုတ်ချင်း။စက်ခြေနင်းက။သုံးစင်းထီးဖြူ။သရဘူသင်းကျစ်။ရွှေ
စစ်သိင်္ဂါ။လည်မှာယပ်မား။ တရားကြည့်ရှု။မင်းမှုကျန်လျော်။
နားတော်လျှောက်က။ထွန်းတောက်အသရေ။ ကောင်းကင်နေ
သို့။ပရမေရှိန်စော်။ နေနှယ်ပေါ်လျက်။ ဘွားတော်မူစုံ။နတ်လု
အုံ၍။အလွှံခွန်လှောင်း။ကျောက်ပန်းတောင်းပြင်စည်။ တွဲကြည့်
မြင်းကား။သက်ပန်းသားတို့။ဘုန်းအားရှင့်ဘ။ကံကျွေးရသည်။ ။
ငြိမ်းလှတည့်ရန်ဘေး၊မနှောင့်နှေး။

၂၃။ ရတုသုံးထွေ။ တတွေတွေလျှင်။ သန်ခွေမခန့်။ မတန့်
ဆွာချောင်း။မြစ်ပေါင်းလောင်းနှင့်။ ခပေါင်းခရိုင်။ စိုးပိုင်တရိုး။
တို့ဝပ်ကျိုးမှ။သိန္ဓူမောင်ကြွင်း။ ကရင်ရှမ်းတော။ ရွာမိုင်းမော
က။ ဖြင်ပေါလက်ဆောင်။ယုန်ပြောင်ချေဆတ်။ဈောက်ပွတ်ထု
လေ။ရစ်ပေဌက်နီ။စုံစီမြင်းကောင်း။ပျားဘယောင်းတိ။ ကြေး
မောင်းကြေးစည်။ ဈေးတည်ဆက်ကြိုက်။ ရှစ်တိုက်နီးဝေး။
ပြည်ရေးရွာမှ။တခုမကြွင်း။ ပြီးစီးလျှင်းဟု။ ဝင်းဝင်းရွှန်းရွှန်း။
စက်ရောင်ထွန်းလျက်။ရိုက်ဖြန်းအိုင်အိုင်။ ထစ်ခရိုင်တိ။ ငွေစိုင်
ငွေခဲ။နတ်တို့ကြဲ၍။အုံ့အဲဘွယ်သာ။ရတနာမိုးကြီး။ရွာဆုံးပြီး
မှ။ရွှေထီးစကြာ။ ဖြန့်မိုးကာလျက်။ စည်သာမရိုး။ စိန်တံပိုးနှင့်။
ရိုက်ကြိုးလက်မြှောက်။ ထိန့်ချောက်ပွဲတင်။ သံလွင်ကျူးဖျား။
ရှင့်ကိုဘွားသည်။ ။ချစ်အားတည့်ကြင်လေး၊နတ်ရှင်သွေး။

၂၄။ လက်ရုံးထိန်ညီး။ စက်ရှင်စီးသော်။ ဘုန်းမီးထန်ပြင်း။ စကြာမင်းနှင့်။ရင့်ခြင်းသဏ္ဍာ။ ဘုရားလျှာကို။ ဘွားကာစံတူ။နိမိတ်မှုသား။နတ်လူရှိချစ်။သက္ကရာဇ်ကား။ဖြစ်တုံရှစ်ရာ။ သတ္တာသတ္တ။နှစ်ကလည်းကျန်။ကဆုန်ဂိမ္ဟာန်။ယာဥ်ပြန်ဥတ္တရ။ ဆုတ်စတရက်။လက်ကားခနေ့။လွှတ်မှုဘီလာ။ သုံးခါနေဝင်။စက်ခွင်မကျူး။ဗုဒ္ဓဟူး၌။ရောင်မြူးစေ့ချဉ်း။စဉ်းကားတူမှာ။ တိတျာဒုတ်ထပ်။ရပ်မှာမိသဲ။အခေါင်ပ၍။ဘောမကုန်မှာ။ ဗုဓသောကြာ။ပြိုသမကွေ့။ကသစ်နေ၏။ သောရေမြို့ဿာ။ ဇိဌါမေရုန်။ ပြင်းဟုန်သုရိန်။ထိန်ထိန်ကရကန့်။မှတ်လော့တညီ။ဆဲ့လေးပြိုသား။ တိထိနက္ခတ်။ ကြွင်းမှတ် ငါးဆယ်။ ပျော်ဘွယ် ကြွေ့ကြွေ့။ ရောင်မြွေကွန့်မြူး။ တိုင်ဦး တိုင်လယ်။ လက်စဉ်းရွယ်မှ။ တင့်တယ်ကျူးပြိုင်။ ခုနစ်ဆိုင်နှင့်။ မဏ္ဍိုလ်ထိပ်စွန်း။ ဝင်းဝင်းထွန်းလျက်။ ကြဋ္ဌန်းဘွင့်ရာ။ ကြိုက်စွာအဟုတ်။ ကောင်းလှစက်ဟု။ ကျမ်းထုတ်ခဲအခင်။ ဟောနည်းဖြင်သည်။ ။ဗေဒင်တည့်နက်လေး၊လွန်ဆွေးနွေး။

၂၅။ သည်လရောဇာ။ မည့်သာထူးလည်။မွန်းတိစည်သား။လေပြည်ဖြည်းညှင်း။တောအင်ကြင်း၌။ ပွင့်လင်းတရေး။ သုံးလူ့ဖျားကို။ထွားထွားကြက်သရေ။ မြုတေထွန်းထင်။ မယ်တော်ဘြင်လျှင်။စုံအင်လက္ခဏာ။ ဘွားသော့ခါဝယ်။ နှစ်ဖြာကြဋ္ဌန်း။ရေစင်ဖျန်းလျက်။ဝေးလွန်းမြဲပဗ္ဗာ။သုဒ္ဓါဝါသ။ စသည်တလျှဉ်။အစဉ်နတ်လူ။ ခံသော့တူဖြင့်။ ရောင်ဖြူ ညွှံ့သက်။ ဘိုးနဂ်တုကင်း။ပိတ်သလင်းနှင့်။ လျှင်ပြင်းခံထောက်။ ဝမ်းမြောက်ဆွတ်ဆွတ်။ လည့်တွင်ဝတ်မှ။မြင့်ထွတ်တိမ်ဦး။ သွယ်ဖြူးကုဋေ။ဝေပုလတွင်။ဇောတမဏိ။ လျှံညီတခဲ။ရဲရဲပျံ့သွား။ပဏ္ဍုမြားသို့။ တရားသိပာ။ ရှင့်ချစ်ဘလည်း။ ချစ်လှပြင်းဇွန်။ သက်ထက်လွန်၍။ ရပ်စွန်ပြည်နား။တိုင်းကားပတ်ကုံး။သိမ်းကျုံးစိမ့်ဌာ။ မှိုသလာသည်။ ။ကြေညာတည့် ရွှံ့ဇေး၊စစ်ရန်လှေး။

၂၆။ ဆက်လွန် ဇရေးနှောင်း။ မကြွားတောင်းတည့်။ အလောင်းတသျှ။ ကြီးထူနိမိတ်။ တိတ်ဩဘာနှင့်။ ဇာတာကိန်းခန်း။မှန်းတုံခါသင့်။ နေ့နှယ်ပွင့်က။ မိုးမြင့်ဘုံထိ။ မင်းနေမိသို့။ ဇာတိမြတ်လှ။ရှင့်ချစ်ဘကား။ ဇရေးကဝယ်ပစ်။ ကျွန်တော်စစ်၏။သားချစ်သွီး။မကြီးရွှယ်ပျို။ ဖြူညိုပျောင်းထွတ်။ မွတ်ရရွတ်ကို။ကြည်ညွတ်သာရွှင်။ မြင်းဆင်ကျေးကျွန်။ကဲလွန်ပေးလှော်။ ခွက်ယောက်လင်ပန်း။ အစုံမှန်းမှ။ ကြဌနိုးဘွင့်ရာ။ ဥပရာဇ္ဓိ။ မကွာတာရှည်။ နိုးဖွံ့သည်ဟု။ မှတ်ရည်ခြားနား။ ထွေးတော်သားကို။ဘဝါးစက်အောက်။ လက်အုပ်မြှောက်၍။ တယောက်မကျန်။ အပြန်ပြန်လျှင်။ ကဲလွန်ဆုယူ။ မေတ္တာမူဖြင့်။ သိမ်းယူပိုက်ထုပ်။အုပ်စိမ့်သော့အား။မတ်မယားနှင့်။ လှထွားထွန်းညီး။ မင်းသွီးတည့်။ထွေပြီးများဌနှံ့။ နိုဗ္ဗိခန့်၍။ဘုန်းညွန့်ရှည်ကြောင်း။ ပေးထည့်လောင်းသည်။ ။ရက်ကောင်းတည့်မေးမေး၊ နံစံရွေး။

၂၇။ အခန်းတကြွယ်။ အုံ့အဲဘွယ်လျှင်။ ရောင်နွယ်ထွန်းတောက်။တောင်မြေခံညီးညီး။ လျှပ်ခန့်မိုးနှင့်။ရိုက်တီးကောင်းကင်။ဖြူစင်ရေခဲ။ရှောင်းရှောင်းကြဲလျက်။ကျော်သဲနတ်လူ။ဘွားတော်မူက။ ဇမ္ဗူပွင့်ရန်။ သည်လျှင်မှန်ဟု။ ရွှေစွန်တိုင်းကား။ မိုင်းညောင်းစားလည်း။ ဘုန်းအားပြွမ်းပြွမ်း။တထောင်ရှမ်းနှင့်။ ကျွမ်းတစုပုံ။ပြေးဝင်တုံရှင့်။ပြည့်စုံခပ်သိမ်း။ချမ်းငြိမ်းမတ။ ရှင့်ချစ်ဘကား။ဒေသရပ်သာ။ရှစ်မျက်နှာကို။ငါနှင့်ငါ့သား။ နှစ်ပါးလက်ရုံး။ရန်နှောင့်တုံးသို့။ပတ်ကုံးကျွန်းစည်။ လှည့်လည်သဲကြိ။ မှတ်တော်သံ၍။ မင်းစံရောင်မောင်း။မတောင်းတို့မူ။ ရွှေထီးဖြူသို့။သစ်ထူချက်ချက်။ ရွှေပုခက်၌။ စုံမက်လွန်ကြင်။ ပျံ့ပျူးတင်မှ။ ကျော်ထင်ကြေညာ။ ဥပရာဟု။မည်သာရွှေထီး။ တပွတ်ချီးသည်။ ။မင်းကြီးတည့်ရှင့်သွေး၊ ဘိုးတော်မြေး။

၂၈။ နေဝန်းစကြာ။ ဥပရာဟု။ မည်သာရွှေထီး။ တပွတ်ချီးက။ပြောင်ကြီးယာဉ်ကျော်။ရန်အောင်သော်လည်း။ ထံတော်မ

ကင်း။ ရှင့်ဘမင်းကား။ ထွန်းဝင်း ဘုန်းသစ်။ ငါ့သားချစ်ဟု။ ကောင်းနှစ်မြူတော။ ရွှေချက်ကြွေကာ။ရွှေမြေထိပ်မှာ။ နန်းတော်သာ၍။ လွှားကာလေးလှုံ။ အောက်ထက်ရံမှ။ ကျုံကျုံ ရွတ်မန်း။ ကျမ်းဂန်မှန်း၍။ ဂဏန်းဟူးရား။သမားထက်ကြပ်။ အထပ်ထပ် တိ။နှီးကပ်ကောင်းသည့်။ မည်ရည် မြောက်မြား။ မတ်မယား နှင့်။ပိုက်ဖြားစေရ။ထိန်းယကျွန်ရင်း။ အားလုံးနှင်း၍။ ဆင်မြင်း ယာဥ်သာ။ရတနာကျိုကြာ။ရှိသမျှကို။ သီဟာကြဋ္ဌန်း။ပေးပြဋ္ဌာန်း လျက်။ထက်ဝန်းတိုင်းကား။ရည်မှတ်ထားသည်။ ။ကိုယ်စား တည့်မှတ်တွေး၊ နေခင်ဘွဲ့ရေး။

၂၉။ အရေးအရာ။ နောက်မှာဘေးရန်။ ခပ်သိမ်းဝန်ကို။ မ လှန်တိမ်မြူပ်။တန်းခိုးချုပ်မှ။ စိုးအုပ်တကွင်း။ ပြည့်ထောင်ချင်း တွင်။ယွန်းမင်းမြတ်လေး။ပေးသည့်ထီးဖြူ။ မှန်ကင်းယူ၍။ သရ ဘူလည်မှာ။ တန်းဆာ ပြောင်ပြောင်။ ဘုန်းခေါင် ထွန်းပ။ နေ ရောင်ပြလည်း။ ရှေးကမင်းဆက်။ နန်းထက်ဘွယ်ရာ။ မင်္ဂလာ ဖြင့်။သိင်္ဂါရဝေ။နန်းရွှေမြေ၌။ သာထွေအမွန်။ ရွှေသလွန်ထက်။ ရောင်ဝှန်မင်းစံ။ရွှေပြားခံမှ။ ကျောက်သံမျက်ကောင်း။ ထောင် သောင်းပြိုးတိ။မဏိစိခင်း။ဝင်းရရွှင်း၌။မယွင်းနတ်ဝယ်။ ရွှင်စံ ပယ်သော်။ အံ့ဘွယ်ဆန်းပြား။ နတ်ရှင့်သားကို။ ငါးပါးပဥ္စင်။ ဒိန့်ရှင်လက်မြှောက်။ တံပိုးကောက်နှင့်။ ရှစ်ယောက် တောင် ဌေး။သားမွေးဘိနပ်။သင်းကျပ်အစုံ။ ရွှေဘုံနန်းမြင့်။ ပွင့်ချိန့်သင့် ၍။ရှိုက်ဆင့်ဒိန့်ရှင်။ သံတင်တံပိုး။ ရကြိုးဒုန်းမင်း။ ခရုသင်းနှင့်။ ခွက်ခွင်းလက်မြှောက်။ပိုးစုန်းကြောက်မျှ။ ထွန်းတော်ကြက်သ ရေ။ပရမေဖြင့်။ သပြေညွှန့်လန်း။ ရေသဗန်းထက်။ ရွှန်းရွှန်း တေဇာ။မင်္ဂလာတံခိပ်။ဘိသိက်ရေကြည်။သွန်းအံ့ရည်သည်။ ။ ရှစ်မည်တည့်နှီးဝေး၊ ပန်းနှယ်မွေး။

၃၀။ အထွေအထွေ။ ပြန်၍ရေမူ။ ရွှေတွေ ငွေအုပ်။ စိစဉ် ချုပ်သော်။ထောင်ထုပ်သောင်းသိန်း။တွက်ကိန်းကုဋေ။သင်္ချေ အထု။မြေနှယ်စု၍။ ပျော်မှုဆန်းပြား။ဖျဉ်းကရားနှင့်။ အလားရွှေ

ခံ။မင်းစံရောင်မောင်း။ ကွမ်းလောင်းစလင့်။ နိမ့်မြင့်လက်တင်။ ဗွေစင်မြူတာ။ ဗွေကြာဗွေဖူး။ ဆန်းထူး ကလပ်။ ပန်းကပ်ကွမ်းအိုး။ကွမ်းထိုးကွမ်းခွက်။ ကိုးမည်မျက်တည့်။ ရောင်ချက်ရတနာ။တရာနှားရေး။ ဇွေးဇွေးမောင်းမှျ။ ရနောယသို့။ သိဂ်ရောင်ထွန်း။ ဗွေလင်ပန်းလည်း။ ကြဌန်း နတ်ရှင်။ ရှင့်ဘခင်ခွဲ။ ပုံယင်ဘုန်းအား။ပြည့်စုံများ၍။ ခြားနားသိအောင်။ အကြောင်းဆောင်သော်။ပြည်ခေါင်နန္ဒာ။ထူပြောလှ၏။ ကိစ္စမင်းခမ်း။စံမြဲတမ်းခွဲ။ နိန္နမ်းဗွေဝါ။ စိမ်းပြာဖြူထွတ်။ မျက်ဝတ်နားဒွောင်း။ ဗွေပေါင်းစလွယ်။ကိုးသွယ်စီမြောင်။ ကျောခံတိပြောင်လျှက်။ ဗွေတောင်နန်းလယ်။စံဘုန်းကြွယ်သည့်။ ။ရောင်နွယ်တည့်တွေးတွေး၊ ထွန်းရှိန်ပြေး။

၃၁။ အစိတ်အစေ။ဥပဒေဖြင့်။ ပရမေတန်းခိုး။ လူ့ထိပ်မိုးသား။နေမျိုးနတ်ရှင်။ရှင့်ဘခင်၏။ထွန်းထင်တောက်ပ။ ရှိန်တေဇဖြင့်။ရှေးကမင်းဟောင်း။မစီးတောင်းတည့်။ ဗွေပေါင်းဗွေကာ။ ဗွေထီးစသည်။ သိဂ်ရောင်ထင်။ ဗွေထမ်းစင်လည်း။ မျက်ရှင်ကောင်းဖျား။ ပတ္တမြားနှင့်။ ပြယားနီလာ။ မသာရကလ်။ ပြည်တန်စိန်ကြောင်။ ဝင်းဝင်းပြောင်မှ။ စိမြောင်ပတ်ပတ်။ ဇောတိရသ်တိ။လျှံပတ်ကောင်းကင်။လောဟိတင်သို့။ ဆင်တုံညီးညီး။ နေနှင့်မီးသို့။မှောင်ကြီးကင်းပျောက်။လင်းလင်းတောက်ရှင့်။ အံ့လောက်မနိုင်။ ဗွေစိုင်ငွေသင်။ ငွေအင်ငွေဖျဉ်း။ စေ့ချဉ်းကျစ်လစ်။အိုးပြစ်ငွေဖြူ။ ကြီးထူဘောင်းကန်။ စဉ္စအိုးတန်က။ ရွက်သန်ငွေကျော။ တုမဲ့မောသည်။ ။ဖြင်ပြောတည့်ဖွေးဖွေး၊ တွေးရရွေး။

၃၂။ ဖြင်ပြော ကုဋေ။ သဠေ့ ပြည့်စုံ။ တောင်နှုယ် ပုံမှျ။ ကြွယ်ပုံမင်းခမ်း။ပြည့်စုံချမ်းဟု။ ချီးမွမ်းကြားလျှောက်။ ပြန်ပြီးမြောက်မူ။မီးပေါက်လက်နက်။သိကြားစက်နှင့်။ မင်းထွက်မင်းဝင်။မော်ကွန်းတင်သား။ပွဲတင်ရိုက်ခြောင်း။နာရီမောင်းလည်း။ သံညောင်းရင့်ပိုက်။ဆယ်တန်ကြိုက်လျှက်။ ကျူးရိုက်အားအိုင်။

ဘဝဂ်တိုင်၍။နိုင်းပြိုင်မတု။ကျွန်းဇမ္ဗူဝယ်။ဆင်ဖြူမာတင်။ဆယ်စီးသွင်ဖြင့်။ ဝန်းကျင်ရန်လုံး။ ကြောက်ရွံ့ချုံးမျှ။ ပတ်ကုံးတိုင်းကား။တခြားရပ်ခွင်။ ဝန်းကျင်မှိုရို။ ရှင့်ဘကိုလျှင်။ ချစ်လိုပန်းကြီး။ ရပ်ဝေးနီးက။ သွီးမြင်းဆင်။ ခပ်သိမ်းအင်တိ။ ရွှေစင်ငွေသောင်း။ ခွန်လောင်းကျေးမက်။ နှစ်တိုင်းဆက်သည်။ ။နေ့ရက်တည့်မရွေး၊တချွေးချွေး။

၃၃။ ဧကရာဇာ။ မည်သာခေါ်လစ်။ သီဟရာဇ်ဟု။ ဘုန်းသစ်ထွန်းပြောင်။ရနောသောင်လျက်။ဘွဲ့ဟောင်နန်းသာ။ ကျွန်းသိင်္ဂါထက်။စကြာထီးဖြူ။ မှန်ကင်းထူ၍။ဇမ္ဗူတတိုက်။ စိုးအုပ်ထိုက်သား။ရောင်မြိုက်ဖွံ့ထွား။ နတ်ရှင့်သားကို။ ကြောင်းလျှားသဘော။ ကျွန်ုပ်ပြောအံ့။ ကျော်စောမြောက်တောင်။ စောင်းထောင်မိုးမြေ။ ထိန့်ထိန့်ဝေမျှ။ သရေ ခေတ္တရာ။ ကြေဥသာနှင့်။အညာအင်းဝ။ ကျွန်းဒီပလည်း။ ခွန်သမပြတ်။ သန္တာန်လွတ်ရှင့်။မန္တာတ်သည်းချာ။ရတနာသို့။ မင်းလျှာရှင့်ကို။ မြင်လတ်လိုသော်။ လူဗိုလ် ဗှန်ထိတ်။ ကောင်းကင်ဟိတ်ဖြင့်။ နိမိတ်ကြီးချည်း။သဘောနည်းတိ။ တော်လည်းငလျင်။ မင်းလွင်မြူးလေ။ မိုးစဲ်းကြီးရွာသည်။ ။တထွေတည့်ချမ်းဧး၊ရေကြည်မွှေး။

၃၄။ တတိုက်ထိပ်ချာ။ မြသာရွှမ်းရွှမ်း။ စိမ်းရောင်လွှမ်းသား။ကျွန်းဗှမ်းဇမ္ဗူ။ဒိပ်။ဘဝဂ်ထိပ်မျှ။တဆိပ်မကြွင်း။ ရန်ခပင်းကို။နှိပ်နင်းအောင်သည့်။ ကျော်ခေါင်ရှင့်ဘ။သုံးစွဲမသား။ ရာဇဗာဟု။နိုင်းတုမဲ့ပြီ။ နတ်ဇော်ဂိသို့။သူရဿတိနှုံ့ပြား။ နှိုးဆော်ထား၍။စိတ်ဖြားသိမြင်။ဗေဒင်ထုံးနည်း။ ဖြင်ပည်းမလွတ်။သွတ်ဖြို့ဟတ်တိ။ ဘတ်သင်ဟောရိုး။ မြှူးမြှူးပြည့်စုံ။ တတ်ကုံနည်းနာ။ကြီးပညာဖြင့်။ ရတနာသားတော်။ ဆင်ဖြူကျော်နှင့်။ တေဇော်ထန်ပြင်း။တကျွန်းမင်း၏။သည်းတွင်းရင်နှစ်။သွီးချစ်ကို။သလစ်ထံမှာ။ရောက်လရာဟု။မင်းမှာမင်းရေး။ ရောထွေးပုဏ္ဏားမေတ္တာပြားက။ ဘုရားတဆူ။နတ်လူညွတ်ကြည်။ မဟိန်ထေရ်ဟု။ မြန့်ပြည့်ထင်ကျော်။ ဆရာတော်လည်း။ နှမော် ဗျာဒိတ်။

ဖြတ်သောစိတ်ဖြင့်။ နိမိတ် ကောင်းအောင်။ ဘိသိက် ဆောင်
သည်။ ။ကျော်ခေါင်တည့်မင်းသွေး၊သားတော်ထွေး။

၃၅။ ခပ်သိမ်းမကြွင်း။ဇမ္ဗူနှင်း၍။ဝင်းဝင်းတေဇော်။ ထွန်း
ပြီးသော်မူ။ဘိုးတော်မဟာ။သခ်ယာနှင့်။ရာဇာဒိပ္ပ။ ဘွားတော်
စသား။ပြီးမျှအုတ်တွေ့။ မင်းဆွေစိုးမျိုး။မှူးရိုးမတ်သား။ ကျေး
စားထီးဆောင်း။ မေတ္တာလောင်းသည်။ တသောင်းစကြဝဠာ။
သဉ္ဇာထုတ်ချောက်။လက်ရုံးတောက်သား။ အံ့လောက်တေဇ။
ရှင့်ချစ်ဘကား။သိဂ်ရည်ရှင်။ရှင့်ဘိုးခင်၏။ ရောင်ထင်ပြိုးပြက်။
ရွှေပုံခက်ကို။ညောင်ရွက်လှုလှု။ရွှေခြုံသဲသဲ။ ရွှေပန်းဆွဲလျက်။ပု
လဲမြဆိုင်း။ တမွတ်တိုင်းဖြင့်။ ရွှေကိုင်းချိတ်ကွေး။ ရွှေတံပြေးမှ။
ရွှေရေးရုပ်မွန်။ လည်ပြန်ခြသေ့။ ကောက်ကွေ့နဂါး။ ယန္တရား
တွင်။လေးပါးဘီလူး။ဆန်းတထူးလျှင်။ ရွှေရှုံးတင့်ယောင်။တန်း
ဆောင်ရွှေတိုင်။ သန်လျက်ကိုင်နှင့်။ ရန်နိုင်အင်းကွက်။ မိတာန်
ကြက်သည်။ ။နှောင့်ရှက်တည့်မင်းရေး၊စင်အောင်ဆေး။

၃၆။ အဓိပတိ။ ဘုန်းရှိအခေါင်။ ရနေသဆောင်လျက်။ ရွှေ
တောင်ဗိမာန်။လေသွန်တံခါး။ သွားသွားလှစ်ဘွင့်။ ရိပ်ဖြူလွင့်၍။
ရိုက်ဆင့်အိန္ဒြရှင်။သံလွင်လက်မြောက်။ တန်းခိုးလျှောက်သော်။
ပြိုင်ထောက်နီးဝေး။နတ်ရှင့်သွေးကို။ကုပ်ကွေးရှိခိုး။ ညွတ်ကျိုး
သံညင်း။နားတော်သွင်းအံ့။ ထွန်းဝင်းတေဇော်။ ခမည်းတော်
ကား။မွေးသော်မွေးကျိုး။သားဘုန်းပြိုးဟု။ကဲမိုးချစ်ခြင်း။ ပြည်
လုံးနှင်းလျက်။ ခြေကျင်းလက်ကောက်။ မင်းတို့လျှောက်ဖြင့်။ပျံ
မြောက်ကောင်းကင်။မျက်ရှင်ပတ္တမြား။ပြယားနီလာ။ ရတနာစိ
ရစ်။ပုလဲနှစ်နှင့်။ နတ်စစ်သဏ္ဍာန်။ သိကြားဟန်သို့။ မတန်ပြိုင်
ဆွယ်။ ဆင်ဘွယ်ဘွယ်ကို။ ကျင့်နွယ်ဇေးတီး။မင်းရေးမြိုး၍။ရွှေ
ထီးရွှေစည်။ငါးမည်တန်းဆာ။ ကိရိယာတည့်။ စုံစွာပေးထပ်။
စောင့်စည်းတပ်မှ။ ဆယ်ရပ်ကြားကျော်။ သက်တော် တရာ။
နန်းသိင်္ဂါထက်။ အဆက်မင်းရိုး။စိုးစိမ့်အခေါင်။ ရှင့်ဘဆောင်

၍။ကြောက်ယောင်ဘေးရန်။ဆုတ်လေပြန်သည်။ ။ပြင်းထန်တည့်လွှဲပြေး၊အထွေးထွေး။

၃၇။ အဆက်အဆက်။ ရွှေနန်းထက်တွင်။ ရောင်ချက်ရတနာ။ ဖြန့်ကာလူလူ။ ဆဒ္ဒန်ဖြူနှင့်။ ဇမ္ဗူ မြောက်တောင်။ အုပ်စိုးဆောင်သော်။ဘုန်းခေါင်တသွန်။လွန်လေမင်းရှေး။ ဘေးတော်ဘေးမှ။ကျော်သွေးထိန့်ဟိုး။ ဘေးတော်ဘိုးလျှင်။မင်းရိုးမှန်လှ။ ဘေးတော်ဘလည်း။ ထိုကန္တယ်ပင်။ မင်းရိုးဝင်၍။ ကျော်ထင်စည်သူ။ဘေးတော်မူကား။ဇမ္ဗူရိုက်ခြောင်း။ မြေကြီးစေါင်းမျှ။ ဘိုးကောင်းမင်းဖျား။ ချစ်ဘွားမင်းပင်။ ဘခင် ရန်နင်း။ ဇကျော်ခေါင်မင်းမူ။ ထန်ပြင်းတေဇ။စောသူရဟု။ လက်ချရှစ်ရပ်။လန့်ဖျပ်ကြောက်ညည်း။မြေကြီးကျည်းမျှ။စိုးလည်းစိုးချင်း။ မကြွင်းသတ်နှံ့။မြို့ခံမြို့ထိုး။ ရန်မျိုးတလွှား။သူ့ရှင့်သားကို။ ထွားထွားအောင်မြင်။ ဖြိုလိုက်နှင်လျက်။ တိုင်းခွင်တောင်ငူ။ မင်းထီးမူ၍။ နတ်လူရင်နှစ်။ ရှင့်ကိုချစ်သည့်။ ။ရန်လှစ်တည့်နှောင်းမွေး၊စဥ်မဝေး။

၃၈။ အထပ်ထပ်လျှင်။ထက်ကြပ်မကွာ။ ဘယ်ညာစောင့်စည်း။အပည်းပည်းတိ။ငယ်ချည်းတခြား။ တလတ်ချားလည်း။ တပါးသင်းသီး။ လုလင်ကြီးမှူး။ ထွေပြိုးတသွန်။ အတန်တန်တိ။ လှည့်ဘန်မည့်။ပတ်ကျန်းရံမှ။ ကျုံကျုံသောင်းသောင်း။ သံဆင့်လှောင်း၍။ သံညောင်းသံညှံ့။ သံပျုံသံဖေး။အချင်းပေးလျက်။ သံလေးသံအိုင်။သံပြိုင်သံချို။ရှင့်ကိုကျူးပေ။ နားဝင်စေလျက်။ပရမေထွန်းထင်။ရှင့်ဘခင်လျှင်။ စိရင်ချင့်တွက်။ ကြံမပျက်တည့်။ ဘွားဘက်ထောင်ပြည့်။ ရွေးချယ်တည့်လျက်။ ရှင်၏ဘေးဘိုး။ မျိုးရိုးကြောင်းစ။ပြန်လျှောက်ရရှင့်။ထိန်းယမကြွင်း။ သင်းပင်းမလွတ်။မှူးမတ်ကျေးစား။ပုဏ္ဏားရှင်လူ။မေတ္တာမူလျက်။ ဦးဦးကြွေးကြော်။ပျော်ကြောင်းဖျော်သည်။ ။စက်တော်တည့်မှေးမှေး၊ခေါ်ဘိသေး။

၃၉။ မင်္ဂလာတိုင်ဖူး။ယုဂန်ဦးက။ကွန့်မြူးတထောင်။ရောင်

ခြည်ဆောင်လျက်။တိမ်တောင်စက်ထဲ။ ဝက်ဝက်ခွဲ၍။ရဲရဲရွှန်း
မော်။နေဝန်းပေါ်သို့။ အံ့အော်မနိုင်။ ကျေးဖူးစိုင်တိ။ စံပြိုင်နှုန်း
ကာင်း။ရာထီးစင်းတို့။ ဆက်သွင်းလက်ဆောင်။ ဘုန်းစက်ရောင်
နှင့်။တောင်ငှမည်သီး။ရွှေပြည်ကြီးကို။ ရွှေထီးဖြန့်ပိုက်။ရှစ်စင်း
စိုက်လျက်။သောင်းတိုက်ရှည်ချိန်။ တာဝတိန်ဝယ်။ဒေဝိန္ဒရာဇ်။
ရှေ့စစ်ညွှတ်တွား။ သိကြားရည်တူ။ ဆင်ဖြူသခင်။နတ်ရှင်ရင်
သွေး။စိန်လေးနှိုင်းချင်း။ ဘောက်ထွင်းရွှေဉာဏ်။ ဂုဏ်ဖြင့်လွှန်
သား။ တသွန်မြေပေါ်။ မမြော်ပြိုင်ကင်း။ တို့ထိပ်နင်းအား။ ရစ်
ကွင်းမျက်စုံ။ရွှေကြေးမုံသို့။ အာရုံစကျွ။ရှုစိမ့်သော၄ာ။ ချိုသာ
သာသာသည်။ ။ဤစာတပင်ရွှေထီး၊ဧးချင်းတည်း။

မင်းတရားရွှေထီးဧးချင်းပြီး၏။

## မင်းတရားမယ်တော်ချောင်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ မဟာရနိန္ဒ။ ပဥ္စမာရဇိန်။ ဥာဏ်ရောင်ထိန်သား။ သိရိန်ရခတ်။သုံးလူ့ထွန်းကို။ပြောင်ပတ်စက်ခြည်။ ရွှန်းရွှန်းလည်မျှ။ဘုန်းစည်မြတ်ဖျား။ဘုရားငါးမဥ်။တည်လရာသား။ ကမ္ဘာရွှေကျွန်း။ပေါ်လထွန်းက။ကြွှန်းဖြစ်စ။သမ္မတတို့။ရှေးကလွန်လေ။ထွက်ရမေသါ။မင်းတကာဝယ်။အာဏာဖြန့်ချို့။တုမရှိသား။သိရိတရိဘဝနာဒိတျါပဝရ။ လောကမှန်ကျူ။နေတဆူသို့။ဆင်ပြူသခင်။နတ်ရှင်သည်းကြွား။မင်းတရား၏။ထွန်းငြားရင်ခွင်။မျက်နှာမြင်က။ ရုပ်သွင်လက္ခဏာ။ ပြူပြာရောင်ညီး။ မိဘုန်းကြီးနှင့်။ရွှေထီးရွှေစဥ်။ရွှေပြည်တောင်ငူ။သိမ်းယူစိုးအုပ်။ ရန်မျိုးချုပ်သား။တုန်လှုပ်နတ်လူ။သိဟာသူဟု။ ကျိုက်ဆုကျော်လှစ်။ ဇေကရာဇ်၏။ရင်နှစ်ဘုရား။တရားသတိုး။နေမျိုးပြည့်ရှင်။ဆွေလင်မခြား။ မင်းနှစ်ပါး လျှင်။ ဆပွါး လွန်ကြင်။ ရှင်ကို မြင်က။ သာရွှင် ပျော်ကြောင်း။သံချိုလောင်း၍။ သံညောင်းသာဝန်။ ကျူးပြေန်အံ့။ တံခွန်ထွန်းထား။မင်းတရားမယ်။ ဥမျိုးနွယ်သည်။ ။ဘုန်းကြွယ်တည့်ငြိမ့်လေး။နာဘိသေး။ ။

၂။ ဓာတိကမ္ဘာ။ဘုန်းစကြာနှင့်။ရတနာမြို့တော်။ လှံပျံစေ၍။ပရမေထွန်းခေါင်။ဗွတ္တာပေါင်လျှင်။တည်ထောင်ခဲ့ပြီး။ တသီးသသံစံ။ပြည်ပုဂံခ္ခ။မောင်နှံမခြား။နေနဂါးလင်။မြင့်ဖျားမြရောင်။

မလည့်တောင်ဝယ်။အိမ်ထောင်ပျော်မွေ့။ဆယ်လစေ့၍။ လွှေ့လွှေ့ပြုထွား။ဥမြတ်ဘွားက။ တရားရန်နင်း။ပျိုမင်းဖြစ်စ။လေးနတ်သနှင့်။ ကြိုးလှ၄ကိဆင်။ အောင်မြင်ဝက်ထီး။သတ်ခဲ့ပြီးမှ။ ဖြန့်ချီးဗိုလ်ပါ။စောနရာကို။မျှားစွာပုံယင်။ ရွှေနန်းတင်၍။ ရေစင်ဖျန်းသပ်။ဘိသိက်ထပ်က။တွားဝပ်ကြောက်ညည်း။အပြည်ပြည်က။ပတ်လည်မကြွင်း။ လက်နက်သွင်းသည်။ ။ပျံ့ရွှင်းတည့်ရစ်ထွေး၊နွယ်မဝေး။ ။

၃။ ဖိနာပဝရ။ သုံးလူ့ဘလျှင်။ ဆန်ကြွစကြာ။ ဒေသစာဖြင့်။ ရောက်လှာနင်းနှိပ်။ သင်းပွင်းထိပ်ထက်။ တံဆိပ်ရွှေစက်။ရပ်တန့်သက်သော်။စုံမက်သဒ္ဒါ။ကြည်စွာခပ္ပါး။မြတ်ဘုရားကို။သုံးပါးစိုင်မင်း။ညီနောင်ချင်းတို့။လျှင်ပြင်းဖူးမြော်။ ချိုဖြင့်ကော်၍။ပူဇော်ကြဲမြောက်။မြေပေါက်ပေါက်ဖြင့်။ မျက်မှောက်ခဏ။ဗျာဒိတ်ရ၏။ ဘဝလဲ့ကြွေ။ လွန်ခဲ့ပေသော်။ ပရမေထွန်းလစ်။မင်းတိဖြစ်သား။ ထောင်သစ်မြင်ဗိုင်း။ သိုက်တိုင်းမယွင်း။လူ့ထိပ်နင်း၏။ မျိုးရင်းဇာကန်။ စင်စစ်မှန်သား။ ယမန်သရော်။ ၄င်ဘေး တော်လျှင်။ တိမ်ပေါ် နင်းကြွ။ ပြောင်ပြူ လွနင့်။ အင်းဝထောင်မည်။ခန့်တွက်ရည်၍။ကြိုစည်စည်တွင်။သိကြားသင်မှ။ရပ်ထင်ထူးလည်။ပန်းယတည်က။ ရွှေပြည်ရွှေနန်း။ ပြောင်ရွှန်းရွှေသာ။ရတနာစည်းခံ။ ပြီးတုံနေ့ခြင်း။သမိုက်လျှင်းသည်။ ။ရန်နင်းတည့်၄င်ဘေး၊ကျော်နံ့မွှေး။ ။

၄။ မြတ်စွာသှာဘိ။တူမရှိသည်။ တစိ့းသခင်။မည်တော်တွင်သါး။ထွန့်တင်ဘုန်းကြီး။လူ့ရပ်ငြိုး၍။ကြွချီးနတ်ပြည်။တာဝတည့်ဝယ်။ကျင်လည်လေမြောက်။ ထွန်းတောက်သမ္ဘာ။ဥဇနာလျှင်။ ဘရာ ကျင်းတျင်း။ လက်နက် သွင်းက။ ရန်နင်း စောလောင်း။ ခုနစ်ကျောင်းကို။သိန်းသောင်းမိုးစီးမြေ။ကုဋေထက်ဝန်း။ရေစက်သွန်း၍။ ကြဌနိးဘုန်းဗှန်။ လူပြီး ထွန်မှ။ တံခွန်ထွန်ကဲ။ချီးအုံ့အဲသား။မင်းရဲကျော်စွာ။ စောနရာလျှင်။ မဟာကေသရ။ချစ်စွမရဲ။ပုလဲတမှူး။ရိုက်ကြူးမုန်ခေါ်။ ဥဇဖါသထာ။သန်ပြင်

စွာနှင့်။ရတနာယာည့်ကျော်။မြင်းစိုင်လျော်က။မြို့တော်ပန်းယ။
လောကသခင်။စောနတ်ရှင်သည်။ ။ရန်ပင်တည့်ကြောက်ဧ၊
ဆက်နွယ်ရေး။ ။

၅။ ရတနာယာဉ်ကြီး။ငါးစီးသခင်။လူ့ခွင်ပျော်ညောင်း။
နတ်ပြည်ပြောင်းက။နန်းလောင်းပွင့်လျှာ။ ပဝရာဟု။သည်းချာ
ရင်နှစ်။သိဟာရာဇာ်ကိုယ်စား။ သားသုံးပါးလျှင်။ဖြန့်လွှားထီးဖြူ။ဥ
ကင်ထူမှ။ သိမ်းယူဌာန။နတ်ရပ်ကြွသော်။ အင်းဝဟူသည်။ရွှေ
ပြည်သန်လျက်။ ကျွန်းထိပ်ထက်၌။ မြတ်ဆက်နွယ်မျိုး။ သတိုး
မင်းများ။တည်ထားခဲ့မြောက်။ နတ်ဘုံရောက်မှ။ ကျော်ချောက်
ကြေညာ။မင်းကြီးစွာဟု။ တေဇာ ပြင်းလှ။မိုဃ်းနေလသို့။လွှလွှ
ရောင်ဖြူ။ပစ္စူမိုးကြက်။မင်းရိုးဆက်လျက်။ နန်းထွက်နန်းဝင်။သံ
လွင်လက်မြှောက်။နန်းချင်းကောက်၍။ ထွန်းတောက်သါသနာ။
မင်းစကြာသို့။ကြေညာပွင့်လင်း။တန်ခိုးပြင်းသည်။ ။သိတင်း
တည့်နှီးဝေး၊ကျော်ရိုက်ဧ။ ။

၆။ ဇာတိပဝရ။ ထွန်းပတေဇာ။ မင်းကြီးစွာ၏။ ရတနာ
လက်ရုံး။ ရွှေတုံးတမွတ်။ သားတော်လတ်ဟု။ မြတ်ထွဋ်ဆင်း
ရောင်။ ဘေးမင်း ခေါင်သျှင်။ စက်ရောင် ထွန်းသစ်။ရိပ်ဖြူလှစ်
သော်။ရင်နှစ်ဇာတိ။ငယ်မောဘိသား။ စံတိဆင်းရှယ်။ စောဘို့
မယ်နှင့်။ နန်းလယ် တိမ်ပြင်။ ဘုံဥကင်၌။ ရေစင်ဖျန်းသပ်။ဘိ
သိက်ထပ်က။ ရှစ်ရပ်မျက်နှာ။ ဘုန်းတေဇာဖြင့်။ ရောက်လာမ
ကြွင်း။မိုးညှင်းကလေး။ ရှမ်းကျေးတသွန်။ နောက်မွန်အုံးပေါင်။
ကုန်အောင်တလျှောက်။ ယောက်စောက်ညောင်ရွှေ။ အကြေပဲ
ကျုး။ကထူးကန်စက်၊သက်ပြက်ခေါးဝယ်။ ယူလှယ်မနိုင်။ရွှေစိုင်
ငွေလျက်။ခွန်တော်ဆက်သည်။ ။တုဘက်တည့်လွှန်ရေး၊မ
မြင်သေး။ ။

၇။ တေဇာ စက်ရောင်။ ရန်မျိုး လောင်သား။ မင်းခေါင်
ရင်သွေး။ ပန်းနွယ်မွေးသည်။ နှီးဝေးဖွဲ့ချီး။ မြတ်ဘုန်းကြီးကား။
ဆင်စီးမြင်းနှင်။ လေးငင်လှံကွန်း။ ခြင်သေ့အန်သို့။ တတ်ပွန်ကာ

လွှား။ရွှေခါးသန်လျက်။လက်နက်သိပ္ပ။ ဗြာရသကို။ လေ့လကျင်
ဘိ။အခေါင်ထိ၍။ဇာတိသရောဇ်။ သက်ဆယ်နှစ်က။ ပယ်လှစ်
ရန်ပွဲ။တွေ့တိုင်းခဲသည့်။ မင်းရဲကျော်စွာ။ ဥပရာလျှင်။ ကလျာမြို့
တော။တိဟိတ်နေသား၊ ပရမေထိပ်မိုး။ဥမျိုးမှန်စင်။တန်ဆောင်း
ရှင်နှင့်။ ဆွတ်ကြွင်ကြည်ချစ်။ ဒါလီရစ်မှ။ ထွန်းသစ်ထင်ပေါ်။
လွှမ်းကျော်ဝေးနီး။ရှင်ဘေးကြီးကို။ သင်းသီးတခြား။ ဒိမ်ရွှေ
ထားက။ဝန်းလျားစကြာဝဠာ။ရပ်မျက်နှာ၌။ရတနာတပွတ်။ဘုန်း
တော်လွှတ်သည်။ ။ရှိညွှတ်တည့်တုန်ဇ၊ပျပ်ဝပ်ကွေး။ ။

ဂ။ ရတနာစာချ။ပုံသွန်းပြုသို့။ မျက်ရှုထွန်ထား။ မင်းတ
ရားမယ်။ချစ်ဘွယ်ဇာတိ။ရွှေနားချိလော။အရိမဒ္ဒနာ။ပြည်မြတ်စွာ
၌။စက်ဝါရောင်ညီး။ပျူစောထီးဟု။ဘုန်းကြီးနန်းရိုး။ နေမင်းမျိုး
ဝယ်။တန်ခိုးထွန်းပေါ်။မင်းရဲကျော်၏။ညီတော်နောင်မြင်။ ဆင်
ဖြူရှင်လျှင်။လူ့ခွင်ပျော်ပြီး။နတ်ပြည်မှီးသော်။ ငါးစီးသခင်။ လည်
တွင်ရစ်ဆွဲ။ ကြူးရိုက်လွဲသား။ရဲရဲလက္ခဏာ။ မိုဃ်းသူဇာသို့။က
လျာငါးမည်။ရွှေအိမ်သည်နှင့်။ကြင်လည်ခွေရစ်။မျိုးချင်းဖြစ်၍။
ရင်နှစ်သည်းချား။သား၏သားတော်။မြေပေါ်တိမ်းစောင်း။ နန်း
ကြောင်းမှန်ကင်း။ဆက်ပြန်လျှင်းသား။မိုးညင်းသတို့။ဘိုးတော်
ဘိုးလျှင်။တန်ခိုးစက်မီး။ဘုန်းတော်ကြီးသည်။ ။ဝေးနီးတည့်
ရန်မြေး၊ရွှံ့လန့်ပြေး။ ။

ဇ။ နရ ထိပ်မိုး။ ဘဘုန်း ဖြိုးကား။ သတိုး နတ်ရှင်။ ရန်
အောင်သင်က။နန်းခွင်ပျော်လွန်။နတ်ခြောက်တန်သို့။ ဗိမာန်လွဲ
ခြောက်။ထွန်းတောက်ကျယ်စွာ။ဥပရာလျှင်။ ရိုက်ရာသိမ်းမြန်း။
ကြည်းရှင်တွန်း၍။ထက်စွန်းဝေယန်။ စံလေပြန်သော်။ကျော်ဇုန်
တော၏။မိုဃ်းပြင်လသို့။နရပတိ။ ခေါင်ထိမှန်ကင်း။ နတ်ရှင်မင်း
ကို။ကြီးခြင်းခွန်အား။များသည်ဗိုလ်ပါ။တရပ်လာ၍။ ဘယ်ညာ
ရှေ့နောက်။ တောင်မြောက်မမြင်။ အသင်္ချေယျ။ သုံးလူ့ဘကို။
ပြင်းပြခြိမ်းချောက်။ မာရ်မင်းရောက်သို့။ ထုတ်ချောက်မဝေး။
တို့သို့ပေးဟု။ မနှေးလျှင်ပြင်း။ တောင်းလတ်လျှင်းက။ ရန်နင်း

ဘုန်းဂုဏ်။ မင်း၏မာန်ဖြင့်။ မကျန် တျင်းတျင်း။ သတ်လိုက်လျှင်း သည်။ ။မကြွင်းတည့်ရန်မြေး၊စင်အောင်ဆေး။ ။

၁၀။ ရတနာကိုးမည်။ ပတ်ကုံးလည်၍။ ရောင်ခြည်ညီး ရွန်း။ ပြောင်ပြောင် ထွန်းသား။ ဦးစွန်းထွန်ထား။ မင်းတရား မယ်။အံ့ဘွယ်သရော။ရွှေနားနာလော့။ သမ္ဘာရင့်ဖြိုး။ ရန်ညွန့်ချိုး သား။သတိုးသည်းချား။မြတ်နှစ်ပါးတွင်။တရားနရပတိ။ ဘုန်း ရှိထွန်တင်။ တေဇ အင်ဖြင့်။ မင်းစင် ငါးဆက်။ မြင့်လှ လျက် တည့်။သရက်ပင်ကြီး။ မသီးလိုထွေ။ နေဘိလေသော်။ သံချေ မိန့်မြွက်။ မျက်တော်ထွက်က။ လူ့ထက်ကြောက်လှ။ နတ်ရှုကွ လျှင်။ သွန်းချသီတာ။ ဘုန်းအာဏာဖြင့်။ လျင်စွာဖန်ပေ။ သီးရ လေ၏။တထွေတလာ။ရက်မချာလျှင်။ ထွက်လှာရေပြင်း။ကျန်း ကျင်းနစ်ပြွမ်း။တင်းပြည့်လျှမ်းလည်း။နက်ဂှမ်း ပရမေ။တန်လေ စေဟု။မိန့်ထွေတွတ်တွတ်။ကြိမ်လုံးခတ်က။ လွတ်လွတ်ချော ကျ။မကြာရတည့်။တေဇတက်ဖြိုး။ဘိုးတော်ဘိုးကား။ တန်ခိုး အာဏာ။ဘုန်းစကြာသည်။ ။ကြေညာတည့်ကြောက်၍၊လက် အုပ်ပေး။ ။

၁၁။ အခေါင်မြူတေ။ လက်ရုံးရွှေဖြင့်။ပရမေတန်ခိုး။စက် မိုးယံကြိုးသို့။နန်းရိုးနရပတိ။ သီရိတုလ။စုံကြွသာရွှင်။အတူပင် တည့်။ဆေလင်လက်ရှက်။ စစ်ကိုင်းဘက်၌။ ရွှေညက်ရဲရဲ။ရွှေခဲ ပြောင်ပြောင်။ဝိဂန်လောင်မျှ။ရွှေတောင်ပမာ။ ရတနာကိုးမည်။ ရောင်ခြည်တောက်ဟုံ။ ထူပါရုံဟု။ ကမ်းသုံရေနား။ သိကြားပြ ညွှန်း။မြေဦးစွန်း၌။ကြဌန်းဆွေစုံ။တည်ခဲ့တုံမှ။ လုံခြုံမကြွင်း။ ရသ့ တစင်းကို။နှိပ်နင်းပိုင်သ။နရိန္ဒလျှင်။နန်းမအလယ်။ဘုန်းကြွယ်နေ လ။ကွန့်မြူးပသို့။နရပတိ။ ခေါင်ထိဂျော်မွှေး။ မယ်တော်ဘေး ကား။ နီးဝေးပတ်ကုံး။ လက်နက်ကျုံးသည်။ ။အားလုံးတည့် ခွန်ပေး၊ဇမ္ဗူကျေး။ ။

၁၂။ ဘုန်းခေါင် ထိသည်။ နရပတိ ယောက်ဘာ။ တုလ မော်ချစ်။ တက်သစ်တေဇ။ ပြောင် ပြောင် ပသား။ လောက

ထွန့်ကဲ။မင်းရဲ့ကျော်စွာ။သာယာဝတီ။သိင်္ဂနန်းမြင့်။ ရိပ်ဖြူဖွင့်၏။ ကျော်ဆင့်လွန်ဘိ။ နရပတိသည်းချား။ တရားရန်ငူး။ သားတော်ဦးကား။ထွန်းမြူးတေဇာ။ကျွန်းလက်ယာဝယ်။ စကြာဖြန့်မိုး။ဘရာဇိုး၏။ ဥမျိုးလူ့ထွန့်။ ညီတော်လတ်ကား။ ဥက္ကာ္ဌသီရိ။ စင်ကြယ်ဘိသား။ထွန်းညီထွန့်တင်။ တန်ဆောင်းရှင့်မြေး။နတ်ရှင်သွေးနှင့်။မြတ်လေးအင်တက်။မျိုးချင်းရှက်၍။အုတ်ကျက်ဖြန့်ပွါး။ပြည်ကိုစား၏။သည်းချားမှန်ကင်း။ လူ့ထိပ်နင်းကား။စလင်းအောင်မြေ။မင်းနေတော်တွင်း။နန်းခင်းမှန်စွာ။ သာယာဝတီ။စိုးညီယူကျုံး။ မင်းဆုံး ထွန့်တင်။ နန်းထက်မြင်သည်။ ။လွန်းကြင်တည့်ရှင်ဘေး၊နှောင်းစွန်မွေး။

၁၃။ နရာပဝရ။ တေဇတက်ပြိုး။ သတိုးမင်းစော။ မှနော ရန်နင်း။နတ်ရှင်မင်းလျှင်။အောင်ခြင်းမင်္ဂလါ။နောင်ရာယူ၍။ထီးဖြူတရာ။ဆင်စကြာနှင့်။သိင်္ဂါအောင်မြေ။ သရေခေတ္တာ။ စိုးပြီးမှတည့်။မွေးဘရိုက်ရာ။မပျက်သာဟု။ အညာမြစ်ကြောင်း။ သိန်းသောင်းပည်းသိ။ကြွဆန်ချီ၍။သင်္ဂရောင်ဗုန်။ ဗိမာန်နန်းလယ်။ ရွှင်စံပယ်လျက်။မျိုးနွယ်ဆွေဝါး။ မင်းသားမင်းသွေး။ မင်းမြေး မင်းမြစ်။သစ်သစ်မကြွင်း။ယူခဲ့လျှင်း၍။ ထွန်းလင်းကြက်သရေ။ ရှည်ဆွေကြင်ဘော်။မရီးတော်နှင့်။ရာကျော်သက်ရှည် ။ရွှေပြည်နန်းမ။နဂိုရ်ချလျက်။ တေဇအုတ်ကျက်။လျှပ်နှယ်ပြက်သား။ကနက်ကဒန်။ဗိမာန်ဖြန့်ဝန်း။ ဥကင်စွန်းထက်။ တသန်းရောင်ခြည်။ သော်တာလည်သို့။ကျွန်းစည်ဇမ္ဗူ။လုံးလုံးယူ၍။မပြုရန်ဘက်။ တုတ်ခွန်ဆက်သည်။ ။ရှိလက်တည့်မြောက်ကွေး၊တင်မြတ်လေး။ ။

၁၄။ သီဟာရဲ့ကျော်။ဘေးတော်ဘုလွတ်။ရှစ်သောင်းထွန့်နှင့်။ရံပတ်ဝန်းလျား။ သိကြားသူဇာ။ မကွာလက်ဆက်။ မိုးဃ်းမှ သက်သို့။အုတ်ကျက်မြားမြောင်။နန်းရိပ်ချောင်၌။ တင့်အောင်ဖြဖြ။အလှတိချည်း။စုလည်းတလိုက်။ ခေါက်ကြိုက်တသီး။ ဖန်ပြီးစိရင်။ယကင်တခြား။တပါးမြိတ်လွတ်။ တလတ်ကြက်တောင်။

သုံးရွှေမြောင်လျက်။ ကြယ်ဘောင်လမင်း။ ပြည့်ပသင်းသို့။ရုပ်ဆင်းနတ်စစ်။ ဘေးချစ်နှမ။ ယောက်ဘလွန်ကြင်။ တန်ခေါင်းရှင်မြေး။ကလေးစိုးယူ။နန်းကိုချူ၏။ မျိုးတူချစ်ရှင်။ ရွှေနားတင်လော့။ ဘေးရှင်သားတော်။ ရဲကျော် ရွယ်လူး။ မင်းခြောက်ဦးတွင်။ ရန်ငူးဘုန်းခေါင်။ ဘိုးတော် နောင်လျှင်။ လေးထောင်မရှေ။ဇမ္ဗူကြောထက်။ မြတ်စောထွန်းချာ။ နော်ရထာဟု။ သာယာဝတီ။မြို့သိင်္ဂီ။ နာရီဗဟိုရ်။ လျှောက်ဆိုမပြတ်။ဝင်မောင်းခတ်၍။လွှ ံ့ပတ်တန်ခိုး။ဥမျိုးစတေ။တည်ထောင်နေသည်။ ။ထိန့်ဝေတည့်လေးလေး၊ဘေးတော်သွေး။ ။

၁၅။ ပျံ့ပျူးမိုးစံသင်းစွန်။သာဝဂ်ဒုန်မျှ။ ဆဒ္ဒန်ပြောင်ဖြူ။တံခွန်ထူသား။ဇမ္ဗူသခင်။ရင်ခွင်ပိုက်ကျူး။ မရဘူးတည့်။ ရွယ်လူးတန်ဆောင်။ ရဲခေါင်ညီတော်။ထွန်းပေါ်ကတ္တိ။တူမရှိသည်။သိရိသုဓမ္မရာဇာ။ မည်တော်သာဖြင့်။ အောင်ချာရပ်စည်။ ရွှေပြည်စိုးဆက်။မင်းတို့ထက်လည်း။ဆတက်တန်ခိုး။နှဘော်ဖြိုး၏။ရန်မျိုးပယ်ဖျက်။မြိုက်မြိုက်ထက်သား။ သန်လျက်သိလဝင်။ ပဒ္ဒုင်ငါးပါး။ယပ်မားဘိနပ်။ ရွှေသင်းကျပ်နှင့်။ ဇလပ်အတူ။ ရိပ်ဖြူရောင်လျှံ။ရွှေတံရွှေရိုး။ရွှေအိုးရွှေကြာ။ရွှေတာရွှေကျပ်။ ရွှေကွမ်းချပ်နှင့်။ စီတပ်ပတ္တမြား။ ဖလား ရွှေစံ။ ရွှေခံ ရွှေတိ။ မဏိ စီချယ်။ဆန်းကြယ်ရွှေဘူး။ရောင်မြူးရွှေစင်။ရည်ရှင်သတိ။ဝင်းဝင်းညီမျှ။တရှိတူရွယ်။မှူးမတ်ကျယ်တိ။စံပယ်သာစံ။ဗိုလ်ဖြင့်ရံလျက်။ နတ်ထံပြောင်ပြောင်။မြောက်တောင်ရှေ့နောက်။ ရှုမစောက်တည့်။ဖြိုင်ထောက်စရာ။ မရသာသာ။ စကြာမင်းလား။ မင်းတရားဟု။သိကြားသူဇာ။ ပမာအထူး။ နေလမြူးသို့။ ကျေးဇူးထွန်းပေါ်။ရှင်ဘေးတော်သည်။ ။နှောင်မြော်တဥ္စအထွေး၊ရှင်လျှင်မြေး။ ။

၁၆။ နဝဠမုတ္တာ။ ရတနာလျှင်။ အာကာ မိုးစံမှ။ ပျံသက်ကျ၍။ နန်းဝပြောင်ဝင်း။ ထွန်းလင်းခြင်းသို့။ မှန်ကင်းထွန်းထား။မင်းတရားမယ်။ချစ်ဘွယ်ဆင်းရောင်။ရွှေနားထောင်လော့။ဘုန်းခေါင်လွန်ခြင်း။ဘိုးရင်းဘုရား။ လူ့ထွန်းထားကို။ တိုင်းကားပွင့်

လင်း။ ဇမ္ဗူမြင်းတို့။ ခွန်သွင်း ထံအောက်။ ချစ်ကြောက် ရိုသေ။
ထိပ်ဖွေ့ရက်တင်။ ရှိပန်းဆင်လျက်။ ထွက်ဝင်လာလာ။ ရောက်
ကျန်လာ၍။ ရတနာ သည်း ချား။ လေးပါး ညီနောင်။သားတန်
ဆောင်နှင့်။ပြောင်ပြောင်ထွန်းပ။ ငြိမ့်ငြိမ်လှသည်။ နှမရွှေနေ့။
ခုနစ်ယောက်ဝယ်။ စံမြောက်လက္ခဏာ။ ကလျာငါးမည်။ ဝင်း
ဝင်းကြည်မျှ။ မြရည်ကြော့ရှင်။ရှိမ်းရှိမ်းတင်သား။ ရုပ်သွင်တင့်
ဆုံး။ရွှေစင်ကုံးသို့။ချစ်ထုံးနှောင်ကြ။ မောင်နှမဟု။ နရနတ်တူ။
ဆင်ပြူ သခင်။ ရာဇဝင် ဖြင့်။ ရေစင် သပ်ျုန်း။ ဘိသိက် သွန်း
သည်။ ။ဥဒါန်းတည့်မင်းရေး၊ ကျင့်စည်ရှေး။ ။

၁၇။ နေနတ်နွယ်ရိုး။ ရေမြေ ပိုးသား။ ဥမျိုး မှန်စင်။ တန်
ဆောင်းရှင်မြေး။ရင်သွေးတောက်ဝင်း။ ကျွန်းတွင်းဇမ္ဗူ။ကျိုက်
ဆုဒ္ဒန်သဲ။ချိုးအုံ့ဆဲသါး။မင်းရဲမည်သာ။ကျော်စွာသမီး။ဘုန်းကြီး
စံတိ။နရပတိသည်းပွတ်။ဘေးတော်လတ်နှင့်။ပြတ်ပြတ်ဓါတိ။
ဆံရှိမယွင်း။ဒိမ်ထောင်နှင်း၍။သည်းတွင်းရင်ခွင်။ တောင်ညာ
မြင်သား။ရုပ်သွင်ဆန်းပြား။ ရှင်မဘွားကား။ငါးပါးပဥ္စသီ။ကျင့်
ညီသရဏဂုံ။နိတုံပုံသွန်း။ ဟူဘနန်းလျှောင်။ ရစ်သန်းကြော့ချည်။
ပတ်လည်ဝန်းကျင်။မြကုံးဆင်သို့။လှအင်စံပြိုး။ လှခေါင်မိုးလျက်။
လှမျိုးလုံးခြုံ။ ကြို့တိုင်းယုံ၍။ လူ့ဘုံ၌တွင်။ ဖက်မမြင်သည်။ ။
နတ်ပင်တည့်ငြိမ့်လေး၊ မှတ်ကြီတွေး။ ။

၁၈။ ဆင်းရောင်ပရမေ။ ငြိမ့်ငြိမ့်ချေလျက်။ သန္ဓေ ရွှင်း
ရွှင်း။ ရွှန်းရွှန်းလင်း၍။နန်းတွင်းထဲချောင်။ ခန်းလုံးပြောင်မျှ။မင်း
ခေါင်မင်းဖျား။ မင်းတရားစစ်။ ကြေရာဇ်၏။ ရင်နှစ်သမီး။ဘုန်း
ကြီးမြတ်ဖျား။ ရှင့်ချစ်ဘွားနှင့်။ တရားရန်နင်း။ရှင့်ဘိုးရင်းလျှောင်။
မျိုးချင်းစုံကွ။မောင်နှမတည့်။ ဘလည်းညီနောင်။ ဘုန်းခေါင်ဇာ
တိ။ မိလည်းသားချင်း။ သည်းတွင်း ဆွတ်ကြင်။ ရှင်လည်းမြေး
ချစ်။တမြစ်တနွယ်။ တသွယ်တခက်။ တပင်နက်တိ။ မြတ်သက်
နှင်နှင့်။ ရာဇဝင်ဟု။ထွန်းတင်လွှတ်ဘိ၊ဘက်မရှိသည်။ နရပတိ

စေါ်ထိး။ရှင်ဦးရီးတို့။မြေကြီးဖြန့်ကြက်။ကျော်ရိုက်ပွက်သည်။ ။
ဘဝဂ်တည့်မွှန်ရေး၊ရန်တင်းမေး။

၁၉။ သိရိလျှံတောက်။ စံတင့်လောက်၍။ လေးယောက်ဇာတိ။ထွန်းခေါင်ထိသား။မဏိဇောတရသ်။ဝေဘူထွန်းကား။လျှံပတ်ကြွကြွ။ ပျံ့လတ်ကျသို့။ အလှဆင်းရောင်။ မိမင်းခေါင်တွင်။ထွန်းပြောင်တေဇာ။ဥပရာလျှင်။စကြာအတူ။ ဆင်ဖြူမုန်သေံ။ဘွားလျှင်ရောက်က။ တောက်ပထင်ပေါ်။ ဘုန်းတော်ရွှေစက်။ဗျာဒိတ်ပွက်၍။နေ့ခွက်ဆက်တတန်။ ငါလျှင်လွန်မူ။ ကေန်မှတ်သား။ငါ့မြေးများဝယ်။ မင်းဖျားစင်စစ်။သည့်လျှင်ဖြစ်ဟု။ဘေးချစ်ရန်နင်း။မိန့်တော်နှင်းက။မယွင်းထုံးပိုင်း။တလိုင်းသူရှင်။ပြေးဝင်သက်နှံ့။ကျွန်တော်ခံ၍။နန်းထံတိုင်အောင်။ ကဲမိုးဆောင်၍။အုံးပေါင်စော်ပွါး။ဝန်းလျားဦးတိုက်။ ခေါင်းဖြင့်ဆိုက်၍။ ကျော်လိုက်သူဝေ။ ကျွန်းထိပ်ဘွေထက်။ ပရမေသိရိ။ ရွှန်းရွှန်းညီမျှ။နရပတိစောထိး။ရှင့်ဦးရီးသည်။ ။ဆင်စီးတည့်မြင်းရေး၊ဖြိုင်ဘက်ဝေး။ ။

၂၀။ ဇာတိသမ္မာ။ရင့်ပြီးစွာ၍။အာဏာထက်ရှန်း။တပြုန်းပြုန်းလျှင်။ရွှေဘုန်းပရမေ။သပြေ၃နန်းပတ်။တန်ခိုးလွှတ်၍။ မန္တတ်စကြာဝတေး။ပမာသွေးသား။ နီးဝေးကျော်ချီး။ ရှင်ဦးရီးလည်း။ရွှေထီးရတနာ။ စကြာဖြန့်လွှင့်။ ဥကင်ဖွင့်သား။ ထိုမင့်နောင်တော်။မြေပေါ်စောင်းထောင်။မြတ်ခေါင်လောင်ဘိ။ နရပတိပဝရ။လောကမှန်ကာင်း။ထိုသည့်မင်း၏။ သည်းတွင်းရင်ခွင်။ နန်းထက်မြင်သား။ရပ်သွင်ထွန်းညီး။ရှင့်ဦးရီးနှင့်။ ဇနီးမပြား။နှစ်ပါးသွေစုံ။ချစ်ရိပ်မြို၍။ ရွှေဘုံကြ၃နန်း။ ကြည်းရှင် ထွန်းကာ။ တောင်ကျွန်းအလုံး။ရန်မျိုးပြုံးသည်။ ။လက်ရုံးတည့်ရောင်ပြေး၊စက်နှယ်သွေး။ ။

၂၁။ ခေါင်ထွန်တန်ခိုး။ကျွန်းလုံးစိုးသား။ရှင်ကိုးမင်းစစ်။ကေရာဇ်နှင့်။ အဖြစ်မခြား။ ရှင်ဘွား ထွန်တင်။ ရှစ်သောင်းရှင်နှင့်။လွှန်ကြင်သည်းချား။လေးယောက်ဘွားသား။မင်းဖျားမှန်ဘိ။

နရပတိမည်သာ။ပြင်လျာဖွံ့ချော။ရှင်စောအလတ်။ ထွန့်ထွန့်
ဆင်းရွယ်။ မင်းခေါင်မယ်အောက်။ ထွန်းတောက်သီရိ။ဝင်းလျှံ
ညိုသား။နရပတိမည်တော်။မှည့်ခေါ်မင်္ဂလာ။ ရှေးဘာသာဖြင့်။
လက်ယာခရု။ညွှန့်နုနေဇာ။ပြဟ္မာရွတ်သံ။ ဘိသိက်ခံလျက်။သာ
စံမည်နှင်း။ရှင့်မိခင်းကို။ ဆင်မြင်းရွှေငွေ။ လုပ်ခြေရွာတိုင်း။လ
ရိုင်းကျေးမက်။ပေးရက်မချန်။ရိုးသည်းသို့သွန်မျှ။ရွယ်တန်ပျိုထွား။
မှူးမတ်သားနှင့်။ဖြစ်လားကျင့်မူ။စိတ်ကိုယူသို့။ နွဲ့ဖြူပြာရှင်း။ရွှေ
နှယ်ဝင်းသား။တခင်းပြစ်ကွေ။ကိုယ်လုံးချေတို့။ရဝေနန်းချောင်။
ပျော်အောင်အောင်လျှင်။ချစ်ခေါင်လွန်ပြင်း။ သားမင်းသွားရှင်။
ရှင့်မိခင်ကို။ ဆွတ်ကြင် မူးမော်။ မျက်ရှုဖျော်သည်။ ။မယ်
တော်တည့်အထွေး၊သားတော်မြေး။ ။
၂၂။ ရှုမြိုရှုမြိုး။ဖြဖြမြိုး၍။ရှင်ဘိုးနောင်မွေး။ ရှင်သားလွန်
ကြင်။သွားရှင်ဥမျိုး။ နေနန်းရိုးလျှင်။ မြတ်နိုးကဲခဆ။ ထိန်းယင‌ယ်
ချို။ ပည်းသိ မွမ်းထပ်။ ကျည်းတပ် ဗိတ်သား။ နန်းလယ်သွား
လျက်။သိကြားနတ်မျှ။ မမြင်ရတည့်။ အလှထွန့်တင်။ ရှင်မိခင်
ကား။ရုပ်သွင်လက္ခဏာ။ဖြူပြာလဲ့လဲ့။ပျို့နွဲ့မွတ်မွတ်။ နိုင်ရာလွတ်
လျက်။ထွတ်ထွတ်ဝင်းဝင်း။ပြောင်ပြောင်လင်းမျှ။ရွှင်းရွှင်းအသ
ရေ။ ငြိမ့်ငြိမ့်ချေသား။ ပြစ်ကွေလွတ်ရှောင်။ တထောင်ကြော
ခြည်။ မြမြလည်၍။ လျှံရည်သွေးရှင်။ တပြင်ရစ်သန်း။ လှမော
လွန်းသည်။ ။ပြစ်ကျွန်းတည့်ငြိမ့်လေး၊စံနက်မွေး။ ။
၂၃။ ဇမ္ဗူသိင်္ဂ။သုဝဏ္ဏနှင့်။ဟေမအာဒိ။သိင်္ဂီစာရု။ကမ္ဗူ
ဟာရိ။ ရွှန်းရွှန်းညိုသား။ မရှိဘက်ကျွန်း။ ရှာပတ်ဝန်းသည်။ရှစ်
သန်းကြော့မျှ။ ရှင်မိလှကို။ ရှင့်ဘနေမျိုး။ လက်ရုံးမိုး၍။ ရင့်ဖြိုး
သမ္ဘာ။ပဘာဝတ။ကုသမင်းစစ်။ဆက်တိုင်းဖြစ်သို့။ကြင်ချစ်စွာ
လှ။ရွှင်ပျော်ကြလျက်။ခမ္ဘစောင့်သုံး။ရွှေကုံးရတနာ။ ထွန့်ချာဆံ
ကျင်။နေ့တိုင်းဆင်၍။ကျွန်းခွင်ဇမ္ဗူ။ထိန့်ဆူရိုက်ကြည်း။ ရန်ထိပ်
လည်းသား။ခမည်းတော်ဘ။သီဟသူရာ။ ကျမ်းလာသိုက်ညွှန်း။
တောင်ငူ နန်းထက်။ ချသွန်းရေစက်။ ဆွေရှည် ဘက်နှင့်။ စိတ်

ထက်သဒ္ဒါ။ ရတနာမြတ်ပုံ။ မြစည်းခံကို။ တည်တုံခဲ့ပြီး။ကြွချီး
ဗိမာန်။နတ်ခြောက်တန်သို့။ကြေန်မယွင်း။ စံလေလျှင်းသည်။ ။
ကြည့်ရွှင်းတည့်စိတ်ပြေး၊ချလှူကြွေး။ ။

၂၄။ ဇာတိဗလ။ ဘုန်းတေဇနှင့်။ရှိခနတ်လူ။ သီဟသူဟု။
တောင်ငူတည်ထောင်။ လွန်ပြီးနောင်မှ။ ထွန်းပြောင်တေဇ။ဗုန်
ပေါက်ပြဲသား။ရှင်ဘညီလတ်။စံတမွတ်လျှင်။ ထက်နတ်ရဦတူ။
မျိုးကြွင်သူနှင့်။ယူတုံဘရာ။စကြာမိစယ်းအောက်။ ကျော်ချေခံသိ
တင်း။ထိုသည်မင်း၏။ သည်းရင်းထွန်တင်။ ဆင်းရုပ်သွင်ကား။
ရွှေစင့်ပုံသွန်း။ ဟူဘနန်းတည့်။ ရွှန်းရွှန်းသီရိ။ ဝင်းလျှံညီသား။
မွေးမိညီမ။ ဘလှ ညီနောင်။ ပြည်ကြီးထောင်သည်။ ။ဆင်း
ရောင်တည့်ငြိမ့်လေး၊ရှင်မိထွေး။ ။

၂၅။ လောကရာဇာ။မင်းတကာ၏။အချာဘုရား။မှန်ကင်း
ထားသား။မင်းဖျားသခင်။မင်းတွင်မင်းဖျား။မင်းတရားဟု။လေး
ပါးလူဗိုလ်။ ဘုန်းရိပ်ခိုသား။ နဂိုရ်ကြဋ္ဌန်း။ ဦးစွန်း စောထီး။ရေ
တွင်မီးသို့။ဘကြီးတော်ရင်း။ ထွန်းဝင်းပညာ။ ရတနာလက်ရုံး။
ရန့်မြစ်ကျိုး၍။ ကျွန်းလုံးကြောက်ရှောင်။ တထောင်မြင်းကျော်။
ဆန်၍မော်လျက်။ကျူးကျော်ဒေသ။ပင်လယ်ဝဟု။ ဌာနတခြား။
ယိုးဒယားသို့။ လေးပါးစစ်ပုံ။ ချီလေတုံသော်။ ကိုယ်ယုံစတော။
ဆင်ထွေသုံးထောင်။မြားမြောင်ရပ်ဆိုင်။ကြိုနှင့်ပြိုင်သော်။ ချက်
ရှိုင်တျင်းတျင်း။ကုသမင်းလျှင်။ သံပြင်းကြွေးဟစ်။ ရန်စစ်လွင့်
လေ။ ကျေကြီးကျေသို့။ပုံနေတူလွန်း။ လက်ရုံးထွန်းသည်။ ။
မော်ကွန်းတည့်စည်ရှေး၊ပုံတပြေး။ ။

၂၆။ မင်္ဂလာမြောက်သွန်း။ ပဲကူးနန်း၌။ တသန်းခြံရံ။ လ
နှုယ်စံလျက်။မိသံရှစ်သောင်း။ ရံပေါင်းများစွာ။ လက်ယာတင်
ထါး၊မိထွန်ဖျားနှင့်။ဝန်းလျားစံပယ်။ပျော်ကြိုက်ဝယ်၌။အံ့ဘွယ်
သရော။ရှိုင်းမိစ္ဆာတို့။ကြိရှာတွေးချွတ်။ကောက်ညွှတ်စလေ့။ပြကြ
တော့ဖြင့်။အမေ့ငံ့ဘိ။သစ္စာညှိ၍ ဂတိရုံးစု။ ရပ်နေလုသော်။နတ်
တုသီဟ။နရိန္ဒလျှင်။ ခဏခြင်းနှိုက်။ တိမ်နှုယ်ရိုက်လည်း။ သိုက်

သိုက်ဌမ်းဌမ်း။ဆွေရှည်ကျွမ်းနှင့်။ ပြည့်မွမ်းမှူးမတ်။ ဝန်းပတ်ရံ
ကာ။စကြာရွှေတင်။လေးကျွန်းရှင်သို့။ရပ်ထင်သာလှ။ဌာနစာရ။
ကေတုမတိ။ ကြွခဲ့ချိသော်။ ပည်းသိရွှေနောက်။ အထောက်
ထောက်ထိ။ တောင်မြောက်လမ်းတိုင်း။ အဆိုင်းဆိုင်းလျှင်။တ
လိုင်းထုထပ်။ ဟန့်၍ ရပ်လည်း။ ရွပ်ရွပ် ပျက်ပျောက်။ နေရှိန်
ကျောက်သော်။နှင်းပေါက်အလား။ ပြေးလွင့်ရှားမှ။ တရားကြွ
ဌန်း။တောင်ငူနန်းကို။လှစ်တွန်းကျဉ်းရှင်။ရမြောက်လျှင်သည်။ ။
လက်ငင်တည့်မနှေး၊အသာနွှေး။ ။

၂၆။ နရဒိဗ္ဗ။လောကထွန်းဖျား။ တရားနတ်ရှင်။တောင်ငူ
တွင်၌။သာရွှင်ပျော်ပါး။ ပန်းဖြေနားမှ။ တိုင်းကားပတ်ကုံး။ ရန်
အလုံးကို။ ယူကျုံးတော့မည်။ မှတ်တော်တည်လျက်။ ကြံစည်
စိတ်ဖြာ။နက်ပညာဖြင့်။မကြာခဏ။ ပြည်ခေတ္တကို။ ပြင်ပတိုက်
ချုံ၊လက်ရုံးနှံ့၍။ ရဲစံဘုန်းဖြိုး။ ညီသတိုးကို။ ဥမျိုးပရမေ။နှင်းခဲ့
ပေမှ။ နတ်ဆွေမှန်ကင်း။ မင်းထက်မင်းလျှင်။ စလင်းစလေ။ရွှေ
မြေပုဂံ။ကျွန်တော်ခံ၍။ကျိုးနွံ့ရန်စ။အင်းဝမကြွင်း။ ချင်းနင်းပတ်
လျောက်။ လှံတင်ဆောက်မှု၊ပြန်ခဲ့ကြွသော်။ အောက်မှနဂါး။သိ
ကြားထက်ခွင်။မြေအပြင်၌။ထိန့်ရှင်ကျော်စော။ သမိန်ထောဟု။
ဌန်ကြော ရန်သောက်။ ဆင်ထောင် လောက်နှင့်။ ရန်တောက်
ရပ်ဆိုင်။ ကြိုလင့် ပြိုင်သော်။ တိုက်နိုင်အံ့သည်း။ တစီးတည်း
နှင့်။ကမ္ဘည်းကင်းလောက်။ မော်ကွန်းဆောက်က။လန့်ကြောက်
ရွံ့ညည်။အပြည်ပြည်ကို။ နှိုင်းရည်မမြော်။ ဘကြီးတော်လျှင်။
ရိုက်ခေသ်ရင့်ချိုး။အောင်စည်တီးလျက်။ ရွှေနန်းတက်သည်။ ။
မင်းဆက်တည့်စည်ရှေး၊မမြင်သေး။ ။

၂၇။ ရင့်ဘုန်းသန်၍။ ရန်မာန်ပျောက်ချွေ။သဇပြေ သရစ်။
စောရန်လှစ်ကား။ခုန်မြစ်ပယ်သင်။ခုန်ပင်ပျက်နိုင်။ တိုက်နှံ့ချိုင်
က။နိုင်ပြိုင်မရှိ။ ဇာတိထွန်းထား။ရှစ်သောင်းဖျားလည်း။ ထံပါး
လက်ယာ။စကြာဖြန့်ဝန်း။ ရေသဖန်းထက်။ မြွေခံသွန်းဘိသိက်။
ကျွန်းလုံးထိတ်မျှ။နိမိတ်သာလှ။သုဓေယျဟု။ပေါက်ပြုရွှင်းရွှင်း။

ရှစ်ရပ်ချင်းမျှ။ပုန်းငြင်းမသာ။ အာဏာဝိမှတ်။ ရွှေစက်လွှတ်က။
ပတ်ပတ် လည်ပြေး။ ဝပ်ဝပ် ကွေးလည်း။ စည်ရှေး ပြောရစ်။
နောင်မြေးမြစ်တို့။ တက်သစ် ဘုန်းရင့်။ တန်ခိုးမြင့်သည်။ ။
ကျော်ဆင့်ထည့်ကျော်မွေး၊ကျော်နိုးဝေး။ ။

၂၉။ အနန္တဂုဏ်။ ကျေးဇူးဟုန်ဖြင့်။ဝသုန္ဓရာ။ကမ္ဘာ့မိုယ်း
မြေ။ဆူဝေညွတ်ပျောင်း။ပွဲတင်ခြောင်းမျှ။ ကြောက်ညောင်းဝပ်
လျား။မျိုးလေးပါးတို့။ ဘဝါးစက်အောက်။ တယောက်မကြွင်း။
ထံရင်းလျှိုးဝင်။ တုဏှာ်ခွန် ချင်သား။ နတ်ရှင် စောထီး။ ဘကြီး
တော်ရင်း။မင်းထက်မင်း၏။သားချင်းနှောင်းအောက်။ပြိုင်ထော်
. မရှိ။ သိရိ ဇေယျ။ ပေါက်ပြ ကျော်ထင်။ ရဲပင် ဘုန်းဖြိုး။ သတိုး
ဓမ္မ။မွေးဘနောင်တော်။ရှိန်စော်ပြင်းပြ။ရဋ္ဌမကို။ ရိုးရန့်ပ်နင်း။
ထိုသည်မင်းလည်း။ အရင်းလည်းကောင်း။ မျိုးပေါင်း ဆွေစုံ။
ကောင်းညွှန့် ဟုံသည်။ ။ကောင်း တံတည့် ကောင်း လှေး၊
ကောင်းသူဌေး။ ။

၃၀။ ဇာနန္ဒနီလာ။ရတနာကို။ တတ်စွာပန်းပု။ ဖြိုးကြောင်း
ထုသို့။ညံ့နူထွားထွား။မင်းတရားမယ်။ချစ်ဖွယ်တုလွှတ်။ရွှေနား
ညွှတ်လော့။လူနတ်မှန်ကူ။သိဟာသူဟု။ ဘောင်ငူအုပ်ရိုး။ရှင်တိုး
ဘုရား။ဘမင်းဖျားနှင့်။နှစ်ပါးတူကွ။ဟံသဝတီ။ခေါ်ညီမည်သာ။
မြို့စောင့် ရာတွင်။ မိစ္ဆာရိုင်းလေ။ တိုက်လှာ ပေသော်။ ပရမေ
ထွန်းသစ်။ ဆဲ့ငါးနှစ်က။ရန်စစ်ပယ်ခွင်း။ယာည်ကျော်မြင်းနှင့်။
တင်းတင်းရဲကြော့။ မေ့လျော့စောင်းမာန်။ ကြူးလွန် ကြိုးစား။
မိုယ်းသိကြားသို့။ထားလည်းသံရှင်။ ဆောလျှင်နတ်ချွတ်။ရှည်ခုတ်
ဖြတ်က။ရှင်ဘနေမျိုး။ ရန်ညွှန့်ချိုးလျက်။သတိုးပွဲဦး။ ပျိုလက်နူး
သည်။ ။ပျိုလူးတည့်ပျိုသေး၊ပျိုငယ်သွေး။ ။

၃၁။ ရင့်ဖြိုးသ မ္ဘာ။ရဲပညာနှင့်။ မင်းလျာရန်ငူး။ ပွဲဦးဖွင့်
လှစ်။ဓမ္မရာဇ်ကား။ချောင်းသစ်ဟူသည်။အမည်သာခေါင်။မြို့၏
တောင်က။မြားမြောင်သနျော်။ ဆင်ထွေမြင်းပုံ။ ခြေသည်ယုံတိ။

ပည်းမျှရှိလည်း။ဆံရှိမစိုး။ လက်ရုံးကိုး၍။တန်ခိုးထွန်းပေါ်။ပတ်လွှဲ့ကျော်သား။နောင်တော်ဘုရား။ နှစ်ပါးစုအင်။ ရဲဘော်ဆင်နှင့်။မာတင်အလွတ်။တိုက်သတ်ဖျက်ကျေ။ နိုင်လိုက်ပေသော်။ပရမေထွန့်တင်။တကြိမ်တွင်လည်း။ သုဂ္ဂင်ရန်နှင်း။ထိုသဉ်မင်း၏။ဆင်မြင်းရတနာ။ များစွာလက်ရ။ ဂှင်ချစ်ဘကား။ဓမ္မရာဇာ။မည်တော်သာနှင့်။ နရာထိပ်ဦး။ စောရန်ငူးသည်။ ။ကျေးဇူးတည့်မှုရေး၊လွှန်နက်လေး။ ။

၃၂။ အထွေအထွေ။ မရေတွက်သာ့။ များစွာပုံယင်။အတင်တင်တိ။သုဂ္ဂင်အကွ။ ကြိုးလှခွန်အား။ သဘောသားလည်း။တခြားမှုတုံ။ လှေအပုံနှင့်။ကိုယ်ရုံတဝင်။ ကြည်းတွင်တလိုင်း။ဗိတ်တိုင်းမြေပြင်။ဓမ္မဆင်မြင်းသည်။ပတ်ပတ်လည်မျှ။ ရပ်စည်အောင်မှုိ။ပုသိမ်မြို့ကို။တူးမြှုံကျုံးမြောင်း။ရကြောင်းမျက်ငြိုး။နေ့တိုင်းတိုး၍။ သိုက်ရိုးထွန်းပေါ်။ တဝမ်း မြော်သား။ နောင်တော်လှု့ဖျား။ စေါတရားလျှင်။ နှစ်ပါးတူပြိုင်။မြို့ခံနိုင်၍။ကျော်လိုင်ပေါက်ပြ။ဂှင်မွေးဘကား။ တေဇော့တက်တုန်း။ ဘုန်းလည်းဖြိုးဖြိုး။ ရွှန်းရွှန်းတိုးသည်။ ။တန်ခိုးတည့်ဂုန်ပြေး၊ပွဲတင်ကြွေး။

၃၃။ အထုအကဲ။ မြော်ရခဲ၏။ ရပ်ကွဲပေါ်ထွန်း။ နောင်ရေးကျွန်းဝယ်။တောက်ထွန်းညည့်ခါ။တဝါဝါလျှင်။ ဆန်းစွာလှဆုံး။ရေသုံးအံ့လောက်။ မိုစ်းနှယ်တော်မျှ။ မရောက်စသာ။ဝေးရပ်မှာသို့။မကြာသခင်။ နတ်ဂှင်ဘုန်းတူ။ ကူး၍ယူသော်။ အတူတကွ။ဆံမျှမခြား။ လက်ရုံးဝါးလျက်။ကုလားရဇ္ဇိ။ ဘရင်ဂိုတ္တိ။ပည်းသိ ထုထပ်။ ကူးရွပ် သဘော်။ ဖျင်ပေါ်များလှ။ ကျောက်သူးချ၍။ဖြဖြရှေ့နောက်။ ပြောင်းအမြောက်တိ။ မီးပေါက်ပမာ။ဖြိုးဖြိုးရွာလည်း။နရာထိပ်နှင်း။ နောင်တော်ရင်းနှင့်။မယွင်းတူကွ။လျှင်လှလေသွင်။မြင်းနှင့်ပင်တည့်။ဆံမျှင်မစိုး။ ရန်မျိုးနွယ်ဖြတ်။ချည်း တည့်လွှတ်က။ အမတ်အများ။ ခမ်းနားရွှေငွေ။ အထွေအပြား။ပိုးမွှားပုဆိုး။ သယ်ပိုးမနိုင်။ ပည်းလှိုင်လက်ရ၊ နိုင်တင်လှဟု၊လောကထွန့်ထား။ တရားရွှေမှောက်။ ရွှင်ဝမ်း မြောက်၍။

မုန်သောက် မာတင်။ ဆင်လည်းရှင်ဘာ။ ရဲဆုရသည်။ ။ရဲလှ
တည့်ရဲရေး၊ ပြိုင်ဘက်ဝေး။ ။

၃၄။ ဌာနမှန်၍။ကျော်ဒုန်ကျိုက်ဆု။ တောင်ငူမည့်ပင်။မြို့
ကြီးတွင်၌။မြန်ခွင်ကိတ္တိ၊သိရိဇေယျ။ တွင်နာမဝယ်။ ပေါက်ပြ
ကျူးရင့်။ကျော်ထင်ဆင့်သါး။ဘမင့်းသါးချင်း။နောင်တော်ရင်း
လျှင်။တင်းတင်းရွယ်ချူ။ရန်သူကုဋေ။လာပစေဟု။ ရပ်နေတပ်
နှင့်။အရောက်လင့်သော်။ မမြင့်သူက။ များလှလုံးရင်း။ ဆင်မြင်း
ဗိုလ်ပါ။ ညည့်ပင်လှာ၍။ အံ့အာသရဲ။ လွှန်ကဲတွေ့ကြ။ စစ်မစစ်
လျှင်။အတင်တင်ဝယ်။ရဲပင်ဘုန်းဖြိုး။သတိုးရန်နင်း။စီးတဉ်းချင်း
က။ကြောက်ညင်း၍ညည်။ပတ်ပုတ်လည်လျက်။ ရှေ့တဉ်ရှုးရှုး။
ပဟိုင်းဘိလူးကို။ ပွဲးဦးနိုင်ထွေ။ ကျေကြီးကျေ၍။ နိုင်းဖွေမရ။ရှင်
မွေးဘကို။ ပွဲမသဘင်။ ပည်းဖျင်မတ်ပုံ။ငါ့မှုကုံဟု။ ဝတ်လုံရွှေ
သာ။ ကတ္တိပါနှင့်။ များစွာသင်းသီး။ ဘကြီး ရန်နင်း။ ရဲဆုနှင်း
သည်။ ။ရှင်ရင်းတည့်မှတ်သေး၊ နာစိပ်စေး။ ။

၃၅။ ဓမ္မလေးဖြာ။အဓိဋ္ဌာဖြင့်။သစ္စာပါရမီ။ ဖြည့်ညီတိုင်း
တည်း။ ခမည်းတော်ရင်း။ နောင်တော်မင်းနှင့်။ ရဲခြင်းတူပင်။
ဆင်လဉ်းမတွေ။လှေလည်းမကွာ။ကြေညာဂုဏ်ချီး။ စစ်သူကြီးဟု။
ဝေနီးအံ့အဲ။အပွဲပွဲဝယ်။ကျော်သဲကျော်သစ်။ ဆဲ့ငါးနှစ်က။ကျစ်
လစ်ကျော်ပင့်။ကျော်ပန်းပွင့်သား။ ကျော်ဆင့်မနား။ တရားသ
တိုး။ဒုန်ဖြိုးတေဇာ။ ဘုန်းသမ္ဘာနှင့်။ တကာကြော်ငြိုး။စက်မိုးသင်း
ကြိုးသို့။တန်ခိုးထန်ပြင်း။ပေါက်ပြချင်းသည်။ ။သတင်းတည့်
ပျံ့မွေး၊ လေသွန်ပြေး။ ။

၃၆။ ဘိုးတော်မိခင်။ဘွားရှင်နတ်တူ။ဇမ္ဗူနှံ့ကြား။မင်းတ
ရားမယ်။ဘုန်းကြွယ်ထွန်စုံ။ရွှေနား ခံလော့။ကျော်သံမစဲ။ကျော်
သဲရိုက်ခြောင်း။ ကျော်သောင်းမြေပြင်း။ ထိန့်ထိန့်ရှင်းမျှ။ နတ်
စက်မြွှင်းသို့။သိတင်းပျံ့ငေ။ငါ့ညီထွေးဟု။ကြိုတွေးဝမ်းထဲ။ ရေလွဲ
သင်ခိုင်။ ငါးခရိုင်ကို။ ဦးကိုင် ဘုန်းရင့်။ ပန်းတ ပွင့်သို့။ ယူလင့်
တော်မူ။ တောင်ငူကပင်။စိရင်အပြီး။ ဦးရိုးယောက်ဘာ။ရှေးက

ထောင်တည်။ရွှေပြည်ကိုစား။ ငါမှန်းထားဟု။ တရားရန်ညွှတ်။
မင်းဖျားနတ်သဥ်။ ။စက်ပြတ်တည့်နိုင်သွေး၊ဗျာဒိတ်ပေး။ ။
၃၇။ ဓမ္မရာဇာ။မည်တော်သာဖြင့်။ မြန်ချာတမွတ်။ စော
ရန်ဖြတ်ကား။ ရင့်ထွန်သမ္ဘာ။ ဘုန်းတေဇာနှင့်။ပညာလက်ရုံး။
သုံးပါးလုံးကို။ယူကျုံးတတ်နိုင်။ရဲခေါင်တိုင်၍။ရှစ်ဆိုင်မှန်ကင်း။
သခင်ရင်း၏။ ကျော်ခြင်းလွှံ့ပေါ်။အောင်ပွဲတော်ကို။ ရေသော်
စေ့စုံ။ဆိုမကုံတည့်။လိုရုံသာမျှ။လျှောက်ကြားပြဒံ့။ ရှင်မသခင်။
ရွှေနားတင်လော့။ စက်ရှင်ရတနာ။ ဘုန်းတေဇာနှင့်။ ဒိသာရှစ်
မည်။ အောင်စည်ပင့်ဆောင်။ ဘကြီးတော်လျှောင်။ မွှက်ကျော်စိ
ရင်။ မြစ်တခွင်ကို။ ဆောလျှင်ကြူးစေ။ မိန့်တော်ထွေဖြင့်။ ရေ
ယည်မြစ်ကြောင်း။လှေသိန်းသောင်းနှင့်။မညောင်းခဏ။ စုန်လေ
ကြွသော်။ ပေါက်ပြကျိုက်ဆု။ ခနွဲဖြူကို။ လက်ယူလျှင်လှာ။ချက်
ခြင်းရ၍။ဒလမိုဃ်းသောက်။ပွမ်းပွမ်းရောက်သည်။ရွှေကြောက်
မခန့်။ လွင့်ပြန့်ပြေးထွက်။ လှေတက်မြို့လုံး။ ညွှတ်ရုံး တုန်လှုပ်။
လေးစီးဆင်နှင့်။သုရှင်အမတ်။ ရှိညွှတ် ထံရင်း။ ရောက်လလျှင်း
သည်။ ။ဝပ်စင်းတည့်ရန်မြွေး။ကြောက်တုန်ဇ။ ။
၃၈။ နရာသိပ်ဟ။တိကုံကျ၍။ဒလပြန်ရောက်။ စောင့်ရှောံ
မြို့နေ။ထားခဲ့ပေမှ။ပရမေဘုန်းရင့်။ဆန်းလပင့်သော်။ မြော်လင့်
လျှင်ပြင်း။ နောင်တော်မင်းကို။ ဆင်မြင်းသယ်ပို့။ တဘက်သို့
တည့်။နှစ်လို့ဝမ်းမြောက်။ခတ်လေရောက်မှ။နေထောက်အောင်
မျှိုး။ပုသိန်မြို့ကို။ တိုတုံအပြင်း။ ခုနစ်စင်းလျှင်။ နောက်ကြွင်းမ
မြင်။ ရန်ပင်ပြိုးထွေ။ တွေ့ကြလေ၏။ မြို့နေမြို့သား။ ချောက်ချား
လူဗိုလ်။ထိန့်လန့်ပြိုလျက်။နဂိုရ်ဒလ။ ရုံးခဲ့ကြွသော်။ နရထိပ်မိုး။
သတိုးဘုန်းဝှန်။အပြင်းဆန်၍။နေဟန်ရွှေရှူ။ ခနွဲဖြူကို။ လက်ယူမ
လောက်။ တွေးထောံဝမ်းတွင်း။ ဥသာမင်းလည်း။ လုံးရင်းများ
စွာ။ဘယ်ညာဆီးဆ။ဖြဖြဝန်းရစ်။သူရဲစစ်သို့။ရင်နှစ်သည်းချား။
သားမယားနှင့်။ရှောင်ရှားမဲ့လျှင်း။ သဲပြင်ခင်း၍။ တင်းတင်းရင်
ဆိုင်။စစ်ကြီးပြိုင်လျက်။မနိုင်မကန်။စောဘုန်းဝှန်ကို။ အားအန်ရှိ

တိုင်း။ တလိုင်း ချန်ပြင်း။ မာန်ရှိန်ပြင်းသည်။ ။မြစ်တွင်းတည့် ပိတ်ထွေး၊ခြန္နယ်မြေး။ ။

၃၉။ လောကထွန်းတင်။နတ်ရှင်ညီလတ်။ရဲတုလွတ်ကား။ မချွတ်မှတ်သား။ယိုးဒယားနှင့်။စေ်ဘွားရင်ဆိုင်။ ရပ်လင့်ပြိုင် လည်း။ လက်နိုင်ဘောက်ချင်း။ ငါလှစ် ခွင်းအုံ့။ လုံးရင်းရှိတိုင်း။ အားအန်လျှိုင်း၍။တလိုင်းဝေါက်ကြမ်း။လက်ပမ်းမလောက်။မှတ် တွေးထောက်လျက်။ ဘုန်းတော်ရန်နှင်း။နတ်ရှင် မင်းကား။လျှင် ပြင်းမိန့်ဆို။ ငါ့ကိုယ့်လါရုံ။ငုံ့ပါကုံဟု။လုံးခြုံဗဟိုရ်။ သူ့ကိုမှတ် ရည်။နိုင်အုံ့သဥ်တည့်။ကြိစဥ်မှတ်သား။စေလာကြားမူ။ဆံဖျားမ ရှောက်။ တိုက်ချင်ဘောက်က။ ဝမ်းမြောက် လေးသွယ်။ ဘုန်း ကြွယ်နေမျိုး။ သတိုးမြွေ။ ရှင်မွေးဘကား။ ဇော်တအလား။လှော် ကားနိစင်။ပဲ့ပေါင်းတင်လျက်။စစ်အင်စစ်ရမ်း။ ပွမ်းကျွမ်းစစ်မှု။ မြော်ကြည့်ရှုသော်။ရုံးရအညီ။ သူ့ရှေ့ဆီသို့။ဦးစီလွှတ်တဥ့်။မြစ် လုံးပြည့်ကို။ ပတ်လှည့်ချက်ခြင်း။ တိုက်ဘောက်လျှင်း၍၊သုံးစင်း လက်တည်း။ခေါက်ခွေလည်းမျှ။ရေကြည်းနှံ့အောင်။ သူကောင် မွမ်းဖျင်။ အတင်တင်သည်။ ။ကြောက်ညင်တည့် ကြောက်ဖေ လွတ်ရာပြေး။

၄၀။ အားသန်ကြိုး၍။ တန်ခိုးလက်နက်။ရိုင်းကြိုးစက်သို့။ ပြိုင်ဘက်မဲ့မော။သမိန်ထောဟု။ ကျော်စောလှလျက်။ ကြောက် ရှက်မစောင့်။အသက်ကြောင့်လျှင်။ဖြစ်ခေါင့်ဖြစ်ခက်။ ပြေးဆင်း သက်၍။ အခွက်ကုရှေ့။ လှေလည်းပည်းဖျင်။ အတင်တင်ဝယ်။ သူ့ရှင်ဘယ်မှာ။မေးမြန်းရှာလျက်။မာန်ပါစိုက်စိုက်။ချဉ်းတည်း လိုက်က။ မြိုက်မြိုက်အသွား။ သန်လျက်ဓါးနှင့်။ ကြိုးဝါးစောင်း မာန်။ ရိုင်းဖျားဗုန်မှု။ ရဲအန်တက်ပြိုး။ဘသတိုးလျှင်။ မြေလျှိုးမ လွတ်။ တိုက်သတ် တျင်းတျင်း။ မကြွင်း သိမ်းယူ။ နတ်တူခဏ။ ချက်ခြင်းရသော်။ လောက ထွန်းထား။ နိုင်ပြိုကြားက။ ရွှင်အား လန်းလန်း။ လက်ရုံး တန်းလျက်။ ဥာဏ်ကျန်း ချိန်းချက်။ သုံးရက် တိုင်မြောက်။ လှေသို့ ရောက်မှ။ တန်ထောက် ခန်းဝါ။ သူ့နေရာ

ကို။ဘယ်ညာပတ်လှည့်။ရှုစိန်းကြည့်သော်။ အံ့လည့်မရဲ။ တလဲလဲလျှင်။ဖြစ်ခဲလှတွေ့။နိုင်လိုက်ပေဟု။ ပရမေထွန်းပ။ရှင်ချစ်ဘကို။လောကမှန်ကင်း။မိန့်လတ်လျှင်းသည်။ ။ရဲခြင်းတည့်စဉ်ရှေး၊ပြိုင်ဘက်ဝေး။ ။

၄၁။ ဒိပနီလာ၊ မြဝါရောင်ဖုံး။ လေးကျွန်းလုံးကို။ လက်ရုံးဝရစိန်။မိုယ်းပုသိန်သို့။ထိန်ထိန်လောင်ပျုံ။စောဘုန်းလျှံ့လျှင်။ အံ့လည်းမရဲ။ငါညီပွဲဟု။ လွန်ကဲမိုးခပ်၊ စိန်လက်စွပ်နှင့်။ရှစ်ရပ်မျှောင်ပျောက်။ လက်ကောက်အကျော်။ ဇမ္ဗူနဒ။ သိဂ်ရောင်မောင်း။ ကွမ်းလောင်းကွမ်းလိပ်။ ပွမ်းသိပ်မျက်စိ။ အာနိကွမ်းချပ်။ ထက်ကြပ်အစုံ။ ဝတ်လုံအကွ။ သိဂ်ရည်ရှင်။ ခင်တယင်လဥ္စ။အချင်အပိတ်။ရောင်ဘိတ်ရွှေစင်။ယည်ညင်ပေါက်မ။ပဥ်းဖျင်မျှလျှင်။ မွေးဘအရော။ ခံပြီးစွာမှ။ စကြာသခင်။ နတ်ရှင်ပွဲကျော်။ဘကြီးတော်သျှင်။ရဲဘောင်ရဲဆု။ ရွှေတွင်ရ၍။ရဲတုလွတ်ကျွန်း။ တင့်မောလွန်းသည်။ ။ဥဒါန်းတည့်မှတ်သေး၊ နောင်မြစ်မြေး။ ။

၄၂။ သိဒ္ဓတ်ကမ္ဘာ။ မင်းသောခါက။ ရတနာလက်နက်။ လေးစက်ပစ်မြှိမ်း။ရန်မျိုးငြိမ်းသို့။ စောင်းတိမ်းမြေပြင်။ကျေးသံရှင်ကို။မြစ်ခွင်လှေပွဲ။ ခေါင်ခေါင်စွဲမျှ၊ ငြိမ်းမဲရိုက်ခြောင်း။မျက်ရှိန်လောင်းက။နှစ်ကြောင်းကြည်းရေ။ ကုဋေရဲအား။ ဝန်းလျှားဖြဖြ။ ဆန်လတ်ကြွသော်။ တေဇအပြင်း။ နောင်တော်မင်းကား။ ဆင်မြင်းမိုလ်ခြေ၊ မိုယ်းမြေမလပ်။ရုံထပ်သန်းသန်း။ မြို့ကျုးခန်းသို့။ပန်း၏အတူ။လက်ယူခံသင့်။အကြွေလင့်၍။နတ်ရှင့်ညီတော်။ ရဲကျော်ရန်နင်း။ ရှင့်ဘမင်းမူ။ ချင်းတွင်း တလွှား။ ရဲအားကြီးတွေ့။ ဆန်ကြွလေသော်။ လာစေ ကိုယ်ယုံ။ မြို့ဗတုံကို။ ရန်ချုံပယ်နှစ်။လက်နက်ဖြစ်၍။လှည့်ရစ်ပျံတက်။ တိမ်ကြားထွက်သို့။ လေဌက်ပမာ။မယည်သာကို။ လျှင်စွာမနှေး။ ရဲဆုပေးမှ။ ရှမ်းကျေးဝန်းပတ်။ ရန်ညွှန့်ဖြတ်က။ ဆောင်ခတ်သံရှင်။ ရဲတင်းရင်သည်။ ။ကြားထင်တည့်နီးဝေး၊တချေးချေး။ ။

၄၃။ တဆန်းတဆန်း။နတ်စက်ဝန်းသို့။ရပ်စွန်းဆွတ်ချွေ။
စောသဇွေကို။ ရိုသေသင့်တင်။ မဝင်နှင့် တည့်။ မိုးညင့်အမှို။
ကမ်းနီတတည်။ခံသင့်သည်ကို။ ဘုန်းစည်စက်မီး။ ရံဆီးကြပ်
ကြပ်။မြို့ရှေ့တပ်နှင့်။ယှည်ထပ်ရဲလှော်။ ဒုတ်ထွေပြက်ပြက်။ဖြဖြ
တက်၍။လှံရွက်လူလူ။မိုးယံကြယ်ပြူသို့။ သူ့သူရဲမာန်။ကြုံ၍လှန်
လည်း။ မတန်လက်ရှဉ့်။ညည်းညည်းလည်မှု။အောင်စည်ဆောင်
ခတ်။ ရန်ညွှန့်ဖြတ်က။ လျှံပတ်တေဇ။ ရှင်မွေးဘကို။ သီဟာရဲ
ကျော်။ဘကြီးတော်လျှင်။ မုန်ခေါ်ရိုက်မြည်။ မိုးယံစည်ပမာ။
ကျူးရင့် သာသား။ စန္ဒာမုနိ။ ကာသိ တိုင်းဖြစ်။ အစစ်ကောင်း
မော။သဘောကိုယ်ရုံ။ ဝတ်လုံအကွ။ ဇော်တရည်ရှင်။ ဘိုးအင်
သိန်းခပ်။ ပေးဆင်ထပ်သည်။ ။လက်စွပ်တည့်ရည်လေး၊ နီ
ရွေးရွေး။ ။

၄၄။ ရတနာတံခွန်။ လက်ရုံးအန်ဖြင့်။ ရဲမာန်တျင်းတျင်း။
နတ်စက်မြွှင်းသို့။ ချင်းတွင်း တသွန်း။ ရန်မျိုး ခန်းမှ။ ရစ်သန်းမြ
စက်။တကျွန်းချက်တုံ။သွေးထက်လှံခား။ စွယ်ဖျားချွန်ချွန်။ဆင်း
ရဲမှန်တိ။စောင်းမာန်မိုးယံဖျား။ သံကြိုးဝါးလျက်။ တရားရန်နင်း။
မကြွင်းမြို့လုံး။လက်ရုံးတတည်။ ပတ်ပတ်လည်မှု။ရပ်စည်သာ
ထူး၊ စည့်ကူးဝယ်။ ရန်ဆူးထော်လော်။ ရှမ်းကျော်ကိုယ်ရုံ၊ ခံ
လင့်တုံသော်။နန်းငုံပွင့်လျှာ။ဓမ္မရာလျှင်။သီတာမြစ်ကြောင်း။လှေ
ပေါင်းကြိုက်ကြိုက်။ ဦးစီးဆိုက်မှ။ ပြိုက်ပြိုက်တက်ဆင်း။မြို့ရင်း
တူးဖြတ်။စက်မီးပွတ်သို့။တော်ပတ်လှေခါး။လွှားလွှားထိုးချ။အခ
ပြင်းရသော်။ သောကဦးရန်း။ ရွှင်လန်းအားရမ်း။ ချီးမွမ်းမြတ်
လေး။ပေးသည်ရဲဆု။အတုမမြင် ။ပေါက်ကျော်ဆင်သည်။ ။
ရွှေပြင်တည့်နီတွေး၊ ညှင်းဖွေးဖွေး။ ။

၄၅။ စံနှုန်းလွတ်၍။ တမွတ် ဘုန်းသန်။ တန်ခိုး အန်ဖြင့်။
ကျော်ဗုန်တေဇ။ရှင်းမွေးဘကို။ရှင်ဘအကြီး။ စောထီးရဲကျော်။
အသာခေါ်၍။ ပြန်တော် မူနောက်။ ဆင်ပေါ ကိုရာထွေ။ မြင်း
ထောင်နေနှင့်။ဗိုလ်ခြေတသောင်း။ရဲမက်လောင်း၍။အပေါင်းမြို့

နေ့။လှံပျံစေသော်။ စီးလေလျှင်ထန်။ ကြွားကြွားဆန်၍။ နန်းရန်ထွန့်ထား။ ရောက်ပြီကြားက။ စော်ဘွား ရည်တူ။ ကိုးသသူဟု။ ရှုရှုစောင်းမာန်။ မိုဃ်းစွန်တက်မြူး။ ကြိုလင့်ဖူး၍။ ဆင်ဘူးထွန်ရိုက်။ ခုတ်ပြိုက်ထားဝင်။ အတင်တင်ဝယ်။ ပြည့်ရှင်မင်းရဲ။ ကိုယ်တော်ကဲ.ဘ။ စိန်ရဲတောက်ထွန့်။ နတ်စက်ဖြတ်သို့။လည်ညွှတ်မြို့လုံး။လက်ယူကျုံးက။ လက်ရုံးမကိုန့်။ ရှင်ဘစိုက်သား။ ကျော်ရိုက်သတင်း။ တ ရွှင်း ရွှင်းလျှင်။ နောင်ကြွင်းရှုမျှော်။ မျိုးလေးဘော်တို့။ထံတော်ခြေဦး။ ဆိုက်လှာဖူးသည်။ ။ဖြည့်ပြူးတည့်သိမ်းမွေး၊ တချေးချေး။ ။

၄၆။ ဓာတိပဝတ်။ မြတ်ထက် မြတ်တုံ။ ချေချွတ်ရုံဆီး။ တန်ခိုးမီးဖြင့်။အပြီးနေကျ။ မန္တာန်ရသို့။ ရှင်ဘရန်ငူး။ စည့်ကူးက။ပွဲဦးပွဲနှောင်း။ လက်နက်ပေါင်း၍။ တကောင်းမလည်။ ရှမ်းပြည်ဝေးရပ်။ကြီးညှပ်မြတောင်။ နှံ့အောင်ဖွေရှာ။ ကမ်းသိတာနှင့်။ကသာဝန်းပတ်။ဆော်ခတ်စဉ်မောင်း။ ခြောင်းခြောင်းချုန်းချုန်း။ငရုန်းငရင်း။ ကုန်အောင်ချင်းက။ ကျွန်းတွင်းဇမ္ဗူ။ လူတို့တန်ဆောင်။ စောဘုန်းခေါင်လျှင်။ စက်ရောင်လွှမ်းဖုံး။ လက်ရုံးထွန့်ကဲ။ငါ့ညီပွဲကား။ဖြစ်ခဲလှစွာ။လှေနှင့်သာတည့်။ရေဝန်းရိုး။ ဖြစ်လုံးစုံကို။ ဝန်းရှိုရန်ဖြစ်။ နတ်ဖြစ်တျင်းတျင်း။ ပယ်လှစ်ခွင်းက။သတင်းပျံ့မွှန်း။သေါင်းတိုက်ခန်းဝယ်။မော်ကွန်းသက်သေ။ ဖြစ်ထိုက်ပေဟု။ သပြေထိပ်မှူး။ မိန့်တော်ကျူး၍။ အထူးအံ့မှု။ ပေးသည် ဆုကား။ ပျံလု မိုဃ်းစွန်။ မျိုး ဆဒ္ဒန်နှင့်။ ပြောင်မွန်ကောင်းမျိုး။ပုဆိုးကြည်းဖြစ်။လုပ်.သစ်ကွမ်းချပ်။ သိန်းခပ်ဘိုးတိ။ မဏိမျက်စံ။ ညီးညီးရံသည်။ ။ရည်လျှံတည့် ရောင်ပြေး ဖြိုးလွေးလွေး။ ။

၄၇။ သပြေဇမ္ဗူ။သိမ်းယူလှစ်ရစ်။သရေခေတ်ကို။ပယ်လှစ်အောင်မြင်။ဘဝရှင်က။ယင်းတွင်အစ။ဟံသာဝတီ။ သိဂ်ိပူရ။အင်းဝမကြွင်း။မိုးညှင်းမိုးကောင်း။ရန်ညောင်းမရှောင်။လက်ရုံးထောင်သား။အုံးပေါင်နှင့်ယွန်း။ထူးတဆန်းတည့်။ကျယ်ဝန်း

ရပ်ခြား။ ယိုးဒယားကို။ ဘုရားဘုန်းတူ။ နိုင်ငံယူ၍။ ဇမ္ဗူကျွန်း စည်။ပတ်ပတ်လည်က။ တွင်မည်ကျော်ဟိုး။ သတိုးဓမ္မရာဇာ။ မည်သာတမွတ်။ ရဲတုလွတ်ကို။ အထွန့်ထားတင်။ လူ့ခွင်နတ် ဘုံ။လုံးရှုံပြဟွာ။သူရာနဂါး။ချောက်ချားစကြဝဠာ။အာဏာပတ် ကုံး။ပြောမဆုံးသည်။ ။လက်ရုံးတည့်ငြိမ်း။ပေါင်းနှယ်မွေး။ ။

၄၀။ ဖြစ်ခေါင်ဖြစ်ခက်။ တနေ့နက်ဝယ်။ ရက်ရက်လျှင် ဆော။ နိုင်တင့်မောသား။ သဘော်ထက်ကြွပ်။ မြို့သုံးထပ်နှင့်။ ရေတပ်ကစ။သုံး၌ွန်ကို။ တေဇကိုယ်ယုံ။ဝတ်ရုံမတပ်။ချပ်မျှမ တင်။ မျက်ရှင် နဝရတ်။ စိခတ် ထိပ်မိ။ မှောက်တို မဆောင်း။ ကျိုင်း ပေါင်း ပျေ။ ရွှန်း ရွှန်း ရွှသား။ ပြူလွ ထက်ကြွပ်။ လှပ် လှပ် အကျော်။ ခေါင်းထုပ်တော်နှင့်။ ဇမ္ဗေါ်နဒ။ သိင်္ဂီ ရတနာ။ ထွန်းဝါလျှံပြောင်။ လျှပ်ရောင်ခြည်သွင်။သီလဝင်ဟု။ သံရှင်အ သွား။သန်လျက်ဓားနှင့်။ လွှားလွှားဖြတ်ခွင်။ ဆင်နှင့်မကန်။မြင်း သန်မစီး။ အဖြိုးအတွေ။သူ့စစ်ခြေကို။ ဘယ်မြေရပ်ရွာ။ဘယ် ကမ္ဘာ ဝယ်။ ဘယ်ရွာ သနင်း။ ဘယ်သည် မင်း၏။ ရင်တွင်း သည်းကြား။ဘယ်မင်းသားလျှင်။ ဇွေးဖျားလက်ဦး။ တိုက်စွမ်း ဘူးနည်း။ဇမ္ဗူကြည်းမျှ။ ကမ္ဘည်းမကျန်။ လဝယ်ယုန်သို့။ ဝသုန္ဓ ရာ။ကမ္ဘာမိုဃ်းမြေ။မကျေသရွေ့။ တစေ့စေ့လျှင်။ အောက်မေ့ စည်လျား။ ပွဲတော်များကို။ သားသားမြေးမြစ်။ ပြောရစ်စရာ။ စကြာလက်ရုံး။ရန်မျိုးကျုံးသည်။ ။တင့်ဆုံး တည့်မြတ်လေး၊ ပြိုင်ဘက်ဝေး။ ။

၄၉။ တရာ့တထွေ။ ဘာသာ နေသား။ အထွေလုံးစုံ။ရှိ ကြာငုံဖြင့်။ရွှေဘုံနဂိုရ်။ မြို့ဗဟိုရ်ကို။ တူးပြိုဖြိုဖြ။ မရမိခင်။လျှင် စောဝင်၍။စက်ရှင်ဦးထား။နှောင်သားမြေးမြစ်။ ချမ်းသာရစ်အံ့။ ဦးသစ်သံချောင်း။မျက်စောင်းနှင့်စက်။လက်နက်အကွ။ဘုန်းဖြင့် ရသား။ ဒေဝလေးပါး။ နတ်မင်းအားတွင်။ တပါးဝင်လျက်။ညီ တော်စက်ကြောင့်။ အသက် ဆံရောက်။ ရှုံလှ ကြောက်၍။ မွေ နှောက်ဘုန်းတူ။ အရေးယူလော့။အတုမကွေ။ ကြည်းရေချီရာ။

နောက်တော်ပါစိမ့်။သစ္စာမြဲမှန်။ ဧကခန်ဖြင့်။ပြောင်းပြန်မရွယ်။
ဆင်စွယ်ပမာ။တံခွန်သာလျှင်။တရာရုဝံ။အာမခံ၍။ မဆံတပါး။
တို့ထွန်းထားကို။ ကြိုင်ရှားနံ့မြူး။ စန္ဒကူးသို့။ ပျံ့ပျူးချိုပျား။ယိုးဒ
ယားတို့၊ စကား တတ်ဆုံး။ ရွှေစက် ဒုံးသည်။ ။ပုံထုံးတည့်
စိတ်ပြေး၊ကောင်းရာရွေး။ ။

၄၀။ ဓတရဋ္ဌ။ဝေါဟာရဖြင့်။ နာဂဘုံလုံး။လက်နက်ကျုံး
သော်။မင်းဆုံးရေနတ်။ သိကြွားမတ်လျှင်။ မျက်ရှိန်ဝင်က။စွမ်း
အင်ပညာ။နာနာရုပ။ ဖန်ဆင်းလှသား။ ပဉ္စဂလျှာ။ အင်္ဂါစုံအင်။
ရွှေစင်အသား။ ငါပါးကြန်ဟုတ်။ သမုဒ္ဒဇာ။လက်ဆောင်ဖါသို့။
ရာဇာဧကရာဇ်။တို့ရှင်ချစ်ကို။ရင်နှစ်သည်းကြား။သားနှင့်သမီး၊
လေးစီးနတ်သ၊ ပြုဆွဲဆဒ္ဒန်။ပြောင်မွန်ရတနာ။ လက်ဆောင်ပါ
၍။ရာဇာသုမင်း။ထံရင်းစက်အောက်။ရောက်သည်မနှေး။ညွတ်
ကွေးဆယ်လံ။ ကျွန်တော်ခံ၏။ တဆံ မရွက်။ သစ်ခက် မချိုး။
သမ်းညှိုးမဟူ။မပူနှလုံး။ လက်နက်ကျုံးသည်။ ။မင်းဆုံးတဥ္စ
မနှေး၊ချမ်းသာပေး။ ။

၅၁။ အဆန်းအထူး။ရဲကျေးဖူးကို။အံ့မူးမနိုင်။ရုပ်ရှစ်ဆိုင်
ဝယ်။နိုင်းပြိုင်မဲ့နိုး။သတိုးဓမ္မရာဇာ။သူရာပေါက်ပြ။အံ့ကြမဆုံး။
ပတ်ကုံးကျော်လျှံ၊မည်တော်သံကို၊ မခံနိုင်ကောင်း။ မြေကြီး
စောင်းမျှ။အပေါင်းဝန်းလျား။ ယိုးဒယားနှင့်။ တိုင်းကားမကြွင်း။
မင်းလည်းပြေးဝင်။ပည်းဖျင်ရွှေငွေ။အုတ်ထွေဆင်မြင်း။ရုပ်နှင်း
၍။ ခြေရင်းတော်မှာ။ ရောက်ပေလှာက။ နရာဒိဗ္ဗ။ လောကမှန်
ကင်း။ မင်းထက် မင်းလျှင်။ ချစ်ခြင်း ကြည်လင်။ ရွှေစင် ကွမ်း
ခွက်။ ပြောင်ပေါက် နက်ကို။ အင်တက် မြဲတ်လေး။ ရဲဆုပေး
သည်။ ။နိုးဝေးတည့်ထိန့်ဇ၊ ကျော်သံလေး။ ။

၅၂။ လက်ရုံးဝရစိန်။တထိန်ထိန်လျှင်။ ကျော်ရှိန်မပျက်။
နှစ်သက်မလည်။ရန်ညောင်းစည်သား။ ဆောက်တည်မိထွေ။
ကြိလျက်နေသော်။ မပြေ မျက်တော်။ တာရှည်မျှော်၍။ ဆော်
လော်ထောင်းထောင်း။ မိုးကောင်းမိုးညှင်း။ မကြွင်းစော်ဘွား။

ရှမ်းတလွှားနှင့်။တိုင်းကားမြန်မာ။ဥဿာအားလုံး။မင်းဆုံးနေမှ။ ဟံသာဝတီ။ရှုဋ္ဌိတရှက်။ ရံလျက်ခေးဝယ်။ နကျယ်လန်စင်း။တ နင်းသာရီ။စုံညီမကြွင်း။လက်ရင်းမထား။ယိုးဒယားနှင့်။လေးပါး စစ်အင်။စစ်တုရင်ဖြင့်။နတ်ရှင်ဘုန်းတူ။ချီတော်မူသော်။ယွန်းသူ ယွန်းသား။ ယွန်းစားမောင်နှံ။ သင့်အောင်ကြံ၍။ မင်းစံရွှေငွေ။ တွက်ရေမသာ။ လက်ဆောင် ပါလျက်။ လျှင်စွာ ကြိုးမြောက်။ တဲတော် ရောက်လျှင်။ ခြေဦးတင်၍။ ကြောက်ညင်လန့်ကြား။ ကျိုင်းသည်စားနှင့်။ပြေးသွားပျက်ဟန်။ မပုန်ကန်ဟု။ပြောင်းပြန် လျှောက်ဆိုး။ မှုသား သုံးသည်။ ။ခန့်ချုံးတည့် စိတ်ပြေး၊သိ အောင်မေး။ ။

၅၃။ လောကနာထွန်း။ညီတော်လတ်လျှင်။မလွတ်ရစေ။ လျှောက်လျှင်း လေသော်။ သံခြေမိန့်ဖြွက်။ နှုတ်တော်နက်ကို။ ထိပ်ထက်တံခွန်။ပန်းနှုယ်ပန်၍။သိဒ္ဓာရော။နက်လှစွာမှု။ ချမ်းသာ မရှောင်။ လက်ရုံးထောင်လျက်။ တောတောင်မရွေး။ နီးဝေးမ မှတ်။အပြင်းလွှတ်က။ထီးလက်ရမြောက်။ကြည်းခဲ့ရောက်သော်။ ရွံ့ကြောက်မနေ။ ဆက်ရလေက။ ဝေးမြေမနီး။ ချီးပန်းကြီး၍။ခ ရီးတည်းလည်း။မျက်နှာမည်းသို့။ အပြင်းတိုသော်။မြို့ဘလည်း နေ။အသာစေလျက်။ မျှော်ထွေငံ့လင့်။ ရက်မြင့်မကြာ။ ချွံချွံပြေး ထွက်။ လိုက်လံဖျက်က။လမ်းချက်မြေခြား။ တရုပ်ပါး၌။မီးဖြင့် တိုက်၍။ သိုက်သိုက်မကျန်။ ရုတ်ခဲ့ပြန်သော်။အားအန်ပည်းသိ။ တူတညီလျှင်။ သိန်းနီ စော်ဘွား။ ခံစားအသင့်။ ကျွန်ခံလင့်၍။ ဘုန်းရင့်နတ်ရှင်။သံလွင်မရိုး။ တပိုးရွှေကောက်။ လက်မြှောက် ချေင်။သပြေသဖြင့်။ပွဲစံသဘင်။ပြည်ကြိုက်တွင်၌။ဆောလျှင်အ ပုံ။ပြန်လတုံသည်။ ။မှုကုံတည့်အောင်သွေး၊ လျှင်မနှေး။ ။

၅၄။ ဟံသာဝတီ။သိင်္ဂပူရ။ဖြစ်ခြင်းတကို။တိုကလူပြန်။ လျှောက်ဝံ့ပန်သော်။တံခွန်ထွန်ထား။တိုဘုရားကို။ကြံမှားသွတ် ဆိုး။မျက်ငြိုးပြင်းထန်။ပုန်ကန်သောင်းကျန်း။ရံဝန်းပိတ်ဆီး။ခရီး ကန္တာ။ဘယ်ညာဖြန်းဖြန်း။ သန်းသန်းမရှိ။ ထိလေကာကာ။သာ

သနာလည်း။ရောင်ဝါမ ရွှန်း။ မိန္တာမွှန်း၍။ မထွန်းတောက်ပ။မြို့တော်ကလျှင်။လောကထွန်းတင်။ရွှေစက်ရင်မှ။ ပူပင်ချမ်းမြ။အာသက်ရအံ့။ သိဂ်လျှပ်လျှပ်။အုတ်စည်းကြပ်နွေ့။ကောက်ကွေ့မသား။ယွန်းစားနှင့်ပင်။ အလျှင်ချိ မြောက်။ ပဲကူး ရောက်သော်။လက်ထောက်မစင်။သုတ်သင်စန။မြို့တော်ကလျှင်။ ဒလရောက်ဆုံး။ ရွှေကြိုးထုံးသို့။ နှလုံး တကိုယ်။ ဖြစ်စေ လို၍။ မှုကိုမှုကုံ။သစ္စာခြိုသည်။ ။ရောက်တုံတည့်ပျက်ရေး၊တလိုင်းဘေး။ ။

၅၅။ နရာလူ့ထိပ်။ စောရန် နှိပ်ကား။ မလိပ် တစ။ နှုတ်တော်ဟာလျှင်။ရွှေဘောင်တင်မှ။ စက်ရှင်ရတနာ။တက်ခါနှိုးနှိုး။အောင်စည် တီး၍။ ဖြန့်ချိး မိုလ်ပုံ။ ရောက်လတုံသော်။ မြစ်ဆုံကြောဆိ။ပိုင်ဘာလိဝယ်။ ဦးစိကြိုလင့်။အဆင့်ဆင့်ကို။တိုက်သွင့်နိုင်ထွေ။ ပမာဖွေသော်။ တိမ်ခြေ ထိအောင်။ ဆဒ္ဒန်ပြောင်တိ။ရည်စောင်သယံ။ တွေ့မည်ကြံသော်။ချန်ပျံရောက်လှာ။ကေသရာ၏။ မျက်နှာရှုပ်သွင်။ဖြုတ်ချည်းမြင်က။ ကြောက်ညင်တုန်၏။လွတ်ရာပြေးသို့။နှိုင်းသွေးတူလျှော်။အသံတော်ကို။ကြားသော်တွေဝေ။သူပုန်းကျေ၍၊ ပျက်လေတျင်းတျင်း။ ထုံးနှယ်ဆင်းမှု။ချက်ခြင်းနိုင်မြောက်။ ပြန်လေ ရောက်သော်။ ဘုန်းတော် နတ်ရှင်။ သာ ရွှင်တုံတုံ။ထမ်းတိုင်းကုံဟု။ဝတ်လုံသိဂ်။ ဇောတကွမ်းခွက်။နှစ်သက်ပြည့်စုံ။ရဲဆုပုံသည်။ ။ရိပ်မြို့တည့်ငြိမ့်လေး၊ရဲဆုပေး။ ။

၅၆။ အပွင့်တရား။ ရိပ်ဖြူကာသား။စကြာသခင်။နတ်ရှင်ညီတော်။ရဲကျော်ခမ္မ။ ရှင်မွေးဘကား။ တေဇပြောင်းထန့်။ မိုးယံးမြေဖွန်မှု ။ရဲမာန်လက်ရုံး။တုမဲ့ကျူး၍။ ခန့်ချုံးရည်စောင်။ စန္ဒာတောင်က။ မိုးယံးခေါင် ထိလောက်။ ချောက်လည်း ပတ်ကုံး။ကျုံး၏အသွင်။ ရေယင်ပတ်လည်။ခံလင့်သည်ကို။ ဘုန်းစင်ရန်နင်း။ညခင်းချမ်းရောက်။ မိုးယံးသော်ရဲမက်။ ကိုယ်တော်တက်က။ချက်ခြင်းရ၏။ဘမ်းကြမြင်းဆင်။ ချည်ငင်သုံးပန်။ ကြပ်သိမ်မြန်မှ။ကြောက်လွန်စိမ့်ပြည်။မိုးလည်စွေလုံ။လုံးစုံမကျန်။ထုတ်

ခဲ့ပြန်သော်။ရန်မာန်အလုံး။ ပြိုင်တိုင်းရှုံးသည်။ ။ပတ်ကုံးတည့်
စိမ့်ကျေး၊တုဘက်ဝေး။ ။

၅၇။ မဟိတလ။ နရရာဇာ။ သည်ကမ္ဘာထက်။ ဋ္ဌေဝရ
ကျည်း။မိန္တာချည်းကို။ တိုက်လှည်းပြင်းပြ။ မဏ္ဍလဝယ်။ထူကွ
မင်းကြီး။ ကျန်းလယ်စီး၍။ ထိုသီးလှံသန်။ လက်ရ ပြန်သော်။
တတ်ပွန်နောက်မှဲ့။အတူမှဲ့ပြီး။သူရဲကြီးလည်း။ အံ့ချီးလူ့ မြေ။တ
ကျိပ်နေနှင့်။ နိုင်လေ မှန်ထုတ်။ ရှည်ကိုးတုတ်လောက်။ သွေး
ချောင်းမြောက်သို့။နိုင်ထောက်ဆိုဘွယ်။ မလွယ်ခဲအင်။အတင်
တင်လျှင်။လုလင်ရွှေတော်။ရဲမက်တော်နှင့်။အခေါ်ဘဏီ။ ပည်း
သိစေဘွား။အဝေးခြား၍။မြစ်နားဆိပ်ပြင်။ ကြို့လင့်ချင်သော်။
မာတင်တုလွတ်။ ကြောပျာသတ်နှင့်။တိုက်လွတ်ပျက်ကျေ။နိုင်
လေထွားထွား။လွှားလွှားမပြတ်။ ရှုံလွတ်ဟု။ ထိမ်းမှတ်ပေး
က။တက်စစ်လျက်။ ရုတ်ရက်တိုက်ချိုး။ ပန်းနှယ် ညှိုးသား။
တန်ခိုးလွှမ်းဖုံး။ ချန်ညွှန့်တုံးသည်။ ။ပတ်ကုံးတည့်နီးဝေး၊တ
ဖျင်ပြေး။ ။

၅၈။ သပြေဇမ္ဗူ။ညွှန့်လန်းလူသား။ဇမ္ဗူဒိပါ။ လက်ယာ
ကျွန်းဦး။ထိပ်နဖူးတွင်။ ဖြူးဖြူး ရွှန်းရွှန်း။ ရောက်စည်ထွန်းသား။
ပင်ဝန်းကြီးစွာ။ ယူဇနာလျှင်။သုံးရာအမှု။ ခက်မလေးပါး။လေး
ပြင်ထားသို့။ လေးပါးတည့်မင်း။ပုံမယွင်းလျှင်။မှန်ကင်းပရမေ။
ရေမြေသခင်။နတ်ရှင်ဘုရား။ထွန်းဖျားတန်ဆောင်။အခေါင်ဒိပ။
ကျွန်းလုံးခသား။နရမဏ္ဍိုင်။ခေါင်ဦးကိုင်လျှင်။အခိုင်အပွင့်။လွန်
လှတင့်၍။ရွက်ဆင့်အသီး။ မှူးကြီးမတ်ရာ။ တကာမျိုးဆွေ။ ခြွေ
ရွှေရံဝန်း။ ကြယ်လထွန်းသို့။ တောက်ရွှန်းတေဇာ။ ရှင်မွေးဘ
ကား။ဓမ္မရာဇာ။မည်တော်သာနှင့်။ရေးရာပွဲမ်ကျမ်း။ ပွဲလမ်းပြီး
ထွေ။လှေခြေဆင်မြင်း။မကြွင်းပြည့်ဖြိုး။မြို့တိုးမြို့ခံ။ တခံမရွေး။
နက်လေးသို့ပင်။ညီများရှင်ဟု။သံတင်နှုတ်ရွတ်။ လှဍ္ဍပတ်ကြိမ်း
ပ။ မိန့်တော်ဟာက။ ကျသမင်းနှန်း။ ရဲစံတုန်းသည်။ ။ရွှေဘုန်း
တည့်ရောင်ပြေး၊ကျွန်းလုံးမွေး။ ။

၃၉။ သမ္ဗာရင့်ပြီး။ ဘုန်းညွန့် တိုး၍။ သိုက်ရိုးရွှန်းရွှန်း။ ကျမ်းဂန်ညွှန်းသား။ ဖွေနန်းပွင့်ရန်။ ဇာကခန်ဟု။ ငမှန်ဆရာ။ ဗျာဒိတ်မှာက။ မြတ်ရာမြတ်ဘိ။ မြတ်ခေါင်ထိသား။ သိရိယွန်းပ။ မြတ်တေဇဖြင့်။ ဓမ္မရာဇာ။မြတ်လှစွာသား။ မည်သာပေါက်ပြ။ ရှင်မွေးဘကား။လောကတံခွန်။ ရင့်ဘုန်းသန်၍။တသွန်ပေါက်မည်း။ရေနှင့်ကြည်းကို။တိုက်လှဉ်းရှပ်ရှပ်။ဘဒ္ဒကပ်ဝယ်။နှံ့စပ်ဝန်းလျား၊ပွဲတော်များကို။ချောက်ချားစကြဝဠာ။ မြဟ္မာလူနတ်။ လောကခေတ်၌။ညီညွတ်ပေါင်းရုံး။ ပုံထုံးနှောင်လာ။ဖြစ်စိမ့်ဌာဟု။သိင်္ဂါဖွေခွက်။ဖွေရည်ညက်၌။အထက်ရှုဌာ။ မုနိမှာလျှင်။ရတနာကိုးပါး။အထွန်းထားသား။ပတ္တမြားမျက်ရှင်။ကျောက်တိုင်တွင်၌။ သဘင်စုရုံး။ မော်ကွန်းကုံး သည်။ ။လက်သုံးတည့်ပြောက်ကွေး၊ဖွေစာရေး။ ။

၄၀။ အစဉ်ရှေးနှောင်း။မကြားထောင်းတည့်။အကြောင်းမှတ်သား။ပွဲတော်များကို။သိကြားဗြဟ္မာ။သက်လှာယချ။ကြည့်ရှုဖန်ဆင်း။ ခံတွင်းသိန်းသောင်း။ အပေါင်းကုဋေ။ သံခြေအားရမ်း။ မြောက်သည့်ဝမ်းဖြင့်။ ချီးမွမ်းမကုန်။ ရဲစက်ဟုန်ဖြင့်။ဝသုန္ဒရေ။ဆူလှိုက်ဝေမျှ။တောနေတောဌက်။ အထက်ကျူးလွန်။ သတိုးကျွန်ဟု။ ကျော်ထွန်ကွန့်မြူး။မြဉ္စရင့်ကြူး၏။ဘိလူးရန်မွှေ။ ဥပဒ္ဒွေလည်း။ကြိမ်းထွေသံပ။ ကြက်သီးထမျှ။မြစ်မတလွှား။ ရေတွင်ငါးလည်း။ တပါးမဆန်။သတိုးကျွန်ဟု။ စောင်မာန်ဖြိုးဖြိုး။ ဖြိုန်းဖြိုန်းတိုးလျက်။ လန့်ရိုးပြင်းပြ။ ရှင်ချစ်ဘကို။ ဒေသရပ်ရာ။ ရှစ်မျက်နှာလည်း။တိုးလှာနိုးနိုး။တဟိုးဟိုးလျှင်။ရိုက်ကျိုးပဲ့ထင်။ မြေပြင်တိမ်းတင်း။ ထိန့်ထိန့်ချင်းမျှ။ ရာစင်းထိးဆောင်း။ ပြည်ထောင်ပေါင်းသည်။ ။ကြောက်သြောင်းတည့်တုန်ဧ၊ဝပ်ဝပ်ကွေး။ ။

၄၁။ သတ္တရဘန်။ ချနစ်တန်လျှင်။ ယုဂန်နန်းမြင့်။ ဆင့်ရရင့်သား။လှတင့်သွန်းသွန်း။ရစ်သန်းသိတာ။ ခြားကာကာလျှင်။ သက်ယာလှည့်ဝုတ်။ယည့်ယည့်ချုတ်သား။ သမုဒ္ဒရာ။ ကြီးစွာ

ပေါ်ထွန်း။ဇမ္ဗူကျွန်း၏။ရံဝန်းများစွာ။ ကျွန်းငါးရာတွင်။ တပါး
ဝင်သါး။ကျော်ထင်ဒီပ။သိဟိုဠ်ကလျှင်။ညွှန်းထဗျာဒိတ်။သုံးလူ့
မိတ်၏။သပိတ်စွယ်တော်။ပူဇော်စရာ။ သကုန်လှာ၍။ ရင်းချာ
နှစ်သက်။ခြေတော်ရှက်က။ မင်းထက်မင်းဖျား။ နေထားဝတိန်။
နိုင်းချိန်တူရည်။ ဟံသာပြည်ကား။ နက်ကြည်ကျူးမြောင်း။တန်
ဆောင်းမြို့ပြ။ သိင်္ဂနှင်နှင်။ ဖြူစင်ချယ်စီ။ ပည်းသိ လက်နက်။ရဲ
မက်မြင်းဆင်။မြေပြင်အထု။သာမှုသဘင်။ သို့ပင်နေ့တိုင်း။ ထုံး
ပိုင်းမချန်။ဇမ္ဗူထွန်မှု။ထိန်ဌန်အားလုံး။သောင်းပြင်ကျူးသည်။ ။
ပတ်ကုံးတည့်နီးဝေး၊ကြောသံကျွေး။ ။

၆၂။ ရာဇဂြိုဟ်ဟု။နဂိုရ်ထွန်ချာ။ယါဉ်ငါးရာနှင့်။ရောက်
လာနင်းနှိပ်။ဘိုးဦးထိပ်တွင်။ တံဆိပ်ပြည့်ညွှန်။ ငါလွန်မြင့်ကြာ။တ
ရာနှစ်ဆေ့။ဘုန်းဟော့ချနစ်ပါး။ တည်ထားရသေ့။ ခေါ်လေ့ဒွတ္တ
ပေါင်။ကျူးဆောင်ဇမ္ဗူ။ဆင်ဖြူများစွာ။နာဠာဂိရိ။ထိုးဘိလှံစက်။
စိုးဆက်အာဏာ။ဓမ္မရာကား။ပြည်ချာနောက်ဘက်။ ရွှေတောင်
ထက်ခွင်။ရွှေစင်ပုံခတ်။လုံးပတ်လေးရာ။အာကာတိမ်နီး။ ဘိတ်
စီးလျှံဝေ။ရောင်ခြောက်ထွေနှင့်။လူ့မြေရပ်ရွာ။ရတနာမှနီ။မဉ်
ဘိထင်ပေါ်။ ကောင်းမှုတော်မူ။ ရှုမျှော်ဝန်းလည်။ လေးမည်စ
ဆွန်။ စိမန်ကိုးပါး။ ဘက်ဝေးရှား၏။ သည်းကြားနှောင်ရှေး။မ
ဝေးဆွေစုံ။ အာရုံဖြောင့်မွန်။ အလောင်း မှန်ဟု။ ဝေယန်ပမာ။
ကျောင်းသာ ဆောက်များ။ ဘုရား ဆင်းတု။ ရေးမှုပိဋကတ်။
ဆွမ်းဝတ်ကထိန်။ အချိန်မရှိ။ လှူဘိ စိတ်သန်။ အိုးရေ သွန်သို့။
သည္ဈာန်ပတ်ကုံး။ ဆုယူကျူးသည်။ ။လေးလုံး တည့်ပုံသွေး၊
မင်္ဂကံကျွေး။ ။

၆၃။ ရာဇာပဝရ။လောကထွန်ထား။တရားသတိုး။ တန်
ခိုးထွန်းစစ်။ နေတက် သစ်သို့။ စက်ရစ် ပြောင် ပြောင်။ တန်
ဆောင် လက်ရုံး။ ရဲဆုံး မှန်ကင်း။ ဂှင်ဘ မင်းလျှင်။ ရွှင်းရွှင်း
ကောင်းစိတ်။တိနေဟိတ်ဖြင့်။ ပရိတ္တယ။ ဒါနကြည်ဖြူ။ လေးဆူ
သစ္စာ။သဒ္ဓါစာဂ။ပုညတက်တုန်း။ဘုန်းတ ရွှန်းရွှန်း။ဦးစွန်းထွန်

ခေါင်။မြင်းမိုရ်တောင်သို့။မြနှောင်ညီညွတ်။ ရင့်မြတ်သမ္ဘာ။သု
ဇာအသွင်။ရှင်မိခင်နှင့်။ချစ်ကြင်မြတ်နိုး။ ကုသိုလ်ဖြိုး၍။ရှေးကျိုး
ပါရမီ။ဖြည့်ညီပြည့်စင်။ လှလွန်ကြင်သည်။ ။ထွန်းတင်တည့်
မြတ်လေး၊နှင်းဆက်ပေး။ ။

၄၄။ ဇာတိဥက္ကာဋ်။ ဆက်တိုင်း မြတ်၍။ နေနတ်မျိုးနွယ်။
စင်ကြယ်ထွန်းတင်။ရှင်မိခင်နှင့်။ရဲပင်ရဲဖျား။ တရားသတိုး။အခုပ်
ရိုးရွှေပြည်။နန်းကြောင်းတည်က။ဆယ်မည်တရား။ပြန့်ပွါးသာ
သနာ။ မျိုးလေးဖြာလည်း။မဟာဒါန။ လှူကြွေးချ၍။သီလမဉ္ဇူ။
ကြိုင်နံ့ကြူကို။လူလူထိပ်ပြင်။မွှိမွှိဆင်သား။ဆွေလင်ရှည်စုံ။ပျော်
ရိပ်မြို့မှ။နေတုံသခွေ့။ မြူတေထွန်းပေါ်။ မွေးဘွားမြော်က။မယ်
တော်မိရှင်။ သက်ခင် ပြတ်လန်။ တဆန်မျှတည်။ တရာတဆူ။
လက်နက်ယူသါး။ ခစင်ဖြူသခင်။ ငါ့ကိုကြင်သည်။ ဘိုးရှင်မင်း
စစ်။ဘွားချစ်ရှင်ရင်း။ ရုပ်ဆင်းတင်တင်။ ယချမြင်မူ။ ဥကင်အ
လယ်။ စမ့္ပါယ်စေရ။ ယုယမြတ်လေး။ မြေးမယ်ထွေးဟု။ ရစ်
ကွေးလည်တွင်။ မကြင်လှည့်လော။လွမ်းမောတို့စွ။ယူတသည်း
တွင်း။ သက်လုံးနှင်းသည်။ ။ချစ်ခြင်းတည့်မြတ်လေး၊ နှောင်
စွန်မွေး။ ။

၄၅။ အခဆင့်အခဆင့်။ဗိမာန်မြင့်ထက်။ဘုန်းရင့်ဗှန်ဖြိုး။မယ်
တော်မျိုးဝယ်။ငါ့ဘိုးဘုရား။ ငါ့ဘွားရှင်ပင်။ငါ့ထိပ်တင်လျှင်။မ
မြင်ပလှာ။လွမ်းမောပါစ။တောင်ညာစိုးရ။တုလသိရိ။မွေးမိရှင်
ရင်း။ဘမင်းဘုန်းထွန်း။ လူလုံးနတ်လျှင်။ မျက်မှတ်ထင်ထင်။မြင်
ပါတပြီး။သမီးရင်သွေး။ငါ့မြေးဘုန်းရှိ။မှန်လှဘိဟု။ မချိမချက်။
ပြိုင်စက်သွယ်ရွှမ်း။နမ်းလည်းမရဲ။လွန်ကဲလေလေ။ရွှေငွေဆင်
မြင်း။သင်းပင်းကျေးကျွန်။ မကျန်ဖျင်ဇေးစုနှင်းပေးအံ့။ဘိုးဘေးမ
မြင်။ငါ့ဝမ်းဝင်ကို။မိခင်ငါသာ။ ကြင်ရှာမရဲ။ရစ်ဆွဲလည်၌။ပိုက်
လည်းမငြီး။ဇမ္ဗူသီးသို့။ လျှံညီး ကိုယ်ရောင်။ ထွန်းပြောင်ချိုး
ခြက်။ကျောက်နက်ဦးဆံ။ရယ်သံသာလေး။ချေးချေးပျပျ။ပြင်တိုင်း
လှလျက်။မြမြလတ်လတ်။ပွတ်ပွတ်ဖွေ့ဖွေ့။မြှေ့မြှေ့ချောချော။လှ

မောတိတိ။မျက်စိရဲ့ရဲ။တင့်အင်ကဲလျှက်။မြခဲနီလာ။ ပမာအတူ။
ဇမ္ဗူ့စိုးစံ။ သာသာပျံသည်။ ။နိုင်ငံတည့်ဘက်ဝေး၊ မင်းများ
မြေး။ ။

၄၄။ ပျံ့ပျံ့ပျူးပျူး။ရွှေစင်အရူးသို့။ရှူးမှူးမရဲ။ လည်၌ခွဲသည်။
ဝမ်းထဲစေ့စေ့။ ကြံအောက်မေ့သော်။နွေ့နွေ့ညွှတ်မျှ။လွမ်းတို့
လှ၏။ သိဂ်ရောင်ဝန်း။ သပြေ ထွန်းသား။ တောင်ကျွန်း အလုံး။
လက်နက်ကျုံး၍။ မင်းဆုံးမြောက်လှ။စကြာရသည်။ ငါ့ဘမှန်
ကင်း။ငါ့ရှင်ရင်းနှင့်။မိမင်းဘုရား။ငါ့ထိပ်ထားလျှင်။မျက်ဝါးစေ့
စုံ။မမြင်ကုံ၍။နတ်ဘုံမွေ့လျော်။စံလေပျော်သည့်။ မယ်တော်မိ
ခင်။အတူမြင်သား။နတ်ရှင်စောထီး။ မောင်ကြီးမောင်လတ်။မျို
ထွတ်ဆင်းရှယ်။ မင်းခေါင်မယ်နှင့်။ ဆီးဆွယ် ရွှေနောက်။မင်း
သုံးယောက်လျှင်။မျက်မှောက်ထင်ထင်။ယခုမြင်မူ။ သာ ရွှင်ယု
ယ။ဖူပြုချိုးပိုး။ပန်းနှယ်ပျိုးအံ့။မြတ်နိုးရှုပြော။ပီတိဇောဖြင့်။ လွမ်း
မောဘိခြင်း။ကြင်ဆပြင်းသည်။ ။သည်းတွင်းတည့်ငြိမ့်ဇေးတ
ရေးရေး။ ။

၄၅။ ပရမေသိရိ။မြတ်ခေါင်ထိသား။ ဇာတိမြတ်ပင်။ရှင်
ကိုမြင်က။ သုမင်္ဂလာ။ မဟာနိမိတ်။ ကြည်းရေ ပိတ်မျှ။ ထိတ်
ထိတ်သဲသဲ။ ဒုန်အဲ့အဲလျှက်။ မင်းရဲကျော်စွာ။ ဥပရာဟု။ စကြာ
မင်းသါး။ထင်ရှားဝေနီး။ မေါင်တော်ကြီးလျှင်။ပြည့်ချီးခွန်အါး။
လှော်ကါးသံလှေ။အထွေထွေတိ။ကုဋေမက။ဆန်လကြွသော်။
ပြည့်မျှမြစ်ခွင်။သဘင်တခု။ ဗိုလ်လူ့ဖွေးဖွေး။ရှုကြဝေး၏။သား
မြေးခေါ်ထူး။အိုင်အိုင်ကျူးလျှက်။ဆိုင်ကူးတိမ်မည်။ မှောင်ရိပ်
ခြည်တိ။ ညွှတ်သည်တောင်ကမ်း။ ကန်ဝမ်းဆည်ခိုင်။ မခံနိုင်
တည့်။ဖြိုင်ဖြိုင်ဖြောက်ဖြောက်။မောက်မောက်ဖြိုးဖြိုး။ စဲမိုးမရှိ။
တိတိရေတွက်။ ခနစ်ရက်လျှင်။ ဖြိုးပြက်ချိုးခြင်း။ ပိုးဝင်းထက်
ပြင်။တိမ်ပန်းဆင်၍။မထင်နေဝန်း။ပူမှန်းမသိ။ချမ်းသါဘိလျှက်
တေမိမြတ်မွန်။ဘုန်းသန်ဘုရား။ဘွားသော့ခါလျှင်။တူစွါပုံဖြင့်။
အတိတ်ဆင့်သား။ဗေဒင့်ပါရာ။ကျမ်းဂန်လာလျှက်။ကောင်းစွာ

ကောင်းထွန်း။ ကောင်းတုလွတ်သည်။ ။ကောင်းမြတ်တည့် ကောင်းလေး၊ကောင်းသူဌေး။ ။

၄၈။ ပဝရဘုမ္မိ။တွင်မည်ရှိသား။ သိရိခေတ္တ။ ပြည်မသခင်။စက်ရှင်ပြောင်ညီ။တူမရှိသည်။နရပတိယောက်ဘ။ မင်းတရားတု။ဇမ္ဗူ့သခင်။ နတ်ရှင်သြီလက်။ ရဲထွန်းသတိုး။ ပွင့်နန်းရိုးကါး။တက်ဖြိုးအာဏာ။ဘုန်းတော်ဇာနှင့်။သမ္ဘာရင့်ညောင်း။တန်ခိုးလောင်း သော်။ မြစ်ကြောင်း တလျှောက်။ ရွှေစက် အောက်ဝယ်။ တယောက်မကြွင်း။ ထံရင်းနောက်တော်။ ရဲမက်ခေါ်၍။ လှေကျော်ဆန်ကြွ။သိင်္ဂီရောင်မောင်း။ ရွှေလောင်းရည်ရွှင်၊ ရွှေဆင်ရွှေမြင်း။ ပျံလျှင်းဘနန်း။ ကြော့ကြော့လန်းသား။မကာန်းရုပ်တု။မနုသိဟ၊ ကေသရာဇာ။ ဟံသာရွှေဘောင်။ ရွှေတောင်ရွှေလောင်း။မိကျောင်းရွှေခဲ။ရွှေကျဲကတ်ကော်။ရွှေလှော်သိင်္ဂီ။ဇါမရီလည်း။မြီးချိကြွားကြွား။တော်ကြီးတွားသို့။ရွှေလွှားရွှေလှံ။ရွှေကာရံလျက်။ရက်ဆံခနောင်း။မြစ်လုံးစောင်းမှ။ မတ်ပေါင်းဝန်းခြံ။နန်းပွင့်ငုံလျှင်။ရန်ချုံလှစ်ခွါ။ဆန်သေါ့ခါဝယ်။လက်ာပျံမွန်း။ပွဲတော်ခန်း၌။ နိဒါန်း သွယ်ခွေ။ လျှောက်သံခြေနှင့်။ တမြေမယွင်း။ရှင့်ဘမင်းကို။ ကျွန်းတွင်းဝန်းပတ်။ လူလုံးမှတ်သည်။ ။မန္တတ်တည့်စည်ရှေး၊ထင်ကြွေး။ ။

၄၉။ အရိန္ဒမ။တွင်မည်ရသါး။လောကတံခွန်။မိန့်မှာပြန်၏။ ငါလွန်မြင့်ကြာ။ နှစ်တရာလျှင်။ ရတနာလှံပျံ။ ကွန့်မြူးနွံသါး။ ကျွန်းစံလက်ယါ။သေါင်းမျက်နှာတွင်။ယူဇနာအောံထက်။တုတ်ခွန်ဆက်သား။မင်းထက်မင်းခေါင်။ ဒွတ္တပေါင်အား။ကိုးဆောင်စရာ။သူမြတ်စွာလျှင်။ပေးလှာရချေ။ သရေ့ရခေတ်။ ပြတ်ပြတ်ဆောက်တည်။ရှိဝပ်ရည်ဟု။ စိတ်ကြည်သန့်ရှင်း။နားတော်သွင်းသည်။ ။ရန်နင်းတည့်စိတ်စေး၊ပြန်ကမေး။ ။

၅၀။ နရထိပ်ဖွေ။ ရန်မျိုးကွေသား။ သပြေသခင်။ စောနတ်ရှင်လျှင်။မြင်တင်ဟူသည်။ဘုရားတည်က။ သုံးပြည်တမွတ်။ သရေခေတ်ကို။ ရှိညွှတ်တုံတုံ။ တလုံနွေးနွေး၊ စိတ်ပြေးကြည်

လင်။ပည်းဖျင်ပဋ္ဌနာ။ သမိုက်ခါဝယ်။အုံ့ရာရှုကြ။ ရေတွက်ရသော်။ပေါက်မဟိုင်းဟန်။တည့်တန်မြားမြောင်။တထောင်ဆင်နက်။ အင်တက်ရှုဘွယ်။ ငွေတောင် နှယ်တိ။ သုံးဆယ်ငါးစီး။ သင်းသီးတခြား။အရံများနှင့်။ဆန်းပြားထွေလာ။ စွယ်ရောင်မှာမှု။သဏ္ဌာအဟန်။ မိုဃ်းစွန်ကွန့်မြူး။ ဟည်းရိုက်ကြူးသား။ ပြောင်လူးရတနာ။ ရောက်တုံလာရှင့်။ သဏ္ဌာ ဆည်းပူး။ လုပ်ကျေဘူးသား။ကျေးဇူးနှဘော်။ ဖွါးလမြော်က။ နှမော်ဒနာ။ ခေါ်စိမ့်ဌာလျှင်။သဒ္ဒါဆပွါး။မိဘုရားတိ။ဖြစ်ဘိနှစ်ကြိမ်။စည်းစိမ်နှစ်ထပ်။ ထက်ကြပ်နှစ်ခါ။ ပဋ္ဌနာဟု။ သူဇာသိကြား။ နှစ်ပါးဖန်ဆင်း။ပို့လှာနှင်းသည်။ ။ဝင်းဝင်းတည့် နီးဝေး၊ ရောင်ခြည် ပြေး။ ။

၁၁။ အဆန်းအထူး။ မမြင်ဘူးတည့်။ ထွန်းမြူး လျှံခြည်။ ရောင်ခြောက်မည်နှင့်။ သုံးပြည်ဘုံတိုက်။ ပူဇော်ထိုက်သား။မကိုန့်ထွန့်ထား။ရှင်စောများကို။ မျက်ဝါးထင်ထင်။ ဖူးတွေ့မြင်က။သာ ရှင်ရိပ်မြို့။ ပိတိဟုံဖြင့်။ ကြည်ယုံပြတ်ပြတ်။ သဒ္ဒါညွတ်လျက်။နဝရတ်စည့်ညီ။ချယ်သင့်စီသား။ စေတီမွေ့သိမ်။ ဓာတ်တော်ရှိမ်က။ပျောက်တိမ်ရန်မျိုး။တန်ခိုးပြန့်ပွါး။ကိုယ်တော်စါးဟု။မှတ်သားရှေးရှု။ဆုကြီးယူမှ။ ဆင်ဖြူသခင်။ ဘိုးရှင်ဘုရား။ချစ်ဘွားဘုန်းရှိ။မွေးမိဘမင်း။သားချင်းလုံးခြုံ။ဆွေစုံမျိုးပေါင်း။ ရွှေနှင့်နှောင်းကို။ထပ်လောင်းစေ့ရေ။ အမျှဝေလျက်။ ရစေဘဝဂ်။အောက်နရက်ဟု။ဖြစ်ဆက်ပိုင်းခြား။ရဉ်မှတ်ထားသည်။ ။ သုံးပါးတည့်ကျော်သေး၊ဘုန်းနီးဝေး။ ။

၁၂။ ဒေပိန္ဒရ။ နတ်မာဃနှင့်။ ပစ်ချလက်နက်။ မြင်းမိုရ်ထက်သို့။ဘဝဂ်မကန်။တန်ခိုးအန်ဖြင့်။ရန်မါန်နှံချိုး။လှံချက်ထိုးက။ရေမျိုးနဂါး။ထက်ဖျားယူဇနာ။ ရပ်မျက်နှာလည်း။ ရောက်လှာနှစ်တိုင်း။မရိုင်းနေ့ရက်။တုတ်ခွန်ဆက်သည်။မင်းထက်မင်းခေါင်။ဒွတ္တပေါင်သို့။ နှုန်းဆောင်မယွင်း။ဘမင်းသတိုး။နေမျိုးဘုရား။ မိထွန့်ဖျားလျှင်။ ပိုင်းခြားသမုဒြာ။ ကျွန်းချာနှံနည်း။စိုးလမည်ဟု။ ဘုန်းစည်နတ်မှ။ သက်လှာကြွ၍။ သီလဖြူဝင်း။ မယ်

တော်မင်း၌။ဆောက်နှင်းသနွေ။ယူစွဲနေ၍။ မြှုတေမျက်နှာ။မြင်
သော့ခါဝယ်။ အံ့အာသရဲ။ လွန်ကဲလှတွေ့။ သရေရခေတ်။ပေါ်
ထွက်လတ်သော်။လူနတ်ပူဇော်။ဟိုးဟိုးကျော်မျှ။ မြေပေါ်ထိန့်
ရှင်။နိမိတ်မြင်လျက်။မိခင်ဘုရား။ ရှင်ကိုဘွားသည်။ ။သည်း
ကြားတည့်မည်ပေး၊ပြည်ရှင်မြေး။ ။

၁၃။ ဖြစ်ခေါင်ဖြစ်ခွဲ။နှိုင်းရှဲ့လွတ်ကင်း။ဘမင်းမိခင်။ရှင်
ကိုမြင်က။ရပ်ထင်စတေ။ သရေခေတ္တရာ။ မဟာသုဒဿန။ဒေ
သရပ်စည်။ပျူတို့တည်သား။နန်းသည့်ရောက်ရာ။ မြေမျက်နှာ
ထက်။ကေသာဆံရှင်။မြသည့်ထင်၏။ ရင်ပြင်တိုင်အောင်။မြေခံ
အောင်မြောက်ပြီး။လျှံညီးစေတနာ။ ဌာပနာလည်း။ အဓ္ဓာဝိသ။
သိမ်ပုံသွန်း။ ကိုယ်စား မှန်း၏။ တောင်စွန်းမြင့်ဖြူး။ဘိုးဦးသိလ
ဝင်၊ဆောလျှင်လုပ်ရာ။ သဒ္ဒါဗလ။ ကံကျေးမသည်။ ။မျှားလှ
တည့်ဖျင်ဖေး၊လှူချကျေး။ ။

၁၄။ ဝရမြတ်ကျော်။ ခါကောင်းပေါ်၍။ဘွားတော်မူနှစ်။
သက္ကရာဇ်မူ။စင်စစ်မှန်လှ။ကိုးရာ့တဆယ်။ စွန်းဝယ်နှစ်ချ။ရတု
သာလှ။လကားဝါခေါင်။ လျှံပြောင်ထွန်းဝါ။ တနင်းလာ၌။အခါ
လေညီး။ မိုးခတ်နိုးဝယ်။မတိုးခင်မှီ။ နှစ်နာရီတိ။ အကြွင်းရှိ၏။
မဏိဇောတရည်။ ရောက်ဘိလတ်သို့။ မျိုးမြတ်ရာဇာ။မျက်နှာ
မြင်က။တူတွင်စန္ဒရ။မှတ်ကျန်ကြလေ့။သိဟ်မှဂုရု။ ရာဟုဗုဒ္ဓါ။
သောကြာရဝိ။ဇာတိနေမှတ်။ ကရကဋ်နှိုက်။ လက်မြတ်ပြိန္ဓာ။
အင်္ဂါကန်တွင်။ကျန်ခွင်စနေ။တွက်ရေညီညီ။ တိထိနန္ဒာ။စိတြာ
နက္ခတ်။တုမဲ့လွတ်၍။ရဲထွန်သတိုး။နေမျိုးဆွေလင်။လွန်ကြင်ပြု
ပြ။ ချီယုယလျက်။ မင်းတရားမယ်။ သားဘုန်းကြွယ်ဟု။ ညွှန့်
သွယ်နေဇာ။ ပတ်လက်ယာဖြင့်။ မင်္ဂလာမြောက်ချီး။အောင်စည်
တီး၍။မည်ကြီးဘခင်။ပေးဆောက်နှင်းသည်။ ။ချစ်ခြင်းတည့်
သက်ပေး၊ကြင်လေလေး။ ။

၁၅။ မြတ်ရာမြတ်ရာ။ ဆုမြတ်ရှာ၍။ သမ္ဘာရင့်ညောင်း။
ကုသိုလ်လောင်းသား။ချစ်ပေါင်းဘွားရှင်။မျက်နှာမြင်က။ထွန်း

တင်သာသနာ။အဝါ ရွှန်း ရွှန်း။တိုင်းစွန်းနိုင်ငံ။ ကြက်ပုံမကျ။ဝေ ဌမေတ္တာ။ မျိုးလေးဖြာကို။ သာယာ ငြိမ်းချမ်း။ ရွှမ်း ရွှမ်းလေး နက်။ချိုမြက်ဩဇာ။ ရသာထက်ပွါး။ တောဖျားမြိုင်စွန်။ပန်းမှန် သစ်သီး။ဈေးထက်ကြီး၍။ မငြိုးကြပြန်။ ပေးသွန်ဒါန။ သီလရစ် မျိုး။သတိုးဆွေလင်။ လွန်ကြင်ကဲဆ။ ချစ်မဝတည့်။ ကာလညီ ညွတ်။ပဇ္ဇုန်နတ်လည်း။ ဖျန်းဆွတ်မြူးချန်။ရွာဟုန်မပျက်။ ဦးနက် ဦးပြူ။ရှင်လူလန်းလန်း။ ရန်မာန်ခန်းလျက်။ ထက်ဝန်းမကွြင်း။နေ နှယ်သင်းသည်။ ။ခပင်းတည့်လွင့်ပြေး၊ရန်မှောင်မြေး။ ။

၇၆။ အထူးအထူး။လျှောက်ပြန်ဦးအံ့။ ကျေးဇူးသခင်။ရွှေ နားတင်လေ့။တောင်ခွင်ကြည့်ရိုင်။ ရုံဆိုင်များစွာ။ သာယာဝ တီ။ခေါ်ညီဌာန။ဒေသကျယ်စွာ။အညာအကြော။မင်းနေရပ်ထင်။ မြို့ပြင်မြို့တွင်း၊သင်းပင်းကျေးရိုင်။ခရိုင်မြို့စား။မှူးမတ်များလည်း။ တခြားတသီး။ခင်းနှီးပိတ်ဒုပ်။ တွန်းထုပ်ပုဆိုး။ သယ်ပိုးမနိုင်။ ပည်းလိုင်ရွှေငွေ။အထွေထွေတည့်။ရှိသေနှစ်လို့။ တောင်နှယ်ပို့ လျက်။နတ်တို့ဖန်ဆင်း။ တဝင်းဝင်းသည်။ ။ညင်းညင်းတည့် သံလေး၊အောင်ဆုပေး။ ။

၇၇။ အထက်အထက်။ နန်းချင်းရှက်သား။ မြတ်ဆက်မျိုး ဘော်။ မယ်တော်ယောင်းမ။တုလသိရိ။ ကြားလေဘိက။နရပ တိမင်းဖျား။ငါ့ဘုရား၏။ ချစ်သားဘုန်းခေါင်။ လူ့ဘောင်မျက် မှောက်။ယခုရောက်ဟု။သွယ်ပေါက်ကျမ်ဖိုက်။ ခေါ်ရိုက်မစဲ။တ လဲလဲလျှင်။ဆက်ကဲဝမ်းမှာ။ကြင်နာတုံတုံ။ တွေ့ဘို့ဆုံဟု။တစုံမက် မက်။ ဘိုးနဂ်များစွာ။ ကြည်းပါဘက်ခန့်။ တိမ်ညွှန့်အလားမှာ ထားပြုဌာ။ မင်းဖွယ်ရာဖြင့်။ မကြာ ချက်ခြင်း။ လေ့လာလျှင်း သည်။ ။လျှင်ပြင်းတည့်သုံးသေး၊များမဝေး။ ။

၇၈။ အစဉ်အစဉ်။ မျိုးချင်း ယှဉ်၍။ ဖြစ်လျှင် များစွာ။ ဆက်တိုင်း ပါသား။ ပြူပြာနွဲ့ချော။ လှမော ပြည့်ညီ။ နတ်ပြည် ရောင်ဆင်း။မိမင်းညီမ။ ရောင်မြစံသီး။ မြတ်ဘုန်းကြီးနှင့်။ဖွဲ့ချီး နတ်လု။တောင်ငူသနင်း။နှစ်ပါးမင်းလည်း။ချစ်ခြင်းကဲဆ။ကြား

လေကလျှင်။ငါ့ါသမိခင်။ဘွားရှင်မျက်မှောက်။ ယခုရောက်ဟု။ လွမ်းလှောက်မနား။လွမ်းစကားတည့်။မွှား၏ခြင်းရာ။သဝန်စာနှင့်။ဂိဝါလက်ကောက်။စံမြောက်ပြောင်ဝင်း။ ခြေခြင်းဇာတ။ ခဏမကြာ။ ကြင်နာလွန်ပြင်း။ ပို့လှာ နှင်းသည်။ ။ရွှင်းရွှင်း တည့်မြတ်သေး၊ရှင်မိထွေး။ ။

၄၉။ သိဟာသူရာ။ တွင်မည် သာနှင့်။ မြန်ချာတောင်ငူ။ သိမ်းယူအုပ်စိုး။ ရှင်ဘိုးမင်းဖျား။ ရှင်ချစ်ဘွားနှင့်။ သည်းချား ဝမ်းပေါက်။ ခုနစ်ယော်တွင်။ စံမြောက်တုလွတ်။ ရှင်မနတ်ဟု။ တမွတ်လွှ ့ထင်။သခင်နှမ။သိလမြတ်ကျော်။အရိုးတော်လည်း။ ကြားသော်မြတ်လေး။ရှင်ချစ်သွေးကို။ စိတ်စေးရှုမျှော်။မြော်တို့ ချင်စွ။တလည်းတူပြီး။ ခင်းနီးပြေညွန့်။ ဝိတ်တွန့်ပြူထွတ်။ပန်းစုံ သတ်၍။ ဆွတ်ဆွတ်ကဲခဆ။ ပို့လာသသည်။ ။ဝမ်းကတည့် ကြင်လေး၊ချစ်သက်ပေး။ ။

၀၀။ ရတနာထွန်းတင်။ တန်ဆောင်းရှင်ဟု။ ရင်ခွင်သည်း ချား။ မိမင်းဖျားကို။ လှထွားဆင်းရောင်။ တုလမောင်နှင့်။ အိမ် ထောင်စုံဘက်။ မျိုးချင်းရှက်မှ။ ဝမ်းထွက်သည်းချား။ သား၏ သားတော်။ မြင်မြော်ရေးရာ။ ရဲကျော်စွာတုံ။ ကလျာရူပ။ဝင်း ဝင်းလှသား။ရှင်ဘွားရှုမျှော်။ လှကျော်တုလွတ်။ ရှင်ဘုန်းထွန်း နှင့်။ရစ်ပတ်ဒါလ်။တကြွှီးသိသို့။ နတ်ပြိဆင်းပြင်။ဘွားလမြင်က။ ကြင်လည်းမပျော်။ ဘိုးတော်ချစ်မိ။တွင်မည်ရှိလျက်။ ရှင်မိသာ မင်း။သက်နှင်းယှဉ်ဘော်။နှောင်းဆင့်မြော်၍။မျှော်တုံဝမ်းပေါ ့။ မင်းသုံးယောက်တွင်။စံမြောက်ရည်လေး။ မိထွေးတော်လတ်။ လူထက်နတ်ကို။ အထွန်း လည်းတင်။ ရခိုင်ရှင်သည်း။ ဦးကင် ထွက်ပြူ။အတူပျော်ပါး။တောင်ညာထားသား။မပြားမျိုးဘော်။ မိထွေးတော်က။ အကျော်ပြောက်ကွက်။ ချယ်ရှက်နှစ်ပြန်။အ စွန်နားလိုက်။ရွှိုးတိုက်တိမ်ဂြဲ။ တင့်ကာနှင်းစွါ။ ကြည်းကပါ သို့။ မကြာချက်ခြင်း။ ပေးလှာ လျှင်းသည်။ ။ထုံသင်းတည့် ကြိုင်ငေ့ပျုံပျုံမွှေး။ ။

၈၁။ အထွေအထွေ။ကျွန့်ပ်ရေအုံ။သပြေဇမ္ဗူ။ ကျွန်းထိပ်ဌ
ထက်။ပြိုင်တုမဲ့လျှင်း။ရှေ့တစင်းကို။ မှန်ကင်းပြောင်ညီး။ တန်
ခိုးမီးသို့။ဘကြီးတော်ရင်း။ မင်းထက်မင်း၏။ရင်တွင်းသမီး။လျှံ
ညီးကိုယ်ရောင်။ထွန်းပြောင်ကြက်သရေ။ မြူတေဝင်းဝင်း။ ရုပ်
ဆင်းနတ်မျှ။ရှင်အစ်မနှင့်။မွေးဘမင်းညီ။ လွှယ်ဖြိုလွှတ်ရှဲ။မင်းရဲ
ကျော်ထင်။ တုပင်မပြား။ မင်းနှစ်ပါးလည်း။ ကြားက ရွှင်ဖြိုး။
မြတ်နိုးတနာ။ကဝါကြည်ဖွယ်။ ပိတ်လှပ်ပြုထွား။ ထည်မျှားခင်း
နှီး။ပန်းကြီးခုံမင်။ ဆောလျှင်မကြာ။ ပို့ရလှာသည်။ ။ဝမ်းမှာ
တည့်ကြင်လေး၊ ချစ်တင်မေး။ ။

၈ ။ ပဝရရာဇာ။ တွင်မည်သာဖြင့်။ မြေချာ ထိပ်တင်း။
လေးနတ်နှင်းနှင့်။ပျူမင်းဖြစ်စ။ အလှထွန့်တင်။ တန်ဆောင်းရှင်
ကို။ မြော်မြင်မျက်နှာ။ ဘွားသောခါ၌။ စည်လာကျင့်ကိုး။ မော်
ကွန်းထိုးသား။ဥမျိုးစတေ။နေနတ်ဆွေကို။ မှတ်လေမြဲယူ။ပြော
ဥရှုကို။နွားဖြူကျွဲကြီး။ဝက်ထီးဆိတ်သင်း။ တည်ကျင်ကျစ်လစ်။
ကန်နားသစ်နှင့်။ခေါင်စစ်စားမင်း။ဌက်ကင်အိုးတည်။ ခေါင်ရည်
ခေါမား။မဲဆါးစိမ်းကော။အုံ့မောအကင်း။ကံကျွေးဖျင်လျက်။ဆံ
ပင်ဥသျှောင်။တမရုတ်နှောင်၍။ဟုန်ခေါင်ကိုယ်ကါး။သံပိုင်းလွှါး
လျက်။ဖျင်ပါးဖျင်နှမ်း။ လွှမ်းတုံနှစ်ထပ်။ ခေါင်ဘိချပ်လျက်။တီး
ရှပ်လင်းခွင်း။ အိုးစည်ညှင်းနှင့်။ သာခြင်း ချည်းချည်း။ ဗြိမ့်ဗြိမ့်
ကြည်းမှု။အိမ်းအည်းမြည်ရုတ်။သောက်တုတ်သေစာ၊သူ့ဖွယ်
ရာဖြင့်။မကြာခဏ။ မင်းဟူကလျှင်။ လုံ့လဆော်ဘန်။ မကျန်မ
ကြွင်း။ ထားစေလျှင်းသည်။ ။နေမင်းတည့် မြစ်မြေး၊ ကျင့်
စဉ်ရှေး။ ။

၈၃။ မင်းရိုး မင်းစစ်။ ဖြစ်သည် မှန်စဉ်။ ငါးစီး ရှင်တို့။
ဘွားလျှင် ကျင့်ရိုး။ ရှင်ဘိုးရှင်ဘွား။ ထွန့်ဖျားခေါင်ထိ။ မွေးမိ
မယ်တော်။ စက်ပျော်စေမှု။မင်းရတုဖြင့်။ညွှံ့နှုဖြူထွား။ပိတ်ပါး
ပိတ်ချော။ ပြောက်နှောခင်းနှီး။ နံကြီးတုလွှတ်။ ပန်းစုံသတ်၍။
အနံဘတ်ဒါရု။မဥ္ဇူပေါင်းလျက်။ကရမက်နှင်းရည်။ချမ်းကြည်

နံ့ရှိန်။ဘုမ္မသိန်ဇဝါ။စိန်ပါကတိုး။ထုံခိုးအလ္လံ။ ပန်းရနံ့တည့်။ပျံ့ပျံ့ လှိုင်ဟုံ။ပျော်ဘွယ်စုံလျက်။လူ့ဘုံတို့မှာ။သိကြားလာ၍။ဖန်လာ သော့သွင်။ခြူးပင်လန်းလန်း။ ခြူးပန်းလက်လက်။ ခြူးရွက်လူလူ၊ ခြူးသူကွေးကွေး။ ခြူးသေးတွန့်တွန့်။ ခြူးညွန့်စားစား။ ရုပ်နတ် သားနှင့်။ နဂါး ကြာပြန်။ ဟောက်ဟန် လေးထောင့်။ ခြသေ့် စောင့်လျက်။ရွှေပုခက်ငယ်။ လက်လက်ရဲရဲ။ ရွှေစာဆွဲလျက်။ပု လဲကွန်ရက်။ ဗိတာန်ပြက်သည်။ ။ဖြူရွက်တည့်ရောင်ပြေး၊ ဘိုတ်ဘိတ်ဖွေး။ ။

၁၄။ ရတနာစိတ္တက။ ဝင်းဝင်းပလျက်။ နဝမျက်စိ၊့စုံဖြိုး ညိသား။အာနိရက်ညက်။ ရွှေပုခက်ဝယ်။ရတ်ရက်ဖြောင့်ဆန်း။ စိန်ပန်းခြူးကြာ။ကိန္နရာနှင့်။ ကြိုးကြာဆက်ရက်။ကျေး၄က်တွန် ထူး။ပျံမြူးတန့်နား။ခုန်လွှားပြေးလျှောက်။ လိမ်ကောက်ရုက်တွဲ။ ရွှေချိတ်ဆွဲလျက်။မစဲမည့်။ရွတ်သံရွရွ။မာဂဓဘာသာ။ဇဝါဇဗိ။ ရာစိပူရ။ဥဿဘတဥ္။ပါဠိသိန်ဟိုဠ်၊ ကျဉ်းလိုကျတံ။ညဉ့်လေး ယံ၌။ ကျုံကျုံမပြတ်။ မာန်ရှိန်ရွတ်လျက်။ မှူးမတ်သမီး။ လျှံညီး ပြောင်ဝင်း။ တင့်ရောင် ဆင်းတိ။ ဘမင်းမိခင်။ သာရှင် သံမြ။ ကျူးစေရသည်။ ။ရှင်မတည့်မွှေးမွှေး၊စက်ဘိသေး။ ။

၁၅။ မဥ္ဇူရတနာ။ ပန်းနံ့သာတိ။ ရံခါမကင်း။ ပျံ့ပျံ့ရှင်း သား။ လေညှင်း ပြည်းညှင်း။ ပုခက်တွင်း၌။ ရည်ရွှင်းရဲရဲ။ဖြိုး ပြက်ခဲ့မှု။ပုလဲသန္တာ။ နီလာပတ္တမြား။ ပြယားဂေါမိတ်။ လျှံဗိတ် စိန်ကြောင်။ စိမြောင်သွယ်ဆိုင်း။ရှုတိုင်းမရဲ။ နန်းရိပ်ထဲ၌။သဲသဲ ထိတ်ထိတ်။ညိတ်ညိတ်မွမ်းမွမ်း။ဖြိုးပြက်လျှမ်းမှု။ ရွှမ်းရွှမ်းအခ သရေ။မြူတေသွေးရှင်။ ရွှေစင်အသား။ဖြူထွားထွတ်ထွတ်။ပြာ လတ်လဲ့လဲ့။ပျို့နွဲ့ငယ်သွေး။လှရာရွေးလျက်။ကျူးညွှင်းညှင်း။မ ပျင်းစေရ။မြတ်ရှင်မကို။ယုယသံညှံ့။ပျံ့ကါပြန်လျှောက်။ဆင်းစံ မြောက်တဥ္။နတ်အေါက်ဆံခြည်။တည်ကြည်ငြိမ့်ငြိမ့်။လှမနိမ့် သည်။ ။စိမ့်စိမ့်တည့်ယင်ကျေး၊မြကြောသွေး။ ။

၁၆။ အခဆန်းအခဆန်း။ ဘုဘက်ကျွန်းလျက်။ ခြူးပန်းပြေ

သေး။မြူးကွေးရှက်လိမ်။မြူးဒိမ်တလိုက်။ မြူးတိမ်တိုက်လည်း။
ညွန့်ဆိုက်စက်ရွက်။ဦးစီတက်လျက်။ ကျေးငှက်မြူးပျံ။ မြူးသူရံ
လျက်။အလျှံပြောင်ပြောင်။အရောင်ရဲရဲ။တခဲပြိုးပြက်။လက်လက်
ထွန်းမြူး။ရန်ညှင်းဖူးနှင့်။သံကျူးခြောင်းခြောင်း။သံညောင်းသာ
ဒိုင်။သံပြိုင်သံဆင့်။သံရင့်သံလေး။ တချေးချေးလျှင်။ မွှေးမွှေး
စက်တော်။ရှင်ချစ်ခေါ်ဟု။ပျော်စိမ့်လွှဲသား။ပုလဲတချို့။မြသို့တ
ထွေ။ရွှေသို့တအုပ်။ရံကိုယ်လုပ်တည့်။အရုပ်ညဲ့မင်း။ စည်လျက်
ကျင်းသို့။ချင်းလျှောက်သည်။ ။စံမြောက်တည့်ငယ်သွေး၊
လှရာရွေး။ ။

၈၇ ။ ရှင်ပင်တို့မျိုး။ဆက်နွယ်ရိုးကား။ တန်ခိုးလျှံပတ်။အ
ရိမဒတ်။နေနတ်သားရင်း။ပျူမင်းဖြစ်စ။ပြူဆွမာတင်။ ငါးစီးရှင်
ဟု။ကျော်ထင်ကြေညာ။တေဇာ ထန်ပြင်း။မိုးညှင်းသတိုး။ဘေး
တော်ဘိုးရှင့်။ဥမျိုးနှစ်ပါး။ဘုန်းတော်အါးဖြင့်။သိကြားသူရသ
တိ။အညီတိုင်းလှာ။ မောင်ကွန်းစာကား။ နရာဒိဗ္ဗ။ လောကတန်
ဆောင်။မျိုးပေါင်ဆွေစုံ။ လုံးရုံများစွာ။ ဖြစ်ခြင်းရာနှင့်။ဇာတာ
စည်းလက်။ချင့်တွက်အားလုံး။ဆိုရိုးကျူးမှ။ လက်ရုံးတော်စက်။
ပွဲအောင်ချက်လည်း။ရှေးဆက်မင်းဖျား။ ရထားထမ်းစင်။ဆင်
လည်းစီးချင်း။ မြင်းလည်းသျှဉ်ပူး။ သတ်ကြဘူး၏။ အံ့မူးမရဲ။ပွဲ
တင်စွဲ၍။လှေပွဲတော်ပေါင်း။အကြောင်းမကျန်။ အောင်မြင်ဟန်
ကို။ ကြောင်းငှန်စေ့ရာ။ သိသာပြုံ့ပြုံ့။ရှစ်ဆဲ့ခုနစ်ပိုဒ်။သံမြိုက်စုံ
စေ့။ချောမွေ့မွေ့ကို။ပြုရွေ့ရွေးပြီးမြောက်။ သံပေါက်တတန်။ကျူး
ပြေန်အံ့။ ကြွင်းကျန်မဲ့လျှင်း။ နားတော်သွင်းသည်။ ။ထိပ်နင်း
တည့်ပြုံမ့်လေး၊နာပျော်သေး။ ။သံတိုင်၈၇ ပိုဒ်ပြီးပြီ။ ။

၁။ ဘေးလည်းဥမျိုး။ရွှေနန်းစိုး၏။ဘိုးလည်းမင်းဖျား။ဘွါးလည်း
တုလ။ဘလည်းမင်းကျော်။ မယ်တော်မင်းစစ်။ ရင်နှစ်သည်း
ကြား။မင်းတရားမယ်။ ရှင်ဘုန်းကြွယ်ကို။ နာဘွယ်ကျူးဖျား။
ကျွန်ုပ်ကြားသည်။ ။ရွှေနားမှတ်တော် မူတည့် လည်း။ ။

ရွှေနားမှတ်တော်မူပါည့်လည်း။ ။သင်ပွင့်ရောက်လှာ။ ဒေသ စါဖြင့်။မဟာမရနိန်။မါရဖိန်ကို။အချိန်သင့်ပြီး။ရိုင်သုံးစီးလျှင်။မြေ ကြီးယက်ကော်။ညွှတ်ပူဇော်၍။ ရှင်တော်ရှင်ရင်း။ ဗျာဒိတ်နှင်း သည်။ ။မှန်ကင်းလွန်ကျော် ထင်တည့်လည်း။ ။မှန်ကင်း လွန်ကျော်ထင်တည့်လည်း။ ။

၂။ ဘေးလည်းဥမျိုး။ရွှေနန်းစိုး၏။ဘိုးလည်းမင်းဖျား။ဘွားလည်း တုလ။ဘလည်းမင်းကျော်။ မယ်တော် မင်းစစ်။ ရင်နှစ် သည်း ကြား။ မင်းတရားမယ်။ ရှင်ဘုန်းကြွယ်ကို။ နာဘွယ်ကျူးဖျား။ ကျွန်ုပ်ကြားသည်။ ။ရွှေနားမှတ်တော် မူတည့်လည်း။ ။ရွှေ နားမှတ်တော်မူတည့်လည်း။ ။ဘဝလဲပြန်၊ ခန္ဓာလွန်၍။ တံဖန် နောင်အောက်။ဇမ္ဗူချောက်မှ။စံမြောက်ဘုန်းဝှန်။ ဆဒ္ဒန်မာတင်။ တစီးရှင်ဟု။ ကျော်ထင်ဟိုးဟိုး။ ကျွန်းလုံးစိုးသည်။ ။နွယ်ရိုး ဘေးမြတ်ပင်တင့်လည်း။ ။နွယ်ရိုးဘေးမြတ်ပင် တင့်လည်း။

၃။ ဘေးလည်းဥမျိုး။ပ။ ။ဆင်ဖြူမာတင်။ငါးစီးရှင်မြစ်။ ကျော်လှစ်သတင်း။ထိန့်ထိန့်ချင်းမှ။မိုးညင်းသတိုး။ ဘေးတော် ဘိုးသည်။ ။နန်းရိုးလူ့ဆံကျင်တည့်လည်း။ ။နန်းရိုးလူ့ဆံ ကျင်တည့်လည်း။ ။

၄။ ။ဘေးလည်းဥမျိုး။ပ။ ။မင်းမျှားသတိုး။ ပွင့်နန်းရိုး ၏။တန်ခိုးဆန်းပြား။ သည်းကြားမှန်ဘိ။ ဘက်မရှိသား။နရပတိ ဘုလ။ပဝရသည်။ ။လောကလူထွန်းတင်တည့်လည်း။ ။ လူထွန်းတင်တည့်လည်း။ ။

၅။ ဘေးလည်းဥမျိုး။ပ။ ။နရပတိရန်နင်း။ မင်း၏သည်း ကြား။ နန်းထက်ဘွား၍။မြတ်ဖျားထွန်းတင်။ ဆင်ဖြူရှင်ဟု။မိခင် ဘိုးတော်။ကျွန်းလုံးကျော်သည်။ ။မြေပေါ်သောင်း တိုက်ခွင် တည့်လည်း။ ။မြေပေါ်သောင်းတိုက်ခွင်တည့်လည်း။ ။

၆။ ။ဘေးလည်းဥမျိုး။ပ။ ။ဆင်ဖြူသခင်။ နတ်ရှင်သည်း ကြား။ မင်းတရားဟု။တလွှားဇမ္ဗူ။ကျွန်းလုံးယူသည်။ ။မည် သူဖြိုင်မမြင်တည့်လည်း။ ။မည်သူဖြိုင်မမြင် တည့်လည်း။ ။

၇။ ဘေးလည်းဥမျိုး။ပ။ ။နရပတိရဲကျော်။ဦးရိးတော်ဟု။မြေပေါ်တကွင်း။ထိန့်ထိန့် ချင်းသည်။ ။ရာစင်းထီးဖြူရှင်တည့်လည်း။ ။ရာစင်းထီးဖြူရှင်တည့်လည်း။ ။

၈။ ။ဘေးလည်းဥမျိုး။ပ။ ။နရထွန့်ထား။မင်းတရား၏။သဉ်းကြားရှုပျော်။နှေ့ျင်းစွန်မြော်သည်။ ။မယ်တော်ရှင်မိခင်တည့်လည်း။ ။မယ်တော်ရှင်မိခင်တည့်လည်း။ ။

၉။ ဘေးလဉ်းဥမျိုး။ပ။ ။ခြသေ့နံတူ။သိဟာသူဟု။တောင်ငူစိုးရ။ဘမင်းကသည်။ ။တေဇမျိုးနွယ်ပင်တည့်လည်း။ ။တေဇမျိုးနွယ်ပင်တည့်လည်း။ ။

၁၀။ ။ဘေးလည်းဥမျိုး။ပ။ ။ဘိုးတော်သည်းချာ။ စောနရာဟု။ဒိပါစိုးဆောင်။ဘမင်းခေါ်သည်။ ။ဘုန်းခေါ်စကြာရှင်တည့်လည်း။ ။ဘုန်းခေါ်စကြာရှင်တည့်လည်း။ ။

၁၁။ ။ဘေးလည်းဥမျိုး။ပ။ ။ရှင်ဘိုးသားလတ်။ရှာပတ်ရန်မျိုး။ဖွေကာချိုးသဉ်။ ။သတိုးရှင် ဘခင်တည့်လည်း။ ။သတိုးရှင်ဘခင်တည့်လည်း။ ။

၁၂။ ဘေးလည်းဥမျိုး။ပ။ ။ရှင်ဘရဲဖျား။ ညာတလွှားကို။ထွားထွားပတ်ချော်။ချင်းတည့်ဖေါက်သဉ်။ ။တယောက်ဖက်မမြင်တည့်လဉ်း ။တယောက်ဖက်မမြင်တည့်လည်း။ ။

၁၃။ ဘေးလည်းဥမျိုး။ပ။ ။တုဖက်မမြင်။ လှပုံယင်ကို။ ဘခင်ကိုယ်တိုင်။ စစ်ကြီးပြိုင်လဉ်။ မနိုင်စတောင်း။ ပွဲတော်ပေါင်းကို။ ။အကြောင်းမှတ်စေချင်တည့်လဉ်း။ ။အကြောင်းမှတ်စေချင်တဉ့်လဉ်း။ ။

၁၄။ ဘေးလည်း ဥမျိုး။ပ။ ။ရှင်ဘ နန်းငုံ။ မြို့ဗတုံနှင့်။ ကိုယ်ယုံ ရည်စောင်။ ကမ်းနီတောင်ကို။ အခေါ်တမှတ်။ ရန်ညွန့်ဖြတ်သည်။ ။မန္တတ်လက်ရုံးအင်တည့်လည်း။ ။မန္တတ်လက်ရုံးအင်တည့်လဉ်း။ ။

၁၅။ ဘေးလည်းဥမျိုး။ပ။ ။ချင်းတွင်းကသည်။ စုန်ကြွပြန်လည်။ ဝမ္ဘွေပြည်နှင့်။ရပ်စည်သာထူး။ စေည့်ကျူးကို။ ရန်ငူး

ရှင်ဘ။လက်ရှုံးပြုသည်။ ။လက်စခုနစ်ကြိမ်စဉ်တည့်လည်း ။
လက်စခုနစ်ကြိမ်စည်တည့်လည်း။ ။

၁၆။ ဘေးလည်းဥမျိုး။ပ။ ။ရှင်ဘရဲကျော်။ရဲတင်းဆော်၍။ မပျော်စတောင်း။လှေ့ရံပေါင်းနှင့်။မြစ်ကြောင်းလဉ်သည်။ ။
အေါင်စည် ကျူးသံလွင် တည့်လည်း။ ။အောင်စည် ကျူးသံလွင်တည့်လဉ်း။ ။

၁၇။ ဘေးလည်းဥမျိုး။ပ။ ။မယ်တော်ဘုန်းဝှန်၊ ဘနန်းရန်နှင့်။ ဆယ်ပြန်သခင်။ ရှင်ကိုကြင်၍။ ရွှေစင်ရည်ညက်။ ရွှေပုခက်ဝယ်။ သိပ်လျက်ယုယ။ကျူးလွဲရသည်။ ။ရှင်မစက်ချေင်တည့်လည်း။ ။ရှင်မစက်စေချင်တည့်လည်း။ ။

၁၈။ ဘေးလည်းဥမျိုး။ပ။ ။ပြင်ဆိုးပြင်သွယ်။ပြင်နူနယ်နှင့်။ငယ်ရွယ်ငယ်သွေး။ကြာသန်ခွေးသို့။သ်လေးချိုပျား။ ကျူးလျှောက်ကြားသည်။ ။ရွှေနားညွတ်စေချင်တည့်လည်း။ ။
ရွှေနား ညွတ်စေချင်တည့်လည်း။ ။

၁၉။ ဘေးလည်း ဥမျိုး။ပ။ ။ကြက်တောင် တလတ်။ မြိတ်လွတ်စုလဉ်း။ပြင်လျကြည်းနှင့်။ သံကျည်းလျှောက်လျှော်။ ကျူးဇလျှော်သည်။ ။ထွန်းတောက်နတ်ရုပ်သွင်တဉ့်လည်း။ ။
ထွန်းဘောက်နတ်ရုပ်သွင်တည့်လည်း။ ။

၂၀။ ။ဘေးလည်ဥမျိုး။ရွှေနန်းစိုး၏။ဘိုးလဉ့်မင်းဖျား။ဘွားလည်းတုလ။ ဘလည်းမင်းကျော်။ မယ်တော် မင်းစစ်။ ရင်နှစ်သည်းကြား။မင်းတရားမယ်။ ရှင်ဘုန်းကြွယ်ကို။ နာသွယ်ကျူးဖျား။ကျွန်ုပ်ကြားသဉ်း။ ။ရွှေနားမှတ်တော်မူတည့်လဉ်။ ။ရွှေနားမှတ်တော်မူတည့်လည်း။ ။

---

နိဂုံး။

မင်္ဂမော်သဏ္ဍာ၊အကြင်ငါလည်း။ ကောင်းစွာကာလ။ ဤဘဝ၌။သောကဗျာဓိ။ဘေးမရှိတည့်။ယုတ္တိအာဂုံ။ထုံးပုံဆောင်လျှင်း။

နိဂုံး။

တတ်သောတိုင်းလျှင်း။ ပိုင်းပိုင်းခြားခြား။ စိတ်ပြားဖြတ်ခွဲ။ကြံ နှိုက်နဲ့လျက်။ စာပွဲခံခံ။စာအုံ့သောင်းသောင်း။တပည့်ပေါင်းကို။ ဖြားယောင်းပစ္စည်း။ ဖြည့်သိမ်းဆည်း၍။ ဟောနည်းသွယ်ဖြား။ ရှင်တော်ကြွားဘို့။ နားပါးဝင်ကြောင်း။ သင်လိုက်ရှောင်း၍။ မ ကောင်းဝန်ပို့။အကုသိုလ်ကား။ ။ငါ့ကိုမချစ်ပစ်စေသော်။ ။ မည့်သူဆိုညွှန်း။မတိုက်တွန်း။လိုထွန်းကျမ်းလင်္ကာ။ ။ဘွဲ့ထွေ ဆန်းပြား။သူ့စကား။ကြွားကရှောင်မည်သာ။ ။မကြွားမသိ။ ဆိုဘတ်ဒိ။နောက်ပြုန့်မြော်စွာ။ ။ရှေးစဉ်လူမျိုး။ဆိုလမ်းရိုး။ စာချိုးမမည်ရာ။ ။တကာလူများ။ကြံထောက်ထား။ ပွါးလိမ့် နက်ပညာ။ ။နားမဝင်သေး။ငါ့ကိုမေး။ဆိုရေးအဖြာဖြာ။ ။ နားမဝင်ဘဲ။ ဖြစ်တင်ရဲ။ နက်နဲမလိမ္မာ။ ။သိတင်းသည့်မှတ်။ ကြံမတတ်။ဘမ်းလွှတ်လူမိုက်စွာ။ ။

မင်းတရားမယ်တော်ချောင်း၍တွင်ပြီး၏။

## ယိုးဒယားမိဘုရားချင်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ တမွတ်ရတနာ။သစ္စာလေးဆူ။ပွင့်အံ့ဟူ၍။ မဋ္ဌ။ရွှရွှ။ နိမိတ်ပြကာ။ ဖြဟ္မဓိပတိ။ဘတ်မိဝမ်းမြောက်။ နိမိတ်လျှောက်ဖြင့်။ ငါးယောက်ပွင့်မည်။ကမ္ဘာရှည်ထက်။ နှိုင်းရည်သိကြား။ မင်းတရားဟု။ ဘုရားဆက်ဆက်။ ဗျာဒိတ်ထွက်သား။လူ့ထက်မြတ်ပင်။ဘုရားရှင်လျှင်။နန်းတွင်ဘွားမြော်။အနော်ရထာ။ စောမည်သာနှင့်။ သူဇာမပြား။မင်းနှစ်ပါး၏။ သည်းကြားသက်နှင်း။ မိရှင်ရင်းအား။နေမင်းမျိုးရိုး။ဘေးဘိုးနန်းဆက်။ စဉ်မပျက်ကို။ လေးနက်မှတ်သား။ကျွန်ုပ်ကြားသည်။ ။ရွှေနားတည့်ပျံ့မွှေး နာဘိသေး။

၂။ မဟာသမ္မတ။ ပဝရနှင့်။ သကျ ရှစ်သောင်း။ နှောင်းကားပြူမင်း။စဉ်မယွင်းဝယ်။သင်းပွင်းတောင်ညွှန့်။ ဗျာဒိတ်ဖွန့်သား။ သွယ်ကွန့်ဂြိုဟ်ရှည်။မြတ်သုံးမည်လျှင်။ရွှေပြည်မြင်စိုင်း။ သိုက်တိုင်းတည်မြောက်။လက်ရုံးတောက်က။ မောက်မောက်ဆောင်း ဆောင်း။ သာလျှောင်း တလျှောက်။ တောင်မြောက်ကြက်တင်း။ သင်းပွင့်ရွှေချူ။ တောင်ဖြူတောင်ညို။ ငမိုတန်က။ တောင်ချွန်းစသား။ လွင်ပ ကျင်းပည်း။ စဉ်သည် ချည်းတည့်။ မြင်းလည်းသချေ်။ လေးထွေမိုးပေါက်။ ဆုံးရောက် ကျော်ရှိန်။ သံစိန်ယောမာ။စင်းမင်းပါသား။ထူးစွာသုံးထပ်။ ဝတ်သံချပ်နှင့်။ စိမ့်ရပ်ကျော်လှိုင်း။ ကိုးပြည်ဂိုဏ်းတုံ။ တံတိုင်း ရင်တား။ တံခါးထိရောက်။ပုဆိန်ပေါက်သော်။ချမြောက်စိစိ။ နှိပ်ကွပ်ဖိက။

မြေကြီးအလုံး။ ပြေးလေရုံးသည်။ ။ပတ်ကုံးတည့် နီးဝေး
တော်သံလေး။

၃။ တရုပ်ဦးတည်။ ခံပြည်အလုံး။ပြေးလေရှုံးမှ။ မင်းသုံး
ယောက်ဖြိုင်။နန်းရွှေတိုင်နှင့်။ဦးကိုင်ထွတ်ထါး။မြတ်သုံးပါးဝယ်။
နောင်ဘွားနတ်တူ။ သိဟာသူလျှင်။ ဆင်ဖြူယာဉ်ရှင်။ မတန်လျှင်
နှင့်။ရုပ်ထင်အင်းဝ။ တည်ခဲ့စ၍။ပန်းယထိုနှောင်း။ ပြောင်းကျန်
ထက်ဝန်း။ နဂိုရ်ဆန်းသော်။ ရွှေနန်း ရွှေဘုံ။ စည်းခုံရွှေဂူ။ မြို့မှူ
ပတ်ကုံး။ ကျုံးနှင့်ထောက်ရှည်။သုံးမည်ကိုးလစ်။ ဂူတော်သစ်
က။နေ့ခြင်းစ၍။စံပတုံပြီး။နတ်ပြည်မှီးသော်။ သားကြီးမြတ်စွာ။
ဥဇနာလျှင်။လှူဒါသိန်းသောင်း။ခုနစ်ကျောင်းကို။ မြေစောင်းလု
မှု။ရေစက်ချ၍။ ရှင့်ဘဘေးခင်။ငါးစီးရှင်ကို။ဥကင်လျှံဝင်း။ ထီး
ပြည့်နှင်း၍။သားချင်းညီချစ်။မင်းမူရစ်ဟု။လှဲ့ပစ်ခန္ဓာ။ နိဗ္ဗာန်ရှာ
သော်။ဆက်ကာနန်းရိုး။တကောင်းစိုးသား။သတိုးမည်ရ။ ပြည်
ပန်းယက။ အင်းဝတဘန်။ တည်လေပြန်သည်။ ။ရန်မာန်
တည့်ကြောက်တွေးလက်ရုံးရေး။

၄။ ငါးစီးသခင်။ နတ်ရှင်နှမ။တောင်တွင်းရသား။ ပွင့်လှ
ခေါ်လေ့။ သိဟ်ပတေ့နှင့်။ ပျော်မွေ့နှစ်ဆွေ့ ရွှေအိမ် နေသား။
သက်ဝေသွီး။စံသီးထွန်းပ။မိမြတ်လှနှင့်။ ရွှင်ပသာပျော်။ ကျော်
စွာသည်းကြား။ သား၏သားပင်။ အိမ်ထောင်ယင်မှ။ ဘွားမြင်
မျက်နှာ။မင်းကြီးစွာလျှင်။သိင်္ဂါဖွင့်လှစ်။မင်းဆုံးဖြစ်ရှင့်။ပြောင်း
လစ်နတ်ရွာ။ အရာကုန်အောင်။ ရနောဆောင်မှ။ မင်းခေါင် အခ
နော်ရထာ။ ဆက်ကာမဝေး။ ဘေးတော် ဘေးလျှင်။ ကလေး
ရခိုင်။ပိုးပိုင်မကြွင်း။မိုးညင်းအုန်းဘောင်။ ရှမ်းဘောင်တလျှော်။
ယောက်စောက်ညောင်ရွှေ။အကြေပုသိမ်။ နေရှိန်ပမာ။ ဥသာ
တဝက်။ခွန်ဆက်ပိုင်ငြား။ ဘိုးမင်းဖျားဝယ်။ နှိုင်းရှားလွှတ်ကဲ။
မင်းရဲကျော်စွာ။ မည်သာလွှံ့ထင်။ ဆင်ဖြူရှင်နှင့်။ ရုပ်သွင်ရှယ်
ပျိ။မင်းကြီးညိုလျှင်။နှိုင်းဆိုမဲ့အောင်။ကျေးဖူးဆောင်သည်။ ။
ညီနောင်တည့်နှောင်းရှေးဘွားတော်ဘေး။

၅။ မင်းခေါင်သည်းကြား။မြတ်သုံးပါးတွင်။ နှောင်းဘွား အထွေး။ မယ်တော်ဘေး၏။ ရင်သွေး မည်သာ။ ဒုဋ္ဌဂါမဏိ။ ကျွန်းလုံးသိလျက်။နရပတိသည်းကြား။မင်းတရားစွ။ တောင်ပါး ညာနေ။သက္ကဝေနှောင်းမြင်။မွေးမယ်ရှင်ဝယ်။ရင်ခွင်သါးကြီး။ ရပ်သိးစိုးကြ။ ဖွေတောင်ရကို။ တုလမြေးရင်း။ မျိုးချင်းမဝေး။ စုံဘက်ပေးမှ။ နှောင်းမွေးရောင်မြ။ အလှအံ့ဘွယ်။ ဘွားတော် မယ်တုံ။ငွေနှယ်ဖြူစင်။ ငါးစီးရှင်ညီ။ကမ်းနီစိုးလှာ။ နေ်ရထာ မြစ်။ဘုန်းချင်းရစ်မှ။မှင်းစစ်နှင်နှင်။ဇမ္ဗူပြင်ဝယ်။ သခင်မွေးဘ။ ဘွားတော်ဘလည်း။ နေလမိုးနှယ်။ကောင်းကင်ကြယ်သို့။ လူ ဝယ်ထူးဆန်း။မြတ်လှလွန်းရှင့်။ဤကျွန်းသေဋ္ဌနင်း။ ဘေးတော် မင်း၏။ ကြောင်းခြင်းကိုသော်။ သက်ထောင်ကျော်အောင်။ ချိ ငေါ်ရေတွက်။ဆိုမည်ခက်၏။အမြွက်ချည်းမျှ။ကျွန်ုပ်ပြဖွံ့။ ရှင်ဘ ဘုန်းသစ်။မှတ်တံထစ်လော့။ဖွင့်လှစ်ရိပ်ဖြူ။ထီးပစ္စူနှင့်။ တောင် ငှမင်းဝံ။မြေထိပ်စံလျက်။ရောင်လျှံစကြာ။နန်းသိင်္ဂါစွ။ဆက်ကာ မင်းရိုး။လွှမ်းအုပ်စိုးသား။နေမျိုးလဟူ။သိဟာသူသည်။ ။ပြော ထူတည့်... ... ... တုတ်ခွန်ကြေး။

၆။ သိဟာသူရာ။ လူ့ရွာ ကျော်သည်း။ တုန်လှုပ်ကြည်း သား။ခမည်းတော်ဘိုး။တန်းခိုးကြီးခေါင်။ရနောခေါင်မှ။ မြား မြောင်လျှူဒါ။ရင့်သမ္ဘာဖြင့်။ နတ်ရွာသိမ်းယူ။ ပြောင်းတော်မူမှ။ ဇမ္ဗူအလုံး။ ပတ်ကုံး ဝန်းလျား။ ရိုညွှတ်တွားလျက်။ မင်းတရား ပေါ်မည်။ကျော်သည်အလိုက်။သိုက်နှင့်ကိန်းခန်း။ ဆန်းလရက် ကား။သိကြားပြဟ္မာ။ပရမီသွာစန္ဒီ။ညီကြဝမ်းမြောက်။ ဘိသိက် မြှောက်က။အနောက်သရဒ္ဒရာ။မြောက်မှာသပြေ။လူနေသရွေ့။ အရှေ့နှင့် တောင်။ ထိအောင် စကြဝဠာ။ တရာတစင်း။ ကြွင်း လေမဲ့ပြား။ မင်းတရားဟု။ ထိပ်ထား စက်အောက်။ ဆက်လာ ရေခံသည်။ ။ချစ်ကြောက်တဉ္စ... ... ... ကောင်းကြီးမွေး။

၇။ မင်းတရားကြီး။ ကျော်ချီး ပေါက်ပြ။ နေသို့ ပသား။ ရှင့်ဘခမည်းတော်။မမြော်တုကင်း။ဘိုးရန်နင်းနှင့်။ ဖြူဝင်းထွန်း

ပြောင်။ရုနေသဆောင်က။မင်းခေါင်သည်းကြား။သား၏မြစ်ပင်။စောင့်အင်ဝမ္ဘ။အတုလသိရိ။ဇာတိသင်္ကာ။မြတ်လှစွာသား။ရာဇာဒေဝိ။ပြည့်ညီငါးပါး။ တရားမွေ့လျော်။ ရှင်ဘွားတော်နှင့်။ နှစ်ဘော်လက်ဆက်။ မွေ့နန်းတက်က။ ဘဝဂ်မြဟ္မာ။ သွန်းလှာရေစင်။ ဘိသိက်တင်လျက်။ ရင်ခွင် ကျူးဖျား။ မင်းသုံးပါးဝယ်။ တရားသိပ်ဟ။ခိုင်ပယ်ရသား။ရှင့်ဘာကြီး။ရှင့်ဦးရိုးတုံ။ သွန်းပြီးမဋ္ဌု။ ဟူလည်း မဝေး။ ရှင်ဘထွေးလည်း။ ဆင်ရေး မြင်းရာ။ လိမ္မာလေးနက်။ လက်ရုံးတက်သည်။ ။စဉ်ဆက်တည့်... ... ... ရဲရည်သွေး။

၈။ တသန်းနှစ်သိန်း။ တွက်ကိန်း သုံးထောင်။ ခန့်ဆောင်ယူဇနာ။ လေးရာငါးဆယ်။ ဝန်းကျယ်ဆုံးဆ။ မြင့်လှစကြာဝဠာ။ ဤကမ္ဘာထက်။ ဌာန်ဝါတုန်လှုပ်။ကောင်းကင်ချုပ်မျှ။ လက်အုပ်ပူဇော်။ လွန်မူးမော်သား။ ဘိုးတော် ထွတ်ထား။ နရဖျား၏။ ကျော်ကြားချီးကြောင်း။ကျေးဇူးပေါင်းကို။ တသောင်းခံတွင်း။ ပြုဖန်ဆင်းလည်း။ ကျွန်ရင်းဆုံးတိုင်။မရေနိုင်ခဲ့။ နိုင်းပြိုင်မဲ့ပြား။ ယိုးဒယားကို။မင်းသားတော်က။လုပ်ကြံရသည်။ ဆယ်ဆထပ်ဆင့်။ဗိုလ်ခြေချင့်သော်။မင်းနှင့်မင်းသား။သြယားတို့က။ ဆီးဆပတ်ဝိုက်။ရံသတိုက်က။မိုက်မိုက်ဝေဝေ။မိုးမြေမလပ်။ ဆင်တိသပ်သော်။ရှုပ်ရှုပ်တဘက်။တို့ကဖျက်လည်း။တိုက်ဘက်သတ်ဆုပ်။ကျားသို့ချပ်လျက်။လက်အုပ်မရ။ပြောင်ရန်ဝန့်နှင့်။ လောကတန်းခွန်။စီးတည်းလှန်က။ပြောင်းပြန်ခေါက်ကွေး။ တပြေလည်းသေ။ကြေကြီးကြေသည်။ ။လက်ခြေတည့်... ... ... စွယ်ထပ်တွေး။

၉။ သရေဝမ္ဘ။ အသောကနှင့်။ ခေတ္တ ရတနာ။ အခြာမိုးဆောင်။ဒွတ္တပေါင်သို့။ပြည်ထောင်ထက်ဝန်း။ရန်မာန်ခန်းလျက်။ ဦးစွန်းမှတ်ရော်။ ညွှတ်ပူဇော်သည်။ဘိုးတော်ဘုရား။လျှံ့ထွတ်ထား၏။ဝန်းလျားရှိန်စော်။ တန်းခိုးတော်ကို။မူးမော်ညွှတ်တွား။ လှုကိုထား၍။ မိုးဖျားနေလ။ရည်တူမျှလျက်။ ကာလမှတ်သား။

ယိုးဒယါးဝယ်။ဆယ်ဖျားထက်လွန်။အချိန်တန်လည်း။ကျူးလွန်
ရိုးကဲ။ တဖန်စမြဲကို။မြိမ်းမဲပိုင်းခြား။ မိန့်တော်ထားသော်။ ဆံ
ဖျားမြူရွက်။မဘက်ဝံ့လှည့်။လိုတော်ပြည့်မှ။လျှံတည့်ကဲရိုး။ နေ့
ခြင်းတိုးရှင့်။ ရိုးသီးကြိုးဝရဖိန်။စက်ရှိန်ထက်မှ။ ကျလတ်သော
သွင်။ကွယ်ပြင်ပုန်ကန်။ငြင်းဆန်မဲ့လျှင်း။အစဉ်မင်းလည်း။ ယဉ်
ပြင်းသရဒ္ဒရာ။ ခြားရာမှာက။သိင်္ဂါလေးချိန်။ ဗုဒ္ဓသိန်ညွှန့်ရှင်။အ
ပင်အခက်။ အရွက်ပွင့်တံ။ ကြိုင်ကြိုင်လျှံသား။ စဆွံ့ ကျောင်း
ဆောင်။ ပြီးအောင်လှူဘို့။ကျွန်ဝတ်ပို့သည်။ ။ထိပ်သို့တည့်
... ... ... လက်အုပ်ပေး။
၁၀။ အဆန်းအထူး။ ကျေးဇူးပည်းဖြင်။ လက်ရုံး အင်နှင့်။
ဖြူစင်ယာဉ်ပွန်။ ဆဒ္ဒန်အတိ။ ခါသိနေ့ရက်။ မင်းပို့ဆက်ရှင့်။ဘို့
ခက်ဆန်းပြား။ ပတ္တမြားတုံ။ပိုင်းခြားစိုးရ။အနန္တတည့်။ ဝေးလှ
သရဒ္ဒရာ။ဘိလာခြားသန်း။သိပၸိုဋ္ဌကျွန်းက။ဖြူဝန်းကာဆီး။ နန်း
ထက်ကြီးသည်။ ဘွိုးရတနာ။ သူဇာဟူလောက်။ ပို့လှာ ရောက်
၍။ဘုန်းတောက်လူ့ဖျား။မိန့်တော်ထား၍။ပိုင်းခြားဗျာဒိတ်။ ရွှေ
နှုတ်ဘိတ်က။ သပိတ်တော်စစ်။ လေးထပ်ရစ်နှင့်။ သုံးထစ်ချမ်း
သာ။ နိဗ္ဗာလက်ငင်း။ ပေးလတ် လျှင်းသား။ စွယ်ရင်း စတေ။
ရောက်လှာပေသော်။ မြေကြီးအပ။ ရိုးမမှုသား။ ဇောတတိမ်
ဆီး။ ပျံမှတ်စီး၍။စောထီးအတိ။ ပြောင်ညိုဝင်းလျှပ်။ ခုနစ်ထပ်
နှင့်။ ရွှေလျှပ်မင်းစံ။ သည့်တိုင်းရုံကို။မုံတုံစလျက်။ အထက်ငွေ
ပြား။ဘုရားဘုန်းတူ။ကြည်ဖြူစိတ်သန်။မှိထပ်ပြန်သည်။ ။ရှစ်
တန်တည့်... ... ... မင်္ဂကံကျွေး။
၁၁။ အတိုင်းမသိ။ စွန့်ဘိဒါန။ သီလမြတ်ဆုံး။ လက်ရုံး
မြင်းမိရ်။ကျေးဇူးကိုသော်။မဆိုအံ့နိုင်။ ရိုးသို့တိုင်ရှင့်။ရောင်စိုင်
ထွန်းတောက်။တောင်ရှိလေါက်လျှင်။ဖြိုးမောက်အာနိ။ရွှေအုတ်
စိသား။ စေတီမဟာ။လွှတ်သောခါလည်း။ တရာတစင်း။ မင်း
တို့ရောက်ညီ။ ပည်းသိပြောထူ။ ထီးဖြူစကြာ။ ဆောင်းကြွ ပါ
လျက်။ သည့်သာအရှင်။ ဇမ္ဗူတွင်ဟု။ သဘင်ခံထွေ။ ငြွေရွှေရံ

ညီး။သွိုးသည်းကြား။ဆင်ဝတ်စားလျက်။ထိပ်ထါးလက်ရောက်။ မြွောက်ကဲဆက်တုံ။စက်ရွှေငုံကို။တင်တုံဝမ်းမြောက်။ နောက်နောက်ထွေပြား။ နှစ်ပါးမကျန်။ဦးဝန်ခံလျက်။မင်းစံနှင်နှင်။ နတ်ရှင်ကိုယ်လေး။ သားမြေးမြစ်အား။ ကိုယ်လားတည့်ချည်း။ ဖြင်ပည်းကုဠေ။ မရေတွက်နိုင်။ ထွေဆိုင်ကြိုးမည်။ မင်္ဂလိရည်သည်။ ။ရောင်ခြည်တည့်… … … ထက်ဂှန်ပြေး။

၁၂။ မြေကြီး ကမ္ဘာ။ ပြင်းစွာ တုန်လှုပ်။ ချုပ်ရုပ် ဝေဂှန်။ ကျောင်စောဟန်ကို။ရံဘန်ကြိုရွေ။ ခွန်တော်မေ့လည်း။ရန်စေ့ခွဲလွှင့်။နတ်နှယ်တင့်လျက်။ပြည့်နှက်အင်းဝ။ဌာနမြေဝေး။ကဇလေးမကြွင်း။မိုးညင်းအုန်းဘောင်။ပြည်ထောင်ထက်ဝန်း။ စောယွန်းမကြွင်း။ထိုထိုမင်းကို။ထိုးစင်းနှင့်ပင်။အရှင်ဘမ်းယူ။ကျွန်တော်မှုလျက်။ မပူဆာဝေ။ ခွေရွှေသားမြေး။လုပ်ကျွေးမကွေ။ ငြိမ်းချမ်းစေ၏။ချွတ်ထွေကြိမ်ွှား။ယိုးဒယားတုံ။ ကိုယ်စားသားကြီး။ သွိုးသက်တူ။ယာဥ်ဖြူမာတင်။လေးစီးဆင်နှင့်။ကျွန်ပင်စဥ်ဆက်။ ခံပြီးလျက်တည့်။ ရေးဖျက်လူမှု။ရဟန်းပြု၍။သာခုစိတ်ဖြူ။ ခေါ်တော်မူဟု။ ဇမ္ဗူထိပ်မိုး။ ရှင့်ဘိုးနတ်သွင်။ဘဝရှင်ကို။ ထိပ်ပြင်မြှောက်လျက်။ ဆက်စာဆက်မှ။ လူထွက်တုံပြန်။ ရေးရာလွှန်၍။လက်တန်နိုင်းစွာ။အရေးရှာသည်။ ။မိဿာတည့်… … … အယူသွေး။

၁၃။ အလောင်းတကာ၊ မှတ်မိဌာသည်။သစ္စာဟူကာ။ စက်မိုးကျသို့။ ချိကြွနတ်ရှင်။ ထိုးစဥ့်တွင်၌။ ကြောက်ငြင်ကြီးထွေ။ ခန္ဓာသွေလည်း။ရည်နေလက်အုပ်။ထိပ်ထက်ရုပ်၍။ ဖျောက်ဖြုပ်မငံ့။ ငုံ့လျက်ထားကြ။ မြို့နှင့်ရ၏။ ပေါက်ပြည့်ညာကြေ။ ဇမ္ဗူမြေဝယ်။သေကြေရွှေမျှ။မလွတ်ရတည့်။ရွှေကဘေားလောင်း။ မြစ်ကြောင်းဇမ္ဗူ။ စည်သူနရာ။ လည့်သောခါဝယ်။ ကြီးစွာအမြဲ။ ဘိုးလည်းခွဲ၍။ ရေထဲငုပ်ထွေ။ သေလည်း မလွတ်။ ပေါ်သတတ်ဟု။အမှတ်ထင်ရှား။ သည်နှစ်ပါးကို။ ရှည်လျားကမ္ဘာ။ မကြားရာသည်။ ရှေးခါမင်းခေါင်။ဥတ္တြပေါင်လျှင်။ ခွန်ဆောင်လှံ

မြောက်။ စေမှရောက်၍။ ပြိုင်ထောက်မခြော်။ ရှင့်ဘိုးတော်မူ။
ဆွလှော်မြောင်ရွှန်း။ ဥကင်နန်းဝယ်။ နေဝန်းပမာ။ စံပယ်ရာ
ဖြင့်။ရတနာဆင်ပြူ။မင်းဟူသမျှ။ဆက်လာရသည်။ ။လွန်လှ
တည့်... ... ... အစဉ်ရှေး။

၁၄။ သေဇယန္တာ။ နန်းတောင်ညာတွင်။သူဇာနတ်သွင်။ နေ့
တိုင်းဆင်သား။ လည်တွင်ဆွဲရစ်။မဏိစစ်လျှင်။ခွဲလစ်ထိပ်က။
ပျံလံကျသို့။ဆယ်ဆဗ္ဗသွင်။ရှေးဦးမြင်သား။သခင့်သွီး။ ဝင်းညီး
သိရိ။မှတ်တော်သိလော့။ ကဝိဆရာ။ရှေးသောခါနှယ်။ လက်ာ
ဆန်နှလမ်း။ မချီးမွမ်းတည့်။ ပြိုင်တမ်း နှိုင်းဘက်။ ကမ္ဘာထက်
ဝယ်။အဘက်မမြော်။ရှင့်ဘိုးတော်၏။ ပူဇော်လူနတ်။ ခညွှတ်ရို
ကျိုး။ တန်းခိုးသိတင်း။ကြီးခြင်းနှဘော်။ ရှိန်စော်အာဏာ။ဘုန်း
ပညာနှင့်။ ငါးရာကျွန်းသူ။လူလည်းမကျန်။ လျှုဝန်ဒါန။ တလမ
ယုတ်။ ဥပုသ်မြဲထွေ။ခွဲဝေပေးကမ်း။ရဲစွမ်းဖြောင့်လှ။ ကျင့်လုံ့
လကို။ရာမျှအစ။ရေတွက်ပြ၍ ။တခုကိုမျှ။နေကျပြီးတိုင်။ မဆိုင်း
နိုင်သည်။ ။ပျံကြိုင်တည့်... ... ... ကျေးဇူးမွေး။

၁၅။ မင်းကောင်းတကာ။ အောက်မေ့ရာသား။ ဘွားရာ
ဘိသိက်။ ရန်နှိပ်အောင်မြေ။ ဤသုံးထွေကို။သပြေတမွတ်။ နေ
ကြမှတ်၍။တိုက်သတ်နောက်နှောင်း။တိမ်းလည်းစေါင်းလျက်။
ဦးခေါင်းမြေတွင်။ ကောင်းကင်လက်ခြေ။ စဉ်းလေလွှားလွှား။
ကော်ပစ် ရှားသော်။ စွယ်ဖျား ကောင်းမြတ်။ စည်းကြိုး ပြတ်
အောင်။ပြူထွတ်ရိပ်ကာ။ငါသာကြိမ်းဝေါ။သမိန်ထောကို။ တင့်
မောကိုယ်တိုင်။ စီးချင်းနိုင်သော်။တိမ်ဆိုင်နှင်းယော်။ ပြောင်ဥ
ပေါ်နှင့်။ မြော်မြော်သမျှ။ ထောင်မက ဝယ်။ ယှဉ်သား စွယ်ရာ။
သွေးမြွှာခေါင်ထပ်။နိုင်သည့်ရပ်ဝယ်။နတ်ရပ်တူမျှ။ သိကြားမ
၍။ ဝိဇယစေတီ။ သိရိရတနာ။ လွှတ်သောခါ၌။ ခံရွှာ ရိုးခြင်း။
ကျွန်တော်မင်းလည်း။ဘေးရင်းဘိုးဘ။ပြူဆွရောင်ညီး။ဆောင်း
သည့်ထီးနှင့်။ဆင်ကြီးမြင့်ခိုင်။ ရွှေပိုင်ငွေထုပ်။တရုပ်ဥတု။ ရွှေ
တော်စုသည်။ ။တောင်ထုတည့်... ... ... ထပ်ကာတွေး။

၁၆။ ဘိုးဘွားနန်းလျာ၌။ နွယ်ယှဉ်ထပ်ကြ။ ရှင့်မွေးဘနှင့်။ တူကွဲနှစ်ဘော်။ ဆွေချင်းလျော်သား။ စံပျော်အင်ဖြိုး၏မယ်တော်မျိုးလည်း။ ဘိုးကားနေမင်း။ မိရင်းနဂါး။ ဥဖြူထွားမှ။ ဘွားလတ်တုံပြီး။ ပြူစောထီးဟု။ မင်းကြီးလှုထိပ်။ ရန်စနှိပ်ဂ္ဂာ။ ငါးကျိပ်ငါးယောက်။ မြောက်သည့် နွယ်ပင်။ ငါးစီးရှင်၏။ ရင်ခွင်သွီး။ ထွန်းနီးဝင်းကြည်။ ရွှေအိမ်သည်နှင့်။ ဆက်ရှည်မထူး။ ဥမျိုးပူး၍။ သားဦး သားကြီး။ ကျော်ချီးတန်းခိုး။ မိုးညှင်းစိုးသား။ သတိုးတရား။ လူ့ဖျားသိဟ။ အင်းဝရွှေနန်း။ ရန်ဝန်းပယ်လွင့်။ နတ်နှင့်မကွဲ။ စံလွန်ကဲမှ။ မင်းရဲမည်သာ။ သားကျော်စွာလျှင်။ ဘရောယူငြိမ်း။ နတ်ပြည်သိမ်းသည်။ ။ညွတ်တိမ်းတည့်... ... ... လူဖြင်အေး။

၁၇။ မင်းရဲ ကျော်စွာ။ မည်သာ ဖွံ့ဆောင်။ ဘေးတော်နောင်လျှင်။ နတ်ဘောင်ပြောင်းဘိ။ စံလေပြီဝယ်။ နရပတိစန္ဒာ။ မဟာခတ္တိယ။ ဂေဇရာဇာတိ။ မရှိတုကင်း။ ဘေးတော်မင်းတုံ။ နေမင်းစန္ဒ။ အစုံပသို့။ တုလဘုရား။ ရှစ်သောင်းဖျားနှင့်။ နှစ်ပါးသာ ရွှင်။ ဘိသိက်ယင်က။ ရေစင်ဖြဟ္မာ။ မြောက်သွန်းလာ၍။ မြေမှာစော်ဘွား။ ထက်သိကြွားဟု။ ကြိမ်းဝါးလွန်ပြင်း။ ပြည့်ရှင်မင်းလည်း။ ဝပ်စင်းမြောက်တင်။ ဦးနှိမ်ဝင်၍။ စက်ရှင်ခိုလစ်။ ကျွန်တော်ဖြစ်က။ တောင်မြစ်ရေကြည်း။ မွမ်းမွမ်းပည်းမျှ။ ယရည့်ဉန်းဆင်။ နန်းပြင်နန်းတွင်း။ ကိုယ်ရံသင်းက။ မကြွင်း လေနိုး။ မျက်ရှိန်ငြိုး၍။ စိမ့်မျိုးဦးတည်။ တောင်းလာသည်က။ ခန့်ပြည်ဒိမ်ခြေ။ ရေသဉ္စအလိုက်။ ဆူလှိုက်ခြိမ်းမောင်း။ သံပြင်းတေါင်းသည်။ ။ရကြောင်းတည့်... ... ... လျှင်မနှေး။

၁၈။ ထပ်ကာထပ်ကာ။ .တောင်းကာမမူ။ ရန်စ ပြူသော်။ ဇမ္ဗူမိပတိ။ မျက်တော်ရှိ၍။ မိုးဘိ၏သို့။ မြင်စိုင်းမြို့ဝယ်။ ငါတို့နေရာ။ ထိုးတုံလာသည်။ ပြေးရှာကြေညက်။ ပျက်လေပြီးသည်။ လက်စည့်ရှည်ဟု။ ဦးတည်စစ်ခြေ။ တောင်းလာစေသော်။ ရဲလျှော်လျှော်ကား။ သွား၍တိုက်ထည့်။ မိန့်တော်ရှိသော်။ မြစ်ပြည့်

လျှင်းအောင်။ သူကောင်ပိတ်တိုင်း။စစ်ကိုင်းဝန်းယာ။ရေမျှလွယ်ကာ။မခပ်သာတည့်။ တခါချောင်းနောင်း။ တောင်းလတ်ချော်တုံ။သစ္စာယုံမှ။တမြို့ကြက်ပြောင်။ကြောင်တကောင်သို့။နောက်နောင်ကျွန်စဉ်။ ဖြစ်ကကောင်းစေ။ ပေးလိုက်ပေရှင့်။ ဘုံရွှေကြဌန်း။နန်းနှင့်မျှော်ကာ။မြော်မျက်နှာချွ။ထုပ်ပါမွေးပေါင်း။ ကျောင်းတော်ဗိမာန်။ကြည်စိတ်သန်သည်။ ။နိဗ္ဗာန်တည့်... ... ... အရဝေွး။

၁၉။ ကောင်းမှုရတနာ။ လွှတ်သော ခါတုံ။ ရောယာဉ်ပြောင်။မြော်နှင့်တောင်ကို။မြဲအောင်ကြပ်ကြပ်။ လှေချင်းထပ်၍။ မြစ်ခပ်လျှင်အောင်။တံတါးဘောင်နှင့်။ဆင်ပြောင်မြင်းလျှင်။ ဝန်တင်လှဉ်းနွှား။ချောက်သွားခေါ်ကျွေး။လူကြီးပေးရှင့်။မင်းလေးငါးဆက်။ မသိးဓုက်သား။သရက်ကိုမျှ။ မိန့်တော်ပြကာ။ သိးရလျှင်းလေ။ ကမ်းခြေမမြင်။ရေတိဖြင်လည်း။ခုပင်ကျလေ။ဒတ်ခတ်ပေကာ။ဆံမွေမတန်း။ချက်ခြင်းခန်း၏။ရံဝန်းရိုးမှ။ သောတာပသို့။ တုလသိရိ။ စောင့်သိဓမ္မာ။ မဟာဒေဝီ။ ရိုးနတ်ပြည်နှင့်။ ပြည့်ညီပုံပြီး။ စံညောင်းပြီးသော်။သားကြီးမည်သာ။ မဟာသိဟာ။သူရဈေမျှား။မင်းတရားဟု။ရှင့်ဘွားတော်ဘိုး။ နန်းရိုးဆက်အောင်။ မင်းခေါင်နေမျိုး။သတိုးဓမ္မာ။ ကျော်စွာမင်းရဲ။ ပိုင်ကဲနှိပ်နင်း။ ရမည်းသင်းနှင့်။စလင်းအုပ်ဆောင်။ ဘေးတော်နောင်ချည်း။နောင်လည်းနရပတိ။ ကြားသိတ္တံ့ကျော်။ ဘွားတော်မျိုးစင်။မော်ပင်လည်းကောင်း။အကြောင်းရုံးစည်း။တဘေးတည်းလျှင်။မင်းချည်းနန်းထက်။ဆက်ကာတက်သည်။ ။စဉ်လျက်တည့်... ... ... နွယ်မဝေး။

၂၀။ တုလမြတ်ခေါင်။ရွှေတောင်မျက်မှောက်။ သားကြီးနောက်ဝယ်။ငါးယောက်သွီး။ဘုန်းကြီးနှောင်းတွင်။ ဆင်များရှင်ဟု။ ကောင်းကင်မိုးမြေ။ မွန်းတည့်နေသို့။သရေခေတ္တရာ။ မင်းကြီးစွာလျှင်။ အာဏာထွန်းပြောင်။မင်းခေါင်ရဉ်လျှာ။ ရဲကျော်စွာလျှင်။ လူ့ရွှာပြောင်းသော်။နောင်တော်ရာယူ။ ဆင်ဖြူယာဉ်

ညင်။တစီးရှင်ဟု။ရွှစင်ရည်မောင်း။နန်းရိပ်အောင်းသား။ တန်ဆောင်းသခင်။ နတ်ရှင်သွိုး။ လျှံညီးဝင်းဖြာ။မိမြဝ႒စွာနှင့်။ သာယာဝတီ။ နာရိပဟိုရ်၊ မိန်ညှိုစိမ်းဝါ။ချမ်းရိပ်ကာလျက်။ ကျော်စွာတွင်ဘိ။ နရပတိယောက်ဘ။ တုလမောင်ကြိုး။ မျိုးချင်းမှိုးသည်။ သွိုးရွှေမြင်။အသွင်မိုးနတ်။လတ်လတ်ဝင်းကြည်။ မှောင်ခြည်မတား။ ဘွားတော်ဘွားနှင့်။ နှစ်ပါးမြတ်ခေါင်။ ဘုန်းချင်းနှောင်က။တန်ဆောင်အလား။မင်းလေးပါးနှင့်။သည်းကြွားကျင်လောက်။ခုနစ်ယောက်တွင်။စံမြောက်တုကင်း။ မယ်တော်မင်း၏။ဘွားရင်းမြေးစစ်။ ရွှေနှစ်သီရိုး။ရွှေပန်းကုံးဟု။ အါးလုံးနှောင်တွေး။သခင်ဘေးကို။မှတ်တွေးမြင်သူ။နတ်တူကြချေ။ တန့်တွေ့ဝေသည်။ ။သက်ခြေကည့်… … … မဆန့်ကွေး။

၂၁။ နရပတိနတ်ရှင်။နတ်ထက်မြင်၍။ မြေပြင်လူမျိုး။ ရိုညွတ်ကျိုးလျက်။ သတိုးမည်သာ၊ မဟာသီဟ။ သူရခေါ်တွင်။ ဆင်ဖြူရှင်မှု၊သခင်ဘွားရင်း။စိုးမင်းဘွားနှောင်း။မင်းချင်းပေါင်း၍။နန်းကြောင်းဆက်ပြီး။သွိုးသုံးဘော်။သားတော်သုံးပါး။ ခြေံယောက်ဘွားမှ။စံသွားခဲ့ပြီး။မရီးတော်နှင့်။ကြာနှယ်ပွင့်မျှ။ နန်းမြင့်သိင်္ဂါ။ မွေးဘာရာကို။လျှင်စွာသိမ်းယူ။မင်းမှုခဲ့လျှင်း။မကြွင်းမျိုးဆွေ။ပါတုံလေ၍၊ သရေခေတ္တ။ရွှေပြည်မဝယ်။ နဝကိုးပါး။ ခြယ်မြောင်ခြားလျက်။ ရွှေပြားညောင်ရွက်။အချက်အဒုံ။ စိတုံလူးခြား။ပတ္တမြားပန်းတောင်း။ဝင်းဝင်းမောင်းမျှ။ ရွှေပေါင်းသုံးသွယ်။ စံပယ်မကွာ။ သွားတိုင်း ပါလျက်။ ပမာ ထုံးဆောင်။ မြင်းမိုရ်တောင်ကို။ ကျန်အောင်မိုးနေ့။မှိုခိုထွေသို့။ မျိုးဆွေများနတ်။အရှင်မှတ်သည်။ ။ဥမြဘ်တည့်… … … ဘွားသဉ်မြေး။

၂၂။ သာယာဝတီ။တွင်ညီပြည်ကောင်း။ထီးနန်းဆောင်း၍။ များပေါင်းပတ်ကုံး။ တိုင်းအားလုံးကို။ ယူကျုံး ဝန်းလျှား။ လက်ရုံးထား၍။ တရားသဘော။ ကျော်စောဘက်ရှဲ။ ဘုန်းမြင့်ကဲလျက်။မင်းရဲ့အနော်ရထာ။မည်သာသွှံဆောင်။ ဘေးတော်နှောင်ကို။ မင်းခေါင်သခင်။ဆင်ဖြူရှင်လျှင်။ မောင်ပင်နှမ။ ယဉ်

လှတဘော်။နှောင်တော်သွီး။ မရိုးတော်ရင်း။တူနေမင်း၏။ ရင်တွင်းသက်မှတ်။မင်းလှမြတ်ဟု။ပြာလတ်လဲ့လဲ့။ နွဲ့နွဲ့သွယ်သွယ်။တင့်ဘွယ်ပြစ်ဝေး။ ရှင်ထွေးအစ်မ။ ရောင်ငြိမ့်မြနှင့်။ သကျာတို့ဟန်။ဆောက်နှင်းဘန်၍။ကဲလွန်ရတနာ။များစွာပေးနှင်း။ သားချင်းများတွင်။မောင်လျှင်အကြီး။ ငါ့ရာမှီးဟု။မှူးကြီးရှက်ပုံ။ နှင်းခဲ့တုံမှ။ ရွှေပြည်ရနှင့်။ ဆွေဆွေစကြာ။ ရိပ်မြူကာလျက်။ အာဏာပြင်းထန်။တန်းခိုးလွန်သည်။ ။တောင်စွန်တည့်... ... ... တလွှားကျေး။

၂၃။ ဘလည်းနှောင်ညီ။တူမှိမှန်ဘိ။ မိလည်းမခြား။ ရွှေနောက်ဘွားလျက်။မပြားကောင်းကြ။မောင်နှမကို။ တုလမိရှင်။သခင်နေမျိုး။သတိုးမည်ဟူ။ဆင်ဖြူသခင်။ နှောင်းမြင်ယဉ်လေး။ ရှင်ထွေးဘုန်းကြီး။သမီးတော်ရင်း။သားတော်ရင်းကို။ဆောက်နှင်းတုံပြီး။ မြေကြီးလှုပ်မျှ။ဒါနပေးလှူ။နတ်ပြည်ယူမှ။ ဇမ္ဗူထိပ်မိုး။မယ်တော်ဘိုးလျှင်။စဉ်ရိုးမပျက်။နန်းလည်းဆက်၍။ ကနက္ကဒန်။ ရောင်လျှံဖြန့်ဝန်း။ ဤသဉ်ကျွန်းကို။ ထောင့်ယွန်း မကြွင်း။ စိုးနှိပ်နင်းက။ဝပ်စင်းရိုသေ။ညာကြေထက်အောက်။ ထိပ်ရေခံလက်ထား။ မင်းတရားဟု။ သိကြားနတ်မင်း။ တူမယွင်းတည့်။ ဝင်းဝင်းပြောင်ပြောင်။အရောင်လျှံလျှံ။မင်းစံမိုးရာ။ ရတနာဆင်မြင်း။သံလျင်းထမ်းစင်။လက်တင်နိမ့်မြင့်။စလင့်ကြာထပ်။ ကွမ်းချပ်ရေတင်။ ထွေးအင် မကျန်။ ကိုးပါးပြွန်လျက်။ ကောင်းမွန်ဖြောင့်သား။တည်ကြားဆူ‌ခြေ။ငှဝေပေးကမ်း။ရဲစွမ်းနှလုံး။လက်ရုံးစက်သွင်။ဘေးနတ်ရှင်၌။သက်ပင်မှတ်ရော်။ ရှင့်ဘွားတော်သည်။ ။နှောင်းမြော်တည့်... ... .. သမီးထွေး။

၂၄။ သိရိသူရမဟာ။ဓမ္မရာဇာမည်ရင်း။ဘေးတော်မင်းလျှင်။ နင်းလေနတ်ခွင်။ခန္ဓာလျင်က။ ဘွားလျှင်သားချင်း။ နတ်ဆင်းနှိုင်းလျော်။ အစ်မ တော်ရှေး။ ယည်လေးခွန်အား။ ကျော်ကြားကျွန်းတွင်း။မြင်းလည်းမကျန်။ လှံကန်ထိုးလွတ်၊ ခတ်ဖြတ်စဉ်းဝါး။ လေးမြားမှန်စက်။ဆင့်တက်ပစ်လွှဲ။ အင်တွဲကျောနေ။

သက်ပြေလျှင်ဆဝင်း။ စိုးနင်းမကျန်။တတ်ပွန်လွှားကာ။ လေ့လာ
စွာသည်။ နရာပတိ။ မည့်တော်ရှိသား။ ယုဘိဘဲဖူ။ရိပ်ဖြူကာ
လျက်။ ကြေညာနှံ့မှု။ ကျော်ပေါက်ပြသား။ ဌာန အောင်မြေ။
သရေခေတ္တရာ။အချာသိမ်းယူ။မင်းထီးမူလျက်။ ဆင်ဖြူရှင်မြေး။
နှောင်းရှေးရုံးစည်း။မင်းချည်းနှင်နှင်။ နန်းခွင်ရိပ်ကျယ်။ ပျော်စံ
ပယ်လျက်။ လူဝယ်ထိပ်မိုး။ရေမြေစိုးက။ ဘေးဘိုးဆက်လျှဉ်။
နွယ်ယှဉ်စပ်ကြ။ပြူမင်းကပင်။မွေးဘမွေးမိ။ဆံရှိဖြစ်အင်။ မခြား
တင်သည်။ ။ရှင်လျှင်တည့်… … … နွယ်မြစ်ရှေး။

၂၅။ မယ်တော်ဘခင်။ ဘုန်းအင်တက်ပြိုး။ သတိုးဓမ္မာ။
တေဇါထက်ပတ်။ညီတော်လတ်ကါး။အထွတ်ဘုရား။လူ့ထွတ်
ထားနှင့်။ မခြားဥပိုင်း။ဆက်တိုင်းကြင်လစ်။မယ်ချစ်သနား။ စိုး
ပွား ဆောင်ခြင်း။ မိသား ချင်းကို။ ဝင်းဝင်းဖြူစင်။ ဇမ္ဗူ ပြင်၌။
ကောင်းကင်ပျံရိုး။ ဘေးဘိုးမိဘ။ ရည်တိုင်းရသား။ နွယ်ကြမ
ပြား။မင်းတရား၏။သည်းကြားနှောင်းမြင်။ကျင့်အင်သိရိ။မြတ်လှ
ဘိသား။ဆံရှိပြစ်မြူ။ဖြူစင်ကင်းဝေး။ငြိမ့်လေးမူထား။ ရှင်မဘွား
နှင့်။ထိမ်းမြားအစုံ။ ဆောက်နှင်းတုံ၍။မြေခံမြင့်ဖျား။ပြူမင်းဖျား
နှင့်။သိကြားသူရုံ။ဂဝံပတေ့။ရသေ့စန္ဒီ။တူပြီမကွာ။ ဂဋ္ဋုန်လာ၍။
လုပ်လှာနတ်တို့။ ရွှေပြည်မြို့ဝယ်။အောင်မှု ရာစင်း။ပေးဆောက်
နှင်းသော်။သည်းတွင်းရင်ခွင်။ရွှေစင်မပြား။မင်းနှစ်ပါးတွင်။ရှေး
ဖျားဦးမြင်။ ရှင့်မိခင်သည်။ ။လူတွင်တည့်… … … ပြစ်
မှောင်ဝေး။

၂၆။ ပဥ္စကလျာ။အင်္ဂါငါးမည်။ဝင်းဝင်းကြည်၍။ ပြစ်ချည်
မတန့်။ စင်မောသန့်လျက်။ လျှပ်ညွန့်ကမ္ဗု။သွန်း၍စုသို့။ဆင်ဖြူ
ရှင်မယ်။နှိုင်းဆွယ်မခြော်။ရှင့်မယ်တော်နှင့်။အနော်ရထာစော။
ရယ်မောသတိ။ ကြားသိပေါက်ပြ။ ရှင့်မွေးဘကို။ နရနတ်ရှင်။
ရေစင်သွန်းဖျား။ ပေးထိမ်းမြားက။ ခမ်းနားထွေထွေ။ ရွှေငွေ
ဆင်မြင်း။ကျွန်သင်းမှူးမတ်။လက်ခတ်တခြား။ အောက်မားတိမ်
ညှင်။ပည်းဖြင်ကြေးမက်။လေးနက်တုမဲ့။လက်တော်ဘွဲ့ရှင့်။နှိုင်း

ရှဲ့လွတ်ကင်း။ ဝေသန်မင်းနှင့်။မျိုးချင်းမို့မို့။ ချစ်စိတ်ညီသား။
မန္ဒီမြတ်ဖျား။မိဘုရားသို့။နှစ်ပါးလိုက်ဘက်။ရွှေဌက်ပမာ။ မြတ်
ချမ်းသာနှင့်။ နတ်မှာမခြင်၊ မိခင်အစစ်။ ရောက်လစ်မှန်စင်။ မ
ချွတ်ပင်တည့်။ရုပ်သွင်လက္ခဏာ။မှတ်တိုင်းပါလျက်။ပြလှာအိပ်
မက်။ တချက်တည်းစင်။ တို့ဝမ်းဝင်ဟု။ မိခင်မွေးဘ။ ကဲဆစုံ
မက်။အသက်သဘွယ်။လည့်ဝယ်ဆွဲပတ်။ဖြိုက်ရှိန်စွတ်သည်။ ။
လွမ်းဆွတ်တည့်... ... ... ထင်ရေးရေး။

၂၇။ အနော်ရထာစော။တကြောဇမ္ဗူ။ ကျော်လှိုက် ဆု
သဘွး။ ပြိုင်တုလွတ်ကင်း။ ရှင့်ဘမင်းကို။ရောင်ဆင်း ရွှယ်သစ်။
ဆဲ့လေးနှစ်က။ ရန်စစ်ကုဋေ။မိုးမြေမခြင်။ချီရာတွင်၎င်း၊ ခဲအင်ခန့်
ကျုံး။ သိန်းတပ်လုံးနှင့်။ပေါင်းရုံးထားနေ။တထွေမြော့က်မြား။
ငါ့ကိုယ်စားလျှင်။ သည်းကြားသားလတ်။ စက်ပတ်သောတူ။
မင်းမူ၍ပင်။ ခန့်စီရင်ဟု။သံရှင်လေးနက်။မိန့်တော်ပွက်က။ ချင့်
တွက်သင့်စေ။ဆင်တွေမြင်းအား။ခြေသားလေးလံ။ ကိုယ်ရံရွှေ
ကာ။ လကျာ်လက်ဝဲ။ ထားစွဲလွှားသည်။ ဝန်းလည် မီးပေါက်။
ရွှေနောက်ပတ်ပတ်။ အမတ်အထူး။ သင်းမှူး ကျေးစား။ သွား
သော်သို့လေ။ နေသော်သို့ရုံး။ပတ်ကုံးကင်းသင်း။ ပြင်တွင်းဝန်း
လျား။ကုံနိုင်အားက။ဘုရားရွှေမှောက်။ချစ်ဝမ်းမြောက်သည်။ ။
ပင့်ထောက်တည့်... ... ... ကြန်နက်လေး။

၂၈။ စကြဝတေး။လေးကျွန်းသနင်း။မင်း၏ပမာ။ နိုင်းရာ
မပြိုင်။ထွတ်ဘုန်းခိုင်လျှင်။ကျော်လှိုင်ဌန်းလျှံ။ရေကြောင်းစုံရှင့်။
အရွှံပါပြဲး။ ကလေးအားကို။ ကုံးပါးခန့်ချုံး။ သုံးမိုင်း လုံးနှင့်။
ပျက်ဆုံးပျက်လွန်။ သောင်းကျန်းကန်၍။ ဆယ်ပြန် ဆယ်ထပ်။
တို့ရုံတပ်ကို။ မလပ်ဖြဖြ။မီးပွားကျသို့။သူကဝင်သည်။ စစ်ထိုး
မည်ဟု။ဘုန်းစဥ်လူ့ဖျား။ဆက်သကြားသော်။ တောင်အားကန်
လျောက်။မိုးညင်းနောက်ဝယ်။မရှောက်ရှေးဦး။ အထူးထူးသာ။
ကန်တူးနားကြီး။ရေမီးတေါက်ရာ။မွေ့ရှာကျိုက်ဆူ။တျင်းတျင်း
ယူမှ။ နိုင်းတုလွတ်ထွေ။ကျူလေနတ်ရှင်။မိန့်တော်ယင်က။ မြင်း

ဆင်မဖို။ အပြင်းချို၍။ ပည်းသည်သသူ။ မဟူစကောင်း။ ခြိမ်း
မောင်း တိုက်ဘောက်။ တောင်အောက်တောင်လတ်။ တောင်
ထွတ် တောင်ထိပ်။ အသိပ်ကြွခိုင်။ အဆိုင်ဆိုင်ကို။ ခေါင်းတိုင်
နွယ်အား။ နတ်ရှင်သားလျှင်။ စွယ်ဖျားမရွက်။ ကိုယ်တိုင်တက်
က၊ ပြေးထွက်တျင်းတျင်း။ မကြွင်းကျန်ငံအောင်။ ချောင်းမြောင်
ကမ်းခိုင်။ ထော်မှိုင်ထော်ဘန်။ ပုန်ကန်လွတ်ရိုး။ ပြည့်စိုးကင်း
စင်။သိမ်းငင်ကြိုးစ။ရေးတော်ပြကာ။လောကထိပ်မှန်း။ အားရန်း
ရွှင်ပြုံး။ချစ်အားတိုးသည်။ ။မြေမိုးတည့်… … … တုန်လှုပ်
ကြွေး။

၂၉။ စကြဝဠာ။ ကမ္ဘာကျိုက်ပွက်။ ဇမ္ဗူထက်ဝယ်။ အ
ဘက်မမြော်။တပွဲသော်ကား။ရှင်တော်နိဗ္ဗာန်။လွန်ကတဉ်းက။
တကြိမ်မျှလျှင်။နားဝခါ။မကြားရတည့်။နရာလူ့ဖျား။ ထား၍
ထံအောက်။ရွှေမှောက်ထွတ်ထား။သနားမြတ်လေး။ကြိုးအောင်
မွေးမှ။ဘထွေးလွန်လျှင်၊ဘရာတင်၍။ကောင်းကင်ပျံသွား။စော
တရားလျှင်။ထက်ဖျားဆင်ရောက်။အဦးပေါက်သို့။ မြားမြောက်
အါးအန်။တိုင်းထက်လွန်ကာ။စိန့်ခံမင်းကို။ပေါင်းရုံးခိုလျက်။နဂိုရ်
ဌာန။မိုးကောင်းကလည်း။မြင့်လှတောတောင်။ကျောက်ခေါင်
ကျောက်မျက်။ ချောက်နက်ချောက်မွန်။ လွန်သော်ထိကာ။ ခွါ
သော်လွတ်လွယ်။အသင့်ကွယ်၍။ဆန်းကြယ်ကြံစည်။ နေလင့်
သည်ကို။ လူ့ပြည်ဘုရား။သားလတ်သွား၍။ တိုက်ရှားကြိုးချေ။
ရစေစေကာ။ လိပ်ဖွေတင်ရွက်။ အပြင်းထွက်သည်။ ။တိမ်
ထက်တည့်… … .. တောင်မြင့်သေး။

၃၀။ ဖြူးရရူးသဉ်။တိမ်ဦးမကာ။မြင့်လှတောင်ခြေ။ချောင်း
လည့်ရေတည့်။မြစ်ဂိုဂိုနှင့်။ ရွာဘိပြင်းသည်း၊မိုဃ်းလည်းရက်
ဆက်။ခဲခက်စာရေ။ နှင်းတွေတောလုံး။ဖုံးတုံဖွေးဖွေး။ ရွှံ့စေး
ကျော်ခဆောင်။စောင်းထောင်သက်ဆင်း။မြင်းလည်းမသာ။လက်
ပါကိုင်စွဲ။ဆင်နားဆွဲ၍။ခဲလည်းမညှာ။မျက်တော်ပါလျက်။ပစ္စာ
ဝုခ။ ကုမာရသို့။ ဆံမျှမတွန့်။ ကြိုးစွန့်ရန်ပိုက်။ တိုက်တုံခေါင်

ခေါင်၊ကျန်အောင်ခမ်းနား။သားမယားနှင့်။ဋ်စော်ဘွားကပင်။မြင်း
ဆင်မျိုးဆွေ။ခြွေရွေကျန်အေါင်။နန်းရွှေတော်ထက်။မြေးမြောင်
ကျိုက်ပွက်။ ယူခဲ့ဆက်မှ။ လူထက်မြတ်ဖျား။ဘုရားကား။ မိုး
ကြားထက်ဆီ။ငှက်နယ်ချိမှ။ရမိအုံ့သည်။မှတ်လေရည်ရှင့်။ နန်း
တည်မြို့နား။တံခါးသုံးတန်။ဆန်ကိုလှန်၍။ တန်းခွန်ပျောက်ဆုံး။
လက်ရုံးသည်းဉီ။ သက်နှင့်တူသား။ သူ့သူကကတ်။ တမွတ်ရဲ
ရည် ။ရပေသည်ဟု။ရန်ရဉ်သွင်သွင်။ငါးစီးဆင်နှင့်။ မြေးဖြင်သုံ
ဖျင်း။ မကြွင်းသိမ်းယူ။ပေးတော်မူသည်။ ။လိုက်ဆုတည့်
... ... ... ပွဲတင်ကြွေး။

၃၁။ ရုလစ်သွန်းသွန်း ။ရောင်လျှံထွန်းသည်။ တသန်းနေ
သွင်၊ လွှတ်နန်းပြင်၌။နတ်ရှင်ပရမေ။မိန့်တော်ထွေကား။ သပြေ
စိုးဆောင်။ မောင်တို့ဘေးရင်း။ ကျွန်းတွင်းအုံ့ချီး။မင်းခေါင်ကြီး
၏။ တွင်ပြီးမည့်တော်။ အနော်ရထာ စောလောင်း။ ချီသောင်း
ကျိုက်ဆူ။ မဉ်လေဟူလျက်။ဇမ္ဗူသိခ်။ဗောင်းတော်စနှင့်။ ဇော
တထွန်းမြူး။ရွှေဘူးသင်းကျစ်။လျှစ်စစ်သဘွယ်။ စလွယ်ရစ်ရှင်။
သောက်ရေတင်လည်း။ ရှုအင်မဏ္ဍား။ ပတ္တမြားလက်ကောက်။
ရဉ်မြောက်နိတုံ။ဝတ်လုံပုဆိုး။မြတ်နိုးရဉ်ရှား။ တောင်နှယ်များ
လျက်။ ဘုရား ဘုန်းတူ။ ပေးတော်မူကာ။ ဇမ္ဗူ၄န် ခြောင်း။
ယောကျ်ားကောင်း၏။ရုံပေါင်းဇနီး။သမီးတော်စစ်။ ချွေးမချစ်
ကို။နားရစ်ပြိုးပြက်။ပေးခဲ့ဆက်သား။ကွမ်းခွက်ဇမ္ဗူ။ပေးတော်
မူမှ။ထီးဖြူမြောက်စဉ်။ယွန်းပြည်မင်းနေ။ဘုံရွှေကြ၄န်း။နန်းလည်း
မကြွင်း။ထပ်ပြိုင်နှင်းသည်။ ။ရန်တင်းတည့်... ... ... ရှိရာမေး။

၃၂။ လက်ရုံးတန်းခိုး။မြေမိုးအောံထက်။ ဘဝဂ်အာဏာ။
စကြာဝဠာ တတိုက်။ ချီ၍ရိုက်သို့။ ၄န်လိုက် ရှင်ရှင်။ ဇမ္ဗူခွင်၌။
ကောင်းကင်လည်းမှတ်။ နေသို့ပတ်သည်။ရန်ဖြတ်လူ့ဖျား။ထွတ်
ဘုရားလျှင်။ကိုယ်စါးရဉ်ခင်း။ဇိမ်ရွှေနှင်းက။ဆင်မြင်းလွှားကါ။
ပြည်ရွာ တရေး ။မြေဝ်တွေးရွှေနောက်။ ကြားလျှောက်ပျိုသာ။
ပျို၄ါခွင့်လမ်း။ပူးစမ်းထင်ချေ။ ခွဲဝေပေးကမ်း။ ရဲစွမ်းတိမ်ပြင်း။

ဖြည့်းညှင်းနှုတ်တဂၢဲ။ ငြိမ်သက်ဏုန္တြေ။ထွေထွေစိတ်ဖြာ။အဠှာ ရသ။တုမှမမြော်။တမ္ဘတ်ခေါ်သါး။မယ်တော်မောင်ကြီး။ဦးရိုး တော်ရင်း။ကျော်စွာမင်း၏။မနင်းမြေတွင်။ပျံသွင်လျှပ်ခြည်။ သ ဇာနည်နှင့်။ ကြည်းပြည့်ထိလုပ်။ ခွက်အုပ်မျက်စုံ။ ဝတ်လုံတိမ် ဆင်း။ဆုတော်နှင်းသည်။ ။ဘက်ကပ်းတည့်… … … တု မဲ့ရှေး။

၃၃။ သရေခေတ္တရာ။ပြည့်သာအုပ်စိုး။ကျွန်းလုံးမိုးသား။ ရှင့်ဘိုးတော်လတ်။ လျှံပတ်တေဇာ။ အာဏာပြဲင်းထန် တခြိရဲ မောင်း။ မင်းရန်နှောင်းသို့။ ပြည့်ထောင်းသနွေ။ ဦးကြိုဟ် တွေ့ သော်။ကြောက်လေ့ဘုံချက်။စွန်နှင့်ကြက်သို့။ ထမ်းရွက်အောင် လေ့။နှောင်တော်ရှေ့ဝယ်။မပော့ရန်မျိုး။ထိပ်ထက်ရိုမှု။ သတိုး ဓမ္မ။ရှင့်ဘဘထွေး။ ပြိုင်ဝေးသွံ့ကျော်။ မယ်တော်ဘမင်း။ သ တင်းကျိုက်သူ။ဇမ္ဗူ ဿုံထင်။ဘုန်းစက်သွင့်သည်။ မြှရှင်လက် စွပ်။ သောင်းခပ်ကြေးလုပ်။ ခွက်အုပ်ရာဘိုး။ပုဆိုးတမူ။ လူသူ ရှေးက။ မင်းမှဝတ်မြဲ။ပုလဲလိုလို။အညှိအပြာ။စိမ်းဝါ ရွှေမောင်း။ မမြင် တောင်းကို။ အပေါင်း မွှမ်းဖြင်။ လွတ်နန် းပြင်၌။ ချစ် အင်စုံမက်။ နှုတ်ပွက်ပျံမွှေး။ချိးမွမ်းပေးက။နှိုးဝေးအံ့ချီး။ ရှုမငြိး သည်။ ။ရွှေထီးတည့်… … … မကြာသေး။

၃၄။ ကေတုမတီ။တွင်ညီပြည့်ထောင်။ အုပ်စိုး ခေါင် သါး။ထွန်းရောင်လက်ရှုံး။ကျွန်းလုံးမြေပေါ်။မင်းရဲကျော်မှု။ဘေး တော်ရှေးဖျား။မင်းတရားလျှင်။ရှင့်ဘွားတော်ရင်း။ မင်း၏မယ် တော်။လူ့ဘောင်ပြောင်းမှ။နတ်ပြည့်ကြွသော်။ ရှေးကမြတ်ဇစ်။ သိကြွားဖြစ်သို့။ကြွင်ချစ်သက်နှင်း။ တုမရင်းနှင့်။ ဝင်းဝင်းရောင် လျှံ။နတ်နှယ်စံလျက်၊နတ်ထံရပ်ခွင်။မျက်နှာမြင်သော်။ ဘွားရှင် ညီ၂။မွေးဘမခြား။ငါးပါးကြက်သရေ။ဖြစ်ကွေမနီး။မြတ်ဘုန်း ကြီး၏။ဇနီးစုံပေါင်း။ဘိုးတော်နှောင်းလည်း။ရဉ်မောင်းသပြေ။ ခွက်အုပ်ရွှေနှင့်။ ဆန်းထွေထူးပြား။ဝတ်စားခေါက်စုံ။ ပွဲဘုံသ

ဘင်။နတ်ရှင်ရွှေဝယ်။စံပယ်ပြောထု။ပေးနှင်းရသည်။ ။ရဲ
ဆုတည့်… … … ကြွယ်သူဌေး။

၃၅။ ရတနာပူရ။ ရွှေဝထိပ်မိုး။ ကျော်ရိုက်ကြိုးသား။သ
တိုးမင်းစော။ တကြောဇမ္ဗူ။ရန်သူမပြိုင်။အခေါင်တိုင်၍။မဆိုင်
ရန်ဘက်။မတွက်ပျော့မြုပ်။ကွန်နှယ်အုပ်လျက်။တရုပ်ဦးတည်။
ဝန်းလည်ကြောက်ငြင်။ ဘိုးနတ် ရှင်လည်း။ ရွှေပြင် ဘုန်းကြီး။
သမီးတော်ရင်း။ရှင့်မိမင်း၏။ချစ်ခြင်းမျိုးတော်။အစ်မတော်နှင့်။
တူလျော်မယွင်း။သတင်းကျိုက်ပွက်။လေ့ကျက်မြင်းဆင်။စုံအင်
ခုံတွေး။ ယှံရေးတမူ။ရန်သူအတိ။ဆယ်ထပ်ရှိလည်း။ တစိဝမ်း
က။ နှစ်ခွမတွေး။ဘိုးတော်ထွေးလည်း။ ရည့်လေးမင်းစံ။ခြုံးရံ
ညွှန့်ပေါ်။ နိုင်းမခြော်သား။ဇမ္ဗော်ခွက်အုပ်။ သွန်းလုပ်ရောင်ဟုံ။
ပြောက်မျိုးစုံသား။ ဝတ်လုံရဲဆု။ချစ်ပေးရ၏။ များသူ့မျိုးဆွေ။
အုပ်ထွေမှူးမတ်။ ကြည်ညွှတ်ဆပွား။ ပေးသည်များကို။ မှတ်
သားစေလို။သိစိမ့်ဆိုသည်။ ။သံချိုတဲ့… … … ရဲမှုရေး။

၃၆။ ခပ်သိမ်း လက္ခဏာ။ တရာသက်ကျော်။ ကျမ်းနှင့်
လျော်သား။ဘွားတော်မူနှစ်။သက္ကရာဇ်မူ။စင်စစ်မှန်စွာ။ ကိုးရာ
လေးဆယ်။နေဝယ်သါဟုန်။နယုန်ဆန်းတက်။လေးရက်ကြာသ
ပတေး။ ချမ်းမြေ့ဆင်။နေ့ဝင်နာရီ။ ငါးဗိသုံးပါဒ်။ ခါမှတ်ရော
လေ။ တနက်ခွဲတြင်း။ နဝင်းတနလ်ာ။ လိတ္တာသုံးပါဒ်။ နက္ခတ်
လေးလုံး။သုံးကားပါဒ်ပြီ။ ရာသိမှန်စွာ။အသ်ာဆယ်ချ။ခနူမကွေ။
စနေလက်မြတ်။ယှဉ်ပါဒ်တူကွ။ ကန်ကဂုရု။ရာဟုမိန်မှာ။ အင်္ဂါ
ကုံတွင်။နေပင်မကွာ။ဖသာကြာဗုဒ္ဓဟူး။သုံးဦးပေါင်းကြ။ပြီသ
ရောက်မှတ်။စဉ်မြတ်ကြက်သရေ။မေထုန်နေလျက်။ ပတ်ထွေ
ထက်ကြပ်။ အုပ်ရှစ်ထပ်နှင့်။ ဆယ်ရပ်ထက်ဝန်း။ ပင်ထွန်း လ
တွင်။ မျက်နှာမြင်က။ သခင်မင်းကျော်။ မယ်တော်လွန်းကြင်။
သက်ပြတ်ခင်သည်။ ။ဘွားရှင်တည့်… … … မှန်လှထွေး။

၃၇။ မဏိရတနာ။ မုတ္တာပုလဲ။ ရဲရဲ မိုးက။ပျံလေကျသို့။
ထွန်းပရုပ်သွင်။ မိခင်မွေးဘ။နရမှန်ကင်း။ မင်းများသခင်။ လွန်

ကဲကြွင်၍။ ဘုရင်နှမ်တော်။ ရှုမျှော်နက်လေး။ မည့်တော် ပေး
လျှက်။ နားရေးရစ်သန်း။ လင်ပန်းခွက်အုပ်။ ပိုက်ထုပ် နေကြ။
ထိန်းယမတ်ရိုး။ ချိုပိုးလက်လွှဲ။မကွဲဘွားရက်။ ကစားဘက်နှင့်။
ပုခက်ရွှေလှော်။ တင်သော်ကျူးစေ။ ချိုးရေ စွဲပြောက်။ လက်
လှောက်ခြေချင်း။မင်းတို့ရတု။မျှော်ရှုခမ်းနား။ ဖလားရေလွှန်း။
မျှားလွှန်းဗိတ်အုပ်။ထောင်ထုပ်ရွှေစင်။နီလွင်ခွက်ထက်။ရွှေငှက်
ရုပ်ဟူ။ ကလူစရာ။ နံ့သာကြုတ်ခွက်။စုံမက်ဆပွား။ ပေးသနား
သည်။ ။ဘုရားတည့် … … … လွှန်မြတ်လေး။

၃၈။ ထန်ပြင်းတန်းခိုး။ကြီးသည်မိုးသို့။သတိုးဓမ္မာ။ရာဇာ
တွင်ခေါ်။ကျွန်းလုံးကျော်သည်။မယ်တော်မွေးဘ။ခေတ္တာသရေ။
ဘုံရွှေသိင်္ဂါ။ နန်းသာ သက်ရှည်။ သိကြွား တည်သား။ ပြည်၏
သေဌ်နှင်း။ ဘိုးတော်မင်း၏။ သတင်းရှိန်စော်။ ကျေးဇူးတော်
ကို။ရေဘောင်လူဝယ်။ သက်ကုန်ဘွယ်တည့်။ကြီးငယ်စေ့စုံ။ မ
ဆိုတုံလည်း။ သိရုံမြွက်ချည်။ နားတော်လည်လော။ လူ့ပြည်၌
ဝယ်။ တင့်မျိုးကြွယ်သည်။ ပျိုရွယ်သစ်သစ်။ဆဲ့ငါးနှစ်က။ ရန်
မြစ်ပယ်ထူး။ဘုရန်ငူးနှင့်။ပဲကူးပြည်သာ။ စောင့်သောခါတွင်။
မျှားစွာပတ်လည်။ ထိုးလှာသည်ကို။ ဇာနည်အာသ။သိန္ဓဝနှင့်။
ဖြတ်ချပွဲဦး။မြင်သူမှူး၏။ ဟူးဟူးရေရှင်။ချောင်းသစ်တွင်၌။မြင်း
ဆင်သချို။ တွက်ရေမက။ အနန္တကို။ တေဇမှန်ကင်း။ နောင်
တော်မင်းနှင့်။ တချင်းတချင်းတိုက်သတ်။တူပြိုင်လွှတ်က။ မလွှတ်
အရှင်။ တကြိမ်တွင်တုံ။ မြင်းဆင်ရတနာ။မင်းရာခမ်းနား။ ဖြင်
ပြားပည်းမှု။နိုင်တင့်လှ၏။ ဓမ္မရာဇာ။မည်သာသတိုး။ ကျွန်းလုံး
စိုးသည်။ ။ရှင့်ဘိုးတည့် … … … ပျိုရွယ်သေး။

၃၉။ အပွဲပွဲလျှင်။တွေ့ခဲလုံးရင်း။သူ့ရှင်မင်းနှင့်။ မျှားခြင်း
လှာရုံ။ သဘော်အခုံ၍။ကိုယ်ရုံထားသည်။ လွှားရည်ဆိုင်းဆိုင်း။
တလိုင်း ထပ်ပြီး။ ဆင်စီးမြင်းရုံ။ မိုးခေါင်ပျံမှု။ မီးလျှံ တိမ်သို့။
ပုသိမ်မြို့ဝယ်။ ထပ်ဘို့ပြုးပြုး။ အရထိုးလည်း။တန်းခိုးထန်ပြင်း။
နောင်တော်မင်းနှင့်။ မယွင်းသံတိုင်။ ခံနိုင်လွှဲပေါ်။ ကျော်ကြီ

ကျော်ရှင့်။ညွှတ်သော်ပြောင်ပြောင်။ မီးရောင်ပမာ။ ဝါဝါတော်ခံ
ရွှန်း။ နှောင်းရေကျွန်းသို့။မော်ကွန်းတကွင်း။နတ်ရှင်မင်းနှင့်။ အ
ပြင်းထိုဋ္ဌ။ကျူ၍တိုက်သော်။ ဆောက်ဗိုက်တန်ဆောင်။ လက်ရှုံး
ရောင်ဖြင့်။ ရန်မှောင်လွင့်ပျောက်။အထောက်ထောက်သား။မီး
ပေါက်မီးပျံ။လောင်သံဟူးဟူး။ရပ်ထူးဝေးသား။ကုလားဘင်္ဂါ။
များစွာသဘော်။ ဖြင်ပြောအံ့ဘွယ်။ကြောလယ်နှံ့မျှ။ ကျော်ဆူး
ချ၍။ရပ်မျှမသာ။မိုဃ်းသို့ရွာလည်း။အာကာပျံနင်း။ယာဉ်ကျော်
မြင်းနှင့်။ စီးနင်းရည်မှတ်။အပြင်းလွှတ်က။မှူးမတ်မြေးသား။ မ
ယားမျိုးဆွေ။ရွှေငွေခမ်းနား။ဝတ်စားပည်းဖြင်။တောင်နှယ်မြင်
သော်။မာတင်မုန်သောက်။ဆုတော်လှောက်သည်။ ။ပယ်
ပျောက်တည့်... ... ... ရန်တိမ်မြေး။

၄၀။ မကြွားစဘူး။လူသုံးဦးတို့။ထွေထူးဆကဲ။အပွဲပွဲကို။
ဖြင်ပြဲကုဋေ။လက်ချိုးရေလည်း။ကုန်လေမဲ့နိုး။ ကြိတိုင်းတိုး၍။
မြို့တိုးမြို့ခံ။ခုတ်နှံ့စီးချင်း။ဆင်မြင်းလှေပုံ။နိုင်တုံတည်တည်။စက်
မီးလည်သို့။ မုန်ရည်သွင်သွင်။ သူ့ဆင်မြင်းရှုံ။ ဟိုင်းဘီလူးကို။
ပွဲဦးလှစ်ခွင်း။ အခေါင်ချင်းမျှ။လန်စင်းချယ်ယ။ ပြောင်နာဂနှင့်။
တိုက်ကြ ခေါက်ခေါက်။ တယောက်တပြန်။ ခုတ်ချွန်ပန်းညီး။
ဆင်စီးသေကျ။ဆင်လည်းရသော်။လောကမှန်ကင်း။ ပေးခြင်း
ရဲဆု။တောင်နှယ်စုလျက်။ခက်မှုခဲအင်။ဒလတွင်၍။ ပည်းဖြင်များ
ထွေ။ခံလင့်နေလည်း။ပရမေရွှေစက်။ကိုယ်တော်ထွက်က။ ပြေး
ကွက်ကြောက်လု။ ဌက်ကိုတုရှင့်။ရန်ထုကြီးမော။ သမိန်ထော
တုံ။ ရဲစောနတ်သွင်။ ဇမ္ဗူ့ရှင်၏။ စွယ်ခွင်ဝယ်၍။ မိုဃ်းသို့ရိုက်
လျက်။တိမ်းယိုက်လည်းတွား။ဆင်ပြေးသွားမှ။မီးပွားအတူ။ခနူ
မြူသို့။ ပဋ္ဌူကာဆောင်း။ ထီးနီမောင်းနှင့်။ တောင်ကြောင်းရေ
အား။ ဖြန့်လတ် ပြားလျက်။ လှော်ကားရဲလှေ။ ဆန်လွှတ် ထွေ
သည်။ ။တပ်တွေတည့်... ... ... ရေကြောင်းကျေး။

၄၁။ ကုဋေသဈေ။ထိုမျှလှေကို။နိုင်ထွေတျင်းတျင်း။မင်း
လည်းသက်ပြေး။ အရေး ကုန်လေ။ ကြေကြီးကြေသော်။ ပရ

မေရွှေမှောက်။လွှန်ဂမ်းမြောက်၍။ရုန်သောက်မစဲ။ ချစ်မြတ်ကဲ
နှင့်။ အုံ့အဲရှုမြင်။ နက်စင်ယဉ်မ။မင်းမှုန်းတက်။ စဉ့်ဆက်ဝတ်
ရိုး။ ပုဆိုးတိမ်လျှပ်။ လက်စွပ်မှောင်ဝေး။ ဆုတော်ပေးမှ။ ရှင်
ဘေးဘုရား။ ရှေးဦးဖျားက။ ခမ်းနားဆောင်ယောင်။ ပွဲဘောင်
နှင်းမြောက်။ မော်ကွန်းမြှောက်၏။ ဖြိုးမောက်တိမ်ညို့။ ဗဒုံမြို့
ဝယ်။ ထပ်မို့လုံးရင်း။ဆင်မြင်းကျေးစား။မြေးသားကစ။ မကျန်
ရတည့်။ ရှေးကကျော်ညီ။ မြို့ကမ်းနီတုံ။ မိုးဆီတူရှု။ ခက်ခဲထု
သော်။ ထို့တူကြည်းက။ ရှုနပန်းညီး။ ဆုတ်ချေပြီးဟု။ ဘုန်းမီး
စက်ယာဉ်။လှေနှင့်ယှဉ်၍။ ကြောက်ကျဉ့်ကြောက်ထွေ။ မိုးမြေ
ဖျောက်ဖျောက်။ မီးပေါက်တန်းခွန်။တုံးချုန်ခုတ်ဖြတ်။ မလွတ်
နိုင်မှ။မြို့လုံးရ၏။ပျံကြွအာကာ။စန္ဒာမဏိ။တောင်ရှိရွှေငွေ။ ထွေ
ထွေများစုံ။ ရွှေတော် ပုံရှင့်။ ခက်တုံဆန်းထူး။ စေဥ္စကူးဝယ်။
ရဲရူးရဲခါး။ စော်ဘွားသားတိ။ကြိမ်းဝါးကြိစည်။ ခံနှင့်သည့်ကို။
တာရှည်စွဲလစ်။ လက်သွယ်နှစ်၍။ ချစ်ချစ်ခေါက်ခေါက်။ တူး
ပေါက်လွှားလွှား။မယားသို့။ဆင်ကြီးမြင့်ခိုင်။ မနိုင်မကန်။ကျေး
ကျွန်မပါ။ကိုယ်သာလွတ်စေ။ပြေးရှာလေသည်။ ။ရှင်သေ
တည့် .. ... ... အထွေးထွေး။

၄၂။ အားကျမာန်ပါ။ နောက်တခါတုံ။ များစွာလုံးရင်း။
မကြွင်းရပြား။ အိမ်ရွှေထားသည်။ စော်ဘွားညီပင်။ ပည်းဖြင်
ခန့်ချုံး။အခုန်းဘောင်လုံးနှင့်။ပေါင်းရုံးခံလှာ။စစ်သဉ်သာတဥ္စ။စိန့်
ရွှာတိုင်အောင်။မြားမြောင်မြို့ပြ။ဟူသမျှကို။အရယူချေ။ နတ်ရှင်
စေက။သပြေစိုးထိုက်။ဆန်လကြိုက်ဝယ်။ ကျိုက်ကျိုက်မြို့တွင်။
ဆင်မြင်းလွှင်ပ။ အနန္တကို။ လှေကဆင်းသက်။ ခြေပင်တက်၍။
မြို့ထက်ထိပ်ပြင်။ ကိုယ်တော် ဝင်သော်။ သေရှင် ကြေညက်။
ပြေးထွက် ကျင်းကုန်း။ တောင်နှယ် ပုန်းလျက်။ ငရုန်း ငရင်း။
ကောင်းစင်းကောင်းတုံ။ ကုန်လှေတရက်။မြစ်နှစ်ဘက်ကို။တွန်
ကြက်မကြား။ ဘမ်းထားကြိုးခက်။ယူခဲ့ဆက်သော်။ မင်းထက်
မင်းခေါင်။မင်းရန်အောင်ကား။ပွဲဘောင်သဘင်။မမြင်စဘူး။ အုံ့

ချိုးကျူးမှ။ ပြောက်ထုံးရတနာ။စီမွဲခြယ်ဖောပ်။ ကွမ်းချိပ်မျက်စုံ။ဝတ်လုံရက်စွပ်။သောင်းခပ်နှင်နှင်။မြင်းဆင်မကြွင်း။ ရထိုင်းနှင်းသည်။ ။ဘောက်ထွင်းတည့်... ... ... ရန်ချုံစေး။

၄၃။ မှူးမတ်ပျက်ရှာ။ကြိုရာချွတ်ယွင်း။ ဇင်းမယ်မင်းကို။သေဌနင်းနတ်ရှင်။ ယူစည့်တွင်ခွဲ။နောက်ခွင်တလွှား။ ပဲကျူးအားနှင့်။ဆန်းပြားကြိုစည်း။ဖိုက်လည်းလှမော။သမိန်ထောလျောင်။တွေးတောမဲ့ထွေ။ မိုးသိုမွေ့မျှ။နန်းမြေဝန်းကျင်။ ဘမ်းငင်ကြိမ်းဝါး။မင်းဟု ခြားသော်။ တရားပရမေ။ မိန့်တော်စေ၍။ လှေလည်းတျင်းတျင်း။မင်းကိုသတ်ရ။ဆံမျှမကြွင်း။ရွှေတော်နှင်းက။ ရှေးမင်းစဉ်ဆက်။ ပေးခဲ့ခက်သား။နန်းထက်စားတော်။ ကွမ်းခွက်ကျော်နှင့်။ ရွှေလှော်ပြောက်စုံ။ဝတ်လုံပုဆိုး။နက်ဘိုးခဲထွေ။ ရန်တွေသွင်သွင်။ဆင်လည်းရဲဆု။ရွှေတော်ရ၍။ ပြိုင်တုမဲ့ငြား။ယိုးဒယားဝယ်။ မိုးဖျားထက်ဆီ။ ရုံလုံ လှိုတွင်။ ရှက်စိ တန်တား။သဘော်ပြား၍။လေးမြားမိုးပေါက်။တန်ရှောက်ပြောထု။ မျှားမှုသေနတ်။ ထိုးလွှတ်စိတ်ဖြာ။ မင်းလျောရည့်တင်။ ခြေပင်တက်မြောက်။ မြို့ထိပ်ရောက်က။ ဘောက်ဘောက်ချတ်ချ။ ရှနလွှားလွှား။ တန်တားကူးထွေ။ မင်းနေကစ။နှစ်မြို့ရသော်။ လောကဘုန်းဖြိုး။ သံရှင်မိုး၍။သတိုးဓမ္မာ။ ရာဇာရဲထွတ်။ ခေါင်တမွတ်ဟု။ ပြိုင်လွှတ်နှိုင်းထောက်။ရွှေနောက်သွင်သွင်၊ ပလွှင်နေတန်။ပြောင်ရန်ဗှန်နှင့်။ မကျန်မင်းခမ်း။ ထပ်မွမ်းပေးလှောက်။ မေဘ်ကွန်းမြောက်သည်။ ။ပွဲမှော်တဲ့... ... ... မိန့်တော်ပေး။

၄၄။ တန်းခိုးလျှံရောင်။မိုးသိုပြောင်မျှ။ ရန်မှောင်ပိတ်ဖုံး။နှစ်မြို့လုံးကို။လက်ရုံးထွန်းပ။နေ့ခြင်းရသော်။ ကြောက်လှသော့အား။ ထွတ်ဘုရားသို့။ဖြူထွားမာတင်။ လေးစီးဆင်နှင့်။ ရင်ခွင်သည်းကြား။သွီးသားကို။ဝတ်တွားကြော်ရှက်။ ထိုမင်းထွက်၍။ ရွှေစက်ထိပ်ပြင်။ရွက်လှာတင်ရှင့်။ကြိုအင်ရွှေပြောင်း။ယင်းသဉ်နှောင်းဝယ်။ထပ်လောင်းကူလှာ။စစ်သည်သာတည့်။ သရဒ္ဓရာမည်းမဉ်း။သဘော်ချည်းတိ။ဇင်ပည်းအုံလောက်။ပြောင်ပြောင်

တောက်မျှ။မီးပေါ်ဖော်မီးပျံ။ခိုးဝါလျှံလျှက်။ဆယ်လံအဝ။ တောင်
မှျမျှနှင့်။ ပြင်းပြလေမိုးသည်း။ထပိုးတဆယ်။လှေဝယ်ရံရှုမျှ။ရပ်ထမ
သာ။ ပင်လယ်မှာကို။ ခမ္ဘာပွင့်ညောင်း။ ဘိုးတော်လောင်းနှင့်။
တဆောင်းရင်တူ။ နောက်ယူမလွဲ။ယှဉ်ထပ်စွဲက။ပြိုကွဲပြီးမျှ။မိ
တိုင်းရ၏။ ပေါက်ပြကျိုက်ပွက်။ချည်တွဲဆက်သည့်။ ။ပြိုင်
ဘက်တည့်... ... ... မကြာသေး။

၄၅။ အထူးအကဲ။ တကြိမ်ပွဲတုံ။ ရေးကွဲကြိမ်မှား။ ကျိုင်း
သည့်စားလျှင်။ ရှင်အားလည်းဖျက်။ ကိုယ်လည်းပျက်သော်။
ချောင်းနက်မြိုင်ချောင်။ ပုန်းရှောင်ရာရာ။ပတ်ရှာလိုက်မှ။ ကိုယ်
ကိုရရှင့်။ ရန်စလက်တည်း။ ပျက်ရှိန်သည်း၍။ မျှားပည်းအခုတ်
ထွေ။ခံလင့်နေသော်။သပြေပိုးရောက်။တိုက်ချင်းပေါက်၍။ ရန်
သောက်မာတင်။ကိုးစီးဆင်နှင့်။မြင်းလျှင်လက်မှ။ ရတုံတွဲရှက်။
ကျေးမက်ရွာပြည့်။တိုက်နည်ဖြန့်ပြား။သိမ်းလတ်ကြားက။ ရှေး
ဖျားနန်းတည့်၊နန်းစည်မျိုးနီး။ ကြေကြီး ကြေထွား။ စိန့်အားခွန်
ပြည့်။ဦးတဉ်တိုင်အောင်။စနောင်စနင်။ဘမ်းငင်ရောက်နိုး။ကင်း
စမ်းထိုးသော်။သတိုးခမ္ဘာ။လာသော်ဘယ်သို့။ကြံရတို့အံ့။ ထိပ်
ပို့လက်ထား။ ရိုညွတ်တွားက။တရားရန်အောင်။လူ့ထွတ်ခေါင်
ကား။မြားမြောင်လက်ရ။မြော်ကရွှင်လန်း။ချစ်အါးရမ်းသည်။ ။
ချီးမွမ်းတည့်... ... ... မြတ်လှရေး။

၄၆။ မိုးကောင်းရိုးညင်း။ ချင်းတွင်းတလွှား။ သောင်သွပ်
စားလျှင်။ အန်အားမြောက်ခေါင်။ လက်ရုံးထောင်လည်း။ ထွန်း
ပြောင်တန်းခိုး။ သတိုးတွင်ခေါ်။ဘိုးတော်နတ်သွင်။ ဘမ်းငင်မ
ကြာ။ရသောခါတုံ။ကောင်းစွာနှင်နှင်။ဆယ်စီးဆင်နှင့်။ ပွဲဝင်ပွဲ
ထွက်။ယင်လျှက်သာမြူး။သံလွှင်ကျူး၍။လက်ဦးရှေးဖျား။ မင်း
သားမင်းလောင်း။ မရတောင်းကို။ထပ်လောင်းကျိုက်ဆု။ ပေး
တော်မူ၍။ ရိပ်ပြုချိန်သင့်။ စံပယ်တင့်လျှက်။ အရှင့်ဘွားတော်။
ဘိုးမင်းကျော်လည်း။ မူးမော်စုံမက်။ပိုက်ဘက်မငြိုး။ သားကြီး
ရင်သွေး။ချစ်မြေးဘုန်းကြွယ်။ တို့သက်လှယ်ဟု။ လည်ဝယ်ရစ်

ခွဲ့။ ပုလဲအသွင်။ရွှေစင်အလား။ပတ္တမြားအနှစ်။ မျက်ရှင်စစ်သို့။ ကျစ်ကျစ် ဏဲဆ။ ကြင်မေသာလျှက်။ သိဂ်စံရောက်။ မင်းခမ်း မြှောက်သား။ လက်ကောက်လေးစုံ။ နိတုံပြောင်ဝင်း။ ခြေချင်း လှော်ဦး။ ရွှေဖူးရန်ညင်း။ခုံခြင်းကြက်ပေါင်။ပြူရောင်လျှပ်ဝါ။ ဝိ ဟာရကုတ်။သရတ်ခြာ်ဝေး။ပန်းသေးခြားတန့်။ ဖက်ခန့်ပြူညို။ သင်ဗိုလ်ထိန်း်ယ။ပေးစမရဲ။ရအောင်ကဲသည်။ ။သုံးစွဲတည့်... ... ... မျှားကံကျေး။

၄၇။ ဓမ္မဒေဝီ။စေါင့်ညီမြတ်ခြင်း။သိတင်းငါးမည်။ဖြောင့် ကြည့်သီလ။ ဒါန ပေးလှူ။ ရည်ချုမဂ်ဖိုလ်။ ကျသိုလ် ဆယ်စု။ ဝတ္တုဆယ်ပါး။သူ့အားချမ်းသာ။ရှာသည့်နေ့တိုင်း။ထုံးမိုင်းရေ စက်။လက်နှင့်မကင်း။မင်း၏သဘော။လိုက်လျော်ပျုငှါ။ အာစာ သတိ။ဟိရိဩတ္တပ္ပ။ဆံမျှမကွေ။စောင့်ထွေတရား။ တည်သော အားဖြင့်။သိကြားအသွင်။နတ်ရှင်ရန်နင်း။မိမင်းအတူ။မှတ်တော် မူ၍။ထီးပြူပုဇော်။ညွတ်ကော်ရော်သား။ဘိုးတော်သားချင်း။တု ကင်းကျင့်မှတ်။ ဘွားတော်လတ်လည်း။လေးမြတ်ကဲဆ။ ကြင် မောလှ၏။ယောက်မမောင်စစ်။ရောက်ပြန်လင်ဟု။ လွှန်ချစ်ဝမ်း မြောက်။ လက်ကောက်ခြေချင်း။ ပြူရှင်းနံကြိုး။ ခင်းနှီးပိတ်လှပ်။ စလပ်မပြား။ပေးမှတ်သားသည်။ ။စကားတည့်... ... ... ပန်းသို့မွှေး။

၄၈။ ဘိုးတော်သက်ပေး။ နှောင်းမွေးဘွားမြော်။မင်းနှစ် ဘော်ဝယ်။ ဘေးတော် လွှန်ကြင်။ ဆင်ပြူရှင်၏။ တောင်တင် လကျာ။ သူဇာအဆင်း။ ထိုဘွားမင်းလျှင်။ မြေးရင်းမှတ်ထွေ။ ရောက်လှာပေရှင့်။ ထိပ်ဗွေ တင်ထား။ ရွက်မမှားသည်။ မင်း တရား မယ်တော်။ ထုတ်ဘော်ပျုံမွေး။ မည်တော် ပေးသား။ မိထွေးတော်ရင်း။ထွန်းဝင်းကြက်သရေ။ဆံမွေပြမှောင်။ ခြည် ရောင်မစွန်း။ဝင်းဝင်းထွန်းလျက်။တောင်ခန်းရိပ်သာ။ ပြူဝါပျက် စောင်။မိုက်မှောင်မရှိ။ရွှေတိသာလွှန်။ကြာပြန်နံပါး။အုံးထားရှုံး ရွက်။ ကြိုင်မြက်ထုံမှတ်။မြိတ်လွှတ်စုလည်း။ ဖြင်ပည်းညွတ်ခ။

ထိန်းယာ်ရုံကျင်း။ မြဘ်ခြင်းသတိ။ဟိရိအစာ။ရံခါမကင်း။ မိမင်း ညီမ။ကြခ်ဆထပ်ပေါင်း။ထွေးတော်နှောင်းလည်း။ နှစ်ထောင်း စုံမက်။အသက်တမျှ။ လွန်ယုယလျက်။အစ်မကြီးရှင်။သခင်သွီး။ ထွန်းညီးငြိမ့်လေး။ ဘမင်းမြေးဟု။ပန်းသေးစုံပြော်။ လက်ကော်ခြေချင်း။ ဗိတ်ရှင်းဗိတ်လှပ်။ ပေါ်ထပ်ခင်းကျင်း။ ချစ်ဘေးနှင်း သည်။ ။အရင်းတည့်… … … ရှင်မိထွေး။

၄၉။ အစင်းတရော။ ပြုဝါဝင်းဝင်း။မင်းဟူသမျှ။ ထိပ်စဉ်းညွတ်။ရွှေကုံးမှတ်၍။ လေးမြတ်စုံမက်။ခြေတော်စက်ကို။ ပန်းခက်မဥ္စူ။ ဆင်ရာမှုသား။ ဇမ္ဗူသခင်။နတ်ရှင်သွီး။ အငိုး တော်ရင်း။ ဘမင်းနှမ။မိုးမှရောက်လှာ။နိမ္မာနရ။ဘုံကကျလစ်။နတ်ရှင်စစ်သို့။ ကျစ်လစ်တည်ကြည်။ ငါးမည်သီလ။ ဓမ္မသိရိ။ သတိကောင်းမွန်။ဆင်းကြန်ငြိမ့်လေး။ပျံ့မွှေးနှုတ်ထွက်။နန်းထက်ဘွားမြော်။ရွှေအိမ်ပျော်သား။ဘိုးတော်မျက်ရှု။ခတုကလျာ။မြတ်စွာသေဥ္စနင်း။ မိစိုးမင်းလည်း။ ချစ်ခြင်းလွန်ကြူး။ရွှေသို့ ဦးလျက်။ ကျေးဇူးသခင်။ မိလွန်းကြင်လျှင်။နတ်ခွင်မကြာ။ရောက်လှာပြန်လစ်။တူမချစ်ဟု။ သရစ်မင်းလျှောက်။လေးစုံမြော်သား။ လက်ကောက်လျှံလင်း။ခြေချင်းရည်လေး။ညွတ်သေးဗိတ်လှပ်။ ကြဉ်ဖွပ်ကဝါ။ခါသာကြိုင်ရွှင်း။သလင်းအတူ။ပေးတော်မူသည်။ ။မဥ္စူတည့်… … … ထွန်းရစ်ကွေး။

၅၀။ ဘိုးဘေးနွယ်ဆက်။ စဉ်မပျက်တည့်။ ပခက်ကျည်တန်။ ရွှေတန်ရွှေတိုင်။ရုပ်ပြိုင်ခြသေ့်။ဟောက်လေ့ရူးရူး။ ဘီလူးနဂါး။နတ်သားရုပ်သွင်။လက်တင်အုံးတား။ ရှုံးသားတိမ်ပြင်။ ဗိတာန်ဆင်သား။မျက်ရှင်ကွန်ရက်။ညောင်ရွက်ပျံ့ဝဲ။ဇာဆွဲလူလူ။ ဗိတ်ပြုဘိုးရှား။ထပ်များခေါက်လျက်။ကော်ဇောထက်ဝယ်။ညှံ့သက်ခင်းနှီး။ သိပ်တုံပြီးသော်။ မတ်ကြီး သားမြေး။ ငယ်သွေးရောင်မြိုက်။ ခေါက်ကျိုက်မြိတ်လွတ်။ ရစ်ပတ်စုလည်း။ သွယ်ချည်းပြာညို။ ရင့်ဆိုသဘွယ်။ငယ်ရွယ်ကြက်တောင်။ ပြူရောင်ဗိတ်လှပ်။ရင်ထပ်သလင်း။ပျံ့ရွှင်းထုံခိုး။သွယ်ကြိုးတရုတ်။ဘော်

ထုတ်အစ။သုမ္မတနှင့်။ သကျန္တယ်ရင်း။ပြုမင်းတို့ရိုး။ ချစ်ဘိုးချစ်ဘွား။ နန်းတက်များကို။ ရွေနားဖြည့်သွင်း။ မင်းတို့ရထု။ ရွှင်မှုကျူးမျှ။မှတ်စေရသည်။ ။ရှင်မတဉ္စပျော်မွေးသက်ဘိသေး။

---

သံတိုင်ပုဒ်ပေါင်း-၅၀-ပြီး၏။

၁။ ရာဇဝံသာ။မဟာသမ္မတ။ သကျန္တယ်ရင်း။ ပြုမင်းတလတ်။ဥမြတ်ဘွားဆက်။စဉ်မပျက်သည်။ ။နန်းထက်မပြတ်ဘူးတည့်သခင်။ ။နန်းထက်မပြတ်ဘူးတည့်နတ်ရှင်မြေး။

၂။ သင်းပွင်းထိပ်စွန်း။လူကြွင်နန်းကို။ မြေပန်းကော်ရော်။ စိုင်သုံးဘော်သည်။ ။ညီတော်နောင်မထူးတည့်သခင်။ ။ညီတော်နောင်မထူးတည့်နတ်ရှင်မြေး။

၃။ ယင်းကမကြာ။ မင်းဖြစ်လှာ၍။ကမ္ဘာဆက်ရှည်။ မြင်စိုင်းတည်သည်။ ။အောင်စည်ရိုက်ကာကျူးတည့်သခင်။ ။အောင်စည်ရိုက်ကာကျူးတည့်နတ်ရှင်မြေး။

၄။ ထိုကချိုးသည်။ငါးစီးသခင်။နတ်ရှင်မြစ်ရင်း။ မိုးညင်းစိုးသည်။ ။သတိုးဘေးရန်ငူတည့်သခင်။ ။သတိုးဘေးရန်ငူတည့်နတ်ရှင်မြေး။

၅။ မိုးညင်းသတိုး။ရွှေဝစိုး၍။နွယ်ရိုးစည်နှောင်း။ တောင်သို့ပြောင်းသည်။ ။ပေါင်းလောင်းထိပ်နဖူးတည့်သခင်။ ။ပေါင်းလောင်းထိပ်နဖူးတည့်နတ်ရှင်မြေး။

၆။ မင်းဝံတောင်ငူ။ထီးပစ္စူနှင့်။သီဟသူမည်ရင်း။ ဘေးတော်မင်းသည်။ ။မြတ်ခြင်းလွန်ကျေးဖူးတည့်သခင်။ ။မြတ်ခြင်းလွန်ကျေးဖူးတည့်နတ်ရှင်မြေး။

၇။ သီဟသူသည်းချား။ ဘုရားဘုန်းခေါင်။ ပြည့်ထောင်ပတ်ကုံး။ကျွန်းလုံးပူဇော်။ညွတ်ကော်ရော်သည်။ ။ဘိုးတော်လူ့ထိပ်ငူးတဉ္စသခင်။ ။ဘိုးတော်လူ့ထိပ်ငူးတဉ္စနတ်ရှင်မြေး။

၈။ အနော်ရထာ။မည်သာခေါ်တွင်။ နတ်ရှင်သားလတ်။

မင်းရဲထွတ်သည်။ ။တမွတ်လွန်ဆန်းထူးတည့်သခင်။ ။တမွတ်လွန်ဆန်းထူးတည့်နတ်ရှင်မြေး။

၉။ တရပ်ရှမ်းပြည်။ သတ်နည်လိုက်လံ။ မခံဝံ့သူ။ ဘမ်းယူချည်ထား။မိုးကောင်းစားသည်။ ။စော်ဘွားမျိုးတော်ဦးတည့်သခင်။ ။စော်ဘွားမျိုးတော်ဦးတည့်နတ်ရှင်မြေး။

၁၀။ သတိုးဓမ္မာ။ရာဇာတွင်ခေါ်။ ကျွန်းလုံးကျော်သည်။ မယ်တော်သခင်။ ဘွားရှင်မြတ်ဆက်။ ရွှေခက်ပန်းသွင်။ လည်ဝယ်ဆင်သည်။ ။ပြတ်ကြွင်လွန်မှူးရှူးတည့်သခင်။ ။ပြတ်ကြွင်လွန်မှူးရှူးတည့်နတ်ရှင်မြေး။

၁၁။ ဘိုးတော်ဘွားရှင်။ မိခင်မွေးဘ။ ထိန်းယအင်ထက်။ ပခက်ရွှေစင်။ သာပျော်ရွှင်သည်။ ။ရှင်လျှင်မြေးတော်ဦးတည့်သခင်။ ။ရှင်လျှင်မြေးတော်ဦးတည့်နတ်ရှင်မြေး။

၁၂။ အခန်းတကြယ်။ ပခက်ဝယ်လည်း။ ရှုဘွယ်တည်။ စုံစီရပ်ဟန်။ကနုတ်နတ်သား။ဘေးရန်တားသည်။ ။မေးမှားဆိုမှူးရှူးတည့်သခင်။ ။မေးမှါးဆိုမှူးရှူးတည့်နတ်ရှင်မြေး။

၁၃။ နဂါးရေနတ်။ မင်းမြတ်ကျင့်မြဲ။ ပုလဲပတ္တမြား။ ကိုးပါးကွန်ရက်။ ညောင်ရွက်ဝင်းလျှံ။ရွှေစာရံသည်။ ။ဆွဲရံရွှေပွတ်ခြူးတည့်သခင်။ ။ဆွဲရံရွှေပွတ်ခြူးတည့်နတ်ရှင်မြေး။

၁၄။ ဇင်းမယ်နန်းလုံး။ လက်ရုံးထွန်းပ။ ရဲဆုရ၍။ရှင်ဘရန်နင်း။ ဖြူဝင်းပြောင်ပြောင်။ မှနော်ဆောင်သည်။ ။တန်ဆောင်နေ့သို့မြူးတည့်သခင်။ ။တန်ဆောင်နေ့သို့မြူးတည့်နတ်ရှင်မြေး။

အနော်ရထာစောသွီးတော်
ယိုးဒယားမိဘုရားချင်း
ဤတွင်ပြီး၏။

သက္ကရာဇ်။ ၉၉၀ ပြည့်နှစ်တွင်။ အဝမြို့ရွှေဆီးရွှေနန်းကိုသိမ်း
မြန်းစိုးစံတော်မူသောမင်းရဲဒိဗ္ဗအမည်ရှိသောမင်းတ
ရားလက်ထက်ပညာရှိအမတ်ရှင်သံခိုသည်။ မင်း
စဉ်မင်းဆက်ရာဇဝင်ကိုစီစဉ်ရေးသားဆက်
သွင်းအပ်သောရွှေနားတော်သွင်း

# မင်းရဲဒိဗ္ဗဧချင်း။

THE HANTHAWADDY PRESS

ရန်ကုန်မြို့။
၃၄ လမ်း။ ဟံသာဝတီသတင်းစာတိုက်။
၁၈၉၉ ခုနှစ်။

35—I

# နိဒါန်း။

ကဝိဗန္ဓတိဗေဒ္ဒါတိကဗျာ။ ဝစနာအရကို။ အကျကောက်သော်။ ပြောင်မြောက်လိမ္မာ။ ပညာရှိပုဂ္ဂိုလ်တို့။ ဖွဲ့ဆိုစီကုံးအပ်သော။ချင်း။ရကန်။အဲ။အန်။ ရတုအစရှိသော ပျို့ကဗျာလင်္ကာအစပ်။ အဟပ်တို့သည်။ လောကီလောကုတ္တရာ။ ၂ဖြာမလွတ်အကျိုးနပ်သဖြင့်။ မှတ်နာဆောင်ရွက်လေ့ကျက်အပ်သော ဗဟုသုတမဂ်လာရှိရကား။ သကျဝံသ။ သမတနွယ်လာ။ သမ္မာဘုန်းမီး။ ထီးဆောင်းနန်းနေ။ ပဒေသရာဇ်အပေါင်းတို့၏။ ဦးခေါင်းညွှတ်ခ။ ခွန်သပို့သွင်းရာ။ မဟာရာဇဌာန်။နက်သန်ဘူမိန်။ ဝတိန်သုဒဿန။ အယုဇ္ဈသို့။ အဝရွှေမြို့တော်ကြီး၌။ ထီးနန်းဆက်ခံ။ စိုးစံတော်မူသော မင်းရဲဒိဗ္ဗရာဇာကို။ ပညာရှိအမတ် ရှင်သံခိုလျှောက်ဆိုနားတော်သွင်းသော။ မင်းစဉ်မင်းဆက်ရာဇဝင်ကိုဖွဲ့ဆို စီကုံးရေးသားသည့် မင်းရဲဒိဗ္ဗချင်းကဗျာသည်။ ရှည်ကြာနှစ်လ။ မြုပ်တိမ်ကွယ်ပမည်ကို စိုးသဖြင့်။ ထက်မိုးဃံလပုဏ္ဏမိတ်တွင်။ ယုန်တံဆိပ်ခပ်သကဲ့သို့။ တည်းဖြန့်သားနား။မင်းသွားမင်းနေ။ သေကွေကွက်ကွင်း။ ဘတ်ရှုရင်းနှလုံးကြည်အောင်။ ရည်ဆောင်အားထုတ်။ပြုလုပ်ပုံနှိပ်လေ့ရှိသော။ကျွန်ုပ်တို့ဟံသာဝတီ သတင်းစာမီးစက်ပုံနှိပ်တိုက်က။ သုတတည်းဟူသော။ ရတနာကို ကောင်းစွာလိုလား။ ကျိုးစားရှာဖွေလေ့ရှိသော အမျိုးသားတို့၏အလို့ငှာ။ ၁၂၆၁ ခုဝါခေါင်လ အတွင်းစက်တင်ပုံနှိပ်ခြင်းကိုပြုလုပ်ပါသည်။

## မင်းရဲဒိဗ္ဗချေင်း။

---

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ မင်္ဂလာမဏ္ဍိုင်။ လေးရောင်ဆိုင်သား။မပြိုင်စံရာ။ ဝေယန္တာဝယ်။ဒေဝါရုံဝန်း။နတ်ကြဌန်းသို့။ရွှေနန်းသေဌ်နင်း။မင်းမင်းများသခင်။ဘုရင်ခေါင်ဖျား။စေတရား၏။သည်းကြားပွင့်ညွန့်။ရဲဘုန်းသန့်လျှင်။မြူးကွန့်တေဇာ။အာဏာတန်ခိုး။ စက်မိုးစည်းကြိုးသို့။ဘေးဘိုးဇမ္ဗူ။ သိမ်းယူမြေပြင်။ ဘနတ်ရှင်လျှင်။ ကောင်းကင်ဘဝင်။ ထွန်းတက်တန်ဆောင်။ ထိန်ထိန်ပြောင်ရှင့်။ နောင်လည်းနေနတ်။ ရဟတ်စကြာ။ ဆက်ဂှာလည်းကောင်း။ စံပကြောင်းကို။ သံညောင်းထွေလာ။ ချောက်ဝံ့ပါသည်။ ။
မင်္ဂလာတည့်ပျိုမွေး။အောင်မြင်ရေး။ ။

၂။ လေးကျွန်းအချာ။ စက်ရာဇာဝယ်။ ရတနာ မြတ်လှ။ ဩရသသို့။ တေဇာဘုန်းတန်း။ ရောင်ဖြိုးလွှန်းသည်။ ရွှေနန်းပွင့်လောင်း။ နားတော်ညောင်းလော့။ အပေါင်းတွက်ရေ။ သိန်းကုဋေလျှင်။ ရုံနေစကြဝဠာ။ ပေါ်သောခါ၌။ သင်္ခါမြရည်။ ဆန်းလတည်သော်။ ငါးမည်ဘုံထွန်း။ ကိုယ်တော် ဝတ်နှင့်။ သတ္တာပတ်ရွှေကြာ။ နိမိတ်လာက။မြဟ္မာမှော်ကွန်း။ တင်ပြဌာန်းရှင့်။ကြဌန်းငါးဆင့်။ ငါးကြိမ်ပွင့်၍။ ဆုံးချင့်မရ။အနန္တာ၌။ ဘဒ္ဒကမ္ဘာ။ ထိုတိုက်သာလျှင်။ အချာထွန်းတင်။ သို့ရာတွင်လည်း။ ရွှေစင်ငွေရည်။ဘန်ခြည်လျှံထွန်း။အကျွန်းကျွန်း၏။ဦးစွန်းဇကန်။

မာန်ကင်းမှန်သား။ နိဗ္ဗာန်ကူးဆိပ်။ ဉာဏ်ကျွန်းထိပ်ထက်။ ဖြူရိပ်ဖြန့်
စ။ သမတနှင့်။ ဝရမန္တာတ်။ ဆက်လတ်ဟန်းထိန်း။ သုံးသိန်းသုံး
သောင်း။ လေးထောင်ငါးရာ။ တေဇာရန်နှိပ်။ ခြောက်ကျိပ်ကိုး
ယောက်။ ဆက်ခြောက်ရှည်စွာ။ ရာဇာပဝရ။ နရိန္ဒတို့။ ဟည့်ကြ
စက်ရွှေ။ ပဒေသရာဇ်။ ဧကရာဇ်တည့်။ ဖြစ်သားမပျက်။ အောက်
ထက်ရေမြေ။ နံ့မွှေးချင်းနွံ။ ဆက်ခါစံမှ။ ယဉ်လျှံမြစ်နား။ ဘိုးဦး
ဖျားဝယ်။ ထွန်းထားဘုန်းမြင့်။ မိန့်တော်ဘွင့်သည်။ ။နောင်ခွင့်
တည့်တည်းရေးဗျာဒိတ်ပေး။ ။

၃။ မိန့်တော်ရွှေစက်။ ပေးရာမြွက်မှ။ ငါးချက်နိမိတ်။ ဟျော်
သံထိတ်မျှ။ ဗျာဒိတ်ပြိထွေ။ သရေခေတ္တ။ တည့်ထောင်စဉ်။
မာဃဆဒ္ဒန်။ လှံကွန်ဂဠုန်။ ဆန်ရုန်ရေမြေ။ လှေလည်းနဂါး။ ဆက်
များခွန်သ။ သူရစစ်အောင်။ ဗွတ္တာပေါင်လျှင်။ သည့်နောင်ရိမဒ္ဒ။
မလည်တတ်ဝယ်။ နေနတ်နဂါး။ မြတ်သိကြားက။ ဆက်ပွါးစဉ်
လတ်။ လွှံ့ပတ်နှဘော်။ အနော်ရထာ။ တေဇာကြီးဘိ။ နရပတိ
စည်သူ။ ပစ္စူဖြန့်လွှား။ ငါးကျိပ်ငါးမှ။ မခြားနွယ်ရင်း။ ထောင်
သင်းဘွင့်ဘွင့်။ သေဥ္စနင့်မကိုန်။ မိန့်တော်လိုက်ဖြင့်။ ရန်မိုက်
ကြောက်ရှောင်။ မြင်စိုင်းဖ့ထောင်သား။ ညီနောင်ဘုန်းတူ။ ထီးသုံး
ဆူနှင့်။ ဇမ္ဗူရန်လွင့်။ ရွှေထီးဘွင့်သည်။ ။ဆက်မြင့်တည့်ရှည်
ဝေးဘေးလောင်းရှေး။ ။

၄။ သုံးပါးညီနောင်။ မြင်စိုင်းထောင်သား။ ရန်ဘောင်
ဘွင့်လင်း။ နှောင်းမြင်မင်းလျှင်။ မာန်ကင်းမြစိတ်။ မိန့်ခဲ့ဘိတ်
သည်။ ဗျာဒိတ်တော်လျှောက်။ ခြောက်သို့ရွှေဝ။ စခဲ့ကာသာ။
သင်္ဂါရွှေဂူ။ ဇမ္ဗူဗိမာန်။ ကန်လည်းတောက်ရှည်။ ပန်းယံတည်
က။ ဇာနည်ပြုဆွ။ တစီးရ၏။ သည်ပသည်းကြား။ မင်းသုံးပါး
တွင်။ ငါးစီးရှင်နှင့်။ ခြောက်ခွင်စစ်ကိုင်း။ တောင်ရင်းခိုင်းလျက်။
ဘုန်းလျှိုင်းဟန်းပျို။ အစဉ်ရိုးမှ။ သတိုးမင်းဖျား။ တရားပွင့်ငုံ။ သန်
လျက်ခံထက်။ ရွှေဘုံပြောင်ပြောင်။ တည်ပြန်ထောင်ရှင့်။ သည့်
နောင်ထွန်းတက်။ ဆယ့်နှစ်ဆက်လျှင်။ မပျက်စဉ်ပြီး။ တောင်သို့

ချိုး၍။ ဘုန်းဖိုးလျှံလင်း။ ရှိန်ပြင်းလွှန်ကဲ။ မင်းရဲနတ်တူ။ သီဟာသူ
လျှင်။တောင်ငူရွှေနန်း။အောင်မြေကျွန်း၌။ပြူဝန်းဖြန့်ရုံ။ ဘိသိက်ခံ
သည်။ ။ကျုံကျုံတည့်သံလေးမြောက်သနွေး။ ။

၅။ တ ရှန်းရှန်းလျှင်။ ထောင်ဝန်းနေဝါ။ တက်လျှံဖြာသို့။
နရာဘုန်းထင်။ ရွှေနားတံင်လော့။ဦးကင်နန်းပွဲ။ စံလွှတ်ကဲသား။
မင်းရဲနတ်တူ။ သီဟာသူလျှင်။ ခြောက်ဆူဘုန်းတော်။ နတ်ပြည်
ပျော်လည်း။ သားတော်သည်းချား။ မင်းငါးပါးတွင်။ မင်းတရား
ကြီး။ဘုန်းမီးရှိန်ပြေး။ ရှင်ပင်ဘေးလျှင်။ချီးကြွေးနတ်လူ။ ရိုက်ရာ
ယူကာ။ဇမ္ဗူသောင်းတွင်။ထိန့်ရိုက်ချင်း၏။ ပြည်မင်းကျွန်လျှံ။
ထံအောက်စက်ရွှေ။မရောက်နေသော်။ပရမေဘုန်းထူ။ ချီတော်
မူကာ။လက်ယူပွပွ။ချက်ခြင်းရ၏။တေဇဝှန်ပြူး။ သတိုးဓမ္မရာဇာ။
မည်သာလွှံပတ်။ ညီတော်လတ်ကို။ နေနတ်တန်ဆောင်။ ရွှေ
တောင်ရွှေနန်း။ငါ့ညီမြန်းဟု။ကြွဝှန်းဘုန်းဝှန်။နှင်း၍ပြန်သည်။ ။
ရန်မာန်တည့်နှိုးဝေးရှုံကြောက်ငေ။ ။

၆။ ပြည်တော်ပြန်၍။ ရန်မာန်ကြောက်ရှောင်။ ညီမင်း
ခေါင်ကို။ရွှေတောင်ငူနန်း။ စံစေမြန်း၍။ တသွန်းဥဿာ။ ရာဇာ
မနော။သမိန္ဒောလျှင်။တကြောဇမ္ဗူ။ပြိုင်တူမဲ့တောင်း။ပန်းလည်
ချောင်းဝယ်။ဓွေညောင်းရန်ခွင်။ ရန်ဆင်တောင်ထွေ။ မြင်းခြေ
ဖြိုးထပ်။ ကြိုးချပ်ပိတ်ပျံ။ သံယံအုပ်စည်။ ကြိုးလင်းရည်လည်း။
စီးထည်တင်တော်။ဘေးစောကျော်လျှင်။ဥပေါ်ရန်ဝှန့်။ပျူဆဒ္ဒန်
နှင့်။ပြောင်းပြန်စောက်ထိုး။မိုးဃံသို့ကြော်လွှန်း။ တွန်းတွန်းစင်း
စင်း။ဓွေချိုးနင်းကာ။မင်းနှင့်စီးဆင်။ သည့်ပြင်ခန့်တိုင်း။ တလိုင်း
ပြည့်လုံး။ လက်ရုံးထိန်ပြောင်။ တိုက်သတ်အောင်၍။ ဆောင်
ရောင်ထီးနန်း။ သိန်းသန်းခွန်ဘွဲ့။ သုံးဆယ့်သုံးမြို့။ မင်းတို့ဌာန။
ရတ္တမကို။ ယုံလှရဲဘော်။ ညီတော်ဘုန်းမြူး။ စံစေဦးမှ။ ပဲခူးဟံ
သာ။အောင်မြေချာ၌။အာဏာစက်ထွန်း။ ရန်နှိပ်မြန်းသည်။ ။
လျှံမွှန်းတည့်နှိုးဝေးထိန့်ရိုက်ကြွေး။

၇။ ထိန့်ရိုက်ဇမ္ဗူ။ အောင်တော်မူကာ။ ဗိုလ်လူ မွမ်း ဖျင်။

မြင်းဆင်ဖြိုးထွေ။ပျှောလည်းမြစ်လုံး။ပိတ်ဖုံးပြောင်ပြောင်။ ကျည်
ထောင်ညိတ်ညိတ်။ ထိတ်ထိတ်မွှမ်းမွှမ်း။ မင်းလမ်းပိုင်ပိုင်။ ရန်
နိုင်ထီးမြန်း။ ဝရွှေနန်းသို့။ကြွ၄နှင့်ထွန်းစံ။ ချီလုပ်ကြိသော်။ ဘုန်း
လျှံထွန်းပေါ်။ညီတော်နေမျိုး။ သတိုးမင်းစော။ မြတ်မနောကို။
တင်မောနတ်ရှင်။ရွှေနန်းတင်မှ။ မြောက်ခွင်ဦးတည်။ စိမ့်ပြည်
စပ်အောင်။ ထိုပြည်ထောင်ဝယ်။ ရိုက်မှောင်မိစ္ဆာ။ယုဂ္ဂတ်ရာ
ကို။သမာနှင်နှင်။ တည်ကြောင်းယင်ရှင့်။သံလွင်ခြားသန်း။ယွန်း
လည်ထွားထွား။ ခံစေ်ဘွားလည်း။ သည်းချားစက်အောက်။
ဆက်လှာရောက်မှ။ရွှေမှောက်ဘုန်း၃န်။ပဲခူးပြန်၏။ ကျွန်းစွန်ရပ်
မြေ။ရှိသေလွန်ပြင်း။သတိုးမင်းရာ။ မါန်ကင်းစွယ်ကျော်။သပိတ်
တော်နှင့်။မနော်နတ်၄သး။သွီးထွေးကို။မြတ်လေးညွှတ်ခ။ဆက်
လှာရသည်။ ။တေဇတည့်ရှင်ဘေးဘုန်းရောင်ပြေး။ ။

ဂ။ ရိုက်မွှန်းမြေပေါ်။အောင်စည်ဆော်သား။ဘေးတော်
ဘုရား။ ယိုးဒယားကို။တရားဦးစွန်း။ ရွှေစက်တွန်းသော်။မယွန်း
ငွေတု။ဆင်ဖြူလေးစီး။ သားသွီးက။ ဆက်လိုက်မှလျှင်။ နရကြ
၄န်း။ ရွှေပြည်မြန်း၍။ ရွှေနန်းခြောက်ဆောင်။ ရွှေတောင်သိင်္ဂါ။
ဟံသာဝတီ။ခေါ်ညီတွင်မည်။ ရွှေမြို့တည်၏။ စစ်သည်ရဲမက်။
အုတ်ကျက်ပည်သီး။သောင်းစီးပြောကျယ်။တပ်လေးဆယ်နှင့်။
ပင်လယ်ပတ်လည်။ ကျွန်းတိုင်းစည်သို့။ မတည်ပုန်ကန်။ ချီတုံ
ပြန်သော်။ ဘုန်း၃န်အာဏာ။ သစ္စာသတ်လေး။ သေသား အာ
ကောင်။ လက်ဆောင်ခင်းကျင်း။ ဆက်စေလျှင်းမှ။ လင်း စင်း
ကျော်စံ။လိုက်လံညည်းညည်း။မျက်နှာမည်းလည်း။ တိုက်လှည်း
မကျန်။သိမ်း၍ပြန်ရှင့်။ဆဒ္ဒန်စတေ။ ထွေထွေများဖျင်။ တိုင်းရွှေ
စင်တည့်။ပလ္လင်ခံတည်။နန်းရွှေချည်၏။ကျဉ်းပြည်ကစ။ သောင္ဆ
သလည်း။ဆက်သည်ချည်းဟု။ကသည်းလပိုက်။ဦးရိုက်ရောက်
လာ။အံ့ရာမျက်ရှု။ ကောင်းမှုကုသိုလ်။ ရေဆိုမနိုင်။ စည်ခိုင်ဖြိုး
ထွေ။မင်းဆွေပိုးမျိုး။မှူးရိုးမတ်ကြီး။စဉ့်ထီးဆောင်ယောင်။ကျန်
အောင်သာယာ။လေးမျက်နှာမှ။ နေဝါရောင်လျှပ်။ လေးမတ္တာပ်

ဝယ်။လိုအပ်ကိစ္စ။ဟူသမျှလည်း။ဒါနအရာ။ရိုးသို့ရွာသည်။ ။
များစွာတည့်နောက်ရေးလှူကဲကျွေး။ ။

၉။ တန်ခိုးလေးကျွန်း။ထိန့်ရိုက်မွန်း၍။ ကြွေဋ္ဌန်းပြောက်လှ။
ဘုန်းရောင်ပသည်။ရှင်ဘုရားတော်။ဘေးစောကျော်လျှင်။ပျော်
တော်မမူ။နတ်ပြည်ယူသော်။ပစ္စူရွှေထီး။ ဘိုးတော်ကြီးသည်။
ပုံပြီးဘိုးနဂ်။ရွှေနန်းတက်က။တိုက်စကြဝဠာ။ ပေါ်သောခါဝယ်။
ရွှေကြာငါးငုံ။ သက်န်းစုံနှင့်။ ထက်ဘုံသမိုက်။ မှတ်သည့်လိုက်
ဖြင့်။မကိုနှင့်ငါးမည်။ ပွင့်တည်ရည်လျက်။ ထက်ပြည်နတ်ရွာ။
ခြောက်ဖြာအဋ္ဌန်။လျှံမြူးကွန့်သား။ကကုသန့်ရုပ်ပုံ။ ကောဏာဂုံ
ကဿပ။ ဂေါတမနှင့်။ အရိမတည်း။ ရှုလည်းတညီ၊ သိဂ်ဓ
ပိသာ။အံ့ရာပြောစည်။ညွှန်၍တည်မှ။ ငါးမည်ပြာသာဒ်။ရိုးသင်း
လုံးပတ်အောင်။ ရွှေတောင်ညီးညီး။ ရွှေထီးစွင့်စွင့်။ မှောင်ဝေ
လွင့်သား။မြေပြင့်အထု။ဆင်းတုပုထိုး။ပွဲမျိုးပည်းသိ။ စုံတွင်ညီ
ဖြင့်။ စေတီ ဂူကျောင်း။ တန်ဆောင်း စရပ်။ မလပ်သွယ်ကျော်။
လှူစည်ဆော်၍။ အနော်ရထာ။ တေဇာဋ္ဌန်ထင်။ မင်းစောသင်
ကား။ တမြင်နေနတ်။ ဘိုးတော်လတ်လည်း။ ပြာသာဒ်ရွှေနန်း။
ဇင်းမယ်ယွန်းကို။ ဖြူဝန်းဖြန့်ရိုး။ ဆက်မြင်စိုး၍။ ရှင်ဘိုး တော်
ရင်း။နောင်မြင်မင်းလည်း။မှန်ကင်းမင်းဝံ။ဘိသိက်ခံသည်။ ။
နှိုင်းစံတည့်မဝေးသိကြွားထွေး။ ။

၁၀။ သိကြွားသာပြီ။ နှိုင်းစံညီသား။ သိဟာသူရ။ မဟာ
ဓမ္မရာဇာ။မည်တော်သာနှင့်။ အာဏာထန်ပြင်း။ ဘိုးတော်ရင်း
လျှင်။ထွန်းလင်းသာသနာ။ပွင့်ကြောင်းရှာ၍။ရတနာပုရ။နန်းဌာ
နကို။ရွှေဝမြို့ကြီး။သမိုက်ပြီးမှ။ညီးညီးရောင်ခြည်။ ရွှေဘုန်းတည်
လျက်။ မြောက်စည်ရွှေစင်။ သံလွင်မရိုး။ တီးမျိုးငါးမည်။ စည်
ရှည်နန်းဖွဲ့။တဆယ့်ငါးပါး။မင်းခမ်းနားတည့်။ပုဏ္ဏားရှစ်သောင်။
ရင့်ရော်သာယာ။ နေဇာမြက်နု။ ဇေယတုဟု။ ခရုသင်းစစ်။
လက်ျာရစ်နှင့်။ နတ်မြစ်မန္တာ။မင်္ဂလာရွတ်ဖျန်း။ရေသဖန်းထက်။

မြှောက်ခန်းကျုံကျုံ၊ ဘိသိက်ခံကာ။ နိုင်ငံခပ်သိမ်း။ ချမ်းသာပြီမ်းသည်။ ။ရဒိမ်းတည့်ရန်ဘေးမြူမမြေး။ ။

၁၁။ ပေါဦးကမ္ဘာ။ အစစွာက။ ရွှေကြာငါးမည်။ ဘုန်းစည်ငါးပါး။တရားပဝရ။သမတနှင့်။ အစဦးစွန်း။ကြဌန်းနှင်နှင်။ မြေပြင်ရိုက်ခြောင်း။ဘေးလောင်းနေမျိုး။ဘိုးလည်းနေနတ်။ ဘခေါင်ထွန်လည်း။သွံ့ပတ်အာဏာ။ဆက်ခါစံရှေး။ ဘေးသည်းရှင်ချစ်။ရာနှစ်ရှည်ကျော်။သားတော်အစဉ်။ မြေးလျှဉ်မြစ်ဆက်။နန်းတက်သေဌနင်း။မင်းတို့အကျင့်။မင်းသင့်မင်းရောက်။မင်းသျှောံစကား။မင်းနားသင့်အောင်။မင်းခေါင်တို့မှု။မင်းရတုဖြင့်။အောင်ဆုမင်္ဂလာ။ဤစာနန်းချင်း။သံညှင်းဖွဲ့နွဲ့။အချဲအချီး။ အကြီးအမြင့်။ အတင့် အတယ်။ စံပယ်နန်းပွဲ။ စံစမြဲကို။ ကျူးလွှဲသံပြောင်း။ သံညောင်းသံပြို့။သံညီညှို၍။သိရိမြူတေ။ ကြက်သရေမြတ်ရှု။ တင့်မျိုးရသား။ဓမ္မသခင်။နတ်ရှင်ရင်နှစ်။ ရဲဘုန်းသစ်ကို။ကျွန်းဖြစ်ဆန်းကြယ်။လက်ာသွယ်သည်။ ။လျှောက်ဘွယ်တည့်နှောင်ရေးများလှသေး။ ။

၁၂။ ဘိုးတော်ထွန်တင်။ ဘနတ်ရှင်၏။ အောင်မြင်ဌန်ခြောင်း။ ပွဲတော်ပေါင်းကို။ နန်းလောင်း မှတ်နေ။ ထွန်မြူတေလျှင်။ ကြက်သရေတက်တိုး။ ရွှေနားပျိုးလေ့။ ပျံ့မျိုးစွမ်းခက်။ ရန်အာစက်သား။ပြိုင်ဘက်လွတ်တူ။ဓမ္မူတံဆိပ်။ရန်နှိပ်ပြောင်ကျော်။ယည်ရဲဘော်ထက်။ဘိုးတော်ဦးဝယ်။ဘဘုန်းကြွယ်ကို။ ကျွန်းလယ်နတ်တူ။တင်တော်မူ၍။ သူ့သူဆင်ထွေ။မိုလ်ခြေမြင်းအား။ လေးမြှားမီးပေါက်၊ အမြောက်စိန်ပြောင်း။ မြေစောင်းဘနန်း။မြို့ကျုးခန်းကို။ ရံဝန်းတပ်စီ။ ပြည်ကချီသော်။ ဦးဖြိုထပ်မွှန်း။ တန်စေထွန်းလည်း။ရေမွှန်းသည့်တူ။ထိုသူဆင်သည်။ပျက်ခြေလည်သော်။စွယ်ရှည်လျှပ်မီး။ သုံးစီးပြောင်ခိုင်။ အိုင်ရရိုင်လျှင်။ ရန်နိုင်ကျူးရင့်။ တိုက်သတ်လွှင့်က။ အတင့်သည်ပ။စွယ်မျှသူ့ဆင်။မရှက်ခင်၌။လှံ့ရှင်သွတ်လှယ်။နှစ်ချက်တွယ်သည်။အဘယ်ထိုးစင်း။ဘယ်သေဌနင်းလျှင်။ ရှိန်ပြင်းရဟာတ်။ နတ်စက်ပြတ်

သို့။လွတ်ဘူးလိမ့်နည်း။အံ့ရာပည်းမျှ။နေဝင်လည်းငါ့ဟန်။ ဆဒ္ဒန်
ယည်ပြုံ။ရင်စေဟူ၍။ဇမ္ဗူ။စိုးပြီး။ဘိုးတော်ကြီးက။သီးသီးခေါင်
ယောင်။ မြားမြောင် ရဲဆု။ နှင်းရ ထပ်လှောက်။ ပို့လာရောက်
သည်။ ။ပြိုင်ထောက်တည့်ကင်းဝေးရန်တင်းမေး။ ။

၁၃။ လက်ရုံးစုံမြောက်။ကြားတိုင်းကြောက်သား။ ထွန်း
တောက်နှသော်။အောင်မြေပေါ်တွင်။ ဘိုးတော်စောထွန်း။ ဘ
နေနတ်ကို။ မလွတ်တျင်းတျင်း။ ရမည်းသင်းသို့။ မကြွင်းသိမ်း
ချေ။မိန့်တော်စေသော်။ဗိုလ်ခြေလုံးရင်း။ ဆင်မြင်းပင်ပန်း။ စား
ခန်းမထော်။ ရောက်လျှင်ချုံချုံ။တိုက်လုပ်ကြ၍။မခံနိုင်ချေ။ ပျက်
ကြေမြို့လုံး။ ယူကျုံးသို့ပန်း။ ရွှင်လန်းရဲမက်။ ပြည့်နှက်ပြီးမျှ။
လက်ရပြီးဖျင်။ ရင်ပြင်ရွှေမျောက်။ ဆက်လှာရောက်က။ မိုးစင်း
အောက်မြေပြင်။ဘယ်ဘုရင်၏။ရင်ခွင်သည်းကြား။ ဘယ်မင်း
သားသည်။ပျိုထွားရွယ်သစ်။သုံးဆယ့်နှစ်က။ခုနစ်အင်္ဂါ။ ကာရိ
ယာလက်နက်။ပြည့်ပလျက်တည့်။ ရခက်ခဲလှ။မြို့ကိုမှလျှင်။ ဒိပ
တန်ဆောင်။ သို့စင် အောင်ဟု။ ယခေါင်ရှည်ကျူး။ မကြားဘူး
တည့်။ပျုံပျူးကြိုင်မွှန်း။ မိန့်တော်ပန်းဖြင့်။ ထူးဆန်းမြားမြောင်။
တို့ထွန်ခေါင်သည်။ ။ခြောက်ထောင်တည့်ဆုပေးရန်စွေး
စွေး။ ။

၁၄။ သာသနာတော်။ ထွန်းပေါ် လင်းပြောင်။ တည်
ကြောင်းဆောင်၍။ရွှေတောင်မင်းဝံ။မနေသခံရှင့်။ သံယံကြထွေ။
ညောင်ရွှေမိုးနဲ့။စဲစဲကြိုးကြွ။ခိုက်ရန်စသော်။ဘဝသခင်။ ဘိုးနတ်
ရှင်နှင့်။ နေသွင်ကြက်သရေ။ ဒိဗ်ရွှေနေသား။ သပြေလွှံကျော်။
ခမည်းတော်လျှင်။ ယွန်းခေါ် အောင်စည်။ စစ်သည်ရဲမက်။
လက်လက်ထွေပြီး။ညိုးညိုးညီးတည့်။စစ်ကြီးသဘင်။ ချိရာတွင်
၌။ သုတ်သင်တိုက်ဖျက်။ရှုပ်ရှုပ်ပျက်၏။လျှောက်လာလှဥ္စသော်။
သို့သည့်အရာ။သည်အခါတွင်။ စကြာနန်းဆက်။ ငါ့ရှိလျက်ကို။
စက်စက်မုန်ဥ။ ရွှေနောက်ရှုသော်။ ပြောင်လုနတ်သ။ မျိုးနာဂ
ထက်။ ရှင်ဘုရား။ ကြိုးဝါးဗန်းသည်း။ တစီးတည်းလျှင်။

ကျည်းမှုရေမိုးစဲ။ ဖြတ်ချိုးဘနန်း။ တိုက်လှန်တွန်းသာ။ ဖျန်းဖျန်း ပြိုကွဲ။ စစ်ပွဲထောင်းထောင်း။ ပဲ့တင်စောင်းမျှ။ ရိုက်ခြောင်းတင့် ခေါင်။ နိုင်လိုက်အောင်သည်။ ။ရန်နောင်တည့် အမြေးစံ ကြပေး။ ။

၁၅။ မင်းဝံအောင်ချက်။ ရွှေနန်းထက်၌။ ကနက္ကဒတ် ရောင်ဝှန်ဖြူးညွန့်။ ရှစ်ဆိုင်ဖြန့်လျက်။ ကွန့်လျက်တန်ခိုး။ ရှင်ပင် ဘိုးလျှင်။ နေမျိုးမှန်ကင်း။ ဘုရှန်နင်းကို။ ကိုးစင်းထီးဆောင်း၊ ပြဦမိုးကောင်းသို့။ တသောင်းမိုလ်ထန့်။ မိန့်တော်ခန့်၍။ တိမ်ညွန့် အထိ။ လွှမ်းဘိဘနန်း။ ရွှန်းရွှန်းတည့်။ ဖြန့်သန်းတောင်တက်။ ချောက်နက်မြောင်ကျပ်။ အထပ်ထပ်တည့်။ တပ်နှင့်တည်တည်။ ခံလင့်သည့်ကို။ ဇာနည်နှလုံး။ လက်ရုံးပညာ။ အာဏာချင့်ထေံ။ တိုက်လွှင့် ဖေါက်၍။ ရောက်လျှင်ကြေထွား။ စော်ဘွား ကွဲပြို။ မြစ်ကိုကူးလေ။ လှေနှင့်လိုက်ပြန်။ မကျန်နောက်ရေး။ သားမြေး မလွှတ်။ ပတ်ပတ်သို့ ပန်း။ သိမ်းခဲ့မြန်း၍။ ရွှေနန်းသခင်။ ရင်ပြင် လွှတ်ထက်။ ပြည့်မျှဆက်က။ မင်းထက်မင်းဖျား။ တရားဘုန်း လှိုင်။ စောထိပ်ဆိုင်လည်း။ ခံ့ခိုင်ကဲလွန်။ အောင်ဖန်များဘူး။ မောင်ကျေးဇူးကို။ ချီကျူးသံညောင်း။ မတင်တောင်းတည့်။ ဦးပေါင်းစလွယ်။ ဆန်းကြယ်ကျည်းလုပ်။ ရွှေအုပ်မျက်စိ။ အာဏိ ကွမ်းခွက်။ ချက်ချက်ရောင်ကျော။ ရွှေဝေါတုလွှတ်။ မင်းဝတ်ရွှေ ဘုံ။ ဝတ်လုံပုဆိုး။ မြတ်နိုးရဲဆု။ ပေးနှင်းရသည်။ ။ပြိုင်တုတည့် ကင်းဝေးကျွန်းလုံးမွှေး။ ။

၁၆။ သည်ပတုံလည်း။ ပွင့်ငုံစကြာ။ မှန်လှစွာသည်။ နရာ ဘုန်းမြူး။ နာပြန်ဦးလေ့။ နတ်လူးပြိုင်ထွား။ ဘဘုရားကို။ မင်းဖျား ဘိုးရှင်။ ရှေ့တပ်တင်၍။ လွှမ်းတင်မြေပေါ်။ ချီပြန်သော်လည်း။ ဗန် မော်စားသည်။ စော်ဘွားမခံ။ ဝေးလံစိမ့်ပြည်။ ပြေးဝင်သည့်ကို။ အောင်စည်ကျူးရိုက်။ တပ်ပြန်လိုက်၍။ ကျိုက်ကျိုက်ဝှန်ခြောင်း။ ပေးလည်းတောင်းက။ ထားကောင်းမဲ့ချေ။ သို့မင်းနေသော်။ ပျက်ကြေတို့ပြည်။ ဖြစ်ခြိမ့်မည်ဟု။ ဥဒည်သေဌ်နင်း။ မင်းလည်း

ကြောက်ဖွေ။ သေလည်းမဇှက်။ အကောင်ဆက်မှ။ အောင်ချက်မင်းဝံ။ပြန်၍စံရှင့်။ပုဂံထွန်ချော။ နေဉ်ရထားနှင့်။ တေဇာလျှံညီ။ နရပတိစည်သူ။သည့်နောက်မူကား။ဆင်ဖြူသခင်။ နတ်ရှင်ရှင့်ဘေး။မင်းရေးကျော်ဟိုး။ ရှင့်ဘိုးနရ။ ရှင့်ဘမင်းရဲ။ အောင်သည်ပွဲကို။ လွန်ကဲမြော်ကွန်း။ အစဉ်ထွန်းသည်။ ။ဘယ်ကျွန်းတည့်ကင်းဝေးရန်တင်းမေး။ ။

၁၇။ ထိုကပြန်၍။ ဗိမာန်ရဝေ။ စံပယ်နေမှ။ ရှမ်းပြည်ကျော်သဲ။ပြည်မိုးနဲ့သို့။ ထွန်ကဲနရ။ရှင့်ဘရွှေတပ်။နောက်ကွပ်ဘိုးတော်။ရှင်ပျော်သာညီ။ ပည်းသိမြားမြောင်။ လက်ဆောင်ထွက်ရေ။အထွေထွေနှင့်။ညောင်ရွှေစော်ဘွား။မြေခြားအုပ်စိုး။ ရိုကျိုး၍ကြောက်။ဆက်လှာရောက်၏။ မုန်သောက်မာတင်။စစ်ဆင်ဆောင်လောက်။ တောင်မောက်သောလား။ မော်တလွှားနှင့်။စော်ဘွားမိုးနဲ့။ စွမ်းရဲညီစွာ။ မင်းတကာတွင်။ ငါသာမှတ်ဆို။ တွေ့နှင့်ကြိုလည်း။ မိန်ညိုကြိုးချပ်။ ရောင်ခြည်လျှပ်သား။ လေခပ်ပုံခေါ်။ ပြောင်ယဉ် ကျော်ထက်။ တိမ်ပေါ် မိုးစွန်။ ကောင်းကင်ဝှန်၍။ ငါးတန်ရန်ဦး။ မိန့်တော်ကျူးမှ။ ဟုူးဟူးတိုက်မဲ။ ခဲခဲကြိုးဝါး။ လွှတ်တည်းလွှားသော်။ စော်ဘွားနှင့်ကွ။ ကြွင်းမဲ့ရ၍။ မိုလ်မှုပြည့်နှက်။ ချက်ခြင်းထွက်၏။ ဖြူရွက်ဖြန့်မိုး။ ရှင်ပင့်ဘိုးသည်း။ တင့်မျိုးလွန်ကဲ။ ရှင့်ဘပွဲကို။ အံ့အဲအားရမ်း။ မြှောက်ချီးမွမ်းလျက်။ မင်းခမ်းခေါင်ဖျား။ပတ္တမြားကျပ်။ စီတပ်မျက်စုံ။ ဝတ်လုံလျှံမြိုး။ ပုဆိုးမင်းဝတ်။ ဘက်စံလွှတ်လည်း။ ခညွှတ်ပြည်ထောင်။ မင်းတို့ဘောင်ဝယ်။အခေါင်ရန်နိုင်း။ ရဲဆုနှင်းသည်။ ။ရာစင်းတည့်ကြောက်ဇ၊ ညွှတ်ညွှတ်ကွေး။ ။

၁၈။ သည်ပတတဉ်။ပြည်သို့ချီလေ။ မိန့်တော်စေသော်။ ရှင်ထွေရဲမက်။အခုတ်ကျက်ကျိုက်ကျိုက်။ စီရင်ခိုက်တွင်။ ရှမ်းမိုက်မိန္တာ။သစ္စာဘောက်ပြား။ မိုးကောင်းခြားဟု။ တရားဘုန်းထင်။ဘိုးနတ်ရှင်လျှင်။ မောင်ပင်ချီဘိ။ မိန့်တော်ရှိ၍။ မိုးစံထိတိမ်ယွှန်း။ကောင်းကင်စွန်းက။ သိန်းသန်းရဲမက်။ လက်နက်လှံ

ထား။ လေးမြွှားမီးဖေါက်။အမြောက်ပြောင်းလှိမ့်။ ကောင်းကင်ဖြိမ့်မျှ။ ခံလင့်ကြသော်။ ဘ၀သခင်။ နတ်ရှင်ရင်နှစ်။ ဘုန်းသစ်ထွန်းပ။ရန်မျိုးခသား။ရှင့်ဘရန်နှင်း။ ကိုယ်တော်ချင်းက။ လည်စင်းထွက်ပြေး။ကြမ္ဗာသွေး၍။အရေးကုန်စင်။ ပြီးအောင်မြင်ကနန်းခွင်ရွှေမှောက်။ ရွှေတော်ရောက်ရှင့်။ ဝမ်းမြောက်လွှန်းငွေ့။ ဘိုးဘုန်းဟော့လည်း။ဒိမ်ရွှေရာနှင်း။ ဒိုဘယ့်မင်းဟု။ ကြိုင်ရွှင်းပျံ့မျှ။အံ့ပြီးမှလျှင်။ ဇောတရသ။ မြတ်လှကွမ်းခွက်။ နန်းတက်မနော။စိတင်မောသည်။ရွှေဝေါရိပ်ဝဲ။ ပုလဲမျက်စိ။ အာဏာတော်လုံ။ရွှေဘုံအုပ်စိုး။မင်းဝတ်ရိုးတည့်။ ပုဆိုးစံကျွန်း။ အခန်းသန်းသည်။ ။ရဲပန်းတည့်ကြိုင်မွှေးရဲဆုပေး။ ။

၁၉။ တက်ထွန်းပြောင်ပြောင်။ နှစ်ငါးထောင်လျှင်။ သုံးတောင်ရပ်နေ။ကိုးကွယ်စေဟု။သရေရခေတ်။ မြတ်ထက်မြတ်ဘိ။ နေနတ်ဘိုးတော်။ နိဗ္ဗာန်ရော်၍။ အခေါ်ဘဏီ။ ပြည့်ညီသဘင်။ပွဲကြီးယင်၍။မွှေရှင်တိသာ။ ဌာပနာသား။ မဟာမြတ်မုနီ။ သမိုက်ပြီ၍။ လျှံညီရောင်မောင်း။ လေးထပ်ကျောင်းကို။ ပြီးကြောင်းမောက်မောက်။ မျက်ရှုဆောက်သား။ သည့်နောက်သိန်းနီ။ တဘက်ချီသော်။ တိမ်ဆီသွယ်ဖြူး။ တောင်မြင့်ဦး၌။ ထူးထူးလက်နက်။ စိလျက်ကြိုးကျုံ။ မြို့နှင့်ခံလည်း။ တပ်ရုံဖြဖြ။ ခဲခက်လှ၏။ သူကငတ်မွတ်။ ကိုယ်လွတ်ပြေးသွား။ စော်ဘွားတလှစ်။သစ်သစ်မြို့လုံး။သိမ်းယူကျုံးမှ။ လက်ရုံးဆန့်ကာ။ ဘိုးထွန်ချာလည်း။ အာဏာသွံ့ကြား။ ဘဘုရားကို။ ရေးခြားအံ့လောက်။မောင်သာဖျောက်၍။ ရန်တောက်ပျောက်ကြေ။ နိုင်ပချေဟု။ ဧကရာဇ်တကာ။ ပေးခဲစွာသား။ စုံရာမြှောက်တင့်။ မြတ်သောခွင့်ကို။ ထွန်မြင့်ဦးစွန်း။ မိန့်တော်မှန်းသည်။ ။ ရွှေခွန်းတည့်မြွက်ပေး၊ကြိုင်မြတ်လေး။ ။

၂၀။ ဒိမ်ရွှေလက်ထက်။ ဘိုးဘုန်းတက်နှင့်။မြန်ချက်နိုင်ငံ။သာစံသဘင်။ အောင်မြင်ပွဲလမ်း။ ရဲစွမ်းတန်ခိုး။ တင့်မောက်ဖြိုးတည်။ ထစ်ကြိုး ရိုဃ်းနယ်။ အကျယ် ရွှေမှောက်။ လှည့်၍

လျှောက်ရှင့်။သာလျှောက်ရွှင်ပျော်။ ပျှံပျူးဖျော်ဖွံ့။ ဘိုးတော်ဘုန်းဝှန်။ နဓာ်ပြည့် လွန်လည်း။ ဗိမာန်သိင်္ဂါ။ မြန်းရိုက်ရောကို။ ထွန်ချာပဝရ။မြှောက်ထိုက်လှရှင့်။ ရှင်ဘဘုန်းမြင့်။ ဖွင့်သော ဦးကင်။ တစိပျင်ကား။တုယင်ရဲနောင်။ ပြောင်ပြောင်စလွယ်။ မျက်ချယ်ရောင်မောင်း။ ဦးပေါင်း သင်းကျစ်။ မှောင်ညစ်လင်း ပျောက်။ မင်းမြှောက်ရတနာ။ တန်ဆာငါးထွေ။ ချက်ဘွေညီး ညီး။ရွှေထီးဖြန့်လွှား။နေခြည်သားမှ။ပုဏ္ဏားရှစ်ရုံ။ ပွင့်တုံနေဇာ။ လကျာ်ခရု။အောင်ဆုပြဋ္ဌာန်း။မြေနန်းတက်ခါ။ မင်္ဂလာကျင့်စဉ်။ သဖန်းပျဉ်ထက်။ စိရင်သင့်စွာ။ မည်တော်သာမူ။ မဟာဓမ္မ ရာဇာ။အဂ္ဂရာ ရွှန်းစံ။ ဘိသိက်ခံက။ ကျုံကျုံတီးမြည်။ ကျည်း ပြည်ဥသာ။ မြန်မာမင်းမှု။ ဇေယတုဟု။ ခရုတံပိုး။ မရိုးလက် မြှောက်။ တံကောက်ခရော။တံမြွာတံရှည်။ ပိတ်ကျည်ဒုံမင်း။ ခရု သင်းနှင့်။ ခွက်ခွင်းရိရော။ စည်ပြောတဆန်း။ စည်ဝန်းသံလွင်။ ပဉ္စင်တုယောင်။ တောတောင်ကိုင်းကျွန်း။ ရိုက်မွန်းသံထင်။ ပွဲ တင်ထပ်မော။သောသောဝှန်လိုက်။ ကျိုက်ကျိုက်ဟိုးဟိုး။ကျွန်း လုံးနိုးသည်။ ။ထပ်တိုးတည့်ထွေးထွေး၊ဗိုလ်ဖွေးဖွေး။ ။

၂၁။ အကြိမ်တထောင်။လျှံပြောင်ထွန်းဝါ။တရာနာရေး။ ရှစ်ကွေးထောင့်ယွန်း။ လင်ပန်း ရောင်ကျော်။ မနော်ဘက်မဲ့။ တဆယ့်ငါးထွေ။ကြဉ်းနေဆောင်ရွက်။ နန်းတက်လက်ဆောင်။ ပြည်ပြည်ထောင်က။မြားမြောင်သိန်းသန်း။ ရှိပန်းခရုံ။ ဆက်သ ခံမှ။ မိုဃ်းယံမတ်မတ်။ ပျံမတတ်တည့်။ ပြာသာဒ်ပြောင်ရွှန်း။ ရထားနန်းထက်။ ဖြူဝန်းပိုက်ပိုက်။ လေးစင်းစိုက်၍။ မင်းထိုက် တန်ဆာ။ ရတနာနှင်နှင်။ မျက်ရှင်ရောင်နွယ်။ နတ်မှာနှုယ်လျှင်။ စံပယ်သဘင်။ဘုံခြောက်ခွင်သို့။ သံလွင်ရိုက်တီး။ မြှောက်ချီး မရေး။မိုဃ်းဖွံ့ကြားမှ။ ဘုရားကျိန်းတန်။ဇေတဝန်နှင့်။ သဏ္ဌာန် မပြောင်း။လေးထပ်ကျောင်းကို။အပေါင်းသင်္ဃာ။ အရိယာဝယ်။ မဟာသင်္ဃနာဝစ။မြတ်ထေရ်အား။တရော့တစင်း။မင်းတို့သရဖူ။ လှူတော်မူ၍။နတ်လူကြည်ပျော်။ ညွှတ်ပူဇော်သည်။ ဘိုးတော်

ကောင်းမှု။သဗ္ဗညုကို။ဇမ္ဗူ့သခင်။ ရွှေထီးတင်၍။ ရွှေစင်လျှော်ပြည်။ သင်းချောတည်မှ။ မရှည်ဖြိုင်ထောက်။ ရှင့်ဂုဏ်ဆောက်သား။ အံ့လောက်မဟာ။ သုဓမ္မာလည်း။ နတ်မှာပြောဆို။ သည်ပင်ကိုဟု။ဗိုလ်လူသီးသီး။ရှုခငြီးသည်။ ။ဝဲချီးတည့်အံ့မေးငြင်းကြွေး။ ။

၂၂။ ရွှေနန်းတက်လျှင်။ ဘဝဂ်ကြားကျော်။ ကောင်းမှုတော်ကား။ ရွှေလျှော်မောင်းမောင်း။ နောက်တောင်စောင်း၌။ ရွှေကျောင်းပြောင်ပြောင်။ သုံးဆောင်ပြာသာဒ်။ ရိုးစဉ်းပြင်လတ်ဝယ်။ ရွှေထွန်းရွှေသီး။ ညီးညီးရောင်ချက်။ ဆယ်ရပ်စက်၏။ မြောက်ဘက်ရှစ်ရပ်။လေးထပ်ဗိမာန်။ဇေတဝန်လည်း။ဝေယန်တူဘိ။ယိုးဘွယ်ရှိသား။ ပန်းတိလှိုင်ကျူ။နန္ဒမူဟု။လူလည်းမှတ်ထင်။နတ်ပင်အံ့မူး။ဥမင်ဦးတုံ။ ဖြူးဖြူးတိမ်တိုက်။ ထိုမျှဆိုက်၍။ မြှောင်မိုက်လင်းစင်။ ထိန်ထိန်ရှင်၏။ ဝန်းကျင်ရံပတ်။ မှူးမတ်တဝေး။ သူဌေးသူကြွယ်။လေးနှယ်မျိုးပြား။ အခြားခြားတည့်။ တရားစောင့်ရှောက်။မကောက်မယွန်း။ ဖြောင့်တန်းဒါန။ သီလသိတင်း။ တောတွင်းတောင်ခြေ။ ကြည်းရေကန်ဆယ်။ ပြည်လယ်ပြည်ပ။ဂါမနိဂုံ။ ပြည့်စုံစိတ်ဝမ်း။ လွန်ငြိမ်းချမ်း၏။ ပွဲလမ်းစည်မောင်း။ စောင်းညှင်းမှုတ်တီး။ သွီးလုင်။ သဘင်ယိုးခိုင်း။ အဆိုင်းဆိုင်းသည်။ ။နေ့တိုင်းတည့်ပျော်ရေး ရွှင်စည်းဝေး။ ။

၂၃။ ဗိမာန်ရတနာ။နန်းသိင်္ဂါထက်။ကျယ်စွာတိုင်းကား။ မျိုးလေးပါးကို။တရားတည်နေ။ ငြိမ်းချမ်းစေမှ။ ရဲလှေလောင်းရဲ။ တိုးကျွဲမိကျောင်း။ ရုပ်ပေါင်းထွေပြား။ လှေကားသံလှေ။ ထွက်ရေပြိုးဖျင်။ မြေပြင်တောင်ကမ်း။ မွမ်းမွမ်း ထိတ်ထိတ်။ ဘိတ်မျှရေကြည်။ နှင်းရည်ပုံပေါင်း။ ထိန့်ရိုက် ခြောင်းသား။ ပွင့်လောင်းခေါင်ထွန်း။ ဘနေနတ်လည်း။ ပြာသာဒ်သုံးဆောင်။ စံရွှေ ဘောင်နှင့်။ ရွှေတောင် ရေဝယ်။ ပေါ်သော နှယ်သို့။ စံပယ်နိတ်ပြ။ ပြည်သို့ချီသော်။ သရိမ္မေပုံ။ ရွှေစည်းခုံ၌။ ရွှေငုံ

ပူဇော်။ဆုကြီးရေ်မှ။တင့်တော်ရှစ်ရပ်။ပွဲစာင်ထပ်မျှ။ ရေတပ်
သူက။ ကြည်းတွင် ကလည်း။ ထိုကရဲမက်။ ပွက်ပွက် ကျိုက်
ကျိုက်။ဆီးကာတိုက်တည့်။ နိုင်လိုက်ရွပ်ရွပ်။ထက်ကြပ်မကွာ။
ပြည်မှာ ရောက်လည်း။ ရေကြည်းကစ။ ပိတ်ဆီးကြ၍။ ဖြဖြရုံ
တက်။ လွန်ဂုက်မတ်မတ်။ ပတ်ပတ်ညည်းညည်း။ ဗိုလ်လည်း
မကြွင်း။ ဆင်မြင်းထီးနန်း။ တောင်စွန်း ညာထား။ မိဖုရားနှင့်။
ပြည်စား သည့်မင်း။ တင်းတင်း ယူကြို။ တောင်ပုံ မိုးယံ။
ကျောက်သံပတ္တမြား။ မြေးသားကစ။ ဘမ်းယူကြသည်။ ။
လက်ရတည့်ဖြင့်ဧ၊ ရွှေငွေကြေး။ ။

၂၄။ ပြည်ကိုရ၍။ ရွှေဝမိမာန်။ စံပယ်ပြန်မှ။ ဈေးလွန်
ရာဇင်း။အမင်းမင်းတို့။ရှိန်ပြင်းထိတ်လှ။လုံးကြွကြလည်း။ မရဘူး
လေ။ရှောင်ချေသည်သာ။ ရန်ရှာမည့်သူ။ဝံ့မပြုတည့်။ တောင်ငူ
ဟူသည်။သို့သည်ပြည်ကို။ဘုန်းစည်နတ်တူ။ ချီတော်မူသော်။
ကြီးထူပညာ။အာသါစွမ်းရဲ။တက်ကဲလွန်တိုး။တန်ခိုးထွန်းပေါ်။
အမြော်အမြင်။ ဆင်ခြင်ဝိရိယ။ တေဇနေစက်။ ဘုန်းလက်နက်
နှင့်။ဒက္ခရက္ခ။မာနကြမ်းခိုင်။စောင့်သည့်အိုင်ကို၊စိုးပိုင်ကဲလွန်။
ခိုက်ရန်ပျောက်စဲ။ မသတ်ဘဲလျှင်။ သုံးစွဲပြန့်ပြန့်။ ဗောဓိညွှန့်
လျှင်။ လိုလွန့်ဝေးက။ ကြိုက်တိုင်းရသို့။ ရေမျှမနောက်။ ကြာ
မရှောက်တည့်။ ထွန်းတောက် ကြက်သရေ။ ထိန်ဝေပြောင်
ပြောင်။လက်ရုံးရောင်နှင့်။အခေါင်ကြဋ္ဌန်း။ ရဲထိပ်ပန်းလျှင်။ ထီး
နန်းဆင်မြင်း။ မကြွင်းသိမ်းကြုံး။ မြို့လုံးတောင်ငူ။ အောင်တော်
မူသည်။ ။လွယ်ကူတည့်သာနွှေး၊ကြီတော်ရေး။ ။

၂၅။ ပြည်ကြီးတောင်ငူ။အောင်တော်မူ၍။ နေတူပြောင်
ရွှန်း။ ရွှေနန်းဦးကင်။ပျံ့ပျံ့ရွှင်မျှ။ သံလျှင်မြို့စား။ ပင်လယ်နားက။
ကုလား ကော်ရေ်။ ကျွန်တော် ရိုကျိုး။ ခံရနိုး၍။ အားကြီးပန်
ထွာ။လျှောက်ကြလှာသည်။သာသနာဖျက်။ ထိုသူပျက်ကို။ ရွှေ
စက်ရိပ်၌။မခိုထိုက်ဟု။မကိုဋ်သီရိ။ မျက်တော်ရှိ၏။ဘုမ္မိမင်္ဂလာ။
ဘိုးတော်ရာကို။ နတ်ရွာအတူ။ ဖြစ်စိမ့်ဟူ၍။ ကျိုက်ဆုကြည်း

ရေ၊ ကဉ်ျသဘင်၊ ဖြေပြင်တောင်ကမ်း၊ ညိတ်ညိတ်မွှမ်းမျှ။ ဆောင်ရမ်းရဲတင်း။ညှင်းညှင်းကြွချိ။ရောသီပြာသို။ နှယ်ညှိုပွင့်ခါ။ သာယာရဲမက်။ ဘဝဂ် ဇုန်ခြောက်။ သံလျင် ရောက်က။ စက် အောက်တဖန်။ ရောက်လှာ ပြန်လည်း။ နတ်ဟန် အမြော်။ အ ထွန်းပေါ်လျှင်။ မျက်တော်မပြေ။ လုပ်ကြံစေသော်။ ခံနေစရာ။ မရှိသာတည့်။ကျောက်ဖျာပြိုရှိ။မိုဃ်းကိုထိသို့။ မီးငြိသည့်သွင်။ လင်းအောင်မြင်မှ။ရွှေဟံသာပြည်။နန်းတည်ဌာန။ စက်တော်ချ သည်။ ။မွမွတည့်လက်နွေး၊ကြာမနွေး။ ။

၂၆။ မီးငြိသောသွင်။ ချက်ခြင်းပင်လျှင်။ သံလျင်မြို့ဂါး။ ပျက်၍ကြွားက။ဗညါးဒလ။မျှားလှဆင်မြင်း။ခင်းကျင်းပြည့်နှက်။ ရောက်လှာ ဆက်၍။ ရွှေစက် ရိပ်ခို။ ဦးခေါင်း ဆိုက်က။ မကိုန္ဒ ထွန်းထား။ဘဘုရားလည်း။ ဗညားဓမ္မရာဇာ။မည်သာတထပ်။ ပြုလပ်ထီးနန်း။ကြပ်ဝန်းခွန်ရ။မုတ္တမကို။ တကွနတ်ရှင်။ ပေးပြီး လျှင်မှ။ဆင်ကာထားတည်။ပြောစည်အုတ်ကျက်။ အရှေ့ဘက် သို့။ရွှေစက်ပြောင်ဝင်း။ ထိန်ထိန်လင်းမှ။ မြစ်မင်းယှဉ်ပြိုင်။ပွန်စ လှိုင်ဟု။ငါးဆိုင်ဆုံကျ။ ပင်လယ်ဝသို့။ ရောက်ကစည်ပင်။ကြာ မတင်တည့်။မြေပြင်လွှဲကျော်။ ကြီးဘုန်းတော်ကြောင့်။ မမြော် ဘူးလေ။ပျော်ကြစေဟု။ ကိုးထွေမျက်ရှင်။ ချယ်မွန်းဆင်သား။ ရွှေစင် ဖေါင်းလွှ။ ယဉ်နတ် သထက်။ နရဘုန်းတူ။ စီးတော် မူ လျက်။ နေတူ ရောင်မြူး။ ဘောင်တော် ကူးသော်။ ပျံ့ဖျူးမင်း လိုက်။ ရေန္ဒသဘင်။ စံပယ် ရွှင်မှ။ စစ်လျှင်နှစ်ကြောင်း။ပေါင်း လောင်းထားဝယ်။အလွယ်သိမ်းယူ။ တကြောင်းမူကား။ ကြီး ထူအံ့အား။ယိုးဒယားက။ ဩသြယားတထူး။ဗညားဦးဖြင့်။ ဟူး ဟူးသွင့်တိုက်။ထိန့်ရိုက်ဖျန်းဖျန်း။ သဝန်းခံလောက်။ မြစ်ရောက် လှစ်တွဲ။ သောဏ္ဏဒဲနှင့်။ပြိုကွဲထိန့်ရိုက်။ ကမန်ပိုက်ကို။ပြိုက်ပြိုက် မြို့လုံး။ကြိုးကဲ့ဖျင်ညီး။အဖြိုးဖြိုးသည်။ ။ရိုက်ချိုးပုံပြေး၊ကြွက် ရာရွေး။

၂၇။ ပစ်ဘောက်အချက်။ အာဏာ စက်ဖြင့်။ ရှေ့ဘက်

တလွှား။ မြို့ပြများကို။ အစားခန့်မှ။ ရတ္တမသို့။ ဖြန့်ကြွဗာားခန်း။ ရွှေစက်တွန်းသော်။ ယွန်းကတပ်တာ။ ရေးရာမညီ။ ကစိကရင်။ လျှောက်ဦးတင်သော်။ မိုးသွင်ရှိန်ပြေး။ မျက်တော်ပေးက။ မလေးကြံခဲ။ မိသမျှနှင့်။ တေဇဝရဖိန်။ စစ်ချိန်မှတ်သိ။ အပြင်းချိလျက်။ တိမ်ဆိအထိ။ သောင်ဘိတက်သက်။ မြစ်ဘက်ကူးမြေဝံ။ ယွန်းပြည်ရောက်သော်။ သံကျောက်ကဲ့သို့။ လက္ကွန်းမြို့ကို။ မင်းတို့ထိပ်ဘွေ။ လုပ်ကြံ စေက။ ရေမကြီးခင်။ အလျင် စွန်းစွန်း။ ဗညားနန်းလည်း။ ရှိပန်းပန်ဆင်။ ရွှေဦးတင်၍။ သည်ပြင်တလွှား။ ဗညားပြားလည်း။ ထပ်ပွါး သောင်းသောင်း။ ဆင့်ကဲလောင်းလျှင်။ ဆယ်ချောင်းလက်ဆွတ်။ ဆက်လှာညွှတ်၍။ ရေးချွတ်မလျော်။ သတိုးကျော်လည်း။ ဘုန်းတော်လွှင့်မြောက်။ ချက်ခြင်းပျောက်၏။ အလျောက်တိုင်းကား။ ပြည်သူအားလည်း။ ထိပါးနှောင့်ရှက်။ သစ်တရွက်မျှ။ မပျက်စေရ။ ထွန်းပ သာသနာ။ ရတနာသုံးမည်။ တိုးတက်စည်အောင်။ အခေါင်နတ်ရှင်။ ဖန်စိရင်သည်။ ။ကြာတင်တည့်မနှေး၊အသာဒွေး။ ။

၂၀။ တမ္ဗရဋ္ဌ။ တိုင်းမအလုံး။ လက်ရုံးဆန့်ကျူ။ အရယူက။ မဋ္ဌုရန်နှိပ်။ ဗောဓိရိပ်၌။ ရောင်ချိပ်လွင့်လွင့်။ သစ္စာပွင့်သို့။ မြေပြင့်အပြည့်။ လှည့်၍မအား။ ဖလားဝတ်လုံ။ ရွှေပုံရွှေခိုင်။ ရွှေတိုင်ဆင်မြင်း။ ရုံကျင်းအခုတ်ကျက်။ ထပ်မျှဆက်၏။ မင်းထက်မင်းဖျား။ မြို့တလွှား၌။ အစား အစောင့်။ အဖြောင့်အမှန်။ ခန့်ထားရန်မှ။ တဖန်ပြဋ္ဌာန်း။ ဗညားနန်းကို။ ကြဋ္ဌန်းဘုန်းကြွယ်။ ပြည်ဇင်းမယ်ကို။ ပျော်ဘွယ်ထီးနန်း။ ကျယ်ဝန်းမြို့ကျေး။ နှင်းခန့်ပေး၍။ ထစ်ကြွေး မိုးစီးသား။ ပျုံကြွားမြူးချန်။ ကဆုန်ခါနွေ။ စံကားရွှေနှင့်။ ညောင်ရေရာသီ။ သာညီရဂုံ။ ပန်းမျိုးစုံလျက်။ မြူးတုံကျေးငှက်။ သောံယက်ရွှေဝတ်။ ယူဆွတ်ရွှင်ခါ။ မင်္ဂလာဖြင့်။ ဟံသာနန်းဆီ။ ပြန်ခဲ့ချီသည်။ ။နှတ်ပြည်တည့်တဝေး၊ပုံတပြေး။ ။

၂၉။ မဖ်းတကာလျှင်။ ကြီခါစိရင်။ ပြုရချင်လျက်။ ပြုလျှင်ဖြီးတိုင်။ မတတ်နိုင်တည့်။ မပြိုင်ရန်သူ။ ကျွန်းဇမ္ဗူထက်။ ကြီး

ထူဘုန်းအင်။ဘနုတ်ရှင်မူ။အမြင်အမြော်။အကျော်အစော။ တည်
မော်ဇာ့ငြွေ။တင့်နေထွန်းပေါ်။ ကြီးတော်မူတိုင်း။ မတူနိုင်းတည့်။
ပိတ်သိုင်းရွှေနောက်။ တောင်မြောက်မသိ။ တောဖြစ်ပြီးလျှင်။
ဗောဓိစေတီ။သရီရဓာတ်။မွေမြတ်ဂူကျောင်း။ထောင်းထောင်း
ပြိုအက်။ ရှင်းရှင်းပျက်လည်း။ တချက်တည်းခြင်း။ ပြီးစေလျှင်း
၍။ဝင်းဝင်းထွန်းဝါ။သာသနာလျှင်။ ဟံသာပတ်လည်း။ သိကြား
တည်သို့။ ဗိုပြည် ဝပြော။ မော်ဓောဒဂုံ။ရောင်စုံလျှံစွတ်။ ခေါင်
ထွန့်သကျ။ ဟူသမျှကို။ ဘဝသခင်။ ရွှေထီးတင်လျက်။ ရွှေစင်
မင်းစံ။သင်းချောမံသည်။ ။ရောင်လျှံတည့်ဝှန်ပြေး၊ ဓွေးရရွှေး။ ။

၃၀။ ကြက်သရေတက်ရွှန်း။ ဘုန်းတော်ထွန်း၍။ ကျွန်း
ကျွန်းသခင်။အောင်မြင်ပွဲစည်။စိရင်သမိုင်း။ တင်မော်တိုင်းကို။
ပြိုင်နိုင်းတူကျွန်း။က ရွှန်းရွှန်းတည့်။မော်ကွန်းရွှေစာ။ ပြောပရာ
လည်း။အာဏာမထွက်။ရိုးရှက်လွန်တင်။ ဥဒါန်းဆင်ပိမ့်။ သည့်
ပြင်တလတ်။နေနတ်နရ။အာသောကလျှင်။တတိယသင်္ဂါယနာ။
တင်ပမာသို့။ ပေစာဓမ္မ။ ဟူသမျှလည်း။ ရှေးကဟောင်းမြင်း။
တိမ်မြုပ်ယွင်းလည်း။ မကြွင်းရအောင်။ မြရောင်ရည်ညက်။ရွှေ
ပေထက်၌။ ရွှေစက်ပျံ့မွှေး။ ဟောတိုင်းရေး၍။ ကံကျွေးနိဗ္ဗာန်။
မဂ်ရှစ်တန်ကို။ ရရန်သိရုံး။ ဆုယူ ကြိုး၍။ ကျွန်းလုံး ထိန့်ဝှန်း။
သုံးကြိမ်မွန်းသား။ တောင့်သွန်း ပိဿာ။ အာဏာဝှန်ခြောင်း။
စံခေါင်းလောင်းဖြင့်။အပေါင်းရေမြေ။ထိန်ဝေကြိုင်နံ့။ဒါနဖြန့်၍။
မြူးကွန့် တေဇာ။ တန်ခိုးမှာမူ။ သိတာ ရေစမ်း။ ကမ်းကိုလွှမ်း
လည်း။ တမ်းလေမြွက်ဟ။ မိန့်တော်ပြက။ လျှောကျချက်ခြင်း။
မိုးဟင်းစွေပြင်းလည်း။လင်းလင်းမဖုံး။ လှနှုလုံးကို။လက်သုံးတော်
ထား။ ပြစေဒြားလျှင်။တိမ်သားတက်လေ။ မရွာနေ၍။ဒိရေဝှန်
လိုက်။ တက်ခါ ကြိုက်လည်း။ မကိုင်ဘုန်းတူ၊ ကူးတော်မူက။
တက်ဆူမဝံ့။ခံအောင်ငံ့၍။ မအံ့လှည့်နိုင်။ အဆိုင်ဆိုင်တည့်။ မ
ပြိုင်လွန်ကျူး။အာဏာမြူးသည်။ ။ကြားဘူးတည့်ဆက်ရှေး၊
မဆင်သေး။ ။

၃၁။ မဏ္ဍိုမတိုက်။ ပြည်ပြည် ဌာလည်း။ ကျိုဇာ ကျိုက် ကျောဝ်ပတိုး။ ဆ စ်ကြိုးရိုက်ကြွေး။ သိတင်းမွေး၍။ မင်းရေးရတု။ မင်းမှ ထိုက်အောင်။ လက်ဆောင် သော သော။ သဘော နှင့် ချည်း။ အပည်းပည်းတည့်။ ဒုန်သည်းရှိဥတ်။ အဏ္ဏပတ်လည်း။ ရတ္တကတ်မကြွင်း။ ကျည်းမင်းတို့ပြဉ်။ အစည်မကျန်း။ ကုရုကျွန်း လည်း။ တသွန်းအပတို။ ဘုန်းရိပ်ခို၍။ အပတိုနှင်နှင်။ ဇာနည်ဆင် လည်း။ ဖျင်၍မွမ်းမွမ်း။ ဆင်ဘမ်းသဘင်။ တိန်ညင်ပြွန်အောက်။ သွင်းရောက် ဆဲဆဲ။ ထပ်မစဲတည့်။ လေးပွဲသဖြိုဟ်။ နဂိုရ်မြန် ချာ။ ဆယ်ဖြာမင်းကျင့်။ ထွန်မြတ်မြင့်၍။ ဘုန်းဖြင့်ရောက်လှာ။ ပဒေသာလည်း။ တည်ရာ ပေါ်ထွန်း။ ဥဒည်ကျွန်းနှင့်။ တိမ်စွန်း ကောင်းကင်။ ဘုံခြောက်ခွင်သို့။ မြေပြင်အထိပ်။ ရွှေစက်ရိပ်တွင်။ ပြည့်သိပ်ခပ်သိမ်း။ ချမ်းသာငြိမ်း၍။ မုဒိမ်းတဏ္ဍ။ မထရန်ဘေး။ မြူမမှေးတည့်။ ထွေးထွေးနုရင့်။ သီးပွင့်ရွှမ်းပြန်။ နွေသန်ဟေမ။ ကာလရာသီ။ ကုန်ပြီမဆို။ ချဉ်ချိုဆိမ့်လေး။ ကြိုင်မွှေးပန်းမန်။ နန္ဒဝန်နှင့်။ သဏ္ဍာန်တူစွာ။ ဥယျာဉ်သာလည်း။ ရောက်လှာသသူ။ နတ်လူပျော်မွေ့။ ရပ်ရာမွေ့၍။ ကြိုးလေ့ဘုန်းတန်း။ စောကြွေဌန်း လျှင်။ တက်ထွန်းကြေညာ။ သာသနာကို။ လျှံဝါပြောင်ပြောင်။ တည်ကြောင်းထောင်သည်။ ။မိုက်မှောင်တည့်စည်ဝေး ရန်အလှေး။ ။

၃၂။ တမြိုးမြိုးလျှင်။ တန်ခိုးရောင်ခြည်။ ထိန်ထိန်လည်မျှ။ မည်သည်မစဲ။ နေ့တိုင်းကဲသည်။ မင်းရဲဒိဗ္ဗ။ နရအခေါင်။ ရွှေနား ထောင်လေ့။ ရွှေတောင်စဉ်ဆက်။ စံပျက်တည်ခန်း။ နန်းတက် မနော။ ဘေးလောင်းစောကို။ အကြောဇမ္ဗူ။ သိမ်းယူအုပ်စိုး။ ရှင်ဘိုးတော်စစ်။ ဘုန်းသစ်ထွန်းတက်။ ဆယ့်နှစ်ဆက်လျှင်။ နတ် ဘက်တမျှ။ ရှင်ဘမင်းဖျား။ စံကြောင်းများကို။ ကိုယ်ပွါးထောင် မြစ်။ ဖန်ဆင်းလှစ်၍။ ရာနှစ်ရှည်ကျော်။ ချီးကျူး သော်လည်း။ ကျွန်တော်လုံးရှို။ လျှောက်မကုံခွဲ့။ ပြောက်စုံ ပြိုးပြက်။ ပခက် ရတနာ။ တင်မည်ခါက။ ဇေယျာတိထိ။ ရာသီခန်းပတ်။ နက္ခတ်

ကြိုဟ်တန့်။ လက်လည်း သန့်၏။ အောင်ပန့် မဂ်လာ။ တသာ ကြွင်း။ နဝင်းကောင်းဖြိုး။ သံလွင်တီး၍။ မှူးကြီးမတ်ကျော်။ က တော်စိုးမင်း။ ဖြည်းညှင်းမစ။ ထိန်းယပြွမ်းပြွမ်း။ အခမ်းအနား။ ခင်းထား ဆောင်ယောင်။ ရွှေတောင်ပြက်သန်း။ ဘုန်းမွန်းကြိုင် ကြိုင်။ဇေတိုင်ဇေခံ။ကျုံကျုံကြူးကြော်။စက်တော်ခေါ်ဟု။ ရွှင်ပျော် သဘင်။ပခက်တင်သည်။ ။စံရွှင်တည့်မင်းရေး။ပျှံပျှံမွေး။ ။

၃၃။ တပျှံပျှံလျှင်။ရန့်ကြိုင်ရွှင်း။ တညှင်းညှင်းနှင့်။ဒုံမင်း သံသာ။ တုရိယာဖြင့်။ စည်သာ နန်းထဲ။ ကျူးရင့်နွဲ၍။ လက်ဝဲ လက်ျာ။ရံကာခညွတ်။မှူးမတ်မည်ရည်။ထီးစည်ရံဖြိုး။သားသွီး တည့်။ဖျင်ညီးမစ။ထိန်းယချိုပိုး။နွဲ့လည်းထွေထွေ။ဖြားယောင်း စေလျက်။ ညှံ့ပြေ ချောမွတ်။ ကရတ်ခါသာ။ ပန်းနွေ့ရာထက်။ ဂိဝါရောင်ချက်။ မျက်နှာကြက်မှု။ ကိုးမျက်ခွဲခွဲ။ ရွှေစာပွဲမှ။ ဓွဲဓွဲ ကြာယပ်။ သုံးထပ်ရွှေညောင်။ ပြောင်ပြောင်ရွှေရှို။ လူလူညိတ် ညိတ်။ရွှေချိတ်ရွှေကြိုး။ဘေးမျိုးပျောက်ကွာ။ လေးမျက်နှာလည်း။ အဋ္ဌာဝိသ။ ဇေဝနတ်စစ်။ဒုမရောဇာတို့။ရန်လှစ်ပယ်ဖြောင့်။ ထက် ကြပ်စောင့်၍။လေးထောင့်ခြသေ့်။ မနွှေဟောက်ဟန်။ မကျန် စိရင်။ သည့်ပြင်တခြား။နဂါးဂဠုန်။တောင်ဟုန်ဖြိုးဖြိုး။ သာရွှင် မြှူးလျက်။ ကစား ဘက်ကား။ ရွှေဌက်ဟံသာ။ တမာကုလား။ ဖေါင်းကားကြက်တော။ဥဩြာရင့်ကျူး။ ကျင်ဘူးရွှေစင်။မြင်း ဆင်ပုံကျင်း။ ချန်ညင်းကြက်ပေါင်။ လုပ်ဆောင်ဆန်းကြယ်။ က လူဘွယ်နှင့်။ ဖြိုးကြွယ်လုံးရင်း။ ဆင်မြင်းဖြိုးဖျင်။ပြောင်လင်ရန် ရှို။ မျစ်ပျိုသန်ကျန်း။ရဲညွှန့်ရွှန်းလျှင်။ ကျယ်ဝန်းကျေးမက်။ ခန့် တွက်ကြွင်းမဲ့။ လက်တော်ဖွဲ့ကို။ပြုံ့ပြုံ့တွက်ရေ။ သိသာစေမှ။ ထွေထွေသံဖေါက်။ နားတော် ချောက်အွံ့။ နန်းတောက် ပွင့် ရည်။ ထွန့်ဘုန်းစည်သည်။ ။လူးလည်တည့်သာမွေး၊ နာ ပြန်သေး။ ။

သံတိုင်ဖြိုး၏။

၁။ စကြာဝဠာ။သင်္ချာကျင်ငွေ။တသိန်းနှနသည်။ ။ပေါ်ထွေတပြိုင် ထွန်းတည့်လေ။ ။ပေါ်ထွေတပြိုင် ထွန်းတည့်လေး။ ။

၂။ တပြိုင်ထွန်းရော။ဇမ္ဗူချာ၌။ ငါးဖြာငုံမြတ်။ သတ္တပတ်ကို။ ယူဆွတ်မိုဃ်းက။ ပွင့်တိုင်းရသည်။ ။သင်္ကြာသက်န်းတည့်လေ။ ။သင်္ကြာသက်န်းတည့်လေး။ ။

၃။ သင်္ဘွေဝတ်။သတ္တပတ်နှင့်။ဘုန်းထွန်ငါးဆူ။ပွင့်တော်မူသည်။ ။ဇမ္ဗူညာသည့် ကျွန်းတည့်လေ။ ။ဇမ္ဗူညာသည့်ကျွန်းတည့်လေး။ ။

၄။ ဇမ္ဗူကျွန်းထက်။ ဖြူဝန်းဖြန့်စ။သမတနှင့်။ သကျမင်းပေါင်း။ ၅စ်သောင်းတိုင်အောင်။ အခေါင်ထိပ်မိုး။ အစဉ်ရိုးမှ။ မြတ်မျိုးထွန်ထား။ဖိုးဦးဖျား၌။ ကြားခဲ့နောင်ရေး။ ဗျာဒိတ်ပေးသည်။ ။ပျံ့မွေးမိန့်တော်ခန်းတည့်လေ။ ။ပျံ့မွေးမိန့်တော်ခန်းတည့်လေး။ ။

၅။ မိန့်တော်စကစ်ရွေ။ရှိသောထွေဖြင့်။သရေခေတ္တာ။ ပုဂံစသည်။ ပန်းယမြင်စိုင်း။ ဗျာဒိတ်ပိုင်းဖြင့်။ သိုက်တိုင်းမှန်ကင်း။ သုံးပါးမင်းသည်။ ။သုံးစင်းရိပ်ဖြူဝန်းတည့်လေ။ ။သုံးစင်းရိပ်ဖြူဝန်းတည့်လေး။ ။

၆။ မြင်စိုင်း ပန်းယ။ ရွှေဝစစ်ကိုင်း။ သိုက်တိုင်း ထောင်တည်။သာထွန်းစည်သည်။ ။စဉ်ရှည်စံဥဒါန်းတည့်လေ။ ။စဉ်ရှည်စံဥဒါန်းတည့်လေး။ ။

၇။ ဥဒါန်းဖြစ်စေ။ရွှေမြေမြင်စိုင်း။ စစ်ကိုင်းပန်းယ။ ရွှေဝစည်ပြီး။တောင်သို့ချီး၍။ ရိုက်တီးပဗ္ဗင်။ သံလွင်ယဉ်နွဲ့။ တလွန်ကဲသား။မင်းရဲနတ်တျ။သီဟသူသည်။ ။တောင်ငူစံရွှေနန်းတည့်လေ။ ။တောင်ငူစံရွှေနန်းတည့်လေး။ ။

၈။ မင်းရဲနတ်တျ။ သီဟသူလျှင်။ ခြောက်ဆူဘုံပေါ်။ စံလေပျော်လည်း။သွားတော်သည်းချား။မင်းတရားကြီး။ လျှံညီးတေဇာ။ ပြင်းအာဏာနှင့်။ ရိုက်ရာရှင်ဘေး။ မင်းရေးဘုန်းမြင့်။

ဦးကင်ဖွင့်သည်။ ,, ။ရာဇဝင့်ထွန်းထိပ်ပန်းတည့်လေ။ ။ရာဇဝင့်
ထွန်းထိပ်ပန်းတည့်လေး။ ။

၉။ အထွန်း ထိပ်ပန်း။ စောကြွေ၄န်းလျှင်။ ရိုက်မွန်း ကြေ
ညာ။ တိုင်းဥသာကို။ တေဇာရဟာတ်။ တိုက်လွှင့်သတ်က။ သု
ဒဿန။သိကြွားပျော်ရာ။ ဝေယန္တာသို့။ဟံသာဝတီ။ ခေါ်ညီတွင်
မည်။ ရွှေပြည်ရွှေနန်း။ ထက်ဝန်း ပြောစည်။ ဘေးတော်တည်
သည်။ ။ပတ်လည်သာထူးဆန်းတည့်လေ။ ။ပတ်လည်
သာထူးဆန်းတည့်လေး။ ။

၁၀။ ဘေးတော်နေမျိုး။နတ်ပြည်စိုး၍။ရှင့်ဘိုးတော်ကြီး။
နန်းတက်ပြီးလည်း။ ညီးညီးရောင်ခြည်။ ဘုံသုံးမည်ကို။ ညွတ်
ကြည်သဒ္ဓါ။ ကိုးကွယ် ရာဟု။ မြတ်စွာ ငါးဆူ။ တည်တော်မူ
သည်။ ။နတ်လူကောင်းကျိုး မွန်းတည့်လေ။ ။နတ်လူ
ကောင်းကျိုးမွန်းတည့်လေး။ ။

၁၁။ ရိုက်မွန်း ကောင်းချီး။ ဘိုးတော် ကြီး၏။ ထွန်းညီး
တေဇော်။ ညီတော်ရန်နှင်း။ ဘိုးတော်ရင်းလျှင်။ မှန်ကင်းမင်း
ဝံ။ရွှေနန်းစံသည်။ ။ကျုံကျုံဘိသိက်သွန်းတည့်လေ။ ။ကျုံ
ကျုံဘိသိက်သွန်းတည့်လေး။ ။

၁၂။ ဘိသိက်မြောက်သွန်း။ ဘိုးကြွ၄န်းလျှင်။ သုံးခန်းရပ်
နေ။ ကိုးကွယ်စေဟု။ သရေခေတ်ကျော်။ မွေတော်ရတနာ။မ
ဟာသိရိ။ မြတ်မုနိကို။တရိဘဝနာ။ ဌာပနာသည်။ ။ခြောက်
ဖြာနေသိန်းသန်းတည့်လေ။ ။ခြောက်ဖြာနေသိန်းသန်းတည့်
လေး။ ။

၁၃။ ဝေဇယန္တာ။ပမာသဏ္ဍာန်။ဇေတဝန်ဟု။ နိဗ္ဗာန်ရည်
မြောက်။ဘိုးတော်ဆောက်သား။ လျှံတောက်မှောင်လှပ်။ ထိန်
ထိန်လျှပ်သည်။ ။လေးထပ်ပျံဘနန်းတည့်လေ။ ။လေးထပ်
ပျံဘနန်းတည့်လေး။ ။

၁၄။ ဘိုးတော်ထွန်းလျှံ။ နတ်ပြည်စံသောင်၊ ကျုံကျုံသာ
မြူး။ ဘိသိက်ကျူးလျက်။ ဘုန်းထူးထွန်းတင်။ ဘနတ်ရှင်လျှင်။

ဘုရင်မိပတိ။ ထွန့်တိုင် ဖြိုလည်း။ လျှံညိုမောင်းမောင်း။ လေး ထပ်ကျောင်းနှင့်။ အခံပေါင်း သုံးဘော်။ မျက်ရှု ပျော်သား။ ဘိုး တော်ကောင်းမှု။သဗ္ဗညုကို။နတ်တုသဘင်။ရွှေထီးတင်သဦ။ ။ သံလွင်ကျူးရိုက်ဖျန်းတည့်လေ။ ။သံလွင်ကျူးရိုက်ဖျန်းတည့် လေး။ ။

၁၄။ ရှင်ခမည်းတော်။ မမြော် နတ်တု။ မြတ်ကောင်းမှု ကား။ မျက်ရှုမြင်သူ။ နန္ဒမူဟု။ နတ်လူ ရှုမျှော်။ ဥမင်ကျော်နှင့်။ ကျောင်းတော် လေးထပ်။ ရွှေစရပ်လည်း။ နတ်ရပ်ဌာန။ ရွှေဝ နောက်စောင်း။ ပြာသာဒ်ကျောင်းလျှင်။ လျှံမောင်း သုံးဆောင်။ ထိန်ထိန်ပြောင်သည်။ ။ရိုက်မှောင်ခြည်မသန်းတည့်လေ။ ။ ရိုက်မှောင်ခြည်မသန်းတည့်လေး။ ။

၁၅။ တန်ခိုးရိုက်မှောင်။လက်ရုံးရောင်ဖြင့်။ ပြောင်ပြောင် သာသနာ။ဘေးတော်ရာဟု။ ဟံသာမည်ရ။ ရာမညကို။ ရှင့်ဘ ထောင်တဦ။တိုင်းထက်စည်၍။အပြည်ပြည့်မင်း။ ရာထီးစင်းတို့။ ရှိန်ပြင်းလန့်ဖြို။ စက်ရိပ်ခိုသည်။ ။နဂိုရ်ထွန့်ကြွေငှန်းတည့် လေ။ ။နဂိုရ်ထွန့်ကြွေငှန်းတည့်လေး။ ။

၁၆။ နဂိုရ်ကြွေငှန်း။မြတ်ဘိထွန်းသား။ဘုန်းတန်းတေဇာ။ အာဏာလက်ရုံး။နှလုံးဇာနည်။ တည်ကြည်စံပယ်။ တင့်တယ် ကျော်သဲ။စွမ်းရဲသိပ္ပ။ဌာရသနှင့်။ရှင်ဘလက်နက်။ အာဏာစက် သည်။ ။ဘဝဂ်ရိုင်းထုတ်သန်းတည့်လေ။ ။ဘဝဂ်ရိုင်း ထုတ်သန်းတည့်လေး။ ။

၁၇။ ဘဝဂ်ထုတ်သန်း။ လှူဒါန်းဒါန။ သီလကုသိုလ်၊ ရေ သိုမျှားလွန်။ရေကန်ရေတွင်း။ဈေးမင်းကောင်းမှု။ရုပ်တုစေတီ။ သိင်္ဂီကျောင်းဆောင်။ ရွှေညောင်ဗောဓိ။ လျှံညိုသာသနာ။ စည် ထွန်းသာသည်။ ။ဗျာပါဝေလံကျွန်းတည့်လေ။ ။ဗျာပါ ဝေလံကျွန်းတည့်လေး။ ။

၁၈။ စည်ထွန်းသာသည်။ ဟံသာဝတီ။ ပြည်မှူဦးစွန်း။ နောက်တော်ယွန်း၍။အနန်းကံ့ကော်။ ရွှေနော်ဇာမျိုး။ မတိုးနေ

ခြည်။လေပြည်ရစ်ဖြူး။ ကွမ်းဖူးစံကား။ နွယ်ထွားမှည့်ရင့်။သီးပွင့်ကင်းငုံ။ ပင်မျိုးစုံသား။ မွှေးထုံနှင်းပျော်။ဥယျာဉ်ကော်လည်း။ ခြောက်ဘော်နတ်မှာ။ နန္ဒဝါသည်။ ။ပမာပုံ မယှွန်းတည့်လေ။ ။ပမာပုံမယှွန်းတည့်လေး။ ။

၁၉။ မယှွန်းနတ်မှာ။ ဝတိန်သါသို့။ သါယါစံပယ်။ရွှေနန်းလယ်၌။ ရွှေသွယ်မင်းတက်။ ရွှေပုခက်ကို။ နှစ်ဘက်ရံဆိုင်း။ ရွှေကြိုးသိုင်း၍။ နေ့တိုင်းပျော်မြဲ။ ရွှေဒန်းဆွဲလျက်။ ရင့်နွဲ့ပျံ့ပျူး။ယုယကျူးသည်။ ။ကြိုင်မြူးထုံနံ့မွှန်းတည့်လေ။ ။ကြိုင်မြူးထုံနံ့မွှန်းတည့်လေး။ ။

၂၀။ ကြိုင်မြူးထုံမွှန်း။ထိန်နှံ့ရိုက်ဝှန်း၍။ လျှံထွန်းရောင်လင်၊ ပုခက်တင်လည်း။ မြင်းဆင်လုံးရင်း။ ကျွန်သင်းကျေးမက်။ ခွန်ထွက်ပြီးဖျင်။လက်ဖွဲ့ဆင်သည်။ ။ပြောင်လင်ရဲညွှန့်ညွှန့်တည့်လေ။ ။ပြောင်လင်ရဲညွှန့်ညွှန့်တည့်လေး။ ။

နိဋ္ဌိတံပြီး၏။

## မင်းဆက်ရာဇဝင်သံပေါက်ချုပ်။

(အမှာ) ဆိုလတ္တံ့သော မင်းဆက်သံပေါက်တွင်။ နံသင့်အက္ခရာယူပုံကောံပုံကို ဤသို့မှတ်သားရာ၏။ ။တနင်္ဂနွေနံ-၁။ တနင်္လာနံ-၂။ အင်္ဂါနံ-၃။ ဗုဒ္ဓဟူးနံ -၄။ အက္ခရာ(လ)နှင့် (ဝ) ကိုယူ။ ကြာသပတေးနံ-၅။သောကြာနံ-၆။နငယ်မှတပါးစနေနံမှာ-၇။ရာဟုနံမှာ-၈။အက္ခရာ (ယ)နှင့်(ရ)ကိုယူ။ နေသနှင့်ကိုးပါလျှင်။၉-ယူရမည်။ နငယ်သက်သက်ကိုသုညယူ။ သင်္ချာအရမှါလည်း။ယထာက္ကမအစဉ်အတိုင်းချလေ။ဗေဒင်သင်္ချာကဲ့သို့ပင်ိုလောမပြန်၍မချနှင့်။အနုမောလောမချရမည်။ သို့မှညီညွှတ်မှန်ကန်ခြင်းဖြစ်ပါမည်။ဤင်းရာဇဝင်မင်းဆက်သံပေါက်ကိုနှုတ်တက်အရ ဆောင်ရွက် လေ့ လာကြပါမူ။ မဟာရာဇဝင်ကြီး၌မင်းတို့၏အမည် နန်းတက်သက္ကရာဇ်။ နန်းစံနှစ်။ သက္ကရာဇ်ဖြိုက်န်းများနှင့်တကွ။အလွယ်တကူသိကြရပါလိမ့်မည်။သုတကိုရှာမှီးသောအမျိုးကောင်းသားတို့သည် မပြတ်လေ့လာကြည့်ရှုမှတ်သားကြစေကုန်သတည်း။ ။

---

### ၁။ မဇ္ဈိမဒေသ။မင်းဆက်သံပေါက်။

ဇေယတု။ ။မှတ်နံ့ သင့်ညွှန်။ မြတ်မွန် ဇိန။ ထွန်း သကျပြောင်းကြွပြည်နိဗ္ဗာန်။ ။နှစ်ဆယ့်လေးမှတ်။ ဇာတသတ်။ မင်းမြတ်စည်းစိမ်မွှန်။ခါလွန်ဥဒယ။ ။လနေအနုရုဒ္ဓါ။လေ့လာမုဏ္ဍာ။ ။ဝေရနဂတာ။ ။တိက္ကာသုသု။ ။နေသနကာလသော။ ။ဥသြရသားတကျိပ်။ ။အိမ်လုံးနှိပ်နံကိုးဦး။ ။အသ်ာကျူးစန္ဒဂုတ်။ ။အရသုတ်ဗိန္ဒုသာ။ ။ကြာအလှသောကမင်း။ ။ကျွားပြုအင်း။မင်းမျိုးသုံး။ထုံးနည်းမှတ်ယူရာ။ ။

မဇ္ဈိမဒေသမင်းဆက်ပြီး၏။

## ၂။ ဘာကောင်းနှင့်သရေခေတ္တရာမင်းဆက်သံပေါက်။

မြတ်သာသနာ။နှစ်ဆယ်မှာ။ မဟာသတိုးခေတ်။ ။သုံးဆယ်နှစ်။ဒိမ်ရွှေပျော်။ ။လေးဆယ်သော်ဝက်ရောက်လာ။ ။ငင်းနှစ်ပင်ဘွားမြင်သားနန်းလျှာ။ ။ပဥ္စာနေ့ပြည့်မှနှင်။ ။ခြောက်ဆယ်လျှင်ပျူရွာတွင်။ မဟာသမ္ဗဝ။ ။သောဆမ္ဘ။ရူဋ္ဌသမ္ဘဝ။အနှင့်အာဒိတ္တပေါင်း။ ။ဒိမ်ထောင်ဦးဒိတ္တရန်။ ။အင်းနေ့စံ။ရန်ဘောင်ခါး။ ။ကြိုင်လှစွာ။ရန်မံပိုင်။ ။ကြာကိုးဆိုင်။ရက္ခန်ဖြစ်။ ။စစ်ကြီးလာ။ခန်းလောင်ခေါ်။ ။စည်သူကျော်။လက္ခိုင်စိုး။ ။ဆယ့်ကိုးသာ။သိရိခန်။ ။ဝေးကွာလံ။သိရိရာဇ်။ ။ဝေးစင်စစ်။ငတပါး။ ။ဝေးရပ်လား။ပါပိရန်။ ။မြမြိနေ့။ခန်မရက္ခ။ ။ပြည်သာမှ။သိဂ်ဆက်။ ။ပြည်သူရက်။မဥ္စလိန်။ ။မြရွှေစိန်။ဘောရိန္ဒ။ ။ပဥ္စနေ့ပဥ္စ။မဥ္စလရာဇာ။ ။ခြောက်ရာပြည့်ညီပုဏ္ဏ။ ။ခြောက်ရာသုံး။သာခရောက်။ ။ခြောက်ရာခြောက်။သာခိစိုး။ ။ခြောက်ရာကိုး။ညီကန္နု။ ။ခြောက်ရာဆယ်။နောင်ကန်တက်။ ။သာဇေက်။နောင်ဘိစ္ဆ။ ။သာထေ။မန္တရိ။ ။နန်းစံသတ္တ။ ရောက်ကာလတွင်။ ဒေါဒေါရသ။ဒွေ့သေသနှင့်။ မူလထောင်ပြို ပြီးသက္ကရာဇ်။ ခြောက်ရာတဆယ်ခုနစ်ခုတွင်။ သမန္တရိမင်းပြုသည်။ နန်းစံခုနစ်နှစ်တွင်။ သက္ကရာဇ်ဖြို၍။ အကြွင်းနှစ်ခုထားသည်။ ဖြိုလေပြီးသောကိန်းဟောင်းကို။ဒေါဒေါရသကိန်းခေါ်သည်။ ။ကီ။အတိတျာ။ ။ပါ။ပညာနဂရ။ ။သောဋ္ဌသ။ပြည်ကြီးညိုး။ ။တဆယ့်ကိုး။တောင်ညိုပျက်၍ပြား။ ။နှစ်ဆယ့်ငါးမှာ။သက်သာပန်းတောင်းတိမ်း။ ။အဋ္ဌာသီသကိန်းတွင်။မင်းတုန်းကျိုး။ ။နှစ်ဆယ့်ကိုးတွင်။ဆယ့်ကိုးရွာကို။မဟာသမုဒ္ဒရာဇ်ဘွဲ့။ ။ခုနစ်ဆယ့်လေးနှစ်။ရသေ့ကြောင်မင်းဖြစ်။ ။ရှစ်ဆယ့်ကိုး။ဥမျိုးမင်း။ ။အသစ်လင်း။ ထီးမင်းရိုင်။ ။ခြံမှဖြိမ့်အိုင်။ ယဉ်ငင်းပိုက်။ ။ခါလိုက်သင့်။ ပိုက်သည့်လည်။ ။ခါသင့်လည်။ သဉ်လည်

ကြောင်း။ ။ညီနောင်ကိုး။ကြောင်တူရစ်။ ။စင်စစ်လှ။သည်း
ထန်မင်း။ ။စေသူအံ့င်းရက္ခမန်။ ။သုံးလခွဲ။သူရဲမင်းပြုပြန်။ ။
လေအားသန်။ရပွန်ဖျား။ ။လေညာယား။သိုက်တိုင်းတည်။ ။
လေလာများ။သားသေဥ္စလည်။ ။လေပွေလည်။သေဥ္စလည်
ပိုက်။ ။၄လေသိုက်ကိုး။ခံလောင်းခါ။ ။လေတာနော။ညီခံ
လတ်။ ။လေနောအင်္ဂ။ သားထွန်တိုက်။ ။မြို့နန်းစိုက်။
ထွန်ပစ်ဆက်။ ။မြို့ကျုံးနက်။ ထွန်ချစ်ရှင်။ ။ပန်းညိုပင်။
စောရဟန်။ ။သတ္တမိသာ။ ရောက်သောခါတွင်။ သေသာ
နွယ်။အကြွင်းချ၍။ခံဆပဥ္စာ။ ကောဇာထောင်ပြုပြန်။ပုပ္ပါးစောရ
ဟံမင်းသည်။ငါးရာ့သုံးဆယ့်ငါးနှစ်တွင်။မင်းပြုသည်။ နန်းစံနှစ်
ဆယ့်ခုနစ်နှစ် ရောက်သော အခါ။ အကြွင်းနှစ်ခုထား၍ ငါးရာ့
ခြောက်ဆယ်ကိုပြုပြန်သည်။ ပြုလေပြီးသော ကိန်းဟောင်းကို
ခံဆပဥ္စကိန်း ဟုခေါ်သည်။ ။ကံ။ရွှေအုန်းသီးစိုးစံ။ ။
အောင်လံ။ပိတ်သုံ။ ။ကြာငုံ။ပိတ်တောင်။ ။ထွန့်ခေါင်။င
ခွေး။ ။ထွန်းရောင်။မြင်းကျွေး။ ။ရွှေရေး။သိဂ်။ ။နောဆ။
သိန်းခွန်။ ။အနက်သံ။ရွှေလောင်းစိုး။ ။အင်းအိုင်ပြို။ထွန်း
တွင်းရ။ ။အကြူလှ။ ရွှေမှောက်ယူ။ ။အောင်လံထူ။ ထွန်
လွတ်ဝင်။ ။အသာလွင်။ စောခင်နှစ်။ ။ဇနောဇော်။ ခဲလူး
တွင်။ ။ကြိုင်နံ့ရွှင်။ ပျဉ်ပြားမင်း။ ။ကြပ်ကြပ်နင်း။ မင်းတံ
နက်။ ။ကြာညိုရွက်။ စလေသား။ ။ကြာသီးစား။ သိန်းခို
မှဇာ်။ ။ဒွေသတ်နော။ တောင်သူခေါ်။ ။စံအကျော်။ ကွမ်း
ဆော်ဆတ်။ ။စိုးစံဆက်။ကြည်းစိုးစိုး။ ။သုံးရာသုံးဆယ်
ကိုး။ဗုက္ကတေး။ ။ဆိန့်သာလေး။ နော်ရထာ။ ။ဩိန်းနော
သတ္တာ။ ဥပရာစောလူး။ ။ပိုက်ကြူးညွန်။ ကျန်စစ်မှတ်။ ။
လူများနတ်။စည့်သူလောင်း။ ။မကြာနှောင်း။ရှင်စောရ။ ။
ငင်းရက်ပင်။ ကုလားကျ။ ။ပွင့်ငုံစ။ နရသိင်္ဂရာဇာ။ ။ပွင့်ငုံ
ပတိစိုး။ ။ငါးရာငါးဆယ်ကိုး။ ထီးလှိုင်မင်း။ ။မရင်းအင်း။
မင်းကျစွာ။ ။ဗျည်းနောသတ်မှာ။ ဥဇနာသားတော်။ ။

သွပ်နှုန်းခေါ်။ မြွောဘ္။ ။သောဌသ။ ကျောဝ်စွာပိုင်။ ။
သင်းသင်းကြိုင်။ စောနှစ်စံ။ ။သာရောလွှန်။ စောပွန်နှစ်။ ။
နွယ်မြစ်မပြား။ စိုးပိုင်းစား။ တကာနော။ စော်ကဲလက်ထက်။
ပုဂံပျက်၊မင်းဆက်အကျဉ်းချုပ်။ ။

---

## ၃။ ပန်းယမြို့မင်းဆက်သံပေါက်။

သံသောဒုတ်။အဟုတ်မြင်စိုင်းမှာ။ ။ရာဇသကြိ။နန်းစံစိုး
ပိုင်သ။ ။ဒုင်းနှစ်တွင်။ အသခ်ယာ။ မက္ခရာဝယ်တဌာန။ , ။
ဧင်းနှစ်တွင်။ တစီးရှင်မူ၊ သိဟာသူ။ စိုးယူထီးနန်းရ။ ။သော်
တာလ။ပန်းယ တည်သည့်။တစီးရှင်။ ။သားရွှင်လှဥဇနာ။ ။
ထွန်းနေဝါ။ငါးစီးရှင်။ ။တင်အံဇာ။ကျော်စွာငယ်။ ။တယ်
ကြူစွ။နရသူ။ ။တူကျော်သောင်း။ခြေပြောင်းဥဇနာ။ ။
မင်းခြောက်ဆက်။တည်လျက်ပန်းယမှာ၊ ။

---

## ၄။ စစ်ကိုင်းမြို့မင်းဆက်သံပေါက်။

သာယာဒိုင်း။စစ်ကိုင်းသခ်ယာ။ ။သားကိုးကျော်။နောင်
တော်တရဖျား။ ။သားကိုးရောင်။ ရွှေတောင်တက်။ ။
တက်နေဝါ။ကျွံစွာပေ။ ။ထက်နေသဲ။မင်းရဲကြီး။ ။ထီး
အရ။တရဖျား။ ။တိုက်အားသွင်။မင်းပြောက်စံ။ ။တံကျော်
သောင်း။ထောင်၊ထောင်းညက်။ ။စစ်ကိုင်းပန်းယ။နှစ်ဌာနကို။
ရှမ်းကဖျက်။မင်းဆက်ချုံချုံကျိုး။ ။

ထိန့်ကျော်ဟိုး။သတိုးဖျား။ ။တကာနော။စော်ကဲမှတ်။ ။
တပ်သာချ။ တရဖျာ။ ။နှစ်မခြား။ မင်းခေါင်ကြီး။ ။
ထီးရှစ်လီ။သိဟာသူ။ ။တူရွှေတွင်း။မင်းလှငယ်။ ။တွယ်ရွှေ
နွေး။ကျေးတောင်ညို။ ။လကိုဆို။ပေါင်းသတ္တ။ ။ဒါရုရ။
မိုးညှင်းဖြစ်။ ။ရှားနှစ်အဲ။ရဲကျော်စွာ။ ။ရွှေနန်းလာ။ထူပါရုံ

ဒါယကာ။နရပတိကြီး။ ။ရွှင်စံနိုး။မင်းကြီးမဟာသီဟသူရ။ ။
ရံဝန်းခ။ဒုတိယမင်းခေါင်ခါ။ ။ရွှင်သာစံ။နန်းကြော့ရှင်။ ။
ရွှေရင်ရုံ။သိုဟံဘွား။ ။ကိုးနတ်စား။ခံမှိုင်းစိုး။ ။ကိုးနတ်ရဲ။
မိုးပြဲနရပတိခံ။ ။နောအင်းစံ။ စည်သူကျော်ထင်ခါ။ ။နော
အံသာ။သတိုးစော။ ။နောလောမြင့်။ပြည်ကကွာ။ ။လက်
ယာစောင့်။တိဝသော။ ။နောလောရှဲ။ ရဲကျော်စွာ။ ။
နောပဋ္ဌာပဋ္ဌ။ပြည်သို့ရန်။ ။တောချုံဖြစ်သည်။လေးနှစ်မျှ။ ။
နည်းတဝ။တောင်ငူပြည်။ ။ရွှေဝတည်ခြားနားစ။ ။ရွှင်
သာလှ။ပိုင်သဇေယျသူ။ ။ရင့်ကိုးငူ။ရွှေထီးစိုး။ ။ကိုးအချင်း။
ဘုရင်နောင်။ ။နောလေဆောင်။တောင်ငူရောက်။ ။နော
သောအောက်။ပျက်စီးပြန်။ ။ရွှေလှော်လှံ။ပြည်စံသတိုးစော။ ။
ရွှေရောင်ရော။ဘုရင်ထွေး။ရှစ်ကိုးလေး။နရပတိကြီး။ ။ကိုး
နှင့်နိုး။ ညီမင်းခေါင်။ ။ကိုးနေလောင်။ တပင်ရွှေထီးဖျက်။
သတိုးနန်းစောဆက်။ ။ပြည်မြို့ဖြုန်းဖြုန်းပျက်။ ။နောဇေ
စက်။နောက်ဆက်တောင်ငူ။ညီတော်မင်းခေါင်ယူ။ ။နောက်
ဝိုက်သူ။ သည်းဦဘုန်းစည်။ ရွှေနန်းတည်စံတုံး။ ။နောထန်း
အုန်း။နတ်ရှင်နောင်။ ။နောထွန်ခေါင်။ တောင်ငူပျက်။ ။
တချက်အင်းဝမှာ။နောပဋ္ဌာနဝ။ ညောင်ရမ်းရောက်။ ။နော
သောတောက်။နောက်ဘက်လွန်။ ။နောနောန။ရဲဒိဗ္ဗ။ ။
နောနောအာ။သာလွန်မင်း။ ။အင်းနှင့်အနိုး။ငါးထပ်ကြီး။ ။
အနိုးကျော်စွာ။ပြည်မင်းခါ။ ။အာဏာဝက်ဝင်း။ဆယ့်တလ
နှင့်။ပြောင်းသည်အိမ်ရှေ့မင်း။ ။ဍုင်းနှစ်တွင်အင်္ဂါမင်း။ ။
အင်းသာနေ။မင်းစနေ။ ။ဇေနိတောသား။တနင်္ဂနွေမင်းတရား။ ။
အင်းနားကိုးမြွှာ။နံဒိဝါ။ ။အအာဥစော။နန်းကလျော။ ။ဥဩ
ဥလာ။ ကျန်းဘောင်လောင်းရာဇာ။ ။အအာကံ့ကော်။ သားဦး
စစ်ကိုင်းပျော်။ ။အုပ်အော်ကံ့ပင်။ဆင်ဖြူရှင်။ ။အုန်းအင်
ဇေယာ။ ငါးထပ်ဒါယကာ။ ။ဇေယှိုင်စွာ။ အိဂ္ဂါမင်းဘောင်း
ကား။ ။ရက်ကားသတ္တ။ရောက်ကာလ။အမရပြည်ကြီးပိုင်။ ။

အင်းအိုင် ဗိုက်လည့်။ မြို့ကြီးတည့်။ မြို့မည့်အမရ သမုတ်ကြ။ မှတ်ပမင်းစဥ်စာ။ ။မင်းဆက်သံပေါက်ပြီး၍။ ။

ရာဇဝင်ထွက်။မင်းစဥ်ဆက်။မပျက်သံပေါက်စာ၊ ။နောင်လာလူများ။အမျိုးသား။မမှားမှတ်စရာ။ ။နတ်တွင်ရှရှ။ဆောင်ကုန်ကြ။လိုကမတောင့်တာ။ ။မင်းဆက်သံပေါက်။အကျဉ်းကောက်။မပျောက်စေဘို့ပါ။ ။အလွယ်တကူ။သိချင်သူ။နည်းယူ၍သည့်စာ၊ ။ထောင့်နှစ်ရာခြောက်။ သုညလျှောက်။နှစ်ရောက်ချကောဇ်ါ။ ။သိပ်ပဝါခေါင်တွင်း။ရှိဟင်းလေပြင်း။ပန်းမင်းရွှေခတ္တာ။ ။ဟံသာဝတီတိုက်။ခေါ်သရိက်။ပုံရိုက်၍သည့်စာ။ ။

## မင်းရဲကျော်စွာဧချင်း။

နဝမောတသဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ သောင်းတိုက်စကြဝဠာ။ မြေမျက်နှာထက်။ မင်္ဂလာ တန်ဆောင်။ပြောင်ပြောင်ဝင်းဝါ။သာသာနာဥ္ဖ။အခါကြိုက်သား။ မကိုဋ္ဌ်သရဖူ။လူတို့သေဋ္ဌ်နင်း။ တို့ရှင်မင်းလျှင်။ဆောံနှင်းကိုယ် စား။ဇိမ်ရှေထားသည်။ သည့်ကြားရတနာ။နန်းပွင့်လျှာအား။ နတ်များမြတ်လေး။ဖန်ဆင်းပေး၍။နှောင်းမွေးသားတော်။ မျက် ရှုဖျော်ကို။တွေငေါ်ကြောင်းလျှား။ ပြန်လျှောက်ကြားပိမ့်။ ။ ရွှေနားတည့်ဆေးလေးနာဘိသေး။ ။ဧးလည်းယင်ယင်ဧး။ ။ ဧးဧးပျှံပျူး။ရွှယ်လူးမှတ်ပေး။မင်းလောင်းသွေးကို။ ကျူးဧးမစဲ။ သာညှင်းလွှဲသည်။ ။ရန်ကဲစက်တော်ခေါ်ဘိသေး။ ။ဧး လည်းယင်ယင်ဧး။

၂။ စကြဝဠာ။ သချ်ာတခန်း။ ရေကြည်ဝန်းထက်။ ပေါ် ထွန်းနွယ်ဆင့်။ ကြာငါးပွင့်တွင်။ နိရင့်ရောင်ရွှန်း။ သက်နှိုးငါး ဆူ။နိမိတ်ယူ၍။ မိုးသူဗြဟ္မာ။ ထိမ်းမှတ်လာသား။ မဟာကပ္ပ။ ဘဒ္ဒကပ်။ သာလှမည်ထင်။ ကျွန်းခွင်လကျ်ာ။ ဇမ္ဗူချာဝယ်။ ရတနာအထွတ်။အမြတ်တင်ထား။ဘုရားသုံးဘော်။ နိဗ္ဗာန်ပျော် မှ။ပြည်ကျော်ကပိလ။မျိုးသကျဥ္ဖ။ ဂေါတမခေါ်တွင်။သုံးလူ့ရှင် သည်။ ။အောင်မြင်တည့်ညစ်ကြေးမှုမဖြေး။ ။ဧးလည်း ယင်ယင်ဧး။ ။ဧးဧးပျှံပျူး။ရွှယ်လူးနတ်ပေး။ မင်းလောင်းသွေး

ကို။ကျူးဧးမစဲ။ သာညွှင်းလွဲသည်။ ။ရန်ကဲစက်တော်ခေါ်ဘိသေး။ ။ဧးလည်းယင်ယင်ဧး။

၃။ သုံးထွေမည်ပြား။ဘုရားဝိရိယာ။ ရင့်ပညာနှင့်။သဒ္ဓါမိက။သုံးကြောင်းစတွင်။ဂေါတမမည်စစ်။ ပညာဖြစ်ဟု။အသစ်စက်စက်။ ဖြိုးလျှံတက်၍။ မှာဘက်ရပ်သား။ အချားသတ္တဝါ။အိုက်ပူဆာသည်။ချမ်းသာမဂ်ရေ။ သော်ချိုးစေသား။ ပရမေသကျာ။ဒေသစာဖြင့်။ရှုလှာတလျှော်။ သင်းပွင့်ရော်ရှင့်။ မျက်မှော်လှုလှု။ ရိုင်သုံးချအား။ တရားမြတ်လေး။ ဗျာဒိတ်ပေးတွင်။နှောင်းမွေးဘုန်းထင်။တစိုးရှင်က။ စသည်ဆက်ကာ။ဥဇနာနှင့်။တေဇာလွန်ကဲ။ မင်းရဲကျော်စွာ။ လူ့ထွတ်ချာလျှင်။ ရတနာပြုလွ။ ငါးစီးရသည်။ ။ကြောက်လှတည့်ရန်ဝေး၊ ဘိုးတော်ဘေး။ ။ဧးလည်းယင်ယင်ဧး။ ။ဧးဧးပျုံပျူး။ရွယ်လူးနတ်ပေး။မင်းလောင်းသွေးကို။ကျူးဧးမစဲ။သာညွှင်းလွဲသည်။ ။ရန်ကဲစက်တော်ခေါ်ဘိသေး။ ။ဧးလည်းယင်ယင်ဧး။

၄။ ဆက်နွယ်မဝေး။ ဘိုးတော်ဘေး၌။ အရေးကြောင်းလျှော်။လွဲကျူးလျှော်ပိမ့်။ဖြူပေါက်တောဆင်။ မုန်သွင်သွင်ကို။ဟိုင်းလျှင်ကုဥ္စရ။စီးနာဂထက်။ပစ်ချအင်တွဲ။ ကြော့ဆဲဆဲတွင်။ဩဝြာ်လဲသံတင်း။လွန်ကွင်းလျှော့လိုက်။မိသောကြိုက်တွင်။နှစ်ခြိုက်ဝမ်းရွှင်။ ရှုမြင်မဟဲ့။ နောက်ပဲ့ချိကြွား။ ဘယ်ယောကျ်ားဟု။စကားမင်းထံ။နွတ်ထွက်ငံရှင့်။ခြိမ့်ရုံမိုလ်ပါ။အမတ်ရာတို့။ ညီညာသောင်းသောင်း။ ပစ်တင်မောင်းက။ အလောင်း ပရမေ။ရေးယူပေသည်။ ။သံခြေတည့်လေးလေး၊ ကျမ်းဂန်ရှေး။ ။ဧးလည်းယင်ယင်ဧး။ ။ဧးဧးပျုံပျူး။ ရွယ်လူးနတ်ပေး။ မင်းလောင်းသွေးကို။ကျူးဧးမစဲ။သာညွှင်းလွဲသည်။ ။ရန်ကဲစက်တော်ခေါ်ဘိသေး။ ။ဧးလည်းယင်ယင်ဧး။

၅။ တသောင်း လောကဓာတ်။ ဤကျွန်းမြတ်ထက်။ တုလွတ်ပဝရ။ မုနိန္ဒလျှင်။ ယောကျ်ားငါသာ။ သံဝရဟု။ပေစာတရား။ ဟောဘော်ကြွားရှင့်။ ယောကျ်ားခဝင်း။ မင်းချင်းချင်း

တွင်။ ဘမင်းယောကျ်ား။ သို့ကိုပြြားဟု။ စကားချေဝံ့ ဆိုလိုသံ
တည့်။ ခြံရံမှတ်များ။ မိန့်တော်ကြားက။ ထိပ်ဖျားဦးစွန်း။ လက်
ဒုပ်ပန်းဖြင့်။ ထူးဆန်းမှတ်ရ။ စိတ်နေချလျှက်။ ဂုဏ်မျှော့သခင်။
ကျေးဇူးရှင်အား။ ချီးမွမ်းကြားသည်။ ။ဆင့်ပွါးတည့်စဉ်ဝေး၊
ယခေါင်ရှေးဦး ။ဧးလည်းယင်ယင်ဧး။

၄။ ချီးမွမ်းနှစ်တောင်း။ ရှင်စော လောင်းဦ။ ဆိုကြောင်း
များထွေ။ ကျွန်ုပ်ရေပိမ်။ မိုဃ်းနေမာဃ။ ပစ်ချဝရဖိန်။ မျက်ရှိန်
ဖြင်ပဲ။ ကျွန်ုပ်နှင့်ရိုင်လည်း။ တောမြိုင်ချုံထဲ။ ရခဲမှတ်ချူ။ အဖြူနှင်နှင်။
လွှန်သျှင်ကကျည်း။ ပြောလည်းမပျက်။ ပြိုင်ဘက်မပြူ။ မွေးပျုံ
ကြူသား။ မဥ္ဇူမျိုးဘော်။ အကျော်ထုံနှင့်။ လှတင့်အံ့ဘွယ်။ ဆဒ္ဒန်
စွယ်ကို။ တတ်ကျယ်ပညာ။ ဗိသုကာလျှင်။ ဆန်းစွာထုမြောက်။
ကန်ကောက်မင်းစီး။ လုပ်၍ပြီးသည်။ ။ဓွဲချီးတည့်ကျော်သွေး၊
စဉ်မဝေး။ ။ဧးလည်းယင်ယင်ဧး။

၅။ ကျော်ဇုန်သတင်း။ ထိုရော်မင်းအား။ အများမိုလ်လူ။
အံ့ရာမူသား။ ရှေးလူပုဗ္ဗကံ။ သဏ္ဍာန်မူလ။ ပဝတ္တလည်း။ မြတ်လှ
သော့ထွေ။ သိရချေရှင့်။ နေလည်းကြွတ်၍။ ဘွားသည်နေ့ပင်။
သကြြန်ဝင်လျှက်။ အင်လည်းအင်္ဂါ။ ဘိလာမစက်။ နံနက်သုံးတန်။
ရှစ်ပြန်နာရီ။ ကောင်းတိထိဖြင့်။ ရာသီတန်းရူး။ ခေါင်ဖူးသော်
တာ။ ပြည့်သောခါတွင်။ ရတနာကြက်သရေ။ မြူတေရုပ်သွင်။ မိုး
ရူးမြင်မှ။ ဥကင်နန်းသာ။ ဘရာယူမြန်း။ ဘိသိက်သွန်းက။ တိုင်း
ခန်းပတ်လျော်က်။ ထိန့်ရိုက်ချောက်သည်။ ။ရွှံ့ကြောက်တည့်
တုပ်ကွေး၊ ခွန်တော်ပေး။ ။ဧးလည်းယင်ယင်ဧး။

၆။ ဖြစ်ခေါင့်ဖြစ်ခဲ။ ကြိမ်ခဲလှစွာ။ ကျမ်းဂန်ရှာမူ။ သစ္စာ
လေးဆင့်။ ပွင့်နိုးနိုး ဝယ်။ ဘုန်းကြီးလည်း ရောက်။ ညောင်
အောက်ဆွမ်းကျက်။ ရွှေခွက်လည်းရ။ မြစ်မကမ်းမြွေး။ ဘုန်းပေး
ကြပတော့။ တနေ့တလုပ်။ မယုတ်အာသာ။ သတ္တာသတ္တ။ နဝစာ
လီ။ ဖြည့်ညီရက်ရ၊ သဏ္ဍာန္ဒ။ သတ္တရက်ဖြင့်။ ချိန်ရွယ်လင့်သို့။
အခွင့် လည်းကောင်း။ ရှင့်ဘေး လောင်းတွင်။ အကြောင်းတုံ

လည်း။ဘုံပဌမ။ဖြစ်စမျက်နှာ။မြင်ကာကြိုက်ပြန်။ဘုန်းသန်ကိုတွိ။ မြောက်ပြို့ထင်ရှား။ချွန်းသွါးဝရဖိန်။ရောင်ထိန်ချက်ချက်။လေး နက်လုပ်ရ။ အံ့အဲကြသည်။ ။နှိုင်းဆတည့်ပုံသွေး၊ တူခင်း ဝေး။ ။ဧးလည်းယင်ယင်ဧး။

၉။ သတိုးညွှန့်ကောင်း။ အပေါင်း သုံးဆယ်။ စင်ကြယ် တွတ်တွတ်။ ငွေသို့ ချွတ်မှ။ ရက်မြတ် ကျော်ထွင်။ ဖန်စီရင် လျက်။ ရွှေစင်သိင်္ဂါ။ ဇဝါချွန်းရွက်။ အတက်ချွန်းရိုး။ တူနှိုးပြိုင် ရှား။ သက်တော်ဖျားဝယ်။ ရငြားတော်စင်။ ပတ်ရစ်လကျာ။ နာဂါဆဒ္ဒန်။ကြန်သမိုင်းလည်း။ အတိုင်းသင်ခေါင်။ သုံးတောင် မှတ်ထက်။ ကိုင်ခက်မတွဲ။ သုံးဆဲ့သုံးဆစ်။ ပြေပြစ်မျက်ကင်း။ အဆင်းရွှေနှစ်။ သရစ်လှခေါင်။ ဒေါင်းပေါင်မျောမျော။ လျော လျောခတ်ညွှတ်။ နှိုင်းတုလွတ်သည်။ ။နဂါးပတ်တည့် နှတ် ပေး၊ရခဲရေး။

၁၀။ တကြောင်း ဤမှူ။ လျှောက်ဘော်ပြပိမ့်။ အသရော ဇာ။ရတနာလည်း။ခဲစွာရခက်။အလွန်ကြက်၍။ ထားထက်ချတ် ကျ။ကျူးခွံစသို့။လှသည့်နားရိုက်။လကျာခွဲဝယ်။ နှစ်ခြိုက်ဘွယ် တောင်း။ ဖွေတစောင်းနှင့်။ ကောင်းသောဖွေကြန်။ ရန်မာန်မ ရှောင်။သုံးတောင်တမိုက်။အကိုက်စွန်းလစ်။ လေးသစ်သံတိုင်။ ဆွယ် ပြိုင်နှိုင်းကင်း။ ရိုင်လျော် မြင်းကား။ အချင်းမှန်စွာ။ သံ တထွာသော်။ခွါဈ၍လုံးပတ်။စနတ်သုံးပြန်။ လက်ရုံးအန်ကြောင့်။ ကျော်ဖွန်နှံ့နည်။ စိန့်တို့ ပြည်မှ။ ရောက်လှာ ရဟု။ ပေါက်ပြ သတင်း။ ယခေါင်ချင်းသည်။ ။ခပင်းတည့်နီးဝေး၊ ပန်းနှယ် မွှေး။ ။ဧးလည်းယင်ယင်ဧး။

၁၁။ စေ့စေ့ရုံရုံ။ခြုံရုံတပေါင်း။အကြောင်းသန္ဓေ။ လျှော်ံ သောထွေမှု။ပရမေမှန်ကင်း။ ရန်နင်းဘုန်းထင်။ ငါးစီးရှင်လျှင်။ နွယ်ပင်စင်စစ်။မျိုးရင်းဖြစ်၍။ သစ်သစ်မကြွင်း။ နားတော်သွင်း ရှင့်။ နှိုင်းခင်းပုံပြင်။ ပန်းတင်ခံမှ။ ထိုထိုစသည်။ ကိစ္စကြီးယာ။ အင်္ဂါပြည့်ညီ။စေတီပြီးလျှင်။ ရွှေထီးတင်သို့။ နတ်ရှင်မင်းမြေး။

မင်းလောင်းသွေးကို။သုံလေးပျံ့ပျူး။ကျွန်ုပ်ဈာျူးသည်။ ။ရွှယ်လူးတည့်နတ်ပေး၊မှတ်စိတ်တွေး။ဧးလည်းယင်ယင်ဧး။

၁၂။ နေနတ်သားနှင့်။ နဂါးဥမျိုး။ ဗိုင်မျိုးမခြား။ သုံးပါးသိုက်ဝင်။ဗျာဒိတ်ယင်က။ ရွှေစင်နိကွ္ခ။မလိုမြဲကို။ မာဃရောရ။ သွန်းရုပ်ပြုသို့။ အတုမ်မြင်။ငါးစီးရှင်၏။ နွှယ်ပင်အလျဉ်။ အစဉ်မပျက်။နန်းထက်နှင်နှင်။ ဘွားသန့်စင်လျက်။ ဖွံ့ထင်ကျော်ဟိုး။ မိုးညင်းစိုးသား။ သတိုးတရား။ လူ့ထွတ်ထားတုံ။ တိုင်းကားနိုင်ငံ။ပိုက်သိမ်းနှံ့မှ။ ကောင်းကြံစိတ်ဖြူ။ အလှူသီတင်း။ မယွင်းစောင့်စည်း။ကုသိုလ်ဆည်းသည်။ ။ရိုက်ကြည်းတည့်ကျော်သွေး၊ဘေးရှင်ဘေး။ ။ဧးလည်းယင်ယင်ဧး။

၁၃။ ငါးစီးရှင်မြစ်။ဘုန်းသစ်ပရမေ။ကြက်သရေပြောင်ပြောင်။ စောရဲခေါင်လျှင်။ ရွှေတောင်ဥကင်။ မမြန်းခင်က။ဆင်ဖြင်နတ်ဘွယ်။စောဘွဲ့မယ်နှင့်။ ခန့်ရွှယ်ရည်စောင်။မြန်ဘောင်အလုံး။သိမ်းကျုံးယူစံ။ကျုံကျုံပွက်ဆို။ ကျေးတောင်ညိုကို။ပြောပိုစစ်ခြေ။များထွေခပင်း။မိုးညင်းကလေး။ နှစ်ပါးထွေးလျက်။ ရန်မြွေးသုတ်သင်။ပယ်အံ့ယင်၍။ ကျွန်းတွင်ကျော်ဟိုး။ သတိုးစဉ်ရှေး။ဘေးတော်ဘေးလျှင်။ ရန်ကြေးဖွပ်ဖြူ။ အောင်တော်မူရှင့်။မလင့်အခါ။ချပ်ပါသန်လျက်။ ပြိုးပြက်ရတနာ။ နှိုးတန်းခဝါနှင့်။ ရာဇာရွှေစက်။နန်းသာတက်သည်။ ။ကြိမ်ခက်တည့်ပုံသွေး၊မကြားသေး။ ။ဧးလည်းယင်ယင်ဧး။ ။ဧးဧးပျံ့ပျူး။ ရွှယ်လူးနတ်ပေး။ မင်းလောင်းသွေးကို။ကျူးဧးမစဲ။သာညွှင်းလွဲသည်။ ။ရန်ကဲစက်တော်ခေါ်ဘိသေး။ ။ဧးလည်းယင်ယင်ဧး။

၁၄။ ဗျာဒိတ်သိုက်ဝင်။ ငါးစီးရှင်၏။ နွှယ်ပင်စည်လျား။ မိုးညင်းစားသါး။တရားကျော်ဟိုး။သတိုးကြဋ္ဌန်း။ရွှေတောင်နန်းထက်။ဖြန့်ဝန်းစကြာ။သံလွင်သါနှင့်။ချမ်းသာခံပြီး။နတ်ရပ်မှီးမူ။ သားကြီးရတနာ။ရဲကျော်စွာလျှင်။ ရိုက်ရာယူမြော်။ မရောက်တုတ်ခွန်။ သောင်းပုန်ကန်သော်။ ရန်မာန်နှောင့်နှေး။ကလေးမိုး

ညှင်း။ ထိးနှ်ာစင်းကို၊ သတင်းကြားက။ ချိသွားမမြန်း။ မကျန်း ကိုယ်တော်။ ထိုသရော်၌။နူဘော်ယုံလှ။ စေသီဟကား။နေ့ံ မှတည့်တည့်။မျက်နှာလှည့်က။ ပြည့်တုံ့အလို။ ဘုန်းရှိန်ခိုဟု။ဆို သော်စကား။ဆက်ကာကြားသည်။ ။ကြောင်းလျှားဘည့်စဉ် ရှေး၊ လှူဘူးကျွေး။ ။ဧးလည်းယင်ယင်ဇ်း။

၁၅။ ထိုတွင်ရှာဖွေ။ ရှမ်းရွာမြေကို။ စက်ရွေမမြန်း။ နေ ဆန်းနေကာ။ ဘုံဂိဝါမှ။ ရတနာညောင်စောင်း။ ဥဒေါင်းထွန်း ပြိုင်။ခြသေ့်ဆိုင်ထက်။မခိုင်ဏူရိယာ။မသါကိုယ်တော်။လျှောင်း သရော်တည့်။ ရှုမျှော်မျက်ခြောင်း။ မြောက်သို့စောင်းက။ ရန် ညောင်းကိုက်ညှာက်။ပျော်တုံမလှန်။ဝင်ပြေးပြန်သို့။ကျော်ဂုန် ကျန်အောင်။ယခေါင်ဆိုနည်း။မင်းပေါင်းလည်းဟု။ ရိုက်ကြည်း တန်းခိုး။ ရိုဃ်းနှယ်ကြိုးသည်။ ။ကြော်ံစိုးတည့်တုပ်ကွေး၊ တိုင်းခွင်ကျေး။ ။ဧးလည်းယင်ယင်ဧး။

၁၆။ ရှေးလှူပဏ္ဍနာ။ ကြိုးသမ္ဘာနှင့်။ အာဏာဌန်သည်း။ လျှောင်းလည်းလျှက်ပင်။ ရန်အောင်မြင်သား။ ဘွဲ့ထင်တေဇာ။ ရဲကျော်စွါတုံ။ နတ်ရွာတဘန်။စံဟောင်းပြန်မူ။ခန့်ရန်နန်းရော်။ သားတော်ဇါတိ။မရှိသေါ်အား။ ချောက်ချားပြည်သူ။လူတကာ တို့။ မဟာသိရိ။ အဘိဇေယ။ သူရတောင်တွင်း။ ရန်နင်းသီဟ ပတေ့။ ခြသေ့်မည်ရင်း။ ကူးခန်းမင်းကို။ ဆောက်နှင်းရိုက်ရာ။ တောင်းပန်ထွာသည်။ ။မေတ္တာတည့်ရှေးရှေး၊ ငြိမ်းလွှယ် ရေး။ ။ဧးလည်းယင်ယင်ဧး။

၁၇။ ရိုးညှင်းအုပ်ပိုး။သတိုးရန်နင်း။ ပွင့်လင်းရွှေတောင်။ ရနော့ဆောင်ရှင့်။ ဘုန်းရောင်ရိပ်ခွဲ။ရန်မာန်စဲသား။မင်းရဲကျော် စွာ။ရတနာကန်နက်။ နှစ်ဆက်စောထိး။ မျိုးမသီးတည့်။ ဦးရိုး ယောက်ဖ။ ရင်းချာလှသား။ သီဟမည်ဟော့။ သီဟ်ပတေ့အား။ ဤသို့ကြား၏။ တို့ကားမင်းမျိုး၊ မင်းရိုးမဟုတ်။ မဲပြုတ်မင်းစဉ်။ မလျှဉ်မပျက်။သံမှိုနှက်သို့။ တချက်တည်းသာ။ သစ္စာဧကန်။မ

ဘောက်ပြန့်သည်။ ။ကျော်ဌန်တည့် ငွေးသွေး ဘက်နွန်းဝေး။ ။ဧးလည်းယင်ယင်ဧး။

၁၈။ ကျူးခန်းကလေး။ တိုင်းကျေးနှစ်ထပ်။ အုပ်ကွပ်ပိုင်သ။ တော်မှန်လှလျက်။ သိဘမည်ခေါ်။ ဦးရီးတော်လျှင်။ ပွက်ဆော်တဘုန်း။ခင်းကျင်းရန်၏။ စံပြန်နတ်ရွာ။ ကျော်စွာမိပတိ။ သားမရှိလည်း။ဇာတိမဘောက်။တဝမ်းပေါက်သား။ ညီအော်အရင်း။ သတင်းကျိုက်သူ။ သိဟသူကို။ ဇမ္ဗူကျွန်းဘောင်။ရွှေတောင်ပျော်ခွင့်။ ပြည်မှာပင့်၍။ လှစ်ဖွင့်ဥကင်။ သံလွင်လက်မြောက်။ ရိုက်ခေါ်တမွတ်။ ရိုးတုံလတ်က။ သွံပတ်ကြားသိ။ နရပတိပဝရ။ နာမမည်မှတ်။ နိုင်းတုလွတ်သည်။ ။ရိုညွတ်တည့် ဗိုလ်ဧး၊ ချစ်မြတ်လေး။ ။ဧးလည်းယင်ယင်ဧး။

၁၉။ တန်းခိုးကျော်သောင်း။ အလောင်းရင့်စင်။ တကျိပ်ဝင်၍။ မြန်ခွင်တိုက်ခန်း။ ထက်ဝန်းကြေညာ။ ချမ်းရိပ်ကာလျက်။ နရာသဘ။ မြေခံပေလရှင့်။ အင်းဝပြည်သူ။ လူတကာတို့။ နေရာမသိ။ ရေးရာကြိုးဟု။ သိးသိးလျှောက်သော်။ သူငယ်တော်ကို။ ခေါ်၍နတ်တူ။ မိန့်တော်မူ၏။ ပြည်ငှသန်လျက်။ ကျွန်းဦးထက်က။ သုံးချက်ဆတ်ဆတ်။ ကြိမ်လုံးခတ်၍။ ခေါင်ထွတ်နရပတိ။ မျက်တော်ရှိစွ။ မသိကိုယ်ရမ်း။ မြစ်ဌမ်းအာပေါ်။ လိုတော်ဆန့်ဆန်။ မတက်ပြန်နှင့်။ တမန်ကြားမြောက်။ တမိုးသောက်သော်။ ရွှေမှောက်ဘုန်းထင်။ ကွန်းပြောက်ယင်သည်။ ။ပွမ်းဖြင်တည့် ဖွေးဖွေး၊ ညီလာလေး။ ။ဧးလည်းယင်ယင်ဧး။

၂၀။ ရတနာရောင်ထွန်း။ ရတ်ဝနန်းမှ။ ပတ်ဝန်းခြံရံ။ ညီလာခံရှင့်။ မြစ်ယံကမ်းစ။ ကျလေပြီလော။ ရနောဘုန်းတူ။ မေးတော်မူသော်။ ဌန်ဆူဖြိုးမေခံ။ တထွာလောက်လျှင်။ မြေခံတုံလျှံတက်။ နေ့တိုင်းထက်ဟု။ ဆက်ဆက်လျှောက်က။ တန်ရေဝ၍။ နာဂရေနတ်။ တိမ်ညွတ်ကဲလွန်။ ပန်တုံဆေးခွက်။ အာဏာစက်ကြောင့်။ ခဗ်ချက်ရာရင်း။ ထုံးနန္ဒင်းဖြင့်။ လင်းပြောင်သုတ်မှု။ ထိုခဏဝယ်။ ချမ်းမြယဉ်တွေ့။ အထွေမဆန်။ ဖြစ်သော့ဟန်ကို။

မကျန်ကြွင်းလျော့ကော်။ပျံ့ပျူးလျှော်သည့်။ ။နှောင်းပေါက်
တည့်ရှင်ထွေး၊နာဆေးလေး။ ။ဧးလည်းယင်ယင်ဧး။
၂၁။ တကြောင်းတုံလည်း။အောင်ဘုံဌာန။ ပန်းယနောက်
ယွှန်း။သင်ပန်းမည်ထင်။အရပ်တွင်၌။ညွှန့်ရှင်ခက်လက်။ ဖြိုးဟုန်
တက်သား။သရက်ပင်ကြီး။မသီးမပွင့်။အရှည်မြင့်ဟု။ ဘေးရှင့်
ဘေးတော်။ကြားသရော်လျှင်။သံတော်လွှတ်စေ။ သီးလေသင်
နှစ်။သက္ကရာဇ်ဝယ်။ လသစ်မဆန်း။ ရွှေနှုတ်မှန်းက။ဘုန်းတေဇ
ကြောင့်။အမ္ဗရက္ခာ။သီးမှည့်ပါ၍။ အာဏာတော်စက်။ သရက်
ပင်ချို။ ယခေါင်ဆိုလျက်။ လူမိုလ်ခပဲ။အံ့ကြဲဆဲရှင့်။ ကျောင်သဲ
ကျွန်းပြင်။တိုင်းခွင်ကျော်စော။ ထိုမှနောက်ကား။ သဘောတရား။
သုံးပါးလောကဓာတ်။ ဘဝဇာတ်ကို။ သိတတ်မြင်နိုင်။ ဥာဏ်
မတွိုင်အား။ ကြံ့စားရှေ့ရှု။ ဆုကြီးချူသည်။ ။စင်ဖြူတည့်
ထပ်ပေး၊လူ့မျိုးကျေး။ ။ဧးလည်းယင်ယင်ဧး။
၂၂။ အနုအလတ်။ ရင့်ထွတ် ဆုံးခြား။ လောင်း သုံးပါး
တွင်။ဘုရားသဗ္ဗညူစစ်။ဖြစ်အံ့ခါနီး။အံ့ချီးရဲရဲ။ပွင့်ဆဲဆဲလျှင်။စဲ့စဲ
ညွှန့်ရှင်။တကျိပ်တွင်၌။ဝင်တုံတယောက်။ ရွှေမှော်လောကနာ။
မဟာနရပတိ။ထိုသိဒ္ဓိသည်။ဇာတိဖြစ်မြဲ။ကောင်းရာလဲမှ။သွေးခဲ
သည့်ကြား။ရည်ထားမင်းလျှာ။ဘုန်းစကြာကို။ သမ္ဘာလှစ်ဖွင့်။
လိုမယ်ပွင့်က။ ကျော်ဆင့်ထစ်ကြီး။တန်းခိုးဌန်မှန်။ ပြည်သို့ရန်
သား။ ကြောက်တုန်ကြောညာ။ အာဏာထင်ရှား။မင်းတရားဟု။
ရှစ်ပါးမြေပြင်။ခွန်တော်ချင်သည်။ ။လူတွင်တည့်ဘက်ဝေး၊
ဘိုးတော်ဘေး။ ။ဧးလည်းယင်ယင်ဧး။
၂၃။ မဟာဓမ္မရာဇာ။ ကြေညာကျော်ကြား။ မင်းတရား
တုံ။ တိုင်းကားပတ်ဝန်း။ ပိုက်သိမ်းမြန်းလျက်။ ရေစက်ချလျှင်။
စင်ဖြူသီလ။အာစာရတိ။ ဘဝသုံးကွဲ့။ သူရန်ပဲကို။ ဖြစ်မြဲဧကန်။
ခန္တာလွန်မူ။ပြင်းထန်တေဇာ။နေ်ာရထာဟု။ကုမာရဖြစ်။ တစစ်
နွေလျှော်။စည်းစိမ်ပျော်ပြီး။ ကြီးသားရွယ်သက်။ စွမ်းခက်ရုပ်
ဝါ။ အဓ္ဓါရသ။ သိပ္ပ မကြွင်း။ အိမ်ရှေ့မင်းလျှင်။ ပွင့်လင်းရွှေ

တောင်။မုနော့ဆောင်၍။မင်းခေါင်ဟူသည်။ မင်းမြဲမော်မည့်နှင့်။
ဘုန်းစည်တံခိုးဖြန်း။နိုင်ငံမြန်းက။မကျန်းတယောက်။ ထံအောက်
ကျိုးနွံ။လက်စေခံ၍။ကောင်းကြီးဆုကြီး။နိဗ္ဗာန်မှီးကို။ဖွဲ့ချီးလျှာရှင်။
ဘိသိုက်တင်သည်။ ။ကြည့်ရှုင်တည့်မြတ်လေး၊ရပ်နီးဝေး။ ။
ဧးလည်းယင်ယင်ဧး။

၂၄။ သုံးပါးရိုက်ရာ။သာသနာ၌။အာသါလွန်ပြင်း။ကြည်
ဖြောင့်စင်းသား။ ထွန်းဝင်း ဘုန်းရောင်။ ထွတ်မင်းခေါင်လျှင်။
တန်ဆောင်ဟူလောက်။ သားနှစ်ယောက်တွင်။ လက်ဦးမြင်သား။
ငါးပါးတန်းဆာ။ထိုးစကြာနှင့်။ ပမာမယုတ်။ ကျမ်းဂန်ထုတ်မှု။
စေတုတ္တရာ။ပြည်မြတ်စွာ၌။ရာဇာသိဠ္ဌည်း။ ခမည်းတော်မင်း။
ဆောင်နှင်းကော်ရော်။ ဝေသန်တော်ကို။ မြော်တုံနောင်ရေး။
ကြောင်းကြေးဟု။ နှောင့်နှေးမရှိ။ သတိတည်စွာ။ မင်းပညာဖြင့်။
မဟာသီဟသူရ။ နှံ့မှုကျော်ချီး။သားတော်ကြီးကို။ အပြီးမျက်
မှောက်။မင်းမြှိုင်မြောက်သည်။ ။မြော်ထောက်တည့်နောင်
ရေး၊ကြံခဲ့သွေးနွေး။ ။ဧးလည်းယင်ယင်ဧး။

၂၅။ တကာဖွဲ့ချီး၊ မြတ်ရာမှီးလျက်။ ကြီးသားတော်ဇော်။
မင်းနှစ်ဘော်ကား။လော်ကစည်းစိမ်။ ဘောက်လဲငြိမ်မှ။ မတိမ်
မမြုပ်။ရှေးကမြုပ်သါး၊လက်အုပ်တပြိုး။ရွှေဖျဉ်းအိုးသို့။ ကောင်း
ကျိုးဗလဝ။ ကံဟောင်းမ၍။ ဆီးဆမနိုင်။ အပြီးတိုင်၍။ ရင့်နိုင်
ဘုန်းအင်။အောင်ထင်နိမိတ်။ကြည်သောစိတ်ဟု။ ကောင်းဟိတ်
သွင်းသွင်း။ ဂဠုန်မင်းလျှင်။ လက်ငင်းမကြာ။ ဘိုးတော်ရာကို။
နန်းသာရွက်ရှင်။လှစ်ဖွင့်ငင်က။မြေပြင်ခပင်း။ တိမ်းတင်းဘွယ်
တိ။နရပတိမည့်လေး။သာပျံမွေးရှင့်။ကြောက်ဧးရန်ဘက်။ ထုံး
နှယ်ညက်မှု။ကြေပျက်သုန်းဖျင်း။ပွင့်လင်းတိုင်းကား။ လွန်မြော်
မြားသည်။ ။ထင်ရှားတည့်ကျော်သွေး၊နေနတ်မြေး။ ။ဧး
လည်းယင်ယင်ဧး။

၂၆။ အဘိဓာဇ္ဇနှမြိုး။ ကုသိုလ် ပျိုးသော်။ မျိုးလည်းနေ
နတ်၊ ဩ့ပတ်ကြားသိ။ နရပတိသေဠ္ဌနင်း။ ထွတ်မှန်ကင်းလျှင်။

စည်ကွင်းနွယ်ဆက်။မပျက်စေမှု။နောင်လာရှု၍။ ကေတုမတိ။ ဌာနီရပ်သီး။ ပြည်ကြီးရိုးရ။ ဘိုးမင်း ဘကို။ နှမတော်ရင်း။ မိသားချင်းနှင့်။ ထွန်းဝင်းဂိဝါ။ရတနာကနက်။ ပြုရွက်ရိပ်ကြီး။ ထီးရွှေစည်ဖြင့်။ ရွှင်ကြည်လေးမြတ်။သလှာလတ်၍။တိမ်းညွတ် ကြေညာ။ ဥာဏ်ရောင် ဖြာလျက်။ မဟာ သိရိ။ တွင်ဘိနာမ။ ဇေယတမွတ်။ တံဆိပ်ခတ်သည်။ ။ရိုညွတ်တည့်နိုးဝေး၊ ခွန် ဆက်ပေး။ ။ဧးလည်းယင်ယင်ဧး။

၂၇။ ကောင်းချီးသံခြေ။ ကြားလျှောက် ပေဒွံ့။ ပရမေ ထွတ်ချာ။သောင်းမျက်နှာဒ္ဓ။အာဏာဝှန်ဖြိုး။ မင်းဝံရိုးဝယ်။ဥမျိုး နွယ်ဆက်။ စဉ်မပျက်သား။ ဘဝဂ်ထွတ်ချင်း။ သတင်းဝှန်ဝါ။ မဟာသိရိ။အဘိဇေယ။စောသူရဟု။ နာမတမွတ်။ တံဆိပ်ခတ် က။ ရိုညွတ်နွံ့ပြင်း။ ရှင့်ဘမင်းကို။သတင်းချီကြွား။ ကြားသား ပြည်ထောင်။ လက်ဆောင်လည်းပါ။ ရောက်လာမစဲ။ ခွန်သမြ လျက်။ ကျော်သဲမြေပြင်။ ထိန့်ထိန့်ရှင်မှူ။ တိုင်းခွင် ရပ်ကျယ်။ ဇင်းမယ်သေဌ်နင်း။ ထိုသည့်မင်းလျှင်။ သတင်းကောင်းချီး။ချစ် ပန်းကြီး၍။ဝေးနီးအွံ့လောက်။ လက်မြောက်သံလွင်။ရောင်ထင် ရပ်ကြီး။ရွှေထီးဖြူလွှ။ရောက်လာရသည်။ ။ဒိပတည့်တဝေး၊ ကြိုင်ပျံမွှေး။ ။ဖူးလည်းယင်ယင်ဧး။

၂၈။ ထိုခါသရော်။အကြောင်းဘော်ပိမ့်။ ရှင်တော်မြတ် လှ။ ဗျာဒိတ်ရသား။ နွယ်စမပြောင်း။ ဆက်တိုင်းကောင်းရှင့်။ ဘေးလောင်းနေနတ်။ မြတ်သည်နှင်နှင်။ တစီးရှင်က၊ ပယ်သင် ရန်လှေး။မဝေးစပ်ကာ။ အာဏာတလျှဉ်။မင်းစဉ်တို့မြစ်။ ဘေး ရှင်ချစ်မှု။ ဖွင့်လှစ်ရိပ်ပြု။ စံတော်မူက။ နိုင်းတုမရှိ။ သိရိပဝရ။ မြတ်လှသေဌ်နင်း။ ကျော်ခေါင်မင်းဟု။ ကျွန်းတွင်းသပြေ။ထိန် ထိန်ဝေမျှ။ချစ်နေ့မေတ္တာ။ သစ္စာပိုက်နှင်း။ပဲကျူးမင်းတို့။ မယွင်း နောင်ရေး။စည်ဝေးတိုက်ကား။မခြားနားတည့်။ ရွှံ့အားကြီးမှု။ ထီးဖြူမြောက်စည်။သာကြည်ညွတ်ခ။ပို့လာရသော်။မာဃနတ် သွင်။ဥကင်လှစ်ဖွင့်။စံတင့်ပျော်ပါး။မှူးမတ်များနှင့်။သိကြားနတ်

တူ။ထွက်တော်မူသည့်။ ။ဗိုလ်လူတည့်ကြောက်ဖေါ်၊ တုပ်ဝပ်ကွေး။ ။ဧးလည်းယင်ယင်ဧး။

၂၉။ သတင်းလွှံ့ကျော်။ တန်းခိုးတော်ကား။ နှမောဒနာ။ သဒ္ဒါကောင်းချီး။ မြတ်ရာမှီး၍။ ရွှေထီးဘုရား။ ရင်သည်းကြားလျှင်။တိုင်းကားမြန်ခန်း။ယူသိမ်းမြန်းလျက်။ မော်ကွန်းသိုက်ဝင်။ ထင်သည့်ထစ်ထစ်။သက္ကရာဇ်ဝယ်။ဘိုးချစ်ဘဂျင်။ မျက်မြင်လူ့ရွာ။စံပျော်ခါသော်။ မတ်ရာမွမ်းဖြင်။စိရင်ခံပြီး။မြတ်ရွှေထီးကို။ မငြိုးရှုကြ။သံမြသာလေး။ကောင်းချီးပေးလျက်။ ညီးလက်ရောင်လင်း။ ထီးသုံးစင်းနှင့်။ ခွက်ခွင်းသံလွင်၊ ပဥ္စင်ငါးမည်။ လက်မြောက်စည်လည်း။ရင့်မြည်ခြိမ့်ခြိမ့်။နှစ်သိမ့်ဝမ်းပါး။ သားချင်းများနှင့်။ ဘဝါးရွှေစက်။ နန်းသာတက်သည်။ ။အောင်ဆက်တည့်စဉ်ရှေး၊ တုဘက်ဝေး။ ။ဧးလည်းယင်ယင်ဧး။

၃၀။ ပေးလှူစေတနာ။မြတ်သဗ္ဗညာဖြင့်။ ရင့်မာနှစ်နှစ်။ ဆုသစ်ကောင်းကျိုး။ အုပ်စိုး လျှံပြောင်။ မုနောဆောင်သား။ ငါးထောင်တည့်ရာ။သာသနာဝယ်။လွန်တင့်တယ်လျက်။ နှစ်ရှယ်မတွေး။ပြည်ရေးထဲမှု။ လုပ်ကြံပြု၍။ ကြီးထုအင်အား။ လေးပါးစစ်အင်။ မြင်းဆင်အံ့လောက်။ အမြောက်သေနတ်။ စွတ်စွတ်နိုတွေး။ရွှေရေးချပ်ကာ။ ရွှေကာမိုးနဲ့။ ပျားလျှင်စွဲသို့။ မလွဲစင်စစ်။ သည့်နှစ်ဆောင်းဦး။ပြည်ပဲကျူးကို။ရွှယ်လူးနတ်ရှင်။ချီအံ့ရင်က။ သံရှင်ခြိမ်းမြည့်။ အောင်စည် ကျူးရိုက်။ နှစ်ခြိုက်ကြည်ဖြူ။ ချီတော်မူသည့်။ ။ရန်သူတည့်အလှေး၊ ရှုံကြောက်ပြေး။ ။ဧးလည်းယင်ယင်ဧး။

၃၁။ နှစ်ခြိုက်ဝမ်းမြူး။ ပြည်ပဲကျူးကို။ ရွှယ်လူးနတ်တူ။ချီတော်မူသော်။ လျှပ်တူ စက်သွင်။ ဇွဲဆင်မုန်သောက်။ ဆဒ္ဒန်ပေါက်ချည်း။အပြည်းပြည်းကို။ တိုက်လှည်းသတ်ခြင်း။ မကြွင်းခဏ။မြို့လုံးရလျက်။လက်ချညောင်းညောင်း။ စောလောင်းဘုန်းထူ။အောင်တော်မူက။ ရိပ်ဖြူစကြာ။ သံလွင်သာနှင့်။ များစွာရံပတ်။မှူးမတ်ဗညား။ဝပ်တွားရှိသော။ရွှေငွေဆင်မြင်း။ ဆက်နှင်းစု

ပုံ။ရတုံခွန်သွင်း။ပယ်လင်းရန်မြစ်။ တူး၍ပစ်သို့။ ဖွင့်လှစ်ဥကင်။ ဘိသိက်တင်က။ဘေးရှင်ဘိုးလောင်း။ အကြောင်းနွယ်ရစ်။မင်းခေါင်မြစ်လျှင်။ ပြစ်ပြစ်မကြွင်း။ နိုင်ငံသွင်းသည်။ ။ပွင့်လင်းတည့်ကံကျေး၊ထပ်ကာပေး။ ။ဧးလည်းယင်ယင်ဇး။

၃၂။ ဘိုးလောင်းကဲလွန်။ ရှေးကျိုးဘန်၍၊ ဘုန်းသန်ရင်နှစ်။ဘေးချစ်ဘိုးလောင်း။အကြောင်းစစ။ဗျာဒိတ်ရသား။ သကျဇိနေဉ်။ သုံးဘော်လူ့ချာ။ ဒေသစာဖြင့်။ ရောက်လာရှေ့ရည်။ ကမ်းယံပြည်မှ။ ပြောစည်ယင်းမှာ။ ဒွါရာဝတီ။ တည်ဦစည်လျှား။ နဂါးအားလည်း။ နင်းသွားခြေရာ။သစ္စာမြဲမှန်။ ရသေ့ပွန်ကို။ ပြည့်ွန်ခဲ့ကာ။ ရန်လှာထိုရေဉ်။ အံ့ချီးခေါ်၍။ ရှင်တော်ဘုရား။ ဘိုးဦးဖျားမှ။ထားတုံလွှမ်းဟိုး။ ဗျာဒိတ်ရိုးတွင်။ ရှင့်ဘိုးတော်မြတ်။ နွယ်မပြတ်တည့်။ရင်မှတ်ဘုန်းခေါင်။ဒွတ္တပေါင်ဟု။ကျုံးဆောင်နိုင်ငံ။စက်လှံပျံက။ အကြောင်းစလျက်။ဒိပမြန်ချာ။ ဘေးတော်ရာကို။စကြာပိုးမည်။မြန်းအံ့ရည်သည်။ ။ဆက်ရှည်တည့်ထိုရှေး၊ဗျာဒိတ်ပေး။ ။ဧးလည်းယင်ယင်ဧး။

၃၃။ မြတ်မျိုးစင်စစ်။ ဘုန်းညွန့် သစ်နှင့်။ ဖွင့်လှစ် လျှံပြောင်။ ရိပ်ဖြူဆောင်သား။ မြရောင်သပြေ။ ကျွန်းအောင် မြေထက်။ ပရမေမှန်ကူ။ လူတို့တန်ဆောင်။ စောဘုန်းခေါင်လျှင်။ ကြာအောင်ဆက်ရှည်။ရသေ့ပြည်ဌ။သါကြည်ပျော်စံ။ဘိသိက်ခံ၍။ မင်းဝံစံပယ်။ အရွယ်စင်စင်။ သာကီဝင်သို့။ အောင်မြင်ဗျာဒိတ်။ နိမိတ်သုံးဘောင်။ ထိုသရေဉ်ဝယ်။ ပူဇော်သော့တိုင်း။ စည်ဆိုင်းပုဂံ။ မင်းဝံရတနာ။ ဆက်ကာအုပ်စိုး။ တန်းခိုးကြီးထင်။တစီးရှင်က။နွယ်ပင်မင်းစစ်။ဘိုးတော်ချစ်မူ။ရင့်နှစ်သမ္ဘာ။တေဇာလက်ရုံး။ဆန့်ကြုံးယူမြောက်။ မြစ်တလျှောက်ကို။ ပယ်ဖျောက်ရန်စ။ နွဲ့ခဲ့မှလျှင်။ ချီကြွမိုလ်အား။ ယိုးဒယားသို့။ တရားစောထီး။ရောက်လေပြီးသော်။ လျှပ်မီးစက်သွင်။ ဓွဲဆင်သူရဲ။ ကာစွဲလေးသည်။ရှေ့တည်မီးပေါက်။ပစ်ဘောက်ဖြိုဖြို။ မနှံတူး

သွ။တာငန်းချ၍။သိဟာဘုန်းထွတ်။ရဲတုလွှတ်သည့်။ ။ရှိညွှတ်တည့်ကြောက်ဧး၊ရန်အလှေး။ ။ဧးလည်းယင်ယင်ဧး။

၃၄။ သပြေတိုင်းစွန်း။ ရှေတောင်ယွန်းခွဲ။ သောင်းကျန်းရိုင်းလျက်။မြို့လက်နက်နှင့်။ အခက်အဲခိုး။ခံနိုင်နိုး၍။ မာန်ကိုးမျိုးသား။ ယိုးဧယားလျှင်။ ကြွေးစား တဘန်။ ထွက်လာ ပြန်သော်။ ပြောင်သန်ယဥ်ကျော်။ ထင်ပေါ်အံ့လောက်။ ဆဒ္ဒန်ပေါက်နှင့်။ ကြိုထောက်သံရည်း။တစီးစာည်းလျှင်။ ခုတ်ပည်းမွမ်းရေ။သူ့ဆင့်ထွေကို။ဂုန်ဝေကျော်သောင်း။အလောင်းရန်နင်း။ရှင့်ဘမင်းလျှင်။လျှင်ပြင်းဖွင့်လွှတ်။တိုက်သတ်ကြေညက်။ ထွားထွားပျက်မှု။သမက်နှင့်သား။နှစ်ပါးတကွ။ မြို့လုံးရသား။ တေဇာဘုန်းထု။ ဇမ္ဗူ့သခင်။နတ်ရှင်မင်းကျော်။ ဦးရိုးတော်လျှင်။ ရွှင်ပျော်မြတ်လေး။ပေးသည်မည်သာ။ ကျော်စွာမင်းရဲ။ ထွံ့ကဲတန်ဆောင်။ မြန်ဘောင်ထွတ်တင်။ ငါးစီးရှင်၏။ နွယ်ပင်မြတ်သည်။ ဘေးလောင်းမည်ဖြင့်။အောင်စည်တီးဖြန်း။ရဲဆုမှန်းသည်။ ။မော်ကွန်းတည့် တင်ရေး၊ သောင်းတိုက်ဝေး။ ။ဧးလည်း ယင်ယင်ဧး။

၃၅။ မော်ကွန်းထားတင်။ ငါးစီးရှင်က။သိုက်ဝင်မင်းရိုး။ရှင်ပင့်ဘိုးမူ။တန်းခိုးစက်ခြည်။ နေဝန်းလည်သို့။ ဖွေနည်ရန်မီး။ ငြွခဲ့ပြီးမှ။စောထီးဘုရား။လူ့ထွတ်ဖျားကား။ မှန်းထားသည်တွင်။ စည်ပင်နေခင်ခါ။သစ္စာမြဲနေ။ဖြစ်ရစ်စေဟု။ မိန့်ထွေပြတ်ပြတ်။ ဗျာဒိတ်လွှတ်က။ရှိညွှတ်ကြောက်လျက်။သါးသမက်ကို။မြဲချက်သစ္စာ။ မကွာတဘန်။နှင်းခဲ့ပြန်သော်။ ကျော်ဂုန်ထိးဆောင်း။အလောင်းသည်လျှင်။တို့အရှင်ဟု။မွမ်းဖြင်ရွှေငွေ။ခုတ်ထွေဆောင် နှင်း။ဆင်မြင်းကစ။ယူခဲ့မှလျှင်။ စံပယ်ကြီး။ ကောင်းချီးမင်္ဂလာ။ ယတရာဖြင့်။ ထိုခါမိုးယံလ။ ပြန်ခဲ့ကြွသော်။ ဒိပက္ခုန်းလုံး။ ပတ်ကုံးကြားနှံ့။ လိုင်ပျှံ သတင်း။ ရှင့်ဘိုးမင်းကို။ မကြွင်း ပြည်ထောင်။ခွန်သဆောင်လျက်။ မြရောင်ကျွန်းထိပ်။ ဇမ္ဗူဒိပ်ဝယ်။

တံဆိပ်သဏ္ဍာန်။ အဇကြောင်းမှန်သည်။ ။ဆက်ဖွယ်တည့်မ
ဝေး၊မကြာသေး။ ။ဧးလည်းယင်ယင်ဧး။

၄၆။ တန်းခိုးစက်ရောင်။ အာဏာဆောင်သား။ မြူမှောင်
လင်းပျောက်။ တိုင်းတလျှောက်ကို။ ထွန်းတောက် ဘာသနာ။
ပွါးကြောင်း ရှာလျက်။ ကမ္ဘာပေါ်ထွန်း။ တောင်ကျွန်း၌သာ။
လောင်းတကာတို့။ ပွင့်ရာမှန်စင်။ ထင်သားနိမိတ်။ အကြောင်း
ဟိတ်ဖြင့်။မဆိတ်မည်။ ဖြိုးလျှံပြဉ့်ရွှာ။စည်ပင်သာလျက်။မဟာ
ဒီပ။နဂရဝယ်။စံပခင်းကျင်း။မင်းတို့ပျော်ရာ။ ဟံသာဝတီ။သိင်္ဂီ
ရွှေနန်း။မြန်းခဲ့တဘန်။နတ်ရွာပြန်သော်။ နှောင်းရန်ရေးရာ။ ဒလ
မှာတုံ။များစွာကြည်းရေ။ဖြိုးထွေပုံယင်။အတင်တင့်ကို။ ပြောင်
လင်မည်သာ။ ရဲမြတ်စွာနှင့်။ ဖွေရှာပတ်ညက်။ ချိုးဖျက်ရန်စ။
ပယ်ခဲ့မှလျှင်။ ရှင့်ဘခမည်း။ရုံးစည်းခင်းကျင်း။ ရန်နင်းစကြာ။
ယောက်ဖရာကို။ ဒိဋ္ဌိနဂတိ။ တည်ဘိစေပြား။ မြင့်မိုရ်များမှ။
သိကြားမလျက်။ဘဝသုံးတန်။ထွားသန်ပဏ္ဍနာ။မင်္ဂလာကောင်း
ချီး။ရပ်ကြီးတောင်ငူ။ ရိုက်ဟောင်းယူသော်။ စင်ဖြူသိလ်။ ဒါန
မကောင်း။ရှင့်ဘွားမင်းနှင့်။လျှံလင်းအာသရေ။ အောင်ရပ်မြေဝယ်။
ပရမေမှန်ကူ။နတ်လူအံ့လောက်။ရနောဆောက်သည်။ ။တ
ထောက်တည့်နိုးဝေး၊ပျော်ရာရွှေး။ ။ဧးလည်းယင်ယင်ဧး။

၄၇။ အလောင်းရင့်စစ်။ ဖွင့်လှစ်ဥကင်။ ဘိုးနတ် ရှင်ဖြူ။
နွယ်ပင်မြေးမြစ်။အကြောင်းစစ်သော်။ရင်နှစ်မာသန်။လေးလေး
ပြန်ပိမ့်။ယုဂန္ဓိုရ်တောင်။ဖြူးခေါင်မြင့်ကျယ်။ သွားစံပယ်သား။
ငါးဆယ်ယူဇနာ။ ပြန်တာချက်မ။နေဝန်းပသို့။ လောကဝိဒူ။သုံး
လူဒေဝသဘာ။သွားသော့ခါဝယ်။ဧရာဝတီ။ မြစ်ဆိကမ်းဦး။ လွန်
ကျူးတန်းခိုး။မင်းဝံ့ရိုးတွင်။ကျောင်ပတိုးအံ့ချီး။ ပြုစောထီးဟု။ သီး
သီးထွံ့ထင်။ ဇမ္ဗူပြင်ထက်။တွင်တုံ့မော်ကွန်း။စောကြွှန်းက။စ
၍သိုက်ဝင်။ဘေးခင်ကြီးမြစ်။ရှင့်ဘိုးချစ်တုံ့။ ဧကရာဇ်ထင်ရှား။
မင်းတရားဟု။ လေးပါးလက်နက်။သိကြားစက်သို့။ အုတ်ကျက်
ထိန့်ရိုက်။ ဇမ္ဗူတိုက်ဝယ်။ ကျော် လှိုက်ဘုန်းမီး။ လက်ရုံးထီး

ကာ။ ထွန်းညှိုးရောင်ရှိန်။ ဝင်းထိန်သာသာသနာ။ သမ္မာသမ္ဗုဒ္ဓိ။သိဒ္ဓိ
ပဝရ။ မြတ်ဌါနဝယ်။ လောကမှန်ကင်း။ ရှင့်ဘိုးမင်းသည်။ ။
သံညင်းတည့်ခြေးခြေး၊ရန်တင်းမေး။ ။ဧးလည်းယင်ယင်ဧး။

၃၇။ ပွင့်လင်းသါသနာ။တည်ရာငါထောင်။မှန်းခဲ့ခေါင်
ကာ။ပြောင်ပြောင်ဝင်းခါ။ရတနာရောင်ထင်။ ပလ္လင်လည်းပေါက်။
မာရ်စစ်ရောက်သော်။တထောက်ပွဲချင်း။တျင်းတျင်းကြေပျက်။
သစ္စာနက်သို့။မါန်ဓာက်ရန်ငြိုး။သတိုးပြည်စား။အယူမှါးလည်း။
ခွန်အားကြီးလွန်း။ရွေစက်မြန်းကာ။ ဥဒါန်းဖြစ်လောက်။ ညီအောံ
သားချင်း။ တောင်ငူမင်းတုံ။ အပြင်းခေါလျှင်။ စီးမာတင်နှင့်။
ကျည်းရှင်တံခါး။ရင်တားမလွတ်။ ချိုးဖြတ်တိုက်ဘောက်။ထိန့်
ထိန့်ချောက်လျက်။ ကြောက်သည့်မြို့လုံး။ ရန်ပြုံးအောင်စဲ။ စင်
ပြီးရဲမှ။ နတ်ပွဲသဘင်။ စီရင်ခမ်းနား။ အပြားပြားဖြင့်။ သိကြား
ခေါ်နှီး။သတိုးဓမ္မရာဇာ။ မည်သာအံ့ချီး။ ညီတော်ကြီးကို။ရပ်
သီးနောင်ကြွင်း။ခေါင်နှင်းခဲ့ပြီး။ဘုန်းကြီးအာဏာ။ အညာတိုင်း
ခွင်။သုတ်သင်သာသနာ။ဖြန့်ခဲ့လာသော်။သါယာပျံ့ပျူး။ကျူးတံ
အောင်စည်။ဖြိမ့်မြည်သံလေး။တခြေးခြေးနှင့်။ တိုင်းကျေးတုပ်
ဝပ်။ဆယ်ရပ်အုပ်စိုး။ရိုးရိုးရှိသေ။သပြေမြန်ခန်း။ သောင်းတိုက်
ကျွန်းဝယ်။ စည်ထွန်းသာမိ။ တောင်မြင့်မိရ်သို့။ နဂိုရ်ဖြန့်လွှား။
မိန့်တော်ကြားသည်။ ။နှစ်ပါးတည့်အရေး၊ မည်မထွေး။ ။
ဧးလည်းယင်ယင်ဧး။

၃၈။ တရေးရေးလျှင်။ကောင်းပေးသက်ရှည်။ ဘုန်းညွှန့်
စည်လျက်။သုံးမည်ရတနာ။ တရာမတ်မတ်။ ပွါးလတ်ဘုန်းမိုး။
ရှင့်ဘိုးဘွားရင်း။ နှစ်ပါးမင်းလျှင်။ မကောင်းရိပ်မြို့။ ကြွင်သက်ပုံ
သား။ငါးစုံအင်ပြိုး။မျိုးရိုးသန့်လှ။ရှင့်ဘသားချင်း။ ဦးရိုးရင်းနှင့်။
သက်နှင်းမြတ်လေး။ နောင်ရေးမကောင်း။ စည်ကွင်းမြေးသား။မ
ပြားနွယ်ဆက်။မျိုးချင်းရှက်၍။တချက်တည်းသာ။ သစ္စာခေါင်
နှီး။နောင်ဘိုကြီးလျက်။မပျက်အရိုး။ ဘုန်းဖြိုးဂုန်ဝေ။ အကြေတ
လွှား။တောင်ရပ်သားကို။လေးပါးစစ်သည်။ဒုတ်စည်မွမ်းဖြင်။

ချိအံ့ရင်က။ဇွဲ့ဆင်ပြောင်ကျော်။ဥပေါသထာ။မည်သာနတ်ပို့။ ယာဉ်အောင်မျှိုနှင့်။တွန့်တို့မဲ့လျှင်း။ စီးချင်းသည်တွင်၊ တွေ့စေ ချင်စွ။ ဘုန်းအင်ကြီးလွန်း။ရွှေနတ်မှန်းက။သုံးခန်းနတ်လူ။ထိန့်ဆူ ကျိုက်ပွက်။အောက်ထက်ဝိစိ။ကြားသိကျန်လေ။ သုန္တ၍ရေလည်း။ သက်သေဖြစ်မြဲ။မာရ်စစ်ပွဲသို့။ကြို့ခဲအံ့လောက်။ ပန်းကျော်မြော်ဝယ်။ ပြိုင်ထောက် သူရှင်။ ချစ်ချင်းဆင်နှင့်။ ပွမ်းဖြင်ဖြိုးထွေ။ အသဒ္ဓေကို။ ပရမေမှန်ကင်း။ ရှင့်ဘိုးမင်းဗျှင်။ စီးချင်းတိုက် သတ်။ရဲတုလွှတ်သည်။ ။တပွတ်တည့်စံသွေး၊ အံ့ဘွယ်မွေး။ ။ ဧးလည်းယင်ယင်ဧး။

၄၀။ အကြောင်းသန္တေ။ ပြည့်ွန်းပေအံ့။ ရွှေမြေ ရတနာ။ ကမ္ဘာပေါ်ဦး။ဖြဟ္မာကျူးက။ကျေးဖူးများလှ။ဘဒ္ဒကဟု။ နာမ မည်မှန်း။လေးမည်ကျွန်းဝယ်။မြတ်လွန်းတုလွတ်။ စောမန္တာတ် လျှင်။ရဟာတ်စကြာ။အာဏာနှဘော်။သွားစံပျော်သို့။ နိုင်းလျော် တူလှ။ဧရာကအတိ။ အရိမဒ္ဒနာ။ မည်သာတွင်စည်။ ပုဂံပြည်၌။ ဆက်ရှည်မဝေး။ ဘေးတော်ဘေးလျှင်။ နီးဝေးမွမ်းဖြင်။ဆင်ဖြူ ရှင်ဟု။ တွင်သည်ကျော်စော။ တို့ရနောကား။ သဘောတရား။ လေးပါးညီရည်။ သထုံပြည်ကို။ ဆောင်သည်နိုင်ငံ။ ဝေးကန္တ လျက်။ဘုန်းလျှံဆက်ကာ။ ဘေးလောင်းရာကို။ အာဏာဗုန်ချီး။ ပွဲကြီးအောင်မြောက်။ မနောခေဝံသော်။ လက်မြှော်သံလွင်။ ပဒ္ဓင်ငါးမည်။ နန်းချင်းစည်ဖြင့်။မြို့မွဲ့မြည်သံလေး။ တခြေးခြေး တည့်။နီးဝေးပဲ့တင်။ မြေပြင်တိမ်းတင်း။ ဇမ္ဗူမင်းဟု။ သတင်း ဗုန်ဆူ။ နေဝန်းပြူသို့။ ပြိုင်တူမရှိ။ သိရိဓမ္မရာဇာ။ မည်သာထင် ရှား။မင်းတရားကြီး။ လက်ရုံးထီးဖြင့်။ ခြားသီးနိုင်ငံ။ဘုန်းသစ်နွံ က။ ကျုံကျုံနတ်လူ။ ဇမ္ဗူကျွန်းတွင်း။ အောင်ဆုနှင်းသည်။ ။ သတင်းတည့် ကြိုင်မွှေး၊ ကောင်းချီးပေး။ ။ဧးလည်းယင် ယင်ဧး။

၄၁။ ဓမ္မရာဇာ။မည်သာအံ့ချီး။အာဏာကြီးသား။ဘုန်းမီး လျှံရောင်။တန်းခိုးဆောင်လျက်။ထွန်းပြောင်လက်နက်။ အာဏာ

စက်ကြောင့်။ ခွန်ဆက်လှာ၍။ ကြေညာတရိုး။ အုပ်စိုးပိုင်ဘိ။ နရ
ပတိမှန်ကင်း။ ဘေးဝေးသော်မင်းလျှောင်။ အရင်းစင်စစ်။ မင်းသားဖြစ်
လျက်။ တက်သစ်ဘုန်းရှိန်။ ခေါင်နှိမ်ခွန်အား။ အောင်ပွဲများ၏။
သိကြားဆော်နှိုး။ ကောင်းကျိုးရင်းနှီး။ နန်းတက်ပြီးမှ။ စောထီး
လှူ့ထွတ်။ လောကနတ်လျှောင်။ ပေါင်းဇာတ်ရုံးစု။ ပွဲတော်ဆုကို။
ဝဏ္ဏုကံကျွေး။ ပေးသည့်ဆောက်နှင်း။ သိန်းခိုလ်မင်းအား။ လေး
ပါးအစု။ အာမပြုလျက်။ ယခုထက်တိုင်။ ဘုန်းခိုင်အာဏာ။ များ
စွာခွန်ရ။ သံဃာကဖြင့်။ ထွန်းပသာသနာ။ တည်ကြာငါးထောင်။
ဆုံးတိုင်အောင်လျှောင်။ ယခေါင်စဉ်လာ။ ပြောခြင်းရာကို။ မဂ်လာ
ဓဲချီး။ လှူ့ပြည့်ပြီး၍။ စောထီးပွင့်လောင်း။ စံဟောင်းတဘန်။ နတ်
ရွာပြန်သော်။ ဘုန်းဒုန်ထင်ရှား။ မင်းတရားဟု။ ကိုယ်စားအရော။
ဆက်ကာတဘန်။ အုပ်စိုးပြန်သို့။ ထိုဟန်နှိုင်းရည်။ ဘေးလောင်း
မည်ဖြင့်။ ဆက်ရှည်ရှင့်ဘိုး။ ရန်ညွှန့်ချိုးသည်။ ။တန်းခိုးတည့်
နီးဝေး။ ပွဲတင်ကြွေး။ ။ဧးလည်းယင်ယင်ဧး။

၄၂။ • ရှစ်မည်ရပ်သား။ ဝပ်ဝပ်တွားမျှ။ ခွန်အားကြီးမြေ့။
တပွတ်ဆောက်သော်။ တထောက်ထိုခါ။ နှောင်ရေးရာကို။ အာ
ဏာဝန်းရှိ။ ပေါ်နှံ့ကုံလျက်။ ပြောဟုံများဖြင့်။ မြင်းဆင်ကြည်း
ရေ။ ရွှေလှေရွှေလောင်း။ အပေါင်းရင်အပ်။ အထပ်ထပ်တိ။ ဆော်
ကွပ်မစဲ။ သဲသဲအုတ်ကျက်။ ရွှေတက်ညှိုးညီး။ ချသီးရိုက်ဓဲ။ ရေ
မြှောက်ကြဲလျက်။ အုံ့အဲဘွယ်ကြီး။ မြစ်ကြောင်းပြီးမျှ။ ဘုန်းမီး
နက်တူ။ ချီတော်မူသော်။ မပြုဖြိုင်ဘက်။ သိကြားစက်သို့။ ကြေ
ပျက်မြို့လုံး။ ယူကျုံးဘမ်းဆီး။ လောင်မီးစက်သံ။ မည်ပွဲ့တင်။
နားတွင်ရေးရေး။ ကြွက်သီးဧးမျှ။ ထွက်ပြေးပုန်းလျှိုး။ လွတ်နှိုး
လျှင်ပြင်း။ အင်းဝမင်းကို။ လက်ငင်းဖွဲ့သီး။ ဘမ်းဆီးတဘန်။ ဆက်
လာပြန်သော်။ ရန့်မာန်ငြိမ်သက်။ မပျက်စေရ။ ဒါနရည်မှတ်။ အ
သက်လွှတ်၍။ ဖြည့်ဝတ်ပါရမီ။ ဝသီလေ့ကျက်။ အာဏာစက်
လည်း။ ကြီးမားလွန်ပြင်း။ ဘိုးရှင်မင်းကား။ သတင်းစောင့်
ချုပ်။ ဥပုသ်မကွာ။ သဒ္ဓါရိုးရိုး။ တန်းခိုးလက်ရုံး။ ပညာဘုန်းဖြင့်။

ကောင်းဆုံးစင်ခြင်း။အလေါင်းမင်းဟု။မှန်ကင်းလူတွင်။ဘိသိက်
တင်၍။ သုံးအင်မခြား။ တရားမှန်စွာ။ ဇျမ်းဂန်လာသည်။ ။
မေတ္တာတည့်ရှေးရှေး၊ ပျံ့ပျံ့မွေး။ ။ဧးလည်းယင်ယင်ဧး။

၄၃။ ဆောင်ဆောင်မြရိပ်။ ဇမ္ဗူဒိပ်ဝယ်။ တံဆိပ်စာပျံ။
ခွန်သွင်းခံလျက်။ကောင်းကြီးများစွာ။ ဉာဏသနာကျိုး။တကာပိုပို။
မြွှောက်ချီကောင်းမှု။ဖန်ဆင်းပြု၍။နတ်တုဘုန်းထင်။ မြတ်ပင်အစစ်။ ဘေးချစ်ဘေးတော်။ မင်းကျော်မည်သာ။ ဥဇနာလည်း။
သိင်္ဂါရောင်မောင်း။ရွှေကျောင်းပြောင်ပြောင်။ ခုနစ်ဆောင်နှင့်။
မြားမြောင်ဝတ္တု။ ရုံးရုလှူထပ်။ ပေးနှင်းအပ်သို့။ ရှစ်ရပ်မျက်နှာ။
သဃ်ာထေရ်မြတ်။ မွေခါတ်ဂူကျောင်း။ ကမ္ပည်းဟောင်းတွင်။
တိုးလောင်းဝတ္တု။လှူထပ်ပြုလျက်။ သာရပျော်ပါး။ မင်းတရား
ဟု။ သိကြားနတ်လူ။ ဆုယူမြတ်လေး။ ကောင်းချီးပေးက။ မင်း
ရေးကျန်စင်။ မြော်မြင်ရှေးရှေး။ ဘိုးတော်ထွေးကို။ မြတ်လေး
ခြင်းရာ။အာဏာပြင်းနွံ့။ နိုင်ငံ့တဝေး။နှင်းခဲ့ပေးမှ။ ပြည်ရေးထဲ
ပ။ကောင်းလှစည့်ပင်။ထင်သားအတိုင်း။စစ်ကိုင်းပန်းယ။အင်းဝ
ရွှေနန်း။ မြန်းခဲ့ချင်းနင်း။ မကြွင်းထိုရော်။ နိုင်ငံတော်တိ။ ရှေး
သော်အံ့ချီး။ ဘေးတော်ကြီးလျှင်။ ပိုင်သီးသာစည်။ပုဂံပြည်၌။
ဆောင်သည်ယာဥ်သာ။ လှေစကြာဖြင့်။ အာဏာဇမ္ဗူ။ စိုးယူ
ချင်းနည်း။တိုင်းခွင်လည်သို့။ အုတ်စည်မြားမြောင်။ ရွှေဆောင်
ရံဝန်း။ လှေသိန်းသန်းနှင့်။ ရွှေနန်းမြစ်ကြောင်း။ အလောင်းနတ်
ရှင်။စုန်လာချင်သည်။ ။ဝမ်းတွင်တည့်နှောင်းရှေး၊ တနွေးနွေး။ ။
ဧးလည်းယင်ယင်ဧး။

၄၄။ ကောင်းရေး စည်နိုင်။ အပြီးတိုင်သား။ ပည်းလှိုင်
မြင်းခင်။အောင်မြင်ပြည့်စုံ။ရွှေဘုံနဂိုရ်။မပြိုတဘန်။ ရောက်တုံ
ပြန်သော်။တိမ်စွန်ရိုးရိပ်။ မှောင်ချည်းပိတ်ကို။တံဆိပ်လရောင်။
ထွန်းနိုင်ပြောင်သို့။ ရန်မှောင်လွှင့်လှေး။ ဝပ်ဝပ်ကွေး၍။ တိုင်း
ကျေးသာစည်။ နတ်ရပ် ပြည်သို့။ တွင်မည် နဂိုရ်။ ဗဟိုဒိပါ။
ဟံသာဝတီ။ ဌါနီရပ်ကြီး။ မိုင်းခြားဆီးလျက်။ ပွင့်ကြီးရောင်

ဝန်း။သက်န်းနှင့်ကြာ။နှိမိတ်မှာလည်း။တရော့တည်းချင်း။ ပြဟ္မာ
မင်းလျှင်။ဘဝတ်လျှင်းစေ့ဝေါ်။ထိုခါသော်ကား။ကြောင်းပေါ်စ
ဖြူတ်။ ပြဟ္မာနတ်သို့။ တံသုတ်ထွေခိုင်း။ နန်းပိုင်းကျမ်းမှာ။ ခတ်
စရော့သည်။မျှားစွာချီကျူး။အထူးထူးဖြင့်။ဓာတ်ဦးဆန်းသစ်။ ပါပ
ရာဇ်ဟု။ကျော်လှစ်ဝေးနီး။ဘုန်းမီးခြောင်းခြောင်း။ ဇမ္ဗူစောင်း
မှု။အလောင်းရင့်မှန်။ ဘုန်းသန်ကိတ္တိ။ရာဇာဓိကား။ ဤသို့ကြား
၏။ တလွှားယွန်းပြည့်။ ကြွင်းသည့်တို့မှာ။ သာသနာကို။ မကြာ
ခေါ်လျှင်။ငါသုတ်သင်အံ့။ အောင်မြင်ရှေ့ရှု။ ကျွတ်မည့်သူတို့။
သုံးဗိုလ် မြတ်ရှင်။ ဥဿာဖြင့်မြင်သို့။ ပုံပြင် မယွင်း။ ရှင့်ဘိုးခင်း
လျှင်။ပုံခင်းထို့တူ။မြင်တော်မူသည်။ ။မှတ်ယူတည့်ကြံတွေး၊
တရေးရေး။ ။ဖေးလည်းယင်ယင်ဖေး။

၄၅။ ရာဇဒ္ဓါနီ။ စုံအင် ညီလျက်၊ သိင်္ဂိ ပဝရ။ မြတ်လှ
တံဆိပ်။ဇမ္ဗူဒိပ်ဝယ်။ စက်ရိပ်ဖြန့်မိုး။ တန်းခိုးနေသွင်။ လက်ရုံး
အင်ဖြင့်။ ဖွံ့ထင်ကျော်စော။ နိုင်ငံပြောသား။ ရင့်မောသမ္ဘာ။
စကြာရတန်။စောဘုန်းသန်လျှင်။ ဆင်းဂုန်ကြေညာ။ များစွာပုံ
ယင်။ သဘင်မြစ်ကြောင်း။ မျိုးတော်ပေါင်းနှင့်။ သိန်းသောင်း
ကုဋေ။ အသင်္ချေတိ။ ရွှေလှော်အောင်းရဲ။ ရွှေကျွဲမိကျောင်း။ ရွှေ
လောင်းညိုးညီး။ မှန်ကင်းသီးလည်း။ဝေးနီးရောင်လျှံ။ကြယ်ရူပံ
သို့။အောင်ဆံရေသိ။ တွေးတွေးနိမ့်မှု။ ဟန်ချီလေးလေး။ခွင်ရေး
စံလှော်။ဇင်ယော်ပျံ့ဝဲ။သွန်ကြဲရေပေါက်။ စလျောက်မပြင်။ ခြင်
တင်ဒိမ်မိုး။တက်ရိုးအညီ။ဟံသာချီလျက်။ အပြိုဆော်နှိုး။ တံမိုး
ခရာ။ကျာကျာကျူးဖေး။သံလေးဒုံမင်း။အဲလင်းကွင်းနှင့်။ မြစ်တွင်း
ငြိမ့်မှု။စံပသာရွှင်။နတ်သဘင်သို့။မြင်းဆင်ကြည်းရေ။ မြူးထွေ
ရံဝန်း။ ရွှေစက်မြန်းက။ ဦးစွန်းမင်္ဂလာ။ တည်ရာအောင်ဆက်။
မင်းဝံချက်ဝယ်။ပြိုးပြက်လျှံပြောင်။ မနောဆောင်၍။ သာခေါင်
စည်ရှည်။ စံစိမ့်သည်ဟု။ ဘုန်းစည်မှန်ကင်း။ရှင့်ဘိုးမင်းလျှင်။
နှောင်းကြွင်းရှုပြီး။ ရှင့်ဦးရိုးနှင့်။ ဆွေနီးမျိုးရင်း။ လွန်ပြင်းမြတ်

လေး။ဘိုးတော်တွေးကို။နှင်းပေးရွေနန်း။ဘိသိက်ဆွန်းသည်။ ။
ထက်ဝန်းတည့်ရံကျေး၊မနှောင့်နှေး။ ။ဧးလည်းယင်ယင်ဧး။
၄၆။ မင်းဝံရတနာ။ စည်ထွန်းသာသား။ တည်ရာအွံ့ချိး။
ထိုရပ်ကြိီး၌။ပိုင်ဆိီးဝန်းလည်း။အာဏာရည်က။ မြန်ပြည်နိုင်ငံ။
ဘုန်းဖြင့်နှံ့လျှက်။ကောင်းကြိီမြတ်ယူ။ ဇမ္ဗူစိုးဆော့င်။မင်းခေါင်
မည်လေး။ ဘိုးတော်ဘေးလျှင်။ ပြည်ရေးထဲရာ၊ မင်းချမ်းသာ
ကို။များစွာရည်မှတ်။နာဂတ်တိုင်အောင်။ဆပြိုးဆောင်သို့။ နေဝံ
နောင်ရေးရာ။သာသနာကို။ ဘုန်းဝါလျှံလင်း။ ရှင့်ဘိုးမင်းလျှင်။
မိုးညင်းမိုးကောင်း။ အပေါင်းအုန်းဘောင်။ သုံးပြည်ထောင်ကို။
တွေအောင်သန်ရည်း။ တချက်တည်းလျှင်။ ဖြင်ပည်းအွံ့လော်။
ရန်သောက်ပြောင်လွင်။ ဇွှဆင်တထောင်။ မတ်ကျော်ခေါင်
နှင့်။မြားမြောင်မိုလ်ထု။ရုံးစုထပ်လောင်း။အရေးကောင်းလျှက်။
လျှင်ကြောင်းဘုန်းထူ။ ချိတော်မူသော် ။မပြူလက်ဆက်။ ကြေ
ပျက်ဘုန်းအား။ လက်ရုံးဝါးက။ စော်ဘွားစလုံ။ သုံးပါးစုံကို။ရ
တံုထိုပွဲ။အွံ့မစဲတည့်။လွန်ကဲရွှံ့ကြောက်။ စက်အောင်ထံတော်။
ရောက်တံုသော်လည်း။ကျွန်တော်နှင်နှင်။ အရှင်နှစ်ပါး။ ဘုရား၌
သာ။သစ္စာထိပ်ထက်။ သံမိန့်ကသ်သို့။ တချက်တည်းသာ။ မြဲစွာ
ဆက်ရှည်။အစဉ်တည်စိမ့်။ မှတ်ရည်ဦးထက်။ အမြဲရွက်၍။ရွှေ
စက်တော်အောက်။နားတော်လျှောက်သည်။ ။ရွှံ့ကြောက်
တည့်တံုဧး၊ ဝပ်ဝပ်ကွေး။ ။ဧးလည်းယင်ယင်ဧး။
၄၇။ စေတနာမြတ်မှန်။ ဖြည့်ကျိုးသန်၍။ သုံးတန်သာသ
နာ။ပွါးမြင့်ရာသါး။သဒ္ဓါရှေးရိုး။ပြည့်ဖြိုးသတိ။ သမာဓိနှင့်။ပိတိ
ဖရဏာ။ ထိုအခါဝယ်။ မေတ္တာရှေးရှေး။ ချမ်းသာပေးလျှက်။ပျံ့
မွေးလက်ရုံး။ဇမ္ဗူလုံးကို။ယူကျုံးပိုင်းခြား။မင်းတရားကြိီး။မြတ်
စောထိီးလျှင်။ ဓဲချိီးအွံ့ရာ။ ဗြဟ္မာ ထုတ်ချင်း။ ဘဝဂ် လင်းမျှ။
အောင်ခြင်းငါးမည်။ဘုန်းစည်တိီးရိုက်။ ကောင်းချိီးဆိုက်သား။
ဦးစိုက်မင်္ဂလာ။ တောင်ကျွန်း သာဝယ်။ အချာပရမေ။ ခေါင်
ထိပ်ဗွေထက်။ဝေဝေရံဝန်း။ မြင့်မိုရ်ထွန်းသို့။ ဦးစွန်းဘုန်းလှိုင်၊

အာဏာပိုင်က။ပျံ့ကြိုင်မွှေးပေါက်။ ဇမ္ဗူ့ချောက်မှ၊ မည်းပြောံ
ဝိဇ္ဇာ။မိဿာမိုက်မှောင်။ သုံးပြည်ထောင်အား။ ပယ်ရှောင်ကြဉ်
ရ။တွင်းပမလွတ်။သတ်ညှစ်များစွာ။မိစ္ဆာများယူ။ထိုထိုသူကို။
အယူဖြောင့်ဖြောင့်။သုံးစောင့်သီတင်း။မယွင်းမြဲသီး။ တည်စေ
ပြီးမှ။သွီးရတနာ။ များစွာပုံယင်။ မြင်းဆင်ရွှေငွေ။ အထွေထွေ
တိ။အုတ်တော့ပွမ်းမှု။ခွန်တော်ရသည်။ ။ရာဇတည့်ကံကျေး၊
ဘုန်းတော်ပေး။ • ။ဧးလည်းယင်ယင်ဧး။

၄၇။ အဆက်အဆက်။ စဉ်မပျက်သား။ နန်းထက်နှင်နှင်။
ဘွားသန့်စင်လျက်။မျက်မြင်လောက။ပဝတ္တလည်း။ ရှေးကန္တယ်
ရိုး။ သတိုးမင်းဖျား။ စည်မခြားသား။ တရားမင်းခေါင်။ နိုင်ငံ
ဆောင်သို့။အုန်းဘောင်မိုးညှင်း။မကြွင်းမိုးကောင်း။အပေါင်းက
လေး။ခွန်ပေးနွံနွံ။ကျွန်တော်ခံမှ။ ပိုင်စံခင်းကျင်း။ မကြွင်းနောင်
ရေး။မျှော်တွေးရှုရှု။ပြုရပြည်ရွာ။သာသနာနှင့်။ သင်္ဃာကျောင်း
နေ။ဝတ်မြေတခြား။ဘုရားတသီး။တည်ခဲ့ပြီးမှ။ ပွါးစီးသန်သန်။
အပွန်သမ္ဘာ။ မင်္ဂလာတခု။ တည်ကြောင်းပြုသား။ သုံးလူ့မြတ်
မွန်။ချိန်တန်အခါ။ဒေသစာဖြင့်။ သာယာထွန်းတောက်။ ရောက်
သောအစည်။ ပြောလည်များလှိုင်း။ ထိုထိုတိုင်းကို။ ထုံးပိုင်းမ
ရှေး။ဉာဏ်ဖြင့်ဆေး၍။ ညစ်ကြေးစင်ပြု။ ချွတ်တော်မူသို့။နည်း
ယူပုံဖြင့်။ထိုတွင်မယွင်း။ရှင့်ဘိုးမင်းလျှင်။သီတင်းသီလာ။သမ္မာ
တည်မှု။ ကောင်းစွာပြုသည်။ ။ရုံးရတည့်တဝေး၊ ရှမ်းရပ်
ကျေး။ ။ဧးလည်းယင်ယင်ဧး။

၄၉။ အခြားအခြား။ နိုင်ငံပြားသား။ တိုင်းကား မြန်ခွင်။
ရန်အောင်မြင်က။ခမ်းအင်မင်းရေး။စားကျေးမြို့ပြ။ နှင်းခဲ့မှလျှင်။
ရှေးကစဉ်လာ။ ရွှေစာကမ္ပည်း။ ဘေးလောင်း နည်းဖြင့်။ ရိုက်
ကြည်းထိန့်ချောက်။ မော်ကွန်းဆောက်မှ။ ရွှေရောက်လညီး။ ပျံ့
ပျူးသာဟန်။နဂိုရ်ပြန်သော်။ကျမ်းဂန်ရှေးလာ။သဗ္ဗာမြတ်ရင့်။
ညီသဖြင့်လျှင်။မင်းကျင့်ဆယ်ပါး။တရားစောင့်ရာ။ ပညာတက်
တုန်း။ဘုန်းလည်းပြိုးပြိုး။တန်းခိုးကြီးခေါင်။ ဥတ္တာဘောင်သို့။ဘေး

ခေါင်ကြီးနွယ်။ လွန်တင့်တယ်သား။ နတ်ဆွယ် သာစံ။ နိုင်ငံလွှ လွှ။လက်ရကြွေ့လျက်။ ပျော်မွေ့အင်စုံ။ မင်းသုံမှူးမတ်။ ရံပတ်ထောင်သောင်း။အပေါင်းခစား။ဝပ်ဝပ်တွားမျှ။တရားနတ်ရှင်။ဥကင်မြင့်ကျယ်။ စံပယ်ပျော်ခွင့်။ရိပ်ဖြူဖွင့်က။ ကျူးရင့်သံသာ။ခရာစည်ပြော။နှဲ့သာနှော၍။မယောဘူရင့်။ဆော်ပင့်ရွှင်းရွှင်း။ဒုံးမင်းသံလွှင်။အိမ်ရှင်လက်မြှောက်။ တကောက်ခရူ။ နန်းရတုဖြင့်။ပျော်မှုသဘင်။နေ့တိုင်းပင်တည့်။ ညွှက်ဝင်နတ်တူ။စံတော်မူသည်။ . ။ဦးဖြူတည့်ဖွေးဖွေး၊မွမ်းမျှဝေး။ ။ဧးလည်းယင်ယင်ဧး။

၅၀။ မုနော့ရမ္မ။ပျော်ထိုက်လှသါး။ဘဝထူးလွန်။ပစ္စုပ္ပန်၌။သဏ္ဍာန်မဘောက်။သုံးယောက်ညီနောင်။ တည်ထောင်စိုးစ။ မြင်စိုင်းကလျှင်။ တွန်းပသာသနာ။ ပွါးကြောင်းရှာလျက်။ သြဘာနိမိတ်။ ဘုန်းမြိတ်ဗုန်တက်။ နွယ်ဆက် ကောင်းရေး။ ညီတော်ထွေးအား။နတ်ပေးယာဉ်မ။ တစီးရလျက်။ ပင်းယတည့်ပြန်။မြှောက်စွန်သာဆိုင်း။စစ်ကိုင်းရွှေဝ။ မြတ်ဌာနဝယ်။ နွယ်စဆက်ကာ။ဥဇနာနှင့်။ကျော်စွါမည်ပင်။ ငါးစီးရှင်က။တွင်သည့်တလျှဉ့်။ မင်းစဉ် လိုက်ရိုး။ ရှင့်ဘိုးတော်ရင်း။ ရှင့်ဘမင်းနှင့်။ မှန်ကင်းထွန်းရောင်။ စက်နှယ်ပြောင်လျက်။ ကြီးဆောင်နိုင်ငံ။ နှံ့အုံ့ရိပ်ဖြဲ။မိုးနဲ့နှင့်ယှွန်း။ရပ်ဆန်းတထွေ။ စစ်ခြေမြားမြောင်။နှစ်ပြည်ထောင်ကို။ ဘုန်းရောင်ပဝန်း။ ရွှေစက်မြန်းက။ ဥဒါန်းလွန်ကြူး။မကြားဘူးတည့်။ငါ့ရူးသန့်လျှင်။ တိုက်ဆင်တထောင်။မုန်သောက်ပြောင်နှင့်။ ကျော်ခေါင်သတင်း။ ရှင့်ဘိုးမင်းဝယ်။ ထံရင်းတော်ပါး။ မတ်သားချည်းချည်း။တသွန်တည်းလျှင်။ကြော့စည်းစွမ်းအင်။မတ်လုလင်တို။တွေ့လျှင်မရှုံ။မင်းသားသံသဉ်။ ။နှစ်ကြိတည့်မတွေး၊ကိုယ်ရည်သွေး။ ။ဧးလည်းယင်ယင်ဧး။

၅၁။ နရုတ္တမော်။ တိလော်ကနာ။ထွန်းတေဇာဖြင့်။ချမ်းသာမကိုန်။ရထိုက်ရာရာ။ သစ္စာလေးဆင့်။ဖြန့်ချိဖွင့်သို့။ မသင့်ယူမှား။ မိုးနဲ့စားကို။ ဘုရားဘုန်းထူ။ အောင်တော်မူက။ အယူ

တည့်မှန်။ရှောင်းစွန့်ချမ်းသာ။ဖြစ်စေဌါဟု။ မိတ္တာမှသင့်။ရှမ်းအာ
ကျင့်ကို။ပယ်လင့်အံ့မှန်။ တည့်စေပြန်မှ။ မိုးစွန်တိမ်ဦး။ ခေါင်
ဘူးစန္ဒ၊ ပြည့်ဝန်းပသို့။ ညွတ်ခရွှေကြော်။ ရွှေစက်အောက်ဝယ်။
အံ့လောက်မွမ်းဖြင်။ မြင်းဆင်ရွှေငွေ။ အထွေထွေတိ။ ဦးရှိမြေ
နှိုက်။နဖူးတိုက်၍။ရိုက်ရိုက်ဝပ်တွား။ မိုးနဲ့စားနှင့်။ အမျှားတော်
မှိုင်း။ တွေ့ဆိုင်းပည်းဖြင်။ရွှေတော်ပြင်ပယ်။ သဘင်ပွဲကြီး။ရင်
တီးအံ့လောက်။ ရွှေမှောက်ဘုရား။ ဘမင်းဖျားကို။အမျှားသူငါ။
သစ္စာမြဲကြောင်း။ မှန်သော်ကောင်းဟု။ ကြောက်ညောင်းလန့်
ဆို။သို့ကိုယ်တိုင်လျှင်။မဝင်တိုမူ။ပြောထူပျက်ကြေ။တျင်းတျင်း
သေအံ့။ သံဝေတရား။ ထိုစော်ဘွားလျှင်။ စကားဥဒါန်း။ မော်
ကွန်းပြောလျှဉ်။ လိပ်ပြာစဉ်မျှ။ ဘုန်းဥာဉ် တေဇာ။ စောနရာ
ကို။ကြီးစွာထိုနတ်။ အစဉ်မှတ်သည်။ ။ရှိညွတ်တည့် မြတ်
လေး၊ ရှိ့ကြောက်ပြေး။ ။ဧးလည်းယင်ယင်ဧး။

၅၂။ ဦးစွန်း ရတနာ။ မြတ်လှစွာသား။ စကြာရထိုက်။
လေးကျွန်းနိုက်ဝယ်။ ချီးရိုက်လူနတ်။ အထွတ်တင်သား။ မင်း
တရားဟု။ဖြန့်ပွါးစည်ပင်။ ဇမ္ဗူပြင်ထက်။သုမင်္ဂလာ။ သာသနာ
၏။တကာတော်စစ်။မင်းကောင်းဖြစ်ကို။ တစ်နှစ်သချို။ အကျွ
ရာဖြင့်။ထောင်ရာပေါင်းစု။ ကျမ်းဂန်ပြုလည်း။ ဗဟုပရ၀။မြတ်
လှနွယ်ဆက်။တန်းခိုးစက်ဖြင့်။ ဘ၀ဂ်နှံ့ဖြာ။ ကော်င်းခြင်းရာကို။
ပညာအားထုတ်။ဆိုနှုတ်လျှော်ကြား။ပြန်သော်များ၏။ သိကြား
နတ်ပေး။မင်းလောင်းသွေးကို။ လေးလေးသံညင်း။ ရွှေနားသွင်း
ပိမ့်။ကြောင်းရင်းရှေးတီး။ဘေးလောင်းကြီးလျှင်။ တစီးတည်း
သား။နာဋ္ဌာဂိရိ။တောင်ရှိနိုင်းတန်။ ဆဒ္ဒန်ပျံ့နှင့်။မ ရှိထိုးဘောက်။
ခွင်းပျောက်ပယ်လှစ်။ သူရာစစ်ကို။ဖြစ်ဖြစ်ညက်ကြေ။ အောင်
ဘူးလေ၏။သက်သေကျမ်းလာ။ဤကမ္ဘာထက်။ မှန်စွာမချွတ်။
တန်းခိုးမြတ်သည်။ ။တုလွတ်တည့် စဉ်ရှေး၊ ဘေးတော်
ဘေး။ ။ဧလည်းယင်ယင်ဧး။

၅၃။ ကျင့်ယူမိတ္တာ။ များလှစွာသား။ ထိုခါရိုင်းခွင်။မွမ်း

ဖြင်ဒိဋ္ဌိ။မသိတရား။မိုးနဲ့စားနှင့်။ အများတော်မှိုင်း။၂ရှမ်းရိုင်းတို့အား။အပြားပြားကို။ယူမျှါးမဲ့အောင်။တဥ္စေဆောင်သမ္မာ။ မြဲစွါအနေ။ဖြစ်ပြီးစေသော်။ပရမေဘုန်းမြှူး။ရှင်ပင့်ဘိုးလျှင်။ အကျိုးနှစ်ပါး။နှင်းခဲ့ထားမှ။ ပျော်ပါးသာရွှင်။ သဘင်စစ်ကြီး။ ခရီးဆစ်ပိုင်း။ဇင်းမယ်တိုင်းသို့။ပြုင်ခိုင်းမဲ့နှိုး။တန်းခိုးစက်ရွှေ။ ရောက်တုံလေသော်။ ထိန့်ဝေဆူလှိုက်။ မီးပြင်းတိုက်သို့။ ထူးရိုက်တပ်တာ။သည့်မှာသည့်က။ ဆီးခဝခြိခြိ။ ပတ်ကျုန်းရံလျက်။မညံ့ပစ်ချော်။ အမြောက်သေနတ်။ ရွယ်မှတ်ထူးလေး။ ကြက်သီးဖေးမျှ။ ထွက်ပြေးမအား။ဇင်းမယ်စားလျှင်။ ခွန်အားကြီးထွေ။ မြို့ကိုနေလည်း။ပရမေဘုန်းထူ။မိန့်တော်မူက။ထိန့်ဆူသောင်းသောင်း။အပေါင်းဗညား။မှူးသားမတ်ကြီး။ ဆင်စီးမြင်းသည်။ဆိုင်အုံ့ရည်သော်။မြန့်ပြည်မှန်ကင်း။ဇိမ်ရွှေမင်းဟု။သတင်းလွှံ့ဝန်း။ တက်နေထွန်းသို့။ရဲပန်းလှိုင်ပွင့်။ဘမင့်ရေးရော။ ကမ္ဘာ့ဥဒါန်း။ စောကြွေဋ္ဌန်းလျှင်။စွန်းစွန်းဦးပိုက်။ ဆင်လွှတ်တိုက်က။ ပြီးရိုက်ဆင်ထွေ။ပျက်ကြေထွားထွား။ဇင်းမယ်စားနှင့်။မယားတကွ။မြို့လုံးရသည်။ ။လက်ချတည့်နှိုးဝေး၊ ညွတ်မျှကွေး။ ။ဖေးလည်းယင်ယင်ဖေး။

၅၄။ ဒိဝါကရော်။ထွန်းနေပေါ်သို့။ ရှိန်စော်တန်းခိုး။ရင့်ပွါးတိုးလျက်။မိုယ်းကြိုးစက်သွင်။လက်ရုံးအင်ဖြင့်။မြေပြင်တိမ်းစောင်း။ဘုန်းမီးခြောင်းမျှ။အလောင်းပဝရ။ ရှင့်မွေးဘကို။ ဩဇမြတ်နှိုး။ ရှင်ပင့်ဘိုးလျှင်။ လွှန်တိုး ကြင်နာ။ သားမင်းလျာဟု။ ရတနာပြောင်လွှင်။ခမ်းအင်မကြွင်း။မင်းတို့ဖွယ်ရေး။ ဆုတော်ပေးလျက်။ ဇေးလည်းကောင်းစွာ။ သည့်သာမဟုတ်။ ပုံနည်းထုတ်၍။အနုသသန္တေ။ အောင်ပွဲရေမူ့။ အထွေဆန်းပြား။ အလွှန်များ၏။တရားရှင့်ဘိုး။စောနေ့မျိုးလျှင်။ ဗုန်ပြိုးထစ်ရွှမ်း။ ချီးမွှမ်းအုံ့ရာ။ဝေဝါမနာလျက်။ လက်ာတဘန်။ အကြောင်းပြန်ပိမ့်။ ပြညွှန်နည်းဖွေ။ဆင်ခြေလက်ရုပ်။တံဆိပ်ချုပ်သို့။ကျွန်ုပ်လျှောက်ရေး။မင်းလောင်းသွေးကို။ကျူးဖေးထွေငေါ်။ စက်မွေ့ပျော်ပိမ့်။

ဘိုးတော်စကြာ။စောနရာလျှင်။ဒိပါကျွန်းစည်။ နိုင်ငံလည်လျက်။ မြန်ပြည်ဓင်းမယ်။ထိုရပ်ဝယ်၌။ဆက်နွယ်မခြား။ ဓင်းမယ်စား ကို။ လျောက်လျှားတဘန်။ နှင်းခဲ့ပြန်သော်။ ရန်လည်းကုန်စင်။ အောင်မြင်ခဲ့ပြီး။ ကောင်းချီးထပ်ယှောင်း။ ပြည်ထောင်ပေါင်း နှင့်။အလောင်းရင်းမှန့်၊ နဂိုရ်ပြန်သည်။ ။ကျမ်းဂန်တည့်မျှော် တွေး၊ပညာရေး။ ။ဧးလည်းယင်ယင်ဧး။

၅၅။ အကျိုးဝေးလံ။ ပညာတံလျက်။ အကြံမပြေ။ မှတ် ယွင်းသွေ၍။အထွေယူမှား။ မိုးနဲ့စားလျှင်။ သွေခြားသဗ္ဗာ။ ပစ် ပယ်ခွါလည်း။ အာဏာဘုန်းစက်။ ရွှေနှုတ်ပွက်က။ ကြေပျက် မြေးသား။မယားကပင်။ဘမ်းငင်တသီး။ယူခဲ့ပြီးမှ။ မတ်ကြီးတ ခြား။ဝင်းစင်စားကို။စေဘွားမြှောက်ပြန်။ရန်လည်းငြိမ်သက်။ မပျက်မစီး။နှင်းခဲ့ပြီးသော်။ထိုသရော်ဝယ်။ နူဘော်ကိတ္တိ။ မရှိ ပြိုင်ဘက်။ ဓမ္မုချက်၌။ အဆက် လွန်ကျူး။ မကြားဘူးတည့်။ ကျေးဖူးဇွန်ဝါ။ မင်္ဂလာ စကား။ နှစ်ပါးသာပ။ ဘုန်းတေဇကို။ ကြားကစန့်ထိန်။သေဝိန်စေဘွား၊ ချန်စားတကွ။ မျှားလှမိုလ် ပါ။စစ်အင်္ဂါနှင့်။ ဖူးလာလျှင်ပြင်း။တလတွင်းဝယ်။ ဆင်မြင်းရွှေ ငွေ။အဇ်ထွေအကျော်။လက်ဆောင်တော်ချည်း။ပည်းမျှမွမ်းဖြင်။ ရှေ့တော်တွင်နိုက်။ နဖူးတိုက်၍။ နှစ်ခြိုက်ကြည်လင်။ အရှင်နှစ် ပါး။ဘုရားတို့သာ။ သဗ္ဗာခံမည်။ ရောက်တော့သည်ဟု။ မှတ် ရည်ဦးတင်။ ယွှံ့ထင်မောက်မောက်။ ရွှေစက်အောက်၌။ ကြား လျှောက်ထွေသာ။ ကျွန်ခံလှာသည်။ ။နောင်လာတည့် ရန် ဘေး၊ပြီးလွယ်ရေး။ ။ဧးလည်းယင်ယင်ဧး။

၅၆။ ပြီးစီးအောင်မြင်။ကြည်လင်စင်၍။ ထိုတွင်တတည်။ ကောင်းသည်မင်းရေး။မျှော်တွေးဇှေးရှု။ မြင်တော်မူသော်။ဇွန် ဆုကျော်ဟိုး။ သတိုးမင်းစော။ မုနောရတနာ။ မည်သာ နှိုင်း လျှော်။သမက်တော်နှင့်။ထင်ပေါ်ယွှံ့ချီး။မတ်ကြီးအမျှား၊ ဗညား တကွ။ ချီဧေရသော်။ ပေါက်ပြသတင်း။ လင်းဓင်းသူ့ပြည်။ ကြောက်ညည်ရန်သူ။ထိန့်ထိန့်ဆူမျှ။မပြုလက်ဆက်။ ပြေးထွက်

အများ။ လင်းဇင်းစာနှင့်။ ကြောက်အားရွံ့ရှာ။ ကိုယ်လွတ်ခွါ
လည်း။များစွါသုံးပန်း။တန်းရရမ်းတိ၊ပဏ်ဝန်းဆီးဆဲ့။ ဆင်မြင်း
ရလျက်။ရန်စပယ်ရှင်း။ချင်းနင်းခဲ့ကာ။ ဒုန်ဝါကျော်ပတိုး။ သတိုး
မင်းလှ။ပြန်ခဲ့ကြွသော်။ ကြားကာသာရွှင်။ နတ်ရှင်ရန်နင်း။ မင်း
ထက်မင်းလျှင်။ တင်တုံမိုဃ်းလ။ အင်းဝတွင်ပင်။ ဘုန်းအင်ကြီး
ထူ။ငုံ့တော်မူလျက်။ကြည်ဖြူသဒ္ဒါ။ ရတနာရောင်ထင်။ ပုညရှင်
က။မွမ်းဖြင်ဂုကျောင်း။ ကိန်းအောင်းသဃ်ာ။ အရိယာနှင့်။ပမာ
နှိုင်းဆ။သံဃိကလည်း။ ဒါနဝတ္တု။ ပေါင်းစုဝေးနီး။ လှူခဲ့ပြီးမှ။
ဘုန်းကြီးရှင့်ဘိုး။ တန်းခိုးထွန်းဝါ။နဂိုရ်လာသည်။ ။သာယာ
တည့်ငြိမ့်လေး၊ ပျော်ဘွယ်မွေး။ ။ဧးလည်းယင်ယင်ဧး။

၅၂။ ဥပမေယျာ။နှစ်ပါးယာတွင်။အဂ်ါအမျှ။ လေးရသမူ။
လွန်ဆမရှိ။ပိတိစေတနာ။သဗ္ဗာသိလ။အညီမျှလျက်။ ကာလနီး
ဝေး။နောင်ရေးများစွာ။သဒ္ဒါကြည်လွန်။နိဗ္ဗာန်လမ်းမှီး။ ထိုမင်း
ကြီးအား။ ဗျာဒိတ်ထား၍။ များသားခတ်ကောင်း။ မွေတော်
ပေါင်းကို။ ရှစ်သောင်းလေးထောင်။ ပြောင်ပြောင်ထွန်းလည်။
စေတီတည်က။သာစည်ထူးဆိုင်း၊ဇမ္ဗူတိုင်း၌။ မြတ်နိုင်းစေတ
နာ။ထိုအခါဝယ်။ထွန်းဝါရောင်လျှံ။စဆွံ့ရေတွင်း။ ကန်သင်းရေ
ကန်။ပန်းမာလ်နံ့သာ၊ပျော်ဘွယ်ရာတိ။ များစွာလည်းကောင်း။
ရှစ်သောင်းလေးထောင်၊စုံအောင်သက်န်း။ မှန်းတုံပူဇော်။တင်
အံ့ရော်က။မြတ်ကျော်မွေရောင်။ ပြောင်ပြောင်ထွန်းညီ။ စေတီ
တကွ။ ဆန်ကြွရှေးရှု။ ရောက်တော်မူသော်။ပြတ်ယူစေတနာ။
သဒ္ဒါကော်ရော်။ ပူဇော်လေဘူး။ ညွှတ်နူး ပိတိ။ ရွှန်းရွှန်းညီ
သား။သိရိခမ္မ။ အဇေသာကသို့။ နှိုင်းဆပုံခင်း။ ရှင့်ဘိုးမင်း၌။သန့်
ရှင်းစေတနာ။ မဟာစေတီ။ ထွံ့ညီထင်ပေါ်။ ကောင်းမှုတော်
ကို။ နတ်ကျော်ဘုန်းစည်။ တည်အံ့ရည်သော်၊ ရှစ်မည်ဒိသာ။
ရပ်မျက်နှာက။များစွာသောင်းသောင်း။ ခတ်ပေါင်းဘုရား။အ
လောင်းအားလျှင်။တရားရှေးရှု။ရောက်တော်မူသည်။ ။ရောင်
ဖြူတည့်လျှပ်ပြေး၊ ဖွေးရရွှေး။ ။ဧးလည်းယင်ယင်ဧး။

၅၇။ မဟာဒိပ။သုံးကျွန်းဆလည်း။ မမျှနိုင်ရော။တော်ကျွန်း
သာ၌။ ရတနာသုံးတန့်။ တည်မှန်သာသနာ။ မြတ်လှစွာသား။
သမ္မာသမ္ဗုဒ္ဓ။ဂုဏ်ဓမ္မဖြင့်။ချမ်းမြကြည်လေး။ စိမ့်ဧးပီတိ။ ရွှင်
ရွှင်းရှိလျက်။ အတိဈေးခါ။ အံ့ရာပြောစည်။ ပုဂံပြည်၌။ ဆက်
ရှည်မခြား။ဈေးကျိုးအစးလျှင်။ ကြိုပြားလှစွာ။ ရတနာမိုးယံ။ရွှာ
ပြည့်ဖြိုးသို့။လွှံန်တိုးထက်ဝန်း။ဆိုက်ခန်းသဘော်။ လွှံန်ပြန့်ပြော
လျက်။အံ့သြမနိုင်။ရွှေပိုင်ငွေစု။ပမာပြုမှု။ ရှုလည်းမအား။ လေး
ပါးလေးဆ။ အနန္တတိ။ ဇော်တရတနာ။ မျက်မြတ်မှာလည်း။
များစွာပေါင်းရေ။ အထွေထွေလျှင်။ ရွှေတွေငွေစင်။ ပည်းမွှမ်း
ဖြင်မှျ။မြင်းဆင်တွေဖြိုး။သွိုးရတနာ။ ထိုအခါဝယ်။ သူဇာနတ်မှျ။
ပမာကျလျက်။ ရောက်ထတုံလာ။ ဘုန်းအာဏာကြောင့်။ ဒိပါ
ကျွန်းခွင်။ မြေပြင်ရိုက်ကြည်း။ တော်လည်း နိမိတ်။ တမ္ဗဒိပ်
ဝယ်။ကောင်းစိတ်ကြည်လှ။သိကြားမ၍။ရွှရွှရွှေလာ။ ရတနာပုံ
ထုတ်။ ရွှေအုတ်ရွှေပြား။ ခန့်ထားအရာ။ဌာပနာ၍။ထွန်းဝါရောင်
ထင်။ရှင့်ဘွားခင်နှင့်။ စံချင်သော့ဟန်။ သလွှံန်ရွှေခြည်။ ခြသော့်
လည်လျက်။ရွှေရည်ညီးညီး။ရွှေထီးတန်းခွန်။ သဏ္ဌာန်ရုပ်တော်။
ရွှေလှော် စံလောင်း။ မွေတော် ပေါင်းနှင့်။ အလောင်းဘုန်းထူ။
တည်တော်မူသည်။ ။မြတ်ယူတည့်ကြည်လေး၊ လွှံန်ဆွေး
နွေး။ ။ဧးလည်းယင်ယင်ဧး။

၅၈။ ချမ်းမြေ့ကြည်စွါ။စေတနာဖြင့်။မေတ္တာထုံလှောင်း။
ဆုကြီးတောင်း၍။ရွှေပေါင်းညွှတ်ကွေး။ ရှိုးသေးခြယ်စိုက်။ မ
ကိုင်္ုသရဖူ။မှန်ကျူဖြိုးပြက်။ ဘယက်တန်းဆာ။ ရှိုးစိန်ကြာဖြင့်။
ရှုသာစံပယ်။ စလွယ်သင်းကျစ်။ စိန္ဒစ်ထပ်ရုံး။ ရွှေကုံးရွှေပန်း။
လွှံန်ထူးဆန်းလျက်။ထပ်မွမ်းအများ။မင်းခမ်းနားနှင့်။ ဘုရားရုပ်
တော်။ ရွှေလှော်ကိုယ်လေး။ ကြည့်ဘွယ်ဖွေးသား။ ဈေးသော်
ဘုန်းခေါင်။ငါးမာရ်အောင်လျှင်။ရွှေညောင်ပလ္လင်။ ဗောဓိပင်နှင့်။
အောင်မြင်သဗ္ဗာ။ ပွင့်သောခါဝယ်။ သည်ဝါမစား။ ရှင်တော်
လားသို့။ညွှတ်တွားကြည်ဖြ။ ပီတိဝလျက်။ နတ်လှမင်းစစ်။ ရှင့်

ဘိုးချစ်လျှင်။ဆုသစ်ပဋ္ဌနာ။ထိုအခါဝယ်။ ကြီးစွာသောဘင်။ထိန့်
ထိန့်ရှင်မျှ။ ရွှေစင် ထွန်းပြောင်။ ရွှေရောစ်လျှံမြူး။ သွယ်ဖြူးပတ်
ပတ်။ပြးသာဒ်ထူးဆန်း။ ရွှေနန်းဗိမာန်။ ဝေဇယန်သို့။ သဏ္ဍာန်ပုံ
ဖြင့်။ပြိုင်နှုန်းသင့်သား။ ချီးပင့်နတ်လူ။ သာခုယူလျက်။ ဇမ္ဗူတ
လွှား။မှူးမတ်များနှင့်။သိကြားနတ်ရှင်။သဏ္ဌာန်ပြောထုံ၊ ခံတော်မူ
၍။ဆုယူကြည်စွါ။မင်္ဂလာရွှေနည်း။ရွှေကမ္ဘည်းဖြင့်။ရိုက်ကြည်း
ပဲ့တင်။ခြောက်ခွင်နတ်ရွာ။အုတ်အာသောင်းသောင်း။ ထိန့်ရိုက်
စောင်းမျှ။ မြတ်လောင်းစကြာ။ ဌာပနာသည့်။ ။သဒ္ဓါတည့်
စိမ့်ဧး၊ လှူမျိုးကျွေး။ ။ဧးလည်းယင်ယင်ဧး။

၆၀။ ကျူးဆိပ်မဂ္ဂင်။ ဇမ္ဗူပြင်ထက်။ ထွန်းရှင်လင်းဝါ။လ
သော်တာလျှင်။မှောင်ကွာတိမ်မြွေး။ကင်းပျောက်ဝေးသို့။ ညစ်
ကြေးမိစ္ဆာ။မှားစွာမှတ်ရည်။ထိုထိုပြည်ကို။ညွှတ်ကြည်သမ္မါ။
ဖြစ်စိမ့်ဌါဟု။ ကြီးစွာမောက်မောက်။ လျှံတောက်ရတနာ။ ရူ
ဘွယ်သာတည့်၊ ရွှေကြာပန်းတင်။စေတီပြင်၌။ မြှောက်တင်ပြို
ရစ်။စနစ်ဖောင်းလုံး။ ရေးရေးချုံးသာ၊ ပန်းကုံးရောင်စိုင်။ တ
ပြိုင်ရောင်ချော်။ ရူမျှော်ဝေးနီး။ ချရာသီးက။ ရွှေရွှေ စလျက်။
တတ်လှရေးစုံ။ဗိသုကြိုလျှင်။ပွတ်ခုံတည်ရ။ ထိုခဏဝယ်။ တစ
မလိတ်။ ရောင်ဘိက်ချောမွတ်။ ပွတ်တွင်ချွတ်သို့။ ညီညွတ်လှ
မော။မြတ်ရှင်စောကို။အံ့ဩလူနတ်။ တိမ်းညွှတ်စေတနာ။ ကိုး
ကွယ်ရာဖြင့်။ ရတနာခြယ်ပြီ။ ပြည့်လျှံ ညိုးညီး။ ရွှေထီးပြောင်
ပြောင်။ တင်ပျဉ်နောင်မှ။ လေးဆောင်ဗိဟာရ။ ထွန်းပလျှံညီး။
ရွှေရည်စီးသို့။ဝေးနီးမြင်လောက်။ မှန်ကင်းဆောက်လျက်။ လျှံ
တောက်လင်းရောင်။ရံဆောင်သဃ်ာ။အရိယာနှင့်။ များစွာဝတ်
ပန်း။မှန်းတုံတကွ။သံဃိကလည်း။ ဒါနဝတ္ထု။ လေးစုလေးပါး။
ပိုင်းခြားနား၍။ တရားနတ်ရှင်။ရည်ထင်ဆုမွန်။ ကြည်စိတ်သန်
သည်။ ။နိဗ္ဗာန်တည့်ကံကျွေး၊ လှူထပ်ပေး။ ။ဧးလည်းယင်
ယင်ဧး။

၆၁။ နာဂတ် ငါးထောင်။ တည်ကြား အောင် လျှင်။ ရုံ

ခေါင်တံတိုင်း။ ဆိုင်းဆိုင်းမိုးတား။ ရတ်နှန်းထားလျက်။ နတ်
သားပရဂုဏ်။ ပြောပုန်ရန်ဘိ။ဇော်ဂီရသေ့။ ကျိန်းမွေ့သော
ဟန်။အတန်တန်တိ။ ဂုမ္ဘာန်ရက္ခ။တာနေ့ာစသည်။ ဝေဌစောင့်
ဘန်။သဏ္ဍာန်ဝန်းကျင်။မွမ်းမွမ်းဖြင်မျှ။တွင်းပြင်ရံမြဲ။လက်နက်စွဲ
လျက်။အံ့ဘွယ်တိ။မှန်ရှိနိုင်းရာ။သုခမ္ဘာတုံ။နတ်ရွာသဘင်။မွမ်း
ဖြင်ပျော်ဟန်။ထိုမိမါန်နှင့်။သဏ္ဍာန်မခြား။ပုံမပြားတည့်။တရား
ရှင့်ဘိုး။နေမျိုးစကြာ။စောနရာလျှင်။ ရတနာထွန်းပေါ်။ကောင်း
မှုတော်ကို။ရွှေလှော်ရောင်လျှံ။ ရွှေတိမ်ံလျက်။ မိုးယံတိမ်တိုက်။
ဆိုက်လိမ့်ဘနန်း။ လင်းရောင်ထွန်းလျက်။ သုံးခန်းလူနတ်။ ပိတ်
ညွတ်သား။ကောင်းမြတ်စေတနာ။ပျော်ဘွယ်သာတိ။ မြောက်
မှာကန်လှ။ ချမ်းမြကြည်မွန်။ ပန်းမာလ်သစ်သီး။ ရှုမငြီးတည့်။
ခရီးလမ်းကွင်း။ငွေပြားခင်းသို့။ သလင်းသဲဖြူ။မံနူရမ္ဘာ။ ချောင်း
သိတာနှင့်။သာယာပျော်မှု။ရန်းတားပြုလျက်။ စတုဒိသ။ ဝိဟာ
ရတုံ။ဝေးကရောက်လာ။သဃ်ာတို့အား။ ဝတ်ပန်တား၍။ လေး
ပါးပစ္စည်း။အမှုချည်းလျှင်။မနဥ်းဝတ္တု။ လုံကြောင်းပြုလျက်။ရှပ်
တုစည်လောင်း။ သင်္ချာပေါင်းမူ။ ကိုးသောင်းဘုရား။ ရှင်တော်
လားသို့။အများပျော်ရာ။ ကန်တော်သာနှင့်။ နရာရှင့်ဘိုး။ လှူစေ့
ပျိုးသည်။ ။ကောင်းကျိုးတည့်ပျံမွေး၊မြတ်ရာရွှေး။ ။ဧး
လည်းယင်ယင်ဧး။

၄၂။ သုဝဏ္ဏဘူမိ။တွင်မည်ရှိသား။ သိရိရတန။ ဩဘာ
သဖြင့်။သကျာသုံးလူ့။သဗ္ဗညူလျှင်။ပေါင်းစုမကွာ။ ရံငါးရာဖြင့်။
ဟာသ်ာအစစ်။ ဤတွင်ဖြစ်ဟု။ ရှင်ချစ်ဘုရား။ ဗျာဒိတ်အားဖြင့်။
ဟောပြားသရော်။အတိတ်ဘော်၍။ ဖြစ်တော်မူခါ။ ထိုတောင်
မှါက။အကြောင်းစလျက်။ဟံသဝတီ။ တွင်ညီမည်ထူး။ကျေးဇူး
များလှ။ မြတ်ဌာနဌ်။ ပုညရတနာ။ မည်သာထင်ပေါ်။ စေတီ
ကျော်ကို။ရွှေလှော်ထွန်းလျှပ်။ ဘိနပ်တိုင်အောင်။ မွမ်းပြီးနောင်
မှ။ မြားမြောင်ဝတ္တု။ ရေတွက်ပြုမူ။ ပေါင်းစုရာဆ။ သံဃိက
လည်း။ ဓုံးစဉ် နည်းဖြင့်။ ကမ္ဗည်း ကျောက်စာ။ မင်္ဂလာဇေ

ယောဉ်။ထားပြီးသောဉ်လျှင်။ကျောင်းတောဉ်နဉ်းယူ။ပယောဂမှု၍။ဇမ္ဗူ
ခုပ်ရိုး။ ၅င်ချစ်ဘိုးကား။ ကောင်းကျိုးဖြင်တတ်။ ဣဇဝတ်၌။
အထွတ်စကြာ။မင်းရေးရာကို။သန္တာကြီးထူ။သိတောဉ်မူသောဉ်။
ထိန့်ဆူ၅န်ကြား။ယိုးဒယားသို့။ လေးပါးစုံအင်။ ပည်းမွမ်းဖြင်မျှ။
မြင်းဆင်ဗိုလ်ခြေ။သုံးကုဋေဖြင့်။ ပရမေဌစာထိး။ ဘုန်းစက်စီး
၍။နည်းမှီးကျမ်းလာ။ ထိုအခါဝယ်။ ယတရာအသင့်။ မင်းကျင့်
ပိပိ။ရွှေစက်ချီက။အောင်ပြိထွန်းဝါ။ဘုန်းစကြာသည်။ ။အာ
ဏာတည့်လျှံပြေး၊ကြားနှံ့မွှေး။ ။ဧးလည်းယင်ယင်ဧး။

၆၃။ လေးကျွန်းသော်၌နင်း။ စကြာမင်း၌။ ထံရင်းမဂေ့ွ။
အမြဲနေသား။ စစ်ခြေဗိုလ်ပါ။ ရံမျှားစွာနှင့်။ ရတနာ ထွန်းပ။
ခြသော့်ကပြီး။ ရထားစီးလျှက်။ စောထီး ရင်နှစ်။ ပင်လယ်မြစ်
ဝယ်။ တိုးလှစ်မအ်ား။ ရေအများကို။ ပယ်ခြားလင့်အောင်။ နံရံ
ထောင်သို့။လှေဖောင်ခရီး။ ဖြစ်စေပြီးမှ။ ရံဆီးဗိုလ်အား။ ရဲမက်
များနှင့်။ရထားစက်ဝန်း။နေ့ံစွန်းရွှေမှါ။ရှုဘွယ်သါတိ။ရတနာ
ကိုးထွေ။ရွှေငွေပုလဲ။ပန်းဆိုင်းဆွဲသို့။ အံ့အဲဘွယ်သာ။ အစဉ်ပါ
လျှက်။ဘုန်းဝါတန်းခိုး။လေးကျွန်းစိုးသည်။ ၅နိပြိုးဆူဝေ။ သွား
ဘူးလေ၏။ပုံသေကျမ်းလာ။ထိုပမာသို့။အာဏာရှေးရှု။ ချီတောဉ်
မူသောဉ်။ ကြီးထူတောင်ကမ်း။ မြစ်၅မ်းချောင်းမြောင်း။ မခက်
တောင်းကို။အလောင်းဗိုလ်ခြေ။သုံးကုဋေဖြင့်။ ပရမေ၅င့်ဘိုး။
ထွတ်တန်းခိုးလျှင်။ရွှံ့စိုးမရှောင်။ ခေါင်ခေါင်တူးဘောက်။ရည်
တိုင်းရောက်လျှက်။ ရန်ထောက်သူ့ခွင်။ ဆောလျှင်အပြင်း။ရွှေ
စက်နင်းက။မှန်ကင်းရောင်၅န်။ရဲတန်းခွန်သည်။ ။ရွှေမှန်တည့်
ပြောက်ရေး၊နိတွေးတွေး။ ။ဧးလည်းယင်ယင်ဧး။

၆၄။ အဗ္ဗာရသ။ သိပ္ပတတ်စုံ။ ပြီးစီးကုန်လျှက်။ ပွင့်ငုံ
သန္တာ။ရဲကျော်စွာဟု။မည်သာချီကျူး။နတ်ရွှယ်လူးမူ။ကျေးဇူး
တောဉ်ဖြင့်။ရွှန်းရွှန်းတင့်သား။ပွါးမြင့်လက်ရုံး။ တက်သစ်ဘုန်း
ဖြင့်။ ပတ်ကုံးကြေညာ။အံ့အာသရဲ။ ဖြစ်ခဲထူးခြား၊ လူရုပ်ထား
ကို။ ကြားကလုပ်ကြီး။ မြိမြိတန်လျှောက်။ အမြောက်လက်ကိုင်။

ဖြိုးခိုင်မြင်းဆောင်။ရဲပင်ကိုယ်ယုံ။ မှုကုံကျော်စော။ ထူပြောလက်
နက်။လွှန်ခဲ့ခက်ကို။ ထွန်းတက်တေဇာ။ နန်းပွင့်လျှာလျှင်။အာ
ဏာတော်လောင်း။ နဂါး စောင်းသို့။ ထောင်းထောင်း စွန့်ရဲ။
သောက်ကတဲကို။အုန်းသဲစစ်သည်။လေးမည်အင်္ဂါ။ ရုံဆီးကာ
လျက်။ မာန်ပါထိုတွင်။ အတင်တင်တိ။မွမ်းဖြင်တွေကျည်။တူး
ဖြိုးသည့်တွင်။ရဲရည်ကြွားကြွား။ လေးပါးဟန်ထူး။ အံ့ကြမူးမှု။
ပြောင်လူးနတ်သ။ဖေါက်ပြဲ့သို့ထင်။ မာတင်မုန်သောက်။ ဆဒ္ဒန်
ပေါက်နှင့်။တိုက်ဘောက်ဆင်လွှတ်။စောဘုန်းထွတ်လျှင်။ ပယ်
ဖြတ်ရန်သူ။ အောင်တော်မူက။ ပျံ့ကြူ သတင်း။ ရှင့်ဘမင်းကို။
ထွန်းဝင်းရောင်ညြီး။ မင်းစီးရွှေပေါင်း။ အလောင်းနတ်တူ။ ပေး
တော်မူသည်။ ။အယူတည့်မြတ်လေး၊ကြံ့စိတ်မွေး။ ။ဧးလည်း
ယင်ယင်ဧး။

၄၅။ ပဒိုရှုပ။အောင်တပ်ချသော်။မာစာမဥ္စရင်း။သိကြား
မင်းလျှင်။ မှန်ကင်းတမွတ်။ မြင့်မိုရ်ထွတ်မှ။ ဆင်မှတ်ရတနာ။
တန်းဆာပြက်ပြက်။ စွဲလက်နက်ဖြင့်။ ကြံ့ခက်လှူရွှာ။ သက်ကြွ
လာသို့။ရတနာရောင်မောင်း။ရွှေပေါင်းသကျိုစ်။ ရွှေကုံးနှစ်ဖြင့်။
ထပ်ရစ်ရွှေသွယ်။စလွယ်ဘယက်။ဖြိုးပြက်ရောင်ဝါ။ မင်းတန်း
ဆာဖြင့်။ ခရာမကြွင်း။ စံခြင်းပျော််ရွှင်။ ထွက်စည် ပင်တည့်။
ကြည်လင်ညွတ်တွား။စောတရားကို။ကြောက်အားကြီးစွာ။ ထို
အခါဝယ်။သူ့ရှာစော်ဘွား။ ယိုးဒယားလျှင်။ ခန့်ညားရွှံ့ရှာ။ ဦး
တိုက်လာ၍။ ရတနာဆဒ္ဒန်။ နတ်တို့ဖန်သား။ ငွေဟန်ထပ်တူ။
ဆင်ဖြူလေးစီး။မှူးမတ်ကြီးနှင့်။သို့းမကြွင်း။ရှင့်တိုးမင်းအါး။ များ
သါးရွှေငွေ။အထွေရောက်လာ။မိုစ်းသို့ရွှာလျက်။ သစွာကေန်။
အမိဌာန်ဖြင့်။ရန်မာန်မိုင်းခြား။ ထိုစော်ဘွားကို။ ဘုရားဆုတန်။
နှင်းခဲ့ပြန်မှ။ပြောဝှန်ထိန်ဟို။မြတ်နဂိုရ်သို့။ မပြိုငွေပြား။ ပြန်ခဲ့
ကြားသည်။ ။သိကြားတည့်ဆောင်သွေး၊ဘုန်းတော်ပေး။ ။
ဧးလည်းယင်မယင်ဧး။

၄၆။ နှောင့်ရှက်ပုန်ကန်။ သစွာလှန်၍။ယမန်တွင်သာ။စစ်

ပြန်ကာဟု။ရောက်ရာထောက်ထား။ ဇင်းမယ်စားဆျှင်။ အမှား
စတော။ မှတ်တုံလေသော်။ ရွှေမြေအဝ။ မြတ်ဌာနန္တ။ သုံးလဝါ
တွင်း။တင်းခဲ့ကာသာ။မျက်တော်ပါ၍။ လျှင်စွာခန်းထောက်။ချိ
လေရေခံကာ။ ရွံ့ကြောက်တုန်လှုပ်။ပုဆစ်တုပ်၍။ ကျွန်ုပ်ဘုရား။
ပြစ်မှားဝံ့ပါ။မှူးမတ်ရာနှင့်။ချိုသာလျှောက်ကြား။ ဇင်းမယ်စား
လျှင်။ကြောက်အားကြီးစွာ။ ဖူးထွက်လာသော်။ဖမာပုံဆောင်။
တောသုံးထောင်၌။ ရန်အောင်သေဌ်နင်း။ ခြသေ့်မင်းဝယ်။ အ
ပြင်းအားကြီး။သားမျိုးတကာ။ မလွတ်သာသို့။ နိုင်းရာထိုတွင်။
ဘိုးနတ်ရှင်မူ။ဘုန်းအင်လျှံညီး။တန်းခိုးကြီးလျက်။ အတိုးရှေးခါ။
ထွန်းတေဇာဖြင့်။ဗာရာဏသီ။တွင်ညီမည်ရင်း။ အလောင်းမင်း
လျှင်။သွေယွင်းမှါးယူ။မကောင်းသူကို။ မှတ်ယူအသင့်။ကောင်း
ကျင့်ကုန်ထွေ။အေါင်စနေသို့။ပုံသေထိုတူ။ကျင့်တော်မူသည်။ ။
ကြီးထူတည့်နတ်ပေး၊ ကြီနက်လေး။ ။ဧးလည်းယင်ချေး၊
နူပျောင်းဧး။

၆၇။ ရန်ကြေး သုတ်သင်။စင်ပြီးသရော်။ အာဏာတော်
ဖြင့်။ တေဇော်သေဌ်နင်း။ ရှင့်ဘိုးမင်းလျှင်။ လင်းဇင်းထိုပြည်။
ကြွင်းလေသည်ကို။သာကြည်မလင့်။ယူသေါ်သင့်ဟု။အခွင့်ရေး
ခင်း။ရှင့်ဘမင်းကို။လျှင်ပြင်းမနေ့။ချီရလေသေါ်။ရေမြေအုပ်စိုး။
ရှင်ပင့်ဘိုးကား။အကျိုးမျှော်တွေး။နေ့ခင်ရေးမထား။ ဇင်းမယ်
စားကို။မယားတကွ။ယူခဲ့မှလျှင်။ထွန်းပတေဇာ။သမ္ဘာရင့်မှန်။
နဂိုရ်ပြန်သော်။ ရန်လည်းငြိမ်းပျောက်။ ပတ်လျှောက်တိုင်းကား။
ဘုန်းတော် အားဖြင့်။ သိကြား ဆော်မ။ ဌာနကောင်း ဆက်။
အောင်မြေချက်ဝယ်။ မဘက်နိုင်းတု။ တောင်မေရုသို့။ ကြီးထု
ပဝရာ။ ထိုအခါဝယ်။ မြို့သာတည်မည်။ ကြံတော်ရည်လျက်။
မြင့်ရှည်ကမ္ဘာ။ မြဲကြောင်းရှာသည်။ ။ချမ်းသာတည့် ငြိမ်း
ဧး၊ နေ့ခင်ကောင်းရေး။ ။ဧးလည်းယင်ယင်ဧး။

၆၈။ လက်ရုံးစက်ရိပ်။ဇမ္ဗူဒိပ်ဝယ်။ ရန်ငှုပ်မင်္ဂလာ။ နန်း
ပွင့်လျှာဟု။ ကြီးစွာတန်းခိုး။ ရှင့်ဘိုးဘုရား။ အိမ်ရွှေထားသား။

တရားမှန်ကန်း။ရှင့်ဘမင်းကို။ လင်းဇင်းသူ ပြည်။ ကြောညည် ဗိုလ်လူ။ထိုနိုထိန့်ဆူမျှ။, ပြောထူအုတ်ကျက်။နှောင့်ရှက်ရေးရော။ သည်အခါမူ။ ဓမ္မာသူ့လက်။ လွတ်မည် ဆက်ဟု။ ပြေးထွက် ရှောင်ရှား။လင်းဇင်းစားလျှင်။ကြောက်အါးကြီးထွေ။ပုန်းရှောင် လေသည်။ဇကောင်းတွေ့ရေးရာ။များစွာဆင်မြင်း။ညီမင်းနှမ။ထို ဝယ်ရလျက်။-ကာလမြင့်ရှည်။ စစ်သည်မနွှမ်း။ ကြောင်းလမ်း သာယာ။ ပြန်ခဲ့လာဖသော်။ ရတနာလက်ရုံး။ တက်ပြိုးတေဇာ။ သားမင်းလျှာဟု။များစွာချီကျူး။နတ်ရွှယ်လူးကို။ ရန်ငူးရှင့်ဘိုး။ ထွန်းပြိုး ဗုန်ဗွါ။ ချစ်မေတ္တာဖြင့်။ ရတနာ ရွှေဝေါ်။ ထွန်းမော ရောင်လင်း။ ဆုတော်နှင်းသည်။ ။သတင်းတည့်ကြိုင်လေး၊ ပျံ့ပျံ့မွှေး။ ။ဧးလည်းယင်ယင်ဧး။

၆၉။ ထိန့်ဆူ အုတ်ကျက်။ အောင်မြေချက်၌။ ဗုန်တက် သတင်း။ရှင့်ဘိုးမင်းလျှင်။နှင်းတုံမြို့ရွာ။ ကောင်းအခါ၌။ ဖြန့်ကာ တရှိ။တိတိကြီးငယ်။နှစ်ဆယ်တံခါး။ ရထားဖြောင့်တန်း။ စတု ရန်းမူ။ပေါင်းဝန်းခြောက်ရာ။နှစ်ထောင်တာတိ။ ရှုသါရေးရေး။ မကွေးထောင့်ရစ်။ရူပံပစ်လျက်။ ယွင်းပြစ်မသင့်။ နိမ့်မြင့်ကျန်း ကျင်း။ တလင်းမြေပြင်။ညှိစဉ်ပင်လျှင်။ မွေ့ရှင်ဆံကျော်။ မျက် မြော်ကောင်းကျိုး။ ရှင့်ဘိုးဘုန်းထူ။ ရတော်မူသော်။ ကြည်ဖြူ သဒ္ဒါ။ အံ့အာပွဲကြီး။ရှုမပြီးလျှင်။ ထွေဖြိုးရှောင်ရှား။ တိုးမအား တည့်။အများကြေညာ။ ပူဇော်လာလျက်။ ရတနာရောင်ထွန်း။ ရွှေနန်းရွှေဆိ။အောင်မြေညီ၌။ စေတီရောင်လျှံ။ ရွှေတိမ်ံလျက်။ နက်စံဘုန်းစည်။ရှင့်ဘိုးတည်သည်။ ။သာကြည်တည့်နှောင်း ရှေး၊မကြာသေး။ ။ဧးလည်းယင်ယင်ဧး။

၇၀။ တောင်ကျွန်းသပြေ။ ခေါင်ထိပ်ဖွေ၌။ စက်ရွှေဘုန်း အား။ မိန့်တော်ကြားက။ တလွှားဇမ္ဗူ။ ကြီးထူရပ်စည်။ထိုထို ပြည်မှ။သါကြည်ရိုညွတ်။ကျွန်မှတ်နို့နို့။တောင်တာခံလျက်။လုပ် ကြံ့ကျုံးမြောင်း။မြစ်လောင်းမတန်။ နက်ဟန်ကြည်ချမ်း။ ပြည့် တင်းကျမ်းတိ။ ထပ်ပွမ်းအကျိုး။ ပွါးတိုးဗုန်တက်။ ကောင်းခါ

ရက်ဖြင့်။နှောင့်ရှက်မဆန့်။ရန်လည်းငြိမ်းမှ။ဧယာတုဟု။အောင်
ဆုထပ်ဟောင်း။ တိတ်ခါကောင်းဝယ်။ စောလောင်းဘုန်းစည်။
မြို့တော်တဉ်သော်။အောင်စည်ရိုက်တီး။ကောင်းချီးနံ့မြူး။ဘဝင်
ကျူးမှ။ ဆန်းထူးထွေပြား။ တံခါးနှစ်ဆယ်။ ရှုပျော်ဘွယ်တိ။
မှတ်ရွယ်မိန့်ရည်။ခေါင်ဘုန်းစည်လျှင်။ တပြည်ယောင်စီ။မျှညီ
တာခံ။လုပ်ကြံပြီးစေ။မိန့်တော်ထွေဖြင့်။ရွှေငွေတာခြား။ မြှောက်
စားမြတ်လေး။ဆုထပ်ပေးလျက်။ ကြီလေးနက်နဲ့။ လွန်ကဲဇွံ့ချီး။
မြို့တော်ပြီးသည်။ ။ယှဉ်မှီးတည့်ပုံသေ့း၊ တူနှုန်းဝေး။ ။
ဧးလည်းယင်ယင်ဧး။

၁၁။ အထူးအထူး။ မော်ကွန်းဦး၌။ သွယ်ဖြူးဆိုင်းဆိုင်း။
ပျော်ဘွယ်နိုင်းတိ။ရံတိုင်းလူလို။ သူရဲခိုနှင်။ ထားသိုသိပ်သည်း။
ပေါင်းပည့်း ရင်လျှောက်။ ခိုနန်းဘောက်လျက်။ မြိုးမောက်ရှု
သာ။ လေးမျက်နှာလုံး။ ရေးရေး ကုံးသို့။ ပေါင်းရုံး နှစ်ဆယ်။
တံခါးဝယ်တုံ။ ရွှေကြယ်ထွန်းမြူး။ မှန်ကင်းဘူးနှင့်။ ရွှေခြူးကြာ
ပြန်။ မိတာန်ရွှေရေး။ လျှပ်ရောင်ပြေးမျှ။ တော်ကွေးချင်တား။
ဆတ်သွါးရိုင်းစိုင်း။ ပြိုင်းရရိုင်းတိ။ဆိုင်းဆိုင်းဝန်းကျင်။တုရင်က
မောင်။ဆောင်ဆောင်သွယ်ဖြူး။ဌက်ပျောဘူးတည့်။သောက်ရှုး
သဏ္ဍာန်။ တသွန်နီးဝေး။ ရွှေရောင်ပြေးလျက်။ ပြောင်းလေးရံ
ကာ။လက်ရံမှာတုံ။ ရှုသာနိမ့်မြင့်။ သုံးဆင့်ရေးရေး။ သူရဲပြေး
နှင့်။ရန်ဘေးပျောက်ဖုံး။ ရွှေမြို့လုံး၌။ ပတ်ကုံးရောင်မောင်း။ ရွှေ
တန်ဆောင်းတိ။ ရဲလောင်းမှင်ကာ။ရှေးစဉ်လာမူ။ ကမ္ဘာကျင့်
ထုံး။ကြိုတ်ရှစ်လုံးနှင့်။ရှင့်ဘုန်းကြီးထူ။ တည်တော်မူသည်။ ။
မိုလ်လူတည့်ရန်ဘေး၊ ပယ်သင်နွှေး။ ။ဧးလည်းယင်ယင်ဧး။

၁၂။ တတည်တတည်။ခါကောင်းရည်လျက်။ သာစည်
ထူးလစ်။မြို့သစ်ဘာသာ။ လက္ခဏာဖြင့်။ ဖွယ်ရာပြည့်စုံ။ပြီးစီး
တုံမှ။ခြေခံဘုံဒေဝ။ နတ်ပြည်ကျသို့။ ကာလရက်မြတ်။ နက္ခတ်
တိထိ။ ရာသီတပေါင်း။ မသာတောင်းဝယ်။ လျှင်ကြောင်းပြီး
အောင်။စောဘုန်းခေါင်လျှင်။ ခြောက်ဆောင်ပြာသာဒ်။ လျှံပတ်

ရတနာ။ရွှေသာသတိ။ရဲရဲညိမှျ။မရှိနိုင်းကျွန်း။ ရန်အောင်နန်းနှင့်။ ရုံဝန်း ထူးလည်း။ ရှင့်ဘိုး တည်သော်။ သာကြည် ကောင်းချီး။ နန်းတက်နိုး၍။ရပ်ကြီးထွေလည်း။မိုးကောင်းပြည်မှ။ ဘုန်းစည် ဘုရား။တန်းခိုးအားဖြင့်။သိကြားနတ်ဘုံ။ မြတုံတတွ။ ထိုကာလ ဝယ်။နတ်သခဒ္ဒန်။ စွမ်းသန်ပျိုမျစ်။ ခါကောင်းနှစ်တွင်။ ထွန်း သစ်ထူးဆန်း။ ရွှေနန်းလည်းဆောက်။ဆင်ပြူရောက်သည်။ ။ နောက်နောင်တည့်ပြောရေး၊ အံ့ဘွယ်မွေး။ ။ဧးလည်းယင် ယင်ဧး။

၁၃။ အစည် ကြောင်းရင်း။ နန်းထက်မင်းတို့။ ခင်းကျင်း ဘွယ်ရာ။ နန်းတက်ခါနှင့်။ ပြဟ္မာရှစ်ဦး၊ သာမြူး ကြည်ညွတ်။ လကျာပတ်ဖြင့်။ ပေါင်းမှတ်တည်ပေး။ ဂြိုဟ်သန္ဓေးလျက်။ ဦး ဆေးမင်္ဂလာ။ ကောင်းအခါဝယ်။ ယတြာပြုပြီး။ မြတ်စောထီး လျှင်။ထွန်းညီးရောင်လင်း။ ပြောင်ပြောင်ဝင်းသား။ မင်းတို့ဆင် ရာ။ရတနာဖြင့်။ တန်းဆာအစုံ။ ဝတ်စားတုံမှ။ ပြောဟုန်အခုတ် ကျက်။ ဇမ္ဗူချက်၍။ အောက်ထက်မိုးမြေ။ ထိန့်ထိန့်ဝေမှျ။ မနေ ရိုက်ကြည်း။တော်ရိုက်လည်းလျက်။ဒုန်သည်းကြီးထု။ သတင်း ပြု၍။ခါရှုစည်းလက်။ ဂြိုဟ်ခြင်းထွက်သော်။ ခေတ်ဘက်နံ့ခွင်။ ရောက် စဥ်ပင်လျှင်။ ရွှေစင် ရောင်လွှတ်။ ရွှေပြာသာဒ်၍။ မြတ် သားယာဥ်ကြီး။ရထားစီး၍။ ကောင်းချီးကျော်ဟစ်။ ရင်စစ်သံ လွင်။ပွဲတင်စည်ပြော။နှဲရောခရာ။ လက်ချပ်ပါလျက်။ သံဝါတူ လောင်။ သာခေါင်တကောက်။ လက်မြှော်ဒုံမင်း။ သာချင်းခရု။ တီးမှုတ်ပြုသား။ သာမှုအလျောက်။ နန်းချင်းကောက်သော်။ချို တော်အသရေ။ မြူတေထွန်းဝင်း။ရှင့်ဘွားမင်းနှင့်။ စံခြင်းမြတ် သက်။ရွှေနန်းတက်သည်။ ။ဘဝဂ်တည့်တိုင်မွေး၊ကြိုင်ကြိုင် ဧး။ ။ဧးလည်းယင်ယင်ဧး။

၁၄။ ဇမ္ဗူတလွှား။ သောင်းမြေခြား၍။ မျှားသား ပြည် ထောင်။တွန်းနှပြောင်ရတနာ။ ဉကာသာမှ။စကြာထီးဖြူ။ ပဒ္ဒူလွ လွ၊ ဖြန့်ပြီးမှလျှင်။ မြတ်လှဆရာ။ ရှေးစဥ်လာဖြင့်။ ပြဟ္မာရှစ်

ယောက်။ဘိသိက်မြှောက်သော်။ ထွန်းတောက်မဂ်လာ။ ကျင့်
စရာသား။ မှန်စွာ အောင်ဆု။ ဇေယတူပါ။ လှူလှူဇကောင်းချီး။
အောင်စည်တီး၍။နည်းမှီးစဉ်လာ။ မင်းခမ်းမှာတုံ။ ရွှေကြာပန်း
တောင်း။ကွမ်းလောင်းကွမ်းချပ်။ ပန်းဇလပ်နှင့်။ ကွမ်းချပ်ကွမ်း
တိုး။ ကွမ်းအိုးကွမ်းလိပ်။ ရောင်ဘိတ်ကွမ်းခွက်။ ညီးညီးလက်
မှု။ ရှစ်ဘက်ထောင့်ချော။ မနောလင်ပန်း။ ရောင်လွှန်းဘလား။
ကရားထွေးခံ။ မင်းစံသိင်္ဂါ။တရာနားရေး၊ ထွန်းလျှံပြေးလျက်။
ရေးရေးရှုသာ။မြူတာအိုးသစ်။ထွန်းလှစ်စငွေ။ ကြွေ့ကြွေ့ဖြိုး
အင်။ သောက်တင်ဖလား။ မင်းခမ်းနားတိ။ ရိုးဖျားညွတ်သွယ်။
တဝယ်သံလျှင်း။ ပြောင်လင်းရောင်လျှပ်။ သားမြီးယပ်နှင့်။ ပန်း
ကပ်သစ်တောင်း။ ပန်းလျှောင်း ခွက်အုပ်။ ခြယ်မြှုပ်မျက်ရှင်။
လက်တင်နို့မြင့်။စလင့်ဂိဝါ။ရှုဘွယ်သာတိ။ စံရာမကြွင်း။အစုံ
ကျင်းလျက်။ပွင့်လင်းဘုန်းလျှံ။မနောခံသော်။သေဋ္ဌပဝရ။ မြတ်
လှမင်းမျိုး။ထွတ်တန်းခိုးသည်။ ။ရှင့်ဘိုးတည့်ဘုန်းမွေး၊ နေ
နတ်မြေး။ ။ဧးလည်းယင်ယင်ဧး။

၁၅။ ဇမ္ဗူတလွှား၊ တောင် မြေခြား၌။ မျှားသား ပြည်
ထောင်။ မင်းကျန်အောင်နှင့်။ သုံးထောင် အမတ်။ ရံပတ်အုတ်
ကျက်။ ရွှေနန်းတက်သော်။ နွယ်ဆက်မခြား။ မှူးမတ်များကို၊
ခမ်းနားဘွဲ့ရေး။ မည်သာပေးလျက်။ ကျင့်ရေးထုံးရှည်။ နန်းအခ
လျှည်ဖြုံ့င့်။ ကောင်းစည်စီရင်။ စောနတ်ရှင်လျှင်။ ဒွိုံထင်ကြိုင်
မွှန်း။အောင်မြေကျွန်း၌။ရွှေနန်းတက်ကာ။ မျှားမကြာဝယ်။ ရတ
နာရောင်ဘိတ်။မြသပိတ်ကို။ညွတ်စိတ်ထွေငေါ်။သိကြားဆော်
၍။ကောဲရောဲမြတ်ခြင်း။သိဟိုဠ်မင်းက။ အပြင်းလျှင်စွာ။ပို့ရလှာ
သော်။ မျှားစွာလူနတ်။ ရိုညွှတ်ဝဲချီး။ တန်းခိုးကြီးဟု။ဝေးနီးအံ့
အာ။ အကျိုးမှာတုံ။ မျှားစွာနှောင်ရေး။ ရှေးအတုလွှတ်။ မင်း
မန္တာတ်နှင့်။ နာဂတ် အထူး။ ချီးရိုက် ကြူးသည်။ ။ကျေးဇူး
တည့်ဂုဏ်လေး၊ ထုံးပုံသွေး။ ။ဧးလည်းယင်ယာင်ဧး။

၁၆။ ပြည်ထောင်သေဋ္ဌနင်း။ မင်းတို့မြတ်လေး။ သွီးပေး

လျက်။ရည့်သွေးနတ်သွင်။မွမ်းမွမ်းဖြင်မျှ။ သဘင်ခါမှတ်။ စဉ်မှ ပြတ်တည့်။ပြာသာဒ်ရွှေနန်း။ရွှေထီးထွန်းသား။ ရောင်ရွှန်းတော်ပ။ဥကာသ်၌။ ဖြန့်လွှစကြာ။ ရိပ်ဖြူကာလျက်။ အာဏာဘုန်းထင်။ ချောင်းသစ် တွင်မူ။ သဘင်ပန်းလု။ ခါရတုဖြင့်။ ပျော်မှုစံခင်း။ တော်သလင်းတုံ။ သစ်ဆင်းအခါ။ ပျော်ဘွယ်သာတိ။ ဗိုလ်ပါ ထွေပြီး။ သဘင်ကြီး၌။မငြိုးရှုရာ။ ဆင်ကျုံးမှာလည်း။ သာယာ ပျော်နိုင်း။ လတိုဖ်းသဘင်။ ဆင်ကောင်းဝင်လျက်။ နံ့ရွှင်ကြိုင် မြူး။တန်းရူးကာလ။ရောက်လကမူ။ ချမ်းမြကြည်စွာ။ ဝတိသာ ၌။ အာဏာ တော်လိုက်။ မှတ်သမိုက်သား။ ရစ်ပိုက် လကျာ။ အဖြာဖြာတိ။ များစွာပန်းမာလ်။ ချိုလွှန်သစ်သီး။ ပင်တိုင်းကြီး လျက်။မငြိုးပျော်ကြောင်း။ရွှေလှေလောင်းနှင့်။ ကြေးမောင်းခြိမ့် မျှ။စံပရေဖျန်း။စောကြွှန်းလျှင်။ထက်ဝန်းအုတ်အော်။ သကြွန် ခေါ်သည်။ ။ထွေငေါ်တည့်ကျင့်ရေး၊အစဉ်မှေး။ ။ဧးလည်း ယင်ယင်ဧး။

၇၇။ အမှားတကြွှမ်။သစွာထိမ်၍။ မြုပ်တိမ်လိုငြား။ ယိုး ဒယားလျှင်။ကြိုးစားတဘန်။ နောက်ပုန်ကန်သော်။ ဘုန်းဗုန်ရှင့် ဘိုး။ဇမ္ဗူ့ဖိုးသား။ မျက်ငြိုးလျှင်ပြင်း။ ဝါလတွင်း၌။ ထွန်းလင်း တေဇာ။ရတနာလက်ရုံး။ဆန့်ယူကြုံးလျက်။တက်ဘုန်းသတင်း။ ရှင့်ဘမင်းကို။ အပြင်း လျှင်ထွေ။ ချီရလေသော်။ ရွှေမြေဌာန။ မုတ္တမ၌။ နတ်လှစက်ရှင်။ တင်စဉ် ပင်ဝယ်။ သွံ့ထင် ဗုန်ချိပ်။ မိုဃ်းရိပ်တိမ်ခြေ။ မှိုင်းမှိုင်းဝေမျှ။ နေလည်းကြွတ်တပ်။ နှံ့စပ် ဗုန်သူ။ဇမ္ဗူ့တဝေး။ကျာဟစ်ကြွေးသို့။ နတ်ပေးရွယ်လူး။ ရင့်နူး သမ္ဘာ၊ဘုန်းတေဇာကြောင့်။ ကြီးစွာနိမိတ်။ ပတိတ်လျှင်ဆုံး။ ညှို့ရုံးညီထွေ။ ဆန်လေသုတ်ဖြည်း။ ရိုက်ကြည်းမြည်အုန်း။ တ ချုန်းချုန်းလျှင်။ပတ်ကျန်းစက်မိုး။မိုဃ်းစည်တီးလျက်။ထွန်းညီး ကြက်သရေ။မြို့တောရပ်သွင်၊ရှင့်ကိုမြင်သော်။လွှန်ကြင်မြတ်နိုး။ ရှင့်ဘိုးဘုရား။ စောတရားလျှင်။ ဆွထွားသတင်း။ရှင့်မိမင်းကို။ အပြင်းကံကျွေး။ထပ်များပေး၍။ မင်းရေးမျှော်တင်။ ထိုလတွင်

ဝယ်။လျှင်ပြင်းတွေ့အား။ယိုးဒယားသို့။ ဘဝါးစက်ရွှေ။ချိတုံလေ
သည်၊ ။ကောင်းထွေတည့်မင်းရေး၊ကြာမနှေး။ ။ဧးလည်း
ယင်ယင်ဧး။

၁၀။ ရန်မာန်ပယ်ခွင်း။ ရှင့်ဘ မင်းလျှင်။ သတင်းကြွား
က။ရတ္တမန်၍။ ပြင်ကြဖူးလျှင်။ လွမ်းဆွတ်ကြင်မှု။ မြင်ချင်မျက်စိ။
ရေးရေးရှိသား။ပိတိ ရွှင်ဝမ်း။ချစ်အားရမ်းလျက်။ကြောင်းလမ်း
သာဟန်။ချိလေပြန်သော်။ဘေးရန်လွှင့်မြူ။စင်ဖြူဆွဆွ။အါစာရ
နှင့်။သီလမကင်း။ရှင့်မိရင်းတုံ။ လျှံလင်းကြက်သရေ။ ရဝေသာ
ထွန်း။ တရုတ်နန်း၌။ ကြင်လွန်းမင်းရဲ၊ စောရန်ကဲကို။ဘုန်းသဲ
ပွမ်းမှု။စောင့်ရှောင်ရလျက်။ ဖွဖွရွှတ်မန်း။ရုံဝန်းဘယ်ညာ။ အတိ
ကာဖြင့်။ရတနာတံတိုင်း။ဆိုင်းဆိုင်းဝန်းလည်း။ကမ္ဘာတည်ဟု။
နှစ်မည်တသီး။တောင်ထုပ်ကြီးနှင့်။ရုံဆီးစက်ရှင်။မာရဘင်တုံ။
များဖြင်အထူး။မြတ်ကျေးဇူးကို။လွန်ကျူးတထည်။ ကောင်းဘို
ရည်လျက်။ နှစ်မည်အကွ။ သိကြွားအုပ်ဆောင်း။ အပေါင်းထင်
ရှား။ မန္တရားဖြင့်။ ပိုင်းခြားထက်ဝန်း။ ဖြောင်ချည်ရန်းလျက်။
ရွှတ်မန်းပျောက်ငြိမ်း။ သွာဟာမြိမ်းသည့်။ ။ခပ်သိမ်းတည့်
ရန်ဘေး၊စင်အောင်ဆေး။ ။ဧးလည်းယင်ယင်ဧး။

၁၉။ အကြောင်း လက္ခဏာ။ ဘုန်းညွှန့်ဖြာ၍။ ပည်းစွာ
ညင်းဧး။ လေးမြတ်သွေးလျက်။ စဉ်ရှေး ထိမ်းမှတ်။ သတင်း
ကျွတ်ဝယ်။ဆန်းမြတ်တရက်။လျှံတက်သော်တာ။ တနင်္လာသို့။
သန်ကြာသန်လွဲ။ပွင့်ဆဲဆဲ၌။ ထွန်းရဲနှစ်ပတ်။တက်လတ်ဗိဇ္ဇာ။
မှုသတ္တာဖြင့်။ အင်္ဂါတူနေ။ ချက်ဖွေဒီပ။ ပိုင်ကြောင်း ပြလျက်။
တေဇပညာ။ဂြိုဟ်ဇိဝါမူ။ဗြိန္တာတွင်ဝန်း။ခတ်နံ့ထွန်း၍။ဦးစွန်း
ခေါင်ချာ။သူရိယာလျှင်။ကန်မျှါစုထပ်။အောင်မြေရပ်၌။ကောင်း
ကြပ်သောကြာ။တနင်္လာနှင့်။သောကြာကသစ်။ဥရစ်ရပြန်။ နန်း
လောင်းမှန်လျက်။ကျမ်းဂန်လာညီ။သောရီရာဟု။ ခြောက်ပါးစု
သော်။ လှူ့လှူ့ဝမ်းမြောက်။ရနေသဆော်သို့။ ထွန်းမြော်ကောင်း
ထွတ်။ ကရကနိ၌။ လက်မြတ်တကွ။ တြင်းရလျက်။ ကာလ

ရက်ကျော်။ကောင်းချီးခေါ်သည်။ ။ဘုန်းတော်တည့်ပျံ့မွှေး၊ ဘိုးတော်မြေး။ ။ဧးလည်းယင်းယင်ဧး။

၁၀။ ရတနာမဥ္ဇူ။ တောင်ထိပ်ဂူဋ္ဌ။ ဧးကြူပွင့်ဝန်း။ မဥ္ဇူ ပန်းသို့။ပျံ့မွှန်းထို့နှစ်။ သက္ကရာဇ်မူ။ စင်စစ်ကိုးရာ။ ဧက်တိ°သာ နှင့်။ မှန်စွာလက်မှ။ ၵသစ်ရလျက်။ မိဿရာသီ။ ကြိမ်ညီစဥ် မှတ်။ နက္ခတ်ခေါင်ဖွေ။တိုင်ဦးနေသော်။ ရေမြေရိုးမည်။ တန်း ခိုးစည်ဖြင့်။ထစ်မြည်ဖုန်ကြား။ဆိုသော့လားသို့။ ညွှတ်တွားပွင့် ရှင်။နက္ခတ်စင်မူ။အောင်မြင်မင်္ဂလာ။ဧကာဒသ။ ရသည့်တပြန်။ သုံးတန် ဗိဇ္ဇနာ။ တပါဒ်ပါနှင့်။ မင်္ဂလာ ချီကြူး။ ကျေးဇူးသာ လျှောက်။ရှစ်ယောခံပုဏ္ဏား။ ဘိသိက်ကြားသော်။ ချယားနေဇာ။ ဖြန့်မေတ္တာဖြင့်။ မြွှာံလှာသန္ဓေး။မြတ်လေးကော်ရော်။ကောင်း ချီးခေါ်၍။ သာဖျော်ရံဝန်း။ တရုတ်နန်းထက်။ ရွှင်လန်း ကြည် ညွှတ်။မှူးမတ်သို့။မတ်ကြီးမြေးသား။ မျှားသားဆင်မြင်း။ ကျွန် ရင်းဘွားဘက်။ နှစ်သက်မြတ်နိုး။ချီပိုးထိမ်းယ။မွမ်းမျှမှတ်ရေး။ အပ်နှင်းပေးသော်။သံလေးမစဲ။ သာညင်းလွှဲသည်။ ။ပျော်မြ တည့်စက်ပျံ့မွှေး၊ ကျူးရင့်ဧး။ ။ဧးလည်းယင်ယင်ဧး။

၁၁။ နေ့ညဥ့်မကွာ။ကန့်လန့်ကာနှင့်။ထုံဝါမြှိမ့်ရှိုင်း၊ရံဆိုင်း စာဆွဲ။ရံစောင့်လွှဲ၍။စံခဲရွှေစင်။ပုခက်တွင်မူ။ရုပ်သွင်ရှူးသူ။ဟန့် မူလေးပါး။ကွန့်မြူးစားလျက်။ ကျေးသားသာလိကာ။ ချိလာပန်း ခက်။ မြိုင်ရိပ်စက်နှင့်။ စုံမက်ဘော်ကျန်။ နားသော့ဟန်နှင့်။ ပျံ့ သန်းဂဠုန်။ရေစုန်နတ်သား။ ဒေါင်းအားစာမရို။ ဧနိဆဒ္ဒန်။ ရုပ် သဏ္ဌာန်ကား။ကြီးပြန်ရေးရေး။ စနစ်ပြေး၍။ ရှူးသေးညွှန့်ရှင်။ တမြို့ပြင်မူ။ရွှေစင်ဝတ်ဆံ။ ပန်းကြာရံလျက်။ နိုင်းစံမမြော်။ရွှေ လှော်စကား။ချရားပွင့်ဆင်။ သရက်ပင်နှင့်။ ငုံရွှင်ပေါက်ဖေး။ ကွေးရရွေးတိ။ လေးလေးကျင့်ဆောင်။ တောသုံးတောင်ဝယ်။ ရန်အောင်သေဌ်နင်း။ ခြသေ့်မင်းတုံ။ ဟောက်လျှင်းသောဟန်။ ရက်မချန်လျှင်။ ဘေးရန်ပျောက်နှံ့။ လေးထောင့်ခံသည်။ ။ လျှံထွန်းတည့်ပြောင်ပြေး၊ စွေးရရွေး။ ။ဧးလည်းယင်ယင်ဧး။

၁၂။ အခါက်အခါက်။ နွယ်မပျက်တည့်။ နန်းတက်မင်းသား။မခြားစိုးရိုး။ ရှုမြိုးပျော်အင်။ ပုခက်တွင်ဝ္ဍ။ သမင်နှာရှုတ်။ တရုတ်သဖန်း။နွယ်ရိုးဖန်း၍။ ပတ်ဝန်းထက်ပြင်။ ဗိတာန်တွင်မှူ။ ဖွေစင်ညောင်ရွက်။ ညီးလက်ပန်းဆိုင်း။ မြတ်နိုင်း ကျော်စော။ ဇာတိပိသော လေးထောင့်။ ရန်စောင့်မကြွင်း။ လေးကျွန်းအင်း နှင့်။သေဌ်နင်းတေဇော်။သက်တော်ရှစ်ဆယ်။ ကိုးကွယ်ရန်နံ့။ ပဌမံသောဋ္ဌသ။ပေါင်းလုံစသား။ အချမြင်းခွါ။နဝဘာက။ စမ္ပါနဝကိုးကွင်း။ မှန်ကင်းဗဟိုရ်။ မြင့်မိုရ်ကြီးငယ်။ အညင်သွယ်လျက်။ အရွယ်သက်တော်။ ရှည်ကျော်တရာ။ တည်စိမ့်ဌါဟု။ မေတ္တာမပြတ်။ရှေ့မှတ်ကျုံတိ။ဗါလိနတ်စာ။ ဂြိုဟ်မှာဂြိုဟ်ပျက်။ နှစ်သက်ဖွယ်ရေး။ ဂြိုဟ်စာပေးလျက်။မြတ်လေးလှူကမ်း။ ရေချမ်းမပြတ်။ ဖြည့်ဝတ်တခြား။အပြားများတုံ။ မင်းသားတကာ။ ကျူးစရာသား။ ရတနာထွန်းပ။ ဗာဝိသဖြင့်။ ထိမ်းယချီတော်။ စက်စိမ့်ဖျော်သည်။ ။ဖွေလှော်တည့်ရုပ်ပြည့်ရေး။ စွတ်ချွေးချွေး။ ။ဧးလည်းယင်ယင်ဧး။

၁၃။ ရှင့်ဘိုးဘုန်းကြီး။မြတ်စောထီး၏။ဦးရိုးတော်သွေး။ မြတ်လေးရောင်ဆင်း။ ရှင့်မိမင်းတုံ။ အရင်း နွယ်မြစ်။ မြောက်သားစစ်နှင့်။ ထပ်ရစ်မကွာ။ သက်တရာဝယ်။ တေဇာထွန်းပ။ နေနှင့်လသို့။ကြိုင်ပြသတင်း။ ရှင့်ဘမင်းနှင့်။ မယွင်းရိပ်မြို့။ ကြင်သက်ပုံ၍။ဆွေစုံမျက်ရှု။ပျော်ရာပြုသါး။အတုနိုင်းမဲ့။စေါရန့်ကဲ၏။မကွဲသားချင်း။ ထွန်းဝင်းနတ်လျှော်။နှမတော်မြတ်။ အလတ်အကြီး။ဘုန်းမီးထွန်းဝါ။နတ်သူဇာသို့။ ကလျာငါးအင်။ ပြည့်ဖြိုးရှင်မှူ။ကောင်းထင်လက္ခဏာ။သဏ္ဍာပရဝိ။မြတ်ဇာတိဖြင့်။ သိရိကြက်သရေ။ ကြိုင်နံ့ဝေလျက်။ မြနေသိလာ။ ရက်မချာလျှင်။ သရဏာဂုံ။ ထုံသည် တကွ။ အာစာရတိ။ မရှိတုကျွန်း။ သိလပန်းကို။ ဦးစွန်းထိပ်ပြင်။ ကုံးနှစ်ဆင်ရှင့်။ဖွံ့ထင်တေဇော်။ ရှင့်နောင်တော်တုံ။ ထွန်းပေါ်မြဝါ။ဇမ္ဗူချာဌ။ မင်းလျာထိုက်သား။ ဆူလိုက်နိုးဝေး။ ညီတော်ထွေးလည်း။ ပျှံမွေးစက်မီး။ တန်းခိုး

ကြီး၍။ကောင်းချီးထိုက်ဘိ။ မြတ်ဇာတိဖြင့်။ တမိသားချင်း။ညီ
နောင်ရင်းလျှင်။မယွင်းမဘောက်။ မင်းသုံးယောက်သည်။ ။
ပင့်ထောက်တည့် စဉ်ရှေး၊ မင်းလောင်းသွေး။ ။ဧးလည်း
ယင်ယင်ဧး။

၁၄။ အာဏာ ထံနိပြင်း။ ရှင့်ဘိုး မင်းလျှင်။ ကျွန်းတွင်း
ထိတ်ထိတ်။နိမိတ်ကောင်းအင်။ရှင့်ကိုမြင်၍။ စက်ရှင်ချီကြွ။ ထို
သော်ကတုံ။နရထွတ်ထား။ ယိုးဒယား၌။ရက်များလရှည်။ထပ်
ကာတည်၍။ ဘုန်းစည်ပွမ်းဖြင်။ စစ်သဘင်ဖြင့်။ မြို့ပြင်ပတ်ကုံ။
အော်င်ပုံသူရဲ။ ကာစွဲလေးသည်။ ရံဆီးလည်လျက်။ ခြေသည်
မြင်းဆင်။အတင်တင်တိ။ စက်သွင်ရွယ်ဘောက်။ မြို့လုံးကြော်
မှု။ အမြောက်တပူ။ ဗုန်သူရင်ထစ်။ လောင်မီးပစ်သို့။ ထိုးလစ်မ
သာ။ရေမှာလှေရေး။ပွမ်းပွမ်းဖွေး၍။ ထွက်ပြေးမသွား။ထိုစော်
ဘွားတုံ။ အများရိက်ထွန်။ သစ္စာလှန်၍။ ဘောက်ပြန်ယွင်းသွေး။
ခံတုံလေလည်း။ စက်ရွှေဘုရား။ တန်းခို အားဖြင့်။ တရားမှန်
ကင်း။ ရံစည်းတွင်းဝယ်။ ကြောက်ရင်း အာဏာ။ အမိန့်ာဖြင့်။
သစ္စာသတ်လေ။ စော်ဘွားသေသည်။ ။လူ့မြေတည့်ဘက်
ဝေး၊ဘုန်းတော်ပေး။ ။ဧးလည်းယင်ယင်ဧး။

၁၅။ ကြိမ်ကြိမ်ကြောက်ညည်း။တိုင်းပြည်အလုံး။ကြောင်
နံ့ချုံးသို့။စက်ဘုန်းသစ္စာ။ ကြီးတေဇာဖြင့်။ အာဏာရိပ်၌။ ပျက်
ဆဲဆဲတွင်။ လွန်ကဲကြီးစား။ လင်းဇင်းစားလျှင်။ နောင်မှားအ
ရေး။ ကိုယ်ရည်သွေး၍။ စဉ်ရှေးအထက်။ တိုင်းလုံးနက်ဝယ်။
ဒုတ်ကျက်ဗိုလ်အား။များသားပွမ်းဖြင်။တသန်းဆင်နှင့်။ မြေပြင်
တင်းကျမ်း။ကျောင်းလမ်းရှေ့တည်။လျှပ်စစ်ခြည်သို့။ ထွေလည်
အကြံ။မီးပျံမီးပေါက်။ရံထောံကြိုမည်။အတည်တည်လျှင်။ ဆင်
သည်မတ်ကောင်း။မများတောင်းတိ။ထပ်လောင်းရေးရာ။ သည်
တခါမူ။ကောင်းစွာငါတို့။နိုင်ဘို့တည်သာ။မချွတ်ရာဟု။ ကြိမ်း
ဝါသံအား။ လင်းဇင်းစားလျှင်။မြေခြားလွန်လွန်။ နောင်ဟန်မှား

မြောက်။ချိလှာရောက်သည်။ ။မွေ့နှောက်တည့်ချင်းတို့ဘေး၊ မှားအရေး။ ။ဧးလည်းယင်ယင်ဧး။

၁၄။ ရေးရာ အမှား။ လင်းဇင်းစားလျှင်။ ခွန်အား ဆဲနိုး။ ဆယ်ခါကြိုးလျက်။ရှင့်ဘိုးဘုရား။သတင်းကြားက။ သုံးပါးရတနာ။ကြည်သာသဖြင့်။ရွှေကြာပွင့်သို့။ ကဲမြင့်လက်ရုံး။ တက်ပြီးသတင်း။သားဘမင်းလျှင်။လုံးရင်းပင်ဆော်။ခါရက်ကျော်ဝယ်။ ကြိုတော်စတော။ကြိုထိုက်လေဟု။ ပရမေထွတ်ဖျား။ မိန့်တော်ကြားက။ လေးပါးစစ်အင်။ မြင်းဆင်ခြေသည်။ ရှေ့တည့်ကာလွှား။လေးမြားမိုးပေါက်။ထိန့်ရိုက်ချောက်မှု။ လျှံတော်ရတနာ။ မည်သာအံ့မူး။ ပြောင်လူးနတ်သာ။ မျှိုရရန်သော်။ ဆဒ္ဒန်ပေါက်နှင့်။ ပြိုင်ထောက်စစ်ကြီး။ တွေ့ခါနီးဝယ်။ ဘုန်းကြီးရှင့်ဘ။နရသစ္စာ။အဓိဋ္ဌာဖြင့်။နောင်လာမည့်ဦး။ထွန်းပြိုးသာသနာ။ မင်္ဂလာညွှတ်ကုံး။ဇမ္ဗူလုံးနိုက်။ လက်ရုံးမကိုင်။ ရိုးအုပ်ထိုက်မူ။ ရိုက်ရိုက်မမှား။လင်းဇင်းစားကို။ဒုန်ကြားအံ့ခော။ အောင်စေသောဟု။ရင့်မောသမ္ဘာ။တေဇာဒုန်ပြိုး။ဘုန်းသစ်တိုးလျက်။ ကောင်းကျိုးမျှော်ရှု။ ဓိဋ္ဌာန်ပြုသည်။ ။နှစ်ခုတည့်မင်းရေး၊ ဘက်မဲ့ဝေး။ ။ဧးလည်းယင်ယင်ဧး။

၁၅။ ပြိုင်လာရောက်မှား။ လင်းဇင်းစားကို။ ထွတ်ထားရန်နင်း။ရှင့်ဘေးမင်းလျှင်။သတင်းဒုန်ချောက်။ ဆဒ္ဒန်ပေါက်နှင့်။ သောင်းလောက်မွှမ်းရေ။အောင်မျှိုမြေဝယ်။ဆင်ထွေစစ်ကြီး။ အပြိုးပြိုးကို။ရိုက်ချိုးသံရည်း။တစိုးတဉ်းသါး။တိုက်လှည်းသတ်နှံ။ပြိုင်ခံဆင်ထွေ။သုံးစီးသေ၍။ ပျက်ကြေထွားထွား။ လင်းဇင်းစားလျှင်။ပြေးသွားလျှင်စွာ။ကိုယ်လွတ်ခါလည်း။ဗိုလ်ပါသူရဲ။အံ့ဆဲဘွယ်မင်း။သုံးဆောင်တွင်းဝယ်။မကြွင်းမြေပြင်။ အတင်တင်တိ။ပည်းဖြင်ကုဋေ။ မွှမ်းမွှမ်းသေလျက်။သူဝေသတင်း။ ရှင့်ဘမင်း၏။ ကြောင်းရင်းမှန်စွာ။ဥပမာကား။သမ္ဘာရင့်ပြင်း။ ကုသမင်းလျှင်။ ပယ်ခွင်းစင်စင်။မြမ်းသံဟစ်က။ ခုနှစ်ပြည်ထောင်။ မင်းကုန်အောင်ကို။ ရန်မှောင်ခွါပြေ။ အောင်ဘူးလေ၏။ သက်

သေကျမ်းသော။ ဥပမာနှင့်။မှန်စွာမယွင်း။ ရှင့်ဘမင်းသည်။ ။ သတင်းထည့်ကျော်သွေး၊ကြိုင်နံ့မွှေး။ ။ဧးလည်းယင်ယင်ဧး။

၈၈။ ရှင့်ဘိုး ထွတ်တင်။ ငါးစီးရှင်မူ။ သာ႕ရွှင် စကား။ အောင်ပြိုကြား က။ တရားကျော်စွာ။ သားမင်းလျာကား။ သည် သ႕မဟုတ်။ ပေါင်းထွတ်ဘော်ကြား။ကျေးဇူး များကို။ ဘုရား ဘုန်းထူ။မိန့်တော်မူ၍။ ဇမ္ဗူသေဌ်နင်း။မင်းတို့ဆင်ရာ။ ရတနာ လက်ကောက်။အံ့ဖလာက်ထင်ပေါ်။ ဝတ်လုံကျော်နှင့်။ရွှင်ပျော် မြတ်နိုး။ရှင့်ဘိုးဘုန်းမွေး။ချီးတော်ပေးလျက်။ မင်းရေးကောင်း အင်း။စုတ်လပ်တွင်၌။နတ်ရှင်ဘုရား။ယိုးဒယားကို။ဘုန်းအားကြီး ထူ။အောင်တော်မူသော်။ဗိုလ်လူသာကြည်။ စစ်သည်မန္တမ်း။နေ ခမ်းကစ။သုံးပါးရလျက်။ပည်းမျှအထွေ။ ဖွဲ့ငွေပုဆိုး။ ကောင်း နိုးရာရာ။ထိုအခါဝယ်။ များစွာအနှံ့။ လက်မဆံ့တိ။ အဆွယ်ထိုပွဲ။ ရန်စဲသုတ်သင်။ကောင်းစီရင်မှ။မြော်မြင်ရေးခြား။ သမက်အား ကို။ စော်ဘွားတဘန်။ မင်းမြှော်ပြန်၍။ ပြည့်ဌာန်စံကျင်း။ ပြည် လင်းဇင်းကို။သေဌ်နင်းစက်ချည်။ ချီအံ့ရည်သည်။ ။အောင် စည်တည့်သံလေး၊ နိမိတ်ပေး။ ။ဧးလည်းယင်ယင်ဧး။

၈၉။ နိမိတ်ခါကောင်း။ ချီလေး ရှောင်း၍။ တိမ်းစောင်း မိုးမြေ။ကွဲကြေဘနန်း။ဗိုလ်ဝန်းရံဆီး။စစ်သည်ဖြိုးမှ။ စက်မီးလျှံ တောက်။လင်းဇင်းရောက်သော်။ကျော်ချောက်ထိန့်ဆူ။ မီးပြင်း ပူသို့။ ကြောက်မှုကြီးအား။ လင်းဇင်းစားနှင့်။ အများဗိုလ်ခြေ။ ပြေးထွက်လေသည်။ ရှာဖွေဆီးဆ။ ဆင်မြင်းရလျက်။ကာလမ ရှည်။စစ်သည်မမြင့်။ ကြာမသင့်ဟု။ ရေးခွင့်ခင်းကျင်း။ရှင့်ဘိုး ပင်းကား။ ထွန်းဝင်းရောင်ဝါ။ သာသနာကို။ စကြာဘုန်းစည်။ မှတ်တော်ရည်၍။ သာကြည်စံခြင်း။သိကြားမင်းလျှင်။ ရန်ခင်း ဖွေနည်း။သူရာပြည်မှ၊ သာကြည်တဘန်။နဂိုရ်ပြန်သို့။ထိုဟန်ပုံ တူ။ကျွန်းဇမ္ဗူဝယ်။ရန်သူပြေးလွင့်။ ရှောင်သဖြင့်လည်း။ မမြင့် ကြာတင်။ငါ့ကျွန်ပင်ဟု။ ဖွံ့ထင်ကျိုက်ဆူ။ မိန့်တော်မူသော်။မ တူပြိုင်ခွင့်။ သိကြားတင့်သို့။ရွှင်ပွင့်ကြည်သာ။ စောနရာလျှင်။

တေဇာရင့်မှန်။ နဂိုရ်ပြန်သည်။ ။ကျော်ဇုန်ထည့် နိုးဝေး။ ကျော်ပျုံမွှေး။ ။ဧးလည်းယင်ယင်ဧး။

၉၀။ နဂိုရ် ပြန်ရောက်။ စက်မီးတောက်မျှ။ ထိန့်ချောက်နတ်လူ။ အံ့ရာမှု၍။ ဇမ္ဗူမိုးရ။ ဘမင်းဘလျှင်။ များလှရတနာ။ သချာ ပေါင်းရေ။ ရွှေငွေမိုးယိုးကြိုး။ ဇုန်တိုးရာခ။ အနန္တတိ။ သကျာသုံးလူ့။သဗ္ဗညူ၏။ရုပ်တုမွေးရှင်။ ကယ်ကယ်ပင်သို့။နတ်ရှင်ဘုန်းထူ။ သွန်းတော်မူသော်။ နတ်လူဟောင်းချီး။ မြတ်စေ ထိုးအခါ။ ရှိညွှတ်တွားမှ။ တရားဝေစာ။ ကျမ်းဂန်မှာနှင့်။ အံ့ရာစကား။ ကျေးဇူးများကို။ဈော်ကြားလက်ာ။ ဧးချင်းစာဖြင့်။ စဉ်လာစကား။ဈော်သည်များကို။ တရားပွင့်လောင်း။ ရွှေနားညောင်းလော။ ပျော်ကြောင်းသံမွှေး။ ကျူးဧးသံချပ်။ပူထပ်သံဘောက်။သံလေးလှောက်၍။ ကြားဈော်တွေငေါ်။ စက်စိမ့်ဖျော်သည်။ ။နားတော်တည့်ပျုံမွှေး၊တိုင်သံလေး။ ။ဧးလည်းယင်ယင်ဧး။ ။ဧးဧးပျုံပျူး။ရွှယ်လူးနတ်ပေး။မင်းလောင်းသွေးကို။ကျူးဧးမစဲ။သာညင်းလွှဲသည်။ ။ရန်ကဲစက်တော်ခေါ်ဘိသေး။ ။ဧးလည်းယင်ယင်ဧး။

သံတိုင်သံလေးပြီး၏။

၁။ စကြဝဠာ။ ကမ္ဘာပေါ်လတ်။ ဘဒ္ဒကပ်ဝယ်။ ပညတ်ပြဌာန်း။လေးမည်ကျွန်း၌။ လိုထွန်းပင်ကြီး။ ရွှေမှည့်သီးသား။အံ့ချီးသွို့ထင်။သပြေပင်ဟု။ ခေါ်တွင်မည်သာ။ဇမ္ဗူချာ၌။ မြတ်စွာလေးယောက်။ ပွင့်ပြီးမြောက်သော်။ တထောက် နှောင်းကျန်။ မြတ်မွန်ရှင်တော်။နှောင်သရော်လျှင်။ ကံ့ကော်မြရိပ်။ ဇမ္ဗူဒိပ်ဝယ်။အောင်ဆိပ်မှန်စွါ။ မိတည်းလျာသည်။သစ္စာပျုံမွှန်း။ရှင့်ဘိုးမှန်းသည်။ ။တောင်ကျွန်းတိုက် တသောင်း တည့်ရန်ကဲ။ တောင်ကျွန်းတိုက်တသောင်း။

၂။ သစ္စာလေးတန်။ပွင့်ပြီးလွှန်မှ။သုံးတန်သာသနာ။မိန့်ခဲ့

မှာသား။ယဥ်ညာဓိရာ။ဂေါတမလျှင်။ဉာဏာဂုဏ်ရောင်။ သင်းပွင့်
တောင်၌။ဘုန်းခေါင်တေဇာ။ မိန်မှာတံဆိပ်။ဇမ္ဗူဒိပ်ထက်။ ရန်
နှိပ်မင်းရိုး။ရှင့်ဘိုးတော်ဘ။ နွယ်စမဝေး။ ဘိုးတော်ဘေးလျှင်။
ပျံ့မွှေးလှိုင်ကြူ။နိုင်ငံယူလျက်။ဇမ္ဗူအုပ်စိုး။မြတ်ဥမျိုးသည်။ ။
ရှင့်ဘိုးနွယ်မပြောင်းတည့်ရန်ကဲ။ ရှင့်ဘိုးနွယ်မပြောင်း။ ။အခ
ကြောင်းမြွက်ဘော်။လွှဲကျူးဖျော်သည်။ ။နားတော်လျှော်
သံညောင်းတည့်ရန်ကဲ။နားတော်လျှောက်သံညောင်း။ ။သံ
ညောင်းပျံ့မွှန်း။ ရှင့်ဘိုးမှန်းသည်။ ။တောင်ကျွန်းတိုက် တ
သောင်းတည့်ရန်ကဲ။တောင်ကျွန်းတိုက်တသောင်း။

၃။ မပြောင်းနွယ်ရိုး။ မင်းမျိုးတလျှဉ်။ နန်းစဉ်မပြတ်။ အခ
ရိမဒ္ဒ၌။နတ်အသူရိန်။ ထွန်းရှိန်တေဇ။ နေနှင့်လကို။ ခဏမခြား။
လက်ညှိုးတားသို့။ လန့်ကြားကြောက်ညည်။ တရုပ်ပြည်၌။ အခ
မည်ထိမ်းမှတ်။ စန္ဒီနတ်ကို။ရှိညွတ်စေရ။ ခေါ်ခဏဝယ်။ ထ၍
စိုက်စိုက်။နောက်တော်လိုက်က။နှစ်မြိုက်ဝပ်တွား။ စွယ်တော်
ပွါးကို။ ဘုရားဘုန်ထူ။ ဆောင်ခဲ့ယူသည်။ ။ဇမ္ဗူမြေတိမ်း
စောင်းတည့်ရန်ကဲ။ဇမ္ဗူမြေတိမ်းစောင်း။ ။အကြောင်းမြွက်
ဘော်။လွှဲကျူးဖျော်သည်။ ။နားတော်လျှောက်သံညောင်း
တည့်ရန်ကဲ။ နားတော်လျှောက်သံညောင်း။ ။သံညောင်းပျံ့
မွှန်း။ရှင့်ဘိုးမှန်းသည်။ ။တောင်ကျွန်းတိုက်တသောင်းတည့်
ရန်ကဲ။တောင်ကျွန်းတိုက်တသောင်း။

၄။ နော်ရထာစော။မုနောဘုန်းစည်။ တိုင်းခွင်လည်က။
နွယ်ရိုးစ၍။ ရှင့်ဘဘိုးအား။ သိကြားထိပ်မှန်း။ နတ်တို့ညွှန်း၍။
ရစ်သန်းခပေါင်း။ပေါင်းလောင်းတကွ။ မြတ်ဌာန၌။ လောကဦး
စွန်း။ ရွှေနန်းပြောင်ပြောင်။ မုနောဆောင်လျက်။ နောက်နောင်
စည်ကွင်း။ရှင့်ဘိုးမင်းလျှင်။ မျှော်တင်းရှုရှု။ ကေတုမတီ။ ခေါ်
ညီတွင်မည်။ နတ်တို့ပြည်၌။ အောင်စည်တီးဖြန်း။ တည်ခဲ့မှန်း
သည်။ ။မော်ကွန်းဌာနဟောင်းတည်ရန်ကဲ။ မော်ကွန်းဌာန
ဟောင်း။ ။အကြောင်းမြွက်ဘော်။ လွှဲကျူးဖျော်သည်။ ။

နားတော်ချောက်သံညောင်းတည့်ရန်ကဲ။ နားတော်ချောက်
သံညောင်း။ ။သံညောင်းပျံ့မွှန်း။ရှင့်တိုးမှန်းသည်။ ။တောင်
ကျွန်းတိုက် တသောင်းတည့် ရန်ကဲ။ တောင်ကျွန်းတိုက် တ
သောင်း။

၅။ ထိုမှဆက်ကာ။ဘေးလောင်းရောက်ကို။ရတနာလက်ရုံး။
ဆန့်ကြိုးချင်းနင်း။ ရန်နောင်မင်းသို့။ ရန်တင်း ရှာဖွေ။ ဇမ္ဗူမြေ
ဝယ်။ ပရမေဘုန်းခေါင်။ တွေ့တိုင်းအောင်ချောက်။ ထွတ်ခေါင်
အုပ်စိုး။ထွန်းတန်းခိုးဖြင့်။ရှင့်တိုးမင်းကျော်။ မယ်တော်ခမည်း။
ရိုက်ကြည်းတေဇါ။နိုင်ငံရှာသည်။ ။အာဏာဘုန်းသစ်လေဒင်း
တည့်ရန်ကဲ။ အာဏာဘုန်းသစ်လောင်း။ ။အကြောင်း မြွက်
ဘော်။ လွှဲကျူးဖျော်သည်။ ။နားတော်ချောက်သံညောင်း
တည့်ရန်ကဲ။နားတော်ချောက်သံညောင်း။ ။သံညောင်းပျံ့
မွှန်း။ရှင့်တိုးမှန်းသည်။ ။တောင်ကျွန်းတိုက်တသောင်းတည့်
ရန်ကဲ။တောင်ကျွန်းတိုက်တသောင်း။

၆။ ရှင့်တိုးတော်သား။ဘမင်းဖျားကို။ သိကြားလေဘန်။
အောင်မြေပြန်၌။နတ်ဟန်ဘုန်းဆုံ။ကောင်းပြဲ့စုံနှင့်။ကိုယ်ယုံစင်
စစ်။ဆဲ့သုံးနှစ်က။တောင်လှစ်ခေါင်ဖျား။ ယိုးဒယားဝယ်။ လေး
ပါးစစ်ခြေ။ သောင်းဆင်တွေတိ။ ဆူဝေသတင်း။ ရှင့်ဘမင်း
လျှင်။ဘော်ထွင်းနိုင်အောင်။ဆဒ္ဒန်ပြောင်နှင့်။ မြန်ဘော်တပွတ်။
တိုက်လှည်းသတ်သည်။ ။လူနတ်မကြားတောင်းတည့် ရန်
ကဲ။လူနတ်မကြားတောင်း။ ။အကြောင်းမြွက်ဘော်။လွှဲကျူး
ဖျော်သည်။ ။နားတော်ချောက်သံညောင်းတည့်ရန်ကဲ။နား
တော်ချောက် သံညောင်း။ ။သံညောင်းပျံ့မွှန်း။ ရှင့်တိုးမှန်
သည်။ ။တောင်ကျွန်းတိုက်တသောင်းတည့်ရန်ကဲ။ တောင်
ကျွန်းတိုက်တသောင်း။

၇။ ပဲကူးရပ်သား။ တိုင်းတလွှားကို။ တရားနတ်ကျော်။
ရှင့်တိုးတော်လျှင်။ဥပေါ်သထာ။ တွင်မည်သာနှင့်။ အာဏာဝှန်
ဆူ။ နိုင်ငံယူလျက်။နတ်လူကြားချောက်။ ပန်းကျော်မြေခံဝယ်။

သောင်းလောက်မတာ။ အဆဆတည့်။ပည်းမျှမွှမ်းရေ။ သူ့ဆင့် ထွေကို။မှရမေဘုန်းထင်။ နတ်ရှင်မင်းချည်း။ တစ်ိးတည်းလျှင်။ ထိုက်လှည်းချင်းဘောက်။ ရန်စပျောက်သည်။ ။အခံလောက် ပွဲတော်ကောင်းတည့်သခင်၊ အခံသောက်ပွဲတော်ကောင်း။ ။ အကြောင်းမြွက်ဘော်။ယွဲကျူးဖျော်သည်။ ။နားတော်သျှော်သံညောင်းတည့်ရန်ကဲ။နားတော်သျှောက်သံညောင်း။ ။သံညောင်းပျှံမွှန်း။ ရှင့်ဘိုးမှန်းသည်။ ။တောင်ကျွန်းတိုက် တသောင်းတည့်ရန်ကဲ။တောင်ကျွန်းတိုက်တသောင်း။

၈။ နရသိဒ္ဓိ။စောဘုန်းရှိကို။မြင်သိလုံးပေါင်း။ အကြောင်းစေ့ရေ။ကျွန်ုပ်ဖွေ့ပိမ့်။ဆွေငွေမြင်းဆင်။ မင်းအင်ခမ်းနား။ အပြားပြားနှင့်၊ချစ်အားကြီးလှိုင်း။ထိုထိုတိုင်းကား။ မြတ်နိုင်းပန်းကြီး။ သွီးကညာ။ရတနာလည်း။မခြာနှစ်လ။ ခွန်တော်သလျှက်။ချစ်စွမြတ်နိုး။ရှင်ပင့်ဘိုး၏။တန်းခိုးစက်ထိတ်။သိုက်နိမိတ်သည်။ ။ ဗျာဒိတ်မရှေးနှောင်းတည့်ရန်ကဲ။ဗျာဒိတ်မရှေးနှောင်း။ ။အကြောင်းမြွက်ဘော်။လွဲကျူးဖျော်သည်။ နားတော်သျှောက်သံညောင်းတည့်ရန်ကဲ။ နားတော်သျှောက် သံညောင်း။ ။သံညောင်းပျှံမွှန်း။ ရှင့်ဘိုးမှန်းသည်။ ။တောင်ကျွန်းတိုက် တသောင်းတည့်ရန်ကဲ။တောင်ကျွန်းတိုက်တသောင်း။

၉။ အထွေ ဆန်းကြွယ်။ အခံတို့ ဘွယ်တိ။ နည်းသွယ်ပုံဆောင်။ဒွတ္တဘောင်နှင့်။ဘေးခေါင်စည်သူ။ကျွန်းဇမ္ဗူ၌။ မြိုင်တူနိုင်းဆ။ စကြာရသို့။ ရှင့်ဘ ခမည်း။ ဒုန်သည်းတေဇာ။ ဘုန်းစကြာဖြင့်။အာဏာဒုန်လည်း။နိုင်ငံတည်သည်။ ။သာစည်တုမဲ့ရှောင်းတည့် ရန်ကဲ။ သာစည်တုမဲ့ရှောင်း။ ။အကြောင်းမြွက်ဘော်။ လွဲကျူးဖျော်သည်။ ။နားတော်သျှောက် သံညောင်းတည့်ရန်ကဲ။ နားတော်သျှောက် သံညောင်း။ ။သံညောင်းပျှံမွှန်း။ ရှင့်ဘိုးမှန်းသည်။ ။တောင်ကျွန်းတိုက် တသောင်းတည့်ရန်ကဲ။တောင်ကျွန်းတိုက်တသောင်း။

၁၀။ ခြင်းရာအကြောင်း။ရွှေနားညောင်းလေ့၊အလောင်း

ရှင်စစ်။ရှင့်ဘိုးချစ်ကား။ထွန်းသစ်နိုင်ငံ။ပိုက်သိမ်းနှံ၍။ ကောင်း
ကြီးမှတ်ယူ။ နိမ္ဗာနချူ၍။ စင်ဖြူကြည်လွန်။ သီလဝန်ကို။ ဦးစွန်
ထိပ်ပြင်။နေ့တိုင်းဆင်လျက်။မဂ္ဂင်ကူးသန်း။ ငါတို့ကျွန်း၌။တည်
ထွန်းရောင်ဝါ။သာသနာသည်။ ။မှန်စွာငါးထောင်ပေါင်းတည့်
ရန်ကဲ။ မှန်စွာငါးထောင်ပေါင်း။ ။အကြောင်း မြွက်ဘော်။
လွဲကျူးဖျော်သည်။ ။နားတော်ချှောက် သံညောင်းတည့်
ရန်ကဲ။ နားတော်ချှောက်သံညောင်း။ ။သံညောင်းပျုံ့မွှန်း။
ရှင့်ဘိုးမှန်းသည်။ ။တောင်ကျွန်းတိုက်တသောင်းတည့်ရန်ကဲ။
တောင်ကျွန်းတိုက်တသောင်း။

၁၁။ ပြန့်ပြောစည်စွာ။ကျွန်းတောင်ညာ၌။ရာဇာယတန။
အာသဘဖြင့်။မြတ်လှနွယ်ရိုး။ရှင့်ဘိုးနေနတ်၊ရန်ညွှန့်ဖြတ်လျက်။
မပြတ်ပွင့်လင်း။ခွန်တော်သွင်းသည်။ ။ရာစင်းထီးဖြူဆောင်း
တည့်ရန်ကဲ။ရာစင်းထီးဖြူဆောင်း။ ။အကြောင်းမြွက်ဘော်။
လွဲကျူးဖျော်သည်။ ။နားတော်ချှောက် သံညောင်းတည့်
ရန်ကဲ။ နားတော်ချှောက်သံညောင်း။ ။သံညောင်းပျုံ့မွှန်း။
ရှင့်ဘိုးမှန်းသည်။ ။တောင်ကျွန်းတိုက်တသောင်းတည့်ရန်
ကဲ။တောင်ကျွန်းတိုက်တသောင်း။

၁၂။ ပစ္စန္တရ။တိုင်းထိုမျှ၌။ဒေါသစရိုက်။မိစ္ဆာလိုက်ဖြင့်။
သူမိုက်စတေ။သစ္စာသွေလည်း။ပျက်ကြေထွားထွား။ ဘီလူးစား
သို့။လေးပါးအကျိုး။ရှင့်ဘဘိုး၌။ တန်းခိုးစက်မီး။ ဘုန်းစည်တီး
သည်။ ။ဝေးနီးတုပ်ဝပ် ပျောင်းတည့်ရန်ကဲ။ ဝေးနီးတုပ်ဝပ်
ပျောင်း။ ။အကြောင်းမြွက်ဘော်။လွဲကျူးဖျော်သည်။ ။နား
တော်ချှောက် သံညောင်းတည့်ရန်ကဲ။ နားတော်ချှောက်သံ
ညောင်း။ ။သံညောင်းပျုံ့မွှန်း။ ရှင့်ဘိုးမှန်းသည်။ ။တောင်
ကျွန်းတိုက် တသောင်းတည့် ရန်ကဲ။ တောင်ကျွန်း တိုက် တ
သောင်း။

၁၃။ ရင့်မြတ်ပါရမီ။ ဖြည့်ညီဘုန်းအား။ ဘိကြွားတကွ။
ကိုယ်တိုင်မ၍။များလှသချာ။ ဧ့ရးစဉ်လာထက်။ ရတနာပုံမြို့။

ရာခသတိုးလျက်။တန်ခိုးကြီးစွာ။ မဟာဓောတိ။ လွှံညီတွင်မည့်။ ရှင်ဘိုးတည်က။ နှစ်မည်မထွေး။ ကျွတ်ဆုရှေးသည်။ ။လှူ ကျေးကျသိုလ်မြောင်းတည့်ရန်ကဲ။လှူကျေးကျသိုလ်မြောင်း။ ။ အကြောင်းမွက်ဘော်။လွဲကျူးဖျော်သည်။ ။နားတော်လျှော်သံညောင်းတည့်ရန်ကဲ။နားတော်လျှောက်သံညောင်း။ ။သံညောင်းပျှံမွန်း။ ရှင်ဘိုးမှန်းသည်။ ။တောင်ကျွန်းတိုက် တသောင်းတည့်ရန်ကဲ။တောင်ကျွန်းတိုက်တသောင်း။

၁၄။ ဓေယော် ဘယ်တု။ ငါးပါး ရ၍။ ဆုလည်း ထပ် လောင်း။ ရှင်ဘိုးတောင်းသော်။ အကြောင်း ဆွေလျော်။ ဝသိ ဘော်ဖြင့်။နောင်သော်အခါ။သစ္စာလေးတန်။ အမှန်ပင်ကို။သိရ လိုပဟု။မွက်ဆိုဆဲခိုး။ အားအန်ကြီးလျက်။ ရှင်ဘိုးဘုန်းထွတ်။လူ နှင့်နတ်ကို။ အမြတ် ချမ်းသာ။ ကျွတ်ဆုရှာသည်။ ။မှန်စွာ ဆုကြီးတောင်းတည့် ရန်ကဲ။ မှန်စွာ ဆုကြီးတောင်း။ ။အ ကြောင်းမွက်ဘော်။လွဲကျူးဖျော်သည်။ ။နားတော်လျှော် သံညောင်းတည့်ရန်ကဲ။နားတော်လျှောက်သံညောင်း။ ။သံ ညောင်းပျှံမွန်း။ ရှင်ဘိုးမှန်းသည်၊ ။တောင်ကျွန်းတိုက် တ သောင်းတည့်ရန်ကဲ။တောင်ကျွန်းတိုက်တသောင်း။

သံဘောက်ပြီး၏။

---

၁။ သတ္တဌာနေ။ဗောဓိခြေနှင့်။အောင်မြေခန်းဝါ။ပျော်ရာ သာမွေး။များမဝေးတည့်။ ဥဂဏ်ရေးရှုမျှော်။ ထိုသရော်ဝယ်။ ဟောတော်မူပြား။အကြောင်းအားဖြင့်။ငါးပါးတကွ။ ဒေသက တွင်။ဗုဒ္ဓမမ္ဘာ။ ဒေသနာသည်။ ။မြတ်စွာမချွတ်ယွင်း တည့် လည်း။ အောင်ပြီသာပွင့်လင်းတည့်လည်း။ ။တရာပြည့်ကြီး။ ဝေးနီး ရပ်ဟောင်း။ ထိးဖြူဆောင်းသည်။ ။အပေါင်းကျွန် တော်ရင်းတည့်လည်း။ တံဆိပ်ခွန်တော်သွင်းတည့်လည်း။ ။

ရန်မာန်နှံချိုး။ ဇမ္ဗူဗိုးသည်။ ။ရှင့်ဘိုးမင်းထက်မင်း တည့်လည်း။တန့်ခိုးစက်ရောင်ဝင်းတည့်လည်း။

၂။ သုတ္တန်ဒေသနာ။ မြတ်စွာဟောရိုး။ လူနတ်မျိုးကို။အကျိုးရှာဖွေ။ဗျာဒိတ်ရေဖြင့်။ဓမ္မေသရာ။ ထိုအခါဝယ်။ မဟာသမတ်။လောကနတ်ဖြင့်။ မပြတ်အလျဉ်။ မင်းစဉ်သိုက်ဝင်။ဆိုရိုးတွင်သို့။မျက်မြင်လည်းကောင်း။အကြောင်းရှင့်ဘိုး။ ဗျာဒိတ်ရိုး၌။အကျိုးကံဟောင်း။ထပ်ရုံးပေါင်း၍။အလောင်းရှင်အား။ ကျွန်ုပ်ကြားသည်။ ။ရွှေနားသျှောက်သံညင်းတည့်လည်း။ အောင်ပြီသာ ပွင့်လင်း တည့်လည်း။ ။သာရာ ပြည်ကြီး။ ဝေးနီးရပ်ဟောင်း။ ထီးဖြူဆောင်းသည်။ ။အပေါင်း ကျွန်တော်ရင်းတည့်လည်း။ တံဆိပ်ခွန်တော် သွင်းတည့်လည်း။ ။ရန်မာန်နှံ-ချိုး။ဇမ္ဗူဗိုးသည်။ ။ရှင့်ဘိုးမင်းထက်မင်းတည့်လည်း။ တန်းခိုးစက်ရောင်ဝင်းတည့်လည်း။

၃။ ရွှေမြို့ရွှေနန်း။ဇမ္ဗူကျွန်း၌။ဦးစွန်းဘုန်းခေါင်။ တည်ပြီးနောင်သော်။ ကြီးဆောင် ရပ်ဟောင်း။ ပြည်မိုးကောင်းမှ။ ရုံပေါင်းရတနာ။ တေဇာသျှံဘုန်း။ မြတ်ဘုန်းထပ်သျှောက်။ ဆင်ဖြူရောက်၍။ထွန်းတောက်သွံ့ထင်။ ငါးစီးရှင်ဟု။ ခေါ်တွင်နတ်လူ။ ကျိုက်ပွက်ဆူသည်။ ။ဇမ္ဗူမြေတိမ်းတင်းတည့်လည်း။အောင်ပြီသာပွင့်လင်း တည့်လည်း။ ။တာရာပြည်ကြီး။ ဝေးနီးရပ်ဟောင်း။ ထီးဖြူဆောင်းသည်။ ။အပေါင်း ကျွန်တော်ရင်းတည့်လည်း။တံဆိပ်ခွန်တော်သွင်းတည့်လည်း။ ။ရန်မာန်နှံချိုး။ ဇမ္ဗူဗိုးသည်။ ။ရှင့်ဘိုးမင်းထက်မင်းတည့်လည်း။ ။တန်းခိုးစက်ရောင်ဝင်းတည့်လည်း။

၄။ အရပ်ထွေပြား။ ယိုးဒယား၌။ ဒိဗျားပြေးတက်။ ရိုက်သက်လူးလာ။ ရေသာဖျင်ဖျင်။ ပတ်ဝန်းကျင်တည့်။ မြေပြင်မလပ်။ထိုအရပ်၌။ အောင်တပ်စတေ။ ချ၍နေက။ အထွေမလား။ဘုန်းတော်အားဖြင့်။ ဒိဗျားရေပြင်း။ မိုဃ်းတွင်းစတေ။ ဖြစ်ဘူးလေ ၍။မကျောက မ္တာ။အံ့အာပြောရိုး။ရှင်ပင့်ဘိုးသည်။ ။တန်း

နိုးကြိုးလွှန်ပြင်းတည်လည်း။အောင်ပြီသာပွင့်လင်းတည့်လည်း။ ။
တရာပြည့်ကြီး။ ဝေးနီးရပ်ဟောင်း။ ထီးဖြူဆောင်းသည်။ ။
အပေါင်း ကျွန်တော်ရင်း တည့်လည်း။ တံဆိပ် ခွန်တော်သွင်း
တည့်လည်း။ ။ရန်မာန်နှိုချိုး။ ဇမ္ဗူစိုးသည်။ ။ရှင့်ဘိုးမင်း
ထက်မင်းတည့်လည်း။တန်းခိုးစက်ရောင်ဝင်းတည့်လည်း။

၅။ အရိန္ဒမ။သိကြွားလက်နက်။ရဲမာန်စက်ဖြင့်။ ပြေပျက်
ပြေးရှောင်။ ရန်အောင်စစ်မြေ။ အောင်စနေတည့်။ သူဝေတိမ်း
စောင်း။ဘုန်းမီးခြောင်းမှူ။နန်းလောင်းမင်းလျှာ။သားမြတ်စွါကို။
တရာပြည့်ဘောင်။ မင်းကုန်အောင်လျှင်။ရန်ရှောင်ကြောက်ဧး။
လက်ဝါးပေးသည်။ ။နိုးဝေးရပ်ခပင်းတည့်လည်း။ အောင်ပြီ
သာပွင့်လင်း တည့်လည်း။ ။တရာ ပြည့်ကြီး။ ဝေးနီး ရပ်
ဟောင်း။ ထီးဖြူဆောင်းသည်။ ။အပေါင်း ကျွန်တော်ရင်း
တည့်လည်း။ တံဆိပ်ခွန်တော်သွင်းတည့်လည်း။ ။ရန်မာန်နှိ
ချိုး။ဇမ္ဗူစိုးသည်။ ။ရှင့်ဘိုးမင်းထက်မင်းတည့်လည်း။တန်းခိုး
စက်ရောင်ဝင်းတည့်လည်း။

၆။ ငါးအင်စုံမြတ်။သူဇာနတ်သို့။ အထွတ်ရွှေနန်း။ မှန်းတုံ
မြတ်လေး။ကြင်သက်ပေးသား။ပျို့မွေးသီလ။အာစာရတိ။ တည်
ကျရှိလျှက်။ရှင့်မိဘုန်းဖြိုး။ မြတ်ဥမျိုးကို။ ချစ်ကြိုးလွှန်စ။ ရှင့်ဘ
မင်းကျော်။ လွှန်မွေ့လျော်သည်။ ။ကြင်ပျော် သက်လုံးနှင်း
တည့်လည်း။အောင်ပြီသာပွင့်လင်းတည့်လည်း။ ။တရာပြည့်
ကြီး။ ဝေးနီးရပ်ဟောင်း။ ရိပ်ဖြူဆောင်းသည်။ ။အပေါင်း
ကျွန်တော်ရင်းတည့်လည်း။တံဆိပ်ခွန်တော်သွင်းတည့်လည်း။ ။
ရန်မာန်နှိုချိုး။ ဇမ္ဗူစိုးသည်။ ။ရှင့်ဘိုးမင်း ထက်မင်းတည့်
လည်း။တန်းခိုးစက်ရောင်ဝင်းတည့်လည်း။

၇။ နတ်စစ်မယွင်း။ လူချင်းမမှု။ ပမာကျ လျှက်။ သိဂ်စံ
ရွှန်း။ ရွှေစင် သွန်းသို။ ရွှေနန်း ရပ်ကြီး။ ကမ္ဗူထီးဖြင့်။ စံသီး
လကျၤာ။ တောင်နန်းသာ၌။ မဂ်လာထွန်းဝင်း။ ရှင့်မိမင်းနှင့်။စံ
ကျင်းပျော်မည်။ ရှင့်ဘရည်လျှက်။ သာစည်ရိုက်တီး။ အောင်

ဆုနိုးသည်။ ။ကောင်းချီးကြိုင်ပျံ့ရှင်းတည့်သည်။ အောင်ဖြိုးသာ ပွင့်လင်း တည့်လည်။ ။တရာ ပြည့်ကြီး။ ဝေနိုးရပ်ဟောင်း။ ရိပ်ဖြူဆောင်းသည်။ ။အပေါင်း ကျွန်တော်ရင်း တည့်လည်။ တံဆိပ်ခွန်တော်သွင်းတည့်လည်။ ။ရန်မာန်နှိမ်ချိုး။ဇမ္ဗူဖိုးသည်။ ။ရှင့်ဘိုးမင်းထက်မင်းတည့်လည်။ တန်းခိုးစက်ရောင်ဝင်းတည့်လည်။

ဂ။ ရှင့်မိဘုန်းဖြိုး။ရှင့်ဘိုးဘုရား။ဘမင်းဖျားနှင့်။ ရွှင်အားထွေဝေါ်။ ရှုစိမ့်ဖျော်လျက်။ ဇော်တိရဲ့သာ။ မဏိပြသို့။ နှိုင်းဆလွန်ကဲ။ ကြင်မရဲတည့်။ ကျူးလွဲသံလေး။ တခြေးခြေးလျှင်။ပျိုမွေးရိပ်ကြီး။ မေတ္တာထီးဖြင့်။ဘုန်းမီးလျှံတောက်။ နှယ်မဘော်သည်။ ။ငါးယောက်မိသားချင်းတည့်လည်။ အောင်ဖြိုးသာပွင့်လင်းတည့်လည်။ ။တရာပြည့်ကြီး။ ဝေနိုးရပ်ဟောင်း။ ရိပ်ဖြူဆောင်းသည်။ ။အပေါင်းကျွန်တော်ရင်း တည့်လည်။ တံဆိပ်ခွန်တော်သွင်း တည့်လည်။ ။ရန်မာန်နှိမ်ချိုး။ ဇမ္ဗူဖိုးသည်။ ။ရှင့်ဘိုးမင်းထက်မင်းတည့်လည်။တန်းခိုးစက်ရောင်ဝင်းတည့်လည်။

တရုပ်မင်းသခ်ယာသိုမင်းရဲကျော်စွာ
ဧချင်းကားဤတွင်ပြီး၏။

## မင်းရဲနရာဇေးချင်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ မင်္ဂလာမဥ္ဇူ။ ထွန်းနေပြုသား။ပြိုင်တုမြပန်း။ အကျွန်းကျွန်းထက်။ ရွှေနန်းပလ္လင်။ ဗောဓိခွင်ဝယ်။ အောင်မြင်ငါးမည်။ ငါးမာရ်နည်သို့။ မြန့်ပြည်လုံးသူ့။ခွန်သစရလျက်။ ကေတုမတီ။ သိဂီဘုံမြင့်။ ဥကင်ဖွင့်သား။ နတ်ရှင့်သည်းချာ။ နန်းပွင့်လျာ၏။ မှန်စွာရင်သွေး။ရဲဘုန်းမွေးကို။သာလေးပျံ့ပျူး။ နားတော်ကျူးအံ့။ ကွန့်မြူးတေဇာ။ သွံ့ရိုက်ဖြာသည်။ ။စကြာတည့်ပျံ့မွှေး၊ နာဘိသေး။

၂။ မဝေးစကြာ။ဘုန်းညွှန့်ဖြာသည်။ နရာသဘာ။နရဘုန်းပန်း။ရွှေနန်းပွင့်လျာ။မှတ်စိမ့်နာလေ့။ သိတာယဉ်တွေ့။သပြေသောင်းဝန်း။တည်လှာထွန်းသော်။တောင်မွန်းနေတူ။ သကန်းသူနှင့်။ဇမ္ဗူညွှန်းညွှန်း။နိမိတ်ထွန်းက။ မော်ကွန်းတင့်အပ်။ ဘဒ္ဒကပ်ဟု။ ပညပ်ထွက်နေ။ သိမ်းယူလေသဥ်။ ခြည်ရွှေကွန်ရက်။ ဖြန့်တိုင်းဆက်က။အချက်ဖွေချာ။ ဤကျွန်းသာထက်။ မဟာသမတ်။ မန္ဓာတ်တို့က။ လျဉ်းလတ်စ၍။ သကျမင်းကောင်း။ ရှစ်သောင်းနှစ်ထောင်။ပြုရောင်ဖြန့်ဝန်း။ အစဉ်မြန်းမှ။ ကြဌန်းဘုန်းမြူး။တောင်ဘိုးဦးဝယ်။ ကျူးတုံဗျာဒိတ်။ မိန့်ခဲ့ဘိတ်သည်။ ။နိမိတ်တည့်မြင်ပေး၊ နောင်လာရေး။

၃။ ထွန်းမြူးဉာဏ်ရောင်။ ဗျာဒိတ်ဆောင်၍။ ရွှေတောင်သိင်္ဂ။ပြည်ခေတ္တာ၌။ နတ်သယာဥ်စံ။ ဆင်ပျံ့နှင့်လှော်။ လှံ့ရွှေထွန်း

ဂုစ်။ သူရာစစ်ကို။ တိုက်လှစ်ချင်းသတ်။ အရိမဒ္ဒဝယ်။ နေနတ်နဂါး။ နှစ်ပါးတဝန်။ နှစ်သက်ပြန်၍။ နှင်တန်ကောင်းကာင်။ မြင့်လျှင်လေးဆက်။ လည်လျက်နိုင်နွံ။ ရွှေယံမြင်ရိုင်း။ စစ်ကိုင်းပန်းယ။ ပြူဆွယာဉ်ကြီး။ တစီးရှင်နောက်။ ငါးစီးမြောက်နှင့်။ လွှင့်ထောက်စကြာ။ ဆက်ကာနွယ်ရိုး။ အစဉ့်ရိုးမှ။ သတိုးမင်းဖျား။ ဒိကြားမယွန်း။ သန်လျက်ကျွန်းဝယ်။ ရွှေနန်းရွှေပြည်။ ဘုံသာကည်သည်။ ။ရွှေပြည်တည့်လျှံပြေး၊ ဆုံမြစ်ကွေး။

၄။ သန်လျက်ကျွန်းသုံ။ ရွှေနန်းဟုံထက်၊ ထွန်းတုံနေလ။ ရှစ်ဆယ်မျှတွင်။ ဧါတရည်ညီး။ ဆောင်းရွှေထီးနှင့်။ ငါးစီးရှင်မြစ်။ စင်စစ်မယွင်း။ မိုးညွှင်းစိုးသား။ မင်းတရား၏။ သည်းကြားနှစ်ဘော်။ နှောင်မြော်နရပတိ။ ထွတ်ဘုန်းရှိလည်း။ မဏိမွေပုံ။ ထုပါရုံကို။ ကြည်ယုံရှုညွှတ်။ တည်ခွဲမှတ်ရှင့်။ ထိုနတ်ရှင်သား။ မင်းတရား၏။ သုံးပါးရင်နှစ်။ ဗုလစ်ရွှေတောင်။ သုံးစိုးဆောင်သား။ မင်းခေါင်ရင်သွေး။ သားတော်ထွေးလျှင်။ သောင်းကျေးဇမ္ဗူ။ သိမ်းယူပိုင်ဘိ။ ဘက်မရှိသား။ နရပတိရာဇာ။ တွင်မည်သာနှင့်။ မြန်ချာထွန်းပေါ်။ သားမင်းကျော်၏။ ဘေးတော်ရင်းပင်။ ရွှေနန်းရှင်သည်။ ။ကျွန်းခွင်တည့်နှိုးဝေး၊ ကျော်ပျံမွေး။

၅။ နရပတိကြီး။ ဓွဲချီးမြေပေါ်။ ထွတ်မင်းကျော်၏။ သားတော်နှောင်းမြင်။ ဆင်ဖြူရှင်လျှင်။ ပြည်တွင်နန်းရိုး။ ဆက်လှာစိုးသည်။ နေမျိုးမင်းသား။ မင်းတရား၏။ သည်းကြားညီနောင်။ ရွှေတောင်ဘုံမြင့်။ အစဉ်ဘွင့်သား။ နတ်ရှင့်နှမ။ ခြောက်ပနှောင်းမွေး။ တူမဝေနှင့်။ ရှင့်ဘေးတော်ရင်း။ မှန်ကင်းဇမ္ဗူ။ ကေတုမတိ။ သိင်္ဂီစိုးဆောင်။ မြင့်ခေါင်ရွှေနန်း။ အတူမြန်းမှ။ မယွန်းသန္တေ။ ခုနစ်ဆွေတွင်။ ရေမြေစကြာဝဠာ။ အာဏာလွှမ်းမိုး။ တရားမျိုးကို။ ကျွန်းရိုးသိမ်းငင်။ ခွန်သချင်၍။ စက်ပြင်ထိပ်စ။ ညွှတ်စေရ၏။ ငါးပါးရွှေမြော်။ ရှင့်ဘေးကျော်သည်။ ။ဘုန်းတော်တည့်ပျံ့မွေး၊ ထိန့်ရိုက်ကြွေး။

၆။ တန်းခိုးဘုန်းရောင်။ ရွှန်းရွှန်းပြောင်းသား။ မင်းခေါင်

ရန်နင်း။စေားတေ်ာမင်း၏။ နောင်ရင်းပြိုးယော်။ ဘွားတော်ချစ်ဘ။နရအွှမျှား။မင်းတရားဟု။သားငါးရာမြေ။ နေ်သည်အစ။ခွန်တော်သသား။တရာ့တစင်း။ မင်းထက်မင်းလျှင်။ ရပ်ခင်းဌာန။ဒလကလဥ်း။ချိကြွစက်ရှင်။ဖြန့်ရာတွင်ခွ။မြေပြင်မည်းမည်း။သူ့သူချည်းတည့်။ ဖြစ်လှည်းရှေ့ရှု။ သန်ကူမသာ။ ဖြာဖြာချောင်းမြောင်း။ ခက်သည်ကောင်းလျက်။နိုင်ကြောင်းတိုက်ဘောက်။ရန်တလျှောက်ကို။ထောင်လေံမိုလ်ပါ။လုံးရင်းသာနှင့်။စကြာလက်ရုံး။ရဲဆုံးဘက်မဲ့။ ချင်းနင်းခဲ့၍။သုံးဆဲ့တထပ်။ ကြွင်းလပ်မဲ့အောင်။ရိက်သည်မှောင်ကို။သောင်းထောင်နေစက်။ မြိုင်ထွန်းထွက်သို့။ မြန့်ချက်ဇမ္ဗူ။ ကိုးရာ ပြုသား။ ကေတုမတီ။ သိင်္ဂီစံမှောက်။ ရွှေပြည်ရောက်သည်။ ။မိုးအောက်တည့်စဉ်ရှေး။ မကြာသေး။

၇။ တချေးချေးလျှင်။ဇလဥ်းယင်ယင်။ ဇဟုယင်လျက်။ဘုံပြင်နန်းထဲ။ကျူးရိုက်လွဲအုံ။မင်းရဲမည်သာ။နရာဘုန်းမြင့်။ရွှေနားဘွင့်လော့။ ပျော်လွှင့်ရန်မာန်။ ထိုကပြန်၍။ ကျော်ဌာန်သတင်း။ဘေားတော်ရင်းကို။မှန်ကင်းဇာနည်။ နောက်ဘုန်းစည်လျှင်။ရွှေပြည်ရတနာ။နန်းသိင်္ဂါနှင့်။စကြာပြုဝင်း။ ယူလော့နှင်း၏။ ပြည်မင်းသတိုး။မြို့ကိုကိုးလျက်။စက်မိုးရှိကြာ။မညွတ်လှာဟု။ အချာဇကော။နှစ်ဖန်ကြွ၍။ဒိပတန်ဆောင်။ညီမင်းခေါင်ကို။ရအောင်ကြိုးဘိ။မိန့်တော်ရှိက။မြေကြီး့အထု။ဗိုလ်စုဖြိုတိ။ပုံပြို့းလက်နက်။ပြည့်နှက်ရေညွှန်။ကျုံးကိုလွှန်၍။ စွယ်ချွန်တောင်ပေါက်။ ရန်အာသောက်နှင့်။ ရက်ဖော်ရင်တား။ လွှားလွှားထောင်ထောင်။ကျိုးအောင်တိုက်လှစ်။နတ်စက်ပစ်သို့။ရန်မြစ်နုတ်ချိုး။ လက်ရုံးမိုးသော်။သတိုးမကြွင်း။ဆင်မြင်းမြို့ပြ။ အကျန်ရမှ။ ဘဝသခင်နောင်တော် ရှင်လည်း။ မာတင် ပြည်တိုက်။ ခြောက်ထောင်ပိုက်နှင့်။မင်းလိုက်ဝတ်လုံ။ စပုံရွှေငွေ။ ဗိုလ်ခြေလုံးရင်း ။ရဲဆုနှင်းသည်။ ။ကျွန်းတွင်းတည့်ပျံ့မွှေး။ရှင်ပင့်ဘေား။

၈။ သိကြားတရှည့်။လိုတော်ပြည့်သော်။လင်းစည့်တန်းခိုး။

ဇော့ညီစိုးတော့။သတိုးမည်သာ။ ဓမ္မရာဟု။ ဿခဏာသွံ့ပတ်။ညီ
တော်လတ်ကုံ။တမွတ်ဘုန်းသန်။နှင်းခဲ့ပြန်မှ။ နိဗ္ဗာန့်မရှူး။ပြည်
ပဲခူး၌။လွန်ကျူးကျော်စော။သမိန်ထောလျှင်။ ဖြင်ပေါ်မတ်ရာ။
ဗိုလ်ပါဖြိုးခိုင်။မနိုင်ရေတွက်။ချပ်ပြွန်သွက်သို့။ ရေတွက်တိမှါ။
မေးမြန်း ရာဟု။ နရာသိုက်ညီ။ ရွှေစက် ချီသော်။ ယဉ်ယိတာ
လောင်း။ ပန်းကျော်ချောင်းတွင်။နှာမောင်းဦးကင်း။ စွဲယ်ချင်းစိ
ထပ်။ မြို့တပ်အလား။ ကြိုလင့်ထားသော်။ ဗိုလ်ရေးဘောတော်။
ယာဉ်ကျော်မုန်ပြင်း။လွှတ်တည်ချင်းက။ မင်းလည်း မြေတွင်။
ဆင်လည်းတုံလုံး။ စွယ်ဖုံးကြွေခွေ။မသွေမြေကြီး။ သွေးတိမ်း
မျှ။ယာဉ်ထိးကျကါ။မပါပေါင်းက။ခုတ်ချလျှောဆင်း။ကြောက်
ငြင်ပြင်းသည်။ ။မြီးချင်းတည့်လိမ်းဖွေး။ စွယ်ဖွေးဖွေး။

၉။ အံ့ချီးနတ်လူ။အောင်တော်မူ၍။ဇမ္ဗူသေါင်းတွင်း။ထိန်
ထိန်ချင်းမျှ။ စက်ရင်းသို့သာ။ ပြေးဝင်လာရှင့်။ ကျွန်းချာသပြေ။
ညာကြေဝန်းလျား။ကိုးစော်ဘွားနှင့်။ကိုင်းမားလုံးပိုင်း။ခြားပိုင်း
ကျယ်ဝေး။ ကလေးကသည်း။ ကျွန်ချည်းခံမင်း။ တနင်းသာရီ။
ရွှေဆီထားဝယ်။ ဇင်းမယ်ဂုံပြည်။ ပြောစည် တိုင်းကား။ ယိုး
ဒယားလည်း။သိကြွားနှင့်သာ။ကိုယ်ကိုစာလည်း။ ယာဉ်သာဖြူ
လွ။ ပေါက်မလေးစီး။ သွီးမြေးသား။ ရုထားဦးဆံ။ ကျော်စံမ
ကြွင်း။ သိဟိုဠ်မင်းက။ သည်းတွင်းရတနာ။ ဆက်လှာသဖြင့်။
လင့်စဉ်ကြဋ္ဌန်း။ ဆင်တသန်းနှင့်။ မကျန်းကျွန်ရိုး။ ဒလမျိုးတွင်။
စက်မိုးရှိကြွာ။ ညွတ်ခလှာသည်။ ။ခွန်သာတည့်နှီးဝေး။နှစ်
တိုင်းပေး။

၁၀။ ကျွန်းလုံးခွန်တော်။ ဆက်စေသော်မှ။ သားတော်
မြေးမြစ်။ စံရစ်စဉ်လာ။ ဖြစ်စိမ့်ဌာဟု။ ဟံသာဝတီ။ လွှံ့ညီသ
ရိုက်။ပဲခူးတိုက်ဝယ်။မကိုဋ်ဘုန်းစည်။ ရွှေမြို့တည်ရှင့်။ရွှေပြည်
လျှံပြောင်။ဘုံခြောက်ဆောင်လည်း။ ရွှေတောင်ကိုကား။ ဆိုရိုး
မှား၍။သိကြွားတမျှ။ ရာဇဉ်းခသား။ရွှေဝကျွန်းတွင်။ ရွှေနန်းရှင်
၏။ရွှေရင်ခတော်သွေး။မိဘုန်းမွေးနှင့်။ ရှင့်ဘောမင်းကျော်။ တူစုံ

ပျော်မှု။ စံဖမော်သိရ်။ ဝေပူမြသို့။ သိလာသရေ။ သန္တေမြတ်မြင့်။ နတ်နှယ်ဆောင့်သား။ မျက်ပွင့်ရှုမျှော်။ ရှင့်ဘွားတော်သည်။ ခြောက်ဘော်တည့်ပြစ်ဝေး၊ နန်းထက်မွေး။

၁၁။ ရှင်ချစ်ဘွားတော်။နန်းထက်မြော်နှင့်။ မြေပေါ်အုပ်စိုး။ ရှင်ပင့်ဘိုးကို။ တန်းခိုးထွန်းညီး။ ဘေးတော်ကြီးလျှင်။ ဝမ်းထိုးမှတ်ထား။ မြော်သားနှမ။ ယဉ်လှမျိုးမည်။ သည်လည်းငါသား။မယ်ကားသွီး။ဇနီးခင်လောက်။ ရွှယ်တော်ထောက်၍။ရွှေမှော်မင်္ဂလာ။မင်း တရာနှင့်။ငါ့ရာဇမ္ဗူ။မောင်မယ်ယူဟု။လှစ်ဖြူဥကာင်။နန်းရင်ပြင်၌။ သဘင်တုလွတ်။ ဆုကြွားဘတ်က။လူနတ်ညာကြွေး။ ကောင်းချီးပေး၍။ နောင်ရေးစိုးရန်။ သည်လျှင်မှန်ဟု။ စွယ်ချွန်ပေါက်ပြောင်။ များလက်ဆောင်နှင့်။ ပြည်ထောင်တကာ။ ဆက်သလှာသည်။ ။မင်္ဂလာတည့်အောင် ရေး၊ မြောက်သနွေး။

၁၂။ ဆင်းရောင်ရုပ်ရည်။ရွှေစံတည်ဝယ်။ကိုးမဉ်ရောင်ထွန်း။ စီးဆင်ရန်းသို့။ ရွှေနန်းသိင်္ဂါ။ ရိုးညွှန့်ဖြာသည်။ နရာပွင့်လောင်း။ ရွှေနားညောင်းလော။ တသောင်းဘက်ရှဲ။ ကျော်မစဲသား။ မင်းရဲနတ်တူ။ သိခ်သူဟု။ တောင်ငူရွှေနန်း။ ဆက်ရှည်မြန်းသား။ ကြဌန်းသည်းကြွား။မင်းငါးပါးတွင်။ ဝန်းလျှားဇမ္ဗူ။ သိမ်းယူပိုင်ပြီး။ ဘေးတော်ကြီးနှင့်။ တသီးထိုအောက်။ စောရန်ပြောက်မှု။ပြိုင်ထောက်မမှု။ ရဟ္တမကို။ဖြူလွှဖြန့်ရိုး။နတ်နှယ်စိုး၍။ သတိုးမည်သာ။ခမ္မရာဟု။ ကြေညာလွှံပတ်။ ဘေးတော်လတ်လည်း။ တိုက်လွှတ်လေခြင်း။ ရန်ပြင်းကြိုးပြိုင်။ တွေ့တိုင်းချိုင်လျက်။ ရှစ်ဆိုင်ဖြန့်ဝန်း။ ရွှေပြည် မြန်း၍။ ကြဌန်းမှန်ကင်း။ ဘေးတော်ရင်းလည်း။ ဆင်မြင်းမျိုးကို။ ရန်ပြိုပယ်သင်။ လက်ရုံးအင်နှင့်။ ဥကင်လှစ်ထွန်း။ကေတုနန်းဝယ်။ ဘုန်းပန်းပြိုင်ဝေး။ သိကြွားထွေးဟု။ရှင့်ဘေးတော်နှောင်း။ ကျော်သောင်းမြေပြင်။ ဝဘုရင်လည်း။သူ့ဆင်ရန်သောက်။ သံတွေပေါက်နှင့်။မလော်သတ်လည်း။ နိုင်သည်ပည်း၍။ သည်နည်းရှင်ချစ်။ ငနောင်ရစ်ခံ

ရေး။ဘိုးဘေးစဉ်လာ။ တင့်ခြင်းရောကို၊ ဆိုင်ရာသော့လျှောက်။ နားတော်လျှောက်သည်။ ။ပွင့်ထောက်တည့်မဝေး၊ နာဆေးလေး။

၁၃။ ဇမ္ဗူသပြေ။ ရေမြေမလွတ်။ ခွန်တော်ဆွတ်သား။ တမွတ် မြှောက်ချီး။ ဘေးတော်ကြီး၏။ ,ဇနီးသက်နှင်း။' ဘွားတော်ရင်း၏။မိမင်းတမူ။ကျွန်းလုံးယူ၍။ ရိပ်ဖြူဖြန့်ဝန်း။ ဝရွှေနန်းတွင်။ရွှေနန်းရှင်၏။ရွှေရင်တော်သွေး။ နန်းထက်မွေးတည့်။ ဗုန်ပြေးတန်းခိုး။ရွှေပြည်ပိုးသား။သတိုးခမ္မာ။ ရာဇာလွှံပတ်။ဘေးတော်လတ်၏။ သက်မှတ်ကြွင်ထင်။ မျိုးပုံပြင်နှင့်။ နေပင်နွယ်ချင်း။ဘေးတော်ရင်း၏။မိမင်းဘုရား။ မြတ်နှစ်ပါးကား။ဆိုကြွားတမျှ။ ပြည့်ခေတ္တတွင်။ ဆင်ဖြူရှင်သား။ မင်းတရား၏။ သည်းကြားသွီး။ ဘုန်းကြီးနှစ်ဘော်။ နန်းထက် ပျော်သည်။ ရှိန်စော်တန်းခိုး။ထစ်သည်မိုးသို့။သတိုးမင်းစော။ကျော်စောနီးဝေး။ ဘေးတော်ထွေး၏။ မြတ်လေးစုံပေါင်း။ သက်မပြောင်းကား။ ကျော်သောင်းနီးဝေး။ ဘေးတော်ကြီး၏။ သွီးတော်ရင်း။ ဘိုးတော်မင်းနှင့်။မယွင်းသန္ဓေ။ တဝမ်းနေရှင့်။ရေမြေဇမ္ဗူ။ သိမ်းယူသည်ချည်း။ သည်နည်းရှင်ပင်။ခံစေချင်၍။ ကြောင်းအင်ဖြစ်လား။ လျှောက်ဝံ့ကြားသည်။ ။မြတ်ဖျားတည့်စဉ်ရှေး၊ မင်းများမြေး။

၁၄။ ယာဉ်ဖြူ ရတနာ။ လကျာတင်ညွှတ်။ ရင်ပြင်ပတ်သား။နေနတ်နွယ်မှီး။ဘေးတော်ကြီးလျှင်။ ငြိုး၍လှူ့ဘော်။နတ်ပြည်ပျော်လည်း။ သားတော်နန်းလျှာ။ ဥပရာဟု။ သူဇာတမျှ။ သိဂ်စတေ။ စံရွှေရည်ညက်။ ဦးသစ်စက်သို့။ ဖြိုင်ဘက်လွတ်ဘာင်း။မယ်တော်ရင်း၏၊ ဘမင်းဘုန်းဖြိုး။ရှင့်ချစ်ဘိုးလျှင်။ စိုးတံရိုက်ရာ။ အာဏာသတင်း။ ထိန်ထိန်ချင်းမျှ။ ထွန်းဝင်း ပြောင်ပြောင်။ နေအထောင်သို့။ခြံခံဆောင်ဘုံရွှေ။ နန်းရဝေထက်။ သပြေတလွှား။ ရန်ညွှန့်တားသည်။ ။ကျော်ကြားတည့်ပျံ့မွှေး၊ ဘုန်းရှိန်ပြေး။

၁၅။ သရေ့ခေတ္တ။အင်းဝပုဂံ။ နိုင်ငံတသွန်း။ဟံသာကျွန်း ဝယ်။ ရွှေနန်းနှင့်ချည်း။ဒုန်သည်းတန်းခိုး၊ ဘေးဘိုးမင်းဖျား။ စံ သည့်များကို။ ရွှေနားတင်ဝ။မှတ်ပြီးမှတည့်။ ဒိပသောင်းပေါ်။ ဟိုးဟိုးကျော်သား။ ဘိုးတော်မင်းရဲ။ နိုင်သည့် ပွဲကို။ ကျူးနွဲ့ သံချောက်။ လျှဉ့်လျှဉ့်ချောက်အုံ့။ ပြိုင်ထောက်မဲ့နိုး။ ဇမ္ဗူမိုး သား။ရှင့်ဘိုးနရ။ ဆယ်မြတ်ကလျှင်။ လေးပါးနှောင်းမြင်။ဘေး တော်ရှင်ဝယ်။တိုင်းခွင်စကြာ။လှည့်တိုင်းပါ၍။ မုန်အာဒုန်ပြင်း။ ဆင်မြင်းမြို့စား။ရေသေဘ်များ၏။ တိုင်းကားကျယ်ဝင်း။များလုံး ရှင်းနှင့်။လင်းစင်သဒ္ဒါ။ ဘောက်ပြန်စွာ၍။တခါနောက်လျှင်။ ချီ ရာတွင်၌။သူ့ခွင်တတိုက်။လဝိုက်လအပ်။ ရင်သပ်အံ့ဆို။သစ္စာပို ဟု။မြင်းရိရ်မယွန်း။တောင်ပြင်ရွှန်းထက်။ စီးစွန်းချွေမှု။ မပြုရ တည့်။ စပ်ချလက်နက်။ ဘေးဘုန်းစက်ဖြင့်။ အထက်ကသာ။ မိုးဃ်းရွာ၏သို့။ တပ်တိုင်းပို့သား။ ငါတို့စစ်သည်။ မတည်ပြေး ဆင်း။ဆင်မြင်းလန့်ထွက်။စွယ်ချင်းရှက်မှု။ မျှော်လျက်ကြည့်ခါ။ ရှိချေရာတွင်။သိင်္ဂါရွှေစက်။ခြေတော်သက်၍။ ကွပ်တက်လည် တူး။ရဲပန်းရှူးနှင့်။လွန်ကျူးရေးရော။ဘယ်ကမ္ဘာဝယ်။စကြာပွင့် ပြမ်း။ သို့စင်တမ်းဟု။ စဉ်လမ်းဧရှးဦး။ မကြားဘူးသည်။ ။ ပြိုင်ဘူးတည့်ရန်ဘေး ဗျာလိမ့်မေး။

၁၆။ ထိုနောက်တတဉ်။ နားတော်တည့်လော့။ငါးပြည့် ထောင်သား။ လုံးရင်းအားနှင့်။ စေဘ်ဘွားညောင်ရွှေ။ သောင်း ကျန်းလေဟု။ထွက်ရေကြီးငယ်။ဆင်နှစ်ဆယ်နှင့်။ နေနှယ်ထွန်း ပေါ်။ရှင့်ဘိုးကျော်ကို။မယ်တော်ဘမင်း။သေ၌နင်းဧက။ချီစေရ ရှင့်။ဗိတ်မှုမြေပြင်။ သူနှင်နှင်တည့်။ မြင်းဆင်ရဲမက်။ ကူးခက်ခဲ ချေ။လှေလည်းမရှိ။ရေတိညွှန်ချည်း။ အင်းလည်းနက်ကျယ်။ပျင် လယ်မယုတ်။ တိုးဆုတ်မအား။ လေးမြားမီးပေါက်။ အမြောက် ပြောင်းလျှင်။ ပဲ့တင်ရိုက်ကျိုး။ လက်နက် မိုးဃ်းဖြင့်။ ရွာဖြိုးနှင့် လေ။ချဉ်းတိုင်းကြေ၍။ ရပ်မြေပြည့်ရွာ။ ရေခံပါမည်ပင်။မထင် ချေကြ။ ထိုကာလ၌။ သူကမည်လှိုင်း။ စဆိုင်းစလုံ့။ ကိုယ်ယံ

မှည့်ထင်။ဆင်လည်းထက်ကြွပ်။မြေပြင်ချပ်လျက်။ ဖေပ်ထပ်နိုင်ကြောင်း။ကျူလှာပေါင်းသော်။သွေးချောင်းဖြစ်မျှ။ သက်လိုက်ရ၍။ လက်ချရွံသည်။ ညည်းညည်းလည့်မျှ။ အပြည်ပြည်သား။စော်ဘွား တလျှောက်။ ယပ်စောက်မိုးပြု။ မိုးနဲ့မကျန်။ နောင်မွန်စကား။ညွတ်တွားစက်ခွင်။ရောက်လါဝင်၍။ မာတင်ဘုရစ်။ပြောင်ရန်ယစ်နှင့်။တလှစ်မြေပြင်။ဆင်တိအနှုက်။ စွယ်ချင်းရှက်လည်း။ ချဉ်းဖျက်တိုက်မည်။ ဘုန်းစည်ရဲထွဟ်။စေလိုက်လွှတ်က။ သက်လွတ်ပါစေ။ ကျွန်တော်ဖပဟု။ ဗိုလ်ခြေမြင်းလျှင်။ စိုက်ဆင်စတေ။ခြေခံဆယ်ထွေနှင့်။ပြောင်ရွှေစော်ဘွား။ဩါးမယားနှင့်။ဘဝါးစကြာ။ တင်ရွက်လှာရှင့်။ ခေါင်ချာနရ။ မယ်တော်ဘလည်း။ သည့်မျှငါ့ညီ။ နိုင်ပြီမဲ့ဘူး။ မိန့်တော် ကျူးမှ။ပြောင်လူးရန်သွင်။လေးစီးဆင်နှင့်။ မည်ပင်ပေးလပ်။ ရဲဆုထပ်သည်။ ။ရင်သပ်တည့်နှိုးဝေး၊အံ့ကြမေး။

၁၇။ ထိုနေ့ခံတခြား။ ယိုးဒယားကို။ သိကြားတမျှ။ မယ်တော်ဘလျှင်။ ချိကြွဝန်းရံ။ စောင့်လုပ် ကြံသော်။ ဗုန်သျှံကျန်းကြည်း။ရေလည်းဖျင်ဖျင်။မြေပြင်မလပ်။ နေရပ်မသာ။ ပြန်ချေရာတွင်။ကြေညာကျိုက်ပွက်။ မြို့လုံးထွက်၍၊လက်နက်လှံထား။လေးမြားမီးပေါက်။အမြောက်တမူ။ ကတ္တူလွန်းကျင်။မြင်းဆင်ခြေတပ်။ ကြည်းရေကြပ်လျက်။ လိုက်ထပ်ဖြဖြ။ မီးပွါးကျသို့။ ရှနပြတ်ကြွေ။ ဆုံးချေတချို့။တောသို့လျိုးဝင်။ ရေတွင်မျောနှစ်။သွေးချောင်းဖြစ်မျှ။ မစစ်ကြောင်းလမ်း။ဝမ်းလှမ်းထိုးဘောက်။အထောက်ထောက်လည်း။ တယောက်မည်သူ။ လက်ယူလဉ်းထား။စကားကိုမျှ။ မဟာတိတ်ချေ။ မိုးမြေမမြော်။ ထိုသရော်၌။ စိုးတော်ရှင်ရင်း။ယာဉ်ကျော်မြင်းနှင့်။ မိမင်းမောင်ကြီး။ ဦးရိုးနတ်ရှင်။တူပင်နှစ်ပါး။နောက်နေဘား၍။ လှံထားချွတ်ဝင့်။တိုက်သတ်လွှင့်က။ကြွေလွင့်ပျောက်ရ။ရန်မျိုးခသည်။ ။ကြောက်လှတည့်ပြင်ပြေး၊စင်ကင်းဝေး။

၁၈။ ထိုနောက်တဖန်။ မျက်တော်ဗုန်၍။ နန်းရန်မဟာ။

ဥပရာနှင့်။နရာဘုန်းကြွယ်။ ဇင်းမယ်ဘုရင်။ တူပင်မကောင်း။ ဘိုးတော်ရင်းကို။ မိမင်းချစ်ဘ။ ချီးမွမ်းရရှင့်။ဒိပကျွန်းခွင်။ မြေအပြင်၌။စိမ်းရှင်စားယူ။ ဘိလူးဟူလည်း။ တူတော့မည်သာ။မာန်ပါရိုယ်းထစ်။မြဲနှရစ်ဟု။ ကြိမ်းဟစ်မထိမ်။ ရာဇသိမ်တွင်။ရှက်လိမ်မြိုးချင်း။ဦးကင်းစွယ်ညီး။တပ်နှင့်စီးလျက်။ နိုင်ဖြိုးမှတ်ရွေ။ ကြိုကြွေ့ဖွေသော်။ဘုန်းဟော့ရဲကျော်။ရှင့်ဘိုးတော်လည်း။ယာဉ်ကျော်နတ်သ။ဇာဇနေယျနှင့်။သူရဲ့ရန်လွှင့်။သိကြားတင့်သို့။နတ်ရှင့်နောင်တော်။လွှံပေါ်ထိုဒါ၊စကြာရောက်နီး။ ရှင့်ဘကြီးနှင့်။နှစ်စီးတူပင်။ပြောင်မာတင်လည်း။ ပါးပြင်မှန်ပြည့်။ တိုက်လွှတ်တည့်သော်။ ချိလှည့်ကင်းပြေး။ ထီးသို့ထွေးမျှ။ ဖွေးဖွေးစွယ်ရှင်။ ထပ်လျက် ပင်တည့်။ မြစ်ခွင် ဒိုင်အင်း။ တွေ့တိုင်းဆင်းသည်။ ။စည်ကွင်းတည့်ရန်ဘေး၊ကြောက်တုန်ဇေး။

၁၉။ ရန်မျိုးပျော်ကွာ။ပြင်းတေဇာဖြင့်။ မင်းလျာကပင်။ မြေပြင်မဆုံး။ ဘုန်းလက်ရုံးကို။ ကျွန်းလုံးကျော်ဟိုး။ ထိန့်ရိုက်ကြိုးသည်။ရှင့်ဘိုးနရ။ထွတ်တိုင်းမှလျှင်။ဒိပကျွန်းချာ။ ပြည်ဟင်းသာကို။လေးခါကျိုက်သူ။ချိတော်မူ၍။ ယာဉ်ဖြူရတနာ။ စကြာငွေတောင်။ခြောက်ဆောင်သိဂ်။ကြွင်းမဲ့ရ၍။ သူရဲ့နတ်ပြည်။ သိကြားနည်သို့။ ကျွန်းစည်သပြေ။ ရေမြေတဝက်။ ကျော်ဇုန်တက်၍။မြတ်ဆက်နှင်နှင်။ဘုန်းရင်မြေမိုး။ ကြီးတန်းခိုးဖြင့်။ မျိုးရန်မြတ်သန်း။ရွှေနန်းထက်သာ။ သိဂ်ါရဝေ။ စံနေသည်ချည်း။ နောက်လည်းရှင်ချစ်။ဖွင့်လှစ်ဥကင်။ သာရွှင်မွေ့လျော်။ ဆက်ကာပျော်အံ့။နားတော်ရွှေစက်။ တင်လျှောက်ဆက်သည်။ ။မင်းထက်တည့်မင်းမြေး၊နာစိစွေး။

၂၀။ မင်းရဲကျော်စွာ။မည်သာဖွဲ့ချီး။ သမိုက်ပြီးသည်။ဘကြီးတော်လတ်။နေနတ်ရပ်ကဲ။ နိုင်ဟန်ပွဲကား။ မင်းရဲဘုန်းထူ။ သီဟာသူနှင့်။ နေတူထွန်းပြောင်။ မင်းညီနောင်ကို။ အခေါင်ရှင့်ဘိုး။ ရန်မျိုးဂိုရာ။ လှည့်စေ ရှာ၍။ ဟံသာဝတီ။ ရောက်လေချိသော်။ကြီးလှအင်အါး။သန်လျှင်စားလျှင်။ စက်ပါးတုံ ဂပ်။ညွတ်

လှာကပ်မှ။ဝေးရပ်ကျော်သည်း။ပိတ်စရည်းက။ ရွှေချည်းတင်ကား။ သံဘိုပ်ားလည်း။ ကုလားရုဋ္ဌိ။ ဘရင်ဂျီနှင့်။ ပသီအရိုင်း။ တလိုင်းစိမ်းစား။ကျွန်းကျွန်းသားတို့။ မိုးပွါးမိုးဘိုး။ဖြိုးဖြိုးဘယ်ညာ။ဘုံးပါအမြောက်။ ပစ်ဖောက်အပြင်း။ ညဥ့်သန်တွင်းဝယ်။ တိုက်ကင်းနှင့်ပင်။ အလျှင်မကြာ။ ဆက်ရောက်လှာ၍။ သူငါမြင်းဆင်။ကခင်ထားဘိ။မသိလန့်ရိုး။အိပ်နိုးစံမွှား။ လှံထား့မကော်။ ပစ်လော်မနေ။ ချန်ပြေးချေရှင့်။ ဂူရွှေပျံလွှား။ဟောက်ကြိမ်းဝါးသို့။နှစ်ပါးမင်းသာ။ ရေးရာမင်းပြင်။ ပြောင်နတ်ရှင်နှင့်။ မုန်ပြင်မြည်ရိုက်။ချဉ်းတည့်တိုက်သော်။ကျိုက်ကျိုက်ကုန်လေ။အောင်မြင်ပေက။ ဘုံရွှေအုပ်ရိုး။ ရှင်ပင့်ဘိုးလည်း။ ကောင်းကျိုးလွန်တင့်။ သားဘုန်းမြင့်ဟု။ခြယ်ဆင့်ပြောက်စုံ။ ဝတ်လုံမြင်းဆင်။မာတင်သိန္ဓော။ရွှေဝေါမကြွင်း။ရဲဆုနှင်းသည်။ ။စံချင်းတည့်ရည်လေး၊ ရောင်ခြည်ပြေး။

၂၁။ ရဲရဲလျှံဝါ။ရွှေအနန်စာကိုးတတ်စွာကျစ်လစ်။ မြချည်ရစ်သို့။ကြခင်ချစ်လွန်ပြင်း။သက်မယွင်းသဥ္။မင်းခင်းဘုန်းခေါင်။နားတော် ထောင်လော။ မြန်ဘောင် မြေပြင်။ ထိန့်ထိန့်ရှင်မျှ။ဥကင်ဘုံမြင့်။စကြာရင့်သား။ နေမင့်းနွယ်ရင်း။ရှင့်ဘမင်းလည်း။ ယှစ်ထွင်းတိမ်ကြား။ နှင်၍သွားလည်း။ သိကြားတမြှင့်။ ရဲရင့်မြန်သန်။လက်ရုံးအနန်နှင့်။စစ်ဗန်ထစ်ကြိုး။ရန်ညွှန့်ချိုး၍။ ဆင်မျိုးဖြစ်က။ပေါက်မဟိုင်းဟံ။ တည်ထံမကြွင်း။ မုန်ပြင်းအာသော်။မိတ်ပေါက်မနိုင်။နှောက်ထိုင်ဦးနေ။လျှောပြေဆင်းသက်။ သူရဲခက်လည်း။ နန်းဆက်ပွင့်နှိုး။ ရှင့်ဘစိုးက။ချွန်းသီးမဖြုံး။ခြေလုံးနှင့်သာ။ ယိမ်းတိုင်းပါ၍။ ဘယ်ညာသောသော။ ဥဒိန်စောဟု။ဆိုပြောနန်းပွဲ။ ချီးအံ့အဲသား။မင်းရဲကျော်ထင်။ မည်တော်တွင်သည်။ ။ကျွန်းခွင်တည့်ပျံ့မွှေး၊ ဘိုးတော်ထွေး။

၂၂။ တထပ်တထပ်။ကြားမလပ်လျှင်၊ပွင့်ချပ်တရာ။ ရွှေကြာပျံ့ကြွယ်။ ကန်သာလယ်၌။ ဖြိုင်ဆွယ်ညွှတ်ညွှတ်။ ချန်ကာဆွတ်သား။ကြာနတ်အသွင်။နန်းထက်မြင်သည်။ ပြစ်တင်လွှတ်

ကင်း။ မယ်တော်မင်းလည်း။ မယွင်းသူဇာ။ ရိုးကလာသို့။အာ ဏာကွန့်ရစ်။ဥကင်လှစ်သား။မင်းစစ်မသိမ်း။ ရံသိဉ်မကွေ့။ ရွယ် သုံးရွေ့နှင့်။စံနေစမြဲ။တင့်လွန် ကဲ၍။မင်းရဲနရာ။ မည်တော်သာ နှင့်။စကြာဇေကန်။အရောက်မှန်သည်။ ။ရန်မာန်တည့်ပျောက် ပြေး၊ နောင်အရေး။

၂၃။ တပျံ့ပျူးပျူး။ဝေပူဦး၍။ ကျေးဇူးများဖြင်။ ဇော်တ ၅ှင်ကို။ကောင်းကင်ရိုးဝ၊ပျံကြိုက်ရသို့။ မွေးဘမျက်ပွင့်။ မိမင့် ပန်ပန်း။ဟူမယွန်းတည့်။ ကြင်လွန်းဆကဲ။ လည်ဝယ်ဆွဲသည်။ မင်းရဲမည်သာ။ နရာလူ့ထိပ်။ နားတော်မိပ်လော။ စက်ရိပ်ဖြူ လင်း။ သန်းနေဝင်းသို့။ ရာမင်းကြဥ်နှန်း။ မြောက်တင်သွန်းသား။ နိုင်းခန်းမမြော်၊ ၅ှင့်ဘိုးတော်သည်။ မြေပေါ်ဘဝင်။ အာဏာ စက်ဖြင့်။ မင်းထက်မင်းဖျား။ မင်းတရားဟု။ သိကြားနတ်ရွာ။ ပြဟ္မာ ထုတ်ချင်း။ မကြွင်းလောက။ ကျော်ပေါက်ပြ၍။ ထိုမှ တပါး။သားတော်များလည်း။ထူးခြားခြင်းရာ။ အံ့ဘွယ်သာတိ။ ဒိသာရစ်ကြို့။နေတော်မြို့လည်း။ အောင်မျှိဇာတိ။ မှန်လှဘိ၍။ ဘူမိဝရ။ရာဇရာဇာ။ မင်းသာစံမှတ်။ သုဒဿန။ သိကြွားနေ ပြည်။ သည်မှာတည်သို့။ လေးမည်အစာ။ အဂ်ါချန်စ်။ ၅ှင်ချစ် ဟောညွှန်။ မယုတ် လွန်တည့်။ သဏ္ဍာန် နေရ။ ကေတုမတီ။ ကျော်ညီရိုက်မွှန်း။သာနှုံကျွန်းသည်။ ။ခြောက်ခန်းတည့်တ ပြေး၊ ပုံမဝေး။

၂၄။ မဝေးခြောက်ဘုံ၊သာမျိုးစုံသာ။ ရိပ်မြိုပျော်ရာ။ရွှေ မျက်နှာ ဝယ်။ အာသာ ဝတီ။ ခေါ်ညီ ၅န်ချောင်း။ မြစ်ပေါင်း လောင်းနှင့်။ခပေါင်းသက်ယာ။ ဒိသာရစ်ခွေ။ ရေလည်းကြည် နက်။တချက်ပင်လယ်။ကြောက်ဘွက်ဘွယ်တိ။ မလယ်ချင်းခွါ၊ နောက်မြောက်မှာမူ။ တရာအသူ။ ဟူလည်းမယွင်း။ အိုင်အင်း တန်တန်။ ရေညွန်ကျုံးမြောင်း။ မိကျောင်းလိပ်ငါး။ရှုပ်ရှုပ်ဝါး ၍။၅ှစ်ပါးကြိုဟ်မြတ်။လေးပါးနတ်လည်း။စောင့်လတ်အယူ။ ဖြစ် သည့်သူကို။ ဘုန်းတူညက်ညက်။ကြေစေလျက်လျှင်။ သံဟက်

ဥသ်ဆူး။ ဆိပ်လူးတံသင်း။ ဆင်တွင်းနရန်း။ပြည့်နှန်းဆိုင်ဆိုင်။ တူ
ပြိုင်မျိုးတော်ပြ။သူယောင်ပေါ်ပည်း။ရှုလည်းမညောင်း။ရဲလေါင်း
သွင်းသို့။တမင်းမကျန်။ ကြွံကန်နေသံထောက်။ ရက်ဖောက်ရင်
တား။တံခါးလည်းခွေ။ဆင်ခြေရိုက်သက်။ အထက်မြင့်ထောက်။
လှံမစောက်သည်။ ။လျှင်လျှောက်တည့်ရေးရေး၊ သူ့ရဲပြေး။

၂၅။ သူရဲပြေးနှင့်။ ရေးရေး လျှင်လျှောက်၊ ပြောင်းအ
မြောက်တည့်။ ကန်လျှော်လက်လွှဲ။ချွန်းစွဲတံ့ဇမောင်း။ တစောင်း
စရာ။ တံဖျာ တင်းပုတ်၊ လက်တုပ် စဉ်းသွား။ လေးမြားမီး
ပေါက်။ အံ့လေသံကြီးထူ။ မျာတမူလည်း။မြို့တူတလျှည်း။ မြေ
ကျည်းသစ်တပ်။အထပ်ထပ်ကို။ရှုပ်ရှုပ်ဖြိုမြောက်။ မြေသို့ရော်
သည်။ကမ်းချောက်ဖြစ်အောင်။သုံးဆောင်စနပ်။လုံးပတ်ပြောင်
စာ။ တခါပစ်လျှင်။ သိန်းသန်းစင်၏။မြေပြင်ပတ်ကျန်း။ ကြောင်
နှယ်ချုံးသည်။ ။ကိုယ်လုံးတည့်ခွေးခွေး၊ ကြက်သီးဖွေး။

၂၆။ တဦးတဦး။ မြင်သူမှုးမှု။ သောက်ရူး ကြယ်သွင်။
သောင်းတိုက် တွင်လည်း။ မွေ့ရှင် ဘုန်းခေါင်။ ခြေက်သွယ်
ရောင်နှင့်။တိမ်တောင်ကြွသွား။ပျံသော့လါးသို့။တံခါးနှစ်ဆယ်။
ပျော်ဘွယ်လမ်းဘောင်။နှစ်သွယ်မြှောင်လည်း။နေရောင်မထိုး။
မြရိပ်မိုးလျှက်။ပြဒိုးတန်ဆောင်း။ ရောင်မေါင်းထွန်းသစ်။မိုဃ်း
လျှပ်စစ်သို့။ ဆယ်နှစ်နှင်နှင်။ရာသီတွင်၌။မုန်သွင်ပြောင်ဇွှ။တ
ရာစေ့၏။မပော့ဘက်ရန်။မိုဃ်းသို့ဇုန်မှု။ စောင်းမာန်ရက်စက်။
မြန်ထက်ကြမ်းချော်။ဘက်မမြော်သား ။အခေါ်ဘဏ်။ ပဉ်းသိ
လုံးရင်း။ဆင်မြင်းရထား။ တို့ဘုရားလည်း။ သိကြားနတ်ပြီ။မင်း
ညီမင်းသား။မင်းများမတ်ရာ။ရေးရာရှေ့နောက်။တစ်ခေါ်လေသံ
၏။ စံမြောက်အောင်မှူ။ မင်းနေမြို့သည်။ ။မည်သို့တည့်ဆို
ရေး၊ မနိုင်ဝေး။

၂၇။ မင်းနေအောင်ချာ။မှန်လှစွာ၍။ ပမာစက်ဟန်။ရော်
သည့်ရန်ကို။မကျန်တယောံ။ရှင်းရှင်းဖျောက်၏။ပြိုင်ထောက်မဲ့
ပြီ။သည်ကချိ၍။သူ့ဆိတ်ိုင်းခွင်။ လုပ်ကြံသျှင်လည်း။အောင်မြင်

စကြာ။ ပြည့်တကာခကို။ သည်သာငယ်နိုင်။အခေါင်တိုင်ရှင့်။ဦး ကိုင်မန္တာကတ်။စိုးသည်နတ်၏။စောင့်မှတ်တရေး။အနိုးတော်အား ဖြင့်။မမှားရေစာ။ သာယာပြော၀။ ကျိုကြမကန်။ပြည့်ဖြိုးဗန်မျှ ဆည်ကန်တားခတ်။ ရဟတ် မသွင်း။ ခူမနင်း တည့်။ ရရင်း ကောကဲကြီး။သုံးသီးတနှစ်။တလှစ်ငတာတောင်။ကျန်အောင်မ ကျန်။ပန်းမန်သီးပွင့်။ရိုဿးလေသင့်သည်။ ။ကြိုင်လွင့်တည့် ချိုဇေး၊ဩဇာလေး။

၂၀။ ထက်ဝန်းဇမ္ဗူ၊ ကျွန်းလုံးသူကို။ မွေးမြူမည်တည့်။ ခေါ်လင့်၏သို့။ ရှုကြည့် ရာရော။ ရှစ်မျက်နှာ လည်း။ လယ်တာ ဥယျာဉ်။ ရိပ်စဉ့်နှင်နှင်။ မြစ်မှာမြင်လည်း။ ငွေသွင်ဖြူသဲ။ ဆိပ် သာပွဲဝယ်၊မစဲလှေတက်။ ကမ်းနားရှက်မျှ။ တခွက်ဝန်းချို။မျက် စိမညောင်း။ဝယ်ချောင်းမခန်း။ အကျွန်းကျွန်းက။ ကြိုင်မွှန်းမွှေး ထုံ။ ဝတ်လုံခါသာ။ စွန်ပါပြောက်ကွက်။ ဆေးခက်တင့်မော။ သဘောကရပ်။အထပ်ထပ်တိ။နတ်ရပ်အသွင်။ မြို့ထွက်ဝင်ကို။ ပည်းဖြစ်တိုက်ကြ။တရော့တပါး။ပုဏ္ဏားသူဌေး။ ဈေးနှင့်အိမ်ရာ။ ဆက်ကာစပ်နေ။ရွှေငွေမျက်ရှင်။လိုအင်မတ။ ကြိုက်တိုင်းရ၏။ ပိတ်မျှသမ်းပေါင်း။ ဝန်းသောင်းချေချင်း။ ဆင်မြင်းလှည်းသွား။ တိုးမအားသည်။ ။တိုင်းကားတည့်ကျယ်ဝေး နိုင်ငံကျေး။

၂၆။ တတည် တတည်။ သိကြားပြည်နှင့်။ မည်သည် ခြားယွန်း။ မသာလွန်းတည့်။ ရွှေနန်းရတနာ။ ဘုံသိင်္ဂါလည်း။ စကြာသည့်ခွေ။ မင်းသာနေသည်။ အောင်မြေ ပေါ်ထွက်။ မြို့ လယ်ချက်တွင်။ဘဝဂ်တရှည့်။ တောင်မွန်းတည့်သို့။ ရှုကြည့်မ ငြီး။လည်ဆီးကြာပြန်။ပျံဟန်ကြွားကြွား။ငါးဆက်လားမှ။ထက် ဖျားတိမ်ထွတ်။ ရောင်ခြည်ပတ်သား။ ပြာသာဒ်ဘုံမြင့်။ ခုနစ် ဆင့်ဝယ်။စွင့်စွင့်လိုဏ်ရတ်။လေးဖြာထုတ်၍။ မှိုကုတ်ဇောတ။ စိန်မြနီလာ။ဖလ်ဝါပြယား။ ကိုးပါးပြောင်မြူး။ မှောင်မပူးတည့်။ ငုံဖူးသားသား။ ဆတ်သွားရိုင်စိုင်။ ပန်းတိုင်သဲကြည့်။ တောင် တိုက်ထည့်မှ။ လည်လှည့်ငဲ့စောင်း။ ဥဒေါင်းကြိုးကြာ။ ကိန္နရာ

နှင့်။ ဟသ်ာရေကြက်။ ရုပ်ဌက်ထူးဆန်း။ မှကန်းဖြသေ့်။ ရေသောက်တွေ့သည်။ ။မရွှေတည့် ဆိုရေး၊ ဝေယန်ငွေတွေး။

၃၀။ ဝေဇယန္တာ။နတ်နှင့်စာလည်း။ပမာမယှဉ်း။နတ်ပင်ပြင်း၏။မှန်ကင်းရွှေစင်။ထွတ်ဥကင်လည်း။ ပလ္လင်တင့်စံ။ ခြသေ့်ခံလျက်။ရောင်လျှံဝင်းဝင်း။ ရဲ့တစင်းကို။ ခြေရင်းမဂ်တော်။ ညွှတ်လှည့်ခေါ်သို့။ ရှုမျှော်မရဲ။ခန်းထဲရဝေ။ ကြက်သရေဖလ်သာ။နီလာပတ္တမြား။ကိုးပါးသွယ်ဆိုင်း။ ခန်းဇိုင်းပြောင်ပြောင်။ ရွှေညောင်သလွန်။ လေသွန်ပျံ့ညှင်း။ ပြတင်းကွန်ရက်။ ဖြိုးဖြိုးပြက်တိ။ ငါးဆက်ပြာသာဒ်။ မတ်မတ်သွယ်မြင့်။ မြူးကွန့်တရှင့်သား။စွင့်စွင့်ရတ်လိုဏ်။တပင်တိုင်နှင့်။ရိပ်မြိုင်သာဓွဲ။မြဲတိုက်မြဲဟု။တခဲရွှေရည်။ ဘုံခြောက်မည်သည်။ ။ရောင်ခြည်တည့် ဌန်ပြေး၊ မြူမမှေး။

၃၁။ တထောင် သည့်ရေ။ မိုးကကြွေသို့။ ရေမြေအုပ်မိုး။ကျွန်းလုံးပိုးသား။ ရှင့်ဘိုးစကြာ။ပျော်ရာဗိမာန်။ဝေဇယန်၏။ သဏ္ဍာန် ခေါ်သာ။ နောက်မျက်နှာ၌။ နန္ဒာမလွန်။ ရေနန်းကန်လည်း။ သဏ္ဍာန်ခြားသန်း။ လေးမည်ကျွန်းနှင့်။မခန်းသီးပွင့်။ပျံ့လွင့်မွေးကြူ။ အုရုယုတိ။ ဇမ္ဗူရည်သတ်။ ရွှေပြာသာဒ်လည်း။ မတ်မတ်ဖြိုးမောက်။ ရေကပေါက်သို့။ လှော်မော်ကြွေးကြွေး။ ဆယ်ပါးချပ်မျိုး။ သားတိုးစာမရိ။ တက်ဖြိုင်ချို၍။ ရာသီဆဲ့နှစ်။ ပျော်ဘွယ်ဖြစ်သား။နေချစ်အာရုံ။ ကြိုင်နံ့ထုံသည်။ ။ကြာငုံတည့်ဖွေးဖွေး၊ ခြင်းခြင်းတွေး။

၃၂။ ပွင့်ဝတ်ငုံအာ။ ငါးမည်ကြာနှင့်။ သိတာခြားသန်း။ ငှလေးမည်ကျွန်းကို။မယွှန်းမဖည်။ရစ်ခွဲလည်မှ။ နတ်ပြည်ကဲ့သို့။ ရွှေနန်းမြို့ကို။ပိုက်ကြို့လကျာ၊ လည်ပြန်လှာ၏။ ထွန်းဝါနေသွင်။ စွယ်တော်ရှင်နှဲ့။ရောင်ထင်ဌန်ဘိတ်။မြသပိတ်လည်း။ ဘိသိက်မြေခံသွန်း။ဇမ္ဗူမြန်းသည်။ဘက်ကျွန်းစဉ်သာ။ ကိုးကွယ်ရာဟု။ မိန့်ဗျာဒိတ်လျောက်။သည့်မှာရောက်ဟု။ ဖြိုင်ထောက်မဲ့ဘူး။ရွှေ

နန်းဦးဝယ်။ ကျေးဇူးဆောင်ကာယ်။ စံစံပယ်သည်။ ။ပြည်
လွယ်တည့်မနှေး၊ယူလက်နွေး။

၃၃။ တလလေးခါ။ဝတိံသာက။သူဇာဆွေစုံ။ ညွတ်ရိပ်
မြို့သား။ စည်းခုံမြကျော်။ ဆံတော်ဘုန်းကြွယ်။ ခြောက်သွယ်
ရောင်ဖြာ။မှောင်ဝါမသုန်း။နေ့ညဥ့်ထွန်း၍။တိမ်ခန်းမိုးဆီ။စေတီ
အပေါင်း။ ဂူကျောင်း ဗိမာန်။ ဝင်းဝင်း၅န်မှု။ ဟောဝန်တူလျှော။
ရွှေဘက်တောလည်း။မယောရော်ရင့်။သီးပွင့်ပန်းမန်။ခါမချန်
တည့်။နိဗ္ဗာန်ယူလမ်း။ဘုရားငြမ်းကို။သင်္ခမ်းဥမင်။ ပြည့်ပွမ်းဖြင်
မှု*မြင်ထင်မြင်မိ။ထွန်းညီလျှံပတ်။ တောင်ထွတ်တောင်ဦး။ ဖြူး
ရရှူးတိ။ ဆန်ကူးစကြာ။ ဒေသစာဖြင့်။ ရှေးခါလွန်လေ။ ကျင်
လည့်ပေဟု။ဥာဏ်ရွှေဖြန့်လျက်။ပြိုးခဲ့မြွက်သား။မြစက်သီတာ။
လကျာ်ရစ်လည်။တရထည့်နှင့်။ ရောင်ခြည်တသန်း။ ဆိပ်သာ
ကျွန်းထက်။ ဦးစွန်းနှစ်ဘော်။ ညီနှောင်ကျော်သည်။ ။မြင်
တော်တည့်နီးဝေး၊စုံကမေး။

၃၄။ တတန်တတန်။ လျှောက် ဝံ့ပြန်အံ့။ နိဗ္ဗာန်ဆုရည်။
ဘိုးတော်တည်သား။ရောင်ခြည်လျှံပတ်။ ကျောင်းပြာသာဒ်၏။
ယွန်းညွတ်လကျာ်။ပျော်ဘွယ်သာတည့်။သီတာရစ်ဖုံး။ စံဆင်
ကျုံးလည်း။ ပတ်ကုံးတလျှည်။ စွယ်ရန်စည်မှု။ အုပ်ကျည့်ဝင်
မောင်း။ချိုင်သုံးချောင်းနှင့်။တန်ဆောင်းဘုံမြင့်။ရုပ်ဆန်းဆင့်၏။
ပေါက်နှင့် ဟိုင်းဟံ။ တည်တံ မုန်ခ။ ဆဲ့နှစ်လဝယ်။ ပြတ်ရမ
ထင်။ ပြောင်မျိုးဆင်တိ။ မြိုင်ခွင်စုံဖျား။အပါးပါးက။ အောက်
မားသွေးငင်။ ဘေးနတ်၅င်လည်း။ သဘင် ထွက်စံ။ ညီလာခံ
လျက်။ မိုးယံတိမ်ကြောင်း။ ခွင့်ရေးတောင်းသို့။ လက်ကောင်း
လက်မြန်။ ဟန်ပန်ကွန့်ဝန်း။ ရေသွန်းပဇ္ဇုန်။ ပြေးဟုန်ချက်ခြင်းမှု
ခြေချင်း လိုက်သတ်။ အင်တွဲခတ်မှု။ သလတ်ကျွန်ရက်။ လည့်
ဘက်နှောင်တည်း။ရေသော်ပည်းသည်။ ။ပွဲနည်းတည့်စဥ်
ရှေး၊ခြင်းစုံရွေး။

၃၅။ လျှံမောင်း လျှံမောင်း။ ဆန်လေ ညောင်းနှင့်။ တ

ငှသောင်းသာခေါင်။ပဏ္ဍုန်ပြောင်က။ညှိနောဖ်ပျို့မျစ်။ သိကာရစ်လည်း။ရှင်ချမ်တိုင်မှ။ရွှေနန်းကပင်။ချိကြွလမ်းခွင်။ မင်းမှတ်သင်မှ။စစ်အင်လေးမည်။ ပြုချည်ပြာမွတ်။ ညှိုလတ်နွဲ့ချော။ မြင်သူမောမှု။ရွှေဝေါမှတ်လှ။သိင်္ဂလျှံပတ်။ဘိုးဘုန်းထွတ်လည်း။ လျှင်မှတ်လေအား။တိမ်ညွန့်စားသည်။ ကြွားကြွားလက်ငဲမြ၏။ရှစ်စီးနောက်ဝယ်။မခေါက်ရှုကြည့်။နေစက်လှည့်၍။ ပြန့်တည့်သော့လား။ စက်ရထားထက်။ နှစ်ပါးမကွာ။ ရံသူဇာနှင့်။ ခရာလက်တံ။ကျုံကျုံ့နွဲ့ရင့်။ရိပ်ပြုဘွင့်လျက်။မင်းကျင့်သဘင်။နှစ်တိုင်းရွှင်သည်။ ။သည့်ပြင်တည့်လျှောက်ရေး၊မျှားလှသေး။

၃၆။ ။အုံ့မှိုင်းအုံ့မှိုင်း။ မင်းလွင်ဆိုင်းက။ ပင်တိုင်း ညှာကူး။ မြရည်လူးသို့။ တန်းရူးသာလွန်း။ တာလဆန်းသော်။ ရေသွန်းသဘင်။ ဆင်ယင်တလျှည်။မျဉ်းရှည်ချပ်ကာ။ မြူတာကြိုင်လွတ်။ပန်းစုံသတ်နှင့်။ မှူးမတ်မင်းသား။ ကန္တားရတ်လှ။ ရွှေကရွှေထိ။ညီးညီးလျှပ်လျှပ်။နေလှပ်မှ။ သလတ်သတောင်း။ ရွှေပေါင်းရွှေသွယ်။စလွယ်သင်းကျစ်။နတ်ကဖြစ်သို့။ ထုံးသစ်ကေရှင်။လက်သင်ခေါက်ကြိုက်။ရောင်မြိုက်နွဲ့နောင်း။ ရွှယ်ရှိပေါင်းမှ။မှူးလောင်းမတ်သား။ရည်သွားတလှပ်။ သွန်းဆွတ်လုယက်။ရည်ငုံ့လျက်လျှင်။ ပြုရွက်ဖြန့်ရိပ်။ ရာဇဉ်းထိပ်လည်း။ သုံးကျိပ်သုံးပါး။ရံဝန်းလျှားသည်။သိကြားနတ်သွင်။နွဲ့စံရွှင်၍။ မင်းအင်ရှုမျှော်။သာခုခေါ်မှ။ စွယ်တော်လကျာ။ ဆံကြာဘုန်းစည်။ နှံ့မှုလည့်၍။စိတ်ကြည်ရွှင်လန်း။လှည့်ကာသွန်းသည်။ ။ရည်ညွှန်းတည့်နောင်ရေး၊ချလှူကျွေး။

၃၇။ မှိုင်းပြမှိုင်းပြ။နေ့ကသည်။မိဿရာသီ။ ပြိုသချီ၍။ ဘိမ်ဆီအာကာ။ ဝိသာခါနှင့်။ သော်တာမိုးလ။ တူပြိုင်ပသော်။ နတ်မှုရဟန်။ လေးကျွန်းကျွန်မှ။ တန်းခွန်မဲ့ပေါင်း။ ရွှေငဲလောင်းလှော်ကား။မတော်းလည်လှည့်။ရေဖြင့်ပြည့်မှု။ နှိုင်းရှည့်မမြော်။ ရှင့်ဘိုးတော်လည်း။ ရွှေလှော်ရည်ညက်။ ပြာသာဒ်ထက်ဝယ်။ လှစ်ထွက်ဥကင်။ ပည်းဖြင်ငုံပွင့်။ ဆင့်ရရင့်ကို။ စင်မြင့်ငြမ်း

သား။ဖလား်ရောင်ထင်။ စီဆင်ရည်ညွတ်။လှမ်းယူဆွတ်၍။ပြွ
လတ်ငြိမ်လေး။ ကြာဆံနွေးသို့။ ရဝေးရံရွှေ။ ရလည်းခွေဝယ်။
ဝေဝေသွယ်ရှက်။ဆင်ကြဲလျက်လျှင်။သည်ထက်လှ၏။သည်မှာ
ကြည့်ဟု။ခေါ်တည့်သောတျူ။မှန်လျှင်ဟူသည်။ ။မှန်ကူတည့်
တွေးဧတွေး၊ လိမ်းဘော်ကွေး။

၃၈။ မြူးကွန့်မြူးကွန့်။ ယုဂန်ညွန့်နွဲ့။ နင်းဆွန့်ချန်ကြွား။ လရ
ထားနှင့်။ နဂါးပြည်လှည့်။ ဝါလည်းပြည့်သော်။ မည်သည့်သ
ဘင်။နှိုင်းမထင်တည့်။သံဇွင်ရစ်ပြည်။ ဆယ်မျိုးစည်နှင့်။ ငါး
မည့်စကြာ။ဖြန့်စကါလျှင်။ရွှေတာလမ်းစင်း။ စည်ကွင်းမှန်လှ။ရမ္မ
သင်သူ။သုံးလူပူဇော်။ ဆဲ့နှစ်ဘော်လည်း။ ရေပေါ်ကြွားကြွား။
လှော်ကားရဲလှေ။တွေတွေချပ်ဟန်။ သက္ကတန်ထက်။ လက်ပြန်
မြှော်ခံလှော်။ ဇင်ယော်သုတ်ဝဲ။မစဲသီကာ။ ခွင်ရေးချ၏။ ပျံကြွဘ
နန်း။ ဆောင်တော်နန်းလည်း။ ကွန့်မြန်းမြူးရွှင်။ တိမ်ခွင်မိုးဆီ။
မဋ္ဌူချီ၍။ယာဉ်သီကာထက်။နားလှာသက်၍။ ဖလ်စက်နေသွင်။
မြသည့်ထင်ဟု။ မွေ့ရှင်သိင်္ဂီ။ မြတ်ကမ်းနီသို့။ ကုံးသိရှေးဦး။
ကိုယ်တော်ဖူးသည်။ ။ပြိုင်ပူးတည့်နောင်ရေး၊မမြင်သေး။

၃၉။ ပတ်သွံ့ပတ်သွံ့။ ရွှမ်းဆော် ညွှံ့လျက်။ ကျူးမျှံကျူး
ချန်။စက်အဟုန်ဖြင့်။ ပဋ္ဌုန်မြခဲ။ခွင့်ရေးနွဲ့သော်။ ပြုမြသစ်ဆင်း။
တော်သလင်းဟု။ငါးစင်းဧရာ။ဆင်းကာဖြာသား။ ဘာသာယဉ်
သွား။လှော်ကားလှေလောင်း။ပဲ့ပေါင်းချင်းပိတ်။ ဍန်ထိတ်ရည်
ရှင်။ မှတ်သားဆင်မှ။သည်တွင်သည်နှင့်။ ဖက်သင့်ပြိုင်ထေံ။
မြစ်လုံးနောက်မျှ။ ရေပေါက် ပုလဲ။ ဖျော်ဖျော်ကြဲလျက်။ မစဲ
လှော်ထွက်။ အရှက်ရှက်ဝယ်။ ပျံငှက် လေဟန်။ ရဲဘုန်း ဍန်
လည်း။ တန်းခွန်ရွှေဖွင့်။ မိုးတိမ်လွှင့်သား။ ရိုက်ဆင့်ပုံမောင်း။
သိင်္ဂါလောင်းထက်။ ပေါင်းသည် ရောင်ချက်။ တက်လည်းလျှံ
လင်း။မင်းလည်းနတ်ပြို။အောင်ရေးသိ၍။ ရွှေညီလှော်မြောက်။
စွန်းစွန်းရောက်က။စံမြေခံရွက်ဆိုင်။ မဋ္ဌူခိုင်ကို။ ဥကိုင်ဘုံမြင့်။
ရှစ်ဆိုင်ဖွင့်မှ။စလင့်ရွှေကြာ။ဂိဝါသင်းချော။ ရနောကြွန်ပြောင်။

ဆဲငါးတောင်နှင့်။ မိုက်မှောင်မပတ်။ ရောင်ခြည် ဖွတ်သား။
မျက်မြတ်ဧဒ္ဓတ။ စိမ်းမြတလိုက်။ ပြည်သာထိုက်သည်။ မကိုဋ်
တုရင်။ မင်းဝတ်ဆင်လျက်။ သံလွင်လက်မြှောက်။ ကျူးသျှော်
သံညင်း။ အမင်းမင်းတို့။ စက်ရင်းတပြို။ ရှိဦးစိ၍။ အာနိဇမ္ဗူ။ မဋ္ဌူ
ခိုင်မြောက်။ ပန်းပေါက်ပေါက်နှင့်။ ဆက်ရောက်မစဲ။ "ကနှဲတော့
ပွဲလည်း။ အံ့အဲမနိုင်။ ရင်သိုင်ပြေးထမ်း။ လက်ပမ်းလက်ခွေ။ ချန်
လွှေနင်းဆန်း။ ထားတန်းလှုံထက်။ ဆင်ထွက်ယွေးထွေး။ ကရေး
ကနား။ အပြားပြားတည့်။ သိကြားနတ်တူ။ စံတော်မူသည်။ ။
မြင်သူတည့်ရေးရေး၊ ရှိညွတ်ကွေး။

၄၀။ မွှေးပျံ့မွှေးပျံ့။ တဖွံ့ဖွံ့လျှင်။ ချစ်နံ့ကြိုင်မြူး။ သျှောက်
ပျံ့ပျူးသည်။ ရန်ငူးမစဲ။ မင်းရဲမည်သာ။ ထွတ်နရာကား။ အာဏာ
ပြင်းရှိန်။ ပြင်းထိန်ဇှန်ပြီး။ စက်ရိပ်ကြီးသို့။ ဘေးဘိုးစဉ်ဆက်။
နန်းထက်သာပျော်။ မယ်တော်ဘမင်း။ စံပယ်ခြင်းကို။ မကြွင်း
တသွန်။ လျှံ့လျှံ့ပြန်မူ။ ယုဂန်မျှပင်။ ကျယ်ဝန်းပြင်ခဲ့။ ရွှေစင်ဂိဝါ။
စံသိင်္ဂါကို။ တတ်စွာယုယ။ သွန်း၍ပြသို့။ ရှင့်ဘမင်းကျော်။ ကြင်
ချစ်ပျော်သား။ မယ်တော်မိမင်း။ ထွတ်မှန်ကင်း၏။ သည်းတွင်း
ရွှေလှော်။ မျက်နှာမြော်သည်။ ဘွားတော်မြန့်စ်။ သက္ကရာဇ်မူ။ စင်
စစ်မှန်လှ။ ကိုးရာ့ခြောက်ဆယ်။ စွန်းသွယ်ခုနစ်။ ရောက်လစ်လ
မူ။ သန်တူပြည့်ထွက်။ ခြောက်ရက်စွန်းလှာ။ လူတကာတို့။ ဗျာပါ
ရှိန်ငွေ့။ ငြိမ်းသည်နေ့ဝယ်။ ရသေ့ဆရာ။ ကျမ်းလာအံ့မူး။ တိုင်ဦး
စဉ်းလက်။ ပြိသာစက်၍။ တူဘက်ဆိသင့်။ နဂါးဝင့်လျက်။ မှောင်
လွှင့်လေးကျွန်း။ ကန်ကထွန်း၏။ ဘုန်းတန်းပြင်းပြ။ မှန်မောလှ
သည်။ နေလရန်နတ်။ ပြန်မှတ်လေပြည်။ သဇာနည်နှင့်။ စွယ်
ရှည်ဆဒ္ဒန်။ တသွန်တူကွ။ မကာရတွင်။ သူဇာ့သက်ယင်။ သုံး
ထောင်ရှင်လဉ်း။ သိပ်ခွင်ပြု၏။ အါဏာလှည့်သား။ လျှံပြည့်နက်
သတ်။ လေးလုံးမြတ်ဝယ်။ နေနတ်မြစ်တော်။ ရှင့်ကိုမြော်သည်။ ။
မျိုးဘော်တည့်ရဝေး၊ ကျူးပိုက်ထွေး။

၄၁။ ရဝေးမျိုးဘော်။ မျက်နှာမြော်က။ တိမ်ပေါ် မိုးဝ။

နက္ခတ်စသား။နေလစကြာဝဠာ။ သိတာမကျန်။ တသွန်ဖြင်ညီး။ မြေကြီးကောင်းကင်။နိမိတ်ထင်၍။သဉ္ဇပြင်ရာဇာင်း။ အမင်းမင်းက။ သတင်းရောက်လာ။ရတနာအစုံ။ ဝတ်လုံမြင်းဆင်။ ပည်းဖြင်လက်ဆင့်။ ယူလင့်မစဲ။ လွန်ကဲ ရှေးနှောင်း။ မမြင်တောင်းသည်။ ပွင့်လောင်းသိဂ်။ မွေးဘရန်နှင်း၊ မိမင်းမယ်တော်။ကြင်သော်မပဲ့။လည်ဆွဲကုံလုံ။ရပုံခေသံ့နှင်း။သက်မယွင်းသည်။ ။ သည်းတွင်းတည့်ကြင်လေး၊ မင်းလျာသွေး။

၄၂။ တန်းခိုးညွှန့်လူ။ထွန်းနေပြုသို။ ဇမ္ဗူလုံးသုံ့။ခွန်သရသည်။ဆင်ဖြူ့သခင်။ဘိုးတော်ရှင်လည်း။ မြင်လျှင်စုံမက်။ နန်းရိုးဆက်သည်။ အသက်တမျှ။ မွေးချစ်ဘဟု။ ထိန်းယာတခြား။မှူးသားမတ်မြေး။ ရည်သွေးဆင်းပြင်။မြင်းဆင်ရွှေငွေ။ တွက်ရေများလှိုင်။ခရိုင်မြို့ကျေး။သွန်၍ပေး၏။ကြင်ရေးလွန်မော။ ကြည်စိတ်စော၍။ရွှေဝေါစီးဆင်။ရှုတိုင်းထင်သည်။ ။ရင်ခွင်တည့် ပိုက်ထွေး၊ ချစ်မြတ်လေး။

၄၃။ တန်းခိုးဘုန်းမီး။ဘကြီးနန်းလျာ။ဥပရာလည်း။ကြင်နာထပ်ရစ်။သားမင်းစစ်ဟု။တင်ပြစ်မရ။ပြည်တန်မြှနှင့်။ ရန်မှုမတန်။ ဓမ္မရူးလွန်သာ။စွယ်ချွန်ရဲဝံ့။ခြေသံ့ကောင်ညှံ့ကို။ ကြိုက်စုံချစ်ရေး။ ဖန်ဖန်မေးမှ။ မြတ်လေး ယူပြင်း။ ယူတော့နှင်း၏။ သတင်းကြိုင်မြိုး။ကြီးတန်းခိုးနှင့်။သတိုးမည်သာ။ဓမ္မရာဟု။ အဘဏာစက်လွှတ်။ဘုန်းရောင်ပတ်သည်။နေနတ်မဝေး။ ဘိုးတော်ထွေးလည်း။ငါ့မြေးမင်းလျာ။ မျိုးတကာကို။ ဖျော်လာသော့တူ။ ဖြစ်ပေဟူ၏။မပြုသည်သာ။တင်ရာပြစ်ကင်း။ညှင်းညှင်းသာလှ။ ယာဉ်ညင်မကို။ပေါင်းကရွှေစင်။တကွပင်သည်။ ။သာ ရွှင်တည့်မြတ်လေး၊ ယူတော့ပေး။

၄၄။ မင်းရဲကျော်စွာ။ မည်တော်သာနှင့်။ အာဏာစက်မီး။ဘုန်းလျှံညီးသား။ဘကြီးတော်မြတ်။ရဲနေနတ်လည်း။ ဆွတ်ဆွတ်စုံမက်။ သားချစ်သက်ဟု။ ပိုက်လျက် သာဖျား။ ရင်ခွင်ထားမှ။ဥနားမောင်းရင်။ ကိုယ်ပြင်မျက်နှာ။ ကျလှာစုံမြို။ ဇာ

နည့်မျိုးကို။ချွန်းရိုးရွှေစင်။ကိုယ်လုံးဆင်မှ။ ပြိတ်ကြင်မရဲ။ ပေး
ဆကဲ၍။မင်းရဲ့ဘုန်းထူ။သီဟာသူဟု။ဇမ္ဗူ့ဖွဲ့ချီး။ ရန်ညွန့်ဘီးသည်။
ဘကြီးတော်ထွေဦး။ ရှင့်ဘရှေးလး။ရပ်ဝေးလူ့ခွင်။ဘိုးကဲဖြင်
သား။ဘုရင်တုလွှတ်။မင်းတန်ဝတ်နှင့်။ ညွှတ်ညွှတ်လည်ရောက်။
ရွှေနောက်လည့်တက်။ တိမ်ကြား ထွက်ဂှသို့။ လေဌက်ဳမပြား။
လျှင်သည့်အားနှင့်။လှံထားလည်းကာ။ဝေလာဟာက။ မှဖုဉ်ညှိမြ
ကို။ရွှေကရွှေကြိုး။တင့်နိုးရာရာ။လည်မှာပေါင်းသွယ်။ ရွှေကြယ်
ကွန်ရက်။ လက်လက်ရည့်ရှင်။ ထွေထွေဆင်မှ။ သာ ရွှင်ဝမ်း
မြောက်။ပေးဆင့်လှောက်သည်။ ။လက်မှောက်တည့်ကွေး
ကွေး၊ မိန့်မည့်ရေး။

၄၅။ ရံဝန်းရံဝန်း။ရွှေတသွန်းနှင့်။စက်ဝန်းပြူညွှန့်။ဆောင်း
မိုးဖြန့်သား။ရွှေနန်းသခင်။ဘွားတော်ရှင်လည်း။ လည့်တွင်ပတ်
ရစ်။ငါ့မြေးချစ်ဟု။မြတ်စစ်မျိုးမဉ်။ထီးစည်မရိုး။ ချိပိုးထိန်းယ။
မဆတွက်ရေ။ ရွှေငွေဥစ္စာ။ ရတနာတိ။ များစွာတိုင်းရှဲ့။ ပေး
လိုက်ဖွဲ့၍။တဆဲ့ငါးရက်။ ရွှန်းရွှန်းတက်၍။ အဘက်မရှိ။ ထွန်း
လျှံဘိသို့။သိရိရာဇာဒေဝီ။တွင်ညီမည့်သာ။ သူဇာမလျော့။လေး
ဖြိမ့်ကြော့သည်။ မယ်တော် မိရင်း။ ဘွားတော် မင်းလည်း။
သက်နှင်းပုံရ။ မောင်ပုဘုန်းပြိုး။ မျိုးရိုးတို့မှာ။ ဆက်ပေလှာ၍။
ဂိဝါရည့်ပျောင်း။ ကွမ်းလောင်းကွမ်းခွက်။ ကိုးမျက်ရည့်ရှင်။
မင်းအင်ခမ်းနား။ ပေးသနား၍။ စံထားမမှု။ ဝေပူမြသို့။ဓမ္မရာဇ
ဒေဝီ။ နတ်ပြိမချွတ်။ ဘွားတော် လတ်လည်း။ သက်မှတ်ပေး
လင့်။မျိုးဘုန်းမြင့်ဟု။ သင့်တင့်ရာရာ။ လည့်မှာမျက်စိ။ အာနိစံ
မြောက်။ လက်ကောက်ခြေကျင်း။ ဆင်မြင်းဆိတ်ကြက်။လည့်
နှက်မကွာ။ ဟာသ်ာ အသွင်။ ပိပြင်ဆန်းပြား။ ကယ်ကဲ့ထားသို့။
သနားဘွယ်သာ။ရွှေအန်စာကို။ရွှေမှာတည့်တည့်။ ရှုစေကြည့်
မှု။ ယူလှည့်မွေးဘ်။ ပေးဆုဟာသည်။ ။ကြင်ဆတည့်မြတ်
လေး၊ တရေးရေး။

၄၆။ တဇေးဇေးလျှင်။သံလေးသံဆင့်။ သံပြိုင်ပင့်လျှက်။ သံ

ရင့်သံဖြူး။ဖျော်ကပ်ပျံပျူးသဉ်။ရန်ငှူးဘုန်းစည်။နားတော်လည်
လော့။မည်သည်မယွင်း။သခင်မင်းကို။သက်နှင်းပေးထင်။ဘွား
နတ်ရှင်လည်း။မြေပြင်ကျွန်းပေါ်။စိုးသက်မြော်၍။ ဘွားတော်မူ
စ။ငယ်သော်ကပင်။ထိန်းယရံလျက်။ရွှေဘုံထက်ဝယ်။ ပြူးပြက်
လျှံထွန်း။ရွှေတိုင်နန်းနှင့်။ရတ်ဆန်းရွှေကြာ။ ဂိဝါရောင်ဘိတ်။ရွှေ
ချိတ်ပင်ယက်။ သွယ်ပျောင်းရှက်သာ။ ပခက်ရတနာ။ ယာဉ်
သိင်္ဂါလည်း။ လျှံဝါဝင်းဝင်း။ နန်းလုံးလင်း၍။ လေသွင်းပေါက်
ထား။ အုံးတားကျည်းကွေး။ စုရေးလက်တင်။ ရဲရဲရှင်မျှ။ပဥ္စင်
တူရိယာ။လွဲ့တိုင်းသာသည်။ ။မှောင်ဝါတည့်မမြေး၊ နေ
နှယ်ပြေး။

၄၇။ ထွန်းမြူးရောင်ချက်။ရွှေပခက်ဝယ်။ လျှပ်ပြက်သော့
တူ။မျက်ဝေပူကို။မြင်သူသွတ်ပျံ။ အိုဘယ်အံ့သား။ သူဖ့်သက်
နှင်း။နောင်တော်ရင်းက။ထန်ပြင်းတေဇ။ပုဏ္ဏကလည်း။ ကြံမိး
ပခုံသွန်း။ ခြေတော်စွန်း၍။ နေဝန်းလစက်။ နှစ်ဘက်ဘယ်ညာ။
ဖြဟ္မာဇော။ နတ်မျိုးခသည်။ ရက္ခကုမ္ဘဏ်။ ဝေဿဝဏ်ကို။
ဘေးရန်မိဿ။ယုဇနာက။တရာတိုင်အောင်။လွှဲစေရှောင်လျက်။
ဖြစ်မှောင်မနှောင့်။ရှင့်ကိုစောင့်၍။ လေးထောင့်ခွဲမှာ။ ကောသ
ရာလည်း။ဟန်ပါကြွားကြွား။ဆန်းပြားရုပ်မျိုး။တိုးစာမရိ၊ဇနီမာ
တင်။ပြောင်မျိုးဆင်သည်။မြင်လျှင်ရှုဤ။ တစိတလျဉ်။ အစဉ်မ
ခြား။နဂါးဂဠုန်။မြူးချန်မကွာ။ ကိန္နရာလည်း။ ကလှာမယွန်း။အ
ဆန်းဆန်းသည်။ ။စိတ်ပန်းတည့်ရွှင်ရေး၊ဗျာပါဝေး။

၄၈။ ရွှင်ရေး စိတ်ပန်း။ အဆန်းဆန်းတိ။ ရွှေနန်း ဘုံထဲ။
တရဲရဲလျှင်။ တင့်ကဲရွှေချည်း။ နားရေးတည်းမှ။ မှော်လဉ်းစိန်
ပွင့်။ပန်းနှင့်ရန်ညင်း။ ဖွဲစင်းကလိုက်။တမျိုးနိုက်လည်း။ ကရိုက်
မောင်းမောင်း။ မှန်ကြောင်းခြားနား။ ခြူးညွှန့်ကြွားဝယ်။ ငကျေး
သားကျက်တော။ဘော်နှောမကွာ။ဟသ်ာဥဒေါင်း။ သံညောင်း
တွန်ထိတ်။ကရဝိက်လည်း။ချစ်စိတ်တညီ။ မဉ္ဇူချီ၍။ ကျူးသီစ
မြဲ။ ရင့်လှာနွဲ့သို့။ ဝမ်းပဲရကြက်။ လည်ရှက်ပျံနား။ ကုလား

တမာ။ သာလိကာဖြင့်။ ဂိဝါရည်ညက်။ ရုပ်မျိုး “ဌက်လည်း။ တောင်ရွက်မြီးသွန့်။ ပါးရန့်ရွေစင်။ရဲရဲရှင်သည်။ ။သက်တင် တည့်လည်ရေး၊ နှုတ်သီးတွေး။

၄၉။ ရုပ်မျိုးသားဌက်။ပြောက်စုံရှက်သား။ပုခက်သိင်္ဂါ။ စက်ယာဥ်သါထက်။ရတနာဇောတ။ ယုယမွေ့သိမ်။ဆဲ့နှစ်ကြိမ် မှု။ရွေလိမ်ပုလဲ။ပန်းစုံကြဲသည်။ သင်တွဲဘုံသာ။ ကမ္ဗည်ပါဝယ်။ ခါသာကြက်ရုံး။မဥ္ဇူဖုံးနှင့်။ သိကုံးသော့ဟန်။မျက်တိမွန်သား။ ဗိတာန်ရွေကြာ။ရတနာလည်း။နီလာပတ္တမြား။ ကိုးပါးလျှံလက်။ တပြိုင်နက်လျှင်။ညောင်ရွက်ရွေရုံ။သွင်သွင်လူသည်။ ။မည် သူတည့်အံ့ရေး၊ ရင်သပ်မေး။

၅၀။ ပြိုးပြက်ပြိုးပြက်။ရွှေပုခက်ကို။နှစ်ဘက်ရံခ။ ထိန်းယ တထပ်။ပေါင်းကြပ်ကွပ်လင့်။ ချစ်ချင့်းဘွယ်တိ။ ရှိရှိရည်သွား။ မှူးမတ်သားတို့။ မြလားတပြိုင်။ လက်ပြင်ဆိုင်နှင့်။ ရာတိုင်ဘိုး ရည်။ကိုးမည်ပုံခတ်။ ကရတ်ခါသာ။ ဝတ်စကာလျှင်။ မတ်ရာ ချည်းပေ။ လက်ဝဲနေမှ။ပြိမ့်ချေရောင်မြ။လကျာကလည်း။ဆွတ် မှုသည်းအရ။ ရှိလိမ့်ဟူသို့။ ပြာဖြူညိုလတ်။ မြိတ်လွတ်စုလည်း။ မြစ်စည်းကေရှင်။ လက်သွင်ညွတ်ကာ။ သူဓာမပြောင်း။ လှန့် နောင်းတို့။ ညွတ်ပျောင်းရှက်တိုး။ သိင်္ဂါကြိုးကို။ တင့်မျိုးလွန်း ဆက်။လှသဥ်လက်နှင့်။လှမ်းညက်ညှိပြိုင်။အသါကိုင်မှ။ သံတိုင် သံဘောက်။သံကောက်သံညင်း။ တရွှင်းရွှင်းလျှင်။ ခင်မင်းရှင် ချစ်။ကျစ်လစ်သါပျော်။စက်တော်ခေါ်ဟု။နာဖျော်ဖန်လဲ။ချော့ ခါလွှဲသည်။ ။မစဲတည့်သာလေး၊ ရင့်ကာဇေး။

၅၁။ ညွတ်ခညွတ်ခ။ ချီထိန်းယနှင့်။ ဆွတ်မှုသည်းခေါင်။ ချစ်လေအောင်လျှင်။ညိုရောင်သွယ်ရွှန်း။တင့်မျိုးကျွန်းဇမ္ဗူ။ မြခန်း မြေဇပါ။ ဘက်မမြော်သား။မနော်ဟရိ။ မှော်သိရတနာ။ မိရာမ ပြား။ပြာထွါးနွဲ့ရှင်း။လှနတ်ဆင်းတို့။ခင်မင်ရှင်းချစ်။ကျစ်လျစ်သံ ချို။ဆိုလဥ္စးယုယ။နှုတ်မွေးပျှနှင့်။မွေးဘရန်နင်း။မိမင်းမျိုးဘော်။ ဘေးတော်ဘိုးလောင်း။ စံကြောင်းစံနည်း။ ဤလျှင်တည်းဟု။

သာဖြည်းပျှံ့မွှန်း။ နခးတော်ညွှန်းလျက်။ ဒွါနန်းဘုံခွင်။တွင်းပြင်လူးလာ။လေသာလှစ်ဖွင့်။ ချိုးမြင့်မိုက်ကျူး။ ပျံ့ပျံ့ပျူးသည်။ ။ရန်ငူးတည့်ပြိမ့်လေး၊ စက်ပျော်ရေး။

၅၂။ ရစ်ပတ်ရစ်ပတ်။ မလည်ထွတ်ဝယ်။ နေနတ်နဂါး။ ခွေရလျားမှ။ မြေးသား နွယ်ညွန့်။ အစဉ်ပြန့်၍။ အဇန့်သောင်းကျေး။ တုံ့စပ်ကွေးသား။ ဘေးလည်းဘုန်းပြိုး။ ဇမ္ဗူမိုး၏။ဘိုးလည်းမင်းဖျား။ဘွားလည်းသူ့ဇါ။စံရာတမျှ။ဘလဉ်းမင်းကျော်။ မယ်တော်မင်းစစ်။ ဇကရာဇ်၏။ ရင်နှစ်သည်းချာ။ နန်းပွင့်လျာကို။ဤစာကျမ်းပြု။မင်းရတုဖြင့်။မင်းမှုပျော်ကြောင်း။ ကျူးဖြားယောင်းမှ။သံညောင်းချိုသာ။ ဖွဲ့လက်ာဖြင့်။ တခါသံဘော်။နားတော်သျှောက်အံ့။ ပွင့်ထောက်သိဂ်ါ။ မှန်လှစွာသည်။ ။နရာတည့်ဘုန်းမွှေး၊ နာပြန်သေး။။

သံတိုင်ပြီး၏။

---

၁။ မဋ္ဌူပွင့်ဝန်း။သပြေကျွန်း၌။ ကြဋ္ဌန်းငါးဆူ။ ပွင့်တော်မူသည်။ ။ဇမ္ဗူကျော်ရိုက်ခြောင်းတည့်လည်း။ ။ဇမ္ဗူကျော်ရိုက်ခြောင်းတည့်လည်း။

၂။ ဇမ္ဗူသုံးလူ့။ ခွန်သရသည်။ ကေတုမတီ။ သိင်္ဂီနန်းတည်။ သာထွန်း စည်သည်။ ။နတ်ပြည်တူမပြောင်းတည့်လည်း။ ။နတ်ပြည်တူမပြောင်းတည့်လည်း။

၃။ ကေတုနန်းဝယ်။ ပြူဝန်းရွှက်ရှင်။ ဖြန့်ရိုးဆင်က။ မြေပြင်မကြွင်း။ တုံ့ဝပ်ပြင်းသည်။ ။ရာစင်း ရိုညွှတ် ပျောင်းတည့်လည်း။ ။ရာစင်းရိုညွှတ်ပျောင်းတည့်လည်း။

၄။ ရိုညွှတ်ကုံးဆင်။ ရာစင်းဖြင်သား။နတ်ရှင်သားဧတ်။ နောင်မြော်ဘက်ရှဲ။မင်းရဲကျော်ထင်။မည်တော်တွင်သည်။ ။မြေပြင်ဝှန်တိမ်းစောင်းတည့်လည်း။ ။မြေပြင်ဝှန်တိမ်းစောင်းတည့်လည်း။

၅။ မင်းရဲကျော်ထင်။ ခေါ်တွင် မည်သာ၊ နန်းပွင့် လျှာ လျှင်။သူဇာလေမျှ။ လေးဖြိမ့်လှသား။မင်းဖျားသွီး။ ဘုန်းကြီးဆွေ ရုံ။ ချစ်ဘုန်းဆုံ၍။ ရွှေဝံပွင့်သွင်။ ရှင့်ကိုမြင်သည်။ ။ရှင်လျှင် နန်းပွင့်လောင်းတည့်လည်း။ ။ရှင်လျှင်နန်း ပွင့်လောင်းတည့် လည်း။

၆။ မင်းရဲမည်သာ။နရာဝရ။ရွှေနားဝလေ့။ ဇာစကမ္ဘာ။ ပေါ်သော့ခါန္တ။ရွှေကြာမဋ္ဌု။သက်နန်းသူကို။ ယူရွှေဉာဏ်စက်။ ဖြန့်မိုးဆက်သည်။ ။မျှော်ကွက်ကျိုးအကြောင်းတည့်လည်း။ ။ မျှော်ကွက်ကျိုးအကြောင်းတည့်လည်း။

၇။ ဖြန့်မိုးဆက်ရာ။ အောင်မြေချာတွင်။ မဟာ သမ္မတ။ မင်းကစ၍။သကျနွယ်ဦးနွန်း။အစဉ်မြန်းမှ။ကြဋ္ဌန်းအခေါင်။ ဘိုးဦး တောင်ဝယ်။ဉာဏ်ရောင်ထွန်းမြူး။ဗျာဒိတ်ကျူးသည်။ ။မြတ် မှူးမိန့်သံညောင်းတည့်လည်း။ ။မြတ်မှူးမိန့် သံညောင်းတည့် လည်း။

၈။ ဗျာဒိတ်ကျူးမှ။ ပြည့်ခေတ္တန္တ။ နတ်သမာတင်။ လှေ လျှင်ယာဉ်စံ။လှံပျံစေလွှတ်။ အရိမဒ္ဒဝယ်။ နေနတ်ဘုန်းမြူး။ မျိုး တုံနန်းညွန့်။ဆက်ကာဖြန့်၍။ မတန့်ထိုက။ ပြည့်ပင်းယတွင်။ငါး စီးရှင်သည်။ ။မှန်စင်ဘေးတော်လောင်း တည့်လည်း။ ။ မှန်စင်ဘေးတော်လောင်းတည့်လည်း။

၉။ ငါးစီးရှင့်မြစ်။ စင်စစ်မှန်လှ။ ရွှေဝထိပ်မိုး။မိုးညင်းစိုး သား။ သတိုးမင်းဖျား။ မင်းတရားသည်။ ။သိကြားစံ ဖြစ် ကောင်းတည့်လည်း။ ။သိကြားစံဖြစ်ကောင်းတည့်လည်း။

၁၀။ မင်းတရားမှ။မခြားမြေးမြစ်။ကောရာဇ်တိ။ဖြစ်သည် မပျက်။ ခုနစ်ဆက်တွင်။ ရွှေနန်းရှင်ဟု။ မြေပြင် အုပ်စိုး။ ဘွား တော်ဘိုးသည်။ ။နေမျိုးလူ့တန်ဆောင်တည့်လည်း။ ။နေ မျိုးလူ့တန်ဆောင်တည့်လည်း။

၁၁။ ရွှေနန်းရှင်၏။ရင်ခွင်သွီး။ဘေးတော်ကြီးလျှင်။ ဇနီး တူပင်။စံပျော်ရွှင်မှ။နတ်သွင်နှိုင်းလျော်။မျက်နှာမြော်သည်။ ။

ဘွားတော်သွီးနှောင်းတည့်လည်။ ။ဘွားတော်သွီး နှောင်းတည့်လည်။

၁၂။ နေမျိုးမခြား။မင်းတရား၏။သည်းကြားရွှေရင်။ နန်းထွက်မြင်နှင့်။မြေပြင်လုံးသူ့။ခွန်သစုသည်။ကေတုမတီ။ သိင်္ဂီစိုးဆောင်။မင်းခေါင်ဘုန်းထွတ်။ရလျှားပတ်မှ။ မန္တာတ်နိုင်းလျော်။ မျက်နှာမြော်သည်။ ။ဘိုးတော်ရှင်အလောင်းတည့်လည်။ ။ဘိုးတော်ရှင်အလောင်းတည့်လည်။

၁၃။ ရှင်မင့်ဘွားကို။မပြားနွယ်မှီး။ ဘေးတော်ကြီးလျှင်။ သွီးနှင့်သား။နှစ်ပါးမောင်မယ်။ငါ့နွယ်ဇမ္ဗူ။ မြန်းရစ်ဟူ၍။ ဘုန်းတူဘက်မဲ့။ ထိမ်းမြားခဲ့သည်။ ။လက်ဖွဲ့ထပ်ကာ လောင်းတည့်လည်။ ။လက်ဖွဲ့ထပ်ကာလောင်းတည့်လည်။

၁၄။ ။မင်းရဲနတ်တူ။သိင်္ဂီသူဟု။ တောင်ငူနန်းမြင့်။ ရိပ်ဖြူဖွင့်သား။နတ်ရှင့်သားတော်။မင်းငါးဘော်တွင်။ ရွှေမျှော်ထွတ်ထား။ စောဘုရားလျှင်။ ဝန်းလျား ဇမ္ဗူ။ လုံးလုံးယူ၍။ ယာဉ်ဖြူပေါက်ရ။ရာမကနှင့်။ဒိပကြဌန်း။ ဟံသာကျွန်းဝယ်။ ရွှေနန်းသာစံ။ဘိသိက်ခံသည်။ ။ဘုန်းလျှံနေသိန်းသောင်းတည့်လည်။ ။ဘုန်းလျှံနေသိန်းသောင်းတည့်လည်။

၁၅။ ထိုအောက်နောင်ဘွား။မင်းလေးပါးလည်း။ သိကြားတမျှ။ရတ္တမနှင့်။ခေတ္တတောင်ငူ။ ရိပ်ဖြူဖြန့်ဝန်း။ သန်လျက်ကျွန်းဝယ်။ရွှေနန်းသိင်္ဂါ။နှင်းကြလာသည်။ ။အာဏာစက်ရှိန်လောင်တည့်လည်။ ။အာဏာစက်ရှိန်လောင်တည့်လည်။

၁၆။ တန်းခိုးစက်မီး။ ဘေးတော်ကြီးလျှင်။ ငြိုး၍လူ့ထံ။ နတ်ပြည်စံလည်း။ဘုန်းလျှံထွန်းပ။ မယ်တော်ဘလျှင်။ မမျှနိုင်းတူ။ရိုက်ရာယူ၍။ ဇမ္ဗူတသွန်း။ လက်နက်မြန်းသည်။ ။ဘက်ကျွန်း မစံတောင်း တည့်လည်။ ။ဘက်ကျွန်း မစံတောင်းတည့်လည်။

၁၇။ ဘက်ကျွန်းသာစံ။မနေသာခံမှ။ ရောင်လျှံပြိုးပြက်။ ရွှေဘုံထက်တွင်။ ရံလျက်သုံးဘော်။ မျက်နှာမြော်သည်။ ။မယ်

ကောဲနတ်မပြောင်း တည့်လည်။ ။မယ်ဇောဲနတ်မပြောင်း တည့်လည်။

၁၈။ ဟံသာ၀ရ။ခေတ္တာသရေ။ ပြူဝေဖြန့်ဝန်း။ သန်လျက်ကျွန်း၌။ ရွှေနန်းတော် တောင်။ ခံဆောင်အုပ်စိုး။ ဘေးဘိုးမင်းကျော်။နတ်ပြည်ပျော်လည်း။ ဘိုးတော်ဘုရား။ ရှင်ပင့်ဘွားနှင့်။ သိကြားမယွန်း။ ကေတုနန်းကို။ ဖြန့်ဝန်းရိပ်ပြူ။ ဥက္ကာထူသား။ ဇမ္ဗူမကြွင်း။ လက်နက်သွင်းသည်။ ။ရာဇင်းထိးပြူဆောင်း တည့်လည်။ ။ရာစင်းထိးပြူဆောင်းတည့်လည်။

၁၉။ ရာစင်းဝန်းရံ။သိကြားစံသို့။ မိုးယံတိမ်စွန်း။ ဆိုက်မျှထွန်းသား။ ရွှေနန်းသာခေါင်။ ဘုံခြောက်ဆောင်သည်။ ။ရွှေရောင်တင့်လျှံမောင်းတည့်လည်။ ။ရွှေရောင်တင့်လျှံမောင်း တည့်လည်။

၂၀။ ခြောက်ဆောင် ဘုံသာ။ နန်းသိင်္ဂါထက်။ သူဇာရိုးအောင်။သောင်းခြောက်ထောင်လည်း။ ရိုက်မှောင်မသန်း။ နေနှယ်ထွန်းမှ။ လှစ်တွန်းဥကင်။ မြောက်သံလွင်နှင့်။ ရင်ပြင်ဝန်းလည်။တိုင်တိုင်းချည်သည်။ ။ဇာနည်ပြောင်မျိုးပေါင်းတည့်လည်။ ။ဇာနည်ပြောင်မျိုးပေါင်းတည့်လည်။

၂၁။ ဇာနည်ရန်သွင်။ စစ်လေးအင်နှင့်။ မြေပြင်မြန့်ပြည်။ ဇမ္ဗူလည်သည်။ ။မစည်ရန်ညွှန့်ညောင်းတည့်လည်။ ။မစည်ရန်ညွှန့်ညောင်းတည့်လည်။

၂၂။ ပယ်လှစ်ရန်မျိုး။ ကျွန်းလုံးစိုးသား။ ဘိုးတော် ရှင်ရင်း။ဘွားတော်မင်းဝယ်။သည်းထွင်းရွှေရင်။ဘွား မြော်မြင်၍။ မြေပြင်မမှု။ကျော်ပေါက်ပြသည်။ ။ရှင့်ဘသားတော်နှောင်းတည့်လည်။ ။ရှင့်ဘသားတော်နှောင်းတည့်လည်။

၂၃။ နှောင်းမြော်ဘက်ကဲ။မင်းရဲကျော်ထင်။ မည့်တော်တွင်၍။ရန်သွင်ဒုန်ထိတ်။ငင်ချိတ်မရ။ သူလက်ချသည်း။ချွန်းမှုမပြက်။ ခြေတော်တက်က။ နှစ်ဖက် ဘယ်ညာ။ ယိမ်းတိုင်းပါ

သည်။ ။အာဘောသွန်နှာမောင်းတည်လည်။ ။အာဘောသွန်နှာမောင်းတည့်လည်။

၂၄။ သွန်းလောင်း အာဘော။ ယိမ်းတိုင်းပါ၍။ ပမာဌက်သွင်။ ပြောင်မာတင်လည်း။ ပြေပြင်မရပ်။ မုန်ဖပ်ဖပ်နှင့်။ ရင်အပ်နန်းပွဲ။အံ့မစဲသည်။ ။မင်းရဲမည်တွင်ရှောင်းတည့်လည်။ ။မင်းရဲမည်တွင်ရှောင်းတည့်လည်။

၂၅။ မင်းရဲမည်သာ။ ဘမင်းလျာနှင့်။ သူဇာတမြင်။မျိုးပုံပြင်ကို။ ခင်မင်ဘိုးတော်။ ဘုံနန်းပေါ်ဝယ်။ နောင်သော်ငါတ္က။ စံစိမ့်ဟူ၍။ ဖမ္ဗူလူ့ထွတ်။ရလျှားပတ်သည်။ ။နေနတ်နွယ်အပေါင်းတည့်လည်။ ။နေနတ်နွယ်အပေါင်းတည့်လည်။

၂၆။ နေနတ်နွယ်ချင်း။ သက်လုံးနှင်း၍။ မယွင်းထပ်ရစ်။ ကြင်ကြချစ်မှ။ရင်နှစ်ခွေလျှော်။ရှင့်ကိုမြော်သည်။ ။မျိုးတော်ကျူး ဖြားယောင်းတည့်လည်။ ။မျိုးတော်ကျူးဖြားယောင်းတည့်လည်။

၂၇။ ကျူးနွဲ့သာညှင်း။ သခင်မင်းကို။ နန်းတွင်းဘုံလယ်။ ဘွားဘုန်းကြွယ်လျှင်။ စံပယ်ရွှင်ဖြိုး။ သွယ်ပြောင်းကြိုးနှင့်။ ရှင်မျိုးသောင်းဌက်။ကွက်ရရက်သား။ပခက်ရတနာ။ ယာဉ်သိင်္ဂါသည်။ ။ကိုးဖြာစီမျက်ကောင်းတည့်တည်။ ။ကိုးဖြာစီမျက်ကောင်းတည့်လည်။

၂၈။ ကိုးဖြာရောင်လျှံ။စီနှစ်ပြွံသည်။ သူ့စံဒေဝတ်။ နေလနတ်လျှင်။ရန်ဖြတ်ပယ်ဖြောင့်။ရှင့်ကိုစောင့်သည်။လေးထောင့်ရပ်ဆင်း။ခြသေ့်မင်းသည်။ ။တျင်းတျင်းဦးလည်ထောင်တည့်လည်။ ။တျင်းတျင်းဦးလည်ထောင်တည့်လည်။

၂၉။ သင်းတွဲဘုံသာ။စက်မွေ့ရာလည်း။မာလာပျံ့ကြူ။အုံမဏ္ဍူ့နှင့်။ရွှေရှုညောင်ရွက်။ချိုးချိုးချက်သာ။ ဇိုးမျက်ရောင်ဝါ။ မိတာန်ကြာသည်။ ။ဂီဝါရည်ပျောင်းပျောင်းတည့်လည်။ ။ဂီဝါရည်ပျောင်းပျောင်းတည့်လည်။

၃၀။ မိတာန်ရွှေကြာ။ ဖြန့်မိုးကာသား။လျှံဝါပြိုးပြက်။ ရွှေ

ပုခက်ကို။နှစ်ဖက်ရံခ။ချို့ထိန်းယနှင့်။မတ်သါးစတေ။ လက်ဝဲနေ
သည်။ ။မြင်ချေမတင့်တောင်းတည့်လည်။ ။မြင်ချေမတင့်
တောင်းတည့်လည်။

၃၁။ မြင်သူမူးမှု။ လကျာကလည်။ မိုးဝသူဇာ။ ပျံ့သက်
လှာသို့။ပြင်လျာလျကြည်း။ ကြည်ဖွယ်ချဉ်းတိ။ ဆိုလည်းသာ
မွေး။နှုတ်ပျံ့လေးနှင့်။ ဘိုးဘေးဆွေတော်။ ဆက်တိုင်းဘော်၍။
အွှလှော်နန်းနိုက်။ကျူးကာရိုက်သည်။ ။ရောင်မြိုက်နွဲ့နွဲ့နောင်း
တည့်လည်။ ။ရောင်မြိုက်နွဲ့နွဲ့နောင်းတည့်လည်။

၃၂။ နွဲ့နောင်းပြင်လျာ။ ကြင်ဘွယ်သာတည့်။သိဂ်ါညွှန့်
လူ။အရူရရှုကို။ ရွေးယူကိုလျှင်။လဲလှယ်ဆင်လျက်။ သဘင်နတ်
တူ။စံလျစ်လျူသည်။ ။ဇမ္ဗူကြိုင်ပျံ့လှောင်းတည့်လည်။ ။
ဇမ္ဗူကြိုင်ပျံ့လှောင်းတည့်လည်။

၃၃။ ရင့်ရင့်ဇေးဇေး။နှုတ်သံလေးနှင့်။သာမွေးပျံ့ပျူး။ သံမြိုင်
ကျူးလျက်။မထူးနည်းနဉ်း။ ရောင်ညက်ကြည်းနှင့်။ ဖြည်းဖြည်း
သံညင်း။ တရွှင်းရွှင်းလျှင်။ ခင်မင်းမြတ်ကျော်။ ရှင့်ကို မြော်
သည်။ ။နားတော်လည်ကြောင်းကြောင်းတည့်လည်။ ။
နားတော်လည်ကြောင်းကြောင်းတည့်လည်။

မင်းရဲနရာဇေးချင်း၏တွင်ပြီး၏။